ပြည်ခရိုင်၊ ပေါင်းတည်မြို့
မန်ကျည်းပင်ရွာ
မဟာအတုလရန်အောင် စေတီတော်မြတ်ကြီးအနီး
မန်ကျည်းပင်ကျောင်းတိုက်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တ မေဓာဝီ

စီရင်တော်မူအပ်သော

# စေတိယပကာသနီကျမ်း

နောက်ဆက်တွဲ
ရွှေဥမင်ဆရာတော်၊ တောင်ဖီလာဆရာတော်
တို့၏
စေတီဘုရားတည်ထားကိုးကွယ်ပုံနှင့်
ရုပ်ပွားဆင်းတုတော်ထုလုပ်ပုံနည်းများ ပါရှိပါသည်။

ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

(ဒါနပဟူသမျှ အဝဝတွင်–တရားအလှူ အောင်လံထူ၏။)

# မွန်မြတ်လက်ဆောင်


၂၉၄.၃၅
၆၈၀


သို့/

........................................................................

........................................................................

........................................................................

........................................................................

ဤကောင်းမှုကံ၊ ဗောဓိဉာဏ်၊
အမှန်ရကြောင်း ဖြစ်စေသော်။

လက်ဆောင်ရှင်

........................................................................

........................................................................

........................................................................

........................................................................

........................................................................

နေ့စွဲ ........................................................................

ဆရာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီး
ဓမ္မဒါနအား၊ ရှင်လှူ၏

ပြည်ခရိုင်၊ ပေါင်းတည်မြို့
မန်ကျည်းပင်ရွာ
မဟာအတုလရန်အောင်၊ စေတီတော်မြတ်ကြီးအနီး
မန်ကျည်းပင်ကျောင်းတိုက်ဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တ မေဓာဝီ

စီရင်တော်မူအပ်သော

# စေတိယပကာသနီကျမ်း

နောက်ဆက်တွဲ
ရွှေဥမင်ဆရာတော်၊ တောင်ဖီလာဆရာတော်
တို့၏
စေတီဘုရားတည်ထားကိုးကွယ်ပုံနှင့်
ရုပ်ပွားဆင်းတုတော်ထုလုပ်ပုံနည်းများ ပါရှိပါသည်။

ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇လမ်း၊ ရန်ကုန်မြို့။

## ကတညုတ ကတဝေဒီ မင်္ဂလာ

ဤစာအုပ်ဖြစ်မြောက်ရန်အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော
ဦးသန်းအောင်(အဏ္ဏဝါ)နှင့် ဆရာဦးအုန်းမောင်(နတ်တလင်း)တို့အားလည်းကောင်း၊
ဦးကျော်လင်း (မွှောစရိယ၊ ပါဠိပါရဂူ)၊ ဦးအောင်ညွန့် (မွှောစရိယ)၊ ဦးများနီ တို့အားလည်းကောင်း၊
ကွန်ပျူတာစာစီပေးသော ဦးသောင်းကြူနှင့် အဖွဲ့အားလည်းကောင်း၊
ခင်ချိုထွန်းစာပေတိုက်မှ ကျေးဇူးအထူးတင်ရှိပါကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

ဦးသိန်းထွန်း
ခင်ချိုထွန်းစာပေ
အမှတ်(၇၆)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးစာပေခွင့်ပြုချက်အမှတ်
၁၃၀/၂၀၀၄ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၀/၂၀၀၄ (၂)

အကြိမ် - တတိယ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀
ဖေဖော်ဝါရီလ၊ ၂၀၀၄

- မျက်နှာဖုံးနှင့်အတွင်းဖုံးဒီဇိုင်း -
မင်းဇော် (နယူးလိုက်ဖ်)

- စာအုပ်ချုပ် -
ဦးသိန်းထွန်း စာအုပ်ချုပ်အဖွဲ့

- ကွန်ပျူတာစာစီ -
ဦးသောင်းကြူနှင့်အဖွဲ့

- မျက်နှာဖုံးပုံနှိပ်သူ -
ဦးသိန်းထွန်း (၀၄၇၂၂)
သိန်းထွန်းအော့ဖ်ဆက်၊ ၅၀/၅၂၊ ဒဂုံသီရိလမ်း၊ တာမွေ

- ပုံနှိပ်သူ -
သိန်းထွန်းအော့ဖ်ဆက်၊ အမှတ် ၅၀/၅၂၊
ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

- ထုတ်ဝေသူ -
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ၊ အမှတ်(၁၁၁)၊ ၃၃လမ်း၊ ရန်ကုန်မြို့။

- ခင်ချိုထွန်းစာပေ -
အမှတ် (၇၆)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၂၄၆၄၂၅၊ ၅၄၂၀၅၆

- ဖြန့်ချိရေး -
ကိုအောင်ဝင်း + မအေးမြင့်
သန်းမြင့်မြင့် ပိဋကတ်စာအုပ်ဆိုင်၊ အမှတ်(၃၇)၊
ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရန်ကုန်မြို့။

## ကျမ်းညွှန်းအမှာစကား

**"အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး"** ဟု ဆရာအစဉ်အဆက်တို့က နောင်ပြုပြင်ရန် ခက်ခဲသော အလုပ် (၃)မျိုးကို မှတ်တမ်းတင် စာဖွဲ့ထားခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ဤအလုပ် (၃)မျိုးသည် ပြုလုပ်ဆောင်ရွက်ပြီးမှ ပြုပြင်ရလျှင် အခက်အခဲရှိသောကြောင့် သတိထားကြစေရန်ပင် ဖြစ်သည်။

## သိထားဖို့လို

အမှန်အားဖြင့် မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ နည်းမသိလျှင် ခက်ခဲသည်သာ ဖြစ်သည်။ စေတီတည်ထားပုံနှင့် ရုပ်ပွားဆင်းတုတော်ထုလုပ်ကိုးကွယ်နည်းများမှာ ကျမ်းနှင့် ပေနှင့် ညီညွတ်ဖို့ လိုသည်။ စည်းစနစ်ကျနဖို့လိုသည်။ တည်ထားပြုလုပ်ပြီးမှ ပြင်ဆင်ရန် မလွယ်သော လုပ်ငန်းများဖြစ်သည်။ သို့ရာတွင် မည်သည့်လုပ်ငန်းမှာ မဆို လုပ်ငန်းတိုင်း အလုပ်တိုင်း၌ သူ့နည်း၊ သူ့ဟန်၊ သူ့စနစ်နှင့်သူ စနစ်ကျနသော လုပ်ကိုင်ဆောင်ရွက်နည်းများကား ခေတ်အဆက်ဆက် ရှိခဲ့သည်သာ ဖြစ်သည်။ ရှိနေသော နည်းများကို သိထားဖို့သာ လိုသည်။

## စုဆောင်းထားပါ

စေတီတည်ထားကိုးကွယ်ရာ၌ လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်အမျိုးမျိုးရှိသည်။ ဥပနာအမျိုးမျိုး၊ သွင်းနည်းအမျိုးမျိုးလည်း ရှိသည်။ ယင်းတို့ကို အဆက်ဆက်သော ရဟန်းပညာရှိ၊ လူပညာရှိများက စနစ်တကျ မှတ်တမ်းတင်ကာ စာတစ်စောင်၊ ပေတစ်ဖွဲ့ ရေးသားထားခဲ့သည်များ ရှိသည်။ ယင်းတို့ကို ရှာဖွေစုဆောင်းထားဖို့သာ လိုအပ်သည်။

## ရှင်းလင်းပြည့်စုံ

ဤစာအုပ်၌ ရှေးခေတ်၊ အလယ်ခေတ်နှင့် ယခုခေတ်သုံး လုပ်ကိုင်ဆောင်ရွက်နည်းများကို စနစ်တကျ စုစည်းဖော်ပြထားသည်။ ဖော်ပြထားသည့်နည်းနာနိသျရည်းများမှာ သာမန်ပုဂ္ဂိုလ်တို့၏ နည်းများမဟုတ်ဘဲ ပိဋကတ်

ကျွမ်းကျင်သော အကျော်အမော် ဆရာတော်များ၊ ဤလုပ်ငန်းများကို ခေတ်အခါ အလျောက် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ကာ ကျွမ်းကျင်သော လူပုဂ္ဂိုလ်များ၏ နည်းများဖြစ်သည်။ ကျမ်းဂန်နှင့် ညီညွတ်ရုံမက တိကျရှင်းလင်းပြည့်စုံသော လုပ်ကိုင်နည်းများလည်း ဖြစ်သည်။

## ဖြည့်စွက်ရန် မလို

ဤစာအုပ်ပါ အပိုင်းကဏ္ဍများကို သူ့အပိုင်းနှင့်သူ၊ သူ့ကဏ္ဍနှင့်သူ မာတိကာပါ အညွှန်းအတိုင်း ပထမလေ့လာပါ။ မိမိသိလိုရာ သက်ဆိုင်ရာ အခန်း၌ တွေ့ရှိပါလိမ့်မည်။ တွေ့သောအခါ အခြားတစ်စုံတစ်ဦးထံ သွားမေးရန်၊ ကိုယ့်စိတ်ကူးဖြင့် ဖြည့်စွက်ရန် မလိုဘဲ ပြည့်ပြည့်စုံစုံ တွေ့ရှိသိရှိရပါလိမ့်မည်။

## ဖော်ပြထား

စေတီတည်ထားကိုးကွယ်ပုံနှင့် ရုပ်ပွားဆင်းတုတော်ထုလုပ်ရာ၌ ကျင့်သုံးရသော နည်းအမျိုးမျိုးသည် အချိန်အခါအလျောက် အပြောင်းအလဲများ ရှိသည်။ ဤပြောင်းလဲမှုများကို ရှေးခေတ်မှသည် ယနေ့အချိန်အခါအထိ စုစည်းဖော်ပြထားသည်။

## စေတနာမှန်

ယနေ့အချိန်အခါသည် ဘာသာသာသနာရေးလုပ်ငန်းများကို အနယ်နယ် အရပ်ရပ်၌ အထူးအလေးထား လုပ်ကိုင်ဆောင်ရွက်နေကြသော အချိန်အခါ ဖြစ်သည်။ ဤသို့သော အချိန်အခါမျိုး၌ ယခု စာအုပ်ထွက်ပေါ်လာခြင်းမှာ လိုအပ်သောအချိန်၌ လိုအပ်သောစာအုပ် ထွက်ပေါ်လာခြင်းဖြစ်၍ သက်ဆိုင်သူတို့ အထူးဝမ်းမြောက်ဖွယ်ပင် ဖြစ်သည်။ **ခင်ချိုထွန်းစာပေ**၏ စေတနာအမှန်မှာ ဤကဲ့သို့သော စာပေမျိုး အလိုရှိ၍ ရှာဖွေနေသူများအတွက် အလွယ်တကူ ပြည့်ပြည့်စုံစုံဖြင့် တွေ့ရှိလေ့လာ ဖတ်ရှုအသုံးပြုနိုင်ရန် **ခင်ချိုထွန်းစာပေက** စေတနာအမှန်ဖြင့် ထုတ်ဝေခြင်း ဖြစ်ကြောင်း စာပေမိတ်ဆွေအပေါင်းအား ကျမ်းညွှန်းအမှာစကားအဖြစ် ဖော်ပြအပ်ပါသည်။

**ဦးအောင်ညွှန့်**
**(ဓမ္မာစရိယ)**

## မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းအောင် ၏

# ဥယျောဇဉ်

ခင်ချိုထွန်းစာပေမှ အထူးထုတ်အဖြစ် စီစဉ်ထုတ်ဝေမည့် **စေတိယပကာသနီကျမ်း**၏ နောက်ဆက်တွဲ စာမူကို ဦးစွာပထမ ဖတ်ရှုခွင့်ရရှိသဖြင့် စာမူပြုစုသူ **ဆရာအုန်းမောင်နှင့် ဦးသိန်းထွန်း** (ခင်ချိုထွန်းစာပေတိုက်) အား အထူးကျေးဇူးတင်ရှိကြောင်း ဦးစွာပဏာမ တင်ပြလိုပါသည်။

နောက်ဆက်တွဲ စာမူပြုစုသူ **ဆရာဦးအုန်းမောင်**မှာ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အပြင် အဖွဲ့၏ အဓိကလုပ်ငန်းစဉ်ဖြစ်သော စေတီဘုရားတည်ထားခြင်းလုပ်ငန်းများတွင် အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည့် ပန္နက်တော်တင်မင်္ဂလာ၊ အုတ်မြစ်တော်စီမင်္ဂလာ၊ ဌာပနာတော်သွင်း မင်္ဂလာ၊ ရွှေထီးတော်နှင့် ငှက်မြတ်နားတော် + စိန်ဖူးတော်တင်မင်္ဂလာများတွင် ရှေးဆရာတော်သမားတော်ကြီးများ၊ ပညာရှိကြီးများ၏ လုပ်ထုံးလုပ်နည်း ဥပနိသျ စနစ်တော်အတိုင်း ကိုက်ညီအောင် စီစဉ်ပေးခြင်းတို့အပြင် မြန်မာနိုင်ငံ တောင်တန်းသာသနာပြုအဖွဲ့ကြီးမှ နှစ်ပေါင်းသုံးဆယ်အတွင်း တည်ထားခဲ့သော စေတီပုထိုးပေါင်း (၅၀) ကျော်နှင့်တကွ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ဓမ္မာရုံ၊ တံခွန်တိုင်၊ မဟာရံတံတိုင်းတည်ဆောက်ခြင်း စသည့် သာသနာပြုအဆောက်အဦပေါင်း မြောက်မြားစွာ လှူဒါန်းခဲ့ရာ၌ ရှေးပညာရှင်ကြီးများ၏ လုပ်ထုံးလုပ်နည်းများကို မမှားမယွင်းအောင် ဦးဆောင်ဦးရွက်ပြုပေးခဲ့သော သာသနာပြု ပါရမီရှင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

**ဆရာဦးအုန်းမောင်**သည် မိမိ၏ဖခင်ကြီး (၂) ကြိမ်တိုင်တိုင် ရိုက်နှိပ်ခဲ့သော **စေတိယပကာသနီကျမ်း** တတိယအကြိမ်မြောက် ရိုက်နှိပ်ရာတွင် စေတီတော်

တည်ထားပုံ မူလရေးစနစ်များကို နောက်ဆက်တွဲအဖြစ် ရေးသားထည့်သွင်းထားသည်ကို တွေ့ရှိဖတ်ရှုရသဖြင့် သာသနာတော်ကြီး ထွန်းကားနေသောယခုအချိန်အခါတွင် ဤကျမ်းဂန်ကို အမှီပြု၍ ကျွန်ုပ်တို့ တောင်တန်းဒေသအဏ္ဏဝါသာသနာပြုအဖွဲ့ကြီးကဲ့သို့ စေတီပုထိုးတည်ထားမည့် သာသနာ့ဒါယကာ၊ ဒါယိကာမများအတွက် အားတက်ဖွယ်ရာ၊ အားကိုးဖွယ်ရာတို့နှင့် မှီငြမ်းပြုဖွယ်များစွာဖြစ်ပါသောကြောင့် နောက်ဆက်တွဲ စာမူပြုစုသူ **ဆရာဦးအုန်းမောင်**နှင့် ထုတ်ဝေသူ **ဦးသိန်းထွန်း** (ခင်ချိုထွန်းစာပေတိုက်) တို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း ဝမ်းမြောက်စွာပင် ဥယျောဇဉ်စကား ရေးသားလိုက်ရပါကြောင်း။

**အဏ္ဏဝါ ဦးသန်းအောင်**
**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ**
မြန်မာနိုင်ငံ တောင်တန်းဒေသ
ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး

## ကျမ်းပြုဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်

# နိဒါန ကထာ

ဥဗျိုင်း, ကျီးညို၊ ထိုပြင် ဖွတ်, ဖား၊ လေးပါးအတိတ်၊ ဗျာဒိတ်တော်ခံ၊ ပြည်ပေါက္ကံဟု၊ ခေါ်ရန်တစ်ဖြာ၊ သညာထူးဘိ၊ အရိမဒ္ဒနာ၊ ပုဂံရာမ၊ တွင်ထ—နာမံ၊ ပုဂံမြို့ခွင်၊ မအူပင်ရွာဒွံ...နောင်အခါ သာသနာအာဇာနည်၊ ပညာရည်နှင့်၊ မဟာထေရ်ဖြစ်လတ္တံ့သော သတို့သားကို သက္ကရာဇ် ၁၂၁၇–ခုနှစ်၊ တော်သလင်းလဆန်း (၄) ရက်၊ ကြာသပတေးနေ့တွင် အဘ—ဦးပေါ်လာ၊ အမိ—ဒေါ်အုံတို့မှ ရတနာသုံးပါး ဦးထိပ်ထားလျက် ဖွားသန့်စင်ခဲ့လေသည်။

မိဘနှစ်ပါးတို့က သတို့သားကို ၎င်းမအူပင်ရွာ ရွာသာကျောင်းဆရာတော် ဦးဇနိန္ဒထံတွင် ပညာရင်နို့ သောက်စို့စေကာ ၁၃–နှစ်သားအရွယ်တွင် ပဗ္ဗဇ္ဇမင်္ဂလာ သဘင်ဆင်ယင်ကာ သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ကြလေသည်။ ၎င်းသာမဏေ သက်တော် ၁၅–နှစ်ရွယ်တွင် ပထမပြန် အောင်ပန်းကို ဆွတ်ခူးဆင်မြန်းခဲ့သည်။

ထိုစဉ် ဘုန်းနှင့်ပညာ ထက်ကြပ်ပါသူဖြစ်သည့်အားလျော်စွာ ရတနာပုံ မန္တလေးမြို့၊ မြို့တည် နန်းတည်၊ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ ညာထားသက်နှံ၊ တောင်ညာစံဒေဝီ မဟေသီ ဖြစ်တော်မူသော စကြာဒေဝီ မိဖုရားခေါင်ကြီး၏ အလိုတော်အရ စာပေကျမ်းဂန်တတ်ကျွမ်း၍ အကျင့်သီလ ပြည့်စုံကာ ဥပမိရုပ်ကောင်းပြီး မျိုးရိုးမည့်သော ပဥ္စင်းလောင်း သာမဏေကို ရှာဖွေတော်မူစေရာတွင် အထက်ပါ သာမဏေမြတ်ကို တွေ့ရှိခဲ့သဖြင့် နေပြည်တော်သို့ ပင့်ဆောင်စေတော်မူပြီးလျှင်...လစဉ် ဆန်တော်တစ်တင်း၊ အနာမာသဝတ္ထုတော် ကျပ် ၃၀၊ သင်္ကန်းတော်တစ်စုံတို့ကို ဆက်ကပ်လျက် သက်တော် ၁၉–နှစ် ရှိလတ်သော် အခြားပဥ္စင်းလောင်း ၄–ပါးနှင့်အတူ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ ကိုယ်တော်တိုင် ပစ္စည်းလေးပါး ဒါယကာ ခံယူတော်မူကာ ဥပသမ္ပဒကံ ဆောင်စေသဖြင့် ရဟန်းဘောင်သို့ ရောက်တော်မူခဲ့လေသည်။

ထိုမှစ၍ မန္တလေးမြို့၊ အနောက်ပြင် ခင်မကန်တိုက်တွင် သီတင်းသုံးတော်မူခဲ့ပြီး ဓမ္မာစရိယအဖြစ် စာပေပရိယတ်များ ပို့ချနေတော်မူခဲ့စဉ်...

သတ္တာဗေဒ၊ ကြဏ္ဍာနေရှ၊ ရတုဟောမန်၊ ဝသန်မအုန်း၊ တန်ဆောင်မုန်းဟု၊ ချမ်းတုန် လ,စက်၊ ကျော်ရှစ်ရက်... [ဟု ဆိုအပ်သော ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်နေ့သို့ တိုင်ခဲ့၍...]

ပဌမ သင်္ဂါယနာတင်၊ နတ်ရှင်ရင်သွေး၊ ဘုန်းရှိန်မှေ လျက်၊ မန္တလေ စက်၊ သိုက်ထွက်စဉ်ရိုး၊ ကျော်လို့ဟိုးသား၊ မုဆိုးစာ.ကြွင်း၊ ဆန်တစ်တင်းဟု၊ ရှေးရင် မဆွ၊ မုန်ဟောလှ၍၊ ဒသမနောက်-ပြည်ကြီးမှောက်ခဲ့...

ဟူသည့်အတိုင်း အရှင်နှစ်ပါး ကုလားမိစ္ဆာလက်သို့ ပါတော်မူသည်တွင်...

ပြည်သူပြည်သား၊ အများသတ္တဝါ၊ တို့သူငါလည်း၊ ပုဆာညှိ ချုံ၊ ကြိမ်မီးအုံးသို့၊ နှလုံးခိုက်တုန်၊ ဆွေ့ဆွေ့ခုန်လျက်၊ ပလုံသက်ဖို၊ များလှုပ်မိုလ်တို့၊ ခိုရာမရ၊ သောကဗျာပါ၊ ထပ်ပွားကာလျှင်၊ ကမ္ဘာပျက်တူ၊ မီးရှိန်ပူ...သည့် အလား ဖြစ်နေကြခိုက် သံဃာတော်အရှင်မြတ်များမှာလည်း...

မြတ်စွာလူ့ဘ၊ မုနိန္ဒ၏၊ တောက်ပရောင်ဝါ၊ သာသနာလည်း၊ စန္ဒာလမင်း၊ ရာဟုချုဉ်း၍၊ နှိပ်နင်းကလူ၊ ဖမ်းယူသောသွင်၊ ဝန်းကျင်များစွာ၊ တိုက်တာကျောင်းကန်၊ ပရိဝုဏ်ဝိုက်သိုင်း၊ ရံဆိုင်းမီးတား၊ ဘုရားစာတီ၊ သရီမွေဓာတ်၊ ပြာသာဒ်တန်ဆောင်း၊ ဂူကျောင်းမလပ်၊ ဖြည်းထပ်စည်ဖြာ၊ သာသနာ၏၊ ဦးစွာမူလ၊ ပဓာနဟု၊ သီလစန္ဒကူး၊ ကျေးဇူးများပုံ၊ ဉာဏ်စွယ်စုံဖြင့်၊ အာဂုံရွတ်ဆင်၊ ငါးအာဝင်သား၊ မာတင်ဂဇာ၊ ယတယာရ၊ ပြောင်နာဂသို့၊ နေ့ညမယုတ်၊ ကြိုးအားထုတ်လျက်၊ ဝိမုတ်အောင်တပ်၊ မှာဘက်ရပ်သို့၊ ကူးခပ်ပြင်ဆင်၊ လမ်းရိုးထွင်သား၊ သုံးအင်ပိဋကတ်၊ ပျားပန်းခတ်မျှ၊ မလပ်ဗီဇနာ၊ ပြန်ခရာဖြင့်၊ ဆံလွှာမကျား၊ ကျင့်တရားလည်း၊ ကြိုးစားကာသာ၊ ဘာဝနာဖြင့်၊ ခေမာကူးမည်၊ စူးစူးရည်သား၊ ထေရ်ထေရ်သံဃာ၊ တို့များစွာလည်း၊ ကြမ္မာယွင်းယို၊ တောင်ကြီးပြိုသို့၊ ခိုရာမရ၊ စိတ်သောကဖြင့်၊ မိဘဆွေညာ၊ ရှိရာရာသို့၊ ချမ်းသာအံ့နိ၊ ထင်အားကိုးလျက်၊ မြစ်ရိုးချော၊ နာဝါသဘော်၊ ရေကြောစုန်ဆင်း၊ ခြေလျင်ချင်းဖြင့်၊ ခပင်းများစွာ၊ ပြေးကြရာလည်း...

ဟူသည့်အတိုင်း ကွဲမြန်းပြေးသွား၍ နေကြရရှာလေသည်။

ဆရာတော် တစ်မူလည်း...

"ထီးသုဉ်း—နန်းသုဉ်း၊ ကြငှန်းသုဉ်းနှင့်၊ မြို့သုဉ်း—သုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်တွင်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှာတည့်၊ ဩော်—ကောင်းချေ့—"

ဟူသည့်အတိုင်း ညည်းညူကာ စိတ်လက် မကြည်မသာလှသဖြင့် ၁၂၄၉–ခုနှစ်တွင် ရွှေမြို့တော်မှ အောက်သို့ ဆင်းစုန်၊ မြို့ဒဂုန်သို့ ကြွတော်မူခဲ့ကာ တစ်ဝါမျှ သီတင်းသုံးတော်မူပြီး ၁၂၅၀–ပြည့်နှစ်တွင် ပြည်မြို့၌ တစ်ဝါ၊ ၎င်းနောက် တိုက်ကြီးမြို့တွင် တစ်ဝါ၊ သီတင်းသုံးတော်မူလျက် ပြည်ခရိုင်၊ ပေါင်းတည်မြို့အပိုင် မန်ကျည်းပင်ရွာ၊ ကုန်းဘောင်မင်းတရား တည်ထားတော်မူခဲ့သော မဟာအတုလရန်အောင်စေတီတော်ကြီးအနီးရှိ မန်ကျည်းပင်ကျောင်း၌ အစဉ် သီတင်းသုံးတော်မူခဲ့လေသည်။

ထိုတွင် ကျမ်းဂန်များ ပြုစုတော်မူရင်း စေတီတော်ကြီးအားလည်း မွမ်းမံပြုပြင်တော်မူကာ ရွှေထီးတော်သစ် တင်လှူပူဇော်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ပုစ္ဆာဝိသဇ္ဇနာကျမ်းများ၊ ဗောဓိပက္ခိယအဖွင့်ကျမ်းများ၊ အခြား လောကုတ္တရာကျမ်းစာများကို ပြုစုခဲ့သော်လည်း ပုံနှိပ်မှုအချို့မှာ ရှာဖွေ၍မရတော့ပေ။ ပေမူ—လက်ရေး စာမူများမှာလည်း စစ်ကြီးဘေးဒဏ်ကြောင့် ဆုံးရှုံးပျက်စီးခဲ့ရလေသည်။

ဤစေတိယပကာသနီကျမ်းကြီးကား ဆရာတော်ဘုရားကြီး၏ တပည့်ရင်းကြီး တစ်ဦး၏ တောင်းပန်ချက်အရ ၎င်းတပည့်ကြီး အကူအညီဖြင့် ကိုယ်တော်တိုင် မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်ကာ စေတီပုထိုးများကို ဖူးမြော်ရင်း ညှိနှိုင်းပြုစုခဲ့ရခြင်းကြောင့် (၃) နှစ်ကြာမျှ ပြုစုခဲ့ရသော ကျမ်းကြီးဖြစ်ပေသည်။

၎င်းကျမ်းကြီးကို ဆရာတော်ဘုရားကြီး၏ အထက်ဖော်ပြပါ တပည့်ရင်းကြီးဖြစ်သော ရန်ကုန် ပြည်လမ်းနေ၊ နတ္တလင်းမြို့၊ မြို့နယ်လုံးဆိုင်ရာ မြန်မာသမားတော်များအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဆရာကြီး ဦးစံကျော်အား အပ်နှင်း တာဝန်ပေး၍ ကြို့ပင်ကောက်မြို့၊ ကဝိပိယစာပုံနှိပ်တိုက်တွင် ပထမအကြိမ် စက်တင် ပုံနှိပ်ခဲ့ပေသည်။

ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ **အရှင်ဦးမေဓာ** ဖြစ်သော်လည်း အများကပင် **အရှင်မေဓာဝီ**ဟု သိမှတ်ခဲ့ကြပေသည်။ ဆရာတော်ဘုရားကြီးကား

သာသနာတော်အကျိုး၊ ဒါယကာ–ဒါယိကာမ အကျိုးတို့ကို သယ်ပိုးတော်မူရာမှ သက်တော် ၇၃–နှစ်၊ သိက္ခာဝါတော် ၅၄–ဝါမြောက်ဖြစ်သော ၁၂၉၀–ပြည့်နှစ်၊ သီတင်းကျွတ်လတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ရဟန်းရှင်လူအများ၏ အထူး လေးစား ကြည်ညိုခြင်းကို ခံယူလျက် သာသနာ့ဝန်ကို ထမ်းဆောင်နေရာမှ ဝေဟာတုဿိ၊ ကွန့်ချီမြန်းကြွတော်မူခဲ့ရသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဥဿာဟထုတ် ကြိုးကုတ်ပြုစုတော်မူခဲ့ရသော ဗလဝစေတနာအကျိုး ဆက်လက် ပြည့်ဖြိုးတော်မူစေရန်၊ ဗုဒ္ဓဘာသာဝင် သူတော်စင် အများတို့ ဖတ်ရှုပူဇော်နိုင်ကြ စေရန်ဟူသော ရည်သန်စောဘိ မနောပဏိဓိဖြင့် . . .

အထက်ပါ ဆရာတော်ဘုရားကြီး၏ အတွင်းတပည့်ကြီး၊ ဆရာကြီး ဦးစံကျော်၊ သား–ဦးအုန်းမောင်ထံမှ အခွင့်ရယူကာ တတိယအကြိမ်မြောက်တွင် စေတီတော်တည်ထားကိုးကွယ်ပုံ မူလရေးစနစ်များကို နောက်ဆက်တွဲအဖြစ် ဖြည့်စွက်၍ ခင်ချိုထွန်းစာပေမှ လျှမ်းတောက်သဒ္ဓါ ပုံနှိပ်ဖြန့်ဝေခြင်း ပြုရပါကြောင်း ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအဝင်အပါ နိဒါနကထာကို ဖော်ပြရပါ သတည်း။

✿✿✿✿✿

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမ | ၁ |
| ၂။ | ဂေါတမမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူခြင်း | ၂ |
| ၃။ | နိမိတ်ကြီးများထင်ခြင်း | ၃ |
| ၄။ | မယ်တော်မာယာ၏ သက်တော်အပိုင်းအခြား | ၄ |
| ၅။ | အလောင်းတော် ဖွားမြင်ခြင်း | ၅ |
| ၆။ | လူ, နတ်, ဗြဟ္မာတို့ အလောင်းတော် သတို့သားကို ခံယူကြခြင်း | ၆ |
| ၇။ | နေပြည်တော်ပြန်ခြင်း | ၈ |
| ၈။ | ဖွားဖက်တော် ၇–ဦး | ၉ |
| ၉။ | မယ်တော် နတ်ပြည်စံခြင်း | ၉ |
| ၁၀။ | အမည်တော်မှည့်ခြင်း | ၉ |
| ၁၁။ | မယ်တော်မာယာ ဘုရားငါးဆူ၏မယ်တော် မဟုတ်ကြောင်း | ၁၀ |
| ၁၂။ | နိမိတ်လေးပါး မမြင်နိုင်စေရန် အစောင့်ထားခြင်း | ၁၀ |
| ၁၃။ | လယ်ထွန်မင်္ဂလာပွဲစဉ် သားတော်ကို ရှိခိုးခြင်း | ၁၁ |
| ၁၄။ | နန်းပြာသာဒ် သုံးဆောင် အပ်နှင်းခြင်း | ၁၁ |
| ၁၅။ | သားတော်အတွက် သမီးရတနာ တောင်းခြင်း | ၁၂ |
| ၁၆။ | လေးအတတ်ပြ၍ သမီးရတနာ ဆက်သလာရခြင်း | ၁၃ |
| ၁၇။ | သာကီဝင် ဆွေတော်စဉ် | ၁၅ |
| ၁၈။ | နိမိတ်လေးပါးမြင်၍ ရဟန်းပြုရန် အကြံတော်ဖြစ်ခြင်း | ၁၆ |
| ၁၉။ | သားတော်ဖွားကြောင်း လျှောက်ထားကြခြင်း | ၁၈ |
| ၂၀။ | ကိသာဂေါတမီ ဥဒါန်းကျူးခြင်း | ၁၈ |
| ၂၁။ | သံဝေဂရ၍ တောထွက်ရန် သားတော်ကိုကြည့်ခြင်း | ၂၀ |
| ၂၂။ | တောထွက်၍ အနောမာမြစ်ကမ်း၌ ရဟန်းပြုတော်မူခြင်း | ၂၁ |
| ၂၃။ | အလောင်းတော် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်၍ ဗိမ္ဗိသာရမင်းကြီးနှင့် တွေ့ခြင်း | ၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | အာဠာရ, ဥဒက ရသေ့တို့နှင့် တွေ့၍ လောကီသမာပတ်ကို ကျင့်ခြင်း | ၂၅ |
| ၂၅။ | ဒုက္ကရစရိယ ကျင့်ခြင်း | ၂၅ |
| ၂၆။ | မာရ်နတ်လာ၍ တားမြစ်ခြင်း | ၂၇ |
| ၂၇။ | ပဥ္စဝဂ္ဂီငါးဦးတို့ ခွဲခွာသွားကြခြင်း | ၂၈ |
| ၂၈။ | မိလိန္ဒပဥှာလာ ကျင့်စဉ် | ၂၈ |
| ၂၉။ | အိပ်မက်ကြီးငါးပါး မြင်မက်ခြင်း | ၃၃ |
| ၃၀။ | သုဇာတာ၏ နို့ဃနာဆွမ်း ခံယူပြီး ရွှေခွက်မျှောခြင်း | ၃၄ |
| ၃၁။ | မဟာဗောဓိပင်သို့ ကြွ၍ ပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူခြင်း | ၃၅ |
| ၃၂။ | မာရ်စစ်သည်တို့ ရောက်လာခြင်းနှင့် ပါရမီကို ဆင်ခြင်၍ နေခြင်း | ၃၇ |
| ၃၃။ | နေမဝင်မီ မာရ်စစ်သည်အပေါင်းကို အောင်မြင်တော်မူခြင်း | ၃၈ |
| ၃၄။ | ဘုရားလောင်းအား အောင်ဆုပေးလျက် နတ်၊ ဗြဟ္မာ အပေါင်းတို့ ပူဇော်လာကြခြင်း | ၄၃ |
| ၃၅။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလောမအားဖြင့် ဆင်ခြင်တော်မူခြင်း | ၄၄ |
| ၃၆။ | ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရတော်မူခြင်း | ၆၇ |
| ၃၇။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပဋိလောမအားဖြင့် ဆင်ခြင်တော်မူခြင်း | ၆၉ |
| ၃၈။ | သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း | ၇၃ |
| ၃၉။ | မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်ကို ရပြီး သဗ္ဗညုတ ဉာဏ်ဖြင့် တရားအားလုံးကို သိ၍ ဘုရားဖြစ်တော်မူခြင်း | ၇၄ |
| ၄၀။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်၍ ပထမယံ၌ ဥဒါန်းကျူးပုံ | ၇၅ |
| ၄၁။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်၍ မဇ္ဈိမယံ၌ ဥဒါန်းကျူးပုံ | ၇၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်၍ မိုးသောက်ယံ၌ ဥဒါန်းကျူးပုံ | ၇၈ |
| ၄၃။ | ခပ်သိမ်းသော ဘုရားရှင်တို့သည် မစွန့်အပ်သော အနေကဇာ ဥဒါန်းကို ကျူးရင့်တော်မူခြင်း | ၇၉ |
| ၄၄။ | ဉာဏ်တော် နှစ်ပါး | ၈၁ |
| ၄၅။ | ပဌမ ပလ္လင်္ကသတ္တာဟ စံနေတော်မူခြင်း | ၈၁ |
| ၄၆။ | ဒုတိယ အနိမိသ သတ္တာဟ | ၈၂ |
| ၄၇။ | တတိယ ရတနာစင်္ကမ သတ္တာဟ | ၈၃ |
| ၄၈။ | စတုတ္ထ ရတနာဃရ သတ္တာဟ | ၈၃ |
| ၄၉။ | ပဉ္စမ အဇပါလ သတ္တာဟ | ၈၄ |
| ၅၀။ | ဆဋ္ဌ မုစလိန္ဒ သတ္တာဟ | ၈၅ |
| ၅၁။ | သတ္တမ ရာဇာယတန သတ္တာဟ | ၈၇ |
| ၅၂။ | သဟမ္ပတိဗြဟ္မာမင်း တောင်းပန်ခြင်းကြောင့် တရားဟောအံ့ဟု ဝန်ခံတော်မူခြင်း | ၈၈ |
| ၅၃။ | ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရန် မိဂဒါဝုန်သို့ ကြွစဉ် လမ်း၌ ဥပကနှင့်တွေ့ခြင်း | ၉၁ |
| ၅၄။ | ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကသုတ်နှင့် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူခြင်း | ၉၈ |
| ၅၅။ | နတ်ဘီလူးနှစ်ယောက် သောတာပန်တည်ခြင်း | ၁၀၃ |
| ၅၆။ | ယသနှင့် သူငွေးသား ငါးကျိပ်လေးယောက် ဧဟိဘိက္ခုရဟန္တာဖြစ်ကြခြင်း | ၁၀၃ |
| ၅၇။ | ဘဒ္ဒဝဂ္ဂီ မင်းသား သုံးကျိပ် | ၁၀၄ |
| ၅၈။ | အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတော်မူခြင်း | ၁၀၆ |
| ၅၉။ | အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုတော်မူခြင်း | ၁၀၇ |
| ၆၀။ | ပရိနိဗ္ဗာန်ပြုရန် မာရ်နတ်တောင်းပန်ခြင်းနှင့် မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်တော်မူခြင်း | ၁၀၈ |
| ၆၁။ | အရှင်အာနန္ဒာ တောင်းပန်ချက်ကို ပယ်ခြင်း | ၁၁၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်းနှင့် ဝမ်းလားတော်မူခြင်း | ၁၁၃ |
| ၆၃။ | အရှင်အာနန္ဒာအား ရေကြည်တော် ခပ်စေခြင်း | ၁၁၆ |
| ၆၄။ | ပက္ကုသမင်းသား သက်န်းလှူခြင်းနှင့် ယနေ့ညဉ့် ပရိနိဗ္ဗာန်ဝင်စံမည်ဟု မိန့်တော်မူခြင်း | ၁၂၂ |
| ၆၅။ | တူမျှသော အကျိုးရှိသော ဆွမ်းနှစ်ပါး | ၁၂၃ |
| ၆၆။ | အကြောင်းသုံးပါးကိုမြင်၍ ကုသိနာရုံပြည်သို့ကြွတော်မူခြင်း | ၁၂၆ |
| ၆၇။ | အာမိသပူဇာကို ပယ်တော်မူခြင်း | ၁၃၀ |
| ၆၈။ | အရှင်ဥပဝါဏနှင့် နတ်၊ ဗြဟ္မာများ | ၁၃၃ |
| ၆၉။ | သံဝေဂယူရန် အရပ်လေးပါး | ၁၃၄ |
| ၇၀။ | မာတုဂါမများနှင့် ပတ်သက်၍ သတိပြုရန်အချက် | ၁၃၅ |
| ၇၁။ | စကြဝတေးမင်းအလောင်းကဲ့သို့ သဂြိုဟ်ရန်နှင့် စေတီလေးပါးအကြောင်း မိန့်တော်မူခြင်း | ၁၃၅ |
| ၇၂။ | အရှင်အာနန္ဒာ ငိုကြွေးခြင်းနှင့် အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးတို့ကို ပြခြင်း | ၁၃၆ |
| ၇၃။ | အရှင်အာနန္ဒာကို စေလွှတ်၍ မလ္လာမင်းတို့အား အကြောင်းကြားစေခြင်း | ၁၄၁ |
| ၇၄။ | သုဘဒ်ပရိဗိုဇ်ကို ဆုံးမ ကယ်ချွတ်တော်မူခြင်း | ၁၄၃ |
| ၇၅။ | မြတ်စွာဘုရား အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးရန် မှာကြားတော်မူခြင်း | ၁၄၈ |
| ၇၆။ | ရဟန်းတို့အား မေးလိုရာ မေးခွင့်ပြုတော်မူခြင်း | ၁၄၈ |
| ၇၇။ | ပစ္ဆိမဝစန အဆုံးစကား မိန့်ကြားတော်မူခြင်း | ၁၄၉ |
| ၇၈။ | အဓိဋ္ဌာန်တော် ငါးချက်ပြုခြင်း | ၁၄၉ |
| ၇၉။ | အနုပါဒိသေသ ပရိနိဗ္ဗာန်စံလွန်တော်မူခြင်း | ၁၅၀ |
| ၈၀။ | မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီး၌ ဈာန်ဝင်စားပုံ ပါဠိအနက် | ၁၅၂ |
| ၈၁။ | ပရိနိဗ္ဗာန်ပြုခါနီး၌ ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူခြင်း | ၁၅၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၂။ | ပရိနိဗ္ဗာန်ပြုခြင်းနှင့်ပတ်သက်၍ သိအပ်သော အမေး အဖြေ ရှင်းလင်းချက်များ | ၁၅၈ |
| ၈၃။ | သဟမ္ပတိဗြဟ္မာ၊ သိကြားမင်း၊ အရှင်အနုရုဒ္ဓါတို့ သံဝေဂ ဓမ္မဂါထာ ရွတ်ကြခြင်း | ၁၆၂ |
| ၈၄။ | ပုထုဇဉ်များနှင့် သောတာပန် သကဒါဂါမိရဟန်းတို့က အစ ငိုကြွေးမြည်တမ်းကြခြင်း | ၁၆၄ |
| ၈၅။ | သာစုကီဠနသဘင် ကျင်းပခြင်း၊ ပဥ္စမ သတ္တာဟ | ၁၆၅ |
| ၈၆။ | တေဇောဓာတ်လောင်သည်ထိ ဒုတိယ စိတကသတ္တာဟ၊ အရှင်မဟာကဿပ မဖူးမြင်ရသေးသဖြင့် မီးမလောင်ခြင်း | ၁၇၂ |
| ၈၇။ | ဓာတုပူဇန သတ္တာဟ | ၁၇၄ |
| ၈၈။ | မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုကြောင်း ကြားရ၍ အဇာတသတ်မင်း မေ့မျောသွားခြင်း | ၁၇၈ |
| ၈၉။ | အဇာတသတ်မင်း အပါအဝင် ခုနစ်ပြည်ထောင်မင်းတို့ ဓာတ်တော်တောင်း လာကြခြင်း | ၁၈၀ |
| ၉၀။ | ဒေါဏပုဏ္ဏားကြီး ဓာတ်တော်ဝေခြင်း | ၁၈၁ |
| ၉၁။ | ဓာတ်တော်များ ရောက်ရာ တည်ရာအရပ် | ၁၈၄ |
| ၉၂။ | သွားတော်၊ ဆံတော်တို့နှင့် ပရိက္ခရာရှစ်ပါး ရောက်ရာ တည်ရာအရပ် | ၁၈၆ |
| ၉၃။ | အဇာတသတ်မင်း ဓာတ်တော်တို့ကို ယူဆောင်ခြင်း | ၁၈၈ |
| ၉၄။ | ဓာတ်တော်တိုက် ပြုလုပ်မြှုပ်နှံခြင်း | ၁၉၀ |
| ၉၅။ | မြတ်စွာဘုရား သန္ဓေတည်သည်မှ ဓာတ်တော်များ မြှုပ်ထားသည်အထိ ဗုဒ္ဓဝင်အကျဉ်းချုပ် | ၁၉၄ |
| ၉၆။ | မြတ်စွာဘုရားတို့၏ ဓမ္မတာ သုံးဆယ် | ၁၉၆ |
| ၉၇။ | မြတ်စွာဘုရားတို့၏ အံ့ဖွယ်တော် တစ်ဆယ့်ရှစ်ပါး | ၁၉၈ |
| ၉၈။ | ဓမ္မာသောကမင်းကြီး ဓာတ်တော်တို့ကို ဖော်၍ စေတီများ တည်တော်မူခြင်း | ၁၉၉ |
| ၉၉။ | သင်းကျစ်တော်ကို အဆင့်ဆင့်ကိုးကွယ်ခြင်း | ၂၀၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀။ | ဗြဟ္မာ့ပြည်မှ ဒုဿစေတီနှင့် လက်ဝဲညှပ်ရိုးတော် | ၂၀၇ |
| ၁၀၁။ | သီဟိုဠ်ကျွန်းသို့ လက်ဝဲအောက်စွယ်တော် ရောက်ခြင်း | ၂၀၈ |
| ၁၀၂။ | သီဟိုဠ်ကျွန်းမှ စွယ်တော်ပွား ပုဂံပြည်သို့ရောက်ခြင်း | ၂၀၈ |
| ၁၀၃။ | စွယ်တော်၏သဏ္ဍာန်နှင့် အရွယ်ပမာဏ | ၂၁၀ |
| ၁၀၄။ | တရုတ်ပြည်၌ စွယ်တော် ရှိမရှိ | ၂၁၁ |
| ၁၀၅။ | ပုဂံပြည်သို့ သာသနာတော်ရောက်ခြင်း | ၂၁၂ |
| ၁၀၆။ | အသမ္ဘိန္နဓာတ်တော် ခုနစ်ဆူ ရှိခိုးရန် ဂါထာပါဌ်အနက် | ၂၁၄ |
| ၁၀၇။ | သပိတ်၊ သင်္ကန်း စသော မြတ်စွာဘုရား၏ ပရိဘောဂများ မတည်မြဲခြင်း | ၂၁၄ |
| ၁၀၈။ | တပုဿ၊ ဘလ္လိကတို့အား ပေးဆပ်ခဲ့သော ဆံတော်ဓာတ် | ၂၁၅ |
| ၁၀၉။ | ရဟန်းခြောက်ပါးတို့ ဆောင်ယူခဲ့သော ဆံတော်နှင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရုပ်ပွားတော် | ၂၁၉ |
| ၁၁၀။ | (၇) နေ့ ဘုရားရှိခိုး | ၂၂၁ |
| ၁၁၁။ | မဟာဗောဓိပင်မှ ဒက္ခိဏသာခါကို မဟာမေဃဝန်ဥယျာဉ်၌ စိုက်ခြင်း | ၂၂၂ |
| ၁၁၂။ | သုဝဏ္ဏဘုမ္မိသို့ သွားတော် ၃၃-ဆူ ရောက်ရှိခြင်း | ၂၃၀ |
| ၁၁၃။ | ဒုဋ္ဌဂါမဏိမင်းကြီး မဟာစေတီနှင့် မဟိယင်္ဂဏစေတီနှစ်ဆူ တည်တော်မူခြင်း | ၂၃၂ |
| ၁၁၄။ | အသက်ရှည်ခြင်း ခြောက်ပါး | ၂၄၃ |
| ၁၁၅။ | နံ့သာကျောင်းနှင့် ပါဒစေတီ | ၂၄၄ |
| ၁၁၆။ | မြတ်စွာဘုရား၏ ပါဒစေတီတော်တို့မှာ | ၂၅၈ |
| ၁၁၇။ | ဆရာတော်ကြီး လေးပါးတို့ ပါဒစေတီနှစ်ဆူကို ရှာကြခြင်း | ၂၅၈ |
| ၁၁၈။ | အရှင်သုဓမ္မစာရီ မျက်စိကွယ်ခြင်း | ၂၆၂ |
| ၁၁၉။ | ဧရာပထ နဂါးမင်း၏ ဆံတော်စေတီနှင့် ဘီလူးလေးယောက်တို့၏ မွေရှင်တော်စေတီ | ၂၆၃ |
| ၁၂၀။ | ဆံတော်ဓာတ်ကို သိကြားမင်း ယူဆောင်သွားခြင်း | ၂၆၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂၁။ | ဆံတော်စေတီသည် ဖိုးဦးတောင်၏ တစ်ဘက်ကမ်း ကုန်းမြင့် အထက်ကောင်းကင်၌ တည်လာခြင်း | ၂၇၀ |
| ၁၂၂။ | အဒ္ဒိက၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ရောက်လာပြီး ဆံတော် မွေရှင်တော်တို့ကို တောင်ထိပ်သို့တင်ခြင်း | ၂၇၀ |
| ၁၂၃။ | ဆံတော်စေတီကို စေတီတည်ခြင်း | ၂၇၃ |
| ၁၂၄။ | သီဟပဗ္ဗတတောင်သို့ မြတ်စွာဘုရား ကြွတော်မူခြင်းနှင့် ပွေးဖို၏ ဆုတောင်းခြင်း | ၂၇၉ |
| ၁၂၅။ | ကမ္ဘာဦး မင်းများမှစ၍ သတိုးရွှေမင်း၏သားတော် အိမ်ရှေ့မင်း ရသေ့ပြုသည်အထိ ပြဆိုခြင်း | ၂၈၀ |
| ၁၂၆။ | ပုပ္ပဒေဝမင်းသားအထိ မင်းဆက်များ | ၂၈၂ |
| ၁၂၇။ | ဘဒ္ဒါနုဝတီမင်းသမီးမှ ပိဿနိုးမင်းသမီးအထိ အစဉ်အဆက်များ | ၂၈၈ |
| ၁၂၈။ | ပျူမင်းမှ ဒွတ္တဘောင်မင်းထိ အစဉ်အဆက်များ | ၂၉၂ |
| ၁၂၉။ | ညီနောင် ရဟန္တာနှစ်ပါးနှင့်အတူ ဒွတ္တဘောင်မင်း ရွှေဆံတော်တည်ခြင်း | ၂၉၅ |
| ၁၃၀။ | ဖောဖော–ညေးညေး စသော စည်းခုံ ၉–ဆူနှင့် မြသလွန်–မြသပိတ်စေတီများ | ၃၀၂ |
| ၁၃၁။ | အရှင်အာနန္ဒာ ဖောခိပင်စိုက်ပျိုးခြင်း | ၃၀၉ |
| ၁၃၂။ | စေတီအပြားကို ပြခြင်း | ၃၁၃ |
| ၁၃၃။ | စေတီရုပ်ပွားတို့ကို ဝတ်ပြုသူများ ထိုစေတီရုပ်ပွားတို့၌ ကပ်လှူအပ်သော ပစ္စည်းကို စားသုံးအပ်ကြောင်း | ၃၁၅ |
| ၁၃၄။ | အလှူပစ္စည်းကို အလှူခံပုဂ္ဂိုလ်က မသုံးဆောင်သည့်တိုင် အကျိုးရှိကြောင်း | ၃၁၇ |
| ၁၃၅။ | သဲပုံစေတီ တည်အပ်ကြောင်း | ၃၁၈ |
| ၁၃၆။ | ဓာတ်မွေသရီစေတီရုပ်ပွားတို့၌ လှူဒါန်းခြင်းသည် သက်တော်ထင်ရှား မြတ်ဘုရားကို လှူဒါန်းခြင်းပင် မည်ကြောင်း၊ တူမျှသော အကျိုးရှိကြောင်း | ၃၁၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၇။ | ဓာတ်မွေသရီစေတီ, ရုပ်ပွားတော်တို့ကို လျောက်ပတ်ရာ ဌာနဌ ထားရှိ ကိုးကွယ်အပ်ခြင်း | ၃၂၁ |
| ၁၃၈။ | စေတီနှင့် စေတီရင်ပြင် | ၃၂၂ |
| ၁၃၉။ | စေတီရင်ပြင်နှင့် ပတ်သက်၍ အဂါရဝဖြစ်ပုံ | ၃၂၂ |
| ၁၄၀။ | ကြည်ညိုသောစိတ် ရှိရုံမျှနှင့် ကုသိုလ်ဖြစ်ခြင်း | ၃၂၄ |
| ၁၄၁။ | ဓာတ်မွေသရီစေတီ, ရုပ်ပွား, ဗောဓိပင်များကို ဖျက်ဆီးရာ၌ အနန္တရိယကံ အလားတူ ကံထိုက်ခြင်း | ၃၂၅ |
| ၁၄၂။ | စေတီ စသည် ထိခိုက်သော ဗောဓိအပင် အခက်တို့ကို ခုတ်ဖြတ်အပ်ကြောင်း | ၃၂၆ |
| ၁၄၃။ | စေတီ၊ ဗောဓိပင် စသည်တို့ကို ပြစ်မှားသောစိတ်ဖြင့် ဖျက်ဆီးခြင်း၊ ခုတ်ဖြတ်ခြင်းကြောင့် အပါယ်ကျခြင်း | ၃၂၈ |
| ၁၄၄။ | စေတနာကောင်းဖြင့် ဖျက်ဆီးသဖြင့် သုဂတိလားခြင်း | ၃၃၀ |
| ၁၄၅။ | ရတနာသုံးပါး ဆည်းကပ်ရန် သွားသူ၏ ခြေလှမ်းတိုင်း ဖြစ်သော ကုသိုလ်အကျိုး | ၃၃၃ |
| ၁၄၆။ | ဒါနကုသိုလ်သည် နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်ကြောင်း | ၃၃၄ |
| ၁၄၇။ | ဉာဏသမ္ပယုတ်ဒါနဖြစ်အောင် လှူခြင်း | ၃၄၈ |
| ၁၄၈။ | ဉာဏ်နှင့် မယှဉ်သော ဉာဏဝိပ္ပယုတ်ဒါန | ၃၄၉ |
| ၁၄၉။ | ဒါနပါရမီကြောင့် နိဗ္ဗာန်ရောက်နိုင်ကြောင်း ဆက်လက် ထုတ်ဆောင်ပြချက် | ၃၅၁ |
| ၁၅၀။ | ကမ္ဘာငါးမျိုး၊ ကပ်လေးပါး | ၃၆၄ |
| ၁၅၁။ | နိယတဗျာဒိတ်ရခြင်း အင်္ဂါရှစ်ပါး | ၃၆၅ |
| ၁၅၂။ | နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ မဖြစ်ခြင်း ၁၈-ပါး | ၃၆၆ |
| ၁၅၃။ | ပါရမီဆယ်ပါးဖြည့်သော ဘဝဇာတ်စဉ် အကျဉ်း | ၃၆၆ |
| ၁၅၄။ | သစ္စာအနက် ၁၆-ချက်ကို ပြဆိုခြင်း၊ ဒုက္ခသစ္စာ၏ အနက် ၄-ပါး၊ သမုဒယသစ္စာ၏ အနက် ၄-ပါး၊ နိရောဓသစ္စာ၏ အနက် ၄-ပါး | ၃၆၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၅။ | မဂ္ဂသစ္စာ၏ အနက် ၄-ပါး | ၃၇၀ |
| ၁၅၆။ | နေ, လ ဂြိုဟ်သွားခရီး | ၃၇၀ |
| ၁၅၇။ | လေးကျွန်း နေဝင် နေထွက်နှင့် မြတ်စွာဘုရား ဆွမ်းခံချိန် | ၃၇၁ |
| ၁၅၈။ | စကား ခြောက်ခွန်း | ၃၇၃ |
| ၁၅၉။ | နိဂုံး | ၃၇၄ |

# စေတိယပကာသနီကျမ်း

## နောက်ဆက်တွဲ (က)

| | |
|---|---|
| စေတီဘုရားတည်ထားကိုးကွယ်နည်း | ၃၇၅ |
| (၁) မြေရှင်းခြင်း | ၃၇၅ |
| (၂) မြေညှိခြင်း | ၃၇၆ |
| (၃) မြေသန့်မင်္ဂလာ | ၃၇၆ |
| မဏ္ဍပ်ထိုးရန် ပုံစံ | ၃၈၀ |
| (၄) ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာ | ၃၈၁ |
| (၅) အုတ်မြစ်တော်စီမင်္ဂလာ | ၃၈၁ |
| ဒေဝါဝင်း၊ ရာဇာဝင်း | ၃၈၃ |
| အုတ်မြစ်တော် စီပုံစီနည်း | ၃၈၄ |
| (၆) မူလဌာပနာသွင်းနှံခြင်းမင်္ဂလာ | ၃၈၅ |
| မထည့်မသွင်းရသော ပစ္စည်းများ | ၃၈၇ |
| (၇) အလယ်ဌာပနာသွင်းနှံခြင်းမင်္ဂလာ | ၃၈၈ |
| ဗုဒ္ဓ ဇာတာတော် ပုံစံနမူနာ | ၃၈၈ |
| (၈) အထက်ဌာပနာသွင်းနှံခြင်းမင်္ဂလာ | ၃၉၀ |
| အရပ်ရှစ်မျက်နှာ ထောင့်အသီးသီးမှ ဌာပနာတော်သွင်းစဉ် ဂါထာများ ရွတ်ဆိုပူဇော်ရန် | ၃၉၁ |
| ဌာပနာသွင်းနှံပုံ အနေအထားများ | ၃၉၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အောက်ခြေမူလဥပနာတိုက်သွင်းပုံ | ၃၉၆ |
| | အလယ်ဥပနာတိုက်သွင်းပုံ | ၃၉၇ |
| | အထက်ဥပနာတိုက်သွင်းပုံ | ၃၉၈ |
| (၉) | ရွှေထီးတော်တင်မင်္ဂလာ | ၃၉၉ |

# စေတီယပကာသနီကျမ်း

## နောက်ဆက်တွဲ ( ခ )

| | |
|---|---|
| ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော်တို့ စီရင်အပ်သော ဥပနာပုံကျမ်း | ၄၀၅ |
| တည် ၃–ပါး ဟူသော်ကား– | ၄၀၉ |
| မဲဘုရားအစီအရင်ကား– | ၄၁၂ |
| ဘုရားခြောက်ဆူထုံးကို အဘယ်ကြောင့် သိရမည်နည်းဆိုသော်– | ၄၁၄ |
| ဗောဓိတည် | ၄၁၄ |
| ဥပနာသွင်းရိုးကာ.– | ၄၁၇ |
| ဘုရားရုပ်တု ဆင်းတုလုပ်နည်း စားနည်း ထုနည်းကား– | ၄၁၉ |
| ဘုရားရုပ်တုတော် စနစ်အတိုင်းအထွာများ | ၄၂၀ |
| ဗလိနတ်စာပေးပုံကား– | ၄၂၀ |
| မြတ်စွာဘုရားသည် ပလ္လင်္က အနိမိသ ခုနစ်ဌာန၌ သတ္တသတ္တာဟ စံနေတော်မူခြင်း | ၄၂၅ |
| အရပ်ရှစ်မျက်နှာ ထောင့်အသီးသီးမှ ဥပနာတော်သွင်းစဉ် ဂါထာများ ရွတ်ဆိုပူဇော်ရန် | ၄၂၉ |
| ဥပနာသွင်း (ဥပနာပူဇော်ခြင်း) ဂါထာတော် “ရွှေ၊ ငွေ၊ ရတနာအုတ်စီ အပိတ်ဂါထာ” | ၄၃၄ |
| ရှင်ဥပဂုတ္တ ပရိတ်တော်ကို ဆက်လက်ရွတ်ဆိုရန် | ၄၃၄ |
| အနက်မြန်မာ | ၄၃၅ |
| နှစ်ကျိပ်ရှစ်ဆူဘုရားများ၏အမည်နှင့် နေ့သားများ | ၄၃၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## စေတိယပကာသနီကျမ်း

### နောက်ဆက်တွဲ (ဂ)


| | |
|---|---|
| သတ္တုရူပကဝိလာသနီကျမ်း | ၄၃၉ |
| ပိန္နဲတိုင် | ၄၄၄ |
| ထီး | ၄၄၅ |
| ပိန္နဲတိုင်၊ ထိ ၃-ပါး၊ ဌာပနာတိုက် | ၄၄၆ |
| နံသင့်ဘုရား | ၄၄၇ |
| ပဋ္ဌာန်းကျမ်းဦးကား-၊ ဝိနည်းကျမ်းဦးကား- | ၄၄၈ |
| သုတ္တန်ကျမ်းဦးကား-၊ မံဘုရားအစီအရင် စီရင်နည်းကား- | ၄၄၉ |
| ဂါထာကား- | ၄၅၁ |
| ဘုရားဗိသုကာကျမ်းအလိုကား- | ၄၅၂ |
| စေတီတည်ရာ ဌာပနာသွင်းရိုးကား- | ၄၅၉ |
| ဘုရားရုပ်တု ဆင်းတု လုပ်နည်း စာနည်း ထုနည်းကာ- | ၄၆၂ |
| ရုပ်တုတော်များထုလုပ်နည်း၊ မတ်ရုပ်တော် | ၄၆၇ |
| အဖြိုး ၇-ပါး | ၄၇၀ |
| ပြည့်ခြင်း ၁၆-ပါးကား-၊ တင်ပလ္လင်ခွေပုံတော် | ၄၇၁ |
| နိဂုံး | ၄၇၅ |



# စေတိယပကာသနီကျမ်း

## ပဌမ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သဗ္ဗလောကဟိတတ္ထာယ၊ ဝန္ဒာမိ ရတနတ္တယံ။
သုခတ္ထာယ ကရိဿာမိ၊ စေတိယာဒိပကာသနိံ။

အဟံ၊ ငါသည်။ ရတနတ္တယံ၊ ကာယဗလ ဉာဏဗလနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား, အပါယ် စသည်တို့၌ ဖြစ်စေတတ်သော ကိလေသာတို့ကို သမုစ္ဆေဒသတ္တိ၏အစွမ်းဖြင့် ဖျက်ဆီးတတ်သည် ဖြစ်၍ တရားကို ကျင့်ဆောင်ကုန်သော သူတို့ကို အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲသို့ မကျစေမူ၍ ဆောင်တတ်သော မဂ်ဖိုလ်နိဗ္ဗာန် ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရား, အယူသီလ တူမျှသည်၏အဖြစ်ဟု ဆိုအပ်သော ပေါင်းခြင်းဖြင့် ပေါင်းအပ်သော ရှစ်ယောက်သော အရိယာသံဃာဟု ဆိုအပ်သော ရတနာသုံးပါး အပေါင်းကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သဗ္ဗလောက ဟိတတ္ထာယစ၊ ခပ်သိမ်းသော သတ္တလောက၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း။ သုခတ္ထာယစ၊ ချမ်းသာခြင်းအကျိုးငှာလည်းကောင်း။ စေတိယာဒိပကာသနိံ၊ မြတ်စွာဘုရား အရိုးတော်ဓာတ်ဟု ဆိုအပ်သော စေတီ စသည်တို့ကို စုပေါင်း၍ ပြရာ ပြကြောင်း ဖြစ်သော **စေတိယပကာသနီ** အမည်ရှိသော ကျမ်းကို။ ကရိဿာမိ၊ ထိုမှ-ဤမှ စုပေါင်း၍ ကြည့်ရှုရန် ရေးပေအံ့။

# ဂေါတမမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူခြင်း

ဤဘဒ္ဒကမ္ဘာတွင် ကပ်ဦးအစ ဗြဟ္မာအမျိုးအနွယ်ဖြစ်သော မဟာသမတမင်းမှ စပြီး ဗာရာဏသီပြည်၌ မင်းပြုသော ဥက္ကာကရာဇ်မင်းသို့တိုင်အောင် နှစ်သိန်း ငါးသောင်း နှစ်ထောင် ငါးရာ နှစ်ကျိပ်ခြောက်ယောက်ကုန်သော မင်းတို့သည် အစဉ်မပြတ် ဆင်းသက်၍ မင်းပြုကြကုန်၏။

ထိုမင်းတို့တွင် အဆုံးစွန်ဖြစ်သော ဥက္ကာကရာဇ်မင်း၏ ဟတ္ထာမည်သော မိဖုရားကြီး၌ ဥက္ကာမုက္ခမင်းသားမှ စ၍ သားတော် လေးယောက်၊ သမီးတော် ငါးယောက်၊ ပေါင်း ကိုးယောက်ရှိကုန်၏။ ထိုကိုးယောက်ကုန်သော သားတော်၊ သမီးတော်တို့ကို ခမည်းတော်ဖြစ်သော ဥက္ကာကရာဇ်မင်းကြီးသည် ဆင်၊ မြင်း၊ ရထား ရှစ်သောင်းသော အမတ်များနှင့်တကွ နန်းတော်မှ တောသို့ နှင်တော်မူလိုက်သောအခါ သားတော် သမီးတော်တို့သည် သားကြီးဖြစ်သော ဥက္ကာမုက္ခမင်းသားနှင့်တကွ ထွက်သွားကြ၍ ဟိမဝန္တာတောသို့ ရောက်သောအခါ ၎င်းဟိမဝန္တာတော၌နေသော ငါတို့ ဘုရားလောင်း ကပ္ပိလရှင်ရသေ့၏ သခ်မ်ကျောင်းရာ၌ သက္ကတိုင်၊ ကပ္ပိလပြည်ဟု တည်ထောင်ပြီးလျှင် ရှေးဦးအစ ဥက္ကာမုက္ခသာကီဝင်မင်းမှ စ၍ သုဒ္ဓေါဒန တိုင်အောင် သာကီဝင် မင်းပေါင်း ရှစ်သောင်း နှစ်ထောင် တစ်ကျိပ် ငါးယောက်ကုန်သော မင်းတို့သည် အစဉ်မပြတ် ဆင်းသက်၍ မင်းပြုကြကုန်၏။

မဟာသမတမင်း၊ သာကီဝင်မင်း နှစ်ရပ်ကို ပေါင်းသော်— သုံးသိန်း သုံးသောင်း လေ ထောင် ငါး ရာ လေးကျိပ် တစ်ယောက်ကုန်သော (တစ်နည်းကား) သုံးသိန်း သုံးသောင်း လေးထောင် ငါး ရာ ခြောက်ကျိပ် ခုနစ်ယောက်ကုန်သော မင်းတို့သည် ဥက္ကာဝံသ မဟာဝံသ အသမ္ဘိန္နခတ္တိယ မင်းမျိုးအစစ်ဖြစ်ကြကုန်၏။

သက္ကတိုင် ကပ္ပိလဝတ်ပြည်ကို အစိုးရသော သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်တော်မူသော သီရိမဟာမာယာ၏ ဝမ်း၌ ဂေါတမမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူခါနီးသောအခါ တစ်သောင်းသော စကြဝဠာ၌နေကုန်သော နတ် ဗြဟ္မာအပေါင်းတို့သည် ဘုရားလောင်း နတ်သား၌ ပန်း၏ညှိုးနွမ်းခြင်း တစ်ပါး၊ အဝတ်၏ညစ်နွမ်းခြင်း တစ်ပါး၊ ကိုယ်၌ ချွေးထွက်ခြင်းတစ်ပါး၊ အရုပ်အဆင်း မလှခြင်း တစ်ပါး၊ မိမိ၏ဘုံဗိမာန်၌ မတည်မရပ်နိုင်ခြင်း

တစ်ပါး၊ ဤငါးပါးသော ပုဗ္ဗနိမိတ်တို့၏ ထင်ခြင်း၊ လူတို့ အရေအတွက် ခုနစ်ရက်မျှ တည်လတ္တံ့ဟု ၎င်းအကြောင်းကို မြင်ကြသောအခါ အလောင်းတော် နတ်သားအား ဘုရားဖြစ်သောအခါ ရောက်ချေပြီဟု တောင်းပန်ကြကုန်၏။

ထိုသို့တောင်းပန်ခြင်းကို အကြောင်းပြု၍ ကြည့်တော်မူသည်ကား ဘုရားဖြစ်အံ့သော သိန်းတမ်း, ရာတမ်း, ကာလတစ်ပါး၊ ဘုရားဖြစ်ရာ ကျွန်းတစ်ပါး၊ ဘုရားဖြစ်ရာ အရပ်တစ်ပါး၊ ဘုရားဖြစ်ရာ အမျိုးတစ်ပါး၊ မယ်တော်၏ ဆယ်လနှင့် ခုနစ်ရက် အသက် ကြွင်းတစ်ပါး ဤငါးပါးသော ကြည့်ခြင်းကြီးတို့ကိုကြည့်တော်မူ၍ ဘုရားလောင်းနတ်သားသည် တုသိတာနတ်ပြည်မှ စုတေခဲ့ပြီ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေသောအခါ ပတ္တမြား၌ သီထားအပ်သော ကြိုးကဲ့သို့လည်း ကောင်း၊ ဖန်တကောင်း၌ သွင်းထားအပ်သော ပုလဲရတနာကဲ့သို့လည်း ကောင်း၊ ပလ္လင်ထက်၌ ထိုင်နေသော တရားဟော ပုဂ္ဂိုလ်ကဲ့သို့လည်းကောင်း ကိန်းဝပ် သန္ဓေတည်နေ သက္ကရာဇ် (၆၇) ခုနစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ သန်းခေါင်ယံအချိန်တွင် ကာမာဝစရ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ် အသင်္ခါရိကစိတ်၏ အကျိုးဖြစ်သော တိဟိတ်အသင်္ခါရိက ပဌမမဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတော်မူသည်။

## နိမိတ်ကြီးများထင်ခြင်း

ထိုအခါ တစ်သောင်းသော လောကဓာတ်အလုံး တုန်လှုပ်ခြင်းတစ်ပါး၊ အချမ်း အပူ မျှတခြင်းတစ်ပါး၊ တစ်သောင်းသော လောကဓာတ်အလုံး အသံမရှိခြင်း တစ်ပါး၊ လေပြင်းမုန်တိုင်း မလာခြင်း တစ်ပါး၊ မြစ်ရေမစီးခြင်း တစ်ပါး၊ သစ်ပင်ဟူသမျှ သီးပွင့်ခြင်း တစ်ပါး၊ ရတနာဟူသမျှ အရောင်ထွက်ခြင်း တစ်ပါး၊ တူရိယာဟူသမျှ အလိုလိုမြည်ခြင်း တစ်ပါး၊ ပန်းနံ့သာမိုး ရွာခြင်း တစ်ပါး၊ တော်ပဲ့တင်လည်းခြင်း တစ်ပါး၊ နက္ခတ်တာရာတို့ကို မြင်ရခြင်း တစ်ပါး၊ မိုးမရွာဘဲ မြစ်ရေတိုးခြင်း တစ်ပါး၊ ဂြိုဟ်တာရာအပေါင်း အရောင်ထွန်းပခြင်း တစ်ပါး၊ လနှင့် ဝိသာခါ ယှဉ်ခြင်း တစ်ပါး၊ မြေအောင်းသတ္တဝါ ထွက်ခြင်း တစ်ပါး၊ လူတို့ ရောင့်ရဲလွယ်ခြင်း တစ်ပါး၊ ဝေဒနာရှိသူတို့ ကျန်းမာခြင်း တစ်ပါး၊ မွတ်သိပ်ဆာလောင်ခြင်းမှ ငြိမ်းခြင်း တစ်ပါး၊ ပြိတ္တာတို့ ဝပြောခြင်း တစ်ပါး၊ လူတို့ လောဘ, ဒေါသ, မောဟ, မာန ခေါင်းပါးခြင်း တစ်ပါး၊ အပါယ်လေးဘုံ၌

(၂၅) ပါးသော ကင်းခြင်း တစ်ပါး၊ မြူမှုန်မလွှင့်ခြင်း တစ်ပါး၊ မကောင်းသော အနံ့ပျောက်ခြင်း တစ်ပါး၊ နတ်တို့၏ အနံ့လှိုင်ခြင်း တစ်ပါး၊ အရူပဘုံကြဉ်သော နတ်ဘုံ, ဗြဟ္မာဘုံတို့ကို မြင်ရခြင်းတစ်ပါး၊ ငရဲကြီး, ငရဲငယ်ကို မြင်ရခြင်း တစ်ပါး၊ တိုက်, နံရံ, တံခါး, တောင်, မကွယ်မကာ မြင်ရခြင်း တစ်ပါး၊ သတ္တဝါဟူသမျှ ထိုအခါ မသေခြင်း တစ်ပါး၊ ပဋိသန္ဓေ မနေခြင်း တစ်ပါး၊ ဖွားမြင်ခြင်း မရှိခြင်း တစ်ပါး၊ ဤသုံးဆယ့်နှစ်ပါးကုန်သော ပုဗ္ဗနိမိတ်တို့သည် ထင်လာမြင်လာကုန်၏။

## မယ်တော်မာယာ၏ သက်တော်အပိုင်းအခြား

သက္ကတိုင်း၊ ကပ္ပိလဝတ်ပြည်ကို အစိုးရသော သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီ လက်ယာမဟေသီ မိဖုရားခေါင်ကြီး ဖြစ်တော်မူသော မယ်တော် မာယာ၏ အသက်တော်သည် ထိုချိန်ခါတွင် ၅၆-နှစ်၊ ၄-လနှင့် ရက်ပေါင်း ၂၇-ရက်သာ အသက်တော် ရှိသည်။

သည်ကို ရည်၍ ရှေးဆရာတို့သည် (ဆ,ပညာသ၊ ငါးမာသဝယ်၊ သုံးရက် ပယ်၊ အကယ်မရွက်၊ မယ်တော့်သက်) ဟူ၍ စပ်ဆိုတော်မူသည်။

၎င်းလင်္ကာတွင် ဆ,ပညာသ အရမှာ ၅၆-နှစ်ယူ၊ ငါးလတွင် သုံးရက် ပယ်သော် ၄-လနှင့် ၂၇-ရက် ရ၏။

မယ်တော်မာယာ၏ အသက်တော်သည် ၅၅-နှစ်၊ ၆-လနှင့် ရက်ပေါင်း ၂၀- အရှိတွင် ဘုရားလောင်း သန္ဓေယူတော်မူသည်။

သည်ကို ရည်၍ ရှေးဆရာတို့သည် (နှစ်ရက် နှစ်သွယ်၊ ဇစ်-သတ်- ပယ်၊ လဝယ်ဒွေးစွက်၊ သန္ဓေရက်) ဟူ၍ စပ်ဆိုတော်မူသည်။

၎င်းလင်္ကာတွင် နှစ်အရ ၅၆-နှစ်မှာ၊ အစ်-အရ တစ်နှစ်ပယ်သော် ၅၅-နှစ် ဖြစ်၏။ ရက်အရ ၂၇-ရက်မှာ သတ်-အရ ခုနစ်ရက်ပယ်သော် ရက်ပေါင်း ၂၀-ဖြစ်၏။ လဝယ် ဒွေးစွက်အရမှာ ရှေ့လေးလတွင် ဒွေး အရ နှစ်လစွက် သော် ၆-လဖြစ်၏။ ၎င်း ၅၅-နှစ်၊ ၆-လနှင့် ရက်ပေါင်း ၂၀-တွင် ဘုရားလောင်း ပဋိသန္ဓေနေသော ဆယ်လကို ထည့်သော် ဘုရားလောင်းကို ဖွားပြီး ရက်ခုနစ် ရက်ကို ထည့်သော် မယ်တော်မာယာ၏ ပကတိအသက် ၅၆-နှစ်၊ ၄-လနှင့် ရက်ပေါင်း ၂၇-ရက်ဖြစ်သည်။

## အလောင်းတော်ဖွားမြင်ခြင်း

ယင်းသို့ ပဋိသန္ဓေတည်၍ ဆယ်လစေ့သော် ဆွေတော်မျိုးတော်၊ မယ်တော်၊ ခမည်းတော်တို့၏ နေရာဖြစ်သော ယူဇနာသုံးဆယ်ကွာသော ဒေဝဒဟပြည်သို့ သွားလိုသော ဆန္ဒရှိ၍ မင်းကြီးအား ပန်ကြားပြီးလျှင် မြတ်သော မင်္ဂလာရှိသော ရထားထက်၌ ထီးဖြူကို ဆောင်းလျက်၊ အထူးထူးသော ရတနာတို့ဖြင့် စီအပ်သော တင်းတိမ်ကို ကာရံလျက် ပတ္တမြားကဲ့သို့ နီသော မျက်စိ၊ ကုမုဒြာ ကြာကဲ့သို့ ဖြူသော အမွေး၊ ဝရဇိန်ကဲ့သို့ ထက်သော သွား၊ လေ၏ လျင်ခြင်းကဲ့သို့ လျင်မြန်သော ခပ်သိမ်းသော ရတနာတို့ဖြင့် ဆင်အပ်သော တိမ်တိုက်မှ ပေါ်ပေါက်လာသော ဝလာဟကမျိုးမှ ဖြစ်သော သိန္ဓောမြင်း ရှစ်စီး က,၍ ထွက်တော်မူခဲ့ရာ– (ဝါ) ရွှေထမ်းစင် စီး၍ တစ်သိန်းသော မင်းသမီး၊ ခြောက်သိန်းသော သာကီဝင် မင်းသားဟု ဆိုအပ်သော ဆွေတော်မျိုးတော်၊ စစ်အင်္ဂါလေးပါးနှင့်တကွ ထွက်တော်မူခဲ့ရာ ကပ္ပိလ၊ ဒေဝဒဟ၏အကြား နှစ်ပြည်သားတို့၏ သုံးဆောင်ရာ ရေးဘုရားလောင်းတို့၏ ဖွားမြင်ရာ ငါးယူဇနာကွာသော လုမ္ဗိနီအင်ကြင်းဥယျာဉ် အနီးသို့ ရောက်၍ ထိုဥယျာဉ်ကို မြင်တော်မူရလျှင် ပျော်ရွှင်မြူးထူးလိုသောစိတ် ရှိ၍ ဥယျာဉ်သို့ ဝင်တော်မူ၏။

၎င်းဥယျာဉ်ဝယ် အသီးအပွင့်နှင့် ပြည့်စုံသော အင်ကြင်းပင်အောက်၌ ခင်းထား ကာရံအပ်သော နေရာထက်သို့ တက်တော်မူသော မိဖုရားအား ၎င်းအင်ကြင်းပင်၏ အခက်ကို ကိုင်လိုသောစိတ် ရှိတော်မူသောအခါ မင်္ဂလာ ရှိသော အင်ကြင်းပင်ကြီး အခက်သည် အလိုလို မိဖုရား၏ လက်အနီးသို့ ညွတ်၍ ခံလာ၏။

ထိုအခါ မိဖုရားသည် အနီးသို့ ညွတ်လာသော အင်ကြင်းခက်ကို လက်ယာလက်ဖြင့် ကိုင်၍ လက်ဝဲလက်ဖြင့် ညီမတော် ဂေါတမီ၏ လည်ပင်းကို ကိုင်ပြီး ရပ်လျက်နေသောအခါ ကမ္မဇလေလှုပ်သဖြင့် ဓမ္မကရိဏ်မှ ထွက်သော ရေကဲ့သို့ မလိမ်းမကျံ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော ဘုရားလောင်းကို လူတို့ သက္ကရာဇ် ၆၈–ခုနှစ်၊ ဥတုဂိမ္ဟန္တ၊ ကဆုန်လပြည့်၊ သောကြာနေ့၊ နံနက်တစ်ချက်တီး အချိန်တွင် တရားဟောပလ္လင်မှ သက်ဆင်းသော တရားဟော ပုဂ္ဂိုလ်ကဲ့သို့ မျက်စိကို ဖွင့်လျက် လက်၊ ခြေတို့ကို ဆန့်တန်း၍ ရပ်လျက်သာလျှင် ဖွားမြင်တော်မူသတည်း။

## လူ, နတ်, ဗြဟ္မာတို့အလောင်းတော်သတို့သားကိုခံယူကြခြင်း

ထိုအခါ သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်တို့သည် ထင်လာကုန်၏။ ဘုရားလောင်း ရွှေကွန်ရက်ပေါ်၌ နေစဉ် မယ်တော်အား လည်းကောင်း၊ ဘုရားလောင်းအားလည်းကောင်း ပူဇော်သက္ကာရအလို့ငှာ ကောင်းကင်မှ ငှက်ပျော တုံးပမာဏ အချမ်း, အနွေး ရေနှစ်သွယ် သက်ဆင်း သွန်းဖျန်းလာကုန်၏။

(အချို့စာတို့၌ လူတို့ ဘွဲ့ဖြူပုဆိုးနှင့် ခံစဉ် ရေနှစ်သွယ် ဖျန်းသည်ဟု လာသည်။)

ယင်းသို့ မယ်တော်မာယာဝမ်းမှ မတ်တတ်ရပ်လျက် ဖွားမြင်တော်မူသော ဘုရားလောင်းကို ကိလေသာ ကုန်ပြီးသော သုဒ္ဓါဝါသ ဗြဟ္မာကြီး လေးယောက် တို့သည် ရတနာရွှေကွန်ရက်ဖြင့် ခံ၍ မယ်တော်၏ ရှေ့၌ ထားပြီးလျှင် ဤသို့ ဆိုကြကုန်၏။

"မြတ်သောမိဖုရား၊ သင် မိဖုရားကား ဝမ်းမြောက်ဝမ်းသာရှိလော့၊ သင် မိဖုရား၏သားသည် တန်ခိုးကြီးပေစွ၊ တန်ခိုးကြီးသော သားကောင်း ရတနာကို ပါရမီရှိ၍ ဖွားမြင်ရပေသည်" ဟု ဆိုကြကုန်၏။

ထိုဗြဟ္မာကြီးတို့၏ လက်မှ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက် တို့သည် နူးညံ့သိမ်မွေ့ ကောင်းသောအတွေ့ရှိသော သစ်နက်ရေဖြင့် ခံကြကုန်၏။

ထိုနတ်မင်းကြီး လေးယောက်တို့၏ လက်မှ လူမင်းသား လေးယောက် တို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံကြကုန်၏။

ဘုရားလောင်းသည် လူတို့လက်မှ မြေသို့ ကျရောက်သောအခါ အရှေ့ လောကဓာတ်မှ လက်ယာရစ်လှည့်၍ ကြည့်သည်ရှိသော် အနန္တစကြဝဠာ ရှစ်မျက်နှာ အကုန် တစ်စုံတစ်ယောက်မျှ ကိုယ်တော်နှင့် တူသော သူကိုလည်းကောင်း၊ ကိုယ်တော်ထက် လွန်မြတ်သောသူကိုလည်းကောင်း ကြည့်၍ မမြင်သောကြောင့် ဤအရပ်သည်ကား မြတ်သောအရပ်ဟု မြောက်သို့ ရှေးရှုရပ်ပြီးလျှင် မြေကို နင်း၍ ခုနစ်ဖဝါး လှမ်းသွားတော်မူသောအခါ ဗြဟ္မာကြီးတို့သည် သုံးယူဇနာ ရှိသော ထီးဖြူကို ဆောင်းလျက်၊ သုယာမ နတ်သားသည် စာမရီသားမြီးယပ်ကို ကိုင်လျက်၊ သိကြား သန္တုသိတ စသော နတ်တို့သည် သန်လျက်၊ ရွှေခြေနင်း၊ သင်းကျစ်ပတ္တမြား စသည်တို့ကို ကိုင်၍ လိုက်ကြကုန်၏။

ကြွင်းသော နတ်သား၊ နတ်သမီးတို့သည် မင်္ဂလာရှိသော အဝတ်တန်ဆာတို့ကို ကိုင်၍ လိုက်ကြကုန်၏။ နတ် လူတို့သည် စည်၊ စောင်း၊ ငြင်း၊ ခရုသင်း၊ ခွက်ခွင်းတို့ကိုလည်း သာယာစွာ တီးမှုတ်ကုန်လျက် ကခုန်မြူးတူးကြကုန်စဉ် ခုနစ်ဖဝါးလှမ်း၍ ဘုရားလောင်း ရပ်တော်မူသော ခဏ၌ နတ် လူတို့သည် အသံမပြုဘဲ ဆိတ်ဆိတ် နားထောင်၍ နေကြကုန်၏။

ထိုသို့ ဆိတ်ဆိတ်နေကြသောအခါ၌ ဘုရားလောင်းသည် မိမိနှင့် တူသော သူကိုလည်းကောင်း၊ လွန်သော သူကိုလည်းကောင်း မြင်တော်မမူ၍ ရှေး ဘုရားလောင်းတို့ကဲ့သို့ မကြောက်မရွံ့သော စကားကို မြွက်ဆိုတော်မူလို၍—

အဂ္ဂေါဟမသ္မိ လောကဿ၊
သေဋ္ဌောဟမသ္မိ လောကဿ၊
ဇေဋ္ဌောဟမသ္မိ လောကဿ၊
အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

ဟု မြွက်ဆိုတော်မူ၏။

**အဓိပ္ပာယ်မှာ**—ဤပရိသတ်အပေါင်း၌ မိမိနှင့်တူသော သူကိုလည်းကောင်း၊ လွန်မြတ်သောသူကိုလည်းကောင်း ကြည့်၍ မမြင်သောကြောင့်—

"ဤလူအပေါင်းထက် ငါသည် မြတ်၏။"

"ဤလူအပေါင်းထက် ငါသည် ချီးမွမ်းအပ်၏။"

"ဤလူအပေါင်းထက် ငါသည် ကြီး၏။"

"ဤယခုပဋိသန္ဓေ နေရခြင်းသည်ကား အဆုံးစွန်ဖြစ်၏။ ယခုအချိန်မှစ၍ နောက်ထပ် ပဋိသန္ဓေနေဖို့ မရှိတော့ပြီ။" ဟု မကြောက်မရွံ့ ခြသေ့်မင်း၏ အသံကဲ့သို့ ရဲတင်းသော အသံဖြင့် သုံးခွန်းသော စကားကို ဆိုတော်မူသော အဆုံး၌ နတ် လူအပေါင်းတို့သည် သာဓု—သာဓု—ဟူသော ကောင်းချီးစကားကို ဆိုကြကုန်၏။

အဟံ၊ ငါသည်။ လောကဿ၊ လူအပေါင်းထက်။ အဂ္ဂေါ၊ အမျိုးအားဖြင့် မြတ်သည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ လောကဿ၊ လူသုံးပါးထက်။ သေဋ္ဌော၊ အထူးသဖြင့် ချီးမွမ်းအပ်သည်။ အသ္မိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ လောကဿ၊ လူအပေါင်းထက်။ ဇေဋ္ဌော၊ ကြီးသည်။ အသ္မိ၊ ဖြစ်၏။ အယံဇာတိ၊

ဤပဋိသန္ဓေနေရခြင်းသည်။ အန္တိမာ၊ အဆုံးဖြစ်သော။ ဇာတိ၊ အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။ ဒါနိ၊ ယခုပစ္စုပ္ပန်အခါမှ၊ နောင်အနာဂတ်အခါ၌။ ပုနဗ္ဘဝေါ၊ ဘဝသစ်တစ်ဖန်ဖြစ်ခြင်းသည်။ မေ၊ ငါအား။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အသမ္ဘိန္နဝါစံ၊ တစ်စုံတစ်ယောက်သော သူတို့အား ကြောက်ရွံ့ခြင်း မရှိသော စကားကို။ နိစ္ဆာရေသိ၊ မြွက်တော်မူ၏။

ထိုသို့ ဘုရားလောင်း မြေကို နင်း၍ ခုနစ်ဖဝါးသွားသော်လည်း ကောင်းကင်က သွားသကဲ့သို့၊ အဝတ်တန်ဆာ မဆင်ဝတ်ဘဲနှင့် ကာသိတိုင်းဖြစ် ပုဆိုးကို ဝတ်ဆင်သကဲ့သို့၊ ဖွားစသူငယ်ကိုပင် ၁၂-နှစ်၊ ၁၆-နှစ် အရွယ်ကဲ့သို့ နတ် လူအပေါင်းတို့ ထင်ကုန်၏။

## နေပြည်တော်ပြန်ခြင်း

ယင်းသို့ အသမ္ဘိန္နစာဝါကို ဆိုပြီးသောအဆုံး၌ ဘုရားလောင်းကို မယ်တော်ယူ၍ နို့တိုက်ပြီးလျှင် ညီမတော် ဂေါတမီအား အပ်နှင်း၍ ရထားထက်သို တက်စီးတော်မူလျှင် ဆွေတော်မျိုးတော် စစ်သည်ဗိုလ်ပါ စစ်အင်္ဂါလေးပါးနှင့်တကွ ဘုရားအလောင်း သားအမိတို့ကို ကောင်းစွာ ဝန်းရံ၍ ကပိလဝတ်ပြည်သို့ ထိုနေ့ပင် ဆောင်သွားကြကုန်၏။

ဘုရားလောင်းကို ဖွားမြင်သော နေ့၌ ဒေဝိလ ရသေ့သည် တာဝတိံသာ နတ်ပြည်သို့ သွား၍ နေ့သန့်သောအခါ နတ်အပေါင်းတို့သည် ဘုရားလောင်း၏ ဖွားမြင်ခြင်းကို အကြောင်းပြု၍ ဝမ်းမြောက်ဝမ်းသာ ကစားမြူးထူးသည်ကို မြင်ရ၍ မေးမြန်းကြားသိရလျှင် တာဝတိံသာ နတ်ပြည်မှ နန်းတော်သို့ လာခဲ့၍ ခင်းထားသော နေရာ၌နေပြီးသော်—

"ဒကာတော်မင်းကြီး၌ ဘုရားလောင်းကို ယနေ့ ဖွားမြင်သည်ဟု ငါ ကြားသိရသည်၊ ဟုတ်မှန်သလော" ဟု မင်းကြီးအား မေး၏။ မင်းကြီးလည်း ကြားသည့်အတိုင်း ယနေ့ ဖွားမြင်ပါသည်ဟု ဟုတ်မှန်ကြောင်းကို လျှောက်၏။

ဒင်း ဒေဝိလ ရသေ့က မေးသောအခါ ယနေ့ ဖွားမြင်သည် ဟုတ်ပါ၏လော၊ ဟုတ်မှန်ပါ၏ဟု လျှောက်သောစကားကို ထောက်၍ ကပိလဝတ်ပြည်သို့ ထိုနေ့ပင် ပြန်လည်ကြောင်း သိရပေသည်။

## ဖွားဖက်တော် ၇-ဦး

ဘုရားလောင်းကို ဖွားမြင်သော ခဏ၌ အမိတ္တာမိဖုရားတွင် ဘဒ္ဒကစ္စာနာကို ဖွားမြင်သည်။ ဘထွေးတော် အမိတောဒနတွင် အာနန္ဒာကို ဖွားမြင်သည်။ ဆန္န၊ ကာဠုဒါယီ၊ ကဏ္ဍကမြင် တို့ကို ဖွားမြင်သည်။ မဂဓရာဇ်တိုင် ရာဇဂြိုဟ်ပြည်မှ အရှေ့မြောက်ယွန်း နှစ်ယူဇနာခန့်ကွာသော မဇ္ဈိမဒေသ ဥရုဝေလတော၌ ဗောဓိပင်ပေါက်၏။ ဥယျာဉ်တော်၌ (တစ်နည်း) နန်းတော်တွင် ၌ ရွှေအိုးကြီး လေးလုံးပေါ်၏။

## မယ်တော်နတ်ပြည်စံခြင်း

မဟာသက္ကရာဇ် ၆၈-ခုနှစ်၊ ဒေဝဒဟပြည်သို့ ရောက်သောအခါ မယ်တော်မာယာ မိဖုရားသည် ခုနစ်ရက်မြောက်သော ကဆုန်လပြည့်ကျော် (၆) ရက်၊ ကြာသပတေးနေ့တွင် ရောဂါမရှိ ပကတိ အလိုလိုစုတေ၍ တုသိတာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ အလောင်းတော်ကို နတ်ဗြဟ္မာ အစရှိသော သူတို့ သဂြိုဟ်ဖုတ်ကြဉ်ခြင်းကို ပြုကြကုန်၏။

## အမည်တော်မှည့်ခြင်း

ယင်းသို့ ဖွားမြင်ပြီးသည့်နောက် ငါးရက်မြောက်သောနေ့၌ နံ့သာရေတိုဖြင့် ခုနစ်ကြိမ်ချိုးပြီး လျှင် ရတနာတို့ဖြင့်ပြီးသော ခင်ထား အပ်သော နေရာထက်၌ နေစေ၍ တစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတိုသည် အမည်မှည့်လို၍ မင်းသား၏ လက္ခဏာကြီးငယ်ကို ရွေးချယ်ကြကုန်၏။

သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ အံ့ဖွယ်တစ်ဆယ့်နှစ်ဖြာ၊ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ကို မြင်ကြကုန်သည်ရှိသော် ဤမင်းသားသည် အလုံးစုံသော လူ နတ်တို့၏ အလိုခပ်သိမ်းဟု ဆိုအပ်သော အကျိုးစီးပွား၏ ပြီးငြိမ်းခြင်းကို ပြုတတ်သောကြောင့် (သိဒ္ဓတ္ထ) ဟူသော အမည်ကို မှည့်ကြကုန်၏။

သဗ္ဗလောကဿ အတ္ထသိဒ္ဓိကရတ္တာ "သိဒ္ဓတ္ထော"တိ နာမံ အကံသု။

သဗ္ဗလောကဿ၊ အလုံးစုံသော နတ် လူအပေါင်း ၏။ အတ္ထသိဒ္ဓိကရတ္တာ၊ အကျိုးစီးပွား၏ပြီးခြင်းကို ပြုတတ်သောကြောင့်။ သိဒ္ဓတ္ထောတိနာမံ၊ သိဒ္ဓတ္ထ မင်းသားဟူသော အမည်ကို။ အကံသု၊ မှည့်ကြကုန်၏။

## မယ်တော်မာယာ ဘုရားငါးဆူ၏မယ်တော်မဟုတ်ကြောင်း

မယ်တော်မာယာသည် ငါးဆူမယ်တော် မဟုတ်လော။

မယ်တော်မာယာသည် ငါးဆူမယ်တော် မဟုတ်။

အဘယ်ကြောင့် ငါးဆူမယ်တော် မဟုတ်သနည်း။

ရှေ့ဘုရားတစ်ဆူ၏ မယ်တော်သည် နောက် ဘုရားတစ်ဆူ၏ မယ်တော် ဘာ့ကြောင့် မဟုတ်သင့်သနည်း။

ရှေးဘုရာတစ်ဆူ၏ မယ်တော်သည် နောက် ဘုရားတစ်ဆူ၏ မယ်တော် မဖြစ်သင့်သောကြောင့် ငါးဆူမယ်တော် မဟုတ်။

ရှေးဘုရားတစ်ဆူ၏ မယ်တော်သည် နောက် ဘုရားတစ်ဆူ၏ မယ်တော် အဘယ်ကြောင့် မဖြစ်သင့်ပါသနည်း။

ရှေးဘုရားတစ်ဆူ ကိန်းဝပ်ပြီးသော မယ်တော်တို့၏ ဝမ်းတိုက်သည် စေတီ ကိန်းဝပ်ပြီးသော ဂန္ဓကုဋီတိုက်နှင့် တူသောကြောင့် နောက်တစ်ပါးသော တစ်ဆူသော ဘုရားလောင်းတို့ ကိန်းဝပ်ခြင်းငှာ မထိုက်သောကြောင့် ငါးဆူ မယ်တော်မဟုတ်ခြင်း ဖြစ်၏။ ဤသို့ ပြဆိုရခြင်းကား အချို့သူတို့၏ ဘုရား ငါးဆူမယ်တော်ဖြစ်သည်ဟူသော အယူကို မသင့်ကြောင်း ဖော်ပြလို၍ ဖြစ်ပေ၏။

## နိမိတ်လေးပါးမမြင်နိုင်စေရန်အစောင့်ထားခြင်း

ပုဏ္ဏားကြီး ခုနစ်ယောက်တို့သည် လက်နှစ်ချောင်းကို ချီ၍ ဤသို့သော လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော မင်းသားသည် အိမ်၌နေမူ စကြဝတေးမင်း ဖြစ်အံ့၊ ရဟန်းပြုမူ ဘုရားဖြစ်အံ့ဟု လျှောက်ကြကုန်၏။

အမျိုးအားဖြင့် ကောဏ္ဍည၊ အမည်အားဖြင့် သုဒတ္တအမည်ရှိသော ပုဏ္ဏား ငယ်သည် လက်ညှိုးတစ်ချောင်းကို ချီ၍ ဤသို့သော လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သူသည် ရဟန်းဖြစ်၍ ဘုရားဖြစ်လတ္တံ့ဟု လျှောက်၏။

ယင်းသို့ လျှောက်လေသောအခါ သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏သာ တော်သည် ဘယ်အကြောင်းကို မြင်၍ ရဟန်းပြုလတ္တံ့နည်း" ဟု မေးတော်မူသည် ရှိသော် "နိမိတ်လေးပါးတည်းဟူသော အကြောင်းကို မြင်၍ ရဟန်းပြုလတ္တံ့ " ဟု လျှောက်လေ၏။

ထိုနေ့မှစ၍ သားတော် မမြင်စိမ့်သောငှါ အရပ်လေးမျက်နှာ တစ်ဂါဝုတ်စီကွာသော အရပ်၌ အစောင့်ကိုလည်း ထား၏။ ဗိုလ်ခြေတစ်ထောင်ဖွင့်မှ ပွင့်နိုင်သော တံခါးကိုလည်း လုပ်ထား၏။ သို့လျှင် နိမိတ်လေးပါးကို သား တော်မမြင်ရအောင် အစောင့်ထားခြင်း ပြုလေ၏။

## လယ်ထွန်မင်္ဂလာပြုစဉ် သားတော်ကိုရှိခိုးခြင်း

ဘုရားလောင်း တစ်လမြောက်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် များစွာသော မှူးမတ် ဗိုလ်ပါ ပရိသတ်နှင့်တကွ ထွက်တော်မူခဲ့၍ တစ်ထောင်သော ထွန်တို့တွင် ရွှေထွန်ကို စီးနင်း၍၊ အမတ်တို့သည် ခုနစ်ရာကိုးဆယ့်ကိုးခုသော ငွေထွန်တို့ကို စီးနင်း၍ ကျွန်အမှုလုပ်တို့သည် နှစ်ရာသော ငွေထွန်တို့ကို စီးနင်းပြီး လယ်ထွန်မင်္ဂလာကို ပြုတော်မူ၏။

ထိုလယ်ထွန်မင်္ဂလာပြုရာ အရပ်၏အနီး ထူသောအရွက်၊ ချမ်းအေးသော အရိပ်ရှိသော ကြီးသော ဇမ္ဗူသပြေပင်ရင်း၌ ခင်းကျင်းကာရံ စီမံအပ်သော ကောင်းမြတ်သော နေရာ၌ ဘုရားလောင်းကို သိပ်ထားလေ၏။

ဘုရားလောင်းသည် သိပ်ထားအပ်သော နေရာထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီးသော် ထွက်သက် ဝင်သက်ကို သိမ်းဆည်း၍ ပထမဈာန်ကို ဝင်စားတော်မူ၏။ ဘုရားလောင်း၏ အာနုဘော်ကြောင့် ဇမ္ဗူသပြေပင်ရိပ်သည် မပြောင်းမယွန်း ထီးဝန်းကဲ့သို့ တည်၏။

ဤသို့သော သားတော်မြတ်၏ အံ့ဖွယ်သရဲကို သုဒ္ဓေါဒနမင်းကြီး မြင်တော်မူလျှင် ကြည်ရွှင်ညွတ်တုပ် လက်အုပ်မိုး၍ ရှိခိုးပူဇော်တော်မူ၏။

## နန်းပြာသာဒ်သုံးဆောင်အပ်နှင်းခြင်း

ဘုရားလောင်း သည် အစဉ်သဖြင့် ကြီးပွား၍ ၁၆-နှစ်ရွယ်သို့ ရောက်လတ်သော် မဟာသက္ကရာဇ် ၈၄-ခုနှစ်တွင် ဆောင်းဥတုနှင့် လျော်သော ခန်းတိုက်ကျဉ်းသော ဘုံကိုးဆင့်ရှိသော ရမ္မပြာသာဒ်၊ နွေဥတုနှင့် လျော်သော ခန်းတိုက်ကျယ်သော ဘုံခုနစ်ဆင့်ရှိသော သုရမ္မပြာသာဒ်၊ မိုးဥတုနှင့်လျော်သော ခန်းတိုက်မကျဉ်းမကျယ် ဘုံငါးဆင့်ရှိသော သုဘပြာသာဒ်ဟု ဆိုအပ်သော ဥတုသုံးပါးနှင့်လျော်သော ရွှေနန်းပြာသာဒ် သုံးဆောင်တို့ကို ဆောက်လုပ်၍ သားတော်အားပေးအပ်တော်မူ၏။

## သားတော်အတွက်သမီးရတနာတောင်းခြင်း

ယင်းသို့ အပ်နှင်းတော်မူပြီးသည်နောက် သုဒ္ဓေါဒန မင်းကြီးသည် ဤသို့ ကြံတော်မူ၏။ ငါ၏ သားတော်သည် အရွယ်သို့ရောက်ချေပြီ။ အတိုင်းမသိသော မင်း၊ မိဖုရား၊ သားသမီးတို့နှင့် ခစားဝန်းရံလျက် တိုင်းကားနိုင်ငံ စိုးစံစိမ့်၍ မင်းလုပ်စိမ့်မည်။ သား မယားတို့နှင့် ပျော်ပါးအတိ ကပ်ငြိခြင်းရှိမှ သံဝေဂမဖက် တောထွက်၍ ရဟန်းမပြုဘဲ လူ၏ စည်းစိမ်၌ မွေ့လျော် ပျော်ပါးကာနေမှ လေးကျွန်းသနင်း စကြာမင်းဖြစ်လတ္တံ့ဟု ကြံတော်မူပြီးသော် ဤသို့ မိန့်တော်မူ၏။

ဆွေတော်မျိုးတော်တို့– ငါ၏ သားတော်သည် အချိန်အရွယ်သို့ ရောက်ပြီ။ ထိုသားတော်အား ထီးဆောင်းမင်းအဖြစ်၌ တည်စေအံ့ဟု အလုံးစုံသော သာကီဝင်မင်းတို့၏ အထံသို့ ရာဇသံရွှေပေနှင့် သမီးရတနာကို ပို့ဆက်လာစေရမည် အကြောင်းနှင့် တောင်းတော်မူ၏။

ထိုစကားကို သာကီဝင်မင်းတို့ကြား၍ ဤသို့ဆိုကြကုန်၏။ ဤသိဒ္ဓတ်မင်းသားသည် ဘုရားဖြစ်လတ္တံ့ဟု ပုဏ္ဏားတို့ ဟောသည်ကို အကြောင်းပြု၍ ဂုဏ်ရည်မာန်တက်၍ ပျော်ရွှင်ကစားခြင်း၌သာ လေ့ကျက်၍နေသည်။ မည်သည့် အတတ်ကိုမျှ မသင်ကြား၊ ကိုးစားရာ တစ်စုံတစ်ရာမျှ မရှိချေ။ အရုပ်အဆင် လှပေ၏။ အပျော်အရွှင် ကစားခြင်း၌သာ များစွာလေ့ကျက်ပေ၏။ တစ်စုံတစ်ခု သော အတတ်ပညာကိုမျှ မတတ်။ ပြည်ထောင်ချင်းချင်း မင်းတစ်ပါးတို့အကယ်၍ ရန်မူလာက လဲဝါကဲ့သို့ လွင့်ဖို့ရာသာ ဖြစ်ချေသည်။ သို့အတွက် ငါတို့ သမီး ရတနာ ရင်သွေးကို မပေးနိုင်ဟု ပြန်ဆိုကြကုန်၏။

ထိုအကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြား၍ သားတော်အား မင်းတစ်ပါးတို့ ကဲ့ရဲ့သော အကြောင်းကို ပြောကြားပြီးမှ အဋ္ဌာရသ သိပ္ပဟူသမျှတို့ကို သင်အံ့ သောအခါရောက်သကဲ့သို့ ဖခင်ထင်သည်ဟု ဆို၏။

"ခမည်းတော်မင်းကြီး၊ လူ၌ ဖြစ်သော အတတ်ပညာသည် ငါ့အား သင်ကြားဖွယ်မရှိ၊ ပင်္ကိုသဘောကပင် တတ်မြောက်ပြီး ဖြစ်ပါသည်။ မည်သည့် အတတ်ကို ရှုလိုသည်ဟု မိန့်တော်မူပါ၊ ရှေ့တော်တွင် ပြပါမည်" ဟု လျှောက်ပေ၏။

ခမည်းတော်မင်းတရားလည်း အားရဝမ်းသာတော်မူ၍ မင်းရင်ပြင်ဝယ် ကြီးကျယ်သော တလင်း မင်းကွန်းကို ပြုလုပ်ပြီးလျှင် ဤနေ့မှစ၍ ခုနစ်ရက်

မြောက်သောနေ့၌ သားတော် သိဒ္ဓတ်မင်းသားသည် ဆွေတော်မျိုးတော်တို့အား လေးအတတ်ပညာကို ပြပါလိမ့်မည်။ မည်သည့် သာကီဝင်မကျန် စည်ဝေ ကြည့်ရှုရန် လာကြကုန်ဟူ၍ မြို့ကို စည်လည်စေတော်မူ၏။

## လေးအတတ်ပြ၍သမီးရတနာဆက်သလာရခြင်း

ခုနစ်ရက်မြောက်သောနေ့၌ သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည်၌ ကျော်ဇောကုန်သော အက္ခဏဝေဓိ၊ ဝါလဝေဓိ၊ သရဝေဓိ၊ သဒ္ဒဝေဓိ အမည်ရှိကုန် သော လေးသမားတို့ကို မင်းရင်ပြင်၌ စည်းဝေးစေ၏။

ဘုရားလောင်းသည် ပရိသတ်လေးပါးအလယ်၌ ရပ်တော်မူပြီးလျှင် ယခင် လေးသမားတို့ကို လေးထောင့်ကန့်ပမာဏ လေးမျက်နှာအရပ်က နေစေ၍ တစ်ယောက် တစ်ယောက်သော လေးသမားအား "သုံးသောင်း, သုံးသောင်းမျှလောက်ကုန်သော မြားတို့နှင့် တညီတညွတ်တည်း ငါ့အား ပစ်ကြကုန်လော့" ဟု ဆို၏။ ထို လေးသမားတို့သည် စွမ်းပကားရှိသမျှ တစ်ပြိုင်နက်ချင်းသာလျှင် ပစ်ကြကုန်၏။

ဘုရားလောင်းသည် လာသမျှသော မြားတို့ကို ဝရဇိန်စဉ် သွာ တပ်သော မြားတစ်စင်းဖြင့်သာ ဆီးကာ ပုတ်ခတ်၍ ကျလိုရာ အရပ်မှာ ကျစေ၏။ ဤသို့ မြားအလာကို ဆီးကာပယ်ရှားသော သရပဋိက္ခိပ အတတ်ကို ပြတော်မူရာတွင် ထက်ဝန်းကျင် မြေပြင်ပြည့်မျှ ရှုနေကြကုန်သော ပရိသတ်အပေါင်းတို့၏ ရင်ခတ်လက်တီး အံ့ချီးပြောပသော အသံသည် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်ကြကုန်၏။

ထိုလေးသမား လေးယောက်တို့၏ နေရာ၌ တစ်ပင်စီ စိုက်ထားအပ်သော ငှက်ပျောပင်တို့ကို တစ်ကြိမ်ပစ်အပ်သော တစ်စင်းသော မြားဖြင့် ငှက်ပျော လေးပင်လုံးကို မှန်စေပြီးမှ ရှေးဦးစွာ မှန်သော ငှက်ပျောပင်၏ အပေါက်သို့ ဝင်၍ လက်သို့တစ်ဖန် မြားပြန်လာသော စက္ကဝေဓိအတတ်ကို ပြတော်မူသည်။

ထို့နောက် နွယ်တန်းသဏ္ဍာန်ထင်အောင် ပစ်ခြင်းတည်းဟူသော သရလဋ္ဌိ အတတ်။

ကြိုးသဏ္ဍာန်ထင်အောင် ပစ်ခြင်းတည်းဟူသော သရရဇ္ဇုအတတ်။ •

ပြာသာဒ်သဏ္ဍာန်ထင်အောင် ပစ်ခြင်းတည်းဟူသော သရပါသာဒအတတ်။

မဏ္ဍပ်သဏ္ဍာန် ထင်အောင် ပစ်ခြင်းတည်းဟူသော သရမဏ္ဍပအတတ်။

စောင် တန် သဏ္ဍာန်ထင်အောင် ပစ်ခြင်းတည်းဟူသော သရသောပါဏ အတတ်။

တံတိုင် သဏ္ဍာန်ထင်အောင် ပစ်ခြင်းတည်းဟူသော သရပါကာရအတတ်။

မြာ ခြင် ဆီ တာ နိုင်အောင် ပစ်ခြင်း တည် ဟူသော သရပဋိဗာဟနအတတ်။

ရေကန်သဏ္ဍာန်ထင်အောင် ပစ်ခြင်းတည်းဟူသော သရပေါက္ခရဏီအတတ်။

ကြာပွင့်သဏ္ဍာန်ထင်အောင် ပစ်ခြင်း တည်းဟူသော သရပဒုမအတတ်။

မိုးရွာသကဲ့သို့ သဏ္ဍာန်ထင်အောင် ပစ်ခြင်းတည်းဟူသော သရဝဿ အတတ်။

ဤတစ်ဆယ့်နှစ်ပါး ကုန်သော လေ ငယ်အတတ်တို့ကိုလည်းကောင်း၊ ရှစ်သစ် ထုသော ရေသဖန် ပျဉ်ကို ပစ်ခြင်း၊ လေးသစ်ထုသော ပိတောက်နှစ် ပျဉ်ကို ပစ်ခြင်း၊ နှစ်သစ်ထုသော ကြေးနီပြား ကို ပစ်ခြင်း၊ လက်တစ်သစ် ထုသော သံပြား ကို ပစ်ခြင်း၊ ပျဉ်ချပ်ရေ တစ်ရာကို ပစ်ခြင်း၊ ကောက်ရိုးလှည်းအစီး တစ်ရာ၊ သဲလှည်း အစီး တစ်ရာ၊ ပျဉ်လှည်းအစီး တစ်ရာ၊ ဤတစ်ရာစီသော လှည်းတို့ကို ပေါက်အောင်ပစ်ခြင်း တည်းဟူသော ဤခုနစ်ပါးကုန်သော လေးကြီး အတတ်တို့ကိုလည်း ကောင်း ပြတော်မူသည်။

(စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်၌လာသော အတိုင်း ရေးလိုက်သည်။ ဗုဒ္ဓဝင်အဋ္ဌကထာ၌ကား – တစ်ထွာထုသော ရေသဖန်းပျဉ်၊ ရှစ်သစ်ထုသော သံပြား ဟု လာသည်။ တထာဂတဥဒါနဒီပနီ၌ကား – လေးသစ်ထုသော ပိတောက် ပျဉ်၊ တစ်ဆယ့်နှစ်သစ်ထုသော ကြေးနီပြား၊ တစ်ဆယ့်နှစ်သစ်ထုသော ရေသဖန် ပျဉ်ဟု လာသည်။)

ဤသို့ ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့၏ အလယ်၌ ဆန်းကြယ် စွာသော လေး အတတ်ကို ပြတော်မူသောအခါ လူ နတ် ဗြဟ္မာအပေါင်း တို့၏ ကောင်းချီး ပေး သော အသံသည် မိုးယံအပြင်ဝယ် တော်ပဲ့တင်ရိုက်ဟည်းလျက် မြေကြီး ပြိုမတတ် ရှိလေ၏။

ထိုသို့ လေး အတတ်ကို ပြသောအခါမှ ဆွေတော်မျိုးတော်အပေါင်းတို့သည် သောင်းသောင်း ကြည်သာ ဩဘာသတင်း ပျံ့နှံ့ခြင်း ရှိမှ အလွန်နှစ်သက်အား ရ ဝမ်းသာကြကုန်သည်ဖြစ်၍ မိမိတို့၏ သမီး ကညာ, ရတနာ လေး သောင်းနှင့် တကွ များစွာကုန်သော ပဏ္ဏာကာရတို့ကို ဆက်သလာကြကုန်၏။

ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်း ကလည်း ဘဒ္ဒကစ္စာနာအမည်ရှိသော သမီးတော်ကို အခြွေအရံနှင့်တကွ ဆက်သသောအခါ သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းသမီး လေးသောင်းနှင့်တကွ ဘဒ္ဒကစ္စာနာအမည်ရှိသော မင်းသမီးကို ယသောဓရာ ဗိမ္ဗာဒေဝီဟူသော အမည်ဖြင့် အဘိသိက်ခံ အဂ္ဂမဟေသီ မိဖုရားကြီးအရာ ထား၍ ဘုရားလောင်းနှင့် ထိမ်းမြား လက်ထပ်မင်္ဂလာ၊ ဘုရားလောင်းအား ထီးဖြူဆောင်း၍ မင်း၏အဘိသိက် သွန်းခြင်း မင်္ဂလာ၊ ပြာသာဒ်နန်းတက်မင်္ဂလာ၊ ဤမင်္ဂလာသုံးပါးကို ဘိုးတော် အဥ္စနမင်းကြီး ထားသော သက္ကရာဇ် ၈၄-ခုနှစ်တွင် သုဒ္ဓေါဒနမင်းကြီး အမှူးရှိသော ဆွေတော်မျိုးတော် အပေါင်း စည်းဝေး၍ မင်္ဂလာပြုကြကုန်၏။

ဘုရားလောင်းသည် အတိုင်းမသိ ကြီးမြတ်သော သိကြားမင်းကြီး၏ စည်းစိမ်ချမ်းသာနှင့် တူသော စည်းစိမ်ချမ်းသာကို ဥတုအလျှည့်အားဖြင့် ပြာသာဒ်သုံးဆောင်ဝယ် ယောက်ျားကင်းလျက် စည်၊ စောင်း၊ ငြင်း၊ ပတ်သာ၊ ခရာ၊ အငြိမ့် အစရှိသော အတီး၊ အက၊ ခယမ်းစေပါးခြင်းတို့၌ မိန်းမအခြံအရံဖြင့် သာလျှင် ပျော်စံတော်မူ၍ တစ်ဆယ့်သုံးနှစ်တိုင်တိုင် ရှိလေ၏။

## သာကီဝင်ဆွေတော်စဉ်

သာကီဝင်မင်းမျိုးဖြစ်သော ဆွေတော်မျိုးတော် အဆက်ကား သက္ကတိုင်း ကပိလဝတ်ပြည်ကို အစိုးရသော ဥက္ကာမုခမင်းမှ စ၍ ဇေယျသေနမင်း တိုင်အောင် ရှစ်သောင်း နှစ်ထောင် တစ်ကျိပ်သော မင်းတို့သည် အစဉ်သဖြင့် ဆင်းသက်၍ မင်းပြုကြကုန်၏။

ထိုမင်းတို့တွင် အဆုံးစွန်ဖြစ်သော ကပိလဝတ်ပြည်ကို အစိုးရသော ဇေယျသေနမင်း၌ သားတော် သီဟဟနု၊ သမီးတော် ယသောဓရာဟု နှစ်ယောက်ရှိသည်။

ဒေဝဒဟပြည်ကို အစိုးရသော ဒေဝဒဟမင်း၌ သားတော် အဥ္စန၊ သမီးတော် ကဥ္စနာဟု နှစ်ယောက်ရှိသည်။

ထိုမင်းနှစ်ယောက်တို့တွင် ဇေယျသေနမင်း၏ သားတော် သီဟဟနုနှင့် ဒေဝဒဟမင်း၏ သမီးတော် ကဥ္စနာနှင့် စုံဖက်ရာတွင် ဖွားမြင်သည်ကား သုဒ္ဓေါဒန၊ ဓေါတောဒန၊ သုက္ကောဒန၊ သက္ကောဒန၊ အမိတောဒန၊ အမိတာပါလိတာဟု သား ငါးယောက်၊ သမီး နှစ်ယောက်၊ ပေါင်း ခုနစ်ယောက် ဖွားမြင်သည်။

ဒေဝဒဟမင်း၏ သားတော် အမည် နှစ်မည်ရသော မဟာသုပ္ပဗုဒ္ဓ၊ အဥ္စနနှင့် ဇေယျသေနမင်း၏ သမီးတော် ယသောဓရာနှင့် စုံဖက်ရာတွင် ဖွားမြင်

သည်ကား– သီရိမဟာ မာယာ၊ ပဇာပတိ ဂေါတမီ၊ သုပ္ပဗုဒ္ဓ၊ ဒဏ္ဍပါဏိဟု သမီးနှစ်ယောက်၊ သားနှစ်ယောက်၊ ပေါင်း လေးယောက် ဖွားမြင်သည်။

သုဒ္ဓေါဒနနှင့် သီရိမဟာမာယာ၊ ပဇာပတိဂေါတမီ နှစ်ယောက်နှင့် စုံဖက်ရာတွင် ဖွားမြင်သည်ကား အစ်မတော်တွင် ဘုရားလောင်းကို ဖွားမြင်သည်။ ညီမတော်တွင် ဇနပဒကလျာဏီနှင့် နန္ဒမင်းသားကို ဖွားမြင်သည်။

အမိတာနှင့် သုပ္ပဗုဒ္ဓ စုံဖက်ရာတွင် ဘဒ္ဒကစ္စာနာနှင့် ဒေဝဒတ်ကို ဖွားမြင်သည်။

ဘုရားလောင်းနှင့် ဘဒ္ဒကစ္စာနာ စုံဖက်ရာတွင် သားတော် ရာဟုလာကို ဖွားမြင်သည်။

## နိမိတ်လေးပါးမြင်၍ရဟန်းပြုရန်အကြံတော်ဖြစ်ခြင်း

ဘုရားလောင်းသည် ယသော်ဓရာ အမှူးရှိသော လေးသောင်းကုန်သော သာကီဝင်မင်းသမီးတို့နှင့် လူမင်း၏ စည်းစိမ်ချမ်းသာကို ဥတုအလှည့်အားဖြင့် ရွှေနန်းပြာသာဒ်သုံးဆောင်တို့၌ ခံစား စံစားတော်မူ၍ တစ်ဆယ့်နှစ်နှစ်ရောက်လတ်သောအခါ မဟာသက္ကရာဇ် ၉၆–ခုနှစ်၊ အသက်တော် ၂၈–နှစ်အရွယ်တွင် ဥယျာဉ်သို့ ထွက်တော်မူလိုသောစိတ် တော်ရှိ၍ ရတနာခုနစ်ပါးဖြင့်ပြီးသော ရထား၌ လေးစီးကုန်သော သိန္ဓောမြင်းတို့ကို က,စေ၍ ဥယျာဉ်တော်သို့ ထွက်တော်မူလေ၏။

တုသိတာနတ်တို့သည် ဘုရားလောင်းအား သတိသံဝေဂ ရစေခြင်းငှာ ဆံဖြူ၊ သွားကျိုး၊ နံရိုးပြိုင်းပြိုင်း၊ ခါးကိုင်း၊ ကျောကုန်း၊ ကိုယ်လုံးတွန့်သော အရေ၊ မူးဝေယိမ်းယိုင်၊ တောင်ဝှေးကိုင်လျက်၊ မမှန်တစ်ချက်၊ မှန်တစ်ချက်နှင့် အလွန်ပင်ပန်းစွာ သွားလာသော သူအိုအသွင်ကို ဖန်ဆင်း၍ ပြ၏။

ထိုသူအိုကိုမြင်လျှင် အဘယ်သူနည်းဟု ရထားမှူးအား မေး၏။ ရထားမှူးသည် ဇာတိမကင်း၍ ဇရာသဘော ရောက်သောမဗ္ဗတာ ဤအရာကို သူငါ မလွတ် မချွတ်တွေ့လတ္တံ့သော သူအိုဖြစ်ကြောင်းကို လျှောက်၏။

ထိုစကားကို ကြားရလျှင် ဇာတိတည်းဟူသော တရားသည် စက်ဆုပ်ဖွယ်ရှိစွတကား။ ဇာတိကို အကြောင်းပြု၍ အိုရခြင်း ဇရာတရားမှ မလွတ်နိုင်တကားဟု ဇာတိ၌ ကြောက်ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍ ဥယျာဉ်သို့ မဝင်ဘဲ မြင်ရာအရပ်က ပြန်လည်ခဲ့၍ စံနန်းတော်သို့ ဝင်တော်မူလေ၏။

ရာတမ်းမှ ပွင့်လတ္တံ့သော ဘုရားလောင်းဖြစ်၍ နောက် လေ လမြောက် ထွက်တော်မူသောအခါ တုသိတာနတ်တို့သည် (ဝါ) သုဒ္ဓါဝါသ ဗြဟ္မာကြီး တို့သည် ဘုရားလောင်းအား သတိသံဝေဂရစေခြင်းငှာ သည် စွာသော ဆင် ရဲခြင်းဖြင့် ပြင်းစွာနှိပ်စက်အပ်သည်ဖြစ်၍ ကျင်ကြီးကျင်ငယ်လူးလျက် ဒုက္ခဝေဒနာကို ခံစားရသော သူနာအသွင်ကို ပြ၏။

ထိုသူနာကို ဘုရားလောင်း မြင်ရလျှင် ရထားမှူး အား အဘယ်သူနည်း ဟု မေးတော်မူသောအခါ ရထားမှူးသည် ဇာတိရှိက ဇရာရ၍ ဗျာဓိဒုက္ခကို ခံစား ရသော သူနာဖြစ်ကြောင်းကို လျှောက်၏။

ထိုစကားကို ကြားရလျှင် ဤသူနာကဲ့သို့ ယနေ့နက်ဖြန် ဧကန်မလွဲ အမြဲနာရလတ္တံ့။ ဇာတိမကင်းက ထိုနာခြင်းတည်ဟူသော ဗျာဓိတရားကို မလွန်နိုင်ချေတကားဟု သံဝေဂတရားနှင့် ထိတ်လန့်သော နှလုံး ထား ရှိသည်ဖြစ်၍ ဥယျာဉ်သို့ မဝင်ဘဲ မြင်ရာအရပ်က ပြန်လည်ခဲ့၍ စံနန်းတော်သို့ ဝင်တော်မူလေ၏။

ရာတမ်းမှာ ပွင့်လတ္တံ့သော ဘုရားလောင်း ဖြစ်၍ နောက် လေ လမြောက် ထွက်တော်မူသောအခါ ယခင် နတ်တို့ပင် ဘုရားလောင်းအား သတိသံဝေဂ ရစေခြင်းငှာ ပုပ္ပုရွရွ အချိန်ကျလျှင် သေရမည်ထုံကို ပုန်း၍ မလွတ်နိုင်သော သူသေ အသွင်ကို ဖန်ဆင်း၍ ပြသောအခါ ရှေးနည်း မေး၍ ရှေးနည်း လျှောက်လျှင် ဤသူသေကဲ့သို့ ယနေ့နက်ဖြန် ဧကန်မလွဲ အမြဲသေရလတ္တံ့ဟု သံဝေဂတရားနှင့် ထိတ်လန့်သော နှလုံး ထား ရှိသည်ဖြစ်၍ ဥယျာဉ်သို့ မဝင်ဘဲ မြင်ရာအရပ်က ပြန်လည်ခဲ့၍ စံနန်းတော်သို့ ဝင်တော်မူလေ၏။

ရာတမ်းမှာ ပွင့်လတ္တံ့သော အသက်တိုသော ဘုရားလောင်း ဖြစ်၍ နောက် လေးလမြောက် ထွက်တော်မူသောအခါ ယခင် နတ်တို့ပင် ဘုရားလောင်းအား သတိသံဝေဂ ရစေခြင်းငှာ ဦး ခေါင်း ရိတ်လျက် ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်သော ရဟန်းအသွင်ကို ပြသောအခါ ရှေးနည်း မြင်၍ ရှေးနည်း မေးလေ၏။

ရထားမှူးသည် ရဟန်းကိုလည်း မမြင်စဖူး၊ ရဟန်း၏ ဂုဏ်ကျေးဇူးကိုလည်း မကြားစဖူး မသိဘဲလျက် နတ်တို့၏ အာနုဘော်ကြောင့် ဤသို့လျှောက်၏။

"အရှင်သား၊ ဤသူသည်ကား ရဟန်း အမည်ရှိ၏၊ တရားကိုကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပြုခြင်း၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်း၊ သတ္တဝါတို့အား သနားခြင်း စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရဟန်း" ဟု လျှောက်သောအခါ ဤကဲ့သို့ ငါသည် ရဟန်းစင်စစ် ပြုတော့အံ့ဟု ရဟန်း အဖြစ်၌ နှစ်သက်

သောစိတ်၊ ညွတ်သောစိတ် ရှိတော်မူ၍ ရဟန်းပြုမည်အကြံဖြင့် ဥယျာဉ်တော်သို့ ဝင်တော်မူပြီ သော် မင်္ဂလာရှိသော ရေကန်၌ ရေချိုးပြီးလျှင် မင်္ဂလာရှိသော ကျောက်ဖျာထက်ဝယ် စံပယ်တော်မူပြီးမှ တန်ဆာဆင်လိုသော အကြံတော်ရှိ၏။

ထိုအကြံကို သိကြားမင်း သိ၍ ဝိသုကြုံနတ်သားအား စေခိုင်းရာ ၎င်းနတ်သားလာ၍ ဘုရားလောင်းအား နတ်၏တန်ဆာတို့ကို ကောင်းစွာ ဆင်ယင်၍ ပေး၏။

## သားတော်ဖွားကြောင်းလျှောက်ထားကြခြင်း

ထိုအခါ မဟာသက္ကရာဇ် ၉၇–ခုနှစ်၊ အသက်တော် ၂၉–နှစ်၊ ဝါဆိုလဆန်း ၁၄–ရက်၊ တနင်္ဂနွေနေ့ ကျောက်ဖျာထက်၌ တန်ဆာဆင်၍ တင့်တယ်စွာ နေတော်မူစဉ် ယသောဓရာ မိဖုရားဝယ် သားတော် ဖွားမြင်ကြောင်းကို ဘုရားလောင်းကြားသိလေသော် ကျဉ်းကြပ်သော စိတ်တော်ရှိလှ၍ ငါ့အား မယားဟူသော အနှောင်အဖွဲ့မှ ယခု သား ထပ်မံ၍ နှောင်ဖွဲ့ပြန်ခြင်းသည် လ,ကို ရာဟုဖမ်းသကဲ့သို့ ဖြစ်ချေပြီဟု ညည်းညူတော်မူ၏။

ရာဟု ဇာတော၊ ဗန္ဓနံ ဇာတံ။

ရာဟု၊ လ,ကိုဖမ်းသော ရာဟု အသူရိန်နှင့်တူသော သားတော် ရာဟုလာသည်။ ဇာတော၊ ဖွားပြီ။ မေ၊ ငါ့အား။ ဗန္ဓနံ၊ အနှောင်အဖွဲ့သည်။ ဇာတံ၊ ဖြစ်ခဲ့ချေပြီ။

ယခု သားတော် ဖွားခြင်းသည် လ,ကို ရာဟုဖမ်းသကဲ့သို့ ငါ့အား အနှောင်အဖွဲ့ဖြစ်ခဲ့ပြီဟု ဆိုသည်ကို အကြောင်းပြု၍ သုဒ္ဓေါဒနမင်းကြီးသည် ယနေ့က စ၍ ငါ၏ မြေးတော်ကို "ရာဟုလာ" အမည်တွင်စေဟု မိန့်တော်မူ၏။

## ကိသာဂေါတမီ ဥဒါန်းကျူးခြင်း

ဘုရားလောင်းသည် ထိုသားတည်းဟူသော အနှောင်အဖွဲ့ကို ဖြတ်မှတော်မည်ဟု ကြံပြီးလျှင် ညချမ်းအခါ ဥယျာဉ်တော်မှ ထွက်၍ အတိုင်းမသိများမြတ်သော စစ်သည်ဗိုလ်ပါအပေါင်း အခြံအရံတို့နှင့် နှလုံးမွေ့လျော်ဖွယ်ရှိသော အသရေ၏ တင့်တယ်ခြင်းဖြင့် မြို့သို့ ဝင်တော်မူသောအခါ ဘထွေးတော် သုက္ကောဒန၏ သမီးဖြစ်သော ကိသာဂေါတမီသည် (တစ်နည်းကား) အရီးသမီးဖြစ်သော ကိသာဂေါတမီသည် မြို့ကို လက်ယာရစ်လည်သော ဘုရားလောင်း၏ တင့်တယ်ခြင်း အသရေကို မြင်၍ ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသဖြင့်–

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတာ နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ–

ဟူသော ဥဒါန်းစကားကို ကျူး၏။

ယဿာ၊ အကြင်အမိအား။ ဤဒိသော၊ ဤသိဒ္ဓတ်မင်းသားကဲ့သို့ သဘောရှိသော သားသည်။ အတ္ထိ၊ ရှိ၏။ သာမာတာ။ ထိုသာကောင်းအမိသည်။ နိဗ္ဗုတာနူန၊ စိတ်၏ငြိမ်းခြင်းရှိလေစွတကား။ ယဿ၊ အကြင်အဖအား ။ ဤဒိသော၊ ဤသိဒ္ဓတ်မင်းသားကဲ့သို့ သဘောရှိသော သာသည်။ အတ္ထိ၊ ရှိ၏။ သောပိတာ၊ ထိုသားကောင်း အဖသည်။ နိဗ္ဗုတာနူန၊ စိတ်၏ ငြိမ်ခြင်းရှိလေစွတကား။ ယဿာ၊ အကြင်မိန်းမအား။ ဤဒိသော၊ ဤသိဒ္ဓတ်မင် သာကဲ့သို့ သဘောရှိသော။ ပတိ၊ လင်သည်။ အတ္ထိ၊ ရှိ၏။ သာနာရီ၊ ထိုလင်ကောင်မယားသည်။ နိဗ္ဗုတာနူန၊ စိတ်၏ငြိမ်းခြင်း ရှိလေစွတကာ။ ဣတိ၊ ဤသို့။ ဥဒါနေသိ၊ ဝမ်းမြောက်သောအားဖြင့် ဥဒါန်စကားကို ဆို၏။

ထိုကိသာဂေါတမီ၏ ဥဒါန်းစကာကို ကြာ၍ ဤသို့ ကြံတော်မူ၏။ ငါကဲ့သို့သော ဤလူ၏ အတ္တဘောတည်းဟူသော ကိုယ်၏အဖြစ်ကို မြင်ရသော မိဘ, မယားတို့အား စိတ်နှလုံး၏ ငြိမ်းခြင်းမည်သည်ဖြစ်၏။ ထိုအငြိမ် သည် အငြိမ်းစင်စစ်မဟုတ်၊ ရာဂ, ဒေါသ, မောဟတည်းဟူသော မီးသုံပါးငြိမ် ခြင် သည် အငြိမ်းစင်စစ်မည်၏။ ထိုမီးသုံးပါးငြိမ်းမှသာလျှင် ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဝဋ်ဒုက္ခမှ ကင်းဝေးကြောင်း ဘေးအပေါင်းတို့၏ ငြိမ်းရာ နိဗ္ဗုတာဖြစ်နိုင်ရာသည်။ ဒိဋ္ဌိ, မာန စသော ကိလေသာတည်းဟူသော မီ အပေါင်းတို့၏ ပူပန်ခြင် ငြိမ် မှ သာလျှင် နိဗ္ဗုတာဖြစ်နိုင်ရာသည်ဟု ကြံတော်မူ၏။

ယနေ့ညပင် အိမ်ရာထောင်သော လူ၏ဘောင်မှ ရှောင်ခွာ၍ ရဟန် ပြုပြီ လျှင် ငြိမ်းချမ်းသော နိဗ္ဗုတာကို ရှာခြင်းငှာ သင့်တော်လှပြီဟု ကြံတော်မူ၍ မိမိလည်ဝယ်ဆွဲသော အဖိုးတစ်သိန်းထိုက်သော ပုလဲသွယ်ကို ကိသာဂေါတမီအာ ဆရာစားအဖို့ဖြစ်စေဟု ပေးခဲ့၍ များမြတ်သော အသရေ၏ တင့်တယ်ခြင် တို ဖြင့် တင့်တယ်လျက် ရွှေနန်းပြာသာဒ်ထက်သို့ တက်သွာ တော်မူပြီ လျှင် အသရေ ရှိသော အိပ်ရာထက်၌ လျောင်းစက် စံနေတော်မူသောအခါ နတ်သမီ တမျှ လှပတင့်တယ်သော အရွယ်အဆင်.၊ ကခြင်း၊ သီခြင် ၊ တီ မှုတ်ခြင် တို့၌ လိမ္မာကုန်သော လေးသောင်းမျှလောက်သော ကခြေသည်မိန် မတို့သည် အထူ ထူ သော တန်ဆာတို့ကို ဝတ်ဆင်လျက် အထူးထူ သော ကခြင် ၊ သီခြင် ၊

တီးမှုတ်ခြင်း စသော စည်၊ စောင်း၊ ငြင်း တူရိယာအမျိုးမျိုးတို့နှင့် အနည်းနည်း ဖျော်ဖြေကြကုန်သော်လည်း ကာမဂုဏ်တို့၌ တပ်နှစ်သက်ခြင်း ကင်းသောစိတ် ရှိတော်မူသောကြောင့် ထိုကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့၌ မပျော်မွေ့ မရွှင် မမွေ့မလျော် မကြည့်မရှု နားမထောင်ဘဲ တစ်ခဏမျှ အိပ်စက်တော်မူလေ၏။

## သံဝေဂရ၍တောထွက်ရန်သားတော်ကိုကြည့်ခြင်း

နိုးလေသော် အိပ်ပျော်ကြကုန်သော မိန်းမတို့ကို ကြည့်တော်မူလျှင် အချို့ကား ပြင်းစွာရှုလျက်၊ အချို့ကား ဟောက်လျက်၊ အချို့ကား ခံတွင်းမှ ယိုထွက်သော အရည်ဖြင့် လိမ်းကျံလျက်၊ အချို့ကား သွားကြိတ်လျက်၊ အချို့ကား ယောင်ယမ်းလျက်၊ အချို့ကား ခံတွင်းဟင်းလင်းဖွင့်လျက်၊ အချို့ကား ခံတွင်းမှ မကောင်းသောအနံ့ လှိုင်လျက်၊ အချို့ကား ခွေလျက်၊ အချို့ကား အဝတ်ကျွတ်လျက်၊ ဤကဲ့သို့ ဖောက်ပြန်သော အိပ်စက်ခြင်းတို့ကို မြင်ရလေသော် အတိုင်းထက်အလွန် စက်ဆုပ်ရွံရှာ ငါးဖြာသောအာရုံ ကာမဂုဏ်တို့၌ တပ်နှစ်သက်ခြင်း ကင်းသော စိတ်ရှိ၍ သိကြားမင်း၏ ဘုံဗိမာန်နှင့် တူသော မြတ်သော ဤပြာသာဒ်၏ အပြင်ကို မစင်ဘင်ပုပ် သူကောင်ပုပ်တို့ဖြင့် ပြည့်သော သုသာန်သင်္ချိုင်းကဲ့သို့ ထင်မှတ်တော်မူ၍ ဤကာမဘဝ၊ ရူပဘဝ အရူပဘဝ တည်းဟူသော ဘုံသုံးပါးကို ထိန်ထိန်ပြောင်ပြောင် မီးလောင်၍ နေသော အိမ်နှင့်အလား အတူတူပင် ထင်မှတ်တော်မူ၍—

"အချင်းတို့—လောကသည် ငါ့အား နှိပ်စက်လေစွတကား၊ အချင်းတို့—လောကသည် စက်ဆုပ်ဖွယ်ရှိလေစွတကား၊ ဤအယုတ်တရား၌ ကာလရှည်လျား စွာ ပျော်ပါး၍နေခြင်သည် ငါ့အား မှားလေစွတကား" ဟု ဥဒါန်းကျူး၍ ယခု ညပင် အလျင်တဆော တောထွက်မှ သင့်တော့မည်ဟု ဆန္ဒအမတ်ကို နှိုး၍ မြင်းတော်ကဏ္ဍကကို ချေဟု စေပြီးလျှင် သားတော် ရာဟုလာကို ရှုလိုသောအကြံဖြင့် ယသော်ဓရာ စံမြန်းသော ရွှေနန်းတိုက်ခန်းသို့ သွား၍ ကြည့်တော်မူလေ၏။

စိတ်အာဖြင့် တစ်ဆယ့်တစ်စိတ်၊ တင်းအာဖြင့် နှစ်တင်းသုံးစိတ် ပမာဏ တစ်အမ္မဏမျှရှိသော မြတ်လေး၊ ကြက်ရုံးပန်းတို့ဖြင့် ပြွမ်းသော ရတနာ သလွန်ပေါ်ဝယ် သားတော် ရာဟုလာ၏ ဦးခေါင်းထက်၌ လက်ယာလက်တင်၍ စက်ပျော်သော ယသော်ဓရာ မိဖုရားကို မြင်လျှင် ငါသည် လက်ကို ဖယ်၍ သားတော်ကို ကြည့်ရှုသော် ယသော်ဓရာမိဖုရား နိုး၍ အားကြီးရည်ဆောင်

ဤလူ့ဘောင်မှ ရှောင်ခွာမည့်အကြံ ကောန်ပျက်လတ္တံ့။ မကြည့်ရှုဘဲ ရှောင်လွှဲ၍ နောင်ခါစင်စစ် ဘုရားဖြစ်မှ သားတော်လှကို ကြည့်တော့မည့်အကြံဖြင့် ယသော်ဓရာ စံမြန်းသော တိုက်ခန်း၀ တံခါးခုံမှ ခြေတော်ကိုရုပ် ဆုတ်တော်မူခဲ့၏။

## တောထွက်၍အနောမာမြစ်ကမ်း၌ရဟန်းပြုတော်မူခြင်း

ယင်းသို့ ယသော်ဓရာ စံမြန်းသော တိုက်ခန်း၀မှ လျင်မြန်စွာ ပြန်ခဲ့၍ ကဏ္ဍက မြင်းတော်အနီးသို့ သွားပြီးလျှင် "ဖွားဖက်တော် ကဏ္ဍက၊ ယနေ့ တစ်ညဉ့်မျှ ငါ့ကို ဆောင်ကြဉ်းပါ၊ သင့်ကိုမှီ၍ သုံးလီသော နောင်အိမ်မှ ထွက်မြောက်ချိန်ရောက်၍ ငါဘုရားဖြစ်လျှင် သုံးခွင်သော လောက၌ နတ်နှင့် တကွသော လူကို ခေမာဘူမိရပ်ခွင်သို့ ကယ်တင်ပေအံ့"ဟု ဆို၍ မြင်းတော်ကို လက်ဖြင့် သုံးကြိမ်သပ်ပြီးမှ အလျား တစ်ဆယ့်ရှစ်တောင် ထိုအလျားနှင့် လျော်စွာ အရပ်ရှိသော လျင်မြန်သော အားအစွမ်းနှင့် ပြည့်စုံသော ကိုယ်လုံး ဖွေးဖွေးဖြူသော မြင်းတော်ကို တက်စီး၍ ဆန္နအမတ်ကို အမြီးက ဆွဲစေလျက် အသက်တော် ၂၉–နှစ်၊ မဟာသက္ကရာဇ် ၉၇–ခုနှစ်၊ ၀ါဆိုလပြည့်၊ တနင်္လာနေ့ လူခြေတိတ် ညဉ့်သန်းခေါင်ယံအချိန်တွင် ဥတ္တရာသဠ် နက္ခတ်နှင့် ယှဉ်ခိုက် နန်းတော်မှ ထွက်တော်မူ၏။

တံခါးစောင့်နတ်တို့ ဖွင့်သော တံခါးဖြင့် ကပိလ၀တ်ပြည်မှ အရှေ့အရပ်သို့ သွားတော်မူလျှင် မာရ်နတ် လာ၍ ဤသို့ဆို၏။ "သိဒ္ဓတ်မင်းသား၊ ယနေ့မှ ခုနစ်ရက်မြောက်လျှင် စကြာရတနာရောက်လတ္တံ့၊ ကျွန်းငယ်နှစ်ထောင်နှင့်တကွ ကျွန်းကြီးလေးကျွန်းကို အစိုးရသော စကြ၀တေးမင်းဖြစ်လတ္တံ့၊ သင် တော မထွက်လင့်၊ ပြန်ဦးလော့" ဟု ဆို၍ တား၏။

"ဟယ်– မာရ်နတ်၊ လောကီစည်းစိမ်ချမ်းသာဟု ဆိုအပ်သော စကြ၀တေးမင်း၏ အဖြစ်ကို ငါ အလိုမရှိ" ဟု ပယ်တော်မူ၏။ မတန့်မရပ် အစဉ်အတိုင် ထွက်တော်မူခဲ့သော် နတ်အပေါင်းတို့သည် ရှေ့နောက်ဝဲယာ များစွာသော မီးရှူးပေါင်းဖြင့် ခြောက်သောင်းအညီ ကိုယ်စီကိုယ်စီ ပူဇော်ကာ လိုက်ကြကုန်၏။

သည်မှ တစ်ပါးသော နတ်၊ နဂါး၊ ဂဠုန် စသည်တို့သည် နတ်၌ ဖြစ်သော ပန်းနံ့သာဖြင့် အထုံ၊ အမှုန့်၊ အခိုး၊ ထီး၊ တံခွန် စသည်တို့ဖြင့် တဖြိုဖြို ရွာစေလျက် အခြားမလပ် တစ်စပ်တည်း ပူဇော်လိုက်ကြကုန်၏။

ထက်ဝန်းကျင်မှ ခြောက်သန်းရှစ်သိန်းကုန်သော စောင်း၊ ငြင်းတို့ကို သာယာစွာ တီးမှုတ်လျက် နတ်၌ဖြစ်သော ကခြင်း၊ သီခြင်းတို့ဖြင့် ပူဇော်၍ လိုက်ကြကုန်၏။

ဤသို့ အတိုင်းမသိ ဆုံးမရှိသော အသရေ၏ တင့်တယ်ခြင်းတို့ဖြင့် ခြံရံလျက် ထွက်သွားတော်မူသော ဘုရားလောင်းသည် တစ်ညဥ့်တွင်းပင် ကပိလ၊ ဒေဝဒဟ၊ ကောလိယပြည် သုံးပြည်ကို လွန်၍ ယူဇနာ သုံးဆယ်ကွာသော အရပ်သို့ ရောက်သောအခါ ရှစ်ဥသဘ ကျယ်သော အနောမာမြစ်ကို တွေ့လျှင် မြင်းကို ရပ်တော်မူ၍–

"မောင်ဆန်၊ ဤမြစ်သည်ကား အဘယ်အမည်ရှိသနည်း" ဟု မေး၏။

"အရှင့်သား၊ ဤမြစ်သည်ကား အနောမာမြစ်" ဟု လျှောက်လျှင်–

"မောင်ဆန်၊ ဤအလိုကား ငါ့အား ရဟန်းပြုခြင်းသည် မယုတ်မာ၊ မြင့်မြတ်သည်သာ ဖြစ်လတ္တံ့" ဟု နိမိတ်ဖတ်တော်မူ၍ ဖနောင့်ဖြင့် ခတ်ပြီး အမှတ်ပေးလျှင် ကျွန်အရှင်နှစ်ယောက်တို့ကို ယူဆောင်၍ လေ၏လျင်ခြင်းကဲ့သို့ လျင်မြန်ခြင်းနှင့် ပြည့်စုံသော ကဏ္ဍကမြင်းတော်သည် အနောမာမြစ်ကို ခုန်လျှင် ထိုမှာ တစ်ဖက်ကမ်းသို့ ရောက်လေ၏။

ဘုရားလောင်းသည် မြင်းမှ သက်ဆင်းပြီးသော် ဆင်ဝတ်သော တန်ဆာနှင့် မြင်းတော်ကို အပ်၍– "မောင်ဆန်၊ နေပြည်တော်သို့ သင်တို့နှစ်ယောက် ပြန်ကြပါတော့၊ ငါလည်း ရဟန်းပြု၍ နေရစ်တော့အံ့" ဟု မိန့်တော်မူသောအခါ မောင်ဆန်သည် မပြန်ပါရမည်အကြောင်းနှင့် ခွင်တောင်းပန်၍ နေလေ၏။

ထိုနောင်မှ ဘုရားလောင်းသည် မကိုဋ်ဦးသျှောင်နှင့်တကွသော ဆံကျစ်တော်ကို လက်ဝဲလက်ဖြင့် ကိုင်လျက် လက်ယာလက်ဖြင့် လက်စွဲတော် သံလျက်ကို ကိုင်၍ ဖြတ်တော်မူလေသော် ဆံတော်တို့သည် မတိုမရှည် လက်နှစ်သစ်ခန့်မျှ ကျန်ကာ လက်ယာရစ်လည်၍ အသက်ထက်ဆုံး တည်တော်မူလေ၏။ မုတ်ဆိတ်တော်လည်း ဆံတော်နှင့် လျောက်ပတ်စွာ ဖြစ်၍ တည်လေ၏။ နှုတ်ခမ်းမွေးတော်ကို ကျမ်းဂန်တို့၌ ဖြတ်သည် ပယ်သည်၊ ရှိသည် မရှိသည်ဟု အထူးမတွေ့။

ဘုရားလောင်းသည် မကိုဋ်ဦးသျှောင်နှင့်တကွ ဆံကျစ်တော်ကို ကိုင်၍– "ငါသည် အကယ်၍ ဘုရားစင်စစ် ဖြစ်မည်မှန်လျှင် ဤဆံတော်တို့သည် ကောင်းကင်၌ တည်စေသတည်း" ဟု ဓိဋ္ဌာန်တော်မူ၍ ကောင်းကင်သို့ ပစ်မြှောက်လေသော် ပတ္တမြားဦးသျှောင်နှင့် ဆံတော်သည် တစ်ယူဇနာအရပ်၌ ပန်းဆိုင်

ဆွဲသကဲ့သို့ တည်၏။ သိကြား မင်းသည် တစ်ယူဇနာရှိသော ရတနာပန် တောင်း ဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ ခုနစ်ယူဇနာအစောက်ရှိသော စူဠာမဏိ စေတီတော်၌ ဌာပနာ၍ ကိုးကွယ်လေ၏။

ဘုရားလောင်းသည်လည်း ဤပုဆိုးသည် ရဟန်း တို့နှင့် မလျောက်ပတ်၊ မတန်ဟု ကြံတော်မူသောအခါ ဃဋိကာရဗြဟ္မာကြီးသည် ဿဒ္ဓါကြည်ဖြူ ကပ်လှူအပ်သော ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ ပဲခွပ်၊ သပိတ်၊ ရေစစ်၊ သင်တုန်းဟု ဆိုအပ်သော ပရိက္ခရာရှစ်ပါးတို့တွင် ကမ္ဗာတန်ဆာ ကြာသင်္ကန်း ကို ဝတ်၍ ရဟန်းပြုပြီးလျှင် ပုဆိုးကို ကိုင်၍ ဤသို့ဆို၏။ ငါသည် အကယ်၍ ဘုရား စင်စစ် ဖြစ်မည်မှန်လျှင် ဤပုဆိုးသည် ကောင်းကင်၌ တည်စေသတည် ဟု မိန့်ဆို၍ ကောင်းကင်သို့ ပစ်မြှောက်လိုက်သောအခါ ဃဋိကာရဗြဟ္မာကြီး ယူ၍ အကနိဋ္ဌဘုံ၌ ရတနာအတိပြီးသော တစ်ဆယ့်နှစ်ယူဇနာ ရှိသော ဒုဿ စေတီတည်၍ ကိုးကွယ်လေ၏။

ဘုရားလောင်းသည် ရဟန်းပြုပြီးလျှင် မောင်ဆန်နှင့် မြင်းတော်သည် မပြန်ပါရမည်အကြောင်းနှင့် တောင်းပန်၍ နေသည်ကို ဖျောင်း ဖျဆို မတော်မူ၍–

"မောင်ဆန်၊ ငါ ဆင်ဝတ်သော တန်ဆာနှင့် မြင်းတော်ကို ယူဆောင်၍ နေပြည်တော်သို့ပြန်ကြလေတော့၊ မယ်တော်၊ ခမည်းတော်တို့အား လည်း အနာ မရှိ ကျန်းမာကြောင်း၊ ငါ၏စကားဖြင့် မှာလိုက်ကြောင်း ကိုလည်း ပြောပါလေ" ဟု ကြားမှာပြီး၍ သွားကြစေတော့ဟု လွှတ်လိုက်၏။

ဆံဖြတ်သောအခါ ဃဋိကာရဗြဟ္မာ ကပ်လှူအပ်သော ပဲကွပ်မဟုတ်၊ လက်စွဲတော် သံလျက်ဖြင့် ဖြတ်တော်မူသည်။ ၎င်းသံလျက်တော်ကို မောင်ဆန် ယူသွားဟန် ရှိသည်။

မောင်ဆန်နှင့် ကဏ္ဍကမြင်းတော် ပြန်ကြလေသော် အနော်ရထာမြစ် တစ်ဘက်သို့ ရောက်လျှင် ကဏ္ဍကမြင်း သေ၍ တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်လေ၏။ မောင်ဆန်လည်း မြင်းတော်ကို သဂြိုဟ်ပြီး မှ ကုန်း ကို ထမ်း၍ လမ်းတစ်လျှောက်လုံး ယူကျုံးမရ တ,သငိုယိုကာ ပြန်လာသဖြင့် နန်းတော်သို့ ရောက်လေသော် ခမည်းတော်၊ မယ်တော်၊ ယသော်ဓရာ စသော မောင်းမမိဿံအပေါင်းတို့အား အကြောင်းစကာ ကို ပြန်ကြား လေလျှင် သိဒ္ဓတ် သခင်အရှင်သာကို အကြောင်းပြု၍ နန်းသူနန်းသား အပေါင်း တို့သည် သောင်းသောင်း ဆူမျှ ငိုကြွေးကြကုန်၏။

# အလောင်းတော် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်၍ ဗိမ္ဗိသာရမင်းကြီးနှင့် တွေ့ခြင်း

ဘုရားလောင်းသည် ရဟန်းပြုရာ အရပ်၏ အနီး၌ မလ္လာမင်းတို့၏ နေရာ အနုပိယမည်သော နိဂုံးသည် ရှိ၏။ ထိုနိဂုံးအနီး၌ အနုပိယမည်သော သရက်ဥယျာဉ်တော၌ ဆွမ်းမစားဘဲ ရဟန်း၏ချမ်းသာကို ခံစား၍ ခုနစ်ရက်နေပြီးလျှင် ဝါဆိုလပြည့်ကျော် ရှစ်ရက်၊ အင်္ဂါနေ့ နံနက်၊ ထိုတောမှ ယူဇနာ သုံးဆယ်ကွာဝေးသော ခရီးကို တစ်နံနက်ချင်းဖြင့် ဂင်္ဂါနစ်တန်ကို ကူးသွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လျှင် ၄င်းအရှေ့တံခါးဖြင့် ဝင်တော်မူ၍ မြေသပိတ်ဖြင့် မျှတလောက်သော ဆွမ်းကို အိမ်စဉ်အတိုင်း ခံတော်မူပြီးလျှင် ၄င်းတံခါးဖြင့် ထွက်ခဲ့၍ မြို့အရှေ့ ပဏ္ဍဝတောင်ရိပ်၌ အရှေ့သို့မျက်နှာပြု၍ ဆွမ်းဘုဉ်းပေးအံ့သောငှာ ထိုင်လေ၏။

သပိတ်ကိုဖွင့်၍ ကြည့်တော်မူလျှင် မမြင်စဖူး မကြားစဖူးသော ပြောင်း၊ လူး၊ ဆပ်၊ ကောက်၊ ပဲ စသော အနီ၊ အဖြူ၊ အကြောင်အကျား အရောရောသော ဆွမ်းအာဟာရကို မြင်ရလျှင် စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သောအမှတ်ဖြင့် အူအသည်းပြောင်းပြန်လန်ဘနန်းမျှ ပျို့အန်မည်ရှိခဲ့သော် ကိုယ်တော်ကို ဤသို့ ဆုံးမတော်မူ၏။

သိဒ္ဓတ်မင်းသား၊ သင်သည် ရလွယ်သော သန့်စင်ပျံ့မွှေးသော သလေးထမင်း၊ ကောင်းသော ဟင်းနှင့် ကောင်းသော အရသာများကို ရှောင်ခွာခဲ့၍ ပံ့သကူဆောင်သော ရဟန်းကဲ့သို့ ရတတ်သမျှသော အစာအာဟာရဖြင့် မျှတသုံးစွဲ၍ တရားကို ကျင့်ရန် သေမင်း၏ မတွေ့ရာ နိဗ္ဗာန်ကို ရည်မှတ်၍ ကြီးမြတ်သော မင်း၏ စည်းစိမ်ချမ်းသာကို တံတွေးပေါက်ကဲ့သို့ ထင်မှတ်၍ စွန့်ခွာခဲ့သည်မဟုတ်လော။ ဤအကောင်ပုပ်ကို တန်ဆာဆင်ခြင်း၌ ဘယ်ကြောင့် ရောင့်ရဲခြင်း မရှိနိုင်အံ့နည်းဟု ဆုံးမ၍ ဘုဉ်းပေးတော်မူ၏။

ယင်းသို့ ဆွမ်းဘုဉ်းပေးသောအခါ ဗိမ္ဗိသာရမင်းကြီးလည်း လျှင်စွာလာ၍ ဘုရားလောင်းနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြသဖြင့် အမျိုးအမည်ကို မေး၍ သုဒ္ဓေါဒနမင်းကြီး သား ဘုရားလောင်းမှန်း သိလေသော် အလုံးစုံသော စည်းစိမ်ချမ်းသာကို အပ်နှင်းတော်မူ၏။

အဆွေတော်မင်းမြတ်၊ သင် အပ်နှင်းသော်လည်း ငါ အလိုမရှိ၊ ငါ အလိုရှိအပ်သည်ကား သစ္စာလေးပါးကိုသာ အလိုရှိသည်ဟု ပယ်တော်မူလေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ထိုစကားကို ကြားသောအခါ ဝမ်းမြောက်ဝမ်းသာ သာဓု

ခေါ်ပြီးလျှင် "သင် ဘုရားဖြစ်သောအခါ အကျွန်ုပ်ပြည်သို့ ရှေးဦးစွာ ကြွတော်မူပါ" ဟု လျှောက်၏။ ဘုရားလောင်းလည်း ကောင်းပြီဟု ဝန်ခံတော်မူ၏။

## အာဠာရ-ဥဒက ရသေ့တို့နှင့်တွေ့၍လောကီသမာပတ်ကိုကျင့်ခြင်း

ဆွမ်းဘုဉ်းပေးပြီး၍ ထိုအရပ်မှ အစဉ်အတိုင်း ကြွလေသော် တစ်ခုသော တောအုပ်၌ လောကီဈာန်ကို စီးဖြန်းလေ့လာ၍နေသော ကာလာမအမျိုးဖြစ်သော အာဠာရ ရသေ့ထံသို့ကပ်၍ နည်းခံလျှင် နေဝသညာ နာသညာယတနသမာပတ်၏ ပရိကံကို အာဠာရ ရသေ့ မသိ၍ အောက်ဖြစ်သော ခုနစ်တန်သော လောကီဈာန် သမာပတ်ကိုသာ ရ၍လာခဲ့သော် ရာမ၏သားဖြစ်သော ဥဒကရသေ့ထံသို့ ကပ်၍ နည်းခံလျှင် အထက်ဖြစ်သော နေဝသညာ နာသညာယတနဈာန် သမာပတ်ကို ရပြန်၍ ၎င်းရသေ့နှစ်ဦးထံမှ ရှစ်တန်သော လောကီဈာန် သမာပတ်ကို ရတော်မူ၏။ ဤရှစ်တန်သော လောကီဈာန် သမာပတ်တို့သည် မြတ်သော သဗ္ဗညုတဉာဏ်တော်၏လည်းကောင်း၊ သစ္စာလေးပါးတရားကို သိခြင်း၏လည်း ကောင်း အကြောင်းမဟုတ်ချေ။ အကြောင်းကို ရှာဖွေဦးမှ ဖြစ်ချိမ့်မည်ဟု အကြံတော်ရှိ၍ ထိုသူတို့ထံမှ ခွာခဲ့ပြန်၏။

ဖွားဖက်တော်ဖြစ်သော ဗောဓိပင်ပေါက်ရောက်ရာဌာန မဂဓရာဇ်တိုင်း ဥရုဝေလတောအုပ်သို့ ရောက်တော်မူသောအခါ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်၍ မြတ်သောအကျင့်ကို ကျင့်၍နေတော်မူစဉ် ကောဏ္ဍညအမှူး ရှိသော ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဤငါးဦးသော ပဉ္စဝဂ္ဂီရဟန်းတို့သည် ဘုရာလောင်း နောက်မှ ရောက်လာ၍ ဘုရားလောင်းအား ဝတ်ကြီးဝတ်ငယ်ကိုပြုလျက် လုပ်ကျွေး ကြ၍ အနီး၌ နေကြကုန်၏။

## ဒုက္ကရစရိယကျင့်ခြင်း

ဘုရားလောင်းသည် ထိုပဉ္စဝဂ္ဂီရဟန်းလျှင် အလုပ်အကျွေးရှိလျက် ရှေးဦးစွာ သေနာနိဂုံး၌ ဆွမ်းအာဟာရကို မှီဝဲသုံးဆောင်၍ မေတ္တာဘာဝနာ အကျင့်ဖြင့် ကျင့်တော်မူပြီးသည်နောက် ဆွမ်းအာဟာရကို ဝဝစား၍ မေတ္တာတရားပွား ရုံဖြင့် ငါရည်သန်သော သဗ္ဗညုတဉာဏ်ကို ရနိုင်မည်မဟုတ်ဟူ၍ ဆင်ခြင်စဉ်းစားမိကာ ဆွမ်းခံစားခြင်းအမှုကို ပယ်စွန့်၍ ပြုနိုင်ခဲသောအကျင့်ကို ကျင့်အံ့ဟု အလိုလိုကြွေကျ သော သစ်သီးအာဟာရကို မှီဝဲသုံးဆောင်၍ ကျင့်တော်မူ၏။

## ပဉ္စဝဂ္ဂီငါးဦးတို့ ခွဲခွာသွားကြခြင်း

မာရ်နတ် တားပြီးသည်နောက် ဘုရားလောင်းသည် ဤသို့ ကြံတော်မူ၏။ ဤလောက၌ ငါ့ထက်လွန်၍ ပြုနိုင်ခဲသော အမှုကို ပြုခြင်းငှာ စွမ်းနိုင်သောသူ မည်သည်မရှိ။ ထိုသို့ပြုပါလျက်လည်း ဘုရားအဖြစ်သို့ မရောက်နိုင်။ ဤ ဒုက္ကရစရိယ အကျင့်သည် သစ္စာလေးပါးကို သိခြင်း၏ အကြောင်းမဟုတ်သေး။ အာနာပါန ဈာန်ချမ်းသာကို ဖြစ်စေအံ့ဟု ကြံ၏။

ထိုသမာဓိ ဈာန်ကိုမူကား အားနည်းသော ကိုယ်ဖြင့် ပွားများ စီးဖြန်းအံ့ သောငှာ မတတ်နိုင်သောကြောင့် ဆွမ်းအာဟာရကို မှီဝဲသုံးဆောင်၍ ကိုယ်ကို ခိုင်ခံ့စေလျက် ထိုသမာဓိဈာန်ကို ပွားအံ့ဟု ကြံ၍ သပိတ်ကို ယူပြီးလျှင် သေနာ နိဂုံး၌ ဆွမ်းခံ၍ ထိုဆွမ်းတည်းဟူသော အာဟာရကို သုံးလေးရက် မှီဝဲသုံးဆောင် မိသော် အားတော်ရှိ၍ လက္ခဏာကြီးငယ်နှင့်တကွ ရွှေအဆင်းနှင့် တူသော ကိုယ်တော်သည် ထင်ရှားဖြစ်လာလေ၏။

ပဉ္စဝဂ္ဂီငါးယောက်တို့သည် ဤသို့ ဆိုကြကုန်၏။ ခြောက်နှစ်ပတ်လုံး ကျင့်၍ သဗ္ဗညုတဉာဏ်ကို သိမြင်ခြင်းငှာ မတတ်နိုင်။ ယခုမူကား ရွာ နိဂုံး ဇနပုဒ်တို့၌ ဆွမ်းခံသွားပြီးလျှင် ရုန့်ရင်းသော အာဟာရကို မှီဝဲသုံးဆောင် သော ဤရဟန်းဂေါတမသည် ဘယ်မှာ ဘုရားဖြစ်နိုင်တော့အံ့နည်း။ ဤဒုက္ကရ စရိယ အကျင့်မှ ထွက်၍ လာဘ်များခြင်းကို အလိုရှိဘိ၏။ ဤရဟန်း ဂေါတမထံ၌ ငါတို့နေ၍ အဘယ်အကျိုး ရှိအံ့နည်းဟု ဘုရားလောင်းကို စွန့်၍ ဥရုဝေလတောမှ တစ်ဆယ့်ရှစ်ယူဇနာကွာသော ဗာရာဏသီပြည်၏အနီး ဣသိပတန မိဂဒါဝုန် တောသို့ သွား၍ နေကြလေကုန်၏။

## မိလိန္ဒပဉှာလာ ကျင့်စဉ်

**(မေး)** ခပ်သိမ်းသော ဘုရားလောင်းတို့သည် ခဲခက်လှသော ဒုက္ကရစရိယ အကျင့်ကို ကျင့်ကြရကုန်သလော။

**(ဖြေ)** ခပ်သိမ်းသော ဘုရားလောင်းတို့သည် ခဲခက်လှသော ဒုက္ကရစရိယ အကျင့်ကို မကျင့်ကြရကုန်။

**(မေး)** ဂေါတမဘုရားလောင်းသာလျှင် ခဲခက်လှသော ဒုက္ကရစရိယ အကျင့်ကို ကျင့်ရသလော။

**(ဖြေ)** ဂေါတမဘုရားလောင်းသာလျှင် ခဲခက်လှသော ဒုက္ကရစရိယ အကျင့်ကို ကျင့်ရ၏။

ဤသို့ မေး, ဖြေအပ်သော ယုတ္တိဒင်္ဂု၏ အာဂမဒင်္ဂုပါဠိကား—

နတ္ထိ မဟာရာဇ သဗ္ဗေသံ ဗောဓိသတ္တာနံ ဒုက္ကရကာရိကာ၊ ဂေါတမေနေဝ ဗောဓိသတ္တေန ဒုက္ကရကာရိကာ ကတာ...တိ။

(မိလိန္ဒ—၂၇၅—၆။)

မဟာရာဇ၊ မိလိန္ဒမင်းကြီး။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဝါ၊ ခပ်သိမ်းကုန်သော။ ဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့အား။ ဒုက္ကရကာရိကာ၊ ပြုနိုင်ခဲလှသော ဒုက္ကရစရိယ အကျင့်တို့သည်။ နတ္ထိသန္တိ၊ မရှိကုန်။ ဂေါတမေနေဝ ဗောဓိသတ္တေန၊ ဂေါတမ ဘုရားလောင်းသာလျှင်။ ဒုက္ကရကာရိကာ၊ ပြုနိုင်ခဲလှသော ဒုက္ကရစရိယာ အကျင့်ကို။ ကတာ၊ ပြုအပ်၏။

ခပ်သိမ်းသော ဘုရားလောင်းတို့သည် အဆုံးဘဝ၌ တောထွက်တော်မူ၍ သဗ္ဗညုတဉာဏ်၏အလို့ငှာ လုံ့လတည်းဟူသော အကျင့်ဖြင့် ကမ္မဋ္ဌာန်း စီးဖြန်းကုန်သည်ရှိသော် နေ့ရက်မကြာ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရား အဖြစ်သို့ ရောက်တော်မူကုန်သည်။

ဂေါတမဘုရားလောင်းမှာမူကား အဆုံးဘဝ၌ မရင့်သေးသော ဉာဏ်ကို ရင့်စေလိုသည်ဖြစ်၍ တောထွက်တော်မူပြီးလျှင် ခြောက်နှစ်ပတ်လုံး ပြုနိုင် ကျင့်နိုင်ခဲသော လွန်သော ဝီရိယရှိသော ဒုက္ကရစရိယ အကျင့်ဖြင့် အာဟာရကို သိမ်းဆည်း အားထုတ်တော်မူရ၏။

ထိုသို့ အားထုတ်ရကြောင်းကို—

ဉာဏံ ပရိပါစေန္တော ဗောဓိသတ္တော ဒုက္ကရကာရိယံ အကာသိ—

(မိလိန္ဒ—၂၇၉—၈၀။)

ဟု မိလိန္ဒပဥှာ၌ လာသည်။

ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ဉာဏံ၊ ဉာဏ်တော်ကို။ ပရိပါစေန္တော၊ ရင့်ကျက်စေတော်မူလိုသည်ဖြစ်၍။ ဒုက္ကရကာရိယံ၊ ပြုနိုင်ခဲလှသော ဒုက္ကရစရိယ အမှုကို။ ဝါ၊ အကျင့်ကို။ အကာသိ၊ ပြု၏။ ဝါ၊ ကျင့်၏။

ဘုရား လောင်း သည် အာဟာရကို သိမ်း ဆည်း၍ အား ထုတ်တော်မူခြင်း သည် ကိလေသာတည်းဟူသော စစ်သည်ကို ထိုးလို၍လည်း ကောင်း၊ မာရ်နတ် စစ်သည်ကို၊ ဝါ၊ သေမင်း၏ စစ်သည်ကို နှိမ်နင်းဖျက်ဆီး လို၍လည်း ကောင်း အား ထုတ်တော်မူသည်။

နိက္ကမော ကိလေသယုဒ္ဓံ မစ္စုသေနံ ဝိဓမနံ အာဟာရပရိဂ္ဂဟော–
(မိလိန္ဒ–၂၃၈။)

ကိလေသယုဒ္ဓံ၊ ကိလေသာကို စစ်ထိုးခြင်းကိုလည်းကောင်း။ မစ္စုသေနံ၊ မာရ်စစ်သည်ကို။ ဝါ၊ သေမင်း၏ စစ်သည်ကို။ ဝိဓမနံ၊ နှိမ်နင်းဖျက်ဆီးလိုခြင်းကိုလည်းကောင်း။ ကတွာ၊ ပြုတော်မူလို၍။ အာဟာရပရိဂ္ဂဟော၊ အာဟာရကို သိမ်းဆည်းခြင်းသည်။ နိက္ကမော၊ အမှုမရှိသည်။ ဝါ၊ အကျိုးမရှိသည်။ (ဟုတွာ၊ ဖြစ်၍။)

ယင်းသို့ အာဟာရကို သိမ်းဆည်း၍ အားထုတ်ကြသော်လည်း ဘုရားလောင်း၏ ကိုယ်သည် တော်မွတ်ခေါင်းပါးခြင်း နှိပ်စက်သည်ဖြစ်၍ ကိုယ်အားကုန်ခန်းခဲ့သည်ရှိသော် ဘုရားလောင်း၏ စိတ်သည် အလွန်အားနည်းသည်ဖြစ်၍ အာသဝေါတရားကို ကုန်စိမ့်သောငှာ မတည်ကြည်နိုင်ခဲ့၏။ ထိုသို့ စိတ်သည် အလွန် အားနည်းသည်ဖြစ်၍ မတည်ကြည်နိုင်သောကြောင့်၊ ဝါ၊ အာဟာရကို ဖြတ်သောကြောင့် သဗ္ဗညုတဉာဏ်တော်ကို ရခြင်းငှာ မတတ်နိုင်၍၊ ဝါ၊ လိုအပ်သည်ကို မရ၍ အားထုတ်သောစိတ်ကို လျှော့တော်မူ၏။

ဇေဝရူပေ ပရက္ကမေ ကိဥ္စိ အဿာဒံ အလဘိတွာ တမေဝ စိတ္တံ ပရိဟာပေတွာ။ (မိလိန္ဒ–၂၃၈။)

ဇေဝရူပေ ပရက္ကမေ၊ ဤသို့သော အကျင့်ကို အားထုတ်တော်မူခြင်း၌။ ကိဥ္စိအဿာဒံ၊ တစ်စုံတစ်ခုသော သာယာဖွယ်ကို။ အလဘိတွာ၊ မရနိုင်ခြင်းကြောင့်။ ဝါ၊ ရတော်မမူသည်ဖြစ်၍။ တမေဝစိတ္တံ၊ ထိုအားထုတ်အပ်သောစိတ်ကို။ ပရိဟာပေတွာ၊ လျှော့တော်မူ၍။

ငါသည် ဆင်းရဲငြိုငြင်စွာ ကျင့်အပ်သော ဤဒုက္ကရစရိယ အကျင့်ဖြင့် မြတ်သော ဉာဏ်အဖြစ်ဖြင့် မြင်ခြင်းငှာ၊ ထိုက်သောလူတို့၏ ဥတ္တရိမနုဿဓမ္မထက် လွန်မြတ်သော အရိယာမဂ်ကို မြင်ခြင်းငှာ၊ စွမ်းသော သဗ္ဗညုတဉာဏ်တော်ကို မရနိုင်ချေ။ ငါ့အား သဗ္ဗညုတဉာဏ်တော်ကို ရခြင်းငှာ အကြောင်းတစ်ပါးသည် ရှိသေးသလောဟု အမှတ်သညာ အကြံရှိတော်မူ၏။

န ခေါ ပနာဟံ ဣမာယ ကဋုကာယ ဒုက္ကရကာရိကာယ အဓိဂစ္ဆာမိ ဥတ္တရိမနုဿဓမ္မံ အလမရိယဉာဏဒဿနဝိသေသံ သိယာ နု ခေါ အညော မဂ္ဂေါ ဗောဓိယာတိ။

(မိလိန္ဒ–၂၃၈။)

အဟံ၊ ငါသည်။ ကဋ္ဌုကာယ၊ စပ်ခါးလှသော။ ဒုက္ကရကာရိကာယ၊ ဆင် ရဲ လှစွာ ပြုအပ်သော။ ဣမာယ၊ ဤဒုက္ကရစရိယာ အကျင့်ဖြင့်။ ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ ကုသိုလ် ကမ္မပထ တရားထက် လွန်သော။ အလမရိယ ဉာဏဒဿန ဝိသေသံ၊ အရိယာမဂ်ကို မြင်ခြင်းငှာ စွမ်းနိုင်သော ဉာဏ်အထူးကို။ န အဓိဂစ္ဆာမိ၊ မရနိုင်ချေသေး။ မေ၊ ငါ့အား။ ဇောဓိယာ၊ သဗ္ဗညုတဉာဏ်ကို ရခြင်းငှါ။ မဂ္ဂေါ၊ အကြောင်းသည်။ အညော၊ အခြားတစ်ပါးသည်။ သိယာနုခေါ၊ ရှိသေးသလော။ ဣတိ၊ ဤသို့။ စေတံပရိဝိတက္ကံ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်၏။

ဘုရားလောင်းအား ဤသို့ကြံခြင်းသည် အဆုံးဘဝသို့ရောက်မှ မဂ်ဖိုလ် ရခြင်း၏ အကြောင်းတရားကို အာရုံပြု၍ သတိတွေဝေ၍ ပြောဆိုသော စကား မဟုတ်။ အာသဝေါတရားကို ကုန်စေတတ်သော စိတ်သည် အားနည်းသောအခါ ကောင်းစွာ မတည်ကြည်နိုင်၍ ဆိုသောစကား ဖြစ်သည်။

ယေဟိ ဒုဗ္ဗလီကတံ စိတ္တံ န သမ္မာ သမာဓိယတိ အာသဝါနံ ခယာယ။ (မိလိန္ဒ—၂၉၉။)

ယေဟိ၊ အကြင်နှောင့်ယှက်တတ်သော တရားတို့သည်။ ဒုဗ္ဗလီကတံ၊ အားနည်းအောင် ပြုအပ်သော။ စိတ္တံ၊ စိတ်သည်။ အာသဝါနံ၊ အာသဝ တရားတို့ကို။ ခယာယ၊ ကုန်စေခြင်းငှာ။ န သမ္မာ သမာဓိယတိ၊ ကောင်းစွာ မတည်ကြည်နိုင်။

စိတ်၏အားနည်းခြင်းကို ပြုတတ်သော တရားတို့သည် ကောဓ၊ အမျက် ထွက်ခြင်း တစ်ပါး။ ဥပနာဟ၊ ရန်ငြိုးဖွဲ့ခြင်း တစ်ပါး။ မက္ခ၊ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း တစ်ပါး။ ပဠာသ၊ သူတစ်ပါး၏စည်းစိမ်ကို ငြူစူ စောင်းမြောင်းခြင်း တစ်ပါး။ မစ္ဆရိယ၊ မိမိ စည်းစိမ်ဥစ္စာကို ဝန်တို၍ လျှို့ဝှက်ခြင်း တစ်ပါး။ မာယာ၊ လှည့်ပတ်ခြင်း တစ်ပါး။ သာဌေယျ၊ သူတစ်ပါးကို စဉ်းစဉ်း လဲလဲ ပြုခြင်း တစ်ပါး။ ထမ္ဘ၊ ကျောက်တိုင်ကဲ့သို့ တည်တံ့ခိုင်မာခြင်း တစ်ပါး။ သာရမ္ဘ၊ သူတစ်ပါးကို သီလပျက်စီးအောင်ပြုခြင်း၊ သူတစ်ပါး တစ်ကြိမ်ရှုလျှင် နှစ်ကြိမ်ရှုမည်။ သူတစ်ပါး တစ်ကျမ်းသင်လျှင် နှစ်ကျမ်း, သုံးကျမ်း သင်မည်။ သူတစ်ပါး တစ်ရာတန် ဆင်ဝတ်လျှင် နှစ်ရာတန်, သုံးရာတန် ဆင်ဝတ်မည်ဟု ချုပ်ချယ်ခြင်း သာရမ္ဘ တစ်ပါး။ မာန၊ ဇာတိ စသည်ကို စွဲ၍ ထောင်လွှား ခြင်

တစ်ပါး။ အတိမာန၊ အလွန်မာန်တက်ခြင်း, ထောင်လွှားခြင်း တစ်ပါး။ မဒ၊ မာန်ယစ်ခြင်း တစ်ပါး။ ပမာဒ၊ ကာမဂုဏ်တို့၌ စိတ်ကိုလွှတ်ခြင်း, ဒုံးဒုံးချခြင်း, ကုသိုလ်မှ မေ့လျော့ခြင်း တစ်ပါး။ ထိနမိဒ္ဓ၊ စိတ်စေတသိက်တို့၏ မခံ့ခြင်း တစ်ပါး။ အာလသျ၊ ပျင်းရိခြင်းတစ်ပါး။ ပါပမိတ္တ၊ မကောင်းသော အဆွေခင်ပွန်း ရှိခြင်း တစ်ပါး။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ခုဒ္ဒါပိပါသာ၊ ငတ်မွတ်ဆာလောင်ခြင်း တစ်ပါး၊ အရတိ၊ တရား၌ မမွေ့လျော်ခြင်း တစ်ပါး။ ဤနှစ်ဆယ့်ငါးပါးတို့သည် စိတ်ကို ညစ်နွမ်းအောင်၊ အားနည်းအောင် ပြုတတ်သော အညစ်အကြေးဖြစ်သော တရားတို့ မည်ကုန်၏။

ထိုဆင်းရဲငြိုငြင်စွာ ကျင့်အပ်သော ဒုက္ကရစရိယာအကျင့်၌ ငြီးငွေ့စက်ဆုပ်၍ ပယ်ထားပြီးလျှင် တစ်ပါးသော အထောက်အပံ့ဖြစ်သော လူတို့ လှူစာဖြစ်သော အာဟာရကို မြို့ရွာနိဂုံးတို့၌ လှည့်လည်ခံယူပြီးလျှင် ထိုဆွမ်းအာဟာရကို မှီဝဲ သုံးဆောင်၍ တရားကို အားထုတ်တော်မူလျှင် ဘုရားလောင်းသည် ထိုလုံ့လတည်း ဟူသော အကျင့်ဖြင့် မကြာမြင့်မီ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ဒုက္ကစရိယအကျင့်၌ ငြီးငွေ့ခြောင်း တစ်ပါးသောအကြောင်းဖြင့် သဗ္ဗညုတ အဖြစ်သို့ ရောက်ကြောင်းကို—

တတော နိဗ္ဗိန္ဒိတွာ အညေန မဂ္ဂေန သဗ္ဗညုတံ ပတ္တော—

(မိလိန္ဒ—၂၃၈။)

ဟု· မိလိန္ဒပဉှာ၌ လာသည်။

တတော၊ ထိုဒုက္ကရစရိယာအကျင့်မှ။ နိဗ္ဗိန္ဒိတွာ၊ ငြီးငွေ့တော်မူ၍။ အညေန၊ တစ်ပါးသော။ မဂ္ဂေန၊ အကြောင်းဖြင့်။ သဗ္ဗညုတံ၊ သဗ္ဗညုတဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူ၏။

ဘုရားလောင်းသည် အစာအာဟာရကို ဖြတ်ခြင်းကြောင့် သဗ္ဗညုတဉာဏ် တော်ကို မရနိုင်ဟု ဆိုလိုသည်။ ထိုလုံ့လတည်းဟူသော အကျင့်တရားသာလျှင် ခပ်သိမ်းသော ဘုရားလောင်းတို့အား သဗ္ဗညုတဉာဏ်တော်ကို ရခြင်းငှာ ကျင့်အပ် သော အကျင့်ဖြစ်၏။ ထိုလုံ့လတည်းဟူသော အကျင့်တရားသည် အခါခပ်သိမ်းနှင့် ယှဉ်သော တရားမည်၏။

## အိပ်မက်ကြီးငါးပါးမြင်မက်ခြင်း

ဘုရားလောင်းသည် ခဲယဉ်းသော ဒုက္ကရစရိယ အကျင့်ကို ခြောက်နှစ်ပတ်လုံး ကျင့်တော်မူပြီးမှ ဆင်းရဲငြိုငြင်စွာသော ဤဒုက္ကရစရိယ အကျင့်ဖြင့် သဗ္ဗညုတဉာဏ်ကို ရခြင်း၏ အကြောင်းမဟုတ်သောကြောင့် ဘုရား အဖြစ်သို့ မရောက်နိုင်ဟု နှလုံးသွင်း၍ သတ္တဝါတို့၏ ဓမ္မတာသည် သဒ္ဓါလွန်လျှင် ရာဂဟူ၍ ကွန့်တတ်သည်။ ပညာလွန်လျှင် အပေးအကမ်း ဆွန့်တတ်သည်။ ဝီရိယလွန်လျှင် အပြစ်မမြင် ပျံ့လွင့်ခြင်း ဥဒ္ဓစ္စဖြစ်တတ်သည်။ သမာဓိလွန်လျှင် အမှုမတွင် တွန့်တတ်သည်။ သတိတရားသာလျှင် လွန်သည်မရှိ၊ လိုသည်သာ ရှိသည်။ ထို့ကြောင့် ငါသည် အာဟာရကို မျှတစေလျက် ကိုယ်လက်ကို ဖြည်တင်း၍ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိကို မျှတအံ့ဟု ကြံလျက် သေနာနိဂုံး၌ ဆွမ်းခံ လှည့်လည်၍ ရအပ်သော ရန့်ရင်းသော ဆွမ်းအာဟာရကို ဘုဉ်းပေးတော်မူ၏။

သုံးလေးရက် ဘုဉ်းပေးသုံးဆောင်မိလျှင် အားတော်နှင့်တကွ လက္ခဏာကြီးငယ်တို့သည် ပေါ်မြဲ ပေါ်ထွက်လာကုန်၍ ရွှေအဆင်းနှင့်တူသော ကိုယ်ရှိ၏။ ထို့နောက် ဘုရားလောင်းသည် တစ်ယောက်ထီးတည်း ကျင့်တော်မူ၍နေစဉ် အသက်တော် ၃၅-နှစ်အရှိတွင် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လဆန်း ၁၄-ရက်၊ အင်္ဂါနေ့ ညတွင် အိပ်မက်ကြီး ငါးအင်ကို မြင်တော်မူသည်ကား —

မြေပြင်ကို အိပ်ရာပြုလျက်၊ ဟိမဝန္တာတောင်ကို ခေါင်းအုံး၊ အရှေ့သမုဒ္ဒရာ၊ အနောက် သမုဒ္ဒရာကို လက်နှစ်ဖက်တင်၍ တောင်သမုဒ္ဒရာကို ခြေနှစ်ဖက်တင်၍ အိပ်ရသည်ဟု မြင်မက်ခြင်း။

ဝင်ရိုးပမာဏ သန္တာဝနီအဆင်းရှိသော တိရိယာမည်သော မြေဇာမြက်သည် ချက်တော်မှ ဖောက်၍ ဘဝဂ်သို့ တက်သည်ဟု မြင်မက်ခြင်း။

ဖြူသော၊ မည်းသော ပိုးတို့သည် ခြေဖဝါးမှ ပုဆစ်ဒူး ထိ တက်သည်ဟု မြင်မက်ခြင်း။

အရပ်လေးမျက်နှာမှ လာကုန်သော အထူးထူးသော အဆင်း ရှိကုန်သော ငှက်အပေါင်းတို့သည် ခြေရင်းသို့ ကျရောက်သောအခါ အဖြူချည်း ဖြစ်သည်ဟု မြင်မက်ခြင်း။

မစင်တောင်သို့ တက်၍ စင်္ကြံ သွားသော်လည်း လိမ်းကျံခြင်း မရှိဟု မြင်မက်ခြင်း။

ဤငါးပါးသော အိပ်မက်တို့ကို မြင်မက်တော်မူ၍ ဆင်ခြင်တော်မူလျှင် ငါသည် ယနေ့စင်စစ် ဘုရားဖြစ်အံ့ဟု ကြံရည်ဆုံးဖြတ်၍ နံနက်မိုးသောက်လျှင် သခ်မ်းကျောင်းမှ ဆွမ်းအလို့ငှာ ထွက်တော်မူလေ၏။

## သုဇာတာ၏ နို့ဃနာဆွမ်းခံယူပြီးရွှေခွက်မျှောခြင်း

ဥရုဝေလတောနှင့် မနီးမဝေး သေနာနိဂုံးအနီး ညောင်ပင်ကြီးရင်း၌ ဆွမ်းခံချိန် ကာလကို ငံ့လင့်၍ နေတော်မူသော ဘုရားလောင်းသည် ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ကိုယ်တော်ရောင်ဖြင့် ပညောင်ပင်အလုံးကို ထွန်းပ စေလျက် အရှေ့သို့ မျက်နှာပြု၍ နေတော်မူလေ၏။

၎င်းနိဂုံး၌နေသော သူကြွယ်သမီး သုဇာတာသည် ကဆုန်လပြည့်၊ ဗုဒ္ဓဟူး နေ့၌ ဗလိနတ်စာပူဇော်အံ့ဟု ရွှေခွက်နှင့် တကွသော ဆွမ်းကို မိမိကိုယ်တိုင် ယူဆောင်၍ ကျွန်မပုဏ္ဏာနှင့်အတူတကွ လာကြလေသော် ညောင်ပင်ရင်း၌နေသော ဘုရားလောင်း၏ တင့်တယ်ခြင်း အသရေကို မြင်ရလျှင် အတိုင်းထက်အလွန် နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ အဖိုးတစ်သိန်း ထိုက်သော ဃနာရွှေခွက်ကို ဦးခေါင်းမှ ချ၍ ဘုရားလောင်း အနီး၌ နေ၏။ ထိုအခါ ဘုရားလောင်းလည်း ဗြဟ္မာ ကပ်လှူအပ်သော သပိတ်ကို ကြည့်၍ မမြင်သော် လက်ယာလက်တော်ကို ဆန့်တန်း၍ ခံတော်မူသောအခါ သုဇာတာသည် ရွှေခွက်နှင့်တကွ ရေမရောသော နို့ဃနာဆွမ်းကို ဘုရားလောင်း၏ လက်၌ ထား၍ ပူဇော်လေ၏။

ဗြဟ္မာကြီး ကပ်လှူအပ်သော မြေသပိတ်သည် ထိုသုဇာတာ၏ ဃနာဆွမ်းကို ကပ်လှူလာသော ခဏ၌ မမြင်ခြင်းသို့ ရောက်၍ ကွယ်လေ ပျောက်လေ၏။

မတ္တိကာပတ္တော တသ္မိံ ခဏေ အဒဿနံ ဂတော။

မတ္တိကာပတ္တော၊ ဗြဟ္မာလှူသော မြေသပိတ်သည်။ တသ္မိံခဏေ၊ ထိုသုဇာတာ လှူလာသော ခဏ၌။ အဒဿနံ၊ မမြင်ခြင်းသို့။ ဝါ၊ ကွယ်ပျောက် ခြင်းသို့။ ဂတော၊ ရောက်လေ၏။

ဘုရားလောင်းသည် ထိုနေရာမှ ထ၍ ရေမရောသော နို့ဃနာဆွမ်းကို ယူလျက် မြည်သိအဆင်း မြူကင်းသော ရေရှိသော နေရဉ္ဇရာမြစ်သို့ သွား၍ ရောက်လျှင် ရှေးဘုရားလောင်းတို့၏ ဘုရားဖြစ်သော နေ့၌ ရေချိုးရာဖြစ်သော သုပ္ပတိဋ္ဌိတဆိပ်၌၊ ဝါ၊ သုပ္ပတိဋ္ဌဆိပ်၌ ရေချိုးပြီးမှ အရှေ့သို့ မျက်နှာပြု၍

တစ်စေ့တည်းသီးသော ထန်းသီးမှည့်ပမာဏရှိသော ဆွမ်းလုတ်ရေဖြင့် လေ့ဆယ့်ကိုးလုတ် ဘုဉ်းပေးတော်မူပြီးလျှင် ရွှေခွက်ကို ကိုင်၍—

"ငါသည် ယနေ့စင်စစ် ဘုရားဖြစ်မည်မှန်မူ ဤရွှေခွက်သည် ရေညာသို့ ဆန်စေသတည်း" ဟု ဓိဋ္ဌာန်၍ ရွှေခွက်ကို ပစ်လိုက်သောအခါ ရွှေခွက်သည် ရေအယဉ်ကို ဖြတ်သွား၍ မြစ်လယ်သို့ ရောက်လျှင် လျင်ခြင်းနှင့် ပြည့်စုံသော မြင်းကဲ့သို့လည်းကောင်း၊ ဟင်္သာကဲ့သို့လည်းကောင်း၊ အတောင်ရှစ်ဆယ်ခန့် ရေညာသို့ ဆန်သွား၍ ငုပ်လေ၏။

ထိုအခါ ကာလနဂါးမင်း၏အပါး ရှေးဘုရားသုံးဆူတို့၏ ရွှေခွက်သုံးလုံးတို့ကို ခတ်ပြီးလျှင် အစဉ်အတိုင်း လေးခုမြောက်ဖြစ်၍ အောက်ဆုံးမှ တည်လေ၏။

## မဟာဗောဓိပင်သို့ကြွ၍ပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ နေတော်မူခြင်း

ဘုရားလောင်းသည် ဆွမ်းဘုဉ်းပေးပြီးလျှင် ၎င်းမြစ်၏ အနီးဖြစ်သော အင်ကြင်းတော၌ နေခို၍ မူလ ကမ္မဋ္ဌာန်းဟု ဆိုအပ်သော ကာယဂတာသတိကို ပွားသဖြင့် သမာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါး ဖြစ်စေ၍ ညချမ်းအခါ နတ်တို့ စီမံဖန်ဆင်းအပ်သော ခုနစ်တောင်ကို တစ်တာ၊ တာပေါင်း နှစ်ဆယ်ကို တစ်ဥသဘ၊ ၎င်းရှစ်ဥသဘ ကျယ်သော၊ ဝါ၊ ရှစ်ဥသဘရှိသော ခရီးဖြင့် ခြင်္သေ့မင်း၏ သွားခြင်းကဲ့သို့ တင့်တယ်စံပယ်စွာ ဥသဘနှစ်ဆယ်ကို တစ်ကောသ၊ လေးကောသကို တစ်ဂါဝုတ်၊ ၎င်းတစ်ဂါဝုတ်ခန့်ကွာသော ဗောဓိပင်ရှိရာ အနောက်မြောက်အရပ်သို့ ရှေးရှုကြွသွားတော်မူရာ လမ်းခရီး၌ သုဒ္ဓိယ မြက်ထမ်းပုဏ္ဏားသည် ကပ်လှူအပ်သော၊ ဝါ၊ သောတ္ထိယသည် ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူခဲ့၍ မဂဓရာဇ်တိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့မြောက်ယွန်း နှစ်ယူဇနာခန့်ကွာသော ဥရုဝေလ တောအုပ်၌ ပေါက်ရောက်သော ညောင်ဗုဒ္ဓဟေ မဟာဗောဓိပင်သို့ ရောက်တော်မူသောအခါ ထိုဗောဓိပင်၏ တောင်အရပ်မှ လက်ယာရစ် အစဉ်အတိုင်း လည်၍ အရှေ့အရပ်သို့ ရောက်မှ အနောက်သို့ မျက်နှာပြု၍ ရပ်တော်မူလျှင် ဤမြေသည် ကြွကြွခံ၍ မလှုပ်၊ ငုတ်တုတ်တည်ရကား ဘုရားဖြစ်ရာဌာန မှန်ပြီဟု နှစ်လုံးပြု၍ မြက်ရှစ်ဆုပ်ကို အဖျားကိုင်ဆွဲ၍ ကြဲဖြန့်တော်မူလေ၏။ ထိုခဏ၌ အစောက်အပြန့် ၁၄–တောင်ရှိသော အပ္ပရာဇိတပလ္လင်ဖြစ်၍ တည်၏။ ဝါ၊ မြေမှ ပေါက်သကဲ့သို့ဖြစ်၍တည်၏။ ဘုရားလောင်းသည် ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ အရှေ့သို့မျက်နှာပြု၍ နေတော်မူလျက် မြဲမြံသော နှလုံးတော်ရှိသည်

ဖြစ်၍ ငါသည် ဘုရားအဖြစ်သို့ မရောက်ဘဲ ငါ၏ အသွေးအသား ခန်းခြောက်၍ အရေအကြော အရိုးမျှသာ ကြွင်းစေ၊ သဗ္ဗညုတဉာဏ်ကို မရသမျှ ဤမြေ ပြောင်းပြန် လန်သော်လည်း လန်စေ၊ မိုးကြိုးသော်လည်း ကျစေ၊ ဤတောအလုံးကို လောင်၍ မီးအတိသော်လည်း ဖြစ်စေ၊ **ဘုရားအဖြစ်သို့ မရောက်သမျှ ဝီရိယကို ငါမလျှော့၊ ဤတင်ပလ္လင်ခွေကိုဖျက်၍ ငါမထ**ဟု အာနာပါနကို ဝင်စား၍ နေတော်မူ၏။

ဓိနတ္ထပကာသနီ၌ ၁၄-တောင် အပြန့်ကျယ်သော ပလ္လင်တော်ဟု ဆိုသည်။ ၎င်းပလ္လင်တော်သည် မြေက ပြူပွက်၍ မပေါက်သော်လည်း မြေက ပြူထွက်၍ ပေါက်သော သစ်ပင်များကဲ့သို့ ခဏချင်းဖြင့် အမြင့်အရပ်ရှိသည်ကို အကြောင်းပြု၍ ပလ္လင်တော် ပေါက်ကြောင်း တစ်ဆယ့်လေးတောင်ရှိကြောင်းကို-

"ဇောဓိညောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊
ရောင်တောက် ပလ္လင်၊ သမိုက်ပြင်ထက်..."

ဟု ရှင်သီလဝံသ ဆုတောင်းခန်းတွင် စပ်ဆိုတော်မူသည်။

"ရွှေ့မြောက်ယွန်းပါး၊ လေးတောင်ခြားဝယ်၊ တည်ကြားရမြဲ၊
မြက်ဆုပ်ကြဲကာ၊ အံ့အဲဖွယ်သာ၊ ဆန်းကြယ်စွာသား၊ ထက်ဝါမြင့်ခေါင်၊
ဆယ့်လေးတောင်လျှင်၊ ပြောင်ပြောင်ထွန်းတောက်၊ ပလ္လင်ပေါက်၍၊
ဝမ်းမြောက်တိုးတက်၊ စမွယ်လျက်လျှင်..."

ဟု ဓမ္မရာသီ၌ စပ်ဆိုတော်မူသည်။

"ထက်ဝါမြင့်ခေါင်၊ ဆယ့်လေးတောင်လျှင်..."

ဟူသော လင်္ကာအရ ပလ္လင်အမြင့် ၁၄-တောင် ရှိကြောင်းကို သိရသည်။

ထိုသို့နေတော်မူသောအခါ သိကြားမင်းသည် တစ်ကြိမ်မှုတ်လျှင် လေးလ ကြာမှ အသံစဲသော အကောင်တစ်ရာ့နှစ်ဆယ်ရှိသော ဝိဇယုတ္တရမည်သော ခရုသင်းကို မှုတ်လျက်၊ ပဉ္စသိခနတ်သားသည် သုံးဂါဝုတ်ရှိသော ဗေဠုဝစောင်းကို၊ ဝါ၊ ဝေဠုဝစောင်းကို တီးလျက်၊ သုယာမနတ်သားသည် သားမြီးယပ်ကို ကိုင်လျက်၊ သန္တုသိတ နတ်သားသည် ပတ္တမြားထီးကို ကိုင်လျက်၊ ဝါ၊ ပတ္တမြားယပ်ကို ကိုင်လျက်၊ သဟံပတိ ဗြဟ္မာမင်းကြီးသည် သုံးယူဇနာရှိသော ထီးဖြူကိုင်လျက် ကာလနဂါးမင်းသည် အရာအထောင်မကသော ဂါထာတို့ဖြင့် ကောင်းချီးပေး လျက်၊ တစ်ပါးသော နတ်တို့သည် အထူးထူးသော ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျက်နေကြကုန်၏။

## မာရ်စစ်သည်တို့ရောက်လာခြင်းနှင့်ပါရမီကို ဆင်ခြင်၍နေခြင်း

ဘုရားလောင်းသည် ဗောဓိပင်ရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ သိကြား၊ ဗြဟ္မာ၊ နတ်တကာတို့နှင့် နေတော်မူသောအခါ မာရ်နတ်မင်းသည် မာရ်စစ်သည် စုရုံး၍ အချင်းတို့ လျင်စွာလာကြကုန်ဟု ကြွေးကြော်လျက် ဖောက်ပြန်သော ကြောက်မက်ဖွယ်သော ရုပ်သဏ္ဌာန်၊ အဖြူ, အနီ အစရှိသော အဆင်းကို ဖန်ဆင်းစေ၍ အထူးထူးသော သံလျက်၊ ခက်ရင်း၊ ပုဆိန်၊ မြား၊ လေး၊ တောင့်၊ ဆောက်ပုတ်၊ ကျည်ပွေ့ စသော အထူးထူးသော လက်နက်တို့ကို ကိုင်စေ၍ သည်းစွာလွှမ်းမိုး၍ ချီတက်စေ၏။

လက်ဝဲလက်ယာ၊ ရှေ့တစ်ဆယ့်နှစ်ယူဇနာစီ၊ နောက် စကြဝဠာ တံတိုင်း အထိ၊ အထက် ကိုးယူဇနာရှိသော နတ်စစ်သည်အပေါင်း ခြံရံလျက်၊ မိမိမူကား– ယူဇနာ ၂၅၀–အရပ်မြင့်သော ဂိရိမေခလာဆင်ကို တက်စီး၍ လက်ရုံးတစ်ထောင် လက်နက်ကိုင်ဟန် ဖန်ဆင်း၍ မြောက်အရပ်က ကြွေးကြော်ဟစ်အော်ပြီး ဘုရား လောင်းရှိရာ ဗောဓိပင်သို့ ရှေးရှုလာကြသော မြေဟည်းသော ပွဲတင်သံသည် ယူဇနာ တစ်ရာကွာသော၊ ဝါ၊ တစ်ထောင်ကွာသော အရပ်က ကြားရလေ၏။

ယင်းသို့ ဘုရားလောင်းထံ မာရ်စစ်သည် ရောက်မည်အကြောင်းကို မရောက်မီက ဥက္ကာကျခြင်း၊ အမိုက်အတိဖြစ်ခြင်း၊ မြေတုန်လှုပ်ခြင်း၊ သမုဒ္ဒရာမှ အခိုးအလျှံထွက်ခြင်း၊ မြစ်ရေ အညာသို့ဆန်ခြင်း၊ တောင်ထွတ်တို့သည် သစ်ပင် တို့ကို ချိုးဖြတ်၍ မြေ၌ကျခြင်း၊ ကြမ်းကြုတ်သော လေတို့သည် ထက်ဝန်းကျင်မှ လာခြင်း၊ တော်လည်းသံဖြစ်ခြင်း၊ ဤသို့သော နိမိတ်တို့သည် ကောင်းကင် မြေပြင်အလုံး ဆတ်ဆတ်ခါ ရိုက်ချုံး၍ မြေပြိုသကဲ့သို့သော အသံကို ကြားရ၍ လည်းကောင်း၊ ထိုတိတ်နိမိတ်တို့ကို မြင်ရ၍လည်းကောင်း၊ ဘုရားလောင်းထံ၌ ဆည်းကပ်ခစား၍ နေကြကုန်သော သိကြား၊ ဗြဟ္မာ စသော သူတို့တွင် တစ်စုံ တစ်ယောက်သော သူတို့မျှလည်း ရပ်တည်ခြင်းငှာ မတတ်နိုင်၍ မိမိတို့၏ မျက်နှာပြုရာအရပ်သို့ ပြေးကြကုန်သောအခါ ဘုရားလောင်းတစ်ယောက်တည်း သာလျှင် ကျန်ရစ်တော်မူ၏။

ထိုအခါ မြောက်အရပ်က လွှမ်းမိုး၍လာသော မာရ်စစ်သည်အပေါင်းကို ဘုရားလောင်း မြင်ရလျှင် ဤစစ်သည်အပေါင်းသည် ငါ့ကို အကြောင်းပြု၍ လာကြကုန်၏။ ငါ့အား ဤအရပ်၌ အမိ၊ အဖ၊ ဇနပဒ၊ နန္ဒ၊ ယသော်ရော၊

ရာဟုလာ စသော တစ်စုံတစ်ယောက်သော ဆွေတော်မျိုးတော်မရှိ။ ဘ၀များစွာ သံသရာက ဆည်းပူးအပ်သော ဒါန, သီလ စသော ပါရမီဆယ်ပါးကိုသာလျှင် ရဲမက်ဗိုလ်ပါ, လွှား, ကာ, လှံ, ဓား, လေး, မြား, မီးပေါက်, အမြောက်, သေနတ်ကဲ့သို့ လက်နက်ပြု၍ မာရ်စစ်သည်ကို အောင်စေအံ့ဟု ပါရမီဆယ်ပါးကို ဆင်ခြင်၍ နေတော်မူ၏။

မာရ်နတ်သားသည် စကားဖြင့် ခြိမ်းခြောက်၍ ပြေးစေအံ့ဟု ကြံလျက် "အချင်းတို့–သိဒ္ဓတ်မင်းသားကို ဖမ်းကုန်လော့၊ နှောင်ဖွဲ့ကုန်လော့၊ လက်, ခြေ, ဦးခေါင်းကို ဖြတ်ကုန်လော့၊ နား, နှာခေါင်းကို လှီးကုန်လော့၊ ပါးကို ဖောက်ကုန်လော့၊ မပြေးစေလင့်၊ ဆီးကြ၊ ဝိုင်းကြကုန်" ဟူ၍ ဟစ်အော်၏။

ထိုသို့ ဟစ်အော်သော်လည်း ဘုရားလောင်းတော်သည် ဆယ်ပါးသော ပါရမီကိုသာ ဆင်ခြင်၍ နေတော်မူ၏။

## နေမဝင်မီ မာရ်စစ်သည်အပေါင်းကိုအောင်မြင်တော်မူခြင်း

ထိုသို့ နေတော်မူသောအခါ မာရ်နတ်သားသည် ဘုရားလောင်းကို လေဖြင့် ပြေးစေ လွင့်စေအံ့ဟု ကြံ၍ တစ်ယူဇနာ နှစ်ယူဇနာရှိသော တောင်ကို ခွဲစေနိုင်သော ဝေရမ္ဘမည်သော လေကို အံရပ်လေးမျက်နှာမှ တစ်ပြိုင်နက်တည်း တိုက်ငြားသော်လည်း ဘုရားလောင်း၏ အာနုဘော်ကြောင့် သင်္ကန်းစွန်းကိုမျှ လှုပ်ရှားစေခြင်းငှာ မတတ်နိုင်။

ထိုနောင် မိုးရေဖြင့် နစ်၍ သေစေအံ့ဟု ကြံ၍ သည်းထန်စွာသော မိုးကြီးကို ရွာစေသော်လည်း ဘုရားလောင်း၏ အာနုဘော်ကြောင့် သင်္ကန်းတော်ကို ဆီးနှင်းပေါက်မျှ စိုစွတ်ခြင်းငှာ မတတ်နိုင်။

ထို့နောက် ကျောက်ခဲမိုးကို ရွာစေသော်လည်း ဘုရားလောင်းထံသို့ ရောက်လျှင် နတ်ဒိဗ္ဗဖြစ်သော ပန်းဆိုင်း ပန်းကုံး ဖြစ်လေကုန်၏။

ထို့နောက် အခိုးအလျှံနှင့်တကွသော လက်နက်မိုးကို ရွာစေသော်လည်း ဘုရားလောင်းထံသို့ ရောက်လျှင် နတ်ဒိဗ္ဗဖြစ်သော မုလေး၊ စကား၊ ခယား စသော ပန်း ဖြစ်လေကုန်၏။

ထို့နောက် မီးကျီးမိုးကို ရွာစေသော်လည်း ဘုရားလောင်းထံသို့ ရောက်လျှင် နတ်ဒိဗ္ဗ ဖြစ်သော စပယ်၊ ချယား စသော ပန်းဖြစ်ကုန်၏။

ထို့နောက် ပြာပူမိုးကို ရွာစေသော်လည်း ဘုရားလောင်းထံသို့ ရောက်လျှင် စန္ဒကူး သရက်ခွံ နံ့သာမှုန့် ဖြစ်လေကုန်၏။

ထို့နောက် သဲမိုးကို ရွာစေသော်လည်း ဘုရားလောင်းထံသို့ ရောက်လျှင် မန္ဒာဝရ စသော နတ်ပန်းဝတ်မှုံဖြစ်ကုန်၏။

ထို့နောက် ညွန်ပျောင်းမိုးကို ရွာစေသော်လည်း ဘုရားလောင်းထံသို့ ရောက်လျှင် နတ်၌ ဖြစ်သော နံ့သာပျောင်းစသည် ဖြစ်လေကုန်၏။

ထို့နောက် ကြောက်မက်ဖွယ်သော အမိုက်တိုက်ကို ဖြစ်စေသော်လည်း ဘုရားလောင်းထံသို့ ရောက်လျှင် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်တိုက်သည် နေ၏အရောင်ဖြင့် ပျောက်ဘိသကဲ့သို့ ကွယ်ပျောက်လေကုန်၏။ ဤကိုးပါးသော လက်နက်တို့နှင့် တိုက်ဖျက်ငြားသော်လည်း ကြောက်ထိတ်လန့်ခြင်းငှာလည်းကောင်း၊ ပြေးပျက်စိမ့်သောငှာလည်းကောင်း၊ မတတ်နိုင်ကုန်သည်ဖြစ်၍ မာရ်နတ်မင်းသည် မိမိစစ်သည်တို့ကို ဤသို့ ဆို၏။ "အချင်းတို့၊ ဘယ်ကြောင့် ရပ်၍ ကြည့်၍နေကြကုန်ဘိသနည်း၊ ဤသိဒ္ဓတ်မင်းသားကို ဖမ်းကြ, ဆီးကြ, နှောင်ဖွဲ့ကြကုန်လော့၊ ဦးခေါင်းဖြတ်ခြင်း၊ ရင်ခွဲခြင်းကို ပြုကြကုန်လော့၊ မလွတ်စေ, မပြေးစေလင့်" ဟု မိမိစစ်သည် ဗိုလ်ပါတို့ကို ဟစ်အော်၍ ဆို၏။

မိမိလည်း ယူဇနာနှစ်ရာငါးဆယ် အမြင့်ရှိသော ဂိရိမေခလာဆင်ကို စီးလျက် အမျက်ထွက်၍ မြေ၌ ပစ်သော် တစ်ဆယ့်နှစ်နှစ်ပတ်လုံး မြက်တစ်ပင်မျှ မပေါက်နိုင်ခြင်း၊ ကောင်းကင်၌ပစ်သော် တစ်ဆယ့်နှစ်နှစ်ပတ်လုံး မိုးတစ်ပေါက်မျှ မရွာနိုင်ခြင်း၊ မြင်းမိုရ်တောင်ထိပ်သို့ပစ်သော် မြင်းမိုရ်တောင်မင်းသည် နှစ်ဖြာကွဲ၍ မြေ၌ ကျစေခြင်းငှာ စွမ်းနိုင်ခြင်း၊ တစ်ခဲနက် ထုလုစွာသော ကျောက်တိုင်ကို ဖြတ်ခြင်းငှာ စွမ်းနိုင်ခြင်း၊ ထက်သော အသွားရှိခြင်း၊ ဤသို့သော အစွမ်းသတ္တိနှင့် ပြည့်စုံသော နတ်စက်လက်နက်ဖြင့် ဘုရားလောင်း၏ ဦးခေါင်းကို ဖြတ်စေအံ့ဟု ပစ်သည်ရှိသော် ထိုနတ်စက်လက်နက်သည် ကောင်းကင်မှ မိုးကြိုးစက်ကျသကဲ့သို့ ပြင်းထန်စွာ ထစ်ကြိုးလျက်လာပြီးလျှင် ဘုရားလောင်းခြေရင်း၌ ခြေသုတ်ကြိုးဝန်းကဲ့သို့ ဖြစ်၍ ကျလေ တည်လေ၏။

ထိုအခါ မာရ်နတ်မင်းသည် ဘုရားလောင်းကို ဆင်ဖြင့် ချဉ်းကပ်၍ တိုက်သောအခါ ဘုရားလောင်း၏ မေတ္တာပါရမီ အာနုဘော်တော်ကြောင့် ဂိရိမေခလာဆင်သည် ပုဆစ်တုပ်လျက် ဦးခေါင်းမြေ၌ စိုက်၍ နေသဖြင့် မာရ်နတ်မင်းသည် ဆင်၏ဦးခေါင်းမှ လျှောကျ၍ မြေ၌တည်လေ၏။

ထိုအခါ မာရ်နတ်မင်းသည် ဤသို့ ကြံ၏။ ငါသည် ဤသိဒ္ဓတ်မင်းသားကို လက်နက်တို့ဖြင့် စစ်ထိုး၍ မအောင်နိုင်၊ သက်သေအမှုဖြင့် အောင်စေအံ့ဟု ကြံပြီးလျှင်—

"သိဒ္ဓတ်မင်းသား၊ ဤပလ္လင်မှထ၍ သွားလော့၊ ဆင်းလော့၊ ဤပလ္လင်သည် သင့်ဖို့ ပေါက်လာ ရောက်လာသည် မဟုတ်၊ ဤဗောဓိပင်အောက် ပေါက်ရောက်လာသော ဤပလ္လင်သည် ငါ့အဖို့ ပေါ်လာရောက်လာသော ပလ္လင် ဖြစ်သည်" ဟု ဆို၏။

ဤသို့ မာရ်နတ်ဆိုသော စကားကို ဘုရားလောင်း ကြားလေသော်—

"ဟယ်— မာရ်နတ်၊ သင်သည် ဤပလ္လင်ကို ရလို၍ ပါရမီသုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယ သုံးပါး စသည်ကိုလည်း သင် မဖြည့် မစွန့် မကျင့်ခဲ့၊ ငါသာလျှင် ဘဝများစွာ သံသရာက အယုတ်ဖြစ်သော ဆယ်ပါးသော ဒသပါရမီ၊ အလတ်ဖြစ်သော ဒသဥပပါရမီ၊ အမြတ်ဖြစ်သော ဆယ်ပါးသော ဒသပရမတ္ထ ပါရမီဟု ဆိုအပ်သော သုံးဆယ်သောပါရမီ။ ဓနပရိစ္စာဂ၊ ပုတ္တပရိစ္စာဂ၊ ဘရိယ ပရိစ္စာဂ၊ အင်္ဂပရိစ္စာဂ၊ ဇီဝိတပရိစ္စာဂဟု ဆိုအပ်သော စွန့်ခြင်းကြီး ငါးပါး။ လူသုံးပါးတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ခြင်းတည်းဟူသော လောကတ္ထစရိယ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ခြင်းတည်းဟူသော ဉာတတ္ထ စရိယ၊ ဘုရားဖြစ်ခြင်းအကျိုးငှာ ကျင့်ခြင်းတည်းဟူသော ဗုဒ္ဓတ္ထစရိယဟု ဆိုအပ် သော စရိယသုံးပါး။ ၎င်းပလ္လင်ရခြင်း အကြောင်းတရားများကို ငါသာလျှင် ဖြည့်ခြင်း၊ စွန့်ခြင်း၊ ကျင့်ခြင်းကြောင့် ဤပလ္လင်သည် သင် မာရ်နတ်၏ ပလ္လင် မဟုတ်။ ငါ၏ ပလ္လင်ဖြစ်သည်။ ငါ၏ ပါရမီကြောင့် ပေါက်သော ပလ္လင်ဖြစ်သည်" ဟု ဘုရားလောင်းက ဆို၏။

မာရ်နတ်က တစ်ဖန်ပြန်၍ ဤသို့ဆို၏။ "သိဒ္ဓတ်မင်းသား၊ ငါသည် ဤပလ္လင်ကို ရလို၍ အလှူပေး၏။ သီလဆောက်တည်၏။ စရိယသုံးပါးကိုလည်း ကျင့်၏။ ဤပလ္လင်ကိုသာ မဟုတ်သေး။ နတ်ပြည်ခြောက်ထပ်နှင့်တကွ အလုံးစုံ သော လောကကို ငါ ပိုင်၏" ဟု မာရ်နတ်က ဆို၏။

ဘုရားလောင်းက တစ်ဖန် "မာရ်နတ်၊ ငါ့ကို သင် မပိုင်၊ သင်၏ အလိုသို့ ငါ မလိုက်၊ ငါ့ကို မြစ်တားအံ့သောငှာလည်းကောင်း၊ ဤပလ္လင်မှ ထအံ့သောငှာ လည်းကောင်း သင်မတတ်နိုင်၊ ဤပလ္လင်သည် သင်၏ပလ္လင်မဟုတ်၊ ငါ၏ ပလ္လင် ဖြစ်သည်။ ပါရမီဖြည့်ပြီးသော ဘုရားလောင်းတို့အား ဘုရားဖြစ်သောနေ့၌ ပလ္လင်

ငှပါက်မြ၊ ရောက်မြ၊ ထိုပလ္လင်ထက်၌ နေမြဲမမှတာဖြစ်၍ ငါ နေသည်။ ငါ၏ ပလ္လင်ဖြစ်သည်" ဟု ဆို၍–

"ဤပလ္လင်သည် သင်၏ပလ္လင်ဆိုသော် ဤပလ္လင်ကို လို၍ သင် အလှူ ပေးသည်ကို ဘယ်သူ သက်သေအသိရှိသနည်း" ဟု ဘုရားလောင်းက မေး၏။

မာရ်နတ်သားသည် ဤသို့ဆို၏။ "ဤပလ္လင်ကို လို၍ ငါ အလှူပေးသည်ကို လက်ဝဲ–လက်ယာ ရှေ့တစ်ဆယ့်နှစ်ယူဇနာ၊ အထက် ကိုးယူဇနာ၊ နောက် စကြဝဠာတံတိုင်းအထိ ဤမျှလောက်သော ငါ၏ စစ်သည်ဗိုလ်ပါ အပေါင်း တို့သည် ဤပလ္လင်ကို လို၍ ဤအလှူပေးသည်ကို သက်သေအသိဖြစ်သည်"ဟု လက်ညှိုးညွှန်ပြလေ၏။

အလုံးစုံသော မာရ်စစ်သည်တို့သည် "ဤပလ္လင်ကို အလိုရှိ၍ ငါတို့သခင် အရှင်မာရ်နတ်မင်း အလှူပေးသည်ကို ငါ သိ၏၊ ငါသိ၏" ဟု တစ်ပြိုင်နက်တည်း သက်သေခံသော အသံသည် မြေပြည်းသော အသံနှင့် တူလေ၏။

သိဒ္ဓတ်မင်းသား "ဤပလ္လင်ကို လို၍ သင် အလှူပေးသည်ကို ဘယ်သူ သက်သေ အသိရှိသနည်း" ဟု မာရ်နတ်ကမေးသည်ရှိသော်–

"အချင် မာရ်နတ်၊ ဤအရပ်၌ ငါ့အာ သဝိညာဏကဖြစ်သော တစ်စုံ တစ်ယောက်သော ရဟန်း၊ ပုဏ္ဏား၊ လူ နတ် ဗြဟ္မာစသော သက်သေအသိ မရှိ၊ ရှေးရှေးသော ဘဝကာလတို့၌ ပေးလှူအပ်သော အလှူကို မဆိုထားဘိ၊ ဝေဿန္တရာ မင်း ဖြစ်သောအခါ၌ အရာ ခုနစ်ကြိမ် ခုနစ်လီ ငါ အလှူကြီးပေးသည်ကို အဝိညာဏကဖြစ်သော ဤမဟာပထဝီမြေကြီးသည် ငါ၏ သက်သေအသိ" ဟု နှုတ်မြွက်၍ လက်ယာ လက်ရုံးတော်ကို သင်္ကန်းတွင်းမှ ထုတ်၍ ဆန့်တန်း ပြီးလျှင် မဟာပထဝီမြေကြီးသို့ ရှေးရှုလက်ညှိုးကို ညွှန်ပြတော်မူ၏။

ဒက္ခိဏံ ဗာဟုံ စီဝရဂဗ္ဘတော နီဟရိတွာ ဘူမိယာ အပနာမေသိ။
(ဇိနာလင်္ကာရ–၂၅၅–၆။)

"နှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် ဝေဿန္တရာ မင်း ဖြစ်သောအခါ၌ အလှူပေးသည်ကို ငါသည် သင်၏ သက်သေ အသိတည်း၊ ငါသည် သင်၏ သက်သေ အသိတည်၊ ငါသည် သင်၏ သက်သေ အသိတည်း" ဟု အရာမျှလောက်သော မြည်သံ၊ အထောင်မျှလောက်သော မြည်သံ၊ အသိန်း မျှလောက်သော မြည်သံတို့ဖြင့် မြည်၍ မာရ်နတ်၏ စစ်သည်ဗိုလ်ပါတို့ကို လွှမ်းမိုး၍ ပဲ့တင်သံတက်လေ၏။

မဟာပထဝီ အဟံ တေ တဒါ သက္ခိတိ။

တဒါ၊ ထိုအခါ၌။ အဟံမဟာပထဝီ၊ နှစ်သိန်းလေးသောင်း အထုရှိသော အကျွန်ုပ် မဟာပထဝီမြေကြီးသည်။ တေ၊ အရှင်ဘုရား၏။ သက္ခိ၊ သက်သေပါတည်း။ ဣတိ၊ ဤသို့ပြောဘိအလား ပွဲတင်ဟည်းလျက် သက်သေခံလှာ၏။

ထိုသို့ မြေကြီးသက်သေခံလျှင် ယူဇနာ ၂၅ဝ-အမြင့်ရှိသော ဂိရိမေခလာ ဆင်သည် ဘုရားလောင်း ရှေ့၌ ပုဆစ်တုပ်လျက် ဝပ်လေ၏။

မာရ်နတ်မင်းသည် မိမိ စစ်သည်နှင့်တကွ ဝတ်ဆင်သော တန်ဆာ လက်နက်ကိရိယာတို့ကို စွန့်၍ မျက်နှာရှေးရှုရာအရပ်သို့ ခရီးတစ်ကြောင်းစီ ပြေးကြလေကုန်၏။

နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ လည်လျက် သည်းစွာမြည်သောအသံသည် ကောင်းကင်၌ မိုးကြိုးထစ်သကဲ့သို့ ပြင်းစွာမြည်ခြင်း၊ သတ္တရဘန်တောင်စဉ် ခုနစ်ထပ်တို့သည် ပြင်းစွာ အသံဖြင့် မြည်ခြင်း၊ စကြဝဠာတိုက်အလုံးသည် မီးလောင်သကဲ့သို့ ပြင်းစွာ ဖြစ်ဖြစ်မြည်ခြင်း၊ ကောင်းကင်၌ မိုးမရွာ၊ တိမ်တောင်မတက်ဘဲ နတ်စက်တို့သည် ပစ်ခြင်း၊ မီးကျီးခဲ မိုးရွာသကဲ့သို့ ပြိုးပြိုးပြက် အလျှံထွက်ကုန်သော မိုးကြိုးစက်တို့သည် ကျခြင်း ဤကဲ့သို့သော ကြောက်မက်ဖွယ်တို့ကို မြင်ရလျှင် မာရ်နတ်နှင့်တကွ စစ်သည်တို့ သည် ကိုးကွယ်ပုန်းအောင်းရာ မရသည်ဖြစ်၍ ကြီးစွာသော ကြောက်ထိတ်လန့် ခြင်းသို့ ရောက်ကြလေသောအခါ နှစ်သိန်းလေးသောင်း အထုရှိသော မြေကို စောင့်သော မြေစောင့်နတ်သည် လက်ယာလက်ဖြင့် ရှေးရှုညွှန်ပြရာ အရပ်မှ မြေကို ထက်ခြမ်းခွဲ၍ ထွက်ပြီးလျှင် "သိဒ္ဓတ်မင်းသားသည် ဤပလ္လင်ကို လို၍ ဒါန၊ သီလ စသော ပါရမီတို့ကို ဖြည့်သောအခါ မြေစောင့်နတ်သားကို တိုင်ကြား၍ သက်သေပြုသော ကုသိုလ်အဖို့၏ ချသော ရေစက်ကို ငါ၏ဦးခေါင်းဖြင့် ခံရသော ကြောင့် ယခုထက်တိုင် ငါ၏ဆံပင်တို့သည် မသွေ့မခြောက်သေး"ဟု မာရ်နတ် သားအား နှုတ်မြွက်၍ဆိုပြီးလျှင် မြေစောင့်နတ်သားသည် မိမိ လက်ဝဲလက်ဖြင့် ဆံရင်းကို ကိုင်၍ လက်ယာလက်ဖြင့် လိမ်၍ ညှစ်သော ဆံပင်မှ ကြိတ်ကြိတ် မည်သော အသံသည် မာရ်နတ်သား၏ နားတွင်း၌ တံကျင်လျှိုဘိသကဲ့သို့ ထင်မှတ်၍ ဂိရိမေခလာဆင်ကို မကြည့်ရှုနိုင်၊ မိမိစစ်သည်နှင့်တကွ ရန်သူလိုက်သကဲ့သို့လည်း ကောင်း၊ လေဖြင့် လွင့်သကဲ့သို့လည်းကောင်း ပြေးကြလေကုန်၏ဟု တထာဂတ ဥဒါနဒီပနီကျမ်း၌ မြေစောင့်နတ်သား သက်သေခံလာသည်ဟု လာသည်။

## ဘုရားလောင်းအား အောင်ဆုပေးလျက် နတ်၊ ဗြဟ္မာအပေါင်းတို့ ပူဇော်လာကြခြင်း

ထိုသို့ အောင်တော်မူသောအခါ နဂါး၊ ဂဠုန်၊ ဗြဟ္မာအပေါင်းတို့သည် ပန်းနံ့သာ စသည်တို့ကို လက်စွဲကုန်လျက် ဘုရားလောင်းထံသို့ ကပ်ပြီးလျှင် ဤသို့ ကြွေးကြော်ကြကုန်၏။

"ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဘုရားလောင်းအား အောင်မြင်ခြင်းသည်ဖြစ်ပြီ၊ ယုတ်မာသော မာရ်နတ်သားအား ရှုံးခြင်းသည် ဖြစ်လေပြီ" ဟူ၍ ပြင်းစွာသောအသံဖြင့် ကြွေးကြော်ကြကုန်၏။ ဝမ်းမြောက်ဝမ်းသာ ရှိကုန်သည် ဖြစ်၍ ဘုရားလောင်းအား အောင်ဆုကို ပေးကြကုန်၏။

ကြွင်းသော တစ်သောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်အပေါင်းတို့သည် ပန်းနံ့သာ, နံ့သာပျောင်း, အခိုးအထုံ, အမှုန့်တို့ဖြင့် ပူဇော်ကြကုန်လျက် "ဘုရားလောင်းကား အောင်ပြီ၊ မာရ်နတ်သားကား ရှုံးလေပြီ" ဟု အောင်ခြင်းမင်္ဂလာကို တစ်ပေါင်းတည်း စုဝေး၍ တစ်ပြိုင်နက်တည်း အောင်ဆုကို ပေးကြကုန်၏။

ဤစကြဝဠာ၌ရှိသော သိကြားမင်းမှ စ၍ တစ်သောင်းသော စကြဝဠာ၌ နေကုန်သော သိကြားမင်းတို့သည် တစ်ကြိမ်မှုတ်လျှင် လူတို့၏လဖြင့် လေးလ ပြည့်မှ အသံစဲသော ဝိဇယုတ္တရ ခရုသင်းကို ကိုယ်စီမှုတ်၍ ဘုရားလောင်းထံသို့ ဆည်းကပ်လာကြကုန်၏။

ဤစကြဝဠာမှစ၍ တစ်သောင်းသော စကြဝဠာ၌ နေကုန်သော မဟာဗြဟ္မာမင်းတို့သည် သုံးယူဇနာရှိသော ထီးဖြူကို ကိုယ်စီဆောင်လျက်လည်းကောင်း၊ ဤစကြဝဠာမှစ၍ တစ်သောင်းသော စကြဝဠာ၌ ရှိကုန်သော ယာမာနတ်ပြည်တိုင်း၌ နေကုန်သော သုယာမနတ်သားတို့သည် သုံးဂါဝုတ်ရှိသော သားမြီးယပ်ကို ကိုယ်စီကိုင်လျက်လည်းကောင်း၊ ဤစကြဝဠာမှစ၍ တစ်သောင်းသော စကြဝဠာ၌ ရှိကုန်သော တုသိတာနတ်ပြည်တိုင်း၌ နေကုန်သော သန္တုသိတနတ်မင်းတို့သည် သုံးဂါဝုတ်ရှိသော ပတ္တမြားယပ်ကို ကိုယ်စီ ကိုင်ကြကုန်လျက်လည်းကောင်း၊ ဤစကြဝဠာမှ စ၍ တစ်သောင်းသော စကြဝဠာ၌ ရှိကုန်သော တာဝတိံသာ နတ်ပြည်တိုင်း၌ နေကုန်သော ပဥ္စသိခနတ်သားတို့သည် သုံးဂါဝုတ်ရှိသော စောင်းကို ကိုယ်စီ တီးကြကုန်လျက် ဘုရားလောင်းထံသို့ လာကြကုန်၏။

## ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလောမအားဖြင့် ဆင်ခြင်တော်မူခြင်း

ဘုရားလောင်းသည် အပ္ပရာဇိတ ပလ္လင်ထက်၌ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်ပြီးသည်နောက် တစ်သောင်းသော စကြဝဠာမှ ရောက်လာကုန်သော နတ်, ဗြဟ္မာ စသည်တို့၏ ပူဇော်သက္ကာရဟူသမျှကို မကြံမဆင်ခြင်မူ၍ ဇာတိ ဇရာ မရဏ စသော ပဋိစ္စသမုပ္ပါဒ် တရားအပေါင်း၏ ဖြစ်ကြောင်း, ပျက်ကြောင်းကိုသာ ဆင်ခြင်တော်မူ၏။

အဘယ်သို့ ကြံဆင်ခြင်တော်မူသနည်း။ ဤလူအပေါင်းသည် ပဋိသန္ဓေလည်းနေရ၏။ အိုလည်း အိုရ၏။ သေလည်း သေရ၏။ တစ်ဖန် ပဋိသန္ဓေလည်းနေရ၏။ အိုလည်း အိုရ၏။ သေလည်း သေရ၏။ ဤဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော တရားကို ငါ့အား ဘယ်အခါ ထင်ပါ၊ သိပါလတ္တံ့နည်းဟု ကြံဆင်ခြင်တော်မူ၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသော် ဘယ်အကြောင်းကြောင့် အိုခြင်း၊ သေခြင်း ဖြစ်သနည်းဟု အကြံဖြစ်၏။ ပဋိသန္ဓေ နေခြင်းရှိသည်ရှိသော် အိုခြင်း၊ သေခြင်းသည် ဖြစ်၏။ ထိုအိုခြင်း၊ သေခြင်း တရားသည် ပဋိသန္ဓေနေခြင်းဟူသော အကြောင်းကြောင့် ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသော် ဘယ်အကြောင်းကြောင့် ဇာတိဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ ဘဝရှိသည် ရှိသော် ဇာတိဖြစ်၏။ ထိုဇာတိတရားသည် ဘဝဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် ဘဝဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ ပြင်းစွာစွဲလမ်းခြင်း ဥပါဒါန်တရားရှိသည် ရှိသော် ဘဝသည်ဖြစ်၏။ ထိုဘဝဟူသော တရားသည် ဥပါဒါန်ဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် ဥပါဒါန်ဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ အာရုံ၌ တပ်မက်တတ်သော တဏှာရှိသော် ဥပါဒါန်သည် ဖြစ်၏။ ထိုဥပါဒါန်ဟူသော တရားသည်

တဏှာ ဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် တဏှာဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ အာရုံကို ခံစားတတ်သော ဝေဒနာရှိသည်ရှိသော် တဏှာသည် ဖြစ်၏။ ထိုတဏှာဟူသော တရားသည် အာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် ဝေဒနာဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ အာရုံကို တွေ့တတ်သော ဖဿရှိသည်ရှိသော် ဝေဒနာသည် ဖြစ်၏။ ထိုဝေဒနာဟူသော တရားသည် အာရုံကို တွေ့ခြင်း လက္ခဏာရှိသော ဖဿဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် ဖဿဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ စက္ခာယတန စသော သဠာယတန ခြောက်ပါးရှိသည်ရှိသော် ဖဿသည် ဖြစ်၏။ ထိုဖဿဟူသော တရားသည် သဠာယတနဟူသော အကြောင်းကြောင့် ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် သဠာယတန ဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ နာမ်ရုပ်ရှိသည်ရှိသော် သဠာယတနသည်ဖြစ်၏။ ထိုသဠာယတနဟူသော တရားသည် နာမ်ရုပ်ဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ ပဋိသန္ဓေဝိညာဉ်ရှိသော် နာမ်ရုပ်သည် ဖြစ်၏။ ထိုနာမ်ရုပ်တရားသည် ဝိညာဉ်ဟူသော အကြောင်းကြောင့်ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရားရှိသည် ရှိသော် ဘယ်အကြောင်းကြောင့် ဝိညာဉ်ဖြစ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ နာမ်ရုပ်ရှိသည် ရှိသော်

ဝိညာဉ်သည် ဖြစ်၏။ ထိုဝိညာဉ်တရားသည် နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်၏ဟု ဤသို့ အသင့်အားဖြင့် နှလုံးသွင်းခြင်း ပညာဖြင့် ထိုးထွင်း၍ သိခြင်း သည်ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား စင်စစ်အားဖြင့် ဤဝိညာဉ်သည် တစ်ဖန် လည်၍ ဖြစ်ပြန်၏။ ဤဝိညာဉ်သည် နာမ်ရုပ်မှ တစ်ပါးသို့ မသွား၍ ဤသို့ အပြန်ပြန် အလည်လည် ဖြစ်သဖြင့် ဤဝိညာဉ်သည် ဖြစ်လည်း ဖြစ်ရာ၏။ အိုလည်း အိုရာ၏။ သေလည်း သေရာ၏။ စုတေလည်း စုတေရာ၏ဟု ဤသို့ နှလုံးသွင်း၍ ဆင်ခြင်တော်မူသော ဘုရားလောင်းအား ဤပစ္စုပ္ပန်ဘဝ၌သာ ဆင်ခြင်တော်မူသည်။

ဤတရားအပေါင်းတို့တွင် တဏှာဥပါဒါန် ဘဝတို့ကို မြင်တော်မူသဖြင့် ဤပစ္စုပ္ပန်ဘဝ၌ ဝိညာဉ်၏အကြောင်းဖြစ်သော အတိတ်၌ဖြစ်သော သင်္ခါရ တို့ကိုလည်းကောင်း၊ ထိုသင်္ခါရတို့၏ အကြောင်းဖြစ်သော မောဟဟု ဆိုအပ်သော အဝိဇ္ဇာကိုလည်းကောင်း မြင်တော်မူသဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကို ယှက်၍—

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု- ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဟု အနုလုံအားဖြင့် ဆင်ခြင်တော်မူ၏။

ထိုသို့ ဆင်ခြင်တော်မူသောအခါ ဘုရားလောင်းအား သူတစ်ပါးတို့၏ အထံ၌ မသင်ဖူး၊ မကြားဖူးကုန်သော ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ပညာတည်းဟူသော မျက်စိသည်လည်းကောင်း၊ အပြားအားဖြင့် သိခြင်းသည်လည်းကောင်း၊ ထိုးထွင်း၍ သိခြင်းသည်လည်းကောင်း ပညာတည်း ဟူသော အလင်းသည်လည်းကောင်း ထင်ရှားဖြစ်၏။

အဝိဇ္ဇာ အစ မရဏ အဆုံးရှိသော ၁၃–ပါးသော တရားတို့တွင် ဇရာနှင့် မရဏကို ပေါင်း၍ တစ်ခုတည်း ယူပြီးလျှင် အင်္ဂါ ၁၂–ပါးဟု မှတ်။ အဘိဓမ္မတ္ထ ပစ္စည်းပိုင်း၌–

အဝိဇ္ဇာ သင်္ခါရာ ဝိညာဏံ နာမရူပံ သဠာယတနံ ဖဿော
ဝေဒနာ တဏှာ ဥပါဒါနံ ဘဝေါဇာတိ ဇရာမရဏန္တိ ဒွါဒသင်္ဂါနိ။

ဟု လာသည်။ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည် ဇရာ မရ နှင့် အနိဋ္ဌလက္ခဏာအဖြစ်ဖြင့် တူသောကြောင့်လည်းကောင်း၊ ဇာတိ၏ မုချ အကျိုးရင်းမဟုတ်၊ အကျိုးဆက်မျှသာ ဖြစ်သောကြောင့်လည်းကောင်း၊ ဇရာမရဏ သို့ သွင်း၍ ယူရမည်။ အင်္ဂါအဖြစ်ဖြင့် အသီးအခြား တစ်ပါးပြု၍ မရေတွက်အပ်။

အဝိဇ္ဇာ သင်္ခါရသည် အတိတ်ကာလ၊ ဇာတိ၊ ဇရာ၊ မရဏသည် အနာဂတ် ကာလ၊ ဝိညာဉ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝသည် ပစ္စုပ္ပန်ကာလ၊ ဤကား–ကာလသုံးပါး။

အဝိဇ္ဇာ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝသည် အတိတ်အကြောင်း ငါးပါး၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန်အကျိုး ငါးပါး။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ သင်္ခါရသည် ပစ္စုပ္ပန်အကြောင်း ငါးပါး။ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် အနာဂတ်အကျိုး ငါးပါး။ ဤကား–အခြင်းအရာ နှစ်ဆယ်။

အတိတ်အကြောင်း ငါးပါးနှင့် ပစ္စုပ္ပန်အကျိုး ငါးပါး အကြားတစ်စပ်။ ပစ္စုပ္ပန်အကျိုး ငါးပါးနှင့် ပစ္စုပ္ပန်အကြောင်း ငါးပါး အကြားတစ်စပ်။ ပစ္စုပ္ပန် အကြောင်း ငါးပါးနှင့် အနာဂတ်အကျိုး ငါးပါးအကြား တစ်စပ်။ ဤကား– အစပ်သုံးပါး။

အတိတ်အကြောင်း အဝိဇ္ဇာ, သင်္ခါရ တစ်လွှာ။ ပစ္စုပ္ပန်အကျိုး ငါးပါး တစ်လွှာ။ ပစ္စုပ္ပန်အကြောင်း တဏှာ, ဥပါဒါန်, ကမ္မဘဝ တစ်လွှာ။ အနာဂတ် အကျိုး ဇာတိ, ဇရာ, မရဏ တစ်လွှာ။ ဤကား–အလွှာလေးပါး။

အဝိဇ္ဇာ၊ တဏှာ ဥပါဒါန်သည်၊ ကိလေသဝဋ်မည်၏။ ကမ္မဘဝနှင့် သင်္ခါရသည် ကမ္မဝဋ်မည်၏။ ဥပပတ္တိဘဝနှင့် ဝိညာဉ်၊ နာမ် ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိဇရာမရဏတို့သည် ဝိပါကဝဋ်မည်၏။ ဤကား–ဝဋ်သုံးပါး။

အဝိဇ္ဇာ၊ တဏှာသည် ဝဋ်၏ အမြစ်မူလ နှစ်ပါး။

အတိတ်ဘဝ၌ အကျိုးဝင်သော တဏှာသည် သမုဒယသစ္စာ မည်၏။ ပစ္စုပ္ပန်ဘဝ၌ အကျိုးဝင်သော တဏှာသည် ဒုက္ခသစ္စာမည်၏။

ဤသို့ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို စွဲ၍ အကျိုးတရားတို့၏ ဆက်ကာ ဆက်ကာ အဖန်တလဲလဲ မပြတ်ဖြစ်ရာသော တေဘူမကဝဋ် ဒုက္ခဟု ဆိုအပ်သော အစ မမြင် အဆုံးမထင်နိုင်သော သံသရာစက်သည် ပဋိစ္စသမုပ္ပါဒ် မည်၏။ ၎င်းအဝိဇ္ဇာအစ ဥပါယာသ အဆုံးရှိသော ၁၈–ပါးသော ပဋိစ္စသမုပ္ပါဒ် တရား၌၊ ကာလ ၃–ပါး၊ အင်္ဂါ ၁၂–ပါး၊ အခြင်းအရာ ၂၀၊ အစပ် ၃–ပါး၊ အလွှာ ၄–ပါး၊ ဝဋ် ၃–ပါး၊ မူလ ၂–ပါး၊ သစ္စာ ၂–ပါးတို့ကို သိအပ်ကုန်၏။

၎င်းဆယ့်နှစ်ပါးသော အင်္ဂါတို့တွင် အဝိဇ္ဇာသည် ကြီးပွားသော အမိုက်တိုက် နှင့် တူ၏။ သင်္ခါရသည် ပူလောင်စေတတ်သော မီးပုံကြီးနှင့် တူ၏။ ဝိညာဉ်သည် မီးကြီးကို ဖြစ်စေတတ်သော လောင်စာနှင့် တူ၏။ နာမ်ရုပ်သည် မီးပုံကြီးသို့ ဆင်းသော ပိုးဖလံကောင်နှင့် တူ၏။ သဠာယတနသည် မီးတောက်မီးလျှံနှင့် တူ၏။ ဖဿသည် ဆင်း၍ မီးလောင်သည်နှင့် တူ၏။ ဝေဒနာသည် မီးလောင်၍ ပူစပ်ပူလောင်နေ၍ ကျင်နာသည်နှင့် တူ၏။ တဏှာသည် မသင့်သော အစာ အာဟာရနှင့် တူ၏။ ဥပါဒါန်သည် ၎င်းမသင့်သော အစာအာဟာရကို စားမိ သည်နှင့် တူ၏။ ဘဝသည် အစာမှား၍ ငန်းသန္နိပါတ်လိုက်သည်နှင့် တူ၏၊ ဇာတိသည် အနာအသစ် တစ်ဖန်ဖြစ်ပြန်သည်နှင့် တူ၏။ ဇရာသည် အနာကြီး သည်နှင့် တူ၏။ မရဏသည် အနာအားကြီး၍ ပျက်စီးသည်နှင့် တူ၏။

သစ္စာလေးပါး တရားတို့ကို မသိမမြင်နိုင်အောင် ဖုံးလွှမ်းပိတ်ပင်တတ်သော အကုသိုလ်စိတ် ၁၂–ခု၌ ရှိသော မောဟစေတသိက်ကို အဝိဇ္ဇာဟု ခေါ်သည်။ ၎င်းအဝိဇ္ဇာသည် ဘယ်တရားကြောင့် ဖြစ်ပါသနည်း။ အိုခြင်း၊ သေခြင်း၊ တွေဝေ မိန်းမောခြင်းသည် မပြတ်နှိပ်စက်အပ်ကုန်သော သတ္တဝါတို့အား အာသဝေါတရား တို့သည် ပွားများ၍ ဖြစ်ကုန်၏။ ၎င်း အာသဝေါတရားတို့၏ ပွားများ၍ ဖြစ်ခြင်း ကြောင့် အဝိဇ္ဇာဖြစ်သည်။

ဘာကို သင်္ခါရခေါ်ပါသနည်း။ ဝိပါက် နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့ကို ဇနကသတ္တိဖြင့် ပြုပြင်တတ်၊ ဖြစ်စေတတ်၊ စေ့ဆော်တတ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာတို့ကို သင်္ခါရခေါ်သည်။

လောကုတ္တရာ၌ ဖြစ်သော စေတနာသည် ဝဋ်၏အမြစ်ကို ဖြတ်တတ် သောကြောင့် သင်္ခါရသို့ ထည့်သွင်း၍ မယူအပ်။ ၎င်းလောကီကုသိုလ်, အကုသိုလ်

စေတနာဟု ဆိုအပ်သော သင်္ခါရသည် အဝိဇ္ဇာကြောင့်ဖြစ်သည်ဟု မှတ်။ ၎င်း အဝိဇ္ဇာကြောင့် ဖြစ်သော လောကီကုသိုလ်, အကုသိုလ် ၂၉-ခု တို့တွင် မဟာကုသိုလ်ရှစ်ခု၊ ရူပကုသိုလ်ငါးခုတို့၌ ယှဉ်သော စေတနာသည် ပုညာဘိသင်္ခါရ မည်၏။ အကုသိုလ်စိတ်ဒွါဒသ၌ ယှဉ်သော စေတနာသည် အပုညာဘိသင်္ခါရ မည်၏။ အရူပကုသိုလ် လေးခု၌ ယှဉ်သော စေတနာသည် အာနေဉ္ဇာဘိသင်္ခါရ မည်၏။ ပုညာဘိသင်္ခါရဟု ဆိုအပ်သော ကာမာဝစရကုသိုလ် စေတနာသည် ကာယဝိညတ်ကို ဖြစ်စေ၍ ကာယဒွါရ၌ ဖြစ်သောအခါ ကာယသဉ္စေတနာ ခေါ်သည်။ ၎င်းစေတနာသည် ဝစီဝိညတ်ကိုဖြစ်စေ၍ ဝစီဒွါရ၌ ဖြစ်သောအခါ ဝစီသဉ္စေတနာ ခေါ်သည်။ ကာယဝိညတ်၊ ဝစီဝိညတ်ကို မဖြစ်စေမူ၍ မနောဒွါရ၌ ဖြစ်သောအခါ မနောသဉ္စေတနာ ခေါ်သည်။

ကာမာဝစရကုသိုလ် စေတနာသည် ကာယဒုစရိုက်မှ ရှောင်ကြဉ်၍ ကာယဒွါရ၌ ဖြစ်သောအခါ ကာယသင်္ခါရ ခေါ်သည်။ ၎င်းစေတနာသည် ဝစီဒုစရိုက်မှ ရှောင်ကြဉ်၍ ဝစီဒွါရ၌ ဖြစ်သောအခါ ဝစီသင်္ခါရ ခေါ်သည်။ ထိုဝိညတ်နှစ်ပါးကို ကြဉ်၍ မနောဒွါရ၌ ဖြစ်သောအခါ စိတ္တသင်္ခါရ ခေါ်သည်။

အပုညာဘိသင်္ခါရဟု ဆိုအပ်သော အကုသိုလ်စေတနာ၌လည်း ကာယသဉ္စေတနာ၊ ဝစီသဉ္စေတနာ၊ မနောသဉ္စေတနာ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟု ၎င်းနည်းတူ ဝေဖန်ရမည်။

ရူပကုသိုလ် စေတနာ၊ အရူပကုသိုလ် စေတနာတို့၌ကား- စိတ္တသင်္ခါရ တစ်ပါးသာ ရသည်။ ၎င်းလောကီကုသိုလ်, အကုသိုလ် စေတနာဟု ဆိုအပ်သော သင်္ခါရကြောင့် ဖြစ်သော ဝိညာဉ်ဟူသည် အဘယ်နည်း။ ဘာကို ဝိညာဉ် ခေါ်ပါသနည်း။ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် ဧကူနဝီသဟု ဆိုအပ်သော ဝိညာဉ်။ ပဝတ္တိအခါ၌ လောကီဝိပါက် ဗာတ္တိံသဟု ဆိုအပ်သော ဝိညာဉ်။ ဝါ၊ ရသင့်ရထိုက်သည် အားလျော်စွာ ယူမှု လောကီစိတ် ဧကာသီတိဟု ဆိုအပ်သော ဝိညာဉ်၊ ၎င်းသုံးပါးကို ဝိညာဉ်ခေါ်သည်။

ဝိညာဏံ- အရမှာ ဘုံသုံးပါး၌ အစဉ်အပြတ် တစ်ပတ်ပတ်လည်၍ ဖြစ်သော ဝဋ်တရားကို ပြသော အရာဖြစ်၍ လောကုတ္တရာ ဝိညာဉ်ကို မယူမူ၍ လောကီစိတ် ဧကာသီတိကို ယူသင့်သည်။

၎င်းဝိညာဉ်သုံးပါးကြောင့်ဖြစ်သော နာမ်ရုပ်ဟူသည် အဘယ်နည်း။ ဘာကို နာမ်ရုပ်ခေါ်သနည်း။ ၎င်းပဋိသန္ဓေဝိညာဉ်စိတ်နှင့် ယှဉ်သော စေတသိက်ပဉ္စတိံသဟု

ဆိုအပ်သောနာမ်။ ၎င်းပဋိသန္ဓေဝိညာဉ်နှင့်တကွ ဖြစ်ခြင်းရှိသော ကမ္မဇရုပ်ဟု ဆိုအပ်သောရုပ်။ ပဝတ္တိအခါ၌ စေတသိက် ဒွေပဉ္စဝိညာဉ်၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော နာမ်ရုပ်ဖြစ်သည်။ ၎င်းစေတသိက်ရုပ်ကိုပင် နာမ်ရုပ်ခေါ်သည်။ အရူပဘုံ၌ အရူပပဋိသန္ဓေဝိညာဉ်နှင့် ယှဉ်သော စေတသိက်ပဉ္စတိံသဟု ဆိုအပ်သော နာမ် သက်သက် တစ်ပါးကိုသာ ယူ။

နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနဟူသည် အဘယ်နည်း။ ဘာကို သဠာယတန ခေါ်သနည်း။ ကာမဘုံ၌ဖြစ်အံ့၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတနဟု အဇ္ဈတ္တိကာယတန ခြောက်ပါး။ ရူပဘုံ၌ဖြစ်အံ့။ စက္ခာယတန၊ သောတာယတန၊ မနာယတနဟု သုံးပါး။ အရူပဘုံ၌ ဖြစ်အံ့ မနာယတနဟု တစ်ပါး၊ ၎င်းအဇ္ဈတ္တိကာယတန ခြောက်ပါးဖြစ်သည်။ ၎င်းခြောက်ပါးကိုပင် သဠာယတနခေါ်သည်။

သဠာယတနကြောင့်ဖြစ်သော ဖဿဟူသည် အဘယ်နည်း။ ဘာကို ဖဿ ခေါ်သနည်း။ (နောက်အနက်ရေးသောအခါ ထင်ရှားစွာ ပါလတ္တံ့။)

ဖဿကြောင့်ဖြစ်သော ဝေဒနာဟူသည် အဘယ်နည်း။ ဘာကို ဝေဒနာခေါ်သနည်း။ (နောက် အနက်ရေးသောအခါ ထင်ရှားစွာ ဖြစ်လတ္တံ့။)

ဝေဒနာကြောင့်ဖြစ်သော တဏှာဟူသည် အဘယ်နည်း။ ဘာကို တဏှာခေါ်သနည်း။ ကာမဘုံ၌ဖြစ်အံ့။ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာဟု ခြောက်ပါး။ ရူပဘုံ၌ဖြစ်အံ့။ ရူပတဏှာ၊ သဒ္ဒတဏှာ ဓမ္မတဏှာဟု သုံးပါး။ အရူပဘုံ၌ဖြစ်အံ့။ ဓမ္မတဏှာဟု တစ်ပါး။ ၎င်းခြောက်ပါး ဖြစ်သည်။ ၎င်းခြောက်ပါးကိုပင် တဏှာခေါ်သည်။ တဏှာကြောင့် ဖြစ်သော ဓမ္မာရုံမှာ လောကုတ္တရာစိတ် ၈-ခု မပါဟု မှတ်ရမည်။

၎င်းခြောက်ပါးသော တဏှာတို့တွင် ရူပတဏှာ၌ စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်သော ရူပါရုံကို သာယာသည်၏အစွမ်းဖြင့် ဖြစ်သောတဏှာသည်, ဝါ၊ ကာမဂုဏ်ငါးပါး၌ တပ်တတ်သော လောဘသည်။ ဝါ၊ ကာမဘဝကို တပ်တတ်သော လောဘသည် ကာမတဏှာမည်၏။ ထိုစက္ခုပသာဒအား ထင်ခြင်းသို့ ရောက်သော ရူပါရုံသည် မြဲသောအားဖြင့် ဖြစ်၏ဟုယူသော သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော တဏှာသည်, ဝါ၊ သဿတဒိဋ္ဌိနှင့်ယှဉ်၍ ဘဝကို တပ်တတ် လောဘသည် ဘဝတဏှာမည်၏။ ထိုစက္ခုပသာဒအား ထင်ခြင်းသို့ရောက်သော ရူပါရုံသည် ပြတ်သောအားဖြင့် ဖြစ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော

တဏှာသည်, ဝါ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်၍ ဘဝကို တပ်တတ်သော လောဘသည် ဝိဘဝတဏှာမည်၏။ (ဤသို့သောနည်းဖြင့် သဒ္ဒတဏှာ စသည်တို့၌လည်း ဤနည်းကို မှီး၍ သုံးပါးစီ ယူလေ။)

အာရုံခြောက်ပါးတို့တွင် အာရုံတစ်ပါး တစ်ပါး၌ တဏှာသုံးပါးစီ ရကောင်းသောကြောင့် အာရုံခြောက်ပါးကို တည်၊ တဏှာသုံးပါးနှင့် မြှောက် ၁၈–ဖြစ်၏။ ၎င်း ၁၈–ပါးတို့ကို သန္တာန်နှစ်ပါးနှင့် မြှောက်၊ ၃၆–ဖြစ်၏။ ၎င်း ၃၆–ကို တည်၊ ကာလသုံးပါးနှင့် မြှောက်၊ တဏှာအစစ် ၁၀၈–ဖြစ်၏။

တဏှာကြောင့်ဖြစ်သော ဥပါဒါန်ဟူသည် အဘယ်နည်း။ ဘာကို ဥပါဒါန် ခေါ်သနည်း။ ကာမဂုဏ်ငါးပါးတို့ကို တပ်ခြင်းလက္ခဏာရှိသော ကာမုပါဒါန်၊ အယူ၏ဖောက်ပြန်ခြင်း လက္ခဏာရှိသော ဒိဋ္ဌုပါဒါန်၊ နွား၏အကျင့်, ခွေး၏ အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်၏ဟု မှားသောအားဖြင့် စွဲလမ်းခြင်း လက္ခဏာ ရှိသော သီလဗ္ဗတုပါဒါန်၊ ခန္ဓာငါးပါးကို အစိုးရ၏ဟု စွဲလမ်းခြင်း လက္ခဏာရှိသော အတ္တဝါဒုပါဒါန်၊ ၎င်းလေးပါးသည် တဏှာကြောင့် ဖြစ်သည်။ ၎င်းလေးပါးကိုပင် ဥပါဒါန်ခေါ်သည်။ ၎င်းကို အဘယ်ကြောင့် ဥပါဒါန်ခေါ်ပါသနည်း။ မြွေသည် ဖားကို မြဲစွာ ဖမ်းသကဲ့သို့ ၎င်းလေးပါးသည် အာရုံကို မြဲစွာယူတတ်သောကြောင့် ဥပါဒါန်ခေါ်သည်။ တဏှာနှင့် ဥပါဒါန်သည် ဘယ်သို့ထူးပါသနည်း။ မိမိ အလိုရှိအပ်သော မိမိထံသို့ မရောက်သေးသော အာရုံကို အနည်းငယ်တောင့်တ၍ အဖန်တလဲလဲ ရှာမှီးကြောင်းဖြစ်သော ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၏ အကြောင်းဖြစ်သော အားနည်းသော လောဘ တဏှာသည် တဏှာမည်၏။ အလိုရှိအပ်သော ဝတ္ထုကို ရှာမှီး၍ရသော မိမိထံသို့ ရောက်သော အာရုံကို အားကြီးစွာ စွဲလမ်း၍ စောင့်ရှောက်ကြောင်းဖြစ်သော ကာယိကဒုက္ခ စေတသိက ဒုက္ခ၏ အကြောင်းဖြစ်သော အားကြီးသော လောဘသည် ဥပါဒါန်မည်၏။ ဤသို့ ထူးသည်ဟု မှတ်။

ဥပါဒါန်ကြောင့်ဖြစ်သော ဘဝဟူသည် အဘယ်နည်း။ ဘာကို ဘဝခေါ် သနည်း။ ဘဝသည် ကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်ပါးရှိသည်။ လောကီကုသိုလ်, အကုသိုလ် ၂၉–ခု၌ ရှိသော စေတနာ ၂၉–ခုကို ကမ္မဘဝခေါ်သည်။ လောကီ ဝိပါက်ဗာတ္တိံ သ၊ စေတသိက် ပဥ္စတိံ သ၊ ကမ္မဇရုပ်ဝိသကို ဥပပတ္တိဘဝခေါ်သည်။ ဥပါဒါန်ကြောင့်ဖြစ်သော ကမ္မဘဝနှင့် ဥပပတ္တိဘဝ နှစ်ပါးသည် ဘယ်လိုဖြစ်ပါ သနည်း။ ကာမဂုဏ်ချမ်းသာကို ခံစားအံ့ဟု နှလုံးပြု၍ ကာမုပါဒါန်ဟူသော

အကြောင်းကြောင့် ဒုစရိုက်ကို ပြုကျင့်၍ အပါယ်ဘုံ၌ ဖြစ်အံ့။ အပါယ်ဘုံသို့ ရောက်ကြောင်းဖြစ်သော အကုသိုလ်ကံသည် ကမ္မဘဝ မည်၏။ ၎င်းကံကြောင့် ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့သည် ဥပပတ္တိဘဝ မည်ကုန်၏။

လူ့ပြည်၊ နတ်ပြည်တို့၌ ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားအံ့ဟု နှလုံးပြု၍ ကာမုပါဒါန်ဟူသော အကြောင်းကြောင့် သုစရိုက်ကို ပြုကျင့်၍ လူ့ပြည် နတ်ပြည်တို့၌ ဖြစ်အံ့။ ၎င်းလူ့ပြည်၊ နတ်ပြည်သို့ ရောက်ကြောင်း ဖြစ်သော ကာမာဝစရ ကုသိုလ်ကံသည် ကမ္မဘဝမည်၏။ ၎င်းကံကြောင့် ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့သည် ဥပပတ္တိဘဝ မည်ကုန်၏။

ရူပဗြဟ္မာဘုံဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားအံ့ဟု နှလုံးပြု၍ ကာမု-ပါဒါန်ဟူသော အကြောင်းကြောင့် ဗြဟ္မဝိဟာရ လေးပါးကို ပွား၍ ရူပဗြဟ္မာဘုံ၌ ဖြစ်အံ့။ ၎င်းဘုံသို့ ရောက်ကြောင်းဖြစ်သော ရူပကုသိုလ်ကံသည် ကမ္မဘဝ မည်၏။ ၎င်းကံကြောင့်ဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့သည် ဥပပတ္တိဘဝ မည်ကုန်၏။

အရူပဘုံ၌ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားအံ့ဟု နှလုံးပြု၍ ကာမုပါဒါန် ဟူသော အကြောင်းကြောင့် အာကာသာနဉ္စာယတန စသော သမာပတ်ကို ပွား၍ အရူပဘုံ၌ ဖြစ်အံ့။ ၎င်းဘုံသို့ ရောက်ကြောင်းဖြစ်သော အရူပကုသိုလ်ကံသည် ကမ္မဘဝမည်၏။ ၎င်းကံကြောင့် ဖြစ်သော ဝိပါက် နာမက္ခန္ဓာသည် ဥပပတ္တိဘဝ မည်၏။ ဤကဲ့သို့သော ကမ္မဘဝနှင့် ဥပပတ္တိဘဝနှစ်ပါး ဖြစ်သည်ဟု မှတ်။

ကြွင်းဥပါဒါန် သုံးပါးမှာ ၎င်းနည်းကို မှီ၍ သိလောက်ပြီ၊ ဥပပတ္တိ ဘဝသည် အပြားမရှိ နိဘေဒ မဟုတ်။ သဘေဒ၏အရ အဘယ်မျှ အပြားရှိသနည်း။ ကာမဝိပါက် တေဝီသ၊ အညသမာန်းရာသိ, သောဘဏာရာသိ နှစ်စုပေါင်း ၃၈-တွင် ဝိရတီ စေတသိက် ၃-ခု၊ အပ္ပမညာ ၂ခုသည် ကြဉ်အပ်သော စေတသိက် တေတ္တိံသ၊ ကမ္မဇရုပ် ဝီသသည် ကာမဘဝ မည်၏။

ရူပဝိပါက် ငါးခု၊ စက္ခုဝိညာဉ် ၂ခု၊ သောတဝိညာဉ် ၂ခု၊ သမ္ပဋိစ္ဆိုန် ၂ခု၊ သန္တီရဏ သုံးခု၊ စေတသိက် ပဉ္စတိံသ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိဘော၊ ပုမ္ဘောကြဉ်သော ကမ္မဇရုပ်ပန္နရသသည် ရူပဘဝ မည်၏။

အရူပဝိပါက် လေးခု၊ စေတသိက် တိံသသည် အရူပဘဝ မည်၏။

နေဝသညာနာသညာယတန ဝိပါက်ကြဉ်သော လောကီဝိပါက်စိတ် ကေတိံသ၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇရုပ်ဝီသသည် သညီဘဝ မည်၏။

ဇီဝိတဆက္က၊ ဇီဝိတနဝက ကလာပ်ရုပ်သည် အသညီဘဝ မည်၏။

နေဝသညာနာ သညာယတနဝိပါက်စိတ် တစ်ခု၊ စေတသိက်တိံ သသည် နေဝသညီနာသညီဘဝ မည်၏။

ဇီဝိတဆက္က၊ ဇီဝိတနဝကကလာပ် အသညသတ် ပဋိသန္ဓေသည် ဧက ဝေါကာရ ဘဝမည်၏။

အရူပဝိပါက် လေးခု၊ စေတသိက်တိံ သသည် စတုဝေါကာရဘဝ မည်၏။

ကာမဝိပါက်တေဝီသ၊ ရူပဝိပါက် ငါးခု၊ စေတသိက်ပဉ္စတိံ သ။ ကမ္မဇရုပ် ဝီသသည် ပဉ္စဝေါကာရဘဝ မည်၏။

"ဝိနိပါတိကာ၊ အသူရာ၊ လူ့ရွာ, နတ်ပြည်ဘုံတစ်ဝ။ နာနတ္တကာယ နာနတ္တသညီ" ဟူသော လင်္ကာသံပေါက်အရ ဝိနိပါတိက ပြိတ္တာ၊ အသူရာ၊ လူ၊ နတ်တို့သည် ကိုယ်အဆင်းသဏ္ဌာန် ထူးထွေခြင်း ၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တစ်ခု၊ မဟာဝိပါက်စိတ် ရှစ်ခုအားဖြင့် ထူးထွေများပြား ကိုးပါးသော ပဋိသန္ဓေသညာ ရှိခြင်းကြောင့် နာနတ္တကာယ နာနတ္တသညီ မည်၏။

"ပထမဈာန်၊ ပါယ်လေးတန်၊ အမှန်တစ်ဌာန်၊ နာနတ္တကာယ ဧကတ္တသညီ" ဟူသော လင်္ကာသံပေါက်အရ ပထမဈာန်သုံးဘုံ၊ ဗြဟ္မာတို့သည် ခန္ဓာကိုယ်၏ အကြီး, အငယ် အရွယ်၏ ထူးထွေခြင်း ပထမ ဈာန်ဝိပါက်တည်းဟူသော တစ်ခုသော ပဋိသန္ဓေ သညာရှိခြင်း၊ အပါယ်လေးဘုံသားတို့သည် ကိုယ်အဆင်း ထူးထွေခြင်း၊ အကုသလဝိပါက် ဥပေက္ခာသန္တီရဏတည်းဟူသော တစ်ခုသော ပဋိသန္ဓေ သညာရှိခြင်းကြောင့် နာနတ္တကာယ ဧကတ္တသညီ မည်၏။

"ဒုတိယဈာန်ဘုံ၊ အလုံးစုံ၊ ယူတုံတဝ၊ နိယတ။ ဧကတ္တကာယ နာနတ္တသညီ" ဟူသော လင်္ကာသံပေါက်အရ ဒုတိယဈာန် ဗြဟ္မာတို့သည် ခန္ဓာကိုယ်၏ အကြီး,အငယ်မရှိ၊ တူမျှခြင်း၊ ဒုတိယဈာန်၊ တတိယ ဈာန်ဝိပါက် တည်းဟူသော နှစ်ပါးသော ပဋိသန္ဓေသညာ ရှိခြင်းကြောင့် ဧကတ္တကာယ နာနတ္တသညီ မည်၏။

"တတိယ ဝေဟပ္ဖလာ၊ သုဒ္ဓါဝါသ၊ ဘုံတစ်ဝ၊ ဧကတ္တကာယ ဧကတ္တသညီ" ဟူသော လင်္ကာသံပေါက်အရ တတိယဈာန်သုံးဘုံ ဗြဟ္မာတို့သည် ခန္ဓာကိုယ် အကြီး,အငယ်မရှိ၊ တူမျှခြင်း၊ စတုတ္ထဈာန်ဝိပါက်တည် ဟူသော တစ်ခုသော ပဋိသန္ဓေ သညာရှိခြင်း၊ ဝေဟပ္ဖိုလ်ဘုံဗြဟ္မာ၊ သုဒ္ဓါဝါသဗြဟ္မာတို့သည် ခန္ဓာကိုယ်

အကြီးအငယ်မရှိ တူမျှခြင်း။ ပဋ္ဌမဈာန်ဝိပါက်တည်းဟူသော တစ်ခုသော ပဋိသန္ဓေ သညာရှိခြင်းတို့ကြောင့် ဧကတ္တကာယ ဧကတ္တသညီ မည်ကုန်၏။

"အသညသတ်မှာ၊ ဗြဟ္မာရွာ၊ ယူရာတစ်ဝ၊ မြဲမှုချ။ ဧကတ္တကာယ သညီ–နတ္ထိ"ဟူသော လင်္ကာသံပေါက်အရ အသညသတ်ဘုံ ဗြဟ္မာတို့သည် စိတ်တည်းဟူသော သညာသည် အခါခပ်သိမ်း မရှိခြင်းကြောင့် အသညီမည်ကုန်၏။

"အရူပဘုံ၊ အလုံးစုံ၊ ယှုတုံပစ္စေက၊ ဧကတ္တသညီ" ဟူသော လင်္ကာသံပေါက် အရ ပထမအရူပဘုံဗြဟ္မာတို့သည် အာကာသာနဉ္စာယတနဘုံသို့ ပဋိသန္ဓေအားဖြင့် တပ်တတ်သောကြောင့်၊ ဝါ၊ ကပ်တတ်သောကြောင့် အာကာသာနဉ္စာယတနူပဂ မည်ကုန်၏။

ဒုတိယအရူပဘုံ ဗြဟ္မာတို့သည် ဝိညာနဉ္စာယတနဘုံသို့ ပဋိသန္ဓေအားဖြင့် တပ်တတ်, ကပ်တတ်သောကြောင့် ဝိညာနဉ္စာယတနူပဂ မည်ကုန်၏။

တတိယအရူပဘုံ ဗြဟ္မာတို့သည် အာကိဉ္စညာယတနဘုံသို့ ပဋိသန္ဓေ အားဖြင့် တပ်တတ်, ကပ်တတ်သောကြောင့် အာကိဉ္စညာယတနူပဂ မည်ကုန်၏။

စတုတ္ထအရူပဘုံ ဗြဟ္မာတို့သည် နေဝသညာနာသညာယတနဘုံသို့ ပဋိသန္ဓေ အားဖြင့် တပ်တတ်, ကပ်တတ်သောကြောင့် နေဝသညာနာသညာယ–တနူပဂ မည်ကုန်၏။

(၁) နာနတ္တကာယ နာနတ္တသညီ၊ (၂) နာနတ္တကာယ ဧကတ္တသညီ၊ (၃) ဧကတ္တကာယ နာနတ္တသညီ၊ (၄) ဧကတ္တကာယ ဧကတ္တသညီ၊ (၅) အာကာသာနဉ္စာယတန ဧကတ္တသညီ၊ (၆) ဝိညာနဉ္စာယတန ဧကတ္တသညီ၊ (၇) အာကိဉ္စညာယတန ဧကတ္တသညီ။ ။သတ္တဝိညာဏဋ္ဌိတိ ခုနစ်ပါးအရ မှတ်။

သင်္ခါရနှင့် ကမ္မဘဝ တရားကိုယ် အတူတူ။ ဘယ်သို့ ထူးပါသနည်း။ အတိတ်ကာလ၌ ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာကို၊ (ဝါ) ပစ္စုပ္ပန်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော စေတနာကို သင်္ခါရ၊ ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာကို (ဝါ) အနာဂတ်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော စေတနာကို ကမ္မဘဝ။ ဤကဲ့သို့ ကာလအားဖြင့် ထူးသည်ဟု မှတ်။

ကမ္မဘဝကြောင့်ဖြစ်သော ဇာတိဟူသည် အဘယ်နည်း။ ဘာကို ဇာတိခေါ် ပါသနည်း။ ၎င်းကမ္မဘဝကြောင့်ဖြစ်သော ဇာတိဟူသည်ကား အဏ္ဍဇ အဥပဋိသန္ဓေ၊ ဇလာဗုဇ မိဘနှစ်ပါးတို့၏ သုက်သွေးကို အကြောင်းပြု၍ ဖြစ်သော ကလလ ရေကြည် ပဋိသန္ဓေ၊ သံသေဒဇ–ပန်း၊ သစ်ပင်၊ အပုပ်အညှီ စသည်တို့ကို မှီစွဲ၍

တဖြည်းဖြည်းကြီးရသော ပဋိသန္ဓေ၊ ဩပပါတိက ၁၅–နှစ်ရွယ်၊ ၁၆–နှစ်ရွယ် ကိုယ်ထင်ဖြစ်သော ပဋိသန္ဓေ လေးပါးဟု ဆိုအပ်သော ဇာတိသည် ဖြစ်၏။

ထိုထိုကာမ ရူပ အရူပသတ္တဝါတို့အား ထိုထိုဂတိစသည်တို့၌ ရှေးဦးစွာ ဖြစ်၍ ခန္ဓာငါးပါးဟုဆိုအပ်သော အတ္တဘောကို ရခြင်းသည်၊ (ဝါ) ခန္ဓာငါးပါး၏ သဘောသည် ဇာတိမည်၏။ (ဝါ) ဇာတိခေါ်သည်။ ၎င်းဇာတိသည် ရုပ်၏ ဇာတိ၊ နာမ်၏ ဇာတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နိပ္ဖန္နရုပ်တို့၏ ဖြစ်ဆဲသည် ရုပ်၏ဇာတိမည်၏။ နာမက္ခန္ဓာ၀ ေရးလေးပါးတို့၏ ဖြစ်ဆဲသည် နာမ်၏ဇာတိမည်၏။

ဝိညာဉ်နှင့် ဇာတိ ဘယ်သို့ထူးပါသနည်း။ ယခု ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ပဋိသန္ဓေသည် ဝိညာဉ်မည်၏။ နောက်နေလတ္တံ့သော အနာဂတ်၌ဖြစ်သော ပဋိသန္ဓေသည် ဇာတိမည်၏။ ဤသို့ ကာလအားဖြင့် ထူးသည်ဟု မှတ်ရမည်။

ဘာကို ပဋိသန္ဓေခေါ်ပါသနည်း။ အတိတ်ဖြစ်သော ဥပပတ္တိဘဝနှင့် ပစ္စုပ္ပန်ဖြစ်သော ဥပပတ္တိဘဝ၊ ၎င်းဘဝနှစ်ပါးကို တစ်စပ်တည်းကဲ့သို့ စပ်တတ်သော၊ (ဝါ) စုတိနှင့် ပဋိသန္ဓေအကြားကို ဘဝတစ်ပါး မခြားမူ၍ စပ်တတ်သော ပဋိသန္ဓေစိတ္တုပ္ပါဒ်ဟု ဆိုအပ်သော ဝိညာဉ်၊ ဥပါဒ်လာ ဖြစ်လာသည်ကို အစပ် ခေါ်သည်။ ၎င်းအစပ်ကိုပင် ပဋိသန္ဓေနေသည်၊ ပဋိသန္ဓေတည်သည်ဟု ဆိုသည်။ ၎င်းနေသည်၊ တည်သည်ကို ပဋိသန္ဓေခေါ်သည်။ ဘယ်အခါ ပဋိသန္ဓေစိတ် ဖြစ်သနည်း။ စုတိစိတ်နှင့် ဘဝင်စိတ်အကြား ပဋိသန္ဓေစိတ် ဖြစ်သည်။

ဘာကို စုတိခေါ်သနည်း။ ကမ္မဘဝသည် ဖြစ်စေအပ်သော ပစ္စုပ္ပန် ဥပပတ္တိဘဝမှ စုတေရွေ့လျောခြင်းကိုလည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၏ အဆုံးကို လည်းကောင်း၊ အဆုံးစွန်ဖြစ်သော စိတ်ကိုလည်းကောင်း စုတိဟု ခေါ်သည်။

ဘယ်ကာလက ဘယ်ကာလထိကို ပစ္စုပ္ပန်ကာလခေါ်သနည်း။ ပဋိသန္ဓေမှ စ၍ စုတိ၏ အနန္တရကို ပစ္စုပ္ပန်ကာလ ခေါ်သည်။ ဘယ်အခါ စုတိစိတ်ဖြစ် သနည်း။ မရဏာသန္နပဉ္စမဇောနှင့် ပဋိသန္ဓေအကြား၊ တဒါရုံနှင့် ပဋိသန္ဓေ အကြား၊ ဘဝနှင့် ပဋိသန္ဓေအကြား ၎င်းအကြားသုံးပါးတို့၌ စုတိစိတ်ဖြစ်သည်။

ဘယ်အခါဖြစ်သောစိတ်ကို ပဋိသန္ဓေစိတ် ခေါ်သနည်း။ တစ်ခုသောဘဝ၌ ရှေးဦးစွာဖြစ်သောစိတ်ကို ပဋိသန္ဓေစိတ်ခေါ်သည်။

ဇာတိကြောင့်ဖြစ်သော ဇရာမရဏဟူသည် အဘယ်နည်း။ တစ်ခုသောဘဝ၌ ဖြစ်သော အတ္တဘော၏၊ (ဝါ) ခန္ဓာငါးပါး၏ ဟောင်းနွမ်းရင့်ရော် ဆွေးမြည့်သည်

၏ အဖြစ်သည် ဇရာမည်၏။ ၎င်းဇရာသည် ရုပ်၏ဇရာ၊ နာမ်၏ဇရာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နိပ္ဖန္နရုပ်တို့၏ ရင့်ခြင်း၊ ဖောက်ပြန်ခြင်းကြောင့် ဖြစ်သော သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း စသည်တို့ကို မြင်၍ သိအပ်သောကြောင့် ပါကဋဇရာမည်၏။ နာမက္ခန္ဓာ လေးပါးတို့၏ ရင့်ခြင်း၊ ဖောက်ပြန်ခြင်းတို့ကို မြင်၍ မသိအပ်သောကြောင့် ပဋိစ္ဆန္နဇရာမည်၏။ ၎င်းအိုခြင်း ဇရာနှစ်ပါးဖြစ်သည်။

ပဋိသန္ဓေနေသည်မှ စ၍ စုတိတိုင်အောင် တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သော အတ္တဘော၏ အဆုံးဖြစ်သော ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းသည် မရဏမည်၏။ ၎င်းမရဏသည် ရုပ်၏မရဏ၊ နာမ်၏မရဏအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နိပ္ဖန္နရုပ်တို့၏ ပျက်ခြင်း၊ (ဝါ) ရူပက္ခန္ဓာ၏ ပျက်ခြင်းသည် ရုပ်၏မရဏမည်၏။ နာမက္ခန္ဓာ လေးပါးတို့၏ ပျက်ခြင်းသည် နာမ်၏မရဏမည်၏။ ၎င်းသေခြင်းမရဏ နှစ်ပါးဖြစ်သည်။

၎င်းဇီဝိတိန္ဒြေ၏ ပြတ်ခြင်း၊ ပျက်စီးခြင်းဟု ဆိုအပ်သော မရဏသည် အာယုက္ခယမရဏ၊ ကမ္မက္ခယမရဏ၊ ဥဘယက္ခယမရဏ၊ ဥပစ္ဆေဒကမရဏအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ်ကို ဖြစ်စေတက်သော ဇနကကံ၏ အစွမ်းသတ္တိအဟုန် ကံမကုန်သော်လည်း ပိုင်းခြားအပ်သော အသက်တမ်းကုန်၍၊ (ဝါ) အသက်တမ်းစေ့၍သေရခြင်းသည် အာယုက္ခယမရဏ မည်၏။ ပိုင်းခြားအပ်သော အသက်တမ်းကလည်း ရှိသေး၏။ ဇနကကံ၏ အစွမ်းသတ္တိအဟုန် ကံကုန်၍ အစိတ်ရွယ်၊ သုံးဆယ်ရွယ်ဖြင့် သေရခြင်းသည် ကမ္မက္ခယမရဏမည်၏။ ပိုင်းခြားအပ်သော အသက်တမ်း၏ ကုန်ခြင်း၊ ဇနကကံ၏ အစွမ်းသတ္တိအဟုန် ကံ၏ကုန်ခြင်း၊ ၎င်းအသက်, ကံ နှစ်ပါးကုန်၍ သေရခြင်းသည် ဥဘယက္ခယမရဏမည်၏။ ပိုင်းခြားအပ်သော အသက်တမ်းကလည်း ရှိသေး၏။ ဇနကကံ၏ အစွမ်းသတ္တိအဟုန် ကံကလည်း ရှိသေး၏။ ထိုသို့ အသက်, ကံနှစ်ပါး ရှိငြားသော်လည်း ရှေးဘဝ ဥပစ္ဆေဒကကံ၏ အစွမ်းသတ္တိကြောင့် ဓားလက်နက်တို့ဖြင့် ခုတ်ဖြတ်၍ သေရခြင်း၊ ရေနစ်၍ သေရခြင်း၊ သစ်ပင်မှ ကျ၍ သေရခြင်းသည်လည်းကောင်း၊ ကလာဗုမင်းကဲ့သို့ မြတ်သော ပုဂ္ဂိုလ်တို့၌ လွန်ကျူးပြစ်မှားခြင်း၊ ဘုရား အစရှိသော ပုဂ္ဂိုလ်တို့၌ လွန်ကျူးပြစ်မှားခြင်းကြောင့် မျက်မှောက်သောဘဝ၊ ဥပစ္ဆေဒက ကံကြောင့် လွန်ကျူးဆဲ ခဏ၌ သေခြင်းသည်လည်းကောင်း ဥပစ္ဆေဒက မရဏ မည်၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန်ပြုခြင်း

သည် ဝဋ္ဋသမုစ္ဆေဒ မရဏာမည်၏။ စိတ် စေတသိက် ရုပ်တို့၏ ဘင်သည် ခဏိက မရဏာ မည်၏။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ လူ၊ ဘုမ္မဇိုးနတ်တို့၌သာ ဥပစ္ဆေဒကကံကြောင့် သေ၏။ ငရဲ၊ မြောက်ကျွန်းသူ၊ အထက်နတ်တို့အား ဥပစ္ဆေဒကကံကြောင့် သေခြင်းမရှိ။

ဤအာယုက္ခယ စသော လေးပါးသော အကြောင်းတို့ကြောင့် သေကုန်သော သတ္တဝါတို့အား သေခါနီး ကာလ၌ ငါးပါးသော ဂတိတို့တွင် တစ်ပါးပါးသော ဂတိ၌ ဖြစ်ရ သွားရလတ္တံ့သော သတ္တဝါတို့အားလျော်စွာ သေခါနီးအခါ ရှေးရှုဖြစ်၍ ဘာများ ထင်လာသနည်း။

ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။

ဟု အဘိဓမ္မတ္ထလက်သန်း အဋ္ဌကထာကျမ်း၌ လာသောကြောင့် ထိုထိုသို့သော ငါးပါးသော ဂတိဘဝတို့၌ ဖြစ်လတ္တံ့ကုန်သော သတ္တဝါတို့အားလျော်စွာ ကံ–ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသည် ဒွါရခြောက်ပါးတို့တွင် တစ်ပါးပါးသော ဒွါရ၌ ထင်၍ ဘဝတစ်ပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံ၏ အစွမ်းကြောင့် ကမ္မနိမိတ်၊ ဂတိနိမိတ်တည်းဟူသော အာရုံသည် သေခါနီးကာလ၌ ရှေးရှုပြု၍ ကံကြောင့် ထင်လာ မြင်လာ၏။

ကမ္မဗလေန၊ ဘဝတစ်ပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံ၏ အစွမ်းကြောင့်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဒွါရာနံ၊ ဒွါရတို့တွင်။ အညတရသ္မိံ၊ အမှတ်မရှိ တစ်ခုခုသော ဒွါရ၌။ ပစ္စုပဋ္ဌာတိ၊ အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်၏။

အလုံးစုံသော ဒွါရသည် အလုံးစုံသော ပဋိသန္ဓေ၏ ဒွါရဖြစ်နိုင်သလား။ ကာမဘုံသို့ သွားကုန်သော သတ္တဝါတို့၏ ကာမပဋိသန္ဓေသည် ဒွါရခြောက်ပါးလုံး၌ဖြစ်၏။ ရူပ, အရူပဘုံသို့ သွားကုန်သော သတ္တဝါတို့၏ ပဋိသန္ဓေသည် မနောဒွါရ၌သာ ဖြစ်၏။ ဤသို့ ထိုက်သည်အားလျော်စွာ ဖြစ်သည်ဟု မှတ်ရမည်။

နိမိတ်သုံးပါးတွင် သေခါနီးကာလ၌ အဖန်တလဲလဲရှေးရှုဖြစ်၍ ထင်လာသော ကံဟူသည် အဘယ်ကံပါနည်း။

ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ။

ဟု ၎င်း၌ လာသောကြောင့် သေခါနီးကာလ၌ ထင်သော ကံဟူသည် ဘဝတစ်ပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော အတိတ်ဖြစ်သော၊ ရှေးအခါ ကာလက ပြုအပ်ဆည်းပူးအပ်သော လောကီကုသိုလ်, အကုသိုလ်စေတနာဟု ဆိုအပ်သော ကံပင်

မှတ်ရမည်။ ၎င်းကံက မနောဒွါရ၌ ရှေးရှုဖြစ်၍ ထင်စေ၏။ ၎င်းကံသည် အာရုံအားဖြင့် ဓမ္မာရုံ၊ ကာလအားဖြင့် အတိတ်ကာလ၊ ဒွါရအားဖြင့် မနောဒွါရ၌သာ ဖြစ်ကြောင်းကို–

ကမ္မံ ပန အတီတမေဝ တဉ္စ မနောဒွါရဂ္ဂဟိတံ။

ဟု ၎င်းကျမ်း၌ လာသည်။

ကမ္မံ ပန၊ ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည် ကား။ အတီတမေဝ၊ အတိတ်သာလျှင်တည်း။ တဉ္စ၊ ထိုအတိတ်ဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံကိုလည်း။ မနောဒွါရဂ္ဂဟိတံ၊ မနောဒွါရဖြင့် ယူအပ်၏။

ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်၊ ဂတိနိမိတ် နှစ်ပါးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ပင် အသစ်ပြုသည်၏ အစွမ်းဖြင့် ဒွါရသို့ ရောက်နိုင်, ထင်နိုင်ပါသလော။ ကံသည်သာ အတိတ်ဖြစ်သောကြောင့် မိမိကိုယ်ကို အသစ်တစ်ဖန်ပြုသည်၏ အစွမ်းဖြင့် ဒွါရသို့ ရောက်နိုင်သည်။ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်၊ ဂတိနိမိတ် နှစ်ပါးတို့မှာ မိမိတို့၏ ပစ္စုပ္ပန်ဖြစ်သောကြောင့် ပကတိအတိုင်းပင် မနောဒွါရ၌ ထင်ခြင်းသို့ ရောက်နိုင်သည်။ အသစ်ထင်ရှားစွာ ဖြစ်ဆဲဖြစ်၍ အသစ်တစ်ဖန် ပြုဖွယ်မရှိပြီ။

တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပတ္တံ ဟောတိ။

ဟု ၎င်း၌ လာသည်။

ပန၊ အထူးကို ဆိုဦးအံ့။ ဇနကဘူတံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သည် ဖြစ်၍ ဖြစ်သော။ တမေဝ ဝါ ကမ္မံ၊ ထိုအတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်ကံ၊ အတိတ်ပညတ်ဖြစ်သော ကုသိုလ်, အကုသိုလ် ကမ္မနိမိတ် ၎င်းနှစ်ပါးသည်ပင် လျှင်။ အဘိနဝကရဏဝသေန၊ သေခါနီးကာလ၌ ပြုအပ်သကဲ့သို့ မိမိကိုယ်ကို အသစ်ပြုသည်၏ အစွမ်းဖြင့်။ ဒွါရပတ္တံ၊ မနောဒွါရ၌ ထင်ခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

တမေဝ ဝါ ပန၌ ဧဝ–သဒ္ဒါဖြင့် ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်၊ ဂတိနိမိတ် တို့၏ မိမိတို့ကိုယ်ကို အသစ်ပြုသည်၏ အစွမ်းဖြင့် ဒွါရသို့ ရောက်ခြင်းကို ကန့်သည်။ ဝါ– သဒ္ဒါဖြင့် အတိတ်ပညတ်ဖြစ်သော ကမ္မနိမိတ်၏လည်း မိမိ ကိုယ်ကို အသစ်ပြုသည်၏ အစွမ်းဖြင့် ဒွါရသို့ ရောက်ခြင်းကို ဆည်းသည်။

သေခါနီးကာလ၌ ထင်သော ကမ္မနိမိတ် ဟူသည် အဘယ်နည်း။ ထို လောကီဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုသော ကာလ၌ ဖူးမြင် ပူဇော် အပ်သော စေတီ၊ ဘုရားဆင်းတု၊ ရဟန်း၊ နာအပ်သော တရား၊ သတ်အပ်သော နွား အစရှိသော အာရုံသည် ရေး၌ ရအပ်သော ဥပလဒ္ဓပုဗ္ဗ။ ပူဇော်ကြောင်း လှူဒါန်းကြောင်းဖြစ်သော ဆွမ်း၊ သင်္ကန်း၊ ထီး၊ တံခွန်၊ ပန်းမန်၊ သတ်ကြောင်း ဖြစ်သော ဓားလက်နက်အစရှိသော အာရုံသည် အဆောက်အဦဖြစ်သော ဥပကရဏ ဘူတဟု မှတ်။ ဝါ၊ ရှေး၌ ရအပ်သော အဆောက်အဦဖြစ်သော ရူပါရုံ အစ ရှိသော အာရုံခြောက်ပါးသည် ကမ္မနိမိတ်မည်၏။ ထိုသို့မည်ကြောင်းကို—

တံကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓပုဗ္ဗမုပကရဏဘူတဥ္စ ကမ္မနိမိတ္တံ ဝါ။

ဟု ၎င်း၌ လာသည်။

တံကမ္မ ကရဏကာလေ၊ ထိုလောကီဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံကို ပြုရာပြုကြောင်းဖြစ်သော ကာလ၌။ ဥပလဒ္ဓပုဗ္ဗဥ္စ၊ ရှေး၌ ရအပ်သည်လည်း ဖြစ်ထသော။ ဥပကရဏဘူတဥ္စ၊ အဆောက်အဦဖြစ်၍လည်း ဖြစ်ထသော။ ရူပါဒိကံ၊ ရူပါရုံအစရှိသော။ ကမ္မနိမိတ္တံဝါ၊ တုတ်, လှံတံ, ဓား, လှံ, လေး, မြား, ကျောင်း, ဘုရား, စေတီ, ဆွမ်း, သင်္ကန်း, ထီး, တံခွန်, ပန်မန် အစရှိသော ကမ္မနိမိတ်သည်လည်းကောင်း။

၎င်း ကမ္မနိမိတ်သည် အာရုံအားဖြင့် ခြောက်ပါး၊ ကာလအားဖြင့် ပစ္စုပ္ပန် အတိတ်၊ ပညတ်အားဖြင့် သုံးပါး၊ ဒွါရအားဖြင့် ခြောက်ဒွါရ၌ ထိုက်သည် အားလျော်စွာဖြစ်၏။

သေခါနီးကာလ၌ ထင်သော ဂတိနိမိတ် ဟူသည် အဘယ်နည်း။ အခြားမဲ့ ဖြစ်လတ္တံ့သော ဘဝ၌ ရအပ် သုံးဆောင်ခံစားအပ်သော ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံ၊ ခွေးနက်ကြီး၊ နတ်သမီး၊ ဗိမာန်၊ ဥယျာဉ်၊ ပဒေသာပင်၊ အမိဝမ်းရေ၊ ရေတွင်း၊ ရေကန် အစရှိသော အာရုံနှင့်တူသော ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည် ဂတိနိမိတ်မည်၏။

အနန္တရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗံ ဥပဘောဂဘူတဥ္စ ဂတိနိမိတ္တံ ဝါ။

အနန္တရမှုပ္ပစ္စမာနဘဝေ၊ အခြားမဲ့ ဖြစ်လတ္တံ့သော ဘဝ၌။ ဥပလဘိတဗ္ဗဋ္ဌ၊ ရအပ်သည်လည်း ဖြစ်ထသော။ ဥပဘောဂဘူတဋ္ဌ၊ သုံးဆောင်ခံစားအပ်သည်လည်း ဖြစ်ထသော။ ဂတိနိမိတ္တံဝါ၊ အမိဝမ်းရေ, ငရဲအိုး, ငရဲထိန်း, ငရဲမီးလျှံ, ခွေးနက်ကြီး, နတ်သမီး, ဗိမာန်, ပဒေသာပင် အစရှိသော ဂတိနိမိတ်သည်လည်းကောင်း အဖန်တလဲလဲ ရှေးရှုဖြစ်၍ မနောဒွါရ၌ ထင်၏။

အာရုံအားဖြင့် ပစ္စုပ္ပန်ရူပါရုံ၊ ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၊ ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်သည်။

သေခါနီးသော သတ္တဝါတို့အား ထိုသို့ အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်လာသော ကုသိုလ်, အကုသိုလ်ဟု ဆိုအပ်သော ဇနကကံ၊ တုတ်, လှံတံ စသော ကမ္မနိမိတ်၊ အမိဝမ်းရေ စသော ဂတိနိမိတ်၊ ၎င်းနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသော အာရုံကိုပင် အာရုံပြု၍ ကုသိုလ်ဇနကကံ အကျိုးပေးမည် ဖြစ်လျှင် မရဏာသန္နအခါ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဖြူစင်သန့်ရှင်းသော ကုသိုလ်ကမ္မနိမိတ်၊ ကုသိုလ် ဂတိနိမိတ်၊ ကုသိုလ် မရဏာသန္နဇောစိတ်သည် ဖြစ်၍ ထင်လာ၏။

အကုသိုလ်ဇနကကံ အကျိုးပေးမည်ဖြစ်လျှင် မရဏာသန္နအခါ ပဋိသန္ဓေကို ဖြစ်စေတတ်သော ညစ်နွမ်းသော အကုသိုလ် ကမ္မနိမိတ်၊ အကုသိုလ် ဂတိနိမိတ်၊ အကုသိုလ် မရဏာသန္နဇောစိတ်သည် ဖြစ်၍ ထင်လာ၏။

၎င်း နိမိတ်သုံးပါးဟု ဆိုအပ်သော မရဏာသန္န ကုသိုလ်, အကုသိုလ် ဇောနှစ်ပါးတို့သည် နှေးနှေးသေကုန်သော သတ္တဝါတို့အား ရအပ်, ခံစားအပ်သော ဘဝအားလျော်စွာ ထိုရအပ်, ခံစားအပ်သော ဘဝ၌ ညွတ်သကဲ့သို့ ဝီထိစိတ်၏ အစဉ်သည် အကြိမ်များစွာ မပြတ်ဖြစ်၏။ အဆောတလျင် မြန်မြန်သေကုန်သော သတ္တဝါတို့အား ဝီထိစိတ်၏ အစဉ်သည် အကြိမ်များစွာ မပြတ်မဖြစ်နိုင်ဟု မှတ်ယူရမည်။

၎င်းသေခြင်းနှစ်ပါးနှင့် သေကုန်သော သတ္တဝါတို့အား အဘယ်ဝီထိစိတ်၏အဆုံး၌ သေခြင်းဟု ဆိုအပ်သော စုတိစိတ်ဖြစ်၍ ချုပ်သနည်း။ အလွန်နီးသော သေခြင်းရှိသော သတ္တဝါတို့အား ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံသည်ပင် မိမိကိုယ်ကို အသစ်ပြုသည်၏ အစွမ်းဖြင့် ခြောက်ပါးသော ဒွါရတို့တွင် တစ်ပါးပါးသော ဒွါရသို့ ရောက်သည်ဖြစ်၍ တဒါရုံနောင် စုတိ၊ တဒါရုံနောင် ဘဝင်၊ ဘဝင်နောင် စုတိ၊ ဇောနောင် စုတိ၊ ဇောနောင် ဘဝင်၊

ဘဝင်နောင် စုတိဟု၊ ၎င်းလေးဝီထိ အဆုံး၌ ရွေ့လျောသည်၏ အစွမ်းဖြင့် စုတိစိတ်ဖြစ်၍ ချုပ်လျှင် ပစ္စုပ္ပန်ဘဝ၏ အဆုံးသို့ ရောက်၏။

ပစ္စာသန္နမရဏာဿ တဿ ဝီထိစိတ္တာဝသာနေ, ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

ပစ္စာသန္နမရဏာဿ၊ အလွန်နီးကပ်သော သေခြင်းရှိသော။ တဿ၊ ထိုသတ္တဝါအား။ ဝီထိစိတ္တာဝသာနေဝါ၊ တဒါရုံအဆုံး ဇောအဆုံး ရှိသော ဝီထိစိတ်တို့၏ အဆုံး၌ လည်းကောင်း။ ဘဝင်္ဂက္ခယေဝါ၊ ဘဝင်၏ အဆုံး၌လည်းကောင်း။ စဝနဝသေန၊ စုတေသည်၏အစွမ်းဖြင့်။ ပစ္စုပ္ပန္နဘဝ ပရိယောသာနဘူတံ၊ ပစ္စုပ္ပန် ဘဝ၏ အဆုံးဖြစ်၍ဖြစ်သော။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

ဇာတိ၏ မုချအကျိုးရင်းမဟုတ်၊ အကျိုးဆက်မျှသာ ဖြစ်သော ဇရာမရဏာနှင့် အနိဋ္ဌလက္ခဏာချင်းတူသော၊ ၎င်းဇရာမရဏာ၌ အကျုံးဝင်သော သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ငါးပါးတို့တွင် ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်တို့ကြောင့် တွေ့ထိအပ်သောသူ၏ စိုးရိမ်ပူပန်ခြင်းဟု ဆိုအပ်သော ဒေါသမူဒွေ၌ ရှိသော ဒေါမနဿဝေဒနာသည် သောကမည်၏။ ဒေါမနဿလည်း မည်၏။

ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်တို့ကြောင့် တွေ့ထိအပ်သော သူ၏ ငိုကြွေးမြည်တမ်းခြင်းဟု ဆိုအပ်သော ဝိပလ္လာသ စိတ္တဇသဒ္ဒရုပ်ဟု ဆိုအပ်သော အသံသည် ပရိဒေဝမည်၏။

ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဆင်းရဲခြင်းဟု ဆိုအပ်သော ဒုက္ခဝေဒနာသည် ဒုက္ခမည်၏။ သင်္ခါရဒုက္ခ၊ ဝိပရိနာမဒုက္ခ၊ ဒုက္ခ ဒုက္ခ အားဖြင့် သုံးပါးတို့တွင် ကာယိကဒုက္ခကို ယူ။

ဒေါသမူဒွေ၌ ရှိသော နှလုံးမသာယာခြင်းဟု ဆိုအပ်သော ဒေါမနဿဝေဒနာသည်၊ ဝါ၊ မာနသိကဒုက္ခသည် ဒေါမနဿမည်၏။

ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်တို့ကြောင့် တွေ့ထိအပ်သော သူ၏ ပြင်းစွာပင်ပန်းခြင်းဟု ဆိုအပ်သော ဒေါသမူဒွေ၌ ရှိသော ဒေါသ စေတသိက်သည် ဥပါယာသမည်၏။

**အဝိဇ္ဇာပစ္စယာ၊ ရှေ့အစွန်း**, နောက်အစွန်း, ပဋိစ္စသမုပ္ပါဒ်, သစ္စာလေးပါး တို့ကို မသိမမြင်နိုင်**အောင် ဖုံး**လွှမ်းခြင်းလက္ခဏာရှိသော အကုသိုလ်စိတ် ဒွါဒသ၌ ရှိသော အစ အဆုံး မရှိသော မောဟစေတသိက်ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ဖြစ်ခြင်းပျက်ခြင်း၊ အားထုတ်ခြင်း၊ စေ့ဆော်ခြင်း လက္ခဏာရှိသော။ (ဝါ) ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဇနကသတ္တိဖြင့် ပြုပြင်တတ်သော။ (ဝါ) ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဇနကသတ္တိဖြင့် ပြုပြင်တတ်သော သင်္ခါရ တရားတို့သည်။ (ဝါ) မဟာကုသိုလ်၊ ရူပကုသိုလ်၌ ရှိသော စေတနာ ၁၃–ခုဟု ဆိုအပ်သော ပုညာဘိသင်္ခါရ၊ အကုသိုလ်စိတ် ၁၂–ခု၌ ရှိသော စေတနာ ၁၂–ခုဟု ဆိုအပ်သော အပုညာဘိသင်္ခါရ။ အရူပကုသိုလ် ၄–ခု၌ ရှိသော စေတနာ ၄–ခုဟု ဆိုအပ်သော အာနဉ္ဇာဘိသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

အဝိန္ဒမာနေသု ဝါ ဇဝါပေတီတိ အဝိဇ္ဇာ။

ဝါ၊ တစ်နည်းကား။, ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ အဝိန္ဒမာ–နေသု၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ယောကျ်ား, မိန်းမ အစရှိသည်တို့၌။ သတ္တေ၊ သတ္တဝါတို့ကို။ ဇဝါပေတိ၊ ပြေးစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ **အဝိဇ္ဇာ** မည်၏။

**ဝိန္ဒမာနေသုပိ** ဝါ န ဇဝါပေတီတိ အဝိဇ္ဇာ။

ဝါ၊ **တစ်နည်းကား**။ ယာဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ဝိဇ္ဇာမာနေ သုပိ၊ **ပရမတ္ထအားဖြင့်** ထင်ရှားရှိသော ခန္ဓာငါးပါး အစရှိသည်၌လည်း။ သတ္တေ၊ သတ္တ**ဝါတို့ကို**။ **နဇ**ဝါပေတိ၊ မပြေးစေတတ်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ**မည်၏**။

**အဝိဇ္ဇာ** ဧဝ ပစ္စယော အဝိဇ္ဇာပစ္စယော။

ဟု သမာသ်တွဲ။

လောကီစည်း**စိမ်ကို** တောင့်တ၍ ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏။ ထိုကုသိုလ်က စေတနာကြောင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့၌ ဖြစ်ရ, ပျက်ရ ခြင်းသည် ပုညာဘိသင်္ခါရ မည်၏။ ပါဏာတိပါတ စသော အကုသိုလ်က စေတနာကြောင့်။ အပါယ်လေးဘုံ၌ ဖြစ်ရပျက်ရခြင်းသည် အပုညာဘိသင်္ခါရ မည်၏။ အရူပကုသိုလ်က စေတနာကြောင့် အရူပလေးဘုံတို့၌ **ဖြစ်ရ**, ပျက်ရ ခြင်းသည် အာနဉ္ဇာဘိသင်္ခါရ မည်၏။

သင်္ခါပစ္စယာ၊ လောကီကုသိုလ်, အကုသိုလ် စေတနာ (၂၉) ခုဟု ဆိုအပ်သော ပြုပြင်စီရင်ခြင်း၊ အားထုတ်ခြင်း၊ စေ့ဆော်ခြင်း လက္ခဏာရှိသော သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဘဝနှစ်ပါးကို တစ်စပ်တည်းကဲ့သို့ စပ်ဘတ်သော ပဋိသန္ဓေစိတ် ဧကူနဝီသဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဉ်၊ လောကီဝိပါက် ဗာတ္တိံသဟုဆိုအပ်သော ဝိညာဉ်၊ (ဝါ) လောကီစိတ် ဧကာသီတိဟု ဆိုအပ်သော ပဝတ္တိဝိညာဉ်၊ ၎င်းဝိညာဉ် နှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

## သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ။

ယေဓမ္မာ၊ အကြင်တရားတို့သည် **သင်္ခတံ၊ ပြုပြင်အပ်သော** ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟု ဆိုအပ်သော အကျိုးတရားကို။ **အဘိသင်္ခရောန္တိ**၊ ရှေးရှုကပ်၍ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ **တေဓမ္မာ**၊ ထိုတရားတို့သည်။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ ။လောကီကုသိုလ်, အကုသိုလ် ကံကို ရ၏။

ဝိညာဏပစ္စယာ၊ ပဋိသန္ဓေစိတ် ဧကူနဝီသဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဉ်၊ လောကီဝိပါက် ဗာတ္တိံသဟု ဆိုအပ်သော ပဝတ္တိဝိညာဉ် နှစ်ပါးဟု ဆိုအပ်သော အာရုံကို သိခြင်းလက္ခဏာရှိသော ဝိညာဉ်ဟူသော အကြောင်းကြောင့်။ နာမရူပံ၊ ပဋိသန္ဓေအခါ ပဋိသန္ဓေဝိပါက် ဝိညာဉ်စိတ်နှင့် ယှဉ်သော စေတသိက် ပဉ္စတိံသဟု ဆိုအပ်သော နာမ်၊ ၎င်းပဋိသန္ဓေ ဝိညာဉ်နှင့်တကွ ဖြစ်သော ကမ္မဇရုပ် ဝီသဟု ဆိုအပ်သော ရုပ်သည်။ (ဝါ) ပဝတ္တိအခါ၌ ခန္ဓာသုံးပါးတို့၏ အပေါင်းဖြစ်သော စေတသိက် ဒွေပညာသဟု ဆိုအပ်သော စိတ်လျှင်ဖြစ်ကြောင်း ရှိသော စတုသမုဋ္ဌာနိကဟု ဆိုအပ်သော ရုပ်သည်။ (ဝါ) ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

နာမ ရူပ ပစ္စယာ၊ အာရုံသို့ညွတ်ခြင်း၊ ဖောက်ပြန်ခြင်း လက္ခဏာရှိသော စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော နာမ်ရုပ်ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ စက္ခုပသာဒဟု ဆိုအပ်သော စက္ခာယတန၊ သောတပသာဒဟု ဆိုအပ်သော သောတာယတန၊ ဃာနပသာဒဟု ဆိုအပ်သော ဃာနာယတန၊ ဇိဝှါပသာဒဟု ဆိုအပ်သော ဇိဝှါယတန၊ ကာယပသာဒဟု ဆိုအပ်သော ကာယာယတန၊ စိတ်တစ်ခုယုတ် ကိုးဆယ်ဟု ဆိုအပ်သော မနာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။

သဠာယတနပစ္စယာ၊ တည်ရာ၊ စုဝေးရာ သဲသရာကို ချဲ့ထွင်ခြင်း လက္ခဏာရှိသော သဠာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ စက္ခုဝိညာဉ် ဒွေ၌ရှိသော အာရုံကို တွေ့ထိသကဲ့သို့ ဖြစ်သော။ (ဝါ) စက္ခု ဝတ္ထုကိုမှီသော ဖဿစေတသိက်ဟု ဆိုအပ်သော စက္ခုသမ္ဖဿ။ သောတ ဝိညာဉ်ဒွေ၌ ရှိသော အာရုံကို တွေ့ထိသကဲ့သို့ဖြစ်သော ဖဿစေတသိက်ဟု ဆိုအပ်သော သောတ- သမ္ဖဿ၊ ဃာနဝိညာဉ်ဒွေ၌ ရှိသော အာရုံကို တွေ့ထိသကဲ့သို့ ဖြစ်သော ဖဿစေတသိက်ဟု ဆိုအပ်သော ဃာနသမ္ဖဿ၊ ဇိဝှါဝိညာဉ်ဒွေ၌ ရှိသော အာရုံကို တွေ့ထိသကဲ့သို့ ဖြစ်သော ဖဿစေတသိက်ဟု ဆိုအပ်သော ဇိဝှါ- သမ္ဖဿ။ ကာယဝိညာဉ် ဒွေ၌ရှိသော အာရုံကို တွေ့ထိသကဲ့သို့ဖြစ်သော ဖဿစေတသိက်ဟု ဆိုအပ်သော ကာယသမ္ဖဿ။ ဒွေပဥ္စဝိညာဉ် တစ်ဆယ်ကြဉ် သော ၇၉-ခုသော စိတ်တို့၌ရှိသော အာရုံကို တွေ့ထိသကဲ့သို့ ဖြစ်သော ဖဿ စေတသိက်ဟု ဆိုအပ်သော မနောသမ္ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဖဿပစ္စယာ၊ အာရုံကို တွေ့ထိခြင်း လက္ခဏာရှိသော လောကီဝိပါက် ဇာတ္တိသနှင့် ယှဉ်သော ဖဿစေတသိက်ဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ စက္ခုဝိညာဉ်ဒွေ၌ရှိသော စက္ခုပသာဒကို မှီသော အာရုံကို ခံစားသကဲ့သို့ဖြစ်သော ဝေဒနာစေတသိက်ဟု ဆိုအပ်သော စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတ ဝိညာဉ် ဒွေ၌ ရှိသော သောတပသာဒကို မှီသော အာရုံကို ခံစားသကဲ့သို့ဖြစ်သော ဝေဒနာစေတသိက်ဟု ဆိုအပ်သော သောတသမ္ဖဿဇာဝေဒနာ၊ ဃာဏဝိညာဉ် ဒွေ၌ရှိသော အာရုံကို ခံစားသကဲ့သို့ဖြစ်သော ဃာနပသာဒကို မှီသော ဝေဒနာ စေတသိက်ဟု ဆိုအပ်သော ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါဝိညာဉ်ဒွေ၌ ရှိသော အာရုံကို ခံစားသကဲ့သို့ဖြစ်သော ဇိဝှါပသာဒကို မှီသော ဝေဒနာစေတသိက် ဟု ဆိုအပ်သော ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကာယဝိညာဉ်ဒွေ၌ ရှိသော အာရုံကို ခံစားသကဲ့သို့ဖြစ်သော ကာယပသာဒကို မှီသော ဝေဒနာ စေတသိက်ဟု ဆိုအပ်သော ကာယသမ္ဖဿဇာ ဝေဒနာ၊ ဒွေပဥ္စဝိညာဉ် တစ်ဆယ်ကြဉ်သော ၇၉-ခုသော စိတ်တို့၌ရှိသော ဝေဒနာစေတသိက်ဟု ဆိုအပ်သော မနောသဿသမ္ဖ- ဇာဝေဒနာ။ (ဝါ) သုခသဟဂုတ်စိတ် ၆၂-ခု၌ ရှိသော ဝေဒနာ စေတသိက်ဟု ဆိုအပ်သော သုခဝေဒနာ၊ ဒုက္ခသဟဂုတ်စိတ် ၂-ခု၌ ရှိသော ဝေဒနာစေတသိက် ဟု ဆိုအပ်သော ဒုက္ခဝေဒနာ၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၌ ရှိသော ဝေဒနာ စေတသိက်ဟု ဆိုအပ်သော ဥပေက္ခာဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဝေဒနာပစ္စယာ၊ အာရုံ၏ အရသာကို ခံစားရခြင်း လက္ခဏာရှိသော လောကီဝိပါက် ဗာတ္တိံသ၊ (ဝါ) လောကီစိတ် ကောသီတိ၌ ရှိသော ဝေဒနာဟူသော အကြောင်းကြောင့် တဏှာ၊ လောဘမူ စိတ် ၈–ခု၌ရှိသော လောဘစေတသိက် ဟု ဆိုအပ်သော တဏှာသည်။ (ဝါ) ရူပါရုံ စသည်တို့၌ နှစ်သက်တတ်သော ကာမတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော ဝိဘဝတဏှာသည်။ (ဝါ) အာရုံခြောက်ပါး ပြားခြင်းကြောင့် ထိုအာရုံ ခြောက်ပါးကို အကြောင်းပြု၍ အာရမ္မဏိက ဖြစ်သော တဏှာသည်လည်း ရူပါရုံကို တပ်တတ်သော လောဘဟု ဆိုအပ်သော ရူပတဏှာ၊ သဒ္ဒါရုံကို တပ်တတ်သော လောဘဟု ဆိုအပ်သော သဒ္ဒတဏှာ၊ ဂန္ဓာရုံကို တပ်တတ်သော လောဘဟု ဆိုအပ်သော ဂန္ဓတဏှာ၊ ရသာရုံကို တပ်တတ်သော လောဘဟု ဆိုအပ်သော ရသတဏှာ၊ ဖောဋ္ဌဗ္ဗာရုံကို တပ်တတ်သော လောဘဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မာရုံကို တပ်တတ်သော လောဘဟု ဆိုအပ်သော ဓမ္မတဏှာ သည်။ သမ္ဘဝတိ၊ ဖြစ်၏။

တဏှာပစ္စယာ၊ ဝဋ်၏နောက်အဖို့၌ အကြောင်းရင်းမူလ ဖြစ်သော မိမိ ထံသို့ မရောက်သေးသော ရူပါရုံ အစရှိသော အာရုံကို အနည်းငယ်တောင့်တခြင်း လောဘဟု ဆိုအပ်သော။ (ဝါ) အလိုရှိအပ်သော ဝတ္ထုကို အဖန်တလဲလဲ ရှာကြောင်းဖြစ်သော ကာယိကဒုက္ခ၊ စေတသိက ဒုက္ခ၏ အကြောင်းဖြစ်သော အနည်းငယ်သော လောဘဟု ဆိုအပ်သော တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ရှေးဖြစ်သော တဏှာကို အမှီရ၍ နောက်ကာလ၌ အားကြီးစွာ စွဲလမ်းခြင်း အားကြီးစွာ စောင့်ရှောက်ကြောင်းဖြစ်သော လောဘမူစိတ် ၈–ခု၌ ရှိသော လောဘစေတသိက်၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၌ ရှိသော ဒိဋ္ဌိ–စေတသိက်ဟု ဆိုအပ်သော၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဥပါဒါနပစ္စယာ၊ အာရုံကို ပြင်းစွာ ကပ်ငြိစွဲလမ်းခြင်း စောင့်ရှောက်ခြင်း လက္ခဏာရှိသော အားကြီးသော ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ လောကီကုသိုလ်, အကုသိုလ်စိတ် ၂၉–ခု၌ ရှိသော စေတနာ ၂၉–ခုဟု ဆိုအပ် သော ကမ္မဘဝ၊ လောကီဝိပါက်ဗာတ္တိံသ၊ စေတသိက်ပဥ္စတိံသ၊ ကမ္မဇရုပ်ဝီသဟု ဆိုအပ်သော ဥပပတ္တိဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဘဝပစ္စယာ၊ ပြုပြင်အားထုတ်ခြင်း၊ ဖြစ်စေခြင်း လက္ခဏာရှိသော ကုသိုလ်၊ အကုသိုလ် စေတနာ ၂၉–ခုဟု ဆိုအပ်သော ကမ္မဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ တစ်ခုသောဘဝ၌ အကျုံးဝင်သော ခန္ဓာငါးပါး၏ ရှေးဦးစွာ ဖြစ်ခြင်း သဘောရှိသော ရုပ်၏ဇာတိ၊ နာမ်၏ ဇာတိသည်။ ဝါ၊ နောက် အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့၊ နေလတ္တံ့သော ပဋိသန္ဓေဟု ဆိုအပ်သော ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဇာတိပစ္စယာ၊ ထိုထိုဘဝ၌ ရှေးဦးစွာဖြစ်ခြင်း လက္ခဏာရှိသော ရုပ်၏ ဇာတိ၊ နာမ်၏ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဖြစ်ပြီးသော ခန္ဓာကိုယ် အတ္တဘော၏။ (ဝါ) နာမ်ရုပ်တို့၏ ရင့်ခြင်း၊ ဆွေးမြေ့ခြင်း၊ သွား ကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေ၏တွန့်ခြင်း၊ ဟောင်းနွမ်းခြင်းဟု ဆိုအပ်သော အိုခြင်းဇရာ၊ တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သော အတ္တဘော၏။ (ဝါ) နာမ်ရုပ်တို့၏ပျက်စီးခြင်း၊ ပြောင်းရွှေ့ခြင်း၊ စုတေခြင်း၊ ဇီဝိတိန္ဒြေ၏ ပျက်ခြင်းဟု ဆိုအပ်သော သေခြင်း မရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း ကြောင့် ဖြစ်သော အတွင်း၌ **ခြောက်သွေ့ခြင်း**လက္ခဏာရှိသော ဒေါသမူစိတ်၌ ရှိသော ဒေါမနဿ ဝေဒနာဟု **ဆိုအပ်သော** **စိုးရိမ်ပူပန်ခြင်း** သောက၊ ဆွေမျိုး တို့၏ ပျက်စီးခြင်းကြောင့် **မတည် မရပ်နိုင်အောင်** လှည့်ပတ်၍ မြည်တမ်းခြင်း လက္ခဏာရှိသော ဒေါသလျှင် **အကြောင်းရှိသော** **ဝိပလ္လာသစိတ္တဇသဒ္ဒဟု** ဆိုအပ် သော ငိုကြွေးမြည်တမ်းခြင်း ပရိဒေဝ၊ **အနိဋ္ဌာရုံကို** ခံစားခြင်း လက္ခဏာရှိသော ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ ရှိသော ဒုက္ခဝေဒနာဟု ဆိုအပ်သော ကိုယ်၏ ဆင်းရဲခြင်း ကာယိကဒုက္ခ၊ အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော ဒေါသမူစိတ်၌ ရှိသော ဒေါမနဿဝေဒနာဟု ဆိုအပ်သော နှလုံးမသာယာခြင်းစိတ်၏ ဆင်းရဲခြင်း မာနသိကဒုက္ခဟု ဆိုအပ်သော ဒေါမနဿ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည် တို့ကြောင့် တွေ့ထိအပ်သော သူ၏ ဒေါသမူစိတ်၌ ရှိသော ဒေါသစေတသိက်ဟု အိုအပ်သော သက်ကြီးရှိုက်တငင် ပြင်းပြစွာ ပူပန်ခြင်းဟု ဆိုအပ်သော ဥပါယာသတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဧဝံ ဣမိနာ ယထာ ဝုတ္တေန၊ ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော။ ပစ္စယပရံပရဝိဓိနာ၊ ပစ္စည်းအဆက်ဆက်ဟု ဆိုအပ်သော အစီအရင်ဖြင့်။ ကေဝလဿ၊ ချမ်းသာ အစရှိသည်နှင့် မရောသော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ထို ဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှားစွာဖြစ်၏။

# ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူခြင်း

ဤပဋိစ္စသမုပ္ပါဒ်တရားတို့ကို အနုလုံအားဖြင့် ဆင်ခြင်တော်မူပြီး၍ ဝိဇ္ဇာသုံးပါး၊ သစ္စာလေးပါးတို့ကို ရတော်မူလိုသော ဘုရားလောင်းအား အင်္ဂါလေးပါးနှင့် ပြည့်စုံသော သမ္မာဝါယာမ လုံ့လတော်ကို နှိုးဆော်ချီးပင့်လျက် ထွက်သက်, ဝင်သက်ကို အာရုံပြု၍ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူလျှင် ရှေးရှုထင်သော သမ္မာသတိသည် ဖြစ်၏။

ထိုသတိ၏ ဖြစ်ခြင်းကြောင့် မေ့လျော့ တွေဝေခြင်း ကင်းကွာလျက် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဟူသော ကိုယ်စိတ်၏ငြိမ်းခြင်း ပဿဒ္ဓိသည် ဖြစ်၏။ ထိုပဿဒ္ဓိ၏ ဖြစ်ခြင်းကြောင့် စိုးရိမ်ပူပန်ခြင်းမရှိ၊ ပေါ့လျော့ခြင်း ဝေးကွာလျက် အာနာပါနအာရုံ၌ ကောင်းစွာထားအပ်သော စိတ်သည် မတုန်မလှုပ် ကျောက်စာတိုင်ကဲ့သို့ ခံ့ခိုင်တည်ကြည်စွာသော သမ္မာသမာဓိသည် ဖြစ်၏။

ထိုသမာဓိ၏ အဟုန်ကြောင့် ကာမဂုဏ်အာရုံ၌ စုံမက်တတ်သော ဆန္ဒ၊ ပြင်းစွာတပ်တတ်သော ရာဂ၊ အလွန်အားကြီး ဖိစီးလိုလားတတ်သော ဆန္ဒရာဂ၊ မိန်းမ, ယောကျ်ားတို့၌ လက်, ခြေ အင်္ဂါ မျက်နှာ ကိုယ်ပြင် ရုပ်သွင် သက်ရှယ် တင့်တယ်ဟန်, မတင့်တယ်ဟန်ကို ကြံခြင်း အစရှိသော သင်္ကပ္ပရာဂတို့သည်လည်းကောင်း၊ ထိုဝတ္ထုကာမ ကိလေသကာမကို မှီ၍ဖြစ်သော စိုးရိမ်ခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း အစရှိသော ဗျာပါဒတရား၊ စိတ်စေတသိက်တို့၏ မခံ့မရန့် လေးလံထိုင်းမှိုင်းပျင်းရိခြင်း၊ ငိုက်မျည်းခြင်းဟူသော ထိနမိဒ္ဓတရား၊ မတည်မတံ့ ပျံ့လွင့်ခြင်း နှလုံးမသာခြင်းဟူသော ဥဒ္ဓစ္စ ကုက္ကုစ္စတရား၊ အာရုံ၏ သဘာဝကို မုချဆတ်ဆတ် မဆုံးဖြတ်နိုင်ခြင်းတည်းဟူသော ဝိစိကိစ္ဆာတရား၊ ဤငါးပါးသော နီဝရဏဓမ္မ ဘေးရန်ကို တွန်းလှန်ပယ်ခွာလျက် ထိနမိဒ္ဓကို နှိပ်စက်၍ သမ္ပယုတ်တရားတို့ကို အာရုံသို့တင်ခြင်း လက္ခဏာရှိသော ဝိတက်အင်္ဂါ၊ ဝိစိကိစ္ဆာကို နှိပ်စက်၍ အာရုံသို့တက်ပြီးသော သမ္ပယုတ်တရားတို့ကို သုံးသပ်ခြင်းလက္ခဏာရှိသော ဝိစာရအင်္ဂါ၊ ဗျာပါဒကို နှိပ်စက်၍ အာရုံကို နှစ်သက်ခြင်း လက္ခဏာရှိသော ပီတိအင်္ဂါ၊ ဥဒ္ဓစ္စကုက္ကုစ္စကို နှိပ်စက်၍ နှစ်သက်အပ်သော အာရုံ၏ အရသာကို ကောင်းစွာ ခံစားခြင်း လက္ခဏာရှိသော သုခအင်္ဂါ။ ကာမဆန္ဒကို နှိပ်စက်၍ ယွင်းကွက်မလည် တည်ကြည်ခြင်း

လက္ခဏာရှိသော သမာဓိအင်္ဂါ။ ဤစျာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ရူပါဝစရ ကုသိုလ် ပထမစျာန်သို့ ရောက်တော်မူ၏။

ထိုပထမစျာန်ကို ငါးအင်သော ဝသီဘော်တို့ဖြင့် ဝင်စားတော်မူလျက် ရှစ်ချက်သော ဝီထိ၏ နောက်၌ ငါရပြီးသော ပထမစျာန်သည် ဘေးရန်ဖြစ်သော နီဝရဏ နီးလှချေသေး၏ဟု ရှေးရှုတင်အပ် သုံးသပ်အပ်သော ဝိတက်ဝိစာရကို ခွာ၍ အာနာပါနသို့ ရှေးရှုတော်မူပြန်လျှင် ထိုအင်္ဂါနှစ်ပါး၏ ကင်းခြင်းကြောင့် နှောင့်ယှက်ခြင်းမရှိ၊ အတိပသန္နဖြစ်သော သမာဓိအဟုန်ကြောင့်ဖြစ်သော ပီတိ သုခဧကဂ္ဂတာ စျာန်အင်္ဂါ သုံးပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ်၊ ဒုတိယစျာန် သို့ ရောက်တော်မူပြန်၏။

ခြောက်တန်သော ဝီထိတို့ဖြင့် ထိုဒုတိယစျာန်သမာပတ်ကို ဝင်စားတော် မူပြီးမှ ထိုဒုတိယစျာန်၌ရှိသော နှစ်သက်ခြင်း ပီတိကို ခွာခြင်းငှာ အာနာပါနသို့ ရှေးရှုတော်မူပြန်လျှင် ပီတိတရားကင်းလျက် သန့်ရှင်းထူးမြတ်သည်ဟု သမုတ် အပ်သော သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော တတိယစျာန်သို့ ရောက်တော်မူ၏။

ငါးတန်သော ဝီထိတို့ဖြင့် ထိုတတိယစျာန်ကို ဝင်စားတော်မူပြီးမှ ကာယိက သုခသည် သောမနဿဖြစ်ခြင်း၏အကြောင်း၊ သောမနဿသည် ဆန္ဒဖြစ်ခြင်း၏ အကြောင်း၊ ဆန္ဒသည် ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်၍ စင်စစ် ရန့်ရင်းသေး၏ ဟု သုခကို ပယ်ခြင်းငှာ အာနာပါနသို့ ရှေးရှုတော်မူပြန်လျှင် သုခကင်းလျက် အလွန်ဖြူစင်သန့်ရှင်းသော မယွင်းမသိ တည်ကြည်လှပစွာ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထစျာန်သို့ ရောက်တော်မူ၍ အလေ့အလာ ပြုအပ်သော ဝသီဘော် ငါးတန်ဖြင့် ထိုစျာန်ကို ဝင်စားတော်မူပြီးမှ ပဉ္စမဝီထိ၏ အဆုံး၌ ထိုစတုတ္ထစျာန်မှ ထတော်မူ၍ အရူပ ဘာဝနာကို အာရုံပြုတော်မူပြန် သဖြင့် လေးတန်သော အရူပါဝစရစျာန်သို့ အစဉ်အတိုင်း ရောက်တော်မူ၏။

ထို့နောက် အသီးသီးသော ထိုအရူပစျာန်ကိုပင် ငါးတန်သော ဝသီဘော် တို့ဖြင့် ဝင်စားတော်မူလျက် ရှစ်ချက်သော သမာပတ်ကို အလေးအမြတ်ပြု၍ ဝင်စားတော်မူ၏။ ထိုသို့ဝင်စားပြီးမှ စတုတ္ထစျာန်သမာပတ်၌ ဖြစ်သော ကောင်းမြတ် တည်ကြည်သော သတိ သမာဓိ၏အစွမ်းကြောင့် အလွန်စင်ကြယ်ခြင်း၊ ဖြူစင်ခြင်း၊ ကိလေသာရာဂကို ဖျောက်ခြင်း၊ နူးညံ့စွာဖြစ်ခြင်း၊ တန်ခိုးဖန်ဆင်းခြင်း၊ စွမ်းနိုင် ခြင်း၊ စင်ကြယ်သော အာရုံ၌ တည်ခြင်း၊ မတုန်မလှုပ်သောအဖြစ်သို့ ရောက်ခြင်း၊

လျှင်သောစိတ် ရှိခြင်းတည်း ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အဘိညာဉ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ကို မျက်မှောက်ပြုခြင်းငှာ အာလောက–ကသိုဏ်းကို အာရုံပြု၍ ရူပါဝစရ–စတုတ္ထဈာန်ဖြစ်သော ပါဒကဈာန်ကို ဝင်စားတော်မူပြန်၍ ထိုပါဒကဈာန် ဝီထိနောက် အဓိဋ္ဌာနဝီထိ၊ ၎င်းဝီထိနောက် ကျရောက်သော အဘိညာဉ် ဝီထိဖြင့် ရှေး၌နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်သော ဉာဏ်ကို ရခြင်းငှာ စိတ်တော်ကို ညွတ်၏။

ထိုသို့ ညွတ်သည်အစွမ်းဖြင့် အောက်မေ့တော်မူသည်ရှိသော် ပုဗ္ဗေ အလုံးကို ဖုံးလွှမ်းမေ့ယုက်တတ်သော အဝိဇ္ဇာဟူသော အမိုက်တိုက်ကို ဖွင့်လှစ်တော်မူ၍ သုံးဆူသော ဘုံဝယ် တလုံလဲလဲ မြင့်မြဲလှစွာ ကမ္ဘာသချေ လွန်လေသမျှ ရှေးကနေခဲ့ ဖြစ်ခဲ့ဖူးသော မိမိသဏ္ဌာန်၊ သူတစ်ပါးသဏ္ဌာန်၌ ဖြစ်ဖူးသော ခန္ဓာအစဉ်၊ ထိုခန္ဓာ၏အမည် အမျိုးဖြစ်ရာ ဌာန၊ ခံစားရသော အာရုံ၊ တွေ့ကြုံခဲ့သမျှသော သား, မယား, ဆွေမျိုး, အကျိုးအကြောင်း ပြောင်းဟန် ပြန်ဟန် အတန်တန်ကို မကျန်ကုန်စင်၊ ရှေး၌နေခဲ့ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ သိမြင်တော်မူနိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ပထမဝိဇ္ဇာဉာဏ်ကို ဘုရားလောင်း ယောကျ်ားမြတ်သည် ညဉ့်ဦးယံ၌ ရတော်မူ၏။

## ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပဋိလောမအားဖြင့် ဆင်ခြင်တော်မူခြင်း

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရပြီးသည်နောက် ဘုရားလောင်းအား ဤသို့အကြံဖြစ်၏။ ဘယ်တရားမရှိသည်ရှိသော်၊ ဘယ်တရား၏ချုပ်ခြင်းကြောင့် ဇရာမရဏ အိုခြင်း၊ သေခြင်းသည် မဖြစ်၍ ချုပ်သနည်းဟု အကြံဖြစ်၏။ ထိုအခါ ဇာတိမရှိသည်ရှိသော် ဇရာမရဏသည် မဖြစ်။ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏသည် ချုပ်၏ဟု ဤသို့ ပညာဖြင့် ထိုးထွင်း၍ သိတော်မူ၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် ဇာတိမဖြစ် ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ ဘဝမရှိသည်ရှိသော် ဇာတိသည် မဖြစ်၊ ဘဝ၏ ချုပ်ခြင်းကြောင့် ဇာတိသည် ချုပ်၏ဟု ဤသို့ ပညာဖြင့် ထိုးထွင်း၍ သိတော်မူ၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် ဘဝမဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ

ဥပါဒါန် တရားလေးပါး မရှိသည်ရှိသော် ဘဝသည်မဖြစ်၊ ဥပါဒါန်တရားလေးပါး ချုပ်ခြင်းကြောင့် ဘဝသည် ချုပ်၏ဟု ဤသို့ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် ဥပါဒါန်မဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ တဏှာမရှိသည်ရှိသော် ဥပါဒါန်သည်မဖြစ်၊ တဏှာ၏ချုပ်ခြင်းကြောင့် ဥပါဒါန်သည် ချုပ်၏ဟု ဤသို့ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် တဏှာမဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ ဝေဒနာမရှိသည်ရှိသော် တဏှာသည်မဖြစ်၊ ဝေဒနာ၏ချုပ်ခြင်းကြောင့် တဏှာသည် ချုပ်၏ဟု ဤသို့ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် ဝေဒနာမဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ ဖဿ မရှိသည်ရှိသော် ဝေဒနာသည် မဖြစ်၊ ဖဿ၏ချုပ်ခြင်းကြောင့် ဝေဒနာသည် ချုပ်၏ဟု ဤသို့ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် ဖဿမဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ သဠာယတန မရှိသည်ရှိသော် ဖဿသည် မဖြစ်၊ သဠာယတန၏ ချုပ်ခြင်းကြောင့် ဖဿသည် ချုပ်၏ဟု ဤသို့ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် သဠာယတနမဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ နာမ်ရုပ်မရှိသည်ရှိသော် သဠာယတနသည် မဖြစ်၊ နာမ်ရုပ်၏ ချုပ်ခြင်းကြောင့် သဠာသတနသည် ချုပ်၏ဟု ဤသို့ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် နာမ်ရုပ်မဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ ဝိညာဉ် မရှိသည်ရှိသော် နာမ်ရုပ်သည် မဖြစ်၊ ဝိညာဉ်၏ ချုပ်ခြင်းကြောင့် နာမ်ရုပ်သည် ချုပ်၏ဟု ဤသို့ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ထို့နောက် ဘုရားလောင်းအား ဘယ်တရား မရှိသည်ရှိသော်၊ ဘယ်တရား၏ ချုပ်ခြင်းကြောင့် ဝိညာဉ်မဖြစ်၍ ချုပ်သနည်းဟု ဤသို့အကြံဖြစ်၏။ ထိုအခါ နာမ်ရုပ်မရှိသည် ရှိသော် ဝိညာဉ်သည် မဖြစ်၊ နာမ်ရုပ်၏ ချုပ်ခြင်းကြောင့် ဝိညာဉ်သည် ချုပ်၏ဟု ဤသို့ပညာအားဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။ ဤသို့ ဆင်ခြင်တော်မူခြင်းသည် ဤပစ္စုပ္ပန်ဘဝ၌သာ ဆင်ခြင်တော်မူသည်။ ဤတရားအပေါင်းတို့တွင် တဏှာ ဥပါဒါန် ဘဝတို့၏ ချုပ်ခြင်းကို မြင်တော်မူသဖြင့် အတိတ်၌ဖြစ်သော အဝိဇ္ဇာသင်္ခါရတို့၏ ချုပ်ခြင်းကိုလည်း မြင်တော်မူ၏။ အကြင် နာမရူပနိရောဓာ ဝိညာဏနိရောဓော-အစရှိသော ပဋိစ္စသမုပ္ပါဒ် တရားကို ငါရပြီ၊ ဤပဋိစ္စသမုပ္ပါဒ်တရားသည် သစ္စာလေးပါးတရားကို သိခြင်း၏ အကြောင်းတည်းဟု အာရုံပြု၍—

> အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓော ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဟူ၍ ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလောမအားဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကို စပ်၍ စီးဖြန်း ရှုတ်ဆင်ခြင်တော်မူသည်။

တု ဧကန္တေန၊ စင်စစ်သဖြင့်။ အဝိဇ္ဇာယ ဧဝ၊ အဝိဇ္ဇာ ဟူသော မောဟ၏ သာလျှင်။ အသေသ ဝိရာဂ နိရောဓာ၊ ရှေးအဖို့၌ အဝိဇ္ဇာ နောက်အဖို့၌ တဏှာဟု ဆိုအပ်သော ဝဋ်၏ အမြစ်မူလ ပဟာတဗ္ဗ နှစ်ပါးကို ပဟာယကဖြစ်သော အရဟတ္တမဂ်ဖြင့် ဖြတ်ပြီး၍ အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ သင်္ခါရ နိရောဓော၊ သင်္ခါရတရားတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သင်္ခါရနိရောဓာ၊ သင်္ခါရတရားတို့၏ ချုပ်ခြင်းကြောင့်။ ဝိညာဏ နိရောဓော၊ ပဋိသန္ဓေဝိညာဉ်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝိညာဏနိရောဓာ၊ ဝိညာဉ်၏ ချုပ်ခြင်းကြောင့်။ နာမရူပနိရောဓော၊ နာမ်ရုပ်တို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

နာမရူပနိရောဓာ၊ နာမ်ရုပ်တို့၏ ချုပ်ခြင်းကြောင့်။ သဠာယတနနိရောဓော၊ သဠာယတနတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သဠာယတနနိရောဓာ၊ သဠာယတနတို့၏ ချုပ်ခြင်းကြောင့်။ ဖဿ နိရောဓော၊ ဖဿ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဖဿနိရောဓာ၊ ဖဿ၏ ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝေဒနာနိရောဓာ၊ ဝေဒနာ၏ ချုပ်ခြင်းကြောင့်။ တဏှာနိရောဓော၊ တဏှာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဥပါဒါနနိရောဓာ၊ ဥပါဒါန်၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝနှစ်ပါးတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘဝနိရောဓာ၊ ကမ္မဘဝ၏ ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဇာတိနိရောဓာ၊ ဇာတိ၏ ချုပ်ခြင်းကြောင့်။ ဇရာ မရဏ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ရှေး၌ သူတစ်ပါးတို့၏ အထံ၌ မကြားဖူးကုန်သော ပဋိစ္စသမုပ္ပါဒ် ပဋိလုံတရားတို့၌ ပညာမျက်စိသည် ဖြစ်၏။ အပြားအားဖြင့် သိခြင်း၊ ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။ ပညာတည်းဟူသော အလင်းသည်ဖြစ်၏။

## သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း

ဘုရားလောင်းသည် သုံးဘော်သော ဘဝ၌ ဖြစ်ကြကုန်သော သတ္တဝါတို့၏ စုတိပဋိသန္ဓေနေဟန် ဖြစ်ဟန်ကို တစ်ဖန်ရှုတော်မူအံ့ဟု စိတ်တော်ကို ညွတ်ကာမျှဖြင့် ပရိကံအထူးမပြုဘဲ စတုတ္ထဈာန်ကို ဝင်စားတော်မူ၍ သုံးတန်သောဝီထိ၏နောက် ကျရောက်သော အဘိညာဉ်ဝီထိဖြင့် အတိပသန္န အလွန်စင်ကြယ်သော ပသာဒဝတ္ထု ဟဒယဝတ္ထု ရှိလျက်၊ လူမျက်စိမက အဆအရာ သာလွန်၍ မြင်နိုင်သော နတ်၌ဖြစ်သော မျက်စိဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖွင့်လှစ်၍ ရှုသည်ရှိသော်။ စုတေသော သတ္တဝါ၊ ပဋိသန္ဓေနေသော သတ္တဝါ၊ စုတေလတ္တံ့သော သတ္တဝါ၊ ပဋိသန္ဓေနေလတ္တံ့သော သတ္တဝါ၊ ယုတ်သော သတ္တဝါ၊ မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ၊ အဆင်းမလှသော သတ္တဝါ၊ ကြွယ်ဝသော သတ္တဝါ၊ ဆင်းရဲသော သတ္တဝါ၊ ကောင်းသော အလားရှိသော သတ္တဝါ၊ မကောင်းသော အလားရှိသော သတ္တဝါ၊ ကံအားလျော်စွာ လားရကုန်သော သတ္တဝါ စသည်တို့ကို တပြောင်းပြန်ပြန် ရှုသည်ရှိသော် အဏုမြူမကျန် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံအပေါင်းကို လက်ငင်းသိမြင်တော်မူနိုင်သော စုတူပပါတဉာဏ်၊ ထိုဉာဏ်ကို တစ်ဖန် အခြေပြု၍ ယထာကမ္မူပဂ အဘိညာဉ်၊ အနာဂတံသ အဘိညာဉ် နှစ်ပါးကို ပွားတော်မူပြန်လျှင် ဤသတ္တဝါတို့သည် ဒုစရိုက်ဆယ်ပါးနှင့် ပြည့်စုံကုန်၏။ အရိယာသူတော်ကောင်းတို့ကို စွပ်စွဲကဲ့ရဲ့တတ်ကုန်၏။ မှားသောအယူ ရှိကုန်၏။ ယုတ်မာသော အမှုကို စွဲလမ်းကုန်၏။ ထိုသတ္တဝါတို့ သေသည်ရှိသော် မကောင်းသောသူတို့၏ လားရာဖြစ်သော ချမ်းသာကင်းသော ငရဲ၌သာလျှင် ဖြစ်ရကုန်၏။ ဤသတ္တဝါတို့သည် သုစရိုက်ဆယ်ပါးနှင့် ပြည့်စုံကုန်၏။ အရိယာသူတော်ကောင်းတို့ကို မစွပ်စွဲ မကဲ့ရဲ့တတ်ကုန်၊ ကောင်းသော အယူရှိကုန်၏။ ကောင်းသော သုစရိုက်အမှုကို ဆောက်တည်ကုန်၏။ ထိုသတ္တဝါတို့ သေသည်ရှိသော ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ လားရကုန်လတ္တံ့ဟု အနာဂတ်ဖြစ်လတ္တံ့သော အာရုံအပေါင်းကိုလည်းကောင်း၊ အကျိုးအကြောင်း ကောင်း မကောင်းကိုလည်းကောင်း၊ ပကတိသော မျက်စိဖြင့် မြင်ခြင်းငှာ မစွမ်းနိုင်သော နူးညံ့သိမ်မွေ့သော ဝတ္ထုကိုလည်းကောင်း၊ အထက်ကို ဘဝဂ်၊ အောက်ကို အဝီစိတိုင်အောင် နတ်မျက်စိကဲ့သို့ အကုန်အစင် သိမြင်တော်မူနိုင်သော နှစ်ခုမြောက်သော ဒိဗ္ဗစက္ခုဟု ဆိုအပ်သော ဒုတိယ ဝိဇ္ဇာဉာဏ်ကို သန်းခေါင်ယံ၌ ရတော်မူ၏။

## မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်ကို ရပြီး သဗ္ဗညုတဉာဏ်ဖြင့် တရားအားလုံးကို သိ၍ ဘုရားဖြစ်တော်မူခြင်း

သန်းခေါင်ယံလွန်မြောက်၍ မိုးသောက်ယံ၌ ဘုရားလောင်းသည် ဥပါဒါန် တရားလေးပါးတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကိုရှုတော်မူ၏။ ရုပ်၏သဘော, ရုပ်၏ဖြစ်ခြင်း, ချုပ်ခြင်းကိုလည်းကောင်း၊ ဝေဒနာ၏ သဘော ဝေဒနာ၏ ဖြစ်ခြင်း, ချုပ်ခြင်းကိုလည်းကောင်း၊ သညာ၏သဘော, သညာ၏ ဖြစ်ခြင်း,ချုပ်ခြင်းကိုလည်းကောင်း၊ သင်္ခါရ၏ သဘော သင်္ခါရ၏ဖြစ်ခြင်း,ချုပ်ခြင်း ကိုလည်းကောင်း၊ ဝိညာဉ်၏သဘော, ဝိညာဉ်၏ဖြစ်ခြင်း, ချုပ်ခြင်းကိုလည်း ကောင်း။ ဤသို့သဘောရှိ၏, ဤသို့ဖြစ်ခြင်း, ချုပ်ခြင်းရှိ၏ဟု ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကို ရှု၍ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို အနုလုံ ပဋိလုံအားဖြင့် စီးဖြန်း ရွတ် ဆင်ခြင်တော်မူ၏။

ထို့နောက် စတုက္ကနည်းအားဖြင့် ရူပါဝစရစျာန် လေးပါးသို့ ကပ်၍ နေတော်မူ၏။ ဤသို့ နေတော်မူသောအခါ ရူပါဝစရစျာန် သမာဓိဖြင့် စိတ်၏ တည်ကြည်ခြင်း၊ ဖြူစင်ခြင်း၊ ကိလေသာဟူသော မြူမရှိခြင်း၊ ကင်းပြီးသော ကိလေသာရှိခြင်း၊ နူးညံ့စွာဖြစ်ခြင်း တန်ခိုးဖန်ဆင်းခြင်း၌ ခံ့ခြင်း၊ မတုန်မလှုပ် တည်ကြည်သောအဖြစ်သို့ ရောက်သည်ရှိသော် အာသဝေါတရားလေးပါးတို့ကို ကုန်စေတတ်သော ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုညွတ်စေ၏။

ထိုသို့ ညွတ်စေသောအခါ ဘုရားလောင်းသည် ဤသို့ သိတော်မူ၏။ လောကီစိတ် ကောသိတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏။ လောဘသည် ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာမည်၏။ နိဗ္ဗာန်သည် ဒုက္ခ၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာ မည်၏။ မဂ်စိတ်လေးခု၌ ရှိသော မဂ္ဂင်ရှစ်ပါးသည် ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာမည်၏ဟု သိတော်မူ၏။

လောဘ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ ဤတရား သုံးပါးတို့သည် အာသဝမည်၏ဟု သိတော်မူ၏။ လောဘသည် အာသဝေါတရား လေးပါးတို့၏ဖြစ်ကြောင်းဟု သိတော်မူ၏။ နိဗ္ဗာန်သည် အာသဝေါတရား လေးပါးတို့၏ ချုပ်ရာဟု သိတော် မူ၏။ မဂ္ဂင်ရှစ်ပါးသည် အာသဝေါတရား လေးပါးတို့၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ဟု သိတော်မူ၏။

ဤသို့ သိမြင်တော်မူသော ဘုရားလောင်းအား စိတ်သည် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟု ဆိုအပ်သော အာသဝေါတရား လေးပါးတို့မှ လွတ်ပြီဟု အသိဉာဏ်သည် ဖြစ်တော်မူ၏။ ငါ့အား ပဋိသန္ဓေနေခြင်းသည် ကုန်ပြီ၊ ငါသည် မဂ်တည်းဟူသောအကျင့်ကို ကျင့်သုံးအပ်ပြီ၊ ပြုအပ်သော မဂ်ကိစ္စကို ပြုအပ်ပြီ၊ ပြုအပ်သော မဂ်ကိစ္စအလို့ငှာ ပြုဖွယ်တစ်ပါး မရှိပြီဟု သိတော်မူ၏။

ဤသို့လျှင် သစ္စာလေးပါး တရားတို့ကို ဖုံးလွှမ်းပိတ်ပင်တတ်သော အဝိဇ္ဇာ အစရှိသော ကိလေသာတည်းဟူသော မှောင်တိုက်ကို အရဟတ္တမဂ်ဉာဏ်တည်းဟူသော ဆီမီးရောင်ဖြင့် ထွန်းလင်းပယ်ဖျောက် အလင်းသို့ရောက်စေ၍ တစ်ဆယ့်ခြောက်ချက်သောအနက်နှင့်တကွ သစ္စာလေးပါးကို သိတတ်သော၊ အာသဝေါ တရား လေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ဟု သမုတ်အပ်သော အရဟတ္တမဂ်ဉာဏ်ကို၊ (ဝါ) အာသဝေါတရားလေးပါးတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်နှင့်ယှဉ်သော တတိယဝိဇ္ဇာဟုဆိုအပ်သော အာသဝက္ခယဉာဏ်ကို နေအရုဏ်တက်လုဆဲဆဲ အရုဏ်မတက်မီ ရှေ့အဖို့၌ ရတော်မူ၏။

ထိုဉာဏ်ကို ရသည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း ရအပ်ကုန်သော သဗ္ဗညုတဉာဏ် မဟာကရုဏာသမာပတ္တိဉာဏ် အစရှိသော တရားဂုဏ်တော်ကျေးဇူးတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူ၍ ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် မိမိအလိုလို သိတော်မူတတ်သော သဗ္ဗညုတဘုရားအဖြစ်သို့ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညဉ့် မိုးသောက်ယံ အရုဏ်မတက်မီ ဝိသာခါနက္ခတ်နှင့် ယှဉ်၍ လောကသုံးပါးတွင် အပရိမာဏ ဆုံးစမရှိ အတိုင်းမသိသော တရားအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ဖြင့် နိဗ္ဗာနသင်းကျစ် ဓမ္မရာဇ်ထွတ်ဖျား ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

## ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဆင်ခြင်၍ ပထမယံ၌ ဥဒါန်းကျူးပုံ

ပဌမ ဗုဒ္ဓဝစန ဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားတည်းဟူသော စကားတော်ကို အနုလုံ,ပဋိလုံအားဖြင့် စီးဖြန်းရှုတ် ဆင်ခြင်တော်မူအပ်သော အခါကာလ ပရိစ္ဆေဒ၏ အပိုင်းအခြားကို သိစေခြင်းငှာ–

အထ ခေါ ဘဂဝါ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမပဋိလောမံ မနသာကာသိ၊ အဝိဇ္ဇာပစ္စယာ။လ။ သမုဒယော

ဟောတိ။ အဝိဇ္ဇာယ တွေဝ။လ။ နိရောဓော ဟောတိ။ အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။

ဟု ဝိနည်းမဟာဝါ ပါဠိတော်၌ လာသည်။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ရတ္တိယာ၊ ညဉ့်၏။ ပဌမံ ယာမံ၊ ပထမယံ၌။ ပဋိစ္စသမုပ္ပါဒံ၊ အကြောင်းတရားကို စွဲ၍ အကျိုးတရားတို့သည် သံသရာဘဝ အဆက်ဆက်တို့၌ မပြတ်ကျင်လည်တတ် ဖြစ်တတ်သော ပဋိစ္စသမုပ္ပါဒ်တရားကို။ အနုလောမ ပဋိလောမံ၊ အနုလုံ ပဋိလုံ။ မနသာကာသိ။ ပုဗ္ဗေနိဝါသဉာဏ်ကို ရသဖြင့် နှလုံးသွင်း၍ ခြင်ဆင်တော်မူ၏။ (လ)...

အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဧတမတ္ထံ၊ ထိုဖြစ်ခြင်း၊ ချုပ်ခြင်း အကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍၊ တာယံ ဝေလာယံ၊ ထိုသိတော်မူသောအခါ၌။ ဣမံ ဥဒါနံ၊ ဤနှစ်သက်ဝမ်းမြောက်သော ပထမ ဗုဒ္ဓစကားကို။ ဥဒါနေသိ၊ ပီတိ သောမနဿ အဟုန်ကြောင့် အတွင်း၌ မဆံ့သည်ဖြစ်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ကျူးရင့်တော်မူ၏။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

ဟု ပဋိစ္စသမုပ္ပါဒ်တရားကို ဆင်ခြင်တော်မူသောအခါ ကျူးတော်မူ၏။

အာတာပိနော၊ မြိုးခြံစွာသော လုံ့လရှိထသော။ (ဝါ) ကိလေသာတို့ကို ပြင်းစွာပူပန်စေတတ် နှိပ်စက်တတ်သော။ ဈာယတော၊ အကုသိုလ် တရားကို ဖုတ်ကြည်းတတ်ထသော။ (ဝါ) မကောင်းမှုဟူသမျှကို တစ်စမကြွင်း ဖုတ်မြိုက်ခြင်း ရှိထသော။ ဗြာဟ္မဏဿ၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား။ (ဝါ) မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဓမ္မာ၊ သစ္စာလေးပါး ဗောဓိပက္ခိယ တရားတို့သည်။ ဟဝေ ဧကန္တေန၊ အကယ်မလွဲ စင်စစ်သဖြင့်။ ပါတုဘဝန္တိ၊ သဗ္ဗညုတဉာဏ်ဖြင့် ထင်ရှားဖြစ်ကုန်၏။ အထ တသ္မိံ ကာလေ၊ ထိုအခါ၌။ (ဝါ) သဗ္ဗညုတဉာဏ် ထင်ရှားဖြစ်သောအခါ၌။ အဿဗြာဟ္မဏဿ၊ ထိုရဟန္တာပုဂ္ဂိုလ်

အား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ ၁၆-ပါးသော ယုံမှားခြင်းတို့သည်။ ယတော ယသ္မာ ကာရဏာ၊ အကြင်ကြောင့်။ ဝပယန္တိ၊ ကင်းငြိမ်းကုန်၏။ တတော တသ္မာ ကာရဏာ၊ ထို့ကြောင့်။ သဟေတု ဓမ္မံ၊ အဝိဇ္ဇာအစရှိသော အကြောင်းနှင့်တကွ ဖြစ်သော သင်္ခါရ အစရှိသော ပစ္စယုပ္ပန်တရားကို။ (ဝါ) ပဋိစ္စသမုပ္ပါဒ်တရားကို။ သောဗြာဟ္မဏော၊ ထိုရဟန္တာဗုဒ္ဓလ်သည်။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ (ဝါ) သဗ္ဗညုတဉာဏ်တော်ဖြင့် သိ၏။

## ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုဆင်ခြင်၍ မဇ္ဈိမယာမ်၌ဥဒါန်းကျူးပုံ

ထို့နောင် မဇ္ဈိမယာမ်၌—

> အထ ခေါ ဘဂဝါ ရတ္တိယာ မဇ္ဈိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမပဋိလောမံ မနသာကာသိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။လ။ သမုဒယော ဟောတိ။ အဝိဇ္ဇာယ တွေဝ။လ။ နိရောဓော ဟောတိ။ အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။

ဟု ဝိနည်း မဟာဝါ ပါဠိတော်၌ လာသည်။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမံယာမံ၊ သန်းခေါင်ယံ၌။ ပဋိစ္စသမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ် တရားကို။ အနုလောမ ပဋိလောမံ၊ အနုလုံပဋိလုံကို။ မနသာကာသိ၊ ဒိဗ္ဗစက္ခုဉာဏ်ကို ရသဖြင့် နှလုံးသွင်း၍ ဝမ်းမြောက်ဝမ်းသာ ဆင်ခြင်တော်မူ၏။ (လ) အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဧတမတ္ထံ၊ ထိုသံသရာစက်၏ ဖြစ်ခြင်း, ချုပ်ခြင်း အကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ တာယံ ဝေလာယံ၊ ထိုသိတော်မူသောအခါ၌။ ဣမံဥဒါနံ၊ ဤဥဒါန်းဖြစ်သော ပထမဗုဒ္ဓစကားတော်ကို။ ဥဒါနေသိ၊ ဝမ်းမြောက်ဝမ်းသာ ကျူးရင့်တော်မူ၏။

> ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
> အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
> အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
> ယတော ခယံ ပစ္စယာနံ အဝေဒိ။

ဟု နိဗ္ဗာန်ကို ဆင်ခြင်တော်မူသောအခါ ဤဒုတိယဥဒါန်းကို ကျူးတော်မူ၏။

အာတာပိနော၊ ခြိုးခြံစွာသော လုံ့လရှိထသော။ ဈာယတော၊ အကုသိုလ် တရားကို ဖုတ်ကြည်းတတ်ထသော။ (ဝါ) မကောင်းမှုဟူသမျှကို တစ်စ,မကြွင်း ဖုတ်မြိုက်ခြင်း ရှိထသော။ ဗြာဟ္မဏဿ၊ အပပြုအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်အား။ ဓမ္မာ၊ သစ္စာလေးပါး ဗောဓိပက္ခိယ တရားတို့သည်။ ယဒါ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဟဝေ ဧကန္တေန၊ စင်စစ်သဖြင့်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ တသ္မိံ ကာလေ၊ ထိုသို့ ထင်ရှားဖြစ်သောအခါ၌။ အဿဗြာဟ္မဏဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ ၁၆-ပါးသော ယုံမှားခြင်းတို့သည်။ ယတော ယသ္မာ ကာရဏာ၊ အကြင်ကြောင့်။ ဝပယန္တိ၊ ကင်းငြိမ်းကုန်၏။ တတော တသ္မာ ကာရဏာ၊ ထို့ကြောင့်။ ပစ္စယာနံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ သောဗြာဟ္မဏော၊ ထိုဘုရားတည်းဟူသော ရဟန္တာပုဂ္ဂိုလ်သည်။ အဝေဒိ၊ အပြားအားဖြင့် သိတော်မူ၏။

## ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုဆင်ခြင်၍ မိုးသောက်ယံ၌ ဥဒါန်းကျူးပုံ

ထို့နောင် မိုးသောက်ယံ၌-

အထ ခေါ ဘဂဝါ ရတ္တိယာ မဇ္ဈိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမပဋိလောမံ မနသာကာသိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ သမုဒယော ဟောတိ။ အဝိဇ္ဇာယ တွေဝ။ပ။ နိရောဓော ဟောတိ၊ အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။

ဟု ဝိနည်း မဟာဝါ ပါဠိတော်၌ လာသည်။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ရတ္တိယာ ညဉ့်၏။ ပစ္ဆိမံယာမံ၊ မိုးသောက်ယံ၌။ ပဋိစ္စသမုပ္ပါဒံ၊ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို စွဲ၍ အကျိုးတရားတို့ ဖြစ်ရာဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် မည်သောတရားကို။ အနုလောမ ပဋိလောမံ၊ အနုလုံပဋိလုံကို။ မနသာကာသိ အာသဝက္ခယဉာဏ်ကို ရသဖြင့် ဆင်ခြင်တော်မူ၏။ (လ)...

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဧတမတ္ထံ ထိုသံသရာစက်၏ ဖြစ်ခြင်း ချုပ်ခြင်း၏ အကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍၊

တာယံ ဝေလာယံ၊ ထိုသိတော်မူသော ခဏ၌။ ဣမံ ဥဒါနံ၊ ဤဥဒါန်းဖြစ်သော ပဌမ ဗုဒ္ဓဝစန စကားတော်ကို။ ဥဒါနေသိ၊ ပီတိသောမနဿ အဟုန်ကြောင့် ဝမ်းမြောက်ဝမ်းသာ ရွတ်ဆို ကျူးရင့်တော်မူ၏။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ’ မန္တလိက္ခန္တိ။

ဟု မင်္ဂကို ဆင်ခြင်တော်မူသောအခါ ဤတတိယဥဒါန်းကို ကျူးတော်မူ၏။

အာတာပိနော၊ မြိုးခြံစွာသော လုံ့လရှိထသော။ ဈာယတော၊ မကောင်းမှုဟူသမျှကို တစ်စ မကြွင်း ဖုတ်မြိုက်ခြင်းရှိထသော။ ဗြာဟ္မဏဿ၊ မကောင်းမှုဟူသမျှကို အပပြုပြီးသော ဘုရားတည်းဟူသော ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ ဓမ္မာ၊ သစ္စာလေးပါး ဗောဓိပက္ခိယ တရားတို့သည်။ ဟဝေ ဧကန္တေန၊ စင်စစ် အကယ်မလွဲသဖြင့်။ ပါတုဘဝန္တိ၊ သဗ္ဗညုတဉာဏ်ဖြင့် ထင်ရှားဖြစ်ကုန်၏။ အထ တသ္မိံ ကာလေ၊ ထိုသဗ္ဗညုတဉာဏ် ထင်ရှားဖြစ်သော အခါ၌။ အသဿ ဗြာဟ္မဏဿ၊ ထိုဘုရားတည်းဟူသော ရဟန္တာပုဂ္ဂိုလ်အား။ သူရိယော၊ နေမင်းသည်။ တမံ၊ အမိုက်တိုက်ကို။ ဝိဓူပယံ–ဝိဓူပယန္တော၊ လွင့်ဖျောက် ဖျက်ဆီးလျက်။ အန္တလိက္ခေ၊ ကောင်းကင်ပြင်၌။ ဩဘာသယံ–ဩဘာသယန္တော၊ ထွန်းလင်းတောက်ပစေလျက်။ တိဋ္ဌတိ ဣဝ၊ တည်သကဲ့သို့။ ဧဝံတထာ၊ ဤအတူ။ သော ဗြာဟ္မဏော၊ ထိုဘုရားတည်းဟူသော ရဟန္တာပုဂ္ဂိုလ်သည်။ မာရသေနံ၊ မာရ်ငါးပါး, မာရ်ဆယ်ပါး တည်းဟူသော စစ်သည်ကို။ ဝိဓူပယံ–ဝိဓူပယန္တော၊ လွင့်ဖျောက် ဖျက်ဆီးလျက်။ တိဋ္ဌတိ၊ တည်၏။

## ခပ်သိမ်းသော ဘုရားရှင်တို့သည် မစွန့်အပ်သော အနေကဇာဥဒါန်းကို ကျူးရင့်တော်မူခြင်း

ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ခပ်သိမ်းသော ဘုရားရှင်တို့သည် မစွန့်အပ်သော ဥဒါန်းကို ကျူးရင့်တော်မူလိုရကား–

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဟူသော ဥဒါန်းစကား ရင့်တော်မူ၏။

ဘော ဂဟကာရက၊ အို–အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် ပြုပြင် စေ့စပ်တတ်သော တဏှာယောကျ်ား ပဲခွပ်သမား။ တံ ဂဟကာရံ၊ သင်တဏှာ အိမ်ဆောက်သမားကို။ ဂဝေသန္တော၊ ရှာသော ငါသည်။ ယေန–ဉာဏေန၊ အကြင် သဗ္ဗညုတဉာဏ်တော်ဖြင့်။ ဒဋ္ဌုံ၊ မြင်အံ့သောငှာ။ (ဝါ) မြင်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်း၏။ (ဝါ) တတ်နိုင်၏။ တံဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော်ကို။ ဂဝေသန္တော၊ ရှာသော ငါသည်။ အနိဗ္ဗိသံ–အဝိန္ဒန္တော၊ မရ–မသိ–မမြင် မထင်နိုင်သည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ တစ်ပါးမက ဘဝများစွာ သံသရာ၌။ သန္ဓာဝိဿံ သံသရိ၊ ဂတိတစ်ပါးမှသည် ဂတိတစ်ပါးသို့ တပြောင်းပြန်ပြန် အဖန်တလဲလဲ ကြင်လည်ရလေပြီ။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။

ဘော ဂဟကာရက၊ အို–အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် ပြုပြင်စေ့စပ်တတ်သော တဏှာယောကျ်ား ပဲခွပ်သမား။ ယေန ဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်ဖြင့်။ တံ၊ သင် ပဲခွပ်သမားကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှာ။ သက္ကောတိ၊ တတ်နိုင်၏။ တံ ဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော်ကို။ မယာ၊ ငါသည်။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တစ်ဖန်။ ဂေဟံ၊ အတ္တဘောတည်းဟူသော ငါ၏ ခန္ဓာအိမ်ကို။ တွံ၊ သင် တဏှာယောကျ်ား ပဲခွပ်သမားသည်။ န ကာဟသိ၊ နောင်တစ်ဖန် မပြုရလတ္တံ့။ (ဝါ) မပြုရပြီ။ တေ၊ သင် တဏှာယောကျ်ား ပဲခွပ်သမား ပြုပြင်အပ်သော ခန္ဓာအိမ်၏။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဖာသုကာ၊ ကိလေသာတည်းဟူသော အိမ်၏အကွပ်,အခြင်တို့ကို။ ဘဂ္ဂါ၊ ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသော အိမ်၏ အထွတ်ကို။ ဝိသင်္ခတံ၊ ချိုးဖျက်အပ်ပြီ။ ဝိသင်္ခါရဂတံ၊ သင်္ခါရတို့မှကင်းသော။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သို့။ အဇ္ဈဂါ–အဓိဂတော၊ ရောက်ပြီ။

## ဉာဏ်တော် နှစ်ပါး

အာသဝေါတရားတို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်ဉာဏ်နှင့် ယှဉ်သော သဗ္ဗညုတဉာဏ်ဟူသည်ကား အဆုံးမရှိသော လောကဓာတ်၌ အဆုံးမရှိသော သတ္တဝါသန္တာနရှိ တရားလျှင် အာရုံရှိသော ကာမာဝစရကြိယာ သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်နှင့်သော်လည်းကောင်း၊ ၎င်းဥပေက္ခာဉာဏ သမ္ပယုတ် အသင်္ခါရိက စိတ်နှင့်သော်လည်းကောင်း ယှဉ်သော ဉာဏ်သည် သဗ္ဗညုတဉာဏ် မည်၏။ ၎င်းသဗ္ဗညုတဉာဏ်တော်သည် ပြုပြင်ခြင်းရှိသော နာမ်ရုပ်ဟု ဆိုအပ်သော သင်္ခတ, တရား၊ ပြုပြင်ခြင်း မရှိသော နိဗ္ဗာန်ဟု ဆိုအပ်သော အသင်္ခတ တရားတို့ကို အကြွင်းမရှိ သိတော်မူတတ်၏။

ထိုသို့ သိမြင်ခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် လည်း မည်၏။ သမန္တစက္ခုလည်း မည်၏။

အရဟတ္တ မဂ်ဉာဏ်တော်က မောဟ အစရှိသော ကိလေသာမှောင်တိုက် ကို ဆီမီးတိုင်ကဲ့သို့ ပယ်ဖျောက်၍ အလင်းကို ရောက်စေသောအခါ၊ မျက်စိနှင့် တူသော သဗ္ဗညုတဉာဏ်တော်က သစ္စာလေးပါး ဉေယျခံတရား အပေါင်းကို သိမြင်တော်မူ၏။ ဆီမီးတိုင်နှင့်တူသော အရဟတ္တမဂ်ဉာဏ်တော်က မသိမမြင်နိုင်။

## ပဌမ ပလ္လင်္ကသတ္တာဟ စံနေတော်မူခြင်း

ဆိုခဲ့သည့်အတိုင်း ဥဒါန်းကျူးတော်မူ၍ ဗောဓိပင်၏ အနီးဖြစ်သော ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ ခုနစ်ရက်ပတ်လုံး ကုဋေတစ်သိန်းမက များပြား လှစွာသော ဖလသမာပတ်ချမ်းသာတို့ကို ခံစားတော်မူလျက် နေတော်မူ၏။

> အထ ခေါ ဘဂဝါ ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန
> နိသီဒိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

အထ ခေါ၊ ထိုသို့ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင်ရင်း၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝိမုတ္တိသုခံ၊ အရဟတ္တမဂ်ဖိုလ် သမာပတ်ချမ်းသာကို။ ပဋိသံဝေဒီ၊ ခံစားတော်မူလျက်။ ဧကပလ္လင်္ကေန၊ တစ်ထက်ဝယ်တည်းဖြင့်။ နိသီဒိ၊ နေတော်မူ၏။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ပစ္ဆိမယံ အာရုံ မတက်မီ တက်လုဆဲဆဲ၌ ဗောဓိပင်မှ အရှေ့လေးတောင်ထွာ ကွာသော။ (ဝါ) တစ်လံကွာသော ရွှေပလ္လင်ထက်၌ အရှေ့သို့မျက်နှာပြု၍ ထက်ဝယ်ဖွဲ့ခွေလျက် ဘုရားအဖြစ်သို့ ရောက်၍ နေတော်မူသောအခါ ဤသို့ အကြံတော် ဖြစ်၏။ ငါသည် ဤပလ္လင်ကို ရလိုသောကြောင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါးကို ဖြည့်၍ ကျင်လည်ရလေပြီ။ ဤမျှလောက်သော ကာလပတ်လုံး ဤပလ္လင်ဟူသော အကြောင်းကြောင့် အင်္ဂါကြီးငယ်ကို စွန့်ရခြင်း–အင်္ဂပရိစ္စာဂ၊ အသက်ကို စွန့်ရခြင်း–ဇီဝိတပရိစ္စာဂ၊ မယားကို စွန့်ရခြင်း–ဘရိယ ပရိစ္စာဂ၊ သားသမီးကို စွန့်ရခြင်း–ပုတ္တပရိစ္စာဂ၊ သည်မှတစ်ပါး များစွာသော ဥစ္စာပစ္စည်းတို့ကို စွန့်ရခြင်း–ဓနပရိစ္စာဂဟု ဆိုအပ်သော စွန့်ခြင်းကြီးငါးပါး။ လောကအလို့ငှာ ကျင့်ခြင်း– လောကတ္ထစရိယ၊ ဆွေမျိုးတို့အလို့ငှာ ကျင့်ခြင်း–ဉာတတ္ထစရိယ၊ ဘုရားဖြစ်ခြင်း အလို့ငှာ ကျင့်ခြင်း–ဗုဒ္ဓတ္ထစရိယဟု ဆိုအပ်သော စရိယ သုံးပါး။ ပါရမီ ဆယ်ပါး၊ ၎င်းတရားများကို ဖြည့်ကျင့်၍ ရအပ်သော ဤပလ္လင်၌ နေ၍ ငါ့အား မာရ်စစ်သည်ကို အောင်ခြင်း၊ အစွဲနှင့်တကွသော ကိလေသာ၏ကုန်ခြင်း၊ အလုံးစုံသောတရားတို့ကို မဖောက်မပြန် သိရပေသည်ဟု ကြံတော်မူ၍ ဤသို့ သိအပ်သော ပဋိစ္စသမုပ္ပါဒ်တရားတို့ကို အာသယာနုသယ ဉာဏ်တော်ဖြင့် ဆင်ခြင်လျက် ကုဋေတစ်သိန်းမက များပြားလှစွာသော ဖလ သမာပတ်တို့ကို ဝင်စားတော်မူ၍ ကဆုန်လပြည့်ကျော် တစ်ရက်နေ့မှစပြီး ခုနစ်ရက် ပတ်လုံး နေတော်မူရာဖြစ်သော ဤအရပ်သည် ပဌမပလ္လင်္ကသတ္တာဟ မည်၏။

## ဒုတိယ အနိမိသသတ္တာဟ

ပလ္လင်တော်၌ ခုနစ်ရက်ပတ်လုံး မထဘဲ နေတော်မူသည်နောက်၊ ထိုပလ္လင်မှ ထတော်မူ၍ ဗောဓိပင်မှ အရှေ့မြောက် ၁၄–လံ ကွာသော၊ (ဝါ) ဆယ်လံကွာသော အရှေ့မြောက်ယွန်း ဒေသအရပ်၌ ရပ်တော်မူ၍ "ငါသည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီတော် အဟုန်ကြောင့် ရအပ်သော ဤဗောဓိပင်နှင့် ရွှေပလ္လင်သို့ ရောက်မှ သဗ္ဗညုတဘုရားအဖြစ်ကို ငါရပေသည်" ဟု မမှိတ်သော မျက်စိဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်တော်မူလျက် ခုနစ်ရက်ပတ်လုံး ရပ်၍ နေတော်မူရာဖြစ်သော ဤအရပ်သည် ဒုတိယ အနိမိသသတ္တာဟမည်၏။

## တတိယ ရတနာစင်္ကမ သတ္တာဟ

ထိုသို့ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ခုနစ်ရက်ပတ်လုံး မမှိတ်သော မျက်စိဖြင့် ကြည့်၍နေတော်မူသည်ကို ပုထုဇဉ်ဖြစ်သော အချို့သော နတ်တို့က "သိဒ္ဓတ်မင်းသား ဘုရားလောင်းသည် ခင်မင်စုံမက်တတ်သော လောဘတဏှာ ကိလေသာ မပြတ်သေး၍ ဤဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်တော်မူသည်။ ဤသိဒ္ဓတ်မင်းသား ဘုရားလောင်းအား ဘုရားအဖြစ်၌ ဘုရားဖြစ်ရန် ထပ်မံ၍ ပြုအပ်သော မဂ်ကိစ္စ မကုန်သေး၊ ရှိသေးသည်" ဟု အကြံဖြစ်ကြကုန်၏။

ထိုနတ်တို့၏ အကြံကို သိ၍ ယုံမှားသံသယကို ဖျောက်အံ့သောငှာ ခုနစ်ရက်မြောက်သောနေ့၌ တစ်ယူဇနာမျှလောက်သော ကောင်းကင်ပြင်သို့ ပျံတက်၍ ရေ၊ မီး အစုံအစုံသော ယမိုက်ပြာဋိဟာကို ပြတော်မူသောအဆုံး၌ ကောင်းကင်မှ သက်ဆင်းတော်မူရာ အရပ်နှင့် ဗောဓိပင်၏ အကြား၊ ဗောဓိပင်မှ မြောက် နှစ်လံခြားအရပ်၌ (တစ်နည်းကား) ကောင်းကင်မှ သက်တော်မူ၍ ပလ္လင်တော်နှင့် အနိမိသ အကြား၊ ဗောဓိပင်မှ အတောင်နှစ်ဆယ် ခြားသော အရပ်၌ အရှေ့၊ အနောက် အတောင် (၆၀) အလျားရှိသော နတ်တို့ ဖန်ဆင်းအပ်သော ရတနာစင်္ကြံ၌ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွသွားတော်မူရာ ဖြစ်သော အရပ်သည် တတိယ ရတနာစင်္ကမ သတ္တာဟ မည်၏။

## စတုတ္ထ ရတနာဃရ သတ္တာဟ

ထို့နောက် ရတနာစင်္ကြံ၏ အနောက်၊ ဗောဓိပင်မှ အနောက်မြောက်ထောင့် ၁၃-လံ ကွာသော အရပ်၌။ (တစ်နည်းကား) အတောင် ၄၀-ကွာသောအရပ်၌ နတ်တို့ ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက် ဤ ခြောက်ကျမ်းတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူသော်လည်း ကိုယ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် မပေါ်မထွက်ကုန်။

သဗ္ဗညုတဉာဏ်တော်၏ ကျက်စားမွေ့လျော်ရာ အာရုံဖြစ်သော ခုနစ်ဆင့်မြောက်ဖြစ်သော အနန္တနယ သမန္တ မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ သက်ဝင်၍ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော စသည်ဖြင့် သုံးသပ်ရှုမျှော် ဆင်ခြင်တော်မူသောအခါ ထက်ဝန်းကျင်သော ကိုယ်တော်မှ ညိုသော ရောင်ခြည်တော်၊ ရွှေသော ရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ ဖြူသော ရောင်ခြည်

တော်၊ မောင်းသော ရောင်ခြည်တော်၊ ပြိုးပြိုးပြက် တစ်ခဲနက်ထွက်သော ရောင်ခြည်တော်အားဖြင့် ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက်လတ်၍ အထက်ကို ဘဝဂ်၊ အောက်ကို နှစ်သိန်းလေးသောင်း ရှိသော မြေထု၊ ထိုမြေကို ခံသော လေးသိန်းရှစ်သောင်းရှိ ရေထု၊ ထိုရေထုကို ခံသော ကိုးသိန်းခြောက်သောင်းရှိသော လေထု၊ ၎င်းသုံးပါးကို ဖောက်ခွဲ၍ အောက်ကောင်းကင်သို့လည်းကောင်း၊ ဖီလာအားဖြင့်လည်းကောင်း အဆုံးမရှိ အနန္တ စကြဝဠာသို့လည်းကောင်း၊ ပျံ့နှံ့စေလျက် အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်၍ ခုနစ်ရက်ပတ်လုံး နေတော်မူရာဖြစ်သော အရပ်သည် ,စတုတ္ထ ရတနာဃရ သတ္တာဟမည်၏။

## ပဉ္စမ အဇပါလသတ္တာဟ

ထို့နောက် ဗောဓိပင်မှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာသော အရပ်တွင် အဇပါလညောင်ပင်သည် ရှိ၏။ ထိုညောင်ပင်ရင်း၌ နေတော်မူသော အခါ အမျိုးမာန်တက်၍ တဟုန်ဟုန် အသုံးပြုသွားတတ်သော ဒိဋ္ဌမင်္ဂလိက မည်သော ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ လာ၍ "အရှင်ဂေါတမ၊ အဘယ် အကြောင်းဖြင့် ပုဏ္ဏားမည်သနည်း။ ပုဏ္ဏားအဖြစ်ကို ပြုတတ်သော တရားတို့သည် အဘယ်တရားတို့နည်း" ဟု လျှောက်သောအခါ—

ယော ဗြာဟ္မဏော ဗာဟိတပါပဓမ္မော၊
နိဟုံဟုင်္ကော နိက္ကသာဝေါ ယတတ္တော။
ဝေဒန္တဂူ ဝုသိတဗြဟ္မစရိယော၊
ဓမ္မေန သော ဗြဟ္မဝါဒံ ဝဒေယျ။
ယဿု'ဿဒါ နတ္ထိ ကုဟိဉ္စိ လောကေတိ။

ဟု ဥဒါန်းမြွက်ကျူးတော်မူ၏။

ယောဗြာဟ္မဏော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည်။ ဗာဟိတပါပဓမ္မော၊ အပပြုအပ်ပြီးသော အကုသိုလ်တရားလည်း ရှိ၏။ နိဟုံဟုင်္ကော၊ တဟုန်ဟုန် မာန်မူတတ်သော အသံကိုလည်း ပြုခြင်းမရှိ။ နိက္ကသာဝေါ၊ ရာဂ စသော ကိလေသာ ဟူသော ဖန်ရည်လည်း မရှိ။ ယတတ္တော၊ ဘာဝနာစီးဖြန်းခြင်း လုံ့လနှင့်ယှဉ်သော စိတ်လည်း ရှိ၏။ ဝေဒန္တဂူ၊ မဂ်ဉာဏ်လေးပါးတို့ဖြင့် နိဗ္ဗာန်ဟူသော အဆုံးသို့လည်း ရောက်၏။ (ဝါ) မဂ်ဉာဏ်တို့၏အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့လည်း ရောက်၏။

ဝုသိတဗြဟ္မစရိယော၊ ကျင့်သုံးအပ်ပြီးသော မဂ်တည်းဟူသော အကျင့်သီတင်းလည်း ရှိ၏။ ယဿဗြာဟ္မဏဿ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်အား။ လောကေ၊ လူအပေါင်း၌။ ကုဟိဉ္စိ အာရမ္မဏေ၊ တစ်စုံတစ်ခုသော အာရုံ၌။ ဥဿဒါ၊ ဥဿဒတရားတို့သည်။ (ဝါ) တပ်ခြင်း, အမျက်ထွက်ခြင်း, မိုက်မဲတွေဝေခြင်း, ဖောက်ပြန်သဖြင့် မြင်ခြင်း, မာန်တက်ခြင်းအားဖြင့် ဤငါးပါး သော ဥဿဒတရားတို့သည်။ (ဝါ) ရာဂ အစရှိသော ကိလေသာတရားတို့၏ ဖြစ်ခြင်း, ပြန့်ပြောခြင်းတို့သည်။ နတ္ထိ နသန္တိ၊ မရှိကုန်။ သော ဗြာဟ္မဏော၊ ထိုမကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဓမ္မေန၊ ဟုတ်မှန်သော သဘောအားဖြင့်။ (ဝါ) ပုဏ္ဏားမည်ရာသော အကြောင်းတရား တစ်ဆယ့်တစ်ပါးနှင့် ညီသဖြင့်။ ဗြဟ္မဝါဒံ၊ ငါပုဏ္ဏားဟူသော စကားကို။ ဝဒေယျ၊ ဆိုရာ၏။ (ဝါ) ဝန်ခံရာ၏။

ဤသို့ ဥဒါန်းစကားဖြင့် ပုဏ္ဏားမည်ကြောင်းကို မြွက်တော်မူ၏။

ထိုအဇပါလညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူလျက် တစ်ထက်ဝယ်တည်းဖြင့် နေတော်မူရာဖြစ်သော အရပ်သည် ပဥ္စမ အဇပါလသတ္တာဟ မည်၏။

## ဆဋ္ဌ မုစလိန္ဒ သတ္တာဟ

ထို့နောက် ဗောဓိပင်မှ အရှေ့တောင်ထောင့် တစ်ဥသဘ ကွာသော၊ (ဝါ) ၂၈-လံကွာသော အရပ်၌ မုစလိန္ဒာ အမည်ရှိသော ကျည်းပင်သည် ရှိ၏။ ထိုကျည်းပင်ရင်း၌ ရောက်သော အိုင်ကို "မုစလိန္ဒာအိုင်" ဟု သမုတ်၏။ မုစလိန္ဒာအိုင်၏အနီး ကျည်းပင်ရင်းသို့ နယုန်လပြည့်ကျော် ခြောက်ရက်နေ့ ကပ်တော်မူ၍ ဝိမုတ္တိချမ်းသာကို ခံစား၍ နေတော်မူ၏။

ထိုနေ့မှစ၍ ချမ်းအေးသောလေဖြင့် နှိပ်စက်ခြင်း ရှိသော အခါမဲ့သည်းထန်စွာ ရွာသော မိုးကြီးသည် စကြဝဠာတိုက်အလုံးကို နှံ့စေလျက် ခုနစ်ရက်ပတ်လုံး ရွာ၏။

ထိုအခါ မုစလိန္ဒာနဂါးမင်းသည် မိမိနေရာမှ ထွက်လာခဲ့၍ မြတ်စွာဘုရားကို တစ်စုံတစ်ခုသော ဖွတ်, ခြင်, ယင်, မှက်, နေ, လေပူ, မြွေ, ကင်း, သန်း စသော ဘေးရန်တို့သည် မကိုက်ခဲ၊ မထိပါး မနှိပ်စက် မညှဉ်းဆဲစေခြင်းငှာ တစ်ပိုင်းအခွေကို ပလ္လင်ပြုပြီးသော် ကိုယ်တော်ကို ခုနစ်ခွေပတ်၍ ဦးခေါင်းထက်၌ ကြီးစွာသော ပါးပျဉ်းကို ဖြန့်မိုး၍နေလေ၏။

မြတ်စွာဘုရားသည်လည်း နဂါးမင်း၏ အခွေထက်၌ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို၊ (ဝါ) ဝိမုတ္တိချမ်းသာကို ခံစား၍ နေတော်မူ၏။ ခုနစ်ရက်စေ့၍ အကာလ မိုးကြီးစဲသောအခါ မုစလိန္ဒာနဂါးမင်းသည် ကိုယ်တော်မှ မိမိအခွေကို ဖြေ၍ လုလင်အယောင် ဖန်ဆင်းပြီးလျှင် လက်အုပ်ချီလျက် ဘုရားရှေ့တော်မှာ ရှိခိုး၍ ရပ်လာသောအခါ မြတ်စွာဘုရားသခင်သည်—

> သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော။
> အဗျာပဇ္ဇံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော။
>
> သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။
> အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခန္တိ။

ဟူသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

တုဋ္ဌဿ၊ လေးပါးသော မဂ်ဉာဏ်တည်း ဟူသော ရောင့်ရဲခြင်းဖြင့် ရောင့်ရဲထသော။ သုတဓမ္မဿ၊ ထင်ရှားသိအပ်ပြီးသော သစ္စာလေးပါးတရား ရှိထသော။ ပဿတော၊ ပညာမျက်စိဖြင့် ခပ်သိမ်းသော တရားတို့ကို မြင်ပြီးထသော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဝိဝေကော၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဥပဓိဝိဝေကသည်။ သုခေါ၊ ချမ်းသာ၏။ လောကေ၊ လူအပေါင်း၌။ အဗျာပဇ္ဇံ အမျက်မရှိသည်၏အဖြစ်, စောင်းမြောင်းခြင်းမရှိသည်၏ အဖြစ်သည်။ သုခံ ချမ်းသာ၏။ ပါဏဘူတေသု၊ သတ္တဝါအပေါင်းတို့၌။ သံယမော၊ ကိုယ်နှုတ်ကို စောင့်ရှောက်၍ မညှဉ်းဆဲခြင်းသည်။ သုခေါ၊ ချမ်းသာ၏။

လောကေ၊ လူအပေါင်း၌။ ကာမာနံ၊ ကာမဂုဏ်တရားတို့ကို။ သမတိက္ကမော လွန်ခြင်းဟု ဆိုအပ်သော။ ဝိရာဂတာ၊ ရာဂကင်းသည်၏ အဖြစ်သည်။ သုခါ ချမ်းသာ၏။ အသ္မိမာနဿ၊ ငါဟူသော မာန်ကို။ ယော ဝိနယော၊ အကြင်ဆုံးမခြင်းသည်။ (ဝါ) မဂ်ဖြင့် ပယ်ဖျောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံဝိနယံ ထိုဆုံးမခြင်းသည်။ (ဝါ) မဂ်ဖြင့် ပယ်ဖျောက်ခြင်းသည်။ ဝေ၊ စင်စစ်။ ပရမံ မြတ်သော။ သုခံ၊ ချမ်းသာတည်း။

ထိုနဂါးမင်း၏ အခွေထက်၌ တစ်ထက်ဝယ်တည်းဖြင့် ဖွဲ့ခွေ၍ ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစား၍ နေတော်မူရာဖြစ်သော ဤအရပ်သည် ဆဋ္ဌမုစလိန္ဒသတ္တာဟ မည်၏။

# သတ္တမ ရာဇာယတန သတ္တာဟ

ထို့နောက် ဗောဓိပင်မှ တောင်မျက်နှာ အလံ ၄၀–ကွာသော ရာဇာရတန လင်းလွန်းပင်ရင်း၌ တစ်ထက်ဝယ်တည်းဖြင့် ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစား၍ နေတော်မူ၏။

ထိုလင်းလွန်းပင်ရင်း၌ ခုနစ်ရက်စေ့မြောက် ဝါဆိုလဆန်း ငါးရက်၊ ဗုဒ္ဓဟူးနေ့ မိုးသောက် အရုဏ်တက်သို့ ရောက်သောအခါ၌ မျက်နှာသစ်လိုသော အကြံတော်ရှိ၏။ ထိုအကြံတော်ကို သိကြားမင်း သိ၍ ဆေးဖြင့် ပြီးသော သျှိသျှားသီး၊ ကြံစုသီး၊ ကွမ်းသီးရိုး တံပူ၊ မျက်နှာသစ်ရေတို့ကို ကပ်လှူလာ၍ ဘုဉ်းပေးသုံးဆောင်ပြီးသောအခါ ရာမညတိုင်း၊ ဥက္ကလာပဇနပုဒ်၊ ပေါက္ခရဝတီမြို့မှ တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင် နှစ်ယောက်တို့သည် လှည်းငါးရာတို့ဖြင့် အနောက်မြောက်အရပ်သို့ ကုန်ရောင်းကုန်သွယ် လာကြရာတွင် မဇ္ဈိမဒေသ အလယ် မဂဓတိုင်း၏အတွင်း ဥရုဝေလတောသို့ ရောက်ကြရာမှ ဗောဓိပင် ရွှေပလ္လင်၏အနီးဖြစ်သော အရပ်သို့ ရောက်လာကြလေ၏။

ထိုကုန်သည် ညီနောင်တို့သည် မြတ်စွာဘုရားထံသို့ လာ၍ မိမိတို့တွင် ပါသော ပျား၊ တင်လဲ၊ ထောပတ်တို့နှင့် ရော၍ ပြုအပ် ဖွဲ့အပ် ဆုပ်အပ်သော ပျားမုန့်ဆုပ်ကိုလည်းကောင်း၊ ပျား၊ တင်လဲ၊ ထောပတ်တို့နှင့် မရောမပြု, မဖွဲ့ မဆုပ်သော မုန့်ကြွက်ကျစ်တို့ကိုလည်းကောင်း မြတ်စွာဘုရားအား လှူဒါန်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်အား စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့ လှူဒါန်းအပ်သော ပဲနောက်အဆင်းရှိသော ကျောက်ညိုဖြင့် ပြီးသော သပိတ် လေးလုံးကို ဆင့်၍ လက်တော်ကို တင်လျှင် အနားလေးရစ် ဆင့်လျက် ရှိသော တစ်လုံးတည်းသော သပိတ်ဖြစ်၏။ ထိုသပိတ်ဖြင့် ခံတော်မူ၍ ဘုဉ်းပေးပြီးသော အခါ ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံ၌–

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ...

ဓမ္မံ သရဏံ ဂစ္ဆာမိ...

ဟူသော ဒွေဝါစိက သရဏဂုံကို ခံယူဆောက်တည်ပြီးလျှင် "ယနေ့ကို အစပြု၍ အသက်ရှိသော ကာလပတ်လုံး အကျွန်ုပ်တို့ကို သရဏဂုံ ဆောက်တည်သော၊ (ဝါ) ဘုရား, တရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော ဥပါသကာ ဒါယကာ မှတ်တော်မူပါ" ဟု လျှောက်၏။

ထို့နောက် ထပ်မံ၍ "အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ယနေ့မှ စ၍ အဘယ်သူအား ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ကိုးကွယ်ခြင်း စသည်ကို ပြုရပါအံ့နည်း" ဟု လျှောက်သောအခါ မြတ်စွာဘုရားသခင်သည် လက်ယာ လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူသည် ရှိသော် ရှစ်ဆူသော ဆံတော်တို့သည် လက်တော်၌ ကပ်ငြိ၍ ပါလာကုန်၏။ ဤရှစ်ဆူသော ဆံတော်တို့ကို ကုန်သည်ညီနောင်တို့အား "သင်တို့အရပ်သို့ ယူဆောင်၍ ကိုးကွယ်ကြလေကုန်။ သင်တို့အရပ်၌ သိင်္ဂုတ္တရ အမည်ရှိသော ကုန်းသည် ရှိ၏။ ထိုကုန်း၌ ဌာပနာ၍ ကိုးကွယ်ကြလေ" ဟု ပေးအပ်တော်မူလိုက်၏။

ထိုဆံတော်ကို ပေးအပ်သော နေ့ရက်ကား ဘုရားဖြစ်တော်မူသည့် နေ့မှစ၍ ရက်ပေါင်း ငါးဆယ်ပြည့်၊ ဝါဆိုလဆန်း ခြောက်ရက်၊ ကြာသပတေးနေ့ဖြစ်၏။

ယင်းသို့ ကုန်သည်ညီနောင်တို့အား ဒွေဝါစိက သရဏဂုံနှင့်တကွ ဆံတော်ဓာတ်ကို ပေးအပ်ရာဖြစ်သော ဤအရပ်သည် သတ္တမ ရာဇာယတန သတ္တာဟမည်၏။ ဤသို့လျှင် ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ မိုးသောက်ယံအခါ ဘုရားဖြစ်သည်မှ စ၍ ဝါဆိုလဆန်း၊ ငါးရက်နေ့တိုင် ၄၉–ရက်ပတ်လုံး ခုနစ်ဌာနတို့၌ ခုနစ်ရက်စီ ဝိမုတ္တိချမ်းသာကို ခံစား၍ နေတော်မူလေ၏။

## သဟမ္ပတိဗြဟ္မာမင်း တောင်းပန်ခြင်းကြောင့် တရားဟောအံ့ဟု ဝန်ခံတော်မူခြင်း

ယင်းသို့ သတ္တသတ္တာဟ ၄၉–ရက်စေ့လျှင် လင်းလွန်းပင်မှသည် အဇပါလ ညောင်ပင်ရင်းသို့ တစ်ဖန်ပြန်၍ ဝါဆိုလဆန်း ခြောက်ရက်၊ ကြာသပတေးနေ့၌ နေတော်မူသောအခါ ထိုအဇပါလ ညောင်ပင်ရင်း၌လည်း ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစား၍ နေတော်မူပြန်၏။

ထိုရှစ်ခုမြောက်ဖြစ်သော သတ္တာဟအတွင်း၌ ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် ဤသို့သော အကြံတော်သည် ဖြစ်၏။ ငါ သိအပ်ရအပ်သော သစ္စာလေးပါး တရားတော်သည် အလွန်လျှင် သိမ်မွေ့နက်နဲ သိမြင်နိုင်ခဲ၏။ သူတစ်ပါးတို့သည် ကြံတွေးဆ၍ မသိမမြင်နိုင်။ သဗ္ဗညုတ ဘုရားရှင်တို့သာ သိမြင်နိုင်၏။ ဤလောက၌ ဖြစ်ကုန်သော သတ္တဝါတို့သည် ပညာနည်းပါး၍ ကိလေသာများရကား စဉ်းစားခြင်းတရား အလွန်ပါးခြင်း ရှိကြကုန်၏။ ကာမဂုဏ်တရား ငါးပါးတို့၌ တပ်ခြင်း မွေ့လျော်ခြင်း ရှိ၏။ ကာမဂုဏ်တရား ငါးပါးတို့၌ အလွန်နှစ်လို

ဝမ်းမြောက်ခြင်း ရှိ၏။ ဤသို့သဘောရှိသော သတ္တဝါတို့အား အကြောင်းတရားကို စွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို ငါ ဟောငြားသော်လည်း မသိမမြင်နိုင်ရာ၊ ခပ်သိမ်းသော သင်္ခါရတရားတို့၏ ငြိမ်းရာဖြစ်သော ဥပဓိတရား လေးပါးတို့မှ လွတ်ရာဖြစ်သော၊ တဏှာ၏ ကုန်ငြိမ်းရာဖြစ်သော၊ တပ်ခြင်း၏ ကင်းရာဖြစ်သော၊ ခပ်သိမ်းသောတရားတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်တရားသည် ရှိ၏။ ထိုနိဗ္ဗာန် တရားကို သိမြင်နိုင်ခဲ၏။ ငါ တရားဟောငြားသော်လည်း ငါ ဟောသော တရားကို မသိမမြင်နိုင်ရာ၊ မသိမမြင်သည်ရှိသော် ငါ တရားဟောခြင်း သည် အကျိုးမရှိ။ ငါ့အား ကိုယ်၏ ဆင်းရဲပင်ပန်းရုံမျှသာ ရှိချိမ့်မည်ဟု ကြံတော်မူ၏။

မေ မယာ၊ ငါသည်။ ကိစ္ဆေန၊ ဆင်းရဲ ငြိုငြင်သဖြင့်။ အဓိဂတော၊ ရအပ် သိအပ်သော၊ ဓမ္မော၊ တရားတော်ကို။ ဒါနိ၊ ယခုအခါ၌။ ပကာသိတုံ၊ ဝေဖန် ဟောကြား ထင်ရှားပြအံ့သောငှာ။ အလံ၊ မသင့်မထိုက်။ (ဝါ) အကျိုးမရှိ။ ရာဂ ဒေါသ ပရေတေဟိ၊ ရာဂ ဒေါသတို့ဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့သည်။ အယံဓမ္မော၊ ဤငါ ဟောအပ်သော တရားတော်ကို။ နသုသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် ကောင်းစွာ မသိနိုင်ရာ။ ပဋိသောတဂါမိ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ နိပုဏံ၊ သိမ်မွေ့နူးညံ့စွာထသော။ ဂမ္ဘီရံ၊ နက်နဲစွာထသော။ ဒုဒ္ဒသံ၊ သိမြင်နိုင်ခဲစွာ ထသော။ အဏုံ၊ ပရမာဏုမြူ အလားတူသော သစ္စာလေးပါး တရားတော်ကို။ ရာဂရတ္တာ၊ ကာမရာဂ ဘဝရာဂ ဒိဋ္ဌိရာဂတို့ဖြင့် တပ်ခြင်း ရှိကုန်သော သတ္တဝါ တို့သည်။ တမောခန္ဓေန၊ အဝိဇ္ဇာတည်းဟူသော မောဟအစုဖြင့်။ အာဝုတာ၊ ဖုံးလွှမ်းပိတ်ပင် မေးယှက်အပ်ကုန်သည်ဖြစ်၍။ နဒက္ခိန္တိ၊ မသိမမြင်နိုင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတော၊ အဖန်တလဲလဲ ဆင်ခြင်တော်မူသော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ အပ္ပေါသုက္ကတာယ၊ တရား မဟော လိုခြင်းငှာ။ (ဝါ) ကြောင့်ကြမဲ့နေခြင်းငှာ။ နမတိ၊ ညွတ်တော်မူ၏။ ဓမ္မဒေသနာယ၊ တရားဟောခြင်းငှာ။ နော နမတိ၊ ညွတ်တော်မမူ။

ဤသို့တရားတော်၏ နက်နဲသိမ်မွေ့သောအဖြစ်ကို အဖန်တလဲလဲ ဆင်ခြင် တော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့အား ငါ တရားမဟောလိုပြီဟု အကြံတော်သည်ဖြစ်၏။ ထိုအကြံကို သဟမ္ပတိဗြဟ္မာကြီး သိ၍—

နဿတိ ဝတ ဘော လောကော၊
ဝိနဿတိ ဝတ ဘော လောကော။

ဟူ၍ ဆိုသည် လေ၏။

ဘော၊ အို-အချင်းတို့။ လောကော၊ လူအပေါင်းသည်။ နဿတိ ဝတ၊ ပျက်စီးလတ္တံ့။ ဘော၊ အို-အချင်းတို့။ လောကော၊ လူအပေါင်းသည်။ ဝိနဿတိ ဝတ၊ အထူးထူးအပြားပြား ပျက်စီးလတ္တံ့။

တစ်သောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ်၊ ဗြဟ္မာအပေါင်းတို့နှင့်တကွ မြင်းမိုရ်တောင်လုံးခန့်မျှ ရှိသော ရတနာပန်းကုံးကို ဆောင်ယူခဲ့၍ မြတ်စွာဘုရားအား ပူဇော်ပြီးလျှင် သဟမ္ပတိဗြဟ္မာမင်းသည် မြေ၌ လက်ယာပုဆစ်ဒူးကို ထောက်၍ လက်အုပ်ချီလျက် ဤသို့လျှောက်၏။

"ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ၊ သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ၊ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ ဘဝိဿန္တိ ဓမ္မဿ အညာတာရော"တိ။

(ဝိ-၃၊ ၆။)

ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတု၊ ဟောတော်မူပါလော့။ သုဂတော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတု၊ ဟောတော်မူပါလော့။ အပ္ပရဇက္ခဇာတိကာ၊ ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသော သဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ရှိပါကုန်၏။ ဓမ္မဿ၊ တရားတော်ကို။ အဿဝနတာ၊ မကြား မနာရသဖြင့်။ ပရိဟာယန္တိ၊ တရားတော်မှ ဆုတ်ယုတ်ကုန်၏။ ဓမ္မဿ၊ တရားတော်ကို။ အညာတာရော၊ သိလွယ်သော သတ္တဝါတို့သည်။ ဘဝိဿန္တိ၊ ရှိကုန်ဖြစ်ကုန်လတ္တံ့။ (ဝါ) ရှိပါကုန်ရာ၏။ ဣတိ၊ ဤသို့သော စကားကို။ အဝေါစ၊ သဟမ္ပတိဗြဟ္မာကြီးက လျှောက်၏။

ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တတည်း ဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရား၊ ကောင်းသော စကားနှစ်ခွန်းကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ အရှင်ဘုရားသည် တရားဟောတော်မူပါ။ ပညာမျက်စိ၌ ကိလေသာမြူနည်းသော သတ္တဝါတို့သည် ရှိကုန်၏။ ထိုသတ္တဝါတို့သည် တရားတော်ကို မနာရပါသောကြောင့် တရားတည်းဟူသော အကျိုးစီးပွားမှ ယုတ်ကုန်ရာ၏။ တရားတော်ကို နာရလျှင် ထိုးထွင်း၍ သိလွယ်ကုန်သော သတ္တဝါတို့သည် ရှိသည် ဖြစ်ပါကုန်လတ္တံ့။

အရှင်ဘုရား၊ ယခုအခါ မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၌ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ၊ အဇိတကေသကမ္ဗလ၊ သိဉ္စည်း၊ ဤခြောက်ယောက်ကုန်သော တိတ္ထိတို့သည် မိမိတို့၏ မိစ္ဆာဝါဒကို ဟောပြကြ၍ နေကြချေပြီ။ ထိုမိစ္ဆာဝါဒဖြင့် အပါယ်တံခါး ဟင်းလင်းပွင့်ချေပြီ၊ နတ်ရွာနိဗ္ဗာန်ဝင်ရန် တံခါးဟင်းလင်းမပွင့်၊ ပိတ်ချေပြီ။

ကိလေသာတည်းဟူသော မြူအညစ်အကြေးကင်းတော်မူသော မြတ်စွာဘုရား၊ ထက်ဝန်းကျင်သော အရပ်၌ရှိသော လူအပေါင်းကို မြင်နိုင်သော ပညာရှိတော်မူသော မြတ်စွာဘုရား၊ တရားတည်းဟူသော စည်ကြီးကို တီးတော်မူပါ၊ အပါယ်တံခါး ပိတ်တော်မူပါ၊ နတ်ရွာနိဗ္ဗာန်သို့ဝင်ရန် အရိယမဂ်တည်းဟူသော တံခါးကို ဖွင့်လှစ်တော်မူပါ၊ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါများလည်း ရှိပါလိမ့်မည်။ ထိုသူတို့အား တရားတည်းဟူသော မိုးဖြင့် တိုက်ကျွေးနှီးဆော်တော်မူပါဟု လျှောက်ထားတောင်းပန်၏။

ထိုသဟမ္ပတိ ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို အကြောင်းပြု၍ အာသယာနုသယ ဣန္ဒြိယပရောပရိယတ္တ ဉာဏ်တော်တည်းဟူသော ဗုဒ္ဓစက္ခုဖြင့် တစ်သောင်းသော လောကဓာတ်ကို ကြည့်တော်မူသည်ရှိသော် ကျွတ်လတ္တံ့သော သတ္တဝါတို့ကို မြင်တော်မူလျှင် သည်းခံခြင်း ပဋိညာဉ်ကို ပေးလို၍—

> "ဗြဟ္မာကြီး၊ အကြင်သတ္တဝါတို့သည် တရားတော်ကို နာကုန်၏၊
> ထိုသတ္တဝါတို့အား အမြိုက်နိဗ္ဗာန်၏ တံခါးသဖွယ် ဖြစ်သော အရိယမဂ်
> တည်းဟူသော တံခါးကို ငါ ဖွင့်ပေးအံ့၊ ငါ တရားဟောပေအံ့"

ဟု ပဋိညာဉ် စကားဖြင့် မိန့်တော်မူသော အခါ သဟမ္ပတိ ဗြဟ္မာကြီးသည် မြတ်စွာဘုရားကို ရှိခိုးလျက် လက်ယာရစ်လည်ပြီးလျှင် ထိုအရပ်မှ ကွယ်လေ၏။

## ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရန် မိဂဒါဝုန်သို့ ကြွစဉ် လမ်း၌ ဥပကနှင့် တွေ့ခြင်း

သဟမ္ပတိ ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို အကြောင်းပြု၍ ငါဘုရားသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း။ အဘယ်သူသည် လျင်မြန်စွာ သိလွယ်ပါအံ့နည်းဟု အကြံတော်ဖြစ်သောအခါ ကာလာမအမျိုးဖြစ်သော အာဠာရ ရသေ့သည် ထက်သောပညာရှိ၏။ လိမ္မာ၏။ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသော သဘောရှိ၏။ တရား

ဟောရသော် လျင်စွာသိလွယ်လတ္တံ့။ ထိုအာဠာရအား ရှေးဦးစွာ တရားဟောအံ့ဟု အကြံတော်ဖြစ်သောအခါ အာဠာရ ရသေ့သည် သေလွန်၍ ခုနစ်ရက်ရှိပြီ၊ အာကိဉ္စညာယတနဘုံ၌ဖြစ်သည်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ထင်မြင်တော်မူ၍—

မဟာဇာနိယော ခေါ အာဠာရော ကာလာမော။

ဟု ညည်းညူတော်မူ၏။

ကာလာမော၊ ကာလာမအနွယ်ဖြစ်သော။ အာဠာရော၊ အာဠာရ ရသေ့သည်။ မဟာဇနိယော၊ ယုတ်ကြီး ယုတ်ခဲ့ပြီ။ (ဝါ) ရှုံးခြင်းကြီး ရှုံးခဲ့လေပြီ။

ထိုအာဠာရရသေ့သည် ငါ၏ တရားတော်ကို နာရမူ လျင်စွာ သိရာ၏ဟု နှုတ်မြွက်တော်မူ၏။

ထို့နောက် အဘယ်သူအား ငါ ဘုရားသည် ရှေးဦးစွာ တရားဟောရပါအံ့နည်း။ အဘယ်သူသည် လျင်မြန်စွာ သိလွယ်ပါအံ့နည်းဟု အကြံတော်ဖြစ်သောအခါ ရာမပုဏ္ဏားကြီး၏ သားဖြစ်သော ဥဒကရသေ့သည် ထက်သောပညာရှိ၏။ လိမ္မာ၏။ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသော သဘောရှိ၏။ တရားဟောရသော် လျင်စွာ သိလတ္တံ့။ ထိုဥဒကရသေ့အား ရှေးဦးစွာ တရားဟောအံ့ဟု အကြံတော်ဖြစ်ပြန်သောအခါ ဥဒကရသေ့သည် ယမန်နေ့ည သန်းခေါင်ယံ၌ ကွယ်လွန်၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်သည်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ထင်မြင်တော်မူရာ—

မဟာဇာနိယော ခေါ ဥဒကော ရာမပုတ္တော။

ဟု ညည်းညူတော်မူ၏။

ရာမပုတ္တော၊ ရာမပုဏ္ဏားကြီး၏ သားဖြစ်သော။ ဥဒကော၊ ဥဒကရသေ့သည်။ မဟာဇနိယော၊ ရှုံးခြင်းကြီး ရှုံးခဲ့လေပြီ။ ထိုဥဒကရသေ့သည် ငါ၏ တရားတော်ကို နာရမူ လျင်စွာ သိရာ၏ဟု နှုတ်မြွက်တော်မူ၏။

ထို့နောက် အဘယ်သူအား ငါဘုရားသည် ရှေးဦးစွာ တရားဟောရပါအံ့နည်း။ အဘယ်သူသည် လျင်မြန်စွာ သိလွယ်ပါအံ့နည်းဟု အကြံတော် ဖြစ်ပြန်သောအခါ ပဉ္စဝဂ္ဂီငါးယောက်တို့သည် ငါ့အား များသော ကျေးဇူးရှိကုန်၏။ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်စဉ်အခါ ငါ့ကို လုပ်ကျွေးဖူးသော ကျေးဇူးရှိကုန်၏။ ထိုသူ ငါးယောက်တို့အား တရားဦးကို ဟောရမူကား ကောင်း၏ဟု ကြံတော်မူပြီး၍ ယခုအခါ ထိုပဉ္စဝဂ္ဂီရသေ့ ငါးယောက်တို့သည် အဘယ်အရပ်၌

နေကြလေကုန်သနည်းဟု ဆင်ခြင်တော်မူသည်ရှိသော် ဤဗောဓိပင်မှ ၁၈-ယူဇနာ ကွာသော ကာသိတိုင်း၊ ဗာရာဏသီပြည်၏ အနီးဖြစ်သော မိဂဒါဝုန်တော၌ နေကြကုန်သည်ဟု အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်တို့၏ မျက်စိအမြင်ကဲ့သို့ မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တော်မူ၏။

ထိုသို့ မြင်ပြီးသည်မှ ဤအဋ္ဌမသတ္တာဟ ဖြစ်သော အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက် စေ့ပြီးသည်နောက် သုံးလေးရက်မျှ ဗောဓိပင်၏ အနီးဖြစ်သော ရွာနိဂုံးတို့၌ ဆွမ်းအာဟာရကို မှီဝဲသုံးဆောင်၍ နေတော်မူပြီး ဝါဆိုလပြည့်နေ့တွင် ဗောဓိပင်မှ ၁၈-ယူဇနာကွာသော ကာသိတိုင်း၊ ဗာရာဏသီပြည်သို့ ရှေးရှု၍ အစဉ်အတိုင်း ခြေလျင်ခရီးဖြင့် ကြွတော်မူခဲ့သော် ဗောဓိပင်မှ သုံးဂါဝုတ်ကွာသော ပယာရွာသို့ မရောက်မီ လမ်းခရီးအကြားတွင် ဥပက အမည်ရှိသော အာဇီဝက တက္ကတွန်းကို၊ (ဝါ) အထက် လက်ကတီးကြား၌ သွင်း၍ အဝတ်ဝတ်သော အာဇီဝက တက္ကတွန်းနှင့် တွေ့တော်မူ၏။

ထိုဥပက တက္ကတွန်းက "ငါ့ရှင်၊ သင်၏ စက္ခုစသော ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဖွယ် ရှိပေ၏။ အရေအဆင်းလည်း သန့်ရှင်းစင်ကြယ်သပ္ပါယ် ပြည့်ဖြိုးလျက် ပြိုးပြိုးပြက်ပြက်မျှ ထွန်းတောက်ပသော အရောင်အဆင်းလည်း ရှိပေ၏။ ငါ့ရှင်၊ သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုသနည်း။ ငါ့ရှင်၊ အဘယ်သူသည် သင်၏ ဆရာနည်း၊ ငါ့ရှင်၊ သင်သည် အဘယ်သူ၏ တရားကို နှစ်သက်သနည်း။ အဘယ်အမည်ရှိသနည်း" ဟု မေး၏။

ထိုအမေးကို ဖြေလို၍ မြတ်စွာဘုရားသည်—

"သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

န မေ အာစရိယော အတ္ထိ၊ သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။
အဟံ ဟိ အရဟာ လောကေ၊ အဟံ သတ္ထာ အနုတ္တရော။
ဧကောမှိ သမ္မာသမ္ဗုဒ္ဓေါ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။

ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ အမတဒုန္ဒုဘိ”န္တိ။
(ဝိ–၃၊ ၁၂။)

ဟု မဂဓဘာသာဖြင့် ဖြေဆိုတော်မူ၏။

ဥပက၊ ဥပက။ အဟံ၊ ငါ ဘုရားသည်။ သဗ္ဗာဘိဘူ၊ အလုံးစုံသော တေဘူမက တရားကို လွှမ်းမိုး၍ တည်သည်။ အသ္မိ၊ ဖြစ်၏။ သဗ္ဗဝိဒူ၊ အလုံးစုံသော စတုဘူမက တရားကို သိသည်။ အသ္မိ၊ ဖြစ်၏။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဓမ္မေသု၊ တေဘူမက တရားတို့၌။ အနုပလိတ္တော၊ ရာဂ အစရှိသော ကိလေသာ တည်းဟူသော အစေးဖြင့် လိမ်းကျံကပ်ငြိခြင်း မရှိ။ သဗ္ဗဉ္ဇဟော၊ အလုံးစုံသော တေဘူမက တရားကို စွန့်အပ်ပြီ။ တဏှက္ခယေ၊ တဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌။ ဝိမုတ္တော၊ အာရုံပြုသောအားဖြင့် လွတ်လွတ်သက်ဝင်ပြီ။ (ဝါ) အာရုံပြုသောအားဖြင့် ကိလေသာအပေါင်းမှ ငါ လွတ်ပြီ။ သယံ၊ မိမိ အလိုလိုကိုယ်တိုင်။ အဘိညာယ၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံသော တရားကို သိသည်ဖြစ်၍။ ကံ၊ အဘယ်သူတစ်ပါးကို။ ဥဒ္ဒိသေယျံ၊ ဤသူပင် ဆရာဟူ၍ ညွှန်ပြရအံ့နည်း။

ဥပက၊ ဥပက။ မေ၊ ငါ ဘုရားအား။ အာစရိယော၊ လောကုတ္တရာ အရာ၌ ဆရာသည်။ နအတ္ထိ၊ မရှိ။ သဒေဝကသ္မိံ၊ နတ်,ဗြဟ္မာနှင့် တကွသော။ လောကသ္မိံ၊ လူ့ရွာ၌။ မေ၊ ငါဘုရားအား။ သဒိသော၊ တူသောသူသည်။ နဝိဇ္ဇတိ၊ မရှိ။ မေ၊ ငါဘုရားအား။ ပဋိပုဂ္ဂလော၊ ပြိုင်ဘက်တုဘက်ဖြစ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။

အဟံဟိ–အဟံဝေ၊ ငါဘုရားတစ်ယောက်သာလျှင်။ လောကေ၊ လောက သုံးပါး၌။ အရဟာ၊ ပစ္စည်းလေးဦး ပူဇော်အထူးကို ခံတော်မူထိုက်သော ရဟန္တာ တည်း။ အဟံဝေ၊ ငါတစ်ယောက်သည်သာလျှင်။ အနုတ္တရော၊ လူသုံးပါးတို့၏ အတုမရှိသော။ သတ္ထာ၊ နတ် လူတို့ကို ဆုံးမတတ်သော ဆရာတည်း။ အဟံ–ဧကောဝ၊ ငါတစ်ယောက်သည်သာလျှင်။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် ဆရာ မရှိ မိမိအလိုလို ကိုယ်တိုင်သိတတ်သော ဘုရားသည်။ အမှိ၊ ဖြစ်၏။ သီတိဘူတော၊ ကိလေသာဟူ အပူတို့၏ အေးငြိမ်းခြင်းသို့ ရောက်သည်ဖြစ်၍၊ နိဗ္ဗုတော၊ ကိလေသာမီး ငြိမ်းသေပြီးသည်။ အသ္မိ၊ ဖြစ်၏။

ဓမ္မစက္ကံ၊ သစ္စာလေးပါး ဓမ္မစကြာတရားကို။ ပဝတ္တေတုံ၊ လည်စေ၍ ဟောခြင်းငှာ။ အန္ဓဘူတသ္မိံ၊ သူကန်းသဖွယ်ဖြစ်နေသော။ လောကသ္မိံ၊ လူ အပေါင်း၌။ အမတ ဒုန္ဒုဘိံ၊ တရားတည်းဟူသော စည်ကြီးကို။ အာဟဉ္ဆံ၊ ဓမ္မစက္ကာကို ရကြပါစေ ရိုက်တီးချေအံ့ဟူ၍။ ကာသိနံ၊ ကာသိတိုင်း၌ နေကုန်သော သူတို့၏။ ပုရံ၊ ဗာရာဏသီပြည်သို့။ ဂစ္ဆာမိ၊ ငါသွားအံ့။

ဟု ဘုရားက ဖြေဆိုသောအခါ ဥပက တက္ကတွန်းက "ငါ့ရှင်၊ ပြေဆိုတိုင်း အနန္တဇိန-ဆိုထိုက်လှပေ၏လော" ဟု ဆို၏။

ယထာ ခေါ တွံ အာဝုသော ပဋိဇာနာသိ၊ အရဟာသိ အနန္တ ဇိနောတိ။

အာဝုသော၊ ငါ့ရှင်။ တွံ၊ သင်သည်။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ပဋိဇာနာသိ၊ ငါဘုရားဟူ၍ ဝန်ခံ၏။ တထာ၊ ထိုဝန်ခံတိုင်း။ အနန္တဇိနော၊ အဆုံးမရှိသောဉာဏ်နှင့် ပြည့်စုံသော မာရ်ငါးပါးကို အောင်သော ဘုရားသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ အရဟာသိ၊ ထိုက်အံ့လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊ တသ္မာဟမုပက ဇိနောတိ။
(ဝိ-၃။ ၁၂။)

ဤသို့မေးသောအခါ-ဥပက၊ ဥပက။ မာဒိသာ၊ ငါနှင့်တူကုန်သော။ (ဝါ) ငါကဲ့သဘောရှိကုန်သော။ ယေဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရားတို့သည်။ အာသဝက္ခယံ၊ အာသဝေါတရားတို့၏ကုန်ရာ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကုန်၏။ တေဗုဒ္ဓါ၊ ထိုမြတ်စွာ ဘုရားတို့သည်။ ဝေ၊ စင်စစ်။ ဇိနာ၊ ဇိနမည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မေ၊ ငါ့အား။ ပါပကာ၊ ယုတ်မာကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့ကို။ ယသ္မာ၊ အကြင်ကြောင့်။ ဇိတာ၊ အောင်အပ်ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ဇိနော၊ ဇိနမည်တော်မူ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်ဆို၏။

ဤသို့မိန့်သော် ဥပကသည် "အင်း-ဇိန ဟုတ်ပေရာ၏" ဟု ဦးခေါင်း ညိတ်ကာ လမ်းလွဲပြီး ဝင်္ကဇနပုဒ်သို့ သွားလေ၏။

ဥပကသည် ဝင်္ကဇနပုဒ်သို့ ရောက်သောအခါ ထိုဇနပုဒ်၌ နေသော မုဆိုးကြီးသည် ရဟန္တာဟူသော အမှတ်သညာဖြင့် အရိပ်သခ်မ်းကျောင်းငယ်တစ်ခု ဆောက်လုပ်ပြီးလျှင် ကိုးကွယ်လုပ်ကျွေးခြင်းကိုပြု၍ ထားလေ၏။

တစ်နေ့သ၌ မုဆိုးကြီးသည် သမီးဆာဝါကို ခေါ်၍ "ချစ်သမီး၊ ငါတို့ဆရာအား ကောင်းမွန်စွာ လုပ်ကျွေးရစ်လော့၊ မမေ့မလျော့စေနှင့်" ဟု မှာခဲ့၍ သား၊ ညီတို့နှင့်တကွ တောသို့ သွားလေ၏။ ဥပကလည်း နက်ဖြန်မိုးသောက် ဆွမ်းဘုဉ်းပေးချိန်ရောက်လျှင် သပိတ်၊ သင်္ကန်းကို ပြင်ဆင်၍ အိမ်သို့ ဆွမ်းစားလာသောအခါ ဆာဝါ ခင်းထားအပ်သော နေရာထက်၌ နေလေ၏။ ကောင်းမွန်စွာ ပြင်ဆင်၍ ဆွမ်းကပ်လာသော ဆာဝါ၏ အမူအရာကို မြင်ရလျှင် ပြင်းစွာ တပ်မက်မောသော ရာဂမီးသည် ညီးညီးပြောင်ပြောင် တောက်လောင်သည်ဖြစ်၍ စားမိသော ဆွမ်းလုတ်ကိုမျှ မျို၍ မကျနိုင်၊ မေးပါ ခိုင်၍ ငေးမှိုင် မှုးဝေကာ စားဆဲသော ဆွမ်းကို သပိတ်သို့ထည့်သွင်း၍ ပြန်လာခဲ့ရာ ကျောင်းသို့ရောက်လျှင် ဆွမ်းသပိတ်ကို အနီး၌ ထား၍ အိပ်ရာထက်တွင် အလျားမှောက်နေပြီးလျှင် "ဆာဝါကို ရပါမှ ငါ၏အသက်ရှင်တော့မည်၊ မရပါလျှင် ဤနေရာတွင် သေမင်းရွာသို့ လိုက်ရတော့မည်" ဟု ပါးစပ်က တဖျစ်ဖျစ်မည်လျက် ခုနစ်ရက်ပတ်လုံး နေလေ၏။

ထိုအခါ မုဆိုးကြီးသည် ခုနစ်ရက်လည်၍ တောမှပြန်လာပြီး အိမ်သို့ ရောက်လေသော် ဆရာ၏အကြောင်းကို သမီးဆာဝါအား မေးလျှင် "ဖခင်၊ ဆရာသည် အိမ်သို့ တစ်နေ့မျှသာ လာပြီးလျှင် ဆွမ်းဩဇာကိုမျှ မစားဘဲ ယူ၍ လျင်မြန်စွာ ပြန်သွားသည်။ မလာသည်မှာ ယနေ့ခုနစ်ရက်ရှိပြီ" ဟု ပြောလျှင် မုဆိုးကြီးသည် ကျောင်းသို့ သွားလေ၏။

ပါးစပ်က တဖျစ်ဖျစ်မည်လျက် မှောက်ခုံအိပ်၍နေသော ဥပက တက္ကတွန်းကို မြင်လျှင် ခြေကို ကိုင်၍ "ငါ့ဆရာ၊ အဘယ်သို့ ရှိသနည်း" ဟု မေးလေသော် ဆရာတော် ဥပက, က ဘယ်စကားကိုမျှ မပြန်ကြားဘဲ ညည်းတွားမြည်တမ်းလျက် တစ်ဘက်မှသည် တစ်ဘက်သို့ ပြန်၍နေလေ၏။

မုဆိုးကြီးလည်း ဤသို့ ဆို၏။ "ငါ့ဆရာ၊ အကြောင်းအသို့ရှိသနည်း၊ အကြောင်းကိုသာ ပြောကြားလော့၊ အားမနာနှင့်၊ ငါတတ်နိုင်ပါ၏။ အလိုဆန္ဒရှိသမျှကို တစ်ဝတည်း ပြည့်စုံစေအံ့" ဟုဆို၏။

"အို–ဒါယကာ ငါ့တကာမုဆိုးကြီး၊ ငါသည် အခြားဝေဒနာမဟုတ်၊ သင်၏ သမီးဆာဝါကြောင့်ပင် ဤအဖြစ်သို့ ငါ ရောက်ခြေသည်၊ ဆာဝါကိုမျှ ငါမရမူ ငါ့အသက် ရှင်တော့မည်မဟုတ်" ဟု ပြော၏။

မုဆိုးကြီးက ဤသို့ဆို၏။ ငါ့ဆရာပြောသော စကားမှာ ခဲယဥ်းလှသည် မဟုတ်ပါ။ လူတို့မည်သည်မှာ ပညာရှိမှ ဥစ္စာရတနာရှာကြ၍ ရရာသည်။ ဥစ္စာရှိမှ ချမ်းသာရသည်။ ဤသို့ လုပ်ကျွေးနိုင်လောက်သော ကိုယ်စွမ်းပညာဥစ္စာသာလျှင် ခဲယဥ်းပါသည်။ ထိုသို့ ခဲယဥ်းသော တစ်စုံတစ်ခုသော ဘယ်အတတ် ဘယ်ပညာကို ငါ့ဆရာ တတ်ပါသနည်းဟု မေး၏။

မုဆိုးကြီး၊ ငါသည် တစ်စုံတစ်ခုသော ဘယ်အတတ် ဘယ်ပညာမျှ မတတ်ပါဟု ပြော၏။

မုဆိုးကြီးက အိမ်ရာထောင်၍နေသော သူတို့မှာ တစ်စုံတစ်ခုသော အတတ်ပညာရှိမှသာလျှင် ဖြစ်နိုင်ရာသည်ဟု ဆိုလျှင် မုဆိုးကြီး၊ ငါသည် သင်၏ အဖော်ပြု၍ ရသမျှသော သားငှက်တို့ကို ထမ်းတတ်ပါ၏။ သင်တို့ ရောင်းရာဈေးလမ်းတို့၌ ထမ်း၍ နောက်က လိုက်တတ်ပါ၏။ ရောင်းတတ်ပါ၏ဟု ဆိုလျှင် သင်သည် သိန်းသန်းမျှသော ဥစ္စာကို ရှာနိုင်ငြားသော်လည်း ငါ မနှစ်သက်။ ယခု သင်ဝန်ခံသော အမှုကိုသာ ငါသာ၍ ကြိုက်နှစ်သက်ပါ၏ဟု ဆို၍ မုဆိုးကြီးသည် မိမိတွင် ပါသော အပေါ်ရုံ ပုဆိုးတစ်ပိုင်းကို ဝတ်စေ၍ အိမ်သို့ခေါ်ခဲ့ပြီးလျှင် သမီး ဆာဝါနှင့် ထိမ်းမြားပေးလေ၏။

ကာလရှည်လျားနေကြသောအခါ ဆာဝါမှာ သားတစ်ယောက် ရ၍ သုဘဒ္ဒဟူသော အမည်မှည့်၏။ ထိုသားငယ် ငိုသောအခါ အမိ ဆာဝါသည် ဥပကကို မမြတ်နိုးသော သဘောထားနှင့် သားငယ်ကို ချော့မြှင်ကြောင်း ဤသို့ သီကျူး၏။ "အမဲထမ်းသမား၊ အမဲရောင်းသမား၏ သား၊ မုဆိုးနောက်လိုက် လူထွက်မိုက်၏သား၊ ငါ့အား အပူမရှာလင့်" ဟု သားငယ်ကို ဖြားယောင်းသော သီချင်းဖြင့် ဥပကကို စောင်း၍ ပြက်ရယ်မှု ဆို၏။ ရံခါရံခါလည်း ဤသို့ တစ်နည်း သီကျူး၏။ "နင့်ဘ,ရှူးနှမ်း၊ ရဟန်းပေါ့ပျက်၊ ငါ့ကို မက်၍၊ လူထွက်လာသည်၊ ပညာပေတုံး၊ ထမင်းဖြုံးသည့်၊ လူစ,တုံး၏သား" ဟု ဥပကကို စောင်းမြောင်း၍ ပြက်ရယ်မှုဆို၏။

ထိုအခါ ဥပကလည်း "ဆာဝါ၊ ငါ့ကို မလေးလောက် မခန့်လောက် ထင်မှတ်၍ နင်–ငါ့ကို ဆိုဘိ၏။ ဆာဝါ၊ ငါ့ကိုးကွယ်ရာမရှိဟု ထင်မှတ်သလော။ ငါ့မှာ လောကဓာတ်၌ ပြိုင်ဘက်မရှိ၊ အနန္တဇိန အမည်ရှိသော ငါ့အဆွေခင်ပွန်းကြီးထံ ငါပြန်၍ ရဟန်းပြုလျှင် သားတစ်ခုနှင့် နင် မုဆိုးမ ဖြစ်၍ ကျန်ရစ်ချင်သလား" ဟု ဆာဝါကို ကြိမ်းမောင်း၍ ဆိုလေ၏။

ထိုအခါ ဆာဝါလည်း ငါဆိုအပ်သော ဤမျှသောစကားဖြင့်ပင် ဥပသက သည် ရက်လည်း ရက်ဟန်ရှိ၏။ နား၌လည်း ငြီးငွေ့ဟန်ရှိ၏ဟု ထင်မှတ်၍ ထိုနေ့က စပြီး နေ့တိုင်း နေ့တိုင်း ထပ်ကာထပ်ကာ ကြိမ်ဖန်များစွာ ဆို၏။

ထိုသို့ ဆိုဖန်များလျှင် ဥပကသည် ဆာဝါကို မပြောဘဲ အိမ်က ထွက်၍ ဝက်ဇနပုဒ်မှသည် ဘုရား ရှိရာ မဇ္ဈိမဒေသကို ရှေးရှုသွားလေ၏။ ဥပကသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင် ငါ့ရှင်တို့၊ အနန္တဇိန အဘယ်မှာ ရှိသနည်းဟု မေး၍ လာသောအခါ ရဟန္တာတို့သည် ဘုရားထံသို့ ဆောင်ယူခဲ့၍ ရောက်လျှင် ဤသို့ မေးတော်မူ၏။

ဥပက အသက်လည်း ကြီးရင့်ပြီ၊ ရဟန်းပြုခြင်းငှာ တတ်နိုင်ပါအံ့လော ဟု မိန့်တော်မူသောအခါ အရှင်ဘုရား၊ တတ်နိုင်ပါ၏ဟု လျှောက်လျှင် ရဟန်း ပြုတော်မူ၍ တစပဥ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်စေသောအခါ အနာဂါမိဖိုလ် သို့ ရောက်၍ အသက်အတိုင်းနေပြီးလျှင် စုတေသောအခါ အဝိဟာဘုံ၌ ဖြစ်လေ၏။ ၎င်းဘုံသို့ ရောက်သော ခဏ၌ ရဟန္တာဖြစ်လေ၏။

## ပဉ္စဝဂ္ဂီငါးဦးတို့အားဓမ္မစက္ကသုတ်နှင့်အနတ္တလက္ခဏာသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ဝါဆိုလပြည့်နေ့ ညနေချမ်းအခါ ဗောဓိပင်နှင့် တစ်ဆယ့်ရှစ်ယူဇနာကွာသော အနောက်မြောက်ထောင့်အရပ်ဖြစ်သော ဗာရာဏသီ ပြည်၏အနီး မိဂဒါဝုန်တောသို့ ဓမ္မစကြာတရားဟောခြင်းငှာ ခြေကြောင်းခရီးဖြင့် အစဉ်အတိုင်း ကြွတော်မူခဲ့ရာ လမ်းခရီးအကြား၌ ဥပကတက္ကတွန်းနှင့် တွေ့၍ သုံးခွန်းသော စကားကို မေး၍ ဖြေဆိုပြီးသည်နောက် မိဂဒါဝုန်တောရှိ ပဉ္စဝဂ္ဂီ ငါးဦးတို့၏ အနီးသို့ ရောက်လေသော် အဝေးမှလာသော မြတ်စွာဘုရားကို မြင်ကြကုန်လျှင် အချင်းချင်း ကတိကဝတ် ထားကြကုန်၏။

ငါ့ရှင်တို့၊ ဤရဟန်းဂေါတမသည် ငါတို့ထံသို့ လာပြန်ပြီ၊ ဘုရားဖြစ်ခြင်းငှာ ဒုက္ကရစရိယ အကျင့်ကို ကျင့်စဉ် ဘုရားမဖြစ်မီပင် ဒုက္ကရစရိယအကျင့်မှ ထွက်၍ ဆွမ်း, သင်္ကန်းများအောင် မြို့ရွာနိဂုံးများသို့ လှည့်လည်ရှာဖွေ၍ နေသည်။ အကျင့်ပျက်သောသူ ဖြစ်သည်။ ထို့ကြောင့် ရဟန်းဂေါတမကို မည်သူမျှ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း သောက်ရေ သုံးရေ တည်ထားခြင်း၊ သပိတ်, သင်္ကန်းကို လှမ်းယူခြင်း၊ ခြေဆေးရေထားခြင်း စသော ဝတ်ကို မပြုကြနှင့်၊

စင်စစ်သော်ကား အာဂန္တုကဖြစ်၍ နေရာခင်းအပ်၏။ သူနေလိုလျှင် နေလတ္တံ့၊ သည်မှတစ်ပါးမပြုကြနှင့်ဟု အချင်းချင်းသဘောတူ ကတိကဝတ်ပြု၍ နေကြကုန်၏။

မြတ်စွာဘုရားသခင်သည် ထိုအကြောင်းအရာကို သိမြင်တော်မူ၍ ခပ်သိမ်းသော သတ္တဝါတို့၌ နှံ့စေတတ်သော အနောဒိသမေတ္တာကို လွှတ်တော်မူ၏။ ပဥ္စဝဂ္ဂီငါးယောက်တို့ကိုသာ နှံ့စေတတ်သော ဩဒိသမေတ္တာဖြင့် ကြွတော်မူ၏။ အနီးသို့ရောက်သောအခါ တန်ခိုးတော်၏ အစွမ်းအားဖြင့် မိမိတို့ သဘောတူပြုကြသော ကတိကဝတ်၌ မတည်တံ့နိုင်၊ ယိမ်းယိုင်တုန်လှုပ်သော ကိုယ်စိတ်ရှိကြကုန်ရကား ထားရင်းဝတ်ကို ဖျက်၍ တစ်ယောက်က ခရီးဦးကြိုဆိုလင့်၏၊ တစ်ယောက်က သပိတ်၊ သင်္ကန်းကို လှမ်းယူလင့်၏၊ တစ်ယောက်က နေရာခင်းလင့်၏၊ တစ်ယောက်က ခြေဆေးရေထားခြင်း၊ ခြေဆေးပြီးလျှင် နင်းစရာအင်းပျဉ်ထားခြင်း၊ ခြေပွတ်အိုးခြမ်းဖြင့် ပွတ်ဆေးခြင်းပြု၏။ တစ်ယောက်က သောက်ရေကပ်လင့်၏။ ဤသို့သော ဝတ်ကြီးဝတ်ငယ်ကို ပြုကြကုန်၏။

မြတ်စွာဘုရားသခင်သည် ခင်းထားအပ်သောနေရာထက်၌ နေတော်မူပြီးသော် ဤသို့မိန့်တော်မူ၏။ ပဥ္စဝဂ္ဂီတို့၊ ငါကား—ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော ရဟန္တာအဖြစ်သို့ ရောက်ပြီ၊ သစ္စာလေးပါးတရားကို မိမိအလိုလို သိ၍ ဘုရားအဖြစ်သို့ ရောက်ပြီ၊ နိဗ္ဗာန်တရားကို ငါရပြီ၊ သင်တို့အား အမြိုက်တရားကို ဟောကြားခြင်းငှာ ငါ လာတော်မူသည်၊ နားထောင်ကြကုန်လော့။ ငါသည် သင်တို့အား နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ကို ဆုံးမအံ့၊ ဟောပေအံ့၊ ငါဆုံးမတိုင်း၊ ငါဟောတိုင်း လိုက်နာ၍ ကျင့်ကြသည်ရှိသော် မျက်မှောက်သော ကိုယ်၏အဖြစ်၌ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရကုန်လတ္တံ့ဟု မိန့်တော်မူ၏။

ငါ့ရှင်ဂေါတမ၊ သင်ဘုရားဖြစ်၏ဟု ဆိုသည်ကို ငါတို့ မယုံကြည်နိုင်ဟု နှစ်ကြိမ် သုံးကြိမ်ပယ်၏။ ထိုသို့ ပယ်သောအခါ မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။ ပဥ္စဝဂ္ဂီတို့၊ ရှေးဒုက္ကရစရိယာအကျင့်ကို ကျင့်စဉ်အခါ၌ သင်တို့အား ငါသည် ရဟန္တာဖြစ်ပြီ၊ ငါသည် ဘုရားဖြစ်ပြီ၊ သစ္စာလေးပါးတရားကို သိပြီ၊ နိဗ္ဗာန်တရားကို ငါရပြီ၊ သင်တို့အား ငါတရားဟောအံ့၊ ငါဆုံးမအံ့၊ မဂ်ဖိုလ်နိဗ္ဗာန်ကို သင်တို့ မျက်မှောက်ပြုရလတ္တံ့ဟူသော စကားများကို တစ်ကြိမ် တစ်ခါ ငါဆိုဖူးသလောဟု မေးတော်မူလေ၏။

အရှင်ဘုရား၊ ရှေးဒုက္ကရစရိယာအကျင့်ကို ကျင့်စဉ်အခါ၌ မဆိုဖူးပေဟု ဝန်ခံကြကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသခင်သည် လောကသုံးပါးထက် ငါသည် မြတ်၏။ လောကသုံးပါးထက် ငါသည် ကြီး၏ဟူ၍ ပဉ္စဝဂ္ဂီတို့အား ဘုရားဖြစ်သည် အဖြစ်ကို သိစိမ့်သောငှာ။ (ဝါ) သိစေခြင်းငှာ တတ်နိုင်တော်မူ၏။

ထိုအခါ၌ ပဉ္စဝဂ္ဂီတို့သည် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြကုန်၏။ စကားတော်ကို နာကြကုန်၏။ နားထောင်ကြကုန်၏။ အရဟတ္တဖိုလ်ကို ဖြစ်စိမ့်သောငှာ စိတ်ကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂီတို့အား ခေါ်တော်မူ၍ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ည နေတစ်ခြမ်းဝင်စ၊ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက် လတစ်ခြမ်း ထွက်စအချိန်တွင်–

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

အစရှိသည်ဖြင့် ဟောတော်မူအပ်သော တရားဓမ္မစကြာ သုတ္တန်ဒေသနာတော်မြတ်သည် နေလုံးလုံးဝင်၍ လ,လုံးလုံးပေါ်သောအခါ၌ အပြီးအဆုံးသို့ ရောက်တော်မူ၏။

ထိုဓမ္မစကြာတရားကို ဟောတော်မူသော အဆုံး၌ ရှင်ကောဏ္ဍညသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ထိုအခါ တစ်ဆယ့်ရှစ်ကုဋေကုန်သော နတ် ဗြဟ္မာအပေါင်းတို့သည်လည်း အကျွတ်တရားကို ရကြကုန်၏။ ဘုမ္မစိုးနတ်မှစ၍ ဆင့်ကာ ဆင့်ကာ ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်ဟု ဟစ်အော်ကြွေးကြော်သော အသံသည် အသညသတ်ဗြဟ္မာကို ချန်လှပ်၍ အကနိဋ္ဌဗြဟ္မာဘုံတိုင်အောင် နှံ့၍ တက်လေ၏။ တစ်သောင်းသော လောကဓာတ်အလုံးတုန်လှုပ်ကုန်၏။ သုံးဆယ့်နှစ်ပါးသော နိမိတ်တို့သည် ထင်လာကုန်၏။

ထိုအခါ၌ ရှင်ကောဏ္ဍညသည် မြင်အပ်ပြီးသော သစ္စာလေးပါး ရှိသည်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်သည်ဖြစ်၍ ယုံမှားခြင်း ကင်းသည်ဖြစ်၍ ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိသည်ဖြစ်၍ မြတ်စွာဘုရားအထံ၌ ရဟန်းပဉ္စင်းအဖြစ်ကို ရပါလို၏ဟု လျှောက်သောအခါ မြတ်စွာဘုရားသခင်သည်–

ဧဟိ ဘိက္ခု သွာက္ခာတော ဓမ္မော စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

ဟု ဧဟိဘိက္ခု ခေါ်တော်မူလျှင် ရှင်ကောဏ္ဍညသည် ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်လေ၏။

ဘိက္ခူ၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ငါ ဟောအပ်ပြီ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တ ကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သော အကျင့်ကို။ သမ္မာ၊ ကောင်းစွာ။ စရ၊ ကျင့်လေလော့။

ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှစ၍ ကြွင်းသော ပဉ္စဝဂ္ဂီတို့အား တရားစကားဖြင့် အဆုံးအမပေးသောအခါ ရှင်ဝပ္ပသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ဧဟိ ဘိက္ခု ခေါ်တော်မူ၏။

နှစ်ရက်မြောက်သော နေ့၌ ရှင်ဘဒ္ဒိယသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ဧဟိ ဘိက္ခု ခေါ်တော်မူ၏။

သုံးရက်မြောက်သော နေ့၌ ရှင်မဟာနာမ် သောတာပတ္တိဖိုလ်သို့ ရောက်၍ ဧဟိ ဘိက္ခု ခေါ်တော်မူ၏။ လေးရက်မြောက်သော နေ့၌ ရှင်အဿဇိသည် သောတာပတ္တိဖိုလ်သို့ရောက်၍ ဧဟိ ဘိက္ခု ခေါ်တော်မူ၏။ ၎င်းပဉ္စဝဂ္ဂီငါးယောက်တို့သည် ဧဟိ ဘိက္ခု ရဟန်းချည်းဖြစ်ကြကုန်၏။

ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာတရားကို ဟောတော်မူသည်မှ စ၍ နေ့ရက်အစဉ်အားဖြင့် သောတာပတ္တိဖိုလ်၌ တည်ကြကုန်ပြီးသော် ပဉ္စဝဂ္ဂီငါးယောက်တို့အား အာသဝေါတရား ကုန်စိမ့်သောငှာ တရားဟောအံ့ဟု နှလုံးပြု၍ ငါးရက်မြောက်သော နေ့၌ ပဉ္စဝဂ္ဂီတို့ကို ခေါ်တော်မူ၍–

> အထ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ။

အစရှိသော အနတ္တလက္ခဏာသုတ်ကို ဟောတော်မူသောအဆုံး၌ ပဉ္စဝဂ္ဂီ ငါးယောက်သည် အရဟတ္တဖိုလ်သို့ ရောက်ကြ၍ ရဟန္တာချည်း ဖြစ်ကြလေကုန်၏။

16
A

အထ ပစ္ဆာ၊ ထိုနောင်မှ။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပဉ္စဝဂ္ဂိယေ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်ခေါ်တော်မူ၏၊

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်, အနှစ်မရှိ, အစိုးမရ, အလိုသို့မလိုက်တတ်, အတ္တမှ ဆိတ်၏။ မိစ္ဆာဒိဋ္ဌိတို့သည် ကြံအပ်သော အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်၏။ (ဝါ) တစ်နည်းကား။ အနတ္တာ၊ အလိုသို့ မလိုက်ခြင်းသဘော, အစိုးမရခြင်းသဘော, ပြုပြင်ခြင်း၊ ခံစားခြင်း၊ ဆောက်တည်ဆုံးဖြတ်ခြင်းမှ ဆိတ်သော သဘော, မိစ္ဆာဒိဋ္ဌိတို့သည် ကြံအပ်သော အတ္တဘော၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့် အနတ္တမည်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဟိသစ္စံ၊ မှန်၏။ ဣဒဥ္စရူပံ၊ ဤစတုသမုဋ္ဌာနိက ရုပ်သည်။ အတ္တာ၊ ကိုယ်သည်။ ဝါ၊ အနှစ်သည် အလိုသို့ လိုက်တတ်သည်။ အစိုးရသည် အနတ္တမှ ဆိတ်သည်၊ မိစ္ဆာဒိဋ္ဌိ တို့သည် ကြံအပ်သော အတ္တမှ မဆန့်ကျင်သည်။ အဘဝိဿ၊ ဖြစ်ငြားအံ့။ ဖြစ်ဘိမူကား။ ဣဒံရူပံ၊ ဤစတုသမုဋ္ဌာနိက ရုပ်သည်။ အာဗာဓာယ၊ နာခြင်းငှာ။ (ဝါ) စိတ်ကို မွေနှောက်ချောက်ချားချင်းငှာ။ န သံဝတ္တေယျ၊ မဖြစ်ရာ။ မေ၊ ငါ၏။ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်။ ဧဝံ၊ ဤသို့ အလိုသို့လိုက်ခြင်း သဘော, အစိုးရခြင်း သဘော, ခံစားပြုပြင်စီရင်ဆုံးဖြတ်ခြင်းမှ မဆိတ်သော သဘော, အတ္တမှ မဆန့်ကျင်သော သဘောဖြင့်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏၊ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်။ ဧဝံ၊ ဤသို့ အလိုသို့ မလိုက်ခြင်း သဘော, အစိုးမရသော သဘော, ခံစားပြုပြင် စီရင်ဆုံးဖြတ်ခြင်းမှ ဆိတ်သော သဘော, အတ္တမှ ဆန့်ကျင်သော သဘောဖြင့်။ မာ အဟောသိ၊ မဖြစ်စေလင့်။ ဣတိ ဤသို့။ ရူပေ၊ စတုသမုဋ္ဌာနိက ရုပ်၌။ ဝသဝတ္တာဒိ၊ အလိုသို့လိုက်ခြင်း အစ ရှိသော သဘောကို။ တုမှေ၊ သင်တို့သည်။ လဗ္ဘေထစ–လဗ္ဘေထဝေ၊ ရကုန်ရာ သည်သာတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ၊ အကြင်အလိုသို့ မလိုက် ခြင်းအစရှိသော သဘောကြောင့်သာလျှင်။ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်၊ အနတ္တာ၊ အနတ္တမည်၏။ (ဝါ) ကိုယ်မဟုတ်။ တသ္မာ၊ ထိုသို့ အလိုသို့မလိုက်ခြင် အစရှိသော သဘောကြောင့်။ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်။ အာဗာဓာယ နာခြင်းငှာ။ (ဝါ) စိတ်ကို မွေနှောက်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ မေ၊ ငါ၏၊ ရူပံ၊ စတုသမုဋ္ဌာနိက ရုပ်သည်။ ဧဝံ၊ ဤသို့ အလိုသို့လိုက်ခြင်း အစရှိသော သဘောဖြင့်။ ဟောတု၊ ဖြစ်လော့။ (ဝါ) ဖြစ်စေသတည်း။ မေ၊ ငါ၏။ ရူပံ စတုသမုဋ္ဌာနိကရုပ်သည်။ ဧဝံ၊ ဤသို့ အလိုမလိုက်ခြင်း အစရှိသော သဘောဖြင့်၊ မာအဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့။ ရူပေ၊ စတုသမုဋ္ဌာနိက ရုပ်၌၊

ဝသဝတ္တာဒိ၊ အလိုသို့လိုက်ခြင်း အစရှိသော သဘောကို။ နလဗ္ဘတိစ–နလဗ္ဘတိဧဝ၊ မရသည်သာလျှင်တည်း။

ဤအနတ္တလက္ခဏာသုတ်ကို ဟောတော်မူသောအဆုံး၌ ပဉ္စဝဂ္ဂီငါးယောက်တို့သည် အာသဝေါတရားကုန်၍ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

## နတ်ဘီလူးနှစ်ယောက် သောတာပန်တည်ခြင်း

ထို့နောက် ပစ္ဆိမယံသို့ ရောက်သောအခါ သာတာဂိရိနှင့် ဟေမဝတ နတ်ဘီလူး နှစ်ယောက်တို့သည် မိမိတို့၏ အခြွေအရံ နတ်ဘီလူး ကိုးရာနှင့်တကွ ရောက်လာကြသောအခါ ဟေမဝတသုတ်ကို ဟောတော်မူသောအဆုံး၌ ထို နတ်ဘီလူး စစ်သူကြီးနှစ်ယောက်တို့သည် သောတာပန် တည်လေကုန်၏။ ကြွင်းသော နတ်ဘီလူးတို့သည် သရဏဂုံ ပဉ္စသီ တည်ကြလေကုန်၏။

## ယသနှင့် သူဌေးသား ငါးကျိပ်လေးယောက် ဧဟိ ဘိက္ခု ရဟန္တာဖြစ်ကြခြင်း

သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပဉ္စဝဂ္ဂီငါးယောက်တို့အား တရားဦးဟောတော်မူပြီး၍ ထိုမိဂဒါဝုန်တော၌ ဝါကပ်နေတော်မူသောအခါ ဗာရာဏသီပြည်၊ သေနာနိဂုံး၌နေသော ဗြာဟ္မဏမဟာသာလ သူဌေးကြီး၏ သမီး၊ နိုးဃနာဆွမ်းလှူသော သုဇာတာ၏ သားဖြစ်သော ယသသည် ဣသိပတန မိဂဒါဝုန်တော မြတ်စွာဘုရားထံသို့ ရောက်သောအခါ ရှိသေစွာ ရှိခိုးလျက်နေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် "ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝံ" အစရှိသဖြင့် အလှူ၏ အကျိုးစကား၊ သီလ၏အကျိုးစကား၊ နတ်ပြည်စကား၊ ကာမဂုဏ်တရားတို့၏ အပြစ်ကို ယုတ်သောအခြင်းအရာကို ပြ၏။ ကာမဂုဏ်မှ ထွက်မြောက်ခြင်း၌ အကျိုးကို ပြပြီးသည်နောက် သစ္စာလေးပါးကို ပြတော်မူသောအဆုံး၌ သောတာပန်ဖြစ်၍ သစ္စာလေးပါးကိုသိလေ၏။

အဖသူဌေးကြီးအား တရားဟောစဉ်–

ယထာဒိဋ္ဌံ၊ မိမိမြင်တိုင်းသော။ ယထာဝိဒိတံ၊ မိမိသိတိုင်းသော။ ဘူမိံ၊ သစ္စာလေးပါးတရားကို။ ပစ္စဝေက္ခန္တဿ၊ အဖန်တလဲလဲ ဆင်ခြင်သော ယသအား။ အာသဝေါတရား လေးပါး ကုန်၍ လူဝတ်နှင့် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ သူဌေးကြီး အိမ်သို့ပြန်သည်နောက် ယသကို ဧဟိ ဘိက္ခုခေါ်တော်မူ၏။

ငင်းပြည်တွင်း၌နေသော အရှင်ယသ၏ အဆွေခင်ပွန်းဖြစ်ကုန်သော ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝံပတိ ဟူသော သူဌေးသား လေးယောက်၊ ငင်းဗာရာဏသီ ပြည်၏ အနီးဖြစ်သော ကျေးလက်ဇနပုဒ်၌ နေသော သူဌေးသား ငါးကျိပ်၊ ငင်းသူဌေးသား ငါးကျိပ်လေးယောက်တို့သည် အရှင်ယသကဲ့သို့ ဧဟိ ဘိက္ခု ခေါ်တော်မူ၍ ရဟန္တာချည်း ဖြစ်ကြကုန်၏။

## ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်

မြတ်စွာဘုရားသခင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီတို့ကို အကြောင်းပြု၍ နန္ဒိယဥပါသကာသည် ဆောက်လုပ်အပ်သော ကျောင်း၌ ပထမ ဝါကပ်တော်မူ၍ များစွာကုန်သော ဝေနေယျ သတ္တဝါတို့ကို ကယ်ချွတ်တော် မူလျက် ထိုဝါမှ ထ,လျှင် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့ ကိုယ်တော် ထီးတည်း သပိတ်၊ သင်္ကန်းကို ယူ၍ မိဂဒါဝုန်တောမှသည် ဥရုဝေလသို့ ရှေးရှု ကြွတော်မူ၏။

ခရီးအကြား၌ တစ်ခုသောတောအုပ်သို့ဝင်၍ တစ်ခုသော သစ်ပင်ကြီးရင်း၌ နားနေတော်မူစဉ် ထိုတောအုပ်၌ သာဝတ္ထိပြည်၊ မဟာကောသလမင်းကြီး၏ အိမ်နိမ့်မင်းသားဖြစ်ကုန်သော သုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂီမင်းသားတို့သည် မိမိ တို့၏ မယားများနှင့်တကွ ထိုတောအုပ်ဝယ် စံပယ်ပျော်ပါး၍ နေကြလေကုန်၏။ ထိုသုံးကျိပ်တို့တွင် တစ်ယောက်သော မင်းသားအား မယားမရှိ၍ ပြည့်တန်ဆာမ တစ်ယောက်ကို မယားပြု၍ ပျော်ပါးလေသော် တစ်နေ့သ၌ မင်းသားတို့ မေ့လျော့ကုန်စဉ် ထိုပြည့်တန်ဆာမသည် အဖိုးထိုက်သော ဥစ္စာရတနာတို့ကို ယူ၍ ပြေးလေ၏။

ထိုပြည့်တန်ဆာမကို မင်းသားအားလုံး ဝန်းဝိုင်း၍ လိုက်လံရှာဖွေကြလေ သော် သစ်ပင်ရင်း၌နေသော မြတ်စွာဘုရားကို တွေ့မြင်လျှင် "အရှင်ဘုရား၊ မိန်းမတစ်ယောက်ကို တွေ့မြင်ပါသလော" ဟု မေး၏။

"မင်းသားတို့၊ ဤမိန်းမကို အဘယ်ကြောင့် ရှာကြကုန်သနည်း" ဟု မေးတော်မူလျှင် ယခင်အကြောင်းကို လျှောက်ကြသောအခါ မြတ်စွာဘုရား သခင်သည် ဤသို့ မိန့်တော်မူ၏။ "မင်းသားတို့၊ သင်တို့သည် မိန်းမကို ရှာခြင်းသည် မြတ်သလော၊ သင်တို့ကိုယ်ကို ရှာခြင်းသည် မြတ်သလော" ဟု မေးတော်မူ၏။ "အရှင်ဘုရား၊ အကျွန်ုပ်တို့ကိုယ်ကို ရှာခြင်းသည် မြတ်သည် ထင်ပါ၏" ဟု လျှောက်ပြီးလျှင် ရိုသေစွာနေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် မင်းသားတို့အား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာကို ပြောဟောပြီး၍ ကာမာဒီနဝကို ဤသို့မိန့်တော်မူ၏။

မင်းသားတို့၊ မိန်းမတို့နှင့် အတူတကွနေရခြင်းသည်ကား–သူ၏ အလိုသို့ လိုက်ရခြင်း၊ ကိုယ်အလိုသို့ပါအောင် သွေးဆောင်ရခြင်း၊ ဥစ္စာဘဏ္ဍာကို ရှာမှီး သိမ်းဆည်းရခြင်း၊ သူ့ကို စောင့်ရှောက်ရခြင်း၊ အဝတ်အစား ကျွေးမွေးပြုပြင် သုတ်သင်ရခြင်း အစရှိသော ဆင်းရဲအပေါင်းတို့၏ အကြောင်းသာ ဖြစ်၏။ သာယာအပ်သော သဘော နည်းပါးလျက် ချောက်ချားပူပန်ရခြင်းသာလျှင် များ၏။ အိပ်မက်တွင် စားရသော အရသာနှင့်လည်း တူ၏။ သူတို့နှင့်အတူတကွ နေရခြင်း သည်ကား အဆိပ်သီးကို စားရသည်နှင့်လည်း တူ၏။ မြွေ၏ခံတွင်း မီးကျီးကျင်းသို့ ဆင်းရသည်နှင့်လည်း တူ၏။ ထို့ကြောင့် မိန်းမတို့မည်သည်ကား မျက်စိကို လှည့်ဖြားတတ်သော မျက်လှည့်နှင့်တူ၏။ သားတကာကို အာသာငမ်းငမ်း ရေဟု မှန်း၍ စွဲလမ်းလိုက်လံ နှိပ်နယ်ရိုက်နှမ်း ပင်ပန်းစေတတ်သော တံလျှပ်နှင့်လည်း တူ၏။ စိုးရိမ်ပူပန်ရခြင်း၏ အကြောင်းလည်း ဖြစ်၏။ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါဟူသမျှကို ရခြင်း၏ အကြောင်းလည်း ဖြစ်၏။ မင်း၊ ခိုးသူ စသော နှိပ်စက်တတ်သော ဘေးရန်ကို ခံရခြင်း၏ အကြောင်းလည်း ဖြစ်၏။ ကြမ်းတမ်း ခက်ထန် စောင်မာန်ငြိုးထား ပျက်ပြားညှဉ်းဆဲတတ်၏။ လောဘ၊ ဒေါသ အစ ရှိသော အကုသိုလ်တရား ပွားခြင်းအကြောင်း၊ အပါယ် လေးပါးသို့ လားခြင်း အကြောင်း၊ ဆင်းရဲဒုက္ခဟူသမျှ ဖြစ်ခြင်းအကြောင်းလည်း ဖြစ်၏။ မိန်းမတို့ မည်သည်ကား ကွန်အုပ်သော ငှက်၊ မြှုံးချက်ဝင် ငါး၊ ပိုက်မိသော သားကဲ့သို့ မထွက် မလွတ်နိုင်အောင် ချည်နှောင် ဖွဲ့ယှက်တတ်၏။ ထို့ကြောင့် ပညာရှိ သူတော်ကောင်းတို့သည် မပေါင်းဖော်အပ်ဟု ကာမာဒီနဝကို ပြတော်မူ၏။

ထို့နောက် တောထွက်၍ ရဟန်းပြုခြင်း၌ အကျိုးရှိ၏ဟု နေက္ခမ္မကထာကို ပြတော်မူ၍ သစ္စာလေးပါးကို ဟောကြားတော်မူလျှင် မင်းသားတို့သည် အချို့ကား သောတာပန်၊ အချို့ကား သကဒါဂါမ်၊ အချို့ကား အနာဂါမ်တည်၍ ရဟန်းပဥ္စင်း အဖြစ်သို့ တောင်းပန်ကြသောအခါ–

ဧထ ဘိက္ခဝေါတိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော
စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။

ဟု ခေါ်တော်မူလျှင် ပရိက္ခရာ ရှစ်ပါးနှင့်တကွ ဧဟိ ဘိက္ခုရဟန်းချည်း ဖြစ်ကြ ကုန်၏။ တစ်ယောက်မျှ ရဟန္တာမဖြစ်။

ဘိက္ခဝေါ၊ တို့။ ထေ၊ လာလှည့်ကုန်။ ဓမ္မော၊ ကို။ သွာက္ခာတော၊ ကောင်းစွာဟောအပ်ပြီ။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယာယာ၊ အဆုံးကို ပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်ကြကုန်လော့။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

## အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်ပြုတော်မူခြင်း

ဤသို့သောနည်းဖြင့် ပဉ္စဝဂ္ဂီ အစရှိကုန်သော ဘုံသုံးပါး၌ ကျွတ်ထိုက် သမျှကုန်သော လူ နတ် ဗြဟ္မာ များစွာကုန်သော ဝေနေယျသတ္တဝါအပေါင်း တို့အား တရားရေအေး တိုက်ကျွေးတော်မူလျက် အသက်တော် ၈၀၊ ဝါတော် ၄၅–ဝါ အရှိတွင် မဟာသက္ကရာဇ် ၁၄၈–ခုနှစ်သို့ ကျရောက်သောအခါ မြတ်စွာ ဘုရားသခင်သည် ဝေဠုဝရွာ၌ ဝါကပ်၍ ဝါမှ ထတော်မူသော် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ပြန်၍ သီတင်းသုံးနေတော်မူသောအခါ ဘုရားတို့၏ ရှေးဦးစွာ အဂ္ဂသာဝကတို့၏ နိဗ္ဗာန်ဝင်မြဲ ဓမ္မတာ ဖြစ်သည့်အားလျော်စွာ အရှင်သာရိပုတ္တရာသည် မိမိ၏ အာယုသင်္ခါရ ခုနစ်ရက်မျှ ရှိသည်ကို သိ၍ မြတ်စွာဘုရားအား ဤသို့လျှောက်၏။

အရှင်ဘုရား၊ အကျွန်ုပ်သည် မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၊ နာဠကရွာ၌ နေသော သား လေးယောက်၊ သမီး သုံးယောက်၊ ပေါင်း ခုနစ်ယောက်သော ရဟန္တာတို့၏ အမိဖြစ်သော မယ်တော် ရူပသာရီ ပုဏ္ဏေးမ၏ မိစ္ဆာဝါဒကို ပယ်ချ၍ သောတာပတ္တိဖိုလ်၌ တည်စိမ့်သောငှာ ဖွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန် ပြုပါရမည်အကြောင်းကို လျှောက်ပြီးမှ နာဠကရွာသို့ ကြွတော်မူရာ လမ်းခရီး အကြား၌ လူရှင်ရဟန်းတို့အား တရားဟောကာ ခုနစ်ရက်ကြာသော ညချမ်း အခါ၌ နာဠကရွာသို့ ရောက်၍ အမိသည် ဆီမီးဖြင့် ညှိထွန်းအပ်သော ဖွားရာ တိုက်ခန်းသို့ ဝင်၍ နေတော်မူ၏။

များမကြာမီ သွေးအန်သောအခါ ရှင်စုန္ဒနှင့်တကွ နတ်၊ ဗြဟ္မာတို့ လာ၍ ဝတ်ကြီးဝတ်ငယ်ပြုသည်ကို အဘယ်သူတို့နည်းဟု မယ်တော်မေးသည်ကို ဖြေပြီးသည်နောက် အရှင်သာရိပုတ္တရာသည် မယ်တော်အား– "မယ်တော်၊ အဘယ်သို့အောက်မေ့သနည်း" ဟု မေး၏။

"ငါ့သား၊ ငါ့သား၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီးမှ ငါ့သား၏ ဆရာဖြစ်သော ဘုရား၏ ဂုဏ်ကျေးဇူးကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်းဟု နှစ်သက်ဝမ်းမြောက် အောက်မေ့ပါသည်" ဟု ပြောသောအခါ မယ်တော်အား ဤသို့ဟော၏။

မယ်တော်– ငါ၏ ဆရာ မြတ်စွာဘုရားသည် ဖွားတော်မူသောအခါ၊ တောထွက်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာတရားကို ဟောတော်မူသောအခါတို့၌ တစ်သောင်းသော လောကဓာတ်၏ တုန်လှုပ်ရခြင်း၊ သီလ သမာဓိပညာ ဝိမုတ္တိအရာ၌ တူသောသူ မရှိခြင်း၊ သည်မှတစ်ပါး များစွာသော ဂုဏ်တော် ကျေးဇူးတော်တို့ကို ဟောကြား ပြသပြီးသောအဆုံး၌ မယ်တော်သည် ဒိဋ္ဌိဝိစိကိစ္ဆာ ပျောက်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

အရှင်သာရိပုတ္တရာသည် တန်ဆောင်မုန်းလပြည့်နေ့ည၊ ပစ္ဆိမယံအခါ မိုးသောက်အချိန်တွင် ဖွားရာတိုက်ခန်း၌ သွေးအန်၍ လက်ယာနံတောင်းဖြင့် လျောင်းလျက် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ကို စံတော်မူ၏။ အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တို့သည် ရွှေသော အဆင်းရှိကုန်၏။ ဇေတဝန်ကျောင်းတော် မြောက်မုခ်တံခါးအနီး၌ စေတီတည်စေ၏။

## အရှင်မောဂ္ဂလာန်ပရိနိဗ္ဗာန်ပြုတော်မူခြင်း

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်မောဂ္ဂလာန်သည် ၎င်းပြည်၏ မြောက်အရပ်ဖြစ်သော ဣသိဂိလိတောင်၏ နံပါး ကာလမည်သော ကျောက်ဂူ ကျောက်ဖျာထက်၌ နေတော်မူစဉ် တိတ္ထိတို့သည် အရှင်မောဂ္ဂလာန်အား ရန်ငြိုးထားလျက် သမဏဂုတ္တ ခိုးသူကြီးကို အသပြာတစ်ထောင်ပေး၍ စေခိုင်းရာ အပေါင်းအဖော်နှင့် ညအခါ လာ၍ ရိုက်နှက်ကြသောအခါ ဆန်ကွဲ ဆန်ကျိုးကဲ့သို့ အရိုးတို့သည် မှုန့်မှုန့် ညက်ညက် ဝါဂွမ်းအိတ်ကဲ့သို့ နေလျှင် သေပြီဟူသော အမှတ်ဖြင့် ပြန်ကြလေကုန်၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် သတိရ၍ အရဟတ္တဖိုလ်ဈာန်သမာပတ်ဖြင့် အလုံးစုံသော ကိုယ်ကို မြဲမြဲခိုင်ခံ့ တောင့်တင်းစေလျက် ကောင်းကင်ခရီးဖြင့် ဘုရားထံသို့လာပြီးသော် "အရှင်ဘုရား၊ အကျွန်ုပ်သည် ပရိနိဗ္ဗာန်ပြုချိန် တန်ပြီ" ဟု လျှောက်ပြီးလျှင် ထိုတောင်နံရံ၌ပင် တန်ဆောင်မုန်းလကွယ်နေ့ည

ပရိနိဗ္ဗာန် စံတော်မူ၏။ အရှင်မောဂ္ဂလာန်၏ ဓာတ်တော်တို့သည် ညိုသောအဆင်း ရှိကုန်၏။ ဝေဠုဝန်ကျောင်းတံခါးမုခ်အနီး၌ စေတီတည်စေ၏။

## ပရိနိဗ္ဗာန်ပြုရန် မာရ်နတ်တောင်းပန်ခြင်းနှင့် မြတ်စွာဘုရား အာယုသင်္ခါရလွှတ်တော်မူခြင်း

မြတ်စွာဘုရားသခင်သည် သာဝကနှစ်ပါးတို့၏ အလောင်းကို သဂြိုဟ်ပြီးသော် ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ်သို့ အစဉ်အတိုင်း လျှောက်၍ ဒေသစာရီ ကြွချီတော်မူခဲ့သော် ဥက္ကာစေလသို့ ရောက်တော်မူ၏။

ထိုမှ ဝေသာလီပြည်သို့ ရောက်တော်မူ၏။ ထိုပြည်၌ ဆွမ်းခံ၍ ဘုဉ်းပေးပြီး သောအခါ ၎င်းပြည်၏အရှေ့ စာပါလအမည်ရှိသော နတ်တို့၏ နေရာ၌ ခင်းထား အပ်သော စမ္မခဏ်ထက်၌ သီတင်းသုံး နေတော်မူသောအခါ အာနန္ဒာကို ခေါ်တော် မူ၍ ဤသို့မိန့်တော်မူ၏။

အာနန္ဒာ၊ ငါ ဘုရားသာသနာတော်၌ ဣဒ္ဓိပါဒ် လေးပါး၊ ဗောဇ္ဈင် ခုနစ်ပါးကို ပွား၍ အဖန်တလဲလဲ အလေ့အလာပြု၍နေသော ရဟန္တာပုဂ္ဂိုလ်သည် အလို ရှိသည်ရှိသော် အာယုကပ်, အာယုကပ်ထက် အလွန်တည်နိုင်ရာ၏။ အာနန္ဒာ၊ ငါဘုရားသည်လည်း အလိုတော်ရှိ၍ ဗောဇ္ဈင်ခုနစ်ပါး တရားများကို ပွားသည် ရှိသော် အာယုကပ်, အာယုကပ်ထက် အလွန်တည်နိုင်ရာ၏ဟု အမြွက်နိမိတ် မိန့်ကြားတော်မူ၏။

ထိုသို့ မိန့်ကြားတော်မူသော်လည်း အရှင်အာနန္ဒာသည် မာရ်နတ်သည် နှိပ်စက်အပ်သောစိတ် ရှိသော သူကဲ့သို့ဖြစ်၍ ဘုရားရှင်အား အာယုကပ်, အာယု ကပ်ထက် လွန်၍ တည်နေဖို့ရန် တောင်းပန်ခြင်းငှာ သတိမရ၍ ဆိတ်ဆိတ်သာ နေလေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ထိုအရပ်နှင့် မနီးမဝေး ချမ်းအေးသော အရိပ်ရှိသော သစ်ပင်ကြီးရင်းသို့ ကြွ၍ နေတော်မူသောအခါ အရှင်အာနန္ဒာသည် ရှေရှာသွား၍ မကြာမီ မာရ်နတ်မိုက်လာ၍—

> ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော၊
> ပရိနိဗ္ဗာန ကာလော ဒါနိ ဘန္တေ ဘဂဝတော။
>
> (ဒီ—၂။ ၈၇။)

ဟု တောင်းပန်၏။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဘန္တေ၊ အရှင်ဘုရား။ ဒါနိ၊ ယခုအခါ၌။ ပရိနိဗ္ဗာတု၊ ပရိနိဗ္ဗာန် ပြုတော်မူပါလော။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။ ဘဂဝါ၊ မြတ်စွာဘုရား။ ပရိနိဗ္ဗာတု၊ ပရိနိဗ္ဗာန် ပြုတော်မူပါလော့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံကော်မူသော။ ဘန္တေ၊ အရှင်ဘုရား။ ဒါနိ၊ ယခုအခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနကာလော၊ ပရိနိဗ္ဗာန်ပြုချိန်ကာလ အခါတန်ချေပြီ ဟု မာရ်နတ်က လျှောက်တောင်းပန်သောအခါ မြတ်စွာဘုရားသခင်သည် ရှေးဘုရားတို့၏ အာယုသင်္ခါရသည် အဘယ်မျှ တည်ကြကုန်သနည်းဟု ရှုဆင်ခြင်တော်မူသောအခါ လူတို့၏ အသက်တမ်းကို ငါးစုပြု၍ လေးစုမျှသာ နေရသည်ကို မြင်တော်မူလျှင် ငါဘုရားလည်း ထိုခမ္မတာကို မလွန်နိုင်ချေဟု အာရုံပြု၍–

"ဟယ်–မာရ်နတ်၊ ငါဘုရားသည် မကြာမြင့်မီ ပရိနိဗ္ဗာန်ပြုတော်မူတော့အံ့၊ ဤတပို့တွဲလပြည့်နေမှ သုံးလလွန်လျှင် ငါဘုရားသည် ပရိနိဗ္ဗာန်ပြုတော့အံ့"

> ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာ–
> ယိဿတိ။ (ဒီ–၂။ ၈၉။)

ဟု မိန့်တော်မူလိုက်၏။

မြတ်စွာဘုရားသခင်သည် ထိုခဏချင်းပင် သတိသမ္ပဇဉ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ အာယုသင်္ခါရကို လွှတ်ခြင်းငှာ အာရုံရှိသော ဖလသမာပတ်ကို ဝင်စားတော်မူ၏။

> အထ ခေါ ဘဂဝါ စာပါလစေတိယေ သတော သမ္ပဇာနော
> အာယုသင်္ခါရံ ဩဿဇ္ဇိ။ (ဒီ–၂။ ၈၉။)

သုံးလလွန်လျှင် သမာပတ်ကို ဝင်စားလိုသော စိတ်ကို လွှတ်တော်မူလိုက်၏။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စာပါလစေတိယေ၊ စာပါလအမည်ရှိသော နတ်တို့၏နေရာ၌။ သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာအမြော်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍။ အာယုသင်္ခါရံ၊ အာယုသင်္ခါရကို။ (ဝါ) အသက်ကို စောင့်ရှောက်တတ်သော သမာပတ်ကို ဝင်စားဦးမည်ဟု ဖြစ်သောစိတ်ကို။ ဩဿဇ္ဇိ၊ စွန့်လွှတ်တော်မူ၏။

အားအစွမ်းနှင့် ပြည့်စုံသော ယောက်ျားသည် အုတ်,ကျောက် စသည်တို့ကို ပစ်လွှတ်ဘိသကဲ့သို့ မဟုတ်။ ဤတပို့တွဲလမှ ရှေ့ကို သုံးလမျှသာ မဟာဝိပဿနာ သမာပတ်ကို ဝင်စားတော့အံ့။ ထိုသုံးလကို လွန်၍ ငါသည် သမာပတ်ကို မဝင်စားပြီဟု စိတ်တော်ကို ဖြစ်စေ၏။ ထိုသို့ဖြစ်စေခြင်းကိုပင် အာယုသင်္ခါရ လွှတ်သည်ဟု ဆိုလိုသည်။

တေမာသမတ္တမေဝ ပန သမာပတ္တိံ သမာပဇ္ဇိတွာ တတော ပရံ
န သမာပဇ္ဇိဿာမီတိ စိတ္တံ ဥပ္ပါဒေသိ၊ တံ သန္ဓာယ ဝုတ္တံ။
(ဒီ–ဋ–၂။ ၁၆၄–၇။)

တေမာသ မတ္တမေဝ၊ သုံးလမျှသာလျှင်။ သမာပတ္တိံ၊ ဖလသမာပတ်ကို။ သမာပဇ္ဇိတွာ၊ ဝင်စားတော်မူ၍။ တတော၊ ထိုသုံးလမှ။ ပရံ၊ နောက်၌။ န သမာပဇ္ဇိဿာမိ၊ မဝင်စားအံ့။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်တော်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတော်မူ၏။ တံ၊ ထိုသို့ဖြစ်စေခြင်းကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အာယု သင်္ခါရ လွှတ်သည်ဟု ဆိုအပ်၏။

ထိုသမာပတ်၏ အာနုဘော်ကြောင့် မဟာပထဝီမြေကြီးသည် သွက်သွက်ခါ တုန်လှုပ်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် အကြောင်းကို သိတော်မူ၍ ဤသို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးတော်မူ၏။

"တုလမတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရမဝဿဇ္ဇိ မုနိ။
အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိ ကဝစမိဝတ္တသမ္ဘဝံ"န္တိ။
(ဒီ–၂။ ၉၀။)

မုနိ၊ မုနိငါးပါးတို့၏ အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ (ဝါ)' မောနေယျ၊ ပဋိပတ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ သမ္ဘဝံ၊ ဘဝ အသစ်ဖြစ်ရခြင်း၏ အကြောင်းလည်း ဖြစ်ထသော။ (ဝါ) သုက်သွေးတို့၏ အကြောင်းလည်း ဖြစ်ထသော။ ဘဝသင်္ခါရံ၊ ဘဝတစ်ဖန် ပြုပြင်လတ္တံ့သော။ (ပါ) ခန္ဓာငါးပါးတည်းဟူသော ဘဝသစ်ကို ပြုတတ်သော။ တုလဉ္စ၊ ကာမကုသိုလ် အကုသိုလ်ကံကိုလည်းကောင်း။ အတုလဉ္စ၊ ရူပ အရူပကုသိုလ်ကံကိုလည်းကောင်း။ အဝဿဇ္ဇိ၊ စွန့်တော်မူလေပြီ။ မဟာယောဓော၊ သူရဲစစ်သူကြီးသည်။ သင်္ဂါမေ၊ စစ်မြေအရပ်၌။ ကဝစံ၊ ချပ်လွှားကာကို။ အဘိန္ဒိဣဝ၊ ဖျက်ဆီးသကဲ့သို့။ အဇ္ဈတ္တရတော၊ မိမိသဏ္ဍာန်၌။ သမာဟိတော၊ တည်ကြည်သော စိတ်ရှိထသော။

ဝါ၊ ဥပစာရသမာဓိဖြင့် တည်ကြည်သော သမာဓိရှိထသော။ မုနိ၊ မြတ်စွာဘုရားသည်။ အတ္တသမ္ဘဝံ၊ ကိုယ်တော်၌ဖြစ်ထသော ကိလေသာအပေါင်းကို။ အဘိန္ဒိ၊ အကြွင်းမဲ့ ဖျက်ဆီးတော်မူလေပြီ။

## အရှင်အာနန္ဒာတောင်းပန်ချက်ကိုပယ်ခြင်း

ယင်းသို့ ပြင်းပြစွာ မြေတုန်လှုပ်ခြင်း၊ မိုးမရွာဘဲ အခြောက်ဖြင့်ပင် တိမ်ကိုမမြင် ကြည်ကြည်စင်လျက် ပြင်းပြစွာ ထစ်ကြိုးမြည်ဟည်းခြင်း၊ အခါမဲ့ လျှပ်စစ်နွယ်တို့သည် ပြိုးပြိုးပြက်ထွက်ခြင်း စသော နိမိတ်တို့ကို မြင်ရသောအခါ အရှင်အာနန္ဒာသည် အဘယ်အကြောင်းပါနည်းဟု မြတ်စွာဘုရားအား လျှောက်၏။

"အာနန္ဒာ၊ ငါဘုရားသည် ပရိနိဗ္ဗာန်စံတော်မူအံ့ဟု အာယုသင်္ခါရကို လွှတ်ခြင်းကြောင့် ဤမြေလှုပ်သည်" ဟု မိန့်တော်မူသောအခါ အရှင်အာနန္ဒာသည် "အရှင်ဘုရား၊ လူ, နတ်တို့၏ အကျိုးစီးပွားအလို့ငှာ အာယုကပ်ပတ်လုံး တည်တော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။ "အာနန္ဒာ၊ ယခုမှ သင်လျှောက်ခြင်းသည် အခွင့်အခါမဟုတ်ပြီ၊ သင် ချွတ်ယွင်းမေ့လျော့ခြင်းပင် ဖြစ်ချေသည်၊ ငါဘုရားသည် အသက်ဟူသော အကြောင်းကြောင့် တစ်ဖန် ခွင့်ပေးခြင်းငှာ မသင့်" ဟု မိန့်တော်မူ၏။

ထို့နောက် သင်္ဃာတော်အပေါင်းနှင့်တကွ မဟာဝုန်တော ကူဋာဂါရသို့ ကြွတော်မူ၍ ရောက်သောအခါ ဝေသာလီပြည်ကို ဆွမ်းဖြင့် မှီ၍ နေကုန်သော ရဟန်းအပေါင်းတို့ကိုလည်း စည်းဝေးစေ၍—

"ရဟန်းတို့၊ သင်တို့၏အကျိုးစီးပွားအလို့ငှာ ငါဘုရားသည် သုတ်အဘိဓမ္မာ ဝိနည်းတရားတို့ကို ဟောအပ်ကုန်ပြီ၊ ထိုတရားတို့ကို သင်ကြား ဆွေးနွေးမေးမြန်းခြင်း၊ အဖန်တလဲလဲ ပွားများခြင်းကို ပြုကြလေကုန်။ ဤသို့ ပွားများကြသော် ငါဘုရား၏ သာသနာတော်သည် ရှည်မြင့်စွာ ထွန်းပ၍ အကျိုးစီးပွားများခြင်းငှာ ဖြစ်ရာ၏။ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို အဖန်တလဲလဲ နှလုံးသွင်း၍ မှီဝဲအပ်ကုန်သည်ရှိသော် သာသနာတော်သည် အဓွန့်ရှည်ကြာစွာ တည်ရာ၏။ ရဟန်းတို့၊ သင်္ခါရတရားတို့၏ ကုန်တတ် ပျက်တတ်သော သဘောတရားကို မမေ့မလျော့ ရှုကြကုန်လော့။ ငါဘုရားသည် ဤတပို့တွဲလပြည့်မှ နောက်သုံးလလွန်မြောက်သဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့" ဟု မိန့်တော်မူ၏။

တစ်ဖန် မိန့်တော်မူပြန်သည်မှာ—

ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏ’ မတ္တနော။
အပ္ပမတ္တော သတီမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တမနုရက္ခထ။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။
(ဒီ–၂။ ၁၀၁။)

ဟု မိန့်တော်မူ၏။

ဘိက္ခဝေါ၊ တို့။ မယှံ၊ ငါဘုရားအား။ ဝယော၊ အရွယ်တော်သည်။ ပရိပက္ကော၊ ရင့်ပြီ။ မမ၊ ငါဘုရား၏။ ဇီဝိတံ၊ အသက်တော်သည်။ ပရိတ္တံ၊ နည်းပြီ။ ဝေါ၊ သင်တို့ကို။ ပဟာယ၊ စွန့်၍။ ဂမိဿာမိ၊ သွားရအံ့။ မေ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား။ အတ္တနော၊ မိမိ၏။ သရဏံ၊ ကိုးကွယ်ရာကို။ ကတံ၊ ပြုအပ်ပြီ။

ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့ကုန်သည်။ သတိမန္တာ၊ သတိရှိကုန်သည်။ သုသီလာ၊ ကောင်းသော သီလ ရှိကုန်သည်။ သုသမာဟိတာ၊ ကောင်းစွာ တည်ကြည်ကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သင်္ကပ္ပါ၊ ကောင်းသော အကြံအစည် ရှိကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သစိတ္တံ၊ မိမိတို့၏ စိတ်ကို။ အနုရက္ခထ၊ စောင့်ကြကုန်လော့။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဘိက္ခု၊ သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌။ အပ္ပမတ္တော၊ မမေ့မလျော့သည်။ ဝိဟဿတိ၊ ဖြစ်လတ္တံ့။ သောဘိက္ခု၊ သည်။ ဇာတိသံသာရံ၊ သံသရာ၌ တပြောင်းပြန်ပြန်ဖြစ်ခြင်းကို။ ပဟာယ၊ စွန့်ပယ်၍။ ဒုက္ခဿ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကရိဿတိ၊ ပြုလတ္တံ့။

ထို့နောက် တစ်နေ့ပျောက်၍ တစ်မိုးသောက် ရောက်လတ်သောအခါ မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာအပေါင်းနှင့်တကွ ထိုကူဋာဂါရ ဇရပ်မှ ဝေသာလီပြည်သို့ ဆွမ်းခံဝင်ပြီးသော် ပဏ္ဍုဂါမရွာသို့ ကြွရောက်တော်မူလျှင် ရဟန်းသံဃာတို့အား ခေါ်တော်မူ၍—

တယိဒံ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ၊ ဒုက္ခ- သမုဒယံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ၊ ဒုက္ခနိရောဓံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ၊ ဒုက္ခနိရောဂါမိနီ ပဋိပဒါ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ၊ ဥစ္ဆိန္နာ ဘဝတဏှာ၊ ခီဏာ ဘဝနေတ္တိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ၊ ဣဒမဝေါစ ဘဂဝါ။

(ဒီ-၂။ ၇၇။)

ဘိက္ခဝေ၊ ရဟန်းတို့။ (အဟံ၊ ငါဘုရားသည်။) တယိဒံ-တံ ဣဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဆင်းရဲအမှန် ဒုက္ခအရိယသစ္စာကို။ အနုဗုဒ္ဓံ၊ လျော်စွာသိပြီ၊ ပဋိဝိဒ္ဓံ၊ ထိုးထွင်း၍ သိပြီ။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုဆင်းရဲဖြစ်ကြောင်း အမှန် သမုဒယသစ္စာကို။ အနုဗုဒ္ဓံ၊ ပြီ။ ပဋိဝိဒ္ဓံ၊ ပြီ။ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဆင်းရဲချုပ်ရာအမှန် နိရောဓသစ္စာကို။ အနုဗုဒ္ဓံ၊ ပြီ။ ပဋိဝိဒ္ဓံ၊ ပြီ။ ဒုက္ခနိရောဂါမိနီ ပဋိပဒါ၊ ထိုဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ မဂ္ဂအရိယသစ္စာကို။ အနုဗုဒ္ဓံ၊ ပြီ။ ပဋိဝိဒ္ဓံ၊ ပြီ။ ဘဝတဏှာ၊ ဘဝတို့၌ တပ်မက်ခြင်း ဘဝတဏှာကို။ ဥစ္ဆိန္နာ၊ အကြွင်းမဲ့ဖြတ်အပ်ပြီးပြီ။ ဘဝနေတ္တိ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာသည်။ ခီဏာ၊ ကုန်လေပြီ။ ဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တစ်ဖန်ဘဝသစ်၌ ဖြစ်ရခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣတိ ဣဒံ စဝနံ၊ ဤသို့သော စကားကို။ အဝေါစ၊ မိန့်တော်မူ၏။

ထိုပဏ္ဍုဂါမရွာမှ ဟတ္ထိဂါမရွာ၊ ဟတ္ထိဂါမရွာမှ အမ္ဗဂါမရွာ၊ အမ္ဗဂါမရွာမှ ဇမ္ဗုဂါမရွာ၊ ဇမ္ဗုဂါမရွာမှ ဘောဂနဂရရွာသို့ ကြွတော်မူ၍ ရောက်လေ၏။ ထိုအခါ သာနန္ဒရနတ်၏ နေရာ၌ နေ၍ ရဟန်းသံဃာတို့အား မဟာပဒေသ လေးပါးကို ဟောတော်မူ၏။

## ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်းနှင့် ဝမ်းလားတော်မူခြင်း

ထိုဘောဂနဂရမြို့မှ ရဟန်းသံဃာအပေါင်းနှင့်တကွ ပါဝါပြည်သို့ ကြွတော်မူခဲ့ရာ ထိုပါဝါပြည်၌ နေသော သောတာပန်တည်သော မောင်စုန္ဒသည် ရှေးအခါ ကာလက မိမိ သရက်ဥယျာဉ်၌ ဆောက်လုပ်အပ်သော ကျောင်းသို့ ကဆုန်လပြည့် အဖိတ်နေ့ညဉ့်ရောက်၍ သီတင်းသုံးကြောင်းကို ကြားသိရလျှင် မောင်စုန္ဒဒါယကာသည် မြတ်စွာဘုရားထံသို့လာ၍ တရားနာပြီးသော အဆုံး၌ ဤသို့လျှောက်၏။

"ဘုန်းတော်ကြီးသောအရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်သား သံဃာ အပေါင်းနှင့်တကွ နက်ဖြန်နံနက် အကျွန်ုပ်အိမ်သို့ ဆွမ်းအလို့ငှာ ကြွတော်မူပါ" ဟု လျှောက်ပြီးလျှင် အိမ်သို့ပြန်၍ နံနက်မိုးသောက် ရောက်လတ်သောအခါ မောင်စုန္ဒ ဒါယကာသည် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စီရင်ပြီးလျှင် နူးညံ့သိမ်မွေ့သော အသား၊ ကောင်းသော အသား၊ ကောင်းသော အနံ့ရှိသော အလိုလိုသေသော ဝက်ပျိုသားကို ဆန်နှင့် ရော၍ ချက်အပ်သော သူကရမဒ္ဒဝ ဝက်သားပြွမ်းဆွမ်းကို မြတ်စွာဘုရားအား လုပ်ကျွေးအံ့ဟု ကြံ၍ ငယ်လည်း မငယ်လွန်း၊ ကြီးလည်း မကြီးလွန်းသော တညင်မြင် ဝက်ပျိုသားကို ကောင်လုံး ဝယ်၍ လူ့ဌဖြစ်သော အမွှေးအကြိုင်တို့ကို ထုံလှိုင်စေလျက် ချက်သော အခါ နတ်ဌဖြစ်သော နတ်၏ ဩဇာအရသာကို နတ်တို့ ယူဆောင်၍ ထည့်လာကြကုန်၏။ တပည့်သားသံဃာတို့အား ကပ်လှူရန်နှင့်တကွ အလုံးစုံသော ကိစ္စကို စီမံပြီးသောအခါ မြတ်စွာဘုရားအား ပင့်လျှောက်စေ၏။

မြတ်စွာဘုရားသည်လည်း တပည့်သား သံဃာအပေါင်းနှင့်တကွ မောင်စုန္ဒ အိမ်သို့ ကြွတော်မူခဲ့၍ ကောင်းစွာ ခင်းထားအပ်သောနေရာ၌ နေတော်မူသောအခါ ဒမောင်စုန္ဒ ဒါယကာသည် မြတ်စွာဘုရားအား သူကရမဒ္ဒဝ ဝက်သားပြွမ်းဆွမ်းဖြင့် လုပ်ကျွေးလေ၏။ မြတ်စွာဘုရားသည် စုန္ဒကို ခေါ်တော်မူ၍ တပည့်သားသံဃာတို့အား သူကရမဒ္ဒဝမှ တစ်ပါးသော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးဖို့ မိန့်တော်မူ၏။

မြတ်စွာဘုရားသခင် ဘုဉ်းပေး၍ ကြွင်းကျန်သော ဝက်သားပြွမ်းဆွမ်းကို တွင်း၌ မြှုပ်လော့ဟု စေ၏။ မောင်စုန္ဒ ဒါယကာသည်လည်း မြေ၌ မြှုပ်လေ၏။ မြတ်စွာဘုရားသခင်သည် မောင်စုန္ဒ ဒါယကာအား ဆွမ်းအနုမောဒနာပြုပြီးလျှင် ၎င်းဥယျာဉ်ကျောင်းသို့ ကြွတော်မူ၏။

မောင်စုန္ဒ ဒါယကာသည် ကပ်လှူအပ်သော ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူသော မြတ်စွာဘုရားအား များမကြာမီ ကြမ်းတမ်းသော ပြင်းပြစွာသော သေခြင်းအဆုံးရှိသော ဝမ်းသွေးသွန်သော အနာဖြစ်ခြင်းသို့ ရောက်လေ၏။

ထိုပြင်းစွာသော ဒုက္ခဝေဒနာကို မြတ်စွာဘုရားသည် သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ပညာနှင့် ပြည့်စုံသည်ဖြစ်၍၊ ဆင်းရဲခြင်းမရှိသည်ဖြစ်၍ သည်းခံတော်မူ၏။

ဘုရားကိုယ်တော်မြတ်၌ မောင်စုန္ဒ ဒါယကာသည် လှူဒါန်းအပ်သော ဝက်သားပြွမ်းဆွမ်းကို ဘုဉ်းပေးသောကြောင့် ထိုဝမ်းလားခြင်း ဝေဒနာ ဖြစ်သည် မဟုတ်၊ ဘီလူးနှင့် လက်ဖွေ့သတ်စဉ်အခါ ၎င်းဘီလူးက သင် ဘုရားဖြစ်သော

အခါ ငါ၏ အသားကို စား၍ ဝမ်းကျသဖြင့် ပရိနိဗ္ဗာန် ပြုပါစေသတည်းဟု ကျိန်ဆိုသောကြောင့် ဝမ်းလားသည်လည်း မဟုတ်၊ ဘီလူးနှင့် လက်ဖွေ့သတ်ရသည်လည်း မဟုတ်၊ စင်စစ်သော်ကား ရှေးဝိပါက် ကံဟောင်းနှင့် မကင်း၍ ဝမ်းလားတော်မူရသည်ဟု မှချမှတ်ယူသင့်သည်။

ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ ဂေါတမဘုရား တစ်ဆူသာ သားပြွမ်းဆွမ်းကို ဘုဉ်းပေး၍ ဝမ်းလားရသလော–

ပရိနိဗ္ဗာန်ပြုအံ့သော နေ့၌ ဘုရားတိုင်းပင် ဓမ္မတာသုံးဆယ်တွင် တစ်ပါးအဝင်အပါဖြစ်၍ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူမြဲ ဖြစ်သော်လည်း ဝဋ်တော်မရှိ၍ ဝမ်းလားမရှိ။

ကံဟောင်းရှိကြောင်းကို–

ကမ္မပိလောတိကံ နာမ ဇေရူပံ လောကတ္တယသာမိပိ

န ဝိဇဟတိ–

တိကိစ္ဆကော အဟံ အာသိံ၊ သေဋ္ဌိပုတ္တံ ဝိရေစယိံ။

တေန ကမ္မဝိပါကေန၊ ဟောတိ ပက္ခန္ဒိကာ မမ။

(အပ–၁၊ ၃၄၉။)

ဟု အပဒါန်ပါဠိတော်၌ လာသည်။

ဘုရားလောင်းသည် ဆေးသမားဖြစ်စဉ်အခါ သူဌေးသားအား ဆေးကု၍ ဆေးခ မပေးသောကြောင့် ဝမ်းကျဆေးကို တိုက်ပေးခဲ့ဖူးသော မကောင်းမှုကံကြောင့် ဝမ်းလားခြင်း ဒုက္ခဝေဒနာကို ခံတော်မူရသည်ဟု မှချမှတ်ယူသင့်သည်။

ကမ္မပိလောတိကံနာမ၊ ကံ၏ ညစ်နွမ်းခြင်း မည်သည်ကား။ ဇေရူပံ၊ ဤသို့ သဘောရှိသော။ လောကတ္တယ သာမိပိ၊ လောကသုံးပါးကို အစိုးရတော်မူသော ဘုရားသော်မှလည်း။ န ဝိဇဟတိ၊ မစွန့်မပယ်နိုင်။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ပုရေ၊ ရှေးလွန်လေပြီးသော ကာလ အတိတ်ဘဝ၌။ တိကိစ္ဆကော၊ ဓာတ်ဗိန္ဒောဖြင့် ကုစားတတ်သော ဆေးသမားသည်။ အာသိံ၊ ဖြစ်ဖူး၏။ တဒါ၊ ထိုဓာတ်ဗိန္ဒောဖြင့် ကုစားတတ်သော ဆေးသမားဖြစ်သော အခါ၌။ သေဋ္ဌိပုတ္တံ၊ ရွှေငွေဓနနှင့်ပြောလှသောကြောင့် ဆေးခမပေးသော သူဌေးသားကို။ ဝိရေစယိံ၊ ဝမ်းကျဆေးကို တိုက်ပေးခဲ့ဖူးပြီ။ တေန ကမ္မဝိပါကေန၊ ထိုဝမ်းကျဆေးကို တိုက်ပေးခဲ့ဖူးသော မကောင်းမှု အကုသိုလ်ကံ၏ အကျိုး

ဆက်ကြောင့်။ မမ၊ ငါဘုရားအား။ လောဟိတပက္ခန္ဒိကာ၊ ဝမ်းသွေးသွန်သော ဝမ်းလားသော ရောဂါဝေဒနာသည်။ ဟောတိ၊ ဖြစ်၏။

မောင်စုန္ဒ ဒါယကာ၏ တညင်မြင် ဝက်သားပွမ်းဆွမ်းကို ဘုဉ်းပေးရသော ကြောင့် ဝမ်းတော်လားသည်မဟုတ်။ ဤဝက်သားပွမ်းဆွမ်းကို ဘုရားတိုင်းပင် ပရိနိဗ္ဗာန်ပြုအံ့သော နေ့၌ ဘုဉ်းပေးမြဲ ဓမ္မတာဖြစ်၍ ဘုဉ်းပေးတော်မူသော်လည်း ဝမ်းလားခြင်း ဒုက္ခဝေဒနာ မရှိ။ စင်စစ်သော်ကား ဘုရားကိုယ်တော်မြတ်၌ ဤဝမ်းလားခြင်း ဒုက္ခဝေဒနာသည် မချွတ်ဖြစ်လတ္တံ့ပင် ဖြစ်သည်။

ဤမောင်စုန္ဒ ဆွမ်းကို မဘုဉ်းပေးရလျှင် ဤထက်အလွန် ပြင်းပြစွာ ခံဖို့ရာ၊ ဤထက် အလွန် အားတော်နည်းဖို့ရာသာ ရှိချေသည်။ ဤဆွမ်းကို ဘုဉ်းပေးရသောကြောင့်သာလျှင် အားတော်ခိုင်မာ၍ ရှည်စွာသောခရီးကို ခြေတော်ဖြင့် ကြွသွားတော်မူနိုင်သည်ဟု မှတ်ယူရမည်။

## အရှင်အာနန္ဒာအားရေကြည်တော်ခပ်စေခြင်း

ဘဂဝါ ဝိသာခပုဏ္ဏမာယံ ပရိနိဗ္ဗာနဝ္ဖာယ ဂစ္ဆန္တော–ဟူသော ပါဠိတော်နှင့်အညီ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ရဟန်းသံဃာ အပေါင်းနှင့်တကွ ကဆုန်လပြည့်၊ အင်္ဂါနေ့၊ နံနက်အခါ၌ မောင်စုန္ဒ ဒါယကာ၏ ဝက်သားပွမ်းဆွမ်းကို ဘုဉ်းပေးပြီးမှ ရှေးဝိပါက် ကံဟောင်းနှင့် မကင်းသည် ဖြစ်၍ ဝမ်းလားခြင်း ဒုက္ခဝေဒနာကြောင့် ယောကျ်ားဗိုလ်ချေ ကုဋေတစ်သောင်း၊ ဆင်မည်းတွက်ရေ ကုဋေတစ်ထောင်ကို ဆောင်နိုင်သော အားတော်ကုန်ခန်း ပင်ပန်းတော်လျက်နှင့် ပရိနိဗ္ဗာန် စံယူတော်မူအံ့သောငှာ ဤပါဝါပြည်မှ သုံးဂါဝုတ် ကွာသော ကုသိနာရုံပြည်သို့ ရှေးရှုကြွတော်မူခဲ့ရာ အနေကေသု ဌာနေသု နိသီဒန္တော–ဟူသော ပါဠိတော်နှင့်အညီ များစွာကုန်သော အရပ်ဌာနတို့၌ နားနေ တော်မူလျက် ဒေသစာရီ ကြွချီတော်မူခဲ့သော် လမ်းခရီးအကြား ဂင်္ဂါမြစ်နားသို့ ရောက်လျှင် ခွန်အားတော်ကုန်ခန်း၍ ပင်ပန်းတော်မူလှသောကြောင့် တစ်ခုသော သစ်ပင်ကြီးရင်း၌ ဒုကုဋ်တော်ကို လေးထပ်ခင်းစေ၍ နားတော်မူ၏။

အာနန္ဒ ပါနီယံ အာဟရ၊ ပိပါသိတောသ္မိ–ဟူသော ပါဠိတော်နှင့်အညီ ရေမွတ်သိပ်သည်ဖြစ်၍၊ (ဝါ) ရေငတ်တော်မူသည်ဖြစ်၍ မြတ်စွာဘုရားသခင် သည် ဤသို့မိန့်တော်မူ၏။ "အာနန္ဒာ၊ ငါဘုရားသည် ရေမွတ်သိပ်လှသောကြောင့် ချမ်းကြည်အေးမြသော ရေကို သောက်လို၍ ရာချေလော့" ဟု မိန့်တော်မူ၏။

ဣဃံ မေ တွံ အာနန္ဒ ပါနီယံ အာဟရ၊ ပိပါသိတောသ္မိ အာနန္ဒ ပိဝိဿာမိ။

(ဒီ–၂၊ ၁၀၇။)

အာနန္ဒ၊ ညီတော်အာနန္ဒာ။ ဣဃံ၊ ငါတိုက်တွန်းပါ၏။ တွံ၊ သင်သည်။ မေ၊ ငါ့အား။ ပါနီယံ၊ သောက်ရေကို။ အာဟရ၊ ဆောင်ချေလော။ အဟံ၊ ငါဘုရားသည်။ ပိပါသိတော၊ ရေမွတ်သိပ်တော်မူသည်။ အသ္မိ၊ ဖြစ်၏။ အာနန္ဒ၊ ညီတော်အာနန္ဒာ။ ပိဝိဿာမိ၊ သောက်အံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသောအခါ အရှင်အာနန္ဒာသည် ဤသို့ ပြန်၍လျှောက်၏။ "အရှင်ဘုရား၊ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ ကုန်ရောင်းသွားအံ့ဟု လှည်းငါးရာတို့နှင့် ပက္ကုသမည်သော မလ္လာမင်းသည် ကူးသွားခြင်းကြောင့် နည်းသောရေရှိသော ဤဂင်္ဂါမြစ်သည် ယခုမကြည်လင်ပါ။ ကကုဓာမည်သော မြစ်သည် ရေ့အနီးပင် ဖြစ်ပါသည်။ ချမ်းကြည်အေးမြသော ရေလည်း ရှိပါသည်။ နှလုံးမွေ့လျော်ဖွယ်သော ကောင်းသော ရေဆိပ်လည်း ရှိပါသည်။ ထိုကကုဓာမြစ်သို့ ရောက်မှ သုံးဆောင်တော်မူရပါလတ္တံ့." ဟု လျှောက်၏။

ဣဒါနိ ဘန္တေ ပဉ္စမတ္တာနိ သကဋသတာနိ အတိက္ကန္တာနိ၊ တံ စက္ကစ္ဆိန္နံ ဥဒကံ ပရိတ္တံ လုဠိတံ အာဝိလံ သန္ဒတိ၊ အယံ ဘန္တေ ကကုဓာ နဒီ အဝိဒူရေ အစ္ဆောဒကာ သာတောဒကာ သီတောဒကာ သေတောဒကာ သုပ္ပတိတ္ထာ ရမဏီယာ။ ဧတ္ထ ဘဂဝါ ပါနီယဉ္စ ပိဝိဿတိ၊ ဂတ္တာနိ စ သီတိ ကရိဿတိ။

(ဒီ–၂၊ ၁၀၇။)

ဘန္တေ၊ အရှင်ဘုရား။ ဣဒါနိ၊ ယခုအခါ၌။ ပဉ္စမတ္တာနိ သကဋသတာနိ၊ ငါးရာကုန်သော လှည်းတို့သည်။ အယံနဒီ၊ ဤဂင်္ဂါမြစ်ကို။ အတိက္ကန္တာနိ၊ ကူး၍သွားကုန်၏။ စက္ကစ္ဆိန္နံ၊ လှည်းဘီးဖြတ်၍ ကူးသွားသော။ တံဥဒကံ၊ ထိုရေသည်။ ပရိတ္တံ၊ နည်းသည်ဖြစ်၍။ လုဠိတံ၊ လှုပ်သည်ဖြစ်၍။ အာဝိလံ၊ နောက်ကျုသည်ဖြစ်၍။ သန္ဒတိ၊ စီး၏။ ဘန္တေ၊ အရှင်ဘုရား။ ကကုဓာ၊ ကကုဓာ အမည်ရှိသော။ အယံနဒီ၊ ဤမြစ်သည်။ အဝိဒူရေ၊ ရေ့မနီးမဝေးသော အရပ်၌။ အစ္ဆောဒကာ၊ ကြည်သောရေ ရှိ၏။ သာတောဒကာ၊ ချိုမြိန်သောရေ ရှိ၏။ သီတောဒကာ၊ ချမ်းသောရေ ရှိ၏။ သေတောဒကာ၊ စင်ကြယ်သော ဖြူသောရေ

ရှိ၏။ သုပ္ပတိတ္ထာ၊ ကောင်းသောရေဆိပ်ရှိ၏။ ရမဏီယာ၊ နှလုံးမွေ့လျော်ဖွယ်ရှိ၏။ ဧတ္ထ၊ ဤကကုဓာမြစ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပါနီယဉ္စ၊ သောက်ရေကိုလည်း။ ပိဝိဿတိ၊ သောက်တော်မူရလတ္တံ့။ ဂတ္တာနိစ၊ ကိုယ်တော်ကိုလည်း။ သီတိ၊ ချမ်းအေးတော်မူအောင်။ ကရိဿတိ၊ ပြုရပါလတ္တံ့။

ဤသို့ အရှင်အာနန္ဒာသည် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်အောင် လျှောက်တောင်းပန်သော်လည်း သုံးကြိမ်တိုင်အောင် တိုက်တွန်းတော်မူသောအခါ အရှင်အာနန္ဒာသည် အာဏာတော်ကို မဆန် ဝန်ခံ၍ မြတ်စွာဘုရား၏ သပိတ်တော်ကို ယူဆောင်၍ ဂင်္ဂါမြစ်သို့ သွားရာ ကမ်းနားသို့ ရောက်သောခဏ၌ လှည်းငါးရာတို့ဖြင့် ဖြတ်၍ကူးသွားသော လှုပ်ချောက်ချားသော အလွန်နောက်ကျုလျက်စီးသော ဤဂင်္ဂါမြစ်ရေအယဉ်သည် ခဏချက်ချင်း မြူညစ်ကင်း၍၊ ကြည်သည်ဖြစ်၍ အလွန်ကြည်သည်ဖြစ်၍၊ နောက်ကျုခြင်းကင်းသည်ဖြစ်၍၊ စီးသည်ကို မြင်ရသောအခါ အရှင်အာနန္ဒာသည်—

အစ္ဆရိယံ ဝတ ဘော အဗ္ဘုတံ ဝတ ဘော တထာဂတဿ မဟိဒ္ဓိက တာ မဟာနုဘာဝတာ။

(ဒီ—၂၊ ၁၀၇။)

ဟု အကြံဖြစ်၏။

ဘော၊ အို—အချင်းတို့။ တထာဂတဿ၊ မြတ်စွာဘုရား၏။ မဟိဒ္ဓိကတာ၊ ကြီးသော တန်ခိုး ရှိသည်၏ အဖြစ်သည်။ မဟာနုဘာဝတာ၊ ကြီးသော ဘုန်းရှိသည်၏ အဖြစ်သည်။ အစ္ဆရိယံ ဝတ၊ အံ့ဩဖွယ်ရှိစွတကား။ ဘော၊ အို—အချင်းတို့။ တထာဂတဿ၊ မြတ်စွာဘုရား၏။ မဟိဒ္ဓိကတာ၊ ကြီးသောတန်ခိုး ရှိသည်၏အဖြစ်သည်။ မဟာနုဘာဝတာ၊ ကြီးသောဘုန်း ရှိသည်၏အဖြစ်သည်။ အဗ္ဘုတံဝတ၊ မဖြစ်ဖူးမြဲ ဖြစ်စွတကား။

သြော်—မြတ်စွာဘုရားတို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တော်သည် အလွန်ပြန့်ပြောအံ့ဩဖွယ်ရှိပေစွတကား၊ မဖြစ်ဖူးမြဲပါတကား။ အသက်မရှိသော အဝိညာဏက ရေဖြစ်ပါလျက်နှင့် အသက်ရှိသော သဝိညာဏက သတ္တဝါကဲ့သို့ ကိုယ်တော်မြတ်၏ အလိုတော်အတိုင်း ခဏချက်ချင်း မြူညစ်ကင်း၍ သန့်ရှင်းကြည်လင်စွာ မနောက်သည် ဖြစ်၍ စီးခြင်းသည် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲပါတကားဟု ချီးမွမ်းအံ့ဩပြီးလျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ သပိတ်

တော်ဖြင့် ရေကြည်တော်ကို ခပ်ယူခဲ့၍ မြတ်စွာဘုရားအား ဆက်ကပ်ပြီး လျှင် ဤသို့လျှောက်၏။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အစ္ဆပါနီယံ၊ ကြည်သောသောက်တော်ရေကို။ ပိဝတု၊ သောက်တော်မူပါလော့။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ အစ္ဆပါနီယံ၊ ကြည်သော သောက်ရေကို။ ပိဝတု၊ သောက်တော်မူပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ မြတ်စွာဘုရားအား လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာ ဆက်ကပ်အပ်သော ရေကြည်တော်ကို ဘုဉ်းပေးသုံးဆောင်တော်မူရသောကြောင့် မှတ်သိပ်ခြင် မှ ကင်းပျောက်တော်မူလေ၏။

အထ ခေါ ဘဂဝါ ပါနီယံ အပါယိ။

(ဒီ–၂၊ ၁၀၇။)

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပါနီယံ၊ ရေကြည်တော်ကို။ အပါယိ၊ သောက်တော်မူပြီ။

ဤသို့ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာကို ပါနီယံ–ဟု ရေသာမည စေသော်လည်း ရေနောက်ကို မယူသင့်၊ ရေကြည်ကိုသာ ယူသင့်သည်။ အဘယ်ကို ထောက်၍ သိရာသနည်း။ ညီတော်အာနန္ဒာ၊ ချီးမွမ်းအံ့ဩသောအရာ၌ ဤဂင်္ဂါ မြစ်ရေအယဉ်သည် ခဏချက်ချင်း မြူညစ်ကင်း၍ "အစ္ဆာ ဝိပ္ပသန္နာ အနာဝိလာ သန္ဒတိ" ဟု ချီးမွမ်းအံ့ဩသော စကားကို ထောက်၍ ရေနောက် မဟုတ်၊ ရေကြည်ဟုတ်ကြောင်းကို ယူရမည်။ ရေကြည်ကိုသာ သောက်တော်မူရသည်ဟု မှတ်ယူရမည်။

မြတ်စွာဘုရားသခင်သည် ရေငတ်တော်မူခြင်း၏ အကြောင်းကို မည်သည့် ကာလ၊ မည်သည့်ဘဝ၊ မည်သည့်အကုသိုလ်ကံ၏ ဝိပါက်တော်ကြောင့် ရေ နောက်ကို သောက်တော်မူရသည်ဟု မည်သည့်ကျမ်းဂန်တို့ ဆိုသည် လာသည်ကို မတွေ့မမြင်ဖူးပေ။ ဤကဲ့သို့ ကျမ်းဂန်တို့၌ မဆိုမလာဘဲနှင့် ဘုရားလောင်း နွားငယ်ဖြစ်စဉ်အခါက အမိ ရေသောက်၍နေစဉ် ရေညာက မြူထူးကစား ခြင်းကြောင့် ရေနောက်ကို အမိသည် သောက်ရ၏။ ထိုမကောင်းမှုကံကြောင့် ရေနောက်ကို သောက်ရသည်ဟု ပြောဆိုသော စကားသည် ဝင်္ဂတော် တစ်ဆယ့် နှစ်ပါးသို့ အဝင်အပါ စကားမဟုတ်ကြောင်းကို–

ဒုက္ကရဥ္စ အဗ္ဘက္ခာနံ၊ အဗ္ဘက္ခာနံ ပုနာပရံ။
အဗ္ဘက္ခာနံ သိလာဝေဓော၊ သက္ခလိကာ ပိ စ ဝေဒနာ။
နာဠာဂိရိ သတ္ထစ္ဆေဒေါ၊ သီသဒုက္ခံ ယဝခါဒနံ။
ပိဋ္ဌိဒုက္ခမတီသာရော၊ ဣမေ အကုသလကာရဏာ။
(အပ–၄–၁။ ၁၂၈။)

ဟု အပါဒါန် အဋ္ဌကထာ၌ လာသည်။

ဒုက္ကရဥ္စ၊ ကဿပ မြတ်စွာဘုရားအား ဘုရားဖြစ်သည်ဟု ကြားလျှင် ဘုရားဟူသည် ဖြစ်နိုင်ခဲမှု အဘယ်မှာလျှင် ဤရဟန်းဦးပြည်းအား ဘုရားဖြစ်နိုင် အံ့ဟု ဇောတိပါလပုဏ္ဏားဖြစ်စဉ်အခါ စွပ်စွဲကဲ့ရဲ့ခဲ့ဖူးသော ဝစီကံတည်းဟူသော အကုသိုလ်ကြောင့် ဘုရားလောင်းအား ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ရခြင်းလည်းကောင်း။

အဗ္ဘက္ခာနံ၊ ပစ္စေကဗုဒ္ဓါအား ဒုဿီလပုဂ္ဂိုလ်ဟု စွပ်စွဲ ကဲ့ရဲ့ခဲ့ဖူးသော ဝစီကံတည်းဟူသော အကုသိုလ်ကြောင့် စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမ ညစ်၏ အစွပ်အစွဲကို ခံရခြင်းလည်းကောင်း။

အဗ္ဘက္ခာနံ၊ မုနာဠိအမည်ရှိသော သေသောက်ကြူးဖြစ်စဉ်အခါ၊ ပစ္စေက ဗုဒ္ဓါကို ဒုဿီလပုဂ္ဂိုလ်ဟု စွပ်စွဲခဲ့ဖူးသော ဝစီကံကြောင့် သုန္ဒရီပရိဗိုဇ်မ၏ အစွပ်အစွဲ ခံရခြင်းလည်းကောင်း။ ပုနာပရံ၊ ထိုမှတစ်ပါး။ အဗ္ဘက္ခာနံ၊ တပည့်ငါးရာတို့နှင့် ဆရာကြီးဖြစ်စဉ်အခါ ဈာနလာဘီ ရသေ့တစ်ဦးကို ကာမစည်းစိမ်ကို ခံစားသော ရသေ့ဟု စွပ်စွဲခဲ့ဖူးသော ဝစီကံကြောင့် ဂေါတမ တပည့်တို့သည် သုန္ဒရီပရိဗိုဇ်မကို သတ်သည်ဟူ၍ ပြည်သူပြည်သားတို့နှင့်တကွ တိတ္ထိတို့၏ အစွပ်အစွဲကို ခံရခြင်း လည်းကောင်း။

သိလာဝေဓော၊ အစ်ကိုကို။ ဝါ၊ ညီငယ်ကို ကျောက်ခဲနှင့် ပစ်ခဲ့ဖူးသော မကောင်းမှုကံကြောင့် ဂိဇ္ဈကုဋ်တောင်နံရံ စင်္ကြံတော်မှူသောအခါ ဒေဝဒတ်၏ ကျောက်လိမ့်ကျောက်ပစ်ကို ခံရခြင်းလည်းကောင်း။

သက္ခလိကာဝေဓော၊ သူငယ်ဖြစ်စဉ်အခါ ဆွမ်းခံလာသော ပစ္စေကဗုဒ္ဓါကို ကျောက်နှင့် ပစ်ခတ်သောအခါ သွေးစိမ်းထွက်သော မကောင်းမှုကံကြောင့် ကျောက်လွှာစင်၍ ခြေမတော်ကို ကြိတ်မိပြီး ထိုကြိတ်မိရာအရပ်၌ သွေးစိမ်း တည်ခြင်းလည်းကောင်း။ တစ်နည်းကား–ဒေဝဒတ်သည် သုံးကျိပ်နှစ်ယောက် သော လေးသမားတို့ကို စေ၍ လေးဖြင့်ပစ်သည်ကို ခံရခြင်းလည်းကောင်း။

တတော၊ ထိုမှတစ်ပါး။ နာဠာဂိရိ ဆင်ထိန်းဖြစ်စဉ်အခါ ဆွမ်းခံလာသော ရှင်ပစ္စေကဗုဒ္ဓါကို ဆင်ဖြင့် တိုက်ခဲ့ဖူးသော မကောင်းမှုကံကြောင့် ဒေဝဒတ်သည် အဇာတသတ်နှင့် တိုင်ပင်၍ နာဠာဂိရိဆင်ဖြင့် တိုက်သည်ကို ခံရခြင်း လည်းကောင်း။

သတ္တစ္ဆေဒေါ၊ မင်းဖြစ်သောအခါ လူနှစ်ယောက်ကို သံလျက်ဖြင့် ခုတ်သတ်ဖူးသော မကောင်းမှုကံကြောင့် ခြေမဖျားကို။ ဝါ၊ အလုံးစုံသော သကလပါဒဟု ဆိုအပ်သော ခြေတော်ကို ဓားခွဲခံရခြင်းလည်းကောင်း။

သီသဒုက္ခံ၊ တံငါမျိုး၌ ဖြစ်သောအခါ တံငါတို့သည် ငါးကို သတ်ခြင်း၊ ဦးခေါင်းကို ရိုက်ခြင်းတို့၌ ဝမ်းမြောက်ခဲ့ဖူးသော မကောင်းမှုကံကြောင့် ဦးခေါင်းကိုက်ခြင်းလည်းကောင်း။

ယဝခါဒနံ၊ အမှတ်မရှိသောအမျိုး၌ ဖြစ်သောအခါ ဖုဿမြတ်စွာဘုရား၏ တပည့်သာဝကတို့ သလေးဆွမ်း ဘုဉ်းပေးသည်ကိုမြင်လျှင် ဤရဟန်းဦးပြည်းတို့သည် သလေးဆွမ်းနှင့်မတော်၊ မုယောဆွမ်းနှင့်သာ တော်သည်ဟု ဆဲရေးခဲ့ဖူးသော မကောင်းမှုကံကြောင့် ဝေရဥ္စာပြည်၌ ဝါတွင်းသုံးလပတ်လုံး မုယောဆွမ်းကို ဘုဉ်းပေးရခြင်းလည်းကောင်း။

ပိဋ္ဌိဒုက္ခံ၊ လက်ဝှေ့လက်ပန်းသည် ဖြစ်စဉ်အခါ ဇမ္ဗူဒီပါတွင် အလွန်ကြေညာ ကျော်စောသော လက်ပမ်းသည်ကြီးနှင့် မလ္လယုဒ္ဓသဘင် စီရင်ကျင်းပရာတွင် ဦးသျှောင်ကို ကိုင်ဆွဲလျက် အထက်သို့မြှောက်၍ မြေသို့ကျလာသောအခါ ခါးကျိုးအောင်ပြုခဲ့ဖူးသော မကောင်းမှုကံကြောင့် ခါးတော် နာရခြင်းလည်းကောင်း။

အတိသာရော၊ ဘုရားလောင်းသည် ဆေးသမားဖြစ်စဉ်အခါ သူဌေးသားကို ဆေးကုရာ ဆေးခ,မပေး၍ ဝမ်းကျဆေးကို တိုက်ပေးခဲ့ဖူးသော မကောင်းမှုကံကြောင့် ဝမ်းသွေးသွန်ရခြင်းလည်းကောင်း။ ဣမေ ဒွါဒသ၊ ဤတစ်ဆယ့်နှစ်ပါးတို့သည်။ အကုသလကာရဏာ၊ အကုသိုလ်ဟူသော အကြောင်းရှိကုန်၏။

ရေနောက်ကို သောက်ရသည်ဟု ပြောဆိုကြသော စကား၊ နွားငယ်ဖြစ်စဉ်က ဝင့်ဟု ပြောဆိုကြသော စကားသည် ဤကမ္မပိလောတိက တစ်ဆယ့်နှစ်ပါးသို့ အဝင်အပါ စကားမဟုတ်၊ သင်္ဂါယနာ လေးကြိမ်တွင် ပါဝင်သော စကားမဟုတ်ဟု မှတ်ရမည်။

## ပက္ကုသမင်းသား သင်္ကန်းလှူခြင်းနှင့် ယနေ့ည၌ ပရိနိဗ္ဗာန်ဝင်စံမည်ဟု မိန့်တော်မူခြင်း

ထိုသစ်ပင်ရင်း၌ နေတော်မူစဉ် ပက္ကုသမည်သော မလ္လာမင်း၏သားသည် မြတ်စွာဘုရား အနီးသို့ လာပြီးလျှင် လျောက်ပတ်သော အရပ်၌ နေ၍ ဤသို့ လျှောက်၏။

"အရှင်ဘုရားကိုလည်းကောင်း၊ တရားသံဃာကိုလည်းကောင်း ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ အရှင်ဘုရားသည် ယနေ့ကို အစပြု၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံဆောက်တည်သော ဒါယကာ မှတ်တော်မူပါဟု လျှောက်ပြီးလျှင် သိင်္ဂီရွှေအဆင်းနှင့် တူသော အဆင်းရှိသော၊ နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ်လှသော သွားလေရာရာ ပခုံးတင်၍ ဆောင်အပ်သော သဘင်နေ့ကြိမ်လျှင် အပေါ်ရုံပြု၍ ဖုံးလွှမ်းအပ်သော အကျွန်ုပ်၏ ပုဆိုးအစုံကို ဝတ်ရုံ သုံးဆောင်တော်မူပါ" ဟု ကပ်လှူ၏။

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။ "ပက္ကုသ–တစ်ထည်ကို ငါဘုရားအား လှူလော့၊ တစ်ထည်ကို အာနန္ဒာအား လှူလော့" ဟု မိန့်တော်မူ၏။ ပက္ကုသသည်လည်း မိန့်တော်မူတိုင်း လှူ၏။ မြတ်စွာဘုရားသခင်သည် ပုဆိုး အနုမောဒနာ ပြုတော်မူသော အဆုံး၌ ပက္ကုသသည် ထသွားလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် မိမိအား လှူသောပုဆိုးကို မြတ်စွာဘုရားအား ကပ်လှူ၏။ မြတ်စွာဘုရားသည်လည်း တစ်ထည်ကို ဝတ်၍ တစ်ထည်ကို ရုံတော်မူလျှင် ကိုယ်တော်မှ ဝင်းဝင်းညီးညီး တောက်လောင်ပြီးသော မီးကြီးလျှံကဲ့သို့လည်းကောင်း၊ ယုဂန္ဓိုရ်တောင်ဦးမှ ကွန့်မြူးသော နေဝန်းကဲ့သို့လည်းကောင်း၊ တပြောင်ပြောင်တညီးညီး ယှိုစီးဘနန်းမျှ ချီးပ၍ မဆုံးမကုန်နိုင်အောင် ခြောက်ဆိုင်သော ရောင်ခြည်တော်တို့သည် အရပ်ထက်ဝန်းကျင်မှ တစ်ပြိုင်တည်း ကွန့်မြူးထွန်းလင်းစေ၍ တဝင်းဝင်း တထိန်ထိန် ရောင်ခြည်တော် အရှိန်ဖြင့် တင့်တယ်ခြင်းအသရေသို့ ရောက်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ဤသို့လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရား၏ ကိုယ်တော်သည် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲပါတကား" ဟု နားတော် လျှောက်လေသော် "အာနန္ဒာ၊ ထွန်းသစ်သော ဆီမီးသည်လည်းကောင်း၊ ငြိမ်းခါနီးသော ဆီမီးသည်လည်းကောင်း၊ ကြီးစွာသော မီးတောက် မီးလျှံဖြစ်သကဲ့သို့၊ ထို့အတူ ငါဘုရား၏ ကိုယ်တော်သည်လည်း ဘုရားဖြစ်ဦးစ

သစ္စာလေးပါး တရားတော်ကို ရသော ညဉ့်၌ ကမ္ဘာကုဋေ သိန်းသန်းမကသော ကာလပတ်လုံး စုဝေးအပ်ကုန်သော ကိလေသာတို့ကို ငါသည် ယနေ့ည ပယ်အပ်ပြီဟု အားကြီးသော ဝမ်းမြောက်ခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာဇရုပ် အကြွင်းမရှိ ပရိနိဗ္ဗာန်စံယူအံ့သော ညဉ့်၌ သိန်းသန်းမက များပြားလှစွာသော ဘုရားတို့သည် ဝင်အပ်သော နိဗ္ဗာန်ရွှေပြည်သို့ ငါဘုရားသည် ယနေ့ညဉ့် ပစ္ဆိမယံ၌ ဝင်ရလတ္တံ့ဟု အားကြီးသော ဝမ်းမြောက်ခြင်းကြောင့်လည်းကောင်း၊ အာဟာရ၏ ထူးသောကြောင့်လည်းကောင်း။ ဤနှစ်ပါးသော အခါကာလတို့၌ ငါဘုရား၏ ကိုယ်တော်သည် အလွန်သန့်ရှင်းစင်ကြယ်ခြင်းသည် ဖြစ်၏။ အရေအဆင်းသည် ဖြူစင်ခြင်းသည် ဖြစ်၏။ အာနန္ဒာ၊ ယနေ့ညဉ့် ပစ္ဆိမယံ၌ ကုသိနာရုံပြည်၏ အကွေ့ဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် ပင်ပျို တို့၏ အကြား၌ ငါဘုရားသည် ပရိနိဗ္ဗာန်စံတော်မူလတ္တံ့" ဟု မိန့်တော်မူ၏။

## တူမျှသောအကျိုးရှိသောဆွမ်းနှစ်ပါး

မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာအပေါင်းနှင့်တကွ ထိုနေရာမှ ဒေသစာရီ ကြွချီတော်မူခဲ့သော် ရေခတက်ပင်ပေါက်သော ကကုဓာမြစ်သို့ ရောက်တော်မူသောအခါ မြစ်သို့ ဆင်းသက်တော်မူ၍ ရေသောက်ခြင်း၊ ရေသပ္ပာယ်ခြင်းကို ပြုပြီးမှ တက်တော်မူ၍ သရက်ဥယျာဉ်တော၌ နားနေတော်မူပြီး အရှင်အာနန္ဒာ ကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။

"အာနန္ဒာ၊ ငါဘုရားသည် ယခုဝမ်းလာရခြင်းဟူသော အကျိုးဖြစ်ခြင်း ကြောင့် ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒ ဒါယကာအား နှလုံးမသာ ရှိလေ ရာသည်။ သူတစ်ပါးတို့ အပြစ်တင်ဖို့ရာ ရှိလေရာသည်။ မြတ်စွာဘုရားသခင်သည် စုန္ဒ၏ ဝက်သားဆွမ်းကို စားသောကြောင့် ရောဂါကြီးမား၍ ပရိနိဗ္ဗာန် သားရလေ သည်။ ကောင်းမှု၏ အကျိုးသည် မရှိလေဟု နှလုံးမသာရှိလေရာသည်။ ထို့ကြောင့် အာနန္ဒာ၊ သင်သည် စုန္ဒဒါယကာ၏ နှလုံးမသာခြင်းကို ဖျောက်လေ၊ ဟောလေလော့"

"ဖျောက်အံ့သောနည်းကား–ဒါယကာ စုန္ဒ၊ မြတ်စွာဘုရားသည် သင်၏ ဆွမ်းကို ဘုဉ်းပေးပြီးမှ နိဗ္ဗာန်သို့ကြွတော်မူသည်၊ သင့်အား များစွာသောအကျို သည် ရှိပေစွဟု မိန့်တော်မူသော စကားကို ဘုရားရှင် မုခတော်မှ ငါကြားလိုက် ရ၏။ ဘုရားဖြစ်သောနေ့၌ ဂပ်လျှအပ်သော သုဇာတာ၏ ဃနာနို့ဆွမ်းကို ဘုဉ်းပေး၍ ငါဘုရားသည် အတုမရှိ မြတ်သော သစ္စာလေးပါးတရားကို မိမိ

အလိုလို သိတော်မူရ၏။ ရွှေပြည်နိဗ္ဗာန် စံအံ့သောနေ့၌ ကပ်လှူအပ်သော မောင်စုန္ဒ၏ ဝက်သားဆွမ်းကို ရာဂ, ဒေါသ, မောဟ, ကင်းစင်တော်မူသောအခါ ဘုဉ်းပေး၍ ငါဘုရားသည် ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူရ၏။ ဤဆွမ်းနှစ်ပါးသည် တူမျှသောအကျိုး ရှိကုန်၏။ တစ်ပါးသော ကာလ၌ လှူအပ်သော ဆွမ်းတို့ထက် အထူးသဖြင့် မြတ်သောအကျိုး ရှိ၏။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြံအရံများခြင်း၊ ပညာကြီးခြင်း၊ နတ်ရွာလားခြင်း၊ အစိုးရခြင်း စသည်ကို ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှုကို ဒါယကာ စုန္ဒသည် ဆည်းပူးအပ်၏။ ငါဘုရား၏ အားခွန်ဗလကိုလည်း ကူညီ ထောက်ပံ့ပေ၏ဟု ငါဘုရားမိန့်တော်မူသည်ကို ကြားလိုက်ရ၏ဟူ၍ သင်ဟောဘိ၊ ပြောဘိလော့” ဟု မိန့်မှာတော်မူ၏။

ထိုဆွမ်းနှစ်ပါးသည် အဘယ်ကြောင့် တူမျှကုန်သနည်း။ တူမျှသော အကျိုးဆက်ရှိကုန်သနည်း။ တစ်ပါးသော ဆွမ်းတို့ထက် အထူးသဖြင့် ကြီးမြတ်သော အကျိုးရှိလေကုန်သနည်း။

မြတ်စွာဘုရားသခင်သည် သုဇာတာသည် လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ ကမ္မဇရုပ် အကြွင်းမရှိသော ကိလေသ ပရိနိဗ္ဗာန်ကို ပြုတော်မူ၏။ စုန္ဒ ရွှေပန်းထိမ်သည်၏ အဆုံးစွန်ဖြစ်သော ဝက်သားဆွမ်းကို ဘုဉ်းပေး တော်မူ၍ ကမ္မဇရုပ် အကြွင်းမရှိသော ခန္ဓပရိနိဗ္ဗာန်ကို ပြုတော်မူ၏။ ဤသို့ နိဗ္ဗာန်ခြင်း တူမျှသောကြောင့်လည်း အကျိုးတူမျှ၏။

မိမိ အလိုလို သစ္စာလေးပါး တရားကို သိတော်မူသောနေ့၌ ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၏။ ပရိနိဗ္ဗာန် စံတော်မူသော နေ့၌လည်း ထိုအလုံးစုံသော သမာပတ်တို့ကို ဝင်စားတော်မူ၏။ ဤသို့ဝင်စားတော် မူအပ်သော သမာပတ်ခြင်း တူမျှသောကြောင့် တူမျှသောအကျိုး ရှိ၏။

သုဇာတာသည် နောက်အဖို့၌ ရက္ခစိုးနတ် မဟုတ်၊ ဘုရားလောင်းဟု သိ၏။ ထိုဆွမ်းကို စား၍ သစ္စာလေးပါး တရားကို သိ၏။ ခုနစ်ရက် ခုနစ်လီ မြတ်စွာဘုရားအား ထိုဆွမ်းဖြင့် မျှတ၍ နေ၏ဟု ကြား၍ ငါသည် လှူရတော် လေစွတကားဟု အောက်မေ့သဖြင့် အားကြီးသော နှစ်သက်ခြင်း၊ ဝမ်းမြောက် ခြင်းသည် ဖြစ်၏။ စုန္ဒအားလည်း နောက်အဖို့၌ ငါသည် အဆုံးစွန်သော ဆွမ်းကို လှူရ၏။ ငါ၏ဆွမ်းကို စား၍ မြတ်စွာဘုရားသည် ကမ္မဇရုပ်အကြွင်း မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏ဟု ကြား၍ ငါသည် လှူရတော်

လေစွတကားဟု အောက်မေ့သဖြင့် အားကြီးစွာသော နှစ်သက်ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ဤသို့ အောက်မေ့ခြင်းတူသော အကျိုးရင်းကို ယူသောကြောင့် ဤဆွမ်းနှစ်ပါးသည် တူမျှသောအကျိုး ရှိသတည်း။

ပုန စ ဘဂဝတာ ဘဏိတံ ဣမေ ဒွေ အာနန္ဒ ပိဏ္ဍပါတာ သမဖလာ သမဝိပါကာ၊ အတိဝိယ အညေဟိ ပိဏ္ဍပါတေဟိ မဟပ္ဖလတရာ စ မဟာနိသံသတရာ စ။ ကတမေ ဒွေ၊ ယဉ္စ ပိဏ္ဍပါတံ ဘုဉ္ဇိတွာ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စ ပိဏ္ဍပါတံ ဘုဉ္ဇိတွာ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗာတိ၊ ဣမေ ဒွေ ပိဏ္ဍပါတာ သမဖလာ သမဝိပါကာ၊ အတိဝိယ အညေဟိ ပိဏ္ဍပါတေဟိ မဟပ္ဖလတရာ မဟာနိသံသတရာ စ။

(ဒီ–၂၊ ၁၁၂–၃။)

ပုနစ၊ တစ်ဖန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ အာနန္ဒ၊ အာနန္ဒာ။ ဣမေ ဒွေ ပိဏ္ဍပါတာ၊ ဤဆွမ်းနှစ်ပါးတို့သည်။ သမဖလာ၊ တူမျှသော အကျိုး ရှိကုန်၏။ သမဝိပါကာ၊ တူမျှသော အကျိုးကို ပေးကုန်၏။ အတိဝိယ၊ အလွန်လျှင်။ အညေဟိ၊ တစ်ပါးကုန်သော။ ပိဏ္ဍပါတေဟိ၊ ဆွမ်းတို့ထက်။ မဟပ္ဖလတရာစ၊ အထူးသဖြင့်လည်း အကျိုးရှိကုန်၏။ မဟာနိသံသတရာစ၊ မြတ်သော အကျိုးဆက်လည်း ရှိကုန်၏။ ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူကား။ တထာဂတော၊ လာခြင်းကောင်းသော ငါဘုရားသည်။ ယဉ္စ ပိဏ္ဍပါတံ၊ သုဇာတာသည် လှူအပ်သော အကြင် နို့ဃနာဆွမ်းကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူ၍။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာ၊ မိမိအလိုလို။ သမ္ဗောဓိံ၊ သစ္စာလေးပါးတရားကို။ အဘိသမ္ဗုဇ္ဈတိ၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိတော်မူ၏။ တထာ–ဂတော၊ လာခြင်းကောင်းသော ငါဘုရားသည်။ ယဉ္စ ပိဏ္ဍပါတံ၊ ရွှေပြည်နိဗ္ဗာန်စံအံ့သော နေ့၌ စုန္ဒ ဒါယကာသည် အဆုံးစွန် ကပ်လှူအပ်သော အကြင်ဝက်သားပြွမ်းဆွမ်းကို။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူ၍။ အနုပါဒိသေသာယ၊ ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဣတိ ဣမေ ဒွေပိဏ္ဍပါတာ၊ ဤဆွမ်းနှစ်ပါးတို့သည်။ သမာ၊ တူကုန်၏။ သမဖလာ၊ တူမျှသောအကျိုး ရှိကုန်၏။ သမဝိပါကာ၊ တူမျှသော

အကျိုးကို ပေးကုန်၏။ အတိဝိယ၊ အလွန်လျှင်။ အညေဟိ၊ တစ်ပါးကုန်သော။ ပိဏ္ဍပါတေဟိ၊ ဆွမ်းတို့ထက်။ မဟပ္ဖလတရာစ၊ အထူးသဖြင့်လည်း အကျိုး ရှိကုန်၏။ မဟာနိသံသတရာစ၊ မြတ်သောအကျိုးဆက်လည်း ရှိကုန်။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘဏိတံ၊ ဟောတော်မူအပ်၏။

အာနန္ဒ–အာနန္ဒာ။ ဣတိကတ္တာ၊ ဤသို့ အကျိုးရှိ၏ဟူ၍။ ကမ္မာရပုတ္တဿ၊ ရွှေပန်းထိမ်သည်၏သားဖြစ်သော။ စုန္ဒဿ၊ ဒါယကာစုန္ဒ၏။ ဝိပ္ပဋိသာရော၊ နှလုံးမသာယာခြင်းကို။ ဝိနောဒေတဗ္ဗော၊ ဖျောက်အပ်၏။

ဤစကားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ငါသည် ကြားလိုက် မှတ်လိုက် နာလိုက်ရ၏ဟူ၍ သင် ပြောကြားလေလော့ဟု အရှင်အာနန္ဒာအား ဟောကြားမှာထားတော်မူ၏။

## အကြောင်းသုံးပါးကိုမြင်၍ကုသိနာရုံပြည်သို့ကြွတော်မူခြင်း

ယင်းသို့ အာနန္ဒာအား မှာကြားပြီးသော် ရဟန်းသံဃာတော်အပေါင်းနှင့်တကွ ဟိရညဝတီမြစ်၏ ထိုမှာဘက်ကမ်းသို့ ရောက်၍ တဖြည်းဖြည်း တောင်အရပ်သို့ ကြွတော်မူသော် အားတော်ကုန်ခန်း ပင်ပန်းတော်မူလှသောကြောင့် ပါဝါပြည်မှ သုံးဂါဝုတ်ကွာသော ကုသိနာရုံပြည်သို့ နှစ်ဆယ့်ငါးကြိမ်နားနေ၍ ရောက်ရာဌာန တို့၌ ရေမွတ်သိပ်တော်မူလျှင် အရှင်အာနန္ဒာအား ရေရှာခိုင်း၍ ဆက်ကပ်အပ်သော ရေကို ဘုဉ်းပေးတော်မူ၍ ဖြည်းဖြည်းသာသာ ကြီးစွာသော ကြိုးစားအားထုတ်ခြင်း ဖြင့် ကြွလာတော်မူသော မြတ်စွာဘုရားသခင်သည် ညနေချမ်းအချိန် နေမဝင်မီ ကုသိနာရုံပြည်၏ တောင်မျက်နှာ တောင်တံခါးဖြင့် ထွက်၍ အနောက်သို့ကွေ့၍ သွားရသောကြောင့် အနောက်တောင်ထောင့် အကွေ့ဖြစ်သော အတာ ငါးရာကွာ သော မလ္လာမင်း၏ အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူသောအခါ မလ္လာမင်းတို့၏ ရတနာညောင်စောင်းကို မြင်တော်မူလျှင် ဤသို့ မိန့်တော်မူ၏။

"အာနန္ဒာ၊ ဤညောင်စောင်းကို ယူ၍ အင်ကြင်းပင်ပျိုအစုံတို့၏အကြား၌ မြောက်သို့ ဦးခေါင်းထား၍ မတန့်မနား လျင်စွာခင်းဘိလော့"ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည်လည်း မိန့်တော်မူတိုင်း ခင်းထားလေ၏။ မြတ်စွာဘုရား သခင်သည်လည်း ထိုခင်းထားအပ်သော ညောင်စောင်းထက်တွင် ခြင်္သေ့မင်း၏ လျောင်းခြင်းကဲ့သို့ ဖြည်းညင်းသာယာစွာ လက်ယာနံတောင်းဖြင့် လျောင်းစက် တော်မူလေ၏။

ဤသို့ အားတော်ကုန်ခန်း ပင်ပန်းလျက်နှင့် ကြီးစွာသော အားထုတ်ခြင်းဖြင့် တစ်ပါးသော တိုင်းခရိုင် နိုင်ငံမြို့ရွာ များစွာရှိပါလျက်နှင့် ဤကုသိနာရုံပြည်သို့ ပရိနိဗ္ဗာန်စံယူအံ့သောငှာ ကြွတော်မူခြင်းသည် သုံးပါးသော အကြောင်းကို မြင်တော်မူ၍ ကြွတော်မူသတည်း။

သုံးပါးသော အကြောင်းဟူသော်ကား–ဤကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုရခြင်းသည် မဟာသုဒဿန စက္ကဝတ္တိသုတ်ကို ဟောတော်မူရလတ္တံ့ဟု မြင်ခြင်း တစ်ပါး။

ဥဒိစ္စပုဏ္ဏားမျိုးမှ ဦးခေါင်းပြည်းလျက် ပုဆိုးဖြူကိုပင် သင်္ကန်းယောင်ဝတ်၍ ပရိဗိုဇ် ရဟန်းပြုသော သုဘဒ္ဒသည် ဗုဒ္ဓဝေနေယျ ဖြစ်သည် အားလျော်စွာ ငါဘုရားထံလာ၍ ပြဿနာကို မေးလတ္တံ့၊ ၎င်း ပြဿနာကို ငါဘုရားဖြေသော အဆုံး၌ သရဏဂုံတည်၍ ငါဘုရားထံ၌ ရဟန်းပဉ္စင်းအဖြစ်ကို ရ၍ ငါဘုရား ပေးသော ကမ္မဋ္ဌာန် ကို ယူ၍ ငါဘုရား ထင်ရှား ရှိစဉ် ရဟန္တာအဖြစ်သို့ ရောက်၍ နောက်ဆုံး ပစ္ဆိမသာဝကဖြစ်လတ္တံ့ဟု မြင်ခြင်းတစ်ပါ ။

သော စ ဗုဒ္ဓဝေနေယျော န သာဝကဝေနေယျော၊ န တံ သာဝကာ ဝိနေတုံ သက္ကောန္တိ၊ ကုသိနာရာယံ ပရိနိဗ္ဗာယန္တံ ပန မံ သော ဥပသင်္ကမိတွာ ပဉှံ ပုစ္ဆိဿတိ၊ ပဉှာဝိဿဇ္ဇနပရိယောသာနေ စ သရဏေသု ပတိဋ္ဌာယ မမ သန္တိကေ ပဗ္ဗဇ္ဇံ ဥပသမ္ပဒဉ္စ လဘိတွာ ကမ္မဋ္ဌာနံ ဂဟေတွာ မယိ ဓရမာနေယေဝ အရဟတ္တံ ပတွာ ပစ္ဆိမသာဝကော ဘဝိဿတိ။

(ဒီ–ဋ္ဌ၊ ၂။ ၁၆၅။)

သောစ၊ ထိုသုဘဒ္ဒပရိဗိုဇ်သည်ကား။ ဗုဒ္ဓဝေနေယျော၊ ဗုဒ္ဓဝေနေယျတည်း။ သာဝကဝေနေယျော၊ သာဝကဝေနေယျသည်။ န၊ မဟုတ်။ တံ၊ ထိုသုဘဒ္ဒပရိဗိုဇ်ကို။ သာဝကာ၊ သာဝကတို့သည်။ ဝိနေတုံ၊ ဆုံးမခြင်းငှာ။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ ကုသိနာရာယံ၊ ကုသိနာရုံပြည်၌။ ပရိနိဗ္ဗာယန္တံ ပန၊ ပရိနိဗ္ဗာန်ပြုသည် ရှိသော်ကား။ သော၊ ထိုသုဘဒ္ဒပရိဗိုဇ်သည်။ မံ၊ ငါ ဘုရားကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆိဿတိ၊ မေးလတ္တံ့။ ပဉှာဝိဿဇ္ဇနပရိယောသာနေ၊ ပြဿနာကို ဖြေဆိုသောအဆုံး၌။ သရဏေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌာယ၊ တည်၍။ မမသန္တိကေ၊ ငါဘုရား၏ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကိုလည်း ကောင်း ။

ဥပသမ္ပဒဥ္စ၊ ပဥ္စင်းအဖြစ်ကိုလည်းကောင်း။ လဘိတ္ဝာ၊ ရ၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ မယိ၊ ငါဘုရားသည်။ ဓရမာနေယေဝ၊ ထင်ရှားရှိတော်မူစဉ် ပင်လျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ ပစ္ဆိမသာဝကော၊ နောက်ဆုံးဖြစ်သော သာဝကသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ငါဘုရားသည် တစ်ပါးသော မြို့ရွာ၌ ပရိနိဗ္ဗာန်ပြုခဲ့သော် ဓာတ်တော်ဝေရာ၌ ကြီးစွာသော လုယက်ခြင်း၊ ငြင်းခုံခြင်း၊ ခိုက်ရန်သည်ဖြစ်လတ္တံ့။ သွေးသည် မြစ်ကဲ့သို့ ဖြစ်လတ္တံ့။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုရသည်ရှိသော် ဒေါနပုဏ္ဏားကြီး သည် ထိုကဲ့သို့သော ငြင်းခုံခိုက်ရန် ဖြစ်ခြင်းကို ငြိမ်းစေ၍ ဓာတ်တော်တို့ကို ခွဲဝေသောအခါ အညီအမျှ ရကြလတ္တံ့ဟု မြင်ခြင်းတစ်ပါး။ ဤအကြောင်းသုံးပါးကို မြင်တော်မူ၍ ကုသိနာရုံပြည်သို့ ကြွတော်မူသတည်း။

မြတ်စွာဘုရားသခင်သည် ရတနာညောင်စောင်းထက်၌ မြောက်သို့ ဦးခေါင်း ပြုပြီးလျှင် လက်ယာနံပါးဖြင့် စောင်း၍ လက်ယာခြေတော်၌ လက်ဝဲခြေတော်ကို ပုဆစ်ရိုးချင်း မထိစေဘဲ စဉ်းငယ်လွန်သဖြင့် တင်၍ လျောင်းစက်တော်မူသော အခါ အရှင်အာနန္ဒာသည် ဤသို့လျှောက်၏။

"ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤကုသိနာရုံပြည်သည် မကြီးမကျယ် ပြည်ငယ်တိုင်းကား ဖြစ်ပါ၍ စမ္ပါနဂိုရ်၊ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိ၊ သာကေတ၊ ကောသမ္ဗီ၊ ဗာရာဏသီ စသော တစ်ပါးသော မြို့ကြီးပြည်ကြီးတို့၌သာ ပရိနိဗ္ဗာန် ပြုတော်မူပါ၊ ထိုမြို့ကြီးပြည်ကြီးတို့၌ များစွာကုန်သော ခတ္တိယမဟာသာလ, ဗြာဟ္မဏ မဟာသာလ, ဂဟပတိ မဟာသာလ လူမျိုးတို့သည်လည်း အရှင်ဘုရား၌ အလွန်ကြည်ညိုကုန်၏။ ကြီးစွာသော ပူဇော်သက္ကာရကိုလည်း ပြုလိုကုန်၏။" ဟု နားတော်လျှောက်လေ၏။

ဘုရားကိုယ်တော်မြတ်သည် ဤသို့ မိန့်တော်မူ၏။ "အာနန္ဒာ၊ ဤကုသိနာရုံ ပြည်ကို ငယ်သည်ဟူ၍ ထင်မှတ်သလော၊ ရှေးအခါကာလ ကုသဝတီ ဟူသော အမည်ဖြင့် အရှေ့ အနောက် အလျား တစ်ဆယ့်နှစ်ယူဇနာ၊ တောင် မြောက် အနံ ခုနစ်ယူဇနာရှိခြင်း၊ ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံခြင်း၊ စည်ပင်ပွင့်လန်း ဝပြောသာယာခြင်း၊ များစွာသော လူမျိုးတို့ဖြင့် ပြွမ်းခြင်း၊ နေ့ညဥ့်မပြတ် ဆင်သံ၊ မြင်းသံ၊ မြည်သံ၊ ရထားသံ၊ စည်ကြီးသံ၊ မုရိုးစည်သံ၊ စောင်းသံ၊ ခရသင်းသံ၊ သီချင်းသံ၊ ခွက်ခွင်းသံ၊ မောင်းကြေးနင်းသံ၊ လက်ခုပ်သံ၊ အိုးစည်သံ၊ စားလှည့်-သောက်လှည့်ဟု ခေါ်သောအသံ၊ ဤဆယ်ပါးသော အသံတို့ဖြင့်

မဆိတ်ခြင်း၊ ရွှေတံတိုင်း၊ ငွေတံတိုင်း၊ ကျောက်မျက်ရွဲ တံတိုင်း၊ ဖန်တံတိုင်း၊ ပတ္တမြားနီတံတိုင်း၊ ပတ္တမြားပြောက်တံတိုင်း အလုံးစုံသော ရတနာဖြင့် ပြီးသော တံတိုင်း၊ ဤတံတိုင်း ခုနစ်ထပ်တို့ဖြင့် ရံခြင်း။ ရွှေတံခါး၊ ငွေတံခါး၊ ကျောက်မျက်ရွဲတံခါး၊ ဖန်တံခါး၊ ဤတံခါးလေးခုတို့နှင့် ပြည့်စုံခြင်း။ တံခါးတစ်ခု တစ်ခု၌ အတောင်ခြောက်ဆယ်မြင့်သော ရွှေတိုင်၊ ငွေတိုင်၊ ကျောက်မျက်ရွဲတိုင်၊ ဖန်တိုင်၊ ပတ္တမြားနီတိုင်၊ ပတ္တမြားပြောက်တိုင်၊ အလုံးစုံသော ရတနာဖြင့်ပြီးသော တိုင်၊ ဤတိုင်ခုနစ်လုံးနှင့် ပြည့်စုံခြင်း။ ရွှေထန်းပင်၊ ငွေထန်းပင်၊ ကျောက်မျက်ရွဲထန်းပင်၊ ဖန်ထန်းပင်၊ ပတ္တမြားနီထန်းပင်၊ ပတ္တမြားပြောက်ထန်းပင်၊ အလုံးစုံသော ရတနာဖြင့်ပြီးသော ထန်းပင်၊ ဤခုနစ်ပင်တို့သည် တံတိုင်း ခုနစ်ထပ်အတွင်း၌ ပေါက်ရောက်ခြင်း။ စကြာရတနာ၊ ဥပေါသထ ဆင်ရတနာ၊ ဝလာဟက မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာ၊ ဤရတနာခုနစ်ပါးတို့နှင့် ပြည့်စုံခြင်း တန်ခိုးလေးပါးနှင့် ပြည့်စုံခြင်း။

ဝိသကြုံနတ်သားသည် ဖန်ဆင်းအပ်သော ဓမ္မမည်သော ပြာသာဒ်၌ ရွှေတိုင်၊ ငွေတိုင်၊ ကျောက်မျက်ရွဲတိုင်၊ ဖန်တိုင်ဖြင့်ပြီးသော ရှစ်သောင်းလေးထောင်သော တိုင်တို့သည် ရှိကုန်၏။ အရှေ့ အနောက် အလျားတစ်ယူဇနာ၊ တောင်မြောက် အနံ ယူဇနာဝက်ရှိ၏။ ရွှေအဆင်း၊ ငွေအဆင်း၊ ကျောက်မျက်ရွဲအဆင်း၊ ဖန်အဆင်း၊ ဤအဆင်းလေးပါးရှိသော နှစ်ဆယ့်လေးခုသော စောင်းတန်းတို့သည် ရှိကုန်၏။ ရွှေပျဉ်၊ ငွေပျဉ်၊ ကျောက်မျက်ရွဲပျဉ်၊ ဖန်ပျဉ်တို့ဖြင့် ခင်းအပ်၏။ ရွှေခန်းတိုက်၊ ငွေခန်းတိုက်၊ ကျောက်မျက်ရွဲခန်းတိုက်၊ ဖန်ခန်းတိုက်အားဖြင့် ခန်းတိုက်လေးတိုက် ရှိ၏။ ငွေပလ္လင်၊ ရွှေပလ္လင်၊ ဆင်စွယ်ပလ္လင်၊ ပတ္တမြားပြောက်ပလ္လင်အားဖြင့် ပလ္လင်လေးမျိုးရှိ၏။

ဓမ္မပြာသာဒ် အရှေ့မျက်နှာမှ ဓမ္မမည်သော ရေကန်လည်း ရှိ၏။ အလျားအနံ ဓမ္မပြာသာဒ်နှင့်တူ၏။ ရွှေအုတ်၊ ငွေအုတ်၊ ကျောက်မျက်ရွဲအုတ်၊ ဖန်အုတ်တို့ဖြင့် စီကုန်၏။ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ကျောက်မျက်ရွဲစောင်းတန်း၊ ဖန်စောင်းတန်းအားဖြင့် စောင်းတန်းလေ့ကားတို့သည် ရှိကုန်၏။

အာနန္ဒာ၊ ဤကုသိနာရုံပြည်သည် ဤအခါ ကုသဝတီဟူသော အမည်ဖြင့် စည်ပင်ပြန့်ပြော အံ့သြစရာ မဟာရာဇဌာနီ မင်းနေပြည်တော်ကြီး ဖြစ်ဖူးသည်” ဟု အကြောင်းရင်းပြ၍ သုဒဿနစက္ကဝတ္တိသုတ်ကို ဟောတော်မူ၏။

## အာမိသပူဇာကိုပယ်တော်မူခြင်း

ယင်းသို့ ရတနာညောင်စောင်းထက် လျောင်းစက်တော်မူသောအခါ အစုံသော အင်ကြင်းပင်ပျိုတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းငှာ အခါမဲ့ အပွင့်အငုံတို့ဖြင့် ဆင့်ကာ ဆင့်ကာ ပင်လုံးကျွတ်ပွင့်၍ ကြဲဖြန့်ကုန်၏။ ထိုဥယျာဉ်၌ရှိသော အလုံးစုံသော သစ်ပင်မှစ၍ တစ်သောင်းသော စကြဝဠာတိုက်၌ ရှိကုန်သော အလုံးစုံသော သစ်ပင်တို့သည် ပင်လုံးကျွတ်ပွင့်၍ သီး၍ ပူဇော်ကြကုန်၏။ ကောင်းကင်၊ မြစ်၊ သမုဒ္ဒရာ၊ ဟိမဝန္တာတောင် စသည်တို့၌ ရှိကုန်သော သစ်ပင်တို့သည်လည်း အမျိုးမျိုးသော ပန်း,သစ်သီးတို့ဖြင့် ပွင့်၍ သီး၍ ပူဇော်ကြကုန်၏။ နတ်တို့သည်လည်း နတ်၌ဖြစ်သော ထင်ရှားပန်း၊ မဟာလှေကားပန်း၊ ပင်လယ်ကသစ်ပန်း၊ မန္ဒာဝရပန်း၊ စန္ဒကူးမှုန့် အထုံအခိုး အမွှေးမျိုးတို့ဖြင့် ကြဲဖြန့်၍ ပူဇော်ကြကုန်၏။ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ အသူရာတို့သည်လည်း အကျော်ကရမက်၊ စန္ဒကူးနံ့သာ၊ ရတနာပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်၍ ပူဇော်ကြကုန်၏။

နတ်၌ဖြစ်သော စည်၊ စောင်း၊ ငြင်း၊ ခွက်ခွင်း၊ ပတ်သာ၊ ခရာ စသော တူရိယာတို့နှင့် သီခြား၊ တီးမှုတ်ခြင်းတို့ဖြင့် ကောင်းကင်က ပူဇော်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် အင်ကြင်းပင်စုံအကြား၌ လက်ယာနံပါးဖြင့် လျောင်းတော်မူ၍ ပရိနိဗ္ဗာန် စံယူတော်မူခါနီးတွင် ဤမြေအပြင်မှ စ၍ စကြဝဠာတံတိုင်းနှင့်အမျှ ဗြဟ္မာဘုံရပ် ထုတ်ချင်းခတ်အောင်၊ လောကဓာတ် တစ်သောင်းမှ ညွတ်ပြောင်းကော်ရော် ပူဇော်အံ့သောငှာ ရောက်လာကြကုန်သော နတ်၊ ဗြဟ္မာအပေါင်းတို့ သာဓုကီဠနသဘင် စီရင်ကျင်းပလျက် အားထုတ်ကြသောအရာများစွာသော ပူဇော်သက္ကာရကို မြင်တော်မူလျှင် အရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူ၏။

"အာနန္ဒာ၊ အထူးထူးသော ဤမျှလောက် အတိုင်းအရှည်ရှိသော ပူဇော်ခြင်းတို့ဖြင့် ငါဘုရားအား ပူဇော်ကြကုန်၏။ ဤသို့ ပူဇော်ခြင်း ပူဇော်ကာမျှဖြင့် ငါဘုရားကို ရိုသေလေးမြတ်သည် မမည်သေး၊ မြတ်နိုးသည် မမည်သေး၊ ပူဇော်ချီးမြှင့်သည် မမည်သေး၊ ရိုသေးကိုင်းညွတ် ဆည်းကပ်သည် မမည်သေး၊ လောကုတ္တရာတရား အားလျော်သောအမှုကို ပြုသည် မမည်သေး။

"အာနန္ဒာ၊ အကြင် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမသည်လည်းကောင်း၊ အကြင် သီတင်းသည် ယောကျ်ား၊ သီတင်းသည် မိန်းမသည်လည်းကောင်း၊

ပညတ်တော်မူအပ်သော စာရိတ္တသီလ၊ ဝါရိတ္တသီလတို့ကို ရိုသေစွာ ကျင့်ဆောင်ကုန်၏။ ဓမ္မာနုဓမ္မ ပဋိပတ်ဟု ဆိုအပ်သော လောကုတ္တရာတရား အားလျော်သော ရှေးအဖို့၌ဖြစ်သော အကျင့်ကို ကျင့်ဆောင်သည်ဖြစ်၍ နေ၏။ ရိုသေစွာ ကျင့်သည်ဖြစ်၍ နေ၏။ ပြည့်စုံစေသည်ဖြစ်၍ နေ၏။ ထိုသို့နေသော ပုဂ္ဂိုလ်သည်သာလျှင် မြတ်သော ပူဇော်ခြင်းဖြင့် ငါဘုရားကို ရိုသေလေးမြတ်သည် မည်၏။ မြတ်နိုးသည် မည်၏။ ရှိခိုးပူဇော်သည် မည်၏။ အရိုအသေ ခစားဆည်းကပ်သည် မည်၏။

ထို့ကြောင့် ငါဘုရားသာသနာတော်၌ ချမ်းသာကို အလိုရှိကုန်သော သူတို့သည် လောကုတ္တရာတရား၏ ရှေးအဖို့၌ဖြစ်သော ကျင့်ဝတ်ပဋိပတ်ကိုသာ ရိုသေစွာ ကျင့်သုံးရာ၏" ဟု မိန့်တော်မူ၏။

> ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပဋိပ္ပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံ ကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ။ တသ္မာ တိဟာနန္ဒ ဓမ္မာနုဓမ္မပဋိပ္ပန္နာ ဝိဟရိဿာမ သာမီစိပ္ပဋိပန္နာ အနုဓမ္မစာရိနောတိ။ ဧဝဉှိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗန္တိ။
>
> (ဒီ-၂။ ၁၁၄။)

အာနန္ဒ၊ အာနန္ဒာ။ ယောဘိက္ခုဝါ၊ အကြင်ရဟန်းယောကျ်ားသည်လည်းကောင်း။ ယာဘိက္ခုနီဝါ၊ အကြင်ရဟန်းမိန်းမသည်လည်းကောင်း။ ယော ဥပါသကောဝါ၊ အကြင် သီတင်းသည် ယောကျ်ားသည်လည်းကောင်း။ ယာ ဥပါသိကာဝါ၊ အကြင်သီတင်းသည် မိန်းမသည်လည်းကောင်း။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ လောကုတ္တရာတရားအားလျော်သော ရှေးအဖို့၌ဖြစ်သော အကျင့်ကို ကျင့်၍။ (ဝါ) ငါဘုရားသည် ဟောတော်မူအပ်သော တရားတည်းဟူသော အဆုံးအမသို့ အစဉ်လိုက်လျက် ကျင့်သည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သာမီစိပ္ပဋိပန္နော၊ လောကုတ္တရာတရားအားလျော်သော ရှေးအဖို့၌ ဖြစ်သော အကျင့်ကို ရိုသေစွာ ကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အနုဓမ္မစာရီ၊ လောကုတ္တရာ တရားအားလျော်သော ရှေးအဖို့၌ဖြစ်သော အကျင့်ကို ပြည့်စုံစေသည်ဖြစ်၍။ (ဝါ) အစဉ်လိုက်၍ တရားနှင့်ညီစွာ ကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ (ဝါ) ငါဘုရား ဆုံးမတော်မူတိုင်း ရိုသေစွာ ကျင့်သောသူသည်။ ပရမာယ၊

မြတ်သော။ ပူဇာယ၊ ပူဇော်ခြင်းဖြင့်။ တထာဂတံ၊ ငါဘုရားကို။ သက္ကရောတိ။ အရိအသေပြုသည် မည်၏။ ဂရုံ ကရောတိ၊ အလေးအမြတ်ပြုသည် မည်၏။ မာနေတိ၊ မြတ်နိုးသည် မည်၏။ ပူဇေတိ၊ ပူဇော်သည် မည်၏။ အပစိယတိ၊ အရိအသေ ခစားဆည်းကပ်သည် မည်၏။ တသ္မာ၊ ထို့ကြောင့်။ အာနန္ဒ၊ အာနန္ဒာ။ ဣဟ၊ ဤငါဘုရား သာသနာတော်၌။ မယံ၊ ငါတို့သည်။ ဓမ္မာနုဓမ္မ–ပ္ပဋိပန္နော၊ လောကုတ္တရာတရား အားလျော်သော ရှေးအဖို့၌ဖြစ်သော အကျင့်ကို ကျင့်ကုန်သည်ဖြစ်၍။ ဝိဟရိဿာမ၊ နေကုန်အံ့။ သာမီစိပ္ပဋိပန္နော၊ လောကုတ္တရာ တရားအားလျော်သော ရှေးအဖို့၌ ဖြစ်သော အကျင့်ကို ရိုသေစွာ ကျင့်ကုန်သည် ဖြစ်၍။ ဝိဟရိဿာမ၊ နေကုန်အံ့။ အနုဓမ္မစာရိနော၊ လောကုတ္တရာတရားအားလျော် သော ရှေးအဖို့၌ ဖြစ်သော အကျင့်ကို ပြည့်စုံစေသည် ဖြစ်၍။ ဝိဟရိဿာမ၊ နေကုန်အံ့။ ဧဝဉှိ ဇဝံဟိ၊ ဤသို့ နှလုံးပြုသည်ဖြစ်၍သာလျှင်။ အာနန္ဒ၊ အာနန္ဒာ။ ဝေါ တုမှေဟိ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဘယ်ကြောင့် မြတ်စွာဘုရားသည် တစ်ပါးသောအရာတို့၌ ရတနာသုံးပါး တို့၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်အောက်မေ့၍ အောက်မဲညိုပွင့် တစ်ပွင့်မျှကို လှူဒါန်းပူဇော်ရခြင်း၌ အပ္ပမေယျ မပိုင်းခြား မရေတွက်နိုင်သောအကျိုးကို နောက်က ဟောတော်မူလျက်နှင့် ယခု ပရိနိဗ္ဗာန်ပြုခါနီးမှ များစွာသော သာမိသပူဇာကို ဘယ်ကြောင့်ပယ်တော်မူလေသနည်း။

ပရိသတ်လေးပါးကို ချီးမြှင့်လို၍လည်းကောင်း၊ သာသနာတော်၏ ရှည်မြင့် စွာ တည်စေလိုသောကြောင့်လည်းကောင်း ပယ်တော်မူသည်။

အကယ်၍ ဤအာမိသပူဇာကို ပယ်တော်မမူခဲ့သော် နောက်သားနောင်လာ နောင်အခါ၌ သတ္တဝါတို့သည် စာရိတ္တသီလ၊ ဝါရိတ္တသီလအရာ၌ သီလကို ပြည့်စုံ စေခြင်း၊ သမာဓိအရာ၌ သမာဓိကို ဖြစ်စေခြင်း၊ ဝိပဿနာအရာ၌ ဝိပဿနာကို ပွားများခြင်း၊ ဝီရိယမှ ယုတ်လျော့၍ အားမထုတ်ကြဘဲ ကိုယ်ကျင့်ကိုယ်ကြံနည်း၍ လုပ်ကျွေးခြင်း၊ အာမိသပူဇာဟု ဆိုအပ်သော ဆွမ်းအလှူ၊ သင်္ကန်းအလှူ၊ ကျောင်း အလှူ၊ ဆေးအလှူ စသည်ကိုသာ တိုင်ပင်ညီညွတ် လုပ်ကျွေး လှူဒါန်း ပေးကမ်းခြင်း ကိုသာ အားထုတ်၍ များစွာပြုကြကုန်လတ္တံ့။ ဤအာမိသပူဇာသည် သာသနာတော် ကို တစ်နေ့တစ်ရက်မျှလည်းကောင်း ယာဂုတစ်ရှုတ် တစ်ကြိုက်သောက် ကာလ မျှလည်းကောင်း တည်စိမ့်သောငှာ မတတ်နိုင်။ အကြင်သူသည် အာမိသပူဇာကို ပြုသည်ဖြစ်အံ့၊ ထိုပြုသောသူသားသာလျှင် အကျိုးရှိ၏။

ကောင်းသော ကျင့်ဝတ်သိက္ခာပုဒ်နှင့် ပြည့်စုံခြင်းသည် မြတ်စွာဘုရားအား လျော်ကပ်သော ပူဇော်ခြင်းမည်၏။ ထိုပူဇော်ခြင်းသည် အကျိုးစီးပွားဖြင့်လည်း များ၏။ သာသနာတော်ကိုလည်း တည်စိမ့်သောငှာ အားထုတ်သည် မည်၏။ ထို့ကြောင့် ကောင်းသော ကျင့်ဝတ်သိက္ခာပုဒ်ကို လွန်စွာ အားထုတ်စိမ့်သောငှာ နောင်လာနောက်သားတို့သည် မဂ်ဖိုလ် နိဗ္ဗာန်တရားကို နီးစိမ့်သောငှာ အာမိသ–ပူဇာကို ပယ်ခွာ၍ လောကုတ္တရာတရား ကိုးပါး အားလျော်သော ရှေးအဖို့၌ ဖြစ်သော အကျင့်ဟု ဆိုအပ်သော ဓမ္မပူဇာကို မိန့်တော်မူသတည်း။

## အရှင်ဥပဝါဏနှင့်နတ်ဗြဟ္မာများ

မြတ်စွာဘုရားသခင်သည် ရှေ့တော်၌ ယပ်ခတ်၍ နေသော အရှင်ဥပဝါဏကို "အပေဟိ၊ ထ၍ သွားဦးလော့။ ငါ၏ရှေ့တော်၌ မနေလင့်" ဟု မိန့်တော်မူသောအခါ အရှင်ဥပဝါဏသည် တစ်ခွန်းတည်းသော စကားဖြင့် ယပ်ကို ချ၍ ထသွားပြီးလျှင် လျော်ကပ်ရာအရပ်၌ နေလေ၏။

အရှင်အာနန္ဒာသည် "အရှင်ဥပဝါဏကို အဘယ်ကြောင့် ပယ်ရှားတော်မူပါသနည်း" ဟု နားတော်လျှောက်သောအခါ မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။

"အာနန္ဒာ၊ ရှင်ဥပဝါဏ၌ အပြစ်ရှိ၍ ပယ်ရှားသည် မဟုတ်၊ ယေဘုယျအားဖြင့် တစ်သောင်းသော လောကဓာတ်မှ ငါဘုရား၏ မျက်နှာတော်ကို ဖူးမြင်ခြင်းငှာ စည်းဝေးလာကုန်သော နတ်၊ ဗြဟ္မာအပေါင်းတို့သည် ဤ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်မှစ၍ ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာ ရှိသော အရပ်၏အတွင်း၌ ပြကတေ့သော ကိုယ်ဖြင့် နေခြင်းငှာ မဆံ့ရကား သားမြီးတစ်မျှင်ဖျားမျှသော အရပ်၌ သိမ်မွေ့နူးညံ့လှစွာသော ကိုယ်ကို ဖန်ဆင်း၍ တစ်ကျိပ် တစ်ကျိပ်သော နတ်တို့သည် နေကြကုန်၏။ ထိုနတ်တို့၏ နောက်၌ သားမြီးတစ်မျှင်ဖျားမျှသော အရပ်၌ နှစ်ကျိပ် နှစ်ကျိပ်သော နတ်တို့သည် နေကြကုန်၏။ ထိုနတ်တို့၏ နောက်၌ သားမြီး တစ်မျှင်ဖျားမျှသော အရပ်၌ သုံးကျိပ် သုံးကျိပ်သော နတ်တို့သည် နေကြကုန်၏။ ထိုနတ်တို့၏ နောက်၌ သားမြီး တစ်မျှင်ဖျားမျှသောအရပ်၌ လေးကျိပ်လေးကျိပ်သော နတ်တို့သည် နေကြကုန်၏။"

"ထိုနတ်တို့၏နောက်၌ ၎င်းအရပ်၌ ခြောက်ကျိပ် ခြောက်ကျိပ်သော နတ်တို့သည် နေကြကုန်၏။ ဤသို့ ကြပ်ငြားသော်လည်း အချင်းချင်း လက်,ခြေ

ဖြင့်လည်းကောင်း၊ ပုဆိုးတန်ဆာဖြင့်လည်းကောင်း တစ်ယောက်နှင့်တစ်ယောက် ထိခိုက်ခြင်း မရှိကြကုန်။ ပကတိသော သဘောဖြင့်သာလျှင် နေကြကုန်၏။"

မြက်နွယ်,သစ်ပင်,ကောင်းကင်မှ မလပ်ရအောင် အထပ်ထပ် စည်းဝေး၍ နေကြကုန်သော နတ်တို့သည် ရှင်ဥပဝါဏကို ဤသို့ ကဲ့ရဲ့ငြူစူကြကုန်၏။ "ငါတို့ကား ရှေ့က နေ၍ ဖူးမြင်ခြင်းငှာ လာကြကုန်သည်။ ဆင်ဖြူလောက် ကြီးသော ကိုယ်ရှိသော ကြီးသော တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော ရဟန္တာအရှင် ဥပဝါဏသည် ဘုရားရှေ့တော်က ပိတ်ပင်ဆီးတား၍ နေခြင်းကြောင့် မြတ်စွာ ဘုရား မျက်နှာတော်ကို ငါတို့ မဖူးမမြင်ရ" ဟု များစွာသော နတ်တို့သည် ကဲ့ရဲ့စူငြူကြကုန်၏။

ထိုနတ်တို့၏ မျက်စိသည် ပုထုဇဉ်တို့၏ ကိုယ်ကိုသာ ဖောက်ထွင်း၍ မြင်နိုင်ကုန်သည်။ ရဟန္တာတို့၏ ကိုယ်ကို ဖောက်ထွင်း၍ မမြင်နိုင်ကုန်။ ထို့ကြောင့် ထိုနတ်တို့၏ ကဲ့ရဲ့ငြူစူခြင်းမှ ကင်းစိမ့်သောငှာ "ငါဘုရားသည် ဥပဝါဏကို အရပ်တစ်ပါးသို့ ထသွားဦးလော့ဟု ဆိုတော်မူသတည်း" ဟု အာနန္ဒာကို ဤသို့ မိန့်တော်မူ၏။

"အာနန္ဒာ၊ ဤတစ်ဆယ့်နှစ်ယူဇနာအရပ်၌ အထပ်ထပ် နေကြကုန်သော နတ်၊ ဖြဟ္မာအပေါင်းတို့တွင် အချို့ကား ဦးခေါင်း၌ ဆံပင်ကို ဖရိုဖရဲ ကြဲပြီးလျှင် ခြေပစ်လက်ပစ် ထိုမှ ဤမှ လူးလဲ၍ ဤသို့ မြည်တမ်းကြကုန်၏။

ကောင်းသော တရားစကားကို ဟောကြားတော်မူပေသော မြတ်စွာဘုရား သည် ပရိနိဗ္ဗာန်ပြုလတ္တံ့၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုလတ္တံ့ဟု မြည်တမ်းငိုကြွေးကြကုန်၏။ အချို့ကား သင်္ခါရ သဘောတရားကို နှလုံးသွင်း၍ နေကြကုန်သည်" ဟု မိန့်တော်မူ၏။

## သံဝေဂယူရန်အရပ်လေးပါး

ထို့နောက် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏။ "အရှင်ဘုရား၊ ရှေးအခါကဲ့သို့ အရပ်လေးမျက်နှာ၌ ဝါကျွတ်ကုန်သော ရဟန်း တို့သည် ဖူးမြင်အံ့သောငှာ အရှင်ဘုရားထံသို့ လာကြကုန်လတ္တံ့၊ ယခုမူကား ဖူးမြင်ခွင့် ဆည်းကပ်ခွင့်ကို မရကြကုန်လတ္တံ့" ဟု လျှောက်သည်ရှိသော် မြတ်စွာ ဘုရား သခင်သည် ဤသို့ မိန့်တော်မူ၏။

20
B

"အာနန္ဒာ၊ သဒ္ဓါခြင်းရှိသော အမျိုးသားတို့အား ဖူးမြင်ရာ သံဝေဂ ရရာအရပ်သည်ကား လေးပါးရှိ၏။ လေးပါးဟူသော်ကား 'ဖွားမြင်ရာအရပ်'၊ 'ဘုရားဖြစ်တော်မူရာအရပ်'၊ 'ဓမ္မစကြာတရားကို ဟောတော်မူရာအရပ်'၊ 'ပရိနိဗ္ဗာန် ပြုတော်မူရာအရပ်'၊ ဤလေးပါးသော အရပ်တို့သည် သဒ္ဓါခြင်းရှိသော ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမဖြစ်သော အမျိုးသားတို့အား ဖူးမြင်ရာ သံဝေဂရရာအရပ်တည်း" ဟု မိန့်တော်မူ၏။

## မာတုဂါမများနှင့်ပတ်သက်၍သတိပြုရန်အချက်

အရှင်ဘုရား၊ အကျွန်ုပ်ထံသို့ မာတုဂါမတို့ ဆည်းကပ်လာသည်ရှိသော် အဘယ်သို့ ကျင့်ရပါအံ့နည်းဟု လျှောက်၏။ အာနန္ဒာ၊ တိုက်တံခါးလုံခြုံရာအရပ်၌ မမြင်အောင်နေရာ၏။ အရှင်ဘုရား၊ မြင်ပြန်ခဲ့သော် အဘယ်သို့ ကျင့်အပ်ပါသနည်း ဟု လျှောက်ပြန်၏။ အာနန္ဒာ၊ စကားမပြောအပ်ဟု မိန့်တော်မူ၏။ အရှင်ဘုရား၊ ကျောင်းသို့လာ၍ ပြဿနာမေးငြားအံ့၊ သီလတောင်းငြားအံ့၊ တရားဟောတော် မူပါဟု တောင်းပန်ငြားအံ့၊ အမှုကိစ္စကို ဆောင်ရွက်လာငြားအံ့၊ ထိုအခါ စကား မပြော ဆိတ်ဆိတ်နေခဲ့သော် ဆွံ့သည်၊ အ,သည်၊ နားပင်းသည်၊ လောကအရာ မလိမ္မာသည်၊ ပညာမရှိသည်ဟု ဆိုမည်ကြောင့် စကားပြောခဲ့သော် အဘယ်သို့ နှလုံးထားအပ်ပါသနည်းဟု လျှောက်ပြန်၏။ အာနန္ဒာ၊ အမိ လောက်ရှိသော သူကို အမိဟူသော စိတ်၊ နှမလောက်ရှိသော သူကို နှမဟူသော စိတ်၊ သမီး လောက် ရှိသော သူကို သမီးဟူသော စိတ်နှလုံးကို ထား၍ သတိပညာကို ဖြစ်စေ၍ ဟောပြောရမည်ဟု မိန့်တော်မူ၏။

## စကြဝတေးမင်းအလောင်းကဲ့သို့ သင်္ဂြိုဟ်ရန်နှင့် စေတီလေးပါးအကြောင်း မိန့်တော်မူခြင်း

ထို့နောက် အရှင်အာနန္ဒာသည် ဤသို့လျှောက်ပြန်၏။ ဘုန်းတော်ကြီး သော အရှင်ဘုရား၊ အရှင်ဘုရား ပရိနိဗ္ဗာန်ပြုခဲ့သော် အလောင်းတော်ကို ဘယ်သို့ပြုရပါအံ့ နည်းဟု လျှောက်ပြန်သောအခါ အာနန္ဒာ၊ ငါဘုရား၏ အလောင်းတော်ကို ပူဇော် သက္ကာရ ရှာပနကိစ္စ၌ သင်တို့သည် မကြောင့်ကြနှင့်၊ ကြောင့်ကြမဲ့သာနေကြ ကုန်လော့။ အာနန္ဒာ၊ သင်တို့သည် မိမိတို့၏ အစီးအပွားဖြစ်သော မြတ်သောတရား

ဌ်သော မမေ့မလျော့ ခြိုးခြံသော လုံ့လရှိကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့ညွတ်သော စိတ် ရှိကုန်သည်ဖြစ်၍ နေကြကုန်လော့။

အာနန္ဒာ၊ ငါဘုရား၏အလောင်းတော်ကို ရတနာသုံးပါးသို့ ကြည်ညိုကုန်သော မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ပညာရှိသော ဒါယကာတို့သည် ရှိကုန်၏။ ထိုသူတို့သည် ပူဇော်သက္ကာရကို ပြုကြကုန်လတ္တံ့။

အာနန္ဒာ၊ စကြဝတေးမင်း၏ အလောင်းကို အစာမကြေသော ကောင်းသော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးတို့ဖြင့် ရစ်ပတ်ကုန်၏။ ၎င်းပုဆိုးပေါ်၌ ညက်စွာ ဖတ်အပ်သော ဝါဂွမ်းတို့ဖြင့် ရစ်ပတ်ပြန်၏။ ၎င်းဝါဂွမ်းပုဆိုးပေါ်၌ အစာ ပကြေသော ပုဆိုးတစ်ထပ် ရစ်ပတ်ပြန်၏။ ဤသို့သော နည်းဖြင့် ငါးရာကုန်သော ပုဆိုးအစုံတို့ဖြင့် ရစ်ပတ်ပြီးသော် ရွှေတလားသို့ သွင်း၍ တစ်ခုသော တလားဖုံးဖြင့် မှောက်၍ နံ့သာထင်းပုံထက်သို့ တင်ပြီးလျှင် မီးသဂြိုဟ်ကြကုန်၏။ ၎င်းစကြဝတေးမင်း၏အရိုးတို့ကို ခရီးလေးဆုံ၌ စေတီတည်၍ ကိုးကွယ်ကြကုန်၏။ အာနန္ဒာ၊ ငါဘုရား၏ အလောင်းတော်ကိုလည်း ထို့အတူ သဂြိုဟ်ရမည်ဟု မိန့်တော်မူ၏။

အာနန္ဒာ၊ စေတီတည်၍ ကိုးကွယ်ထိုက်သော အရိုးတို့သည်ကား ငါဘုရား၏ အရိုးဓာတ်လည်း တစ်ပါး၊ ပစ္စေကဗုဒ္ဓါ၏ အရိုးဓာတ်လည်း တစ်ပါး၊ ရဟန္တာတို့၏ အရိုးဓာတ်လည်း တစ်ပါး၊ စကြဝတေးမင်း၏ အရိုးဓာတ်လည်း တစ်ပါးဖြစ်၏။

ဤလေးပါးသော ထုပါရဟ (စေတီတည်ထိုက်သော ပုဂ္ဂိုလ်လေးမျိုး) ကို မိန့်တော်မူပြီးသော် ဖလသမာပတ်ချမ်းသာဖြင့် ဆိတ်ငြိမ်စွာ နေတော်မူ၏။

## အရှင်အာနန္ဒာငိုကြွေးခြင်းနှင့်အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးတို့ကိုပြခြင်း

ထိုအခါ အရှင်အာနန္ဒာသည် ဤသို့အကြံဖြစ်၏။ မြတ်စွာဘုရားသည် ကြားမှာ ထိုက်သမျှသော တရားစကားကို ငါ့အား အမူးထား၍ ဟောကြားပြသ ဆုံးမတော်မူခဲ့ပြီ။ ယနေ့ညပင် ကိုယ်တော်ရှင်လည်း ဧကန် နိဗ္ဗာန်စံချေတော့ မည်။ နက်ဖြန်နံနက် အရုဏ်တက်လျှင် သွန်သင်ပြသဆုံးမပေးသောအသံ ဆိတ်ချေ တော့မည်။ နောင်တော်ဘုရားနှင့် ကွဲပြားရချေတော့မည်ဟု ကြံအောက်မေ့လျက် ဆွေးမြည့်သော နှလုံးဖြင့် ယူကျုံးမရဖြစ်သောအခါ မြတ်စွာဘုရားအနီးမှ ခွာ၍ မလ္လာမင်းတို့၏ တည်းခိုရာဖြစ်သော ဝေးသော မင်းကွန်းဇရပ်သို့ သွား၍ အတွင်းသို့ ဝင်ပြီးလျှင် တံခါးရွက် မျောက်လက်ကို ကိုင်၍ မတ်တတ်ရပ်လျက် ဤသို့ တ,သ၍ ငိုကြွေး၏။

ငါသည် သောတာပန် သေက္ခသာ ဖြစ်သေးသည်။ အထက်မဂ် သုံးပါး အလို့ငှာ အားထုတ်ရန်ကိစ္စ ရှိချေပေသေးသည်။ ၎င်းကိစ္စနည်းနာနယကို ဘယ်သူ လာ၍ မိုက်မေးထုလှသော ငါ့အား သွန်သင်ပြသပါအံ့နည်း။ ငါ့ကို အဖန်တလဲလဲ ဆုံးမပဲ့ပြင် ကောင်း မကောင်းကို သွန်သင်ပေသော နောင်တော်ဘုရားသည် ငါ့ကို ထားခဲ့၍ တစ်ပါးနိဗ္ဗာန် ဧကန်မချွတ် သံသရာဝဋ်မှ ကင်းလွတ်ရာ အနုပါဒိသေသ နိဗ္ဗာန် ယနေ့ညပင် စံချေတော့မည်။ နက်ဖြန်နံနက် အရုဏ်တက်လျှင် ဘယ်သူ့အား မျက်သစ်တံပူ ကပ်လှူရပါအံ့နည်း၊ ဘယ်သူ၏ခြေကို ဆေးရပါအံ့နည်း၊ ဘယ်သူ၏ အိပ်ရာနေရာကို ခင်းကျင်းသုတ်သင်ရပါအံ့နည်း။ ဘယ်သူ၏ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာကို ပေးကမ်း လှမ်းယူခြင်း စသော ဝတ္တရားကို ငါပြုပါရအံ့နည်းဟု ဤသို့ စသည်ဖြင့် တ,သမြည်တမ်းကာ လွန်စွာ ငိုကြွေး၍နေ၏။

ယင်းသို့ ငိုကြွေးမြည်တမ်း၍နေသော ညီတော်အာနန္ဒာကို မြင်တော်မူလျှင် ခေါ်တော်မူ၍ အနီးသို့ရောက်သောအခါ ညီတော်အာနန္ဒာအား ဤသို့ မိန့်တော်မူ၏။

အလံ အာနန္ဒ မာ သောစိ မာ ပရိဒေဝိ၊ နနု ဧတံ အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ သဗ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ' တံ ကုတေတ္ထ အာနန္ဒ လဗ္ဘာ ယံ တံ ဇမ္မဇာတံ ဘူတံ သင်္ခတံ၊ ပလောကဓမ္မံ၊ တံ ဝတ တထာဂတဿပိ သရီရံ မာပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(ဒီ–၂၊ ၁၁၉။)

အာနန္ဒ၊ အာနန္ဒာ။ အလံ၊ မသင့်။ မာသောစိ၊ မစိုးရိမ်လင့်။ မာပရိဒေဝိ၊ မငို ကြွေးလင့်။ အာနန္ဒ၊ အာနန္ဒာ။ ဧတံ၊ ဤသို့သောအကြောင်းအရာကို။ မယာ၊ ငါဘုရားသည်။ ပဋိကစ္စေဝ၊ ကြိုတင်၍ပင်။ အက္ခာတံ နနု၊ ဟောထားခဲ့သည် မဟုတ်ပါလော။ သဗ္ဗေဟေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ပိယေဟိ၊ ချစ်အပ် ကုန်သော။ မနာပေဟိ၊ နှလုံးကို ပွားစေအပ်ကုန်သော။ ဉာတိအာဒီဟိ၊ ဆွေမျိုး အစရှိသည်တို့နှင့်။ နာနာဘာဝေါ၊ ပဋိသန္ဓေအားဖြင့် ထူးသော ဖြစ်ခြင်းသည် လည်းကောင်း။ (ဝါ) ရှင်သော ကွေကွင်းခြင်းသည်လည်းကောင်း။ ဝိနာဘာဝေါ၊ သေသော ကွေကွင်းခြင်းသည်လည်းကောင်း။ အညထာဘာဝေါ၊ ဘဝအားဖြင့် တစ်ပါးသောအပြားအားဖြင့် ဖြစ်ခြင်းသည်လည်းကောင်း။ (ဝါ) အပြားအားဖြင့် ကွေကွင်းခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ယံဇမ္မဇာတံ၊ အကြင်တရား

သည်။ ဓာတံ၊ ဖြစ်၏။ ဘူတံ၊ ဟုတ်မှန်၏။ သန်ံတံ၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင်ခြင်းသဘော ရှိ၏။ ပလောက ဓမ္မံ၊ ဖြစ်လျှင် ပျက်တတ်သော သဘောရှိ၏။ တံဓမ္မံ၊ ထိုဖြစ်လျှင် ပျက်တတ်သောတရားကို။ ဝတ၊ စင်စစ်။ တထာဂတဿပိ၊ ငါဘုရား၏လည်း။ သရီရံ၊ ကိုယ်တော်ကို။ မာပလုဇ္ဇိ၊ မပျက်စီးစေသတည်း။ ဣတိ၊ ဤသို့တောင့်တ ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသို့တောင့်တသည့်အတိုင်း ဖြစ်ခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။

အာနန္ဒာ၊ ငါဘုရားသည် သင်တို့အား တစ်စုံတစ်ခုသော စိုးရိမ် ပူဆွေး ငိုကြွေးမြည်တမ်းခြင်းကို မပြုကြကုန်လင့်ဟု ဟောကြားအပ်ပြီ မဟုတ်လော။ ဤသတ္တလောက၌ ဖြစ်ကြကုန်သော နတ်၊ လူ အပေါင်းတို့သည် ခင်မင်စုံမက် နှစ်သက်အပ်ကုန်သော၊ နှလုံးကို ပွားစေအပ်ကုန်သော မိဘဆွေရင်း သားချင်း မြေး တူ စသော သူတို့နှင့် အတူမနေရ၊ ဒေသတခြား လွှင့်ပါးဝေးကွာ၍ ရှင်သဖြင့် ကွေကွင်းရခြင်းတည်းဟူသော နာနာဘာဝ၊ စုတိမရဏ ကာလချိန်စေ့ တွေ့ကြုံရ၍ သေရသဖြင့် ကွေကွင်းရခြင်းတည်းဟူသော ဝိနာဘာဝ၊ ရှေးက စည်းစိမ်ရိပ်ငြိမ် ပျက်ပြားဆုံးပါးခြင်းကြောင့် ဆင်းရဲငြိုငြင် ပင်ပန်းရခြင်းတည်းဟူသော အညထာ ဘာဝ၊ ဤဒုက္ခသုံးပါးတို့ကို ခံရမြဲ, တွေ့ရမြဲ ဓမ္မတာကို အဘယ်မှာ လွတ်စဲခြင်းငှာ တတ်နိုင်ပါအံ့နည်းဟု မိန့်တော်မူ၏။

အာနန္ဒာ၊ အကြင်သတ္တဝါတို့၏ ကိုယ်ခန္ဓာသည် တဏှာဟူသော အကြောင်း တရားကြောင့် ထင်ရှားစွာ ဖြစ်တတ်၏။ ထိုဖြစ်သမျှသော သတ္တဝါ သခ်ါရတို့၏ ကိုယ်ခန္ဓာသည် ပျက်စီးမြဲဓမ္မတာသာ ဖြစ်သည်။ ထိုဓမ္မတာသဘောတရားကို တစ်စုံတစ်ယောက်သော သိကြား၊ ဗြဟ္မာနှင့်တကွ ငါဘုရားမှသော်လည်း တစ်စုံ တစ်ခုသောအကြောင်းဖြင့် မသေမကြေ မပျက်စီးရအောင် တောင့်တမြစ်တား ပယ်ရှားခြင်းငှာ မတတ်နိုင်၊ နိဗ္ဗာန်သို့ ရောက်မှသာလျှင် ပျက်စီးခြင်း ကင်းလတ္တံ့ဟု မိန့်တော်မူ၏။

အာနန္ဒာ၊ သင်သည် ငါဘုရားအား ရှည်မြင့်စွာသော ကာလပတ်လုံး မေတ္တာစိတ်၏ အစွမ်းဖြင့် မျက်သစ်တံပူ ကပ်လှူခြင်း၊ အိပ်ရာနေရာခင်းခြင်း၊ ခြေ, လက်ဆုပ်နယ်ခြင်း၊ တုပ်ဝပ်ရိုကြိုး ရှိခိုးခြင်းတည်းဟူသော မေတ္တာကာယကံ ဖြင့်လည်းကောင်း ၊ ဤနေရာ၌နေ၍ ဤဆွမ်း၊ ဤရေ စသည်တို့ကို သုံးဆောင် တော်မူပါဟု နှုတ်မြွက်ကြား၍ ဆိုခြင်းတည်းဟူသော မေတ္တာဝစီကံဖြင့်လည်း

ကောင်း၊ နောင်တော်ဘုရားသည် အနာရောဂါကင်း၍ အသက်ရှည်ပါစေသောဟု စိတ်ဖြင့် တောင့်တခြင်းတည်းဟူသော မေတ္တာမနောကံဖြင့်လည်းကောင်း၊ ငါ ဘုရားအား သင်ပြုအပ်သော မေတ္တာကံ သုံးဖြာသည် ယူဇနာတစ်သန်း နှစ်သိန်း သုံးသောင်း လေးရာ ငါးဆယ်ကျယ်သော ဤစကြဝဠာတိုက်နှင့် နှိုင်းဆသော် စကြဝဠာတိုက်သည် အလွန်ကျဉ်းလှသေး၏။ အာနန္ဒာ၊ သင်၏ မေတ္တာကံ သုံးဖြာသည် အလွန်ကျယ်ဝန်းလှပေ၏။

အာနန္ဒာ၊ သင်သည် ဖြည့်အပ်ပြီးသော ပါရမီကောင်းမှု ရှိသူတည်း။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းကိုသာ လုံ့လပြုလော့၊ မကြာမြင့်မီ နောက်လေးလမြောက် လျှင် သင် စီးဖြန်းသော ဘာဝနာကြောင့် အာသဝေါတရား လေးပါး ကင်းကွာ၍ ရဟန္တာဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသခင်သည် အာနန္ဒာ၏ ဂုဏ်ကျေးဇူးစကားကို ထုတ်ဖော်၍ ဟောတော်မူခြင်းငှာ– ရဟန်းတို့၊ ငါ၏ညီတော် အာနန္ဒာသည် ပညာလည်း ကြီး၏။ လုံ့လဝီရိယလည်း ရှိ၏။ သမာဓိနှင့်လည်း ပြည့်စုံ၏။ ခန္ဓာ အာယတန ဓာတ် စသော ပရမတ္ထဓမ္မဋ္ဌလည်း လိမ္မာ၏။ ရဟန်းတို့၊ ငါ၏ညီတော် အာနန္ဒာသည် ဤအခါသည်ကား ရဟန်းယောကျာ်းတို့သည် ငါဘုရားကို ဖူးမြင် ခ,စား ဆည်းကပ်အပ်သော အချိန်အခါတည်း။ ဤအခါသည်ကား ရဟန်းမိန်းမ တို့သည် ငါဘုရားကို ဖူးမြင် ခ,စား ဆည်းကပ်အပ်သော အချိန်အခါတည်း။ ဤအခါသည်ကား ဒါယကာယောကျာ်း၊ ဒါယိကာမတို့သည် ငါဘုရားကို ဖူးမြင် ခ,စား ဆည်းကပ်အပ်သော အချိန်အခါတည်း။ ဤအခါသည်ကား မင်း၊ မင်း၏ အမတ်ပရိသတ်၊ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်၊ တိတ္ထိ၊ တိတ္ထိယသာဝက စသည် တို့သည် ငါဘုရားကို ဖူးမြင်ခ,စား ဆည်းကပ်အပ်သော အချိန်အခါတည်းဟု ပရိသတ်အားလျော်စွာ အချိန်ကာလ၌ လိမ္မာ၏၊ သိ၏ဟု မိန့်တော်မူ၏။

ရဟန်းတို့၊ ငါ၏ညီတော် အာနန္ဒာ၌ အံ့ဖွယ်လေးပါးရှိ၏။ လေးပါး ဟူသော်ကား အရှင်အာနန္ဒာ၌ ကြည်ညိုဖွယ်ရှိ၏။ အဆင်းလှ၏၊ ရှုချင်ဖွယ် ရှိ၏။ များသော အကြားအမြင်ရှိ၏။ ရဟန်းသံဃာအလယ်၌ တင့်တယ်၏ဟု အာနန္ဒာ၏ ဂုဏ်ကျေးဇူးသတင်းစကားကို ကြားဖူး၍ ရောက်လာကြကုန်သော ရဟန်းယောကျာ်းတို့သည် အာနန္ဒာကို တွေ့မြင်ရသောအခါ ကြားဖူးတိုင်း ညီညွတ် ပေ၏ဟု ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏။

အရှင်အာနန္ဒာက ငါ့ရှင်တို့၊ အနာရောဂါမရှိ၊ ပကတိချမ်းသာပါ၏လော ဟု မေးမြန်းခဲ့မူ ဝမ်းမြောက်ဝမ်းသာရှိကုန်၏။ အရှင်အာနန္ဒာက မမေးမမြန်းဘဲ ဆိတ်ဆိတ်နေခဲ့အံ့ မရောင့်ရဲသည်သာ ဖြစ်ကြကုန်၏။ (ဝါ) အဆင်းအသွင်ကို ဖူးမြင်၍လည်းကောင်း၊ တရားစကားသံကို နာခံ၍လည်းကောင်း မရောင့်ရဲနိုင်ခြင်းသည် အံ့ဖွယ်တစ်ပါး။

ရဟန်းမိန်းမတို့သည် အာနန္ဒာ၏ ဂုဏ်ကျေးဇူး သတင်းစကားကို ကြား၍ ဖူးမြင်အံ့သောငှာ ရောက်လာကြကုန်သော် အာနန္ဒာကို တွေ့မြင်ရသောအခါ ကြားဖူးတိုင်း ညီညွတ်ပေ၏ဟု ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏။ အရှင်အာနန္ဒာက နှမတို့၊ ဂရုဓံတရား ရှစ်ပါးများကို ဆောက်တည်၍ ကျင့်ကြပါကုန်၏လောဟု မေးမြန်းခဲ့မူ ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏။ အရှင်အာနန္ဒာက မမေးမမြန်းဘဲ ဆိတ်ဆိတ်နေခဲ့အံ့၊ မရောင့်ရဲသည်သာ ဖြစ်ကြကုန်၏။ (ဝါ) အဆင်းအသွင်ကို ဖူးမြင်၍လည်းကောင်း၊ တရားစကားကို နာခံ၍လည်းကောင်း၊ မရောင့်ရဲနိုင်ခြင်းသည် အံ့ဖွယ်တစ်ပါး။

အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူး သတင်းစကားကို ကြား၍ ဖူးမြင်အံ့သောငှာ ရောက်လာကြကုန်သော ဥပါသကာယောကျ်ားတို့သည် အရှင်အာနန္ဒာကို တွေ့မြင်ရသောအခါ ကြားဖူးတိုင်း ညီညွတ်ပေ၏ဟု ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။ အရှင်အာနန္ဒာက သင်တို့သည် သရဏဂုံသုံးပါး၊ ငါးပါး သီလ၊ တစ်လ လေးသီတင်း ရှစ်ပါးသီလဥပုသ်ကို စောင့်ရှောက် ဆောက်တည်ပါကုန်၏လော၊ အမိအဘ, ရဟန်း, ပုဏ္ဏားတို့အား လုပ်ကျွေးမွေးမြူကြပါကုန်၏လောဟု မေးမြန်းခဲ့မူ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။ အရှင်အာနန္ဒာက မမေးမမြန်းဘဲ ဆိတ်ဆိတ်နေခဲ့အံ့၊ မရောင့်ရဲသည်သာ ဖြစ်ကြကုန်၏။ (ဝါ) အဆင်းအသွင်ကို ဖူးမြင်၍လည်းကောင်း၊ တရား စကားသံကို နာခံ၍လည်းကောင်း၊ မရောင့်ရဲနိုင်ခြင်းသည် အံ့ဖွယ်တစ်ပါး။

အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးသတင်းစကားကို ကြား၍ ဖူးမြင်အံ့သောငှာ ရောက်လာကြကုန်သော ဥပါသိကာမိန်းမတို့သည် အရှင်အာနန္ဒာကို တွေ့မြင်ရသောအခါ ကြားဖူးတိုင်း ညီညွတ်ပေ၏ဟု ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။ အရှင်အာနန္ဒာက သင်တို့သည် သရဏဂုံ သုံးပါး၊ ငါးပါး သီလ၊ တစ်လ လေးသီတင်း ရှစ်ပါးသီလဥပုသ်ကို စောင့်ရှောက်ဆောက်တည်ကြပါကုန်၏လော၊ အမိအဘ, ရဟန်း, ပုဏ္ဏားတို့အား လုပ်ကျွေးမွေးမြူကြပါကုန်၏လောဟု မေးမြန်းခဲ့မူ ဝမ်းမြောက်ဝမ်းသာရှိကြကုန်၏။ အရှင်အာနန္ဒာက မမေးမမြန်းဘဲ ဆိတ်ဆိတ်

နေခဲ့အံ့၊ မရောင့်ရဲသည်သာ ဖြစ်ကြကုန်၏။ (ဝါ) အဆင်းအသွင်ကို ဖူးမြင်ရ၍လည်းကောင်း၊ မရောင့်ရဲနိုင်ခြင်းသည် အံ့ဖွယ်တစ်ပါး။

ရဟန်းတို့၊ အာနန္ဒာသည် ဤလေးပါးသော အံ့ဖွယ်တို့နှင့် ပြည့်စုံ၏ဟု မိန့်တော်မူ၏။

## အရှင်အာနန္ဒာကို စေလွှတ်၍ မလ္လာမင်းတို့အား အကြောင်းကြားစေခြင်း

ထို့နောက် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ အာနန္ဒာ၊ ကုသိနာရုံပြည်သို့ သွား၍ မလ္လာမင်းတို့အား အကြောင်းကြားချေ။ ငါဘုရားသခင်သည် ယနေ့ညဉ့် မိုးသောက်ယံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့၊ မြတ်စွာဘုရားသခင်ကို ဖူးမြင်ခြင်းငှာ လျင်စွာ သွားကြကုန်လော့၊ နောင်သောအခါ ငါတို့မြို့ရွာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည်ကိုမှ ငါတို့ မဖူးမြင်ရဟု နှလုံးမသာခြင်းသည် မဖြစ်ကြကုန်လင့်၊ ဖူးမြင်ခြင်းငှာလာကြကုန်လော့ဟု ပြောကြားပါချေဟူ၍ မိန့်တော်မူ၏။

မိန့်တော်မူတိုင်း အရှင်အာနန္ဒာသည် တစ်ပါးတည်း သွား၍ ကုသိနာရုံပြည်တွင်းသို့ ရောက်သောအခါ မင်းကွန်းဇရပ်၌ စည်းဝေး၍ နေကြကုန်သော မလ္လာမင်းတို့အား အရှင်အာနန္ဒာသည် ဘုရား မိန့်မှာတော်မူတိုင်း ပြောကြားပြီးသော် ပြန်လည်ခဲ့၍ ဥယျာဉ်သို့ရောက်လျှင် မြောက်ဒိုပင်ရင်း၌ ပရိဒေဝမီးတစ်ဖန်တောက်လောင်ပြန်သဖြင့် ငိုကြွေး၍ နေပြန်၏။

မြတ်စွာဘုရားလည်း ညီတော်အာနန္ဒာကို ခေါ်တော်မူ၍ ရောက်သောအခါ အာနန္ဒာ၊ ဘယ်ကြောင့် ငိုကြွေးပြန်ဘိသနည်းဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာသည် ဤသို့လျှောက်၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် နှစ်ဆယ့် ငါးဝါကာလ ပတ်လုံး အမြဲလုပ်ကျွေး၍ နေပါသော်လည်း သောတာပန် သေက္ခမျှသာ ဖြစ်ချေသေးသည်။ သူတစ်ပါးတို့မှာမူကား အဝေးအနီးမှ လာကုန်သော ပျား၊ ပိတုံးများကဲ့သို့ ကိုယ်တော်မြတ်၏ တရားတည်းဟူသော အနှစ်သာရကို လာ၍ သောက်စို့ရလေကုန်၏။ အကျွန်ုပ်မှာမူကား ကြာဖက်အောက်၌ စောင့်ဝပ်၍ နေသော ဖားသူငယ်ကဲ့သို့ ဖြစ်ချေသည်ဟု လျှောက်လေ၏။

အာနန္ဒာ၊ ငါဘုရားတစ်ဆူသာ ပရိနိဗ္ဗာန်ပြုတော်မူသေးသည်။ ငါဘုရားဟောတော်မူအပ်သော တရားတော်သည်ကား ဝိမုတ္တိရသအားဖြင့် တစ်ပါး၊ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊

အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိကုန်၏။ ထိုတရားအပေါင်းတို့သည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည်နောက် သင်မှ စ၍ ဝေနေယျသတ္တဝါတို့၏ ကိုးကွယ်မှီခိုရာ ငါဘုရားကဲ့သို့ ဟောကြား ပြသ ဆုံးမတတ်သောဆရာ ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ။

(ဒီ-၂၊ ၁၂၆-၇။)

အာနန္ဒ၊ အာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား။ ယော-ဓမ္မောစ၊ အကြင် သုတ်အဘိဓမ္မာတရားကိုလည်းကောင်း။ ယောဝိနယောစ၊ အကြင် ဝိနည်းတရားကိုလည်းကောင်း။ ဒေသိတောစ၊ ဟောလည်း ဟောတော်မူအပ်ပြီ။ ပညတ္တောစ၊ ပညတ်လည်း ပညတ်တော်မူအပ်ပြီ။ သောဓမ္မဝိနယော၊ ထိုသုတ် အဘိဓမ္မာ ဝိနည်းတရားတော်သည်။ မမ၊ ငါဘုရား၏။ အစ္စယေန၊ လွန်သဖြင့်။ ဝါ၊ ပရိနိဗ္ဗာန်ပြုတော်မူသဖြင့်။ ဝေါတုမှာကံ၊ သင်တို့၏။ သတ္ထာ၊ ဆုံးမတတ်သော ဆရာပေတည်း။

(အရှင်အာနန္ဒာသည် ဒုတိယအကြိမ် မြောက်ငိုပင်ရင်း၌ ငိုသည်မှာ ပရိနိဗ္ဗာန သုတ်ပါဠိတော်လာသော စကားမဟုတ်။ ကျပင်းတရားစာ၌ လာသော စကားဖြစ်သည်။)

အရှင်အာနန္ဒာ၏ စကားကို ကြားကြကုန်လျှင် မလ္လာမင်း၊ မလ္လာမိဖုရား၊ သားတော်၊ သမီးတော်၊ ချွေးမတော်၊ ပြည်သူပြည်သားတို့နှင့်တကွ မင်းဆွေမျိုးတို့သည် သမုဒ္ဒရာမြစ်ရိုး၌ လှိုင်းတံပိုးထသကဲ့သို့ အူသည်းပြောင်းပြန် သောင်းသောင်း ညံမျှ ငိုကြွေးကြကုန်၏။

သီသေ၊ ဦးခေါင်း၌။ ကေသေ၊ ဆံပင်တို့ကို။ ပကိရိယ၊ ဖရိုဖရဲ ကြဲဖြန့်၍လည်းကောင်း။ ဗာဟာပဂ္ဂယှ၊ လက်ကိုမြှောက်၍လည်းကောင်း။ ဝိဝဋ္ဋန္တိ၊ ထိုမှ ဤမှလူးလဲ၍လည်းကောင်း။ ကန္ဒန္တိ၊ ငိုကြွေးကြကုန်၏။ ကိံကန္ဒန္တိ၊ အဘယ်သို့ ငိုကြွေးကြကုန်သနည်းဟူမူကား။ ဘဂဝါ၊ ဘုန်းတော်တန်ခိုးတော်နှင့် ပြည့်စုံသော်မူသော မြတ်စွာဘုရား။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ လောကဟိတော၊ လောကသုံးပါး၏ စီးပွားချမ်းသာကို ရွက်ဆောင်တော်မူတတ်သော မြတ်စွာဘုရား။ ဘန္တေ ဘဂဝါ၊ အရှင်ဘုရားသည်။ အတိခိပ္ပံ၊ အလွန်

လျင်မြန်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူ လွယ်လှပါ၏တကား– ဟု နှလုံးမသာရှိကြကုန်သည်ဖြစ်၍ ကိုယ်စိတ်၏ ပင်ပန်းခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဤသို့မြည်တမ်း၍ ငိုကြွေးကြကုန်၏။

၎င်းမလ္လာမင်း၊ မလ္လာမိဖုရားတို့သည် သားသမီး ချွေးမ၊ ပြည်သူပြည်သား၊ ဆွေမျိုးများနှင့်တကွ မြတ်စွာဘုရား ရှိတော်မူရာ အင်ကြင်းဥယျာဉ်သို့ ဟောကြကုန်၍ ရောက်သောအခါ မြတ်စွာဘုရားထံသို့ ပထမ ညဉ့်ဦးယံ၌ တစ်မျိုးတစ်စုစီ ဆည်းကပ်၍ ရှိခိုးကြသောအခါ မြတ်စွာဘုရားသခင်သည် ထိုမင်းတို့အား တရားညွှန်ပြဆုံးမတော်မူ၏။

## သုဘဒ်ပရိဗိုဇ်ကိုဆုံးမကယ်ချွတ်တော်မူခြင်း

ထို့နောက် မဇ္ဈိမသန်းခေါင်ယံသို့ ရောက်သောအခါ ကုသိနာရုံပြည်၌ နေသော ဥဒိစ္စမဟာသာလ ပုဏ္ဏားမျိုးမှ အဝတ်ဖြူဝတ်သော (ဆာဝါနှင့် ဥပက တို့မှ မွေးဖွားသော သုဘဒ္ဒအမည်ရှိသော ပရိဗိုဇ်ရဟန်းဟု ဓမ္မပဒအဋ္ဌကထာ၊ တေရသကဏ် ဋီကာတို့၌ လာသည်။) သုဘဒ်ပရိဗိုဇ်ရဟန်းသည် ယနေ့ညဉ့် မိုးသောက်ယံ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု ပြောဆိုကြသော စကားကို တစ်ဆင့်ကြား၍ မြတ်စွာဘုရားရှိရာ အင်ကြင်းဥယျာဉ်သို့ လျင်စွာ လာပြီးလျှင် အရှင်အာနန္ဒာ၏ထံသွား၍ အရှင်အာနန္ဒာ၊ ငါသည် မြတ်စွာဘုရားကို ဖူးမြင်လို၍ မြတ်စွာဘုရားရှေ့တော်သို့ ဝင်ပါရစေ၊ အခွင့်ပေးပါဟု တစ်ကြိမ်၊ နှစ်ကြိမ် သုံးကြိမ်မြောက်အောင် တောင်းပန်၏။

အရှင်အာနန္ဒာသည် သုဘဒ်ပရိဗိုဇ်ရဟန်းအား ငါ့ရှင်သုဘဒ်ရဟန်းကြီး၊ သင်ရဟန်းကြီးသည် မြတ်စွာဘုရားကို ပင်ပန်းအောင်မပြုပါလင့်၊ မညှဉ်းဆဲပါလင့်၊ မြတ်စွာဘုရားသည် ပင်ပန်းတော်မူသည်ဖြစ်၍ ငါအခွင့်မပေးနိုင်ဟု သုံးကြိမ်တိုင်အောင် တားမြစ်၏။

ဤသို့ တောင်းပန် တားမြစ်သော စကားသံကို ကြားတော်မူလျှင် အာနန္ဒာ၊ သုဘဒ်ပရိဗိုဇ်ရဟန်းအား မတားမြစ်ပါလင့်၊ ငါဘုရားကို ဖူးမြင်ခြင်းငှာ တစ်စုံ တစ်ခုသော အမေးပုစ္ဆာပြဿနာကို မေးခြင်းငှာ အခွင့်ရပါစေလော့၊ သိလိုသည် ဖြစ်၍သာလျှင် မေးလတ္တံ့၊ မေးသောပြဿနာကို ငါဘုရား ဖြေတော်မူရလျှင် လျင်စွာသိလွယ်လတ္တံ့၊ ဝင်ပါစေဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် သုဘဒ်ပရိဗိုဇ်ကို မြတ်စွာဘုရားရှေ့တော်သို့ ဝင်လော့ဟု အခွင့်ပေး၏။ အခွင့်ရသောအခါ မြတ်ဘုရားထံသို့ ဝင်၍ ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤလောက၌ ဂိုဏ်းဆရာပြု၍ နေကြကုန်သော ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တ၊ နိဂဏ္ဌနာဋပုတ္တ၊ ဤခြောက်ယောက်ကုန်သော သူတို့သည် မိမိတို့ ဝန်ခံတိုင်း အလုံးစုံသော တရားကို သိကုန်သလော၊ မသိကုန်သလော၊ အချို့ကုန်သော တရားတို့ကို သိကုန်သလော၊ အချို့ကုန်သော တရားတို့ကို မသိကုန်သလော၊ ကောင်းကင်၌ ခြေရာရှိသလော၊ သာသနာပ၌ ရဟန်းသာမဏေ ရှိသလော၊ မြဲသောသင်္ခါရ တရား ရှိသလော၊ လာခြင်းကောင်းသော ဘုရားတို့သည် တဏှာ မာန ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့၌ မွေ့လျော်ကုန်သလော ဟု လျှောက်၏။

ယင်းသို့ လျှောက်သောအခါ မြတ်စွာဘုရားသခင်သည် အချင်းသုဘဒ်၊ ဤစကားကို ထားဦးလော့၊ သင်အား ငါဘုရား တရားဟောအံ့၊ နာလော့၊ ကောင်းစွာ နှလုံးပြုလော့ဟု မိန့်ဆိုတော်မူ၏။

သုဘဒ်၊ တိတ္ထိတို့သည် ကိလေသာတည်းဟူသော အညစ်အကြေးကင်း၍ သန့်ရှင်းဖြူစင်စွာသော အင်္ဂါရှစ်ပါးရှိသော မဂ်တရားကို မရ၊ မကျင့်တတ်၊ ထို့ကြောင့် တိတ္ထိတို့၏ သာသနာ၌ အရိယာမဂ်တရား၏ အကြောင်းဖြစ်သော ဝိပဿနာအစဉ်ကို ကျင့်သော ရဟန်းကိုလည်းကောင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကိုလည်းကောင်း အခါခပ်သိမ်း မရအပ်။ သုဘဒ်၊ ငါဘုရား၏ သာသနာတော်၌သာလျှင် ကိလေသာတည်းဟူသော အညစ်အကြေးကို ကင်းဝေးစေတတ်သော အဋ္ဌင်္ဂိကမဂ္ဂပဋိပတ်ကို ရအပ်သည်ဖြစ်သောကြောင့် စွန့်ပစ်အပ်သော တရားကို စွန့်ပစ် ပယ်ခွာလျက် သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ် ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့ကို ကောင်းစွာ ရအပ်၏။

သုဘဒ်၊ ထိုတိတ္ထိတို့၏ သာသနာ၌ မဂ်လေးပါးအလို့ငှာ ကျင့်သော အားထုတ်အပ်သော ဝိပဿနာရှိသော၊ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် လေးယောက်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်အားဖြင့် တစ်ကျိပ် နှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့မှ ဆိတ်၏။

သုဘဒ်၊ ဤရဟန်းအပေါင်းသည် ကောင်းစွာကျင့်၍ နေကုန်သည်ဖြစ်အံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်သည် ဖြစ်ရာ၏ဟု ဟောတော်မူ၏။

ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ န ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ။ ယသ္မိံ စ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော ဥပလဗ္ဘတိ။ ဣမသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌဂကော မဂ္ဂေါ ဥပလဗ္ဘတိ၊ ဣဓေဝ သုဘဒ္ဒ သမိဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော၊ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ။ ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။

(ဒီ-၂၊ ၁၂၄-၅။)

သုဘဒ္ဒ၊ သုဘဒ်။ ယသ္မိံ ဓမ္မဝိနယေ၊ အကြင်တိတ္ထိတို့၏သာသနာ၌။ အရိယော၊ ကိလေသာတည်းဟူသော အပြစ်ကင်းသော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါရှိသော။ မဂ္ဂေါ၊ မဂ်ကို။ နဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုရှစ်ပါးသော အင်္ဂါရှိသော မဂ်ကို မရအပ်သော တိတ္ထိတို့၏ သာသနာ၌။ သမဏောပိ၊ သောတာပန်ဖြစ်သော ရဟန်းကိုလည်း။ နဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုသောတာပန်ဖြစ်သော ရဟန်းကို မရသော သာသနာ၌။ ဒုတိယော၊ နှစ်ခုမြောက်သော။ သမဏောပိ၊ သကဒါဂါမ်ရဟန်းကိုလည်း။ နဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုသကဒါဂါမ်ဖြစ်သော ရဟန်းကို မရသော သာသနာ၌။ တတိယော၊ သုံးခုမြောက်ဖြစ်သော။ သမဏောပိ၊ အနာဂါမ်ဖြစ်သော ရဟန်းကိုလည်း။ နဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုအနာဂါမ်ဖြစ်သော ရဟန်းကို မရသော သာသနာ၌။ စတုတ္ထော၊ လေးခုမြောက်ဖြစ်သော။ သမဏောပိ၊ ရဟန္တာဖြစ်သော ရဟန်းကိုလည်း။ နဥပလဗ္ဘတိ၊ မရအပ်။ သုဘဒ္ဒ၊ သုဘဒ်။ ယသ္မိံ ဓမ္မဝိနယေ၊ အကြင်ဘုရားသာသနာ၌။ အရိယော၊ ကိလေသာတည်းဟူသော အပြစ်ကင်းသော။ အဋ္ဌဂကော၊ ရှစ်ပါးသော အင်္ဂါရှိသော။ မဂ္ဂေါ၊ မဂ်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏။

တတ္ထ၊ ထိုရှစ်ပါးသော အင်္ဂါရှိသော မဂ်ကို ရအပ်သော ငါဘုရား သာသနာတော်၌။ သမဏောပိ၊ သောတာပန်ဖြစ်သော ရဟန်းကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်၏။ တတ္ထ၊ ထိုသောတာပန်ဖြစ်သော ရဟန်းကို ရသော ငါဘုရား သာသနာတော်၌။ ဒုတိယော၊ နှစ်ခုမြောက်သော။ သမဏောပိ၊ သကဒါဂါမ် ရဟန်းကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်၏။ တတ္ထ၊ ထိုသကဒါဂါမ်ဖြစ်သော ရဟန်းကို ရသော ငါဘုရား သာသနာတော်၌။ တတိယော၊ သုံးခုမြောက်ဖြစ်သော။ သမဏောပိ၊ အနာဂါမ် ဖြစ်သော ရဟန်းကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်၏။ တတ္ထ၊ ထိုအနာဂါမ်ဖြစ်သော ရဟန်းကို ရသော ငါဘုရား သာသနာတော်၌။ စတုတ္ထော၊ လေးခုမြောက်ဖြစ်သော။ သမဏောပိ၊ ရဟန္တာဖြစ်သော ရဟန်းကိုးလည်း။ ဥပလဗ္ဘတိ၊ ရအပ်၏။ သုဘဒ္ဒ၊ သုဘဒ်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤ ငါဘုရား သာသနာတော်၌။ အရိယော၊ ကိလေသာတည်းဟူသော အပြစ်ကင်းသော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအင်္ဂါ ရှိသော။ မဂ္ဂေါ၊ မဂ်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ သုဘဒ္ဒ၊ သုဘဒ်။ ဣဓေဝ ဓမ္မဝိနယေ၊ ဤ ငါဘုရား သာသနာတော်၌ သာလျှင်။ သမဏော၊ သောတာပန် ဖြစ်သော ရဟန်းကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ ဣဓေဝဓမ္မဝိနယေ၊ ဤ ငါဘုရား သာသနာတော်၌သာလျှင်။ ဒုတိယော၊ နှစ်ခုမြောက်သော။ သမဏော၊ သကဒါဂါမ် ဖြစ်သော ရဟန်းကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ ဣဓေဝ ဓမ္မဝိနယေ၊ ဤ ငါဘုရား သာသနာတော်၌သာလျှင်။ တတိယော၊ သုံးခုမြောက်ဖြစ်သော။ သမဏော၊ အနာဂါမ်ဖြစ်သော ရဟန်းကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ ဣဓေဝ ဓမ္မဝိနယေ၊ ဤ ငါဘုရား သာသနာတော်၌သာလျှင်။ စတုတ္ထော၊ လေးခုမြောက်ဖြစ်သော။ သမဏော၊ ရဟန္တာဖြစ်သော ရဟန်းကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ ပရပ္ပဝါဒါ၊ သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော တိတ္ထိတို့သည်။ အညေဟိ၊ တိတ္ထိတို့မှ တစ်ပါးကုန်သော။ သမဏေဟိ၊ တစ်ကျိပ် နှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့မှ။ သုညာ၊ ဆိတ်ကုန်၏။ သုဘဒ္ဒ၊ သုဘဒ်။ ဣမေဘိက္ခူ၊ ဤတစ်ကျိပ် နှစ်ယောက်ကုန်သော ရဟန်းတို့သည်။ သမ္မာ၊ ကောင်းစွာ။ ဝိဟရေယျုံ၊ ကျင့်ကုန်ရာ၏။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်သည်။ အဿ ဟောတိ၊ ဖြစ်ရာ၏။

ထို့နောက် သုဘဒ်၊ ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ ရဟန်း သာမဏေ မရှိ၊ သတ္တဝါအပေါင်းတို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့၌ မွေ့လျော်ပျော်ပိုက်ကြကုန်၏။ လာခြင်းကောင်းသော ဘုရားရှင်

တို့သည် သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စတရားတို့၌ မွေ့လျော်ပျော်ပိုက်ခြင်း မရှိ၊ မြဲသော သင်္ခါရတရား မရှိဟု ဖြေတော်မူလိုသော မြတ်စွာဘုရားသခင်သည်—

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။
(ဓမ္မပဒ—၅၀။)

ဟု ဖြေတော်မူသော အဆုံး၌ သုဘဒ်ပရိဗိုဇ်ရဟန်းသည် အနာဂါမိဖိုလ်၌ တည်လေ၏။

အာကာသေ၊ ကောင်းကင်၌။ ပဒံ၊ ခြေရာသည်။ နတ္ထိဧဝ၊ မရှိသည်သာ တည်း။ ဗာဟိရေ၊ သာသနာပြင်ပ၌။ သမဏော၊ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရဟန်းသည်။ နတ္ထိ၊ မရှိ။ ပဇာ၊ သတ္တဝါအပေါင်းသည်။ ပပဉ္စာဘိရတာ၊ တဏှာ မာန ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့၌ မွေ့လျော်ပျော်ပိုက်ကြကုန်၏။ တထာဂတာ၊ လာခြင်းကောင်း သော ဘုရားရှင်တို့သည်။ နိပ္ပပဉ္စာ၊ သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စတရား မရှိကုန်။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ သဿတာ၊ မြဲကုန်သည်။ နတ္ထိ၊ မရှိကုန်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ ဣဉ္ဇိတံ၊ ခန္ဓာငါးဝ သင်္ခါရကို မြဲ၏ဟု ယူဖို့ရာ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော တုန်လှုပ်တတ်သော ဣဉ္ဇိတ တရားသည်။ နတ္ထိ၊ မရှိ။

သုဘဒ်သည် ရဟန်းပြုလိုကြောင်းကို လျှောက်သောအခါ မြတ်စွာဘုရား သခင်သည် အရှင်အာနန္ဒာကို သာမဏေပြုပါလော့ဟု မိန့်တော်မူတိုင်း သာမဏေ ပြုပြီးလျှင် မြတ်စွာဘုရားထံသို့ ခေါ်သွား၍ ရောက်သောအခါ သုဘဒ် ပရိဗိုဇ်ကို ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်စေ၍ စီးဖြန်းရန် ကမ္မဋ္ဌာန်းကို ပေးအပ်တော် မူလိုက်၏။

ထိုအခါ သုဘဒ်ပရိဗိုဇ်သည် မြတ်စွာဘုရားထံမှ ထသွားပြီးလျှင် ထိုအင်ကြင်း ဥယျာဉ်၏အတွင်း၌ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ စင်္ကြံသွားလျက် ဘုရားပေးအပ် သော ကမ္မဋ္ဌာန်းဝိပဿနာကို မမေ့မလျော့ ခြိုးခြံသောလုံ့လရှိသည်ဖြစ်၍ အားထုတ်စီးဖြန်းလျှင် ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ် ခြောက်ပါး၊ သမာပတ် ရှစ်ပါးနှင့်တကွ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ကာလ၌ နောက်ဆုံး ဖြစ်သော ရဟန္တာသာဝကအဖြစ်သို့ ရောက်လေ၏။

## ဖွားဖက်တော်အရှင်ဆန္နအားဗြဟ္မဒဏ်ပေးရန် မှာကြားတော်မူခြင်း

အာနန္ဒာ၊ ငါဘုရား မရှိသည်နောက် သင်္ဃာသည် ငါဘုရား၏ ဖွားဖက်တော် ဖြစ်သော ဆန္နရဟန်းအား ဗြဟ္မဒဏ်ကို ပေးကြကုန်လော့ဟု မိန့်တော်မူ၏။

ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဗြဟ္မဒဏ်ကို အဘယ်သို့ ပေးအပ်ပါ သနည်းဟု အရှင်အာနန္ဒာ လျှောက်လေသော် အာနန္ဒာ၊ သင်္ဃာစည်းဝေး၍ ဆိုနိုင်ခဲသော ငါ၏ဖွားဖက်တော်ဖြစ်သော ဆန္နရဟန်းသည် အကြင်စကားကို သူ ဆိုလိုသမျှ ဆို၏။ ထိုဆန္နရဟန်းကို တစ်ပါးသော ရဟန်းတို့က မဆို မဆုံးမ ကြလင့်၊ သူ၏ စကားကိုလည်း အလေးမပြုကြလင့်၊ ဤသို့သော ဗြဟ္မဒဏ်ကို ပေးကြကုန်လော့ဟု မိန့်မှာတော်မူ၏။

## ရဟန်းတို့အားမေးလိုရာမေးခွင့်ပြုတော်မူခြင်း

ထို့နောက် ရဟန်းတို့၊ ငါဘုရား၌လည်းကောင်း၊ တရား၌လည်းကောင်း၊ သံဃာ၌လည်းကောင်း၊ မဂ်၌လည်းကောင်း၊ ဖိုလ်၌လည်းကောင်း၊ ကျင့်ဝတ် ပဋိပတ်၌လည်းကောင်း၊ တစ်စုံတစ်ယောက်သော ရဟန်းသည် ယုံမှား တွေးတော ခြင်းရှိသည်ဖြစ်အံ့။ ငါဘုရားကို သင်တို့သည် မေးလိုက် လျှောက်လိုက်ကြကုန် လော့ဟု သုံးကြိမ်တိုင်တိုင် မိန့်တော်မူသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်သာ လျှင် နေကြကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် ဤသို့လျှောက်၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤရဟန်းသံဃာ၌ အကျွန်ုပ်သည် ဤသို့ကြည်ညို၏။ ဤရဟန်း သံဃာ အစည်းအဝေး၌ တစ်စုံတစ်ယောက်သော ရဟန်းမျှလည်း ဘုရား၌ တရား၌, သံဃာ၌, မဂ်ဖိုလ်၌, ကျင့်ဝတ်ပဋိပတ်၌ ယုံမှားခြင်းမရှိကြသည်ကို အကျွန်ုပ် ကြည်ညိုပါ၏ဟူ၍ လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ဤသို့မိန့်တော်မူ၏။ အာနန္ဒာ၊ ဤ ရဟန်းသံဃာ အစည်းအဝေး၌ တစ်စုံတစ်ယောက်သော ရဟန်းမျှလည်း ဘုရား၊ တရား၊ သံဃာ မဂ်ဖိုလ်ကျင့်ဝတ် ပဋိပတ်တို့၌ ဘုရားဟုတ်သလော၊ မဟုတ် သလော၊ တရားဟုတ်သလော၊ မဟုတ်သလော၊ သံဃာဟုတ်သလော၊ မဟုတ် သလော၊ မဂ်ဟုတ်သလော၊ မဟုတ်သလော၊ ကျင့်ဝတ်ပဋိပတ် ဟုတ်သလော၊ မဟုတ်သလောဟု ယုံမှားခြင်းသည် မရှိကြ။ အာနန္ဒာ၊ ဤအစည်းအဝေး၌

ဂုဏ်အားဖြင့် အငယ်ဆုံးဖြစ်သော ရဟန်းသံဃာသည် သောတာပန်သာဖြစ်သည်။ မပျက်စီးသော သဘော ရှိ၏။ မြဲသော ဂတိ ရှိ၏။ သစ္စာလေးပါး တရား လျှင် လဲလျောင်းရာ ရှိ၏ဟု မိန့်တော်မူ၏။

## ပစ္ဆိမဝစနအဆုံးစကားမိန့်ကြားတော်မူခြင်း

ထို့နောက် ရဟန်းတို့ကို ခေါ်တော်မူ၍—

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။
ပမာဒေါ မစ္စုနော ပဒံ၊ အပ္ပမာဒေါ နိဗ္ဗာနဿ ပဒံ။

ဟူ၍ အဆုံးစွန်ဖြစ်သော စကားကို ဟောကြားမိန့်မှာတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟန္ဒဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်တို့ကို။ အဟံ၊ ငါဘုရားသည်။ အာမန္တယာမိ၊ ကြားမှာတော်မူ၏။ (ဝါ) ခေါ်တော်မူ၏။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား လေးပါး တို့သည် ပြုပြင်အပ်ကုန်သော သင်္ခါရတရားအပေါင်းတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သော သဘော ရှိကုန်၏။ ဝေါ တုမှေ၊ သင်ချစ်သားတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။ (ဝါ) ကုသိုလ်တရားတို့၌ မမေ့မလျော့သော သတိနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြစေကုန်လော့။

ပမာဒေါ၊ ကုသိုလ်တရား၌ မေ့လျော့သောသူသည်။ မစ္စုနော၊ သေခြင်း၏။ ပဒံ၊ အကြောင်းတည်း။ အပ္ပမာဒေါ၊ ကုသိုလ်တရား၌ မမေ့မလျော့သော သူသည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်သို့ရောက်ခြင်း၏။ ပဒံ၊ အကြောင်းတည်း။

ဤသို့ ရဟန်းတို့အား အဆုံးစွန်နောက်ဆုံးဖြစ်သော ပစ္ဆိမစကားဖြင့် ကြားမှာတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏။

## အဓိဋ္ဌာန်တော် ငါးချက်ပြုခြင်း

ထို့နောက် သာသနာတော် တည်မည့်အရပ်ကို ဆင်ခြင်တော်မူလျှင် လာလတိုင်း၊ သီဟပူရပြည်မှ သီဟဗာဟုမင်း၏ သားဖြစ်သော ဝိဇယဗာဟု မင်းသားသည် အသည်ကျွန် ခုနစ်ရာတို့နှင့်တကွ ယခုညဉ့် လင်္ကာဒီပကျွန်း သို့ ရောက်လေပြီ။ ထိုဝိဇယဗာဟုမင်းသားသည် သီဟိုဠ်ကျွန်း၌ ရှေ့ဦးအစ လူနေ မြို့နေတည်ထောင်လတ္တံ့၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည်နောက် နှစ်ရာ

သုံးဆယ့်ခြောက်နှစ်ရှိသောအခါ ပါဠိလိပုတ်ပြည်ကို အစိုးရသော သီရိဓမ္မာသောကမင်း၏ သားဖြစ်သော ရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်း၌ ငါ၏သာသနာတော်ကို ပြုသောအခါ မဟာဗောဓိမှ ဒက္ခိဏသာခါနှင့် ငါဘုရား၏ လက်ယာညှပ်ရိုးတော်၊ တစရွတ်မျှသော ဓာတ်တော်တို့ကို ဇမ္ဗုဒီပါနှင့် တာဝတိံသာမှ ယူဆောင်၍ သီဟိုဠ်ကျွန်း၌ ဌာပနာလတ္တံ့ဟု မြင်တော်မူသောအခါ ငါးဖြာသော မိဋ္ဌာန်ခြင်းတို့ကို မိဋ္ဌာန်တော်မူ၏။

ငါးပါးသော မိဋ္ဌာန်ခြင်းဟူသော်ကား— သီရိဓမ္မာသောကမင်းသည် လက်ာဒီပကျွန်း၌ ငါဘုရား၏မဟာဗောဓိကို တည်စေရောက်စေခြင်းငှာ၊ မဟာဗောဓိကို ဆောင်ယူအံ့သောငှာ၊ ဗောဓိပင်ရှိရာသို့ လာ၍ ဆေးဒန်း မြင်းသီလာဖြင့် ရေးသားသောအခါ၊ ထိုမဟာဗောဓိပင်၏ ဒက္ခိဏသာခါ တောင်ကိုင်း တောင်ဘက်ဖြစ်သော အခက်သည် အလိုလိုပြတ်၍ တည်စေ ကျစေသတည်း။

ထိုရွှေဖျဉ်း၌တည်သော ဒက္ခိဏသာခါ တောင်ကိုင်းအခက်သည် ရွှေဖျဉ်းနှင့် တကွ ဆီးနှင်းတိမ်တိုက်သို့ ဝင်၍ ခုနစ်ရက်ပတ်လုံး တည်စေသတည်း။

ထိုဒက္ခိဏသာခါ တောင်ကိုင်းအခက်သည် ဆီးနှင်းတိမ်တိုက်မှ သက်ဆင်း၍ မြေသို့ကျရောက်သောအခါ ရွှေဖျဉ်း၌ တည်လျက် အရွက်၊ အသီး၊ အရိုးတို့မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် လွှတ်စေသတည်း။

သီဟိုဠ်ကျွန်း အနုရာဓမြို့၌ ထူပါရာမစေတီတည်၍ လက်ယာညှပ်ရိုးတော်ကို ဌာပနာသောနေ့၌ ယမိုက်ပြာဋိဟာကို ပြစေသတည်း။

သီဟိုဠ်ကျွန်း၌ မဟာစေတီတည်၍ တစ်စရွတ်မျှသော ဓာတ်တော်တို့ကို ဌာပနာသောနေ့၌ ငါဘုရား၏ အသွင်ကို ယူလျက် ကောင်းကင်သို့ ပျံတက်၍ ယမိုက်ပြာဋိဟာကို ပြစေသတည်း။

ဤငါးပါးသော မိဋ္ဌာန်ခြင်းတို့ကို ပြုတော်မူ၏။

## အနုပါဒိသေသ ပရိနိဗ္ဗာန်စံလွန်တော်မူခြင်း

မိဋ္ဌာန်တော်မူပြီးလျှင် ပဌမဈာန်ကို ဝင်စားတော်မူ၏။ ထိုပဌမဈာန်မှ ထ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏။ ထိုဒုတိယဈာန်မှ ထ၍ တတိယဈာန်ကို ဝင်စားတော်မူ၏။ ထိုတတိယဈာန်မှ ထ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။ ထိုစတုတ္ထဈာန်မှ ထ၍ အာကာသာနဉ္စာယတန ဈာန်ကို ဝင်စားတော်မူ၏။ ထိုအာကာသာနဉ္စာယတနဈာန်မှ ထ၍ ဝိညာနဉ္စာယတနဈာန်ကို ဝင်စားတော်

မူ၏။ ထိုဝိညာနဉ္စာယတနစျာန်မှ ထ၍ အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူ၏။ ထိုအာကိဉ္စညာယတနစျာန်မှ ထ၍ နေဝသညာ နာသညာယတနစျာန်ကို ဝင်စားတော်မူ၏။ ထိုနေဝသညာ နာသညာယတနစျာန်မှ ထ၍ သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုကိုးခုမြောက်ဖြစ်သော သမာပတ်ကို ဝင်စားတော်မူသောအခါ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါကို ဤသို့မေး၏။ အရှင်အနုရုဒ္ဓါ၊ မြတ်စွာဘုရားသခင်သည် ငြိမ်သက်တော်မူလေ၏။ ပရိနိဗ္ဗာန်ပြုချေပြီလောဟု မေး၏။ အရှင်အနုရုဒ္ဓါလည်း ငါ့ရှင်အာနန္ဒာ၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မပြုသေး၊ သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူသည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည်လည်း ထိုဝင်စားတော်မူအပ်သော နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာ နာသညာယတန စျာန်ကို ဝင်စားတော်မူ၏။ ထိုနေဝသညာ နာသညာယတနစျာန်မှ ထ၍ အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူ၏။ ထိုအာကိဉ္စညာယတနစျာန်မှ ထ၍ ဝိညာနဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏။ ထိုဝိညာနဉ္စာယတနစျာန်မှ ထ၍ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏။

ထိုအာကာသာနဉ္စာယတနစျာန်မှ ထ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။ ထိုစတုတ္ထစျာန်မှ ထ၍ တတိယစျာန်ကို ဝင်စားတော်မူ၏။ ထိုတတိယစျာန်မှ ထ၍ဒုတိယစျာန်ကို ဝင်စားတော်မူ၏။ ထိုဒုတိယစျာန်မှ ထ၍ ပဌမစျာန်ကို ဝင်စားတော်မူ၏။

ထိုပဌမစျာန်မှ ထ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏။ ထိုဒုတိယစျာန်မှ ထ၍ တတိယစျာန်ကို ဝင်စားတော်မူ၏။ ထိုတတိယစျာန်မှ ထ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။

ထိုစတုတ္ထစျာန်မှ ထတော်မူ၍ ၎င်းစတုတ္ထစျာန်ရှိသော စျာန်အင်္ဂါကို ဆင်ခြင်တော်မူတတ်သော ပစ္စဝေက္ခဏာဇောဝီထိ စိတ်တို့သည် အကြိမ်များစွာ ဖြစ်၍ အရဟတ်တက်ခါနီးတွင် ဝီထိပေါင်းတွက်ရေ ကုဋေနှစ်သန်းလေးသိန်းသော ဖလသမာပတ်တို့ကို အနုလုံ ပဋိလုံ ဝင်စားတော်မူပြီးမှ စတုတ္ထစျာန်အင်္ဂါကို ဆင်ခြင်မိသော ပစ္စဝေက္ခဏာဝီထိစိတ်၏ အဆုံး၌ အလုံးစုံသော သင်္ခါရတရား

တို့၏ ကုန်ငြိမ်းရာ နိဗ္ဗာနဓာတ်ကို အာရုံပြုသော မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ပဌမအသင်္ခါရိက ဘဝင်စိတ်ဟု ဆိုအပ်သော အဗျာကတ ဖြစ်သော ဒုက္ခသစ္စာဖြင့် စုတေခြင်းဟု ဆိုအပ်သော အနုပါဒိသေသ ပရိနိဗ္ဗာန် စံလွန်တော်မူ၏။

မြတ်စွာဘုရားသခင်သည် မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ဥတုဂိမှန္တ၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ ညဥ့်ဦးယံ၌ မလ္လာမင်းတို့အား တရားညွှန်ပြဆုံးမတော်မူသည်။ သန်းခေါင်ယံ၌ သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူသည်။ မိုးသောက်ယံ၌ ရဟန်းတို့အား ဆုံးမတော်မူ၍ အရုဏ်တက်ခါနီး လင်းအားကြီးအချိန်တွင် ရောင်ဖြူမလာမီ ပရိနိဗ္ဗာန်စံယူတော်မူသည်။

ယင်းသို့ ပရိနိဗ္ဗာန်ပြုသည်နှင့် တစ်ပြိုင်နက် ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော နှစ်သိန်းလေးသောင်းအထုရှိသော ဤမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်၏။ ကောင်းကင်အလုံး ထစ်ကြိုးရိုက်ဟည်းလျက် တော်ပဲ့တင်သံခတ်လေ၏။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ လွန်ကဲသော တိတ်နိမိတ်တို့သည် ဖြစ်ကုန်၏။

## မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုခါနီး၌ ဈာန်ဝင်စားပုံ ပါဠိအနက်

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီး ကာလ၌ အနုလောမအားဖြင့် ပဌမဈာန်မှစ၍ နိရောဓသမာပတ်တိုင်အောင် ကိုးပါးသော သမာပတ်တို့ကို အစဉ်အတိုင်း ဝင်စားတော်မူ၍ နိရောဓသမာပတ်မှ ထပြီးသော် တစ်ဖန် ပဋိလောမအားဖြင့် နေဝသညာနာသညာယတနသမာပတ်မှ စ၍ ရူပါဝစရ ပဌမဈာန်တိုင်အောင် ဝင်စားတော်မူ၍ အဆုံးစွန်သော ဝါရ၌ ပဌမဈာန်မှ စ၍ စတုတ္ထဈာန်တိုင်အောင် ဝင်စားတော်မူပြီးမှ ပရိနိဗ္ဗာန်စံတော်မူကြောင်းကို ပြဆိုသည်။

အထ ခေါ ဘဂဝါ ပဌမံ ဈာနံ သမာပဇ္ဇိ၊ ပဌမဇ္ဈာနာ ဝုဋ္ဌဟိတွာ ဒုတိယံဈာနံ သမာပဇ္ဇိ၊ ဒုတိယဇ္ဈာနာ ဝုဋ္ဌဟိတွာ တတိယံ ဈာနံ သမာပဇ္ဇိ၊ တတိယဇ္ဈာနာ ဝုဋ္ဌဟိတွာ စတုတ္ထဇ္ဈာနံ သမာပဇ္ဇိ၊ စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ အာကာသာနဉ္စာယတနံ သမာပဇ္ဇိ၊

အာကာသာနဉ္စာယတနသမာပတ္တိယာ ဝုဋ္ဌဟိတွာ ဝိညာဏဉ္စာယတနံ သမာပဇ္ဇိ၊ ဝိညာဏဉ္စာယတနသမာပတ္တိယာ ဝုဋ္ဌဟိတွာ အာကိဉ္စညာယတနံ သမာပဇ္ဇိ၊ အာကိဉ္စညာယတန သမာပတ္တိယာ ဝုဋ္ဌဟိတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇိ၊ နေဝသညာနာသညာယတနသမာပတ္တိယာ ဝုဋ္ဌဟိတွာ သညာဝေဒယိတနိရောဓံ သမာပဇ္ဇိ။

အထ ခေါ အာယသ္မာ အာနန္ဒော အာယသ္မန္တံ အနုရုဒ္ဓံ ဧတဒဝေါစ "ပရိနိဗ္ဗုတော ဘန္တေ အနုရုဒ္ဓ ဘဂဝါ"တိ။ နာဝုသော အာနန္ဒ ဘဂဝါ ပရိနိဗ္ဗုတော၊ သညာဝေဒယိတနိရောဓံ သမာပန္နောတိ။

အထ ခေါ ဘဂဝါ သညာဝေဒယိတနိရောဓသမာပတ္တိယာ ဝုဋ္ဌဟိတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇိ၊ နေဝသညာနာသညာယတနသမာပတ္တိယာ ဝုဋ္ဌဟိတွာ အာကိဉ္စညာယတနံ သမာပဇ္ဇိ၊ အာကိဉ္စညာယတနသမာပတ္တိယာ ဝုဋ္ဌဟိတွာ ဝိညာဏဉ္စာယတနံ သမာပဇ္ဇိ၊ ဝိညာဏဉ္စာယတနသမာပတ္တိယာ ဝုဋ္ဌဟိတွာ အာကာသာနဉ္စာယတနံ သမာပဇ္ဇိ၊ အာကာသာနဉ္စာယတနသမာပတ္တိယာ ဝုဋ္ဌဟိတွာ စတုတ္ထံ ဈာနံ သမာပဇ္ဇိ၊ စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ တတိယံ ဈာနံ သမာပဇ္ဇိ၊ တတိယဇ္ဈာနာ ဝုဋ္ဌဟိတွာ ဒုတိယံ ဈာနံ သမာပဇ္ဇိ၊ ဒုတိယဇ္ဈာနာ ဝုဋ္ဌဟိတွာ ပဌမံ ဈာနံ သမာပဇ္ဇိ၊ ပဌမဇ္ဈာနာ ဝုဋ္ဌဟိတွာ ဒုတိယံ ဈာနံ သမာပဇ္ဇိ၊ ဒုတိယဇ္ဈာနာ ဝုဋ္ဌဟိတွာ တတိယံ ဈာနံ သမာပဇ္ဇိ၊ တတိယဇ္ဈာနာ ဝုဋ္ဌဟိတွာ စတုတ္ထံ ဈာနံ သမာပဇ္ဇိ၊ စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗာယိ။

(ဒီ-၂။ ၁၂၈)

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပဌမံဈာနံ၊ ပဌမဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ပဌမဇ္ဈာနာ၊ ပဌမဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထတော်မူ၍။ ဒုတိယံဈာနံ၊ ဒုတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ဒုတိယဇ္ဈာနာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ တတိယဇ္ဈာနံ၊ ကို။ သမာပဇ္ဇိ၊ ၏။ တတိယ

ဈ္ဈာနာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ စတုတ္ထဈ္ဈာနံ၊ ကို။ သမာပဇ္ဇိ၊ ၏။ စတုတ္ထဈ္ဈာနာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနဈာန်ကို။ သမာပဇ္ဇိ၊ ၏။ အာကာသာနဉ္စာယတန သမာပတ္တိယာ၊ အာကာနဉ္စာယတန ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ၍။ ဝိညာဏဉ္စာယတနံ၊ ကို။ သမာပဇ္ဇိ၊ ၏။ ဝိညာဏဉ္စာယတန သမာပတ္တိယာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ အာကိဉ္စညာယတနံ၊ ကို။ သမာပဇ္ဇိ၊ ၏။ အာကိဉ္စညာယတန သမာပတ္တိယာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ နေဝသညာ နာသညာယတနံ၊ ကို။ သမာပဇ္ဇိ၊ ၏။ နေဝ သညာ နာသညာယတန သမာပတ္တိယာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ သညာဝေဒယိတနိရောဓံ၊ ထိုသညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို။ သမာပဇ္ဇိ၊ ၏။

အထခေါ၊ ထိုကိုးခုမြောက်ဖြစ်သော သမာပတ်ကို ဝင်စားတော်မူသောအခါ ၌။ အာယသ္မာ၊ သက်တော်ရှည်သော။ အာနန္ဒော၊ သည်။ အာယသ္မန္တံ၊ သက်တော်ရှည်သော။ အနုရုဒ္ဓံ၊ အရှင်အနုရုဒ္ဓါကို။ ဧတံ ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်၏။ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း။ ဘန္တေ အနုရုဒ္ဓ၊ အရှင်အနုရုဒ္ဓါ။ ဘဂဝါ၊ သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူပြီလော။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ။ ဘဂဝါ၊ သည်။ န ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မမူသေး။ သညာဝေဒယိတ နိရောဓံ၊ သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို။ သမာပန္နော၊ ဝင်စားတော်မူ၏။ ဣတိ၊ ဤသို့။ အာယသ္မာ၊ သော။ အနုရုဒ္ဓေါ၊ သည်။ အာယသ္မန္တံ၊ သော။ အာနန္ဒံ၊ ကို။ အဝေါစ၊ မိန့်တော်မူ၏။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ သညာဝေဒယိတနိရောဓ သမာပတ္တိယာ၊ သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိရောဓသမာပတ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ နေဝသညာ နာသညာယတနံ၊ နေဝသညာ နာသညာယတန ဈာန်ကို။ သမာပဇ္ဇိ၊ ၏။ နေဝသညာ နာသညာယတန သမာပတ္တိယာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ အာကိဉ္စညာယတနံ၊ ကို။ သမာပဇ္ဇိ၊ ၏။ အာကိဉ္စညာယတန သမာပတ္တိယာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ ဝိညာဏဉ္စာယတနံ၊ ကို။ သမာပဇ္ဇိ၊ ၏။ ဝိညာဏဉ္စာယတန သမာပတ္တိယာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ အာကာသာနဉ္စာယတန သမာပတ္တိယာ။ အာကာသာနဉ္စာယတနဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ စတုတ္ထဈ္ဈာနာ၊

ထိုစတုတ္ထဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ တတိယံဈာနံ၊ တတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ တတိယဇ္ဈာနာ၊ တတိယဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဒုတိယံဈာနံ၊ ဒုတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ဒုတိယဇ္ဈာနာ၊ ထိုဒုတိယဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ပဌမံဈာနံ၊ ပဌမဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ပဌမဇ္ဈာနာ၊ ပဌမဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဒုတိယံဈာနံ၊ ဒုတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ဒုတိယဇ္ဈာနာ၊ ဒုတိယဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍၊ တတိယံဈာနံ၊ တတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စား တော်မူ၏။ တတိယဇ္ဈာနာ၊ တတိယဈာန်မှ၊ ဝုဋ္ဌဟိတွာ၊ ထတော်မူ၍။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ စတုတ္ထဇ္ဈာနာ၊ စတုတ္ထဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထတော်မူ၍။ သမနန္တရာ၊ ပစ္စဝေက္ခဏာဇောဝီထိ၏ အခြားမဲ့၌။ (ဝါ) စတုတ္ထဈာန်၌ရှိသော ဈာန်အင်္ဂါကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာ ဇောဝီထိစိတ်တို့သည် အကြိမ်များစွာဖြစ်၍ ဝီထိပေါင်းတွက်ရေ ကုဋေနှစ်သန်း လေးသိန်းသော ဖလသမာပတ်တို့ကို အနုလုံ ပဋိလုံအားဖြင့် ဝင်စားတော်မူပြီးမှ စတုတ္ထဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိစိတ်၏အဆုံး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။

မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်ပြုခါနီး ကာလ၌ စတုက္ကနည်းဖြင့် ရူပသမာပတ် လေးပါး၊ အရူပသမာပတ် လေးပါး၊ နိရောဓသမာပတ် တစ်ပါး၊ ပေါင်း ကိုးပါးသော သမာပတ်တို့ကို အနုလုံ ပဋိလုံအားဖြင့် ကြိမ်ဖန်များစွာ ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၍ အဆုံးဝါရ၌ ပဌမဈာန်မှ စ၍ ရူပါဝစရကြိယာ စတုတ္ထဈာန်တိုင်အောင် ဝင်စားတော်မူ၏။ ထိုရူပါဝစရကြိယာ စတုတ္ထဈာန်မှ ထ၍ ထသည်၏ အခြားမဲ့၌ ထိုစတုတ္ထဈာန်၌ ရှိသော ဥပေက္ခာဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါနှစ်ပါးကို အစဉ်အတိုင်း ဆင်ခြင်တော်မူ၍ ဧကဂ္ဂတာကို ဆင်ခြင်သော ဒုတိယပစ္စဝေက္ခဏာဝီထိ၏ အခြားမဲ့၌ ဘဝင်သို့ သက်သောအခါ၊ ဝီထိတစ်ပါး အခြားမရှိဘဲ ပရိနိဗ္ဗာန်ပြုတော်မူသည်ဖြစ်၍၊ ထိုဧကဂ္ဂတာလျှင် အာရုံရှိသော ဒုတိယပစ္စဝေက္ခဏာ ဝီထိစိတ်သည် ပရိနိဗ္ဗာနာသန္နစိတ်ဖြစ်ရကား။ (ဝါ) မရဏာသန္နဇောဖြစ်ရကား ထိုပရိနိဗ္ဗာနာသန္န ပစ္စဝေက္ခဏာစိတ်၏ အာရုံဖြစ်သော ရူပါဝစရစတုတ္ထဈာန် အင်္ဂါဟု ဆိုအပ်သော ဧကဂ္ဂတာကို အာရုံပြု၍ ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု ယူရမည်။

## ပရိနိဗ္ဗာန်ပြုခါနီး၌ကုဋေနှစ်သန်းလေးသိန်းသောသမာပတ်တို့ကို ဝင်စားတော်မူခြင်း

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီး အနုလုံ ပဋိလုံအားဖြင့် ဈာန်ဝင်စားတော်မူရာ၌ ထိုဈာန်တို့တွင် အသုဘပညတ် ဆယ်ပါး၊ ဒွတ္တိံသာကာရ ကောဋ္ဌာသပညတ် တစ်ပါး၊ ရှေ့ကသိုဏ်းပညတ် ရှစ်ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာတို့၏အာရုံ သတ္တပညတ် သုံးပါး၊ အာနာပါနဿတိ ပညတ် တစ်ပါး၊ ပရိစ္ဆေဒါကာသ ကောင်းကင်ပညတ် တစ်ပါးအားဖြင့် ဤနှစ်ဆယ့်လေးပါးသော ပညတ်အာရုံတို့၌ ပဌမဈာန်ကို ဝင်စားတော်မူ၏။

ကသိုဏ်းပညတ် ရှစ်ပါး၊ သတ္တပညတ် သုံးပါး၊ အာနာပါနဿတိပညတ် တစ်ပါး၊ ပရိစ္ဆေဒါကာသဟု ဆိုအပ်သော ကောင်းကင်ပညတ် တစ်ပါးအားဖြင့် ဤတစ်ဆယ့်သုံးပါးသော ပညတ်အာရုံတို့၌ ဒုတိယဈာန်၊ တတိယဈာန်ကို ဝင်စားတော်မူ၏။

ကသိုဏ်းပညတ် ရှစ်ပါး၊ ဥပေက္ခာဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တပညတ်တစ်ပါး၊ ပရိစ္ဆေဒါကာသဟု ဆိုအပ်သော ကောင်းကင်ပညတ် တစ်ပါး၊ အရူပဈာန်၏ အာရုံလေးပါးအားဖြင့် ဤ ၁၅-ပါးသော အာရုံတို့၌ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။

ဤသို့ အစရှိသောအားဖြင့် အရပ်တစ်ပါးသို့ သွားလိုသောသူသည် သွားခါနီးသောအခါ ချစ်ကျွမ်းဝင်သော ဆွေမျိုးသားချင်းအပေါင်းကို လည့်၌ဖက်၍ ပွေ့ချီနူတ်ဆက်ပြီးမှ သွားလေသကဲ့သို့ ထို့အတူ တရား၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ပြဆိုအပ်ခဲ့ပြီးသော အာရုံတို့၌ ရူပအရူပ သမာပတ်တို့ကို အနုလုံ ပဋိလုံအားဖြင့် ကုဋေနှစ်သန်း လေးသိန်း အရေအတွက်ရှိသော အလုံးစုံသော ဈာန်သမာပတ်တို့ကို ဝင်စား၍ ထိုဈာန် သမာပတ် ချမ်းသာကို အဖန်တလဲလဲ ခံစားပြီးမှ ပရိနိဗ္ဗာန်ပြုတော်မူ၏။

တွေ ဘဂဝါ စတုဝီသတိယာ ဌာနေသု ပဌမဇ္ဈာနံ သမာပဇ္ဇိ၊ တေရသသု ဌာနေသု ဒုတိယဇ္ဈာနံ တထာ တတိယဇ္ဈာနံ ပန္နရသသု ဌာနေသု စတုတ္ထဇ္ဈာနံ သမာပဇ္ဇိ။ ကထံ ဒသသု အသုဘေသု ဒွတ္တိံသာကာရေ အဋ္ဌသု ကသိဏေသု မေတ္တာ ကရုဏာ မုဒိတာသု

> အာနာပါနေ ပရိစ္ဆေဒါကာသေတိ ဣမေသု တာဝ စတုဝီသတိယာ ဌာနေသု ပဌမဇ္ဈာနံ သမာပဇ္ဇိ။ ဌပေတွာ ပန ဒွတ္တိံသာကာရဋ္ဌ ဒသ အသုဘာနိ စ သေသေသု တေရသသု ဒုတိယဇ္ဈာနံ၊ တေသ္ဝေဝ စ တတိယဇ္ဈာနံ သမာပဇ္ဇိ။ အဋ္ဌသု ပန ကသိဏေသု ဥပေက္ခာ- ဗြဟ္မဝိဟာရေ အာနာပါနေ ပရိစ္ဆေဒါကာသေ စတူသု အရူပေသူတိ ဣမေသု ပန္နရသသု ဌာနေသု စတုတ္ထဇ္ဈာနံ သမာပဇ္ဇိ။ အယံပိ စ သင်္ခေပကထာဝ။ နိဗ္ဗာနပုရံ ပဝိသန္တော ပန ဘဂဝါ ဓမ္မသာမိ သဗ္ဗာပိ စတုဝီသတိကောဋိသတ သဟဿသင်္ချာ သမာပတ္တိယော ပဝိသိတွာ ဝိဒေသံ ဂစ္ဆန္တော ဉာတိဇနံ အာလိင်္ဂေတွာ ဝိယ သဗ္ဗသမာပတ္တိသုခံ အနုဘဝိတွာ ပဝိဋ္ဌော။ (ဒီ–ဋ္ဌ၊ ၂။ ၁၈၆။)

ဇ္ဈာ၊ ဤပရိနိဗ္ဗာန်စံတော်မူခါနီး ဝင်စားအပ်သော ဈာန်တို့တွင်။ ပဌမဇ္ဈာနံ၊ ပဌမဈာန်ကို။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ စတုဝီသတိဋ္ဌာနေသု၊ နှစ်ဆယ့်လေးပါးသော အာရုံအရာတို့၌။ (ဝါ) ပညတ်အာရုံတို့၌။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ တေရသသုဋ္ဌာနေသု၊ တစ်ဆယ့်သုံးပါးသော ပညတ်အာရုံအရာတို့၌။ ဒုတိယဇ္ဈာနံ၊ ဒုတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ တထာ၊ ထို့အတူ။ တေရသသုဋ္ဌာနေသု၊ တစ်ဆယ့်သုံးပါးသော ပညတ်အာရုံအရာတို့၌။ တတိယဇ္ဈာနံ၊ တတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ တထာ၊ ထို့အတူ။ ပန္နရသသုဋ္ဌာနေသု၊ တစ်ဆယ့်ငါးပါးသော ပညတ်အာရုံအရာတို့၌။ စတုတ္ထဇ္ဈာနံ၊ စတုတ္ထဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ကထံ၊ အဘယ်သို့ ဝင်စားတော်မူသနည်းဟူမူကား။ ဒသသု အသုဘေသုစ၊ အသုဘပညတ် ဆယ်ပါးတို့၌လည်းကောင်း။ ဒွတ္တိံသာကာရေစ၊ သုံးဆယ့်နှစ်ပါးသော ကာယဂတာသတိပညတ်၌လည်းကောင်း။ အဋ္ဌသု ကသိဏေသုစ၊ ရှေ့ကသိုဏ်းပညတ် ရှစ်ပါးတို့၌လည်းကောင်း။ မေတ္တာ ကရုဏာ မုဒိတာသုစ၊ မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရတို့၏ အာရုံဖြစ်သော သုံးပါးသော သတ္တပညတ်အာရုံတို့၌လည်းကောင်း။ အာနာပါနေစ၊ ထွက်သက် ဝင်သက် ပညတ်၌လည်းကောင်း။ ပရိစ္ဆေဒါကာသေစ၊ ပရိစ္ဆေဒါကာသဖြစ်သော ကောင်းကင်ပညတ်၌လည်းကောင်း။ ဣတိ ဣမေသု စတုဝီသတိယာ ဌာနေသု၊ ဤနှစ်ဆယ့်လေးပါးသော အရာတို့၌။ ပဌမဇ္ဈာနံ၊ ပဌမဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ဒွတ္တိံသာကာရဋ္ဌ၊

ဒွတ္တိံသာကာရကိုလည်းကောင်း။ ဒသအသုဘာနိစ၊ အသုဘ ဆယ်ပါးတို့ကိုလည်းကောင်း။ ဌပေတွာပန၊ ချန်ထား၍ကား။ အဝသေသေသု၊ ကြွင်းကုန်သော။ တေရသသုဌာနေသု၊ တစ်ဆယ့်သုံးပါးသောအရာတို့၌။ ဒုတိယဈာနံ၊ ဒုတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ တေသုယေဝ တေရသသု ဌာနေသု၊ ထိုတစ်ဆယ့်သုံးပါးသော အရာတို့၌သာလျှင်။ တတိယဈာနံ၊ တတိယဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ ပန၊ အထူးကို ဆိုဦးအံ့။ အဋ္ဌသု ကသိဏေသုစ၊ ကသိုဏ်းပညတ် ရှစ်ပါးတို့၌လည်းကောင်း။ ဥပေက္ခာဗြဟ္မဝိဟာရေစ၊ ဥပေက္ခာဗြဟ္မဝိဟာရ၏အာရုံ သတ္တပညတ်၌လည်းကောင်း။ အာနာပါနေစ၊ အာနာပါနပညတ်၌လည်းကောင်း။ ပရိစ္ဆေဒါကာသေစ၊ ပရိစ္ဆေဒါကာသဟု ဆိုအပ်သော ကောင်းကင်ပညတ်၌လည်းကောင်း။ စတူသု အာရုပ္ပေသုစ၊ အရူပဈာန်၏ အာရုံ လေးပါးတို့၌လည်းကောင်း။ ဣတိ ဣမေသု ပန္နရသသု ဌာနေသု၊ ဤတစ်ဆယ့်ငါးပါးသော အရာတို့၌။ စတုတ္ထဈာနံ၊ စတုတ္ထဈာန်ကို။ သမာပဇ္ဇိ၊ ဝင်စားတော်မူ၏။ အယံပိစ၊ ဤပြဆိုအပ်ပြီးသော စကားသည်လည်း။ သံခေပကထာဝ၊ အကျဉ်းဖြစ်သော စကားသာတည်း။ ပန၊ စင်စစ်သော်ကား။ ဝိဒေသံ၊ အရပ်တစ်ပါးသို့။ ဂန္တုကာမော၊ သွားလိုသောသူသည်။ ဉာတိဇနံ၊ ဆွေမျိုးသားချင်းစသော သူအပေါင်းကို။ အာလိင်္ဂေတွာ၊ လည်ကိုဖက်(နှုတ်ဆက်)၍။ ဂစ္ဆတိဝိယ၊ သွားသကဲ့သို့။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန် ပြည်သို့။ ပဝိသန္တော၊ ဝင်တော်မူလိုသော။ ဓမ္မသာမိ၊ တရားကို အစိုးရတော်မူသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စတုဝီသတိကောဋိသတ သဟဿ-သင်္ချာ၊ ကုဋေ နှစ်သန်းလေးသိန်း အရေအတွက် ရှိကုန်သော။ သမာပတ္တိယော၊ ဈာနသမာပတ်တို့ကို။ ပဝိသိတွာ၊ ဝင်စား၍။ သဗ္ဗသမာပတ္တိသုခံ၊ အလုံးစုံသော သမာပတ်ချမ်းသာကို။ အနုဘဝိတွာ၊ အစဉ်ခံစားတော်မူ၍။ ပဝိဋ္ဌော၊ ဝင်တော်မူ၏။

## ပရိနိဗ္ဗာန်ပြုခြင်းနှင့်ပတ်သက်၍သိအပ်သော အမေးအဖြေရှင်းလင်းချက်များ

ပရိနိဗ္ဗာန်ပြုခြင်းသည် လေးပါးရှိ၏။ လေးပါးဟူသော်ကား—ရူပါဝစရ ကြိယာစတုတ္ထဈာန်၏ အခြားမဲ့၌ ဝီထိတစ်ပါးမခြားဘဲ ပရိနိဗ္ဗာန်ပြုခြင်းဟု ဆိုအပ်သော ဈာနသမနန္တရ ပရိနိဗ္ဗာန်တစ်ပါး။

ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်းဟု ဆိုအပ်သော ဈာနင်္ဂ ပစ္စဝေက္ခဏာ သမနန္တရ ပရိနိဗ္ဗာန်တစ်ပါး။

မဂ်ဖိုလ်နိဗ္ဗာန် ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ လေးဝီထိတို့တွင် တစ်ပါးပါး၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်းဟု ဆိုအပ်သော မဂ္ဂါဒိပစ္စဝေက္ခဏာသမနန္တ ရပရိနိဗ္ဗာန်တစ်ပါး။

နာမ်ရုပ်စသော တရားတို့တွင် တစ်ပါးပါးကို အာရုံပြု၍ဖြစ်သော ဝီထိ တစ်ပါးပါး၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်းဟု ဆိုအပ်သော နာမရူပါဒိသမနန္တ ရ ပရိနိဗ္ဗာန်တစ်ပါး။ ဤသို့အားဖြင့် ပရိနိဗ္ဗာန်ပြုခြင်းသည် လေးပါးရှိ၏။ ဤ လေးပါး၌ သမနန္တ ရဆိုသည်ကား ၎င်းဝီထိတို့နောင် ဝီထိတစ်ပါး မခြား မချပ်ဘဲ စုတိစိတ်ကျ သည်ကို သမနန္တ ရဟု ဆိုသည်။

ထိုလေးပါးတို့တွင် ငါတို့မြတ်စွာဘုရားသခင်၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါကို ဆင်ခြင်သော ဒုတိယပစ္စဝေက္ခဏာ ဝီထိ၏ အခြားမဲ့၌ ဘဝင်သို့ သက်သောအခါ ပရိနိဗ္ဗာန်ပြုခြင်းကြောင့် ဈာနင်္ဂ-ပစ္စဝေက္ခဏာ သမနန္တ ရ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု မှတ်ရမည်။

မြတ်စွာဘုရား၏ ပရိနိဗ္ဗာနာသန္န စုတိစိတ်တော်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် အဘယ်သို့ အာရုံပြုသနည်း။

"သန္ဓေဘဝင်၊ သုံးအင်စုတိ၊ တူဘိအာရုံ၊ ပြုတုံမချွတ်" ဟူ၍လည်းကောင်း၊ "စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်မူ၊ ထင်ဘိတစ်၊ ဂတိနိမိတ်" ဟူ၍လည်းကောင်း စပ်ဆိုတော်မူသောကြောင့် မြတ်စွာဘုရား၏ စုတိစိတ်တော် သည် ၎င်းနိမိတ်သုံးပါးတို့တွင် ဂတိနိမိတ်ကို အာရုံပြုသည်။

မြတ်စွာဘုရားသခင်သည် ဘယ်အခါ ဘယ်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုသနည်း။

> သဗ္ဗေ ဘဝင်္ဂစိတ္တေနေဝ အဗျာကတေန ဒုက္ခသစ္စေန ကာလံ ကရောန္တိ။ (ဒီ—ဋ၊ ၂။ ၁၈၆။)

ဟူသော ပါဠိအရ မြတ်စွာဘုရားနှင့်တကွ သတ္တဝါဟူသမျှတို့သည် ဤဘဝ ပဋိသန္ဓေစိတ်နှင့် အာရုံတူသော စိတ်ဖြင့်သာ စုတေကြမြဲဖြစ်၍ မြတ်စွာဘုရားသခင် သည် ဘဝင်သက်သောအခါ ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုသည်။

နိဗ္ဗာန်သည် ဘယ်နှစ်ပါး ရှိသနည်း။

ကိလေသာတို့၏ ငြိမ်းခြင်း ကိလေသနိဗ္ဗာန် တစ်ပါး၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တည်း ဟူသော ခန္ဓာငါးပါး၏ ငြိမ်းခြင်း ခန္ဓပရိနိဗ္ဗာန် တစ်ပါး၊

ကမ္မပစ္စယဥတုသမုဋ္ဌာနရုပ်တည်းဟူသော ခတ်တော်တို့၏ ငြိမ်းခြင်း ဓာတုပရိနိဗ္ဗာန်တစ်ပါးအာ ဖြင့် သုံးပါ ရှိသည်။

၎င်းနိဗ္ဗာန်သုံးပါး၏ ငြိမ်းရာကာလ ဒေသအရပ်ကား အဘယ်နည်း။

ဗောဓိပင်၏အနီး ရွှေပလ္လင်ထက် အရဟတ္တမဂ်ခဏ၌ ကိလေသာတို့၏ ငြိမ်းရာကာလအရပ် မည်၏။ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံတော်မူသောအခါ စုတိဘဝင်ကွဏ၏ အခြားမဲ့ခဏ၌ ခန္ဓာငါးပါး၏ ငြိမ်းရာ ကာလ အရပ်မည်၏။ နောင်သာသနာတော် ကွယ်သောအခါ ဗောဓိပင် ရွှေပလ္လင်သည် ဓာတ်တော်တို့၏ ငြိမ်းရာ ကာလ အရပ်မည်၏။ ဤသုံးပါးသော အရပ်သည် သုံးပါးသော နိဗ္ဗာန်၏ ငြိမ်းရာ ကာလအရပ်မည်၏။

ယခု ပရိနိဗ္ဗာန်ပြုခြင်းသည် ဘယ်ပရိနိဗ္ဗာန်နည်း။

ကုသိနာရုံပြည်၊ မလ္လာမင် တို့၏ အင်ကြင်းဥယျာဉ်၌ ခန္ဓာငါးပါး၏ ငြိမ်းခြင်းကြောင့် ခန္ဓပရိနိဗ္ဗာန်ဖြစ်၏။

> တတ္ထ ကိလေသပရိနိဗ္ဗာနံ ဗောဓိမူလေ အဟောသိ၊ ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ၊ ဓာတုပရိနိဗ္ဗာနံ အနာဂတေ ဘဝိဿတိ။

တတ္ထ၊ ထိုသုံးပါးသော နိဗ္ဗာန်တို့တွင်။ ကိလေသပရိနိဗ္ဗာနံ၊ ကိလေသာတို့၏ ငြိမ်းခြင်းဟု ဆိုအပ်သော နိဗ္ဗာန်သည်။ ဗောဓိမူလေ၊ ဗောဓိပင်၏ အနီးဖြစ်သော ရတနာပလ္လင်ထက် အရဟတ္တမဂ်ခဏ ကာလ၌။ အဟောသိ၊ ဖြစ်ပြီ။ ခန္ဓပရိနိဗ္ဗာနံ၊ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ခန္ဓာငါးပါးတို့၏ ငြိမ်းခြင်းဟု ဆိုအပ်သော နိဗ္ဗာန်သည်။ ကုသိနာရာယံ၊ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူသော စုတိဘဂ်က္ခဏ၏ အခြားမဲ့ကာလ၌။ အဟောသိ၊ ဖြစ်ပြီ။ ဓာတုပရိနိဗ္ဗာနံ၊ ကမ္မပစ္စယဥတုသမုဋ္ဌာနရုပ်တည်းဟူသော ဓာတ်တော်တို့၏ ငြိမ်းခြင်းဟု ဆိုအပ်သော နိဗ္ဗာန်သည်။ အနာဂတေ၊ နောင်သာသနာတော် ကွယ်သော ကာလ၌။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

**အမေး။** ။စတုတ္ထဈာန်အရကို အရဟတ္တဖိုလ် စတုတ္ထဈာန်ကို ယူရမည်လော။

**အဖြေ။** ။ရူပါဝစရကြိယာ စတုတ္ထဈာန်ကို ယူရမည်။

အရဟတ္တဖလသမာပတ်ကို ဝင်စား၍ အရဟတ္တဖိုလ်ဟု ဆိုအပ်သော နိရောဓသစ္စာဖြင့် ပရိနိဗ္ဗာန်ပြုသလော။

ရူပါဝစရကြိယာ စတုတ္ထဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှ ထ၍ ထသည်၏ အခြားမဲ့ ထိုဈာန်၌ရှိသော ဈာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဇောဝီထိ၏ အခြားမဲ့၌ ဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်ပြုသည်။

လောကီစိတ် ရှစ်ဆယ့်တစ်ပါး၊ လောဘကြဉ်သော စေတသိက် ငါးဆယ့်တစ်ပါး၊ ရုပ်နှစ်ဆယ့်ရှစ်ခုအားဖြင့် ပေါင်း တစ်ရာ့ခြောက်ဆယ်သော တရားတို့သည် ဒုက္ခသစ္စာချည်းဖြစ်၍ ထိုတရားတို့တွင် အမှတ်မဲ့ပြုချင်ရာ တစ်ပါးပါးနှင့် ပရိနိဗ္ဗာန်ပြုသလော။

ထိုဒုက္ခ သစ္စာဖြစ်သော တရားတို့တွင် အမှတ်မဲ့ပြုချင်ရာ တစ်ပါးပါးနှင့် ပြုသည်မဟုတ်၊ အဗျာကတဖြစ်သော တရားနှင့် ပရိနိဗ္ဗာန်ပြုသည်။

၎င်းအဗျာကတအရသည် နာမ်ရုပ်နှစ်ပါးပင် ဖြစ်သောကြောင့် ၎င်းနှစ်ပါးလုံးနှင့်ပင် ပရိနိဗ္ဗာန်ပြုလေသလော။

နာမ်ရုပ်နှစ်ပါးပင် ဖြစ်ငြားသော်လည်း “စိတ္တေန” ဟူသော ပါဌ်ကို ထောက်သဖြင့် နာမ်တရားတည်းဟူသော စိတ်နှင့် ပရိနိဗ္ဗာန်ပြုသည်။

ထိုနာမ်အရ ဖြစ်သော စိတ်သည် ဝိပါက်ကြိယာနှစ်ပါးဖြစ်ခြင်းကြောင့် အမှတ်မဲ့ယူချင်ရာ တစ်ပါးပါးကို ယူရမည်လော။

ထိုနာမ်အရ ဖြစ်သော စိတ်သည် ဝိပါက်စိတ် ကြိယာစိတ် နှစ်ပါးနှင့် ဆက်ဆံငြားသော်လည်း အမှတ်မဲ့ ယူချင်ရာ တစ်ပါးပါးကို မယူရ၊ “ဘဝင်” ဟူသော ပါဌ်ကို ထောက်သဖြင့် ဘဝင်ထိုက်သော ဝိပါက်စိတ်ကို ယူရမည်။

ဘဂဝါ ပန ဈာနံ သမာပဇ္ဇိတွာ ဈာနာ ဝုဋ္ဌာယ ဈာနင်္ဂါနိ
ပစ္စဝေက္ခိတွာ ဘဝင်္ဂစိတ္တေန အဗျာကတေန ဒုက္ခသစ္စေန ပရိနိဗ္ဗာယိ။
(ဒီ-ဋ္ဌ၊ ၂။ ၁၈၆။)

ပန၊ ငါတို့မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ကို ပြဦးအံ့။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဈာနံ၊ ပရိနိဗ္ဗာန်စံတော်မူခါနီး ကာလဝယ် ဝင်စားအပ်ကုန်သော ကုဋေနှစ်သန်းလေးသိန်း အရေအတွက်ရှိကုန်သော သမာပတ်တို့၏ အဆုံးစွန်ဖြစ်သော ရူပါဝစရကြိယာ စတုတ္ထဈာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စားတော်မူ၍။ ဈာနာ၊ ဝင်စားတော်မူသော ရူပါဝစရကြိယာ စတုတ္ထဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ဈာနင်္ဂါနိ၊ ထိုစတုတ္ထဈာန်၌ ရှိကုန်သော ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးတို့ကို။ ပစ္စဝေက္ခိတွာ၊ အစဉ်အတိုင်း အသီးသီး ရှုဆင်ခြင်ပြီး၍။ ဒုက္ခသစ္စေန၊ လောကီစိတ် ရှစ်ဆယ့်တစ်ခု၊ လောဘကြဉ်သော စေတသိက်

ငါးဆယ့်တစ်ခု၊ ရုပ်နှစ်ဆယ့်ရှစ်ခုဟုဆိုအပ်သော ဒုက္ခသစ္စာဖြစ်သော။ အဗျာ–
ကတေန၊ အဗျာကတဖြစ်သော။ (ဝါ) နာမ်ရုပ်ဖြစ်သော၊ ဘဝင်စိတ္တေန၊ ဘဝင်
စိတ်ဖြင့်။ (ဝါ) ဝိပါက်ဟု ဆိုအပ်သော ဘဝင်,နာမ်ဟု အပ်သော စိတ်ဖြင့်။ (ဝါ)
မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ပဋ္ဌမအသင်္ခါရိက ဘဝင်
စိတ်ဖြင့်။ ပရိနိဗ္ဗာယိ၊ ကေဂ္ဂတာကို ဆင်ခြင်သော ဒုတိယ ပစ္စဝေက္ခဏာဝီထိ၏
အခြားမဲ့၌ ဒုက္ခသစ္စာဖြင့် စုတေခြင်းဟု ဆိုအပ်သော ပရိနိဗ္ဗာန်ပြုတော်မူ၏။

## သဟမ္ပတိဗြဟ္မာ၊ သိကြားမင်း၊ အရှင်အနုရုဒ္ဓါတို့ သံဝေဂ ဓမ္မဂါထာရွတ်ကြခြင်း

ယင်းသို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ သဟမ္ပတိ ဗြဟ္မာမင်း
သည် စကြဝဠာအလုံးကို ကြားစေလျက် အောက်ပါ ဂါထာကို ရွတ်၏။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယထာ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။
(ဒီ–၂၊ ၁၂၉။)

လောကေ၊ လောကသုံးပါး၌။ အပ္ပဋိပုဂ္ဂလော၊ တုဘက်မရှိကင်းသောပုဂ္ဂိုလ်
ဖြစ်ထသော။ တထာဂတော၊ ကောင်းသောလာခြင်း ရှိထသော။ ဗလပ္ပတ္တော၊ ဒသ
ဗလဉာဏ်တည်းဟူသော အားနှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူထသော။ သတ္ထာ၊
လူ၊ နတ်တို့ကို သိတော်မူပြီးထသော။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုတော်မူရသော။
ဧတာဒိသော ယထာ၊ ဤသို့ ဆိုအပ်ပြီးသောဂုဏ်နှင့် ပြည့်စုံသော သဘောရှိသော
ရှင်ဂေါတမဘုရားကဲ့သို့။ လောကေ၊ လောက၌။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်
ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊ ကိုးရာသော အရိုးတို့ဖြင့်
ဆောက်လုပ်အပ်သော ခန္ဓာငါးပါးဟု ဆိုအပ်သော ကိုယ်ကို။ နိက္ခိပိဿန္တိ၊
မြေ၌ မချွတ် ပစ်ချရကုန်လတ္တံ့။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။
(ဒီ–၂၊ ၁၂၉။)

သိကြားမင်းသည် ဤဂါထာကို ရွတ်၏။

သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝတ ဧကန္တေန၊ စင်စစ်သဖြင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်းပျက်ခြင်းသဘော ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုဖြစ်တတ် ပျက်တတ်ကုန်သော သင်္ခါရ သဘောတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ချမ်းသာ၏။

အရှင်အနုရုဒ္ဓါသည်လည်း—

> နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
> အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရီ မုနိ။
> အသလ္လီနေန စိတ္တေန၊ ဝေဒနံ အဇ္ဈဝါသယိ။
> ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။
>
> (ဒီ—၂၊ ၁၂၉။)

ဟူသော နှစ်ဂါထာကို ရွတ်တော်မူ၏။

အနေဇော၊ ဧဇ—ဟု ဆိုအပ်သော တဏှာကင်းပြီးထသော။ ယောမုနိ၊ အကြင်မြတ်စွာဘုရားသည်။ သန္တိံ၊ နိဗ္ဗာန်သို့ ဝင်ခြင်းကို။ အာရဗ္ဘ၊ ရည်၍။ (ဝါ) အကြောင်းပြု၍။ ကာလံ၊ ပရိနိဗ္ဗာန်ပြုခြင်းဟုဆိုသော သေခြင်းကို။ အကရီ၊ ပြုတော်မူပြီ။ သောမုနိ၊ ထိုမြတ်စွာဘုရားသည်။ အသလ္လီနေန၊ တွန့်တိုခြင်း မရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ ဝေဒနံ၊ ကာယိက ဒုက္ခဝေဒနာကို။ အဇ္ဈဝါသယိ၊ သည်းခံတော်မူပြီ။ ဌိတ စိတ္တဿ၊ တည်ကြည်သောစိတ် ရှိထသော။ တာဒိနော၊ သည်းခံခြင်းနှင့် ပြည့်စုံတော်မူထသော။ တဿ၊ ထိုမြတ်စွာဘုရား၏။ အဿာ-သပဿာသော၊ ထွက်သက် ဝင်သက်သည်။ နာဟု၊ မဖြစ်ပြီ။ (ဝါ) မရှိပြီ၊ ချုပ်ပြီ။ ပဇ္ဇောတဿ၊ ဆီမီးတောက်၏။ နိဗ္ဗာနံဣဝ၊ ငြိမ်းခြင်းကဲ့သို့။ စေတသော၊ စိတ်တော်၏။ ဝိမောက္ခော၊ သင်္ခါရတရားတို့မှ ကင်းလွတ်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ဤ "အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရီ မုနိ" ဟူသော ပါဌ်ကို ထောက်၍ မြတ်စွာဘုရား၏ စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြုသည်ဟု အများ ယူကြကုန်၏။ သုတ်မဟာဝါ ပါဠိတော် နိသျကို ရေးသော နေရင်းဆရာတော် အလိုကား မြတ်စွာဘုရား၏ စုတိစိတ်တော်သည် သင်္ခါရတရားကို အာရုံပြုသည် ဟု ယူသည်။

## ပုထုဇဉ်များနှင့်သောတာပန်၊ သကဒါဂါမ်ရဟန်းတို့က အစ ငိုကြွေးမြည်တမ်းကြခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါ ထိုပရိနိဗ္ဗာန်ပြုရာအရပ်၌ နေကုန်သော ပုထုဇဉ် သောတာပန် သကဒါဂါမ်ဖြစ်ကုန်သော ရဟန်းတို့သည် သက်ကြီး ရှိုက်တငင် ပင်ပန်းလျက် ဦးခေါင်းထက်၌ လက်ကို မြှောက်ပြီးလျှင် ဤသို့တသ၍ ငိုကြွေးကြကုန်၏။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လောက၌ ကွယ်ခဲ့ပြီဟု ဤသို့ မြည်တမ်း၍ ပြင်းပြစွာ ငိုကြွေးကြကုန်၏။ မြေ၌ ထိုမှဤမှ ပြောင်းပြန် လူးလဲကြကုန်၏။

အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သာလျှင် သတိတရား အဆင်အခြင် ပညာတရား နှင့် ပြည့်စုံကုန်သည်ဖြစ်၍ သင်္ခါရတရားတို့သည် စင်စစ်အားဖြင့် အမြဲမရှိကုန်၊ ဤသင်္ခါရတရားတို့၌ မြဲသည်၏အဖြစ်ကို အဘယ်အခါမှာ တတ်နိုင်ကုန်အံ့နည်းဟု နှလုံးသွင်းပြီးလျှင် သည်းခံ၍ နေကြကုန်၏။

ထိုသို့ ငိုကြွေးကြသောအခါ အရှင်အနုရုဒ္ဓါသည် ဤသို့မိန့်တော်မူ၏။ ငါ့ရှင်တို့၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို မပြုကြကုန်လင့်၊ ငါ့ရှင်တို့ကို မြတ်စွာ ဘုရားသည် နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ စသည်ကို အကြောင်းပြု၍ ပရိဒေဝ မပြုကြကုန်လင့်ဟု ဟောကြားအပ်ပြီမဟုတ်လော။ ငါ့ရှင်တို့၊ ဤသင်္ခါရ တရား၌ အကျုံးဝင်သော မြတ်စွာဘုရားကို မပျက်စီးစေဘဲ အမြဲတည်စိမ့်သောငှာ အဘယ်မှာ တတ်နိုင်ပါအံ့နည်းဟု တရားလမ်းကြောင်းဖြင့် ပြသ၍ သက်သာရာကို ရစေ၏။

အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါ၊ နတ်တို့သည် အဘယ်သို့ နှလုံးသွင်း ကြပါသနည်းဟု မေး၏။

ငါ့ရှင်အာနန္ဒာ၊ ကောင်းကင်ပြင်၌ နေကုန်သော နတ်တို့သည် ဆံပင်ကို ဖရိဖရဲ ကြဲဖြန့်ကုန်လျက် လက်နှစ်ဘက်တို့ကို မြှောက်ကာ မြှောက်ကာ တသ မြည်တမ်း၍ ငိုကြွေးကြကုန်၏။ မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်စံတော် မူခဲ့ပြီ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ၊

ရွှေဘုန်းတော် အရှင်ဘုရားသည် သတ္တဝါတို့ အစီးအပွားကို ကျင့်ဆောင်၍ တာရှည်အောင်မျှ မနေရဘဲ ထွက်လာသော နေမင်းသည် နေ့ချင်းပင် ဝင်ဘိ သကဲ့သို့ လူ၊ နတ်တို့အား အဝိဇ္ဇာတည်းဟူသော မှောင်မှ အလင်းမရအောင် တစ်ခဏာဖြင့် ပရိနိဗ္ဗာန် စံလွန်တော်မူသည်ဟု မြည်တမ်း၍ ငိုကြွေးကြကုန်၏။ အနာဂါမ် ရဟန္တာဖြစ်ကုန်သော နတ်တို့သည် သင်္ခါရ သဘောတရားကို နှလုံး ထားပြီးလျှင် သည်းခံ၍ နေကြကုန်၏ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူ၏။

ထိုအခါ အရှင်အနုရုဒ္ဓါမှ စ၍ များစွာသော ရဟန်းတို့သည် ဤသို့သော တရားစကားကို ပြောဆိုကြကုန်၏။ ငါ့ရှင်တို့၊ လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားအားလည်း ဤသေမင်းလက်မှ မလွတ်နိုင်ချေ။ ဘုရားမှ ကြွင်းသော ငါတို့ သူငါများစွာသော လူအပေါင်းသည်ကား အဘယ်မှာလျှင် သေမင်းလက်မှ လွတ်နိုင်အံ့နည်းဟု ဤသို့စသော သေခြင်းနှင့်စပ်သော တရားစကားကို ပြောကြား ကြ၍ ထိုညဥ့်အကြွင်းကို လွန်စေသဖြင့် တစ်မုဟုတ်မျှဖြင့် အရုဏ်တက်လေ၏။

ထို့နောက် မိုးသောက်၍ အလင်းသို့ရောက်သောအခါ အရှင်အနုရုဒ္ဓါသည် ငါ့ရှင်အာနန္ဒာ၊ ကုသိနာရုံပြည်တွင်းသို့ သွား၍ မလ္လာမင်းတို့အား ဘုရား ပရိနိဗ္ဗာန် ယူကြောင်း၊ ဆောင်ရွက်ရန် ကိစ္စရှိကြောင်းများကို ပြောကြားပါချေဟု စေသော အခါ အရှင်အာနန္ဒာသည် တစ်ပါးတည်းသွား၍ ပြောကြားလေ၏။

မလ္လာမင်း၊ မလ္လာမိဖုရားတို့သည် မိမိတို့၏ သားသမီး၊ ချွေးမ၊ ဆွေမျိုး တို့နှင့်တကွ မြတ်စွာဘုရား ရှိရာအရပ်သို့ ရှေးရှုကြကုန်လျက် နှလုံးမသာခြင်း၊ စိတ်၏ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဆံပင်ကို ဖရိုဖရဲ ကြဲဖြန့် ကြကုန်လျက် လက်နှစ်ဘက်တို့ကို မြှောက်ချီ၍ ငိုကြွေးမြည်တမ်းကြကုန်၏။

## သာစုကိဋ္ဌနသဘင်ကျင်းပခြင်းပဋ္ဌမသတ္တာဟ

ထို့နောက်မှ မလ္လာမင်းတို့သည် မင်းချင်းယောကျ်ား တစ်ယောက်အား ငါတို့ ကုသိနာရုံပြည်၌ ပန်းနံ့သာ အထုံအခိုး အမွှေးမျိုးတို့ကိုလည်းကောင်း၊ တီးမှုတ်ရန် စည်၊ စောင်း၊ ငြင်း၊ မောင်း၊ ကြေးနင်း စသော တူရိယာအမျိုးမျိုး တို့ကိုလည်းကောင်း၊ ငါးရာသော ပုဆိုးအစုံတို့ကိုလည်းကောင်း ယူဆောင်ခဲ့ကြ၍ ဘုရား ပရိနိဗ္ဗာန်ဝင်ရာဌာနသို့ စည်းဝေးကြကုန်လော့ဟု စေလိုက်၏။

ၝင်းမင်းချင်းယောကျ်ားသည် စေတိုင်းပြောကြားသောအခါ ကုသိနာရုံပြည်၌ နေကုန်သော မလ္လာမင်းတို့သည် ဆွေမျိုးသားချင်း ပြည်သူပြည်သားတို့နှင့်

တကွ မှာသမျှကို ယူဆောင်၍ အလောင်းတော်ရှိရာသို့ စည်းဝေးရောက်လာကြကုန်၏။

မလ္လာမင်းတို့သည် မြတ်စွာဘုရား အလောင်းတော်ကို အကျော် စမ္မာပန်းနံ့သာတို့ဖြင့် ပြွမ်းလျက် ထူးဆန်းသာယာသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် အရိုအသေ အလေးအမြတ် ပူဇော်ခြင်းကို ပြုကြကုန်၏။

အသစ်စက်စက်သော ပုဆိုးဗိတာန်ကိုလည်းကောင်း၊ ရဟန်းသင်္ဃာတို့ တည်းခိုရာ ပုဆိုးမဏ္ဍပ်ကိုလည်းကောင်း၊ ရဟန်းသင်္ဃာတို့အား ကပ်လှူရန် ဆွမ်းခဲဖွယ်ဘောဇဉ်ကိုလည်းကောင်း ပြုပြင်စီရင်ကြကုန်လျက် လူ၊ နတ်တို့သည်လည်း အထူးထူးသော ပူဇော်ဖွယ်တို့နှင့် အရိုသေ အလေးအမြတ် ပြုကြကုန်လျက် ထိုနေ့ကို လွန်စေကုန်၏။

ထို့အတူ နှစ်ရက်မြောက်သောနေ့၊ သုံးရက်မြောက်သောနေ့၊ လေးရက်မြောက်သောနေ့၊ ငါးရက်မြောက်သောနေ့၊ ခြောက်ရက်မြောက်သောနေ့ကို လွန်၍ ခုနစ်ရက်မြောက်သော တနင်္လာနေ့သို့ ရောက်သောအခါ မလ္လာမင်းတို့သည် ဤသို့သောအကြံသည်ဖြစ်၏။ ငါတို့သည် မြတ်စွာဘုရားသခင်၏ အလောင်းတော်ကို မြို့၏ တောင်မျက်နှာ၊ တောင်မျက်နှာအရပ်အဖို့ဖြင့် တောင်မျက်နှာအရပ်အဖို့သို့ ဆောင်ယူခဲ့၍ မြို့၏အပဖြစ်သော ပြင်အရပ်ဖြင့် အပဖြစ်သော ပြင်အရပ်သို့ ဆောင်၍ မြို့၏ တောင်အရပ်၌ ထားပြီးလျှင် မီးဖြင့် ပူဇော်သက္ကာရကို ပြုကြကုန်အံ့ဟု ဤသို့သောအကြံသည် ဖြစ်ကြကုန်၏။

ထိုအခါ ရှစ်ယောက်ကုန်သော ခွန်အားကြီးသော မလ္လာမင်းတို့သည် သန့်ရှင်းသော အဝတ်သစ်ကို ဝတ်ကြကုန်လျက် မြတ်စွာဘုရား အလောင်းတော်ကို ထမ်းကြသောအခါ ကြွစိမ့်သောငှာ မတတ်နိုင်၍ အရှင်အနုရုဒ္ဓါအား အကြောင်းကို လျှောက်ကြားကြကုန်၏။

မလ္လာမင်းတို့၊ သင်တို့၏ စိတ်အလိုအကြံနှင့် နတ်တို့၏ စိတ်အလိုအကြံသည် မတူကြသောကြောင့် မကြွချီနိုင်ဟု မိန့်တော်မူလျှင် အရှင်ဘုရား၊ နတ်တို့၏ စိတ်အလိုအကြံကား အဘယ်သို့ ကြံပါသနည်းဟု လျှောက်၏။

မလ္လာမင်းတို့၊ နတ်တို့၏ စိတ်အလိုအကြံကား မြတ်စွာဘုရား၏ အလောင်းတော်ကို နတ်၌ဖြစ်သော စည်၊ စောင်း၊ ငြင်း တူရိယာတို့နှင့် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ ပန်းနံ့သာစသည်တို့ဖြင့်လည်းကောင်း၊ အရိုအသေ အလေးအမြတ် ပူဇော်ကုန်လျက် မြို့၏ အနောက်ဖြင့် မြောက်သို့

ယူဆောင်၍ မြို့၏ မြောက်မျက်နှာ မြောက်တံခါးဖြင့် မြို့တွင်းသို့ ဝင်၍ မြို့လယ်ခရီးဖြင့် ယူဆောင်ပြီးလျှင် အရှေ့တံခါးဖြင့် ထွက်၍ မြို့၏ အရှေ့အရပ်၌ မလ္လာမင်းတို့၏ မင်္ဂလာပြုရာ, တန်ဆာဆင်ရာ, ဦးရစ်မကိုဋ်ဖွဲ့ရာ, အဆန်းအကြယ် ပြုရာဖြစ်သော မကုဋဗန္ဓနအရပ်၌ အလောင်းတော်ကို မီးဖြင့် ပူဇော်ကန်အံ့ဟု နတ်တို့ အကြံရှိသည်ကို မိန့်တော်မူ၏။

ထိုအခါ မလ္လာမင်းတို့သည် နတ်တို့၏ အလိုအတိုင်းပင် ပြုပါမည်ဟု ဝန်ခံပြီးလျှင် အလောင်းတော်သွားရာ မြို့အနောက်ဖြစ်သော လမ်းခရီးကို သုတ်သင် ရှင်းလင်းစေ၍ ထိုမျှလောက်သော လမ်းခရီးအရပ်၌ ပုဆစ်ဒူးအပိုင်းအခြား၊ ပမာနရှိသော မန္ဒာဝရ အမည်ရှိသော ထင်ရှားပန်းတို့ကို နတ်တို့သည် ကြဲဖြန် ကုန်၏။ ထိုအခါ နတ်နှင့် တကွသော မလ္လာမင်းတို့သည် မြတ်စွာဘုရား အလောင်းတော်ကို ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ ပန်း နံ့သာ, နံ့သာပျောင်း, အခိုးအထုံအမှုန်တို့ဖြင့်လည်းကောင်း၊ အရပ်ထက်ဝန်းကျင်မှ ခြံရံကုန်၍ အရိုအသေ အလေးအမြတ် ပြုလျက် မြတ်နိုးပူဇော်ကြကုန်လျက် မြို့၏ အနောက်ဘက်မှ မြောက်အရပ်သို့ ယူဆောင်၍ မြို့၏ မြောက်တံခါးဖြင့် မြို့တွင်းသို့ ဝင်၍ မြို့လယ်ခရီးဖြင့် ဆောင်ယူလေ၏။

မြို့လယ်ခရီးဖြင့် အရှေ့တံခါးသို့ ဆောင်ယူခဲ့သောအခါ ဗန္ဓုလ စစ်သူကြီး၏ ခင်ပွန်းမ,ဖြစ်သော မလ္လိကာသည် မြတ်စွာဘုရားအလောင်းတော်ကို ဆောင်ယူ၍ လာသည်ဟု ကြားလျှင် ဗန္ဓုလစစ်သူကြီး သေသည်မှ စ၍ မဆင်မဝတ်ဘဲ ထားအပ်သော ရတနာ ခုနစ်ပါးဖြင့် ပြုလုပ်အပ်သော မဟာလတာတန်ဆာကို မြတ်စွာဘုရားအား ပူဇော်အံ့ဟု ကြံပြီးလျှင် နံ့သာရေတို့ဖြင့် ဆေး၍ အိမ်တံခါးဝ၌ ရပ်လျက် မျှော်လင့်ကာ နေလေ၏။

ထိုအခါ မြတ်စွာဘုရားအလောင်းတော်သည် မိမိအိမ်ဝအနီးသို့ ရောက်သော အခါ မလ္လိကာသည် ဤသို့ဆို၏။ အမောင်တို့၊ မြတ်စွာဘုရား၏ အလောင်းတော် ကို ချပါဦးဟု ဆို၍ ထိုမဟာလတာတန်ဆာဖြင့် ရွှေအဆင်းနှင့်တူသော မြတ်စွာ ဘုရား အလောင်းတော်ကို ဦးခေါင်းမှ စ၍ ဖုံးလွှမ်းရာ မဟာလတာတန်ဆာ သည် ခြေဖဝါးတော်တိုင်အောင် ရောက်လေ၏။

ရွှေအဆင်းနှင့် တူသော မြတ်စွာဘုရား၏ အလောင်းတော်ကို ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော မြတ်သော မဟာလတာတန်ဆာဖြင့် ဆင်အပ်သည် ရှိသော် အတိုင်းထက်အလွန် တင့်တယ်ခြင်းသို့ ရောက်သည်ကို မြင်ရသော မလ္လိကာသည်

အလွန်ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ဤသို့ ဆုတောင်း၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် ဤမဟာလတာ တန်ဆာ လှူရသောကောင်းမှုကြောင့် သံသရာဝဋ်၌ မလွတ်သမျှ ဘဝတို့၌ တန်ဆာ အထူးမဆင်ဝတ်ဘဲ ဆင်ဝတ်သကဲ့သို့ တင့်တယ်သောကိုယ် ရှိသည်ဖြစ်စေသောဟု ဆုတောင်းလေ၏။

ယင်းသို့ ဆုတောင်း၍ လှူပြီးသော် အလောင်းတော်ကို ယူဆောင်၍ အရှေ့တံခါးဖြင့် ထွက်ပြီးလျှင် မြို့၏အရှေ့အရပ်၌ မလ္လာမင်းတို့ တန်ဆာဆင်ရာ၊ မင်္ဂလာပြုရာ၊ ဦးရစ်မကိုင်ဖွဲ့ရာ၊ အဆန်းအကြယ်ပြုရာ ဖြစ်သော မကုဋဗန္ဓန အရပ်သို့ ရောက်လျှင် နိဗ္ဗာန်ကျောင်း၌ အလောင်းတော်ကို လျောက်ပတ်တင့်တယ်စွာ ပြုပြင်စီမံ၍ ထားကြကုန်၏။

ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာကို အဘယ်သို့ပြု၍ သဂြိုဟ်ရပါအံ့နည်းဟု လျှောက်ထားကြသောအခါ မလ္လာမင်းတို့၊ စကြဝတေးမင်း၏ အလောင်းကို သဂြိုဟ်သကဲ့သို့ မြတ်စွာဘုရားသခင်၏ အလောင်းတော်ကို သဂြိုဟ်ရမည်ဟု မိန့်တော်မူ၏။

မလ္လာမင်းတို့သည် အရှင်အာနန္ဒာ မိန့်တော်မူတိုင်း မြတ်စွာဘုရား၏ အလောင်းတော်ကို အသစ်စက်စက် အစာမကြေသော ပုဆိုးတစ်စုံရစ်ပတ်ပြီးသော် ညက်စွာ ဖတ်အပ်ပြီးသော ဝါဂွမ်းတို့ဖြင့် ရစ်ပတ်ပြန်၏။ ဝါဂွမ်းတစ်ထပ် ရစ်ပတ်ပြီးသော် အသစ်စက်စက် အစာမကြေသော ပုဆိုးတစ်စုံဖြင့် ရစ်ပတ်ပြန်၏။ ဤသို့သောနည်းဖြင့်၊ ငါးရာသော ပုဆိုးအစုံနှင့်တကွ ဝါဂွမ်းတို့ဖြင့် ရစ်ပတ်ပြီးလျှင် ရွှေဖြင့် ပြုအပ်သော တလား၌။ (ဝါ) ကျင်း၌ ထည့်သွင်း၍ ဆီလောင်းပြီးလျှင် တစ်ခုသော ရွှေဖြင့်ပြီးသော အဖုံးကို အုပ်၍ အလုံးစုံသော အနံ့တို့ဖြင့် ပြုအပ်သော ထင်းပုံထက်သို့။ (ဝါ) အတောင် တစ်ရာ့နှစ်ဆယ်ရှိသော စန္ဒကူးထင်းပုံထက်သို့ မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ကဆုန်လပြည့်ကျော် ခြောက်ရက်၊ တနင်္လာနေ့တင်ကြကုန်၏။

(မြတ်စွာဘုရားအလောင်းတော်ကို အင်ကြင်းပင်ပျိုအစုံတို့၏ အကြား ခင်းထားအပ်သော ရတနာညောင်စောင်းပေါ်မှ မကုဋဗန္ဓန သို့ ဆောင်ယူခဲ့ရာ မည်သည့်ဝတ္ထုဖြင့် ဆောင်ယူခဲ့သည်ဟု ဇိနတ္ထ၊ တထာဂတဥဒါနဒီပနီတို့၌ အထင်အရှားမလာ၊ ယင်းသို့ မလာသော်လည်း အလောင်းတော်ကို သံလျှင်းပေါ်တွင် တင်၍ ရွှေတလားနှင့် ရှေ့နောက် အတူဆောင်ယူ၍ လာသည်။ မကုဋဗန္ဓန

**အရပ်သို့ ရောက်မှ သံလျှင်းပေါ်က ရွှေတလားပေါ် ရောက်သည် ဟု မှတ်ယူသင့်သည်။)**

ယင်းသို့ ဆောင်ယူကြောင်းကို ပရိနိဗ္ဗာနပျို့တွင်—

"မင်းများ မင်္ဂလာ၊ ဆောင်ကုန်ရာဟု၊ သာယာသန့်ရှင်း၊ ဥယျာဉ်တွင်းသို့၊ ရောက်လျှင်းခါမူ၊ ဆောင်ခဲ့ ယူ၍၊ အတူရှေ့သွား၊ ရွှေတလားကို၊ တည်ထားသင့်ရာ၊ ချပြီးကာမှ၊ နံ့သာဆီပေါင်း၊ နတ်တို့လောင်း၍၊ ရှင်ကောင်းကိုယ်တော်၊ သံလျှင်းပေါ်တွင်၊ မြော်မအံ့နိုင်၊ ရွှေဘုန်းဆိုင်ကို၊ ချီကိုင်ပင့်မ၊ ဝန်းလျားချ၍၊ ယုယသာဖျား၊ ရွှေတလား၌၊ မင်းဖျားသွင်းဆုံး၊ ရွှေပျဉ်ဖုံး၍၊ ချုံးချုံးအုပ်သဲ၊ ရေးထက်ကဲ၍—"

ဟု စပ်ဆိုတော်မူသည်။

ထိုသို့ မြတ်စွာဘုရားအလောင်းတော်ကို ပုဆိုးတစ်ထပ်၊ ဝါဂွမ်းတစ်ထပ်၊ ပုဆိုးတစ်ထပ်၊ ဤသို့သောနည်းဖြင့် ချပ်ကာချပ်ကာ ရစ်ပတ်ကြောင်း၊ ဆီပြည့်သော ရွှေတလား၌ သွင်းကြောင်း၊ နံ့သာထင်းပုံထက်သို့ တင်ကြောင်းကို—

အထ ခေါ ကောသိနာရကာ မလ္လာ ဘဂဝတော သရီရံ အဟတေန ဝတ္ထေန ဝေဌေတွာ ဝိဟတေန ကပ္ပါသေန ဝေဌေသုံ၊ ဝိဟတေန ကပ္ပါသေန ဝေဌေတွာ အာဟတေန ဝတ္ထေန ဝေဌေသုံ၊ ဧတေနုပါယေန ပဉ္စဟိ ယုဂသတေဟိ ဘဂဝတော သရီရံ ဝေဌေတွာ အယသာယ တေလဒေါဏိယာ ပက္ခိပိတွာ အညိဿာ အယသာယ ဒေါဏိယာ ပဋိကုဇ္ဇိတွာ သဗ္ဗဂန္ဓာနံ စိတကံ ကရိတွာ ဘဂဝတော သရီရံ စိတကံ အာရောပေသုံ။ (ဒီ—၂၊ ၁၃၃။)

ဟု မဟာပရိနိဗ္ဗာနသုတ်၌ လာသည်။

အထခေါ၊ ထိုအခါ၌။ ကောသိနာရကာ၊ ကုသိနာရုံ တိုင်းသားဖြစ်ကုန်သော။ မလ္လာ၊ မလ္လာမင်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရံ၊ အလောင်းတော်ကို။ အဟတေန၊ အသစ်စက်စက် ကာသိကရာဇ်တိုင်း၌ ဖြစ်သော။ ဝတ္ထေန၊ ပုဆိုးဖြင့်။ ဝေဌေတွာ၊ ရစ်ပတ်၍။ ဝိဟတေန၊ ကောင်းစွာ ဖတ်အပ်ပြီးသော။ (ဝါ) ညက်စွာ ဖတ်အပ်ပြီးသော။ ကပ္ပါသေန၊ ဝါဂွမ်းဆိုင်ဖြင့်။ ဝေဌေသုံ၊ ရစ်ပြန်ကုန်၏။ ဝိဟတေန၊ ကောင်းစွာဖတ်အပ်ပြီးသော။ ကပ္ပါသေန၊ ဝါဂွမ်းဆိုင်ဖြင့်။ ဝေဌေတွာ၊

ရစ်ပတ်ပြီး၍။ အဟတေန၊ အသစ်စက်စက် ကာသိကရာဇ်တိုင်း၌ ဖြစ်သော။ ဝတ္ထေန၊ ပုဆိုးဖြင့်။ ဝေဌေသုံ၊ ရစ်ပြန်ကုန်၏။ ဧတေနုပါယေန၊ ဤသို့သော နည်းဖြင့်။ ပဉ္စဟိယုဂသတေဟိ၊ ငါးရာသော ပုဆိုးအစုံတို့ဖြင့်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရံ၊ အလောင်းတော်ကို။ ဝေဌေတွာ၊ ရစ်ပတ်၍။ အယသာယ၊ ရွှေဖြင့်ပြီးသော။ တေလဒေါဏိယာ၊ ဆီဖြင့် ပြည့်သော တလား၌။ (ဝါ) အနံ ရှစ်တောင်, အလျား အတောင်နှစ်ဆယ်ရှိသော တလား၌။ ပက္ခိပိတွာ၊ ထည့် သွင်း၍။ အညိဿာ၊ တစ်ပါးသော။ (ဝါ) တစ်ခုသော။ အယသာယ၊ ရွှေဖြင့် ပြီးသော။ ဒေါဏိယာ၊ တလားဖုံးကို။ (ဝါ) တလားဖုံးဖြင့်။ ပဋိကုဇ္ဇိတွာ၊ အုပ်၍။ (ဝါ) မှောက်၍။ သဗ္ဗဂန္ဓာနံစိတကံ၊ အလုံးစုံသော နံ့သာထင်းပုံကို။ ကရိတွာ၊ ပြု၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရံ၊ အလောင်းတော်ကို။ စိတကံ၊ **ထင်းပုံထက်သို့**။ အာရောပေသုံ၊ ထိုခုနစ်ရက်မြောက်သောနေ့၌ပင် တင်ကြကုန်၏။

**ၡင်းတလားသည်** လူတို့လုပ်အပ်သော တလားမဟုတ်။ ဝိသုကြုံနတ်သား **သည် ဘုရားသခင် အ**လောင်းတော်ပမာဏ အနံ ရှစ်တောင်၊ အလျား အတောင် **နှစ်ဆယ်ရှိသော ရတနာအ**တိပြီးသော မြတ်သော တလားကို ဖန်ဆင်း၍ စင်ကြယ်**စွာသော ဝါဂွမ်းဆိုင်**တို့ဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ကို ရစ်ပတ်၍ ၎င်းရတနာ**အတိပြီးသော** တလား၌ သွင်းပြီးလျှင် နံ့သာဆီဖြင့် ပြည့်စေ၍ တစ်ခုသော ရွှေတလားဖုံးဖြင့် ပိတ်အုပ်ကုန်၏။

> ဘဂဝါ ပရိနိဗ္ဗုတေ ဝိသုကမ္မဒေဝပုတ္တော တထာဂတဿ သရီရပ္ပမာဏံ ရတနေဟိ ဝရဒေါဏိံ မာပေတွာ ဝိသုဒ္ဓကပ္ပါသေဟိ တထာဂတဿ, သရီရံ ဝေဌေတွာ ရတနဒေါဏိယံ ပက္ခိပိတွာ ဂန္ဓတေလေဟိ ပူရာပေတွာ အပရာယ ဒေါဏိယာ ပိဒဟိတွာ။ (နဋ္ဌာဋ္ဌကထာတုဝင်)

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံတော်မူသည် ရှိသော်။ ဝိသုကမ္မဒေဝပုတ္တော၊ ဝိသုကြုံနတ်သားသည်။ တထာဂတဿ၊ လာခြင်း ကောင်းသော မြတ်စွာဘုရားသခင်၏။ သရီရပ္ပမာဏံ၊ ကိုယ်တော်ပမာဏရှိသော။ ရတနေဟိ၊ ရတနာတို့ဖြင့် အတိပြီးသော။ ဝရဒေါဏိံ၊ မြတ်သော တလားကို။ မာပေတွာ၊ ဖန်ဆင်း၍။ ဝိသုဒ္ဓကပ္ပါသေဟိ၊ စင်ကြယ်စွာကုန်သော ဝါဂွမ်းဆိုင် တို့ဖြင့်။ တထာဂတဿ၊ လာခြင်းကောင်းသော မြတ်စွာဘုရားသခင်၏။ သရီရံ၊

ကိုယ်တော်ကို။ ဝေဌေတွာ၊ ရစ်ပတ်၍။ ရတနဒေါဏိယံ၊ ရတနာအတိပြီးသော တလား၌။ ပက္ခိပိတွာ၊ ထည့်သွင်း၍။ ဂန္ဓတေလေဟိ၊ နံ့သာဆီတို့ဖြင့်။ ပူရာပေတွာ၊ ပြည့်စေ၍။ အပရာယ၊ တစ်ပါးသော။ (ဝါ) တစ်ခုသော။ ဒေါဏိယာ၊ ရွှေတလားဖုံးဖြင့်။ ပိဒဟိတွာ၊ ပိတ်၍။ (ဝါ) အုပ်၍။

ဤသာဓကပါဠိ၌ပါသော သရီရမာဏံ–ဟူသော ပါဠိ၏အရ ကိုယ်တော်၏ အရပ်တော်ပမာဏသည် ကိုယ်တော်၏အတောင်နှင့်လေးတောင်၊ မဇ္ဈိမပုရိသ အတောင်နှင့် တစ်ဆယ့်နှစ်တောင်၊ ပကတိပုရိသ အတောင်နှင့် **၁၆–တောင်ရှိ၏။**

အဟံ အဿတ္ထမူလမှိ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဗျာမပ္ပဘာ သဒါ မယှံ၊ သောဠသ ဟတ္ထ မုဂ္ဂတော။
(ဗုဒ္ဓဝံသ၊ ၃၈၁။)

အဟံ၊ ငါဘုရားသည်။ အဿတ္ထမူလမှိ၊ ညောင်ဗုဒ္ဓဟေပင်၏ အနီး အောက်၌။ ဥတ္တမံ၊ မြတ်သော။ သမ္ဗောဓိံ၊ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက် တော်မူ၏။ သဒါ၊ အခါခပ်သိမ်း။ မယှံ၊ ငါ၏။ ဗျာမပ္ပဘာ၊ တစ်လံမျှလောက် သော အရောင်သည်။ ဟောတိ၊ ဖြစ်၏။ သောဠသဟတ္ထံ၊ တစ်ဆယ့်ခြောက်တောင် တိုင်တိုင်။ ဥဂ္ဂတော၊ အရပ်တော်မြင့်၏။

အဋ္ဌကထာဆရာတို့ အလိုအားဖြင့် ပကတိပုရိသ အတောင်ဖြင့် တစ်ဆယ့် ရှစ်တောင်ရှိကြောင်း "အဋ္ဌာရသဟတ္ထုဗ္ဗေဓော ဂေါတမော" ဟု ဆိုသည်။

ဒေါဏိယာ ပိဒဟိတွာ–ဟူသော ပါဠိ၌ ဒေါဏိ–သဒ္ဒါသည် သူသေနှင့် စပ်လျဉ်းသောအခါ တလားဟူသော အနက်၊ နွားတို့ကို မြက်ကျွေးသည်နှင့် စပ်လျဉ်းသောအခါ စားကျင်းဟူသော အနက်၊ မြေ၌ တူးသည်နှင့် စပ်လျဉ်းသော အခါ တွင်း, ကျင်းဟူသော အနက်၊ လှေနှင့်စပ်လျဉ်းသောအခါ ပဲ့ခွဲဟူသော အနက်တို့နှင့် ဆက်ဆံငြားသော်လည်း ဤအရာ၌ သူသေနှင့် စပ်လျဉ်းသောအရာ ဖြစ်သောကြောင့် တလားဟူသော အနက်ကို ဟောသည်ဟု မှတ်ရမည်။

ပရိနိဗ္ဗာနပျို့တွင် ရှေးဆရာတို့သည်–

"ဤမြေမင်းသား၊ မိုးသကြားနှင့်၊ နတ်များဗြဟ္မာ၊ ညီညွတ်စွာလျှင်၊
မဟာပူဇ၊ ဝိသေသဖြင့်၊ လောကထွင်ထား၊ ရွှေတလားကို၊ ညွှတ်တွားရိုကြို၊
ရှိရှင်ခိုး၍–"

ဟူ၍ တလားဟူသော အခေါ်အဝေါ် ဝေါဟာရဖြင့်သာ စပ်ဆိုတော်မူကြကုန်၏။

ပရိနိဗ္ဗာန်ပြုသည့်နေ့မှ ကဆုန်လပြည့်ကျော် (၆) ရက်၊ တနင်္လာနေ့အထိ သည် သာခုကီဠန ပဋ္ဌမသတ္တာဟ မည်၏။

## တေဇောဓာတ်လောင်သည်ထိ ဒုတိယ စိတကသတ္တာဟ အရှင်မဟာကဿပ မဖူးမြင်ရသေးသဖြင့် မီးမလောင်ခြင်း

ထိုအခါ မလ္လာမင်း လေးယောက်တို့သည် စန္ဒကူးထင်းပုံသို့ တင်သောနေ့မှ စ၍ မီးတိုက်ကြကုန်သော်လည်း တစ်စုံတစ်ခုကိုမျှ မီးမလောင်ကုန်။ ထို့နောက် ရှစ်ယောက်သော မလ္လာမင်းတို့သည်၊ ထို့နောက် တစ်ကျိပ်ခြောက်ယောက်သော မလ္လာမင်းတို့သည်၊ ထို့နောက် သုံးကျိပ်နှစ်ယောက်သော မလ္လာမင်းတို့သည် မီးတိုက်ကြကုန်သော်လည်း တစ်စုံတစ်ခုကိုမျှ မီးမလောင်ကုန်။ လောင်စိမ့်သောငှာ အကြိမ်ကြိမ် မီးတိုက်ငြားသော်လည်း တစ်စုံတစ်ခုကိုမျှ မီးမလောင်ဘဲ ထင်းပုံ ထက်၌ ခုနစ်ရက် ရှိခဲ့၏။

မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါအား မီးမလောင်ခြင်း အကြောင်းကို လျှောက်ထားကြသောအခါ အရှင်အနုရုဒ္ဓါသည် ဤသို့မိန့်တော်မူ၏။

မလ္လာမင်းများတို့၊ နတ်တို့သည် ငါတို့သခင် အရှင်မဟာကဿပသည် ယခု ကြွလာ၍ လမ်းခရီးသို့ ရောက်သည်ကို မြင်ကြကုန်၏။ ထိုအရှင်မဟာကဿပ သည် မြတ်စွာဘုရားသခင်၏ ခြေတော်အစုံတို့ကို မဖူးမြော် မပူဇော် ရှိမခိုးရသမျှ ဤစန္ဒကူးထင်းပုံကို မီးမလောင်စေသတည်းဟု ဓိဋ္ဌာန်ကြသောကြောင့် မီးမလောင် ခြင်းဖြစ်သည်ဟု မိန့်တော်မူ၏။

ထိုသို့ စကားပြောဆိုငံ့လင့်၍ နေကြကုန်စဉ် အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းငါးရာတို့နှင့်တကွ ကြွတော်မူလာ၍ သင်္ဂြိုဟ်တော်မူရာသို့ ရောက်လာ၏။

ထိုသို့ရောက်လျှင် အရှင်မဟာကဿပသည် ကိုယ်ဝတ်ကို စမွယ်တင်၍ အလောင်းတော်ရှိရာသို့ ရှေးရှုလက်အုပ်ချီလျက် စန္ဒကူးထင်းပုံကို ရဟန်းသင်္ဃာနှင့် တကွ လက်ယာရစ် သုံးပတ်လှည့်၍ ပူဇော်၏။

"ထိပ်တင်လက်ထား၊ ရွှေတလားကို၊ ညွတ်တွား ပူဇာ၊ လှည့် လက်ယာဖြင့်၊ သုံးခါလည်ပြီး၊ တပည့်ကြီးကား"

ဟု ပရိနိဗ္ဗာနပျို့တွင် စပ်ဆိုတော်မူသည်။

ထိုသို့ လက်ယာရစ် လှည့်ပူဇော်ပြီးမှ အရှင်မဟာကဿပသည် ဤအရပ် ဌာနကား–ဦးခေါင်းတော်၊ ဤအရပ်ဌာနကား– ခြေတော်ရှိရာ အရပ်တည်းဟု အမှတ်ပြု၍ ခြေတော်သို့ ရှေးရှုရပ်လျက် အဘိညာဉ်၏အခြေဖြစ်သော ရူပါဝစရ ကြိယာ (ပဉ္စမဈာန်ကို ဝင်စား၍) ဝါ။ စတုတ္ထဈာန်ကို ဝင်စား၍၊ ထိုဈာန်မှ ထပြီးသော် အကန့်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တစ်ရာ့ရှစ်ချက်သော စက်လက္ခဏာ၏ တည်ရာဖြစ်သော မြတ်စွာဘုရားသခင်၏ ခြေတော်အစုံတို့သည် ဝါဂွမ်းဆိုင်နှင့်တကွ ငါးရာသော ပုဆိုးအစုံ၊ ရွှေတလား၊ စန္ဒကူးထင်းပုံစသည်ကို နှစ်ဖြာဖောက်ခွဲ၍ ငါ၏ ဦးခေါင်းထက်၌ တည်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။

ထိုသို့ ဓိဋ္ဌာန်တော်မူသည်နှင့် တစ်ပြိုင်နက် လွှမ်းခြုံရစ်ပတ်သော ဝါဂွမ်း ပုဆိုးအထပ်တစ်ထောင် ရွှေတလား၊ စန္ဒကူးထင်းပုံကို ဖောက်ခွဲ၍ တိမ်တိုက်မှ ထွက်လာသော လပြည့်ဝန်းကဲ့သို့ ရွှေအဆင်းနှင့်တူသော ခြေတော်အစုံဟို့သည် အရှင်မဟာကဿပ၏ ဦးခေါင်းထက်၌ ထွက်၍ တည်လာကုန်၏။

"ရတနာစီထား၊ ရွှေတလားမှ၊ ရွှေသားအဆင်း၊ ထွက်လာလျှင်း၍၊
ရှင်ရင်းမြတ်လှ၊ ကဿပ၏၊ သီသထက်မှာ၊ တည်လျက်သာလျှင်–"

ဟု ပရိနိဗ္ဗာနပျို့တွင် စပ်ဆိုတော်မူသည်။

ထိုအခါ အရှင်မဟာကဿပသည် လက်ဖြင့် ဆန့်တန်း၍ ရွှေအဆင်းနှင့် တူသော ခြေတော်အစုံကို ဖမျက်တိုင်အောင် ကိုင်လျက် မိမိ ဦးခေါင်းထက်၌ တည်စေ၍ ရှိခိုး၏။

ဤသို့ အရှင်မဟာကဿပသည် ရဟန်းငါးရာနှင့်တကွ အလုံးစုံသော လူအပေါင်းတို့သည် ရှိခိုး၍ပြီးသော ခဏ၌ အရှင်မဟာကဿပ၏ လက်မှ ပကတိ ဘာသာအလိုအလျောက် လွတ်၍ ခြေတော်အစုံတို့သည် စန္ဒကူးထင်းပုံ၊ ရွှေတလားကို မလှုပ်ရှားစေမူ၍ ဝါဂွမ်းဆိုင်ရစ်ပတ်သော ပုဆိုး၊ ရွှေတလား၌ လောင်းအပ်သော ဆီ၊ ဝတ်အပ်သော သင်းပိုင်တို့ကို စိုးစဉ်းမျှ မရွေ့ရှားစေမူ၍ တည်မြဲတိုင်းသော အရပ်သို့ ဝင်တည်လေကုန်၏။

ထိုအခါ စန္ဒကူးထင်းပုံကို တစ်စုံတစ်ယောက်သောသူမျှ မီ မညှိရဘဲ အလိုအလျောက် နတ်တို့၏ အာနုဘော်ကြောင့် ထက်ဝန်းကျင်မှ တစ်ပြိုင်နက် တည်း မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂) ရက်၊ တနင်္ဂနွေနေ့ ညဉ့်ချမ်းအခါ တေဇောဓာတ်မီး လောင်ကုန်၏။

ထိုတေဇောဓာတ်မီး လောင်သည့်တိုင်အောင်သော ခုနစ်ရက်သည် ဒုတိယ စိတက သတ္တာဟ မည်၏။

## ဓာတုပူဇနသတ္တာဟ

မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်မပြုမီ ငါဘုရား၏ အလောင်းတော်ကို မီးညှိခဲ့သည်ရှိသော် ငါဘုရား ဆံတော်၊ အမွေးတော်၊ သွားတော်၊ ခြေသည်း၊ လက်သည်းတော်တို့သည် ကောင်းကင်သို့ ပျံတက်စေသတည်း။ ကြွင်းသော ကိုယ်တော်မှဖြစ်သော ငါဘုရား၏ ဓာတ်တော်တို့သည် ပျံ့နှံ့စိတ်ဖြာ၍ တည်စေခြင်းငှာ "မမ ဓာတူနံ ဝိကိရဏံ အဓိဋ္ဌာသိ" ဟု ဓိဋ္ဌာန်တော်မူခဲ့သည်နှင့် အညီ တေဇောဓာတ်မီးလောင်ရာ၌ မြတ်စွာဘုရားသခင်၏ အရေ, အသား, အကြော, အစေး, အသည်း, အရိုး စသည်တို့သည် တေဇောဓာတ်လောင်ရာ၌ ပြာမီးသွေးတို့သည် မထင်မမြင်ကုန်၊ အစိတ်အစိတ်ဖြစ်၍ ဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏။

အလောင်းတော်ကို ရစ်ပတ်သော ပုဆိုးအစုံ ငါးရာတို့တွင် ပြင်တစ်ထပ်နှင့် အတွင်းတစ်ထပ်တို့သည် မီးမလောင်ဘဲ ကြွင်းကျန်ကုန်၏။

ငါတို့ မြတ်စွာဘုရားသည် အသက်တိုသော ဘုရားဖြစ်ခြင်းကြောင့် တစ်ပေါင်းတစ်စုတည်း မတည်မူ၍ အစိတ်အစိတ် ကွဲပြား၍ တည်သော သမ္မိန္န ဓာတ်တော်တို့သည် ပမာဏသုံးပါး၊ ကွမ်းစား သုံးပါး၊ တင်းအားဖြင့် နှစ်တင်း ဖြစ်၍ ပဋ္ဌမအထပ်ပေါ်၌ ဓာတ်တော်တို့သည် တည်လျက် ရှိကုန်၏။

ထိုသုံးပါးသော သမ္မိန္နဓာတ်တော်တို့တွင် အကြီးဖြစ်သော ဓာတ်တော်တို့သည် ပဲနောက်စေ့ပမာဏ၊ ရွှေအဆင်း၊ ငါးကွမ်းစား ရှိကုန်၏။

အလတ်ဖြစ်သော ဓာတ်တော်တို့သည်ကား ဆန်ကျိုးပမာဏ၊ ပုလဲအဆင်း၊ ငါးကွမ်းစား ရှိကုန်၏။

အငယ်ဖြစ်သော ဓာတ်တော်တို့သည်ကား မုန်ညင်းစေ့ပမာဏ၊ ချရားစေ့ အဆင်း၊ မြတ်လေးငုံအဆင်း၊ ခြောက်ကွမ်းစား ရှိကုန်၏။

စိတ်အားဖြင့် ရှစ်စိတ်၊ တင်းအားဖြင့် နှစ်တင်းပမာဏ ရှိကုန်၏။ ၎င်း ဓာတ်တော်တို့သည် တစ်ပေါင်းတည်း စုဝေး၍ မတည်၊ စိတ်ဖြာကွဲပြား၍ တည်ခြင်းကြောင့် သမ္မိန္နဓာတ် မည်ကုန်၏။

အသက်ရှည်သောဘုရားတို့၏ ဓာတ်တော်သည်ကား မကွဲမပြား၊ ရွှေတုံး ကဲ့သို့ တစ်ခဲနက် တစ်ပေါင်းတည်းသာ တည်ကုန်၏။

စွယ်တော် လေးဆူ၊ ညှပ်ရိုးတော် နှစ်ဆူ၊ နဖူးသင်းကျစ်တော် တစ်ဆူ၊ ဤခုနစ်ဆူသော ဓာတ်တော်တို့သည် တေဇောဓာတ်လောင်ရာ၌ မပြိုမကွဲ မပျက်မစီး ပကတိအတိုင်း တည်ကုန်သောကြောင့် အသမ္ဘိန္နဓာတ် မည်ကုန်၏။

မြတ်စွာဘုရားသခင်၏ စန္ဒကူးထင်းပုံကို မီးလောင်သည်ရှိသော် ထိုလောင်သော မီးကို ကောင်းကင်မှ လက်ရုံးပမာဏ ရေအယဉ်သက်၍လည်းကောင်း၊ စန္ဒကူး ထင်းပုံ၏ ထက်ဝန်းကျင်အရပ်၌ ပေါက်ကုန်သော အင်ကြင်းပင်တို့၏ အခွ, အရွက်တို့မှ ရေအယဉ်တက်၍လည်းကောင်း၊ စန္ဒကူးထင်းပုံ၏ပတ်လည် ထက်ဝန်းကျင်သောအရပ်မှ မြေကိုခွဲ၍ ထွန်တုံးပမာဏ ရေအယဉ်တက်၍လည်း ကောင်း၊ မလ္လာမင်းတို့သည် အလုံးစုံသော နံ့သာရေတို့ဖြင့်လည်းကောင်း၊ ဖျန်းပက်၍ မီးကို ငြိမ်းစေကုန်၏။

မဟန္တာ မုဂ္ဂမတ္တာ စ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာ စ၊ နာနာဝဏ္ဏာ စ ဓာတုယော။
မဟန္တာ သုဝဏ္ဏဝဏ္ဏာ စ၊ မုတ္တဝဏ္ဏာ စ မဇ္ဈိမာ။
ခုဒ္ဒကာ မကုလဝဏ္ဏာ စ၊ သောဠသဒေါဏမတ္တိကာ။
မဟန္တာ ပဉ္စ နာဠိယော၊ နာဠိယော ပဉ္စ မဇ္ဈိမာ။
ခုဒ္ဒကာ ဆ နာဠိ စေဝ၊ ဧတာ သဗ္ဗာပိ ဓာတုယော။
ဥဏှီသံ စတဿော ဒါဠာ၊ အက္ခကာ ဒွေ စ ဓာတုယော။
အသမ္ဘိန္နာ ဣမာ သတ္တ၊ သေသာ ဘိန္နာဝ ဓာတုယော။

(ဗုဒ္ဓဝံသ၊ ၃၈၃–၄)

မဟန္တာ၊ ကြီးသော ဓာတ်တော်တို့သည်။ မုဂ္ဂမတ္တာဝ၊ ပဲနောက်လုံးမျှ ပမာဏရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်။ ဘိန္နတဏ္ဍုလာ၊ ဆန်ကျိုးခန့်မျှ ပမာဏရှိကုန်၏။ ခုဒ္ဒကာ၊ အငယ်ဖြစ်သော ဓာတ်တော်တို့သည်။ သာသပမတ္တာ၊ မုန်ညင်းစေ့မျှ ပမာဏ ရှိကုန်၏။ ဧဝံ၊ ဤသို့။ ဓာတုယော၊ ရှစ်စရွတ်သော ဓာတ်တော်တို့သည်။ နာနာဝဏ္ဏာစ၊ အထူးထူးသော အဆင်း သုံးထွေ ရှိကုန်၏။

မဟန္တာ၊ ကြီးသော ဓာတ်တော်တို့သည်။ သုဝဏ္ဏဝဏ္ဏာ၊ ရွှေအဆင်းကဲ့သို့ သောအဆင်းရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်။ မုတ္တဝဏ္ဏာစ၊ ပုလဲအဆင်းရှိကုန်၏။ ခုဒ္ဒကာ၊ ငယ်သော ဓာတ်တော်တို့သည်။ မကုလဝဏ္ဏာ၊

ချရားစေ့အဆင်းကဲ့သို့ အဆင်းရှိကုန်၏။ ဓာတုယော၊ ဓာတ်တော်တို့သည်။ သောဠသဒေါဏမတ္တိကာ၊ တစ်ဆယ့်ခြောက်စရွတ် ရှိကုန်၏။ ဝါ၊ ကွမ်းစားအား ဖြင့် ၁၆–ကွမ်းစား၊ စရွတ်အားဖြင့် ရှစ်စရွတ်၊ တင်းအားဖြင့် နှစ်တင်းရှိကုန်၏၊

မဟန္တာ၊ ကြီးသောဓာတ်တော်တို့သည်။ ပဥ္စနာဠိယော၊ ငါးကွမ်းစားရှိကုန်၏။ မဇ္ဈိမာ၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည်။ ပဥ္စနာဠိယော၊ ငါးကွမ်းစား ရှိကုန်၏။ ခုဒ္ဒကာ၊ ငယ်သော ဓာတ်တော်တို့သည်။ ဆနာဠိစေဝ၊ ခြောက် ကွမ်းစားရှိကုန်၏။ ဧဝံ၊ ဤသို့။ ဓာတုယော၊ ဓာတ်တော်တို့သည်။ သောဠသ–ဒေါဏမတ္တိကာ၊ တစ်ဆယ့်ခြောက်စရွတ်။ ဝါ၊ တစ်ဆယ့်ခြောက်ကွမ်းစားရှိကုန်၏။

ဥဏှိသံ၊ နဖူးသင်းကျစ်တော်သည်လည်းကောင်း။ စတဿောဒါဌာ၊ လေးချောင်းကုန်သော စွယ်တော်တို့သည်လည်းကောင်း။ ဒွေအက္ခကာ၊ နှစ်ချောင်း ကုန်သော ညှပ်ရိုးတော်တို့သည်လည်းကောင်း။ ဣမာ သတ္တ၊ ခုနစ်ဆူကုန်သော ဓာတ်တော်တို့သည်။ အသမ္ဘိန္နာ၊ မကွဲမပျက်ကုန်။ သေသာဓာတုယော၊ ကြွင်း သော ဓာတ်တော်တို့သည်။ ဘိန္နာ၀၊ ကွဲပျက်ကုန်သည်သာလျှင်တည်း။

ဓာတ်တော် မွေတော်ဟူ၍ ခေါ်ဝေါ်ရိုးစကားနှစ်မျိုးရှိသည်တွင် ဓာတ်တော် ဟူ၍ ခေါ်ဝေါ်ကြသည်မှာ ဓာတုသဒ္ဒါ၊ အဋ္ဌိသဒ္ဒါ နှစ်ပါးတို့သည် အရိုးဟော အနက်တူ ပရိယာယ်သဒ္ဒါချည်းဟု ကျမ်းဂန်တို့၌ ဆိုသောကြောင့် ဓာတုသဒ္ဒါ၏ အရကို အရိုးတော်ဟု ဆိုသည်။ ထိုအရိုးတော်ကိုပင် ဓာတ်တော်ဟူ၍ ခေါ်ဝေါ် ကြကုန်၏။

အဘယ်ကြောင့် အရိုးတော်ကို ဓာတ်တော်ဟူ၍ ခေါ်ဝေါ်ကြကုန်သနည်း။ "ထဒ္ဓဘာဝံ ဓာရေတီတိ ဓာတု" ဟူသော ဝစနတ္ထနှင့်အညီ ခက်ထန်ခိုင်မာသော အဖြစ်ကို ဆောင်တတ်သော သတ္တိကြောင့် အရိုးတော်ကို ဓာတ်တော်ဟူ၍ ခေါ်ဝေါ်ကြကုန်သည်။

ယံအဋ္ဌိ၊ အကြင် အရိုးတော်သည်။ ထဒ္ဓဘာဝံ၊ ခက်ထန်ခိုင်မာသော အဖြစ်ကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဆောင်တတ်သော သတ္တိကြောင့်။ တံအဋ္ဌိ၊ ထိုအရိုးတော်သည်။ ဓာတု၊ ဓာတ်မည်၏။

မွေတော်ဆိုသည်မှာ ရှေးမြန်မာသူဟောင်းတို့ ခေါ်ဝေါ်ရိုး မြန်မာဘာသာ ဖြစ်၍ မြတ်စွာဘုရားသခင်၏ အမွေအနှစ်ဖြစ်သော ၎င်းဓာတ်တော်တို့ကိုပင် မွေတော်ဟု ခေါ်ဝေါ်ကြကုန်၏။

ၛင်းဓာတ်တော် မွေတော်တို့သည် သာသနာငါးထောင် မကုန်မချင်း မုန်ညင်းစေ့ခန့်မျှ ကွယ်ပျောက်ခြင်းမရှိ၊ ပူဇော်သက္ကာရ ကိုးကွယ်သူ ဒါယကာ ရှိရာအရပ်သို့ ပြောင်းကြွမြဲဖြစ်၍ မည်သည့်အရပ်၌ အမြဲတည်သည်ဟူ၍ မရှိဟု မှတ်ရမည်။

ထို့နောက် မီးငြိမ်းပြီးသောအခါ မလ္လာမင်းတို့သည် အလောင်းတော်၌ ရစ်ပတ်အပ်သော မီးမလောင်ဘဲ ကြွင်းကျန်ရစ်သော အတွင်းထပ် ပြင်ထပ်ဟု ဆိုအပ်သော ပုဆိုးအစုံတို့ကို ဖြေ၍ ပထမဝါဂွမ်းအထပ်ပေါ်၌ တည်၍နေသော ဓာတ်တော်တို့ကို ကောက်ယူကြ၍ ရွှေဖြင့်ပြီးသော အိုး၌ထည့်၍ ရွှေဖြင့်ပြီးသော ခွက်အုပ်ပြီးလျှင် အလောင်းတော်ထားရာ ဇရပ်၌ ဓာတ်တော်အိုးကို ထားပြီးသော် မြို့တွင်း မင်းကွန်းဇရပ်၌ တောင်ဇလပ်၊ မာလာကျီကျူ၊ လေညှင်း၊ ပန်းညိုရွက်ဟု ဆိုအပ်သော နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံခြင်း၊ ထုံခြင်းကို ပြု၍ ပေါက်ပေါက်လျှင် ငါးခုမြောက်ဖြစ်သော ပန်းနံ့သာတို့ကို ကြဲဖြန့်ခြင်း၊ အထက်၌ ပုဆိုးဗိတာန်မိုးကာခြင်း၊ ရွှေကြယ် ငွေကြယ်တို့ဖြင့် စီခြင်း၊ ပန်းဆိုင်း၊ နံ့သာဆိုင်း၊ ရတနာဆိုင်းတို့ကို ဆွဲခြင်းစသည်ကို ပြုပြင်စီရင်ပြီးလျှင် ၛင်းမင်းကွန်းဇရပ်မှသည် မကိုဋ်တန်ဆာဆင်ရာ ဇရပ်တိုင်အောင် လမ်းခရီးနံပါးနှစ်ဘက်တို့၌ တင်းတိမ်ဖျာကာခြင်း၊ ရိုင်ခင်းခြင်း၊ အထက်၌ ပုဆိုးဗိတာန်ကြက်ခြင်း၊ ရွှေကြယ်, ငွေကြယ်စီခြင်း၊ ပန်းဆိုင်း, နံ့သာဆိုင်း, ရတနာဆိုင်းတို့ကို ဆွဲခြင်း၊ မြအရိုးနှင့်တူသော ဝါးရိုးဖြင့် ပြုအပ်သော ငါးပါးသော အဆင်းရှိသော တံခွန်တို့ကို စိုက်ခြင်း၊ ထက်ဝန်းကျင်မှ ရတနာဖြင့်ပြီးသော ကုက္ကားတို့ကို ရံခြင်း၊ ငှက်ပျောပင်စိုက်ခြင်း၊ ရေပြည့်သော ကြာသွတ် မြူတာအိုးတို့ကို စိုက်ထားခြင်း၊ ဆီမီးတိုင် စသည်တို့ကို ညှိထွန်းပြီးလျှင် တန်ဆာဆင်အပ်သော ဆင်၏ကျောက်ကုန်းထက်၌ ဓာတ်တော်အိုးဖြင့် ထည့်အပ်သော ရတနာပန်းတောင်းကို တင်ပြီးလျှင် ပန်းနံ့သာ၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့နှင့်တကွ ပူဇော်ကြကုန်လျက် ကုသိနာရုံမြို့တွင်းသို့ ကဆုန်လပြည့်ကျော် (၁၂) ရက်နေ့ ညဦးချမ်းအခါ ယူဆောင်သွင်းပြီးလျှင် မိမိတို့ စည်းဝေးရာ မင်းကွန်းဇရပ်သို့ရောက်သောအခါ ရတနာခုနစ်ပါးဖြင့်ပြီးသော ပလ္လင်ထက်၌ ရတနာခုနစ်ပါးဖြင့်ပြီးသော ထီးဖြူကို မိုး၍ ဆောင်း၍ ထားကြကုန်၏။

ထိုသို့ထားပြီးလျှင် ခုနစ်ရက်ပတ်လုံး ပွဲသဘင်ကျင်းပ၍ ကောင်းချီးပေးသော ကစားခြင်းဖြင့် ကစား၍ ပူဇော်ကြကုန်၏။ မလ္လာမင်းတို့သည် မင်းကွန်းဇရပ်ကို လှည့်၍ ဦးကင်းချင်းဆက်မိအောင် ဆင်တပ်တစ်ထပ်၊ လည်ချင်းဆက်မိအောင်

မြင်းတပ်တစ်ထပ်၊ နပန်စွန်းချင်းဆက်မိအောင် ရထားတပ် တစ်ထပ်၊ လက်ရုံးချင်း ဆက်မိအောင် ခြေသည်တော် ရဲတပ်တစ်ထပ်၊ လေးစွန်းချင်းဆက်မိအောင် လေး သည်တော်ပြင်က တစ်ထပ်ရံစေလျက် အစောင့်အရှောက်ထား၍ ကစားကြကုန်၏။

## မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုကြောင်း ကြားရ၍ အဇာတသတ်မင်း မေ့မျောသွားခြင်း

ထိုအခါ ရာဇဂြိုဟ်ပြည်ကို အစိုးရသော အဇာတသတ်မင်း၏ အမတ်တို့ သည် ဘုရားသခင် ပရိနိဗ္ဗာန်ယူကြောင်းကို ကြားလျှင် ဤသို့ကြံကြကုန်၏။ ပုထုဇဉ်တို့၏ သဒ္ဓါကြည်ညိုခြင်းတို့တွင် ငါတို့မင်းနှင့် တူသောသူ မရှိပြီ။ ဤမင်းသည် ပကတိအတိုင်း ဘုရား ပရိနိဗ္ဗာန်ယူကြောင်းကို ကြားရလျှင် နှလုံး ကွဲ၍ သေလတ္တံ့ဟု အမတ်တို့ အကြံရှိကြ၍ သုံးခုသော ရွှေစကျင်းတို့၌ နို့ရည်၊ ထောပတ်၊ ပျားရည်သကာဟု ဆိုအပ်သော စတုမဓုကို ပြည့်စေပြီးမှ ဤသို့ လျှောက်ကြကုန်၏။

အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် ကြောက်မက်ဖွယ်သော အိပ်မက်ကို အရှင်မင်းကြီး၌ မြင်မက်ပါသည်။ ထိုအိပ်မက်ကို ပျောက်စေခြင်းငှာ အရှင်မင်းကြီး သည် ဘွဲ့ဖြူပုဆိုးနှစ်ထပ် ဝတ်တော်မူ၍ နှာခေါင်းဝကို ဖော်လျက် ဤစတုမဓု ကျင်း၌ အိပ်တော်မူပါဟု အမတ်တို့ လျှောက်သည့်အတိုင်း အဇာတသတ်မင်း သည် အိပ်တော်မူသောအခါ တစ်ယောက်သော အမတ်သည် ဘုရား ပရိနိဗ္ဗာန် ယူရာအရပ်သို့ ရှေးရှုသည်ဖြစ်၍ လက်အုပ်ချီပြီးသော် ဤသို့လျှောက်၏။

အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ သံသယကို ပျောက်ပစေတတ်သော၊ အသက်ကို ရှည်စေတတ်သော၊ ရိုသေလေးမြတ် ဆည်းကပ်ကိုးကွယ်ရာဖြစ်တော် မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူချေပြီဟု လျှောက်၏။

ထိုစကားကို ကြားလျှင် သစ်ပင်ထက်မှ ကျသောသူကဲ့သို့ တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်လှုပ်လျက် သတိမရ၊ မိန်းမော၍မျောလေ၏။ စိမ်အပ်သော စတုမဓုကျင်းသည် ကြိုက်ကြိုက်ဆူ၍ ပူသောအခိုးအငွေ့တို့သည် ထွက်ကုန်၏။

အမတ်တို့သည် ကျင်းတစ်ခုသို့ပြောင်းမှ သတိရသဖြင့် အမောင်တို့၊ အဘယ် စကားကို ဆိုသနည်းဟု မေးလျှင် အရှင်မင်းကြီး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူချေ ပြီဟု လျှောက်၏။

ထိုစကားကို ကြားလျှင် သစ်ပင်ထက်မှ ကျသောသူကဲ့သို့ တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်လှုပ်လျက် သတိမရ၊ မိန်းမောတွေဝေ၍ မျောလေ၏။ စိမ် အပ်သော စတုမဓုရကျင်းသည် ကြိုက်ကြိုက်ဆူ ပူသော အခိုးအငွေ့တို့သည် ထွက်ကုန်၏။

အမတ်တို့သည် ကျင်းတစ်ခုသို့ပြောင်းမှ သတိရသဖြင့် အမောင်တို့၊ အဘယ် စကားကို ဆိုသနည်းဟု မေးလျှင် အရှင်မင်းကြီး၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချေ ပြီဟု လျှောက်၏။ ထိုစကားကို ကြားလျှင် သစ်ပင်ထက်မှ ကျသောသူကဲ့သို့ တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်လှုပ်လျက် သတိမရ၊ မိန်းမောတွေဝေ၍ မျောလေ၏။

ထိုအခါ အမတ်တို့သည် မင်းကို ကျင်းမှ ယူ၍ ရေချိုးပြီးလျှင် ဦးခေါင်း ထက်၌ ရေအိုးတို့ဖြင့် သွန်းလောင်းကုန်၏။ နံ့သာရေတို့ဖြင့် ဆွတ်ဖျန်း၍ သတိရသောအခါ အဇာတသတ်မင်းသားသည် နေရာမှ ထပြီးလျှင် ဆံပင်တို့ကို ဖရိုဖရဲ ကြဲဖြန့်၍ လက်နှစ်ဘက်တို့ဖြင့် ရင်ကိုခတ်တီး၍ သက်ကြီးရှိုက်တငင် ငိုကြွေးမြည်တမ်းလျက် သူရူး၏အသွင်ဖြင့် ခရီးလမ်းမသို့သက်၍ မြို့မှထွက်ပြီးလျှင် ဇီဝကဥယျာဉ်သို့ ရောက်သောအခါ မိမိအား တရားဟောဖူးသောအရပ်သို့ ကြည့်၍ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဤအရပ်၌ ထိုင်တော်မူ၍ အကျွန်ုပ်အား တရားဟောတော်မူသည် မဟုတ်ပါလော။ အကျွန်ုပ်၏ ကြောက်လန့်စိုးရိမ်ခြင်းတည်းဟူသော ငြောင့်တံသင်းကို ရှင်းလင်း ပယ်ဖျောက်တော်မူသည် မဟုတ်ပါလော။ ရှင်ပင်ဘုရားသည် အကျွန်ုပ်အား သောကတည်းဟူသော ငြောင့်တံသင်းကို နုတ်တော်မူသည် မဟုတ်ပါလော။ အကျွန်ုပ်သည် အရှင်ဘုရားအား ကိုးကွယ်ခြင်းသို့ ရောက်ပါ၏။ ယခုအခါ အရှင်ဘုရားသည် အကျွန်ုပ်အား စကားတုံ့ကိုမျှ ပြန်၍ မမိန့်ပါပြီတကားဟု ဤသို့ အဖန်တလဲလဲဆို၍ ငိုကြွေး၏။

ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အရှင်ဘုရားသည် တစ်ပါးသော အခါကာလ၌ သင်္ဃာများစွာ ခြံရံလျက် နိုင်ငံအသီးသီး ပြည်ကြီးအရပ်ရပ်တို့၌ လှည့်လည်၍ ဒေသစာရီ ကြွချီတော်မူသည်ကို ကြားရပါသည်။ ယခုမူကား အရှင်ဘုရားအား တစ်ခါမပြန် ပြည်နိဗ္ဗာန်သို့ စံယူတော်မူခြင်း သတင်းစကားကို သာ အကျွန်ုပ်ကြားရပါတော့သည်တကားဟု ဤသို့စသည်ဖြင့် တ,သမြည်တမ်း

ကာ ခြောက်ဆယ်မျှလောက်သော ဂါထာတို့ဖြင့် ဘုရားဂုဏ်တော် ကျေးဇူးတော်တို့ကို ကြံအောက်မေ့၍ ကျုံးရင့်ငိုကြွေး၏။

## အဇာတသတ်မင်း အပါအဝင် ခုနစ်ပြည်ထောင်မင်းတို့ ဓာတ်တော်တောင်း လာကြခြင်း

ထို့နောက် ဤသို့ ငိုကြွေးနေခြင်းသည် အမှုမပြီးသေးဟု ကြံပြီးလျှင် အဇာတသတ်မင်းသည် ဓာတ်တော်ကို ရလိုကြောင်းနှင့် ကမ္ဗည်းမှာ စာတမန် စေလိုက်၏။ ထိုသို့တမန်စေ၍ ပေးသော် ကောင်း၏။ မပေးခဲ့သော် ရအောင် လုယူကုန်အံ့ဟု ကြံပြီးလျှင် စစ်အင်္ဂါ လေးပါးဆင်၍ အဇာတသတ်မင်းသည် မိမိကိုယ်တိုင် ထွက်သွားလေ၏။

ကြွင်းသော မင်းတို့သည်လည်း ထိုအဇာတသတ်မင်းကဲ့သို့ စေ၍ အဇာတသတ်မင်းကဲ့သို့ စစ်အင်္ဂါလေးပါး ဆင်၍ ထွက်လာကြကုန်၏။

ခုနစ်ပြည်ထောင်သော မင်းတို့သည် ပိုယ်စားတော် ဓာတ်တော်များကို ငါတို့အဖို့ဘာဂ ရလိုကြောင်းနှင့် ဓာတ်တော်တောင်း ကုသိနာရုံပြည်သို့ စစ်သည် ဗိုလ်ပါနှင့်တကွ ရောက်လာကြသောအခါ မြို့ကို ဝန်းရံပြီးမှ ဤသို့ တမန်စေကုန်၏။ မလ္လာမင်းများတို့၊ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ငါတို့အဖို့ဘာဂ ပေးကုန်အံ့လော၊ စစ်သော်လည်း ထိုးကုန်အံ့လောဟု စေလွှတ်ကုန်၏။

မလ္လာမင်းတို့သည် ဤသို့ပြန်လိုက်၏။ ငါတို့သည် မြတ်စွာဘုရားအား ငါတို့ပြည်သို့ ကြွတော်မူပါဟု သတင်းစကားဖြင့် မှာထားရသည်လည်း မဟုတ်၊ ငါတို့ကိုယ်တိုင်သွား၍ ယူဆောင်ရသည်လည်းမဟုတ်၊ အလိုအလျောက် ကြွလာတော်မူသော မြတ်စွာဘုရားသခင်၏ ဓာတ်တော်များကို ငါတို့ ကိုးကွယ်ထိုက်၍ ငါတို့ပြည်၌ ပရိနိဗ္ဗာန်စံယူသည်ကို ဘယ်ကြောင့် သင်တို့အား ငါတို့ ပေးရအံ့နည်းဟု ပြန်လိုက်၏။

ဤသို့ မပေ နိုင်ဟု ပြန်လျှင် ခုနစ်ပြည်ထောင်သော မင်းတို့သည် စစ်တိုက်၍ လုယူအံ့ဟု ကြံကြကုန်၍ ကုသိနာရုံပြည်၌ နေသော မလ္လာမင်းတို့နှင့် ပေးရမည် မပေးဟု အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား မာန်ကြုံးဝါး ဆိုဖန်များသောအခါ စကားအငြင်းအခုံအားကြီး၍ စစ်ပွဲကြီးဖြစ်မည့် အခြေသို့ တိုင်ခဲ့လေ၏။

# ဒေါဏပုဏ္ဏားကြီး ဓာတ်တော်ဝေခြင်း

ထိုသို့ စစ်ဖြစ်ခါနီးကာလ၌ ကပ္ပိလဝတ်၏အနောက် ဒုဏ္ဏဝတ္ထုပုဏ္ဏားရွာ၌နေသော သာကီဝင်မင်းတို့၏ စစ်သည်အတွင်း၌ ပါသော အလုံးစုံသော မင်းတို့၏ ဆရာဖြစ်ဖူးသော ဒေါဏပုဏ္ဏားကြီးသည် မြင့်ရာအရပ်က ရပ်လျက် နှစ်ဘာဏဝါရခန့်ရှိသော စကားဖြင့် ကြုံးဝါး၍ ဆုံးမ၏။

ပဌမဘာဏဝါရဖြင့် မကြားမသိကြကုန်၊ ဒုတိယ ဘာဏဝါရ၏ အဆုံး၌သာ အသံကို ကြားကြကုန်၍ ငါတို့၏ဆရာအသံကဲ့သို့ ထင်သည်ဟု အလုံးစုံသော မင်းတို့သည် အသံမပြု၊ ဆိတ်ဆိတ်နေကြကုန်၏။

ထိုအခါ ဒေါဏပုဏ္ဏားကြီးသည်—

“သုဏန္တု ဘောန္တော မမ ဧကဝါစံ၊
အမှာက ဗုဒ္ဓေါ အဟု ခန္တိဝါဒေါ။
နဟိ သာဓုယံ ဥတ္တမ ပုဂ္ဂလဿ၊
သရီရဘာဂေ သိယာ သမ္ပဟာရော။

သဗ္ဗေဝ ဘောန္တော သဟိတာ သမဂ္ဂါ။
သမ္မောဒမာနာ ကရောမဋ္ဌဘာဂေ၊
ဝိတ္ထာရိတာ ဟောန္တု ဒိသာသု ထူပါ။
ဗဟူ ဇနာ စက္ခုမတော ပသန္နာ”တိ။ (ဒီ—၂။ ၁၃၇။)

ဟူသော နှစ်ဂါထာတို့ဖြင့် ဆုံးမ၏။

ဘောန္တော၊ အို—မင်းများတို့။ မမ၊ ငါ၏။ ဧကဝါစံ၊ တစ်ခွန်းသောစကားကို။ သုဏန္တု၊ နာကုန်လော့။ အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါ၊ ဂေါတမဘုရားသည်။ ခန္တိဝါဒေါ၊ သည်းခံခြင်းကို ချီးမွမ်းလေ့ရှိသည်။ အဟု၊ ဖြစ်၏။ ဥတ္တမ ပုဂ္ဂလဿ၊ မြတ်သော ပုဂ္ဂိုလ်ဖြစ်သော မြတ်စွာဘုရား၏။ သရီရဘာဂေ၊ ဓာတ်တော်ကို ဝေဖန်ခြင်းကြောင့်။ ယောသမ္ပဟာရော၊ အကြင်စစ်ထိုးခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ အယံသမ္ပဟာရော၊ ဤစစ်ထိုးခြင်းသည်။ နဟိသာဓု၊ မကောင်းသည်သာတည်း။

ဘောန္တော၊ အို—မင်းတို့။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ သဟိတာ၊ တကွဖြစ်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သမဂ္ဂါ၊ ညီညွတ်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သမ္မောဒမာနာ၊ ဝမ်းမြောက်

ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ အဟံ၊ ငါသည်။ သရီရာနိ၊ ဓာတ်တော်တို့ကို။ အဋ္ဌဘာဂေ၊ ရှစ်စုတို့ကို။ ကရောမိ၊ ပြုအံ့။ စက္ခုမတော၊ ငါးပါးသော စက္ခုနှင့် ပြည့်စုံကော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ထူပါ၊ စေတီတို့သည်။ ဒိသာသု၊ အရပ်မျက်နှာတို့၌။ ဝိတ္ထာရိတာ၊ ပျံ့နှံ့ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်လော့။ ဗဟူဇနာ၊ များစွာသော လူတို့သည်။ စက္ခုမတော၊ ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ထူပေသု၊ စေတီတို့၌။ ပသန္နာ၊ ကြည်ညိုကုန်၏။

ရှစ်ပြည်ထောင်သော မင်းတို့၊ ငါ၏စကားကို နားထောင်ကြကုန်လော့၊ သည်းခံကြကုန်လော့၊ အညီအညွတ်ဖြစ်ကြကုန်လော့၊ အညီအညွတ် စည်းဝေးကြကုန်လော့ဟု ရှစ်ပြည်ထောင်သော မင်းတို့အား သင့်တင့်ညီညွတ်အောင် များစွာသော အကြောင်းတို့ဖြင့် ဆုံးမပြီးလျှင် အညီအမျှ ကိုးကွယ်ရအောင် အဋ္ဌဘာဂ ရှစ်ပုံပြု၍ ငါဝေအံ့ဟု တစ်ခွန်းတည်းသောစကားကို ဆို၍ ဖြေဖျန်ပြောဆိုသောအခါ ရှစ်ပြည်ထောင်သော မင်းတို့သည် သဘောတူမျှကြ၍ ဆရာပင် ဝေဖန်ပါဟု ဓာတ်တော်အိုးကို ဒေါဏပုဏ္ဏားကြီးအား အပ်နှင်းကြလေ၏။

ဒေါဏပုဏ္ဏားကြီးသည် ဓာတ်တော်အိုးကို ဝေအံ့သောငှာ ဖွင့်လှစ်လေသော် ရှစ်ပြည်ထောင်သော မင်းတို့သည် ရွှေအဆင်းနှင့်တူသော ဓာတ်တော်တို့ကို မြင်ရလျှင် ဤသို့ဆို၍ ငိုကြွေးကြကုန်၏။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရှင်ပင်ဘုရား၊ အကျွန်ုပ်တို့သည် ရှေးအခါက ရှင်ပင်ဘုရား၏ ဆယ့်ရှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့နှင့် ပြည့်စုံတော်မူသော၊ ရွှေအဆင်းနှင့်တူသော ကိုယ်တော်သခင်ကို မြင်ရပါသည်။ ယခုမှာမူကား ရွှေအဆင်းနှင့်တူသော ဓာတ်တော်တို့ကိုသာ မြင်ရပါတော့သည်တကား။ ရှင်ပင်ဘုရား၊ ဤသို့ဖြစ်ရခြင်းသည် မသင့်ပါတကားဟု ရှစ်ပြည်ထောင်သော မင်းအပေါင်းတို့သည် မြည်တမ်း၍ ငိုကြွေး ပူဆွေးသောက သတိမရ မေ့လျော့၍ နေကြကုန်၏။

ထိုသို့ မေ့လျော့၍နေသောအခါ ဒေါဏပုဏ္ဏားကြီးသည် လက်ယာအထက် စွယ်တော်ကိုယူ၍ ဦးရစ်ကြား၌ ဝှက်ထားသည်ကို သိကြားမင်း ယူ၍ တာဝတိံသာ နက်ပြည်ရှိ စူဠာမုနိစေတီတော်၌ ဌာပနာလေ၏။

လက်ယာအောက် စွယ်တော်ကို ယူ၍ ခြေကြား၌ ဝှက်ထားသည်ကို ဇေယျသေန နဂါးမင်းယူ၍ နဂါးပြည် ရတနာစေတီ၌ ဌာပနာလေ၏။

လက်ဝဲအထက်စွယ်တော်ကို ယူ၍ ပုဆိုးကြား၌ ဝှက်ထားသည်ကို ဂန္ဓာရတိုင်းသား မထေရ်တစ်ပါးယူ၍ ဂန္ဓာရတိုင်းသားတို့နှင့်တကွ စေတီတည်၍ ဥာပနာလေ၏။

လက်ဝဲအောက်စွယ်တော်ကို မီးလျှံရဲရဲ တောက်ဆဲသော စန္ဒကူးထင်းပုံထဲမှ ရှင်ခေမာ ယူဆောင်၍ ကလိင်္ဂရာဇ်တိုင်း၊ ဗြဟ္မဒတ်မင်းအား သင်မှ စ၍ ဂုဟသိဝမင်းတိုင်အောင် ကိုးကွယ်ရလတ္တံ့ဟု ဆို၍ ပေးလေ၏။

လက်ယာညှပ်ရိုးတော်ကို စူဠာမုနိစေတီ၌ ဥာပနာလေ၏။ လက်ဝဲညှပ်ရိုးတော်ကို ဒုဿစေတီ၌ ဥာပနာလေ၏။

မလ္လာမင်းတို့သည် သင်းကျစ်တော်ကို ရလေ၏။ ဒေါဏပုဏ္ဏားကြီးသည် ဤသို့ ဝှက်ထားပြီးမှ အဋ္ဌဘာဂ ရှစ်စု၊ ရှစ်ပုံပြု၍ ခွဲဝေလေ၏။ တစ်ပုံလျှင် နှစ်ကွမ်းစား၊ ၎င်းနှစ်ကွမ်းစားသည် တစ်စိတ်ရှိ၏။ ၎င်းစိတ်ဖြင့်—

ရာဇဂြိုဟ်ပြည်၌နေသော အဇာတသတ်မင်းအား တစ်စိတ်။

ဝေသာလီပြည်၌နေသော လိစ္ဆဝီမင်းအား တစ်စိတ်။

ကပိလဝတ်ပြည်၌နေသော သာကီဝင်မင်းတို့အား တစ်စိတ်။

အလ္လကပ္ပတိုင်း၌နေသော ဖလမင်းအား တစ်စိတ်။

ရာမရွာ၌နေသော ကောလိယမင်းအား တစ်စိတ်။

ဝေဋ္ဌဒီပတိုင်း၌နေသော ပုဏ္ဏားတို့အား တစ်စိတ်။

ပါဝါပြည်၌နေသော မလ္လာမင်းတို့အား တစ်စိတ်။

ကုသိနာရုံပြည်၌နေသော မလ္လာမင်းတို့အား တစ်စိတ်။

ဒေါဏပုဏ္ဏားကြီးအား ရှစ်ပြည်ထောင်သော မင်းတို့က ပေး၍ ဓာတ်တော်ခြင်သော အိုးကို၊ ဝါ၊ စရွတ်ခွက်ကို ရ၍ ၎င်းခွက်ကိုပင် ဓာတ်တော်ဟူသော အမှတ်ဖြင့် စေတီတည်၍ ကိုးကွယ်လေ၏။

ပိပ္ပလိဝန၌နေသော မောရိယမင်းတို့သည် နောက်ကျသောကြောင့် စန္ဒကူ မီးသွေးကိုသာ ရ၍ ၎င်းမီးသွေးကိုပင် ဓာတ်တော်ဟူသော အမှတ်ဖြင့် စေတီတည်၍ ကိုးကွယ်ကြလေ၏။

ဤသို့ ရှစ်ပြည်ထောင်သော မင်းတို့အား ရှစ်ပုံပြု၍ သတ္တာဟအားဖြင့် သုံးသတ္တာဟ၊ ရက်အားဖြင့် နှစ်ဆယ့်တစ်ရက်သို့ ကျရောက်သောအခါ နယုန်လဆန်း ငါးရက်၊ တနင်္လာနေ့တွင် ဓာတ်တော်ကို ဝေဖန်၍ အပြီးအဆုံးသို့ ရောက်၏။

ဓာတ်တော်ခြင်သော ကွမ်းစားသည် မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၌ ဖြစ်သော ကွမ်းစားခွက်ဖြင့် နှစ်ကွမ်းစားစီ ခြင်၍ ဝေသည်။ ၎င်းကွမ်းစားခွက်ဖြင့် ၁၆–ကွမ်းစား ရှိသည်။ ၎င်းတစ်ကွမ်းစားကို မြန်မာပြည်၌ နှစ်ပြည်ရှိ၏။ ၎င်း ပြည်နှင့် သုံးဆယ့်နှစ်ပြည်ရှိ၏။ စလယ်ဟူသော ကွမ်းစားအားဖြင့် (၁/၈)စလယ် ရှိ၏။ စိတ်အားဖြင့် ရှစ်စိတ်၊ ရှစ်ဒေါနရှိ၏။ တင်းအားဖြင့် နှစ်တင်းရှိ၏။

## ဓာတ်တော်များ ရောက်ရာ တည်ရာ အရပ်

အသမ္ဘိန္နဓာတ် ခုနစ်ပါးတို့၏ တည်ရာ ရောက်ရာ ဌာနကိုလည်း**ကောင်း**၊ ဒေါဏပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်သော မင်းတို့အား ရှစ်မုံ၊ **ရှစ်စုပြု၍** ဝေအပ်သော ဓာတ်တော်တို့၏ တည်ရာ ရောက်ရာ အရပ်ကိုလည်း**ကောင်း**—

ဥဏှိသံ သီဟဠဒီပေ၊ ဗြဟ္မလောကေ စ ဝါမကံ။
သီဟဠေ ဒက္ခိဏက္ခဉ္စ၊ သဗ္ဗာပေတာ ပတိဋ္ဌိတာ။
ဧကာ ဒါဌာ တိဒသပုရေ၊ ဧကာ နာဂပုရေ **အဟု**။
ဧကာ ဂန္ဓာရဝိသယေ၊ ဧကာ ကလိင်္ဂရာဇိနော။
မဟာဂေါတမော ဇိနဝရော၊ ကုသိနာရာယံ နိဗ္ဗု**တော**။
ဓာတုဝိတ္ထာရိကံ အာသိ၊ တေသု တေသု ပဒေသ**တော**။
ဧကော အဇာတသတ္တုဿ၊ ဧကော ဝေသာလိယာ **ပုရေ**။
ဧကော ကပိလဝတ္ထုသ္မိံ၊ ဧကော စ အလ္လကပ္ပ**ကေ**။
ဧကော စ ရာမဂါမမှိ၊ ဧကော စ ဝေဋ္ဌဒီပကေ။
ဧကော ပါဝေယျကေ မလ္လေ၊ ဧကော စ ကောသိနာရ**ကေ**။
ကုမ္ဘဿ ထူပံ ကာရေသိ၊ ဗြာဟ္မဏော ဒေါဏသဝှ**ယော**။
**အင်္ဂါ**ရထူပံ ကာရေသုံ၊ မောရိယာ တုဋ္ဌမာနသာ။
အဋ္ဌသာရီရိကာ ထူပါ၊ နဝမော ကုမ္ဘစေတိယော။
အင်္ဂါရထူပေါ ဒသမော၊ တဒါယေဝ ပတိဋ္ဌိတော။

(ဗုဒ္ဓဝံသ၊ ၃၈၃–၄။)

ဥဏှိသံ၊ နဖူးသင်းကျစ်တော်သည်။ သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ ပတိ– ဋ္ဌိတော၊ တည်တော်မူ၏။ ဝါမကဉ္စ၊ လက်ဝဲညှပ်ရိုးတော်သည်ကား။ ဗြဟ္မလောကေ၊ ဗြဟ္မာပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဒက္ခိဏက္ခဉ္စ၊ လက်ယာညှပ်ရိုးတော်

သည်ကား။ သီဟဠေ၊ ရှေးအခါ တာဝတိံသာ၊ နောက်အခါ သီဟိုဠ်ကျွန်း ၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဧတာပိ၊ ထိုသုံ ဆူသော ဓာတ်တော်တို့သည်လည်း။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်၏။

ဧကာဒါဌာ၊ တစ်ဆူသော လက်ယာအထက်စွယ်တော်သည်။ တိဒသပုရေ၊ တာဝတိံသာ နတ်ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဧကာဒါဌာ၊ တစ်ဆူသော လက်ယာအောက်စွယ်တော်သည်။ နာဂပုရေ၊ နဂါးပြည်၌။ ဋ္ဌိတာ၊ တည်တော် မူ၏။ ဧကာဒါဌာ၊ တစ်ဆူသော လက်ဝဲအထက်စွယ်တော်သည်။ ဂန္ဓာရဝိသယေ၊ ဂန္ဓာလတိုင်း၌။ ဝါ၊ ဂန္ဓာလရာဇ်တိုင်း၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဧကာ-ဒါဌာ၊ တစ်ဆူသော လက်ဝဲအောက်စွယ်တော်သည်။ ကလိင်္ဂရာဇိနော၊ ကလိင်္ဂရာဇ် မင်း၏။ ပုရေ၊ ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။

ဇိနော၊ မာရ်ငါးပါးကို အောင်တော်မူပြီးထသော။ ဝရော၊ မြတ်စွာထသော။ မဟာဂေါတမော၊ မဟာဂေါတမအမည်ရှိသော ရှင်တော်ဘုရားသည်။ ကုသိနာရမှိ၊ ကုသိနာရုံပြည်၌။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတု၊ ဓာတ်တော်တို့သည်။ တေသု တေသု၊ ထိုထိုသို့သောအရပ်တို့၌။ ပဒေသတော၊ အစုအားဖြင့်။ ဝါ၊ အစိတ် အစိတ်အားဖြင့်။ ဝိတ္ထာရိတံ၊ ပျံ့နှံ့သည်။ အာသိ၊ ဖြစ်၏။

ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ အဇာတသတ္တုဿ၊ အဇာတသတ် မင်း၏။ ပုရေ၊ ပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ဝေသာလိယာပုရေ၊ ဝေသာလီပြည်၌။ ပတိဋ္ဌိတော၊ တည်တော် မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ကပိလဝတ္ထုမှိ၊ ကပ္ပိလဝတ်ပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ အလ္လကပ္ပကေ၊ အလ္လကပ္ပပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။

ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ရာမဂါမမှိ၊ ရာမရွာ၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ဝေဌဒီပကေ၊ ဝေဌဒီပကပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ပါဝေယျကေ၊ ပါဝေယျက အမည်ရှိသော။ ဝါ၊ ပါဝါပြည်အမည်ရှိသော။ မလ္လေ၊ မလ္လာမင်းတို့၏ ပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော၊ တစ်စိတ်သော ဓာတ်တော်သည်။ ကောသိနာရကေ၊ ကုသိနာရုံပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။

ဒေါဏာနသဝှယော၊ ဒေါဏာအမည်ရှိသော။ ဗြာဟ္မဏော၊ ဆရာဖြစ်သော ပုဏ္ဏားကြီးသည်။ ကုမ္ဘသ၊ ဓာတ်တော်ခြင်သော အိုးအား။ ဂဟေတွာ၊ ယူ၍။ ထူပံ၊ စေတီကို။ ကာရေသိ၊ တည်လေ၏။ မောရိယာ၊ မောရိယမင်းတို့သည်။ တုဋ္ဌမာနသာ၊ ဝမ်းမြောက်ဝမ်းသာ။ အင်္ဂါရံ၊ စန္ဒကူးမီးသွေးကို။ ဂဟေတွာ၊ ယူ၍။ ထူပံ၊ စေတီကို။ ကာရေသုံ၊ တည်လေကုန်၏။

အဋ္ဌ၊ ရှစ်ဆူကုန်သော စေတီတို့သည်။ သာရီရိကာ၊ ကိုယ်တော်မှဖြစ်သော။ ထူပါ၊ စေတီတို့တည်း။ နဝမော၊ ကိုးခုမြောက်သော စေတီသည်။ ကုမ္ဘစေတိယော၊ ဓာတ်အိုးစေတီတည်း။ ဒသမော၊ ဆယ်ခုမြောက်သော စေတီသည်။ အင်္ဂါရထူပေါ၊ မီးသွေးစေတီတည်း။ တဒါယေဝ၊ ထိုသို့သော အရပ်၌သာလျှင်။ ပတိဋ္ဌိတော၊ တည်တော်မူ၏။

## သွားတော်၊ ဆံတော်တို့နှင့် ပရိက္ခရာရှစ်ပါး ရောက်ရာ တည်ရာအရပ်

စတ္တာလီသသမာ ဒန္တာ၊ ကေသာလောမာ စ သဗ္ဗသော။
ဒေဝါ ဟရိံသု ဧကေကံ၊ စက္ကဝါဠပရမ္ပရာ။
ဝဇိရာယံ ဘဂဝတော၊ ပတ္တော ဒဏ္ဍဉ္စ စီဝရံ။
နိဝါသနံ ကုလဃရေ၊ ပစ္စတ္ထရဏံ ကပိလဝှယေ။
ပါဋလိပုတ္တပုရမှိ၊ ကရဏံ ကာယဗန္ဓနံ။
စမ္ပာယုဒကသာဋိယံ၊ ဥဏ္ဏာလောမဉ္စ ကောသလေ။
ကာသာဝံ ဗြဟ္မလောကေ စ၊ ဝေဌနံ တိဒသေ ပုရေ။
နိသီဒနံ အဝန္တီသု၊ ရဋ္ဌေ အတ္ထရဏံ တဒါ။
အရဏီ စ မိထိလာယံ၊ ဝေဒေဟေ ပရိသာဝနံ။
ဝါသိ သူစိဃရဉ္စာပိ၊ ဣန္ဒပတ္ထပုရေ တဒါ။
ပရိက္ခာရ အဝသေသာ၊ ဇနပဒေ အပရန္တကေ။
ပရိဘုတ္တာနိ မုနိနာ၊ အကံသု မနုဇာ တဒါ။
ဓာတုဝိတ္ထာရိကံ အာသိ၊ ဂေါတမဿ မဟေသိနော။
ပါဏီနံ အနုကမ္ပာယ၊ အဟု ပေါရာဏိကံ တဒါ။
(ဗုဒ္ဓဝံသ—၃၈၄။)

စတ္တာလီသ သမာဒန္တာ၊ လေးဆယ်ကုန်သော ညီညွတ်သော သွားတော်တို့ကို လည်းကောင်း။ သဗ္ဗသော၊ အလုံးစုံသော။ ကေသာလောမာစ၊ သုံးကုဋေ ခြောက်သန်းသော ဆံတော်၊ ကိုးကုဋေသော အမွေးတော်တို့ကိုလည်းကောင်း ။ ဧကေကာ၊ တစ်ဆူ တစ်ဆူစီ၊ စက္ကဝါဠပရံပရာ၊ စကြဝဠာတစ်ခုမှသည် စကြဝဠာတစ်ခုသို့။ ဒေဝါ၊ နတ်, ဗြဟ္မာတို့သည်။ ဟရိံသု၊ တစ်ဆူစီ တစ်ဆူစီ ယူဆောင်၍ ကိုးကွယ်ကြလေကုန်၏။

ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ပတ္တောစ၊ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ကပ်လှူအပ်သော ပဲနောက်အဆင်းရှိသော ကျောက်သပိတ်တော်သည်လည်းကောင်း။ ဒဏ္ဍာစ၊ တောင်ဝှေးတော်သည်လည်းကောင်း။ စီဝရဉ္စ၊ သင်္ကန်းတော်သည်လည်းကောင်း၌။ ဝဇိရာယံ၊ ကုရုတိုင်း ဝဇိရာပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ နိဝါသနံ၊ သင်းပိုင်တော်သည်။ ဝါ၊ အပေါ်လွှမ်းခင်းနီးတော်သည်။ ကုလဃရေ၊ ကုလဃရပြည်၌။ ဝါ၊ ကပိလဝတ်ပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ပစ္စတ္ထရဏံ၊ အိပ်ရာခင်းတော်သည်။ ကပိလဝှယေ၊ ကပိလဝတ်ပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။

ကရဏာဉ္စ၊ ဓမ္မကရိဏ်တော်သည်လည်းကောင်း။ ကာယဗန္ဓနဉ္စ၊ ခါးပန်းတော်သည်လည်းကောင်း။ ပါတလိပုတ္တပုရမှိ၊ ပါတလိပုတ်ပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ဥဒကသာဋိကာ၊ ရေသနုပ်တော်သည်။ စမ္ပာယံ၊ စမ္ပာပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ဥဏ္ဏာလောမံ၊ ဥဏ္ဏာလုံမွေးရှင်တော်သည်။ ကောသလေ၊ ကောသလတိုင်း သာဝတ္ထိပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။

ကာသာဝဉ္စ၊ ရဟန်းပြုစက လဲတော်မူသော သင်္ကန်းတော်သည်။ ဗြဟ္မလောကေ၊ အကနိဋ္ဌဗြဟ္မာပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ဝေဌနံ၊ ဦးရစ်တော်သည်။ ဝါ၊ ဦးသျှောင်တော်သည်။ တိဒသေ ပုရေ၊ တာဝတိံသာနတ်ပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ နိသီဒနံ၊ နိသီဒိုင်တော်သည်။ အဝန္တိ သု၊ အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ အတ္ထရဏံ၊ မြေခင်းနီးတော်သည်။ ဝါ၊ အာယောဂပတ်တော်သည်။ တဒါ၊ ထိုအခါ၌။ ရဋ္ဌေ၊ ဒေဝရဋ္ဌတိုင်း၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။

အရဏိစ၊ မီးပွတ်တော်သည်လည်း။ မိဓိလာယံ၊ မိဓိလာပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ပရိသာဝနံ၊ ရေစစ်တော်သည်။ ဝေဒေဟေ၊ ဝေဒေဟတိုင်း မိဓိလာပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။ ဝါသိစ၊ ပဲခွပ်တော်သည်လည်း

ကောင်း။ သူစိယရဋ္ဌာပိ၊ အပ်ကျည်တောက်သည်လည်းကောင်း။ ဣန္ဒပတ္တေ၊ ဣန္ဒပတ္တနဂိုရ်အမည်ရှိသော။ ပုရေ၊ ပြည်၌။ ပတိဋ္ဌိတံ၊ တည်တော်မူ၏။

အဝသေသာ၊ ကြွင်းသော။ ပရိက္ခာရာ၊ ပရိက္ခရာတော်တို့**သည်။ အပ-ရန္တကေ**၊ အပရန္တအမည်ရှိသော။ ဇနပဒေ၊ ဇနပုဒ်၌။ ပတိဋ္ဌိတာ၊ **တည်တော်၏**။ ဣတိ၊ ဤသို့။ မုနိနာ၊ ရှင်တော်ဘုရားသည်။ ပရိဘုတ္တာနိ၊ **သုံးဆောင်တော်**မူအပ်ကုန်သော ပရိက္ခရာတော်တို့ကို။ တဒါ၊ ထိုအခါ၌။ မနုဇာ၊ **လူတို့သည်**။ အကံသု၊ ပူဇော်မူပြုကြကုန်၏။

ဂေါတမဿ၊ ဂေါတမဘုရားရှင်၏။ ဓာတူ၊ ဓာတ်တော်တို့**သည်**။ ပါဏိနံ၊ သတ္တဝါတို့ကို။ အနုကမ္ပာယ၊ အစဉ်သနားတော်မူသဖြင့်။ ဣတိ၊ ဤသို့။ ဝိတ္ထာရိကံ၊ ပျံ့နှံ့သည်။ အာသိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပေါရာဏိကံ၊ အဟောင်းဖြစ်သော စေတီတော်သည်။ အဟု၊ ဖြစ်ပြီ။

## အဇာတသတ်မင်း ဓာတ်တော်တို့ကို ယူဆောင်ခြင်း

မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်ကို အစိုးရသော အဇာတသတ်မင်းသည် ကုသိနာရုံပြည်မှ ရာဇဂြိုဟ်ပြည်သို့တိုင်အောင် ရှစ်ဆယ့်ငါးယူဇနာရှိသော လမ်းခရီးအကြား၌ ရှစ်ဥသဘအနံရှိသော ညီညွတ်စွာသော မြေအပြင်ကို ပြုစေ၍ နှစ်ဆယ့်ငါးယူဇနာရှိသော လမ်းခရီး၌လည်း ပူဇော်ချီးမြှင့်ခြင်းတို့ကို ပြုခြင်း၊ ခပ်သိမ်းသော လူတို့ကို မငြီးငွေ့စေခြင်းငှာ လမ်းခရီး၌ အိမ်ဈေးသဘင်တို့ကိုလည်း ကျင်းပစေခြင်း၊ ဓာတ်တော်တို့ကို ‌ရော‌‌ှာင်ချိုင့်ဖြင့် ရုံခြင်းကို ပြုစေ၍ **အဝန်းငါးရာ ရှိသော** မိမိနိုင်ငံဟု ဆိုအပ်သော ရာဇဂြိုဟ်ပြည်သားတို့နှင့် **ဓာတ်တော်တို့ကို ယူဆောင်**ခဲ့၍ သူတော်ကောင်းတို့၏ ကောင်းချီးပေးသော ကစားခြင်းတို့ဖြင့် ကစားကုန်လျက် ကုသိနာရုံပြည်မှ ထွက်ခဲ့ကုန်သော် အကြင် အကြင်အရပ်၌ ရွှေအဆင်းနှင့်တူသော ပန်းပွင့်တို့ကို တွေ့မြင်သောအခါ ပူဇော်၍ နေကြကုန်၏။ ထိုပန်းပွင့်တို့၏ ကုန်သောအခါမှ ထိုအရပ်က သွားကြလေကုန်၏။

သွားသောအခါ ရထားလှည်းဦးတည့်ရာ၊ ချရာအရပ်သို့ ရထားနောက်စွန်းများ ရောက်သောအခါ ရထားလှည်းကို ချွတ်၍ ထိုနေရာ၌ ခုနစ်ရက်ပတ်လုံး သာဓုကီဠနဟူသော ကောင်းချီးပေးသော ကစားခြင်းဖြင့် ကစားကြကုန်လျက် ယူဆောင်၍ သွားလာသော နှစ်၊ လ၊ ရက် ပရိစ္ဆေဒ**သည်ကား** ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့ကို လွန်စေကုန်၏။

ထိုသို့ယူဆောင်သော လူအပေါင်းတို့တွင် များသော အယူအမြင်ရှိကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် ဤသို့ကဲ့ရဲ့ကြကုန်၏။ ရဟန်း ဂေါတမ ပရိနိဗ္ဗာန်ပြုတော်မူသော ကာလမှစ၍ သာဓုကီဠနဟူသော ကောင်းချီးပေးသော ကစားခြင်းဖြင့် အနိုင် အထက် ငါတို့ကို နှိပ်စက်ညှဉ်းဆဲအပ်ကုန်ပြီ။ ငါတို့၏ အမှုကိစ္စ အလုပ်အကောင် တို့သည် ပျက်စီးအပ်ကုန်ပြီဟု ကဲ့ရဲ့ကြကုန်လျက် စိတ်က ပြစ်မှားကြကုန်သော (၈၆၀၀၀) ကုန်သော၊ ဝါ၊ (၈၄၀၀၀) ကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် အပါယ်လေးဘုံ အဝင်အပါဖြစ်သော ပြိတ္တာဘုံ၌ ဖြစ်ကြလေကုန်၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုအကြောင်းကို ဆင်ခြင်၍ သိမြင်ကြကုန်သော အခါ သိကြားမင်းထံသို့သွား၍ ဤသို့ဆို၏။ သိကြားမင်း၊ စိတ်ပြစ်မှားခြင်း ရှိကုန်သော ရှစ်သောင်းခြောက်ထောင်ကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် ပြိတ္တာဘုံ၌ ဖြစ်ကြလေကုန်ပြီ၊ ထို့ကြောင့် ဓာတ်တော်တို့ကို လျင်စွာ ဆောင်အံ့သော အကြောင်းကို သင် သိကြားမင်း ပြုပါလော့ဟု ဆိုကုန်၏။

ထိုသို့ပြောသောအခါ သိကြားမင်းသည် ဤသို့ဆို၏။ အရှင်ဘုရားတို့၊ ပုထုဇဉ်တို့တွင် အဇာတသတ်မင်းနှင့် တူသော သဒ္ဓါခြင်းရှိသောသူမည်သည် မရှိ။ ထို့ကြောင့် ထိုအဇာတသတ်မင်းသည် အကျွန်ုပ်၏စကားကို မလိုက်နာလတ္တံ့၊ စင်စစ်သော်ကား မာရ်နတ်မင်း၏ ချောက်ချားခြင်းနှင့်တူသော ကြောက်မက် ဖွယ်သော အရုပ်အဆင်းကိုလည်းကောင်း၊ ကြောက်မက်ဖွယ်သော အသံကိုလည်း ကောင်း၊ နတ်ဘီလူးဖမ်းခြင်း၊ ချေဆတ်စေခြင်း၊ ထမင်းမစား အော့အန်စေခြင်း တို့ကိုလည်းကောင်း အကျွန်ုပ်က ပြုပေအံ့။ အရှင်ဘုရားတို့က အဇာတသတ် မင်းထံသို့ သွား၍ ဤသို့ဆိုတော်မူပါကုန်။ တကာတော်မင်းကြီး၊ နတ်ဘီလူး တို့ သည် အမျက်ထွက်ကုန်ပြီ၊ ဓာတ်တော်တို့ကို လျင်စွာ ဆောင်ကုန်လော့ဟူ၍ အရှင်ဘုရားတို့က ဆိုတော်မူပါ။ ဤသို့ဆိုသည်ရှိသော် ထိုအဇာတသတ်မင်း သည် လျင်စွာ ဆောင်ကုန်လတ္တံ့ဟု သိကြားမင်းက ရဟန္တာပုဂ္ဂိုလ်တို့အား မှာဆိုလိုက်၏။

သိကြားမင်းသည် ထိုအလုံးစုံတို့ကို မိမိကိုယ်တိုင် ပြုပေ၏။ အရှင်မဟာ ကဿပသည်လည်း သိကြားမင်း မှာဆိုတိုင်း အဇာတသတ်မင်းထံသို့သွား၍ ဤသို့ဆို၏။ တကာတော်မင်းကြီး၊ နတ်ဘီလူးတို့သည် သင်မင်းကြီးအား အမျက် ထွက်ကုန်ပြီ၊ ဓာတ်တော်တို့ကို လျင်စွာဆောင်ယူပါကုန်လော့ဟု ဆိုတော်မူသော အခါ အဇာတသတ်မင်းသည် ဤသို့ဆို၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်၏ စိတ်

အလိုသည် မနှစ်သက်နိုင်ပါသေး။ ထိုသို့ပင် မနှစ်သက်နိုင်သော်လည်း နတ်ဘီလူးတို့ အမျက်ထွက်ခဲ့သော် လျင်စွာ ဆောင်ယူတော်မူပါအံ့ဟုဆို၍ ဆောင်ယူခဲ့သော် ခုနစ်ရက်ဖြင့်သာ ရာဇဂြိုဟ်ပြည်သို့ ရောက်လေကုန်၏။ ၎င်းပြည်၌ စေတီတည်၍ ပူဇော်ခြင်းကို ပြုလေကုန်၏။

## ဓာတ်တော်တိုက် ပြုလုပ်မြှုပ်နှံခြင်း

အရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်တော်မူသော် အသီးအသီး စေတီတည်၍ ကိုးကွယ်ကြသော ဓာတ်တော်တို့၏ အန္တရာယ်ကို မြင်တော်မူ၍ အဇာတသတ်မင်းအား ဤသို့ပြောဆို၏။

မြတ်သောမင်းကြီး၊ ဓာတ်တော်တို့ကိုပင့်ယူ၍ တစ်ပေါင်းတည်း ဌာပနာရသော် အန္တရာယ်မရှိ၊ ကောင်း၏ဟု ဤသို့ပြောဆိုတော်မူသောအခါ အဇာတသတ်မင်းသည် ဤသို့လျှောက်၏။ အရှင်ဘုရားတို့သည် ဓာတ်တော်တို့ကို ဆောင်တော်မူပါ။ ဓာတ်တော် ဌာပနာရာအရပ်ကို အကျွန်ုပ်ပြုပါအံ့ဟု လျှောက်၏။

အရှင်မဟာကဿပသည်လည်း ကုသိနာရုံ၊ ဝေသာလီ၊ ကပိလဝတ်၊ ပါဝါ၊ အလ္လကပ္ပ၊ ဝေဋ္ဌဒီပကတိုင်းတို့၌ ရှိသော တစ်စရွတ်စီသော ဓာတ်တော်တို့ကို ထိုထိုသို့သော မင်းတို့အား ကိုးကွယ်ပူဇော် ရှိခိုးခံရုံ အနည်းငယ်မျှသာ ထားခဲ့၍ ကြွင်းသောဓာတ်တော်တို့ကို တန်ခိုးဣဒ္ဓိပါဒ်အစွမ်းဖြင့် ဆောင်ယူတော်မူလေ၏။

ရာမရွာ၌ရှိသော ဓာတ်တော်တို့အား နဂါးတို့ ယူဆောင်၍ စောင့်ရှောက်သောကြောင့် အန္တရာယ်မရှိ။ ဘုရား ပရိနိဗ္ဗာန်လွန်သည်နောက် အနှစ် ၂၃၆-နှစ်လွန်သောအခါ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်အတွင်း၌ မဟာစေတီဝယ် ဌာပနာကုန်လတ္တံ့။ ထို့ကြောင့် မဆောင်မယူဘဲ ခြွင်းချန်ခဲ့၍ ခြောက်ပြည်ထောင်သော မင်းတို့၏အထံမှ ဓာတ်တော်ခြောက်စုတို့ကို ရာဇဂြိုဟ်ပြည်သို့ ဆောင်ယူခဲ့၍ အဇာတသတ်မင်းအား အပ်ပြီးသော် ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်ဘက်ထောင့် ကုန်းမြင့်ရာအရပ်၌ ရပ်တော်မူလျက် ဤသို့ မိဋ္ဌာန်၏။

ဤအရပ်၌ရှိသော ကျောက်တို့သည် ကွယ်ပျောက်စေသတည်း။ သန့်ရှင်းသော မြေမှုန့်သက်သက်သာ ဖြစ်စေသတည်း။ တူးသောအခါ ရေမထွက်စေသတည်းဟု မိဋ္ဌာန်တော်မူ၏ ။

အဇာတသတ်မင်းသည်လည်း ထိုအရပ်ကို တူးစေ၍ ထိုတူးရာမှ ထွက်သော မြေမှုန့်မြေစာတို့ကို အုတ်လုပ်စေပြီးလျှင် ထိုတွင်း၏ထက်ဝန်းကျင်၌ ရှစ်ကျိပ်

သော မဟာသာဝကတို့၏ စေတီတို့ကို ပြုစေ၏။ ဤအရပ်၌ မင်းကြီးသည် အဘယ် အမှုကို ပြုစေသနည်းဟု မေးကုန်သော သူတို့အား မဟာသာဝက ရှစ်ကျိပ်တို့၏ စေတီတို့ကို ပြုစေသည်ဟု ပြောရကုန်၏။ တစ်စုံတစ်ယောက်သော သူမျှ ဓာတ်တော် သိုမှီးမြှုပ်ထားကြောင်းကို မသိစေရ။

တူး၍ အတောင် ရှစ်ဆယ်နက်သောအခါ သံပြားကို ခင်းစေ၍ ထိုသံပြား ပေါ်၌ သီဟိုဠ်ကျွန်း၊ ထူပါရုံစေတီပမာဏရှိသော ကြေးနီဖြင့် ပြီးသော စေတီ အိမ်ဟု ဆိုအပ်သော ကျောင်းကို ပြုစေ၍ ထိုအတွင်း၌ ကောင်းမွန်စွာ ခင်းကျင်း ပြီးသော စန္ဒကူးဖြူကြုတ် ရှစ်လုံး၊ စန္ဒကူးဖြူစေတီ ရှစ်ဆူ၊ စန္ဒကူးနီကြုတ် ရှစ်လုံး၊ စန္ဒကူးနီစေတီ ရှစ်ဆူ၊ ဆင်စွယ်ကြုတ် ရှစ်လုံး၊ ဆင်စွယ်စေတီ ရှစ်ဆူ၊ ရတနာခုနစ်ပါးဖြင့် ပြည့်သောကြုတ် ရှစ်လုံး၊ ရတနာခုနစ်ပါးဖြင့် ပြီးသော စေတီရှစ်ဆူ၊ ရွှေကြုတ် ရှစ်လုံး၊ ရွှေစေတီ ရှစ်ဆူ၊ ငွေကြုတ် ရှစ်လုံး၊ ငွေစေတီ ရှစ်ဆူ၊ မြကြုတ် ရှစ်လုံး၊ မြစေတီ ရှစ်ဆူ၊ ပတ္တမြားနီကြုတ် ရှစ်လုံး၊ ပတ္တမြားနီ စေတီ ရှစ်ဆူ၊ ပတ္တမြားပြောက်ကြုတ် ရှစ်လုံး၊ ပတ္တမြားပြောက်စေတီ ရှစ်ဆူ၊ ဖန်ကြုတ် ရှစ်လုံး၊ ဖန်ကြုတ်စေတီ ရှစ်ဆူတို့ကို ရှစ်ခု ရှစ်ခုစီပြုလုပ်စေပြီး၍ ခုနစ်စရွတ်သော ဓာတ်တော်တို့ကို စန္ဒကူးဖြူကြုတ် ရှစ်ခုတို့တွင် ပထမကြုတ်၌ ထည့်သွင်း၍ ထိုဓာတ်တော် ထည့်သွင်းသော ကြုတ်ကို ဒုတိယကြုတ်၌ ထည့်သွင်းပြန်၍၊ ထိုကြုတ်ကို တတိယကြုတ်၌ ထည့်သွင်းပြန်၍၊ ထိုကြုတ်ကို စတုတ္ထ ကြုတ်၌ ထည့်သွင်းပြန်၍၊ ထိုကြုတ်ကို ပဉ္စမကြုတ်၌ ထည့်သွင်းပြန်၍၊ ထိုကြုတ်ကို ဆဋ္ဌကြုတ်၌ ထည့်သွင်းပြန်၍၊ ထိုကြုတ်ကို သတ္တမကြုတ်၌ ထည့်သွင်းပြန်၍၊ ထိုကြုတ်ကို အဋ္ဌမကြုတ်၌ ထည့်သွင်းပြန်၍၊ ရှစ်လုံးသော စန္ဒကူးဖြူကြုတ်တို့ကို တစ်ခုတည်းသော ကြုတ်ကဲ့သို့ ပြုပြီးသော်၊ ဤသို့ တစ်ခုပြီးမှ တစ်ခု ထည့်သွင်းသောနည်းဖြင့် ထိုတစ်ခုတည်း ပြုအပ်သော စန္ဒကူးဖြူစေတီ ရှစ်ဆူတို့၌ နည်းတူ ထည့်သွင်းပြန်၍၊ ထိုစန္ဒကူးဖြူစေတီကို စန္ဒကူးနီကြုတ် ရှစ်လုံးတို့၌ နည်းတူ ထည့်သွင်းပြန်၍၊ ထိုစန္ဒကူးနီကြုတ်ကို စန္ဒကူးနီစေတီ ရှစ်ဆူတို့၌ နည်းတူ ထည့်သွင်းပြန်၍၊ ထိုစန္ဒကူးနီ စေတီကို ဆင်စွယ်ကြုတ် ရှစ်လုံး၌ နည်းတူ ထည့်သွင်းပြန်၍၊ ထိုဆင်စွယ်ကြုတ်ကို ဆင်စွယ်စေတီ ရှစ်ဆူတို့၌ နည်းတူ ထည့်သွင်းပြန်၍၊ ထိုဆင်စွယ်စေတီကို ရတနာခုနစ်ပါးဖြင့်ပြီးသော ကြုတ်ရှစ်လုံးတို့၌ နည်းတူ ထည့်သွင်းပြန်၍၊ ထို ရတနာခုနစ်ပါးဖြင့်ပြီးသော ကြုတ်ကို ရတနာခုနစ်ပါးဖြင့် ပြီးသော စေတီရှစ်ဆူ

တို့၌ နည်းတူ ထည့်သွင်းပြန်၍၊ ထိုရတနာခုနစ်ပါးဖြင့်ပြီးသော စေတီကို ရွှေကြုတ်ရစ်လုံးတို့၌ နည်းတူ သွင်းပြန်၍၊ ထိုရွှေကြုတ်ကို ရွှေစေတီရစ်ဆူတို့၌ နည်းတူ သွင်းပြန်၍၊ ထိုရွှေစေတီကို ငွေကြုတ် ရစ်လုံးတို့၌ နည်းတူ သွင်းပြန်၍၊ ထိုငွေကြုတ်ကို ငွေစေတီ ရစ်ဆူတို့၌ နည်းတူ သွင်းပြန်၍၊ ထိုငွေစေတီကို မြကြုတ် ရစ်လုံးတို့၌ နည်းတူ သွင်းပြန်၍၊ ထိုမြကြုတ်ကို မြစေတီ ရစ်ဆူတို့၌ နည်းတူ သွင်းပြန်၍၊ ထိုမြစေတီကို ပတ္တမြားနီကြုတ် ရစ်လုံးတို့၌ နည်းတူ သွင်းပြန်၍၊ ထိုပတ္တမြားနီကြုတ်ကို ပတ္တမြားနီစေတီ ရစ်ဆူတို့၌ နည်းတူ သွင်းပြန်၍၊ ထိုပတ္တမြားနီစေတီကို ပတ္တမြားပြောက်ကြုတ် ရစ်လုံးတို့၌ နည်းတူ သွင်းပြန်၍၊ ထိုပတ္တမြားပြောက်ကြုတ်ကို ပတ္တမြားပြောက်စေတီ ရစ်ဆူတို့၌ နည်းတူ သွင်းပြန်၍၊ ထိုပတ္တမြားပြောက်စေတီကို ဖန်ကြုတ်ရစ်လုံးတို့၌ နည်းတူ သွင်းပြန်၍၊ ထိုဖန်ကြုတ်ကို ဖန်စေတီ ရစ်ဆူတို့၌ နည်းတူ သွင်းပြန်၍၊ တစ်ဆူတည်းကဲ့သို့ ပြုအပ်သော ထိုကြုတ်စေတီ၏ အထပ်ပေါင်းသည်ကား တစ်ရာ့ခြောက်ဆယ် ရှိ၏။

ထိုအလုံးစုံသော အထပ်တို့၏ အထက်ဆုံးဖြစ်သော ဖန်စေတီသည် သီဟိုဠ်ကျွန်း၌ ထူပါရုံစေတီပမာဏရှိ၏။ ဖန်စေတီ၏အထက်၌ အလုံးစုံသော ရတနာတို့ဖြင့် ပြီးသော စေတီအိမ်ကို ပြုပြန်၏။ ထိုစေတီအိမ်၏အထက်၌ ရွှေဖြင့်ပြီးသော စေတီကို ပြုပြန်၏။ ထိုရွှေစေတီအိမ်၏အထက်၌ ငွေဖြင့်ပြီးသော စေတီအိမ်ကို ပြုပြန်၏။ ထိုငွေစေတီ၏အထက်၌ကား ရေးဦးစွာ ပြုအပ်သော စေတီအိမ်သည် ဖြစ်၏။

ထိုအိမ်၏အတွင်း ဓာတ်တော်ထားရာ တိုက်၌ အလုံးစုံသော ရတနာဖြင့်ပြီးသော သဲကို ကြဲဖြန့်စေခြင်း၊ ကြည်းပန်းကို ကြဲဖြန့်စေခြင်း၊ ငါးရာ့ငါးဆယ်သော ဇာတ်ရုပ်၊ ရှစ်ကျိပ်သော သာဝကတို့၏ အရုပ်၊ သုဒ္ဓေါဒန၊ သီရိမဟာမာယာ၊ ဖွားဖက်တော် ခုနစ်ယောက်တို့၏အရုပ်၊ ဤအလုံးစုံသော အရုပ်တို့ကို ရွှေဖြင့်သွန်းလုပ်၍ ထား၏။ ရေပြည့်သော ရွှေအိုးငါးရာ၊ ငွေအိုးငါးရာ၊ ရွှေတံခွန်ငါးရာ၊ ငွေတံခွန်ငါးရာ၊ ရွှေမီးခွက်၊ (ဝါ) ရွှေမီးတိုင်ငါးရာ၊ ငွေမီးခွက်၊ (ဝါ) ငွေမီးတိုင်ငါးရာတို့ကို ထားစေ၏။ ကောင်းသော နံ့သာမျိုးတို့ဖြင့် ထုံအပ်သော ဆီမီးဖြင့်ပြည့်သော မီးခွက်၌ ဘွဲ့ဖြူပုဆိုးဖြင့် ကျစ်အပ်သော ဆီမီးစာတို့ကို ထည့်ပြီးလျှင် ညှိထွန်းစေ၏။

ဤအလုံးစုံတို့ကို ထားပြီးလျှင် အရှင်မဟာကဿပသည် ဤသို့မိန့်ခွာန်တော်မူ၏။ ဓမ္မာသောကမင်းသည် ဓာတ်တော်တို့ကို ပင့်ဆောင်သည့်တိုင်အောင် ပန်းတို့သည် မညှိုးသည် ဖြစ်စေကုန်သတည်း။ နံ့သာတို့သည် အနံ့မပြယ်သည် ဖြစ်စေကုန်သတည်း။ ဆီမီးတို့သည် မငြိမ်းသည် ဖြစ်စေကုန်သတည်းဟု မိန့်ခွာန်တော်မူပြီးလျှင် ရွှေပြား၌—

အနာဂတေ ပိယဒါသော နာမ ကုမာရော ဆတ္တံ ဥဿာပေတွာ အသောကော နာမ ဓမ္မရာဇာ ဘဝိဿတိ၊ သော ဣမာ ဓာတု ယော ဝိတ္ထာရိကာ ကရိဿတိ။ (ဒီ—ဋ္ဌ၊ ၂။ ၂၀၆။)

ဟု ရေးထားစေ၏။

အနာဂတေ၊ နောင် ၂၁၈—ခုနှစ်အခါ၌။ ပိယဒါသောနာမ၊ ပိယဒါသ အမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ဆတ္တံ၊ ထီးဖြူကို။ ဥဿာပေတွာ၊ စိုက်ဆောက်၍။ အသောကောနာမ၊ အသောကအမည်ရှိသော။ ဓမ္မရာဇ၊ တရားမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထိုအသောကမင်းသည်။ ဣမာဓာတုယော၊ ဤခုနစ်စုရွတ်သော ဓာတ်တော်တို့ကို။ ဝိတ္ထာရိကာ၊ ပျံ့နှံ့စေသည်။ ကရိဿတိ၊ ပြုလတ္တံ့။

ထိုနောင် အဇာတသတ်မင်းသည် အလုံးစုံသော တန်ဆာတို့ကို ပူဇော်ပြီးလျှင် တံခါးတို့ကို အစဉ်အတိုင်း ပိတ်၍ ထွက်၏။ ထွက်ပြီးသော် တံခါးကို ငင်သောကြိုး၌ သံကောက်ကိုလည်းကောင်း၊ မင်းတုပ်ကိုလည်းကောင်း ဖွဲ့ချည်ခဲ့၍ ထိုကြေးနီအိမ်တံခါး၏ အပြင်၌၊ (ဝါ) တံခါးဝ၌ ကြီးစွာသော နှစ်ဆယ့်လေးကုဋေ အဖိုးထိုက်သော ပတ္တမြားတုံးကို ထားစေ၍—

အနာဂတေ ဒလိဒ္ဒရာဇာ ဣမံ မဏိံ ဂဟေတွာ ဓာတူနံ သက္ကာရံ ကရောတု။ (ဒီ—ဋ္ဌ၊ ၂။ ၂၀၆။)

ဟု ရေးထား၏။

အနာဂတေ၊ နောင်သောအခါ၌။ ဒလိဒ္ဒရာဇာ၊ ဆင်းရဲသော မင်းသည်။ ဣမံမဏိံ၊ ဤနှစ်ဆယ့်လေးကုဋေ အဖိုးထိုက်သော ပတ္တမြားကို။ ဂဟေတွာ၊ ယူဆောင်၍။ ဓာတူနံ၊ ဓာတ်တော်တို့အား။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ ကရောတု၊ ပြုလေလော့။ (ဝါ) ပြုစေသတည်း။

သိကြားမင်းသည် ဝိသုကြုံနတ်သားကို ခေါ်၍ ဤသို့ဆို၏။ အချင်း ဝိသုကြုံနတ်သား၊ ဓာတ်တော်ဌာပနာတိုက်၌ အစောင့်အရှောက်တို့ကို ထားစေလော့ဟု စေလိုက်၏။ ဝိသုကြုံနတ်သားသည် ထိုအရပ်သို့သွား၍ ကြောက်မက်ဖွယ်ရှိသော သားရဲရုပ်တပ်သော စက်ယန္တရားကိုပြု၍ နတ်ဘီလူးရုပ်တို့ကိုလည်း ဖန်အဆင်းနှင့် တူသော သံလျက်တို့ကို ကိုင်စွဲစေ၍ လေ၏လျင်ခြင်းကဲ့သို့ အစဉ်မပြတ် တစ်ပတ်ပတ်လည်သော စက်ယန္တရားကို တပ်၍ တစ်ခုသော မယ်နဖြင့် ဖွဲ့လျက် ထက်ဝန်းကျင်မှ အုတ်တိုက်၏ အခြင်းအရာဖြင့် ကျောက်ဖျာကို ရံ၍၊ အထက်၌ တစ်ခုသော ကျောက်ဖျာဖြင့် ပိတ်ဖုံး၍၊ ထိုကျောက်ဖျာပေါ်၌ မြေဖို့ပြီးသော် အပေါ်၌ ကျောက်စေတီကို တည်စေ၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အဇာတသတ်မင်းသည် ဓာတ်တော်တို့ကို သိုမှီးမြှုပ်ထား၏။ ၎င်းမင်းသည် ဘုရား ပရိနိဗ္ဗာန်မလွန်မီ ရှစ်နှစ်၊ ဘုရား ပရိနိဗ္ဗာန်လွန်သည်နောက် နှစ်ဆယ့်လေးနှစ်၊ ပေါင်း မင်းစည်းစိမ် သုံးဆယ့်နှစ်နှစ်ရှိသော ကာလ သားတော် ဥဒယဘဒ္ဒ လုပ်ကြံ၍ ကံကုန်တော်မူလေ၏။

## မြတ်စွာဘုရား သန္ဓေတည်သည်မှ ဓာတ်တော်များ မြှုပ်ထားသည်အထိ ဗုဒ္ဓဝင်အကျဉ်းချုပ်

ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် ဘိုးတော် အဥ္စနမင်းနှင့် ဒေဝိလ ရသေ့တို့ ရှိရင်း သက္ကရာဇ်ဟောင်း ရှစ်ထောင့်ခြောက်ရာ့လေးဆယ်ပြည့်နှစ် သက္ကရာဇ်ကို၊ (ဝါ) ၈၆၄၅–ခုနှစ် သက္ကရာဇ်ကို တပေါင်းလကွယ် စနေနေ့တွင် ချေ၍၊ တန်ခူးလဆန်းတစ်ရက်၊ တနင်္ဂနွေနေ့ကို စ၍ မဟာသက္ကရာဇ် တစ်ခုနှစ်ဟု ထားအပ်သော နှစ်မှသည် သက္ကရာဇ် ၆၇–ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်၍ ပဋိသန္ဓေနေတော်မူသည်။

၆၈–ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဝိသာခါနက္ခတ်နှင့် ယှဉ်၍ ဖွားမြင်တော်မူသည်။

၉၆–ခုနှစ်၊ အသက်တော် ၂၈–နှစ်တွင် ဥယျာဉ်သို့ ထွက်တော်မူသည်။

၉၇–ခုနှစ်၊ အသက်တော် ၂၉–နှစ်အရှိ ဝါဆိုလပြည့်၊ တနင်္လာနေ့၊ သန်းခေါင်ယံ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်၍ တောထွက်တော်မူသည်။

၁၀၃–ခုနှစ်၊ အသက်တော် ၃၅–နှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့် ယှဉ်၍ မိုးသောက်ယံ အရဟတ်မတက်မီ ဘုရားဖြစ်တော်မူသည်။

ငင်း ၁၀၃–ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ည၊ နေတစ်ခြမ်းဝင်စ ဥတ္တရာသဠ်နက္ခတ်ယှဉ်လျက်၊ လ,တစ်ခြမ်းထွက်စ အချိန်တွင် ဓမ္မစကြာတရားကို ဟောတော်မူသည်။

၁၀၉–ခုနှစ်၊ ဝါဆိုလပြည့်၊ ဥတ္တရာသဠ်နက္ခတ်ယှဉ်လျက် ယမိုက်ပြာဋိဟာကို ပြတော်မူသည်။

ငင်း ၁၀၉–ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ အဿဝဏီနက္ခတ်နှင့်ယှဉ်လျက် နတ်ပြည်မှ သက်တော်မူသည်။

၁၄၇–ခုနှစ်၊ တပို့တွဲလပြည့်၊ သောကြာနေ့၊ မာဃနက္ခတ်နှင့် ယှဉ်လျက် အာယုသင်္ခါရ လွှတ်တော်မူသည်။

၁၄၈–ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၊ ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ပရိနိဗ္ဗာန်ပြုတော်မူသည်။

ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် တစ်မုဟုတ္တ ကာလလွန်မှ အရုဏ်တက်သည်။ အရုဏ်တက်မှ ကဆုန်လပြည့်၊ အင်္ဂါနေ့ကုန်သည်။ အင်္ဂါနေ့ကုန်လျှင် တစ်ရက်နေ့ဟု ရေတွက်၍ လပြည့်ကျော် ၆–ရက်နေ့တိုင်အောင်သော ခုနစ်ရက်သည် ပရိနိဗ္ဗာနသတ္တာဟမည်၏။

ထိုလပြည့်ကျော် ၆–ရက်၊ တနင်္လာနေ့ပင် အင်ကြင်းတောမှ အလောင်းတော်ကို ယူဆောင်ခဲ့၍ မကုဋဗန္ဓနအရပ်သို့ ရောက်၏။ ထိုရောက်သည် ၆–ရက်နေ့ပင် ထင်းပုံထက်သို့ အလောင်းတော်ကို တင်၏။ ထိုတင်သည့် တနင်္လာနေ့ကစ၍ ကဆုန်လပြည့်ကျော် ၁၂–ရက်၊ တနင်္ဂနွေနေ့ တေဇောဓာတ်လောင်သည့်တိုင်အောင်သော ရက်သည် စိတကသတ္တာဟ မည်၏။

ထိုတေဇောဓာတ်လောင်သည့် ၁၂–ရက်နေ့ ညဥ့်ပင် ဓာတ်တော်တို့ကို ကောက်ယူ၍ ထိုညဥ့်ချင်းပင် မြို့တွင်းသို့ ယူဆောင်လေ၏။ ထိုယူဆောင်သည့် ညဥ့်မှစ၍ နယုန်လဆန်း သုံးရက်၊ စနေနေ့တိုင်အောင်သော ခုနစ်ရက်သည် ဓာတုပူဇာသတ္တာဟမည်၏။ ဝါ၊ သာဓုကီဠနသတ္တာဟ မည်၏။

ဤသို့ သတ္တာဟအားဖြင့် သုံးသတ္တာဟ၊ ရက်အားဖြင့် ၂၁–ရက်၊ နယုန်လဆန်း ငါးရက်နေ့သို့ ကျရောက်သောအခါ ဒေါဏပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်သော မင်းတို့အား ဓာတ်တော်တို့ကို ခွဲဝေပေးပြီးနောက် အရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့သည် အလုံးစုံသော ဓာတ်တော်တို့ကို စုရုံး၍ မြှုပ်ထားအပ်သည်ကား မဟာသက္ကရာဇ် ၁၆၈–ခုနှစ်အကျော်တွင် မြှုပ်ထား၏။

## မြတ်စွာဘုရားတို့၏ ဓမ္မတာ သုံးဆယ်

ပစ္ဆိမဘဝိကဖြစ်သော ဘုရားအလောင်းတို့သည် **သတိအဆင်အခြင်နှင့်** ပြည့်စုံတော်မူသည် ဖြစ်၍ မယ်တော်ဝမ်း၌ **ပဋိသန္ဓေနေတော်မူခြင်း။**

ထက်ဝယ်ဖွဲ့ခွေ အပသို့မျက်နှာပြု၍ နေတော်မူခြင်း။

မယ်တော်သည် မတ်တပ်ရပ်လျက် ဘုရားလောင်းကို ဖွားတော်မူခြင်း။

တောအရပ်၌သာ ဘုရားလောင်းကို ဖွားတော်မူခြင်း။

ဖွားပြီးသော ဘုရားလောင်းတို့သည် ရွှေပြားထက်တွင် နင်းတော်မူခြင်း။

(ကစ္ဆနပတ္တေသု **ပတိဋ္ဌိတပါဒနံ**–ဟု လာသည်။)

မြောက်အရပ်သို့ **ခုနစ်ဖဝါး** လှမ်းသော အဆုံး၌ ရပ်လျက်၊ အရပ်လေးမျက်နှာကို ကြည့်တော်မူပြီးလျှင်–

ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ သုံးခွန်းသော စကားကို ဆိုတော်မူခြင်း။

နိမိတ်လေးပါးကို မြင်၍ သားတစ်ယောက်ဖွားပြီးမှ တောထွက်တော်မူခြင်း။

အရဟတ္တဓဇ်၏ တံခွန်ဖြစ်သော သင်္ကန်းကို ယူ၍ ရဟန်းပြုပြီးလျှင် အလုံးစုံ အောက် ယုတ်သော အပိုင်းအခြားအားဖြင့် ခုနစ်ရက် ဒုက္ကရစရိယအကျင့်ကို ကျင့်တော်မူရခြင်း။

ဘုရားအဖြစ်သို့ ရောက်အံ့သောနေ့၌ နို့ဃနာဆွမ်းကို **ခံ၍ ဘုဉ်းပေးတော်**မူရခြင်း။

မြက်အခင်း၌ နေတော်မူပြီးလျှင် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားဖြစ်တော်မူခြင်း။

အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းတော်မူ၍ မာရ်စစ်သည်အပေါင်းတို့ကို အောင်တော်မူခြင်း။

ဗောဓိပင် ရွှေပလ္လင်၌ ဝိဇ္ဇာ သုံးပါးကို အစပြု၍ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ် ခြောက်ပါး၊ ဒသဗလဉာဏ်၊ ဆ,အသာဓာရဏဉာဏ် စသော ဂုဏ်တော် ကျေးဇူးတော်တို့ကို ရခြင်း။

ခုနစ်ရက် ခုနစ်လီ ဗောဓိပင်၏အနီး၌ နေတော်မူခြင်း။

မဟာဗြဟ္မာကြီးသည် တရားဟောစိမ့်သောငှာ တောင်းပန်တော်မူခြင်း။

ဣလသိပတန မိဂဒါဝုန်တောသွ ဓမ္မစကြာတရားတော်ကို ရှေးဦးစွာ ဟောတော်မူခြင်း။

တပို့တွဲလပြည့်နေ့၌ အင်္ဂါလေးပါးနှင့် ယှဉ်သော အစည်းအံဝေး၌ ဩဝါဒ ပါတိမောက် ပြတော်မူခြင်း။

ဇေတဝန်ကျောင်းတော်၌ အမြဲနေတော်မူခြင်း။

သာဝတ္ထိပြည်၌သာ ယမိုက်ပြာဋိဟာကို ပြတော်မူခြင်း။

တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူခြင်း။

သင်္ကဿနဂိုရ်မြို့တံခါး၌ နတ်ပြည်မှ သက်တော်မူခြင်း။

ဖလသမာပတ်ကို အမြဲ အလျဉ်မပြတ် ဝင်စားတော်မူခြင်း။

နံနက်တစ်ကြိမ်၊ ညဉ့်တစ်ကြိမ် ကျွတ်ထိုက်သော ဝေနေယျတို့ကို မပြတ် ကြည့်တော်မူခြင်း။

အကြောင်းဝတ္ထုရှိလျှင် ရဟန်းတို့အား ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော် မူခြင်း။

အတ္ထုပ္ပတ္တိရှိလျှင် ဇာတ်တော်ကို ဟောတော်မူခြင်း။

ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း။

အာဂန္တုက ရဟန်းတို့နှင့် အစေ့အစပ် အပြေအပြစ် ပဋိသန္ထာရကို ပြုတော် မူခြင်း။

ဝါကျွတ်သောအခါ ဒါယကာတို့အား ပန်ကြားပြီးမှ ကြွတော်မူခြင်း။

နေ့တိုင်း နေ့တိုင်း ဆွမ်းမဘုဉ်းပေးမီ ပုရိမဘတ္တကိစ္စ၊ ဆွမ်းဘုဉ်းပေးပြီး ပစ္ဆိမ ဘတ္တကိစ္စ၊ ညဉ့်ဦးယံ၌ ပထမယာမ် ကိစ္စ၊ သန်းခေါင်ယံ၌ မဇ္ဈိမယာမ်ကိစ္စ၊ မိုးသောက်ယံ၌ ပစ္ဆိမယာမ်ကိစ္စတို့ကို ပြုတော်မူခြင်း။

ပရိနိဗ္ဗာန်ပြုအံ့သော နေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း။

(ပရိနိဗ္ဗာနဒိဝသေ မံသရသဘောဇနံ—ဟု လာသည်။)

ကုဋေ နှစ်သန်း လေးသိန်းသော ဖလသမာပတ်တို့ကို ဝင်စား တော်မူ၍ အနုပါဒိသေသ ပရိနိဗ္ဗာန်စံတော်မူခြင်း။

ဤကား ပစ္ဆိမဘဝိကဖြစ်သော ဘုရားလောင်းတို့အား ပဋိသန္ဓေယူသည်မှ စ၍ ပရိနိဗ္ဗာန်ယူသည့်တိုင်အောင်သော ဓမ္မတာ သုံးဆယ်တည်း။

## မြတ်စွာဘုရားတို့၏ အံ့ဖွယ်တော် တစ်ဆယ့်ရှစ်ပါး

စီဝရဋ္ဌ၊ ဝတ်ရုံတော်မူသော သင်္ကန်းတော်သည် ဖွတ်ဆိုးခြင်း၊ နွမ်းနယ်ခြင်း မရှိသည်လည်း အံ့ဖွယ်တစ်ပါး။

ကေသာစ၊ ဆံတော်တို့သည် တောထွက်တော်မူသောအခါ ဖြတ်တော်မူသည်မှ မတိုမရှည် လက်နှစ်သစ်မျှသာ အသက်တော်ရှည်သမျှ ကာလပတ်လုံး တည်တော်မူသည်လည်း အံ့ဖွယ်တစ်ပါး။

ဓာရဏာဋ္ဌ၊ ဆောင်တော်မူသော ကိုယ်ဝတ်, ဒုကုဋ်, သင်းပိုင်, ခါးပန်း, အပ်, ပဲခွပ်, သပိတ်, ရေစစ်, (ဝါ) ဓမ္မကရိဏ်တည်းဟူသော ပရိက္ခရာတို့သည် ကိုယ်တော်နှင့် မထိမူ၍ လက်လေးသစ်ခန့် ခြားတော်မူသည်လည်း အံ့ဖွယ်တစ်ပါး။

ဓောဝနဋ္ဌ၊ သပိတ်တော်ကို ဆေးလျှင် လက်တော်စင်နှင့်သည်၊ လက်တော်ကို ဆေးလျှင် သပိတ်တော်ကို စင်နှင့်သည်လည်း အံ့ဖွယ်တစ်ပါး။

သာသပ ဂဗ္ဘပဝိသနဋ္ဌ၊ မုန်ညင်းသီးခွံတွင်းသို့ ဝင်တော်မူနိုင်သည်လည်း အံ့ဖွယ်တစ်ပါး။

ရသ္မိဖရဏာဋ္ဌ၊ ခြောက်ပါးသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူသည် ရှိသော် အရပ်ဆယ်မျက်နှာတို့ကို နှံ့နိုင်သည်လည်း အံ့ဖွယ်တစ်ပါး။

နိမ္မိတဋ္ဌ၊ တန်ခိုးတော်ဖြင့် ရာထောင်သိန်းသန်းမက ဖန်ဆင်းတော်မူပြီးလျှင် ဝေနေယျသတ္တဝါတို့ အလိုသို့လိုက်သဖြင့် ချွတ်တော်မူနိုင်ခြင်း အံ့ဖွယ်တစ်ပါး။ ဇာတိ, အာဏာ, ဝိသယာဟု သုံးဖြာသော ခေတ်တို့တွင် အလင်းအတိ အမိုက်အတိ ဖြစ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း အံ့ဖွယ်တစ်ပါး။

အာကာသဥလ္လင်္ဃနဋ္ဌ၊ ကိုယ်တော်ကို လဝန်းကဲ့သို့ အထက်ကောင်းကင်၌ ထားတော်မူနိုင်ခြင်း အံ့ဖွယ်တစ်ပါး။

ဒေသနဋ္ဌ၊ ခြားနားသိသာ၊ ချိုသာယာလျက်၊ နာလွယ်လည်း ရှိ၊ စွန်းမငြိတည်း၊ မရှိတုံဘဲ၊ ဖရိဖရဲနှင့်၊ မကွဲမပျက်၊ လုံး၍ထွက်သား၊ လေးနက်ပဲ့တင်၊ စုံရှစ်အင်ဖြင့်၊ ထင်ထင်ဟောကြား၊ မြတ်တရားသည်၊ လေးပါးပရိသတ်၊ လူ, နတ်အစုတ်၊ မယုတ်မလွန်၊ ကြားနိုင်တန်သော အံ့ဖွယ်တစ်ပါး။

အာသယာနုသယဋ္ဌ၊ အလုံးစုံ အကြွင်းမရှိသော သတ္တဝါအပေါင်းတို့ စိတ်အလိုကို သိတော်မူနိုင်ခြင်း အာသယာနုသယ ဉာဏ်တော်တည်းဟူသော အံ့ဖွယ်တစ်ပါး။

မဟာကရုဏာ သမာပတ္တိစ၊ ကျွတ်ထိုက်သော သတ္တဝါ၊ မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူနိုင်ခြင်း မဟာကရုဏာ သမာပတ္တိ ဉာဏ်တော်တည်းဟူသော အံ့ဖွယ်တစ်ပါး။

ဣန္ဒြိယ ပရောပရိယတ္တဥ္စ၊ သတ္တဝါတို့၏ ဣန္ဒြေ နုသည်, ရင့်သည်ကို သိတော်မူနိုင်ခြင်း၊ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်တော်တည်းဟူသော အံ့ဖွယ်တစ်ပါး။

ဋ္ဌေယျဓမ္မဥ္စ၊ နိဗ္ဗာန ဝိကာရ လက္ခဏာ ပညတ်မှ တစ်ပါးကုန်သော တရားအစုဟု ဆိုအပ်သော သင်္ခါရတို့ကို သိတော်မူနိုင်ခြင်း ဋ္ဌေယျဓမ္မလည်း အံ့ဖွယ်တစ်ပါး။

လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်ဟု ဆိုအပ်သော ဝိကာရရုပ် ငါးခုတို့ကို သိတော်မူနိုင်ခြင်း ဋ္ဌေယျဓမ္မလည်း အံ့ဖွယ်တစ်ပါး။

ဉပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ တည်းဟူသော လက္ခဏာရုပ် လေးခုတို့ကို သိတော်မူနိုင်ခြင်း ဋ္ဌေယျဓမ္မလည်း အံ့ဖွယ်တစ်ပါး။

အသင်္ခတဓာတ် နိဗ္ဗာန်ကို သိတော်မူနိုင်ခြင်း ဋ္ဌေယျဓမ္မလည်း အံ့ဖွယ်တစ်ပါး။

ဝိဇ္ဇာမာနပညတ်၊ အဝိဇ္ဇာမာနပညတ် စသော ပညတ်တရားအပေါင်းတို့ကို သိတော်မူနိုင်ခြင်း ဋ္ဌေယျဓမ္မလည်း အံ့ဖွယ်တစ်ပါး။

ထိုတစ်ဆယ့်ရှစ်ပါးသော တရားတို့သည် ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၌ မဖြစ်၊ ဘုရားသခင်တို့၌သာ ဖြစ်သော အံ့ဖွယ်တော် တစ်ဆယ့်ရှစ်ပါးဟု ဆိုရသတည်း။

## ဓမ္မာသောကမင်းကြီး ဓာတ်တော်တို့ကို ဖော်၍ စေတီများ တည်တော်မူခြင်း

တစ်နေ့သ၌ ဓမ္မာသောကမင်းကြီးသည် နန်းတော်တွင်းဝယ် ခြောက်သောင်းသော သင်္ဃာတို့အား ဆွမ်းကျွေးမြဲဝတ်ကို ကျွေးမွေးလှူဒါန်းပြီးသော် ဤသို့ လျှောက်၏။

အရှင်ဘုရားတို့၊ တရားတော်သည် အဘယ်မျှရှိပါသနည်းဟု လျှောက်သော အခါ ရဟန္တာအရှင်မြတ်တို့သည် ဤသို့မိန့်တော်မူကြ၏။ မြတ်သောမင်းကြီး၊ တရားတော်သည် ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်ဟု မိန့်ဖြေတော်မူ၏။

ဓမ္မာသောကမင်းကြီးသည် တရားတော်၌ အလွန်ကြည်ညိုခြင်း ရှိရကား တစ်ပါးတစ်ပါးသော ဓမ္မက္ခန္ဓာကို ရည်၍ တစ်မြို့တစ်မြို့၌ စေတီ တစ်ဆူတစ်ဆူစီ တည်တော်မူလိုသော အကြံတော်ရှိသည် ဖြစ်၍ ကိုးဆယ့်ခြောက်ကုဋေသော အသပြာတို့ကို အမတ်တို့အား ပေး၍ ရှစ်သောင်းလေးထောင်သော မြို့တို့၌ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို သာသနာသက္ကရာဇ် ၂၀၀-ပြည့် နှစ်က စ၍ ဆောက်လုပ်စေရာ ကျောင်းတော်တို့သည် သုံးနှစ်တို့ဖြင့် ပြီး၍ မင်းကြီးသည် ရဟန္တာအရှင်မြတ်တို့အား ဤသို့လျှောက်၏။

အရှင်ဘုရားတို့၊ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို ဆောက်လုပ်၍ ပြီးပါပြီ၊ ထိုကျောင်းတို့၌ စေတီတည်ပါဦးအံ့၊ ဓာတ်တော်တို့ကို အဘယ်မှာ ရပါအံ့နည်းဟု လျှောက်၏။

ရဟန္တာအရှင်မြတ်တို့သည် ဤသို့ မိန့်တော်မူ၏။ မြတ်သောမင်းကြီး၊ မြှုပ်ထားအပ်သော ဓာတ်တော်တို့သည် ရှိ၏ဟု ကြားဖူး၏။ အဘယ်အရပ်၌ ရှိသည်ကို မထင်မိဟု မိန့်ဆိုကုန်၏။

ထိုအခါ မင်းကြီးသည် ပရိသတ်နှင့် တကွ သွား၍ ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည်၊ ကပိလဝတ်ပြည်၊ ရာမရွာ၊ အလ္လကပ္ပတိုင်း၊ ဝေဌဒီပတိုင်း၊ ပါဝါပြည်၊ ကုသိနာရုံပြည်၊ ဤရှစ်ပြည်တို့၌ ရှိသော စေတီတို့ကို ဖျက်၍ ဓာတ်တော်တို့ကို မရလျှင် ပကတိအတိုင်းပြုလုပ်ခဲ့၍ ရာဇဂြိုဟ်ပြည်သို့ တစ်ဖန် သွား၍ ပရိသတ်စည်းဝေးပြီးလျှင် ဤမည်သောအရပ်၌ ဓာတ်တော်မြှုပ်ထားသည်ကို ကြားဖူးကြ၏လောဟု မေးသည်ရှိသော် အသက်တစ်ရာ့နှစ်ဆယ်ရှိသော မထေရ်ကြီးသည် ဤသို့ဆို၏။

ဤအရပ်၌ ဓာတ်တော်တို့ကို မြှုပ်၏ဟု ငါမသိ၊ ငါသည် ခုနစ်နှစ်အရွယ် ရှိသောအခါ ငါ၏အဖဖြစ်သော မဟာထေရ်ကြီးသည် ငါ့ကို ပန်းကလပ်ကိုင်စေ၍၊ (ဝါ) ပန်းတောင်းကို ကိုင်စေ၍ သာမဏေလာလော့၊ ဤမည်သော ချုံတွင်း၌ ကျောက်စေတီသည်ရှိ၏။ ထိုစေတီသို့ သွား၍ ရှိခိုးပူဇော်ခြင်းကို ပြုအံ့ဟု သွား ရောက်ရှိခိုးပူဇော်ပြီးလျှင် ဤသို့ဆို၏။ "သာမဏေ၊ ဤအရပ်ကို မှတ်အပ်သည်၊ မှတ်လော့" ဟု ဆိုခဲ့ဖူး၏။ မင်းကြီး၊ ဤမျှကိုသာ ငါသိသည်ဟု ဆို၏။

ဓမ္မာသောကမင်းကြီးသည် မှူးမတ်ပရိသတ်တို့နှင့်တကွ ထိုအရပ်သို့သွား၍ တောချုံတို့ကို ခုတ်ထွင်ရှင်းလင်းစေသော် ကျောက်စေတီကို တွေ့၍ ကျောက်ပုံစုကို လည်းကောင်း၊ မြေမှုန့်တို့ကိုလည်းကောင်း ပယ်ရှား၍၊ အောက်၌ အငြေအပြစ်

ပြုအပ်သော မြေတို့ကို မြင်သည်မှ နောက်၌ အုတ်အင်္ဂတေတို့ကို ပယ်ပြီးလျှင် အစဉ်သဖြင့် ပရိဝုဏ်သို့ သက်၍ ရတနာခုနစ်ပါးဖြင့် ပြည့်စုံသော သဲတို့ကို လည်းကောင်း၊ လေ၏လျင်ခြင်းဖြင့် အစဉ်မပြတ် တစ်ပတ်ပတ်လည်သော လက်၌ သံလျက်စွဲကုန်သော ရှစ်ခုကုန်သော နတ်ဘီလူးဟု ဆိုအပ်ကုန်သော သစ်သားဖြင့် ပြုလုပ်အပ်သော စက်ယန္တရားရုပ်တို့ကို မင်းနှင့်တကွသော လူအပေါင်းတို့ မြင်ကြကုန်လျှင် ရင်ခတ်လက်တီး ချီးမွမ်းအံ့သြကြကုန်လျက် တစိုက်မတ်မတ် ကြည့်မျှော်လျက်သာ နေကြကုန်၏။

ထိုအခါ မင်းကြီးသည် နတ်ဝင် နတ်ထိန်းတို့ကို ခေါ်ချေစေ၍ ပ,သကိုးကွယ် ပူဇော်သက္ကာရဖြင့် တောင်းပန်စေသော်လည်း အစအဆုံးကို မမြင်နိုင်၍ မင်းကြီးသည် နတ်တို့အား ရှိခိုးလျက် ဤသို့ဆို၏။

ငါသည် ဤဓာတ်တော်တို့ကို ယူ၍ ရှစ်သောင်းလေးထောင်သော ကျောင်းတို့၌ စေတီဌာပနာ၍ ပူဇော်သက္ကာရကို ပြုပါအံ့။ နတ်တို့သည် ငါ့အား အန္တရာယ်တစ်စုံတစ်ခုကို မပြုပါကုန်လင့်ဟု တောင်းပန်စကားဖြင့် ဆို၏။

ထိုအခါ သိကြားမင်းသည် ဝိသုကြုံနတ်သားကို ခေါ်၍ ဤသို့စေ၏။ အချင်းဝိသုကြုံ၊ သီရိဓမ္မာသောကမင်းကြီးသည် ဓာတ်တော်တို့ကို ထုတ်ဆောင်အံ့ဟု ပရိဝုဏ်သို့သက်၏။ စက်ယန္တရားရုပ်တို့ကို ကြောက်ခြင်းကြောင့် အနီးသို့အရောက် မချဉ်းဝံ့ပြီ၊ သင်သွား၍ စက်ယန္တရားရုပ်တို့ကို ပယ်ချေလော့ဟု စေလိုက်၏။

ထိုအခါ ဝိသုကြုံနတ်သားသည် သူငယ်၏အသွင်ဖြင့် လက်ငင်လေးကို ကိုင်စွဲလျက် မြားနှင့်တကွ သွားလေ၍ မင်းကြီး၏ရှေ့၌ ရပ်လျက် "မင်းကြီး၊ ဤသစ်သားရုပ်တို့ကို ငါပယ်ရအံ့လော" ဟု ဆို၏။

"ချစ်သား၊ ပယ်ပါလော့" ဟု ဆိုသည်ရှိသော် ဝိသုကြုံနတ်သားသည် မြားကို လေးဖြင့်ငင်၍ ဆင်ထားအပ်သော ယန္တရားစက်ကြိုးအဆက်၌ တစ်ချက်တည်း လွှတ်ပစ်သောအခါ စက်ကြိုးပြတ်၍ အလုံးစုံသော အရံအကာ ယန္တရားရုပ်တို့သည် ဖရိဖရဲ ပျက်၍ ကျလေကုန်၏။

ထိုအခါ မင်းကြီးသည် တံခါးရွက်ကို ငင်သည့်ကြိုး၌ ဖွဲ့အပ်သော သံကောက်မင်းတုပ်ကိုယူ၍ ပတ္တမြားတုံးကို မြင်ရာ "နောင်အခါ၌ ဆင်းရဲသော မင်းသည် ဤပတ္တမြားတုံးကို ယူ၍ ဓာတ်တော်တို့အား ပူဇော်သက္ကာရကို ပြုစေသတည်း"ဟု ရေးထားခဲ့သော အက္ခရာတို့ကို တွေ့မြင်ကာ အခံရခက် အမျက်ထွက်၍ လက်ယာကျွန်းပြင်တွင် "ငါသို့မင်းကို အထင်အမှတ်လွဲ မင်းဆင်းရဲဟု ဆိုခြင် ငှာ မရာ

မသင့်" ဟု ဆိုလျက် အတွင်းတံခါးကို ဖွင့်ပြီးလျှင် ဓာတ်တော်တိုက်တွင်းသို့ ဝင်လေ၏။

ထိုဓာတ်တော်ပေါ်သည့် နှစ်မှပြန်၍ ရေသည်ရှိသော် အနှစ် ၂၁၈–နှစ် အထက်၌ ညှိထွန်းခဲ့သော ဆီမီးတို့သည် တညီးညီးမစဲ ထွန်းမြဲတိုင်းသာ ရှိကုန်၏။ ကြာညိုပန်းတို့သည်လည်း လန်းလန်းဆတ်ဆတ် ထိုခဏ၌ ယူဆောင်၍ တင်အပ်သော ပန်းကဲ့သို့ မယွင်း၊ ပန်းအခင်းတို့သည်လည်း ထိုခဏ၌ ခင်းအပ်သော ပန်းကဲ့သို့ သင်းသင်းပျံ့ပျံ့ ရနံ့ထောင်းထောင်း၊ နံ့သာပြောင်း နံ့သာမှုန့်တို့ သည်လည်း ထိုခဏ၌ ကြိတ်သွေး၍ ထားဘိသကဲ့သို့ ရှိလေ၏။

ထို့နောက် သီရိဓမ္မာသောကမင်းသည် ရွှေပေကို ကိုင်၍ ကြည့်လျှင် နောင်သောအခါ ပိယဒါသအမည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍ အသောက ဟူသော အမည်ဖြင့် မင်းပြုလတ္တံ့။ ထိုအသောကမင်းသည် ဤ ဓာတ်တော်တို့ကို ပွားပြန့်သည်ကို ပြုလတ္တံ့ဟု အက္ခရာရေးမှာစာကို ဖတ်၍–

"အချင်းတို့၊ အရှင်မဟာကဿပမထေရ်သည် ငါတို့ကို မြင်တော်မူပေစွ တကား" ဟု ဆို၍ လက်ယာဖြင့် လက်ပန်းပေါက်ခတ်ပြီးလျှင် အလုံးစုံသော ကြုတ်စေတီတို့ကို ဖွင့်လှစ်၍ အနည်းငယ်မျှသာ ထားခဲ့၍ ကြွင်းသော အလုံးစုံ သော ဓာတ်တော်ကို ယူဆောင်၍ ဓာတ်တော်ကျိန်းဝပ်သော ကြုတ်စေတီကျောင်း တို့ကို ရှေးပကတိအတိုင်း စီရင်လုပ်ထားခဲ့၍ ဓာတ်တော်အိမ်ကိုလည်း ပိတ်ခြင်း၊ အင်္ဂတေကိုလည်း ပြုမြဲပြုခြင်း၊ ကျောက်စေတီကိုလည်း ရှေးပကတိအတိုင်း တည်ထားခြင်းကို ပြုပြီးလျှင် ရဟန်းသံဃာ ပါသမျှသော မှူးမတ်ပရိသတ်နှင့် တကွ မိမိပြည်သို့ ဓာတ်တော်တို့ကို ယူဆောင်ခဲ့၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ အနှံ့ကိုးကွယ်စေခြင်းငှာ ၈၄၀၀၀–သော ကျောင်းတို့၌ ဓာတ်တော်တို့ကို ဌာပနာစေ၍ သန်တောင် ငါးတောင်၊ ထီးငါးဆင့်ရှိသော စေတီ ၈၄၀၀၀– တို့ကို တည်စေ၍ အပြီးအဆုံးသို့ ရောက်လေ၏။

## သင်းကျစ်တော်ကို အဆင့်ဆင့်ကိုးကွယ်ခြင်း

ဓာတ်တော် မွေတော်တို့သည် ပူဇော်သက္ကာရ ကိုးကွယ်သူ ဒါယကာ ရှိရာအရပ်သို့ ပြောင်းကြွကြောင်းကိုလည်းကောင်း၊ မြတ်စွာဘုရား သင်းကျစ်တော် ဓာတ်တော်ကို အဆင့်အဆင့် တစ်ဦးလက်မှသည် တစ်ဦးလက်သို့ ရောက်၍ ကိုးကွယ်ကြကြောင်းကိုလည်းကောင်း ပြပေဦးအံ့။

ကုသိနာရုံပြည်၌ ဓာတ်တော်ဝေကြသော ကာလ မလ္လာမင်းတို့က သင်းကျစ်တော်ကို ရသည်။ မလ္လာမင်းတို့ထံ အရှင်မဟာကဿပ တောင်း၍ အရှင်မဟာနန္ဒအား ပေး၏။ အရှင်မဟာနန္ဒသည် ဝေသာလီပြည်၊ မဟာဝုန်တော ကူဋာဂါရကျောင်း ဂန္ဓကုဋိ၌ ထား၍ ကိုးကွယ်တော်မူသည်။

အရှင်မဟာနန္ဒ မရှိသည့်နောက် တပည့် ရှင်စန္ဒဂုတ္တမထေရ် ပင့်ယူ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း ဂန္ဓကုဋိ၌ထား၍ ကိုးကွယ်တော်မူသည်။

ရှင်စန္ဒဂုတ္တ မရှိသည့်နောက် တပည့် ရှင်ဘဒ္ဒသေနမထေရ်သည် ပင့်ယူ၍ ဗာရာဏသီပြည်၊ ဣသိပတန မိဂဒါဝုန်တော ဂန္ဓကုဋိ၌ ထား၍ ကိုးကွယ်တော်မူသည်။

ရှင်ဘဒ္ဒသေန မရှိသည့်နောက် တပည့် ရှင်ဇယသေနမထေရ်သည် ပင့်ယူ၍ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း ဂန္ဓကုဋိ၌ ထား၍ ကိုးကွယ်တော်မူသည်။

ရှင်ဇယသေန မရှိသည့်နောက် တပည့်ရှင်သင်္ဃရက္ခိတမထေရ်သည် ပင့်ယူ၍ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း ဂန္ဓကုဋိ၌ ထား၍ ကိုးကွယ်တော်မူသည်။

ရှင်သင်္ဃရက္ခိတ မရှိသည့်နောက် တပည့် ရှင်မဟာဒေဝမထေရ်သည် ပင့်ယူ၍ သီဟိုဠ်ကျွန်းသို့ ရောက်လေသည်။ ရောက်သောအခါ မဟာနာဂ အိမ်ရှေ့မင်းသည် မဟာဂါမ၌ မင်းပြုသောအခါ ကိုးကွယ်ရလေသည်။

၎င်းမင်း၏သား ဃဋ္ဋလာဘယ၊ ၎င်းမင်း၏သား ဃောဋ္ဌာဘယ၊ ၎င်းမင်း၏သား ကာကဝဏ္ဏမင်းလက်ထက် ရောဟနဇနပုဒ် မဟာဂါမရွာ၊ မဟာဝါလုကဂင်္ဂါ၏ တောင်မျက်နှာအဖို့၌ သေရမည်သော အိုင်၏ အဆုံး၌ ဝရာဘယမည်သော ထုံးအိုင်သည် ရှိ၏။ ထိုထုံးအိုင်၏အထက် မဟာနာဂ ဝိဟာရတိုက်၌ တည်သော မဏိပါသာဏ မင်္ဂလာစေတီတော်၌ ဌာပနာကြောင်းကို နဋ္ဌာဋ္ဌမာတုဝင်၌ လာသည်။

ပေါက္ကံရာဇဝင်တွင် ဒွတ္တပေါင်မင်းသည် သင်းကျစ်တော်ကို ကမ်းယံပြည်က ယူဆောင်ခဲ့၍ စေတီတည်ဆဲအခါ နတ်ရွာစံခဲ့သော် ၎င်းသင်းကျစ်တော်ကို နော်ရထာမင်း ယူဆောင်၍ ရွှေစည်းခုံဘုရားမှာ ဌာပနာလေသည်ဟု လာသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည်နောက် ၂၃၆–ခုနှစ်၊ နယုန်လပြည့်နေ့၊ ရှင်မဟိန္ဒမထေရ်သည် အဋ္ဋိယ၊ ဥတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလ၊ သုမနသာမဏေ၊ ဗန္ဓုလ၊ ဥပါသကာ၊ ပေါင်း ခုနစ်ဦးတို့နှင့် လင်္ကာဒီပကျွန်းသို့ ကြွတော်မူ၍ အနုရာဓမြို့ အရှေ့မ်ဿကတောင်၌ ဝါကပ်တော်မူ၏။

ဝါမှ ထတော်မူသည်နောက် တန်ဆောင်မုန်း လပြည့်နေ့သို့ ရောက်လျှင် အရှင်မဟိန္ဒသည် မင်းကြီးအား ဤသို့မိန့်တော်မူ၏။ ငါတို့သည် မြတ်စွာဘုရားအား ရှိခိုးပူဇော်ခြင်း မပြုရ၊ ကိုးကွယ်ရာမဲ့နေခြင်းဖြင့်သာ နေရကုန်၏။ ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသော်လည်း သရီရဓာတ်တော်တို့သည် တည်ကုန်သေး၏။ ထိုသရီရဓာတ်တော်တို့ကို ဖူးမြင်ရသော် ဘုရားကို ဖူးမြင်ရသည်နှင့် တူသောကြောင့် ဇမ္ဗူဒီပါကျွန်းသို့ သွားလိုသည်ဟု မိန့်တော်မူလေ၏။

မင်းကြီးသည် စေတီတည်လိုသော ဆန္ဒရှိမှန်းကို သိ၍ အရှင်ဘုရား၊ ဓာတ်တော် အဘယ်မှာ ရပါအံ့နည်းဟု လျှောက်လေသော် မင်းကြီး မစိုးရိမ်လင့်၊ သုမနသာမဏေနှင့်သာ တိုင်ပင်လေလော့ဟု မိန့်တော်မူ၏။

မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် သုမနသာမဏေထံသို့ ကပ်၍ ဤသို့ မေး၏။ မောင်ရှင်သုမနသာမဏေ၊ ယခု အကျွန်ုပ်သည် စေတီ တည်လိုပါသည်။ ဓာတ်တော် အဘယ်မှာ ရပါအံ့နည်းဟု မေး၏။

သုမနသာမဏေသည် မြတ်သောမင်းကြီး၊ စိုးရိမ်ကြောင့်ကြခြင်းမပြုလင့်၊ ခရီးကိုသာ သုတ်သင်၍ တံခွန်, ကုက္ကား, မုလေးပွားတို့ဖြင့် စိုက်ခြင်း၊ ရေမြှု တာအိုးတို့ဖြင့် တည်ထားခြင်း စသည်တို့ကို ပြုခြင်း၊ အလုပ်အကျွေး မောင်းမမိဿံ မှူးမတ်နှင့်တကွ ဥပုသ်ဆောက်တည်ပြီးလျှင် မောင်း,ကြေးနင်းတို့ကို ယူဆောင် စေ၍ မင်္ဂလာရှိသော ဆင်ကို တန်ဆာဆင်၍ ထီးဖြူစိုက်လျက်၊ ညဉ့်ချမ်းအခါ၌ မဟာနာဂဝန် ဥယျာဉ်သို့ ရှေးရှုသွားလေလော့၊ ယိုအရပ်၌ ဓာတ်တော်တို့ကို ရလတ္တံ့ဟု ဆို၏။ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံလေ၏။

ထို့နောက် အရှင်မဟိန္ဒနှင့်တကွသော မထေရ်တို့သည် စေတိယဂီရိတောင် သို့ ကြွသွားကြကုန်၏။ အရှင်မဟိန္ဒမထေရ်သည် သုမနသာမဏေအား ဓာတ်တော် တောင်း စေခိုင်းရာ သုမနသာမဏေသည် သပိတ်,သင်္ကန်းကို ယူ၍ တန်ဆောင်မုန်း လပြည့်နေ့ နံနက်တွင် ကောင်းကင်ခရီးဖြင့် သွား၍ ဇမ္ဗူဒိပ်ကျွန်း၊ ပါဋလိပုတ် ပြည်ကို အစိုးရသော ဘိုးတော် သီရိဓမ္မာသောကမင်းထံသို့ ရောက်လေ၍ သားတော် အရှင်မဟိန္ဒ မှာသမျှ စကားကို အကုန်ပြောကြား၏။

ဘိုးတော် သီရိဓမ္မာသောကမင်းကြီးသည် သာမဏေအား ပုလဲအဆင်း ရှိသော ဓာတ်တော်တို့ကို မြတ်စွာဘုရား ကျောက်သပိတ်တော်၌ အပြည့်ပေး လိုက်၏။

သုမနသာမဏေသည် ဓာတ်တော် သပိတ်တော်ကို ယူပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ သွား၍ သိကြားမင်းထံသို့ ရောက်လျှင် အရှင်မဟိန္ဒ မှာသမျှ စကားကို အကုန်ပြောကြား၏။

နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် အစောက် တစ်ယူဇနာ ရှိသော ပတ္တမြားစေတီကို လှစ်၍ လက်ယာညှပ်ရိုးတော် ဓာတ်ကို ထုတ်၍ သုမနသာမဏေအား ပေးလိုက်၏။

သက္ကော ဒေဝါနမိန္ဒော ယောဇနပ္ပမာဏံ မဏိထူပံ ဥဃ္ဃါဋေတွာ
ဒက္ခိဏက္ခကဓာတုံ နီဟရိတွာ သုမနဿ အဒါသိ။

(ဝိ—၄။ ၁။ ၆၃။)

ဒေဝါနံ၊ နတ်တို့၏။ ဣန္ဒော၊ အရှင်ဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ ယောဇနပ္ပမာဏံ၊ အစောက် တစ်ယူဇနာပမာဏရှိသော။ မဏိထူပံ၊ ပတ္တမြားစေတီကို။ ဥဃ္ဃါဋေတွာ၊ ဖွင့်လှစ်၍။ (ဝါ) ခွာ၍။ ဒက္ခိဏက္ခကဓာတုံ၊ လက်ယာညှပ်ရိုးတော်ဓာတ်ကို။ နီဟရိတွာ၊ ထုတ်၍။ (ဝါ) ယူ၍။ သုမနဿ၊ သုမနသာမဏေအား။ အဒါသိ၊ ပေးလိုက်၏။

သုမနသာမဏေသည် ဓာတ်တော် သပိတ်နှင့် လက်ယာညှပ်ရိုးတော်ကို ယူဆောင်ခဲ့၍ လက်ာဒီပကျွန်း စေတိယဂိရိတောင်သို့။ (ဝါ) မိဿကတောင်သို့ မွန်းတိမ်းအခါ ရောက်၍ အရှင်မဟိန္ဒမထေရ်အား ပေး၏။ အရှင်မဟိန္ဒမထေရ်သည် ဓာတ်တော်သပိတ်ကို စေတိယဂိရိတောင်၌ ထားခဲ့၍ သင်္ဃာတော်အပေါင်း နှင့်တကွ လက်ယာညှပ်ရိုးတော်ကို ယူဆောင်ခဲ့၍ ညချမ်းအခါ မဟာနာဂဝန် ဥယျာဉ်သို့ သွားလေကုန်၏။

မင်းကြီးသည်လည်း သုမနသာမဏေဆိုတိုင်း ပူဇော်သက္ကာရကို ပြုပြီးလျှင် ဆင်စီးလျက် မဟာနာဂဝန်ဥယျာဉ်သို့ ထွက်သွား၍ ရောက်သောအခါ အရှင်မဟိန္ဒ မထေရ်သည် လက်ယာညှပ်ရိုးတော်ဓာတ်ကို မင်းကြီးအား ပေး၏။

မင်းကြီးသည်လည်း ဤသို့မိဋ္ဌာန်ပြု၏။ အကယ်၍ ဘုရားသခင် ဓာတ်တော် မှန်မူ ဤမင်္ဂလာဆင်တော်သည် အလိုလို မြေ၌ ပုဆစ်ဒူးတုပ်စေသတည်း။ ထီးဖြူသည် အလိုလို ပွင့်စေသတည်း။ ဓာတ်တော်သည် ရတနာပန်းတောင်း၌ အလိုလိုတည်လာ၍ ငါ၏ ဦးခေါင်းထက်၌ တည်စေသတည်းဟု မိဋ္ဌာန်၏။ ဤသို့မိဋ္ဌာန်တိုင်း တည်လာသောအခါ မင်းကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်

ခြင်းဖြစ်၍ ဦးခေါင်းထက်၌ တည်လာသော ဓာတ်တော်ပန်းတောင်းကို ဆင်၏ ဦးကင်းထက်၌ ထား၏။

ဆင်သည်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကြိုးကြာသံကဲ့သို့ မည်၏။ ထိုအခါ ပေါက္ခရဝဿမိုး၏ ရွာခြင်း၊ ပြင်းစွာ မြေလှုပ်ခြင်း၊ နတ်တို့၏ ဝမ်းမြောက်ခြင်းသည် ဖြစ်၏။

ထိုအခါ မင်းကြီးသည် ဆင်၏ဦးကင်းထက်သို့ တက်စီးပြီးလျှင် ဓာတ်တော်ပန်းတောင်းကို ပိုက်လျက် များစွာသော မောင်း,ကြေးနင်းတို့ဖြင့် ခြံရံအပ်သည် ဖြစ်၍ အလွန်သော ပူဇော်သက္ကာရဖြင့် လူတို့ အရှိအသေပြုလျက် ရှင်မဟိန္ဒ အမှူးရှိသော သင်္ဃာတော်အပေါင်းနှင့်တကွ မဟာနာဂဝန်ဥယျာဉ်မှ ထွက်ခဲ့၍ အနုရာဓမြို့၊ အရှေ့တံခါးဖြင့် ဝင်၍ တောင်တံခါးဖြင့် ထွက်ပြီးလျှင် ထူပါရုံ စေတီတည်ရာအရပ်သို့ ရှေးရှုသွား၍ ရပ်လေ၏။

၎င်းအရပ်သည် ရှေးဘုရား သုံးဆူတို့၏ ရေစစ်၊ ခါးပန်း၊ ရေသနုပ်တည်းဟူသော ပရိဘောဂစေတီ သုံးဆူတို့၏ တည်ရာ၊ ဖလသမာပတ်ကို ဝင်စားရာ ဌာနဖြစ်၏။

၎င်းအရပ်၌ ပေါက်ရောက်သော အဆူးရှိသော ချုံနွယ်တို့ကို သုတ်သင် ခုတ်ထွင်၍ စည်မျက်နှာကဲ့သို့ ညီညွတ်စွာပြုပြီးလျှင် ဓာတ်တော်တင်သော ဆင်သည် ထိုအရပ်၏ အနောက်အဖို့၌ ဗောဓိပင် စိုက်မြဲဖြစ်သော အရပ်၌ တည်လေ၏။

ထိုအခါ ညှပ်ရိုးတော်ဓာတ်ကို ဆင်၏ ဦးခေါင်းထက်မှ ချအံ့သောငှာ အဘယဂီရိရေအိုင်မှ ရေခန်း၍ ကွဲအက်သော မြေစိုင်ခဲတို့ကို များစွာသော လူတို့နှင့် လျင်စွာယူဆောင်၍ ဆင်၏ဦးကင်းနှင့် အညီအမျှ ကုန်းပြုလုပ်ပြီးမှ ဓာတ်တော်ပန်းတောင်းကို ဆင်၏ဦးကင်းထက်မှ ထိုကုန်းသို့ ပြောင်း၍ ထားကုန်၏။

၎င်းအရပ်၏အနီးဖြစ်သော အဘယရေကန်မှ အုတ်လုပ်၍ မပြီးမီအတွင်း မင်္ဂလာဆင်တော်သည် နေ့အခါ ဗောဓိပင်စိုက်လတ္တံ့သော အရပ်၌နေ၏။ ညဉ့် အခါ စေတီတည်ရာ အရပ်ကို လှည့်လည်၍နေ၏။

အုတ်လုပ်၍ စပါးစုသဏ္ဍာန် စေတီတည်ပြီးသောအခါ ဌာပနာအံ့သောနေ့၌ လက်ယာညှပ်ရိုးတော်ဓာတ်သည် ထန်းခုနစ်ဆင့်မျှ မြင့်သော ကောင်းကင်သို့ ပျံတက်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် ကွန့်မြူးလျက် ရေမီးအစုံ အစုံသော အထူးထူးသော ယမိုက်ပြာဋိဟာတို့ကို ပြပြီးသောအဆုံး၌ ကောင်းကင်မှ သက်၍ မင်းကြီး၏ ဦးခေါင်းထက်၌ တည်လေ၏။

မင်းကြီးသည် "ငါ့အား လူ၏အဖြစ်ကို ရခြင်းသည် အကျိုးရှိလှ၏"ဟု ဆိုလျက် ညှပ်ရိုးတော်ဓာတ်ကို ပူဇော်သက္ကာရပြု၍ ရတနာပန်းတောင်းနှင့်တကွ ဌာပနာလေ၏။ ဌာပနာသည်နှင့် တစ်ပြိုင်နက် ကြီးစွာသော မြေ၏ တုန်လှုပ်ခြင်းသည် ဖြစ်၏။

ထိုညှပ်ရိုးတော်ဓာတ်၏ တန်ခိုးပြာဋိဟာကို ကြည်ညိုကြ၍ မင်းကြီး၏ ညီတော်ဖြစ်သော အဘယတိဿမင်းသားသည် မင်းချင်း ယောကျ်ား တစ်ထောင်တို့နှင့် တကွ ရဟန်းပြုကြလေကုန်၏။ သည်မှတစ်ပါး များစွာကုန်သော သူအပေါင်းတို့သည် ရဟန်းပြုကြကုန်သဖြင့် အလုံးစုံသောရဟန်းတို့သည် သုံးသောင်းဖြစ်ကုန်၏။

တစ်သပိတ်သော ဓာတ်တော်တို့ကို တစ်ယူဇနာခြား အရပ်တို့၌ စေတီတည်၍ ဌာပနာလေ၏။

သုမနသာမဏေ ဓာတ်တော်ထည့်၍ ဆောင်ယူခဲ့သော ပဲနောက်အဆင်းရှိသော မြတ်စွာဘုရား ကျောက်သပိတ်တော်ကို ဒေဝါနံပိယတိဿမင်းကြီးသည် နန်းတော်ဦး၌ ပြာသာဒ်နှင့် ကိုးကွယ်လေ၏။

## ဗြဟ္မာ့ပြည်မှ ဒုဿစေတီနှင့်လက်ဝဲညှပ်ရိုးတော်

သုဒ္ဓါဝါသ အကနိဋ္ဌ ဗြဟ္မာပြည်၌ နေသော ဃဋိကာရ ဗြဟ္မာကြီးသည် ဘုရားလောင်း ဝတ်တော်မူသော ပုဆိုးကို ယူ၍ ၎င်းအကနိဋ္ဌ ဗြဟ္မာ့ပြည်၌ ၁၂-ယူဇနာ အမြင့်အစောက်ရှိသော မိမိ၏ ကမ္ဗဇိဒ္ဓိဗိမာန်နှင့်တူသော အလိုအားလျော်စွာ ပေါ်ပေါက်လာသော စေတီ၌ သွင်း၍ ကိုးကွယ်ကြ၏။

> နိဝတ္ထသာဋကံ ဂဟေတွာ သစေ ဧကေန္တေန ဗုဒ္ဓေါဘဝိဿာမိ၊
> ဣမံ သာဋကံ အာကာသေ တိဋ္ဌတု။ နော စေ၊ ဘူမိယံ ပတတူတိ
> အာကာသံ ခိပိ။ တံ မဟာဗြဟ္မာ ဂဟေတွာ ဗြဟ္မလောကေ
> ဒွါဒသယောဇနိကေ ဒုဿထူပေ ပတိဋ္ဌာပေတွာ ပူဇမကာသိ။
> (ဓိနာလင်္ကာရဋီကာ—၂၃၄။)

သော၊ ထိုဘုရားလောင်းသည်။ နိဝတ္ထသာဋကံ၊ ဝတ်တော်မူသော ပုဆိုးကို။ ဂဟေတွာ၊ ကိုင်၍။ သစေ၊ အကယ်၍။ ဧကေန္တေန၊ စင်စစ်သဖြင့်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣမံသာဋကံ၊ ဤပုဆိုးသည်။ အာကာသေ၊ ကောင်းကင်၌။ တိဋ္ဌတု၊ တည်စေသတည်း။ စေ၊ အကယ်၍။ ဗုဒ္ဓေါဘုရားသည်။

နောဘာဝိသာမိ၊ မဖြစ်အံ့။ ဘူမိယံ၊ မြေ၌။ ပတတု၊ ကျစေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌဟိတွာ၊ ဓိဋ္ဌာန်၍။ အာကာသံ၊ ကောင်းကင်သို့။ ခိပိ၊ ပစ်၏။ တံ၊ ထိုပစ်သော ပုဆိုးကို။ မဟာဗြဟ္မာ၊ ဃဋိကာရ ဗြဟ္မာကြီးသည်။ ဂဟေတွာ၊ ယူသွား၍။ ဗြဟ္မလောကေ၊ သုဒ္ဓါဝါသ အကနိဋ္ဌဗြဟ္မာ့ဘုံ၌။ ဒွါသယောဇနိကံ၊ ၁၂-ယူဇနာ အမြင့်အစောက်ရှိသော။ ဒုဿထူပေ၊ ဒုဿစေတီ၌။ ပတိဋ္ဌာပေတွာ၊ ထည့်သွင်း၍။ ပူဇံ၊ ပူဇော်ကိုးကွယ်ခြင်းကို။ အကာသိ၊ ပြု၏။

ဗြဟ္မလောကေ စ ဝါမကံ-ဟု ဗုဒ္ဓဝင်ပါဠိတော်၌ လာသောကြောင့် ၎င်းဒုဿစေတီ၌ပင် လက်ဝဲညှပ်ရိုးတော်ဓာတ်ကို ဌာပနာ၍ ကိုးကွယ်သည်ဟု မှတ်ယူရမည်။

## သီဟိုဠ်ကျွန်းသို့လက်ဝဲအောက်စွယ်တော် ရောက်ခြင်း

လက်ဝဲအောက်စွယ်တော်သည် ရှေးဦးစွာ ဇမ္ဗုဒီပါကျွန်း၊ ကလိင်္ဂတိုင်း၊ ဒန္တပူရပြည်၌ တည်သည်။ နောက် သာသနာတော် ၈၃၅-ခုနှစ်၊ (ဝါ) ၈၄၇-ခုနှစ်သို့ ရောက်သောအခါ သီဟိုဠ်ကျွန်း၌ မဟာသေနမင်း၏ သားတော် ကိတ္တိသိရိမေဃမင်း မင်းပြု၍ နန်းစံ ကိုးနှစ်အရှိတွင် သီဟိုဠ်မင်းဆက် ၆၂-ဆက်သို့ ကျရောက်သောအခါ ကလိင်္ဂရာဇ်ပြည်ကို အစိုးရသော ဂုဟာသီဝမင်း၏ ရင်သွေးတော် တပင်တိုင်မင်းသမီး ဟေမမာလာသည် ၎င်းမင်း၏ တူတော် ဒန္တကုမာရမင်းသားနှင့် ချစ်ကြိုက်ကြ၍ သီဟိုဠ်ကျွန်းသို့ ထွက်ပြေးကြသောအခါ ခမည်းတော်ကိုးကွယ်သော လက်ဝဲစွယ်တော်ကို ယူဆောင်၍ ၈၉၀-ပြည့်နှစ် သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ သဃ်ထေရ်အား ပေး၏။

၎င်း မထေရ်က ကိတ္တိသိရိမေဃမင်းအား ဇမ္ဗုဒီပါကျွန်းက စွယ်တော် ရောက်လာကြောင်းကို ပြော၍ ၎င်းမင်းအား ပေးလိုက်၏။ ၎င်းမင်း ယူဆောင်၍ စေတီမတည်ဘဲ နန်းတော်ဦး၌ ပြာသာဒ်ဆောက်လုပ်၍ မင်းအဆက်ဆက် ကိုးကွယ်ကြလေ၏။

## သီဟိုဠ်ကျွန်းမှ စွယ်တော်ပွား ပုဂံပြည်သို့ရောက်ခြင်း

နော်ရထာမင်းသည် စစ်သူကြီး လေးယောက်တို့ကို သီဟိုဠ်ကျွန် သဃ်ဗောဓိမင်းထံသို့ စွယ်တော်တောင်း စေလွှတ်ရာ သဃ်ဗောဓိမင်းသည် စွယ်တော် ကျိန်းဝပ်သော ပြာသာဒ်ဦး၌ ဝပ်၍ ရတနာပန်းတောင်းဖြင့် ခံလျက် တောင်းပန်၏။

"ကိုယ်တော်အရှင်မြတ်၏ သရီရဓာတ်စွယ်တော်မြတ်ကို ရဟန်းရှင်လူတို့နှင့်တကွ ကိုးကွယ်ပူဇော်လိုသဖြင့် ပုဂံပြည် နော်ရထာမင်းထံက အပင့်ရောက်သောကြောင့် ကြွလိုက်တော်မူပါမည့်အကြောင်းကို တောင်းပန်ပါ၏"ဟု လျှောက်ထား၏။

ထိုသို့လျှောက်ထားတောင်းပန်ရာတွင် စွယ်တော်တစ်ဆူပွား၍ ရတနာပန်းတောင်း၌ တည်လာ၏။ သဃ်ဗောဓိမင်းသည် စွယ်တော်ပွားကို စစ်သူကြီးတို့အား ပေးလိုက်၏။ စစ်သူကြီးတို့သည် ယူဆောင်ခဲ့၍ ပုဂံပြည်သို့ရောက်သောအခါ နော်ရထာမင်းအား ဆက်သသော် ၎င်းနော်ရထာမင်းသည် ရခဲသောစွယ်တော်ပွားကို နန်းတော်ဦးတွင် ပြာသာဒ်နှင့် ထား၍ ကိုးကွယ်ပူဇော်လေ၏။

အရှင်အရဟံသည် နော်ရထာမင်းအား ဤသို့မိန့်တော်မူ၏။ နန်းတော်ဦး၌ ပြာသာဒ်နှင့် ထား၍ ဤသို့ကိုးကွယ်ပူဇော်ခြင်းသည် တာရှည်လေးမြင့် တည်တံ့ခိုင်ခံ့ခြင်း အကြောင်းမဟုတ်။ ၎င်းသရီရဓာတ်စွယ်တော်ပွားကို စေတီတည်ပြီးလျှင် ဌာပနာ၍ ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူတိုင်း နော်ရထာမင်းသည် စွယ်တော်ပွားကို ရတနာပန်းတောင်းဖြင့် ထည့်၍ ဆင်၏ ကျောက်ကုန်းထက် တင်ပြီးလျှင် "ဤဆင်သည် စွယ်တော် ကျိန်းဝပ်လိုရာ အရပ်သို့ သွား၍ ဝပ်စေသတည်း" ဟု မိဋ္ဌာန်လွှတ်လေသော် နဖူးသင်းကျစ်တော်ကို ဌာပနာရာဖြစ်သော ရွှေစည်းခုံကုန်းသို့ တက်၍ ဝပ်လေ၏။

၎င်းဆင်တော် ဝပ်ရာအရပ်၌ စွယ်တော်ကျိန်းဝပ်ရာ စေတီတည်၍ ဌာပနာအံ့သောအခါ ဤသို့ မိဋ္ဌာန်ပြု၏။

ငါသည် ဘုရားဆုကို တောင်းသည်။ တောင်းသည့်အတိုင်း နောင်ခါ စင်စစ် ဘုရားဖြစ်မည်မှန်လျှင် စွယ်တော်တစ်ဆူ ပွားစေသောဟု မိဋ္ဌာန်ပြုက စွယ်တော်တစ်ဆူပွား၏။ ၎င်းစွယ်တော်ပွားကို ရွှေစည်းခုံ၌ ဌာပနာအံ့သောအခါ စွယ်တော်ပွားနှင့်တကွသော ဓာတ်တော် မွေတော်တို့သည် ကောင်းကင်သို့တက်၍ ဘုရားသခင်သဏ္ဌာန် ဖန်ဆင်းလျက် ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် တန်ခိုးပြာဋိဟာတို့ကို ထင်ထင်ရှားရှား ပြတော်မူလေ၏။

ပြပြီးသောအဆုံး၌ ကောင်းကင်မှသက်၍ ရတနာပန်းတောင်း၌ တည်လာသောအခါ ဌာပနာ၍ အပြီးအဆုံးသို့ ရောက်လေ၏။

နော်ရထာမင်းသည် ၎င်း နည်းလွှတ်လေသော် တန့်ကြည့်တောင်ထိပ်၌ ဝပ်လေ၏။ ၎င်းဆင်ဝပ်ရာအရပ်၌ စွယ်တော်ကိန်းဝပ်ရာ စေတီတည်၍ ဌာပနာ အံ့သောအခါ ၎င်းနည်း သစ္စာဓိဋ္ဌာန်ပြုက စွယ်တော်တစ်ဆူပွား၏။ ၎င်းစွယ်တော် ကို ဌာပနာ၍ အပြီးဆုံးသို့ ရောက်လေ၏။

နော်ရထာမင်းသည် တန့်ကြည့်တောင်ထိပ် စေတီတစ်ဆူတည်၍ပြီးလျှင် ၎င်းနည်းလွှတ်လေသော် သီဟိုဠ်ကျွန်းမှ စွယ်တော်ကို သင်္ဘောနှင့် ယူဆောင်ခဲ့၍ သင်္ဘောဆိုက်ရာဖြစ်သောဆိပ် လောကနန္ဒာအရပ်တွင် ဝပ်လေ၏။ ၎င်းနည်း စေတီတည်၍ ဌာပနာအံ့သောအခါ ၎င်းနည်း သစ္စာဓိဋ္ဌာန်ပြုက စွယ်တော် တစ်ဆူပွား၏။ ၎င်းစွယ်တော်ပွားကို ဌာပနာ၍ အပြီးအဆုံးသို့ ရောက်လေ၏။

နော်ရထာမင်းသည် သင်္ဘောဆိုက်ရာဆိပ်၌ စေတီတစ်ဆူတည်၍ ပြီးပြန်လျှင် ၎င်းနည်းလွှတ်လေသော် တရှင်းတောင်ဖျားတွင် ဝပ်လေ၏။ ၎င်းနည်း စေတီ တည်၍ ဌာပနာအံ့သောအခါ ၎င်းနည်း သစ္စာအဓိဋ္ဌာန်ပြု၍ စွယ်တော်တစ်ဆူ ပွား၏။ ၎င်းစွယ်တော်ပွားကို ဌာပနာ၍ အပြီးအဆုံးသို့ ရောက်လေ၏။

နော်ရထာမင်းသည် တရှင်းတောင်ဖျား၌ စေတီတစ်ဆူတည်၍ ပြီးပြန်လျှင် စွယ်တော်ပွားနှင့်တကွသော ရတနာပန်းတောင်းကို ဆင်၏ကျောက်ကုန်းထက် တင်ပြီးလျှင် ဤဆင်တော်သည် စွယ်တော်ကိန်းဝပ်လိုရာ အရပ်ကို သွား၍ ဝပ်စေသတည်းဟု ဓိဋ္ဌာန်၍ လွှတ်လေသော် ပြက်ခရွှေတောင်ထိပ်၌ ဝပ်လေ၏။ ၎င်းဆင်တော် ဝပ်ရာအရပ်၌ စွယ်တော်ကိန်းဝပ်ရာ စေတီတည်ပြီးလျှင် စွယ်တော် ကို ဌာပနာ၍ ဘုရားငါးဆူ အပြီးအဆုံးသို့ ရောက်လေ၏။

## စွယ်တော်၏သဏ္ဌာန်နှင့် အရွယ်ပမာဏ

မြတ်စွာဘုရားစွယ်တော်သည် မနုမရင့် အလတ်သော နံ့သာပုင်္ဂက်ပျောသီး လောက်ပင်ကြီးကြောင်း၊ ၎င်းနံ့သာပုင်္ဂက်ပျောသီးကဲ့သို့ စဉ်းငယ်ကိုင်းညွတ်သော ပမာဏရှိကြောင်း၊ သောက်ရှုးကြယ်ရောင် ဖွေးဖွေးဖြူသော အဆင်းရှိကြောင်းကို သိအပ်၏။

ဩသဓိတာရကပဋိဘာဂသမုဒယသမုဇ္ဇလိတကဒလိဖလပ္ပ-
မာဏ သုသုက္ကဒါဌတော အာကာသဂင်္ဂါဒိအဘိဘဝနမာနာ ဝိယ
တာလက္ခန္ဓပ္ပမာဏာ သေတရသ္မိယော နိက္ခမိတွာ။

ဩသခိတာရကပဋိဘာဂသမုဒယသမုဇ္ဇလိတကဒလိဖလပ္ပမာဏာသုသုက္ကဒါဌတော၊ သောက်ရှုးကြယ်ရောင်နှင့် တူသော ကောင်းစွာ တက်သော ပြိုးပြိုးပြက် တောက်ပသော အရောင်ရှိသည်ဖြစ်၍ ငှက်ပျောသီးပမာဏရှိသော အလွန်ဖြူစင်စွာသော စွယ်တော်မှ။ အာကာသဂင်္ဂါဒိအဘိဘဝန မာနာဝိယ၊ အာကာသ ဂင်္ဂါ စသည်တို့ကို ဖုံးလွှမ်းမိုးဘိအံ့သကဲ့သို့။ တာလက္ခန္ဓပ္ပမာဏာ၊ ထန်းလုံးပမာဏ ရှိကုန်သော။ သေတရသ္မိယော၊ ဖြူသောရောင်ခြည်တော်တို့သည်။ နိက္ခမိတွာ၊ ထွက်လတ်၍။ (အနာဂတဝင် အဋ္ဌကထာ။)

## တရုတ်ပြည်၌ စွယ်တော် ရှိ မရှိ

ယူဇနာတစ်သောင်း ကျယ်သော ဇမ္ဗူဒိပါကျွန်း၏ အလယ်အရပ်သည် မဇ္ဈိမဒေသအရပ် မည်၏။ ၎င်းမဇ္ဈိမဒေသအရပ်သည် အလျားအားဖြင့် ယူဇနာ သုံးရာ၊ အနံအားဖြင့် ယူဇနာ နှစ်ရာ့ငါးဆယ်၊ အဝန်းအားဖြင့် ကိုးရာရှိ၏။ ၎င်းမဇ္ဈိမဒေသအရပ်၏ အတွင်း၌ မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၏အနီး ဉရုဝေလတောအုပ်သည် ရှိ၏။ ၎င်းဉရုဝေလတောအုပ်၌ မဟာဗောဓိပင် ပေါက်ရောက်ကြောင်းကို ကလျာဏီကျောက်စာတွင် ဆိုသည်။

ထိုမဟာဗောဓိပင်၏ ထိုမှာဘက် ဤမှာဘက် အရပ်ထက်ဝန်းကျင် ယူဇနာ ငါးထောင်ခန့်အရပ်တွင် မဟာသမုဒ္ဒရာထက်ဝန်းကျင် ဝန်းရံလျက် တည်ကုန်၏။

တစ်နည်းကား–ဇမ္ဗူဒိပါကျွန်း၏ ပြင်ဘက်နားကို လည်၍ မဟာသမုဒ္ဒရာ စီးသည်။ ထိုမဟာသမုဒ္ဒရာ၏အနီးအပါးတွင် (ဦးတည်ဘွား နေသော) တရုတ်ပြည်၊ ပီကျည် (ပီကင်း) မြို့သည် ရှိ၏။ ၎င်းပီကျည်မြို့ကို မဟာဗောဓိပင်မှ တာကြိုးတိုင်းသော် တရုတ်ပြည်သို့အရောက် ယူဇနာ ငါးထောင်ခန့်ရှိသည်ဟု ဇမ္ဗူဒိပါကျွန်းပုံများတွင် ဆိုသည်။ ဤကဲ့သို့ဆိုသော စကားများကို ထောက်ဆသော် တရုတ်ပြည်သည် မဇ္ဈိမဒေသအရပ်သို့ အဝင်အပါ တက္ကသိုလ်ပြည်၊ ဂန္ဓာရတိုင်း မဟုတ်ဟု မှတ်ယူသင့်သည်။

စွယ်တော်တည်ရာ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သည် မဇ္ဈိမဒေသအရပ်၏ အရှေ့စွန်းဖြစ်၍ ဗောဓိပင်နှင့် ယူဇနာ ၁၅၀–ကျော်ခန့် ကွာသည်ဟု မှတ်ရမည်။

တရုတ်ပြည်၌ စွယ်တော်ရှိကြောင်းကို ကျမ်းဂန်တို့၌ မလာမဆို။ ပေါက္ကံ ရာဇဝင်၌မူ နော်ရထာမင်းလက်ထက် ရွှေဖျဥ်းညီနောင်တို့ တရုတ်ပြည်သို့သွား ပြီးလျှင် ဦးတည်ဘွားကို ထုံးသုံးတန့်သား၍ စွယ်တော်ကို ယူဆောင်ခဲ့သည်ဟု ဆိုသည်။

## ပုဂံပြည်သို့သာသနာတော်ရောက်ခြင်း

အရှင်အရဟံသည် နော်ရထာမင်းအား တကာတော် နော်ရထာမင်း၊ ဤပေါက္ကံပြည်မှာ ဘုရားသခင် ပိဋကတ်တော်၊ သရီရဓာတ်တော်၊ မွေတော်၊ သင်္ဃာတော် မရှိသေးသည်ဖြစ်၍ သုဝဏ္ဏဘုမ္မိတိုင်း၊ သထုံပြည်၊ မနူဟာမင်းထံမှာ ရှိသည်။ ၎င်းမနူဟာမင်းထံသို့ လက်ဆောင်ပဏ္ဏာနှင့် စကားအရာ လိမ္မာချေင်သော အမတ်တို့ကို အတောင်းစေလွှတ်ရမှသာလျှင် ဤပေါက္ကံပြည်၌ သာသနာတော် အရှည်အမွန် တည်ထွန်းလတ္တံ့ဟု မိန့်တော်မူ၏။

ရှင်အရဟံ မိန့်တော်မူတိုင်း နော်ရထာမင်းသည် သထုံပြည် မနူဟာမင်းထံ သို့ အမတ်တို့ကို စေလွှတ်လိုက်၏။ အမတ်တို့လည်း သထုံပြည်သို့ ရောက်၍ တောင်းလေသော် မနူဟာမင်းသည် သံတမန် အမတ်များအား "ပရိဗိုဇ်ရဟန်းကို ကိုးကွယ်သော သင်တို့ ပေါက္ကံတိုင်းပြည်သူ တိုင်းပြည်သား အရိုင်းအစိုင်းလူမျိုး များနှင့် ရာသလော" ဟု ကြမ်းတမ်းသော စကားကို ဆို၍ လွှတ်လိုက်၏။

သံတမန်အမတ်များလည်း ပြန်လည်ခဲ့၍ ပေါက္ကံပြည်သို့ ရောက်လေသော် မနူဟာမင်းဆိုသော အကြောင်းကို နော်ရထာမင်းအား လျှောက်ထားလျှင် ပြင်းပြစွာ အမျက်ထွက်၍ ငါကိုယ်တော်တိုင် လိုက်၍ တိုက်မည်၊ ယခုချက်ချင်း တပ်တော်ကို ခင်းကျင်းပြင်ဆင်ကြလော့ဟု မိန့်တော်မူလေ၏။

မိန့်တော်မူတိုင်း အမတ်တို့သည် ရေကြောင်းက လှေတပ်နှင့် ချီလေသော် စစ်ဦး ပဲခူးသို့ရောက်၍ ပုဂံက လှေတပ်မကုန်သေး၊ ကုန်းကြောင်းက စစ်သူကြီး လေးယောက်နှင့် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တော်တို့ ချီလေသော် စစ်ဦး သထုံကျေးလက်သို့ ရောက်၍ ပုဂံက ကုန်းတပ် မကုန်သေး။

ဤသို့သော စစ်သည်ဗိုလ်ထုနှင့် ကိုယ်တော်တိုင်ချီတော်မူ၍ သထုံပြည်ကို လုပ်ကြံသော်လည်း မအောင်နိုင်၍ ဆရာတို့ကို မေးရာ ဇော်ဂျီသေကို ဖုတ်ကင်၍ စားရသော ကုလားသေ၏ ဦးခေါင်း၊ ပေါင်၊ လက်များကို မြို့ပတ်လည်

မြှုပ်ထားသည်ကို တူးဖော်ယူ၍ သမုဒ္ဒရာသို့ စွန့်ပစ်ပြီးမှ လုပ်ကြံသော် အကြံ အောင်ပါလိမ့်မည်ဟု လျှောက်ကြသဖြင့် လျှောက်ထားတိုင်းပြု၍ လုပ်ကြံသော် အောင်မြင်လေ၏။

ထိုရာမညတိုင်း တလိုင်းသုံးရပ်တွင် သုဝဏ္ဏဘုမ္မိတိုင် သထုံပြည်ကို သာသနာ ၁၆၀၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၄၀၉–ခုနှစ်တွင် အောင်မြင်တော်မူသောအခါ အရိယာသံဃာ တစ်ထောင်နှင့်တကွ အစုံသုံးဆယ်ရှိသော ပိဋကတ်တော်ကိုလည်းကောင်း၊ ရတနာပန်းတောင်းနှင့်ထား၍ ကိုးကွယ်သော သရီရဓာတ်တော်တို့ကိုလည်းကောင်း၊ သုံးဆယ့်နှစ်စီးသော ဆင်တော်တို့ကိုလည်းကောင်း၊ မနူဟာမင်းကိုလည်းကောင်း ယူဆောင်ခဲ့၍ ပေါက္ကံပြည်သို့ရောက်လျှင် ရတနာသုံးပါးနှင့် ပြည့်စုံတော်မူသော မြို့ဖြစ်သောကြောင့် ပုဏ္ဏဂါမမြို့ဟု နော်ရထာမင်း လက်ထက် တွင်လေသည်။

နောက်အခါ ဏ–နှင့် အာ–ပျောက်၍ ဂ–ငယ်ထက်မှာ နိဂ္ဂဟိတ်ရောက်၍ ပုဂံမြို့ဟု ခေါ်ဝေါ်ကြလေ၏။

ဓာတ်တော်ကို ပတ္တမြားကြုတ်နှင့်ထား၍ ကိုးကွယ်လေ၏။ အစုံ သုံးဆယ်ရှိသော ပိဋကတ်တော်တို့ကို ပြာသာဒ်ဖြင့်ထား၍ သံဃာတော်တို့ သင်ကြားပို့သကြကုန်၏။

မနူဟာမင်းကို မြင်းကပါအရပ်၌ ကံကျွေးမွေးအိမ်ဖြင့် ထား၏။ ၎င်းမနူဟာမင်း ရယ်သောအခါ၊ စကားပြောသောအခါတို့၌ ခံတွင်းမှ စက်ရောင်ထွက်ကုန်၏။ မနူဟာမင်းက နော်ရထာမင်းကို အရိုအသေပြုသောအခါ နော်ရထာမင်းသည် ကြက်သီးမွေးညင်းထခြင်း၊ ထိတ်လန့်ခြင်းဖြစ်၍ မနူဟာမင်းကို မုနောလင်ပန်းဖြင့် ဘုရားတင်ကို ကျွေးလေ၏။ ထိုဘုရားတင်ကို စားသည်မှ စ၍ ခံတွင်းက စက်ရောင်ကွယ်ပျောက်လေ၏။

၎င်းမနူဟာမင်းသည် သံဝေဂရ၍ မြင်းကပါရွာတောင်ဘက်၊ မင်းလမ်း အနောက်ဘက်နားတွင် ကပ်လျက် အရှေ့ဘက်လိုဏ်က တင်ပြင်ခွေ တစ်ဆူ၊ အနောက်ဘက်လိုဏ်က လျောင်းတော်မူ တစ်ဆူ၊ ပေါင်း ရုပ်ပွား ကော်နှစ်ဆူနှင့် စေတီတော်ကြီး တည်လေ၏။ မနူဟာမင်း တည်သော ဘုရားဖြစ်၍ မနူဟာဘုရားကြီးဟု ယခုတိုင်အောင် တွင်လေ၏။

## အသမ္ဘိန္နဓာတ်တော် ခုနစ်ဆူ ရှိခိုးရန် ဂါထာ ပါဠိအနက်

နလာဋံ စတုရော ဒါဠာ၊ ဒွေ အက္ခာ ဓိနဓာတုယော။
တာဝတိံသေ ဧကော ဒါဠာ၊ ဧကော ဘုဇဂပုရေ စ။
ဂန္ဓာရေ ကလိင်္ဂပုရမှိ၊ တာပိ ဝန္ဒာမိ ဓာတုယော။

**နလာဋံ၊ နဖူးသင်းကျစ်တော်လည်းကောင်း။** စတုရော ဒါဠာ၊ လေးဆူကုန်သော စွယ်တော်တို့လည်းကောင်း။ ဒွေအက္ခာ၊ နှစ်ဆူကုန်သော ညှပ်ရိုးတော်တို့လည်းကောင်း။ ဣမာသတ္တ ဓိနဓာတုယော၊ ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားဓာတ်တော်တို့သည်။ အသမ္ဘိန္နာ၊ မကွဲမပျက်ကုန်။ တာပိဓာတုယော၊ ထိုခုနစ်ဆူကုန်သော အသမ္ဘိန္နဓာတ်တော်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဧကောဒါဠာ၊ တစ်ဆူသော လက်ယာအထက်စွယ်တော်သည်။ တာဝတိံသေ၊ တာဝတိံသာနတ်ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဧကော၊ တစ်ဆူသော လက်ယာအောက်စွယ်တော်သည်။ ဘုဇဂပုရေ၊ နဂါးပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဧကော၊ တစ်ဆူသော လက်ဝဲအထက်စွယ်တော်သည်။ ဂန္ဓာရေ၊ ဂန္ဓာလရာဇ်ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ ဧကော၊ တစ်ဆူသော လက်ဝဲအောက်စွယ်တော်သည်။ ကလိင်္ဂပုရမှိ၊ ကလိင်္ဂရာဇ်ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူ၏။ တာပိ ဓာတုယော၊ ထိုစွယ်တော်ဓာတ် လေးဆူတို့ကို။ အဟံ၊ အကျွန်ုပ်သည်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

## သပိတ်၊ သင်္ကန်းစသော မြတ်စွာဘုရား၏ ပရိဘောဂများ မတည်မြဲခြင်း

မြတ်စွာဘုရား သပိတ်တော်ကို သာဝတ္ထိပြည်သို့ အရှင်အာနန္ဒာ ဆောင်ယူသွားကြောင်းကို အဋ္ဌကထာတို့၌ ဆိုသည်။

သီဟိုဠ်ကျွန်းဖြစ် နလာဋဓာတုဝင်ကျမ်း၌ သာဝတ္ထိပြည်မှနောက် ကလိင်္ဂရာဇ်ပြည်သို့ ရောက်ကြောင်းကို ဆိုသည်။

သီဟိုဠ်ရာဇဝင်၌ ကလိင်္ဂရာဇ်ပြည်မှ နောက် သီဟိုဠ်ကျွန်းသို့ ရောက်ကြောင်းကို ဆိုသည်။

မြန်မာရာဇဝင်တို့၌ ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် သီဟိုဠ်ကျွန်းမှသည် ဟံသာဝတီသို့ ရောက်ကြောင်း၊ ဟံသာဝတီမှသည် တောင်ငူသို့ ရောက်ကြောင်း၊ တောင်ငူမှသည် အင်းဝသို့ရောက်ကြောင်းကို ဆိုသည်။

ဤသို့ သပိတ်တော်သည် နောက်မှ အဆင့်ဆင့်ရောက်သကဲ့သို့ ထို့အတူ ကြွင်းသော အသုံးအဆောင်တော်များကိုလည်း အသီးသီးသော တိုင်းပြည်တို့၌ ရှိကြောင်းကို ဆိုသော်လည်း အမြဲမတည်၊ အမြဲမရှိဟု မှတ်ရမည်။

ထိုကာလ ထိုအခါတို့၌ တည်ငြား ရှိငြားသော်လည်း နောက်နောက်သော ကာလသို့ ကျရောက်သောအခါ သက်နိုး, ခင်းနိုးစသော အသုံးအဆောင်တော် တို့သည် သင်္ခါရသဘောတရားဖြစ်၍ ပျောက်ပျက်ဖို့ရန် ရှိလေတော့သည်။

ဓာတ်တော် မွေတော်တို့သည် သာသနာငါးထောင် မကုန်မချင်း မုန်ညင်းစေ့ ခန့်မျှ ကွယ်ပျောက်ခြင်း မရှိ၊ ပူဇော်သက္ကာရ ပြုသူ ဒါယကာရှိရာသို့ ပြောင်းကြွ ကြောင်းကို သင်္ဂါယနာဝင်ကျမ်းတို့၌ ဆိုသည်။ ထိုသို့ဆိုသည်ကို ထောက်သဖြင့် တည်မြဲတိုင်း ရှိမြဲတိုင်းသော အရပ်တို့၌ မရှိပြီဟု မှတ်ရမည်။

## တပုဿ၊ ဘလ္လိကတို့အား ပေးဆပ်ခဲ့သောဆံတော်ဓာတ်

ရှေးအခါ ရာမညတိုင်း အသိတဥ္စနမြို့၊ နောက်အခါ ပေါက္ခရဝတီမြို့ ဥက္ကလာပဇနပုဒ်မှ ယခုအခါ ရန်ကုန်မြို့မှ အနောက်မြောက်ဖြစ်သော မဇ္ဈိမဒေသ အရပ်သို့ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ လှည်းငါး ရာတို့နှင့် ကုန်ရောင်း သွားကြရာတွင် လမ်းခရီးအကြား ဗောဓိပင်အနားသို့ ရောက်လျှင် ၎င်းကုန်သည် တို့၏ သားချင်းဆွေမျိုး ဖြစ်ခဲ့ဖူးသော နတ်တစ်ယောက်သည် ကိုယ်တိုင်ပြ၍ ကောင်းမြတ်သောကုသိုလ် ဖြစ်စေလိုသောကြောင့် ခုနစ်သတ္တာဟအစေ့ လေးဆယ့် ကိုးရက်မြောက်သောနေ့ ရာဇာရတန လင်းလွန်းပင်ရင်း၌ ဘုရား သခင် ရှိကြောင်း ကိုလည်းကောင်း၊ ဘုရားသခင်အား လှူဒါန်းစေလိုကြောင်းကို လည်းကောင်း ပြောကြားတိုက်တွန်းသောအခါ ကုန်သည်ညီနောင်တို့သည် မိမိတို့တွင် ပါသော ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်တို့ကို မြတ်စွာဘုရားအား ကပ်လှူလေ၏။

ထိုအခါ မြတ်စွာဘုရားသည် စတုမဟာရာဇ် နတ်မင်းကြီး လေးယောက် တို့သည် လှူဒါန်းအပ်သော ပဲနောက်အဆင်းရှိသော ကျောက်သပိတ် လေးလုံးကို ဓိဋ္ဌာန်၍ နှိပ်လျှင် အနားလေးရစ်ရှိသော သပိတ်ဖြစ်လေ၏။ ၎င်းသပိတ်ဖြင့်ပင် ခံတော်မူလေ၏။

ထိုကုန်သည် ညီနောင်တို့အား ဒွေဝါစိကသရဏာဂုံကို ပေးတော်မူ၏။ ကုန်သည်တို့သည် အရှင်ဘုရား၊ အကျွန်ုပ်တို့သည် အဘယ်ကို ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ကိုးကွယ်ခြင်းကို ပြုပါရမည်နည်းဟု လျှောက်ပြန်သောအခါ မြတ်စွာဘုရားသခင်သည် ဆံတော်ကို ပေးလို၍ ဦးခေါင်းတော်ကို သုံးသပ်တော်မူသောအခါ ဆံတော်တို့သည် လက်တော်၌ ကပ်ငြိ၍ ပါကုန်၏။ ထိုကပ်ငြိ၍ ပါသော ဆံတော်ဓာတ်တို့ကို တပုဿ၊ ဘလ္လိကတို့အား လက်အုပ်ချီ၍ ရှိခိုး ကိုးကွယ်ရန် ပေးလိုက်၏။

ပေးလိုက်ကြောင်းကိုသာ သာမည ဆိုသည်။ အရေအတွက် ဆံတော်၏ ချောင်းရေ သချာ မည်၍မည်မျှ ပေးလိုက်သည်ဟူ၍ မဆို။

အထ ဘဂဝါ သီသံ ပရာမသိ၊ ကေသာ ဟတ္ထေ လဂ္ဂိံသု။
(ဝိ–၃၊ ၃။ ၂၄၂။)

အထ၊ ထိုသို့လျှောက်သောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ သီသံ၊ ဦးခေါင်းတော်ကို။ ပရာမသိ၊ သုံးသပ်တော်မူ၏။ ကေသာ၊ ဆံတော်တို့သည်။ ဟတ္ထေ၊ လက်တော်၌။ လဂ္ဂိံသု၊ ကပ်ငြိ၍ ပါကုန်၏။

အနာဂတဝင် အဋ္ဌကထာ၌ကား–

တပုဿဘလ္လိကဒွေဘာတိကာနံ မုဋ္ဌိကေသဓာတုယော ဒတွာ။

ဟု လာသည်။

တပုဿ ဘလ္လိက ဒွေဘာတိကာနံ၊ တပုဿ၊ ဘလ္လိက ညီနောင်နှစ်ယောက်တို့အား။ မုဋ္ဌိကေသဓာတုယော၊ လက်တစ်ဆုပ်သော ဆံတော်ဓာတ်တော်တို့ကို။ ဒတွာ၊ ပေးတော်မူလိုက်၍။

ဤအလိုကား လက်တစ်ဆုပ်သော ဆံတော်ဓာတ်ပေးလိုက်ကြောင်းကို ဆိုသည်။

အင်္ဂုတ္တိုရ် ဧကကနိပါတ် အဋ္ဌကထာ၌ကား–တပုဿ၊ ဘလ္လိက ညီနောင်တို့အား ရှစ်ဆူသော ဆံတော်ဓာတ်ပေးလိုက်ကြောင်းကို–

အဋ္ဌ ကေသဓာတုယော အဒါသိ။ (အံ–၃၊ ၁။ ၂၉၅။)

ဟု လာသည်။

အဋ္ဌကေသဓာတုယော၊ ရှစ်ဆူသော ဆံတော်ဓာတ်တို့ကို။ အဒါသိ၊ ပေးလိုက်၏။

ထိုသို့ပေးလိုက်သော ဆံတော်ဓာတ် ရှစ်ဆူကို ယူဆောင်၍ ဝါဆိုလအတွင်း ရေကြောင်း၊ ကြည်းကြောင်း ခရီးဖြင့် ပြန်ခဲ့ရာ ကုန်သည်တို့၏လက်မှ ဇယျသေန နဂါးမင်းသည် ဆံတော်ဓာတ်နှစ်ဆူကို ယူဆောင်လေသည်။ ဝါ၊ သိဂ္ဂဝ မထေရ်သည် ၎င်းဇယျသေန နဂါးမင်းလက်မှလည်းကောင်း။ တိဿမထေရ် တပည့်ရှင်သီဝလိသည် မိမိတန်ခိုးဖြင့် ဆံတော်ဓာတ်နှစ်ဆူကို ဆောင်ယူ၍ ကာကဝဏ္ဏတိဿမင်းအား ပေးသောအခါ ၎င်းမင်းသည် နဖူးသင်းကျစ်တော် ဌာပနာရာဖြစ်သော မင်္ဂလာစေတီတော်၌ ဌာပနာသည်ဟု နဋ္ဌာဒုဓာတုဝင်၌ လာသည်။

> အတ္တနော နဂရံ နေတွာ အသိတဉ္ဇနနဂရဒွါရေ ဓိဝကေသဓာတုယော စေတိယံ ပတိဋ္ဌာပေသုံ၊ ဥပေါသထဒိဝသေ စေတိယတော နီလရသ္မိယော နိဂ္ဂစ္ဆန္တိ။
>
> (အံ–၁။ ၁။ ၂၉၅။)

အတ္တနော၊ မိမိတို့၏။ နဂရံ၊ မြို့သို့။ နေတွာ၊ ဆောင်ယူခဲ့၍။ အသိတဉ္ဇနနဂရဒွါရေ၊ အသိတဉ္ဇန မြို့တံခါး၏ အနီး၌။ ဓိဝကေသဓာတုယော၊ သက်တော်ထင်ရှားရှိသော ဘုရားသခင်၏ ဆံတော်ဓာတ်တို့ကို။ စေတိယံ၊ စေတီ၌။ ပတိဋ္ဌာပေသုံ၊ တည်ထားကြကုန်ပြီ။ စေတိယတော၊ စေတီတော်မှ။ ဥပေါသထဒိဝသေ၊ ဥပုသ်နေ့၌။ နီလရသ္မိယော၊ ညိုသောရောင်ခြည်တော်တို့သည်။ ဥဂ္ဂစ္ဆတိ၊ ထွက်ကုန်၏။

တပုဿ၊ ဘလ္လိက ညီနောင်တို့သည် မိမိတို့၏ နေရာဖြစ်သောပေါက္ခရဝတီ၊ အသိတဉ္ဇနမြို့ဟု နှစ်မည်တွင်သော ဥက္ကလာပ ဇနပုဒ်သို့ ဆောင်ယူခဲ့၍ အသိတဉ္ဇနမြို့တံခါး၏အနီး၊ ဥက္ကလာပ ဇနပုဒ်၏ အရှေ့တောင်ထောင့်ဖြစ်သော သိင်္ဂုတ္တရကုန်းပေါ်၌။ သက်တော်ထင်ရှားရှိသော ဘုရားသခင်၏ ဆံတော်ဓာတ်တို့ကို ညီနောင်နှစ်ယောက်တို့သည် အတူတကွပင် စေတီတည်၍ ကိုးကွယ်ကြကုန်၏။ ၎င်းစေတီတော်မှ ဥပုသ်နေ့တိုင်း ညိုသော ရောင်ခြည်တော်တို့သည် ထွက်၍ တန်ခိုးပြကြောင်းကို ဆိုသည်။

ရွှေတိဂုံသမိုင်းဟောင်း၌ လာသောအလိုကား ကုန်သည်ညီနောင်တို့သည် မိမိတို့၏ နေရာမြို့သို့ ရောက်လျှင် ဥက္ကာလာပ မင်းနှင့် သိကြားမင်းသည် စေတီတည်ရာ ဌာနကို ရှာဖွေကြသောအခါ ဆူးလေနတ်နှင့် မော်ဘီနတ်ကြီးတို့က ကကုသံ၊ ကောဏာဂုံ၊ ကဿပ၊ ဘုရား သုံးဆူတို့၏ တောင်ဝှေးတော်၊

ဓမ္မကရိဏ်တော်၊ ရေသနုပ်တော်များကို ဌာပနာရာဖြစ်သော ခုနစ်တောင် တာ တစ်ရာ ခန့်ကျယ်သော သိင်္ဂုတ္တရကုန်းတော်ကို ပြ၏။

၎င်းကုန်း၏ အလယ်၌ ဌာပနာတိုက် ၄၄–တောင် အနက် အကျယ် တူး၍ အုတ်ကျောက်တို့ဖြင့် ဝန်းရံကာပြီးလျှင် အလယ်၌ ရတနာအတိပြီးသော ကျောက် သဘော်ကို ထား၏။ ၎င်းကျောက်သဘော်ထက်၌ ရွှေပန်းတောင်းဖြင့် ဆံတော် ဓာတ်ကို ကျိန်းဝပ်စေ၍ ရွှေအုတ်၊ ငွေအုတ်၊ ကြေးအုတ်၊ မြေအုတ်တို့ဖြင့် ရံကာ ဖုံးထားပြီးလျှင် ဌာပနာတိုက်ပေါ်က ၄၄–တောင် အစောက်အမြင့်ရှိသော စေတီတော်ကို တည်ထားလေ၏။

သာသနာတော် ၂၁၈–ခုနှစ်တွင် ပါဋလိပုတ်ပြည်ကို အစိုးရသော သီရိဓမ္မာ သောကမင်းသည် ရွှေတိဂုံစေတီတော်မှ ရောင်ခြည်တော်လွှတ်ကြောင်း တန်ခိုး ပြာဋိဟာ ပြတော်မူကြောင်းကို ကြားတော်မူလျှင် မှူးမတ်တို့ကို စေလွှတ်ပြီးလျှင် စေတီတော်ကို ထပ်မံ၍ ပြုပြင်တော်မူသည်။

ထို့နောက် သာသနာ ၆၄၃–ခုနှစ်တွင် စေတီတော် အပေါ်တစ်ထပ် အင်္ဂတေ ယိုယွင်းသည်များကို ဗညားရာဇာသည် ထပ်မံ၍ ပြုပြင်ပြီးလျှင် ရွှေထီးနဝရတ် တင်လှူတော်မူသည်။ ထို့နောက် သက္ကရာဇ် ၇၁၇–ခုနှစ်တွင် တလိုင်းမင်း ဗညားရကျိုက်သည် စေတီတော်ကို ကလပ်ခြေ ၅၄–တောင်စီ ဖွင့်၍ ပြုလုပ်ရာတွင် ပစ္စယံနှစ်ဆင့် ပြီးလေသည်။ ထို့နောက် တလိုင်းမင်း ဗညားဖြူသည် ထပ်မံ၍ လုပ်ရာတွင်မှ ပစ္စယံ ငါးဆင့်ပြီးလေသည်။ ထို့နောက် သက္ကရာဇ် ၇၂၇–ခုနှစ် တွင် ၎င်းမင်း၏ သားတော် ဗညားကျန်းတောသည် ဆက်လက်၍ ပြုလုပ်ရာတွင် သပိတ်မှောက် ဘီလူးပန်းဆွဲ၊ ဖောင်း၊ ကြာပန်း၊ ငှက်ပျောဖူး၊ ခရားသီးတိုင်အောင် ပြီး၍ ရွှေထီးနဝရတ် တင်လှူလေသည်။ ထိုအခါ စေတီတော်သည် မြေပေါ်က အမြင့် အတောင် နှစ်ရာ့တစ်တောင် တစ်မိုက် လက်လေးသစ်အမြင့်ရှိသည်။

ဖိနပ်ပန်းခုံတော်အချင်း အတောင် သုံးရာ၊ အဝန်း ကိုးရာနှစ်ဆယ်တောင် ရှိသည်။

တစ်နည်းကား အချင်းနှစ်ရာနှစ်ဆယ့်ငါးတောင်၊ အဝန်းခြောက်ရာနှစ်ဆယ့် ငါးတောင်ရှိသော ရွှေတိဂုံစေတီတော်သည်။ တပုဿ၊ ဘလ္လိက ညီနောင်တို့ ယူဆောင်ခဲ့သော ဆံတော်ဓာတ် ဌာပနာသော စေတီတော်၏ ပမာဏဟု မှတ်ရမည်။

၎င်းသိင်္ဂုတ္တရကုန်းဆော်ကို ရှေးအခါက ပေါက္ခရဝတီမြို့၊ တရိဟာကုမ္မမြို့၊ အသိတဥ္စနမြို့၊ ရမ္မနဂရမြို့ဟု ၎င်းလေးမြို့ ဝန်းရံလျက် ရှိကြောင်းကို ရာမည ရာဇဝင်တွင် ဆိုသည်။

ရန်ကုန်မြို့ပင် ရှေးအခါက ၎င်းအမည်လေးမည် တွင်ဖူးလေသည်ဟု ရာဇာဓိရာဇ် အရေးပုံတွင် ဆိုသည်။ ကာလရှည်လျားသောအခါ အမည်သုံးမည် ပျောက်၍ တရိဟာကုမ္မမြို့ဟု တွင်လေသည်။ ထိုတရိဟာကုမ္မမြို့ကိုပင် နောင်အခါ တိကုန်မြို့ဟု တွင်လေသည်။ ထိုတိကုန်မြို့ကိုပင် နောက်အခါ တကုန်မြို့ဟု တွင်လေသည်။ ထိုတကုန်မြို့ကိုပင် အလောင်းမင်းတရား လက်ထက်က စ၍ ယခုထက်ထိ ကုန်ရန်မြို့ (ရန်ကုန်မြို့) ဟု တွင်လေသည်။

## ရဟန်းခြောက်ပါးတို့ဆောင်ယူခဲ့သော ဆံတော်နှင့်မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရုပ်ပွားတော်

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသောအခါ၊ အရှင်အနုရုဒ္ဓါ၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏသာရ၊ အရှင်ဉာဏပဏ္ဍိတ၊ အရှင်ရေဝတ၊ ဤရဟန္တာ ခြောက်ပါးတို့သည် မြတ်စွာဘုရားထံ၌ ဆံတော်ဓာတ်ကို တောင်းကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ရဟန္တာခြောက်ပါးတို့အား ခြောက်ဆူသော ဆံတော်ဓာတ်တို့ကို တစ်ဆူစီ ပေးအပ်တော်မူသည်ရှိသော် ရဟန္တာခြောက်ပါးတို့သည် ဆံတော်ဓာတ်ခြောက်ဆူတို့ကို ကိုယ်စီယူဆောင်၍ ကောင်းကင်ခရီးဖြင့် သွားကြရာတွင် သမုဒ္ဒရာ၏အနီး မဇ္ဈိမဒေသ၏ အနောက်တောင်ထောင့်ဖြစ်သော တစ်ခုသော ပစ္စန္တဂါမရွာသို့ သက်၍ စေတီတည်ရာအရပ်ကို လိုက်လံရှာဖွေသော် ထိုပစ္စန္တဂါမရွာ၏ တောင်မျက်နှာအရပ်၌ ရှာ၍ရသောအခါ အလုပ်အကျွေး ဒါယကာကို တောင့်တရာတွင် သိကြားမင်း လာ၍ ၎င်းသိကြားမင်းကို ဆံတော်ဓာတ်၏ ကျိန်းဝပ်ရာ ဒါယကာခံပါဟု တိုက်တွန်းလေလျှင် ကောင်းပါပြီဟု ဝန်ခံ၍ အရှင်အနုရုဒ္ဓါ၏ လက်မှ ဆံတော်ဓာတ်ကို ယူ၍ မိမိဦးခေါင်းထက်တွင် တင်ထားပြီးမှ ဆံတော်ဓာတ် တည်ရာ တွင်းကို တန်ခိုးဖြင့် ဖန်ဆင်းပြီးလျှင် ထိုတွင်း၌ အသီတိ မဟာသာဝကတို့၏ ရုပ်တုကိုလည်းကောင်း၊ မယ်တော်၊ ခမည်းတော်တို့၏ ရုပ်တုကိုလည်းကောင်း၊ ကိုယ်စားတော်စား ရွှေဖြင့်ပြီးသော

ရုပ်ပွားဆင်းတုကိုလည်းကောင်း ဖန်ဆင်းပြီးလျှင် အလယ်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြုအပ်သော ထက်ဝန်းကျင်မှ ရွှေကွန်ရက်တို့ဖြင့် ရံ၍ ပြုအပ်သော ထီးဖြူကို ဆောက်လုပ်၏။ ထိုထီးဖြူအောက်၌ အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော ပလ္လင်ကို ဖန်ဆင်း၍ မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို ဦးခေါင်းထက်မှ ချ၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရားသည် ဤအရပ်၌ အလုံးစုံသော သတ္တဝါတို့၏ အကျိုးငှာ အနှစ်ငါးထောင်တိုင်တိုင် တည်တော်မူပါ" ဟု ဆို၍ ဌာပနာလေ၏။

ဣဒ္ဓိယာ အာဝါငံ့ မာပေတွာ တတ္ထ အသီတိသာဝကာနံ ရူပံ မာတုယာ ရူပံ ဗုဒ္ဓပိတုနော ရူပံ အနူပမဿ ဒသဗလဿရူပံ စ သုဝဏ္ဏမယံ မာပေတွာ မဇ္ဈေ သတ္တရတနရာသိံ ကတွာ ပရိသမန္တတော သုဝဏ္ဏဇာလံ ပရိက္ခိပိတွာ သေတစ္ဆတ္တံ ဥဿာပေတွာ တဿ ဟေဋ္ဌာ နာနာရတနသမုဇ္ဇလံ ပလ္လင်္ကံ မာပေတွာ ဒသဗလဿ ဓာတုံ သီသတော ဩရောပယိတွာ ဘန္တေ ဘဂဝါ လောကဿ ဌာနေ သကလဇနဟိတတ္ထံ ပဉ္စဝဿ သဟဿပ္ပမာဏံ တိဋ္ဌတူတိ ဌပေတိ။

(ဆကေသဓာတုဝင်)

ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။ အာဝါငံ့၊ တွင်းကို။ မာပေတွာ၊ ဖန်ဆင်း၍။ တတ္ထ၊ ထိုတွင်း၌။ အသီတိသာဝကာနံ ရူပံ၊ အသီတိသာဝကတို့၏ ရုပ်တုကိုလည်းကောင်း။ မာတုယာရူပံ၊ မယ်တော်၏ရုပ်တုကိုလည်းကောင်း။ ဗုဒ္ဓပိတုနောရူပံ၊ ဘုရားခမည်းတော်၏ ရုပ်တုကိုလည်းကောင်း။ အနူပမဿ၊ မနှိုင်းယှဉ်အပ်သော။ ဒသဗလဿ၊ အားတော် ဆယ်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သုဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ ရူပံ၊ ဆင်းတုတော်ကိုလည်းကောင်း။ မာပေတွာ၊ ဖန်ဆင်း၍။ မဇ္ဈေ၊ အလယ်၌။ သတ္တရတနရာသိံ၊ ခုနစ်ပါးသော ရတနာအစုကို။ ကတွာ၊ ပြု၍။ ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ သုဝဏ္ဏဇာလံ၊ ရွှေကွန်ရက်ကို။ ပရိက္ခိပေတွာ၊ ရံ၍။ သေတစ္ဆတ္တံ၊ ထီးဖြူကို။ ဥဿာပေတွာ၊ စိုက်ဆောက်၍။ တဿ၊ ထိုထီးဖြူ၏။ ဟေဋ္ဌာ၊ အောက်၌။ နာနာရတန သမုဇ္ဇလံ၊ အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော။ ပလ္လင်္ကံ၊ ပလ္လင်ကို။ မာပေတွာ၊ ဖန်ဆင်း၍။ ဒသဗလဿ၊ အားတော်ဆယ်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဓာတုံ၊ ဆံတော်ဓာတ်ကို။ သီသတော၊ ဦးခေါင်းထက်မှ။ ဩရောပယိတွာ၊

ချ၍။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဘန္တေ၊ အရှင်ဘုရား။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ သကလဇနေဟိတတ္ထံ၊ အလုံးစုံသောသတ္တဝါတို့၏ အကျိုးငှာ။ ပဥ္စဝဿ သဟဿ ပွမာဏံ၊ အနှစ်ငါးထောင်အတိုင်းအရှည်။ တိဋ္ဌတု၊ တည်တော်မူပါလော့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဌပေတိ၊ ဌာပနာလေ၏။

အရှင်သောဘိတ လက်၌ရှိသော ဆံတော်ဓာတ်ကို ပဒ္မုန္နနတ်မင်း ယူ၍ ထိုရွာမှ သုံးဂါဝုတ်မျှ ကွာသော တောင်မျက်နှာရပ်၌ တန်ခိုးဖြင့် တွင်းကို တူး၍ ထိုတွင်း၌ ဓာတ်တော်တိုက်ကို ဖန်ဆင်းပြီးလျှင် အလုံးစုံ ရေးနည်းအတူ ဌာပနာကြောင်းကို ဆကေသဓာတုဝင်၌ ဆိုသည်။

ဆဌဆံတော်ကိုလည်း ၎င်းနည်းတူ ၎င်းနတ်မင်း ဌာပနာကြောင်းကို ၎င်းကျမ်း၌ပင် လာသည်။

တစ်နည်းကား–ရှင်ဉာဏစေတီမှ မြောက် ပစ္စန္တဂါမအရပ်၌ လေ့ခုနစ်စင်းသား ကျည်းလူမျိုးဖြစ်သော ကုန်သည်တို့အား ရှင်ရေဝတ လက်၌ ရှိသော ဆံတော်ဓာတ်တစ်ဆူကို စေတီဒါယကာ ခံစေ၍ ဌာပနာပြီးလျှင် စေတီတည်စေ၏။

အရှင်ပဒုမုတ္တရ လက်၌ရှိသော ဆံတော်ဓာတ်တစ်ဆူကို သမုဒ္ဒရာစောင့် မေခလာနတ်သမီးကို စေတီဒါယကာ ခံစေ၍ ဌာပနာပြီးလျှင် စေတီတည်လေ၏။

ထိုစေတီမှ မြောက် ညောင်ပင်ကြီး၏အနီး၌ ရှင်ဂုဏသာရ လက်၌ရှိသော ဆံတော်ဓာတ်တစ်ဆူကို သင်္ဘောသူကြီးကို စေတီဒါယကာ ခံစေ၍ ဌာပနာပြီးလျှင် စေတီတည်စေ၏။

ထိုအရပ်မှ အရှေ့ဂင်္ဂါမြစ်နား၌ ရှင်ဉာဏပဏ္ဍိတ လက်၌ရှိသော ဆံတော်ဓာတ် တစ်ဆူကို ဝရဏမည်သော နဂါးမင်းကို စေတီဒါယကာ ခံစေ၍ ဌာပနာပြီးလျှင် စေတီတည်စေ၏။

## (၇) နေ့ ဘုရားရှိခိုး

ဂုရုဝါရသ္မိံ၊ ဘိုးတော် အဥ္စနမင်းကြီးနှင့် ဒေဝဠှရှင်ရသေ့တို့သည် တိုင်ပင် ညီညွတ်၍ ရှိရင်း သက္ကရာဇ်ဟောင်း ၈၆၄ဝ–ပြည့်နှစ် သက္ကရာဇ်ကို တပေါင်း လကွယ် စနေနေ့တွင် ချ၍ တန်ခူးလဆန်း တစ်ရက်၊ တနင်္ဂနွေနေ့က စ၍ တစ်ခုနှစ်ဟု ထားအပ်သော နှစ်မှသည် မဟာသက္ကရာဇ် ၆၇–ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌။ ဝေါက္ကန္တိ၊ ဥတ္တရာသဠ်နက္ခတ်နှင့်ယှဥ်၍ သန်းခေါင်ယံအချိန်တွင် မယ်တော်မာယာဝမ်း၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှိ၊ ယူတော်မူ၏။

သောကြာဝါရသို့်၊ မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ နံနက် တစ်ချက်တီး အချိန်၌။ ဝိဇာယိ၊ ဝိသာခါနက္ခတ်နှင့် ယှဉ်၍ လုမ္ဗိနီအမည်ရှိသော အင်ကြင်းဥယျာဉ်တော်၌ ဖွားမြင်တော်မူ၏။

စန္ဒဝါရသို့်၊ အသက်တော် ၂၉–နှစ်၊ မဟာသက္ကရာဇ် ၉၇–ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ သန်းခေါင်ယံ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်သောအခါ၌။ နိက္ခန္တော၊ ကပိလဝတ်ပြည်မှ အရှေ့အရပ်သို့ ထွက်သွားတော်မူ၏။

ဗုဒ္ဓါဝါရေ၊ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အကုန် ဝိသာခါနက္ခတ်နှင့် ယှဉ်သောအခါ၌။ သမ္ဗုဒ္ဓေါ၊ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက်။ (ဝါ) မိုးသောက်ယံ အရုဏ်မတက်မီ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

သောရီဝါရေတု၊ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ညဉ့် နေဝင်စ,အချိန်တွင်ကား။ (ဝါ) နေတစ်ခြမ်းဝင်စ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက်၊ လ,တစ်ခြမ်းထွက်စ အချိန်တွင်ကား။ ဓမ္မစက္ကံ၊ ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာတရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

အင်္ဂါဝါရေ၊ မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ညဉ့် အရုဏ်တက်ခါနီး လင်းအားကြီးအခါ၌။ ပရိနိဗ္ဗုတော၊ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ရဝိဝါရေ၊ မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂–ရက်၊ တနင်္ဂနွေနေ့၌။ အဂ္ဂိတေဇော၊ စန္ဒကူးထင်းပုံထက်၌ တင်ထားသော အလောင်းတော်ကို တေဇောဓာတ်လောင်တောင်မူ၏။

ဣမေ သတ္တဝါရေ၊ ဤခုနစ်ပါးသော အခါတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏။

## မဟာဗောဓိပင်မှ ဒက္ခိဏသာခါကို မဟာမေဃဝန် ဥယျာဉ်၌ စိုက်ခြင်း

သီရိဓမ္မာသောကမင်းကြီးသည် ရဟန်းသင်္ဃာတို့အား အရှင်ဘုရားတို့၊ မြတ်စွာဘုရား၏ မဟာဗောဓိဒက္ခိဏသာခါသည် လင်္ကာဒီပကျွန်းသို့ ကြွရာသလော၊ မကြွရာသလောဟု လျှောက်သောအခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ဤသို့ မိန့်တော်မူ၏။ မြတ်သော မင်းကြီး၊ မဟာဗောဓိဒက္ခိဏသာဒါသည် လင်္ကာဒီပကျွန်းသို့ ကြွရာ၏။ မြတ်စွာဘုရားသခင်သည်

ပရိနိဗ္ဗာန်ပြုအံ့သောငှာ ရတနာညောင်းစောင်းထက် လျောင်းစက်တော်မူသော အခါ ဤသို့မိန့်တော်မူ၏။ "အသောကမင်းသည် မဟာဗောဓိဒက္ခိဏသာခါ တောင်ကိုင်းကို လင်္ကာဒီပကျွန်းသို့ ဆောင်ယူအံ့သောငှာ ဆေးဒန်း မြင်းသီလာဖြင့် သား၏။ ထိုသားရာအရပ်မှ အလိုလိုပြတ်၍ ရွှေဖျဉ်း၌ တည်စေသတည်း။ ထိုရွှေဖျဉ်း၌ တည်ပြီးသော မဟာဗောဓိ ဒက္ခိဏသာခါသည် ဆီးနှင်းတိမ်တိုက်သို့ဝင်၍ ခုနစ်ရက်ပတ်လုံး တည်စေသတည်း။ ခုနစ်ရက်တိုင်က ဆီးနှင်း တိမ်တိုက်မှ ထွက်၍။ (၀၁) သက်ဆင်း၍ ရွှေဖျဉ်း၌ တည်သောအခါ အရွက်အသီးတို့မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်စေသတည်း"ဟု မိန့်တော်မူခဲ့ကြောင်းကို မိန့်တော်မူ၏။

မင်းကြီးသည် အလွန်ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ပါဋလိပုတ်ပြည်မှ မဟာဗောဓိတိုင်အောင် ခုနစ်ယူဇနာကွာဝေးသော လမ်းခရီးကို သုတ်သင်စေ၏။ ထိုခဏ၌ မင်းကြီး၏ စိတ်အလိုအကြံကိုသိ၍ ဝိသုကြံနတ်သားသည် ရွှေပန်းထိမ်သည်၏ အသွင်ဖြင့်လာ၍ မင်းကြီး၏ရွှေကိုယူ၍ မိမိ၏တန်ခိုး အာနုဘော်ဖြင့် အဝန်းလုံးပတ်ကိုးတောင်၊ အမြင့်အစောက်ငါးတောင်၊ အပြန့်အချင့် သုံးတောင်၊ အထုအထူ လက်ရှစ်သစ်၊ ဆင်နှာမောင်း ပမာဏ နှုတ်ခမ်းအနားလုံး ရှိသော ရွှေဖျဉ်းကို ဖန်ဆင်း၍ မင်းကြီးအားပေး၏။

ထိုအခါမင်းကြီးသည် များစွာသော စစ်သည်ဗိုလ်ပါ အရိယာ သံဃာတော် အပေါင်းနှင့်တကွ ပါဋလိပုတ်ပြည်မှ ထွက်ခဲ့၍ ဗောဓိပင်သို့ ရောက်လျှင် ဝန်းရံ၍ တည်ကြကုန်၏။

ထို့နောက် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ပြီးလျှင် သုံးကြိမ်တိုင်တိုင် လက်ယာရစ်လှည့်၍ ရှစ်ပါးသောအရပ်တို့၌ ရှိခိုးပြီးမှ လက်အုပ်ချီလျက် ရပ်ပြီးလျှင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါ တောင်ကိုင်းကို ယူလိုသည်ဖြစ်၍၊ မြေမှသည် ဒက္ခိဏသာခါ တောင်ကိုင်းတိုင်အောင် ငြမ်းဆောက်၍ ထားအပ်သော အင်းပျဉ်ထက်၌ ရွှေဖျဉ်းကို တင်ထားစေ၏။

မင်းကြီးသည် ထိုအင်းပျဉ်ထက်သို့တက်၍ ရွှေစုတ်တံကိုကိုင်၍ ဆေးဒန်း မြင်းသီလာဖြင့် ရေးသားပြီးလျှင် ဤသို့သစ္စာစကားဖြင့် ဆို၏။

"မဟာဗောဓိဒက္ခိဏသာခါ တောင်ကိုင်းသည် လင်္ကာဒီပကျွန်း၌ တည်သည်ဖြစ်အံ့။ ငါသည် မြတ်စွာဘုရား သာသနာတော်၌ ယုံမှားခြင်း ကင်းသည်

ဖြစ်အံ့။ ဤမဟာဗောဓိဒက္ခိဏသာခါ တောင်ကိုင်း တောင်ခက်သည် အလိုလို ရွှေဖျဉ်း၌ သက်၍ တည်စေသတည်း" ဟု သစ္စာစကားကို ပြု၏။

သစ္စာပြုသည်နှင့် တစ်ပြိုင်နက် မဟာဗောဓိဒက္ခိဏသာခါ တောင်ကိုင်းသည် ဆေးဒန်းမြင်းသီလာဖြင့် ပိုင်းခြားရာအရပ်၌ ပြတ်၍ နံ့သာပြောင်းဖြင့် ပြည့်သော ရွှေဖျဉ်းထက်၌ တည်လာ၏။ ထိုခက်မ၏ပင်စည်သည် အရပ်အစောက်အား ဖြင့် ဆယ်တောင်ရှိ၏။ ထိုဆယ်တောင်၏ အထက်၌ ခွ၍ ပေါက်အပ်သော အလျား လေးတောင်စီ ရှိသော ခက်မငါးဖြာတို့၌ အသီးတစ်လုံးစီ ပါ၏။ အခက်တစ်ခုတစ်ခု၌ ခက်ငယ်နှစ်ရာစီ ပါသဖြင့် တစ်ထောင်သော ခက်ငယ်တို့ သည် ရှိကုန်၏။

ထိုအခါ၌ မင်းကြီးသည် ရှေးဦးစွာသော အရေး၏အထက် လက်သုံးသစ် ခြားအရပ်၌ တစ်ခုသော အရေးကို ရေးသားပြန်၏။ ထိုအရေးမှ ဆယ်ခုသော မြစ်မတို့သည် ထိုခဏ၌ လက်လေးသစ်ခန့်မျှ ထွက်ကုန်၏။ တစ်ဖန် အထက်သို့ တက်၍ လက်သုံးသစ်ခြား လက်သုံးသစ်ခြား အရပ်တို့၌ ကိုးဆင့်သော အရေး တို့ကို ရေးသားပြန်ကုန်၏။ ထိုအရေးကိုးခုတို့မှ ဆယ်ခုဆယ်ခုကုန်သော အမြစ် တို့သည် ထွက်ပြန်ကုန်သဖြင့် ကိုးဆယ်သာ မြစ်သေးမြစ်ငယ်တို့သည် ဖြစ်ကုန်၏။ ထိုမြစ်သေးမြစ်ငယ်တို့သည်ကား နွား၏မျက်မွေး ကွန်ရက်နှင့်အတူ အစဉ်အတိုင်း လွှမ်းချုပ်ကုန်လျက် ထွက်ကုန်၏။

ဤသို့သော တန်ခိုးပြာဋိဟာကို ရတနာ အင်းပျဉ်ထက်၌ ရပ်လျက် မြင်ရသော မင်းကြီးသည် လက်အုပ်ချီ၍ သည်းစွာသော အသံဖြင့် ဟစ်၏။ ရဟန်း သံဃာတို့သည် ကောင်းချီးပေးကြကုန်၏။ စစ်သည်တို့သည် ပွဲတင်သံကို ပြုကြကုန်၏။ အထောင်မကသော ဦးရစ်ပုဆိုး ပူဇော်ခြင်းပြုကြကုန်၏။ နတ် ဗြဟ္မာတို့သည် ကောင်းချီးပေးကြကုန်၏။

ထိုခဏ၌ ထိုတစ်ရာသောအမြစ်တို့သည် ရွှေဖျဉ်း၌ တည်လေကုန်၏။ ဆယ်ခုသော မြစ်မတို့သည် ရွှေဖျဉ်းအပြင်ကို ထိ၍ တည်ကုန်၏။ ကြွင်းသော မြစ်သေး မြစ်ငယ်တို့သည် အစဉ်သဖြင့် ရှည်၍ နံ့သာညွန်ပြောင်း၌ သက်၍ တည်ကုန်၏။ ဤသို့ မဟာဗောဓိသည် ရွှေဖျဉ်း၌ တည်သောအခါ မြေကြီးသည် တုန်လှုပ်ခြင်း၊ မိုကြိုးထစ်ခြင်း၊ တောစောင့် တောင်စောင့်နတ်တို့၏ ကခြင်း၊ သီခြင်း၊ နတ်တို့၏ ကောင်းချီးပေးခြင်း၊ ဘီလူးတို့၏ ကျူးရင့်ခြင်း၊ တိမ်လေ တိုက်ခြင်း၊ အသူရာတို့၏ ချီးမွမ်းခြင်း၊ ဗြဟ္မာတို့၏ လက်ပန်းပေါက်ခတ်ခြင်း၊

မိုး၏ခြိမ်းခြင်း၊ အခြေလေးချောင်းရှိသော သတ္တဝါတို့၏ တွန်မြူးခြင်း၊ ငှက်တို့၏ တွန်မြူးခြင်း၊ စည်၊ စောင်း၊ ငြင်း၊ မောင်း၊ ကြေးနင်းတို့၏ မတီးဘဲမြည်ခြင်း၊ ဤအလုံးစုံသောအသံတို့သည် ဗြဟ္မာပြည်တိုင်အောင် တစ်ပြိုင်နက် အုတ်အုတ် ကျက်ကျက် တစ်ခဲနက် ပွဲတင်ထပ်မျှ တက်လေကုန်၏။

ငါးခုသော ခက်မတို့၌ အသီးမှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက်လတ်၍ အလုံးစုံသော စကြဝဠာတိုက်ကို ရွှေအချင် ရွှေအမိုးတို့ဖြင့် မွေးယှက်ဘိသကဲ့သို့ ဗြဟ္မာပြည်တိုင်အောင် နှံ့၍တက်လေ၏။ ထိုမဟာဗောဓိဒက္ခိဏ သာခါသည် ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်သို့ဝင်၍ တည်လေ၏။

ထိုအခါ တစ်စုံတစ်ယောက်သော သူသည် မမြင်၊ မင်းကြီးသည် ရတနာ အင်းပျဉ်ထက်မှ သက်၍ ခုနစ်ရက်ပတ်လုံး ပူဇော်ခြင်းကိုပြု၏။ ခုနစ်ရက် မြောက်သောနေ့၌ ဆီးနှင်းတို့သည် ကင်းကုန်၏။ ရောင်ခြည်တော်တို့သည် မဟာဗောဓိသို့ ပျံလစ်၍ ဝင်ကုန်၏။ ကင်းသော ဆီးနှင်းတိမ်တိုက်ရှိသော အထူးသဖြင့် ကြည်လင်ခြင်းရှိသော စကြဝဠာတိုက်၌ မဟာဗောဓိဒက္ခိဏသာခါ သည် ပြည့်စုံသော ပင်စည် ခက်မ ခက်သေးရှိသည်ဖြစ်၍ ငါးလုံးသော အသီး တို့ဖြင့် တန်ဆာဆင်လျက် ရွှေဖျဉ်း၌ တည်လျက်သာလျှင် ထင်ရှားမြင်ရကုန်၏။

ထိုအခါမှ မင်းကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇ ရှိသည်ဖြစ်၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်း၏အဖြစ်ဖြင့် မဟာဗောဓိကို အဘိသိက်သွန်း၍ ခုနစ်ရက်ပတ်လုံး မဟာဗောဓိပင်၏အနီး၌ နေ၏။

ထိုမဟာဗောဓိသည် ပုဗ္ဗကတ္တိက သီတင်းကျွတ်လပြည့်၊ ပဝါရဏာနေ့ ညဉ့်ချမ်းအခါ၌ ရှေးဦးစွာ ရွှေဖျဉ်း၌ တည်လာ၏။ ထိုလပြည့်နေ့မှစ၍ ဆီးနှင်းတိမ်တိုက်သို့ ဝင်၍နေသည်။ ခုနစ်ရက် အဘိသိက်ပေးသည်။ ခုနစ်ရက် တို့ကို လွန်စေ၍ လဆုတ်ပက္ခဖြစ်သော ဥပုသ်နေ့၌ ထိုမဟာဗောဓိပင်မှ ပြန်ခဲ့၍ တစ်နေ့ချင်းဖြင့် ပါဋလိပုတ်ပြည်သို့ တန်ဆောင်မုန်းလဆန်း တစ်ရက် နံနက် အခါ၌ မြို့၏အရှေ့ အင်ကြင်းပင်ရင်း၌ ထား၏။

ထိုမဟာဗောဓိဒက္ခိဏသာခါသည် ရွှေဖျဉ်း၌ တည်သော သီတင်းကျွတ် လပြည့်နေ့မှစ၍ တစ်ဆယ့်ခုနစ်ရက်မြောက်သော တန်ဆောင်မုန်းလဆန်း နှစ်ရက် နေ့၌ မဟာဗောဓိမှ အသစ်သော အညွန့်တို့သည် ပေါက်ရောက်ပြန်ကုန်၏။ ထိုအညွန့်သစ်တို့ကို မြင်ရသောမင်းကြီးသည် တစ်ဖန် ဗောဓိပင်ကို မင်း၏ အဖြစ်ဖြင့် ပူဇော်လို၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်း၏ အဘိသိက်ကို သွန်း၏။

ထို့နောက် သင်္ဃမိတ္တာထေရီမသည် မဟာဗောဓိပင်ကြီးမှ ယူဆောင်၍ ပါဋလိပုတ်ပြည်၌ ထားအပ်သော ၎င်းမဟာဗောဓိ ဒက္ခိဏသာခါ တောင်ကိုင်းကို လက်ာဒီပကျွန်းသို့ ယူဆောင်၍ သွားအံ့သောအခါ သီရိဓမ္မာသောကမင်းကြီးသည် ဗောဓိပင်ကို စောင့်စိမ့်သောငှာ ဒေဝနတ်မျိုး၊ အမစ္စ အမတ်မျိုး၊ ဗြာဟ္မဏ ပုဏ္ဏားမျိုး၊ ကုဋုမ္ဗိက သူကြွယ်မျိုး၊ ဂေါပက နွားကျောင်းမျိုး၊ တိရစ္ဆာန်မျိုး၊ ကလိင်္ဂမျိုး၊ ၎င်းလူမျိုး တစ်မျိုးမျိုး၌ ရှစ်ယောက် ရှစ်ယောက်စီ၊ ပေါင်း ငါးကျိပ်ခြောက်ယောက်ကုန်သော လူမျိုးတို့ကိုလည်းကောင်း၊ ရေသွန်းလောင်းစိမ့် သောငှာ ရှစ်လုံးစီသော ရွှေအိုး ငွေအိုးတို့ကိုလည်းကောင်း လှူလိုက်ကုန်၏။

ဤသို့သော အခြံအရံတို့နှင့်တကွ မဟာဗောဓိ ဒက္ခိဏသာခါ တောင်ကိုင်းကို ဂင်္ဂါမြစ်၌ လှေထက်သို့ တင်ပြီးလျှင် မိမိကိုယ်တိုင် မြို့မှထွက်၍ တောအုပ်ကို လွန်စေလျက် အစဉ်သဖြင့် ခုနစ်ရက်တိုင်တိုင် ထာမလိတ္တိဆိပ်သို့ ရောက်လေ၏။

ထိုခရီးအကြား၌ နတ်၊ နဂါး၊ လူတို့သည် မြတ်သောပူဇော်ခြင်းဖြင့် ပူဇော်ကြကုန်၏။ မင်းကြီးသည်လည်း မဟာသမုဒ္ဒရာကမ်းနား၌ ခုနစ်ရက်ပတ်လုံး ဗောဓိပင်ကို အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်း၏အဘိသိက်ကို ပေး၏။

ဤသို့ မြတ်သောမင်း၏အဖြစ်ကို သုံးကြိမ်မြောက်အောင် ပူဇော်ပြီး၍ နတ်တော်လဆန်း တစ်ရက်နေ့၌ အသောကမင်းသည် မဟာဗောဓိကို ရွက်ချီ၍ လည်ပင်းပမာဏနက်သော ရေသို့သက်ဆင်း၍ သင်္ဘောထက်၌ တင်လေ၏။ သင်္ဃမိတ္တာထေရီမကိုလည်း အခြံအရံနှင့်တကွ သင်္ဘောလှေထက်သို့ တင်ပြီးလျှင် အရိဋ္ဌအမတ်အား ဤသို့ မှာလိုက်၏။ "အမောင်အရိဋ္ဌအမတ်၊ ငါသည် မဟာ ဗောဓိကို သုံးကြိမ်တိုင်တိုင် ဇမ္ဗူဒိပ်၌ မင်း၏စည်းစိမ်ဖြင့် ပူဇော်၍ လည်ပင်း တိုင်အောင် ရေသို့သက်ဆင်း၍ ငါ၏ အဆွေအား ပေးလိုက်၏။ ထို ငါ၏ အဆွေတော်သည်လည်း ငါ၏အတူ မဟာဗောဓိ ဒက္ခိဏသာခါကို ပူဇော်ပါစေ" ဟု သတင်းစကားကို ကြားမှာပြီးလျှင် သင်္ဘောသည် ထွက်သွားလေ၏။

ထိုအခါ မင်းကြီးသည် အချင်းတို့၊ မြတ်စွာဘုရား၏ရောင်ခြည်တော် ကွန်ရက်ကို ဆောင်ရွက်တတ်, လွှတ်တတ်သော မဟာဗောဓိ ဒက္ခိဏသာခါသည် သွားခဲ့ပြီတကားဟု ရှိခိုး၍ လက်အုပ်ချီလျက် မျက်ရည်စက်စက်ယိုလျက် ရပ်စဉ် အခါ မဟာဗောဓိ ဒက္ခိဏသာခါတင်သော သင်္ဘောသည်လည်း မင်းကြီး ကြည့်မြင် စဉ်ပင် သမုဒ္ဒရာပြင်သို့ ထွက်သွားလေသည်ရှိသော် ထက်ဝန်းကျင် တစ်ယူဇနာ

တိုင်တိုင် လှိုင်းတံပိုးတို့သည် ငြိမ်းကုန်၏။ အဆင်းငါးပါးရှိသော ကြာတို့သည် မဟာသမုဒ္ဒရာအပြင်၌ ပွင့်ကုန်၏။

ကောင်းကင်၌ နတ်တို့သည် စည်၊ စောင်း၊ ငြင်း စသည်တို့ကို တီးကြကုန်၏။ ကောင်းကင်မှ ရေကြည်း၌ ရှိသော သစ်ပင်စသည်တို့ကို မှီ၍နေကုန်သော ရက္ခစိုးနတ်တို့သည် အလွန်မြတ်သော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ကြကုန်၏။ နဂါးတို့သည်လည်း များစွာသော ပူဇော်ခြင်းတို့ကိုပြု၍ မိမိတို့၏ ပြည်သို့ ဆောင်ယူအံ့သောငှာ အခြင်းအရာကို ပြုကြကုန်၏။ ထိုအခါ သင်္ဃမိတ္တာထေရီမသည် ဂဠုန်၏အသွင်ဖြင့် နဂါးတို့ကို ထိတ်လန့်စေ၏။ နဂါးတို့သည်လည်း ထိတ်လန့်ကြကုန်၏။ ထိုသို့ ထိတ်လန့်ခြင်းသဘောရှိသော ထိုနဂါးတို့သည် လာကုန်၍ မဟာဗောဓိ ဒက္ခိဏသာခါ၏ ဟင့်တယ်ခြင်း အသရေကို ဖူးမြင်ကုန်လျက် သင်္ဃမိတ္တာထေရီမအား ပင့်လိုကြောင်းကို တောင်းပန်ပြီးလျှင် ဒက္ခိဏသာခါကို နဂါးပြည်သို့ ဆောင်ယူ၍ ခုနစ်ရက်ပတ်လုံး ပြည်၏ စည်းစိမ်ဖြင့် ပူဇော်၍ထားပြီးလျှင် နဂါးပြည်မှ နဂါးတို့သည် ပို့လိုက်၍ ထွက်ခဲ့သော် ထိုနေ့ပင်လျှင် ဇမ္ဗုကောလဆိပ်သို့ ရောက်လေ၏။

ဒေဝါနံပိယတိဿမင်းကြီးသည်လည်း သုမနသာမဏေ၏ စကားဖြင့် နတ်တော်လဆန်း တစ်ရက်နေ့မှစ၍ အနုရာဓမြို့၏ မြောက်တံခါးမှသည် ဇမ္ဗုကောလဆိပ်သို့တိုင်အောင် လမ်းခရီးကို သုတ်သင်ပြုပြင်လျက် တန်ဆာဆင်စေ၍ မြို့မှထွက်သောနေ့၌ မြောက်တံခါး၏အနီး သမုဒ္ဒသာလဇရပ်၌ တည်လျက် တင့်တယ်ခြင်းဖြင့်လာသော ဗောဓိပင်ကို မထေရ်၏အာနုဘော်ဖြင့် မြင်ရလျှင် အလွန်နှစ်သက်သော စိတ်ရှိသော မင်းကြီးသည် အလုံးစုံသော ခရီးကို ပန်းတို့ဖြင့်ကြဲစေ၍ အကြားအကြား၌ ပန်းဖြင့်ပြီးသော ဆီမီးတိုင်တို့ကို ထားစေလျက် တစ်ရက်ချင်းဖြင့် ဇမ္ဗုကောလဆိပ်သို့ ရောက်၍ အလုံးစုံသော စည်၊ စောင်း၊ ငြင်း၊ မောင်း၊ ကြေးနင်း၊ ဒုံမင်းတို့ဖြင့် ခြံရံ၍ ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်ကုန်လျက် မင်းကြီးသည် လည်ပင်းပမာဏရှိသော ရေသို့သက်၍ အချင်းတို့၊ သက်တော်ထင်ရှားရှိသော ဘုရားကဲ့သို့ ရောင်ခြည်တော် ကွန်ရက်ကို လွှတ်တတ်သော မဟာဗောဓိ ဒက္ခိဏသာခါသည် ရောက်လာပြီတကားဟု ဆိုလျက် ကြည်ညိုသော စိတ်ရှိသောမင်းကြီးသည် မဟာဗောဓိ ဒက္ခိဏသာခါကို မိမိဦးခေါင်းထက်၌ တင်၍ တစ်ဆယ့်ခြောက်ဦးသော အမျိုးတို့နှင့် ပြည့်စုံသော

အမတ်တို့နှင့်တကွ သမုဒ္ဒရာမှတင်၍ ကမ်းနား၌ ထားပြီးလျှင် သုံးရက်ပတ်လုံး အလုံးစုံသော လင်္ကာဒီပကျွန်း ပြည်၏စည်းစိမ်ဖြင့် ပူဇော်၏။

လေးရက်မြောက်သောနေ့၌ မဟာဗောဓိ ဒက္ခိဏသာခါကို ယူဆောင်၍ မြတ်သောပူဇော်ခြင်းတို့ဖြင့် ပူဇော်လျက် အနုရာဓမြို့သို့ ရောက်လေ၏။ ထိုအခါ ကြီးစွာသော ပူဇော်ခြင်းကိုပြုလျက် နတ်တော်လကွယ်နေ့ မွန်းလွဲအခါ၌၊ (ဝါ) ညဥ့်ချမ်းအခါ၌ မြောက်တံခါးဖြင့် ဒက္ခိဏသာခါကို မြို့တွင်းသို့သွင်း၍ မြို့လယ်ဖြင့် ဆောင်ယူပြီးလျှင် တောင်တံခါးဖြင့် ထွက်၍ ၎င်းတံခါးမှ လေးအပြန် ငါးရာရှိသော အရပ်၌ မဟာမေဃဝန်ဥယျာဉ်သည် ရှိ၏။ ထိုဥယျာဉ်အတွင်း အပြေအပြစ် ပြုအပ်သော အရပ်၌ ဒက္ခိဏသာခါကို ထား၏။

ထိုအရပ်သည်ကား ငါတို့မြတ်စွာဘုရားနှင့် တကွ ရှေးဘုရားသုံးဆူတို့သည် နိရောဓသမာပတ်ကို ဝင်စားတော်မူရာ အရပ်၊ ရှေးဘုရားသုံးဆူတို့၏ ဗောဓိပင်သည်လည်း စိုက်ဖူးရာအရပ် ဖြစ်၏။

အဘယ်သို့ ဗောဓိကို တည်ထားချထားလေသနည်းဟူမူကား မဟာဗောဓိကို ချအံ့သောငှာ ခြံရံ၍လာကုန်သော တစ်ဆယ့်ခြောက်ဦးကုန်သော ဇာတိသမ္ပန္န အမျိုးနှင့် ပြည့်စုံကုန်သော အမျိုးတို့သည် မင်း၏အသွင်ကို ယူကုန်၍ ဒေဝါနံပိယတိဿ မင်းကြီးသည်ကား တံခါးစောင့်အသွင်ကို ယူ၍ တစ်ကျိပ်ခြောက်ယောက်သော အမျိုးတို့သည် မဟာဗောဓိ ဒက္ခိဏသာခါကို ကိုင်၍ ချကုန်၏။

ထိုသူတို့၏ လက်မှ လွတ်သော ခဏ၌ အတောင်ရှစ်ဆယ်မျှလောက်သော ကောင်းကင်သို့ ပျံတက်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်ကုန်၏။ ထိုရောင်ခြည်တော် အပေါင်းတို့သည် အလုံးစုံသော လင်္ကာဒီပကျွန်းကို နှံ့စေ၍ ဗြဟ္မာပြည်တိုင်အောင် တက်လေ၏။ ဤသို့သော တန်ခိုးပြာဋိဟာတို့ကို မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာခြင်း၊ ပီတိပါမောဇ္ဇဖြစ်ခြင်း၊ ကြည်ညိုခြင်းရှိကုန်သော တစ်ထောင်သော ယောကျာ်းတို့သည် ဝိပဿနာကို ပွားကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြသဖြင့် ရဟန်းပြုကြကုန်၏။

ထိုမဟာဗောဓိ ဒက္ခိဏသာခါသည် နေဝင်သည်တိုင်အောင် ကောင်းကင်၌ တည်၏။ နေဝင်သောအခါ ရောဟိနီနက္ခတ် မွန်းတည့်သည်နှင့် တစ်ပြိုင်နက် မြေသို့ရောက်၏။ ရောက်သည်နှင့် တစ်ပြိုင်နက် ရေအဆုံးရှိသော မြေသည် ပြင်းစွာတုန်လှုပ်၏။ ထိုသို့ မြေ၌တည်သောအခါ ထိုမဟာဗောဓိကို လှည့်လည်၍ ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်သည် ကောင်းကင်၌ တည်၏။ ခုနစ်ရက်

မြောက်သောနေ့၌ ကင်းသော တိမ်တိုက်ရှိသော ကောင်းကင်ပြင်သည် ဖြစ်၏။ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွန်းပကုန်လျက် ပြိုးပြိုးပြက်တက်ကုန်၏။ ထိုအခါ မဟာဗောဓိ၏ ပင်စည် ခက်မှငါးဖြာမှ ငါးလုံးသောအသီးတို့သည် ထင်ရှားပြတ်သားကုန်၏။

အရှင်မဟိန္ဒမထေရ်သည်လည်းကောင်း၊ သင်္ဃမိတ္တာထေရီမသည်လည်းကောင်း၊ အခြံအရံနှင့်တကွသော မင်းကြီးသည်လည်းကောင်း၊ အလုံးစုံသော ကျွန်းသူကျွန်းသားအပေါင်းတို့သည်လည်းကောင်း ဗောဓိပင်ရှိရာသို့လာ၍ စည်းဝေးကြကုန်၏။ ထိုသူတို့၏ ကြည့်ရှုစဉ် မြောက်ကိုင်းမှ တစ်လုံးသော အသီးမှည့်သည် ကိုင်းမှ ကြွေကျ၏။ အရှင်မဟိန္ဒမထေရ်သည် လက်သို့ ညွှတ်စေ၏။ မထေရ်၏ လက်၌ တည်လာ၏။ မထေရ်သည် ထိုအသီးကို စိုက်လော့ဟုဆို၍ မင်းကြီးအား ပေး၏။ မင်းကြီးသည် ယူပြီးလျှင် ရွှေဖုဥ်း၌ ကောင်းသော မြေမှုန့်တို့ကို ထည့်၍ နံ့သာညွန်ပြောင်းကို ပြည့်စေ၍ စိုက်ပြီးလျှင် မထေရ်၏ အနီး၌ ထားလေ၏။

ထိုအခါ အလုံးစုံသော သူတို့၏ မြင်စဉ်ပင်လျှင် လေးတောင်ခန့်ပမာဏရှိသော ရှစ်ပင်သော ဗောဓိပင်တို့သည် ပေါက်လာကုန်၏။ မင်းကြီးသည် ထိုသို့သော အံ့ဖွယ်သရဲကိုမြင်၍ ဗောဓိပင်ရှစ်ပင်တို့ကို ထီးဖြူအုပ်၍ အဘိသိက်သွန်းခြင်းကို ပြု၏။ ထိုရှစ်ပင်တို့တွင် တစ်ပင်ကို ဇမ္ဗုကောလဆိပ်၌ စိုက်စေ၏။ တစ်ပင်ကို မြို့အရှေ့တံခါးအနီး ပထမစေတိယ အရပ်၌ စိုက်စေ၏။ တစ်ပင်ကို ပုဏ္ဏားရွာ၌ စိုက်စေ၏။ တစ်ပင်ကို ထူပါရုံ၌ စိုက်စေ၏။ တစ်ပင်ကို ဣဿရနိမ္မာနကျောင်း၌ စိုက်စေ၏။ တစ်ပင်ကို စေတိယ တောင်ကျောင်း၌ စိုက်စေ၏။ တစ်ပင်ကို ရောဟနဇနပုဒ် ဘောဇနရွာ၌ စိုက်စေ၏။ တစ်ပင်ကို ရောဟနဇနပုဒ် စန္ဒရွာ၌ စိုက်စေ၏။

ဤမြောက်ကိုင်းအသီးမှ တစ်ပါးသော လေးလုံးသော အသီးတို့မှ ဤကဲ့သို့ စိုက်၍ ပေါက်ကုန်သော သုံးဆယ့်နှစ်ပင်ကုန်သော ဗောဓိပင်တို့ကိုလည်း အနုရာဓမြို့၌ တစ်ယူဇနာစီခြားသော အရပ်တို့၌ စိုက်စေကုန်၏။

ဤငါးလုံးသော အသီးတို့မှ တစ်လုံး တစ်လုံးလျှင် ရှစ်ပင် ရှစ်ပင်စီ ပေါက်ကုန်သော ဗောဓိပင်ငယ်တို့သည် အပင်လေးဆယ်ဖြစ်၍ မူလအပင်နှင့် လေးဆယ့်တစ်ပင်ဖြစ်ကုန်၏။

ဤသို့လျှင် သားမြေးမြစ် အစဉ်မပျက် ထက်ဝန်းကျင်သော လူအပေါင်းတို့၏ စီးပွားချမ်းသာဖြစ်စေခြင်းငှာ မြတ်စွာဘုရား၏ တည်ရာတည် ဟူသော

တံခွန်သဖွယ်ဖြစ်သော မဟာဗောဓိပင်မှ ဒက္ခိဏသာခါတောင်ကိုင်းကို ဒေဝါနံပိယ တိဿမင်းကြီးသည် တည်တော်မူ၏။

## သုဝဏ္ဏဘုမ္မိသို့ သွားတော် ၃၃-ဆူ ရောက်ရှိခြင်း

မြတ်စွာဘုရားသခင်သည် ရှစ်ဝါမြောက်ဆိုတော်မူပြီး၍ ဒေသစာရီကြွချီ တော်မူသဖြင့် မိတ္ထီလာပြည်သို့ ရောက်တော်မူသောအခါ ပထမဝါ၌ ရဟန်းပြုသော ဂဝံပတိ မထေရ်သည် ရာမညတိုင်း၊ သထုံပြည်၌ ရှေးဘဝက ဆွေမျိုးဖြစ်ခဲ့ ဖူးသော သူတို့ကို မြင်၍ ကရုဏာတရားဖြင့် မိတ္ထီလာပြည်မှ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။

ရာမညတိုင်း၊ သထုံပြည်သို့ ရောက်တော်မူသောအခါ မဟာသီရိမာ,သောက မင်းနှင့်တကွ ပရိသတ်အား တရားဟောတော်မူ၏။ ထိုမဟာသီရိမာ,သောကမင်း သည် ရတနာသုံးပါး၌ ကြည်ညိုခြင်းရှိသည်ဖြစ်၍ ဂဝံပတိမထေရ်အား ဤသို့ လျှောက်၏။

အရှင်ဘုရား၊ အကျွန်ုပ်တို့သည် တရားတော်တို့ကိုလည်း နာရကုန်ပြီ၊ သင်္ဃာတော်တို့ကိုလည်း ဖူးမြင်ရကုန်ပြီ၊ မြတ်စွာဘုရားကို မဖူးမြင်ရပါသေး၊ ထို့ကြောင့် မြတ်စွာဘုရားအား ဖူးမြင်ရကြောင်းကို ကြံတော်မူပါဟု လျှောက်၏။

ဂဝံပတိမထေရ်သည် ကောင်းပြီဟု ဝန်ခံ၍ ပြန်ခဲ့သဖြင့် ဘုရားရှိရာ မိတ္ထီလာပြည်သို့ ရောက်တော်မူသောအခါ မြတ်စွာဘုရားအား "ဘုန်းတော်ကြီး သော အရှင်ဘုရား၊ အရှင်ဘုရားသည် ရာမညတိုင်း၊ သထုံပြည်သို့ ကြွတော်မူပါ" ဟု လျှောက်တောင်းပန်လျှင် မြတ်စွာဘုရားသခင်သည် နှစ်သောင်းမျှလောက် သော ရဟန္တာအပေါင်းနှင့်တကွ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ မြို့အရှေ့ မြောက်ယွန်း ကုန္တခနုတောင်ထိပ်သို့ ကောင်းကင်မှ သက်ဆင်း၍ သီတင်းသုံး နေတော်မူသောအခါ မင်းနှင့်တကွသော ပြည်သူပြည်သားတို့သည် ပန်းနံ့သာ စသည်တို့ကို လက်စွဲကုန်လျက် မြတ်စွာဘုရားအား လှူဒါန်းဖူးမြင်ခြင်း, ဆည်းကပ် ခြင်းငှာ လာကြကုန်၏။

မြတ်စွာဘုရားသခင်သည် ထိုသူတို့အား တရားဟောတော်မူလျှင် တရား၏ အဆုံး၌ မင်းနှင့်တကွသော ထိုသူတို့သည် သရဏဂုံ ပဉ္စသီလ တည်ကြကုန်၏။ ဘုရားအမှူးရှိသော သင်္ဃာတော်အား လှူဒါန်းပူဇော်ခြင်းကို ပြုကြကုန်၏။

ထိုအရပ်၌နေသော ရသေ့ခြောက်ယောက်တို့သည် မြတ်စွာဘုရားအား ဤသို့လျှောက်ကြကုန်၏။ အရှင်ဘုရား၊ အရှင်ဘုရား၏ကိုယ်စားတော် ကိုးကွယ်ရန် သနားတော်မူပါဟု လျှောက်တောင်းပန်သောအခါ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို လက်ဖြင့် သုံးသပ်တော်မူ၍ ဆံတော်ခြောက်ဆူတို့ကို တစ်ဆူစီ ရသေ့တို့အား ပေးအပ်တော်မူလိုက်၏။

ထိုအခါ မဟာသီရိမာ,သောကမင်းသည် ထိုရသေ့ခြောက်ယောက်တို့ကဲ့သို့ ကိုးကွယ်ရန် ဆံတော်ဓာတ်ကို တောင်းပန်သည်ရှိသော် မြတ်စွာဘုရားသခင်သည် ဒါယကာမင်းကြီး၊ သင်မင်းကြီးအား ငါဘုရားသည် ဆံတော်ဓာတ်ကို မအပ်သင့်ပြီ။ ဤနှစ်မှသည် ၃၇-နှစ်မြောက်သောအခါ ငါ၏သွားတော်ဓာတ် ၃၃-ဆူတို့ကို ဒါယကာမင်းကြီးအား ကိုးကွယ်ရလတ္တံ့ဟု မိန့်တော်မူ၍ ဤရာမညတိုင်း၌ နောင်သောအခါ ငါ၏သာသနာတော်သည် တည်လတ္တံ့ဟု နှလုံးသွင်း၍ ထိုဣန္ဒခနေတောင်၌ ၃၃-ဌာနအရပ်တို့၌ ဖလသမာပတ်တို့ကို ဝင်စားတော်မူပြီးမှ မဇ္ဈိမဒေသသို့ ကြွတော်မူ၏။

မြတ်စွာဘုရားသခင်သည် အစဉ်သဖြင့် သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူပြီး၍ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးတွင် ဂဝံပတိမထေရ်အား ဤသို့မိန့်တော်မူ၏။ ငါ့ရှင် ဂဝံပတိ၊ ငါ့ရှင်ဂဝံပတိသည် ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသောအခါ ငါဘုရား၏ ၃၃-ဆူသော သွားတော်ဓာတ်တို့ကို ထင်းပုံထက်မှယူ၍ ရာမညတိုင်း၊ သထုံပြည်ကို အစိုးရသော မဟာသီရိမာ,သောက မင်းအား ပေးအပ်ရမည်ဟု မိန့်မှာတော်မူ၏။

ထိုသို့ မိန့်မှာတော်မူတိုင်း မြတ်စွာဘုရားသခင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ပင်ပျိုအစုံတို့၏ အကြား၌ ပရိနိဗ္ဗာန် စံလွန်တော်မူ၍ ထင်းပုံထက်သို့ ရောက်တော်မူသောအခါ ထိုထင်းပုံထက်မှ ရဟန္တာ ဂဝံပတိမထေရ်သည် သွားတော်ဓာတ် ၃၃-ဆူတို့ကို ယူဆောင်၍ မဟာသီရိမာ, သောကမင်းကြီးအား ပေးအပ်တော်မူလေ၏။

မင်းကြီးသည်လည်း ထိုသွားတော်ဓာတ် ၃၃-ဆူတို့ကို သန့်ရှင်းစင်ကြယ်စွာ ဆေးပြီးလျှင် ထိုဣန္ဒခနေတောင်ဝယ် မြတ်စွာဘုရား ဖလသမာပတ် ဝင်စားရာ ဖြစ်သော သုံးဆယ်သုံးဌာန အရပ်တို့၌ ဌာပနာ၍ ကျောက်စေတီငယ် ၃၃-ဆူ တည်လေ၏။

ထိုမင်းမှ စ၍ အလုံးစုံသော ပြည်သူပြည်သားတို့သည် ရှိခိုးကိုးကွယ်ခြင်း ပူဇော်သက္ကာရကို နိစ္စမပြတ် ဆည်းကပ်ပြုလုပ်ကြကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ ၂၃၆–နှစ်တိုင်တိုင် ကာလ ရှည်လျားသဖြင့် ချုံတောဖုံးလွှမ်းသဖြင့် တိမ်မြုပ်၍နေသော ကျောက်စေတီ ၃၃–ဆူတို့ကို သောဏမထေရ်၊ ဥတ္တရမထေရ် နှစ်ပါးတို့သည် ညွှန်ပြသဖြင့် ထိုသွားတော်ဓာတ် ၃၃–ဆူတို့ကို ထိုမထေရ်နှစ်ပါး ကြွလာစဉ်အခါ သထုံပြည်ကို အစိုးရသော မဟာသီရိမာသောကမင်းသည် ထုတ်ဖော်ပြီးလျှင် ရွှေကြုတ် ၃၃–လုံးတို့၌ တစ်ဆူစီသွင်း၏။ ထိုရွှေကြုတ်တို့ကို ရွှေဖျဉ်း ၃၃–ခုတို့၌ တစ်လုံးစီ ထည့်၍ ရင်းတောင်၌ ဥာပနာတိုက် ၃၃–တိုက် လုပ်၍ သွင်းထားလေ၏။

ထိုအခါ မင်းကြီးသည် ဤသို့ သစ္စာဓိဋ္ဌာန်ပြု၏။ “မြတ်စွာဘုရားသခင် သည် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ဘုရားဖြစ်တော်မူသည် ဖြစ်အံ့။ ဤသွားတော်ဓာတ်သည် မြတ်စွာဘုရား သွားတော်ဓာတ် မှန်သည်ဖြစ်အံ့။ ဤသွားတော်ဓာတ်တို့သည် ရွှေကြုတ် ရွှေဖျဉ်းနှင့်တကွ ကောင်းကင်သို့ ပျံတက်၍ ကိုးကွယ်ထိုက်သူ ရှိရာအရပ်သို့ သက်ဆင်း၍ ကိန်းဝပ်တော်မူစေသတည်း” ဟု သစ္စာဓိဋ္ဌာန်ပြု၏။

ပြည်သည်၏ အခြားမဲ့၌ ရာမညတိုင်း တလိုင်းသုံးရပ် အဝင်အပါ ဟံသာဝတီ တစ်ဆယ့်တစ်မြို့၊ ပုသိမ် တစ်ဆယ့်တစ်မြို့၊ မုတ္တမ တစ်ဆယ့်တစ်မြို့အားဖြင့် ၃၃–မြို့၌ ကိန်းဝပ်တော်မူလေကုန်၏။ ထိုသို့ ကြွကြောင်းကို ရဟန္တာ အရှင်မြတ် တို့သည် သိမြင်၍ မင်းကြီးအား ထိုအကြောင်းကို ပြောကြားလျှင် မင်းကြီးသည် ထိုသို့သော သွားတော်ဓာတ်၏ ရောက်ရာအရပ်မှ အရပ်သားတို့ကို စေတီတည်၍ ကိုးကွယ်ပူဇော်သက္ကာရကို ပြုစေကုန်၏။

## ဒုဋ္ဌဂါမဏိမင်းကြီး မဟာစေတီနှင့် မဟိယင်္ဂဏစေတီနှစ်ဆူ တည်တော်မူခြင်း

ဒုဋ္ဌဂါမဏိ မင်းကြီးသည် ၃၇၂–ခုနှစ်၊ ကဆုန်လပြည့်နေ့က စ၍ ဒေဝါနံ ပိယတိဿမင်းကြီးသည် ရေးက စိုက်ထားခဲ့သော ၁၂–တောင်ရှိသော ကျောက်တိုင် အရပ်၌ စေတီတည်အံ့ဟု ကျောက်တိုင်ကို နုတ်ပြီးလျှင် မြေပရိကံကို ပြုစီမံ၏။

အဘယ်သို့ ပရိကံ ပြုစီမံသနည်းဟူမူကား အရပ်လေးမျက်နှာ ထက်ဝန်းကျင် ပတ်လျက် အနက် ခုနစ်တောင်၊ အနံ ဆင်တကန့် ပမာဏရှိသော တွင်းကို

တူးစေပြီးမှ ဆင်ဆယ်စီးအားကို ဆောင်ခြင်းငှာ စွမ်းနိုင်ကုန်သော သူတို့အား ကျောက်ပြားတို့ကို ခင်းစေ၏။ ဤအထက်၌ ကျောက်လုံးတို့ကို ထည့်၍ တူဖြင့် မှုန့်မှုန့်ညက်ညက် ကြေစေပြီးမှ ဆင်ဖြင့် နင်းသိပ်စေ၏။ ထိုကျောက်မှုန့်၏ အထက်၌ အာကာသ ဂင်္ဂါမှ ရေပေါက်ကျရာ ထက်ဝန်းကျင် ယူဇနာသုံးဆယ်ရှိသော ဟိမဝန္တာအရပ်၌ မြေတို့သည် ရေပေါက်တို့ဖြင့် အမြဲစိုစွတ်သည်ဖြစ်၍ အလွန်နူးညံ့ သိမ်မွေ့ စေးထန်းစွာသော ဆီဦးထောပတ် ဃနာနှင့် တူလျက် တည်၏။ ထိုမြေကို ခီဏာသဝ ဆဋ္ဌဘိညဖြစ်သော သာမဏေနှစ်ပါးတို့သည် ယူဆောင်၍ ပေးရာ ၎င်းတို့ကို ဖြန့်၍ အုတ်တို့ကို ခင်းစေ၏။ ထိုအုတ်တို့၏အထက်၌ အင်္ဂတေကို ကျံစေ၏။ ထို၏အထက်၌ မှတ်ကျောက်မှုန့်တို့ကို ခင်းစေ၏။ ထို၏အထက်၌ သံကွန်ရက်တို့ကို ခင်းစေ၏။ ထို၏အထက်၌ ယခင်က သာမဏေတို့သည် ဟိမဝန္တာမှ ဆောင်ယူအပ်သော ကောင်းသော အနံ့ရှိသော ရွှံ့ကျောက်တို့ကို ကျံစေ၏။ ထို၏အထက်၌ ကျောက်စရစ်တို့ကို ခင်းစေ၏။ ထို၏အထက်၌ ကျောက်ကို တစ်ဖန် ခင်းစေပြန်၏။ ထို၏အထက်၌ ရှစ်သစ်ထူသော၊ (ဝါ) နှစ်သစ်ထူသော ကြေးနီပြားကို နှမ်းဆီနှင့်သွေးအပ်သော ဆေးဒါန်း မြင်းသီလာ သရွတ်ဖြင့် ခင်းစေ၏။ ထို၏အထက်၌ ခုနစ်သစ်ထူသော ငွေပြားကို ခင်းစေ၏။

ဤသို့ ခင်းစေပြီးမှ မင်းကြီး– "အရှင်ဘုရားတို့၊ ဝါဆိုလပြည့် ဥပုသ်နေ့၌ စေတီတော်ဝယ် မင်္ဂလာအုတ် စ၍ ချအံ့သောငှာ ဝါဆိုလဆန်း ၁၄–ရက်နေ့က အလုံးစုံသော သင်္ဃာတော်သည် စေတီတည်ရာသို့ စည်းဝေးတော်မူပါ" ဟု လျှောက်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌နေသော ဣန္ဒဂုတ္တမထေရ်သည် ရဟန္တာ ၈ရှစ်သောင်းနှင့်တကွလည်းကောင်း၊ ဣသိပတန မိဂဒါဝုန်တော၌ နေသော ဓမ္မသေနမထေရ်သည် ရဟန်းတစ်သောင်းနှစ်ထောင်တို့နှင့်တကွလည်းကောင်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေသော ပိယဒဿီမထေရ်သည် ရဟန်းခြောက်သောင်းတို့နှင့်တကွလည်းကောင်း၊ ဝေသာလီပြည် မဟာဝုန်တောကျောင်း၌နေသော အနုဗုဒ္ဓရက္ခိတ မထေရ်သည် ရဟန်း တစ်သောင်းရှစ်ထောင်တို့နှင့်တကွလည်းကောင်း၊ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းနေသော ဓမ္မရက္ခိတ မထေရ်သည် ရဟန်းသုံးသောင်းတို့နှင့်တကွလည်းကောင်း၊ မဟာရဋ္ဌမှ ဓမ္မရက္ခိတ မထေရ်သည်

ရဟန်းလေးသောင်းတို့နှင့်တကွလည်းကောင်း၊ ဥဇ္ဇေနီပြည် ဒက္ခိဏာဂိရိ၌ နေသော သံဃရက္ခိတ မထေရ်သည် လေးသောင်းသော ရဟန်းတို့နှင့်တကွလည်းကောင်း၊ ပါတလိပုတ်ပြည်၌ နေသော ပတ္တုဏ္ဏမထေရ်သည် တစ်သိန်းခြောက်သောင်းသော ရဟန်းသင်္ဃာတို့နှင့်တကွလည်းကောင်း၊ ဂန္ဓာရတိုင်း၌နေသော အနိမိတ္တ မထေရ်သည် ရဟန်းနှစ်သောင်းရှစ်ထောင်တို့နှင့်တကွလည်းကောင်း၊ ပဋိရမဏ္ဍာအရပ်၌ နေသော နတ္တုဏ္ဏမထေရ်သည် နှစ်သိန်းရှစ်သောင်းသော ရဟန်းတို့နှင့်တကွ လည်းကောင်း၊ မဟာမလ္လာဝဘောဂ အရပ်၌ နေသော မဟာဒေဝ မထေရ်သည် လေးသိန်းခြောက်သောင်းသော ရဟန်းတို့နှင့်တကွလည်းကောင်း၊ ယောနကတိုင်း အလသန္ဒမြို့၌ နေသော ယောနက ဓမ္မရက္ခိတမထေရ်သည် သုံးသောင်းသော ရဟန်းတို့နှင့်တကွလည်းကောင်း၊ ဝိဇ္ဈာဋဝီတောအုပ် ဝတ္တနိယကျောင်း၌နေသော ဥတ္တရမထေရ်သည် ခြောက်သောင်းသော ရဟန်းတို့နှင့် တကွလည်းကောင်း၊ မဟာဗောဓိ မဏ္ဍလဝိဟာရ၌ နေသော စိတ္တဂုတ္တမထေရ်သည် သုံးသောင်းသော ရဟန်းတို့နှင့် တကွလည်းကောင်း၊ ဝနဝါသီ အရပ်၌နေသော၊ (ဝါ) စန္ဒဝါသီဘောဂ အရပ်၌နေသော စန္ဒဂုတ္တ မထေရ်သည် ရှစ်သောင်းသော ရဟန်းတို့နှင့်တကွ လည်းကောင်း၊ ကေလာသကျောင်း၌နေသော သူရိယဂုတ္တမထေရ်သည် ကိုးသောင်း သော ရဟန်းနှင့်တကွလည်းကောင်း အသီးအသီး ကောင်းကင်ခရီးဖြင့် ဇမ္ဗူဒီပါမှ စေတီတည်ရာအရပ်သို့ စည်းဝေးကြွလာကြကုန်၏။

ဤသီဟိုဠ်ကျွန်း၌ နေကုန်သော ရဟန်းသင်္ဃာတို့သည် စေတီတည်ရာသို့ စည်းဝေးလာသည်ကား ဤမျှ ဤမျှ ရှိ၏ဟု မရေတွက်နိုင်၊ အလုံးစုံသော သံဃာတို့၌ ရဟန္တာချည်း ရေတွက်သော် ကိုးဆယ့်ခြောက်ကုဋေ ရှိကုန်၏။ (ဝါ) တစ်ဆယ့်ခြောက်ကုဋေ ရှိကုန်၏။

ထိုရဟန်းတို့သည် မဟာစေတီ တည်ရာဌာနဝယ် အလယ်၌ မင်းနေရာကို ထား၍ ဝန်းရံကာ နေကြကုန်၏။ ထိုအခါ မင်းကြီးသည်လည်း အလယ်သို့ဝင်၍ ရွှေပန်းကန်ကို ရှေးဦးစွာ စိုက်၏။ ထို့နောက် စေတီဝန်းလှည့်ရန် လုံ့တံကို မင်္ဂလာ ရှိသော အမတ်ကို ကိုင်စေ၍ သိဒ္ဓတ္ထမထေရ်သည် ညွှန်ပြအပ်သော ဥပဒေသအတိုင်း မကျဉ်းမကျယ် မချွတ်မ ပမာဏဖြင့်သာ ပြုတော်မူ၏။

မင်းကြီးသည် ဝါဆိုလပြည့်နေ့၌ မင်္ဂလာရှိသော အမတ်ကြီးရှစ်ဦးတို့ကို တင့်တယ်စွာ တန်ဆာဆင်စေပြီးသော် ရွှေအုတ်ရှစ်ချပ်တို့ကို တစ်ယောက်လျှင် တစ်ချပ်စီ ကိုင်စေပြီးမှ ရှေးဦးစွာ မင်္ဂလာဟု ဆိုအပ်သော အရှေ့မျက်နှာအရပ်၌

တည်ရာအုတ်ကို နံ့သာညွန့်ပြောင်းဖြင့် ရှိသေစွာတည်ထားလေ၏။ ထိုအုတ်ကို မြတ်လေးပန်းတို့ဖြင့် ကြဲဖြန့် ပူဇော်ခြင်းကို ပြု၏။ ထိုခဏ၌ ပြင်းစွာသော မြေလှုပ်ခြင်းသည် ဖြစ်၏။ ထို့နောက်မှ အမတ်ခုနစ်ယောက်တို့အား ထားစေ၏။

မင်းကြီးသည် စည်းဝေးလာသမျှကုန်သော သင်္ဃာတော်တို့အား "အရှင်ဘုရားတို့၊ စေတီပြီးအောင် အကျွန်ုပ်၏ ဆွမ်းကို အလှူခံ၍ နေတော်မူပါ" ဟု လျှောက်တောင်းပန်သောအခါ ထက်ဝက်သော သင်္ဃာတော်တို့ကား ကြွတော်မူကြကုန်၏။ ထက်ဝက်သော သင်္ဃာတော်တို့ကား ခုနစ်ရက်မျှ ဝန်ခံ၍ ခုနစ်ရက်စေ့လျှင် ကြွတော်မူကြကုန်၏။

ထို့နောက် အုတ်လက်သမား ငါးရာတို့တွင် တစ်ယောက်သော လက်သမားအား စေတီ၏သဏ္ဌာန်ကို အဘယ်သို့ပြုအံ့နည်းဟု မေးတော်မူ၏။ ထိုအခါ ဝိသုကြံနတ်သားသည် ထိုလက်သမား၌ ကပ်ပြီးလျှင် ရွှေခွက်၌ ရေထည့်၍ လက်ဖြင့် ခတ်သည်ရှိသော် ဖန်လုံးနှင့်တူသော ရေမြှုပ်ရေပွက်သည် ထ၏။ ထိုရေပွက်နှင့် သဏ္ဌာန်တူစွာ ပြုသင့်ပါသည်ဟု လျှောက်၏။ မင်းကြီးသည် လျှောက်တိုင်း ပြုစေ၏။

တစ်နေ့တစ်နေ့ လုပ်လောက်အောင်သော အုတ်တို့ကို ညဉ့်တိုင်းညဉ့်တိုင်း ပို့လာကုန်၏။ မင်းကြီးသည်လည်း စေတီတည်ရာ လေးမျက်နှာတို့၌ ခြောက်သောင်းသော အသပြာ၊ အထူးထူးသော စားဖွယ်သောက်ဖွယ် ပန်းနံ့သာစသည်တို့ကို ထားစေ၍ အလိုရှိသမျှ စားသောက်ကြ၍ ဤစေတီ၌ အမှုကိစ္စတို့ကို ပြုကြလေကုန်၊ လိုသမျှ အဖိုးငွေကိုလည်း ယူကြလေကုန်ဟု ကမ္ပည်းရေး၍ ထားစေတော်မူ၏။

ဤမှာ စေတီတည်ရာ အခဖြင့် ငှား၍ ပြုလုပ်ကြကုန်သော ယောကျ်ား၊ မိန်းမတို့သည် ကြည်ညိုသောစိတ်ဖြင့် လုပ်ဆောင်ကြကုန်သည်ဖြစ်၍ ဘဝလားသောအခါ နတ်ရွာသုဂတိသို့ ရောက်သောသူ များကုန်၏။ နှစ်ဦးသော သူဆင်းရဲမိန်းမတို့သည် အခဖြင့် ငှား၍ အုတ်သယ်ငြားသော်လည်း ကြည်ညိုသောစိတ်ဖြင့် အုတ်ကို သယ်ကုန်ကြသည်ဖြစ်၍ ထိုမိန်းမနှစ်ဦးတို့သည် စေတီပြီးစ ကာလက သေ၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြလေကုန်၏။

တန်ခိုးကြီးသော ရဟန္တာတို့သည် ပန်းရုံဆရာတို့သည် ပြုလုပ်အပ်သော ပန်းတင်ခုံ သုံးဆင့်ရောက်လျှင် နောင်သောအခါ ဤမဟာစေတီကြီးသည် အောက်သို့ မနစ်စေခြင်းငှာ စီတိုင်း စီတိုင်းသော အုတ်တို့သည် အထက်သို့

မတက်စေဘဲ အောက်ရစ်အတိုင်းသာ နစ်စေ၏။ ထို့နောက်မှ စီတိုင်း စီတိုင်းသော အုတ်တို့သည် မြင့်ကုန်၍ ပန်းတင်ခုံ ဆယ်ဆင့်ရောက်သော် အုတ်ပေါင်းတွက်ရေ ဆယ်ကုဋေ ရှိကုန်၏။ ထိုအခါ ရဟန္တာအရှင်မြတ်တို့သည် မင်းကြီးအား "မြတ်သောမင်းကြီး၊ ဤအရပ်၌ာနန္ဒ ဌာပနာတိုက်ကို ပြုသင့်ပြီ" ဟု ဆို၍ ယခင် သာမဏေတို့အား စေလွှတ်၏။

၎င်းသာမဏေနှစ်ပါးတို့သည် ဥတ္တရကုရုကျွန်းသို့သွား၍ အလျား၊ အနံ အတောင်ရှစ်ဆယ်၊ ထုတစ်တောင်ရှိသော ဆီအဆင်းရှိသော မေဒဝဏ္ဏအမည် ရှိသော ကျောက်ဖျာကြီး ခြောက်ချပ်တို့ကို ယူဆောင်ခဲ့၍ ယခင် ပန်းတင်ခုံပေါ်၌ တစ်ချပ်ကို ခင်းခြင်း၊ လေးချပ်ကို ထောင်ပြီးလျှင် တစ်ချပ်တို့ ပိတ်အုံ့သောငှာ အနီး၌ ထားလေ၏။

မင်းကြီးသည်လည်း ထိုဓာတ်တော်တိုက်၏ အလယ် ဣန္ဒနီလာ ကျောက် မြေထက်၌ ပင်စည် တစ်ဆယ့်ရှစ်တောင်၊ ခက်မငါးဖြာ တစ်ဆယ့်ရှစ်တောင်စီ ထွက်၍ ခက်ငယ်,ခက်သေးတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော ဗောဓိပင်ကို စိုက်၏။

ထိုဗောဓိပင်၏အမြစ်သည်ကား သန္တာနီအဆင်း၊ ပင်စည် အခက် အရွက် ငွေသား မြသား ရွက်ရင့်ရွက်လျော် အသီး ရွှေဖြင့် ပြီး၏။ ခက်မ ခက်သေး တို့၌ ရွှေဟင်္သာရုပ်၊ ပုလဲကွန်ရက်၊ ရွှေပန်းဆိုင်း၊ ငွေပန်းဆိုင်းတို့ကို ဆွဲထားကုန်၏။ ထိုဗောဓိပင်၏ အထက်၌ ပုလဲပန်းဆိုင်း၊ ပုလဲကွန်ရက်၊ ရွှေပန်းဆိုင်း၊ ရွှေကွန်ရက် တို့ဖြင့် ဆွဲအပ်သော ငွေမိတာန်ကို ကြက်၍ထားကုန်၏။ ထိုဗောဓိပင်၏ ထက်ဝန်းကျင်သော အရပ်၌ ရတနာခုနစ်ပါးဖြင့် ပြီးသော ပွတ်လုံး ပွတ်တိုင်ကို စိုက်၏။ ထိုပွတ်လုံး ပွတ်တိုင်တို့၏ အကြား အကြား၌ သျှိသျှားသီး ပမာဏ ရှိသော ပုလဲကို ခင်းထား၏။ ဗောဓိပင်ရင်း၌ ရတနာခုနစ်ပါးဖြင့် ပြီးသော ပန်းခိုင် ပန်းခက်ကို စိုက်လျက် နံ့သာရည်ဖြင့် ပြည့်သော ရွှေအိုးတို့ကို ထားကုန်၏။

ဗောဓိပင်၏ အရှေ့ဖြစ်သော ပလ္လင်ထက်၌ ပြိုးပြိုးပြက် တစ်ခဲနက် ထွန်းပ သော အရောင်ရှိသော ရွှေဖြင့်ပြီးသော ဆင်းတုတော်ကို ထား၏။ ထိုဆင်းဘု တော်၏ လက်သည်း၊ ခြေသည်း၊ မျက်လုံးတော်တို့၌ ဖန်ဖြင့် ပြီး၏။ လက်ဖဝါး၊ ခြေဖဝါး၊ နှုတ်ခမ်းတို့၌ သန္တာနီဖြင့် ပြီး၏။ မျက်မှောင်နှစ်ဘက် မျက်လုံးတော်၏ ညိုရာအရပ်တို့၌ ဣန္ဒနီလာဖြင့်ပြီး၏။ သွားတော် ၄၀-တို့၌ ဝရဇိန်ဖြင့် ပြီး၏။ ဥဏ္ဏာလုံမွေးရှင်တော်၌ ငွေဖြင့် ပြီး၏။

ဇောဓိပင်အနီး၌ ငွေထီးမိုးဟန် သဟမ္ပတိ ဗြဟ္မာရုပ်၊ ဝိဇယုတ္တရ ခရုသင်မှုတ်ဟန် သိကြားရုပ်၊ ဇေဠုဝဓောင်းကို တီးဟန် ပဉ္စသီခနတ်ရုပ်၊ နဂါးမကခြေသည်အပေါင်း ကဟန်နှင့်တကွ ကာလနဂါးရုပ်၊ ဂီရိမေခလာဆင်ကို စီးလျက် စစ်သည်နှင့် တကွသော မာရ်နတ်ရုပ်၊ အရှေ့မျက်နှာ၌ အုတ်ပလ္လင်နှင့် တကွသော ဆင်စွယ်ယပ်ကို ထား၏။

ဇောဓိပင်မှ အရှေ့မြောက်ဖြစ်သော အရပ်၌ တစ်ကုဋေ အဖိုးထိုက်သော အိပ်ရာခင်းနေရာ၌ မမိုတ်သောမျက်စိဖြင့် ပလ္လင်ကို ကြည့်ဟန်ထား၏။ အနိမိသနှင့် ပလ္လင်အကြား အရှေ့ အနောက် အလျာ အတောင် ၆၀–ရှိသော ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူဟန် ထား၏။ အနောက်မြောက်ထောင့်ဖြစ်သော ရတနာဃရရွှေအိမ်၌ အဘိဓမ္မာကို သုံးသပ်ဆင်ခြင်ဟန် ထား၏။ ဇောဓိပင်မှ အရှေ့ အဇပါလညောင်ပင်ရင်း၌ ဒိဋ္ဌမင်္ဂလိကပုဏ္ဏားအား တရားဟော၍ နေဟန်ကို ထား၏။ ဇောဓိပင်မှ အရှေ့တောင်ထောင့် မုစလိန္ဒာအိုင်၏အနီး ကျည်းပင်ကြီးရင်း၌ မုစလိန္ဒာနဂါးမင်း ခုနစ်ခွေရစ်၍ နေဟန်ထား၏။ ဇောဓိပင်မှ တောင်မျက်နှာ ရာဇာရတန လင်းလွန်းပင်ရင်း၌ ဝိမုတ္တိချမ်းသာကို ခံစား၍ နေဟန်ထား၏။ ထိုလင်းလွန်းပင်ရင်း၌ ခုနစ်ရက်စေ့၍ ဝါဆိုလဆန်း ငါးရက်၊ ဗုဒ္ဓဟူးနေ့၌ သိကြားမင်း လာ၍ သျှိသျှား၊ ကြံဖူး၊ ကွမ်းရိုး ဒန်ပူ၊ မျက်နှာသစ်ရေ လှူဟန်၊ တပုဿ၊ ဘလ္လိက ညီနောင်တို့ ပျားမုန့်ဆုပ်၊ မုန့်ကြွက်ကျစ်လှူဟန်၊ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက် ပဲနောက်အဆင်းရှိသော ကျောက်ညိုသပိတ်လှူဟန်၊ ထိုသပိတ်ဖြင့် ပျားမုန့်ဆွမ်းကို ခံဟန်ထား၏။

အဇပါလညောင်ပင်ရင်း၌ နေတော်မူသောအခါ သဟမ္ပတိဗြဟ္မာ တရားဟောစိမ့်သောငှာ တောင်းပန်ဟန်၊ ပဉ္စဝဂ္ဂီအား ဓမ္မစကြာတရား ဟောဟန်၊ ယသ အမျိုးရှိသော သူဌေးသား ငါးကျိပ်ငါးယောက်၊ တိံသဘဒ္ဒဝဂ္ဂီမင်းသား သုံးဆယ်ယောက်၊ ဥရုဝေလ စသော ရသေ့တစ်ထောင်တို့အား တရားဟော၍ ချွတ်ဟန်၊ ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရမင်းက ခရီးဦးကြိုဆိုဟန်၊ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူဟန်၊ ဝေဠုဝန်ကျောင်းတော်ကို အလှူခံဟန်၊ အသီတိမဟာသာဝကတို့ ခစားဟန်၊ ကပိလဝတ်ပြည်သို့ ကြွတော်မူဟန်၊ ရတနာစင်္ကြံကို ဖန်ဆင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူဟန်၊ သားတော် ရာဟုလာနှင့် ညီတော်နန္ဒမင်းသားကို ရဟန်းပြုဟန်၊ ဇေတဝန် ကျောင်းတော်ကို အလှူခံဟန်၊ ကဏ္ဍမ္ဗ အမည်ရှိသော သရက်ဖြူပင်ရင်း၌ ယမိုက်ပြာဋိဟာကို ပြတော်မူဟန်၊ တာဝတိံသာနတ်ပြည်၌

အဘိဓမ္မာတရားကို ဟောတော်မူဟန်၊ နတ်ပြည်မှ သက်တော်မူသောအခါ လောကဝိဝရဏ ပြာဋိဟာကို ပြတော်မူဟန်၊ အရှင်သာရိပုတ္တရာ၏ အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုတော်မူသောအခါ အစည်းအဝေးဖြစ်ဟန်၊ မဟာဝုန်တော်၌ မဟာသမယသုတ်ကို ဟောတော်မူဟန်၊ ရာဟုလော ဝါဒသုတ်, မင်္ဂလသုတ် ဟောတော်မူဟန်၊ နာဠာဂီရိဆင်၊ အာဠဝကဘီလူး၊ အင်္ဂုလိမာလတို့ကို ဆုံးမတော်မူဟန်၊ အာယုသင်္ခါရ လွှတ်တော်မူပါဟု မာရ်နတ် တောင်းပန်ဟန်၊ ဤတပို့တွဲ လပြည့်နေ့မှ စ၍ သုံးလမျှသာ သမာပတ်ကို ဝင်စားတော့အံ့၊ ထိုသုံးလကို လွန်၍ မဝင်စားပြီဟု အာယုသင်္ခါရ လွှတ်တော်မူဟန်၊ ဝက်သားပြွမ်းဆွမ်းနှင့် ပက္ကုသ၏ ပုဆိုးအစုံကို ခံတော်မူဟန်၊ ပရိနိဗ္ဗာန်ပြုတော်မူဟန်၊ နတ်,လူတို့ ငိုကြွေးဟန်၊ အရှင်မဟာကဿပ ခြေတော်စုံကို ရှိခိုးဟန်၊ မီးဖြင့် သင်္ဂြိုဟ်ဟန်၊ ဒေါဏပုဏ္ဏားကြီး ဓာတ်တော် ဝေဟန်၊ ငါးရာ့ငါးဆယ်ဇာတ်၊ ဝေဿန္တရာဇာတ်၊ ဤအလုံးစုံသော အခြင်းအရာတို့ကို အရုပ်ပြုလုပ်၍ ဓာတ်တော်တိုက်၌ ထားတော်မူ၏။

လေးမျက်နှာတို့၌ စတုမဟာရာဇ် နတ်မင်းကြီးတို့၏အရုပ်၊ သုံးကျိပ် သုံးယောက်သော သိကြားတို့၏အရုပ်၊ သုံးကျိပ်နှစ်ယောက်သော နတ်သမီးတို့၏ အရုပ်၊ နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့၏အရုပ်၊ လက်အုပ်ချီ၍နေဟန် နတ်ရုပ်၊ ပန်းနှင့်တကွ ရေပြည့်အိုး၊ နတ်သား, နတ်သမီးတို့၏ ကဟန်၊ တီးမှုတ်ဟန်၊ ပန်းခက်ကိုင်ဟန် စသော အရုပ်တို့ကို ထား၏။

ဣန္ဒဂုတ္တရဟန္တာနှင့်တကွ မင်းကြီးသည် ဓာတ်တော်တိုက်၌ အလုံးစုံသော ကိစ္စဟူသမျှတို့ကို စီမံ၍ပြီးလျှင် မင်းကြီးသည် အရှင်ဘုရားတို့၊ ဓာတ်တော် တိုက်ကား ပြီးပါပြီ၊ နက်ဖြန်ဝါဆိုလပြည့်နေ့ ဓာတ်တော်ဌာပနာလို၍ အရှင်မြတ် တို့သည် အားထုတ်တော်မူပါဟု လျှောက်၏။

သံဃာတော်တို့သည်လည်း ဓာတ်တော်ကို ဆောင်ယူအံ့သောငှာ သုဓ္ဓ ပရိဝုဏ်၌နေသော ဆဠဘိညဖြစ်သော သောနုတ္တရမထေရ်ကို စေ၏။ ၎င်းမထေရ် သည် အရှင်ဘုရားတို့၊ အဘယ်အရပ်မှာ ဓာတ်တော်ကို ယူဆောင်ရပါအံ့နည်းဟု လျှောက်၏။ ငါ့ရှင်သောနုတ္တရ၊ နဂါးပြည်၌ ကာလနဂါးမင်းသည် စေတီတည်၍ ကိုးကွယ် ပူဇော်အပ်သော တစ်စရွတ်သော ဓာတ်တော်ကို သီဟိုဠ်ကျွန်းသို့ ဆောင်ခဲ့လော့ဟု ဆို၍ စေလိုက်၏။

သောနုတ္တရမထေရ်သည်လည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် မြေကို ငုပ်၍ သွားလေ၏။ နဂါးပြည်သို့ ရောက်လျှင် ကာလနဂါးမင်းရှေ့၌ ထင်ရှားပြလေ၏။

ကာလနဂါးမင်းသည်လည်း အဘယ်အလို့ငှာ ကြွလာသနည်းဟု မေး၏။ သောနုတ္တရမထေရ်သည် ကာလနဂါးမင်း၊ မြတ်စွာဘုရားသည် မဟာစေတီ၌ ဌာပနာစိမ့်သောငှာ မိန့်မှာတော်မူခဲ့သော တစ်စရွတ်သော ဓာတ်တော်တို့သည် သင်နဂါးမင်းထံမှာ ရှိ၏။ ထိုရှိသော ဓာတ်တော်တို့ကို သီဟိုဠ်ကျွန်း၌ ရှိသော သံဃာတော်အပေါင်းက အတောင်းလွှတ်၍ ငါလာရသည်။ ထို့ကြောင့် ဓာတ်တော်တို့ကို ငါ့အား ပေးအပ်လော့ဟု ကာလနဂါးမင်းအား ဆို၏။

ထိုစကားကို နဂါးမင်းကြားလေသော် လွန်စွာနှလုံးမသာခြင်း ရှိသည်ဖြစ်၍ ဤသို့ အောက်မေ့၏။ ဤရဟန်းသည် တန်ခိုးလည်း ကြီးဟန်ရှိ၏။ ငါတို့ကိုလည်း အနိုင်အထက် နှိပ်စက်၍ ယူခြင်းငှာ စွမ်းနိုင်ရာ၏။ ထို့ကြောင့် ထိုတစ်စရွတ်သော ဓာတ်တော်တို့ကို တစ်ပါးသော အရပ်သို့ ပြောင်းရွှေ့ထားမှ သင့်မည်ဟု ကြံပြီးလျှင် မိမိ၏တူဖြစ်သော ဝါသုလဒတ္တအား တစ်ပါးသို့ ဆောင်စိမ့်သောငှာ အမှတ်ကို ပေး၏။

ဝါသုလဒတ္တလည်း ထိုအလိုကို သိ၍ ထိုစေတီ၌ရှိသော ဓာတ်တော်ကြုတ်ကို ယူ၍ မျိုပြီးလျှင် မြင်းမိုရ်တောင် ခြေရင်းသို့သွား၍ ယူဇနာသုံးရာ အလျားရှည်သော ကိုယ်ကို ဖန်ဆင်းပြီးလျှင် ယူဇနာတစ်ရာရှိသော အခွေထက်၌ ဦးခေါင်းကို တင်၍ အထောင်မကသော ပါးပျဉ်းတို့ကို ဖြန့်လျက် ကြောက်မက်ဖွယ်သော အခိုးအလျှံတို့ကို လွှတ်၍နေ၏။ မိမိမှတစ်ပါး များစွာသော နဂါးတို့ကိုလည်း မိမိနှင့် တူသော ကိုယ်ကို ဖန်ဆင်းစေလျက် ထက်ဝန်းကျင်မှ ခြံရံ၍ သဲပြင်၌ နေစေ၏။

ကာလနဂါးမင်းလည်း ဝါသုလဒတ္တသည် ဓာတ်တော်ကြုတ်ကို ယူဆောင်၍ သွားလေပြီဟု သိလေသော် အရှင်သောနုတ္တရ၊ ငါ့ထံ၌ ဓာတ်တော်မရှိဟု ဆို၏။

သောနုတ္တရမထေရ်ကလည်း ရာမရွာ၌ ကောလိယမင်းတို့သည် တစ်စရွတ်သော ဓာတ်တော်ကို ဌာပနာ၍ ကိုးကွယ်အပ်သော စေတီသည် သမုဒ္ဒရာရေတိုက်သဖြင့် ပျက်စီး၍ မျောသွားသော ဓာတ်တော်ကြုတ်ကို သင်နဂါးမင်းယူ၍ စေတီတည်ပြီးလျှင် ကိုးကွယ်တည်ထားသည် မဟုတ်လော၊ ထိုစေတီမှ ဓာတ်တော်တို့ကို ငါ့အား ယူ၍ ပေးအပ်လော့ဟု ဆို၏။

နဂါးမင်းသည် အရှင်ဘုရား၊ ဤစေတီအိမ်၌ ဓာတ်တော်ကိုမြင်မူ ယူတော်မူလော့ဟု ဆို၏။ သောနုတ္တရမထေရ်ကလည်း ကာလနဂါးမင်းအား ဓာတ်တော်ကို မြင်မူ ယူတော်မူလော့ ဟူသော စကားကို သုံးကြိမ်တိုင်တိုင် ဆိုစေပြီးမှ

ကောင်းပြီ နဂါးမင်း၊ ဓာတ်တော်မြင်မှု ငါယူအံ့ဟုဆို၍ ထိုအရပ်၌ပင် သိမ်မွေ့စွာသော လက်ကို ဖန်ဆင်း၍ မြင်းမိုရ်တောင် ခြေရင်း၌ နေသော ဝါသုလဒတ္တရှိရာသို့ သွားပြီးလျှင် ၎င်းဝါသုလဒတ္တ၏ ခံတွင်းသို့ လက်ဖြင့် သွင်း၍ ဝမ်းထဲ၌ရှိသော ဓာတ်တော်ကြုတ်ကို ယူပြီးလျှင် "နဂါးမင်း နေရစ်လော့၊ ငါသွားတော့အံ့"ဟု ဆို၍ မြေကို ငုပ်၍ သွားလေသော် မိမိ ပရိဝုဏ်တွင်းမှာ ပေါ်လာ၏။

ဝိသုကြံနတ်သားသည် ထိုပေါ်ရာအရပ်၏အနီး၌ ရတနာမဏ္ဍပ်ကို ဖန်ဆင်းပေး၏။ သိကြားမင်းသည်လည်း ထိုမဏ္ဍပ်အတွင်း၌ ရွှေပန်းတောင်းနှင့် တကွရတနာပလ္လင်ကို ထား၍ အရှင်သောနုတ္တရလက်မှ ဓာတ်တော်ကြုတ်ကို ယူပြီးလျှင် ထိုပလ္လင်ထက်၌ ရွှေပန်းတောင်းနှင့်တကွ ထား၏။ ထိုအခါ ဗြဟ္မာကြီးသည် ထီးဖြူကို မိုးကာ၍နေ၏။ သန္တုသိတနတ်သားသည် သားမြီးယပ်ကို ကိုင်၍နေ၏။ သုယာမနတ်သားသည် ပတ္တမြားယပ်ကို ကိုင်၍နေ၏။ သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကို ကိုင်၍ နေ၏။ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် သံလျက်ကို လက်စွဲ၍ နေ၏။ သုံးကျိပ်သုံးယောက်သော မဟိဒ္ဓိကနတ်သားတို့သည် ကသစ်ပန်းဖြင့် ပြည့်သော ပန်းအုပ်ကို လက်စွဲကုန်လျက် ထိုမှ ဤမှ ကြဲဖြန့်ကာ ပူဇော်ကြကုန်၏။ သုံးကျိပ်သုံးယောက်သော နတ်သမီးတို့သည် ဆီမီးတိုင်ကို ကိုင်လျက် တည်ကုန်၏။ နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့သည် မကောင်းသော နတ်တို့ကို စောင့်ရှောက်ကာ နေကုန်၏။

ပဉ္စသိခနတ်သားသည် လူ၊ နတ် ပရိသတ်တို့အား ရွှင်လန်းစိမ့်သောငှာ သာယာစွာသော သီချင်းကို သီလျက် စောင်းကို တီး၏။ ကြွင်းသော နတ်တို့သည် သီချင်းကို သီလျက် ရွှင်မြူးကြကုန်၏။ ကာလနဂါးမင်းသည်လည်း များစွာသော ပရိသတ်နှင့် တကွ ကခုန်မြူးတူးကာ ပူဇော်လာ၏။ နတ်၌ဖြစ်သော ပန်းနံ့သာမိုးတို့သည် ဖြိုးဖြိုးပြည့်မျှ ရွာကုန်၏။

ဩန္ဒဂုတ္တ မထေရ်သည် မာရ်နတ်၏ ရန်ကို တားမြစ်ခြင်းငှာ စကြဝဠာတိုက်နှင့် အပြည့် သံထီးကို ဖန်ဆင်းလျက် ဆောင်း၍ထား၏။ ရဟန္တာ အရှင်မြတ်တို့သည် ဓာတ်တော်ကို ခြံရံကုန်လျက် အပေါင်း၏ သရဇ္ဈာယ်ခြင်းကို ပြုကြကုန်၏။

ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း မဏ္ဍပ်တွင်းသို့ သွား၍ ဓာတ်တော် ပန်းတောင်းကို ယူပြီးလျှင် မိမိဦးခေါင်းဖြင့် ရွက်လျက် ရှိခိုးပူဇော်ပြီးမှ ပလ္လင်ပေါ်၌ထားမြဲထား ပြန်၏။ မင်းကြီးသည် အတိုင်းမသိသော ပီတိသောမနဿ ဖြစ်သည်

ရှိသော ဓာတ်တော်တို့ကို သီဟိုဠ်ကျွန်း၌ မင်း၏အဖြစ်ဖြင့် အဘိသိက်သွန် ၍ ထီးဖြူသုံးစင်းပူဇော်ပြီးလျှင် လူမင်း၏ထီး၊ နတ်မင်း၏ထီး၊ အရဟတ္တဖိုလ်တည် ဟူသော ထီး၊ ဤထီးသုံးစင်းကို ဆောင်တော်မူ၍ ဤသီဟိုဠ်ကျွန်း၌ မင်း၏ စည်းစိမ်ဖြင့် ကပ်လှူပူဇော်ပါ၏ ဟူ၍ သုံးကြိမ်တိုင်အောင် လှူဒါန်းပူဇော် တော်မူ၏။

ယင်းသို့ ပူဇော်ပြီးမှ မင်းကြီးသည် ဓာတ်တော်ပန်းတောင်းကို ယူ၍ မိမိ ဦးခေါင်းဖြင့် ရွက်ပြီးလျှင် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် မဟာစေတီကို လက်ယာရစ် သုံးပတ်လှည့်ပြီးလျှင် မဟာစေတီ၏ အရှေ့မျက်နှာဖြင့် တက်၍ ဓာတ်တော်တိုက်သို့ သက်၍ဝင်၏။

ထိုအခါ ကိုးဆယ့်ခြောက်ကုဋေ အရေအတွက် ရှိကုန်သော ရဟန္တာတို့သည် စေတီတော်ကို ရံလျက် လက်အုပ်ချီပြီးလျှင် ရပ်လျက်တည်ကြကုန်၏။ မင်းကြီး သည် အဖိုးအနဂ္ဃထိုက်သော နေရာထက်၌ထားအံ့ဟု ဦးခေါင်းထက်မှ ဓာတ်တော် ပန်းတောင်းကို ချမည်ကြံစည်သော ခဏ၌ ဓာတ်တော်ကြုတ်နှင့် တကွသော ရွှေပန်းတောင်းသည် မင်းကြီး၏ ဦးခေါင်းထက်မှ ထန်းခုနစ်ဆင့်မျှ တက်၍ ကောင်းကင်၌ တည်ပြီးသော် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကဲ့သို့ အသွင်တော်ကို ယူ၍ ဓာတ်တော်တို့သည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်ရင်း၌ ပြအပ်သော တန်ခိုးပြာဋိဟာနှင့် တူစွာ ခြောက်ဖြာသော ရောင်ခြည်တော်တို့ကို လွှတ်ပြီးမှ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ထိုသို့သော ပြာဋိဟာကို ဖူးမြင်ရကုန်သော နတ်၊ လူတို့သည် ရွှင်လန်း ဝမ်းသာ ကြည်ညိုစွာသောစိတ် ရှိကြကုန်သည်ဖြစ်၍ ၁၂-ကုဋေ၊ (ဝါ) ၉၂-ကုဋေ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ အောက်မဂ် အောက်ဖိုလ်သို့ ရောက်ကြသည်ကား မရေတွက်နိုင်ကုန်။

ဓာတ်တော်တို့သည်လည်း ဖန်ဆင်းအပ်သော ဘုရားအသွင်တော်ကို ကွယ်၍ ကြုတ်တွင်းသို့ဝင်ပြီးသော် ရတနာပန်းတောင်းနှင့်တကွ ကောင်းကင်မှ သက်ဆင်း၍ မင်းကြီး၏ ဦးခေါင်းထက်၌ တည်လာ၏။ ထိုတည်လာသော ဓာတ်တော်ပန်းတောင်းကို ရတနာ ပလ္လင်ထက်၌ တင်၍ ထိုပလ္လင်ထက်၌ ခင်းထားအပ်သော အခင်းထက်၌ တင်၍ ထား၏။

မင်းကြီးသည် ဓာတ်တော်ကြုတ်ကို ဖွင့်၍ နံ့သာရေ နံ့သာမှုန့်တို့ဖြင့် သွန်းဖျန်းပက်ပြီးလျှင် ဤသို့ ဓိဋ္ဌာန်၏။ အရှင်ဘုရားကိုယ်တော်မြတ်သည်

တစ်စုံတစ်ယောက်သောသူတို့ နှောင့်ယှက်ခြင်းမရှိဘဲ လူ နတ်တို့၏ ကိုးကွယ်ရာ ဖြစ်၍ ဤနေရာ၌ တည်သည်ဖြစ်အံ့။ ဤခြင်းထားအပ်သော နေရာထက်၌ လျောင်းစက်ကာ တည်ပါစေသတည်းဟု မနောဓိဋ္ဌာန်ပြုသောခဏ၌ ဓာတ်တော်တို့သည် သက်တော်ထင်ရှားရှိသော ဘုရားသခင်ကဲ့သို့ အိပ်ရာအခင်းထက်၌ လျောင်းစက်တော်မူလေ၏။ ထိုသို့လျောင်းစက်သည်နှင့် တစ်ပြိုင်နက် ပြင်းစွာ မြေလှုပ်ခြင်း၊ တန်ခိုးပြာဋိဟာပြခြင်းတို့သည် ဖြစ်လာကုန်၏။

သာသနာတော် ၃၇၃–ခုနှစ်၊ ဝါဆိုလဆန်း ပဏ္ဍပန္နရသီ ဥပုသ်နေ့ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်သော နေ့တွင် ဓာတ်တော်ကို ဌာပနာ၍ အပြီးအဆုံးသို့ ရောက်၏။

မင်းကြီးသည်လည်း အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ကိုယ်တွင် ဆင်ဝတ်သော ဖောင်း၊ နားတောင်း စသော အဝတ်တန်ဆာတို့ဖြင့် ပူဇော်၏။ မိဖုရား၊ ကချေသည်၊ မောင်းမ၊ အမတ်ပရိသတ်တို့သည်လည်း ဆင်ဝတ်သော အဝတ်တန်ဆာတို့ဖြင့် ပူဇော်ကြကုန်၏။

မင်းကြီးသည်လည်း ထိုနေ့မှစ၍ ခုနစ်ရက်တိုင်အောင် ပြည်သူပြည်သားတို့အား ဓာတ်တော်တို့ကို ရှိခိုးပူဇော်စေကုန်၏။ ခုနစ်ရက်စေ့သောအခါ မင်းကြီးသည် သင်္ဃာတော်တို့အား အရှင်ဘုရားတို့၊ ဓာတ်တော်တိုက်ကို ပိတ်တော်မူပါဟု လျှောက်၏။ ထိုအခါ သင်္ဃာတော်တို့ကလည်း ဥတ္တရသာမဏေနှင့် သုမနသာမဏေနှစ်ပါးတို့ကို ပိတ်စေ၏။ ၎င်းဌာပနာတိုက်၏ အနီး၌ ဌာပနာတိုက်ငယ် တစ်ခုကို ပြုလုပ်စေ၍ ပြည်သူပြည်သားတို့အား ဌာပနာစေ၏။ ယင်းသို့ ဌာပနာတိုက် နှစ်ဆင့်ပြီးမှ နတ်တို့ ဖန်ဆင်း၍ ပေးအပ်သော အုတ်တို့ဖြင့် မွမ်းမံလျက် မဟာစေတီကို အုတ်ရိုးဖြင့် အပြီးသတ်တော်မူ၏။

မင်းကြီးသည် အင်္ဂတေ ထေး၍ မပြီးမီ မင်းစည်းစိမ် (၂၄) နှစ်တွင် အနိစ္စရောက်၍ တုသိတာနတ်ပြည်သို့ ရောက်လေ၏။

မဟိယင်္ဂဏစေတီ၌ကား မြတ်စွာဘုရားသခင်သည် သုမနနတ်မင်းအား ကိုးကွယ်ရန် ပေးအပ်တော်မူသော ဆံတော်ဓာတ်တစ်ဆူ၊ တေဇောဓာတ် လောင်ရာ၌ အရှင်သာရိပုတ္တရာ၏ တပည့် သရဘူအမည်ရှိသော မထေရ်သည် မိမိတန်ခိုးဖြင့် ထင်းပုံထက်မှ ယူဆောင်အပ်သော လည်ချောင်းရိုးတော်တစ်ဆူ၊ ပေါင်းနှစ်ဆူ ဌာပနာ၏။

# အသက်ရှည်ခြင်းခြောက်ပါး

နားရှည်လူမျိုး၏ သားဖြစ်သော မင်းခစားယောကျာ်း ဝသဘသည် ဒတ္တ အမည်ရှိသော တံခါးမှူးမှ မင်းအဖြစ်သို့ရောက်သော ဒတ္တ, သုဘနှစ်မည်ရသော မင်းကို သတ်၍ မင်းပြု၏။

ဝသဘသည် မင်းအဖြစ်သို့ ရောက်သောအခါ ပညာရှိဟူးရားတို့အား အကျွန်ုပ်သည် ဘယ်မျှလောက် မင်းပြုရပါအံ့နည်းဟု မေးတော်မူသောအခါ ဟူးရားတို့သည် ၁၂–နှစ် မင်းပြုရပါလိမ့်မည်ဟု ဟော၏။

ထို့နောက် ဝသဘမင်းသည် ရဟန္တာအရှင်မြတ်တို့အား အရှင်ဘုရားတို့၊ အသက်ရှည်ခြင်းအကြောင်း ကောင်းမှုရှိပါသလောဟု လျှောက်၏။ ရဟန္တာအရှင်မြတ်တို့သည် ဤသို့မိန့်တော်မူ၏။

မနုဇာဓိပ လူတို့ကို အစိုးရသော ဝသဘမင်းကြီး၊ ပရိဿာဝနဒါနဥ္စ၊ ရေစစ်အလှူကိုလည်းကောင်း။ အာဝါသဒါနဥ္စ၊ ကျောင်းကန်နေရာအလှူကိုလည်းကောင်း။ ဂိလာနဝတ္တုဒါနဥ္စ၊ နာသော ရဟန်းတို့အား ယာဂုဝတ်, ဆေးဝတ် အလှူကိုလည်းကောင်း။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ တထာ၊ ထိုမှတစ်ပါး။ ဇိဏ္ဏကာဝါသ ပဋိသင်္ခရနဥ္စ၊ ဟောင်းနွမ်းဆွေးမြည့်သော ကျောင်းကန်နေရာကို မွမ်းမံပြုပြင်ခြင်းကိုလည်းကောင်း။ ကာရေယျ၊ ပြုပြင်ရာ၏။ ပဉ္စသီလသမာဒါန သာဓုရက္ခိတံ၊ ပဉ္စသီလကို ကောင်းစွာ ဆောက်တည် စောင့်ရှောက်ခြင်းကိုလည်းကောင်း။ ဥပေါသထဝါသောစ၊ ဥပုသ်နေ့၌ ဥပုသ် ဆောက်တည်ခြင်းကိုလည်းကောင်း။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတိဣမေဓမ္မာ၊ ဤကောင်းမှု တရား ခြောက်ပါးတို့သည်။ အာယုဝဍ္ဎကာ၊ အသက်ကို ပွားစေ ရှည်စေတတ်ကုန်၏။ ဘဂဝါပိ၊ မြတ်စွာဘုရားသည်လည်း။ ကောသလရညော၊ ကောသလမင်းကြီးအား။ ကာရေသိ၊ ပြုစေတော်မူ၏၊၊ (ဝါ) ဟောကြားတော်မူ၏။

ဝသဘမင်းသည် ရဟန္တာအရှင်မြတ်တို့ ဟောတော်မူတိုင်း ကုသိုလ်ကောင်းမှုတို့ကို အကုန်ပြု၏။ ထိုသို့ပြုသောကြောင့် မကောင်းသော အန္တရာယ်တို့သည် စဉ်းငယ်မျှမရှိဘဲ ၄၄–နှစ် မင်းပြုတော်မူရ၏။

## နံ့သာကျောင်းနှင့်ပါဒစေတီ

သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာ၏အနီး သစ္စဗန္ဓတောင်ထိပ်၌ ရသေ့တောင်းပန်၍ ချထားခဲ့သော လက်ဝဲပါဒစေတီတော်တစ်ဆူ၊ နမ္မဒါမြစ်ကမ်းပါး၌ နဂါး တောင်းပန်၍ ချထားခဲ့သော လက်ဝဲပါဒစေတီတော်တစ်ဆူ၊ ဤနှစ်ဆူသော ပါဒစေတီတော်၏ အကြောင်းကို ပြဆိုဦးအံ့။

မြတ်စွာဘုရား စက်တော်ရာနှစ်ဆူ ချခြင်းအကြောင်းကို ပြောဆိုကြသည်မှာ သစ္စဗန္ဓ မုဆိုး တောင်းပန်၍ ချထားတော်မူခဲ့သည်။ အချို့ကလည်း သစ္စဗန္ဓ ရသေ့တောင်းပန်၍ ချထားတော်မူခဲ့သည်ဟု ပြောဆိုကြသော စကားနှစ်ရပ်တွင် ကျမ်းဂန်တို့၌ကား "မုဆိုး" ဟူ၍မလာ မဆို၊ "ရသေ့" ဟူ၍သာ ဆိုသည်။

ထိုစကားနှစ်ရပ်တွင် မုဆိုးဟူ၍ ပြောဆိုကြသည်မှာ စက်တော်ရာ ပျို့နှစ်စောင်က မုဆိုးဟူ၍ ဆိုသည်။ ထိုမုဆိုးသည် သာမည မုဆိုးမဟုတ်။ တစ်နေ့တစ်နေ့လျှင် ဖောက်သည် ကိုးကျိပ်ကိုးယောက်တို့ကို ရောင်းလောက်အောင် သားသမင်တို့ကို ပစ်သတ်နိုင်သော မုဆိုးကြီးဟု ပျို့နှစ်စောင်က ဆိုသည်။ ဤပျို့နှစ်စောင်ကို အမှီပြု၍ မုဆိုးတောင်းပန်သည်ဟူ၍ ပြောဆိုကြလေသည်။

သင္ဂါယတနသံယုတ် အဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ စသော ကျမ်းဂန်တို့၌လာသော စကားအစဉ်သည်ကား—

သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာ၌ ယခုအခါ လယ်ကိုင်းကျောင်းတော်ရာရွာသည်ပင် ရှေးအခါက ဝါဏိဇ္ဇဂါမရွာဖြစ်သည်။ ပေါက္ကံ နော်ရထာမင်းလက်ထက် ဤလယ်ကိုင်းကျောင်းတော်ရာ အရပ်သည်ပင် ဝါဏိဇ္ဇဂါမရွာဖြစ်၍ စန္ဒကူးကျောင်းတော်ရာလည်း ဤအရပ်ပင် ဖြစ်သည်ဟု ရှင်အရဟံ မိန့်တော်မူသောကြောင့် ဂန္ဓာရုံကျောင်းရာ၌ စေတီတော်ကို တည်ထားခဲ့သည်ဟု သမိုင်းကျောက်စာတို့၌ ဆိုသည်။

ထိုသုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမရွာ သုပ္ပါဒက သင်္ဘောဆိပ်၌ နေသော သုပ္ပါဒကသင်္ဘောသူကြီး၏ သားဖြစ်သော ကုန်သည်ညီနောင် နှစ်ယောက်တို့သည် ထိုထိုမြို့ရွာ နိဂုံးဇနပုဒ်တို့ကို အစ်ကိုတစ်လှည့် ညီတစ်လှည့် လှည်းငါးရာတို့ဖြင့် ကုန်ရောင်း၊ ကုန်ဝယ်ခြင်းကို ပြု၍ အသက်မွေးကြကုန်၏။

အခါတစ်ပါး အစ်ကိုဖြစ်သော နောင်တော်မဟာပုဏ်သည် ညီကို ထားခဲ့၍ လှည်းငါးရာတို့ဖြင့် အစဉ်သဖြင့် ကုန်ရောင်းသွားလေသော် ယူဇနာ သုံးရာကွာဝေးသော မဇ္ဈိမဒေသတိုက်၊ ကောသလတိုင်း၊ သာဝတ္ထိပြည်သို့ ရောက်လေ၏။

ဇေတဝန်ကျောင်းတော်၏အနီး၌ လှည်းဝိုင်းချ၍ နေသောအခါ သာဝတ္ထိ ပြည်သူ ပြည်သားတို့သည် ပန်း,နံ့သာ စသော လှူဖွယ်ဝတ္ထုတို့ကို ယူဆောင်ကြ ကုန်လျက် တရားတော်ကို နာအံ့သောငှာ တောင်တံခါးမှ ထွက်၍ ဇေတဝန်ကျောင်း တော်သို့ သွားကြသည်ကို မဟာပုဏ်မြင်လျှင် ဤသို့မေး၏။

အမောင်တို့၊ သင်တို့သည် အဘယ်အရပ်သို့ သွားကြကုန်သနည်းဟု မေးလေ၏။ လူတို့ကလည်း ဤသို့ဆို၏။ အမောင်ယောကျ်ား လှည်းသမား၊ လောကသုံးပါး၌ တုဘက်ကင်းကွာ ဘုရားတည်းဟူသော ရတနာ ထင်ရှား ဖြစ်တော်မူသည်ကို အမောင်တို့ နားမကြား မသိပါသလော။ ယခု ငါတို့မူကား မြတ်စွာဘုရားထံသို့ တရားတော်နာ ပန်း,နံ့သာ စသည်ကို လှူဒါန်းခြင်းငှာ သွားကြကုန်သည်။ သင်တို့မူကား တရားတော်နာ လိုက်ခဲ့ပါလော့ဟု ပြောဆို၍ ခေါ်ကြကုန်၏။

ထိုအခါ မဟာပုဏ်သည် ပြည်သူပြည်သားတို့ ပြောဆိုကြသော ဘုရားတည်း ဟူသော အသံကို ကြားရသည်နှင့်တကွ အရေ၊ အသား၊ အကြော၊ ရိုးတွင်းခြင်ဆီ ထိအောင် ခန္ဓာအစဉ်သို့ သက်ဝင်၍ ပီတိ သောမနဿဖြစ်၍ တည်လေ၏။ မဟာပုဏ်လည်း မိမိ ပရိသတ်နှင့်တကွ လိုက်၍ တရားတော်ကို နာရလျှင် ရဟန်းပြုလိုသောစိတ် ရှိ၍ တရားဟောပြီးသော အဆုံး၌ မြတ်စွာဘုရားအား ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာ ရှိခိုးပြီးသော် ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်သား သံဃာငါးရာနှင့် တကွ အကျွန်ုပ် လှည်းဝိုင်းသို့ ကြွတော်မူ၍ နက်ဖြန်နံနက် ဆွမ်းအလှူကို ခံတော်မူပါ ဘုရား" ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်သည်လည်း ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။

မဟာပုဏ္ဏလည်း လှည်းဝိုင်းသို့ ပြန်ခဲ့၍ ကောင်းမြတ်သော ဆွမ်းဘောဇဉ်ကို စီရင်လေ၏။ နံနက်မိုးသောက် ရောက်လတ်သောအခါ ဘုရားအမှူး ရှိသော သံဃာတော်မြတ်တို့အား ဆွမ်းလုပ်ကျွေးလှူဒါန်းပြီးလျှင် လက်ထောက်ဖြစ်သော ကုန်သည်ကြီးကို ခေါ်၍ "အချင်းကုန်သည်ကြီး၊ ဤလှည်းငါးရာနှင့် တကွသော ကုန်စည်ဘဏ္ဍာဥစ္စာများကို သင် ယူဆောင်ပြန်သွား၍ ငါ့ညီအား ပေးအပ်ပါလော့၊ ငါမူကား ရဟန်းပြုတော့အံ့" ဟု မှာထားပေးအပ်ပြီးလျှင် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအထံ၌ ရဟန်းပြုလေ၏။

ရဟန်းပြုပြီးလျှင် ကမ္မဋ္ဌာန်းကို မနသိကာရပြု၍ ဆင်ခြင်သော်လည်း မထင်မမြင်နိုင်ရှိခဲ့သော် ငါသည် ဤအရပ်၌နေ၍ သပ္ပါယမဖြစ်။ မြတ်စွာဘုရား အထံ၌ ကမ္မဋ္ဌာန်းတရားကို ယူ၍ ငါတို့တိုင်းပြည် သုနာပရန္တ တိုင်း ဝါဏိဇ္ဇဂါမ သို့ ပြန်အံ့ဟု အကြံရှိ၍ မြတ်စွာဘုရားအထံသို့ ကပ်ပြီးလျှင် ဤသို့ နားတော် လျှောက်၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်အား အကျဉ်း အမြွက်မျှဖြစ်သော ကမ္မဋ္ဌာန်းတရားတော်ကို ဟောကြားတော်မူပါ။ ထိုအကျဉ်း မျှသော ကမ္မဋ္ဌာန်းတရားတော်ကို နာခံမှတ်သား၍ သတိ၊ ပညာ၊ သဒ္ဓါ၊ ဝီရိယနှင့် တကွ ခြိုးခြံသော အကျင့်ကို ကျင့်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ကို ဖြစ်စေ၍ နေပါကုန်အံ့ ပြန်လိုပါသည်ဟု နားတော်လျှောက်၏။

ထိုသို့လျှောက်သောအခါ မြတ်စွာဘုရားသခင်သည်—

သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇ္ဇနီယာ၊ တဉ္စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ (သံ—၂။ ၂၈၅။)

စသည်ဖြင့် အကျဉ်းသခေ်ပကို ပြ၍ မဟာပုဏ္ဏ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော၊ အလိုရှိအပ်ကုန်သော၊ နှစ်လိုအပ်ကုန်သော၊ နှလုံးကို ပွားစေအပ်ကုန်သော၊ ချစ်အပ်ကုန်သော၊ ကာမကိုမှီ၍ ဖြစ်ကုန်သော၊ တပ်နှစ်သက်အပ်ကုန်သော၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့သည် ရှိကုန်၏။ ဤ အာရုံခြောက်ပါးတို့နှင့် နှစ်လိုခြင်းကို ပယ်ဘိလော၊ ပယ်ခြင်းကြောင့် နန္ဒီရာဂ သည် ချုပ်၏။ ထိုနန္ဒီရာဂ၏ ချုပ်ခြင်းကြောင့် ဒုက္ခသည် ချုပ်၏ဟု ဟောတော် မူပြီးလျှင်—

ပုဏ္ဏ၊ သင်သည် အဘယ်အရပ်၌ နေအံ့နည်းဟု မေးတော်မူလျှင် သုနာ ပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမဇနပုဒ်၌ နေပါအံ့ဟု နားတော်လျှောက်၏။

ပုဏ္ဏ၊ သုနာပရန္တတိုင်းသားတို့သည် ကြမ်းတမ်းခက်ထန် မျက်မာန်ဒေါသ ကြီးကုန်၏။ ထိုတိုင်းသားတို့သည် သင့်အား ဆဲရေးကုန်အံ့၊ သင် အသို့အောက်မေ့ အံ့နည်းဟု မေးတော်မူသောအခါ ဤသို့ လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကယ်၍ ဆဲရေးခြင်းကိုပြုခဲ့သော် ဤသုနာပရန္တတိုင်းသားတို့သည် ငါ့အား ဆဲရေးခြင်းကိုသာ ပြုပေသည်။ ဘေးကိုပြု၍ ခြိမ်းခြောက်ခြင်းကို မပြု

ပေသေး၊ ကောင်းပေစွတကားဟု အောက်မေ့ပါမည် ဘုရား" ဟု နားတော် လျှောက်၏။

ပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် အကယ်၍ ဘေးကိုပြု၍ ခြိမ်းခြောက်ခြင်းကို ပြုခဲ့သော် သင် အသို့အောက်မေ့အံ့နည်းဟု မေးတော်မူသောအခါ ဤသို့ လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကယ်၍ ဘေးကို ပြု၍ ခြိမ်းခြောက်ခြင်းကို ပြုခဲ့သော် ဤသုနာပရန္တ တိုင်းသားတို့သည် ငါ့အား ဘေးကို ပြု၍ ခြိမ်းခြောက်ခြင်းကိုသာ ပြုပေသည်။ လက်,ခြေတို့ဖြင့် ပုတ်ခတ်ခြင်းကို မပြုပေသေး၊ ကောင်းပေစွတကားဟု အောက်မေ့ပါမည် ဘုရား"ဟု နားတော်လျှောက်၏။

ပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် အကယ်၍ လက်, ခြေတို့ဖြင့် ပုတ်ခတ်ခြင်းကို ပြုခဲ့သော် သင် အသို့အောက်မေ့အံ့နည်းဟု မေးတော်မူသောအခါ ဤသို့လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကယ်၍ လက်, ခြေတို့ဖြင့် ပုတ်ခတ်ခြင်းကို ပြုခဲ့သော် ဤသုနာပရန္တ တိုင်းသားတို့သည် ငါ့အား လက်,ခြေတို့ဖြင့် ပုတ်ခတ်ခြင်းကိုသာ ပြုပေသည်။ အုတ်, ကျောက်ခဲတို့ဖြင့် ပစ်ခတ်ခြင်းကို မပြုပေသေး၊ ကောင်းပေစွတကားဟု အောက်မေ့ပါမည် ဘုရား"ဟု နားတော်လျှောက်၏။

ပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် အကယ်၍ အုတ်, ကျောက်ခဲတို့ဖြင့် ပစ်ခတ်ခြင်းကို ပြုခဲ့သော် သင် အသို့အောက်မေ့အံ့နည်းဟု မေးတော်မူသောအခါ ဤသို့ လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကယ်၍ အုတ်, ကျောက်ခဲတို့ဖြင့် ပစ်ခတ်ခြင်းကို ပြုခဲ့သော် ဤသုနာပရန္တ တိုင်းသားတို့သည် ငါ့အား အုတ်, ကျောက်ခဲတို့ဖြင့် ပစ်ခတ်ခြင်းကိုသာ ပြုပေသည်။ တုတ်, လှံကန်တို့ဖြင့် ရိုက်ပုတ်ခြင်းကို မပြုပေသေး၊ ကောင်းပေစွတကားဟု အောက်မေ့ပါမည် ဘုရား" ဟု နားတော်လျှောက်၏။

ပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် အကယ်၍ တုတ်, လှံကန်တို့ဖြင့် ရိုက်ပုတ်ခြင်းကို ပြုခဲ့သော် သင် အသို့အောက်မေ့အံ့နည်းဟု မေးတော်မူသောအခါ ဤသို့ လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကယ်၍ တုတ်, လှံကန်တို့ဖြင့် ရိုက်ပုတ်ခြင်းကို ပြုခဲ့သော် ဤသုနာပရန္တ တိုင်းသားတို့သည် ငါ့အား တုတ်, လှံကန်တို့ဖြင့် ရိုက်ပုတ်ခြင်းကိုသာ ပြုပေသည်။ ဓားလက်နက်တို့ဖြင့် ထိုးခုတ်ခြင်းကို မပြုပေသေး၊ ကောင်းပေစွတကားဟု အောက်မေ့ပါမည် ဘုရား" ဟု နားတော်လျှောက်၏။

ပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် အကယ်၍ ခဲလက်နက်တို့ဖြင့် ထိုးခုတ်ခြင်းကို ပြုခဲ့သော် သင် အသို့အောက်မေ့အံ့နည်းဟု မေးတော်မူသော အခါ ဤသို့ လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကယ်၍ ခဲ လက်နက်တို့ဖြင့် ထိုးခုတ်ခြင်းကို ပြုခဲ့သော် ဤသုနာပရန္တ တိုင်းသားတို့သည် ငါ့အား ခဲလက်နက်တို့ဖြင့် ထိုးခုတ်ခြင်းကိုသာ ပြုပေသည်။ ထက်စွာသော သံလျက်ဖြင့် ဇီဝိတိန္ဒြေကို မချပေသေး၊ ကောင်းပေစွတကားဟု အောက်မေ့ပါမည် ဘုရား" ဟု နားတော်လျှောက်၏။

ပုဏ္ဏ၊ သုနာပရန္တ တိုင်းသားတို့သည် အကယ်၍ ထက်စွာသော ခဲလက်နက်၊ သံလျက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချခဲ့သော် သင် အသို့ အောက်မေ့အံ့နည်းဟု မေးတော်မူသောအခါ ဤသို့လျှောက်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကယ်၍ ထက်စွာသော ခဲလက်နက်၊ သံလျက်တို့ဖြင့် ဇီဝိတိန္ဒြေကို ချခဲ့သော် မြတ်စွာဘုရား တပည့်သားတော်တို့သည် အသုဘသညာဖြင့် မိမိကိုယ်၌လည်း ကောင်း၊ မိမိ၏ အသက်၌လည်းကောင်း၊ အလွန်ငြီးငွေ့ စက်ဆုပ်ရွံရှာကုန်သည် ဖြစ်၍ အသက်ကို ဆောင်တတ်သော ထက်စွာသော ခဲလက်နက်၊ သံလျက်ကို ရှာယူလျက် သူတစ်ပါးတို့အား ပစ္စည်းပရိက္ခရာကို ပေး၍ပင် ချစေရသေးသည်။ ငါ့မှာမူကား ဤသို့ အသက်ကို ဆောင်တတ်သော ထက်စွာသော ခဲလက်နက်၊ သံလျက်ကိုလည်း မရှာရ၊ ပစ္စည်း ပရိက္ခရာကိုလည်း မပေးရ၊ သက်သက်ပင် ဇီဝိတိန္ဒြေကို ချလာပေသည်။ ဤသုနာပရန္တ တိုင်းသားတို့သည် ကောင်းပေစွ တကားဟု အောက်မေ့ပါမည် ဘုရား" ဟု နားတော်လျှောက်၏။

ဤသို့ မဟာပုဏ္ဏသည် မေးတော်မူသမျှကို ခန္တီပရမဂုဏ်၌ တည်၍ သီဟနာဒ အစွမ်းဖြင့် မကြောက်မရွံ့ ဖြေဆိုလေလျှင် မြတ်စွာဘုရားသခင်သည် သာဓု-သာဓု ဟု ကောင်းချီးပေးတော်မူ၍ ဤသို့မိန့်တော်မူ၏။

ပုဏ္ဏ၊ ဤသို့သော စိတ်နှလုံးကို ထိန်းသိမ်းစောင့်စည်းခြင်းနှင့် ပြည့်စုံသော သင်သည် သုနာပရန္တ တိုင်း၌ နေခြင်းငှာ တတ်စွမ်းနိုင်လတ္တံ့၊ သွားလေတော့ဟု ခွင့်ပြုတော်မူ၏။ (သံ-၂၊ ၂၈၅-၆။)

ထိုအခါ မဟာပုဏ္ဏသည် မြတ်စွာဘုရားအား လက်ယာရစ် သုံးပတ်လှည့်၍ ရှိခိုးပြီးလျှင် သာဝတ္ထိပြည်မှ ယူဇနာသုံးရာ ကွာဝေးသော သုနာပရန္တ တိုင်း၊ ဝါဏိဇဂါမရွာသို့ ကြွတော်မူခဲ့၍ အပ္ပဟတ္ထတောင်၌ ရှေးဦးစွာ နေတော်မူ၏။

၎င်းတောင်သည် ယခုအခါ စကုမြို့ရှေ့၊ ရွှေမြင်တင် အထက်ကျောင်းဘုရား တည်သော တောင်ပင်တည်း။

(စကုရှေ့တွင်၊ ရွှေမြင်တင်၊ ရှေးပင် အပ္ပဟတ္ထ။)

နံ့နက်မိုးသောက်လျှင် ဝါဏိဇ္ဇဂါမရွာသို့ ဆွမ်းခံဝင်တော်မူသောအခါ ညီ စူဠပုဏ်သည် မဟာပုဏ်ကို မြင်သဖြင့် မိမိအိမ်သို့ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် အရှင်မြတ်သည် ဤအရပ်၌နေတော်မူပါဟု လျှောက်ထားတောင်းပန်သောအခါ မဟာပုဏ်သည် ထိုအပ္ပဟတ္ထတောင်မှသည် သမုဒ္ဒဂိရိကျောင်းသို့ ကြွ၍ နေတော်မူ၏။

၎င်းကျောင်းသည် ယခုအခါ မင်းဘူးမြို့ အနောက်မြောက်တွင် ဘုရားကြီး ရှိ၏။ ထိုဘုရားမှ စဉ်းငယ်ယွန်းတွင် အောက်ကျောင်းဘုရားဟု သမုတ်အပ်သော တောင်ပင်တည်း။

(မင်းဘူးမြောက်မှာ၊ ငါးရာကွာ၊ ဝေါဟာ သမုဒ္ဒ။)

ထိုသမုဒ္ဒဂိရိမှသည် ကျေးငှက်တို့ဖြင့် ပြွမ်းသော မာတုလာဂိရိအရပ်သို့ ကြွ၍ နေတော်မူ၏။ ၎င်းအရပ်သည် ယခုအခါ စကုမြို့ရာပင်တည်း။ ၎င်းအရပ် ကိုပင် စကုမြို့ရှေ့ ထီးကြီးဘုရားတည်ရာ အရပ်ဟူ၍လည်းကောင်း၊ ပန်းလွှား မြောက် နှစ်တိုင်ခွဲကွာသော အရပ်ဟူ၍လည်းကောင်း စာဟောင်းတို့၌ သုံးမျိုးဆို၏။

ထိုမာတုလာဂိရိမှသည် ဝါဏိဇ္ဇဂါမရွာနှင့် မနီးလွန်း မဝေးလွန်းသော မကုလာရာမကျောင်း၌ နေတော်မူ၏။ ၎င်းအရပ်သည် ယခုအခါ ကျောင်းတော်ရာ စေတီတော်တောင် စေတီနှင့်တကွ ယခု တောကျောင်းကုန်းခေါ်သော အရပ် ပင်တည်း။

(တောကျောင်းတော်ရာ၊ ငါးရာကွာ၊ ရှေးအခါ မကုလ၊)

ထိုကျောင်း၌ ဝါကပ်တော်မူ၍ ထိုဝါတွင်းပင် ရဟန္တာအဖြစ်သို့ ရောက်တော် မူလေ၏။

ထိုဝါတွင်းပင် ညီ စူဠပုဏ်နှင့် တကွသော ဝါဏိဇ္ဇဂါမရွာသားဖြစ်သော ငါးရာသော ကုန်သည်တို့သည် သမုဒ္ဒရာသို့ ကူး၍ ထိုထိုမြို့ရွာသို့ ကုန်ရောင်း သွားအံ့သောငှာ ဥစ္စာဘဏ္ဍာတို့ကို သင်္ဘောထက်သို့ တင်ကြကုန်၏။ စူဠပုဏ်သည် သင်္ဘောထွက်အံ့သော နေ့၌ နောင်တော် မဟာပုဏ်အား ဆွမ်းလုပ်ကျွေးခြင်း၊ သရဏဂုံ ပဉ္စသီ ခံယူဆောက်တည်ခြင်းကို ပြုပြီးလျှင် ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ ကျွန်ုပ်တို့သည် သမုဒ္ဒရာခရီးဖြင့် ယခုနေ့ပင် ကုန်ရောင်းသွားလိုပါသည်။ သမုဒ္ဒရာဟူသည်ကား များသော ဘေးရန်ရှိသည်ဖြစ်၍ အကြောင်းရှိလျှင် ကြည့်ရှု စောင်မတော်မူပါ" ဟု လျှောက်ထားခဲ့၍ ထိုနေ့ပင် သုပ္ပါရကဆိပ်၊ ဝါဏိဇ္ဇဂါမရွာမှ သင်္ဘောထွက်၏။

သုပ္ပါရကဆိပ်ဟူသည်ကား ယခုအခါ ကျောင်းတော်ရာ စေတီတော်၏ ရှေ့၊ ယခု သစ်တော်ရွာပင်တည်း။

(ရှေ့ကျောင်းတော်ရာ၊ သစ်တော်ရွာ၊ ဆိပ်သာ သုပ္ပါဒ။)

ဝါဏိဇ္ဇဂါမရွာဟူသည်ကား ယခုအခါ ထိုသစ်တော်ရွာနှင့် အနီးအစပ်ဖြစ်သော ရွာများကိုပင် ဝါဏိဇ္ဇဂါမရွာ ခေါ်သည်။

(ကုန်သည်ရွာသော်၊ ရှေးခါခေါ်၊ သစ်တော် ယခုမှတ်။)

သင်္ဘောသည် လျင်စွာ သွားသဖြင့် သမုဒ္ဒရာ၏အလယ် စန္ဒကူးနီပင် ပေါက်သော မလ္လာယုမည်သော မလယကျွန်းသို့ သင်္ဘောကပ်လေ၏။ ထိုကျွန်းသည်ကား ယခုအခါ ဣန္ဒြိယခေါ်သော မဇ္ဈိမဒေသ တောင်သမုဒ္ဒရာအတွင်း၌ ရှိသည်။

ကုန်သည်တို့သည် ထိုကျွန်းသို့ တက်၍ ထိုမှဤမှ ကြည့်ရှုကြလေသော် ထိုကျွန်း၌ ပေါက်သော သစ်ပင်တို့သည် လက်လေးသစ်မျှဖြင့် အဖိုးတစ်သိန်း ထိုက်သော စန္ဒကူးနီပင်မှန်း သိကြလျှင် သင်္ဘော၌ပါသော ကုန်ဘဏ္ဍာတို့ကို ပစ်ချပြီးလျှင် စန္ဒကူးနှစ်တို့ကိုသာ ခုတ်ဖြတ်ကြ၍ သင်္ဘောပြည့်အောင် တင်ကြကုန်၏။ ထိုစန္ဒကူးတောကို စောင့်ရှောက်၍ နေကုန်သော နတ်ဘီလူးတို့သည် ငါတို့၏ စန္ဒကူးတောကို ဖျက်ဆီးရာသလောဟု အမျက်ထွက်ကြကုန်၍ ဤလူအပေါင်းကို တစ်ယောက်မကျန် သတ်ကြကုန်အံ့ဟု ကြံပြီးလျှင် ဤကျွန်းထက်၌ သတ်သည်ရှိသော် တစ်ကျွန်းလုံး ပုပ်၍ မသန့်မရှင်း ဖြစ်လတ္တံ့။ သမုဒ္ဒရာ အလယ်သို့ရောက်မှ ထိုသူတို့၏ သင်္ဘောကို နှစ်၍ သတ်အံ့ဟု တိုင်ပင်၍ နေကြကုန်၏။

ထိုကျွန်းမှ ကုန်သည်တို့သည် သင်္ဘောလှေကို ဆုတ်ခွာ၍ သွားလေသော် အနည်းငယ်မျှသော အရပ်သို့ရောက်လျှင် နတ်ဘီလူးတို့သည် ကောင်းကင်က လိုက်၍ ကြီးစွာသော လှိုင်းတံပိုးကို ထစေခြင်း၊ ကြောက်မက်ဖွယ်သော အဆင်းသဏ္ဍာန်ကိုပြခြင်း၊ မကောင်းသော အသံ၊ အနံ့တို့ကို ဖြစ်စေခြင်းတို့ကို ပြု၍ ဝန်းဝိုင်းကြကုန်၏။

ကုန်သည်တို့သည်လည်း သေဘေးမှ ကြောက်လန့်ကြကုန်သည်ဖြစ်၍ မိဘ စသည်တို့ကိုလည်းကောင်း၊ မိဘရိုးရာဖြစ်သော နတ်တို့ကိုလည်းကောင်း တသ,ရှိခိုး တောင်းပန်ခြင်းတို့ကို ပြုကြကုန်လျက် ငိုကြွေးမြည်တမ်းကြကုန်၏။

စူဠပုဏ်သည် သင်္ဘောဦး၌ ရပ်ပြီးလျှင် နောင်တော်ရှိရာ အရပ်သို့ ရှေးရှု ရှိခိုးပြီးလျှင် ဤသို့လျှောက်၏။ "အကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော နောင်တော်သခင် အရှင်သူမြတ်ဘုရား၊ ယခု အကျွန်ုပ်တို့မှာ ဘီလူးတည်းဟူသော ဘေးအန္တရာယ်ရှိသည်ဖြစ်၍ နောင်တော်ဘုရားသည် အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ ဘုရား" ဟု လျှောက်ထားလေ၏။

ထိုသို့ လျှောက်ထားသောခဏ၌ နောင်တော် မဟာပုဏ်သည် ဒိဗ္ဗစက္ခု၊ အဘိညာဉ်ဖြင့် မြင်တော်မူလျှင် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူခဲ့၍ ထိုအရပ်သို့ ရောက်လျှင် သင်္ဘောဦး၏ရှေ့တူရူဖြစ်သော အရပ်၌ ရပ်တော်မူ၏။ ထိုအခါ နတ်ဘီလူးတို့သည်လည်း အရှင်ပုဏ္ဏမထေရ်ကို မြင်လျှင် မိမိတို့နေရာ ကျွန်းသို့ ပြန်ကြလေကုန်၏။ လှိုင်းတံပိုးတို့သည်လည်း မဟာပုဏ်၏ တန်ခိုး အာနုဘော်ကြောင့် ခဏချင်း ငြိမ်းပျောက်လေကုန်၏။ အရှင်ပုဏ္ဏမထေရ်သည် သင်္ဘောဦး၌ ရပ်တော်မူ၍ လူအပေါင်းတို့အား မကြောက်ကြကုန်လင့်ဟု သက်သာရာကို ရစေပြီးမှ သင်တို့သည် အဘယ်အရပ်သို့ သွားလိုကြကုန်သနည်းဟု မေးတော်မူသောအခါ ကုန်သည်တို့သည်လည်း အရှင်ဘုရား၊ အကျွန်ုပ်တို့သည် သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာသို့ သွားလို ရောက်လိုပါသည် အရှင်ဘုရားဟု လျှောက်ကြကုန်၏။

ထိုအခါ အရှင်ပုဏ္ဏမထေရ်သည် သင်္ဘောဦး၌ ရပ်တော်မူ၍ ကုန်သည်တို့ သွားလို ရောက်လိုရာ ဝါဏိဇ္ဇဂါမသို့ ဘေးအန္တရာယ်မရှိ လျင်စွာရောက်စေသတည်းဟု ဓိဋ္ဌာန်တော်မူခဲ့၍ မိမိနေရာ မကုလာရာမကျောင်းသို့ ကြွတော်မူလေ၏။

ကုန်သည်တို့သည်လည်း အရှင်ပုဏ္ဏမထေရ် ဓိဋ္ဌာန်တော်မူတိုင်း မိမိနေရာ ဖြစ်သော ဝါဏိဇ္ဇဂါမသို့ ရောက်ကြသောအခါ မိဘ၊ မယား၊ သမီး၊ သားတို့အား အလုံးစုံသောအကြောင်းကို အကုန်ကြားပြီးလျှင် ငါးရာကုန်သော ကုန်သည်တို့ သည် သားမယားတို့နှင့်တကွ မထေရ်မြတ်၏ ကျောင်းသို့လာ၍ သရဏဂုံ သီလကို ခံယူဆောက်တည်ကြ၍ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာရှိသော ဥပါသကာ၊ ဥပါသိကာအဖြစ်သို့ ရောက်ကြလေကုန်၏။

ကုန်သည်တို့လည်း တစ်နေ့သ၌ စန္ဒကူးနှစ်တို့ကို ဝေဖန်(ခွဲဝေ)ကြသော အခါ အရှင်မဟာပုဏ္ဏ၏အဖို့တစ်ခု တစ်ပုံပြု၍ ဝေပြီးလျှင် အရှင်မြတ်ထံသို့ ယူသွား၍ ဤအစုအပုံကား အရှင်ဘုရား၏ အဖို့ဘာဂ အစုတည်းဟု ဆို၍ လှူဒါန်းကြကုန်၏။

အရှင်ပုဏ္ဏမထေရ်သည် ဤသို့ဆို၏။ ဥပါသကာတို့၊ ဤစန္ဒကူးနှစ်ကို ငါအလိုမရှိ။ ငါ၏ဆရာဖြစ်သော မြတ်စွာဘုရားကို သင်တို့ မြင်ဖူးကြကုန်၏ လောဟု မေးတော်မူ၏။ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို မမြင်ဖူးပါဟု လျှောက်ကြကုန်၏။

ထိုအခါ အရှင်ပုဏ္ဏမထေရ်သည် ဤသို့မိန့်တော်မူ၏။ ဥပါသကာတို့၏ ငါ၏ အစုဖြင့် မြတ်စွာဘုရားကို ရည်မှတ်၍ တန်ဆောင်းဝန်း ကျောင်းတော်ကို ဆောက်လုပ်ကြလျှင် သင်တို့ ဖူးမြင်ရလတ္တံ့ဟု မိန့်တော်မူသောအခါ ငါးရာသော ကုန်သည်တို့သည် ဝမ်းမြောက်ဝမ်းသာ ဝန်ခံကြပြီးလျှင် မထေရ်မြတ်အား လှူဒါန်းသော စန္ဒကူးဖြင့်လည်းကောင်း၊ မိမိတို့၏ အဖို့အစုဖြစ်သော စန္ဒကူးဖြင့် လည်းကောင်း၊ မကုလာရာမဖြစ်သော အရပ်၌ ဆောင်ပေါင်း တစ်ရာ့ရှစ်ဆောင် ရှိသော တန်ဆောင်ဝန်း ကျောင်းတော်ကို စီမံဆောက်လုပ်ကြကုန်၏။

("ဂန္ဓာရုံကြိုင်လှောင်း၊ ဆောက်သည့် ကျောင်း၌၊ ဆောင်ပေါင်းတစ်ရာ၊ ရှစ်ဆောင်သာလျက်၊ တင့်စွာစီမံ၊ ကိုးမြက်လျှံကို၊ လှူခံအံ့ငှာ"ဟု ကျောင်း တော်ရာ ဘုရားရှိခိုး၌ တစ်ရာ့ရှစ်ဆောင်ရှိကြောင်းကို စပ်တော်မူသည်။)

ထိုတန်ဆောင်းဝန်းကျောင်းတော်ကို ပြုပြင်စီရင်ဆောက်သည့် နေ့မှစ၍ ပြီးသည့်တိုင်အောင် မြတ်စွာဘုရားသခင်သည် ဤအရပ်၌ သာသနာတော် အနှစ် ငါးထောင်ကာလပတ်လုံး တည်မည်ကို မြင်တော်မူ၍ သာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းတော်မှ ညချမ်း ညချမ်းသောအခါတို့၌ ကျောင်းဆောက်ရာသို့ ကြွလာတော် မူပြီးလျှင် ဖလသမာပတ် ချမ်းသာဖြင့် သီတင်းသုံးနေတော်မူ၏။

ဤစန္ဒကူးကျောင်းကို စောင့်ရှောက် ဆောက်လုပ်ကုန်သော သူတို့သည် ညဥ့်အခါ၌ အရောင်အဝါကို မြင်ရလျှင် ဤအရပ်၌ တန်ခိုးကြီးသော နတ်မင်း သည်ရှိ၏၊ ထိုနတ်မင်း လာ၍ အရောင်အဝါကို ပြသည်ဟု အမှတ်ပြုကြကုန်၏။

ငါးရာသော ကုန်သည်တို့သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရန် စန္ဒကူး ဂန္ဓာရုံကျောင်းတော်ကိုလည်းကောင်း၊ သဃာတော်တို့ သီတင်းသုံးရန် ကျောင်းကိုလည်းကောင်း ပြုလုပ်စီရင်ပြီးလျှင် မဟာပုဏ်ထံသို့ သွားပြီးလျှင်

အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ပြုဖွယ်ကိစ္စပြီးစီးပါပြီ၊ မြတ်စွာဘုရားကိုသာ ပင့်တော်မူပါဟု လျှောက်ကြကုန်၏။

ထိုအခါ ရှင်ပုဏ္ဏမထေရ်သည် ညချမ်းအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးလျှင် မြတ်စွာဘုရားအား ငါ ပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာရှိခိုး၍ ဤသို့လျှောက်၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဝါဏိဇ္ဇဂါမရွာ၌ နေသော ငါးရာသော ကုန်သည်တို့သည် ကိုယ်တော်အရှင်မြတ်၏ ခြေတော်စုံကို ကြည်ညိုညွတ်ကျိုး ရှိခိုးပူဇော် ဖူးမြော်လိုပါသည်ဖြစ်၍ စန္ဒကူ ဂန္ဓာရုံကျောင်းတော်ကို ဆောက်လုပ်ပါသည်။ ထိုကုန်သည်တို့အား သနားတော်မူသဖြင့် သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာ ဂန္ဓာရုံကျောင်းတော်သို့ ကြွတော်မူပါ ဘုရားဟု ပင့်လျှောက်တောင်းပန်လေ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ကြွလာတော်မူအံ့သော အကြောင်း နိမိတ်ဖြင့် ဆိတ်ဆိတ်နေတော်မူလျက် သည်းခံတော်မူသောအခါ အရှင်မဟာပုဏ္ဏသည် သည်းခံတော်မူကြောင်းကို သိ၍ မိမိတို့နေရာ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာသို့ ပြန်လည်တော်မူခဲ့ပြီးလျှင် ကုန်သည်တို့အား ငါးရာသော ကုန်သည်တို့၊ သင်တို့သည် နက်ဖြန်မိုးသောက်လျှင် မြတ်စွာဘုရားကို ဖူးမြင်ရလတ္တံ့ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ ကုန်သည်ငါးရာတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပူဇော်ရာ ဒါနဝတ္ထုတို့ကို စီမံပြီးလျှင် မျှော်လင့်ကာနေကြကုန်၏။

မြတ်စွာဘုရားသခင်သည်လည်း အရှင်အာနန္ဒာကို ခေါ်တော်မူ၍ အာနန္ဒာ၊ နက်ဖြန်ခါ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာသို့ ဆွမ်းအလို့ငှာ ငါဘုရား ကြွတော်မည်။ တစ်ပါးယုတ် ငါးရာ (၄၉၉-ပါး) သော ရဟန်းတို့အား စာရေးတံအပ်ဘိလော့ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း ဝန်ခံပြီးလျှင် အရှင်ဘုရားတို့၊ လိုက်လိုသော အရှင်မြတ်တို့သည် ဤစာရေးတံကို ကောက်ယူတော်မူကြပါကုန်ဟု ဖိတ်ကြားလေ၏။

ထိုအခါ ကုဏ္ဍဓာနမထေရ်က စ၍ အစဉ်အတိုင်း စာရေးတံကို ကောက်ယူကြကုန်၏။

မြတ်စွာဘုရားသခင်သည်လည်း ဂန္ဓကုဋိသို့ဝင်တော်မူ၍ ဖလသမာပတ်ကို ဝင်စားတော်မူသောအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်

တင်းမာခြင်းသို့ ရောက်သည်ဖြစ်၍ အဘယ်အကြောင်းနည်းဟု ဆင်ခြင်ကြည့်ရှုသည် ရှိသော် မြတ်စွာဘုရားသခင်သည် သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမသို့ နက်ဖြန်နံနက် ကြွအံ့သော အကြောင်းကို မြင်တော်မူ၍ ဝိသုကြံနတ်သားကို ခေါ်ပြီးလျှင် အချင်းဝိသုကြံနတ်သား၊ နက်ဖြန်နံနက် မြတ်စွာဘုရားသခင်သည် ယှဉ်ဖနောသုံးရာကွာသော သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာသို့ ဆွမ်းခံကြွတော်မူလတ္တံ့၊ ငါးရာသော ပြာသာဒ်ယာဉ်ပျံတို့ကို ဖန်ဆင်း၍ ဇေတဝန်ကျောင်းတော်မုခ် တံခါးဝ၌ ခင်းကျင်းစီမံ၍ ထားချေလော့ဟု စေလိုက်၏။

ဝိသုကြံနတ်သားသည်လည်း သိကြားမင်းစေတိုင်း သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့လာ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရန် မုခ်လေးဘက်ရှိသော ပြာသာဒ်၊ အဂ္ဂသာဝက နှစ်ပါးတို့ သီတင်းသုံးတော်မူရန် မုခ်နှစ်ဘက်ရှိသောပြာသာဒ်၊ ကြွင်းသော သာဝကတို့ သီတင်းသုံးတော်မူရန်၊ မုခ်တစ်ဘက်ရှိသော ပြာသာဒ်၊ ဤငါးရာကုန်သော ပြာသာဒ်တို့ကို အစဉ်အတိုင်း ဖန်ဆင်းခင်းကျင်း၍ ထားပြီးလျှင် နတ်ပြည်သို့ ပြန်လေ၏။

မြတ်စွာဘုရားသည်လည်း နံနက်မိုးသောက် ရောက်လတ်သောအခါ ဂန္ဓကုဋိတိုက်မှ ထွက်တော်မူ၍ အစဉ်အတိုင်းထားအပ်သော ပြာသာဒ်တို့တွင် မုခ်လေးခုရှိသော ပြာသာဒ်၌ သီတင်းသုံးတော်မူ၏။ အဂ္ဂသာဝက နှစ်ပါးတို့သည် မုခ်နှစ်ဘက်ရှိသော ပြာသာဒ်၌ သီတင်းသုံးတော်မူ၏။ ကြွင်းသော ရဟန္တာတို့သည် အစဉ်အတိုင်း ထားအပ်သော ပြာသာဒ်တို့၌ သီတင်းသုံးတော်မူကြကုန်၏။ ပြာသာဒ်တစ်ဆူမူကား စီးသူမပါ လွတ်လပ်၏။

ဤသို့ အသီးအသီး တက်စီးတော်မူကြလျှင် ထိုနတ်ယာဉ်ပျံငါးရာတို့သည် အာကာသခရီးဖြင့် တိုင်းကြီး သုနာပရန္တ၊ ဝါဏိဇ္ဇရွာသို့ အစဉ်သဖြင့် ရှေးရှုကာ ပျံသွားကုန်၏။

မြတ်စွာဘုရားသခင်သည်လည်း ယောနကတိုင်း သစ္စဗန္ဓတောင်သို့ ရောက်တော်မူလျှင် နတ်ယာဉ်ပျံတို့ကို ကောင်းကင်၌ ရပ်တန့်တော်မူလျက် သစ္စဗန္ဓတောင်ထိပ်သို့ သက်တော်မူပြီးလျှင် မိစ္ဆာဒိဋ္ဌိအမြင်ရှိသော ရသေ့သည် များစွာသော လူတို့ကို မိစ္ဆာဒိဋ္ဌိအယူဖြင့် သင်ကြားဟောပြောလျက် လာဘ်အခြံအရံ အကျော်အစောသို့ ရောက်သည်ဖြစ်၍နေသော သစ္စဗန္ဓရသေ့အား တရားဟောတော်မူ၏။ တရား၏အဆုံး၌ အဘိညာဉ်သမာပတ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သဖြင့် ဧဟိဘိက္ခု ခေါ်တော်မူလျှင် တန်ခိုးဖြင့်ပြီးသော သပိတ်၊ သင်္ကန်းကိုဆောင်လျက်

နောက်ဆုံး အလွတ်ပါသော ပြာသာဒ်၌ တက်စီးစေ၍ အစဉ်သဖြင့် ကြွသွားတော်မူရာ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာသို့ ရောက်တော်မူလျှင် ပြာသာဒ်ငါးရာတို့ကို လူတို့မမြင်ရအောင် တန်ခိုးဖြင့် ကွယ်စေ၍ ဝါဏိဇ္ဇဂါမသို့ ဝင်တော်မူလေ၏။

ဤသို့မြတ်စွာဘုရားသည် တပည့်ငါးရာတို့နှင့်တကွ ကြွလာတော်မူလျှင် တင့်တယ်စွာ စီရင်ခင်းကျင်းအပ်သော မဏ္ဍပ်သို့ ပင့်၍ ကောင်းမြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးခြင်း၊ အထူးထူးသော လှူဒါန်းဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ သရဏဂုံနှင့် တကွ ဥပေါသထသီလကို ခံယူဆောက်တည်ခြင်းကို ပြုပြီးမှ ဂန္ဓာရုံကျောင်းတော်သို့ ပင့်ဆောင်ကြလေကုန်၏။

မြတ်စွာဘုရားသခင်သည်လည်း ဂန္ဓာရုံကျောင်းတော်၌ ဖလသမာပတ်ချမ်းသာဖြင့် နေ့သန့်တော်မူ၏။ သင်္ဃာတော်ငါးရာတို့သည်လည်း တင့်တယ်လျောက်ပတ်သော နေရာ၌ ဈာနသုခ, ဖလသုခဖြင့် မွေ့တ၍ နေတော်မူ၏။

ဥပါသကာ၊ ဥပါသိကာတို့သည်လည်း ညဉ့်ချမ်းအခါ ပန်းနံ့သာလက်စွဲကုန်လျက် တရားတော်ကို နာအံ့သောငှာ ကျောင်းတော်သို့လာကြကုန်၏။ မြတ်စွာဘုရားသည် ဂန္ဓာရုံကျောင်းတော်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူလျက် ရောက်လာကုန်သော ပရိသတ်တို့အား ဒေသနာအမြိုက်ဆေးကို တိုက်ကျွေးတော်မူလျှင် ရှစ်သောင်းလေးထောင်ကုန်သော ပရိသတ်တို့သည် အကျွတ်တရားကို ရကြကုန်၏။ အရုဏ်ကိုမူကား ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိတိုက်၌ ခံတော်မူ၏။

မြတ်စွာဘုရားသခင်သည် ဂန္ဓာရုံကျောင်းတော်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူပြီးလျှင် အရှင်ပုဏ္ဏကို ခေါ်၍ ပုဏ္ဏ၊ သင်သည် ဤအရပ်၌ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ နေရစ်လော့ဟု မိန့်တော်မူ၏။ ထို့နောက် တစ်ဖန် ထပ်မံ၍ မိန့်တော်မူသည်ကား "ပုဏ္ဏ၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည်နောက် သာသနာတော် သက္ကရာဇ် ၅၁၂-နှစ်သို့ ရောက်သော အခါ ထီးလိုင်ရှင် ကျန်ရစ်သား မြေးတော် ရွှေဂူဒါယကာ စကြာမင်းကောင်း အလောင်းစည်သူသည် ဖောင်ယာဉ်ပျံစကြာဖြင့် ဇမ္ဗူဒိပ်ကို လှည့်ရာ ငါဘုရား၏ နံ့သာတန်ဆောင်း ကျောင်းတော်ရာ၌ စေတီတည်ထား၍ များစွာသော ပူဇော်သက္ကာရကို ပြုလတ္တံ့" ဟု ဗျာဒိတ်စကား ဟောကြားတော်မူ၏။

ထိုအခါ မဟာပုဏ်သည် ထိုဗျာဒိတ်စကားကို ကြေးနီပုရပိုက်သို့ တင်၍ အစဉ်ထာဝရ ပရိကံပြု စီမံ၍ မြဲမြံသေချာစွာ ကျောက်စေတီကို တည်၍ ထိုစေတီတွင်းသို့ သွတ်သွင်းဌာပနာ၍ ထားတော်မူခဲ့၏။

ထို့နောက် ကာလဆုတ်သည်ဖြစ်၍ သက္ကရာဇ်ငါးရာတစ်ဆယ့်နှစ်ခုနှစ်သို့ ကျရောက်သောအခါ ရွှေဂူဒါယကာ စကြာမင်းကောင်း အလောင်းစည်သူသည် ဖောင်စကြာနှင့် ဇမ္ဗူဒိပ်ကို လှည့်လည်ရာ မြတ်စွာဘုရား နံ့သာတန်ဆောင်း ကျောင်းတော်ရာသို့ ရောက်လျှင် အရှင်ပုဏ္ဏသည် ရေးထားခဲ့သော ဗျာဒိတ်စကားကို သိကြားမင်း ယူ၍ အလောင်းစည်သူမင်းကြီးအား ပေးအပ်လျက် ဖတ်ပြသော ကာလ၊ ဗလဝပီတိအဟုန်သည် အလုံးစုံသော ကာယ ပသာဒဝယ် ဆီကျသော ဝါဂွမ်းပေါက်ကဲ့သို့ ပီတိသောမနဿ အဟုန်ဖြင့် တစ်ကိုယ်လုံးခြုံ၍ ဝမ်းမြောက် ဝမ်းသာ "မြတ်စွာဘုရား ကျောင်းတော်ရာကို ကောင်းစွာမြင့်ရှည် တည်စိမ့်သသူ ငါမူဖြစ်ပေသည်"ဟု ကြိမ်းဝါးမြွက်ဆိုတော်မူပြီးမှ ကျောက်စေတီကို အတွင်းထား ၍၊ (ဝါ) မျို၍ ကြီးမားလှစွာသော စေတီတော်ကြီးကို အရှည်သာသနာ တည်ကြာ မြဲအောင် လုပ်ဆောင်တည်ထားလေ၏။ အရှင်ပုဏ္ဏမထေရ်၏ ကိုယ်စား ဆင်းတု ကိုလည်း ထုလုပ်ပြီးလျှင် စေတီတော်၏ အနီးအပါး၌ ကျောင်းဆောက်လုပ်ပြီးလျှင် ကိုးကွယ်တည်ထားလေ၏။ အရံစောင့် အရံထိန်းများနှင့်တကွ လှူဒါန်းပူဇော်ခြင်း ကိုလည်း ပြု၏။

ယင်းသို့ ပရိစ္စာဂဒါန ပုညကိရိယာကို စေတနာထက်သန်လျက် မျက်မှာန် ကင်းရှင်း ပွဲသဘင်ကျင်းပြီးလျှင် အငြိမ့်၊ စောင်း၊ ငြင်း၊ မောင်း၊ ကြေးနင်း တူရိယာ သံသာဟစ်ကြွေးလျက် သမဒ္ဒနကို ဖြစ်စေသောအခါ ဓာတ်တော် မွေတော်တို့သည် စေတီတော်မှ ထွက်၍ ရောင်ခြည်တော် ခြောက်ဖြာတို့ကို ထင်ရှားစွာ ပြတော်မူ၏။

စကြာမင်းကောင်း အလောင်းစည်သူသည် ရေးထက်မက အဆအရာ သာလွန်မြတ်နိုး လက်အုပ်မိုး၍ "ဗုဒ္ဓဂုဏော အနန္တော အစိန္တေယျော အပ္ပမေယျော အနန္တဂုဏသမ္ပန္နော" ဟူသော ဘုရားဂုဏ်တော် ကျေးဇူးတော်တို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၍ အတိုင်းမသိသော လှူဒါန်းပူဇော်ခြင်းတို့ဖြင့် လှူဒါန်းပူဇော် ပြီးမှ တပေါင်းလ,ကသည် ကဆုန်လတိုင်အောင် မဟာသဘင် ယင်တော်မူ၏။

မြတ်စွာဘုရားသခင်သည် အရှင်ပုဏ္ဏမထေရ်အား မိန့်တော်မူခဲ့၍ ပြာသာဒ် ယာဉ်သာ ထေရ်ငါးရာနှင့်တကွ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ကြွတော်

မူခဲ့ရာ ယောနကတိုင်း နမ္မဒါမြစ်သို့ရောက်တော်မူလျှင် ထိုမြစ်၌ ကျက်စားသော နမ္မဒါ အမည်ရှိသော နဂါးမင်းသည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုပြီးလျှင် တပည့်သား သံဃာတော်နှင့်တကွ နဂါးပြည်သို့ပင့်၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြု၏။

မြတ်စွာဘုရားသည်လည်း နဂါးအပေါင်းတို့အား တရားဟောတော်မူပြီးလျှင် နဂါးပြည်မှ ပြန်လည်တော်မူခဲ့ရာ နမ္မဒါမြစ်သို့ တစ်ဖန် ရောက်တော်မူပြန်လျှင် နဂါးမင်းသည် ဘုန်းတော်ကြီးသောအရှင်ဘုရား၊ အကျွန်ုပ်အား သနားတော်မူသဖြင့် ကိုးကွယ်ဆည်းကပ်ပူဇော်ရာ စေတီတော်ကို ပေးသနားတော်မူပါဟု လျှောက်ထားတောင်းပန်လေလျှင် မြတ်စွာဘုရားသခင်သည် နဂါးမင်းနှင့်တကွ နောက်သားနောင်လာ ဝေနေယျာတို့ ကိုးကွယ်ပူဇော်ရာ ဖြစ်စေငှာဟု နမ္မဒါနဒီ ရေကြည်ကမ်းစဃနသိလာ မြကျောက်ဖျာထက် တစ်ရာ့ရှစ်ကွက် ပြိုးပြက်သီးသန့် အကန့်တစ်ထောင် ပုံတောင် မြတ်ကျော် စက်နှစ်ဖော်တို့တွင် ခြေတော်ဝဲမြတ် တံဆိပ်ခတ်၍ ပေးအပ်ချထားတော်မူလေသတည်း။

မြတ်စွာဘုရားသည်လည်း ထိုမှတစ်ဖန် ကြွခဲ့ပြန်သော် နမ္မဒါမြစ် ခွေရစ်ပတ်ဝိုက် သုံးကြိမ်ခိုက်လျက် ဦးတိုက်ကော်ရော် ပူဇော်သောအဟန် သစ္စဗန်ဟု မိုးယံသီခေါင် မြင့်သည်တောင်သို့ ဘုန်းခေါင်ဖိနှော် သုံးလူ့ဘော်သည် သားတော်ထေရ်ပျံ ဝဲယာရံလျက် တစ်ဖန်တက်ကြွ သစ္စဗန္ဓတောင်ထိပ်သို့ ရောက်တော်မူလျှင် သစ္စဗန္ဓမထေရ်အား သစ္စဗန္ဓ၊ သင်သည် ရှေးအခါ သတ္တဝါတို့အား မိစ္ဆာဝါဒဖြင့် သင်ဟောကြားပြသအပ်သော အယူဝါဒကို သင် ပယ်ချွာ၍ ဤအရပ်၌ နေရစ်ဘိလော့ဟု မိန့်တော်မူလျှင် သစ္စဗန္ဓမထေရ်သည် ဤသို့လျှောက်၏။

"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ကျွန်ုပ်အား သနားတော်မူသဖြင့် ကိုယ်စားတော်စား ကိုးကွယ်စရာ သနားတော်မူခဲ့ပါ" ဟု လျှောက်ဘောင်းပန်လျှင် မြတ်စွာဘုရားသခင်သည်လည်း တစ်ခဲနက်သော အပြင်ရှိသော ကျောက်ဖျာထက်၌ တံဆိပ်နှက်သကဲ့သို့ ခြေတော်ဝဲဘက် စက်လက္ခဏာပါဒကို ချထားတော်မူ၏။ ယင်းသို့ နမ္မဒါမြစ်နားသစ္စဗန္ဓတောင်ဖျားထက် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာနှင့်တကွ ခြေတော်ရာ ပါဒနှစ်စုံကို အသက်တော် ငါးဆယ့်ငါးနှစ်၊ ဝါတော် နှစ်ဆယ်ကျော်တွင် ချထားတော်မူပြီးလျှင် မြတ်စွာဘုရားသခင်သည် နတ်ယာဉ်ပျံ ငါးရာနှင့်တကွ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေ၏။

မဟာပုဏ်သည် တေနေဝ အန္တရဝဿေန ဟူသော ပါဠိတော်အရ ထိုဝါတွင်း၌ပင်လျှင် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလေ၏။ အလောင်းတော်ကို ခုနစ်ရက်ပတ်လုံး ပူဇော်ခြင်းကို ပြု၍ နံ့သာထင်းတို့ဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးလျှင် ဓာတ်တော်တို့ကို စေတီတည်လေ၏။

တီဏိ ခေါ ပန ဘဂဝတော ပါဒစေတိယာနိ လင်္ကာဒီပေ ဇော်၊ ဇမ္ဗုဒီပေ ယောနကရဋ္ဌေ ဒွေ။

(သာရတ္ထသင်္ဂဟ)

## မြတ်စွာဘုရား၏ပါဒစေတီတော်တို့မှာ

ရှစ်ဝါမြောက်၌ သီဟိုဠ်ကျွန်းသို့ မဏိအက္ခိက နဂါးမင်း ပင့်၍ သင်္ဃာတော်ငါးရာနှင့် တကွ တတိယအကြိမ် ကြွသွားတော်မူသောအခါ သုမနနတ်မင်း တောင်းပန်၍ သမန္တကူဋတောင်ထိပ်၌ ခြေတော်ရာတစ်ဆူ ချတော်မူသည်။ ဇမ္ဗုဒီပါ ငါတို့မြန်မာဌာန ယောနကတိုင်း၌ နမ္မဒါ နဂါးမင်း၊ သစ္စဗန္ဓမထေရ်တို့ တောင်းပန်၍ ပါဒစေတီတော်နှစ်ဆူ ချတော်မူသည်။ ပေါင်း (၃) ဆူ ရှိသတည်း။

## ဆရာတော်ကြီးလေးပါး ပါဒစေတီနှစ်ဆူကို ရှာကြခြင်း

စက်တော်ရာချရာ နမ္မဒါမြစ်အနောက် ကမ်းနဖူးတွင် ရှေးဦးစွာ ရပ်တော်မူရာ အရပ်၌ တိဋ္ဌ မည်သော စေတီတော်တစ်ဆူ၊ ၎င်းစေတီတော်သည် ယခု တန့်တော်ဦးခေါ်သော စေတီတော်ပင်တည်း။

မြတ်စွာဘုရားသခင်သည် နဂါးမင်းအား တရားဟောရာ အရပ်၌ ၎င်းနဂါးမင်းသည် ရတနာအစုတို့ဖြင့် ပူဇော်ရာအရပ်၌ ရတနာပုဏ္ဏမည်သော စေတီတစ်ဆူ၊ ၎င်းစေတီတော်သည် ယခု တောင်းပန်ဦးခေါ်သော စေတီတော်ပင်တည်း။

နဂါးမင်း တောင်းပန်၍ ပါဒစေတီ ချအံ့ဟု ရပ်တော်မူရာ အရပ်၌ ဌာပနာ စေတီတစ်ဆူ၊ ၎င်းစေတီတော်သည် ယခု အောက်စက်တော်ရာ အနီး တောင်းပန်ရ ခေါ်သော စေတီတော်ပင်တည်း။

သစ္စဗန္ဓမထေရ်ကို ဖေါ်ဘိက္ခုခေါ်တော်မူရာ အရပ်၌ သစ္စဒီပက စေတီတော် တစ်ဆူ၊ ၎င်းစေတီတော်သည် ယခု အထက်စက်တော်ရာ အနောက်စောင်းတန်းဦး ယာဘက်ရှိ စေတီတော်ပင်တည်း။

ကိုးကွယ်ရာ တောင်းပန်အပ်သော အရပ်၌ အာယာစန စေတီတော် တစ်ဆူ၊ ၎င်းစေတီသည် ယခု မုဆိုးတောင်ထိပ်၌ မုဆိုးတောင်ဘုရားခေါ်သော စေတီတော် ပင်တည်း။

ဧတေ ပဉ္စ မဟာထူပါ၊ ဓမ္မာသောကေန ကာရိတာ–ဟူသော ပါဠိနှင့် အညီ၊ ဤငါးဆူကုန်သော စေတီတော်တို့ကို ရဟန္တာ အရှင်မြတ်တို့၏ အမိန့်တော်အရ သီရိဓမ္မာသောကမင်းကြီးသည် တည်တော်မူခဲ့ခြင်း ဖြစ်သည်။

အထက်စက်တော်ရာ အနောက်စောင်းတန်းဦး ဝဲဘက်ရှိ ခေါင်းလောင်းကြီး အနီးဖြစ်သော သစ္စဗန္ဓအရှင်မြတ်၏ အလောင်းတော်ကို သဂြိုဟ်ရာအရပ် သင်္ချိုင်း တော်ရာခေါ်သော စေတီတစ်ဆူ။

သိကြားပုန်းစေတီ၊ သားရေကြက် စေတီတော်တို့မှာ မည်သူ့ကောင်းမှုဟု သမိုင်းကျောက်စာတို့၌ မဆို။

ဒုတိယမင်းခေါင် နောက် သက္ကရာဇ် ၈၆၃–ခုနှစ်တွင် ထိုမင်း၏ သားတော် ရွှေနန်းကြော့ရှင်၊ နရပတိ နန်းတက်သည်မှ စ၍ နိုင်ငံတော် မငြိမ်မသက် ပျက်ပြားသည်နှင့် ညောင်ရမ်းမင်းတရား သားတော် အနောက်ဘက် သာလွန်မင်း လက်ထက် သက္ကရာဇ် ၉၉၀–ပြည့်နှစ်တိုင်အောင် မင်း ကိုးဆက်မြောက် နှစ်ပေါင်း ၁၂၇–ခုနှစ်တိုင်၊ စက်တော်ရာ နှစ်ဆူ၊ တန်ခိုးတိမ်မြုပ်၍ နေ၏။ ထိုမင်း၏ညီတော် သက္ကရာဇ် ၉၉၁–ခုနှစ်တွင် နန်းတက်တော်မူသော သာလွန်မင်းတရားကြီး လက်ထက်ရောက်မှ ဆရာတော်ကြီး လေးပါးတို့ ရှာဖွေတော်မူမှ ရှေးအတိုင်း ပေါ်တော်မူသည်။

ရှာဖွေသောအစဉ်ကား–အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရဆရာတော်၊ တိလောကာလင်္ကာရဆရာတော်၊ သီရိသုဓမ္မရာဇဂုရု တောင်ဘီလာ ဆရာတော်၊ ဤဆရာတော် လေးပါးတို့က စက်တော်ရာပါဒ ၂–ဆူသည် ဒုတိယ မင်းခေါင် သားတော် ရွှေနန်းကြော့ရှင်လက်ထက်က စ၍ မင်း ကိုးဆက်မြောက် နှစ်ပေါင်း ၁၂၇–ခုနှစ်ကျော် ကွယ်ပတိမ်မြုပ်ရှိသည်ကို ရှာလိုကြောင်းနှင့် သာလွန်မင်းတရားထံ စာဆက်သွင်းရာတွင် နောက်ပါသဃ်ာ တစ်ကျိပ်နှစ်ပါး၊ ဆွမ်းဘောဇဉ် ကိရိယာ လှေတက်လူနှင့်တကွ ပေးအပ် လှူဒါန်းတော်မူ၍ သက္ကရာဇ် ၁၀၀၀–ပြည့်နှစ်၊ ကဆုန်လပြည့်နေ့ ဆရာတော် လေးပါးတို့ လှေဖြင့် စုန်တော်မူခဲ့ရာ မင်းဘူးသို့ ရောက်လျှင် လှေကို ဆိုက်၍ ခရီးအစဉ်အတိုင်း ကြွလာခဲ့သော် စက်တော်ရာ၏ အနီးတစ်ခုသော သစ်ပင်ကြီးရင်း၌ ညစခန်း ချတော်မူကြ၏။

ညဥ့်အခါ ပရိတ်ရွတ်ခြင်း၊ ကျမ်းဂန်သရဇ္ဈာယ်ခြင်းကို ပြု၍ ကျိန်းတော်မူကြရာ ညဥ့်သုံးချက်တီးကျော်တွင် တောင်ဘီလာဆရာတော်၌ အိပ်မက်မြင်သည်ကား— လူတစ်ယောက်သည် နှင်တံကို ကိုင်လျက် ခွေးနက်ကြီးတစ်ကောင်နှင့် ဆရာတော် ရှေ့သို့လာပြီးလျှင် ဤသို့ဆို၏၊ ဘုန်းတော်ကြီးတို့ လာကြသည်ကား— တောအုပ်ကြီးများစွ၊ ခြင်္သေ့, သစ်, ကျား, သားရဲ, မြွေ, ကင်း စသော အန္တရာယ်ဖြစ်မည်ကို မသိကြသလောဟု မေး၏။ ထိုအခါ ဆရာတော်တို့က "ငါတို့ကား— မြတ်စွာဘုရား ခြေတော်ရာနှစ်ဆူသည် ဤအရပ်ဒေသ၌ ရှိကြောင်းကို စာဟောင်းစကားအစဉ်ရှိသည်ဖြစ်၍ ထိုခြေတော်ရာကို ရှာဖွေပူဇော်လို၍ ငါတို့လာသည်"ဟု ဆရာတော်တို့က ပြောဆိုလေ၏။ ထိုအခါ ထိုလူက "အရှင်ဘုရားတို့၊ နံနက်လင်းလျှင် ခွေးနက်ကြီးတစ်ကောင်တွေ့ပါ လိမ့်မည်။ ထိုခွေးနက်ကြီး သွားရာဝင်ရာ တောသို့လိုက်လျှင် တွေ့ပါလိမ့်မည်" ဟု ပြောဆိုစဉ် တောင်ဘီလာဆရာတော် နိုး၍ ထိုအိပ်မက်အကြောင်းကို ဆရာတော်သုံးပါးတို့အား ပြော၏။

ဆရာတော်သုံးပါးတို့ကလည်း ငါတို့သည် မြတ်စွာဘုရား ခြေတော်ရာနှစ်ဆူ ကွယ်ပ၍ အရှာလာရာ သိကြားမင်း လာ၍ စောင်မ,လာပေသည်ဟု ပြောဆိုနေစဉ် မိုးလင်းသည်ဖြစ်၍ ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုနေရာမှ ထသွားကြသောအခါ ခွေးနက်ကြီးတစ်ကောင် ရှေ့က လာ၍ ခရီးညွှန်ပြ၏။ ထိုခွေးနက်ကြီး ညွှန်ပြသည့်အတိုင်း လိုက်လံရှာဖွေရာ နမ္မဒါမြစ်တစ်ဘက်သို့ ကူး၍ ကွယ်လေ၏။

ဆရာတော်တို့လည်း ကူး၍ မြစ်တစ်ဘက်ကမ်းသို့ ရောက်လျှင် ဘီလူးနှင့်တွေ့၍ ဘီလူးက ဤသို့မေး၏။ ဘုန်းတော်ကြီးတို့၊ ဘာကို ရှာသနည်းဟု မေးသောအခါ ဆရာတော်တို့က ဘုရားခြေတော်ရာ ရှာကြောင်းကို ပြော၏။ ထိုအခါ ဘီလူးက ဘုန်းတော်ကြီးတို့အား ပထမ အောက်ခြေတော်ရာကို ပြလေ၏။

ထိုအခါ ဆရာတော်တို့သည် ဘုရားသခင်ကို ဖူးတွေ့ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ရှိခိုးပူဇော်ကြစဉ် အောက်ခြေတော်ရာမှ ရောင်ခြည်တော်ခြောက်ဆိုင်တို့သည် တစ်ပြိုင်နက် ထွက်၍ လွှတ်လေ၏။ ရောင်ခြည်တော်စဲလျှင် ဘီလူးက တစ်ဖန် ဤသို့ဆိုပြန်၏။ ဘုန်းတော်ကြီးတို့၊ ဤခြေတော်ရာသည်ကား ပထမခြေတော်ရာ ဖြစ်သည်။ အထက်တောင်ပေါ်မှာ ဒုတိယခြေတော်ရာ ရှိသေးသည်။ ၎င်းတောင်ထိပ်သို့ တက်ဦးလော့ဟု တိုက်တွန်းတော်မူ၏။

ဆရာတော်တို့လည်း တောင်ထိပ်သို့တက်၍ ရောက်သောခဏ၌ အထက်စက်တော်ရာမှ ထန်းလုံးပမာဏရှိသော ရောင်ခြည်တော်သည် ကောင်းကင်သို့ တက်ပြီးလျှင် တောင်ခြေရင်းသို့ ရွှေတိုင်ကြီးကို စိုက်ထားဘိသကဲ့သို့ ဝင်လေ၏။ ဆရာတော်တို့လည်း ရှေးအတူ ရှိခိုးပူဇော်ခြင်းကို ပြုကြကုန်၏။

ထိုနေ့ကုန်၍ တစ်ညဉ့်ရောက်သောအခါ တောင်ဘီလာဆရာတော်သည် ပဋ္ဌာန်းကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူလျှင် တောင်စောင့်နတ် သောတာပန်နတ်တို့ လာ၍ ပဋ္ဌာန်းတရားတော်ကို နာကြကုန်၏။ ထိုအခါ တောင်ဘီလာဆရာတော်က သောတာပန်နတ်သားအား နတ်မင်း၊ ယခု ငါရွတ်ဖတ် သရဇ္ဈာယ်သော ပဋ္ဌာန်းတရားတော်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော ပဋ္ဌာန်းတရားတော်နှင့် ပုဒ်ပါဌ်အက္ခရာ ညီညွတ်ပါ၏လောဟု မေးတော်မူသောအခါ သောတာပန်နတ်က ယခု ဘုန်းတော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်သော ပဋ္ဌာန်းတရားတော်သည် မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ပဋ္ဌာန်းတရားတော်နှင့် ထောက်သော် ငပိကို ပေါက်ဖက်ဖြင့် အထပ်ထပ် ထုပ်အပ်သော် အပေါ်ဆုံးဖြစ်သော ပေါက်ဖက်၌ စွဲကပ်သော အနံ့နှင့် တူ၏ဟု ဆို၏။

ထိုအခါ တောင်ဘီလာဆရာတော်က ဤသို့ဆို၏။ အချင်းနတ်၊ သင်သည် သောတာပန်ဖြစ်လျက် ယခု သင်ဆိုသော စကားသည် သောတာပန်စကားမဟုတ်၊ ပျက်ချော်ချွတ်ယွင်းသော စကားကို သင်ဆို၏။ ယခု ငါ ရွတ်ဖတ်သရဇ္ဈာယ် အပ်သော ပဋ္ဌာန်းတရားတော်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော ပဋ္ဌာန်းတရားတော်နှင့် ပုဒ်ပါဌ်အက္ခရာ မပျက်မစီး၊ ကျနညီညွတ် မှန်ကန်သည်ကို ငါ ရွတ်ဖတ်ဆို၏။ ငါ ရွတ်ဖတ်ဆိုတိုင်း မမှန်ခဲ့လျှင် ငါ၏ ဦးခေါင်းထက် စက်သွားရောက်သည် ဖြစ်စေသော်ဟု မိန့်တော်မူ၏။

ထိုအခါ နတ်က ဤသို့ဆို၏။ ဘုန်းတော်ကြီး၊ သင်ဆိုတိုင်း မှန်ပေ၏။ ငါလည်း သောတာပန်နတ် မှန်ပေ၏။ သို့သော်လည်း ဘုန်းတော်ကြီးကို မဆုတ်မနစ် အားသစ်၍ ထုတ်စိမ့်သောငှာ နှိမ့်၍ ငါဆိုပေသည်။ ကြိုးစား၍သာ ဘုရားဆုကို တောင်းပါဟု တိုက်တွန်း၍ ကွယ်လေ၏။

ထိုညဉ့်ကုန်၍ မိုးသောက်လျှင် နတ်တို့လှူသော ဆေး၊ ကွမ်း၊ လက်ဖက်များကို သုံးဆောင်ရ၏။ ထိုမှဆင်းသက်၍ အောက်စက်တော်ရာသို့ ရောက်သောအခါ ဆရာတော်တို့သည် ရှိခိုးပူဇော်ကြပြီးလျှင် တောင်ဘီလာ ဆရာတော်သည် ပံ့သုကူဒုကုဋ်သင်္ကန်းဖြင့် ခြေတော်ရာကို လွှမ်းအုပ်ပြီးလျှင် ဤသို့ သစ္စာမိန့်ဌာန်

ပြု၏။ ငါသည် ဘုရားဖြစ်မည်မှန်လျှင် ဤဒုကုဋ်သင်္ကန်း၌ တစ်ရှာ့ရှစ်ကွက်သော စက်လက္ခဏာတော်တို့သည် ထင်သည်ဖြစ်စေသတည်းဟု မိဋ္ဌာန်တော်မူသောအခါ ဒုကုဋ်သင်္ကန်းသည် ကြိုးကြာရုပ်ကဲ့သို့ထင်၍ ကုန်း၍ထ၏။

ထိုသို့ထသည်ကို မြင်လျှင် ဆရာတော်သည် ဤသို့ နိမိတ်ဖတ်၏။ ငါသည် ဧကန်ဘုရားဖြစ်မည် မှန်၏။ သို့သော် ကြိုးလည်း ကြိုးစား၊ ကြာလည်း ကြာလိမ့်မည်ဟု နိမိတ်ဖတ်တော်မူပြီးလျှင် စက်တော်ရာ နှစ်ဆူကို ချည်မျှင်ဖြင့် ဝိုင်းကွင်း၍ ယူဆောင်ခဲ့သဖြင့် အဝနေပြည်တော်သို့ ပြန်လည်၍ ရောက်လျှင် ချည်မျှင်ကွင်းကို မင်းအား ဆက်သွင်းရာ ရတနာရွှေကြုတ်၌ ထည့်သွင်း၍ အမြဲကိုးကွယ်ပူဇော်တော်မူ၏။ ထိုက စ၍ စက်တော်ရာ နှစ်ဆူသည် ယခုတိုင် တန်ခိုးထင်ပေါ်၏။

## အရှင်သုဓမ္မစာရီ မျက်စိကွယ်ခြင်း

ထို့နောက် အဝမြို့၊ မာရ်အောင်ရတနာမင်းလက်ထက်၊ သက္ကရာဇ် ၁၀၅၈–ခုနှစ်၊ သာသနာတော် ၂၂၄၀–ပြည့်နှစ်တွင်း လယ်ကိုင်းမြို့နေ ရှင်သုဓမ္မစာရီသည် အထက် စက်တော်ရာကို ကျောက်စွန်းတောင်မြိတ်ကျသည်နှင့် နောင် ရေဆိုးမိုးပြင်းအန္တရာယ်ဟို့ ပြုရာသည်တစ်ရပ်၊ ဆည်းကပ်ဖူးမြော် ပူဇော်လာသူတို့နေရာကျဉ်းကြပ်သဖြင့် ကျပေါက်သေကြေပျက်စီးရာသည်ဖြစ်၍ ကျယ်ဝန်းညီညွတ်ရာ တောင်လယ်သို့ ရွှေ့မည်ဟု ကျောက်ကို ဆစ်ဖြတ်ပြီးလျှင် ခြောက်ပေါက်စက်ဆင်၍ လူ ၄၀၀–ခန့်နှင့် အပြင်းဆွဲငင်ရာ ခြေတော်ရာသည် တစ်ထွာနှင့် လက်ရှစ်သစ်ခန့် ပဲ့ပြတ်၍ တောင်လယ်သို့ ပါလာလျှင် ရှင်သုဓမ္မစာရီသည် စက္ခုနှစ်ဖက်ကွယ်လေ၏။

ထိုအခါ မဏိပဗ္ဗတသေလဒေဝမည်သော တောင်စောင့်နတ် လာ၍ ဤသို့ဆို၏။ ရှင်သုဓမ္မစာရီ၊ သင်သည် စက္ခုတစ်ဖန်မြင်ပြန်လိုလျှင် ချထားတော်မူရင်း ကွဲပြတ်သည့် ခြေတော်ရာ အစိတ်ကို မြဲမြဲစွာ စပ်ထားပြီးလျှင် ချထားတော်မူရင်း ဖြစ်သော နေရာတွင် အပေါ်က အလျား ရှစ်တောင်၊ အနံ လေးတောင် ခြောက်သစ်ရှိသော စေတီကို ဖုံးအုပ်၍ တည်ထားရမည်။ သန့်စင်ကောင်းမြတ်သော ကျောက်ကို ခြေတော်ရာအသင် ထု၍ တောင်လယ်တွင် အထက်က ထားလျှင် သင်၏မျက်စိ တစ်ဖန် မြင်လတ္တံ့ဟု ပြောကြား၏။

ထိုသို့ နတ် ပြောကြားသောအခါ ရှင်သုဓမ္မစာရီသည် လယ်ကိုင်းမြို့နေ၊ နှမရှင်ဝကို အကြောင်းကြားပြီးလျှင် နတ်ပြောတိုင်းပြုက မျက်စိတစ်ဖန်မြင်ပြန်လေ၏။

# ရောပထ နဂါးမင်း၏ဆံတော်စေတီနှင့် ဘီလူး လေးယောက်တို့၏ မွေရှင်တော်စေတီ

__လောကသုံးပါး၌ တန်ဆောင်ဆီမီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်ထီးတည်း သီဟိုဠ်ကျွန်းသို့ ကြွတော်မူပြီးလျှင် မဟာမေဃဝန် ဥယျာဉ်တည်ရာအရပ်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗြဟ္မာမင်းအဟာန် ဖန်ဆင်းတော်မူပြီးလျှင် နတ်၊ နဂါး၊ ဘီလူးတို့ကို သရဏဂုံ ပဥ္စသီမင်္ဂိုလ်တို့၌ တည်စေပြီးလျှင် ပြာသိုလပြည့်နေ့၌ ဇမ္ဗူဒိပ်ကျွန်း ဖိုးဦးတောင်ထိပ်သို့ ကြွတော်မူခဲ့၍ ထိုတောင်၌နေသော သမ္ဘုလ္လဘီလူးသည် ခင်းထားအပ်သော ပတ္တမြားပလ္လင်ထက်၌ နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် သမ္ဘုလ္လဘီလူးနှင့် ထိုဘီလူး၏မယား ဖြစ်သော အဘိမုခီဘီလူးမနှင့်တကွ သစ္စာလေးပါးတရားကို ဟောတော်မူသဖြင့် သောတာပန်တည်စေ၍ အရံ ဘီလူးတစ်သိန်းတို့အား သရဏဂုံ ပဥ္စသီတည်ခြင်းသို့ ရောက်စေကုန်၏။ ထိုတောင်၏ ထိုမှာဘက်ကမ်း၌ အရံတောင် ကိုးလုံးနှင့်တကွ ဝေမိဿက၊ မုဟိန္ဒ၊ ဣန္ဒဝဟ တောင်ကြီးသုံးလုံးတို့သည် ရှိကုန်၏။ ထိုတောင်သုံးလုံးတို့၌ အရံ ဘီလူးတစ်ထောင်စီနှင့် တကွ နေကြကုန်သော ဝေသာမိတ္တ၊ ဣန္ဒိမန္တ၊ ဝေလုကန္တ ဟု ဆိုအပ်ကုန်သော ဘီလူးသုံးယောက်တို့သည် ရှိကုန်၏။ ၎င်းဘီလူးတို့၏ အထံသို့ လာ၍ သမ္ဘုလ္လဘီလူးသည် ယခု ဖိုးဦးတောင်သို့ ဘုရား ကြွလာကြောင်းကို ပြောကြားလေ၏။

ထိုဘီလူး သုံးယောက်တို့ကလည်း မိမိတို့၏ အဆွေခင်ပွန်းဖြစ်သော မိမိတို့၏ တောင်အောက်၌ နေသော ကုဋေတစ်သိန်းသော နဂါးအပေါင်းတို့ဖြင့် ခြံရံ၍ တင့်တယ်စွာနေသော ရောပထ နဂါးမင်းအား ယခု ဖိုးဦးတောင်သို့ ဘုရား ကြွလာကြောင်းကို ပြောကြားကြကုန်၏။

ထိုအခါ ဘီလူးသုံးယောက်နှင့်တကွ ရောပထ နဂါးမင်းသည် မိမိတို့၏ အခြွေအရံ ပရိသတ်ကိုယ်စီနှင့်တကွ လာကြ၍ ဖိုးဦးတောင်ထိပ်သို့ ရောက်လာကြသောအခါ သမ္ဘုလ္လဘီလူးသည် မြတ်စွာဘုရား အထံတော်သို့ ထိုဘီလူး၊ နဂါးတို့ကို ခေါ်၍ သွားပြီးလျှင် ဤဘီလူး၊ နဂါးတို့သည် အကျွန်ုပ်၏အဆွေ ခင်ပွန်း ဖြစ်ကုန်၏။ ထိုအဆွေခင်ပွန်းတို့အား တရားသဖြင့် ဆုံးမတော်မူပါဟု နားတော်လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည်လည်း ထိုဘီလူး၊ နဂါးတို့အား ဒါနကထာ၊ သီလကထာ အစရှိသော သစ္စာလေးပါးတရားတို့ကို ပြ၍ ဟောပြော ဆုံးမတော်မူလျှင် ထိုဘီလူးကြီး သုံးယောက်တို့သည် သောတာပန် တည်ကြလေကုန်၏။ ဧရာပထ နဂါးမင်းနှင့် တကွ ကြွင်းသော ဘီလူး၊ နဂါးတို့သည် သရဏဂုံ ပဥ္စသီလတည်ကြကုန်၏။

ထိုအခါ ဧရာပထ နဂါးမင်းသည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အရှင်ဘုရား၊ အရှင်ဘုရားသည် အကျွန်ုပ်တို့အား မပြတ်မလပ် ပူဇော်အပ်သော တစ်စုံတစ်ခုသော ကိုးကွယ်ရာကို သနားတော်မူခဲ့ပါဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူလျှင် ပတ္တမြားညိုအဆင်းနှင့် တူသော လေးဆူကုန်သော ဆံတော်ဓာတ်တို့သည် လက်တော်၌ ကပ်ငြိ၍ ပါကုန်၏။ ထိုကပ်ငြိ၍ ပါသော ဆံတော်ဓာတ်လေးဆူတို့ကို ဧရာပထ နဂါးမင်းအား ပေးအပ်တော်မူ၏။ ဧရာပထ နဂါးမင်းသည် ရွှေပန်းတောင်းဖြင့် ခံယူလေ၏။

အထ ခေါ ဘဂဝါ သီသံ ပရာမသိ၊ စတ္တာရော ကေသ-
ဓာတုယော ဟတ္ထေ လဂ္ဂိံသု၊ တေသံ နာဂရာဇဿ အဒါသိ၊ ဘဂဝါ
ဧတံ အဝေါစ "ဣမေ တုမှေ ပရိဟရထာ"တိ။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ သီသံ၊ ဦးခေါင်းတော်ကို။ ပရာမသိ၊ သုံးသပ်တော်မူ၏။ ပရာမသန္တေ၊ သုံးသပ်တော်မူသောအခါ၌။ စတ္တာရော၊ လေးဆူကုန်သော။ ကေသဓာတုယော၊ ဆံတော်ဓာတ်တို့သည်။ ဟတ္ထေ၊ လက်တော်၌။ လဂ္ဂိံသု၊ ကပ်ငြိကုန်၏။ တေသံ၊ ထိုကပ်ငြိကုန်သော ဆံတော်ဓာတ်လေးချောင်းတို့ကို။ နာဂရာဇဿ၊ ဧရာပထ နဂါးမင်းအား။ အဒါသိ၊ ပေးအပ်တော်မူ၏။ ဒတွာ၊ ပေးအပ်ပြီး၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တုမှေ၊ သင်တို့သည်။ ဣမေ၊ ဤဆံတော်ဓာတ်လေးဆူတို့ကို။ ပရိဟရထာတိ၊ လုပ်ကျွေးလေလော့ဟူသော။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။

သမ္မုလ္လဘီလူ ၊ ဝေသာမိတ္တဘီလူး၊ ဣန္ဒိမန္တဘီလူး၊ ဝေလုကန္တဘီလူး၊ လေး ယောက်တို့သည်လည်း ဧရာပထ နဂါးမင်းကဲ့သို့ အကျွန်ုပ်တို့အားလည်း တစ်စုံတစ်ခုသော ကိုးကွယ်ရာကို သနားတော်မူပါဟု လျှောက်တောင်းပန်ကြသောအခါ မြတ်စွာဘုရား သည်လည်း ထိုဘီလူးလေးယောက်တို့တွင် သမ္မုလ္လ

ဘီလူးအား ရှေးဦးစွာ ပေးသနားတော်မူလို၍ မျက်မှောက်တော် နှစ်ဖက်ကြား၌ ပေါက်ရောက်သော ဥဏ္ဏာလုံမွေရှင်တော် ရှစ်ဆူတို့တွင် နှစ်ဆူသော မွေရှင်တော်တို့ကို လက်ယာလက်တော်ဖြင့် ယူ၍ သမ္မုလ္လဘီလူးအား ပေးအပ်တော်မူ၏။ သမ္မုလ္လဘီလူးလည်း ရွှေကြုတ်ဖြင့် ခံယူလေ၏။

ထို့နောက် ချက်တော်ကို လက်ဝဲလက်ဖြင့် သုံးသပ်တော်မူပြီးလျှင် သုပုပ္ပိက၊ ကုမုဒ၊ ပဒုမ၊ ပုဏ္ဍရိကဟု အမည်လေးမည်ရသော သုပုပ္ပိက မွေရှင်တော် နှစ်ဆူကို လက်ဝဲလက်တော်ဖြင့် ယူ၍ သမ္မုလ္လဘီလူးအား ပေးအပ်တော်မူပြန်၏။ သမ္မုလ္လဘီလူးသည်လည်း ပတ္တမြားကြုတ်ဖြင့် ခံယူလေ၏။

ထို့နောက် ဝေသာမိတ္တဘီလူးအား ပေးလို၍ ရင်အုပ်တော် နှစ်ဖက်၌ တစ်ဖက်လျှင် ရှစ်ဆူစီ ပေါက်ရောက်ကုန်သော မွေရှင်တော်တို့တွင် လက်ယာဘက်က တစ်ဆူ၊ လက်ဝဲဘက်က တစ်ဆူ၊ ၎င်းသိကြား ဦးသျှောင်မည်သော မွေရှင်တော် နှစ်ဆူကို ယူ၍ ဝေသာမိတ္တဘီလူးအား ပေးအပ်တော်မူ၏။ ၎င်းဘီလူးသည် မြကြုတ်ဖြင့် ခံယူလေ၏။

ထို့နောက် ဣန္ဒိမန္တဘီလူးအား ပေးလိုပြန်၍ လူမျက်စိမက နတ်မျက်စိမှ မြင်စွမ်းနိုင်သော အလွန်နူးညံ့ သိမ်မွေ့စွာသော လက်ခုံတော်နှစ်ဖက်မှ ရှစ်ဆူစီ ပေါက်ရောက်သော သာရစိန္တ မွေရှင်တော်ကို တစ်ဖက်တစ်ဆူစီ ယူ၍ ဣန္ဒိမန္တ ဘီလူးအား ပေးအပ်တော်မူ၏။ ၎င်းဘီလူးသည် ကျောက်မျက်ရွဲကြုတ်ဖြင့် ခံယူလေ၏။

ထို့နောက် ဝေလုကန္တဘီလူးအား ပေးလို၍ ခြေဖမိုးတော် နှစ်ဖက်မှ ရှစ်ဆူစီ ပေါက်ရောက်သော အလွန်နူးညံ့ သိမ်မွေ့သေးသွယ်သော မာရဘင် မွေရှင်တော်ကို တစ်ဖက် တစ်ဆူစီ ယူ၍ ဝေလုကန္တဘီလူးအား ပေးအပ်တော်မူ၏။ ၎င်းဘီလူးသည် ဣန္ဒနီလာကြုတ်ဖြင့် ခံယူလေ၏။

ထိုအခါ ဧရာပထ နဂါးမင်းလည်း မြတ်စွာဘုရားအား ဤသို့ လျှောက်၏။ အရှင်ဘုရား၊ ဤဆံတော်ဓာတ် လေးဆူတို့ကို အကျွန်ုပ်၏ နေရာဖြစ်သော မဟာသမုဒ္ဒရာ၌ ရတနာခုနစ်ပါးဖြင့်ပြီးသော တစ်ယူဇနာရှိသော စေတီကြီးကို တည်၍ ကိုးကွယ်လိုပါသည်ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဧရာပထ နဂါးမင်း၊ ငါ၏ ဆံတော်တို့ကို သင်တို့၏ နဂါးပြည်၌ စေတီတည်၍ ကိုးကွယ်ခဲ့သော် အမျိုးလေးပါးတို့သည် ကိုးကွယ်ပူဇော်ခြင်းကို မရ၊ လူ့ပြည်၌သာ စေတီတည်၍ ကိုးကွယ်ပူဇော်အပ်၏ဟု မိန့်တော်မူ၏။

ရောပထ နဂါးမင်းသည် အရှင်ဘုရား၊ ဤလူ့ပြည်မှာ အဘယ်အရပ်၌ စေတီတည်အပ်ပါသနည်းဟု လျှောက်၏။

ထိုသို့လျှောက်သောအခါ မြတ်စွာဘုရားသခင်သည် ရှေး၌ နေဖူးဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ် ဘဝအစဉ်ကို ပုဗ္ဗေနိဝါသ ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူခြင်း၊ နောက်နောက်သောအခါ သာသနာတော် ငါးထောင် တည်အံ့သည်ကို ရှုဆင်ခြင်တော်မူခြင်းတည်းဟူသော အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူပြန်သည်ရှိသော် ဤသုဒဿနဂိရိတောင်သည် ရှေးနောင်တော်ဖြစ်သော ကက္ကုသံမြတ်စွာဘုရား၏ ပရိဘောဂစေတီဟု ဆိုအပ်သော ဒုကုဋ်တော်၊ ကောဏာဂုံမြတ်စွာဘုရား၏ ပရိဘောဂစေတီဟု ဆိုအပ်သော အံသကိုဋ်သင်္ကန်းတော်၊ ကဿပမြတ်စွာဘုရား၏ ပရိဘောဂစေတီတော်ဟု ဆိုအပ်သော ခါးပန်းတော်စသည်တို့၏ ဌာပနာရာဟု မြင်တော်မူ၏။

ထိုမှတစ်ပါး ငါဘုရား၏ အလောင်းတော်လည်း ဖွတ်မင်း၊ ယုန်မင်း၊ ကြက်မင်း၊ ဟင်္သာမင်းအဖြစ်တို့၌ ထိုသုဒဿနဂိရိတောင်၌ပင် ဖြစ်ခဲ့ဖူးသည်ကို မြင်တော်မူပြန်၍ နဂါးမင်းအား ဤသို့မိန့်တော်မူ၏။

နဂါးမင်း၊ ဤနေ့မှစ၍ ငါးဆယ့်ကိုးရက်သို့ ရောက်လျှင် အဇ္ဇိက၊ ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ရောက်လာကုန်လတ္တံ့၊ ထိုကုန်သည်ညီနောင်နှစ်ယောက်တို့အား ဆံတော်ဓာတ်တို့ကို ပေးအပ်ပြီးလျှင် ထိုသူနှစ်ယောက်တို့နှင့်တကွ တိုင်ပင်ကြ၍ ဤသုဒဿနဂိရိတောင်၌ တည်ထားကိုးကွယ်ကြလေဟု မိန့်တော်မူ၏။

ထို့နောက် သမ္ဗုလ္လဘီလူးအား ဤသို့မိန့်တော်မူ၏။ သမ္ဗုလ္လဘီလူး၊ ဤသီဟပဗ္ဗတမည်သော ဖိုးဦးတောင်ထိပ်၌ ငါဘုရား၏ အလောင်းတော်သည် ခြင်္သေ့မင်းဖြစ်စဉ်အခါ နေခဲ့ဖူးသောတောင်ဖြစ်၍ ဥဏ္ဏာလုံမွေရှင်တော် တစ်ဆူ၊ သုပုပ္ဖိကမွေရှင်တော် တစ်ချောင်း ဤနှစ်ချောင်းသော မွေရှင်တော်တို့ကို ဤသီဟပဗ္ဗတမည်သော ဖိုးဦးတောင်ထိပ်၌ စေတီတည်၍ ကိုးကွယ်လေလော့၊ ကြွင်းသောနှစ်ချောင်းသော မွေရှင်တော်တို့ကို သုဒဿနဂိရိတောင်၌ စေတီတည်လေလော့ဟု မိန့်တော်မူ၏။

ကြွင်းသော ဘီလူးသုံးယောက်တို့အားလည်း ဤသို့မိန့်တော်မူ၏။ ဘီလူးတို့၊ သင်တို့အား ငါဘုရားသည် ပေးအပ်တော်မူသော မွေရှင်တော် ခြောက်ဆူ

တို့ကိုလည်း သုဒဿနဂိရိတောင်၌ တစ်ဆူတည်းပေါင်း၍ စေတီတည်ကြလေလော့ဟု မိန့်တော်မူ၏။

ဤသုဒဿနဂိရိတောင်သည် ကကုသန်မြတ်စွာဘုရားလက်ထက် လေးယူဇနာမြင့်၏။ ဓမ္မသေန ရဟန္တာသည် ခြောက်သောင်းသော တပည့်တို့နှင့် တကွနေရာဖြစ်သောကြောင့် ဓမ္မသေနပဗ္ဗတောင်ဟု တွင်၏။

ကောဏာဂုံ မြတ်စွာဘုရားလက်ထက် သုံးယူဇနာမြင့်၏။ ကေသဘရသေ့သည် တစ်သောင်းနှစ်ထောင်သော တပည့်တို့နှင့်တကွ နေရာဖြစ်သောကြောင့် ဣသိဂိလိတောင်ဟု တွင်၏။

ကဿပမြတ်စွာဘုရားလက်ထက် နှစ်ယူဇနာမြင့်၏။ မန္ဒာသရ နဂါးမင်းသည် နဂါးအပေါင်းနှင့်တကွ တောင်ရံ တောင်ခြေ၌ နေသည်ကို အကြောင်းပြု၍ မန္ဒာဂိရိတောင်ဟု တွင်၏။

ငါတို့မြတ်စွာဘုရားလက်ထက် တစ်ဥဿဘမြင့်၏။ သုဒဿန ပစ္စေကဗုဒ္ဓါ အမှူးရှိသော ငါးရာသော အရှင် ပစ္စေကဗုဒ္ဓါတို့သည် ရံခါမပြတ် သီတင်းသုံးရာ ဖြစ်သောကြောင့် သုဒဿနဂိရိဟု တွင်၏။

## ဆံတော်ဓာတ်ကိုသိကြားမင်းယူဆောင်သွားခြင်း

ထို့နောက် ဘီလူးလေးယောက်တို့သည် မွေရှင်တော်ဓာတ်တို့ကို ရွှေကြုတ် ပတ္တမြားကြုတ်တို့ဖြင့် ထည့်သွင်းကြကုန်၏။ ဧရာပထ နဂါးမင်းသည် ဤသို့ ကြံ၏။ မြတ်စွာဘုရား ဆံတော်ဓာတ် လေးဆူတို့ကို နဂါးပြည်၌ဖြစ်သော ရတနာထက် နတ်ပြည်၌ဖြစ်သော ရတနာသည် အလွန်ကောင်းမြတ်၏။ ထို့ကြောင့် ငါသည် သိကြားမင်းထံသွား၍ ဆံတော်ဓာတ်ထည့်သွင်းရန် ကြုတ်ကို တောင်းအံ့ဟု ကြံ၏။

ထိုအကြံကို သိကြားမင်း သိ၍ ရွှေကြုတ်၊ ပတ္တမြားကြုတ်၊ ကြောင်မျက်ရွဲ ကြုတ်၊ ပုလဲကြုတ်၊ သန္တာကြုတ်၊ ရတနာခုနစ်ပါးဖြင့် ပြီးသော ကြုတ်၊ စန္ဒကူး ကြုတ်၊ ထိုခုနစ်လုံးသော ကြုတ်တို့ကို အဆောတလျင် ယူဆောင်ခဲ့၍ နဂါးမင်းအား "နဂါးမင်း၊ တစ်စုံတစ်ခု ထည့်သွင်းလိုမူ ဤခုနစ်လုံးသော ကြုတ်တို့ကို ယူလော့" ဟု ပေး၏။ ဧရာပထ နဂါးမင်းသည်လည်း သိကြားမင်းသည် ပေးအပ်သော ခုနစ်လုံးသော ကြုတ်တို့ကို အဆင့်ဆင့် ဆင့်၍ ထည့်သွင်းပြီးလျှင် နဂါးပြည်၌ ဖြစ်သော မြကြုတ်ကို အပေါ်က ဖုံးအုပ်၍ ထားလေ၏။

မိမိတို့၏နေရာ ဝေသာမိဿက အစရှိသော တောင်တို့၏ အောက်၌ လည်းကောင်း၊ မဟာသမုဒ္ဒရာသို့လည်းကောင်း၊ ဘောဂဝတီ၊ ဟိရညဝတီ၊ အရဏဝတီ၊ စန္ဒနဝတီဟု ဆိုအပ်သော ဝိရူပက္ခနဂါးမင်း၏ နေရာ၊ ဆဗျာပုတ္တ နဂါးမင်း၏ နေရာ၊ ဂဏှာဂေါတမ နဂါးမင်း၏ နေရာ၊ ဧရာပထ နဂါးမင်း၏ နေရာဖြစ်သော အရဏဝတီပြည်သို့လည်းကောင်း၊ ရတနာအထိပြီးသော ရထား ထက်သို့ ခုနစ်လုံးသော ကြုတ်တို့ကို တင်၍ လှည့်လည်ပြီးလျှင် မိမိ၏ နဂါး ပြည်ဖြစ်သော ထက်ဝန်းကျင် အတောင် (၈၀) ထွန်းတောက်ပနိုင်သော မြကြုတ် ကို ဖုံးအုပ်ပြီးလျှင် ရတနာအတိ ပြီးသော သုံးထောင်ခုနစ်ရာ့ ခြောက်ဆယ့် ရှစ်တောင် အစောက်ရှိသော ရထားထက်တွင် ကိန်းဝပ်စေပြီးလျှင် နဂါးမင်း လေးမျိုးတို့သည် ကုဋေတစ်သိန်းစီသော အခြွေအရံတို့နှင့်တကွ ရွှေပန်း၊ ငွေပန်း၊ ပတ္တမြားပန်း၊ ရတနာခုနစ်ပါးဖြင့်ပြီးသော ပန်း၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာ၊ တန်ဆောင်းပြာသာဒ်တို့ဖြင့် ပူဇော်လျက် ငါးဆယ့်ကိုးရက်သို့ မရောက် သရွေ့ ငံ့ဆိုင်း၍ နေကြကုန်၏။

သိကြားမင်းသည် ဧရာပထ နဂါးမင်းအား ကြုတ်ခုနစ်လုံးတို့ကို ပေးအပ်ပြီး လျှင် ဆံတော်လေးဆူကို လက်ယာရစ်သုံးပတ်လှည့်၍ ရှိခိုးပူဇော် ဖူးမြော်ပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။

ထိုအခါ မိဖုရားသုဇာသည် သိကြားမင်းအား အရှင်သိကြားပင်းသည် အတန်ငယ် ကွယ်ပျောက်သည်ကား အဘယ်အရပ်သို့ သွားလေသနည်းဟု မေးသောအခါ သိကြားမင်းက သင်မိဖုရား၊ ငါသည် မြတ်စွာဘုရား၏ ဆံတော် ဓာတ်မြတ် လေးဆူတို့ကို ထည့်သွင်းရန် ခုနစ်လုံးသော ကြုတ်တို့ကို ဧရာပထ နဂါးမင်းအား ပေးအပ်ချေသည်။ ဆံတော်ဓာတ်မြတ် လေးဆူတို့ကိုလည်း ရှိခိုး ပူဇော် ဖူးမြော်ခဲ့သည်ဟု ပြော၏။

ထိုအခါ မိဖုရားသုဇာနှင့်တကွသော နတ်မိဖုရား လေးယောက်တို့သည် အရှင်သိကြားမင်း၊ ကျွန်ုပ်တို့လည်း ဆံတော်ဓာတ်ကို ရှိခိုးပူဇော်ဖူးမြော်လိုပါသည်။ အကျွန်ုပ်တို့၏ တာဝတိံသာ နတ်ရွာသို့ ပင့်ဆောင်ယူတော်မူပါဟု လျှောက်ထား ကြသောအခါ သိကြားမင်းသည် ဝန်ခံ၍ နဂါးပြည်သို့ လာခဲ့၏။

နဂါးအပေါင်းတို့သည်လည်း ဆံတော်ဓာတ်မြတ်လေးဆူတို့ကို အလယ် ၌ထားပြီးလျှင် ကခုန်မြူးထူးကြလျက် ပန်း၊နံ့သာ အခိုးအထုံ နံ့သာပျောင်းတို့

ဖြင့်လည်းကောင်း၊ နတ်တို့၏ စည်၊ စောင်း၊ ငြင်း၊ ဒုံမင်း၊ ခရာ၊ ပတ်သာ မုရိုး၊ အငြိမ့်မျိုးတို့ဖြင့်လည်းကောင်း၊ တီးမှုတ်ကခုန်ကြလျက် ပူဇော်ခြင်းကို ပြုကြကုန်၏။

ထိုအခါ သိကြားမင်းသည် မိမိ၏ တန်ခိုးအားဖြင့် ဆံတော်ဓာတ်ကို ကြွတ်နှင့်တကွ ယူဆောင်ခဲ့၍ တာဝတိံသာနတ်ပြည်သို့ ရောက်လျှင် သုဓမ္မာ ဇရပ်ဝယ် နတ်သဘင်အလယ်၌ ထားလေ၏။

နဂါးတို့သည် ဆံတော်ဓာတ်ကြွတ်နှင့်တကွ ကွယ်ပျောက်ခဲ့ပြီတကားဟု ငိုကြွေးမြည်တမ်းကြကုန်၏။ ရောပထ နဂါးမင်းနှင့်တကွသော ကုဋေတစ်သိန်း မက ကုန်သော နဂါးအပေါင်းတို့တွင် အချို့သော နဂါးတို့သည် ပံသုပထဝီတို့၌ ရှာကြကုန်၏။ အချို့သော နဂါးတို့သည် တောင်စဉ်ခုနစ်ထပ်၊ သီတာခုနစ်တန်၊ အိုင်ကြီးခုနစ်အိုင်၊ ဂင်္ဂါငါးမည်၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ် ငါးရာတို့၌ ရှာကြ ကုန်၏။ အချို့သော နဂါးတို့သည် သမုဒ္ဒရာလေးစင်း စကြဝဠာတိုင်အောင် ရှာကြကုန်၏။

ထိုသို့ရှာ၍ မရကြကုန်သည် ရှိသော် ညှိုးနွယ်ပင်ပန်း ကိုယ်ရိနွမ်းလျက် ငေးမှိုင်ခွေရစ် စိတ်စက်ညစ်သဖြင့် ခေါင်းချင်းဆိုင်၍ နေကြသောအခါ ရောပထ နဂါးမင်းသည် ဤသို့ဆို၏။ "အချင်းတို့၊ သင်တို့သည် စိုးရိမ်ပင်ပန်း ညှိုးနွမ်း ခြင်းကို မပြုကြကုန်လင့်၊ မြတ်စွာဘုရားသခင်သည် ငါတို့အား ဤသို့ မိန့်မှာတော် မူ၏။ ရောပထ၊ သမ္ဗုလ္လစသော သင် နဂါး ဘီလူးတို့သည် ငါဘုရား၏ ဆံတော် ဓာတ်ကို ပေးအပ်သည်နေ့မှစ၍ ငါးဆယ့်ကိုးရက်နေ့သို့ ရောက်လျှင် အနွဲ့က၊ ဘလ္လိက ကုန်သည်ကြီးညီနောင်နှစ်ယောက်တို့သည် တစ်ယောက်လျှင် သင်္ဘော တစ်စီးစီနှင့် ရောက်လာကုန်လတ္တံ့။ ထိုကုန်သည်ညီနောင်နှစ်ယောက်တို့အား ငါဘုရား၏ ဆံတော်ဓာတ်ကို ပေးအပ်ပြီးလျှင် ထိုကုန်သည်ညီနောင် နှစ်ယောက် တို့နှင့် အတူတကွ သင်တို့ ခုနစ်ယောက်တို့သည် အညီအညွတ်တိုင်ပင်၍ ဤ သုဒဿနဂိရိတောင်၌ စေတီတည်ပြီးလျှင် ကိုးကွယ်ကြလေ" ဟု ငါတို့အား မိန့်မှာတော်မူခဲ့သည်။ ထိုအမိန့်အရ ယခုလည်း ငါးဆယ့်ကိုးရက်သို့ မကျမရောက် သေးဟု ဆို၏။ ထိုအခါမှ နဂါးတို့သည် သက်သာရာကို ရကြကုန်၏။

## ဆံတော်ဓာတ်သည် ဖိုးဦးတောင်၏ တစ်ဘက်ကမ်း ကုန်းမြင့်အထက် ကောင်းကင်၌တည်လာခြင်း

ဆံတော်ဓာတ်သည် သုဓမ္မာနတ်သဘင်၌ လူတို့၏အရေအတွက် ခုနစ်ရက်၊ ထို့နောက် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ လူတို့၏အရေအတွက် ခုနစ်ရက်၊ ၎င်းတစ်ဆယ့်လေးရက်တို့ဖြင့် နတ်တို့၏ ပူဇော်အထူးကို ခံပြီးလျှင် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကဲ့သို့ ကြွတော်မူ၍ သင်္ကာသနဂိုရ်ပြည်သို့ သက်ဆင်းတော်မူရာ စောင်းတန်းဦးတည်လတ္တံ့သော အရပ်၏အထက်၊ ထန်းခုနစ်ဆင့်ခန့်မျှ မြင့်သော ကောင်းကင်ပြင်၌ လူတို့၏ အရေအတွက် ခုနစ်ရက်၊ ဤသို့သောနည်းဖြင့် တာဝတိံသာနတ်ပြည်၌ လူတို့၏အရေအတွက် တြိသတ္တာဟ နှစ်ဆယ့်တစ်ရက်နေတော်မူပြီးလျှင် အလိုအလျောက် လူ့ပြည်သို့ ဆင်းသက်တော်မူသောအခါ သိကြားမင်း၊ မာတလိ၊ ဝိသုကြံ စသော နတ်၊ ဗြဟ္မာအပေါင်းတို့ဖြင့် ခြံရံလျက် နတ်ပြည်မှ ဆင်းသက်တော်မူလတ်သော် သီဟပဗ္ဗတ အမည်ရှိသော ဖိုးဦးတောင်၏ ထိုမှာဘက်ကမ်း၌ သာယာသော ကုန်းသည် ရှိ၏။ ထိုကုန်း၏ အထက်ဖြစ်သော ထန်းခုနစ်ဆင့်ခန့်မျှရှိသော ကောင်းကင်အရပ်၌ ပန်းဆိုင်းဆွဲသကဲ့ကို တည်တော်မူကုန်၏။ ထိုအခါ နတ်၊ ဘီလူး၊ နဂါးတို့သည် စည်၊ စောင်း၊ ငြင်း၊ ဒုံမင်း၊ ခရာ၊ ပတ်သာ၊ မုရိုး၊ တံပိုးတို့ကို တီးမှုတ်လျက် ပူဇော်ခြင်းကို ပြု၍ နေကြကုန်၏။

## အဋ္ဌကာ၊ဘလ္လိက ကုန်သည်ညီနောင်တို့ရောက်လာပြီး ဆံတော် မွေရှင်တော်တို့ကိုတောင်ထိပ်သို့တင်ခြင်း

ထိုအခါ အဓိပစ္စယ ရမ္မာဝတီမြို့သား အဋ္ဌကာ၊ ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်တို့သည် တစ်ယောက် သင်္ဘော တစ်စင်းစီဖြင့် ဝါဏိဇ္ဇဂါမ၊ ယောနကတိုင်းသို့ ကုန်ရောင်းလာလတ်သော် အဝေးမှသည် မြတောင်ကဲ့သို့ ထင်ကြကုန်၏။ ထိုအခါ သင်္ဘောသားတို့ တိုင်ပင်၍ မြတောင်ကဲ့သို့ ထင်ရာအရပ်ကို ရှုက်ဖွင့်လတ်သော် ထိုအရပ်၌ ထန်းခုနစ်ဆင့်ခန့် ရှိသော ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ မြကြုတ်ပေါ်တွင် ဗုဒ္ဓနိမ္မိတဖြစ်သော ဘုရား၏ အသွင်သဏ္ဌာန်တော်သည် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။ ရံခါလည်း

ကွယ်တော်မူ၏။ ရံခါလည်း ကိုယ်တော်ကို ပြတော်မူ၏။ ရံခါလည်း ကြုတ်နှင့် တကွ ကွယ်တော်မူ၏။ ရံခါလည်း ကြုတ်ပေါ်၌ ပလ္လင်ဖြစ်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို ပြတော်မူ၏။

ထိုအခါ သိကြား၊ ဗြဟ္မာ၊ နတ်တကာနှင့်တကွ နဂါး၊ ဘီလူးတို့၏ ပူဇော် ကန်တော့သည်ကို မြင်ရလျှင် အဇ္ဈိက၊ ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်နှင့် တကွသော သဘော်သားတို့သည်လည်း ပူဇော်ကန်တော့ကြကုန်၏။

ထိုအခါ နဂါး၊ ဘီလူး ငါးယောက်တို့သည် လှမင်း၏အသွင်ကို ဖန်ဆင်း ပြီးလျှင် ထိုသူတို့၏ အထဲသို့လာ၍ အမောင်တို့၊ သင်တို့၏ အမည်သည် အဘယ်သို့ခေါ်သနည်းဟု မေးကြကုန်၏။

အကျွန်ုပ်တို့၏ အမည်သည် အဇ္ဈိက၊ ဘလ္လိက ခေါ်ပါသည်ဟု ဖြေဆိုကြရာ အချင်းတို့၊ ထိုသို့တပြီးကား မြတ်စွာဘုရားသခင်သည် ဆံတော်ဓာတ် လေးဆူ တို့ကို ငါတို့အား ပေးသနားတော်မူခဲ့သည်။ ထိုဆံတော်ဓာတ်လေးဆူတို့ကို သင်တို့နှစ်ယောက်အား ပေးအပ်ပြီးလျှင် သင်တို့နှင့်တကွ ငါတို့ငါးယောက် ပေါင်း ခုနစ်ယောက်တို့သည် အညီအညွတ်ပြု၍ သုဒဿနဂိရိတောင်ထိပ်၌ စေတီတည်ကြလေလော့ဟု ဗျာဒိတ်ထားတော်မူခဲ့သော အကြောင်းကိုလည်း ကောင်း၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတို့ကိုလည်းကောင်း ပြောဆိုကြသော အခါ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ပြီးလျှင် ကောင်းချီး တစ်ထောင် တို့ဖြင့် အံ့ဩချီးမွမ်းလျက် “ငါတို့ လူဖြစ်ခြင်းသည် အရတော်လေစွတကား၊ ငါတို့ လူဖြစ်ခြင်းသည် ကောင်းသော လူဖြစ်ခြင်းပါတကား” ဟု ဝမ်းမြောက် ဝမ်းသာ ရှိကြကုန်၏။

ထိုအခါ ကုန်သည်ညီနောင်နှစ်ယောက်တို့က အရှင်မင်းများတို့၊ မြတ်စွာ ဘုရား၏ ဆံတော်ဓာတ်သည် ထန်းခုနစ်ဆင့်ရှိသော ကောင်းကင်၌ တည်ကုန် ၏။ အဘယ်သို့ ဆောင်ယူရပါအံ့နည်းဟု ဆို၏။

အချင်းတို့၊ သင်တို့သည် သာသနာတော်ကို ချီးပင့်ထိုက်သောသူများ ဖြစ်ကြလျှင် ဤဆံတော်ဓာတ်သည် သင်တို့၏ ရွှေပန်းတောင်း၌ တည်လာလတ္တံ့၊ သစ္စာဓိဋ္ဌာန်ပြုကြလော့ဟု ဆိုကြကုန်၏။

ထိုအခါ ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ရွှေပန်းတောင်းကိုယ်စီ ရွက်ပြီးလျှင် ရှိခိုးလျက် သစ္စာဓိဋ္ဌာန်ပြု၍ “ဤရွှေပန်းတောင်းသို့ သက်တော်

မူပါလော့”ဟု လျှောက်ထားတောင်းပန်သောအခါ ကောင်းကင်မှသည် တရွေ့ရွေ့ သက်ဆင်းတော်မူပြီးလျှင် ထိုအရပ်မှ တစ်ကောသ (အတောင် ၂၀၀၀) လောက်ကွာသောအရပ်တွင် ပတ္တမြားဖြင့်ပြီးသော အတောင် (၆၀) မြင့်သော ဝါးတစ်လုံး၊ ထိုဝါးကို ရံ၍ ပေါက်သော ရွှေအဆင်းရှိသော အတောင်(၅၀)မြင့်သော ဝါးလေးလုံး၊ ထိုဝါးကို ရံ၍ ပေါက်သော သန္တာအဆင်းရှိသော အတောင် (၄၀) မြင့်သော ဝါးရှစ်လုံး၊ ထိုဝါးကို ရံ၍ ပေါက်သော မြအဆင်းရှိသော အတောင် (၃၀) မြင့်သော ဝါး တစ်ဆယ့်ခြောက်လုံး၊ ထိုဝါးကို ရံ၍ ပေါက်သော ငွေအဆင်းရှိသော အတောင်(၂၀)မြင့်သော ဝါးသုံးဆယ့်နှစ်လုံး၊ ထိုးဝါးကို ရံ၍ ပေါက်သော ရတနာဖြင့်ပြီးသော အတောင် (၂၀) မြင့်သော ခြောက်ဆယ့်လေးလုံးသော ဝါးတို့သည် ပေါက်ကုန်၏။ ဤသို့ တစ်ရံတည်း၌ (၁၂၅) လုံးပေါက်သော ဝါးပဒေသာပင်၏ အထက်၌ တန့်ရပ်တော်မူပြန်၏။

ထိုဝါးပဒေသာပင်၏ အထက်၌ ခုနစ်ရက်တိုင်တိုင် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကဲ့သို့ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူကုန်၏။ ထိုအခါ ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ရွှေပန်းတောင်း ကိုယ်စီ ရွက်၍ ငါတို့ညီနောင်နှစ်ယောက်တို့သည် ဤသာသနာတော်တွင်း၌ အကျွတ်တရားကို ရမည့်သူဖြစ်အံ့၊ ဤသာသနာတော်ကို ချီးမြှောက်ထောက်ပံ့နိုင်သူဖြစ်အံ့။ ဤဆံတော်ဓာတ်တို့သည် ဤရွှေပန်းတောင်းထက်သို့ ဆင်းသက်တော်မူပါစေသတည်းဟု သစ္စာဓိဋ္ဌာန် ပြုကြသောအခါ ထိုဝါးပဒေသာမှ ဆင်းသက်တော်မူ၍ ကြွတ်နှင့်တကွနောင်တော် ရွှေပန်းတောင်း၌ ဆံတော်နှစ်ဆူ၊ ညီတော် ရွှေပန်းတောင်း၌ ဆံတော်နှစ်ဆူစီ တည်လာကုန်၏။

ထိုအခါ နဂါး၊ ဘီလူး လေးယောက်၊ ညီနောင်နှစ်ယောက်၊ သိကြား၊ မာတလိ၊ ဝိသုကြံ၊ ရူဠ ရထ၊ မဟာရထ၊ အနေကဝဏ္ဏ၊ သောမ၊ ရာမ၊ ဝရဏ၊ ဤသာန၊ ပဇာပတိ၊ စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့နှင့်တကွ တိုင်ပင်ကြပြီးလျှင် သင်္ဘောထက်သို့ တင်၍ နတ်၊ နဂါး၊ ဘီလူး၊ သိကြား၊ ဗြဟ္မာ၊ အသုရာ၊ ဂန္ဓဗ္ဗတို့ဖြင့် ခြံရံလျက် သိကြားမင်းသည် ညွှန်ပြအပ်သော လမ်းခရီးဖြင့် သင်္ဘောဖြင့် စုံခဲ့ရာ ပြည်သို့ ဆိုက်ရောက်၍ သုဒဿနဂိရိတောင်ထိပ်သို့ ဆံတော်ဓာတ်နှင့်တကွသော မွေရှင်တော်ဓာတ်တို့ကို တင်လေကုန်၏။

# ဆံတော်ဓာတ်ကိုစေတီတည်ခြင်း

ထိုအခါ သိကြားမင်းသည် ဤသို့ဆင်ခြင်၏။ ဤနေရာအရပ်သည်ကား– ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂစေတီတည်ရာ အရပ်တည်းဟု မှတ်ပြီးလျှင် အတောင် (၈၀) နက်သော တွင်းကို တူး၏။ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် နဂါး၊ ကုမ္ဘန်၊ ရက္ခိုသ်၊ ရက္ခဖိုး၊ အာကာသဖိုးတို့နှင့်တကွ အရပ်လေးမျက်နှာက စောင့်ရှောက်ကြကုန်၏။ သိကြားမင်းသည် ဤသုဒဿန ဂိရိတောင်၌ ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂစေတီ ရှိမရှိကို ကြည့်လတ်သော် တစ်ယူဇနာနက်သောအရပ်၌ ၎င်းစေတီ ၃–ဆူတို့ကို မမြင်။ ရွှေအိမ်သုံးဆူကိုသာ မြင်ကုန်၏။ ၎င်းဒုကုဋ်၊ သင်းပိုင်၊ (ဝါ) အံသကိုဋ်၊ ခါးပန်းတို့ကို ဝေဟပ္ပိုလ် ဗြဟ္မာတို့သည် ဆောင်ယူ၍သွားကြသောကြောင့် မမြင်ကုန်။

ထိုအခါ သိကြားမင်းသည် ရွှေအိမ် သုံးဆူတို့ကို မိမိ၏ တန်ခိုးဖြင့် တစ်ယူဇနာ နက်သော အရပ်မှ အပေါ်သို့ ယူဆောင်လေ၏။ သိကြားမင်းနှင့် တကွသော ဘီလူး၊ နဂါးတို့သည် ထိုရွှေအိမ် သုံးဆူတို့ကို ပူဇော်ကန်တော့ကြ ကုန်၏။

ငါတို့ မြတ်စွာဘုရား၏ နိသီဒိုင်တော်နှင့်တကွ ဆံတော်ဓာတ် မွေရှင်တော် တို့ကို ထည့်သွင်းရန် အလျားလည်းကောင်း၊ အနံလည်းကောင်း၊ အစောက်လည်း ကောင်း၊ ခြောက်တောင်၊ ရတနာဆယ်ပါးဖြင့် ပြီးသော ရွှေအိမ်ကို သိကြားမင်းနှင့် တကွ နတ်၊ နဂါး၊ ဘီလူးအပေါင်းတို့သည် စီရင်ပြုလုပ်ကြကုန်၏။ ထိုသို့ပြုပြီး သောအခါ ဟိမဝန္တာတောင်၏ အထက်၌ ရှိသော အိုင်ကြီး ခုနစ်အိုင်တို့တွင် မန္ဒာကိနီအိုင်၏ အနီး၊ သေလာဂိရိတောင်၏ နံပါး၌ စိုက်ထားအပ်သကဲ့သို့ ရှိသော နေအရဏ် အဆင်းနှင့်တူသော အလျားအတောင် (၈၀)၊ အနံအတောင် (၄၀)၊ ထု (၁၂) တောင်ရှိသော ကျောက်ဖျာကြီးကို သိကြားမင်းသည် ဝိသုကြို နတ်သားအား ဆောင်ယူစေ၏။

အနောတတ္တအိုင်၏ အရံဖြစ်သော တောင်ငါးလုံးတို့တွင် ဂန္ဓမာဒနတောင်၏ အရှေ့ယွန်းအရပ်၌ နန္ဒမူလိုဏ် သုံးခုရှိ၏။ ထိုလိုဏ်သုံးခု၏ အနီး မဥ္ဇူသကသစ်ပင် သည် ရှိ၏။ ထိုသစ်ပင်နှင့် မနီးမဝေးသော အရပ်၌ရှိသော အလျား အတောင် ၈၀၊ အနံ အတောင်–၄၀၊ ထု ၁၂–တောင်၊ တစ်ဘက်က ရွှေရောင်၊ တစ်ဘက်က ပဲနောက်စေ့ အဆင်းရှိသော ကျောက်ဖျာကြီးကို သိကြားမင်းသည် မာတလိ နတ်သားအား ဆောင်ယူစေ၏။

အနော်တတ္တအိုင်မှ ဆင်၊ မြင်း၊ ခြသေ့်၊ နွားခံတွင်းတို့မှ ထွက်သော အာဝဋ္ဋဂင်္ဂါ စသော မြစ်ငါးစင်းတို့တွင် ဥမင်္ဂဂင်္ဂါမြစ်၏ အနီး၌ အလျားအတောင် ၈၀၊ အနံ အတောင်–၄၀၊ ထု ၁၂–တောင်၊ အပကား ဆီကြည်အဆင်း၊ အတွင်းကား ဣန္ဒနီလာ အဆင်းရှိသော ကျောက်ဖျာကြီးကို သိကြားမင်းသည် ပဋ္ဌသီခ နတ်သားကို ဆောင်ယူစေ၏။

ဆဒ္ဒန္တအိုင်၏ အရံဖြစ်သော သုဝဏ္ဏပဗ္ဗတ စသော တောင်ခုနစ်လုံးတို့တွင် သူရိယပဗ္ဗတတောင်၌ ရှိသော အလျား အတောင်–၈၀၊ အနံ အတောင်–၄၀၊ ထု ၁၂–တောင်၊ အပကား ဥသျှစ်အဆင်း၊ အတွင်းကား နေ၏အရောင်နှင့်တူသော ကျောက်ဖျာကြီးကို သိကြားမင်းသည် ပဇာပတိနတ်မင်းအား ဆောင်ယူစေ၏။

တာဝတိံသာ နတ်ပြည်၌ သူရနဒီ၊ အာကာသနဒီ၊ မန္ဒာကိနီနဒီဟု မြစ်သုံးစင်းတို့တွင် မဏ္ဍာကိနီမြစ်၏အနီး၌ တည်သော အလျား၊ အနံ အတောင်–၄၀၊ ထု ၁၅–တောင်၊ အပကား ဆီကြည်အဆင်း၊ အတွင်းကား ပတ္တမြားအဆင်း ရှိသော ကျောက်ဖျာကြီးကို သိကြားမင်းသည် သောမနတ်မင်းအား ယူဆောင်စေ၏။

ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၏ အရှေ့မြောက်ယွန်း၌ အလျား၊ အနံ အတောင်–၄၀၊ ထု ၁၂–တောင်၊ အပကား ဣန္ဒနီလာ၊ အတွင်းကား လယ်ခေါင်ရမ်း ပန်း အဆင်းရှိသော ကျောက်ဖျာကြီးကို သိကြားမင်းသည် သုယာမနတ်မင်းအား ယူဆောင်စေ၏။

ထိုသို့ ကျောက်ဖျာတို့ကို ယူပြီးသောအခါ အလျား အစောက် အတောင် ၈၀၊ အနံ အတောင် ၄၀–ရှိသော တွင်း၌ အလျား–၈၀၊ အနံ–၄၀၊ ထု ၁၂–တောင်ရှိသော ကျောက်ဖျာလေးချပ်ကို လေးမျက်နှာက ထောင်စေ၏။ အလျား၊ အနံ–၄၀၊ ထု–၂၀ ရှိသော ကျောက်ဖျာကို အောက်က ခံ၏။ အလျား၊ အနံ–၄၀၊ ထု–၁၅ တောင်ရှိသော ကျောက်ဖျာကို ဖုံးပိတ်၍ ဌာပနာတိုက်ကို လုပ်၏။

ထိုတိုက်သည် အတောင် ၈၀–ရှိ၏။ အလျား၊ အနံ အတောင် ၄၀–စီ ရှိ၏။ ထိုတွင်းသည် တောင်ထိပ်မှ မြေသို့ အတောင် ၈၀–နက်၏။ အတွင်း၌ ခုနစ်ထပ်ရှိ၏။ တစ်ထပ်တစ်ထပ်တွင် အရပ်ရှစ်မျက်နှာ၌ အလျား ၃–တောင်၊ အနံ နှစ်ထွာရှိသော ပတ္တမြားတိုင် ရှစ်တိုင်စီ ရှိ၏။ အထက်၌ အလင်းကို ဆောင်တတ်ကုန်သော ခုနစ်ရာ ခုနစ်ရာကုန်သော ရတနာကျောက်တို့ကို စီကုန်၏။

နံရံလေးဘက် ကျောက်ဖျာလေးချပ်တို့၌ အဆင်းကို ဆောင်တတ်ကုန်သော တစ်ထောင် တစ်ထောင်စီသော ရတနာမျိုးတို့ကို စီကုန်၏။ ကောင်းကင်၌လည်း အထူးထူးသော ရတနာမျိုးတို့ဖြင့် ခင်းကုန်၏။

ထိုခုနစ်ထပ်ကုန်သော တိုက်တို့တွင် အထက်ဆုံးဖြစ်သော သတ္တမတိုက်၌ ကကုသန်မြတ်စွာဘုရား၏ ရွှေအိမ်တော်ကို ထား၏။ ဆဋ္ဌတိုက်၌ ကောဏာဂုံ မြတ်စွာဘုရား၏ ရွှေအိမ်တော်ကို ထား၏။ ပဥ္စမတိုက်၌ ကဿပမြတ်စွာဘုရား၏ ရွှေအိမ်တော်ကို ထား၏။ စတုတ္ထတိုက်၌ ငါတို့မြတ်စွာဘုရား၏ နိသီဒိုင်တော် ထားသော ရွှေအိမ်တော်၊ တတိယတိုက်၌ ငါတို့မြတ်စွာဘုရား၏ ဆံတော်ဓာတ် ထားရန် ရတနာညောင်စောင်း နှစ်ခု ခင်း၏။ ထိုညောင်စောင်း နှစ်ခုပေါ်တွင် ရတနာပလ္လင် တစ်ခုစီ ခင်း၏။ ထိုပလ္လင်ထက်၌ ကြုတ်နှင့်တကွသော ဆံတော် ဓာတ်ကို ပလ္လင်တစ်ခုလျှင် နှစ်ဆူ နှစ်ဆူသော ဆံတော်ဓာတ်တို့သည် ကိန်းဝပ် တော်မူကုန်၏။

ထိုညောင်စောင်းပလ္လင်၏ အထက်၌ ဘုံသုံးဆယ့်နှစ်ထပ်၊ စုလစ်မွမ်းချွန် တစ်ထောင်ရှိသော ဝေဇယန္တာပြာသာဒ်ငယ် နှစ်ခုတို့ကို ပြုကုန်၏။ ရွှေထီး၊ ငွေထီး၊ ပတ္တမြားထီး၊ ကြောင်မျက်ရွဲထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ပတ္တမြားတန်ဆောင်၊ ရွှေပြာသာဒ်၊ ငွေပြာသာဒ်၊ ပတ္တမြား ပြာသာဒ်တို့ဖြင့် ပြုလုပ်ကုန်၏။ ရွှေပန်း၊ ငွေပန်း၊ ပတ္တမြားပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပတ္တမြားပေါက်ပေါက်တို့ဖြင့် ကြဲဖြန့်ကုန်၏။

အဇ္ဈိက၊ ဘလ္လိက ညီနောင်နှစ်ယောက်တို့သည် မိမိတို့၏ အရုပ်ကို လုပ်၍ မိမိတို့၏ ကိုယ်လေး ဇမ္ဗူရစ်ရွှေကို ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင် ပြီးလျှင် ရွှေပန်းတောင်းကိုယ်စီရွက်လျက် ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိသေစွာ ရှိခိုးလျက် ထား၏။ ပတ္တမြားပန်း၊ မြပန်း၊ ကျောက်မျိုးဖြင့် ပြုအပ်သော ပန်း၊ စိန်ဖြင့် ပြုအပ်သော ပန်း၊ ရတနာဆယ်ပါးဖြင့် ပြုအပ်သော ပန်းပွင့်၊ ပန်းငုံ၊ ပန်းခိုင်တို့ကို မိမိတို့အရုပ်၏ ရှေ့၌ စိုက်ထားကုန်၏။

ဧရာပထ နဂါးမင်းလည်း ထိုအရုပ်နှစ်ခု၏ အလယ်၌ နဂါး၏ ရုပ်သွင်ဏ္ဍဲသို့ မိမိအရုပ်ကို ပူဇော်လျက် ထား၏။ မိမိလည်ဝယ် ဆွဲသော အလုံးစုံသော ကဏ္ဍာသယအလိုကို ပေးတတ်သော မနောမယ ပတ္တမြားရဝနာကို ပူဇော်ပြီးလျှင် မိမိအရုပ်၏ရှေ့၌ ထား၏။ ဒုတိယတိုက်၌ ရတနာအတိပြီးသော ဘုံသုံးဆင့် ရှိသော ပြာသာဒ်လေးဆောင်ကို ထား၏။ ထိုပြာသာဒ်လေးဆောင်၏ အထက်၌

ဉောင်စောင်းတစ်ခုစီ ခင်း၏။ ထိုဉောင်စောင်း လေးခု၏ အထက်၌ ပလ္လင် နှစ်ခုစီ တင်၏။ ထိုပလ္လင်ပေါ်၌ မွေရှင်တော် တစ်ဆူ တစ်ဆူစီ ထည့်သွင်း၍ ရှစ်လုံးသော ကြုတ်တို့ကို ထားကုန်၏။ ရတနာထီး၊ ရတနာတံခွန်၊ ရတနာ တန်ဆောင်၊ ရတနာပြာသာဒ်၊ ရတနာပန်းခိုင်တို့ကို စိုက်ကုန်၏။

ဘီလူး လေးယောက်တို့၏ အရုပ်ကို မိမိတို့၏ မွေရှင်တော်ထားသော ပြာသာဒ်ရှေ့၌ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိသေစွာ ရှိခိုးလျက် ထားကြကုန်၏။ သမ္ဗုလ္လ ဘီလူးမင်းလည်း အလျား ၃–တောင့်ထွာ၊ လုံးပတ် ၃–ထွာ ရှိသော မဏိဇောတသ်ပတ္တမြားတိုင်ကို စိုက်လျှ၏။ ဝေဿမိတ္တဘီလူးမင်းလည်း အလျား ၂–တောင့်ထွာ၊ လုံးပတ် ၃–ထွာခွဲရှိသော ဝေရောစန ပတ္တမြားတိုင်ကို စိုက်လျှ၏။ ဣဒ္ဒိမန္တဘီလူးမင်းလည်း အလျား ၃–တောင့်ထွာ၊ လုံးပတ် ၃–ထွာရှိသော စန္ဒာမဏိပတ္တမြားတိုင်ကို စိုက်လျှ၏။ ဝေလုကန္တဘီလူးမင်းလည်း အလျား သုံးတောင်၊ လုံးပတ် ၃–ထွာခွဲရှိသော မနောမယပတ္တမြားတိုင်ကို စိုက်လျှ၏။ ပထမတိုက်၌ လေးခန်းရှိ၏။ ထိုလေးခန်းတို့တွင် သတ္တဌာန နေတော်မူဟန် တစ်ခန်း၊ ဤတောင်၌ နေဖူးသော ပစ္စေကဗုဒ္ဓါ ငါးရာ ဆင်းတုတော် တစ်ခန်း၊ ဖွားတော်မူသည်မှ စ၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူသည့်တိုင်အောင် တစ်ခန်း၊ ခမည်းတော်၊ မယ်တော်၊ မိထွေးတော်၊ မြောက်သားတော်၊ သားတော်၊ ဖွားဘက်တော်၊ ဆွေမျိုးတော်တို့၏ အရုပ်တစ်ခန်း၊ သိကြားမင်းနှင့် မိဖုရား လေးယောက်၊ မာတလိ၊ ဝိသုကြုံ၊ ပဥ္စသိခ၊ ဓူဋ္ဌရထ၊ မဟာရထ၊ အနေကဝဏ္ဏ၊ သောမ၊ ရာမ၊ ဝရဏ၊ ဤသာန၊ ပဇာပတိ၊ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ၊ ဝေဿဝဏ္ဏ၊ စန္ဒ၊ သူရိယ စသော နတ်တို့၏ အရုပ်ကိုလည်း သွင်း၍ ထားကုန်၏။

သိကြားမင်းသည်လည်း မဏိကဏ္ဌ၊ စန္ဒမဏိ၊ သူရိယမဏိ၊ အာလောပမဏိ၊ ပဘာသယမဏိ၊ ဇောတိကမဏိ၊ ဝိဇ္ဇုလတာမဏိ၊ ဝဇိရမဏိဟု ဆိုအပ်သော ပတ္တမြားတုံး ရှစ်တုံးတို့ကို ပထမတိုက်တွင် အရပ်ရှစ်မျက်နှာတို့၌ စိုက်၏။ အလျား၊ အနံ အတောင်–၄၀၊ အစောက်အတောင် ၈၀–ရှိသော တိုက်ဖြင့် အလျား၊ အနံ အတောင်–၈၀ ရှိ၏။ အတွင်း အလွန်ချော၏။ ငါး မျက်စိအဆင်း ရှိ၏။ အပြင် ပိန္နဲဆူး၊ လက်ပံဆူးတို့ကဲ့သို့ ဆူးတစ်တောင် ရှစ်သစ်ခန့် ရှိ၏။ ထိုကျောက်ဖျာ လေးချပ်တို့ကို ဝိရူပက္ခနဂါးမင်း၊ ရောပထ နဂါးမင်း၊ ဆဗျာပုတ္တနဂါးမင်း၊ ကဏှာဂေါတမနဂါးမင်း၊ ငှင်းနဂါးမင်း လေးယောက်

တို့သည် စကြဝဠာ အသူရာပြည်တို့၌ ဆောင်ယူကုန်၏။ ပြင်ထပ် အလျား၊ အနံ အတောင် ၈၀–အတွင်း၊ ထက်ဝန်းကျင် အတောင် ၂၀–စီ ခြား၏။ ၎င်း အတောင် ၂၀–အတွင်း၌ မီးယန္တရား၊ လေယန္တရား၊ ဘီလူးတစ်ထောင်တို့သည် အံသွားခဲလျက် လက်နက်စွဲကိုင်လျက် ထိုးခုတ်သကဲ့သို့ ဘီလူးယန္တရား။ နဂါးလေးသိန်းတို့သည် ပေါက်သတ်အံ့သကဲ့သို့ ရှူးရှူးဟူသောအသံကို ပြုကုန်လျက်ရှိသော နဂါးယန္တရား၊ ကျား၊ သစ်၊ ဝံ၊ အောင်း စသော သားရဲရုပ်တို့သည် ကိုက်ခဲအံ့သကဲ့သို့ရှိသော သားရဲယန္တရား၊ ဆင်စီး၊ မြင်းစီး၊ ရထားစီး၊ သူရဲတစ်ထောင်စီရှိသော စစ်သည်ယန္တရား၊ နဂါးတို့ ယူဆောင်သော အတောင် ရှစ်ဆယ် အထုရှိသော ကျောက်ဖျာသည် ဌာပနာတိုက်အောက် အတောင် လေးဆယ် နက်၏။ ဌာပနာတိုက်ကို အတောင် လေးဆယ်သာ မို၏။ မြေ၌ မြှုပ်သည်ကား–အတောင် လေးဆယ်၊ ဌာပနာတိုက်အထက် ခါးတစ်ဝက်သာ ရောက်သည်။

ဌာပနာတိုက်၏ အောက်၌ ကာလနဂါးမင်း၏ တူဖြစ်သော ဓတရဋ္ဌလည်း တစ်ယောက်၊ ဒတ္တလည်း တစ်ယောက်၊ ၎င်းနှစ်ယောက်တို့ကို အရံတစ်ထောင်စီနှင့် သိကြားမင်းက အစောင့်ထား၏။ ကာလနဂါးမင်း၏ သားဖြစ်သော သေဋ္ဌ၊ ကမ္ဗလသေဋ္ဌ၊ ၎င်းနှစ်ယောက်တို့ကို အရံ တစ်ထောင်စီနှင့် သိကြားမင်းက အစောင့်ထား၏။ နေ့နတ်သား၊ လနတ်သားတို့ကို အရံ တစ်ထောင်စီနှင့် သိကြားမင်းနှင့် ဗြဟ္မာမင်းတို့က ဥပရိအရပ်က အစောင့်ထားကုန်၏။

ဓတရဋ္ဌမည်သော စတုမဟာရာဇ်နတ်မင်းကြီးသည် သာတာဂိရိ၊ ဟေမဝတ၊ ပုဏ္ဏက၊ ဂုတ္တိယ၊ ၎င်းနတ်မင်း လေးယောက်တို့ကို ဗိုလ်မှူးပြု၍ ဘုမ္မစိုးနတ်၊ ဂန္ဓဗ္ဗနတ် တစ်သိန်းနှင့် အရှေ့အရပ်က အစောင့်အရှောက်ထား၏။

ဝိရူဠ္ဟကမည်သော လောကပါလ စတုမဟာရာဇ် နတ်မင်းကြီးသည် ကာလ၊ ဥပကာလ၊ ဗိမ္ဗ၊ ဗိမ္ဗသေန၊ ၎င်းနတ်မင်း လေးယောက်တို့ကို ဗိုလ်မှူးပြု၍ ရုက္ခစိုး၊ အာကာသစိုး တစ်သိန်းစီနှင့် တောင်အရပ်က အစောင့်အရှောက်ထား၏။

ဝိရူပက္ခမည်သော လောကပါလ စတုမဟာရာဇ် နတ်မင်းကြီးသည် ဟရိရ၊ ဟရဟာရိရ၊ ပါပ၊ ပိင်္ဂလ၊ ၎င်းနတ်မင်း လေးယောက်တို့ကို ဗိုလ်မှူးပြု၍ နဂါး၊ ဂဠုန် တစ်သိန်းစီနှင့် အနောက်အရပ်က အစောင့်အရှောက်ထား၏။

ကုဝေရ ဟူသော အမည်၊ ဝေဿဝဏ္ဏ ဟူသော အမည်နှစ်ပါးကို ရသော လောကပါလ စတုမဟာရာဇ်နတ်မင်းကြီးသည် သံဃ၊ သံဃလိမ၊ သုသုရ၊

ဥဂ္ဂတေဇ ငှင်းနတ်မင်း လေးယောက်တို့ကို ဗိုလ်မှူးပြု၍ ကုမ္ဘဏ်ရက္ခိုသ် ဘီလူး တစ်သိန်းစီနှင့် မြောက်အရပ်က အစောင့်အရှောက်ထား၏။

ထိုအစောင့်အရှောက်တို့ကို သိကြား၊ ဗြဟ္မာ၊ စတုမဟာရာဇ်နတ်မင်းကြီးတို့သည် "အချင်းတို့–ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးတို့၌ ကြည်ညိုခြင်း၊ ရှိသေခြင်းရှိသော သူတို့ကို သွားသောအခါ၊ ရပ်သောအခါ၊ ထိုင်သောအခါ၊ လျောင်းသောအခါ၊ အိပ်သောအခါ၊ နိုးသောအခါတို့၌ ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း၊ စောင့်ရှောက်ဘိ" ဟု မှာဆိုကြကုန်၏။

ငှင်းပြင်ထပ်ကား သမ္ဗုလ္လဘီလူးမင်းသည် အရှေ့အရပ်က အရံတစ်ထောင်နှင့် စောင့်၏။ တောင်အရပ်က ဝေဿာမိတ္တဘီလူးမင်းသည် အရံတစ်ထောင်နှင့် စောင့်၏။ အနောက်အရပ်က ဝေလုကန္တဘီလူးမင်းသည် အရံတစ်ထောင်နှင့် စောင့်၏။ မြောက်အရပ်က ဣန္ဒိမန္တဘီလူးမင်းသည် အရံတစ်ထောင်နှင့် စောင့်၏။ ဧရာပထ နဂါးမင်းသည် အောက်အရပ်က ဝိရူပက္ခ၊ ဆဗျာပုတ္တ၊ ကဏှာဂေါတမ၊ ငှင်းနဂါးမင်း လေးယောက်။ အဂ္ဂိမုက၊ ကဋ္ဌမုက၊ ပူတိမုက၊ အာသီဝိသ၊ အဂ္ဂိဒတ္တ၊ ငှင်းနဂါးမင်းတို့သည် ကုဋေတစ်သိန်းသော နဂါးတို့နှင့် တောင်အရပ်က စောင့်ကုန်၏။

သိကြားမင်းသည်လည်း အတောင် ၈၀–ရှိသော မြေကို ညှိစေ၍ အလျား အတောင် လေးဆယ်၊ အနံ အတောင် လေးဆယ်၊ အစောက် ခုနစ်တောင်၊ ပလ္လင်မြောက်၍ ထား၏။ ထိုပလ္လင်၏အလယ်၌ ဖိနပ် ၁၄–တောင်၊ အစောက် ၇–တောင်ရှိသော စပါးစုသဏ္ဍာန်စေတီတော်ကို အဖို့က စသော ၇–ယောက်သော သူတို့နှင့်တကွ သိကြား၊ ဝိသုကြုံ၊ စန္ဒသူရိယ၊ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်၊ ဗြဟ္မာတို့နှင့်တကွ စီမံကြပြီးလျှင် သိကြားမင်းကို ဗိသုကာပြု၍ တည်ထောင်ကြကုန်၏။

ထိုနေရာ၌ စေတီတည်ရန် အဖို့ကလည်း ရွှေအုတ် ၇–ချပ်၊ ငွေအုတ် ၇–ချပ်၊ ဘလ္လိကလည်း ရွှေအုတ် ၇–ချပ်၊ ငွေအုတ် ၇–ချပ်စီ၊ သမ္ဗုလ္လဘီလူးမင်းကလည်း ရွှေအုတ်၊ ငွေအုတ်၊ မြအုတ်၊ စိန်အုတ်၊ ပုလဲအုတ်၊ ကျောက်မျက်ရွဲအုတ်၊ ပတ္တမြားအုတ်၊ ပယင်းအုတ် တစ်ရာစီ၊ ရတနာအုတ် တစ်ထောင်။ ဝေဿာမိတ္တ၊ ဣန္ဒိမန္တ၊ ဝေလုကန္တ ငှင်းဘီလူးသုံးယောက်တို့ကလည်း ရတနာအုတ် တစ်ရာစီ။ ဧရာပထ နဂါးမင်းကလည်း ရတနာခုနစ်ပါးဖြင့်ပြီးသော အုတ်တစ်ထောင်။ သိကြားမင်းကလည်း ပတ္တမြားအုတ် တစ်ရာ။ ထိုမှတစ်ပါး ကြွင်းသော မာတလိ၊

ဝိသုကြံ့ စသော နတ်တို့သည် ရတနာအုတ် ထည့်ကြကုန်၏။ ၎င်းအုတ်တို့နှင့် အလျား တစ်ဆယ့်လေးတောင်၊ အစောက် ခုနစ်တောင်ရှိသော စပါးစုသဏ္ဍာန် စေတီတော်ကို တည်ထားကြကုန်၏။

## သီဟပဗ္ဗတတောင်သို့ မြတ်စွာဘုရား ကြွတော်မူခြင်းနှင့် ပွေးဖို၏ ဆုတောင်းခြင်း

မြတ်စွာဘုရားသခင်သည် ငါးဝါမြောက်၌ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးကို အရဟတ္တဖိုလ်သို့ ရောက်စေပြီးလျှင် ပရိနိဗ္ဗာန် ပြုတော်မူသော အလောင်းတော်ကို သင်္ဂြိုဟ်ပြီးလျှင် သံဃာတော်ငါးရာ ခြံရံလျက် သီဟဠရာမ မည်သော ကျွန်းသို့ ကြွတော်မူပြီးလျှင် နတ်၊ နဂါးတို့ကို ဆုံမဩဝါဒ ပေးတော်မူပြီးမှ သီဟပဗ္ဗတ အမည်ရှိသော ဖိုးဦးတောင်သို့ ဒုတိယအကြိမ် ကြွတော်မူပြန်၏။

သမ္ဗုလ္လစသော နတ်၊ နဂါး၊ ဘီလူး အပေါင်းတို့သည် မြတ်စွာဘုရားသခင် ကို ထီး၊ တံခွန်၊ ဘောဇဉ်ခဲဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ကြကုန်၏။

ထိုအခါ ထိုသီဟပဗ္ဗတ တောင်တွင် ဒွတ္တမည်သော ပွေးဖို–ပွေးမ, ရှိသတတ်၊ ထိုပွေးဖို–ပွေးမတို့သည် ရှေးဦးစွာ ကြွလာတော်မူစဉ်ကပင် နတ်၊ နဂါး၊ ဘီလူးတို့သည် မြတ်စွာဘုရား ကျေးဇူးဂုဏ်တော်ကို ပြောဆိုကြသော အသံကို တွင်းထဲက ကြားကြကုန်၏။ ထိုပွေးဖိုနှင့် ပွေးမတို့သည် ကတိကဝတ် စကားကို ဆိုကြကုန်၏။ မြတ်စွာဘုရား ကြွလာတော်မူပြန်၍ သင် ရှေးဦးစွာ တွေ့သိလျှင် ငါ့အား ပြောပါ၊ ငါ ရှေးဦးစွာ တွေ့သိလျှင် သင့်အား ပြောမည်ဟု ကတိကဝတ် ပြုလျက် ကိုယ့်အသက်ကို ကိုယ်စီရှာကြပြီးလျှင် တစ်ယောက် တစ်လမ်းစီ သွား၍ ကျက်စားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ဒုတိယအကြိမ် ကြွလာတော်မူခိုက် ပွေးဖိုနှင့် တွေ့ကြုံလေ၏။ ပွေးဖိုလည်း ပွေးမသည် မည်သည့်လမ်း မည်သည့် ခရီး၌ နေသည်ကို မသိသောကြောင့် ငါသွား၍ ရှာဖွေသည်ဖြစ်အံ့၊ မြတ်စွာဘုရား ကြွသွားတော်မူလတ်သော် ငါ မဖူးမတွေ့ရသည်ဖြစ်လတ္တံ့ဟု ပွေးမကို မရှာ၊ မကြား၊ မပြောမူ၍ မြေကို လက်နှစ်ဘက်ဖြင့် ယူပြီးလျှင် မြတ်စွာဘုရားကို ပူဇော်၏။ အရှင်ဘုရား၊ အကျွန်ုပ်ကား ဘုန်းကံနည်းသည် ဖြစ်ပါ၍ လှူဖွယ် ဝတ္ထုမရှိပါ။ ဤလက်တွင် ပါသော မြေသည်သာလျှင် အကျွန်ုပ်၏ လှူဖွယ်ဝတ္ထု၊

တည်းဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည်လည်း ရွှေမုရိုးစည်နှင့် တူသော လည်တော်ကို ညွတ်တော်မူ၍ သာဓု-သာဓု-သာဓုဟု သုံးကြိမ်ခေါ်တော်မူ၏။ ပြုံးလည်း ပြုံးတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် "ကော သု ကာရဏံ ဘန္တေ၊ ကော ဟေတု ကော ပစ္စယော" စသည်ဖြင့် အရှင်ဘုရား ပြုံးတော်မူသောအကြောင်းကား- အသို့နည်းဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် အရှေ့တောင်အရပ်ကို လှည့်ကြည့်တော်မူပြန်လျှင် ရေပေါ်တွင် နွားချေးခြောက်ပမာဏရှိသော အမှိုက်မီးငယ်သည် ပေါ်လောပေါ်လျက် ရှိ၏။ မြတ်စွာဘုရားသခင်သည် ဤသို့ မိန့်တော်မူ၏။ "အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည်နောက် ငါ၏ သာသနာတော် ၁၀၁-ခုနှစ်သို့ ရောက်လတ်သော် ဤဒွတ္တမည်သော မွေးဖိုသည် မျက်စိသုံးခု အတုမဲ့ခေါင် ဒွတ္တပေါင်မင်းဖြစ်၍ ဤမီးမှိုက်ငယ်တည်ရာ၌ သီရိခေတ္တရာမတိုင်း၊ ဣသိနဂရပြည်ကြီးဖြစ်၍ ငါ၏သာသနာတော်ကို အစဉ်စောင့်ရှောက်လတ္တံ့." ဟု ဗျာဒိတ်ထားတော်မူ၏။

ဤသို့ မိန့်တော်မူပြီးလျှင် မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူ၏။ မွေးမလည်း နောက်မှ သိ၍ မောင်မင်းနှင့် ငါသည် ဆက်တိုင်းဘဝ ဖြစ်သမျှ၌ အတူတကွ မဖြစ်ရပါလိုဟု မွေးမက ဆုပန်လေ၏။ မွေးဖိုလည်း ထိုအကြောင်းကို သိ၍ မယား၌ချစ်ခြင်း၊ နှစ်သက်ခြင်း၊ ပြင်းစွာ တပ်သောစိတ် ရှိသောအားဖြင့် ဤသို့ ဆုတောင်း၏။ ဤမွေးမသည် တိုင်းတစ်ပါး၌ ဖြစ်ငြားသော်လည်း ငါ၏ သတင်းစကားကို ကြားသဖြင့် အလွန်ချစ်ခင်နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ငါ့ထံသို့ လာရောက်စေသတည်းဟု ဆုပန်ပြန်၏။

## ကမ္ဘာဦးမင်းများမှစ၍သတိုးရွှေမင်း၏သားတော် အိမ်ရှေ့မင်း ရသေ့ပြုသည်အထိ ပြဆိုခြင်း

ကမ္ဘာဦးက ပြဟ္မာ အမျိုးအနွယ်ဖြစ်သော မဟာသမတမင်းမှစ၍ ဘုရားလောင်းတိုင်အောင် သုံးသိန်း သုံးသောင်း လေးထောင် ငါးရာ ခြောက်ကျိပ်ကိုးယောက်ကုန်သော မင်းတို့တွင် ဥက္ကာကရာဇ်မင်းမှစ၍ ရှစ်သောင်း နှစ်ထောင်သော သာကီဝင်မင်းမျိုးတို့တွင် ငါတို့ဘုရားလောင်းမဖြစ်မီ နှစ်ပေါင်း သုံးရာ၊ မင်းပေါင်း နှစ်ကျိပ်ငါးယောက်တို့တွင် နရိန္ဒရာဇာမင်း၏ သားတော်ကြီးဖြစ်သော အဘိရာဇာမင်းသားသည် ခမည်းတော်၊ မယ်တော်တို့ကို ပန်ကြားပြီးလျှင် စစ်သည်နှင့်

ဘက္ခ သလ္လာဝတီမည်သော ချင်းတွင်းမြစ်၊ ဧရာဝတီမြစ် နှစ်တန်ကို ကူးခဲ့၍ ရဋ္ဌပူရ သောမနဿတိုင်း၊ သင်းတွဲ၊ တကောင်းပြည်ဟု အမည်သုံးပါးသမုတ်၍ မြို့တည်ပြီးလျှင် မင်းလုပ်သောအခါ ၎င်းမင်း၌ ကံရာဇာကြီး၊ ကံရာဇာငယ်ဟု သားတော်နှစ်ယောက် ရှိ၏။

၎င်းတို့၏ ခမည်းတော်၊ မယ်တော်တို့နတ်ရွာစံခဲ့သော် ညီတော်ကံရာဇာငယ် သည် ဆက်လက်၍ မင်းပြုလေ၏။ ၎င်းပြည်၌ ကံရာဇာငယ်က စ၍ သတိုးရွှေမင်းသို့ တိုင်အောင် မင်းပေါင်း ၇–ကျိပ် ၇–ယောက်ရှိ၏။ ထိုသတိုးရွှေမင်းလက်ထက် မဖြစ်စကောင်း၊ မကြားစကောင်းသော အတောင် ၈၀–ကြီးမြင့်သော ဝက်ကြီး တစ်ကောင်သည် ပေါ်ပေါက်လာ၏။ ထိုဝက်ကြီးသည် နွား၊ မြင်း၊ ဆိတ်၊ ဝက် ကြက်၊ ငှက်တို့ကို စားသောက်၏။

လူတို့၏ လယ်ယာ၊ ကန်၊ ချောင်း၊ ဥယျာဉ်၊ ရေကန်တို့ကို ဖျက်ဆီး၏။ လူတို့ကိုလည်း နှိပ်စက်ညှဉ်းပန်း၏။ တိုင်းစွန်ပြည်နားကိုလည်း ဖျက်ဆီး၏။

ထိုအခါ သတိုးရွှေမင်းသည် ဝက်ကြီးကို ဖျက်ဆီးအံ့သောငှာ မတတ်နိုင် ရကား၊ သားတော် အိမ်ရှေ့မင်းသားကို တိုက်ဖျက်လိုက်လံစေသော် စစ်သည် တို့သည် မတတ်နိုင်ရကား၊ အိမ်ရှေ့မင်းသည် ဘုန်းကံပါရမီရှိသူဖြစ်၍ ငါတို့သည် ပြည်သူပြည်သားတို့၏ မိဘဖြစ်ပေသည်။ ဤဝက်တည်းဟူသော ရန်သူကို မနှိမ်နင်းသော် မသင့်ချေ။ ဤဝက်ကို မရသရွေ့ ငါမပြန်ဟု ကြိမ်းပ၍ လက်နက် ငါးပါးကို ကိုင်စွဲလျက် လိုက်လေလျှင် သီရိခေတ္တရာမတိုင်းပြည် တည်ရာအရပ်သို့ မရောက်မီ ပင်ပန်းသဖြင့် မထိုးမသတ်ရဘဲ ဝက်ကြီးသည် သေကြေပျက်စီးခြင်းသို့ ရောက်လေ၏။

အိမ်ရှေ့မင်းလည်း သီရိခေတ္တရသေ့၏ တပည့်ဖြစ်ကုန်သော ရသေ့တို့သည် သစ်သီး၊ သစ်ရွက်၊ သစ်ဥ စသည်တို့ကို ရှာဖွေအံ့သောငှာ သွားလာသော ခြေရာ တို့ကို မြင်၍ ဤအရပ်တွင် လူရှိ၏ဟု ခြေရာအစဉ်ကို လိုက်လေသော် သီရိခေတ္တရသေ့၏ ကျောင်းသင်္ခမ်းသို့ ရောက်လေ၏။ ထိုအခါ အိမ်ရှေ့မင်း ဟူသောအကြောင်း၊ ဝက်ကြီးကို လိုက်သောအကြောင်းတို့ကို သီရိခေတ္တရသေ့အား ပြောဆိုလေသော် သီရိခေတ္တရသေ့သည် အိမ်ရှေ့မင်းအား ဒါန၊ သီလ စသော မင်းကျင့်တရား ဆယ်ပါး၊ သဿမေဓ စသော သင်္ဂဟတရား လေးပါး၊ အပရိဟာနိယတရား ခုနစ်ပါး စသည်တို့ကို ဟော၏။ ဤသို့သော တရားစကားကို နာရလျှင် အိမ်ရှေ့မင်းသည် လက်နက်ငါးပါး၊ ပုဆိုး၊ အင်္ကျီ၊ အပေါ်လွှမ်

စသည်တို့ကို စွန့်ပြီးလျှင် မြက်အခင်း၌ နေ၍ လျှော်တေသက်န်းကို ဝတ်ရုံလျက် ရသေ့ပြုလေ၏။

အိမ်ရှေ့မင်း ဝက်ကြီးကို လိုက်သောအခါ သာသနာတော် အနှစ်လေးဆယ် ရှိပြီ။ အဇာတသတ်မင်း နန်းစံ ရှစ်နှစ်၊ တကောင်းပြည်၌ ဇမ္ဗုဒီပမင်းနှင့် ပြိုင်၏။

ငင်းအိမ်ရှေ့မင်းသား ရသေ့သည် နဝဝါသီသို့ သွားပြီးလျှင် ဂေါစရဂါမ် ဆွမ်းအမှီပြု၍ ကုလ လေးအတာ အပြန် ငါးရာကွာသော အရပ်၌ နေလေ၏။ ထိုအခါ ရသေ့၏ ပဿာဝကုဋီကျင်ငယ်အိမ်၌ ကျင်ငယ်ရေကို တစ်ကောင်သော သမင်မသည် မပြတ်သောက်လာ၏။ ထိုသမင်မအား ပဋိသန္ဓေယူ၍ သားဖွား လတ်သော် လူမိန်းမကို ဖွား၍ လူသံကို ကြားလေသော် လန့်၍ ပြေးလေ၏။ ရသေ့လည်း ထိုအသံကို ကြား၍ သွားကြည့်လေသော် သတို့သမီးငယ်ကို မြင်လျှင် ကောက်ယူ၍ မွေးလေ၏။ ထိုသူငယ်မသည် ငါ၏သမီး ဖြစ်ထိုက်မူ ဤလက်ညှိုး၌ နို့ရည်ထွက်စေသတည်းဟု သစ္စာဓိဋ္ဌာန်ပြု၍ လက်ညှိုးကို စုပ်သည် ရှိသော် လက်ညှိုး၌ နို့ရည်ထွက်လေ၏။ ခွက်ငယ်တစ်ခုဖြင့် ခံပြီးလျှင် သတို့ သမီးငယ်ကို တိုက်၍ ကျွေးမွေးခြင်းကို ပြုလေ၏။

တကောင်းပြည်ကို အစိုးရသော သတိုးရွှေမင်းတွင် သမီး ခုနစ်ယောက်၊ သားတော် တစ်ယောက်ရှိ၏။ ရှိသောသားလည်း ဝက်ကြီးကို လိုက်ရာ ရသေ့ ပြု၍ နေလေ၏။

## ပုပ္ဖဒေဝ မင်းသားအထိ မင်းဆက်များ

ဝဂ်ရာဇ်ပြည်ကို အစိုးရသော ဝဂ်ရာဇ်မင်းကြီး၏သမီး သုပ္ပတိဒေဝီသည် သီဟဗာဟု မင်းသား၊ မယ်တော် မိဖုရား၏မြေး ဝဂ်ရာဇ်ပြည်ကို အစိုးရတော် မူသော မဟာသုပိယမင်း၊ ထိုမင်းနှင့် သတိုးရွှေမင်းနှင့် နန်းစံပြိုင်၏။ ထိုမဟာ သုပိယ မည်သော ဝဂ်ရာဇ်မင်းလက်ထက် စာမရီသားမြီးဖြင့် ဘိသိက်ခံလိုသည် ဖြစ်၍ မုဆိုးတစ်ယောက်ကို စာမရီသားမြီး အရှာစေသော် မရသည်ဖြစ်၍ တော အရပ်၌ သုံးနှစ်ကြာလေ၏။

ရဋ္ဌပူရတိုင်း တကောင်းပြည်ကို အစိုးရသော တကောင်းမင်းလည်း နေ မည်သော သားကို သမီးတော်တို့က အရှင်မွေးလိုသည်ဖြစ်၍ မုဆိုးကို ရှာစေ သော် မရသည်ဖြစ်၍ တောအရပ်၌ သုံးနှစ်ကြာလေ၏။ ထိုမုဆိုးနှစ်ယောက်

တို့သည် တောလွန်၍ တွေ့ကြလေရာ အဆွေခင်ပွန်း ဖြစ်ကြသဖြင့် အချင်းချင်း ဤသို့ တိုင်ပင်ကြကုန်၏။ အဆွေ၊ ငါတို့နှစ်ယောက် တောဌနေခြင်းသည် အကျိုး မရှိ။ ငါတို့ တကောင်းမင်းတွင် သမီးတော် ၇-ယောက် ရှိသည်။ သင်တို့ ဝင်္ဂရာဇ်မင်းတွင်လည်း သားတော် ၇-ယောက် ရှိသည်။ ထိုမင်းသား၊ မင်းသမီးတို့ စုံဖက်မိကြမူ ငါတို့နှစ်ယောက် အကျိုးရှိမည်ဟု ပြောဆိုတိုင်ပင် ကြံစည်ကြ၍ နေ့ရက် ချိန်းချက်ပြီးလျှင် မုဆိုးနှစ်ယောက်တို့လည်း တိုင်းပြည်သို့ ပြန်၍ ထူးဆန်းသော လက်ဆောင်တော် ဆက်သရန်ကို ရှာကြံ၍ မရနိုင်ကြောင်းဖြင့် သံတော်ဦးတင်ပြီးလျှင် မင်းသား၊ မင်းသမီးတို့အား ထိုအကြောင်းကို လျှောက်လေ သော် နှစ်သက်ဝမ်းမြောက်ကြကုန်၏။

ထိုအခါ ဣန္ဒာရီမည်သော နှလုံးမွေ့လျော်ရာဖြစ်သော ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော အလိုလိုဖြစ်သော ရေအိုင်ကြီးရှိ၏။ ထိုရေအိုင်၌ နေ့ရက်ချိန်း ချက်၍ ထွက်ကြစေကုန်၏။

ထို ၇-ယောက် ၇-ယောက်သော မင်းသမီးတို့သည် အကြီးအငယ် အစဉ်အတိုင်း မှတ်သားပြောဆိုပြီးလျှင် နေ့ရက်ချိန်းချက်၍ ဝင်္ဂရာဇ်မင်းသည် သားတော် ၇-ယောက်တို့နှင့် တကွ တကောင်းမင်းထံသို့ များစွာသော လက်ဆောင် ပဏ္ဏာတို့နှင့် သမီးတောင်းလာလတ်သော် မင်းနှစ်ပါးတို့သည် နှစ်သက်ဝမ်းမြောက် ကြ၍ တကောင်းမင်း၏ သမီးတော် စန္ဒဝတီ၊ မလ္လဝတီ၊ သာလဝတီ၊ ရဇဝတီ၊ ပုပ္ဖဝတီ၊ သာခဝတီ၊ ဘဒ္ဒါနုဝတီဟု ၇-ယောက်၊ ဝင်္ဂရာဇ်မင်း၏ သားတော် သူရိယ၊ ဂေါဒါဘယ၊ ဝါမဟတ္ထ၊ သိဒ္ဓဝရ၊ စန္ဒပဒုမဟု ၇-ယောက်။ ထိုသားတော် သမီးတော်တို့ကို ထိမ်းမြားပြီးလျှင် တကောင်းမင်းသည် သမီးတော် ၇-ယောက် တို့ကို ထည့်လိုက်၏။ ထိုမင်းသား၊ မင်းသမီးတို့သည် ဝင်္ဂရာဇ်တိုင်း၌ လေးလ နေ၍ ခမည်းတော်ဖြစ်သော ဝင်္ဂရာဇ်မင်းကြီးအား တကောင်းပြည်သို့ ပြန်လို ကြောင်းနှင့် ခွင့်တောင်းပန်သောအခါ ဤသို့ မှာကြားတော်မူ၏။

သားတော်တို့ တကောင်းပြည်သို့ ပြန်လိုသော် လမ်းခရီးတွင် သုံးယူဇနာ မြင့်သော ဂေါမိဿကတောင်၊ သေလာဂိရိတောင်၊ မောရာဂိရိတောင်ဟု တောင် သုံးလုံးရှိ၏။ ၎င်းတောင်သုံးလုံးသို့ တက်၍ သွားရသည်။ ထိုတောင်သုံးလုံး တို့တွင် ဂေါမိဿက တောင်ထိပ်၌ ကုမ္ဘဏ္ဍာဘီလူးစောင့်သော ပညောင်ပင်သည် ရှိ၏။ ထိုပညောင်ပင်အောက်၌ အိပ်ခြင်း၊ နေခြင်းကို မပြုကြကုန်လင့်၊ ကွန်းထောက် စခန်းပြု၍သာ အဆောတလျင် သွားကြဟု မှာတော်မူ၏။

အရှေ့မြောက်ယွန်း၌ မောရဂိရိတောင်သည် ရှိ၏။ ထိုတောင်ထိပ်၌ မန္ဒာဂိရိဘီလူးစောင့်သော နာဂရူပရေကန်သည် ရှိ၏။ ထိုရေကန်၌ သားငှက်တို့ကို ပစ်ခတ်ခြင်း၊ ရေချိုးခြင်း၊ ဆင်းခြင်းကိုလည်း မပြုကြနှင့်။ သောက်လိုချိုးလိုလျှင် လက်ဖြင့် ယူ၍သာ သောက်ချိုးလေဟု မှာတော်မူ၏။

ထိုအိုင်၏ အနီး သေလာဂိရိကျောက်တောင်သည် ရှိ၏။ ထိုတောင်ထိပ်၌ နဂါးမင်းစောင့်သော အန္တဂူလိုဏ်သည် ရှိ၏။ ထိုလိုဏ်၌ အိပ်နေခြင်းကို မပြုကြကုန်နှင့်ဟု မှာတော်မူ၏။

ယင်းသို့မှာပြီးသော် သားတော်တို့လည်း အခြွေအရံ ပရိသတ်နှင့်တကွ သွားကြ၍ ထိုအရပ်သို့ရောက်လျှင် အလွန်ပင်ပန်းကြကုန်သည်ဖြစ်၍ တပ်ချပြီးလျှင် ထိုညောင်ပင်အောက်၌ အိပ်နေခြင်းကို ပြုကြကုန်၏။ နာဂရူပရေကန်၌လည်း လူ၊ ဆင်၊ မြင်းတို့သည် ရေချိုးခြင်း၊ သောက်ခြင်း၊ ကြာရိုး ကြာစွယ်တို့ကို နုတ်၍ စားခြင်းတို့ကို ပြုကြကုန်၏။ အန္တဂူလိုဏ်သို့လည်း ဝင်ကြကုန်၏။ ထိုအခါ နေဝင်၍ မင်းသား၊ မင်းသမီးတို့သည် ထိုလိုဏ်၌ အိပ်ကြလေကုန်၏။ ညဥ့်အခါ နဂါးတို့သည် နှာခေါင်းလေဖြင့် မှုတ်သည်ရှိသော် သေကြေပျက်စီးကြကုန်၏။ စန္ဒပဒုမမင်းနှင့် ဘဒ္ဒါနုဝတီမင်းသမီး နှစ်ယောက်သာ ကြွင်းလေ၏။

၎င်းမင်းသားသည် နဂါးစက်မိလျက် ညဥ့်သန်းခေါင်အခါ လမ်းကို မသိမမြင် ဘဒ္ဒါနုဝတီမင်းသမီးနှင့် တစ်ယောက်လက်ကို တစ်ယောက် ဆွဲလျက် ပြေးသွားကြလေသော် တစ်ခုသော ညောင်ပင်၏ အနီးသို့ရောက်လျှင် အလွန်ပင်ပန်းကြသည်ဖြစ်၍ လဲလေ၏။ ထိုအခါ ညောင်စောင့်နတ်မင်းသည် ထိုသူနှစ်ယောက်တို့ကို ယူ၍ ညောင်စောင်း၌ နေစေပြီးလျှင် မိမိတန်ခိုးဖြင့် ကွယ်ဝှက်၍ ထားလေ၏။

ထိုအခါ ဘီလူး၊ နဂါးတို့သည် အစဉ်အတိုင်း လိုက်ရာ ပညောင်ပင်သို့ ခြေရာကျ၏။ ထိုပညောင်ပင်စောင့် နတ်မင်းအား ဤသို့ဆို၍ တောင်းကြကုန်၏။ နတ်မင်း၊ လူခြေရာနှစ်ခုတို့သည် ဤညောင်ပင်ရင်း၌ ပျောက်၏။ ထိုသူနှစ်ယောက်တို့ကို ပေးအပ်ပါလော့ဟု တောင်းကြကုန်၏။ နတ်မင်းသည် ဤသို့ဆို၏။ ဘီလူး၊ နဂါးတို့၊ ဘယ်မှာ သင်တို့လူရှိအံ့နည်း။ ကြည့်ကြတော့လော့ဟုဆို၍ ယုတ်မာသော အသက်မွေးခြင်းရှိသော၊ သတ္တဝါတို့ကို သတ်တတ် ညှဥ်းဆဲ

တတ်သော ဘီလူး၊ နဂါးတို့၊ သင်တို့သည် ငါ၏ပြောင်ပင်အောက်သို့ မဝင်ကြကုန်လင့်ဟု ခြိမ်းခြောက်လိုက်၏။

နတ်မင်းသည်လည်း မင်းသား၊ မင်းသမီးတို့ကို ခုနစ်ယူဇနာ ကွာသောပန်းတောဍ ပို့၍ ထားလေ၏။ ထိုပန်းတောသို့ရောက်လျှင် မင်းသားသည်သေလေ၏။ မင်းသမီးလည်း အလောင်းကို သဂြိုဟ်ပြီးလျှင် တစ်ယောက်ထီးတည်းတောကြီးထဲတွင် လင်လည်း သေ၊ မိုးလည်း စွေသောအခါ ထိုပန်းတောဍပင်သားတော်ကို ဖွား၏။ မိုးစွေသောအခါ ပန်းတောဍ ဖွားသည်ကို အကြောင်းပြု၍ "ပုပ္ဖဒေဝ သတို့သား" ဟု ဘွဲ့ပေးတော်မူ၏။

မင်းသမီးလည်း အခါတစ်ပါး မဏိဇောတရ ရသေ့ကျောင်းသို့ သစ်သီး၊ သစ်ဥ ရှာရင်း ရောက်လေ၍ ရသေ့အား ဤသို့လျှောက်၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ရသေ့အား မိဘပြု၍ နေပါရစေဟု လျှောက်၏။ ကောင်းပြီ၊ ငါနှင့် မနီးမဝေးသောအရပ်၌ နေလေလော့ဟု ခွင့်ပေး၍ ခွင့်ပေးတိုင်းမနေလေ၏။ မင်းသမီးလည်း ရသေ့အား ချိုးရေ၊ သုံးရေ တည်ထားလေ၏။ ရသေ့လည်း သစ်သီး၊ သစ်ဥတို့ကို မင်းသမီးအား ပေးလေ၏။ ရသေ့လည်း အဋ္ဌာရသအတတ်တို့ကို မင်းသားအား သင်ပေး၏။ ဂဠုန်မင်းသည် လှူအပ်သော နဂါးတို့ကိုနိုင်စေတတ်သော မန္တရားဆေးဝါးတို့ကိုလည်း မင်းသားအား ပေး၏။ မင်းသားလည်း ထိုအတတ်ပညာတို့ကို ရသော် မယ်တော်အား ခွင့်ပန်ပြီးလျှင် ဘီလူး၊ နဂါးတို့၏ နေရာသို့ သွား၍ ပညောင်ပင်အောက်၌ အိပ်ခြင်း၊ နေခြင်း၊ နာဂရူပအိုင်၌ ရေချိုးခြင်း၊ ရေသောက်ခြင်း၊ အန္တဂူလိုဏ်တွင်းသို့ ဝင်၍ အိပ်ခြင်း၊ နေခြင်းတို့ကို ပြုလေ၏။

ထိုအခါ ဘီလူး၊ နဂါးတို့သည် အမျက်ထွက်၍ မင်းသားထံသို့ သတ်စားအံ့ဟု လာကြကုန်၏။ မင်းသားလည်း ဘီလူး၊ နဂါးတို့ လာသည်ကိုမြင်လျှင် သူ့ဖခင်၊ ဘကြီး၊ မိကြီးတို့ကို သတ်စားသော ဘီလူး၊ နဂါးတို့ကို သေစိမ့်သောငှာ ဆေးမှိုင်းကိုလည်း ခံ၏။ ရေမန်းကိုလည်း ပက်၏။ ထိုအခါ အချို့သော ဘီလူး၊ နဂါးတို့သည် သေကုန်၏။ အချို့သော ဘီလူး၊ နဂါးတို့သည် ပြေးလေကုန်၏။ နဂါးတစ်ကောင်ကိုကား ဂူ၀တွင် သန်လျက်နှင့် အမြီးကို ခုတ်မိ၍ ပြတ်လေ၏။ ထိုနဂါးမြီးတိုသည် အသက်မသေ ပြေးလေသော် မယ်တော် ဘဒ္ဒါနုဝတီမင်းသမီးနေရာသို့ ရောက်လေ၍ နတ်လုလင်ကဲ့သို့ ဖန်ဆင်းပြီးလျှင် မယ်တော်နှင့် အိမ်ထောင်ဘက်ပြု၍ နေလေ၏။

မင်းသားလည်း ထိုအရပ်မှ ပြန်လည်ခဲ့၍ မယ်တော်အား ဤသို့ပြော၏။ မယ်တော်– ဘီလူး၊ နဂါးအပေါင်းတို့သည် သေလေကုန်ပြီ၊ တစ်ကောင်သော နဂါးကို ဂူဝတွင် သံလျက်ဖြင့် ခုတ်မိ၍ အမြီးပြတ်လေသည်ဟု ပြော၏။ နဂါးမြီးတိုလည်း ထိုအကြောင်းကို ကြားသိလတ်သော် ဖိန့်ဖိန့်တုန်မျှ ကြောက်ရွံ့လေ၏။

ထို့နောက် အခါတစ်ပါး မင်းသားသည် ကျောင်းသို့သွားသောအခါ နဂါးမြီးတိုသည် မင်းသမီးကို ဤသို့ပြော၏။ မင်းသမီး၊ ငါသည် သင်၏သားကို ကြောက်၏။ ငါတို့ဆွေမျိုးတို့လည်း သင့်သားသတ်၍ သေလေကုန်ပြီ၊ ငါလည်း မနေဝံ့ပြီ၊ သွားတော့အံ့ဟု ပြော၏။ မင်းသမီးလည်း နဂါးမြီးတိုအား ဤသို့ ဆို၏၊ နဂါးမြီးတို၊ ငါ၏ သားတော် မလာနိုင်အောင် ကြံလော့ဟု ဆို၏။ ထိုအခါ နဂါးမြီးတိုသည် ညှိုးနွမ်းဟောင်းလေပြီးသော ကြေးနီပြား၌ ဆေးနည်းကို ဤသို့ ရေး၏။ ထိုရသေ့ကျောင်းနှင့် ခုနစ်ယူဇနာကွာသောအရပ်၌ နီဝတတ္တ ရေအိုင်သည် ရှိ၏။ ထိုရေအိုင်၌ အပွင့်ခုနစ်ဆင့် ရှိသော ပဒုမ္မာကြာပွင့်၊ သုံးဆင့်ရှိသော ကုမုဒြာကြာပွင့်၊ သုံးဆင့်ရှိသော ကြာပုဏ္ဍရိက်ပွင့်၊ အဂ္ဂိဒတ္တနဂါးသည် စောင့်၏။ ရေကိုလည်း ရက္ခိုသ်ကုမ္ဘဏ်ဘီလူး စောင့်၏။ ရေသို့ ဆင်းသောသူ၊ ကြာကို ယူသောသူတို့ကို ဇော်ဂျီဝိဇ္ဇာမှ မလွတ်ရအောင် ဖမ်းယူသတ်စားကုန်၏။ ထိုကြာသုံးမျိုးလည်း ဆေးတွင် ပါသည်။ ထိုဆေးကို ဒိဒ္ဓိနာဂတောင်ကြား၌ ရောက်သော ရေနှင့်ကြိတ်ရမည်။ ထိုတောင်၌ သံလိုက်ရှိ၏။ ထိုတောင် နှစ်လုံးသည် ကြိတ်လျက်ရှိ၏။ အတွင်းမှာ ရေအိုင်ရှိ၏။ အတွင်းသို့ ဝင်မိလျှင် ကျေးငှက်မှ မလွတ်ရအောင် ကြိတ်မိ၍ သေလေ၏။ အဂ္ဂိသေလမည်သော တောင်သည်ရှိ၏။ ထိုတောင်ထိပ်၌ မီးတောက်လျက် ရှိ၏။ ထိုမီးတောက်ကို ယူလျှင် အဂ္ဂိဝါရ ဘီလူးသည် စား၏။ ထိုမီးလည်း ဆေးတွင် ပါ၏။ ထို၏အနီး ပညောင်ကြီးလည်း ရှိ၏။ ထိုအရိပ်သို့ဝင်လျှင် ဒေဝယက္ခဘီလူးသည် စား၏။ ထိုညောင်ရွက်လည်း ဆေးတွင်ပါ၏။ စန္ဒဂိရိမည်သော တောင်ခြေရင်း၌ နဂါးပွက်ရှိ၏။ ထိုအနီးသို့ ရောက်လျှင် ရှုမသိခ နဂါး၏ စက်မိ၍ အခိုးထွက်ကုန်၏။ ထိုနဂါးပွက်လည်း ဆေးတွင် ပါ၏။ ထိုဆေးအကျိုးသည် ရန်မျိုးကို အောင်နိုင်သည်။ မြေကို လျှိုးနိုင်သည်ဟု ရေး၍ထားခဲ့၏။

မင်းသားလည်း ကျောင်းက ပြန်လည်၍ ထိုဆေးနည်းကို တွေ့လေသော် ရသေ့အား ပြလေ၏။ ရသေ့လည်း ဤသို့ဆို၏။ မင်းသား၊ ဤဆေးနည်းသည်

သင့်အား သေအောင်ပြုသော ဆေးနည်းဖြစ်သည်။ မဖော်လင့်ဟု တားမြစ်၏။ ထိုအခါ ရသေ့အား ဤသို့လျှောက်၏။ အရှင်ဘုရား ပေးသော ဆေးမန္တရာ ဖြင့် ဤဘေးရန်ကို မတားနိုင်ပါလောဟု လျှောက်၏။ ရသေ့လည်း တားမြစ်နိုင်ကြောင်းကို မိန့်တော်မူ၏။

မင်းသားလည်း ရသေ့နှင့် မယ်တော်တို့ မသိရအောင် ထိုအရပ်သို့ သွား၍ ကြာသုံးမျိုး၊ တောင်ကြားရေ၊ တောင်ထိပ်မိး၊ ညောင်ရွက်၊ နဂါးပွက်တို့ကို အန္တရာယ်မရှိ ယူဆောင်ခဲ့၍ ထိုဆေးကို ကြိတ်သောအခါ ရသေ့ပေးသောဆေး အနည်းငယ်မျှ ထည့်၍ ကြိတ်လေ၏။ မင်းသားသည် ရှေးကထက် ဘုန်းတန်ခိုး ကြီး၏။ ဣစ္ဆာသယ လိုသမျှကို ပြီးစီးနိုင်၏။ မယ်တော်အားလည်း ထိုဆေး၏ အစွမ်းသတ္တိကို ပြ၏။

မင်းသား ၁၆–နှစ်ရှိလတ်သော် ဘိုးတော် ဝင်္ဂရာဇ်မင်းကြီးထံသို့ အမွေကောင်း သွားရာ ဘိုးတော် နတ်ရွာစံနှင့်သည် ဖြစ်၍ ဝရီးတော်၊ မှူးတော်၊ မတ်တော်တို့အား မယ်တော်၏ လည်ရွဲ၊ ကမ္ဗလာ၊ လက်ကောက်၊ ရင်လွှမ်းတို့ကိုလည်းကောင်း၊ ခမည်းတော်၏ လက်စွပ်၊ နားတောင်းတို့ကိုလည်းကောင်း ပြပြီးလျှင် ခမည်းတော်၊ မယ်တော်၊ ဘိုးတော်၊ ဘွားတော်တို့၏ အမည်နာမကို ပြော၏။ ထိုအခါ ဝရီးတော်နှင့်တကွသော မှူးမတ်တို့သည် ပုပ္ပဒေဝမင်းသားအား ထီးနန်းကို အပ်ကြလေကုန်၏။ မင်းသားသည် ၎င်းပြည်၌ ခုနစ်လ နေပြီးလျှင် စစ်အင်္ဂါလေးပါးနှင့် တကွ မယ်တော်ထံသို့ ပြန်လာ၏။ ထို့နောက် ဘိုးတော် တကောင်းမင်းထံသို့ မယ်တော်နှင့် သွားလို၍ ရသေ့အား ပူဇော်ပြီးလျှင် သားအမိ နှစ်ယောက်တို့သည် စစ်အင်္ဂါလေးပါးနှင့်တကွ ခမည်းတော် တကောင်းမင်း ထံသို့ လာရာ ခမည်းတော်ဖြစ်သော သတိုးရွှေမင်းလည်း သမီးတော်၊ မြေးတော်တို့ကို မသိသည်ဖြစ်၍ မှူးမတ်တို့အား စစ်ခံစေ၏။ သားအမိနှစ်ယောက်တို့သည် ခမည်းတော် သတိုးရွှေထံသို့ဝင်၍ အလုံးစုံကို အကုန်ပြန်ပြောလတ်သော် ခမည်းတော်လည်း သမီးကိုပိုက်၊ မြေးကိုပိုက်လျက် သမီး၊ မြေး၊ အဘိုးတို့သည် ငိုကြွေးကြကုန်၏။ တပ်ကိုလည်း သိမ်းစေ၏။ ဘိုးတော်သတိုးရွှေလည်း မြေးတော် ပုပ္ပဒေဝမင်းသားအား နန်းအပ်တော်မူလေ၏။ ခုနစ်လရှိသော် ဘိုးတော်သတိုးရွှေလည်း နတ်ရွာစံလေ၏။ မြေးတော် ပုပ္ပဒေဝလည်း တကောင်းပြည်၌ တစ်နှစ် နေပြီးလျှင် မယ်တော်အား နန်းအပ်ခဲ့၍ ဝင်္ဂရာဇ်ပြည်သို့ ပြန်ပြီးလျှင် မင်းပြုလေ၏။

## ဘဒ္ဒါနုဝတီမင်းသမီးမှပိဿနိုးမင်းသမီးအထိအစဉ်အဆက်များ

တို့နောက် နဂါးမြီးတိုသည် မင်းသားမရှိသော် အလွန်ဝမ်းမြောက်ဝမ်းသာရှိလေ၏။ ညဉ့်အခါသို့ ရောက်လျှင် မင်းသမီးနှင့် မွေ့လျော်ပျော်ပါး၍ နေလေ၏။ နေ့အခါ လူတို့မမြင်ရအောင် နေလေ၏။ ထိုအခါ ယောကျ်ားမရှိ၊ မိန်းမသာ မင်းပြုနေလေ၏။

တကောင်းပြည်၌ မိန်းမသာ မင်းပြုသည်ဟု ကျော်စောလေ၏။ ပြည်သူပြည်သားတို့သည် ဤသို့ လျှောက်ကြကုန်၏။ အရှင်မ၊ မိန်းမတို့မည်သည် လင်မရှိက မဖွယ်ရာဖြစ်ပါသည်။ မီးတို့လည်း အခိုးအတောက်မရှိက မထွန်းလင်းနိုင်ပါ။ ရထားတို့လည်း အလံမရှိက မတင့်တယ်နိုင်ပါ။ တန်ဆာဆင်ခြင်းရှိသော မိန်းမတို့လည်း နံ့သာကင်း၍ မတင့်တယ်နိုင်ပါ။ ခပ်သိမ်းသော လူမျိုးတို့နှင့် ပြည့်စုံသော တိုင်းပြည်သည်လည်း မင်း မရှိက မတင့်တယ်နိုင်ပါ။ ထို့အတူ မိန်းမတို့သည် ယောကျ်ားမရှိက မတင့်တယ်နိုင်ပါဟု လျှောက်ကြလေသော် ကောင်းပြီ၊ ပြည်သူတို့နှစ်သက်ရာ လိုက်နာပါမည်ဟု ဆို၏။

ထိုအခါ ပြည်သူပြည်သားတို့လည်း လျောက်ပတ်သောသူနှင့် ဘိသိက်သွန်း၍ မင်းပြုစေ၏။ ခုနစ်ရက်၊ ဆယ်ရက်၊ လခွဲမျှသာ ကြာ၏။ နဂါးမြီးတို ပေါက်၍ ယောကျ်ားပေါင်းများစွာ သေလေကုန်၏။ မင်းလုပ်မည့်သူ မရှိ ဖြစ်လေကုန်၏။

ထိုအခါ အမိသည် မဇ္ဈိမပြည်သူ ဝေဠုသာကီဝင်မင်းမျိုး၊ အဘသည် မောရိယပြည်သား ကဋ္ဌသာကီဝင်မင်းမျိုးဖြစ်သော ဇနသိဒ္ဓိလုလင်သည်၊ ဂန္ဓာရာဇ်တိုင်း တက္ကသိုလ်ပြည်မှ အတတ်ပညာသင်၍ မိဘထံသို့ ပြန်၍လာရာ ရေးကံဟောင်း ဆော်နှိုးသဖြင့် နတ်တို့လှည့်ဖြား၍ တကောင်းပြည်သို့ ရောက်လေ၏။ ၎င်းပြည်၌ မင်းလုပ်မည့်သူ မရှိ၍ မင်းလုပ်လိုသောသူရှိလျှင် ပေါ်ထွက်ကြဟု မြို့ကို စည်လည်သည်နှင့် တွေ့ကြုံလေသော် ဤသို့ ဆင်ခြင်၏။

ဆရာသည် "ဂစ္ဆန္တော ဂစ္ဆန္တောအဒ္ဓါနမဂ္ဂပဋိပ္ပန္နော ဟောတိ၊ မဟာဘဂ္ဂေါ" ဟူ၍လည်းကောင်း၊ "ဝစနံ လဘတိ၊ ပုစ္ဆန္တော ပုစ္ဆန္တော မဟာသုခေါ ဟောတိ" ဟူ၍လည်းကောင်း၊ "အနိဒ္ဒံ ဓိဝိတံ ဒီဃော ဟောတိ၊ ရာဇာနော ဘဝိဿတိ" ဟူ၍လည်းကောင်း။ ဤသုံးဂါထာကို ငါ့အား သင်လိုက်၏။ ထိုဂါထာကို မြန်မာပြန်သော် အသင်လုလင် "သွားပါများသော် ခရီးရောက်၏။ ခရီးရောက်သော် သင် ဘုန်းကြီး၏။" "မေးပါများသော် စကားရ၏။ စကားရသော် သင် ချမ်းသာ၏။" "မအိပ်မစက် အသက်ရှည်၏။ အသက်ရှည်သော် သင်

ခင်းဖြစ်၏” ဤသို့ ငါ့အား သင်လိုက်၏။ ငါသည် မင်းပြုတော့အံ့ဟု လိုက်၍ ခင်းပြုလေ၏။

ထိုဇနသိဒ္ဓိလုလင်သည် အလုံးစုံသော ဂါထာမန္တ ရား၌လည်း ကျွမ်းကျင် လိမ္မာ၏။ ဝိဇ္ဇာမယအတတ်မျိုးကိုလည်း အကုန်တတ်၏။ တစ်ဘက်ရန်ကိုလည်း မျက်စောင်းထိုးသော် လဲ၏။ အံသွားခဲသော် သေ၏။

ၡင်းဇနသိဒ္ဓိလုလင်သည် မင်းပြု၍ ခုနစ်ရက်ရှိလျှင် ငှက်ပျောတုံးကို မိဖုရား မသိရအောင် အနား၌ ကမ္ဗလာခြုံ၍ထားလေ၏။ သံလျက်ကို လက်စွဲလျက် ချောင်း၍ နေလေ၏။ နဂါးမြီးတိုလည်း ငါ့မယားနှင့် အိပ်ရသလောဟု အမျက် ထွက်၍ အဆောတလျှင် ပေါက်သောအခါ ငှက်ပျောတုံးမှာ အစွယ်ငြိသည်ဖြစ်၍ နုတ်၍မရနိုင်ရှိလေ၏။ ထိုအခါ ဇနသိဒ္ဓိလုလင်သည် သံလျက်ဖြင့် နဂါးမြီးတိုကို သုံးပိုင်းပိုင်း၍ သေလေ၏။

ဇနသိဒ္ဓိလုလင်သည် သာသနာတော် ၄၄–ခုနှစ်တွင် မင်းအဖြစ်သို့ရောက် သည်။ တကောင်းမင်း နတ်ရွာစံ၍ မြေးတော်ကို နန်းအပ်သည်ကား သာသနာ ၄၃–ခုနှစ်တွင် အပ်တော်မူသည်။ အိမ်ရှေ့မင်း ဝက်ကြီးကို လိုက်သည်ကား သာသနာတော် ၄၀–နှစ် လိုက်သည်။ မင်းသမီး ၇–ယောက်နှင့် မင်းသား ၇– ယောက်တို့ကို ထိမ်းမြားသည်ကား သာသနာတော် ၂၅–နှစ်တွင် ထိမ်းမြား လက်ထပ်တော်မူသည်။

ထို့နောက် မိဖုရားတွင် သား ဖွားမြင်လျှင် နဂါးနှင့် ပဋိသန္ဓေရသည်ဖြစ်၍ နဂါး ဖွားမြင်၏။ ၡင်းနဂါးငယ်ကို တံညှပ်ဖြင့် ညှပ်၍ လူမသိရအောင် ရေတွင် မျှောလေ၏။ ထို့နောက် ဇနသိဒ္ဓိမင်းနှင့် ပဋိသန္ဓေရ၍ ဖွားမြင်လတ်သော် နဂါးမြီးတို၏ အခိုးအငွေ့မကင်းသောကြောင့် မျက်မမြင် သားတော်နှစ်ယောက် ဖွားမြင်၏။ ထိုသားတော်နှစ်ယောက်တို့ကို ဆေးဝါးမန္တ ရားဖြင့် ကုသသော်လည်း မပျောက်သည်ဖြစ်၍ ငါ၏ သားတော်များသည် လူစော်နံကာမျှသာ ဖြစ်၍ ထီးနန်းနှင့် မတော်ဟု ဆို၍ ခမည်းတော် ဇနသိဒ္ဓိမင်းသည် မသိုးထမင်း၊ မသိုးဟင်း စီရင်၍ သားတော်နှစ်ယောက်တို့ကို ဖောင်စကြာဖြင့် ရေတွင် မျှောလိုက်၏။

အစဉ်အတိုင်း မျော၍ စစ်ကိုင်းသို့ ဖောင်စကြာရောက်လျှင် သစ်ပင်တစ်ပင် မြစ်ထဲသို့ လဲလျက်နေလေ၏။ ထိုသစ်ပင်၌ ဖောင်စကြာငြိ၍ နေသောအခါ စန္ဒမုခီဘီလူးမသည် ဖောင်ထက်သို့တက်၍ လိုက်လေ၏။ ညီနောင်နှစ်ယောက်တို့

ပွဲတော်တည်ရာ ဘီလူးမကို စမ်းမိလေသော် ညီတော်လက်လောဟု မေး၏။ ညီတော်ကလည်း မဟုတ်ကြောင်းကို ပြော၏။ ထိုအခါ ညီနောင်နှစ်ယောက်တို့သည် လက်ကိုကိုင်လျက် သံလျက်မိုးပြီးလျှင် ဟုတ်သည်အတိုင်း အမှန်ပြောဟု မေးသည်တွင် ဘီလူးမသည် အမျိုးအမည်နှင့်တကွ ပြောပြီးလျှင် ဤသို့ ခွင့်တောင်း၏။

အရှင်တို့၊ အကျွန်ုပ်၏ အသက်ကို ချမ်းသာပေးပါ၊ အရှင်တို့၏ မျက်စိရောဂါကို နတ်ဆေး, နတ်ဝါး, နတ်မန္တ ရားဖြင့် ကုသပါအံ့၊ ကာမဂုဏ်ဖြင့်လည်း လုပ်ကျွေးပါအံ့၊ နတ်၏ခဲဖွယ်ဘောဇဉ်ဖြင့်လည်း ကျွေးမွေးပါအံ့ဟု ခွင့်တောင်းပန်၏။ တောင်းပန်တိုင်း အသက်ကို ချမ်းသာပေးပြီးလျှင် ဘီလူးမအား သစ္စာပြုစေ၍ လွှတ်၏။ ဘီလူးမလည်း မိမိဝန်ခံတိုင်း ညီနောင်နှစ်ယောက်တို့အား ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၊ ထမင်းအဖျော်ဖြင့် လုပ်ကျွေးခြင်း၊ ဆေးဖြင့် ကုသခြင်းကို ပြုလေသော် မျက်စိရောဂါသည် ပျောက်လေ၏။

ဖောင်စကြာဖြင့် အစဉ်အတိုင်းစုန်ခဲ့ရာ နဝဝါသီတိုင်း ပြည်မြို့သို့ ရောက်လေ၏။

ဦးရိုးတော်၏သမီး ဘေဒါရီသည် နတ်မမိ လူမက လှပတင့်တယ်ခြင်းရှိသည်ဖြစ်၍ ဆံ၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်းတည်းဟူသော ဤငါးပါးသော ကောင်းခြင်းတို့နှင့်ပြည့်စုံ၏။ ၁၆–နှစ်အရွယ်သို့ရောက်သောအခါ အိမ်ထောင်ဘက် ရှာလော့ဟု ဆိုခြင်းငှာ မလျောက်ပတ်၍ ဘူးကို သေးသေးဖောက်ပြီး ရေကို ခပ်စေ၏။ ဤဘူး ရေပြည့်မှ ကျောင်းသို့ပြန်ခဲ့၊ နေဝင်လျှင် မပြည့်သော်လည်း ကျောင်းသို့ ပြန်ခဲ့လော့ဟု မှာလိုက်၏။ ထိုအခါ ညီတော်၊ နောင်တော် နှစ်ယောက်တို့ မြင်လတ်သော် နောင်တော်သည် ဤသို့ဆို၏။ နှမ၊ သင့်ဘူးသည် အပေါက်ကျဉ်းစွတကား၊ အဘယ်မှာ ရေဝင်နိုင်အံ့နည်းဟု ဆို၍ သံလျက်ဖြင့် ဖောက်လတ်သော် ဘူးပေါက်ကျယ်သဖြင့် ရေပြည့်လွယ်၍ ကျောင်းသို့ ပြန်လေ၏။

အဘရသေ့လည်း ဤသို့မေး၏။ ချစ်သမီး၊ ယနေ့ကား မြန်လှချေ၏။ အဘယ်သူသည် ဤဘူးကို ချဲ့သနည်းဟု မေး၏။ အရှင်ဘုရား၊ လုလင်ပျို နှစ်ယောက်တို့လာ၍ အကျွန်ုပ်၏ ဘူးကို ချဲ့ပါသည်ဟု ပြော၏။ ချစ်သမီး၊ ထိုလုလင်တို့သည် အဘယ်အရပ်ကနည်းဟု မေးလတ်သော် တကောင်းပြည်က ဟု ပြော၍ ထိုလုလင်တို့ကို ခေါ်ချေဟု စေလိုက်၏။

ညီနောင်နှစ်ယောက်တို့ရောက်လျှင် ရသေ့သည် လုလင်တို့အား တကောင်းပြည်ကို အစိုးရသော သတိုးရွှေမင်း၊ မိဖုရား၊ သမီးတော် ခုနစ်ယောက်တို့၏ သတင်းစကားကို မေးတော်မူသောအခါ ဤသို့လျှောက်၏။

အရှင်ဘုရား၊ တကောင်းပြည်ကို အစိုးရတော်မူသော အကျွန်ုပ်တို့၏ ဘိုးတော်၊ ဘွားတော်တို့သည်ကား နတ်ရွာစံခဲ့ပြီ၊ သမီးတော် ခြောက်ယောက်တို့လည်း နဂါးစက်မိ၍ နတ်ရွာစံခဲ့ပြီ၊ အကျွန်ုပ်တို့၏အမိဖြစ်သော ဘဒ္ဒါနုဝတီ သမီးတော်တစ်ယောက်သာ ကျန်ပါသည်။ သားတော်ကြီးသည်ကား ဝက်ကြီးလိုက်ရာက မပြန်လာပြီ။ ဘိုးတော်သည်ကား နောင်တော် ပုပ္ဖဒေဝအား နန်းကို အပ်တော်မူပါသည်။ နောင်တော်လည်း တကောင်းပြည်၌ တစ်နှစ်သာနေ၍ မယ်တော်အား ထီးနန်းကို အပ်ပြီးလျှင် ဝဂ်ရာဇ်ပြည်သို့ ပြန်၍ မင်းလုပ်တော်မူပါသည်။ နောင်တော် ပုပ္ဖဒေဝ မရှိသည်နောက် အကျွန်ုပ်တို့၏ ခမည်းတော် သာကီဝင်မင်းမျိုးဖြစ်သော ဇနသိဒ္ဓိသတိုး နဂါးနိုင် မင်းပြုပါသည်ဟု အလုံးစုံကို အကုန်ပြန်၍ လျှောက်လေ၏။

ဦးရီးတော်ရသေ့လည်း မျက်ရည်စက်လက်ဖြင့် တူတော်နှစ်ယောက်ကို ဖက်လျက် တူဝရီးသုံးယောက်တို့သည် ငိုကြွေးကြကုန်၏။ လုလင်တို့ ငါကား အခြားသူမဟုတ်၊ တကောင်းမင်း၏သားတော်ပင်တည်း။ ဝက်ကြီးကို လိုက်သောသူသည် ငါလျှင်တည်း။ ဘဒ္ဒါနုဝတီမင်းသမီးကား ငါ၏နှမတော် အငယ်ဆုံးတည်း။ ငါကား ရသေ့တို့နှင့် တွေ့၍ သံဝေဂရသဖြင့် ရသေ့ပြု၍ ငါနေသည်။ ဤသမီးငယ်သည်ကား ငါ၏ သမီးပင်တည်းဟု ပြော၍ လုလင်နှစ်ယောက်တို့ကို ထိုကျောင်း၌ပင် နေစေ၏။

ထိုအခါ မင်းသားတို့လည်း ဘီလူးမကို ဤသို့ပြော၏။ ဘီလူးမ၊ သင်သည် ငါတို့အား ကျေးဇူးကြီးလှပေ၏။ ကျေးဇူးရှင်လည်း ဖြစ်ပေသည်။ ငါတို့နှင့် ဇာတ်မတူ သင်တို့နေရာ လက်ဒီပ သိန်းဃိုင်ကျွန်းသို့ သွားတော့ဟု ဆို၏။ ဘီလူးမလည်း ကာမဂုဏ်ကို ပေးတတ်သော သူနှစ်ယောက်တို့နှင့် ကွေကွင်းရသော် စိုးရိမ်ပူဆွေး ငိုကြွေးလျက်နှင့် ကိုယ်ဝန်ကို ဆောင့်ရောက်ခြင်းငှာ ကုမ္ဘဝတီပြည်တွင် တောစိမ်းအရပ်၌၊ (ဝါ) တောင်တွင်းအရပ်၌ ညောင်ကြပ်ပင်ကြီးကို မှီ၍ နေလေ၏။

ကုမ္ဘဝတီမင်းသည် တောကစားလှည့်ပတ်ရာ ထိုညောင်ပင်၏ အနီးသို့ ရောက်လေသော် ဘီလူးမသည် မိန်းမလှယောင်ဖန်ဆင်း၍ ပြလေ၏။ ကုမ္ဘဝတီမင်း မြင်လျှင် နှစ်သက်သည်ဖြစ်၍ သိမ်းပိုက်တော်မူပြီးလျှင် မိဖုရာကြီးအရာ

ထားလေ၏။ ညောင်ကြပ်ပင်၌ ရသည်ကို အကြောင်းပြု၍ ပိပ္ပလိဒေဝီဟု မှည့်၏။ အခါတစ်ပါး ပိပ္ပလိဒေဝီမိဖုရား၌ သမီးဖွားမြင်လတ်သော် အထွတ်အမြတ်အားဖြင့်လည်းကောင်း၊ အမိအမျိုးအနွယ်အားဖြင့်လည်းကောင်း ပိဿနိုးဟု မှည့်၏။ ပိဿနိုးမင်းသမီး ၁၆-နှစ် ရှိလတ်သော် အမိသေလေ၏။ ထိုအခါ ပိဿနိုးမင်းသမီးသည် မင်းလုပ်၍နေလေ၏။ ဘုန်းလက်နက်စကြာရ၏။

## ပျူမင်းမှဒွတ္တဘောင်မင်းထိအစဉ်အဆက်များ

ထိုအခါ နဝဝါသီမည်သော ပြည်မြို့၌ ပျူမင်းသည် မင်းပြု၏။ ၃၅-နှစ် ရှိလျှင် ရသေ့ပြုမြဲဖြစ်၍ ရသေ့ပြုလေ၏။ တောင်နန်းသမီး မာလာစန္ဒီနှင့် မြောက်နန်းသား ကန္ဒဒေဝ မောင်နှမနှစ်ယောက်တို့သည် ခမည်းတော် ပျူမင်း မရှိသည့်နောက် စစ်ဖြစ်ကြရာ မောင်တစ်လှည့်၊ နှမတစ်လှည့် အရှုံးအနိုင် ဖြစ်၍ နေ၏။

ထိုအခါ မာလာစန္ဒီသည် ရသေ့ထံသို့လာ၍ ထိုအကြောင်းကို လျှောက်၏။ ရသေ့လည်း ဤသို့မိန့်၏။ "ချစ်သမီး၊ ဆံထုံးနှင့် ရောင်သည် စစ်ဖြစ်ဖွယ်မရှိ၊ ဆံထုံးတို့သည် ရောင်၏ အလုပ်အကျွေးမျှသာ ဖြစ်သည်။ ဇမ္ဗူဒိပ်တွင် ယောကျ်ားရှားသလော"ဟု ဆို၍ တူတော်နှစ်ယောက်တို့ကို ပြလေ၏။ မာလာစန္ဒီမင်းသမီးလည်း လုပတင့်တယ်ခြင်း ပြည့်စုံသော တူတော်နှစ်ယောက်ကို မြင်လျှင် အလွန်နှစ်သက်ခြင်းရှိသည်ဖြစ်၍ "အရှင်ဘုရား၊ အရှင်ဘုရားသာ လျော်အောင် ပြုတော်မူပါ"ဟု လျှောက်၏။ ရသေ့လည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် ပျူမင်းသမီး မာလာစန္ဒီကို တောင်နန်း၊ သမီးတော် ဘေဒါရီကို မြောက်နန်းထား၍ တူတော် မဟာသမ္ဘဝနှင့် အဘိသိက်သွန်းလောင်း၍ သာသနာတော် ၆၀-ပြည့်နှစ်တွင် ထီးနန်းကို အပ်၍ နန်းတက်စေ၏။

မာလာစန္ဒီ၏ မောင်တော် ကန္ဒဒေဝမင်းသားကို စစ်သူကြီးအရာ ထားတော်မူ၏။ တူတော် မဟာသမ္ဘဝသည် နန်းစံ ခြောက်နှစ်ရှိလျှင် နတ်ရွာစံလေ၏။ နောင်တော် မဟာသမ္ဘဝ နတ်ရွာစံသည်နောက် ညီတော် စူဠသမ္ဘဝကို မာလာစန္ဒီ၊ ဘေဒါရီတို့နှင့် လက်ထပ်၍ သာသနာတော် ၆၆-နှစ်တွင် ထီးနန်းကို တစ်ဖန် အပ်တော်မူပြန်၏။

မာလာစန္ဒီမိဖုရားက သမီးတော် သီရိစန္ဒာကို ဖွားမြင်သည်။ ဘေဒါရီ မိဖုရားက သားတော် ဒွတ္တဘောင်ကို ဖွားမြင်သည်။ စူဠသမ္ဘဝမင်းသားသည်

အိမ်နိမ့် ၂၅–နှစ်၊ နန်းစံ ၃၅–နှစ်၊ အသက်တော် ၆၀–နှစ်တွင် နတ်ရွာစံတော်မူ၏။

ခမည်းတော် ရှဥ္စသမ္ဘဝ နတ်ရွာစံသည်နောက် သာသနာတော် ၁၀၁–ခုနှစ်တွင် ဘိုးတော်ရသေ့သည် နှစ်သောင်းသော ရသေ့တို့နှင့်တကွ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီ၊ ပရမီသွာရ စသော နတ်တို့သည် ကူညီညာ၍ သီရိခေတ္တရာမြိုင်း၊ ဣသိနာဂရပြည်ကြီးကို ခုနစ်ရက်တစ်ပတ်နှင့် တည်ထောင်ပြီးလျှင် မြေးတော် ဒွတ္တပေါင်မင်းသားကို သီရိစန္ဒာအား တောင်နန်းထား၍၊ ကန္နဒေဝ စစ်သူကြီး သမီးတော် ဥမ္မာရဒေဝီအား မြောက်နန်းထား၍၊ ဧကပထ နဂါးမင်း သမီးတော် ဘေစန္ဒီအား အနောက်နန်းထား၍၊ သိကြား လက်ယာ ဗြဟ္မာ လက်ဝဲ တွဲလျက် ဘိသိက်ခံပြီးလျှင် သာသနာတော် ၁၀၁–ခုနှစ်တွင် ရွှေနန်းတက်စေတော်မူ၏။ ကာလာသောကမင်းနှင့် ပြိုင်၏။ ရှေးဆုတောင်းဘက် ဖြစ်သော ပိဿနိုးမိဖုရားကို နန်းတက်၍ သုံးနှစ်ရှိမှ ဆောင်ယူပြီးလျှင် အလယ်နန်းထား၍ မိဖုရား လေးယောက် ဖြစ်သတည်း။

တောင်နန်း သီရိစန္ဒာမိဖုရားက သားတော် ဒွတ္တရံကို ဖွားမြင်သည်။ မြောက်နန်း ဥမ္မာရဒေဝီမိဖုရားက သားတော်ဒွတ္တစံကို ဖွားမြင်သည်။ အလယ်နန်း ပိဿနိုးမိဖုရားက သားတော် ဒွတ္တရာဇ်ကို ဖွားမြင်သည်။ အနောက်နန်း ဘေစန္ဒီမိဖုရားက သမီးတော် သုဝဏ္ဏမာလာ၊ ကဥ္စနမာလာ၊ ဟေမမာလာ၊ သီရိမာလာဟု လေးယောက်ဖွားမြင်သည်။

သီရိမာလာမင်းသမီးကို ဒွတ္တရံမင်းသားနှင့် လက်ထပ်တော်မူသည်။ ဥမ္မာရဒေဝီ မိဖုရားသားတော် ဒွတ္တစံ မင်းသားသည် ရှင်မမ္မရက္ခိတ မထေရ်သည် ဟောအပ်သော ဓမ္မစက်တော်ကို နာရ၍ အရဟတ္တဖိုလ်သို့ လှူပျိုတော် တစ်ထောင်နှင့် ရောက်လေ၏။ ရဟန္တာဖြစ်သောအခါ အရှင်စန္ဒာသီရိဟု တွင်၏။

ပိဿနိုးမိဖုရား သားတော် ဒွတ္တရာဇ် မင်းသားသည် အရှင်စန္ဒ မထေရ် ဟောအပ်သော အနမတဂ္ဂသုတ်ကို နာရ၍ အရဟတ္တဖိုလ်သို့ လှူပျိုတော် တစ်ထောင်နှင့် ရောက်လေ၏။ ရဟန္တာဖြစ်သောအခါ အရှင်စန္ဒာဂရာဇ်ဟု တွင်၏။

ဘေစန္ဒီမိဖုရားသမီး သုဝဏ္ဏမာလာ မင်းသမီးသည် မိန်းမအခြွေအရံ တစ်ထောင်နှင့် အရှင်မဟာရာမ ရဟန္တာသည် ဟောအပ်သော သံယုတ္တနိကာယ်၊ လက္ခဏသံယုတ်၊ ဝိမာနဝတ္ထု၊ အနမတဂ္ဂသုတ်၊ သစ္စသံယုတ်၊ ၎င်းကျမ်း စုတို့ကို

နာရ၍ ရဟန္တာမ ဖြစ်၏။ ရဟန္တာမ အဖြစ်သို့ ရောက်လျှင် သုဓမ္မာထေရီမဟု တွင်၏။

ဒွတ္တာဘောင်မင်းသည် ကာလာသောကမင်း၏ နှမတော်ဖြစ်သော နန္ဒာထေရီမနှင့် တကွ ရဟန္တာမိန်းမ ငါးရာတို့ကို ပင့်စေ၍ သမီးတော်အား ရဟန်းပြု၏။ ဥမ္မာရဒေဝီ မိဖုရားလည်း မိန်းမအခြံအရံ တစ်ထောင်နှင့်တကွ ထိုနန္ဒာထေရီမသည် ဟောအပ်သော တရားတော်ကို နာရသဖြင့် သောတာပန် တည်လေ၏။ ထိုဥမ္မာရဒေဝီ မိဖုရားသည် မင်းအား ခွင့်တောင်းပန်၍ ရဟန်း ပြုလေ၏။ ခုနစ်ရက် ဝိပဿနာကို အားထုတ်လတ်သော် အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာမ ဖြစ်သောအခါ ဥမ္မာရထေရီဟု တွင်လေ၏။

နဂါးမင်းသမီး ဘေစန္ဒီမိဖုရားလည်း သရဏဂုံ ပဉ္စသီတည်၍ အရှင်မဟာတိဿထံ ရဟန်းပြုလိုသည်ဟု နဂါးမ တစ်သိန်းနှင့် ခွင့်တောင်းလေသော် သင်တို့ တိရစ္ဆာန် နဂါးမျိုးအား ဘုရားခွင့်ပြုတော်မမူဟု ပယ်တော်မူ၏။ ထိုအခါ ဘေစန္ဒီမိဖုရားလည်း ဤသို့ တစ်ဖန်ပြန်လျှောက်၏။ အရှင်ဘုရား ရဟန်းမပြုရသော် သဂ္ဂမဂ္ဂ နတ်ရွာ နိဗ္ဗာန်သို့ ရောက်စေတတ်သော တရားကို အဘယ်သို့ ကျင့်ရပါသနည်းဟု လျှောက်၏။ အရှင်မဟာတိဿမထေရ်သည် ဤသို့ မိန့်တော်မူ၏။

သင်မိဖုရား၊ လူ, တိရစ္ဆာန်တို့၏ ကျင့်ရာသော တရားသည် ပဉ္စင်္ဂ၊ အဋ္ဌင်္ဂ၊ ဒသင်္ဂ၊ ကေသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင်၊ ၎င်းဓုတင်၏ အခြံအရံဖြစ်သော သန္တုဋ္ဌိ၊ သံလေခ၊ သန္တောသ၊ သလ္လဟုက-ဟု လေးပါးရှိ၏။ ထိုတရားတို့သည် လူ, တိရစ္ဆာန်တို့၏ ကျင့်ရာသော တရားတည်းဟု ဟောတော်မူ၏။ ပဉ္စမီ၊ အဋ္ဌမီ၊ စာတုဒ္ဒသီ၊ ပန္နရသီဟု လူတို့မှာ ရှစ်သီတင်း၊ ပဉ္စမီ၊ အဋ္ဌမီ၊ ပန္နရသီဟု တိရစ္ဆာန်တို့မှာ ခြောက်သီတင်း၊ လူနှင့် တိရစ္ဆာန်သည် ကျင့်အပ်သော တရားသည် မထူး၊ ရက်သာ ထူးသည်ဟု မှတ်ရမည်။

ပိဿနိုးမိဖုရားလည်း အစဉ်း တောင်ညာ မထား၍ လင်ကို ရန်ငြိုးဖွဲ့၏။ နောက်မှ အရှင်မဟာယသမထေရ်သည် ဖိုးဦးတောင်၌ ရှေးက ပွေးဖို, ပွေးမ ဖြစ်ဖူးသော အကြောင်းနှင့်တကွ အစဉ်ကို ဟောတော်မူမှ မင်း၊ မိဖုရားနှစ်ပါးတို့သည် ရန်ငြိုးငြိမ်း၍ ချစ်ခင်လေးမြတ်ကြကုန်၏။ အတူတကွ ရတနာသုံးပါး၌လည်း ကြည်ညိုကြကုန်သည်ဖြစ်၍ တစ်နေ့တစ်နေ့လျှင် တစ်သိန်း တစ်သိန်းသော ဥစ္စာတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းကြကုန်၏။ ပဉ္စမီ၊ အဋ္ဌမီ၊

စာတုဒ္ဒသီ၊ ပန္နရသီ၊ ပကတိဥပုသ်၊ ပကတိစာရဥပုသ်၊ ပါဋိဟာရိယာဥပုသ်၊ ပါဋိပဒဥပုသ်တို့ကိုလည်း မင်း၊ မိဖုရား နှစ်ပါးတို့သည် အားထုတ်ကြကုန်၏။ ဒွတ္တပေါင်မင်းလည်း သာသနာတော်ကို ချီးပင့်၍ သားတော်၊ သမီးတော်၊ မိဖုရား ရဟန်းပြုတော်မူ၏။

## ညီနောင်ရဟန္တာ နှစ်ပါးနှင့်အတူ ဒွတ္တပေါင်မင်း ရွှေဆံတော်စေတီတည်ခြင်း

အရှင်စန္ဒာသီရိ၊ အရှင်စန္ဒာဂရာဇ် နှစ်ပါးတို့သည် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အတိတ်ကို ကြည့်ရှုသည်ရှိသော် ငါတို့ညီနောင်နှစ်ပါးသည် အဇ္ဈိက၊ ဘလ္လိက ကုန်သည်ညီနောင်ဖြစ်စဉ်အခါက ငါတို့သည် မြတ်စွာဘုရားကို မမြင်တွေ့၊ မဖူးတွေ့ရဘဲနှင့် ငါတို့အား ဆံတော်ဓာတ်များကို ပေးအပ်လေလော့ဟု မိန့်တော်မူခြင်းသည် နောင်သောအခါ သာသနာတော်မြတ်ကို ချီးပင့်လတ္တံ့ဟု ဆံတော်ဓာတ် လေးဆူကို အပ်နှင်းလေလော့ဟု မှာတော်မူသည်ကို မြင်တော်မူ၏။

ထိုအခါ ငါတို့သည် သာသနာတော်မြတ်ကို အဘယ်သို့ ချီးပင့်ရအံ့နည်းဟု ဆင်ခြင်ပြန်သော် မြတ်စွာဘုရားသခင်သည် မဇ္ဈိမဒေသ၌ သာသနာတော် ၂၅၀–သာ တည်မည်။ ပစ္စန္တရာဇ်၌ များစွာတည်မည်ကို မြင်တော်မူ၍ ဤဆံတော် လေးဆူ၊ မွေရှင်တော် ရစ်ဆူ၊ နိသီဒိုင်တော်တို့ကို ထားတော်မူခဲ့သည်။ ငါတို့လည်း ချီးပင့်သင့်ပေသည်ဟု ဆင်ခြင်တိုင်း ဆံတော်၊ မွေရှင်တော်၊ နိသီဒိုင်တော်တို့ကို မြင်တော်မူ၏။ ရှေးနောင်တော်တို့၏ ဒုကုဋ်တော်၊ အံသကိုဋ် သင်္ကန်းတော်၊ ခါးပန်းတော်တို့ကို ဌာပနာဖူးသည်ကိုလည်း မြင်တော်မူ၏။ ရှိအံ့လော၊ မရှိအံ့လောဟု ဆင်ခြင်ပြန်သော် မရှိ၊ ဝေဟပ္ဖိုလ် ဗြဟ္မာတို့သည် ယူဆောင်၍ ဗြဟ္မာပြည်၌ ရှိသည်ကို မြင်တော်မူ၏။ ဗြဟ္မာကြီးတို့ ကပ်လျှအပ်သော ကမ္ဘာဦးက ကြာဖူးတွင် ပါသော ပရိက္ခရာတို့သည် ရေမှာ ပစ်လည်း မနစ်၊ မီးမှာ ပစ်လည်း မချစ်၊ ဆွေးမြည့်ပျက်စီးခြင်းလည်း မရှိ၊ ဘုရားရှင်တို့၏ သာသနာတော်ကွယ်လျှင် ဗြဟ္မာပြည်သို့ ယူဆောင်မြဲတည်း၊ ကမ္ဘာပျက်မှ ပျက်လေ၏။

ဤသုဒဿနဂိရိတောင်၌ ဆံတော်၊ မွေရှင်တော်၊ နိသီဒိုင်တော်၊ ဘုရားသုံးဆူတို့၏ ပရိက္ခရာ ရှိမှန်းကိုလည်း သူတို့မသိ။ မြို့ရွာလည်း မရှိသေးသည်ဖြစ်၍ နေလေ၏။ တန်ခိုးကြီးသော နတ်၊ နဂါးတို့သာ ဖူးမြင်ရကုန်၏။ ဤသုဒဿန

တောင်ကို အဆူးရှိသော မြက်၊ ချုံနွယ်တို့ဖြင့် ဖုံးလွှမ်းလျက် နေကုန်၏။ လူတို့သည် မလာရောက်နိုင်ကုန်။

နဝဓန္ဒကိန်းဖြင့် ဖြိုအပ်သော သက္ကရာဇ် ၁၃၃–ခုနှစ်၊ တပေါင်းလပြည့်ကျော် နှစ်ရက်နေ့က စ၍ လူသူမရောက်ရှိလေ၏။

ပရိနိဗ္ဗာန်လွန်တော်မူသည့်နောက် ၁၀၁–ခုနှစ်တွင် ဒွတ္တပေါင်မင်းလက်ထက်မှ သားတော် ရဟန္တာ၇နှစ်ပါးတို့သည် ရှေးအတိတ်ဘ၀ အဇ္ဈိက၊ ဘလ္လိက ဖြစ်စဉ်အခါက စေတီတည်ထားခဲ့ဖူးကြောင်းကို ခမည်းတော်မင်းကြီးအား မိန့်တော်မူ၏။ ထိုအခါ ခမည်းတော်မင်းကြီးလည်း မှူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ သုဒဿနဂိရိတောင်ကို ရှာလတ်သော် အဆူးရှိသော ချုံနွယ်တို့ဖြင့် ဖုံးလွှမ်းလျက် တွေ့လေ၏။ ထိုချုံနွယ်တို့ကို ခုတ်ဖြတ်စေ၍ ရှာလတ်သော် စေတီတော်ကို တွေ့လေ၏။ ထိုအခါ မင်းကြီးသည် ဤသို့ သစ္စာဓိဋ္ဌာန်ပြု၏။ ငါသည် သာသနာတော်ကို ချီးပင့်ခြင်းကို ပြု၏။ ပြုသည့်အတိုင်း သာသနာဒါယကာ ဖြစ်ပါအံ့လော၊ သာသနာဒါယကာ ဖြစ်ပါလျှင်မူ ဤစေတီတော်မှ တစ်စုံတစ်ခု ထင်ရှားစွာ ပြတော်မူပါစေသတည်းဟု သစ္စာဓိဋ္ဌာန်ပြုတော်မူသောအခါ စေတီတော်မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက်လတ်၍ သက်တော် ထင်ရှားရှိသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကဲ့သို့ ထင်ရှားဖြစ်၍ ထန်းခုနစ်ဆင့်ခန့်ရှိသော ကောင်းကင်အရပ်၌ ထက်ဝယ်ဖွဲ့ခွေ၍ တစ်ဆူတည်းသာလျှင် နေတော်မူ၏။

ထို့နောက် နှစ်ဆူ၊ သုံးဆူ၊ လေးဆူ၊ ငါးဆူ၊ ခြောက်ဆူ၊ ခုနစ်ဆူ၊ ရှစ်ဆူ၊ ကိုးဆူ၊ ဆယ်ဆူ၊ ဆယ့်တစ်ဆူ၊ ဆယ့်နှစ်ဆူဖြစ်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထိုမှ ဤမှ ပြေးသွားကုန်၏။ များစွာကုန်သော နတ်၊ နဂါး၊ ဘီလူးတို့သည် ပူဇော်ကြကုန်၏။

ထိုအခါ သားတော် ရဟန္တာ၇နှစ်ပါးတို့သည် မီးယန္တရား၊ လေယန္တရား စသော ယန္တရားတို့ကို တန်ခိုးတော်ဖြင့် ငြိမ်းစေ၍ အတောင်ရှစ်ဆယ်ရှိသော ဓာတ်တော်တိုက် တံခါးနံရံတို့ကို ဖွင့်လှစ်တော်မူ၍ ဆံတော်ဓာတ် လေးဆူ၊ မွေရှင်တော်ဓာတ် ရှစ်ဆူ၊ ဘုရား လေးဆူတို့၏ ပရိက္ခရာတော်၏ တည်ရာ ထားရာဖြစ်သော ရွှေအိမ် လေးဆူတို့ကိုလည်း တန်ခိုးဖြင့် အပေါ်သို့ တင်ထုတ်တော်မူကုန်၏။

ထိုအခါ သုံးဆူသော ဘုရားရှင်တို့၏ ရွှေအိမ်၌ ပရိက္ခရာတို့ မမြင်ကုန်၊ ရွှေအိမ်ချည်းသာ မြင်ရကုန်၏။ ငါတို့မြတ်စွာဘုရား ရွှေအိမ်တော်၌သာ နိသီဒိုင်တော်ကို မြင်ရကုန်၏။ မင်းကြီးလည်း သားတော်တို့ကို ဤသို့လျှောက်၏။ သားတော်တို့၊ သုံးဆူသော ဘုရားရှင်တို့၏ ပရိက္ခရာတော်တို့ကို အဘယ်သူဆောင်ယူလေသနည်း။ သို့တည်းမဟုတ်၊ ကွယ်ပျောက်လေသလောဟု လျှောက်၏။ ခမည်းတော်မင်းကြီး၊ သုံးဆူကုန်သော ဘုရားရှင်တို့၏ ပရိက္ခရာတော်တို့ကို ဝေဟပ္ပိုလ် ဗြဟ္မာတို့သည် ဗြဟ္မာပြည်သို့ ဆောင်ယူကုန်သည်ဟု မိန့်တော်မူကုန်၏။

အရှင်ဘုရားတို့ ဆောင်ယူတော်မူပါဟု လျှောက်၏။ ထိုအခါ နောင်တော်အရှင်စန္ဒာသီရိသည် ညီတော်အား ဗြဟ္မာဘုံ၌ရှိသော ရှေးဘုရား သုံးဆူတို့၏ ပရိက္ခရာတော်တို့ကို ယူဆောင်ချေလော့ဟု မိန့်တော်မူ၏။ ညီတော် အရှင်စန္ဒာဂရာဇ်သည် ဝန်ခံပြီးလျှင် အားရှိသော ယောကျ်ားသည် ကွေးသော လက်ကို ဆန့်သကဲ့သို့ အကနိဋ္ဌဗြဟ္မာတို့၏ အလယ်၌ ထင်ရှားစွာ ဖြစ်လေ၏။

ဗြဟ္မာတို့သည် အရှင်ဘုရား၊ အဘယ်အလို့ငှာ ကြွလာတော်မူသနည်းဟု လျှောက်ကြကုန်၏။ ဗြဟ္မာတို့၊ ဒုကုဋ်တော်ကို ငါတို့ကိုးကွယ်လို၍ ယူဆောင်ခြင်းငှာ လာသည်ဟု မိန့်တော်မူလျှင် အစောက်ယူဇနာ ခုနစ်ရာရှိသော ရွှေစေတီ၌ရှိ၏။ ခုနစ်ယူဇနာရှိသော ရွှေပြားခြောက်ချပ်ကို ပိတ်ဖုံးလျက် ရှိ၏။ အရှင်ဘုရား ယူနိုင်လျှင် ယူလော့ဟု ဆို၍ အရှင်စန္ဒာဂရာဇ်လည်း ကိုယ်တော်ကို အဏုမြူမျှ ဖန်ဆင်း၍ တိုက်နံရံတွင်း၌ ဝင်ပြီးလျှင် ဒုကုဋ်တော်ကို ယူဆောင်၍ ဗြဟ္မာတို့အား ပြလေ၏။ ဗြဟ္မာကြီးတို့လည်း ပူဇော်ခြင်းကို ပြု၍ ပေးလိုက်၏။

အရှင်စန္ဒာဂရာဇ်သည် ဒုကုဋ်တော်ကို ယူဆောင်လျက် ဝေဟပ္ဖိုလ်ဘုံသို့ သက်တော်မူပြီးလျှင် သုဓမ္မာဇရပ်၌ နေတော်မူ၍ ဤသို့မိန့်တော်မူ၏။ ဗြဟ္မာတို့၊ အံသကိုဋ်သင်္ကန်းတော်ကို ငါတို့ ကိုးကွယ်လို၍ ယူဆောင်ခြင်းငှာ လာသည်ဟု မိန့်တော်မူလျှင် ယူဇနာ သုံးရာရှိသော စေတီကြီး၌ ရှိ၏။ အလျား၊ အနံ၊ ထု တစ်ယူဇနာရှိသော တိုက်နံရံတွင်း၌ ရှိ၏။ အရှင်ဘုရား ရလျှင် ယူလော့ဟု ဆို၏။ အရှင်စန္ဒာဂရာဇ်လည်း သုဓမ္မာစရပ်၌ နေတော်မူလျက် ဗြဟ္မာတို့နှင့် စကားပြောဟောစဉ် သေးကွေးသိမ်မွေ့လှစွာသော လက်တော်ကို ဖန်ဆင်းလျက် အလျား၊ အနံ တစ်ယူဇနာစီ ရှိသော ခြောက်ချပ်သော ပတ္တမြားကျောက်တို့ဖြင့်

ပိတ်အပ်သော အတွင်း၌ ရှိသော အံသကိုင်္ဂသက်န်းတော်ကို ယူဆောင်၍ ဗြဟ္မာတို့အား ပြလေ၏။ ဗြဟ္မာတို့လည်း ရဟန်း တန်ခိုးရှိပေစွဟု ဆိုကြကုန်၍ ပေးလိုက်၏။

အရှင်စန္ဒာဂရာဇ်လည်း ဒုကုဋ်၊ အံသကိုင်္ဂ၊ သက်န်းတော်တို့ကို ယူဆောင်လျက် သုဘာကိဏှာဘုံသို့ တက်တော်မူပြီးလျှင် သုဓမ္မာဇရပ်၌ နေတော်မူ၍ ဤသို့မိန့်တော်မူ၏။ ဗြဟ္မာတို့၊ ခါးပန်းတော်ကို ငါတို့ကိုးကွယ်လို၍ ယူဆောင်လာသည်ဟု မိန့်တော်မူလျှင် ယူဇနာတစ်ရာ့နှစ်ဆယ်ရှိသော ရွှေစေတီ၌ ရှိ၏။ အလျား၊ အနံ တစ်ယူဇနာရှိသော ဣန္ဒနီလာ ကျောက်ချပ်တို့ကို ပိတ်၍ထား၏။ အရှင်ဘုရား ယူနိုင်လျှင် ယူလော့ဟု ဆို၏။ အရှင်စန္ဒာဂရာဇ်လည်း သုဓမ္မာဇရပ်၌ နေတော်မူလျက် ဗြဟ္မာတို့နှင့် စကားပြောစဉ် လက်တစ်ဖက်ကို ရှည်အောင် ဖန်ဆင်းတော်မူလျက် စေတီတော်ကို လှန်ပြီးလျှင် တိုက်နံရံကို ဖွင့်ယူပြီး ဗြဟ္မာတို့အား ပြ၏။ ဗြဟ္မာတို့လည်း ပူဇော်ခြင်းကို ပြုကြကုန်၏။

ထိုအခါ အရှင်စန္ဒာဂရာဇ်လည်း ကွေးသောလက်ကို ဆန့်သကဲ့သို့ ပရိသတ် အလယ်သို့ ဒုကုဋ်၊ အံသကိုင်္ဂ၊ သက်န်း၊ ခါးပန်းကို ယူဆောင်၍ လာ၏။ ဒွတ္တပေါင်မင်းလည်း ဝမ်းမြောက်ဝမ်းသာ ရှိတော်မူ၏။ သီရိခေတ္တရာမတိုင်း၊ ဣသိနဂရပြည်ကြီး၏ အလယ်၌ ခုနစ်ရက်တိုင်တိုင် ဘုရား သုံးဆူတို့၏ ပရိက္ခရာတော်တို့သည် ထန်းခုနစ်ဆင့်ရှိသော ကောင်းကင်အရပ်၌ တည်တော်မူ၏။

ထို့နောက် နောင်တော် အရှင်စန္ဒာသီရိသည် ပရိသတ်အလယ်၌ နေလျက် သိမ်မွေ့စွာသော လက်တော်ဖြင့် သုဒဿနဂိရိတောင်၌ မီးယန္တရား၊ လေယန္တရား စသော အထပ်ထပ်တို့ဖြင့် ရံအပ်သော ခြောက်ချပ်သော ကျောက်ဖျာတို့ဖြင့် ပိတ်အပ်သော တိုက်၏အတွင်း ရွှေအိမ်၌ရှိသော ငါတို့မြတ်စွာဘုရား နိသီဒိုင်တော်ကို လက်တော်ဖြင့် ယူ၍ မင်းကြီးအား ပြ၏။ မင်းကြီးလည်း ပူဇော်ခြင်းကို ပြု၏။ ရဟန္တာအရှင်မြတ်တို့လည်း ပူဇော်ကြကုန်၏။ နိသီဒိုင်တော်လည်း ကောင်းကင်သို့ တက်တော်မူ၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် ထန်းခုနစ်ဆင့် ရှိသောအရပ်၌ ခုနစ်ရက်တိုင်တိုင် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ပြည်သူပြည်သားတို့လည်း အထူးထူးသော ပူဇော်သက္ကာရကို ပြုကြကုန်၏။ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာတို့ဖြင့် စိုက်ခြင်း၊ ရေအိုးစင်၊ ရာဇမတ်၊ ငှက်ပျောပင် စိုက်ခြင်း၊ သဲမွေ့ရာခင်းခြင်း၊ ပန်းနံ့သာစသည်တို့ဖြင့်

မြို့အလုံးကို ထုံစေကုန်၏။ မင်းလည်း တစ်နေ့တစ်နေ့လျှင် ကိုးသိန်း ကိုးသိန်းသော ဥစ္စာတို့ကို စွန့်ကြဲလှူဒါန်း၏။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ သုံးသိန်း တစ်နေ့တစ်နေ့ ၇-သိန်းသော ရဟန်းသာမဏေတို့ကို လှူဒါန်း၏။

ခုနစ်ရက်လည်သောအခါ သုဒဿနဂိရိတောင်သို့ သွားသောအခါ ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ သင်္ကန်း၊ စစ်သည်တို့ဖြင့်လည်းကောင်း၊ ပြည်သူပြည်သား တို့သည် ပန်းနံ့သာ၊ ထီး၊ တံခွန်တို့ဖြင့်လည်းကောင်း ပူဇော်လျက် လိုက်ကြ ကုန်၏။ ထိုတောင်သို့ရောက်သောအခါ အရှေ့မျက်နှာ၌ ဆူးရှိသော အတောင် ၂၀-ရှိသော ကျောက်ချပ်ကို ဖွင့်သောအခါ ကုမ္ဘဏ် ရက္ခိုသ် ဘီလူးရုပ်တို့သည် အံသွားခဲလျက် ဆောက်ပုတ် စသည်ကို ကိုင်၍ သည်းစွာသော အသံကို ပြုကြ ကုန်၏။ မီးတောက်မီးလျှံ အခိုးတို့သည်လည်း ကောင်းကင်သို့ တက်ကုန်၏။ သားရဲစသော ယန္တရားရုပ်တို့သည် အချင်းချင်း ထိခိုက်မိ၍ သည်းစွာသော အသံကို ပြုကြကုန်၏။ မြေသည် ကွဲပြိုအံ့သကဲ့သို့ ဖျို့ဖျို့ဖျစ်ဖျစ် ပွဲတင်ထပ်လျက် မြည်၏။ ကြီးစွာသော မုန်တိုင်း လေပြင်းတို့သည် လာကုန်၏။ ကြီးစွာသော မိုးသည် ရွာ၏။ ချက်ချင်းလျှင် ပြင်းစွာသော နေပူသည် ဖြစ်၏။

ထို့နောက် နေကို ဖုံးအုပ်လျက် အရပ်ရှစ်မျက်နှာဖြစ်သော ကောင်းကင် ပြင်၌ ဆေးဒန်း၊ ဟသ်ပြဒါး၊ မြင်းသီလာ၊ ဒုတ္တာ စသော အဆင်းတို့သည် ဖြစ်ကုန်၏။ ထို့နောက် ဘုရား လေးဆူတို့၏ ရွှေအိမ် လေးခု၊ ဆံတော်ဓာတ် ပြာသာဒ်နှစ်ခု၊ မွေရှင်တော်ဓာတ် ပြာသာဒ်လေးခုတို့ကို အရှင်နှစ်ပါးတို့သည် တန်ခိုးတော်ဖြင့် ယန္တရားတို့ကို တန့်ရပ်စေ၍ အပေါ်သို့ ဆောင်ယူတော် မူ၏။ မင်းနှင့်တကွသော ရဟန်းရှင်လူတို့သည် ပူဇော်ခြင်းကို ပြုကြကုန်၏။ ထို့နောက်မှ ဘုရားတစ်ဆယ့်နှစ်ဆူတို့သည် ထန်းခုနစ်ဆင့်ရှိသော ကောင်းကင် သို့ တက်၍ ခုနစ်ရက်တိုင်တိုင် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို ပြတော်မူ၏။

ညီနောင်နှစ်ပါးတို့သည် သာသနာတော် ၁၂၆-နှစ်၊ တန်ဆောင်မုန်းလပြည့် နေ့ ဓာတ်တော်တိုက်ကို ဖွင့်တော်မူ၏။ မင်းကြီးလည်း လေးလရာသီ သုံးလ တိုင်တိုင် ဘုရားကိစ္စကို ပြုတော်မူ၏။ တပို့တွဲလပြည့်နေ့မှစ၍ အတောင် ၂၀- အုတ်မြစ်ခင်းတော်မူ၏။ မင်းကြီးလည်း ရွှေအုတ် သုံးထောင်၊ ငွေအုတ် ငါး ထောင်၊ ပတ္တမြားအုတ် ငါးရာ၊ ပုလဲအုတ် တစ်ရာ။ သီရိစန္ဒာ တောင်နန် မိဖုရားက

ရွှေ၊ ငွေ၊ မြ၊ ပုလဲ၊ သန္တာ၊ ပရင်း၊ ဖန်၊ စိန်၊ ဤရှစ်ပါးသော ရတနာအုတ်တို့ကို တစ်ရာစီ။ ပိသနိုး အလယ်နန်းမိဖုရားက ရွှေ၊ ငွေ၊ မြ၊ ပုလဲ၊ သန္တာ၊ ပတ္တမြား၊ ကြောင်မြက်ရွဲ၊ ဤခုနစ်ပါးသော ရတနာအုတ်တို့ကို တစ်ရာစီ။ ဥမ္မာရဒေဝီ မြောက်နန်းမိဖုရားက ရွှေ၊ ငွေ၊ မြ၊ ဖန်၊ ပုလဲ၊ စိန်၊ ကြောင်မြက်ရွဲ၊ ဤခုနစ်ပါးသော ရတနာအုတ်တို့ကို တစ်ရာစီ။ ဘေစန္ဒီ အနောက်နန်းမိဖုရားက ရွှေ၊ ငွေ၊ မြ၊ ဖန်၊ စိန်၊ ပတ္တမြား၊ သန္တာ၊ နီလာ၊ ဂေါ်မုတ်၊ ဥဿဖရား၊ ပြရိုးရား၊ ပယင်း၊ တစ်ဆယ့်နှစ်ပါးသော ရတနာအုတ်တို့ကို တစ်ရာစီ။ မင်း၊ မိဖုရားတို့သည် ဤသို့ ရတနာအုတ်တို့ကို လုပ်ကြကုန်၏။

ဆံတော်ဓာတ် လေးဆူကိန်းဝပ်ရာ ပြာသာဒ်လေးဆောင်၊ မွေရှင်တော်ဓာတ် ရှစ်ဆူကိန်းဝပ်ရာ ပြာသာဒ် ရှစ်ဆောင်၊ ဒုကုဋ်၊ အံသကိုဋ် သင်္ကန်းတော်၊ ခါးပန်းတော်၊ နိသီဒိုင်တော်တို့ ကိန်းဝပ်ရာ ရွှေအိမ်လေးဆောင်တို့ကိုလည်း လုပ်ကြကုန်၏။

နဂါးပြည်၊ ဟိမဝန္တာတောင်၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ စကြဝဠာတောင်၊ တောင်စဉ်ခုနစ်ထပ်တို့၌ ရှိကုန်သော အထူးထူးသော အဆင်းအရောင်တို့နှင့်ပြည့်စုံသော ကျောက်တို့ကို ရဟန္တာ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီ၊ ပရမိသွာရ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ ဘီလူး စသည်တို့သည် အသီးသီး ဆောင်ယူခဲ့ကြကုန်၏။ ထိုကျောက်တို့တွင် အလျား ၁၂–တောင်၊ အနံ ၁၂–တောင်၊ ထု ၃–တောင်ရှိသော ခြောက်ချပ်သော ကျောက်ဖျာတို့ကို ပထမတိုက်ကွင် ထား၏။ အလျား၊ အနံ ရှစ်တောင်၊ ထု နှစ်တောင်ရှိသော ခြောက်ချပ်သော ကျောက်ဖျာတို့ကို ဒုတိယတိုက်ပြု၏။ အလျား၊ အနံ ခုနစ် တောင်၊ ထု တစ်တောင့်ထွာရှိသော ခြောက်ချပ်သော ကျောက်ဖျာတို့ကို တတိယတိုက်ပြု၏။

ဘုရားလေးဆူတို့၏ ပရိက္ခရာတို့ကို တတိယတိုက်တွင် ပတ္တမြားပြာသာဒ် လေးဆူ၌ ရွှေအုတ်ခင်း၍ ထား၏။ ဘုရားလေးဆူတို့၏ ပတ္တမြားဆင်းတုတော် လေးဆူကိုလည်း ထိုပြာသာဒ် လေးဆူတို့၌ တစ်ဆူစီ ထားကုန်၏။ ဒုတိယတိုက်တွင် ရတနာဖြင့် ပြီးသော ပြာသာဒ် လေးဆောင်တို့၌ ပတ္တမြားကြုတ်နှင့် ဆံတော်ဓာတ် လေးဆူတို့ကို တစ်ဆူစီ ထား၏။ ပိဋကတ် သုံးပုံ၊ နိကာယ် ငါးရပ်၊ အင်္ဂါ ကိုးပါး၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို ဇမ္ဗူရာဇ်ရွှေပေတွင် ရေး၍ ရွှေတံတင်းနှင့် ထား၏။ ပထမတိုက်တွင် ကိုယ်စားတော် ရုပ်တု

ထား၏။ အလယ်တိုက်၌ မွေရှင်တော် ရုစ်ဆူကို ပြာသာဒ် ရုစ်ခုတို့တွင် ရွှေကြုတ်တစ်ခုစီနှင့် သွင်းထား၏။ အရှေ့တိုက်၌ အသီတိ (ရှစ်ကျိပ်သော) ရဟန္တာမထေရ်တို့ကို ထား၏။ အရှေ့တောင်ထောင့်တိုက်၌ သတ္တဌာနကို ထား၏။ တောင်တိုက်၌ ပစ္စေကဗုဒ္ဓါ ငါးရာကို ထား၏။ အနောက်တောင်ထောင့် တိုက်၌ ဗောဓိထွက်တော်မူသည်မှ စ၍ နိဗ္ဗာန် ဝင်သည့်တိုင်အောင် ထား၏။

အနောက်တိုက်၌ ဒွတ္တပေါင်မင်း၊ မိဖုရား လေးယောက်၊ သမီးတော် လေးယောက်၊ သားတော် နှစ်ယောက်၊ စူဠသမ္ဘဝ၊ မဟာသမ္ဘဝ၊ ဘေဒါရီ၊ မာလာစန္ဒီ၊ မောင်တော် ကန္ဒဒေဝ စစ်သူကြီး၊ မှူးတော်မတ်တော် စသည်တို့၏ အရုပ်တို့ကို ရွှေဖြင့် သွန်းလုပ်၍ ထား၏။ အနောက်မြောက်ထောင့်တိုက်၌ အဇ္ဇိက၊ ဘလ္လိက၊ နဂါး၊ ဘီလူး လေးယောက်၊ ၎င်းတို့၏ နဂါးမ၊ ဘီလူးမ စသည်တို့၏ အရုပ်ကို သွန်းလုပ်၍ ထား၏။ မြောက်တိုက်၌ မြတ်စွာဘုရား၏ မယ်တော်၊ ခမည်းတော်၊ မြောက် သားတော်၊ သားတော် ရာဟုလာ၊ မိထွေးတော်၊ ညီတော်၊ နမတော်၊ ဖွားဖက်တော် စသည်တို့၏ အရုပ်ကိုလည်း သွန်းလုပ်၍ ထား၏။ အရှေ့မြောက်ထောင့် တိုက်၌ လက်ဝဲရံ၊ လက်ယာရံ၊ ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမ၊ အလုပ်အကျွေး စသည်တို့၏အရုပ်ကိုလည်း သွန်းလုပ်၍ ထား၏။

တတိယတိုက်တွင် နှစ်တိုက်တို့၏ အရှေ့၌ ဒီပင်္ကရာ စသော နှစ်ကျိပ်ငါးဆူတို့၏ ဆင်းတုတော်တို့ကို ထား၏။ ဒွတ္တဘောင်မင်းထားသော တိုက်သည် စေတီပေါ်တွင် ထား၏။ ပထမတိုက်သည် မြေမှ ခုနစ်တောင်မြင့်သည်။ ဒုတိယတိုက်သည် မြေမှ ၁၄–တောင်မြင့်သည်။ တတိယတိုက်သည် မြေမှ ၂၁–တောင်မြင့်သည်။ စေတီတော် ဖိနပ်၊ အတောင် ၄၅–တောင်၊ စတုရန်လေးထောင့်၊ အရပ်တော် ၆၂–တောင်၊ တစ်မိုက်၊ ငါးသစ်၊ ၄က်ပျောဖူးထိ ရှိ၏။ ထီး၀ ၇–တောင်၊ အမြင့် ၁၀–တောင်၊ ပတ္တမြားအဖူးအထိ ရှိ၏။

ညီနောင်နှစ်ပါးတို့လည်း အောက်ဌာပနာတိုက်၊ အထက်ဌာပနာတိုက် နှစ်ခုကို ပိတ်၏။ ခုနစ်ရက်ဖြင့် စေတီတော်သည် အပြီးသို့ ရောက်၏။ သာသနာတော် ၁၂၆–ခုနှစ်၊ တပေါင်းလဆန်း ရှစ်ရက်နေ့က စ၍ နေ့ကို လူ၊ ညဉ့်ကို နတ်၊ နဂါးတို့ တည်၍ လပြည့်နေ့ပြီး၏။ လပြည့်ကျော် ရှစ်ရက်နေ့ သာဓု အနုမောဒနာ ခေါ်၍ အပြီးအဆုံးသို့ ရောက်၏။

## ဖောဖော–ညေးညေး စသော စည်းခုံ ၉–ဆူနှင့် မြသလွန်–မြသပိတ် စေတီများ

ဘိုးတော်အဥ္စနမင်းကြီးသည် နဝစန္ဒကိန်းဖြင့် ၈၆၄၅–ခုနှစ်တွင် ထောင်ဖြိုသည်။ ထောင်ဖြိုတွက်နည်းကား ရောက်သော ကောဇာသက္ကရာဇ်ကို တည်၊ ဧကနဝ ၁၉–ခု စား၊ အကြွင်း သုဉ်းစေ။ ဧကတြိနွ ၁၃–စား၊ အကြွင်း၊ သုဉ်းစေ။ သတ္တ ၇–ခုစား၊ အကြွင်း သုဉ်းစေ။ ၎င်းအကြွင်း သုံးချက်ညီမှ ထောင်ဖြိုရသည်။

ဘိုးတော် အဥ္စနမင်း နဝစန္ဒကိန်းဖြင့် ၈၆၄၅–ခုနှစ် ထောင်ဖြိုသည်နောက် ကောဇာသက္ကရာဇ် ၁၀၁–ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နေအရဏ်နှင့်တကွ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ အရဏ်တက်လျှင် ဗုဒ္ဓဟူးနေ့မဟုတ်၊ ကြာသပတေးနေ့ ယူရသည်။ ဗေဒင်ကျမ်းအလိုမှာ ညဥ့်နှစ်ချက်တီးကျော်လျှင် တစ်နေ့အဖို့ ကုန်၍ နက်ဖြန်အဖို့သို့ ဝင်ရောက်လေသည်။ ပိဋကတ်ကျမ်း မြတ်စွာဘုရား အလိုတော်မှာ နေ့အရဏ်ကိုသာ အပိုင်းအခြားပဋ္ဌာနပြု၍ ဟောတော်မူသည်။ ဗုဒ္ဓဟူးနေ့ ပဌမအရဏ်၊ ဒုတိယအရဏ် နှစ်ပါးတွင် ဗုဒ္ဓဟူးနေ့မြန်မာ နှစ်ချက်တီးကျော်လျှင် ကြာသပတေးနေ့ ပဌမအရဏ်၊ ဗုဒ္ဓဟူးနေ့ မြည်းမျက်နှာ အဆင်းရှိသော ဒုတိယအရဏ်နှင့် တစ်ပြိုင်နက် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဖြူသောအဆင်းရှိသော အရဏ်၊ မြည်းမျက်နှာအဆင်းရှိသော အရဏ်၊ နီသော အဆင်းရှိသော အရဏ်၊ ဇလပ်ပွင့် အဆင်းရှိသော အရဏ်ဟု လေးပါး ရှိ၏။

သေတရဏာဥ္စ ပဌမံ၊ ဒုတိယံ ဂဒြဘမုခဝဏ္ဏံ။
တတိယံ လောဟိတဉ္စ၊ စတုတ္ထံ နန္ဒိယဝဏ္ဏံ။

ပဌမံ၊ ပဌမအရဏ်သည်။ သေတရဏာဥ္စ၊ ဖြူသော အဆင်းရှိသော အရဏ်ဖြစ်၏။ ဒုတိယံ၊ ဒုတိယအရဏ်သည်။ ဂဒြဘမုခဝဏ္ဏံ၊ မြည်းမျက်နှာ အဆင်း ရှိ၏။ တတိယံ၊ တတိယအရဏ်သည်။ လောဟိတဉ္စ၊ နီသော အဆင်း ရှိ၏။ စတုတ္ထံ၊ စတုတ္ထအရဏ်သည်။ နန္ဒိယဝဏ္ဏံ၊ ဇလပ်ပွင့်အဆင်းရှိ၏။ ဣတိ၊ ဤသို့။ အရဏော၊ အရဏ်သည်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘုရားကို ဆွမ်းတော်တင်ခြင်း၊ ကပ်ခြင်း၊ ရဟန်းသံဃာတို့ကို ဆွမ်းကပ်ခြင်း တို့သည် ပဌမအရဏ်၌ အလွန်နုသေးသည်။ ဒုတိယအရဏ်၌ ပြန်၍ မိုက်ပြန်

သည်။ နီသော အဆင်းရှိသော တတိယအရဏ်မှာ ဆွမ်းတင်ခြင်း၊ ကပ်ခြင်းတို့ကို ပြုအပ်သည်။

ဒွတ္တဘောင်မင်းသည် သာသနာတော် ၁၀၁–ခုနှစ်က စ၍ မင်းပြုတော်မူ၏။ အိမ်နိမ့် ၃၅–နှစ်၊ နန်းစံ ၇၀၊ အသက်တော် ၁၀၅–နှစ်တွင် နတ်ရွာစံတော်မူ၏။ ၎င်းမင်းသည် ကမ်းယံပြည်က ဆက်သလာသော ဓာတ်တော် ကိုးဆုပ်ကို တစ်ဆုပ်စီ ဌာပနာ၍ စည်းခံတော်ဘုရားကိုးဆူ တည်တော်မူ၏။ ဘုရားကိုးဆူကား ဗောဓိ၊ ညေးညေး၊ ဆေးဆေး၊ ယောယော၊ သောကြမာ၊ သရမ္မာ၊ မြင်ဗာဟု မြသီတင်း၊ မြသိန်းတံဟု စည်းခံတော် ကိုးဆူဖြစ်၏။ စေကီလည်း ကိုးဆူ ဂူလည်း ကိုးဂူ၊ သိမ်လည်း ကိုးသိမ်၊ ဥမင်လည်း ကိုးခု၊ ကန်လည်း ကိုးကန် ရေတွင်းလည်း ကိုးတွင်း၊ ကျောင်းလည်း ကိုးကျောင်း၊ ဇရပ်လည်း ကိုးဆောင် တံတားလည်း ကိုးခု၊ တံခွန်နှင့်တကွ တံခွန်တိုင်လည်း ကိုးတိုင်၊ တန်ဆောင်း ပြာသာဒ်နှင့်တကွ ရုပ်တုတော် ကိုးဆူ၊ ရတနာ ဆယ်ပါးကို ရုပ်တုထွင်း၍ ဆယ်ဆူ၊ ဝတ်လဲတော် ဘွဲ့ဖြူပုဆိုးကို မံဘုရားလုပ်၍ ကိုးဆူ၊ ဤသို့သော ကုသိုလ်ကောင်းမှုတော်တို့ကို ပြုတော်မူ၏။

မြို့အရှေ့မြောက်ဘက်၌ မင်္ဂလာစေတီဟု သမုတ်၍တည်၏။ ၎င်းစေတီကို ဥမ္မာရဒေဝီမိဖုရား မပြတ်မလပ် ပြုစုတော်မူ၏။ ၎င်းမိဖုရား ရဟန်းပြုသည်နောက် ဘောစန္ဒီမိဖုရား ပြုစုတော်မူ၏။ ဥမ္မာရဒေဝီ မိဖုရား ဆရာ အရှင်သုမင်္ဂလသည် မြတ်စွာဘုရားလက်ထက် လက်သည်းတော်ကို ငါတို့ကိုးကွယ်လိုသည်ဟု ဆို၍ အခြား စကြဝဠာ၌ ဗြဟ္မာမင်းတို့ထံ တောင်း၍ယူဆောင်ပြီးလျှင် ၎င်းစေတီ၌ ဌာပနာတော်မူ၏။

မြို့၏ အနောက်မြောက်၌ မဟာစေတီဟု သမုတ်၍တည်၏။ ၎င်းစေတီကို သီရိစန္ဒာမိဖုရား မပြတ်မလပ် ပြုစုတော်မူ၏။ သီရိစန္ဒာမိဖုရားဆရာ အရှင်သောဘိတ မထေရ်သည် မြတ်စွာဘုရား လက်ယာခြေမတော်မှ ခြေသည်းတော်ကို အခြား စကြဝဠာ၌ ဗြဟ္မာမင်းတို့ထံ ငါတို့ ကိုးကွယ်လိုသည်ဟု တောင်း၍ ယူဆောင်ခဲ့ပြီး လျှင် ၎င်းစေတီ၌ ဌာပနာတော်မူ၏။

မြို့အရှေ့တောင်ဘက်၌ ရာဇာယတနစေတီဟု သမုတ်၍တည်၏။ ၎င်းစေတီကို ပိဿနိုးမိဖုရား မပြတ်မလပ် ပြုစုတော်မူ၏။ ၎င်းမိဖုရားဆရာ အရှင်ဗောဓိရက္ခိတ မထေရ်သည် မြတ်စွာဘုရား အံသွားတော်ကို အခြားစကြဝဠာ

၌ ဖြဟ္မာမင်းတို့ထံ ငါတို့ ကိုးကွယ်လိုသည်ဟု တောင်း၍ ယူဆောင်ပြီးလျှင် ၎င်း စေတီ၌ ဌာပနာတော်မူ၏။

ထိုစေတီသုံးဆူတို့၌ ဓာတ်တော်ချည်းမဟုတ် ခြေသည်း၊ လက်သည်း အံသွားတော်တို့ကိုလည်း ဌာပနာတော်မူ၏။

မြို့အရှေ့တောင်ယွန်း၌ ပုညစေတီဟု သားတော် ဒွတ္တရာဇ် စောင်မ၍ မင်းကြီးသည် တည်တော်မူ၏။ မင်းမိဖုရားတို့သည် ထိုစေတီ၌ သိတင်းလေးလ ဆောက်တည်၍ နေတော်မူသောအခါ မင်းကြီး၏ညာလက်ရုံး၌ မွေရှင်တော် ၇–ဆူ ကိန်းစက်တော်မူလာ၏။ မီးလောင်သည်ဟု ထင်ကြကုန်၏။ ပိဿနိုး မိဖုရားလည်း မီးလောင်သည်ဟု ထင်မှတ်၍ လက်ရုံးတော်ကို ပွတ်၏။ ထိုအခါ မကိုဋ်ဖျား၌ တည်တော်မူပြန်၏။ မိဖုရားလည်း မကိုဋ်တော်ကို မကိုင်ဝံ့သည်ဖြစ်၍ ရှိခိုးလျက် အရှင်မင်းကြီး၏ မကိုဋ်ဖျား၌ နတ်တို့၏ ပတ္တမြား ကြောင်မျက်နှင့် တို့သည် တည်လာကုန်၏ဟု လျှောက်သောအခါ မင်းကြီးသည် မကိုဋ်ကို ဥကောင်းမှ ချွတ်တော်မူ၏။ ချွတ်သည်နှင့်တကွ ကောင်းကင်၌ ဘုရားခုနစ်ဆူ ထက်ဝယ်ဖွဲ့ခွေ၍ နေတော်မူ၏။

ထိုအခါ မင်း၊ မိဖုရားနှင့်တကွ များစွာသောသူတို့သည် ရှိခိုးကြကုန်၏။ သားတော်တို့၊ အဘယ်အရှင်မြတ်၏ ဓာတ်တော်နည်းဟု လျှောက်၏။ ခမည်းတော် မင်းကြီး၊ ဓာတ်တော်မဟုတ်၊ မွေရှင်တော်ဟု မိန့်တော်မူ၏။ သားတော်တို့ မွေရှင်တော်နှင့် ဓာတ်တော်သည် အဘယ်သို့ ထူးသနည်းဟု လျှောက်၏။ ခမည်းတော်မင်းကြီး၊ မြတ်စွာဘုရားသခင်သည် သက်တော်–၈၀၊ ဝါတော် ၄၅–ဝါ စေ့သောအခါ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းပင်ပျို အစုံ တို့၏ အကြား၌ ရတနာညောင်စောင်းထက်ဝယ် မြောက်သို့ ဦးခေါင်းပြုလျက် မဟာသက္ကရာဇ် ၁၄၈–ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့၊ အနုပါဒိသေသ ပရိနိဗ္ဗာန် ပြုတော်မူသော အခါ အလောင်းတော်ကို ညောင်စောင်း၌ ခုနစ်ရက်၊ ရွှေအင်းပျဉ်၌ ခုနစ်ရက်၊ ရွှေသံလျှဉ်း၌ ခုနစ်ရက်၊ ရွှေတလား၌ ခုနစ်ရက်၊ ထို့နောက် မကုဋ– ဗန္ဓန အမည်ရှိသော မလ္လာမင်းတို့၏ ဘိသိက်မြောက်ရာ မကိုဋ် ဦးစွန်းထုံးရာ ဖြစ်သောမြို့၏ အရှေ့မြောက်ယွန်း နိဗ္ဗာန်ကျောင်း၌ ရွှေတံကျင်တွင် ထားတော် မူ၏။ ထို့နောက် အတောင် ၁၂၀–ရှိသော လူ၊ နတ်တို့၌ဖြစ်သော စန္ဒကူးနံ့သာ ထင်းပုံထက်တွင် ၇–ရက် မီးလောင်သည်။

မြတ်စွာဘုရားသခင်သည် ဤသို့ ပရိနိဗ္ဗာန်မပြုမီ ငါဘုရားသည် ပရိနိဗ္ဗာန် ပြုသောအခါ ငါ၏ဦးခေါင်းတော်၌ဖြစ်သော သုံးကုဋေ၊ ခြောက်သန်းသော ဆံတော် ရှစ်သောင်းသော အမွေးတော်၊ ၄၀–သော သွားတော်၊ ၂၀–သော ခြေသည်း လက်သည်းတော်တို့သည် ကောင်းကင်သို့ ပျံတက်စေသတည်းဟု မိဋ္ဌာန်တော် မူ၏။

သတ္ထုနော ပရိနိဗ္ဗုတေ စိတကံ ဩရောပိတေ အဂ္ဂိဇာလန္တေ
အဓိဋ္ဌာနဝသေန အာကာသံ အဗ္ဘုဂ္ဂန္တွာ ကေသလောမာစ စတ္တာလီသ
ဒန္တာ ဝီသတိ နခါ ဧကေကံ စက္ကဝါဠပရမ္ပရာ ဒေဝါ ဟရိံသု။

ဟု သားတော်က မင်းကြီးအား ဟောတော်မူ၏။

သတ္ထုနော၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် ပြုတော်မူသည် ရှိသော်။ ကေသာလောမာစ၊ သုံးကုဋေ ခြောက်သန်းသော ဆံတော်၊ ရှစ်သောင်းသော အမွေးတော်တို့သည်လည်းကောင်း။ စတ္တာလီ သဒန္တာစ၊ ၄၀–သော သွားတော်တို့သည်လည်းကောင်း။ ဝီသတိနခါစ၊ ၂၀–သော ခြေသည်း၊ လက်သည်း တော်တို့သည်လည်းကောင်း။ ကာယံ၊ အလောင်းတော်ကို။ စိတကံ၊ ထင်းပုံထက် သို့။ ဩရောပိတေ၊ တင်လတ်သည်ရှိသော်။ အဂ္ဂိဇာလန္တေ၊ မီးညို လတ်သော်၊ အဓိဋ္ဌာနဝသေန၊ မိဋ္ဌာန်တော်မူသည်၏ အစွမ်းအားဖြင့်။ အာကာသံ၊ ကောင်းကင် သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပြန်တက်တော်မူ၍။ တိဋ္ဌတိ၊ တည်တော်မူ၏။ ဧကေကံ တစ်ခုတစ်ခုစီ။ စက္ကဝါဠ ပရမ္ပရာ၊ စကြဝဠာအဆင့်ဆင့်၌ နေကြကုန်သော၊ ဒေဝါ၊ တန်ခိုးကြီးသော နတ်၊ ဗြဟ္မာတို့သည်။ ဟရိံသု၊ ဆောင်ယူလေကုန်၏၊

စတ္တာလီသသမာ ဒန္တာ၊ ကေသာ လောမာ စ သဗ္ဗသော။
ဒေဝါ ဟရိံသု ဧကေကံ၊ စက္ကဝါဠပရမ္ပရာ။

(ဒီ–၂။ ၁၃၈။ ဗုဒ္ဓဝံသ–၃၈၄။)

စတ္တာလီသသမာဒန္တာ၊ အမျှလေးဆယ်ကုန်သော သွားတော် ဓာတ်တော် တို့ကိုလည်းကောင်း။ ကေသာလောမာစ၊ ဆံတော်အမွေးတော်တို့ကိုလည် ကောင်း၊ သဗ္ဗသော၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဒေဝါ၊ တန်ခိုးကြီးသော နတ် ဗြဟ္မာတို့သည်။ ဧကေကံ၊ တစ်ခုတစ်ခုစီ။ စက္ကဝါဠပရမ္ပရာ၊ စကြဝဠာတစ်ခု မှသည် စကြဝဠာတစ်ခုသို့။ ဟရိံသု၊ ဆောင်ယူလေကုန်၏။

ခမည်းတော်မင်းကြီး၊ အလောင်းတော်ကို ခုနစ်ရက် မီးလောင်ပြီးသော အခါ ဓာတ်တော်တို့သည် ပမာဏ သုံးပါး၊ အဆင်း သုံးပါး၊ ဂွမ်းစား သုံးပါး ဖြစ်ကုန်၏ဟု ဟောတော်မူ၏။

မဟန္တာ မုဂ္ဂမတ္တာ စ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာ၊ နာနာဝဏ္ဏာ စ ဓာတုယော။
မဟန္တာ သုဝဏ္ဏဝဏ္ဏာ စ၊ မုတ္တဝဏ္ဏာ စ မဇ္ဈိမာ။
ခုဒ္ဒကာ မကုလဝဏ္ဏာ စ၊ သောဠသဒေါဏမတ္တိကာ။
မဟန္တာ ပဉ္စ နာလိယော၊ နာလိယော ပဉ္စ မဇ္ဈိမာ။
ခုဒ္ဒကာ ဆ နာဠိ စေဝ၊ ဧတာ သဗ္ဗာပိ ဓာတုယော။
(ဗုဒ္ဓဝံသ–၃၈၃–၄။)

ခမည်းတော်မင်းကြီး၊ အကြီးဆုံးဖြစ်သော ဓာတ်တော်တို့သည် ပဲနောက်စေ့ ပမာဏ ရွှေအဆင်း၊ ငါးကွမ်းစား ရှိကုန်၏။ အလတ်ဖြစ်သော ဓာတ်တော်တို့ သည် ဆန်ကျိုးပမာဏ၊ ပုလဲအဆင်း၊ ငါးကွမ်းစား ရှိကုန်၏။ အငယ်ဆုံးဖြစ် သော ဓာတ်တော်တို့သည် မုန်ညင်းစေ့ပမာဏ၊ ချရားစေ့အဆင်း ခြောက်ကွမ်းစား ရှိကုန်၏။

ခမည်းတော်မင်းကြီး၊ အလောင်းတော်၌ ရွှေပုဆိုးအစုံ ငါးရာ၊ ဝါဂွမ်း အထပ်ငါးရာတို့ဖြင့် ရစ်ပတ်၍ သင်္ဂြိုဟ်သောအခါ အတွင်းထပ်နှင့် ပြင်တစ်ထပ်ကို မီးမလောင်ကုန်၊ မီးသွေးပြာလည်း မရှိကုန်၊ လည်ဆစ်တော်မှ အောက်ဖြစ်သော ဓာတ်တော်တို့သည် ထုပ်ပိုးသကဲ့သို့ ဖြစ်၍ တည်၏။ လည်ဆစ်တော်မှ အထက် ဖြစ်သော သီသဓာတ်တော် နှစ်စရွတ်တို့သည် နလုစွာသော ပိတ်ထည်ဖြင့် ထုပ်ပိုးသကဲ့သို့ အသီးအခြား ဖြစ်၍တည်ကုန်၏။ ထိုသီသဓာတ်တော်တို့သည် အထူးထူးသောပမာဏ အဆင်းသဏ္ဌာန်ရှိကုန်၏။ ထိုဓာတ်တော်တို့ကို မီးငြိမ်း လတ်သော် ရှစ်ပြည်ထောင်သော မင်းတို့အား ရဟန္တာအရှင်မြတ်တို့သည် ဝေမည်ဟု ကြံကုန်၏။ ထိုအခါ ကုသိနာရုံပြည်၌နေသော မလ္လာမင်းတို့က ဤသို့ လျှောက်၏။ အရှင်ဘုရားတို့၊ အကျွန်ုပ်တို့သည် အလုံးစုံသော ဓာတ်တော်တို့ကို အကုန်မဝေလို၊ တစ်ဝက်သော ဓာတ်တော်တို့ကိုသာ ဝေပါကုန်အံ့ဟု ဆိုကုန်၏။ ထိုအခါ အရှင်မဟာကဿပသည် ဤသို့မိန့်တော်မူ၏။ မလ္လာမင်းတို့၊ သင်တို့ ပြည်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်ငြားသော်လည်း သင်တို့အားလည်းကောင်း၊

ခပ်သိမ်းသော သူတို့အားလည်းကောင်း၊ သနားတော်မူသည်ဖြစ်၍ ဤဓာတ်တော်တို့ကို ထားတော်မူခဲ့သောကြောင့် အညီအမျှသာ ဝေရမည်ဟု မိန့်တော်မူ၏။

မလ္လာမင်းတို့၊ ထိုဓာတ်တော်တို့တွင် နလာဋဓာတ်တော်သည် ခပ်သိမ်းသော ဓာတ်တော်တို့ထက် မြတ်၏။ ထိုနလာဋဓာတ်တော်ကို သင်တို့၏ ဝေပုံ၌ ထည့်လေလော့ဟု မိန့်တော်မူ၏။ မလ္လာမင်းတို့လည်း နှစ်သက်အားရ၍ ဓာတ်တော် ရှစ်စရွတ်တို့ကို ရှစ်ပြည်ထောင်သော မင်းတို့နှင့် ရှစ်စုပြု၍ အညီအမျှ ဝေကြကုန်၏။ သီသဓာတ်တော် နှစ်စရွတ်တို့ကို ရွှေအိမ်တွင် ထား၏။

ထိုသီသဓာတ်တော်ကိုလည်း ပေးတော်မူပါဟု မင်းများက အရှင်မဟာကဿပအား လျှောက်သောအခါ ဤသို့မိန့်တော်မူ၏။ မင်းများတို့၊ ဤသီသဓာတ်တော်သည် ငါတို့ရဟန်းများမှာ မြတ်စွာဘုရား အမွေတော်ကို ခံရမည်၊ သင်တို့အား ငါတို့မပေးဟု မိန့်တော်မူ၏။ အမွေတော်ခံသည်ကို အကြောင်းပြု၍ မွေတော်ဟု ဆို၏။ ထိုမွေတော်သည် အထူးထူးသော သဏ္ဍာန်ရှိသောကြောင့် လူတို့၏လက်၌ ရှိခဲ့သော် ပြစ်မှားမည်ကို စိုး၍ လူတို့ မကိုးကွယ်အပ်။

မျက်သားတော်၌ဖြစ်သော ဓာတ်တော်သည် ပတ္တမြားနီအဆင်း၊ မျက်နှာတော်၌ ဖြစ်သော ဓာတ်တော်သည် ဣန္ဒနီလာအဆင်း၊ ဦးခေါင်းတော်၌ဖြစ်သော ဓာတ်တော်သည် ပုလဲအဆင်း၊ စိန်အဆင်း၊ ကြောင်မျက်ရွဲအဆင်း၊ ဤသို့အထူးထူးသော အဆင်းသဏ္ဍာန် ပမာဏရှိသည်ဖြစ်၍ လူတို့ ပြစ်မှားတတ်၏။

ခမည်းတော်မင်းကြီး၊ ဤခုနစ်ဆူသော မွေရှင်တော်တို့သည် ဦးခေါင်းတော်၌ ဖြစ်သော သီသဓာတ် မွေရှင်တော်တို့တည်းဟု မိန့်တော်မူ၍ ထိုမွေရှင်တော် ၇-ဆူတို့ကို ပုညစေတီဘုရားတွင် အသစ်တပ်မံ၍ ဌာပနာတော်မူ၏။ မင်းကြီးလည်း လက်ရုံးတော်ကို တန်း၍ ငါကဲ့သို့သော သာသနာ့ဒါယကာမင်းကို မြင်ဖူးပါစဟု ဝမ်းမြောက်ဝမ်းသာရှိလျက် တည်သည်ကို အကြောင်းပြု၍ “မြင်ဗာဟုစေတီ” ဟု တွင်၏။

မြို့တွင်းနန်းတော် အရှေ့ယွန်း၌ သာနန္ဒရစေတီတော်ကို မင်းကြီးသည် ကန္ဒဒေဝစစ်သူကြီးကို ဗိုလ်မှူးတစ်ထောင်နှင့် တည်တော်မူစေ၏။ ၎င်းစစ်သူကြီး၏ သားတော် ဥပရိတ္တ ရဟန္တာသည် ဝိဒေဟရာဇ်တိုင်း၏အနီး၌ ရှိသော ကမ်ပြို၍ ကျသော စေတီတော်မှ ရေစစ်တော်ကို ယူဆောင်ခဲ့၍ ထိုသာနန္ဒရစေတီတော်၌ ဌာပနာလေ၏။

တစ်ထောင်သော ဗိုလ်မှူးတို့က တစ်ဆုပ်သောဓာတ်တော် ရေစစ်တော်တို့သည် တစ်စုံတစ်ခုမျှမပြ၊ လူတို့၏အရိုး၊ ရဟန်းတို့၏ ရေစစ်ကဲ့သို့ဟု ပြက်ရယ်ဆိုကြကုန်၏။ ထိုအခါ ဥပရိတ္တ ရဟန္တာအရှင်မြတ်သည် ဤတစ်ဆုပ်မျှသော ဓာတ်တော် ရေစစ်တော်တို့သည် ထိတ်လန့်ခြင်းကို ဖြစ်အောင် တန်ခိုးတော် ဖြစ်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ ဓိဋ္ဌာန်သည်နှင့် တစ်ပြိုင်နက် စေတီတော်မှ အလျှံကြီးစွာထွက်လတ်၍ ပြင်းစွာသော အသံကိုပြုလျက် ချောက်ချားစေပြီးလျှင် စေတီတော်သည် အိုးထိန်းစက်ကဲ့သို့ လှည့်လည်၍ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို ပြတော်မူ၏။

ထိုအခါ တစ်ထောင်သောဗိုလ်မှူးတို့သည် ထိတ်လန့်ကြကုန်၍ "ယောယော" ဟု မြည်ကြကုန်လျက် မြေ၌ဝပ်ကြကုန်၏။ ထိုအခါ သာနန္တရစေတီတော်ကို "ယောယောစေတီ" ဟူ၍လည်းကောင်း၊ "ဗိုလ်တထောင်စေတီ" ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။

မဟာစေတီကို ဆေးဆေးနေးနေး တည်သည်ကို အကြောင်းပြု၍ ဆေးဆေးနေးနေးဟု ခေါ်ဝေါ်ကြကုန်၏။

အရှင်ဗောဓိရက္ခိတထေရ် စောင့်ကြပ်၍ တည်သောကြောင့် "ဗောဗော"ဟု တွင်၏။

အရှင်ဥေယျမ္မ စောင့်ကြပ်၍တည်သောကြောင့် "ဉေးဉေး"ဟု ခေါ်ဝေါ်ကြကုန်၏။

အရှင်သောကြာမန္ဒ ဗဟုသုတ စောင့်ကြပ်၍တည်သောကြောင့် "သောကြာမန္ဒ" ဟု ခေါ်ဝေါ်ကြကုန်၏။

ထိုမဟာစေတီ၌ သမိဒ္ဓမည်သော ဘုမ္မဇိုးနတ်သည် ဣန္ဒပတ္တနဂိုရ်ပြည်၌ရှိသော ပဲခွပ်တော်၊ အပ်ချည်တော် နှစ်ခုတို့တွင် ပဲခွပ်တော်ကို ယူဆောင်ခဲ့၍ ထိုမဟာစေတီ၌ ဌာပနာလေ၏။

မြို့ပြင်၌ ပဲနောက်အဆင်းရှိသော မြသပိတ်တော်ကို ဌာပနာ၍ မြစည်းခံစေတီဟု တည်ထားတော်မူ၏။ ထို့နောက် စေတီကို ဖျက်၍ ပေါက္ကံပြည်သို့ ဆောင်ယူလေ၏။ ပေါက္ကံပြည်မှသည် အင်းဝသို့၊ အင်းဝမှသည် ဟံသာဝတီသို့ ဆောင်ယူခဲ့သော် သပိတ်တော်တင်သော ဖောင်သည် မစုန်မဆင်းဘဲ နေသော အခါ မလွန်တွင် စေတီတည်၏။ မြသပိတ်စေတီဟု တွင်လေ၏။ မြသပိတ်တော် မလွန်သည်ကို အကြောင်းပြု၍ "မလွန်"ဟု သမုတ်၏။ မြသီတင်းကာ

သောတာပန် ငါးသောင်း၊ သကဒါဂါမ် လေးသောင်း၊ အနာဂါမ် သုံးသောင်း၊ လူအရိယာ သိတင်းသည် ဝတ်ဖြူဝတ် တစ်သိန်းကျော်တို့ကို စောင်မကြည့်ရှု၍ တည်စေသည်ကို အကြောင်းပြု၍ "မြသီတင်း" ဟု တွင်၏။

## အရှင်အာနန္ဒာ ဗောဓိပင်စိုက်ပျိုးခြင်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေနေယျသတ္တဝါတို့ အကျိုးငှာ အရပ်တစ်ပါးသို့ ဒေသစာရီ ကြွချီတော်မူသောအခါ ပူဇော်ဖွယ်ရာ အသီးသီးတို့ကို လက်စွဲကုန်လျက် ဇေတဝန် ကျောင်းတော်သို့ ဘုရားကို ပူဇော်အံ့သောငှာ လာကြကုန်သော သာဝတ္ထိပြည်သူ ပြည်သား လူအများတို့သည် ဘုရားကို မဖူးမတွေ့ မပူဇော်ရသောအခါ ပူဇော်ဖွယ် အသီးသီးတို့ကို ဂန္ဓကုဋိတိုက်တံခါးဝတွင် စွန့်ထားခဲ့၍ ပြန်ရကြောင်းကို အနာထပိဏ်သူဌေး သိသောအခါ– "အရှင်အာနန္ဒာ၊ ဘုရားပင် မရှိသော်လည်း ဘုရားရှိသကဲ့သို့ ပူဇော်သင့် ပူဇော်ထိုက်သော၊ အရိအသေ အလေးအမြတ် ပြုသင့်ပြုထိုက်သော အရာများကို မြတ်စွာဘုရားအား လျှောက်ထားပါ" ဟု အရှင်အာနန္ဒာအား အနာထပိဏ်သူဌေးက တိုက်တွန်းသည်ကို အကြောင်းပြု၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို–

ကတိနု ခေါ ဘန္တေ စေတိယာနိ။ (ဇာ–ဋ္ဌ၊ ၄။ ၂၂၉။)

ဟု လျှောက်လေ၏။

ဘန္တေ၊ အရှင်ဘုရား။ စေတိယာနိ၊ စေတီတို့သည်။ ကတိနုခေါ၊ အဘယ်မျှ ရှိကုန်သနည်း။

ထိုသို့လျှောက်သောအခါ "တီဏိ အာနန္ဒ" ဟု မိန့်တော်မူ၏။

အာနန္ဒ၊ အာနန္ဒာ။ စေတိယာနိ၊ စေတီတော်တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အဘယ်သုံးပါးတို့နည်းဟု "ကတမာနိ ဘန္တေ တီဏိ" ဟု လျှောက်ထားပြန်၏။

ဘန္တေ၊ အရှင်ဘုရား။ တီဏိ၊ သုံးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။

ထိုအခါ စေတီသုံးပါးအရကို မိန့်တော်မူလိုသော မြတ်စွာဘုရားသခင်သည်–

သာရီရိကံ ပရိဘောဂိကံ ဥဒ္ဒိဿကန္တိ။ (ဇာ–ဋ္ဌ၊ ၄။ ၂၂၉။)

ဟု မိန့်တော်မူ၏။

အာနန္ဒ၊ အာနန္ဒာ။ သာရီရိကံ၊ ကိုယ်တော်မှ အစိတ်ဖြစ်သော ဆံ, မွေးညင်း, သွား အစရှိသော သာရီရိက စေတီလည်းကောင်း။ ပရိဘောဂိတံ၊ မြတ်စွာဘုရား တို့၏ အသုံးအဆောင်တော်ဖြစ်သော ဗောဓိပရိက္ခရာအစရှိသော ပရိဘောဂိက စေတီလည်းကောင်း။ ဥဒ္ဒိဿကံ၊ မြတ်စွာဘုရားသဏ္ဍာန်ကဲ့သို့ ထုလုပ်ရေးသွင်း အပ်သော ကိုယ်စားတော်စား ရုပ်ပွားဆင်းတုဟု ဆိုအပ်သော ဥဒ္ဒိဿကစေတီ လည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးတို့တည်း။

ထိုအခါ အရှင်အာနန္ဒာသည် ဤသို့လျှောက်ထားပြန်၏။ အရှင်ဘုရား အရှင်ဘုရားတို့သည် သက်တော်ထင်ရှား ရှိတော်မူစဉ် ထိုစေတီ သုံးပါးတို့ကို တည်ထားပြုစု ကိုးကွယ်ခြင်းငှာ တတ်ကောင်းပါသလောဟု–

သက္ကာ ပန ဘန္တေ တုမှေသု ဓရန္တေသုယေဝ စေတိယံ ကာတုံ။

ဟု လျှောက်ထားလေ၏။

ဘန္တေ၊ အရှင်ဘုရား။ တုမှေသု၊ အရှင်ဘုရားတို့သည်။ ဓရန္တေသုယေဝ၊ သက်တော်ထင်ရှားရှိတော်မူကုန်စဉ်သာလျှင်။ စေတိယံ၊ ထိုစေတီ သုံးမျိုးကို။ ကာတုံ၊ တည်ထားပြုစု ကိုးကွယ်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်းပါမည်လော။

ထိုအခါ ဤသို့မိန့်တော်မူ၏။ အာနန္ဒာ၊ ထိုစေတီသုံးမျိုးတို့တွင် ငါဘုရား ရှိတော်မူစဉ် သာရီရိကစေတီဖြစ်သော ဓာတ်တော်တို့ကို တည်ထားပြုစု ကိုးကွယ် ခြင်းငှာ မတတ်ကောင်း။ မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန်ပြုတော်မူသော နောက်ကာလ၌သာလျှင် တည်ထားပြုစု ကိုးကွယ်ခြင်းငှာ တတ်ကောင်း၏။ ငါဘုရား၏ သဏ္ဍာန်တော်ကဲ့သို့ ရုပ်ပွားဆင်းတုဖြစ်သော ဥဒ္ဒိဿက စေတီ၊ ငါဘုရား၏ အသုံးအဆောင်တော်ဖြစ်သော ဗောဓိပင်၊ သင်္ကန်း စသော ပရိက္ခရာဟု ဆိုအပ် သော ပရိဘောဂ စေတီ၊ ၎င်းစေတီနှစ်ပါးကိုသာ ငါဘုရားရှိတော်မူစဉ် တည်ထား ပြုစု ကိုးကွယ်ခြင်းငှာ တတ်ကောင်း၏ဟု မိန့်တော်မူ၏။

အာနန္ဒ သာရီရိကံ န သက္ကာ ကာတုံ။ တဉှိ ဗုဒ္ဓါနံ ပရိနိဗ္ဗာန ကာလေ ဟောတိ၊ ဥဒ္ဒိဿကံ အဝတ္ထုကံ မမာယနမတ္တမေဝ ဟောတိ၊ ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိရုက္ခော ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယမေဝါတိ။ (ဇာ–၄၊ ၄။ ၂၂၉။)

(တေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ်)

အာနန္ဒ၊ အာနန္ဒာ။ သာရီရိကံ၊ ကိုယ်တော်မှ အစိတ်ဖြစ်သော ဆံ, အမွေး, သွားတော် စသော သာရီရိက စေတီကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ ဟိ၊ သင့်စွ။ တံ၊ ထို သာရီရိက စေတီသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုတော်မူသော နောက်ကာလ၌။ ဟောတိ၊ ဖြစ်၏။ ဥဒ္ဒိဿကံ၊ ဥဒ္ဒိဿစေတီဟူသည်။ အဝတ္ထုကံ၊ အထည်ဝတ္ထု မရှိ။ မမာယနမတ္တမေဝ၊ စိတ်ဖြင့် မှန်းဆ၍ မြတ်နိုး ကြည်ညိုရုံမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓေဟိ၊ မြတ်စွာဘုရားတို့သည်။ ပရိဘုတ္တော၊ သုံးဆောင် အပ်သော။ မဟာဗောဓိရုက္ခော၊ မဟာဗောဓိပင်သည်။ ဗုဒ္ဓေသု၊ မြတ်စွာဘုရား တို့သည်။ ဓရန္တေသုပိ၊ သက်တော်ထင်ရှားရှိကုန်စဉ်လည်း။ စေတိယမေဝ၊ စေတီမည်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့ မိန့်ဆိုတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ဤသို့လျှောက်ထားပြန်၏။ အရှင်ဘုရား၊ အရှင်ဘုရား မရှိခဲ့သော် ဤဇေတဝန် ကျောင်းတော်၌ ကိုးကွယ်ရာမဲ့ဖြစ်၍ လူအပေါင်းတို့သည် ပူဇော်သက္ကာရကို မရကြကုန်။ ရခြင်းအကျိုးငှာ မဟာဗောဓိ ပင်မှ မျိုးစေ့ကို ယူ၍ ဇေတဝန်ကျောင်းတော် တံခါးဝ၌ စိုက်ပျိုးလိုပါသည်ဟု လျှောက်ထားလေလျှင် အာနန္ဒာ၊ ကောင်းစွ၊ သင့်မြတ်စွ၊ အာနန္ဒာ၊ ဤသို့စိုက်သည် ရှိသော် ဇေတဝန်ကျောင်းတော်၌ ငါဘုရားသည် အမြဲနေဘိသကဲ့သို့ ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူလျှင် အရှင်အာနန္ဒာသည် ကောသလမင်း၊ ဝိသာခါ၊ အနာထပိဏ်သူဌေးတို့အား ထိုအကြောင်းကိုကြား၍ ဇေတဝန်ကျောင်းတော် တံခါးဝ၌ ဗောဓိပင်စိုက်ပျိုးရာ တွင်းကို တူးစေ၍ အရှင်အာနန္ဒာသည် အရှင် မောဂ္ဂလာန်အား အရှင်ဘုရား၊ အကျွန်ုပ်သည် ဇေတဝန်ကျောင်းတော်တံခါးဝ၌ ဗောဓိပင်ကို စိုက်ပျိုးလိုပါသည်။ ဗောဓိပင်မှ ဗောဓိသီးမှည့်ကို အကျွန်ုပ်အကျိုးငှာ ယူဆောင်၍ ပေးတော်မူပါဟု လျှောက်ထားလေလျှင် အရှင်မောဂ္ဂလာန်သည် ကောင်းပြီဟု ဝန်ခံ၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ မဟာဗောဓိပင်သို့ ရောက်လျှင် မြေသို့မကျသေးဘဲ အညာမှ ကြွေဆဲလွတ်ဆဲဖြစ်သော ဗောဓိသီးမှည့် ကို မြေသို့ မကျမရောက်မီ သင်္ကန်းဖြင့် ခံ၍ ဆောင်ယူခဲ့ပြီးလျှင် အရှင်အာနန္ဒာ အား ပေး၏။

အရှင်အာနန္ဒာလည်း ယနေ့ပင် ဗောဓိသီးမှည့်ကို စိုက်ပျိုးအံ့ဟု ကောသလ မင်းကြီးအား အကြောင်းကြားစေ၏။ မင်းကြီးလည်း ညချမ်းအခါ များစွာသော

အခြံအရံ၊ များစွာသော အဆောက်အဦတို့ကို ယူဆောင်၍ လာ၏။ အနာထပိဏ် သူဌေး၊ ဝိသာခါတို့မှ စ၍ များစွာသော လူရှင်ရဟန်းတို့သည်လည်း လာကြကုန်၏။

အရှင်အာနန္ဒာသည် ဗောဓိပင်စိုက်ပျိုးရာအရပ်၌ ကြီးစွာသော ရွှေဖျဉ်းအိုးကို ထားစေ၍ အောက်၌ အပေါက်ကို ဖောက်စေပြီးလျှင် နံ့သာပျောင်းတို့ဖြင့် ပြည့်စေ၍ မင်းကြီးအား မြတ်သောမင်းကြီး၊ ဤရွှေအိုး၌ စိုက်ပျိုးလော့ဟု ဗောဓိသီးမှည့်ကို မင်းကြီးအား ပေး၏။

ထိုအခါ မင်းကြီးသည် မင်းတို့၏ စည်းစိမ်ချမ်းသာမည်သည် အခါခပ်သိမ်း အမြဲမတည်ရာ၊ တစ်စုံတစ်ယောက်သောသူတို့သည် ဤစည်းစိမ်ချမ်းသာကို လုယူ၍ ဤဗောဓိပင်သည် ငါ၏ရန်သူမင်းသည် စိုက်ပျိုးအပ်သော ဗောဓိပင်ဟု ဖျက်ဆီးရန်လည်း တစ်ကြောင်း၊ ငါတို့မင်း မည်သည် အခါခပ်သိမ်း မတတ်နိုင်ရာ၊ မေ့လျော့ရန်လည်း တစ်ကြောင်းဟု ဤသို့ အကြံဖြစ်၍ အနာထပိဏ်သူဌေးကို စိုက်ပျိုးရစေသော် ကောင်း၏ဟု ဗောဓိသီးမှည့်ကို သူဌေးကြီးအား ပေး၏။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် နံ့သာညွန်ပျောင်းကို လက်ဖြင့် ယက်၍ ဗောဓိသီးမှည့်ကို နံ့သာညွှန်ပျောင်း၌ ချလေ၏။ လက်မှ လွှတ်ကာမျှ၌ သူခပ်သိမ်းတို့ မြင်စဉ်ပင်လျှင် ထွန်တုံးပမာဏ ထန်းလုံးပမာဏရှိသော အမြင့် အတောင်-၅၀၊ ခက်မငါးဖြာတို့လည်း အတောင် ၅၀-စီရှိသော မဟာဗောဓိပင်သည် ခဏချင်း ပေါက်လာ၍ သစ်ပင်တကာတို့၏ အဓိပတိ အကြီးအမှူး ဖြစ်၏။

မင်းကြီးသည်လည်း ၁၆-လုံးသော ရွှေအိုး, ငွေအိုးတို့ကို နံ့သာရေတို့ဖြင့် ပြည့်၍ ကြာညို၊ ကြာဖြူ စသော ပန်းတို့ဖြင့် တန်ဆာဆင်လျက် မဟာဗောဓိပင်ကို ရံ၍ထားလေ၏။ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ပွတ်လုံး, ပွတ်တိုင်, ကွန်ရက်တို့ကိုလည်း ကာရံ၍ ထားလေ၏။ ရွှေမှုန်နှင့် ရောသော သဲတို့ကိုလည်း ကြဲဖြန့်စေ၏။ တံတိုင်း မီးတားကိုလည်း ပြုစေ၏။ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော တံခါးမုခ်၊ တံခါးရွက်ကိုလည်း ပြုစေ၏။ ကြီးစွာသော ပူဇော်သက္ကာရသည် ဖြစ်လေ၏။ (ဇာ-ဋ္ဌ၊ ၄။ ၂၂၉-၃၀။)

## စေတီအပြားကိုပြခြင်း

ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် မြတ်စွာဘုရားသည် သုံးဆောင်တော်မူအပ်သော သင်္ကန်း၊ သပိတ်၊ ရေစစ်၊ ခါးပန်းစသော ပရိက္ခရာတို့ကို ထည့်သွင်းဌာပနာ၍ တည်ထားပြုစုအပ်သော စေတီသည် ပရိဘောဂစေတီမည်၏။

မြတ်စွာဘုရား သရီရဓာတ်တော်တို့ကို ထည့်သွင်းဌာပနာ၍ တည်ထားပြုစုအပ်သော စေတီသည် ဓာတုစေတီမည်၏။

ပဋိစ္စသမုပ္ပါဒ်စသော တရားတော်တို့ကို ရွှေပြား၊ ငွေပြား၊ ပေရွက်စသည်တို့၌ ရေး၍ ထည့်သွင်းဌာပနာ၍ တည်ထားပြုစုအပ်သော စေတီသည် ဓမ္မစေတီမည်၏။

> တိဝိဓံ စေတိယံ ဝဒန္တိ ပရိဘောဂစေတိယံ ဓာတုစေတိယံ ဓမ္မစေတိယန္တိ။ တတ္ထ ဘဂဝတော ပရိဘုတ္တပ္ပကရဏာနိ နိဒဟိတွာ ကတံ စေတိယံ ပရိဘောဂစေတိယံ နာမ၊ ဓာတု စေတိယံ ပန ဓာတုယော နိဒဟိတွာ ကတံ။ ပဋိစ္စသမုပ္ပါဒါဒိလိခိတ ပေါတ္ထကံ နိဒဟိတွာ ကတံ ပန ဓမ္မစေတိယံ နာမ။
>
> (သာရတ္ထ—ဋီ၊ ၁။ ၁၇၂။)

ဟိ– ဝိတ္ထာရေမိ၊ ထိုစကားကို အကျယ်ချဲ့၍ ဆိုဦးအံ့။ စေတိယံ၊ စေတီသည်။ ပရိဘောဂစေတိယံ၊ ပရိဘောဂစေတီလည်းကောင်း။ ဓာတုစေတိယံ၊ ဓာတုစေတီလည်းကောင်း။ ဓမ္မစေတိယံ၊ ဓမ္မစေတီလည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပရိဘုတ္တပ္ပကရဏာနိ၊ အသုံးအဆောင်ဖြစ်သည့် ရေစစ်၊ ခါးပန်း၊ သင်္ကန်း၊ သပိတ်စသော အဆောက်အဦတို့ကို။ နိဒဟိတွာ၊ ထည့်သွင်းဌာပနာ၍။ ကတံ၊ ပြုအပ်သော။ စေတိယံ၊ စေတီတော်သည်။ ပရိဘောဂစေတိယံ နာမ၊ ပရိဘောဂစေတီမည်၏။ ပန၊ ထိုမှတစ်ပါး။ ဓာတုယော၊ သရီရဓာတ်တော်တို့ကို။ နိဒဟိတွာ၊ ထည့်သွင်းဌာပနာ၍။ ကတံ၊ ပြုအပ်သော။ စေတိယံ၊ စေတီတော်သည်။ ဓာတုစေတိယံနာမ၊ ဓာတုစေတီမည်၏။ ပဋိစ္စသမုပ္ပါဒါဒိ လိခိတ ပေါတ္ထကံ၊ ပဋိစ္စသမုပ္ပါဒ် စသည်ဖြင့် ရေးအပ်သော ရွှေပြား, ငွေပြား, ပေရွက်တို့ကို။ နိဒဟိတွာ၊

ထည့်သွင်းဌာပနာ၍။ ကတံ၊ ပြုအပ်သော။ စေတိယံပန၊ စေတီတော်သည်ကား။ ဓမ္မစေတိယံနာမ၊ ဓမ္မစေတီမည်၏။

တစ်နည်းကား–သာရီရိကစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကိုယ်တော်မှ အစိတ်ဖြစ်သော ဆံတော်၊ သွားတော်၊ ညှပ်ရိုးတော် အစရှိသော ဓာတ်တော်သည် သာရီရိကစေတီမည်၏။

မြတ်စွာဘုရားအသုံးအဆောင်ဖြစ်သော ဗောဓိပင်, ပရိက္ခရာတော်များသည် ပရိဘောဂစေတီမည်၏။

မြတ်စွာဘုရားသဏ္ဍာန်တော်ကဲ့သို့ ကိုယ်စားတော်စား ထုလုပ်ရေးသွင်းအပ်သော ရုပ်ပွားဆင်းတုတော်သည် ဥဒ္ဒိဿကစေတီမည်၏။

> သာရီရိကံ ပရိဘောဂိကံ ဥဒ္ဒိဿကန္တိ ဧဝံပိ တိပ္ပဘေဒံ စေတိယံ ဝဒန္တိ။ အယံ ပန ပဘေဒေါ ပဋိမာရူပဿပိ ဥဒ္ဒိဿက–စေတိယေနေဝ သင်္ဂဟိတတ္တာ သုဋ္ဌုတရံ ယုဇ္ဇတိ။
>
> (သာရတ္ထ–ဋီ၊ ၁။ ၁၇၂။)

သာရီရိကံ၊ ကိုယ်တော်မှ အစိတ်ဖြစ်သော ဆံတော်, သွားတော်, ညှပ်ရိုးတော် အစရှိသော ဓာတ်တော်သည်လည်းကောင်း။ ပရိဘောဂိကံ၊ မြတ်စွာဘုရား အသုံးအဆောင်ဖြစ်သော ဗောဓိပင် ပရိက္ခရာတော်များသည်လည်းကောင်း။ ဥဒ္ဒိဿကံ၊ မြတ်စွာဘုရား သဏ္ဍာန်ကဲ့သို့ ကိုယ်စားတော်စား ရည်မှတ်၍ သွန်းလောင်း ရေးထု ပြုစု ကိုးကွယ်အပ်သော ရုပ်ပွားဆင်းတုတော်သည်လည်းကောင်း။ ဣတိဧဝံပိ၊ ဤသို့သော်လည်း။ စေတိယံ၊ စေတီတော်ကို။ တိပ္ပဘေဒံ၊ သုံးပါးအပြားရှိ၏ဟူ၍။ ဝဒန္တိ ၊ ဆိုကြကုန်၏။ ပန၊ ထိုသို့ပင် ဆိုကြကုန်သော်လည်း။ အယံပဘေဒေါ၊ ဤနောက် သုံးပါးအပြားသည်။ ပဋိမာရူပဿပိ၊ ရုပ်ပွားဆင်းတုတော်ကိုလည်း။ ဥဒ္ဒိဿကစေတိယေနေဝ၊ ဥဒ္ဒိဿကစေတီသာ လျှင်။ သင်္ဂဟိ–တတ္တာ၊ ရေတွက်အပ်သောကြောင့်။ သုဋ္ဌုတရံ၊ အတိုင်းထက်အလွန်။ ယုဇ္ဇတိ၊ သင့်၏။

> စယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ။ စိတတ္တာ ဝါ စေတိယံ။ (ခုဒ္ဒကပါဌအဋ္ဌကထာ–၁၈၈။)

စယိတဗ္ဗံ၊ ပူဇော်အပ်, ပူဇော်သင့်, ပူဇော်ထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ စေတိယံ၊ စေတီမည်၏။ ပူဇေတဗ္ဗံ၊ ပူဇော်ထိုက်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊

ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တစ်နည်းကား။ ဣဒ္ဓကာဒီဟိ၊ အုတ်, ကျောက်, အင်္ဂတေ စသည်တို့ဖြင့်။ စိတတ္တာ၊ စီ၍ ပြုဖန်တီးအပ်သည်၏အဖြစ်ကြောင့်။ စေတိယံ၊ စေတီမည်၏။

## စေတီရုပ်ပွားတို့ကို ဝတ်ပြုသူများ ထိုစေတီရုပ်ပွားတို့၌ ကပ်လှူအပ်သော ပစ္စည်းကို စားသုံးအပ်ကြောင်း

ဆင်းတုတော် စေတီတော်တို့အား ဆွမ်း၊ ဆီမီး၊ သင်္ကန်း၊ ပန်းနံ့သာစသော လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းအပ်သော ထုံးစံရှိကြောင်းကိုလည်းကောင်း၊ ထိုဆင်းတု, စေတီတော်တို့အား လှူဒါန်းအပ်ပြီးသော ဗုဒ္ဓသန္တကဖြစ်သော ဘုရားပစ္စည်း၌ တံမြက်လှည်းခြင်းစသော ဝတ်ကိုပြုသော ရဟန်းရှင်လူတို့ သုံးဆောင် စားသောက်အပ်ကြောင်းကို ဝိနည်းမဟာဝါ စိဝရက္ခန္ဓက အဋ္ဌကထာ၌—

> ပဋိမာယ ဝါ စေတိယဿ ဝါ ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဒက္ခိဏောဒကံ ကတွာ ဗုဒ္ဓါနံ ဒေမာတိ၊ တတ္ထ ယံ ပဌမံ ခါဒနီယံ ဘောဇနီယံ ဒေန္တိ၊ ဝိဟာရံ ဝါ အာဟရိတွာ ဣဒံ စေတိယဿ ဒေမာတိ ပိဏ္ဍပါတဉ္စ မာလာဂန္ဓာဒီနိ စ ဒေန္တိ။
>
> (ဝိ—ဌ။ ၃။ ၄၂၄။)

ဟု ပြဆိုတော်မူသည်။

ပဋိမာယဝါ၊ ဆင်းတုတော်၏လည်းကောင်း။ စေတိယဿဝါ၊ စေတီတော်၏ လည်းကောင်း။ ပုရတော၊ ရှေ့၌။ အာဓာရကေ၊ သပိတ်ခြေ၌။ ပတ္တံ၊ သပိတ်ကို။ ဌပေတွာ၊ ထား၍။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ကတွာ၊ ပြု၍။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ ဣတိ၊ ဤသို့။ တတ္ထ၊ ထိုစေတီ၌။ ပဌမံ၊ ရှေးဦးစွာ။ ယံခါဒနီယံ၊ အကြင်ခဲဖွယ်ကိုလည်းကောင်း။ ယံဘောဇနီယံ၊ အကြင်ဘောဇဉ်ကိုလည်းကောင်း။ ဒေန္တိ၊ လှူဒါန်းကုန်၏။ ဝိဟာရံဝါ၊ ကျောင်းသို့မူလည်း။ အာဟရိတွာ၊ ဆောင်ယူ၍။ ဣဒံ၊ ဤဆွမ်းစသည်ကို။ စေတိယဿ၊ စေတီတော်အား။ ဒေမ၊ လှူဒါန်းကုန်ပါ၏။ ဣတိ၊ ဤသို့။ ပိဏ္ဍပါတဉ္စ၊ ဆွမ်းကိုလည်းကောင်း။ မာလာဂန္ဓာဒီနိစ၊ ပန်း,နံ့သာစသည်တို့ကိုလည်းကောင်း။ ဒေန္တိ၊ လှူဒါန်းကုန်၏။

ဤကား—ဆင်းတု, စေတီတော်တို့၌ သပိတ်နှင့်တကွ ဆွမ်းခဲဖွယ်ဘောဇဉ် စသည်တို့ကို လှူဒါန်းအပ်သော ထုံးစံရှိကြောင်းကို ပြခြင်းဖြစ်သည်။

တတ္ထ ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ? မာလာဂန္ဓာဒီနိ တာဝ စေတိယေ အာရောပေတဗ္ဗာနိ၊ ဝတ္ထေဟိ ပဋာကာ တေလေန ပဒီပါ ကာတဗ္ဗာ၊ ပိဏ္ဍပါတမဓုဖာဏိတာဒီနိ ပန ယော နိဗဒ္ဓစေတိယဇဂ္ဂကော ဟောတိ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ၊ တဿေဝ ဒါတဗ္ဗာနိ။ နိဗဒ္ဓဇဂ္ဂကေ အသတိ အာဟဋဘတ္တံ ဌပေတွာ ဝတ္တံ ကတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဥပကဋ္ဌေ ကာလေ ဘုဉ္ဇိတွာ ပစ္ဆာပိ ဝတ္တံ ကာတုံ ဝဋ္ဋတိယေဝ။

(ဝိ–ဋ္ဌ၊ ၃။ ၄၂၄။)

တတ္ထ၊ ထိုဆင်းတု စေတီ ဆိုအပ်သော ဘုရားအား လှူရာ၌။ ကထံ၊ အဘယ်သို့လျှင်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ရာ ပြုရာအံ့နည်း။ တာဝ၊ ရှေးဦးစွာ။ မာလာဂန္ဓာဒီနိ၊ ပန်း,နံ့သာစသည်တို့ကို။ စေတိယေ၊ စေတီတော်၌။ အာရောပေတဗ္ဗာနိ၊ တင်အပ်ကုန်၏။ ဝတ္ထေဟိ၊ အဝတ်တို့ဖြင့်။ ပဋာကာ၊ တံခွန်, ကုက္ကား, မုလေးပွားတို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ တေလေန၊ ဆီဖြင့်။ ပဒီပါ၊ ဆီမီးထွန်းခြင်းတို့ကို။ ကာတဗ္ဗာ၊ ပြုအပ်ကုန်၏။ ပိဏ္ဍပါတ မဓုဖာဏိတာ ဒီနိပန၊ ဆွမ်း, ပျား, တင်လဲ စသည်တို့ကိုကား။ ယော ပဗ္ဗဇိတောဝါ၊ အကြင် ရဟန်းသည်လည်းကောင်း။ ယော ဂဟဋ္ဌောဝါ၊ အကြင်လူသည်လည်းကောင်း။ နိဗဒ္ဓံ၊ အမြဲ။ စေတိယဇဂ္ဂကော၊ စေတီတော်ကို စောင့်ရှောက် သုတ်သင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုအမြဲ စောင့်ရှောက်တတ်သောသူအား။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ နိဗဒ္ဓဇဂ္ဂကေ၊ အမြဲစောင့်ရှောက်တတ်သော သူသည်။ အသတိ၊ မရှိခဲ့သော်။ (ယေပဗ္ဗဇိတ ဂဟဋ္ဌာ၊ အကြင် လူရှင်ရဟန်းတို့သည်။) အာဟဋဘတ္တံ၊ မိမိတို့ဆောင်အပ်သော ဆွမ်းကို။ ဌပေတွာ၊ ထား၍။ ဝတ္တံ၊ တံမြက်လှည်းခြင်းစသော ဝတ်ကို။ ကတွာ၊ ပြု၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ကာလေ၊ မွန်းတည့်အခါသည်။ ဥပကဋ္ဌေ၊ နီးလတ်သော်။ ဘုဉ္ဇိတွာ၊ စားပြီး၍။ ပစ္ဆာပိ၊ နောက်မှလည်း။ ဝတ္တံ၊ တံမြက်လှည်းခြင်း စသော ဝတ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိယေဝ၊ သင့်သည်သာလျှင်တည်း။

ဆင်းတု စေတီတော်တို့အား လှူပြီးသော စေတိယ သန္တကဖြစ်သော စေတီ၏ ပစ္စည်း၌ သုံးစွဲလိုသောသူတို့သည် ရှေးဦးစွာ ဤသို့ပြုရာ၏။ ပန်းနံ့သာစသည်တို့ကို စေတီတော်၌ တင်လှူရာ၏။ အဝတ်ပုဆိုးတို့ကို တံခွန်၊ ကုက္ကား ပြုအပ်၏။ ဆီကို ဆီမီးထွန်းရာ၏။ ဆွမ်းဟင်း, အချိုအချဉ်, ပျား, တင်လဲ စသည်တို့ကို

အကြွင်ရဟန်း ရှင်လူတို့သည် ဆင်းတုစေတီတို့ကို အမြဲစောင့်ရှောက်သုတ်သင်၏။ ထိုသူအား ပေးအပ်ကုန်၏။ စေတီကို အမြဲစောင့်ရှောက်သောသူ မရှိခဲ့သော် အကြွင်ရဟန်းရှင်လူတို့သည် မိမိတို့ဆောင်ယူခဲ့သော ဆွမ်းဘောဇဉ်ကို ထားဦး၍ စေတီ၌ တံမြက်လှည်းခြင်းစသော ဝတ်ကို ပြုပြီးမှ ဆောင်ယူခဲ့သော ရဟန်းရှင်လူတို့ပင် သုံးဆောင်စားသောက်ခြင်းငှာ အပ်၏။

ဝိကာလဘောဇနသိက္ခာပုဒ်ကို ကြဉ်ရှောင်သောသူ ဖြစ်ခဲ့အံ့၊ မွန်းတည့်ချိန်အလွန်နီးမှု ထိုဆွမ်းဘောဇဉ်ကို စားသောက်ပြီးမှ တံမြက်လှည်းခြင်း စသော ဝတ်တို့ကို ပြုအပ်၏။ ဆင်းတု စေတီတို့၏ ပစ္စည်းဖြစ်မှု ဝင်းကို မပြုဘဲ မစား မသုံးအပ်။

ယင်းသို့ ဆင်းတု စေတီတော်တို့အား ဆွမ်း, သင်္ကန်းစသည် လှူဒါန်းအပ်ကြောင်းကို ကျမ်းဂန်တိုက်ရိုက်လာပါပျောက်နှင့် အချို့သောသူတို့က ဆွမ်း, သင်္ကန်း လှူဒါန်းခြင်းစသည်များကို ကျမ်းဂန်လည်း တိုက်ရိုက်မလာ၊ လှူဒါန်းသော်လည်း ဘုဉ်းပေးသုံးဆောင်သည်မဟုတ်၊ အကျိုးလည်း မရှိဟု ပြောဆို၏။ ထိုအယူဝါဒ စကားကို ဤဝိနည်းအဋ္ဌကထာ စကားဖြင့် ပယ်ရှားစွန့်ပစ်အပ်သည်ဟု မှတ်ရမည်။

## အလှူပစ္စည်းကိုအလှူခံပုဂ္ဂိုလ်က မသုံးဆောင်သည့်တိုင် အကျိုးရှိကြောင်း

> ယသ္မာ ပန ပဋိဂ္ဂါဟကေန ပဋိဂ္ဂဟေတွာ အပရိဘုတ္တေပိ ဒေယျဓမ္မေ ပုညံ ဟောတိယေဝ၊ တသ္မာ သကဝါဒီဝါဒေါဝ ဗလဝါ။ (ကထာဝတ္ထုအဋ္ဌကထာ၊ ၁၉၉။)

ယသ္မာပန၊ အကြင်ကြောင့်ကား။ ပဋိဂ္ဂါဟကေန၊ အလှူခံပုဂ္ဂိုလ်သည်။ ပဋိဂ္ဂဟေတွာ၊ အလှူခံ၍။ ဒေယျဓမ္မေ၊ လှူဖွယ်ဝတ္ထုတို့ကို။ အပရိဘုတ္တေပိ၊ မသုံးဆောင် မစားသောက်သော်လည်း။ (ဝါ) စွန့်ပစ်သော်လည်း။ ပုညံ၊ ကောင်းမှုသည်။ ဟောတိယေဝ၊ လှူသောသူအား ဖြစ်သည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ သကဝါဒီဝါဒေါဝ၊ သကဝါဒီ အယူစကားသာလျှင်။ ဗလဝါ၊ သင့်မြတ်၏။

အကြင်ဒါယကာသည် အကြင်ပစ္စည်းကို အကြင်ပုဂ္ဂိုလ်အား လှူ၏။ ထိုအလှူခံ ပုဂ္ဂိုလ်သည် ထိုပစ္စည်းကို အလှူခံ၍ သုံးဆောင်သည်ဖြစ်စေ၊ စွန့်သည် ဖြစ်စေ၊ မသုံးဆောင်သည်ဖြစ်စေ၊ စွန့်ပစ်သည်ဖြစ်စေ လှူသော ဒါယကာအား ကောင်းမှု ကုသိုလ်ဖြစ်သည်ဟု မှတ်ရမည်။

## သဲပုံစေတီ တည်အပ်ကြောင်း

သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားတို့၏ ဓာတ်တော် မွေတော် ပရိက္ခရာ ဓမ္မက္ခန္ဓာတို့၏ ကိန်းဝပ်ရာဟု ရည်မှတ်အာရုံပြု၍ သက်သက်သော မြေပုံ သဲပုံတို့ကို စေတီပြု၍ ကိုးကွယ်ပူဇော်အပ်၏။

ပံသုထူပေ ဥဒ္ဒိဿ ကတေသု ဒသဗလဓာတုံ သက္ကာရံ ကတွာ သင်္ဂေသု နရာ ပမောဒန္တိ။ (နေတ္တိအဋ္ဌကထာ)

ဥဒ္ဒိဿ၊ ဓာတ်တော် မွေတော် စေတီတော်၏ ကိန်းဝပ်ရာဟု ရည်၍။ ကတေသု၊ ပြုအပ်ကုန်သော။ ပံသုထူပေသု၊ သဲပုံ မြေပုံ စေတီတို့၌။ ဒသ-ဗလဓာတုံ၊ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်တည်ရာဟူ၍။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ ကတွာ၊ ပြု၍။ (ဝါ) ပြုရသောကြောင့်။ သင်္ဂေသု၊ နတ်ပြည်တို့၌။ နရာ၊ လူတို့သည်။ ပမောဒန္တိ၊ ဝမ်းမြောက်ဝမ်းသာ မွေ့လျော်ရကုန်၏။

## ဓာတ်မွေသရီစေတီ ရုပ်ပွားတို့၌ လှူဒါန်းခြင်းသည် သက်တော်ထင်ရှား မြတ်ဘုရားကို လှူဒါန်းခြင်းပင်မည်ကြောင်း၊ တူမျှသော အကျိုးရှိကြောင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည်နောက် သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားကို ရည်မှတ်၍ ကိုယ်စားတော်စားဖြစ်သော စေတီတော်, ဓာတ်တော်, မွေတော်, ရုပ်ပွားဆင်းတုတော်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် သဒ္ဓါရှင်လန်း လှူဒါန်းပူဇော်ခြင်း၊ အရိအသေ အလေးအမြတ် ကိုးကွယ်ခြင်း စသည်တို့ကို ပြုသောသူတို့သည် သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရား အား လှူဒါန်းပူဇော်ကိုးကွယ်ရသည်မည်၏။ အရိအသေ အလေးအမြတ် ပြုသည် မည်၏။

ဓရမာနံ ဘဂဝန္တံ စတူဟိ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ ပရိနိဗ္ဗုတဉ္စ ဘဂဝန္တံ ဥဒ္ဒိဿ ဓာတုစေတိယာဒိကေ စတူဟိ ပစ္စယေဟိ ဥပဋ္ဌဟန္တာ သက္ကရောန္တာ ဗုဒ္ဓေ ဒါနံ ဒဒန္တိ နာမ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ဓရမာနံ၊ သက်တော်ထင်ရှား ရှိတော်မူသော။ ဘဂဝန္တံ ၊ မြတ်စွာဘုရားကို။ စတုဟိပစ္စယေဟိ၊ လေးပါးသောပစ္စည်းတို့ဖြင့်။ ဥပဋ္ဌဟန္တာ၊ လုပ်ကျွေးကုန်သော။ ပူဇေန္တာ၊ ပူဇော်ကုန်သော။ သက္ကာရေန္တာ၊ အရိုအသေ အလေးအမြတ်ပြုကုန်သော။ ယေဇနာစ၊ အကြင်သူတို့သည်လည်းကောင်း။ ပရိနိဗ္ဗုတံ၊ ပရိနိဗ္ဗာန်ပြုတော်မူပြီးသော။ ဘဂဝန္တံ ၊ မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ဓာတုစေတိယာ-ဒိကေ၊ ဓာတ်တော် စေတီတော် စသည်တို့၌။ စတူဟိပစ္စယေဟိ၊ လေးပါးသော ပစ္စည်းတို့ဖြင့်။ ဥပဋ္ဌဟန္တာ၊ လုပ်ကျွေးကုန်သော။ ပူဇေန္တာ၊ ပူဇော်ကုန်သော၊ သက္ကရေန္တာ၊ အရိုအသေ အလေးအမြတ် ပြုကုန်သော။ ယေဇနာစ၊ အကြင်လူတို့သည်လည်းကောင်း။ ဗုဒ္ဓေ၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒါနံ၊ အလှူကို။ ဒဒန္တိ နာမ၊ လှူသည်မည်ကုန်၏။

သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားကို ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်ရသောသူနှင့် ယခုအခါ သာသနာတော်တွင်း၌ ကိုယ်စားတော်စား ရုပ်ပွားတော်ဆင်းတု ဓာတုစေတီများကို ကိုးကွယ်ပြုစု ဒါနဝတ္ထုတို့ဖြင့် လှူဒါန်း ပူဇော်ရသောသူတို့သည် သဒ္ဓါကြည်ဖြူသော စိတ်စေတနာ တူမျှမူကား တူမျှသော အကျိုး၊ တူမျှသော အာနိသံသ ခံစားရကြပေ၏။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတူ ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

(ဝိမာနဝတ္ထုပါဠိတော် ၆၆။)

တိဋ္ဌန္တေ၊ သက်တော်ထင်ရှားရှိသော ဘုရား၌လည်းကောင်း။ နိဗ္ဗုတေ စာပိ၊ ပရိနိဗ္ဗာန်စံလွန်တော်မူသော မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတု စေတီတော်၌ လည်းကောင်း။ စိတ္တေ၊ ဂုဏ်ကို သိတတ် လေးမြတ်သဒ္ဓါ ကြည်ဖြူစွာသော စိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ သမံ၊ တူမျှသော။ ဖလံ၊ စီးပွားကောင်းကျိုး ချမ်းသာမျိုးသည်။ ဟောတိ၊ ဖြစ်၏။ စေတောပဏိဓိဟေတုဟိ၊ စိတ်စေတနာကို ကောင်းစွာ ထားခြင်းတည်းဟူသော အကြောင်းတို့ကြောင့်။ သတ္တာ၊ သတ္တဝါ တို့သည်။ သုဂ္ဂတိံ၊ သုဂတိဘဝသို့။ ဂစ္ဆန္တိ၊ သွားရကုန်၏။

သဒ္ဓါကြည်ဖြူသောစိတ်တူမျှလျှင် သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား အား လှူဒါန်းရသည်နှင့် ဓာတ်တော်, မွေတော်, စေတီတော်တို့အား လှူဒါန်း ရခြင်းသည် တူမျှသော ကုသိုလ်ကောင်းမှုဖြစ်ကြောင်းကို ထေရာအပဒါန် ပါဠိ တော်၌လည်း ဟောတော်မူပေ၏။

ယော စ ပူဇေယျ သမ္ဗုဒ္ဓံ၊ တိဋ္ဌန္တံ လောကနာယကံ။
ဓာတုံ သာသပမတ္တမ္ပိ၊ နိဗ္ဗုတဿာပိ ပူဇယေ။
သမေ စိတ္တပသာဒမှိ၊ သမံ ပုညံ မဟဂ္ဂတံ။
တသ္မာ ထူပံ ကရိတွာန၊ ပူဇေဟိ ဇိနဓာတုယော။
(ထေရာအပဒါန်ပါဠိတော် ၁၆၈။)

ယော၊ အကြင်သူသည်။ တိဋ္ဌန္တံ၊ သက်တော်ထင်ရှားရှိသော။ လောက-နာယကံ၊ လူသုံးဦးတို့၏ ခရီးလမ်းညွှန်ဖြစ်သော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ စပူဇေယျ၊ အကယ်၍ ပူဇော်ငြားအံ့။ နိဗ္ဗုတဿ၊ ပရိနိဗ္ဗာန်လွန်တော်မူသော မြတ်စွာဘုရား၏။ သာသပမတ္တမ္ပိ၊ မုန်ညင်းစေ့မျှလည်း ဖြစ်သော။ ဓာတုမ္ပိ၊ ဓာတ်တော်ကိုလည်း။ စပူဇေယျ၊ အကယ်၍ ပူဇော်ငြားအံ့။ စိတ္တပသာဒမှိ၊ စိတ်ကြည်ညိုခြင်း၌။ သမေ၊ တူမျှသည်ရှိသော်။ မဟဂ္ဂတံ၊ မြတ်သော။ ပုညံ၊ ကောင်းမှုသည်။ သမံ၊ တူမျှ၏။ တသ္မာ၊ ထို့ကြောင့်။ ထူပံ၊ စေတီတော် ကို။ ကရိတွာန၊ ပြု၍။ ဇိနဓာတုယော၊ မြတ်စွာဘုရား ဓာတ်တော်တို့ကို။ ပူဇေဟိ၊ ပူဇော်ပါလော့။

န ကေဝလမေဝ ဓရမာနေ ဗုဒ္ဓါဒယော ပူဇယတော၊ ပရိနိဗ္ဗုတေပိ ဘဂဝတော စေတိယပဋိမာဗောဓိအာဒီသုပိ ဧသေဝနယော။

ကေဝလမေဝ၊ သက်သက်သာလျှင်ဖြစ်သော။ ဓရမာနေ၊ သက်တော်ထင်ရှားရှိကုန်သော။ ဗုဒ္ဓါဒယော၊ ဘုရားစသည်တို့ကို။ ပူဇယတော၊ ပူဇော်သောသူတို့အား။ န ဖလံ၊ အကျိုးရှိသည် မဟုတ်သေး။ ပရိနိဗ္ဗုတဿ၊ ပရိနိဗ္ဗာန်ပြုပြီးသော။ ဘဂဝတောပိ၊ မြတ်စွာဘုရား၏လည်း။ စေတိယပဋိမာ ဗောဓိအာဒီသုပိ၊ စေတီတော်, ဗောဓိပင်, ပရိက္ခရာ, ရုပ်ပွားဆင်းတု စသည်တို့၌လည်း။ ဧသေ-ဝနယော၊ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၌ လှူဒါန်းပူဇော်သော နည်းနှင့် တူမျှသော အကျိုးရှိသည်သာလျှင်တည်း။

ဤကား ဓာတ်တော်, မွေတော်, ရုပ်ပွားဆင်းတု, စေတီတော်များ ကို လှူဒါန်း ပူဇော်ရခြင်းသည် သက်တော်ထင်ရှားရှိသော ဘုရားကို လှူဒါန်းပူဇော်ရဘိသကဲ့သို့ တူမျှသော အကျိုးရှိကြောင်းကို ပြဆိုခြင်းဖြစ်၏။

## ဓာတ်မွေ့သရီ စေတီ ရုပ်ပွားတော်တို့ကို လျောက်ပတ်ရာ ဌာန၌ ထားရှိ ကိုးကွယ်အပ်ခြင်း

သန္တတိအမတ်ကြီးသည် လူဝတ်ဖြင့် ရဟန္တာဖြစ်၍ ကောင်းကင်၌ ပရိနိဗ္ဗာန် စံလွန်တော်မူရာ ဓာတ်တော်တို့ကို ယူစေ၍ ခရီးလေးဆုံ၌ မြတ်စွာဘုရားသခင်သည် စေတီတည်စေတော်မူ၏။

တာ ပက္ခိပိတွာ စတုမဟာပထေ ထူပံ ကာရာပေသိ၊ မဟာ- ဇနော ဝန္ဒိတွာ ပုညဘာဂီ ဘဝဿတီတိ။

မဟာဇနော၊ လူများသည်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုညဘာဂီ၊ ကောင်းမှု အဖို့သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ နှလုံးပိုက်တော်မူ၍။ တာ၊ ထိုသန္တတိ အမတ်ကြီး၏ ဓာတ်တော်တို့ကို။ ပက္ခိပိတွာ၊ ထည့်သွင်း၍။ စတုမဟာပထေ၊ ခရီးလေးခုဆုံ၌။ ထူပံ၊ စေတီကို။ ကာရာပေသိ၊ ပြုစေ တော်မူ၏။

အပဒါန်ပါဠိတော်၌လည်း ပုပ္ဖထူပိယ အလောင်းတော်သည် အတ္ထဒဿီ မြတ်စွာဘုရားထံ ဆည်းကပ်မည်လာစဉ် ခရီးလမ်းအကြား၌ မကျန်းမမာဖြစ်၍ ခိုဝင်တည်းနေရာ မိမိတည်းခိုသော ဇရပ်၌ ပန်းတို့ဖြင့် စေတီပြု၍ ကိုးကွယ်ပူဇော်ရာ မကြာမြင့်မီ စုတေလေ၍ ထိုပန်းစေတီကောင်းမှုကြောင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဒုဂ္ဂတိဘုံသို့ မလားဘဲ ကမ္ဘာလေးသောင်းထက်၌ စကြာမင်း ၁၉-ကြိမ်၊ ကမ္ဘာ နှစ်သောင်းထက်၌ စကြာမင်း ၄၈-ကြိမ်ဖြစ်၍ ငါတို့မြတ်စွာဘုရားလက်ထက် ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်ကြောင်းကို ဟောတော်မူသည်။

ထိုသို့ သန္တတိအမတ်ကြီး၏ ဓာတ်တော်များကို ခရီးလေးခုဆုံ၌ စေတီတည် စေခြင်း၊ ပုပ္ဖထူပိယ မထေရ်သည် မိမိတည်းခိုသော ဇရပ်၌ ပန်းပုံစေတီပြု၍ ကိုးကွယ်ခြင်းများကို ထောက်လျှင် ရုပ်ပွား၊ ဆင်းတု၊ ဓာတ်တော်၊ စေတီတော်များ ကို အိမ်၊ ကျောင်း၊ တောရွာမဆို သင့်တင့်လျောက်ပတ်ရာ အရပ်၌ တည်ထား ကိုးကွယ်သင့်၏ဟု ယူဆရမည်။

## စေတီနှင့်စေတီရင်ပြင်

စေတိယင်္ဂဏ–ဟူသောပုဒ်၌ စေတီအရမှာ ပူဇော်အပ်သော ဘုရားတည်းဟူသော ဝတ္ထု၊ အရိုအသေ အလေးအမြတ်ပြုအပ်သော ဘုရားတည်းဟူသော ဝတ္ထုဟု ဆိုအပ်သော စေတီ သုံးပါး၊ စေတီ လေးပါးသည် စေတီယမည်၏။

ထိုစေတီတော် သုံးပါး၊ လေးပါးတို့၏ ဥပစာအပိုင်းအခြား မဟာရံတံတိုင်း အတွင်းသည်လည်းကောင်း၊ စေတီတော်ကို ဖူးမြင်ရာ စေတီတော်ကို ပန်းနံ့သာ စသည် ပူဇော်ရာ စေတီရင်ပြင် အရပ်သည်လည်းကောင်း အင်္ဂဏမည်၏။ စေတိယ နှင့် အင်္ဂဏတွဲ၍ စေတိယင်္ဂဏအရပ်မည်၏။

စေတိယင်္ဂဏေတိ ဂန္ဓပုပ္ဖာဒီဟိ ပူဇနဋ္ဌာနဘူတေ စေတိ–
ယင်္ဂဏေ။ (သီလက္ခန်ဋီကာ–၂၁၀။)

စေတိယင်္ဂဏေတိ၊ စေတိယင်္ဂဏေဟူသည်ကား။ ဝါ၊ စေတီရင်ပြင် အရပ် ဟူသည်ကား။ ဂန္ဓပုပ္ဖာဒီဟိ၊ နံ့သာပန်းစသည်တို့ဖြင့်။ ပူဇနဋ္ဌာနဘူတေ၊ ပူဇော်ရာ ဌာန ဖြစ်၍ ဖြစ်သော။ စေတိယင်္ဂဏေ၊ စေတီ ဖူးမြင်ရာ ပန်းနံ့သာ စသည် ပူဇော်ရာဖြစ်သော စေတီရင်ပြင်အရပ်၌–

စေတိယင်္ဂဏဗောဓိယင်္ဂဏေသု ပုရာဏဝါလုကံ အပနေတွာ
နဝမုတ္တာသဒိသံ ပဏ္ဍရံ ပုဠိနံ ဩကိရိတွာ မာလမကရိ။
(အပဒါန် အဋ္ဌကထာ)

စေတိယင်္ဂဏဗောဓိယင်္ဂဏေသု၊ စေတီရင်ပြင်, ဗောဓိရင်ပြင်တို့၌။ ပုရာဏ–ဝါလုကံ၊ သဲဟောင်းကို။ အပနေတွာ၊ ပယ်၍။ နဝမုတ္တာသဒိသံ၊ အသစ်သော ပုလဲနှင့် တူသော။ ပဏ္ဍရံ၊ ဖြူစင်သော။ ပုဠိနံ၊ သဲကို။ ဩကိရိတွာ၊ ကြဲ၍။ မာလံ၊ ပန်းပူဇော်ခြင်းကို။ အကရိ၊ ပြုပြီ။

## စေတီရင်ပြင်နှင့်ပတ်သက်၍အင်္ဂါရဝဖြစ်ပုံ

ထိုစေတီတော်၏ အပြင်ဟူသမျှ ဥပစာတံတိုင်း အရံအတွင်း အရပ်သည် လည်းကောင်း၊ စေတီတော်ကို ဖူးမြင်ရာ နံ့သာ၊ ပန်း စသည် ပူဇော်ရာ အရပ် သည်လည်းကောင်း စေတိယင်္ဂဏအရပ် မည်၏။

တစ်နည်းကား– မိမိအိမ်ပေါ်တွင် ဓာတ်တော်၊ ရုပ်ပွားတော်များကို ထိုင်၍ ဖူးမြင်ရာ နံ့သာ၊ ပန်း ပူဇော်ရာ အရပ်၌ ဖျာ၊ သင်ဖြူး၊ ကော်ဇောစသည်တို့ဖြင့် ခင်းထားအပ်သော ရင်ပြင်အရပ်သည် စေတိယင်္ဂဏမည်၏။

ထိုသို့မဟုတ်၊ နံရံတို့၌ ဆွဲထား၍ ကိုးကွယ်ခြင်းကို ပြုကြကုန်၏။ ထိုအရပ်တို့၌ ကိုင်းညွတ်ရိုကျိုးရှိခိုး လေးမြတ်ခြင်း ရှိလျက် သွားလာနေထိုင် ပြောဆိုသောအခါ ဂါရဝတရားဖြစ်ကြောင်း၊ ထိုအရပ်တို့၌ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ ကျင်ကြီး၊ ကျင်ငယ်နှင့် တံတွေးစွန့်ခြင်း စသည်တို့ကို မပြုအပ်၊ ပြုလိုသောစိတ်ဖြင့် ပြုခဲ့သော် ဘုရား၌ ရိုသေခြင်းမရှိ။ အဂါရဝဖြစ်၏။

> အဂါရဝဿ ဘာဝေါ အဂါရဝတာ၊ ဇေဋ္ဌကဘာဝဿ အကာရဏံ အပ္ပတိဿဝတာ။ (သမ္မောအဋ္ဌကထာ)

အဂါရဝဿ၊ ရိုသေခြင်းမရှိသောသူ၏။ ဘာဝေါ၊ အဖြစ်တည်း။ အဂါ-ရဝတာ၊ ရိုသေခြင်းမရှိသောသူ၏အဖြစ်။ ဇေဋ္ဌကဘာဝဿ၊ အကြီးအမြတ်အဖြစ်ကို။ အကာရဏံ၊ စိတ်၌ မပြုခြင်းသည်။ အပ္ပတိဿဝတာ၊ ရိုသေနိမ့်ချခြင်း တုပ်ဝပ်ခြင်းမရှိသည်၏ အဖြစ်သည်။

ထိုသို့ ရိုသေနိမ့်ချခြင်း, တုပ်ဝပ်ခြင်း မရှိသောသူအား အဂါရဝ ဖြစ်၏။

> ဗုဒ္ဓဿ ဘဂဝတော စေတိယဒဿနဋ္ဌာနေ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရောတိ၊ ခေဠမ္ပိ သိင်္ဃာဏိကမ္ပိ ဆဍ္ဍေတိ၊ ဆတ္တံ ဓာရေတိ ဥပါဟနံ အာရုယှ ဂစ္ဆတိ။ (သမ္မောအဋ္ဌကထာ)

ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ စေတိယ ဒဿနဋ္ဌာနေ၊ စေတီတော်ကို ဖူးမြင်ရာ စေတီရင်ပြင်အရပ်၌။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ ကရောတိ၊ စွန့်ခြင်းကို ပြု၏။ ခေဠမ္ပိ၊ တံတွေးကိုလည်းကောင်း။ သိင်္ဃာဏိကမ္ပိ၊ နှပ်ကိုလည်းကောင်း။ ဆဍ္ဍေတိ၊ စွန့်၏။ ဆတ္တံ၊ ထီးကို။ ဓာရေတိ၊ ဆောင်း၏။ ဥပါဟနံ၊ ဖိနပ်ကို။ အာရုယှ၊ စီး၍၊ ဂစ္ဆတိ၊ သွား၏။

> သတ္ထုဒဿနဋ္ဌာနေ ဥဘော အံသေ ပါရုပတိ ဆတ္တံ ဓာရေတိ ဥပါဟနံ ဓာရေတိ နှာယတိ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရောတိ ပရိနိဗ္ဗုတေ ပန စေတိယံ န ဝန္ဒတိ န ဂစ္ဆတိ စေတိယဿ ပညာယဋ္ဌာနေ သတ္ထုဒနဿဋ္ဌာနေ ဝုတ္တံ သဗ္ဗံ ကရောတိ အယံ သတ္ထရိ အဂါရဝေါ နာမ။
>
> (ပါစိတ်တျာဒိအဋ္ဌကထာ)

စေတိယင်္ဂဏော သဆတ္တော သဉပါဟနော ဝိစရတိ နတ္တေ-
တဿ ဗုဒ္ဓေ အဂါရဝေါတိ ဝေဒိတဗ္ဗော။

သတ္ထုဒဿနဋ္ဌာနေ၊ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ ထိုက်သောအရပ်၌။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဉဘောအံသေ၊ ပခုံးနှစ်ဖက်၌။ ပါရုပတိ၊ သင်္ကန်းကို ရုံ၏။ ဆတ္တံ၊ ထီးကို။ ဓာရေတိ၊ ဆောင်း၏။ ဉပါဟနံ၊ ဖိနပ်ကို။ ဓာရေတိ၊ စီး၏။ နှာယတိ၊ ရေချိုး၏။ ဉစ္စာရံဝါ၊ ကျင်ကြီးကိုလည်း ကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ ကရောတိ၊ စွန့်ခြင်းကို ပြု၏။ ပန၊ စေတီတော်၌ ရှိသေခြင်းမရှိသည်ကို ဆိုဦးအံ့။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် လွန်တော်မူသည်ရှိသော်။ စေတိယံ၊ စေတီတော်ကို။ နဝန္ဒတိ၊ ရှိမခိုး။ နဂစ္ဆတိ၊ မသွား။ စေတိယဿ၊ စေတီတော်၏။ ပညာယဋ္ဌာနေ၊ ခင်းထားအပ်သောအရပ်၌။ သတ္ထု-ဒနဿဋ္ဌာနေ၊ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ ထိုက်သောအရပ်၌။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီးသော။ သဗ္ဗံ၊ အလုံးစုံကို။ ကရောတိ၊ ပြု၏။ အယံဘိက္ခု၊ ဤရဟန်းသည်။ သတ္ထရိ၊ မြတ်စွာဘုရား၌။ အဂါရဝေါနာမ၊ မရိုသေသည်မည်၏။

စေတိယင်္ဂဏေ၊ စေတီကို ဖူးမြင်ရာ စေတီရင်ပြင်အရပ်၌။ သဆတ္တော၊ ထီးဆောင်းလျက်။ သဉပါဟနော၊ ဖိနပ်စီးလျက်။ ဝိစရတိ၊ လှည့်လည်သွားလာ၏။ တေဿ၊ ထိုသူအား။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ဂါရဝေါ၊ ရိုသေခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

## ကြည်ညိုသောစိတ် ရှိရုံမျှဖြင့်ကုသိုလ်ဖြစ်ခြင်း

သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကိုဖြစ်စေ၊ ဓာတ်တော် မွေတော် ရုပ်ပွားဆင်းတုတော်များကိုဖြစ်စေ မြင်သောအခါ စိတ်ဖြင့် ကြည်ညိုရုံမျှဖြင့် ရှစ်ဆယ့်လေး ကမ္ဘာပတ်လုံး အပါယ်လေးဘုံသို့ မကျမရောက်။ နတ်ပြည်၊ လူပြည်တို့၌ နတ်မင်း၊ လူမင်းတို့၏ စည်းစိမ်ချမ်းသာကိုသာ ခံစား စံစားရ၏။

ယော ခေါ် အာနန္ဒ ပုရိသော မယိ စိတ္တံ ပသာဒယိ စတုရာ-
သီတိ ကပ္ပါနိ ဒုဂ္ဂတိံ နဂမိဿတိ၊ ဒေဝေသု ဒေဝသောဘဂ္ဂံ၊ ဒိဗ္ဗရဇ္ဇံ
ပသာဒယိ၊ မနုဇေသု မနုဇိန္ဒော ရာဇသေဋ္ဌော ဘဝိဿတိ။

(နေတ္တိ)

အာနန္တ၊ အာနန္တာ။ ယောခေါ ပုရိသော၊ အကြင်ယောကျ်ားသည်။ မယိ၊ ငါဘုရား၌။ စိတ္တံ၊ စိတ်သည်။ ပသာဒယိ၊ ကြည်ညိုစေ၏။ သော၊ ထိုကြည်ညိုသော သူသည်။ စတုရာသီတိ ကပ္ပါနိ၊ ရှစ်ဆယ့်လေးကမ္ဘာတို့ပတ်လုံး။ ဒုဂ္ဂတိံ၊ အပါယ် လေးဘုံသို့။ နဂမိဿတိ၊ မသွားရလတ္တံ့။ ဒေဝေသု၊ နတ်ပြည်တို့၌လည်းကောင်း၊ ဒေဝသောဘဂ္ဂံ၊ နတ်၌ကောင်းမြတ်တင့်တယ်သော။ ဒိဗ္ဗရဇ္ဇံ၊ နတ်မင်းအဖြစ်ကို။ ပသာဒယိ၊ အုပ်စိုးမွေ့လျော်ရ၏။ မနုဿေသု၊ လူ့ပြည်တို့၌။ မနုဇိန္ဒော၊ လူတို့ကို အစိုးရသော။ ရာဇသေဋ္ဌော၊ မင်းမြတ်သည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။

ဤမည်သောအရပ်၌ စေတီတော်မြတ်ကို ဖူးအံ့ဟု ကြံ၍ မိမိအိမ်က ထွက်သွားရာ စေတီတော်သို့ မရောက်မီ လမ်းခရီးအကြား၌ သေလေ၏၊ ထိုသူသည် ပသန္နစိတ်နှင့် စုတေ၍ နတ်ပြည်သို့ ရောက်ကြောင်းကို ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌–

အသုကဝိဟာရေ စေတိယံ ဝန္ဒိဿာမာတိ နိက္ခမိတွာ ပသန္နစိတ္တော အန္တရာ ကာလံ ကရောန္တောပိ အနန္တရိယေ သဂ္ဂေ ပတိဋ္ဌဟိဿန္တိ ။

အသုကဝိဟာရေ၊ ဤမည်သော ကျောင်း၌။ စေတိယံ၊ စေတီတော်ကို။ ဝန္ဒိဿာမ၊ ရှိခိုးကုန်အံ့။ ဣတိ၊ ဤသို့။ နိက္ခမိတွာ၊ ထွက်သွား၍။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍။ အန္တရာ၊ အကြား၌။ (ဝါ) စေတီသို့မရောက်မီ ခရီးအကြား၌။ ကာလံ၊ သေခြင်းကို။ ကရောန္တောပိ၊ ပြုသော်လည်း။ အနန္တရိယေ၊ အခြားမဲ့ဖြစ်သော။ သဂ္ဂေ၊ နတ်ပြည်၌။ ပတိဋ္ဌဟိဿန္တိ၊ တည်ရကုန်လတ္တံ့။

## ဓာတ်မွေသရီ စေတီ, ရုပ်ပွား, ဗောဓိပင်များကို ဖျက်ဆီးရာ၌ အနန္တရိယကံ အလားတူ ကံထိုက်ခြင်း

ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ? ဘာရိယံ ကမ္မံ ဟောတိ အာနန္တရိယသဒိသံ။ (အံ–ဋ္ဌ။ ၁။ ၃၆၅။)

ဓာတ်တော် မွေတော် တည်ထားအပ်သော စေတီပုထိုးကိုလည်းကောင်း ဗောဓိပင်ကိုလည်းကောင်း ဖျက်ဆီး၏။ ဖျက်ဆီးကြောင့် လုံ့လကိုလည်း ပြု၏၊ ထိုသူတို့အား အနန္တရိယကံနှင့် တူသော ကံထိုက်သည်ဟု မှတ်ရမည်။

ယေ၊ အကြင်သူတို့သည်။ တထာဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံလွန်တော်မူသည်ရှိသော်။ စေတိယံ၊ စေတီတော်ကို။ ဘိန္ဒန္တိ၊ ချိုးဖဲ့ဖျက်ဆီးကုန်၏။ ဗောဓိံ၊ ဗောဓိပင်ကို။ ဆိန္ဒန္တိ၊ ဖြတ်တောက်ဖျက်ဆီးကုန်၏။ ဓာတုမ္ပိ၊ သရီရဓာတ်တော် မွေတော်ကိုလည်း။ ဥပက္ကမန္တိ၊ ပျက်စီးအောင် လုံ့လပြုကုန်၏။ တေသံ၊ ထိုသူတို့အား။ ကိံ ဟောတိ၊ အဘယ်သို့အဖြစ် ဖြစ်သနည်း။ ဣတိ၊ ဤသို့ မေးသည်ရှိသော်။ ကမ္မံ၊ ကံသည်။ ဘာရိယံ၊ ဝန်လေးသည်။ ဟောတိ၊ ဖြစ်၏။ အနန္တရိယသဒိသံ၊ အနန္တရိယကံနှင့် တူသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤကား အဖြေတည်း။

## စေတီ စသည် ထိခိုက်သော ဗောဓိအပင် အခက်တို့ကို ခုတ်ဖြတ်အပ်ကြောင်း

ဗောဓိပင်ကို ဖျက်ဆီးလိုသော စေတနာဖြင့် မဟုတ်ဘဲ ဓာတ်တော်နှင့် တကွသော စေတီတို့ကိုလည်းကောင်း၊ ဗောဓိပင်ကိုလည်းကောင်း၊ ဆင်းတုတော်ကိုလည်းကောင်း ထိခိုက်နှိပ်စက်သော ဗောဓိခက်ကို ဖြတ်ခြင်းငှာ အပ်၏။ ထိုဗောဓိပင်၌နေသော နားသော ငှက်တို့သည် စေတီတော်၏ အပေါ်၌ ကျင်ကြီး စွန့်ခဲ့မူ ထိုငှက်နားသော ဗောဓိခက်တို့ကို ခုတ်ဖြတ်ခြင်းငှာ အပ်၏။

> သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ ဗောဓိသာခံ
> ဆိန္ဒိတုံ ဝဋ္ဋတိ။ သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ
> ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိ ယေဝ။
>
> (အံ–ဋ္ဌ။ ၁။ ၃၅၆။)

သဓာတုကံ၊ ဓာတ်တော်နှင့်တကွသော။ ထူပံဝါ၊ စေတီတော်ကိုလည်း ကောင်း။ ပဋိမံဝါ၊ ဆင်းတုတော်ကိုလည်းကောင်း။ ဗာဓမာနံ၊ တိုးဝှေ့ထိခိုက် နှိပ်စက်သော။ ဗောဓိသာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ တတ္ထ၊ ထိုဗောဓိကိုင်း၌။ နိလီနာ နားကုန်သော။ သကုဏာ၊ ငှက်တို့ သည်။ စေတိယေ၊ စေတီတော်၌။ ဝစ္စံ၊ ကျင်ကြီးကို။ သစေပိပါတေန္တိ၊ အကယ်၍ စွန့်ချကုန်သည်ဖြစ်အံ့။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းပယ်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည် သင့်သည်သာလျှင်တည်း။

ဗောဓိပင် ပရိက္ခရာဟု ဆိုအပ်သော ပရိဘောဂစေတီတော်ထက် ကိုယ်တော်မှ အစိတ်ဖြစ်သော သရီရစေတီမြတ်ကြောင်းကို ၎င်းအဋ္ဌကထာ၌ "ပရိဘောဂစေတီ

ယတော သရီရစေတီယံ မဟန္တတရံ” ဟု လာသောကြောင့် ဖြတ်ခြင်း ပယ်ခြင်းကို ပြုရသည်။

ပရိဘောဂစေတီယတော ပရိဘောဂစေတီထက်။ သရီရစေတီယံ၊ သရီရစေတီသည်။ မဟန္တတရံ၊ အလွန်မြတ်၏။

စေတိယဝတ္ထုကို ဖောက်ခွဲ၍သွားသော ဗောဓိမြစ်ကို ခုတ်ဖြတ်ခြင်းငှာ အပ်ကြောင်းကို ၎င်းအဋ္ဌကထာ၌—

> စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ္ပိ ဆိန္ဒိတွာ ပဟရိတုံ ဝဋ္ဋတိ။ (အံ–ဋ္ဌ။ ၁။ ၃၅၆။)

ဟု လာသည်။

စေတိယဝတ္ထုံ၊ စေတိယဝတ္ထုဟု ဆိုအပ်သော စေတီအိမ်ကို။ ဘိန္ဒိတွာ၊ ခွဲဖောက်၍။ ဂစ္ဆန္တံ၊ သွားသော။ ဗောဓိမူလမ္ပိ၊ ဗောဓိမြစ်ကိုလည်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ ပဟရိတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

အကြင် ဗောဓိခက်သည် ဗောဓိအိမ်ကို ဖျက်ဆီး၏။ ထိုဗောဓိအိမ်ကို စောင့်ရှောက်ခြင်းငှာ ဗောဓိအိမ်ကို မဖျက်ဆီးအပ်။ ထိုစကားသည် မှန်၏။ ဗောဓိအိမ်ကို ဗောဓိပင်၏အကျိုးငှာ ပြု၏။ ဗောဓိပင်ကို ဗောဓိအိမ်၏ အကျိုးငှာ မပြု၊ နေရာ ကျောင်းဇရပ်၌လည်း ဤနည်းတူ မှတ်ရာ၏။

> ယာ ပန ဗောဓိသာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟရက္ခဏတ္ထံ ဆိန္ဒိတုံ န လဗ္ဘတိ။ ဗောဓိအတ္ထံ ဟိ ဂေဟံ၊ ကရောတိ န ဂေဟတ္ထာယ ဗောဓိ။ အာသနဃရေပိ ဧသေဝ နယော။
>
> (အံ–ဋ္ဌ။ ၁။ ၃၅၆။)

ယာပန ဗောဓိသာခါ၊ အကြင်ဗောဓိခက်သည်။ ဗောဓိဃရံ၊ ဗောဓိအိမ်ကို။ (ဝါ) ဇရပ်ကို။ ဗာဓတိ၊ ထိခိုက်နှိပ်စက် ဖျက်ဆီး၏။ တံ ဂေဟရက္ခဏတ္ထံ၊ ထိုဗောဓိအိမ်ကို စောင့်ရှောက်ခြင်းငှာ။ သာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ နလဗ္ဘတိ၊ မရ။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ ဗောဓိအတ္ထံ၊ ဗောဓိပင်၏ အကျိုးငှာ။ ဂေဟံ၊ ဗောဓိအိမ်ကို။ (ဝါ) ဇရပ်ကို။ ကရောတိ၊ ပြု၏။ ဂေဟတ္ထာယ၊ ဗောဓိအိမ်၏ အကျိုးငှာ။ ဗောဓိ၊ ဗောဓိပင်ကို။ နကရောတိ၊ မပြု။ အာသနဃရေပိ၊ စေတီအိမ်၌လည်း။ (ဝါ) ကျောင်း၌လည်း။ ဧသေဝနယော၊ ဤနည်းသာလျှင် ရှိ၏။

အကြင်နေရာအိမ်၌ ဓာတ်တော်တို့ကို ဌာပနာ၏။ ထိုဓာတ်တော်တို့ကို စောင့်ရှောက်ခြင်းငှာ ဗောဓိခက်ကို ဖြတ်အပ်၏။ ဗောဓိပင်ကို သုတ်သင်ခြင်းငှာ ဩဇာကို ဆောင်သော စိုသောအခက်၌ ဆွေးမြည့်ရာကို ဖြတ်အပ်၏။ သရီရစေတီတော်ကို သုတ်သင်သကဲ့သို့ အကျိုးရှိသည်ဟု မှတ်ရ၏။

ယသ္မိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ၊ တဿ ရက္ခဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ ဗောဓိဇဂ္ဂနတ္ထံ ဩဇာဟရဏသာခံ ဝါ ပူတိသာခံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိ ယေဝ သရီရဇဂ္ဂဏေ ဝိယ ပုညမ္ပိ ဟောတိ။ (အံ–ဋ္ဌ။ ၁။ ၃၅၆။)

ယသ္မိံပန အာသနဃရေ၊ အကြင်စေတီ, အိမ်, ကျောင်း, ဇရပ်၌။ ဓာတု– နိဟိတာ။ ဓာတ်တော်ကို ဌာပနာသည်။ (ဝါ) ဓာတ်တော်ကို ထားသည်။ ဟောတိ၊ ဖြစ်၏။ တဿ ရက္ခဏတ္ထာယ၊ ထိုဓာတ်တော်ထားသော စေတီ, အိမ်, ကျောင်း, ဇရပ်ကို စောင့်ရှောက်ခြင်းငှာ။ (ဝါ) မပျက်စီးမှုသောငှာ။ ဗောဓိသာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ သင့်၏။ ဗောဓိဇဂ္ဂနတ္ထံ၊ ဗောဓိပင်ကို သုတ်သင်ခြင်းငှာ။ ဩဇာဟရဏသာခံဝါ၊ ဩဇာကို ဆောင်သောအခက်၊ (ဝါ) စိုသောအခက်ကိုလည်းကောင်း။ ပူတိဌာနံဝါ၊ ဆွေးမြည့်ရာ အရပ်ကိုလည်းကောင်း။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ သရီရဇဂ္ဂဏေဝိယ။ သရီရစေတီကို သုတ်သင် သကဲ့သို့။ ပုညမ္ပိ၊ ကုသိုလ်ကောင်းမှုသည်လည်း။ ဟောတိ၊ ဖြစ်၏။

## စေတီ၊ ဗောဓိပင် စသည်တို့ကို ပြစ်မှားသောစိတ်ဖြင့် ဖျက်ဆီးခြင်း၊ ခုတ်ဖြတ်ခြင်းကြောင့် အပါယ်ကျခြင်း

စေတီ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်စသည်တို့ကို မသင့်မတင့်သော အယောနိသော မနသိကာရဖြင့် နှလုံးသွင်း၍ ပြစ်မှားလိုသော ပဒုဋ္ဌစိတ်ဖြင့် အုတ်၊ အင်္ဂတေ၊ ပျဉ် စသည်တို့ကိုဖျက်ဆီးသောသူတို့အား အပြစ်မလွတ်ဟု မှတ်ရမည်။ ဟောင်းနွမ်း ဆွေးမြည့်သော စေတီ၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကို သင့်တင့်သော ယောနိသော မနသိကာရဖြင့် နှလုံးသွင်း၍ အသစ်ပြုလိုသော ပသန္နစိတ်ဖြင့် အဟောင်းကို ဖျက်ဆီးသောသူအား အပြစ်မရှိဟု မှတ်ရမည်။

ထိုနှစ်ပါးတွင် အယောနိသော မနသိကာရဖြင့် နှလုံးသွင်း၍ ပဒုဋ္ဌစိတ်ဖြင့် ရုပ်ပွား စေတီရှိရာအရပ်၌ ကျောင်းအရံ၊ အိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန်ပြုလို၍

ထိုရှိရင်းဖြစ်သော ရုပ်ပွားစေတီတော်တို့ကို တစ်ပါးအရပ်သို့ မပြောင်းကောင်း၊ မဖျက်ဆီးကောင်း။ ဖျက်ဆီးပြောင်းရွှေ့သူတို့မှာ မိမိတို့ စေတနာရင်းကပင် မစင်ကြယ်သော အသုဒ္ဓစေတနာ အဂါရဝ အစွမ်းဖြင့် သာဝဇ္ဇ ကဏှဓမ္မဖြစ်၍ စင်စစ်ကေန် မုချအကုသိုလ်ဖြစ်သည်ဟု မှတ်ရာ၏။

မိစ္ဆာဒိဋ္ဌိအယူရှိသောသူ၊ သဒ္ဓါတရားမရှိသောသူတို့သည် စေတီတော်၏ အနီးအပါး အိမ်ဆောက်၍ သားမယားတို့နှင့် အတူတကွ နေထိုင်ကြရာအဂါရဝ အပ္ပတိဿဝအမှုကို မရှိမသေပြုကြသောကြောင့်လည်းကောင်း၊ ကျင်ကြီးကျင်ငယ် တို့ဖြင့် မတင့်တယ် မလျောက်ပတ်သောကြောင့်လည်းကောင်း၊ လျောက်ပတ် တင့်တယ်ရာသို့ သဒ္ဓါဗလဝရှိ၍ သတိပညာနှင့် ပြည့်စုံသော သူတော်ကောင်း တို့သည် သင့်တင့်သော ယောနိသော မနသိကာရဖြင့် နှလုံးသွင်း၍ ရွှေ့ပြောင်း တည်ထားခြင်းသည် အလွန်သင့်မြတ်ရာသည်ဖြစ်၍ အကျိုးသာ ဖြစ်၏။ အပြစ် မရှိဟု မှတ်ရာ၏။

အယောနိသော မနသိကာရဖြင့် ပျက်စီးစေလိုသော စိတ် စေတနာရှိလျက် ဖျက်ဆီးရာ၌ အပါယ်သို့ရောက်ဖူးသော ဝတ္ထုသာဓကကို ပြပေအံ့။

ကဿပမြတ်စွာဘုရား၏ ဂန္ဓကုဋိကို ပြစ်မှားလိုသော ပဒုဋ္ဌစိတ်ဖြင့် မီးတိုက်ခဲ့ဖူးသော မကောင်းမှုကြောင့် အဝီစိငရဲ၌ အနှစ်ရှည်စွာ ခံစားပြီးမှ ၂၅–ယူဇနာရှိသော မြွေပြိတ္တာဖြစ်၍ ငါတို့မြတ်စွာဘုရား လက်ထက်တိုင်အောင် မလွတ်နိုင်ဘဲ ခံရလေသည်ဟု ဓမ္မပဒ၌ လာသည်။

ရှင်ပစ္စေကဗုဒ္ဓါကျောင်းကို ပြစ်မှားပျက်စီးစေလိုသော ပဒုဋ္ဌစိတ်ဖြင့် မီးတိုက် ခဲ့ဖူးသော မကောင်းမှုကြောင့် အဝီစိငရဲ၌ အနှစ်ရှည်စွာ ခံစားပြီးမှ ၂၅–ယူဇနာ ရှိသော မြွေပြိတ္တာဖြစ်၍ ယခု ခံစားလျက်ရှိကြောင်းကို ဓမ္မပဒ၌ လာသည်။

သီဟိုဠ်ကျွန်း၌ သီရိနာဂမင်းသည် အရှေ့မျက်နှာ ဂင်္ဂါမြစ်နား၌ မဓုပိဋ္ဌယ စေတီတော်ကို ဖျက်၍ ဥစ္စာကို ယူ၏။ နောက်အခါ စေတီ၌ ပြန်၍ထား၏။ ထိုမင်း သေသော် ငရဲကြီး၌ ဖြစ်လေ၏။

သီရိဓမ္မာသောကမင်းကြီး၏ မိဖုရားငယ်ဖြစ်သော တိဿရက္ခာသည် ဗောဓိပင်ကို လိပ်ကျောက်ဆူးဖြင့် ထိုး၍ သတ်ခဲ့ဖူးသော မကောင်းမှုကြောင့် အဝီစိငရဲ၌ ခံရကြောင်းကို မဟာဝင်၌ လာသည်။

## စေတနာကောင်းဖြင့်ဖျက်ဆီးသဖြင့်သုဂတိလားခြင်း

ဟောင်းနွမ်းဆွေးမြည့်လေပြီးသော စေတီ၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကို ယောနိသောမနသိကာရဖြင့် နှလုံးသွင်းပြီးလျှင် အဟောင်းကို ဖျက်၍ အသစ်ပြုဖူးသော ဝတ္ထုသာဓကကို အမြွက်မျှ ပြပေအံ့။

ရှင်ဗာကုလအလောင်းသည် ကျောင်းဟောင်း၊ ဇရပ်ဟောင်းတို့ကို ပသန္နစိတ်ဖြင့် ပြင်ဆင်ခဲ့ဖူးသော ကောင်းမှုကြောင့် လူ့ဘုံ၊ နတ်ဘုံ ကျင်လည်ပြီးမှ ငါတို့မြတ်စွာဘုရားလက်ထက် ရဟန္တာဖြစ်၍ အသက် ၁၆၀–နေရကြောင်းကို အပဒါန်အဋ္ဌကထာ၌ လာသည်။

သီဟိုဠ်ကျွန်း၌ ဝသဘမင်းသည် ၁၂–နှစ် နန်းစံရမည်ကို ကျောင်းဟောင်း၊ ဇရပ်ဟောင်းတို့ကို ပြင်ဆင်သော ကုသိုလ်ကောင်းမှုကြောင့် နန်းသက် ၄၄–နှစ် စံနေရကြောင်းကို မဟာဝင်၌ လာသည်။

ဝိပဿီမြတ်စွာဘုရား၏ ဗောဓိပင်ရင်း၌ သဲဟောင်းကို စွန့်၍ အသစ်ဖြစ်သော သဲကို ကြဲခဲ့ဖူးသောကောင်းမှုကြောင့် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး ဒုဂ္ဂတိဘဝသို့ မလားမကပ်မူ၍ ငါးဆယ့်တစ်ကမ္ဘာထက်၌ မဟာပုဠိန စကြာမင်း ဖြစ်၍ ငါတို့မြတ်စွာဘုရားလက်ထက် ရဟန္တာဖြစ်သည်ဟု လာသည်။

အရှင်အာနန္ဒာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဂန္ဓကုဋိ၌ ဟောင်းနွမ်းသွေ့ခြောက်သော ပန်းတို့ကို သုတ်သင်ရှင်လင်း၍ အသစ်ပြုပြင်ကြောင်းကိုလည်းကောင်း၊ အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်၌ တစ်ဆယ့်ရှစ်ရပ်သော ကျောင်းကြီး၌ ကျိုးပဲ့ပျက်စီးသည်များကို အသစ်ပြုပြင်သည်ဟု စူဠဝါပါဠိတော်၌ လာသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်၏ နောက် အနှစ် ၂၁၈–နှစ် မြောက်၌ ဓမ္မာသောကမင်းကြီးသည် ဓာတ်တော်တို့ကို ဇမ္ဗူဒိပ်ကျွန်း အပြင်တွင် ထိုထိုမြို့ရွာတို့၌ အပုံ့အနှံ့ လူ၊ နတ်တို့ ကိုးကွယ်စေခြင်းအကျိုးငှာ ရှစ်ပြည်ထောင်သော မင်းတို့သည် တည်ထား ကိုးကွယ်အပ်သော စေတီတော်တို့ကို ဖျက်စေ၍ ဓာတ်တော်တို့ကို ရှာ၍ မတွေ့ခဲ့လျှင် ၎င်းစေတီတော်တို့ကို ပကတိအတိုင်း ပြုစေတော်မူ၏။ ထို့နောက် ဓာတ်တော်တိုက်ပေါ်၌ တည်ထားအပ်သော ကျောက်စေတီတို့ကို ပယ်ဖျက်စေ၍ မြေမှုန့်တို့ကို သုတ်သင်ပယ်ရှင်းပြီးလျှင် အရှင်မဟာကဿပနှင့် အဇာတသတ်မင်းသည် ဓာတ်တော်တို့၏ အန္တရာယ်ကို မြင်တော်မူ၍ တစ်ပေါင်းတည်း စုရုံး၍ ဌာပနတော်မူခဲ့သော ဓာတ်တော်

တိုက်ကို ဖွင့်ယူပြီးလျှင် မြေမှုန့်တို့ကို ဖို့မြဲဖို့၍ ကျောက်စေတီကိုလည်း တည်မြဲ တည်သည်။

ပံသုံ ပက္ခိတွာ ဘူမိံ သမံ ကတွာ တဿ ဥပရိ ပါသာဏ-
ထူပံ ပတိဋ္ဌာပေသိ။ (ဒီ–ဋ္ဌ။ ၂။ ၂၀၅။)

ပံသုံ၊ မြေမှုန့်ကို။ ပက္ခိတွာ၊ ထည့်ဖို့၍။ ဘူမိံ၊ မြေကို။ သမံကတွာ၊ အညီအညွတ်ပြေပြစ်အောင် ပြု၍။ တဿ၊ ထိုမြေမှုန့်၏။ ဥပရိ၊ အထက်၌။ ပါသာဏထူပံ၊ ကျောက်စေတီကို။ ပတိဋ္ဌာပေသိ၊ တည်မြဲတိုင်း တည်ထားလေ၏။

ဤသို့ စေတီတို့ကို ဖျက်ခြားသော်လည်း အပြစ်မရှိ၊ သီရိဓမ္မာသောကမင်း၏ နှလုံးသွင်းမှာ ဓာတ်တော်တို့ကို ထိုထိုမြို့ရွာတို့၌ စေတီရှစ်သောင်းလေးထောင် ဘည်ရသဖြင့် လူ၊ နတ်တို့ ရှိခိုးပူဇော်ခြင်းကို ရကြ၍ နတ်ရွာနိဗ္ဗာန်ရောက်လတ္တံ့၊ မြတ်စွာဘုရား ဂုဏ်တော်ကျေးဇူးတော်လည်း ထင်ပေါ်ကျော်စောလတ္တံ့ဟု ကောင်းစွာ နှလုံးသွင်းခြင်းရှိသော ယောနိသောမနသိကာရကြောင့် အနဝဇ္ဇ သုက္ကဓမ္မဖြစ်၍ အပြစ်မရှိ၊ အကျိုးသာ ဖြစ်သည်ဟု မှတ်ရာ၏။

မကောင်းသည်ကို ပြုပြင်လို၍ ဟောင်းနွမ်းသော အုတ်၊ အင်္ဂတေကို ခွာခြင်း၊ ထီးကို ချခြင်း၊ ဟောင်းနွမ်းဆွေးမြည့်သော ကျောင်း၊ ဇရပ် စသည်တို့ကို ဖျက်၍ အသစ်ပြုပြင်အပ်၏။

ဝေရစိတ္တဒေဝဒတ္တဿ ရုမိရောဗျာဓိ အနန္တရိယံ ဟောတိ၊ မေတ္တစိတ္တေန ကတဇီဝကဿ ပုညမေဝ အဟောသိ၊ ဇီဝကော ပန တထာဂတဿ ရုစိယာ သတ္ထကေန စမ္မံ ဆိန္ဒိတွာ တမှာ ဌာနာ ဒုဋ္ဌလောဟိတံ နီဟရိတွာ ဖာသုကံ အကာသိ၊ တထာ ကရောန္တဿ ပုညကမ္မမေဝ ဟောတိ။

ဝေရစိတ္တ ဒေဝဒတ္တဿ၊ ရန်ငြိုးဖွဲ့သော စိတ်ရှိသော ဒေဝဒတ်အား။ ရုမိရောဗျာဓိ၊ သွေးစိမ်းတည်သော အနာသည်။ အနန္တရိယံ၊ အနန္တရိယကံသည်။ ဟောတိ၊ ဖြစ်၏။ မေတ္တစိတ္တေန၊ မေတ္တာစိတ်ဖြင့်။ ကတဇီဝကဿ၊ ပြုပြင်ကုမ,သော ဇီဝကအား။ ပုညမေဝ၊ ကောင်းမှုသာလျှင်။ အဟောသိ၊ ဖြစ်၏။ ဇီဝကောပန၊ ဇီဝကဆရာသည်ကား။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ရုစိယာ၊ အလိုတော်နှင့် လျော်စွာ။ သတ္ထကေန၊ ထားငယ်ဖြင့်။ စမ္မံ၊ အရေတော်ကို။ ဆိန္ဒိတွာ၊ ခွာ၍။ ဝါ၊ ဖြတ်၍။ တမှာဌာနာ၊ ထိုအရပ်မှ။ ဒုဋ္ဌလောဟိတံ၊

ခဲသောသွေးကို။ နိဟရိတွာ၊ ထုတ်၍။ ဖာသုကံ၊ ချမ်းသာအောင်။ (ဝါ) ကောင်းအောင်။ အကာသိ၊ ပြု၏။ တထာ၊ ထို့အတူ။ ကရောန္တဿ၊ ကောင်းသောစိတ်ဖြင့် ပြုသောသူအား။ ပုညကမ္မမေဝ၊ ကောင်းမှုသာလျှင်။ ဟောတိ၊ ဖြစ်၏။

ကောင်းအောင်ပြုလို၍ မကောင်းသော သွေးကို ထုတ်ဘိသကဲ့သို့ ထို့အတူ စေတီ၊ ရုပ်ပွား၊ ဆင်းတု၊ ထီး၊ ကျောင်း၊ ဇရပ် စသည်တို့၌ မကောင်းသည်ကို ခွာခြင်း၊ ဖဲ့ခြင်း၊ ချခြင်း၊ ဖျက်ခြင်းတို့၌ အပြစ်မရှိဟု မှတ်ရာ၏။

အကုသိုလ် စေတနာသည်သာ အကုသိုလ်အကျိုး ဖြစ်ရာသည်။ ကုသိုလ် စေတနာ မှန်က အကုသိုလ် မဖြစ်ရာ။ ကုသိုလ် စေတနာမှသာ ကုသိုလ်အကျိုး ဖြစ်ရာသည်။ အကုသိုလ်စေတနာမှန်က ကုသိုလ်အကျိုးမဖြစ်ရာ။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ကာယသုစရိတဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ 'ယံ ကာယဒုစ္စရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ ဌာနမေတံ ဝိဇ္ဇတိ။ (အံ–၁။ ၃၀–၃၁။)

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသုစရိတဿ၊ ကောင်းသော ကာယသုစရိုက်၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွားစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသုစရိတဿ။ ကာယသုစရိုက်၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော၊ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွားစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံဌာနံ၊ ဤကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသုစရိတဿ၊ ကောင်းသော ကာယသုစရိုက်၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်သက်အပ်သော။ မနာပေါ၊ နှလုံးကို ပွားစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံယေန ကာရဏေန၊ အကြင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံဌာနံ၊ ဤသို့ဖြစ်ခြင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ဤကား ဟောင်းနွမ်းသော စေတီ၊ ပုထိုးတို့ကို ပြုပြင်ရာ၌ အပြစ်မဖြစ်၊ ကုသိုလ်ဖြစ်ကြောင်းကို ပြခြင်းဖြစ်၏။

# ရတနာသုံးပါး ဆည်းကပ်ရန် သွားသူ၏ ခြေလှမ်းတိုင်းဖြစ်သော ကုသိုလ်အကျိုး

ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးအပေါင်းသည် အပါယ် ဆင်းရဲ၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးတတ်သော ဂုဏ်နှင့် ပြည့်စုံ၏။ ထိုဂုဏ်၏ ဘည်ရာဖြစ်သော ရတနာသုံးပါးထံသို့ ကိုးကွယ်ဆည်းကပ်ခြင်းငှာ သွားသော သူတို့၏ အကျိုးအာနိသံသကို မည်၍မည်မျှ ကုသိုလ်ရ၏ဟု မပြနိုင်။ ၎င်းရတနာ သုံးပါးထံသို့ ကိုးကွယ်ဆည်းကပ်ခြင်းငှာ သွားသောသူတို့၏ ဖဝါးတစ်လှမ်းကို ၂၅၆–စိတ် စိတ်၍ တစ်စိတ်ခန့်တွင် ဖြစ်သော ကုသိုလ်ကို ဆင်တစ်သိန်း၊ မြင်းတစ်သိန်း၊ အသတိုရ်မြင်းက,သော ရထားတစ်သိန်း၊ ပတ္တမြားနားတောင်း၊ သက်ကြပ် စသော တန်ဆာတို့ဖြင့် ဆင်ပြီးသော သတို့သမီးကညာတစ်သိန်း၊ ဤလေးသိန်းသော ရတနာတို့သည် ၎င်းတစ်စိတ်ခန့်တွင် ဖြစ်သော ကုသိုလ်ကို ခမီနိုင်ရာ၊ ထိုလေးသိန်းသော ရတနာနှင့် လဲလှယ်ခဲ့သည်ရှိသော် တစ်စိတ်ခန့် ဘွင် ဖြစ်သော ကုသိုလ်ကို ရှုံးဖွယ်ရာရှိသေး၏။

သတံ ဟတ္ထိ သတံ အဿာ၊ သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နဂ္ဃန္တိ သောဠသိံ။
(ဝိ–၄။ ၁၀၃။)

သတံဟတ္ထိသဟဿာနိ၊ ဆင်တစ်သိန်းတို့လည်းကောင်း။ သတံအဿ– သဟဿာနိ၊ မြင်းတစ်သိန်းတို့လည်းကောင်း။ သတံအဿတရီရထသဟဿာနိ၊ အသတိုရ်မြင်းက,သော ရထားတစ်သိန်းတို့လည်းကောင်း။ အာမုက္ကမဏိကုဏ္ဍလာ၊ ပတ္တမြားနားတောင်း, လက်ကြပ်ဝတ်ဆင်အပ်ကုန်သော။ သတံကညာ သဟဿာနိ၊ သတို့သမီးကညာ တစ်သိန်းတို့လည်းကောင်း။ ဣမာနိစတ္တာရိ၊ ဤလေးသိန်း ကုန်သော ရတနာတို့သည်။ ရတနတ္တယဿ၊ ရတနာသုံးပါးအပေါင်း၏။ သန္တိကံ၊ အထံသို့။ ဥပဂတဿ၊ ချဉ်းကပ်သောသူ၏။ ဧကဿ၊ တစ်ခုသော။ ပဒ– ဝီတိဟာရဿ၊ ဖဝါးလှမ်းကို။ (ဝါ) တစ်ခုသော ဖဝါးလှမ်း၌ဖြစ်သော ကုသိုလ် စိတ်ကို။ သောဠသိံ၊ တစ်ဆယ့်ခြောက်စိတ် တစ်ဆယ့်ခြောက်ခါ စိတ်သည်ကို။ (ဝါ) နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်သည်ကို။ ကတွာ၊ ပြု၍။ ကလံ၊ တစ်စိတ် ကိုမျှ။ နအဂ္ဃန္တိ၊ မမီနိုင်ကုန်။

ဖဝါးတစ်လှမ်းသည် တောင်ဆုပ်ပမာဏ ရှိ၏။ လက်သစ်အားဖြင့် နှစ်ဆယ် ရှိ၏။ ထိုလက်သစ် နှစ်ဆယ်ကို ၁၆-စိတ် စိတ်လျှင် လက်တစ်သစ်နှင့် တစ်မယောၢ သန်းဦးခေါင်း ခုနစ်လုံး၊ တစ်လိက္ခာ၊ ရထမြူ ၅၆-လုံး၊ တဇ္ဇာယီမြူ ကိုးလုံး ခန့်ရှိ၏။ ၎င်းကို ၁၆-စိတ်၊ ၁၆-ကြိမ်စိတ်လျှင် တစ်ခုသော ဖဝါးလှမ်း၌ နှစ်ရာ့ငါးဆယ့်ခြောက်စိတ် ဖြစ်၏။ ဖဝါးတစ်လှမ်းကို နှစ်ရာ့ငါးဆယ်ခြောက်စိတ် စိတ်လျှင် တစ်စိတ်ကို သန်းဦးခေါင်း ခုနစ်လုံး၊ လိက္ခာမြူ ၂၈-လုံး၊ ရထမြူ ၂၄-လုံး၊ တဇ္ဇာယီမြူ ၃၅-လုံး၊ အဏုမြူ ၇-လုံး၊ ပရမာဏုမြူ နှစ်လုံးခန့် ပမာဏ ရှိ၏။ ထိုမျှလောက် ပမာဏအပိုင်းအခြားတွင် ဖြစ်သော ကုသိုလ်စိတ်ဟု မှတ်ရမည်။

## ဒါနကုသိုလ်သည် နိဗ္ဗာန်တိုင်အောင်အကျိုးပေးနိုင်ကြောင်း

မြတ်စွာဘုရားသခင်သည် မဂဓရာဇ်တိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ဤသို့ လျှောက်၏။ ဘုန်းတော် အလွန် ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ကိလေသာ ကင်းလွတ်၍ ပွင့်ခြင်းသို့ ရောက်တော်မူကုန်သော ရှေးရှေးသော နောင်တော်ဘုရားတို့သည် ဒါန၊ သီလ၊ နိက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာဟု ဆိုအပ်သော ပါရမီ ဆယ်ပါးတို့တွင် အဘယ်ပါရမီကို ရှေးဦးစွာ ဖြည့်ကျင့်တော်မူပါသနည်းဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားသခင်သည်—

ယေ စ ဗုဒ္ဓါ အတီတာ စ၊ သမုဒ္ဒဝါလုကူပမာ။
ဒါနံ၀ အာဒိကံ ကတွာ၊ သမ္ဗောဓိံ စ လဗ္ဘန္တိ တေ။

ဟု မိန့်တော်မူ၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ သမုဒ္ဒဝါလုကူပမာ၊ သမုဒ္ဒရာ သဲလုံးနှင့်အမျှ။ အတီတာစ၊ လွန်လေကုန်ပြီးသော။ ယေစ ဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရားတို့သည် လည်း။ အတ္ထိသန္တိ၊ ရှိကုန်တော်မူကုန်၏။ တေစဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားတို့သည် လည်း။ ဒါနံ၀၊ အလှူပေးခြင်းတည်းဟူသော ဒါနပါရမီကိုသာလျှင်။ အာဒိကံ ကတွာ၊ အစအဦးပြု၍။ သမ္ဗောဓိံ၊ သစ္စာလေးပါး မြတ်တရားကို ခြားနားစွာဘိ ကိုယ်တိုင်သိသော ဘုရားအဖြစ်ကို။ လဗ္ဘန္တိ၊ ရတော် ရောက်တော်မူကြကုန်၏။

ချစ်သား သာရိပုတ္တရာ၊ သမုဒ္ဒရာ သဲလုံးနှင့် ပုံနှိုင်းတမျှ ပွင့်တော်မူကြကုန်သော ရှေးရှေးသော နောင်တော်ဘုရားတို့သည် စွန့်စားကြည်ဖြူ အလှူပေးခြင်းတည်းဟူသော ဒါနပါရမီကို အရင်းအစပြု၍ ဘုရားအဖြစ်ဟု ဆိုသော နိဗ္ဗာန်သို့ စင်စစ်မုချ ရောက်တော်မူကြကုန်၏ဟု ဟောတော်မူသည်။

ဤသို့ မြတ်စွာဘုရားသည် ဒါနပါရမီကို နိဗ္ဗာန်ရောက်ကြောင်းတရားဟု ဟောကြားတော်မူအပ်သော ဒေသနာတော် ရှိပါလျက်နှင့် အလှူဒါနသည် နိဗ္ဗာန်ရောက်ကြောင်းတရားမဟုတ်ဟု အယူဝါဒ ဟောပြော နှစ်သက်ကြသည်များကို "ဒါနံ၀ အာဒိကံ ကတွာ၊ သမ္ဗောဓိံ စ လဗ္ဘန္တိ တေ" ဟူသော ပါဠ်ဖြင့် တွန်းလှန်ပယ်ရှားသင့်လှသည်။

ဒါနဟူသည် အနုသယရှိသော ပုဂ္ဂိုလ်သည် သူတစ်ပါးတို့ကို ပူဇော်ခြင်း၊ ချီးမြှောက်ခြင်းကို အလိုရှိသဖြင့် မိမိ၌ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို စွန့်လှူသော စေတနာပင်ဖြစ်၍ ထိုစေတနာသည် ဒါနမည်၏။ ထင်ရှားမရှိသော လှူဖွယ်ဝတ္ထုကို အာရုံပြု၍ဖြစ်သော စေတနာသည် ဒါနမမည်၊ ပုညသာမည်၏။ နိရာနုသယ-သန္တာန်၌ ရှိသော ရဟန္တာပုဂ္ဂိုလ်၏ ပရိစ္စာဂစေတနာသည် ဒါနမျှ မည်၏ ပုညကြိယာ ဝတ္ထုမမည်။

တတ္ထ သာနုသယ သန္တာနဝတော ပရေသံ ပူဇာနုဂ္ဂဟ ကာမ-တာယ အတ္တနော ဝိဇ္ဇမာနဝတ္ထု ပရိစ္စဇန ဝသပ္ပဝတ္တာ စေတနာ ဒါနံ နာမ။

တတ္ထ တေသု ဒါနာဒီသု၊ ထိုဒါနစသည်တို့တွင်။ သာနုသယ သန္တာ-နဝတော၊ အနုသယနှင့်တကွဖြစ်သော။ (ဝါ) အနုသယရှိသော ခန္ဓာအစဉ်ရှိသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်၏။ ပရေသံ၊ သူတစ်ပါးတို့အား။ ပူဇာနုဂ္ဂဟကာမတာယ၊ ပူဇော်ခြင်း ချီးမြှောက်ခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့်။ အတ္တနော၊ မိမိ၏။ ဝိဇ္ဇမာနဝတ္ထု ပရိစ္စဇန ဝသပ္ပဝတ္တာ၊ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို စွန့်သည်၏ အစွမ်းဖြင့် ဖြစ်သော။ စေတနာ၊ စေတနာသည်။ ဒါနံနာမ၊ ဒါန မည်၏။

ထိုပါဠ်၏ အဓိပ္ပာယ်အကျဉ်းကား-မိမိ၏ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို စွန့်သည်၏ အစွမ်းဖြင့်ဖြစ်သော စေတနာသည် ဒါနမည်၏။ ထိုဒါနသည် "ဒီယတိ ဇေတနာတိ ဒါနံ" ဟု (ကရဏသာဓနပြု) ဇေတန ဓမ္မဇာတေန၊ ထိုစေတနာသဘောတရားဖြင့်။ ဒေယျဓမ္မော၊ လှူဖွယ်ဝတ္ထုကို။ ဒီယတိ ပရိစ္စဇီယတိ၊ စွန့်လှူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ စွန့်လှူကြောင်းဖြစ်သော သတ္တိကြောင့်။

တံ ဓမ္မဇာတံ၊ ထိုစေတနာ သဘောတရားသည်။ ဒါနံ၊ ဒါနမည်၏။ စွန့်ကြဲ ကြောင်း ဖြစ်သော ပရိစ္စာဂ စေတနာကို ရ၏။

ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ၌–

ယာယ စေတနာယ သော ဒီယတိ သာ စေတနာ ဒါနံ။

ဟု မိန့်တော်မူ၏။

ဒါတဗ္ဗန္တိ ဒါနံ–ဟု (ကမ္မသာဓနပြု)။ ယံ ဝတ္ထု၊ အကြင် လှူဖွယ်ဝတ္ထုကို။ ယာယ စေတနာယ၊ အကြင်စေတနာဖြင့်။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ပေးလှူအပ်သော သတ္တိကြောင့်။ တံဝတ္ထု၊ ထိုလှူဖွယ်ဝတ္ထုသည်။ ဒါနံ၊ ဒါနမည်၏။

ဒါနံဟူသော ပုဒ်၌၊ ဒါ–ဓာတ် ယု–ပစ္စည်း။ ဒါ–ဓာတ်၏ အရကား လှူအပ်သော ဝတ္ထုကို ရ၏။ ယု–ပစ္စည်းအရကား–ထိုဒါနကို ဖြစ်စေတတ်သော သူ၏ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောစေတနာကို ရ၏။

ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ၌–ဒါနံ ဒတွာတိ ဒေယျဓမ္မံ စဇိတွာ–ဟု မိန့်တော်မူ၏။ ဒါနကို ပြုသောအခါ၌ သုံးပါးသော စေတနာတို့သည် ဖြစ်ကုန်၏။ စေတနာသုံးပါးဖြစ်ဟန်ကား–ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို အာရုံပြု၍ လှူအံ့ဟု ကြံဆဲ၊ ရှာဆဲအခါဖြစ်သော ကုသိုလ်စေတနာသည် ပုဗ္ဗစေတနာမည်၏။ ထင်ရှား ရှိသော လှူဖွယ်ဝတ္ထုကို လှူဆဲ၊ စွန့်ဆဲအခါ ဖြစ်သော ကုသိုလ်စေတနာသည် မုဥ္စစေတနာမည်၏။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို လှူပြီးသည်မှ နောက်ကာလ၌ ဆင်ခြင်၍ ဝမ်းမြောက်သောအခါ၌ ဖြစ်သော ကုသိုလ်စေတနာသည် အပရ–စေတနာ မည်၏။ ဤသို့အားဖြင့် သုံးပါးဖြစ်၍ သုံးပါးသာလျှင် ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒေယ။
ဒတွာ အတ္တမနော ဟောတိ၊ သော ပုညဿ သမ္ပဒါ။
(ပေတဝတ္ထုပါဠိတော် ၁၅၉။)

ဒါနာ၊ ပေးလှူသည်မှ။ ပုဗ္ဗေဝ၊ ရှေးအဖို့၌သာလျှင်။ သုမနော၊ ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ဒဒံ၊ လှူစဉ်၊လှူဆဲ၊လှူတုန်း။ စိတ္တံ၊ မိမိစိတ်ကို။ ပသာ–ဒေယ၊ ကြည်စေရာ၏။ ဒတွာ၊ လှူပြီးသည်မှ နောက်ကာ၌။ အတ္တမနော၊ နှစ်လို့ ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ဤအကြောင်းသုံးပါးသည်ကား။

ပုညဿ၊ ကုသိုလ်ကောင်းမှု ဖြစ်ခြင်း၏။ သမ္ဘဝ၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ထိုသုံးပါးတို့တွင် ဒါနဝတ္ထုကို စွန့်လှူဆဲအခါဖြစ်သော မုဉ္စစေတနာသာ ဒါန မည်သည်မဟုတ်။ ဒါနဝတ္ထုကို စွန့်လှူခြင်း မရှိသော ရှေးအဖို့ နောက်အဖို့တို့၌ ဖြစ်သော စေတနာနှစ်ခုသည်လည်း ဒါနမည်ကြောင်း။ ဒါနမည်သော်လည်း အသီးအခြား မရေတွက်ရ၊ မုဉ္စစေတနာ၌သာ ထည့်သွင်းရေတွက်အပ်၏။

ဒါနဝတ္ထု ပရိယေသနာဒိဝသေန ဒိန္နဿ သောမနဿ စိတ္တေန အနုဿရဏဝသေန စ ပဝတ္တာ ပုဗ္ဗဘာဂ ပစ္ဆာဘာဂ စေတနာပိ ဧတ္ထေဝ သမောဓာနံ ဂစ္ဆန္တိ။

ဒါနဝတ္ထု ပရိယေသနာဒိဝသေန၊ ဒါန ဝတ္ထုကို ရှာမှီးခြင်း အစရှိသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ဒိန္နဿ၊ စွန့်လှူအပ်ပြီးသော ဝတ္ထုကို။ သောမနဿ စိတ္တေန၊ ဝမ်းမြောက်သောစိတ်ဖြင့်။ အနုဿရဏဝသေန စ၊ အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့်လည်းကောင်း။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ပုဗ္ဗဘာဂ ပစ္ဆာဘာဂ စေတနာပိ၊ ရှေ့အဖို့ နောက်အဖို့၌ဖြစ်သော စေတနာတို့သည်လည်း။ ဧတ္ထေဝ၊ ဤမုဉ္စစေတနာ၌သာလျှင်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ပုဗ္ဗေ ပုဗ္ဗကာလေ ပဝတ္တာ စေတနာ ပုဗ္ဗစေတနာ။

ဟု ဝိဂြိုဟ်ပြု။

ပုဗ္ဗေ ပုဗ္ဗကာလေ၊ ဒါနဝတ္ထုကို လှူတ်သည်မှ ရှေးကာလ၌။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ ပုဗ္ဗစေတနာ၊ ပုဗ္ဗစေတနာမည်၏။

မုဉ္စေ မုဉ္စကာလေ ပဝတ္တာ စေတနာ မုဉ္စစေတနာ။

ဟု ဝိဂြိုဟ်ပြု။

မုဉ္စေ မုဉ္စကာလေ၊ ဒါနဝတ္ထုကို လွှတ်ဆဲ, စွန့်ဆဲ ကာလ၌။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ မုဉ္စစေတနာ၊ မုဉ္စစေတနာမည်၏။

အပရေ အပရကာလေ ပဝတ္တာ စေတနာ ပရစေတနာ။

ဟု ဝိဂြိုဟ်ပြု။

အပရေ အပရကာလေ၊ ဒါနဝတ္ထုကို စွန့်လွှတ်သည်မှ နောက်ကာလ၌။ ပဝတ္တာ၊ ဖြစ်သော။ စေတနာ၊ စေတနာသည်။ အပရစေတနာ၊ အပရစေတနာ မည်၏။

တိဏ္ဏံ သုခါနံ အတ္တာယ ပရိပူရေတိတိ ဒါနံ။

ဟု ကတ္တုသာဓနပြု။

ဤအလိုကား– လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပြည့်စုံစေတတ်သောကြောင့် ပြုအပ်သော ကောင်းမှုသည် ဒါနမည်၏။ ထိုဒါနသည် စေတနာဒါန၊ ဝတ္ထုဒါနဟု–နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်–

ဒါနန္တိ ဒါတဗ္ဗံ၊ ဒဒန္တိ ဒေယျဓမ္မော စေတနာတိ ဝုစ္စတိ။

ဒါနန္တိ၊ ဒါနဟူသည်ကား။ ဒါတဗ္ဗံ၊ ပေးလှူအပ်သော ဝတ္ထုတည်း။ ဒဒန္တိ၊ ဒဒဟူသည်ကား။ ဒေယျဓမ္မော၊ ပေးလှူအပ်သော သဘောဖြစ်သော။ စေတနာ၊ စေတနာကို။ ဝုစ္စတိ၊ ဆိုအပ်၏။

အချို့သော ရဟန်းရှင်လူတို့က ပုညကြိယာ ဝတ္ထုဆယ်ပါး၌ ပါရှိသော ဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း တရားမဟုတ်ဟု ပြောဆိုကြ၏။ ထိုသို့ပြောကြသော သူတို့သည် သဘောယုတ္တိ ကျမ်းဂန်နှင့် ထောက်ညှိ၍ ပြောဆိုသော စကားမဟုတ်၊ စိတ်ထင်ရာ မြင်ရာ ပြောဆိုကြသည့် စကားဟု မှတ်သင့်သည်။ အဘယ်ကြောင့်နည်း။

ကာမေန ပုညဝတ္ထူဟိ၊ ဂေါစရာ ဓိပတီဟိ စ။

ကမ္မဟီနာဒိတော စေဝ၊ ဂဏ္ဍေယျ နယကောဝိဒေါ။

(ဋီကာကျော်–၈၈။)

ကာမေန၊ အစဉ်အားဖြင့်။ ပုညဝတ္ထူဟိစ၊ ဆယ်ပါးသော ပုညကြိယာ ဝတ္ထုတို့ဖြင့်လည်းကောင်း။ ဂေါစရာဓိပတီဟိစ၊ အာရုံအဓိပတိတို့ဖြင့်လည်း ကောင်း။ ကမ္မဟီနာဖြင့်လည်းကောင်း။ ဂေါစရာ ဓိပတိဟိစ၊ အာရုံ အဓိပတိ တို့ဖြင့်လည်းကောင်း။ ကမ္မဟီနာဒိတောစေဝ၊ ကံ, ဟီန စသည်တို့ဖြင့်လည်း ကောင်း။ နယကောဝိဒေါ၊ နည်း၌ လိမ္မာသော ပညာရှိသည်။ စိတ္တံ၊ မဟာ ကုသိုလ်စိတ်ကို။ ဂဏ္ဍေယျ၊ ရေတွက်ရာ၏။

ဟိ ဝိတ္ထာရေမိ၊ ထိုစကားကို အကျယ်ချဲ့၍ ပြဦးအံ့။ ဣမာနိအဋ္ဌစိတ္တာနိ၊ ဤရှစ်ပါးသော မဟာကုသိုလ်စိတ်တို့သည်။ ဒသပုညကြိယာဝတ္ထု ဝသေန၊

ဆယ်ပါးသော ပုညကြိယာဝတ္ထုတို့၏ အစွမ်းအားဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ပစ္စေကံ၊ အသီးသီး။ ဒသ ဒသာတိ၊ ဆယ်ပါး ဆယ်ပါးတို့ဟူ၍။ ကတွာ၊ ပြု၍။ အသီတိ စိတ္တာနိ၊ ရှစ်ဆယ်သော စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ဋီကာ၌ မဟာကုသိုလ်စိတ် ရှစ်ခုသည် ဆယ်ပါးသော ပုညကြိယာ၏ အစွမ်းအားဖြင့် ရှစ်ဆယ်ဖြစ်ကြောင်းကို ပြသောကြောင့်လည်းကောင်း၊ ဒါန, သီလ စသော ဆယ်ပါးတို့ကို ပုညကြိယာဝတ္ထုဟု ခေါ်သည်။ ၎င်းပုညကြိယာဝတ္ထုဆယ်ပါးတွင် ဒါနသည် တစ်ပါးအဝင်အပါ ဖြစ်၏။ ဒါန်-ဟူသော ပုဒ်၌ ဓာတ်ပစ္စည်း ကောက်သော် ဒါ-ဓာတ် ယု-ပစ္စည်း ရ၏။ ၎င်းယု-ပစ္စည်းအရကား-ထိုဒါနကို ဖြစ်စေတတ်သော ဒါယကာ၊ ဒါယိကာမတို့၏ ကိုယ်သန္တာန်၌ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ဓောစိတ်ကို ရ၏။ ဓောစိတ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်သောကြောင့်လည်းကောင်း။ ယခုအခါပြုကြသော ဒါနသည် နိဗ္ဗာန်သို့ ရောက်ကြောင်း တရားမဟုတ်ဟု မဟောပြောသင့်။

၎င်းပုညကြိယာ ဝတ္ထုဟူသော ပုဒ်ကို ပုည-တစ်ပုဒ်၊ ကြိယာ-တစ်ပုဒ်၊ ဝတ္ထု-တစ်ပုဒ်ဟု သုံးပုဒ်ပြု၍ ပုညဟူသော ပုဒ်ကို "ပုနာတိ သံကိလေသ မလတော ဝိသောဓေတီတိ ပုညံ" ဟု ပြု။ ယံကုသလံ၊ အကြင်ဒါနကုသိုလ်သည်။ သံကိလေသ မလတော၊ သံကိလေသဟု ဆိုအပ်သော အညစ်အကြေးမှ။ ပုနာတိ သောဓေတိ၊ ဖြူစင်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံကုသလံ၊ ထိုဒါနကုသိုလ်သည်။ ပုညံ၊ ပုညမည်၏။ "အဇ္ဈာသယံ ပူရေတီတိ ဝါ ပုညံ"ဟု တစ်နည်းပြု။ ဝါ၊ တစ်နည်းကား၊ ယံကုသလံ၊ သည်။ အဇ္ဈာသယံ၊ ကောင်းမှုပြုသောသူ၏ အလိုကို။ ပူရေတိ၊ ပြည့်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ထံကုသလံ၊ ထိုသည်။ ပုညံ၊ ၏။ "ပုဇ္ဇံ ဘဝံ နိဗ္ဗတ္တေတီတိ ဝါ ပုညံ"၊ ဝါ၊ တစ်နည်းကား။ ယံကုသလံ၊ သည်။ ပုဇ္ဇံ၊ ဖြူစင်သော။ ဘဝံ၊ ဘဝကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံကုသလံ၊ သည်။ ပုညံ၊ ၏။

ကြိယာဟူသော ပုဒ်ကို "ကတ္တဗ္ဗံ နိပ္ဖာဒေတဗ္ဗန္တိ ကြိယံ"ဟု ပြု။ ယံပုညံ၊ အကြင်ကောင်းမှုကို။ သမ္ပတ္တိကာမေဟိ၊ သုံးပါးသော သမ္ပတ္တိကို အလိုရှိသော သူတော်ကောင်းတို့သည်။ ကတ္တဗ္ဗံ နိပ္ဖာဒေတဗ္ဗံ၊ ပြီးစေအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံပုညံ၊ ထိုကောင်းမှုသည်။ ကြိယံ၊ ကြိယမည်၏။

ဝတ္ထုဟူသော ပုဒ်ကို "ဝသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဝတ္ထု" ဧတ္ထ ပုညေ၊ ဤကုသိုလ်၌။ အာနိသံသာ၊ အကျိုးတို့သည်။ ဝသန္တိ ပတိဋ္ဌဟန္တိ၊ တည်တတ်

ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံပုညံ၊ ထိုကုသိုလ်သည်။ ဝတ္တု၊ ဝတ္တု မည်၏။

သုံးပုဒ်ကို ပေါင်း၍ "ပုညဥ္စ ကြိယဥ္စ တံ ဝတ္ထုစာတိ ပုညကြိယဝတ္ထု" ဟု တိပဒကမ္မဓာရယ် သမာသ်ဝိဂြိုဟ်ပြု။ ပုညကြိယာဝတ္ထုဟု ဆိုအပ်သော ဒါနကုသိုလ်ကံသည် သုံးပါးသော သမ္ပတ္တိတို့ကို ပြီးစေတတ်, တည်စေတတ်သော ကြောင့် ပုညကြိယာ ဝတ္ထုမည်၏။ ထိုပုညကြိယာဝတ္ထုဟု ဆိုအပ်သော ဒါန ကုသိုလ် စေတနာသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်အောင်ပြုလျှင် ရောက်၏။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်အောင် မပြုလျှင် မရောက်ဟု မှတ်ရမည်။ မိမိ ဆုတောင်း သာလျှင် လိုရင်းမူလ ပဋ္ဌာနဖြစ်သည်။

အဘယ်သို့ လှူဒါန်းလျှင် မရောက်သနည်း။ အဘယ်သို့ လှူဒါန်းလျှင် ရောက်သနည်း။ ထိုနှစ်ပါးတွင် လူစည်းစိမ်၊ နတ်စည်းစိမ်ကိုသာ တောင့်တ၍ ဒါနပြုလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း ဒါနမဟုတ်ဟု မှတ်ရမည်။ သာဝက ဆု၊ ပစ္စေကဗောဓိ ဆု၊ သမ္မာသမ္ဗောဓိ ဆုတို့ကိုသာ တောင့်တ၍ ဒါန ပြုလျှင် နိဗ္ဗာန်သို့ ရောက်သည်ဟု မှတ်ရမည်။

> သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတဝသေန မိစ္ဆာ ဥပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတူ"တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဥပိတံ အရဟတ္တမ္ပိ ပစ္စေက-ဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။
>
> (သံ-ဋ္ဌ။ ၂။ ၁၈။)

ဝဋ္ဋသမ္ပတ္တိံ၊ လူ, နတ် စည်းစိမ်တည်းဟူသော ဝဋ်၏ ပြည့်စုံခြင်းကို။ (ဝါ) ဝဋ်၏ စည်းစိမ်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ်ကို မှီသည်၏ အစွမ်းဖြင့်။ မိစ္ဆာဥပိတံ၊ မှားသောအားဖြင့်။ (ဝါ) မကောင်းသော အားဖြင့် ထားအပ်, ဆောက်တည်အပ်, ဖြစ်စေအပ်သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ ဝဋ္ဋမေဝ၊ လူ, နတ်စည်းစိမ်တည်းဟူသော ဝဋ်ကိုသာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ (ဝါ) ပေးခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊

ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံပုည်၊ ထိုကုသိုလ်သည်။ ဝဍ္ဍု၊ ဝဍ္ဍု မည်၏။

သုံးပုဒ်ကို ပေါင်း၍ "ပုည္ဉ ကြိယ္ဉ တံ ဝဍ္ဍုစာတိ ပုညကြိယဝဍ္ဍု" ဟု တိပဒကမ္မဓာရယ် သမာသ်ဝိဂြိုဟ်ပြု။ ပုညကြိယာဝဍ္ဍုဟု ဆိုအပ်သော ဒါနကုသိုလ်ကံသည် သုံးပါးသော သမ္ပတ္တိတို့ကို ပြီးစေတတ်, တည်စေတတ်သော ကြောင့် ပုညကြိယာ ဝဍ္ဍုမည်၏။ ထိုပုညကြိယာဝဍ္ဍုဟု ဆိုအပ်သော ဒါန ကုသိုလ် စေတနာသည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်အောင်ပြုလျှင် ရောက်၏။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်အောင် မပြုလျှင် မရောက်ဟု မှတ်ရမည်။ မိမိ ဆုတောင်း သာလျှင် လိုရင်းမူလ ပဋ္ဌာနဖြစ်သည်။

အဘယ်သို့ လှူဒါန်းလျှင် မရောက်သနည်း။ အဘယ်သို့ လှူဒါန်းလျှင် ရောက်သနည်း။ ထိုနှစ်ပါးတွင် လူစည်းစိမ်၊ နတ်စည်းစိမ်ကိုသာ တောင့်တ၍ ဒါနပြုလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း ဒါနမဟုတ်ဟု မှတ်ရမည်။ သာဝက ဆု၊ ပစ္စေကဗောဓိ ဆု၊ သမ္မာသမ္ဗောဓိ ဆုတို့ကိုသာ တောင့်တ၍ ဒါန ပြုလျှင် နိဗ္ဗာန်သို့ ရောက်သည်ဟု မှတ်ရမည်။

> သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတူ"တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ' အရဟတ္တမ္ပိ ပစ္စေက–ဗောဓိဉာဏမ္ပိ သဗ္ဗညုတညာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။
>
> (သံ–ဌ။ ၂။ ၁၈။)

ဝဋ္ဋသမ္ပတ္တိံ၊ လူ, နတ် စည်းစိမ်တည်းဟူသော ဝဋ်၏ ပြည့်စုံခြင်းကို။ (ဝါ) ဝဋ်၏ စည်းစိမ်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ်ကို မှီသည်၏ အစွမ်းဖြင့်။ မိစ္ဆာဌပိတံ၊ မှားသောအားဖြင့်။ (ဝါ) မကောင်းသော အားဖြင့် ထားအပ်, ဆောက်တည်အပ်, ဖြစ်စေအပ်သည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဝဋ္ဋမေဝ၊ လူ, နတ်စည်းစိမ်တည်းဟူသော ဝဋ်ကိုသာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှာ။ (ဝါ) ပေးခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊

သည်မှတစ်ပါး ပြဦးအံ့။ အလယ်ဇော ငါးချက်၌ရှိသော စေတနာသည် ခန္ဓာငါးပါး အကြွင်းမရှိ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်တိုင်အောင် အပရာ ပရိယ ကံ၏ အကျိုးကို ကေန်ပြီးစေနိုင်သည်။

ဒွိန္နံ အန္တရေ ပဉ္စဇဝနစေတနာ အပရာပရိယံ နာမ ဟောတိ၊
တံ အနာဂတေ ယဒါ ဩကာသံ လဘတိ တဒါ ဝိပါကံ ဒေတိ၊
အသတိသံသာရပဝတ္တိယာ အဟောသိကမ္မံ နာမ ဟောတိ။

ဒွိန္နံ၊ နှစ်ပါးကုန်သော ပထမဇော စေတနာ၊ သတ္တမဇော စေတနာတို့၏။ အန္တရေ၊ အလယ်၌။ ပဉ္စဇဝနစေတနာ၊ ဇောငါးချက် စေတနာသည်။ အပရာပရိယ ဝေဒနိယံနာမ၊ အပရာဝေဒနိယကံမည်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထို အပရာပရိယ ဝေဒနီယကံ မည်သော အလယ်ဇော ငါးချက် စေတနာသည်။ အနာဂတေ၊ တတိယ စသော အနာဂတ်ကာလ၌။ ယဒါ၊ အကြင်အခါ၌၊ ဩကာသံ၊ အကျိုးပေးခွင့်ကို။ လဘတိ၊ ရ၏။ တဒါ၊ ထိုရသော အခါ၌။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ သံသာရပဝတ္တိယာ၊ သံသရာဝဋ်၏ဖြစ်ခြင်း သည်။ အသတိ၊ မရှိသော်။ အဟောသိကမ္မံနာမ၊ အဟောသိကံမည်သည်။ ဟောတိ၊ ဖြစ်၏။

ဒါနပြုသောသူတို့၏ ဇောခုနစ်ကြိမ်တွင် အလယ်ဇောငါးချက်၌ ရှိသော စေတနာငါးချက်သည် နိဗ္ဗာန်တိုင်အောင် ပေးနိုင်သည်ဟု မှတ်ရမည်။ ရှင်သီလဝံသ စပ်ဆိုတော်မူသော ပါရမီခန်း၌ ဒါနတရားသည် နိဗ္ဗာန်ရောက်ကြောင်း လက်ဆောင်ဟု "ခပ်သိမ်း လူနိုက်၊ အမြိုက်တိုင်အောင်၊ လက်ဆောင်လည်းဟူ၊ ကံကျွေးဟူသား၊ အလှူ ဤထုံး၊ ပေးသုံးတတ်ငြား၊ စွန့်စားသည်ချည်း" ဟု စပ်ဆိုတော်မူသည်။ ထိုလင်္ကာ၏ အဓိပ္ပာယ်မှာ ခပ်သိမ်းသောလူတို့၌ အမြိုက် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဒါနတည်းဟူသော လက်ဆောင်ပစ္စည်းများကို တတ်အားသမျှ ပေးကမ်းစွန့်စား လှူဒါန်းကြကုန်သည်ဟု အဓိပ္ပာယ်လာသည်။

သည်မှတစ်ပါးပြဦးအံ့။ ဒါနကုသိုလ်သည် လှေ, သင်္ဘောနှင့် တူကြောင်း၊ သံသရာသည် သမုဒ္ဒရာနှင့် တူကြောင်း၊ နိဗ္ဗာန်သည် သမုဒ္ဒရာ၏ ထိုမှာဘက်ကမ်း နှင့် တူကြောင်းကို–

ဒါနနာဝါယ သံသာရသာဂရပါရံ အနုဂစ္ဆန္တိ။ 46 B

(မိလိန္ဒပဉှာ)

ဒါနနာဝါယ၊ ဒါနတည်းဟူသော လှေ သင်္ဘောဖြင့်။ သံသာရသာဂရပါရံ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၏ ကမ်းတစ်ဘက်နှင့် တူသော နိဗ္ဗာန်သို့။ အနုဂစ္ဆန္တိ၊ အစဉ်တစိုက် လိုက်ကုန်၏။

ထိုသို့ ရှင်နာဂသိန်၊ အရှင်သီလဝံသ အရှင်မြတ်တို့မှ စ၍ ရှေးဆရာမြတ်တို့က အလှူဒါနကုသိုလ်သည် မဂ်ဖိုလ်နိဗ္ဗာန် လက်ဆောင်၊ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် အကျိုးပေးနိုင်သည်ဟု ဟောပြော ပြသ ဆုံးမခဲ့သည့် စကားအစဉ်များကို တွေ့ရှိကြားနာရခဲ့ပါလျှင် အလှူဒါနကုသိုလ်သည် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်သည်ဟူသော အယူဝါဒများကို တွန်းလှန်ပယ်ရှား ဝါဒမှားကို စွန့်ပစ်ကြရမည်။

ဒါနသည် ဝဋ္ဋနိဿိတဒါန၊ ဝိဝဋ္ဋနိဿိတဒါနဟု နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ဝဋ္ဋနိဿိတဒါနသည် လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ လှူခြင်းကြောင့် ထိုအလှူ၏ အကျိုးသည် ဝဋ်ကိုသာလျှင် ဆောင်နိုင်ပေ၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို မဆောင်နိုင်။

ဝိဝဋ္ဋနိဿိတဒါနသည် ဝဋ်ကင်းငြိမ်းရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုတောင့်တ၍ လှူခြင်းကြောင့် ထိုအလှူ၏ အကျိုးသည် ဝဋ်ကင်းရာ မဂ်ဖိုလ်နိဗ္ဗာန်သို့တိုင်အောင် ရွက်ဆောင်နိုင်၏။ ထိုသို့ ရွက်ဆောင်နိုင်ကြောင်းကို သံယုတ်ပါဠိတော်၌ "ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု" ဟု ဟောတော်မူသည်။

မေ၊ ငါ၏။ ဣဒံဒါနံ၊ ဤသို့ ကြည်ဖြူရွှင်လန်း၊ လှူဒါန်းရသော ကောင်းမှုဒါနသည်။ အာသဝက္ခယံ၊ အာသဝေါတရားလေးပါးတို့၏ ကုန်ခန်းသည် တိုင်အောင်။ ဝဟံ ဝဟန္တော၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်စေသတည်းဟု လာသည်။

ငါ လှူဒါန်းအပ်သော ကောင်းမှုဒါနကြောင့် အာသဝေါတရား လေးပါးတို့၏ ကုန်ခန်းရာ နိဗ္ဗာန်သို့ ရောက်စေသတည်းဟု ဆုတောင်း၍ လှူဒါန်းကုန်ရာသည်။ ထိုသို့ လှူဒါန်းခြင်းသည် နိဗ္ဗာန်သို့ ရောက်စေတတ်သော ဒါနမည်၏။

၎င်းဝိဝဋ္ဋနိဿိတ ဒါနပြုသော သူတို့သည် လေးပါးသော ပဋိသမ္ဘိဒါဉာဏ်၊ ရှစ်တန်သော ဝိမောက္ခဓမ္မ၊ သာဝကဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ် ဤငါးတန်တို့တွင် တစ်ခုခုကို အလိုရှိ၍တောင်းလျှင် ပြည့်စုံနိုင်ခြင်း၊ ရနိုင်ခြင်း၏ အကြောင်းသာဖြစ်သည်ဟု ခုဒ္ဒကပါဌပါဠိတော်၌—

ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊ ယာ စ သာဝကပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗမေတေန လဗ္ဘတိ။

ဟု ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာပဋိသမ္ဘိဒါစ၊ အကြင်လေးပါးသော ပဋိသမ္ဘိဒါ ဉာဏ်သည်လည်းကောင်း။ ယာ ဝိမောက္ခာစ၊ အကြင်ရှစ်တန်သော ဝိမောက္ခတရား သည်လည်းကောင်း။ ယာ ပစ္စေကဗောဓိစ၊ အကြင် ပစ္စေကဗောဓိဉာဏ်သည်လည်း ကောင်း။ ယာ ဗုဒ္ဓဘူမိစ၊ အကြင်သဗ္ဗညုတဉာဏ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ ယခင် ငါးပါးအကုန် အလုံးစုံကို။ ဧတေန၊ ထိုအလှူပေးခြင်းဟု ဆိုအပ်သော ဝိဝဋ္ဋနိဿိတဒါန ကုသိုလ်စေတနာကြောင့်။ လဗ္ဘတိ၊ ရနိုင်၏။

နည်းများမဆို ဒါနကို ပြုသောအခါ ငါပြုအပ်သော ဝိဝဋ္ဋနိဿိတဒါန ကောင်းမှုကြောင့် အာသဝေါတရား လေးပါးတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော လေးပါးသော ပဋိသမ္ဘိဒါဉာဏ်၊ ရှစ်တန်သော ဝိမောက္ခ တရားတို့နှင့်တကွ သာဝကပါရမီဉာဏ်ကို ရပါလို၏ဟု ဆုတောင်း၍ လှူဒါန်း ကြရမည်။

နည်းများမဆို ဒါနကို ပြုသောအခါ ငါ ပြုအပ်သော ဤဝိဝဋ္ဋနိဿိတဒါန ကောင်းမှုကြောင့် အာသဝေါတရားတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ် သော ပစ္စေကဗောဓိဉာဏ်ကို ရပါလို၏ဟု ဆုတောင်း၍ လှူဒါန်းကြရမည်။

နည်းများမဆို ဒါနကို ပြုသောအခါ ငါ ပြုအပ်သော ဤဝိဝဋ္ဋနိဿိတဒါန ကောင်းမှုကြောင့် အာသဝေါတရား လေးပါးတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်သို့ရောက် စေတတ်သော သမ္မာသမ္ဗုဒ္ဓဆု သုံးဝတို့တွင် လိုချင်ရာ တစ်ခုခုကို ရပါလို၏ဟု ဆုတောင်း၍ လှူဒါန်းကြရမည်။

ကုသိုလ်ပြုသော သူတို့သည် ဆုမတောင်းဘဲကို မပြုအပ်၊ ဆုတောင်းခြင်း ရှိမှသာလျှင် လောကီ,လောကုတ္တရာ လိုရာခပ်သိမ်းကို ပေးနိုင်သည်။ ထိုကြောင့် ကုသိုလ်ကို ပြုလျှင် ဆုမတောင်းဘဲကို မပြုအပ်။ ဆုတောင်းအပ်ကြောင်းကို သုတ္တသင်္ဂဟ အဋ္ဌကထာ၌—

ယသ္မာ ပန ပတ္ထနာယ နိဗဒ္ဓံ သဗ္ဗကာမဒဒတ္တံ ဟောတိ၊
ပတ္ထနံ ဝိနာ န ဟောတိ။

ဟု လာသည်။

ပတ္ထနာယ၊ ဆုတောင်းခြင်းဖြင့်။ နိဗဒ္ဓ၊ အမြဲ။ သဗ္ဗကာမဒဒတ္တံ၊ လိုရာခပ်သိမ်းကို ပေးနိုင်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ဝိနာ၊ ကြဉ်၍၊ ဝါ၊ ကင်း၍။ သဗ္ဗကာမဒဒတ္တံ၊ လိုရာခပ်သိမ်းကို ပေးနိုင်သည်။ န ဟောတိ၊ မဖြစ်။

ဤသို့ကျမ်းလာ ဒေသနာတော် အထင်အရှား ရှိပါလျက်နှင့် အချို့သော ရဟန်းတို့က "ဒါနတရားသည် သံသရာ၌ ရှည်တတ်သည်။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေတတ်သော တရားမဟုတ်" ဟု ဟောပြော ပြသ ဆုံးမကြ၏။ ထိုသို့ ဟောပြောပြသ ဆုံးမကြကုန်သောသူတို့၏ ဝါဒယူမှား စကားများကို အလေးတစ်ခု ဂရုပြု၍ မမှတ်သား မနာယူဘဲ ကျမ်းလာတိုင်းကိုသာ မှတ်သားနာယူပြီးလျှင် ဒါနတရားကို ကြိုးစားအားထုတ်၍ လောကုတ္တရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို တောင့်တရည်မှန်းပြီးလျှင် လှူဒါန်းခြင်းကို ပြုကြရမည်။

ဒါနသည် ဉာဏသမ္ပယုတ္တဒါန၊ ဉာဏဝိပ္ပယုတ္တဒါန– ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ကံ, ကံ၏အကျိုးကိုလည်းကောင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း ယုံကြည်မြတ်နိုးစွာပြုသော အလှူဒါနသည် ဉာဏသမ္ပယုတ္တဒါနမည်၏။ ကံ, ကံ၏ အကျိုးကိုလည်းကောင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း ယုံကြည်မြတ်နိုးခြင်း မရှိသည်ဖြစ်၍ အမှတ်မဲ့ပြုသော အလှူဒါနသည် ဉာဏဝိပ္ပယုတ္တဒါန မည်၏။ ထိုဒါန နှစ်ပါးတို့တွင် ဉာဏဝိပ္ပယုတ္တဒါနထက် ဉာဏသမ္ပယုတ္တဒါနက လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သောကြောင့် အကျိုးကြီးမြတ်သည်။ အဘယ်ကြောင့် ဉာဏဝိပ္ပယုတ္တဒါနထက် ဉာဏသမ္ပယုတ္တဒါနက အကျိုးကြီးမြတ်ပါသနည်း။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်လေးခုက ဉာဏ်ကင်းသောကြောင့် လောကုတ္တရာ တရားကိုးပါးကို ကြဉ်၍ ဘုံသုံးပါး၌ဖြစ်သော တရား ပညတ်တရားကို အာရုံပြုကုန်၏။ မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်လေးခုက ဉာဏ်နှင့်ယှဉ်၍ ဉာဏ်နှင့် မကင်းသောကြောင့် နိဗ္ဗာန်တရားကို အာရုံပြုကုန်၏။

ထိုသို့ ဉာဏဝိပ္ပယုတ် စိတ်လေးခုက နိဗ္ဗာန်ကို အာရုံမပြုနိုင်။ ဉာဏသမ္ပယုတ် စိတ်လေးခုက နိဗ္ဗာန်ကို အာရုံပြုနိုင်သောကြောင့် ဉာဏဝိပ္ပယုတ္တဒါနထက် ဉာဏသမ္ပယုတ္တဒါနက အကျိုးကြီးမြတ်သည်ဟု မှတ်ရမည်။

အကုသိုလ်စိတ် တစ်ဆယ့်နှစ်ခု၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ်လေးခု၊ မဟာကြိယာ ဉာဏဝိပ္ပယုတ် စိတ်လေးခု၊ ဤနှစ်ဆယ်သော စိတ်တို့သည်

ကာလသုံးပါး၌ဖြစ်သော လောကီစိတ် ရှစ်ဆယ့်တစ်ခု၊ စေတသိက် ၃၃ ပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြုကုန်၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် လေးခု၊ ရူပါဝစရ-ကုသိုလ်ပဉ္စမ ဈာန်ဟု ဆိုအပ်သော အဘိညာဉ်စိတ်တစ်ခု၊ ဤငါးခုသော စိတ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော ကာလသုံးပါး၌ဖြစ်သော စိတ်ရှစ်ဆယ့် ခုနစ်ခု၊ စေတသိက် ၃၃ ပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြုကုန်၏။

မနောဒွါရာဝဇ္ဇန်း စိတ် တစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၃-ခု၊ ရူပါဝစရကြိယာ ပဉ္စဈာန်ဟု ဆိုအပ်သော အဘိညာဉ်စိတ် တစ်ခု။ ဤ ၆-ခုသော စိတ်တို့သည် ကာလသုံးပါး၌ဖြစ်သော အလုံးစုံသော စိတ် ၈၉-ခု၊ စေတသိက် ၃၃ ပညာသ၊ ရုပ်အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ် ဟု ဆိုအပ်သော အာရုံ ၆-ပါးတို့ကို အာရုံပြုကုန်၏။

> အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာလမ္ဗဏာနိ၊ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိ စေဝ ပဉ္စမဇ္ဈာနသင်္ခါတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာလမ္ဗဏာနိ၊ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကြိယာနိ စေဝ ကြိယာဘိညာဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာလမ္ဗဏာနိ။

(အဘိဓမ္မတ္ထသင်္ဂဟလက်သန်းအဋ္ဌကထာ)

အကုသလာနိစေဝ၊ အကုသိုလ်စိတ် တစ်ဆယ့်နှစ်ခုတို့သည်လည်းကောင်း။ ဉာဏဝိပ္ပယုတ္တ ကာမာဝစရ ဇဝနာနိစ၊ ဉာဏဝိပ္ပယုတ် ကာမာဝစရကုသိုလ် ကြိယာဇောရှစ်ခုတို့သည်လည်းကောင်း။ ဣတိ ဣမာနိ ဝီသတိစိတ္တာနိ၊ ဤ နှစ်ဆယ်သော စိတ်တို့သည်။ လောကုတ္တရဝဇ္ဇိတ သဗ္ဗာလမ္ဗဏာနိ၊ လောကုတ္တရာ တရား ကိုးပါးသည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိစေဝ၊ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်စိတ် ၄-ခု တို့သည်လည်းကောင်း။ ပဉ္စမဇ္ဈာနသင်္ခါတံ၊ ပဉ္စမဈာန်ဟုဆိုအပ်သော။ အဘိညာ ကုသလဉ္စ၊ အဘိညာဉ် ကုသိုလ်စိတ်သည်လည်းကောင်း။ ဣတိဣမာနိ ပဉ္စစိတ္တာနိ၊

ဤငါးပါးသော စိတ်တို့သည်။ အရဟတ္တ မဂ္ဂဖလဝဇ္ဇိတာ သဗ္ဗာလမ္ဗဏာနိ၊ အရဟတ္တ မဂ်, အရဟတ္တဖိုလ်သည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏။ ဉာဏ-သမ္ပယုတ္တ ကာမာဝစရ ကြိယာနိစေဝ၊ ဉာဏသမ္ပယုတ်ကာမာဝစရ ကြိယာစိတ် ၄–ခုတို့သည်လည်းကောင်း။ ကြိယာဘိညာစ၊ ရူပါဝစရကြိယာ ပဉ္စမဈာန်ဟု ဆိုအပ်သော အဘိညာဉ်စိတ်သည်လည်းကောင်း။ ဝေါဋ္ဌဗ္ဗနဥ္စ၊ မနောဒွါရာဝဇ္ဇန်းဟု ဆိုအပ်သော ဝုဋ္ဌောစိတ်သည်လည်းကောင်း။ ဣတိဣမာနိဆစိတ္တာနိ၊ ဤ ၆–ပါးသော စိတ်တို့သည်။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။ (ဝါ) ကာမာဝစရမဟဂ္ဂုတ် အလုံးစုံသော လောကုတ္တရာ ပညတ်တို့၏ အစွမ်း ဖြင့်လည်း။ သဗ္ဗာလမ္ဗဏာနိ၊ အလုံးစုံသော အာရုံရှိကုန်၏။

အကျဉ်းသခေ်ပအဓိပ္ပာယ်ကား–မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် လေးခု သည် မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံမပြုနိုင်။ ၎င်းမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခုသည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ကြဉ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြု နိုင်သည်။ ထိုသို့မပြုနိုင်သောကြောင့် ဉာဏဝိပ္ပယုတ္တဒါနထက် ဉာဏသမ္ပယုတ္တ ဒါနသည် အကျိုးကြီးမြတ်၏ဟု မှတ်ရမည်။ ဉာဏသမ္ပယုတ်စိတ် လေးခု၊ အဘိညာဉ်စိတ်တစ်ခု ဤငါးခုသောစိတ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို အဘယ်ကြောင့် ကြဉ်ရသနည်း။ ၎င်းစိတ်ငါးခုတို့သည် ပုထုဇဉ် သေက္ခပုဂ္ဂိုလ် တို့၏ သန္တာနန်၌သာ ဖြစ်သည်။ ထိုသို့ ဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာနန်၌ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်။ ထိုသို့ အာရုံ မပြုနိုင်သောကြောင့် ကြဉ်ရသည်ဟု မှတ်ရမည်။ ပုထုဇဉ်၏ အဖြစ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သည်ကား ဂေါတြဘူစိတ်လည်း နိဗ္ဗာန်ကို အာရုံပြုနိုင်သည်ဟု မှတ်ရမည်။

ယင်းသို့ အဘိဓမ္မတ္ထသင်္ဂဟမည်မှန်း လက်သန်း အဋ္ဌကထာကျမ်း ပကိဏ်းပိုင်း အာလမ္ဗဏသင်္ဂဟ၌ လာသည်ကို ထောက်သဖြင့် ဉာဏဝိပ္ပယုတ်နှင့် လှူဒါန်းသော သူမှာ လူ၊ နတ် စည်းစိမ်ဟု ဆိုအပ်သော လောကီချမ်းသာကိုသာ ခံစား စံစားရသည်။ လောကုတ္တရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို မခံစားရဟု မှတ်ရမည်။ ဉာဏသမ္ပယုတ်နှင့် လှူဒါန်းသော သူတို့မှာ လူ၊ နတ် စည်းစိမ်ဟု ဆိုအပ်သော လောကီစည်းစိမ်ချမ်းသာကိုလည်း ခံစား စံစားရသည်။ အဆုံးစွန်သော ဘဝ နောက်ကာလ၌ မဂ်ဖိုလ်နိဗ္ဗာန်ကိုလည်း ခံစား စံစားရသည်ဟု မှတ်ရမည်။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ရလိုရောက်လိုကြသော ယောကျာ်း၊ မိန်းမ တို့သည် ဉာဏသမ္ပယုတ္တဒါနဖြစ်အောင် ကြိုးဆောင်နှလုံး စိတ်ဝယ်သုံး၍ ရှင်ပြုး

ကြည်ဖြူ လှူဒါန်းသူတို့ သဒ္ဓါရှေ့သွား စေတနာထား၍ လှူဒါန်းကြရမည်။ ယင်းသို့ လှူဒါန်းမှ ဉာဏသမ္ပယုတ္တဒါန ဖြစ်မည်။ ဉာဏသမ္ပယုတ္တဒါနဖြစ်မှ နိဗ္ဗာန်သို့ရမည်၊ ရောက်နိုင်မည်ဟု မှတ်ကြရမည် ဒါယကာ၊ ဒါယိကာမတို့—။

## ဉာဏသမ္ပယုတ်ဒါနဖြစ်အောင်လှူခြင်း

မဟာကုသိုလ်စိတ် ရှစ်ခုနှင့် ယှဉ်သော စေတနာ ရှစ်ခုတို့တွင် တစ်ပါး ပါးသော စေတနာနှင့် လှူဒါန်းပူဇော်သည်ရှိသော် စေတနာဒါန မည်၏။

ပစ္စည်းလေးပါးတို့တွင် တစ်ခုခုသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ဒေယျဓမ္မဒါန မည်၏။

ဒါနံ နာမ စေတနာဒါနံ ဒေယျဓမ္မဒါနန္တိ ဒုဝိဓံ ဟောတိ။

ဒါနံနာမ၊ ဒါနမည်သည်ကား။ စေတနာဒါနံ၊ စေတနာဒါနလည်းကောင်း။ ဒေယျဓမ္မဒါနံ၊ ဒေယျဓမ္မဒါနလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြား ရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုဒါနနှစ်ပါးတို့တွင် စေတနာဒါနသည် မဟာကုသိုလ်စိတ်နှင့် စေတော ယုတ္တအားဖြင့် ရှစ်ပါးရှိသည်။ ထိုရှစ်ပါးသော စေတနာတို့သည် အကြောင်းနှင့် ကင်း၍မဖြစ်၊ အကြောင်းနှင့် လျော်စွာဖြစ်သည်။ အကြောင်းနှင့် လျော်စွာ မဟာ ကုသိုလ်စေတနာဖြစ်ခြင်း၏ အကြောင်းကား— အကြင်သူသည် ငါပေးလှူအပ်သော အလှူ၏အကျိုးသည် ရှိ၏။ စောင့်သုံးအပ်သော သီလ၊ ပွားအပ်သော ဘာဝနာ၏ အကျိုးသည်ရှိ၏။ ဤသို့စသောနည်းဖြင့် ကောင်းသောအယူကို ဉာဏ်ဖြင့်ရှု၍ ပစ္စည်းဝတ္ထုတို့ကို နှမြောစုံမက်ခြင်း၊ ငြိတွယ်ခြင်းမရှိ။ လွတ်လွတ်စွန့်ကြဲခြင်း၊ သီလဘာဝနာ စသည်တို့၌ ညွတ်ခြင်း စသော အကြောင်းတို့ကြောင့် ဆုတ်နစ် တွန့်တိုခြင်း မရှိ၊ ထက်မြက်သည်ဖြစ်၍ တိုက်တွန်းခြင်းကင်းသော အသင်္ခါရိက စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာ သောမနဿသဘောနှင့် ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်ကို ပြု၏။ ထိုအခါ သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့်ယှဉ်သော၊ (ဝါ) သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် ပဌမစိတ်၊ ထိုစိတ်နှင့် ယှဉ်သော ပဌမစေတနာသည် ဖြစ်၏။

အကြင်သူသည် ငါပေးလှူအပ်သော အလှူ၏အကျိုးသည် ရှိ၏။ စောင့်သုံး အပ်သော သီလ၊ ပွားအပ်သော ဘာဝနာ၏ အကျိုးသည် ရှိ၏။ ဤသို့ စသော နည်းဖြင့် ကောင်းသော အယူကို ဉာဏ်ဖြင့် ရှုသော်လည်း ပစ္စည်းဝတ္ထုတို့ကို

နှမြောစုံမက်ခြင်း၊ ငြိတွယ်ခြင်းရှိသည်ဖြစ်၍ လွတ်လွတ်စွန့်ကြဲခြင်းမရှိ၊ သီလ ဘာဝနာတို့၌ မညွတ်ခြင်းစသော အကြောင်းတို့ကြောင့် ဆုတ်နစ်တွန့်တိုသည် ဖြစ်၍ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော သသင်္ခါရိက စိတ်ဖြင့် ဝမ်းမြောက် ဝမ်းသာ သောမနဿသဘောနှင့် ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်ကို ပြု၏။ ထိုအခါ သောမနဿ ဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော၊ (ဝါ) သောမနဿသဟဂုတ် ဉာဏ်သမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ် ဒုတိယစိတ်၊ ထိုစိတ်နှင့် ယှဉ်သော ဒုတိယစေတနာသည် ဖြစ်၏။

## ဉာဏ်နှင့်မယှဉ်သော ဉာဏဝိပ္ပယုတ်ဒါန

အကြင်သူသည် အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း၊ သဒ္ဓါအားကြီးခြင်း၊ အယူ၏ စင်ကြယ်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ သောမနဿသဘောနှင့် ငါပေးလှူအပ်သော အလှူ၏ အကျိုးသည် ရှိ၏။ သီလဘာဝနာ၏ အကျိုးသည် ရှိ၏။ ဤသို့ စသော နည်းဖြင့် ကံ,ကံ၏ အကျိုးကို ဉာဏဝိပ္ပယုတ် ဖြစ်၍ မသိ၊ ဆွေမျိုးဉာတိတို့၏ လှူဒါန်းခြင်း၊ ရှိခိုးခြင်းကို မြင်၍ ပစ္စည်းဝတ္ထုတို့ကို နှမြောစုံမက်ခြင်း မရှိ၊ လွတ်လွတ်စွန့်ကြဲခြင်း၊ သီလ၊ ဘာဝနာ စသည်တို့၌ ညွတ်ခြင်းစသော အကြောင်းတို့ကြောင့် ဆုတ်နစ်တွန့်တိုခြင်း မရှိ၊ ထက်မြက်သည် ဖြစ်၍ တိုက်တွန်းခြင်းကင်းသော အသင်္ခါရိက စိတ်ဖြင့် ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်ကို ပြု၏။ ထိုအခါ ထိုသူ၏စိတ်သည် သောမနဿဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့်မယှဉ်သော။ (ဝါ) သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ် တတိယစိတ်၊ ထိုစိတ်နှင့် ယှဉ်သော တတိယစေတနာ သည် ဖြစ်၏။

> ယဒါ ပန ဉာတိဇနဿ ပဋိပတ္တိဒဿနေန ဇာတပရိစယာ ဗာလဒါရကာ ဘိက္ခူ ဒိသွာ သောမနဿဇာတာ သဟသာ ကိဉ္စိဒေဝ ဟတ္ထဂတံ ဒဒန္တိ ဝါ ဝန္ဒန္တိ ဝါ တဒေသံ တတိယစိတ္တံ ဥပ္ပဇ္ဇတိ။

ယဒါပန၊ အကြင်အခါ၌ကား။ ဉာတိဇနဿ၊ ဆွေမျိုးဉာတိဖြစ်သော သူ၏။ ပဋိပတ္တိဒဿနေန၊ ပဋိပတ်အကျင့်ကို မြင်သဖြင့်။ (ဝါ) လှူခြင်း၊ ရှိခိုးခြင်း စသော ကောင်းသောအကျင့်ကို မြင်သဖြင့်။ ဇာတပရိစယာ၊ ဖြစ်သော လေ့ကျက်ခြင်း ရှိကုန်သော။ ဗာလဒါရကာ၊ သူငယ်တို့သည်။ ဘိက္ခူ၊ ရဟန်းကို။ ဒိသွာ၊

မြင်၍။ သောမနဿဇာတာ၊ ဖြစ်သော ဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍။ သဟာသာ၊ အဆောတလျင်။ ကိဉ္စိဒေဝ၊ တစ်စုံတစ်ခုသာလျှင် ဖြစ်သော။ ဟတ္ထ-ဂတံ၊ မိမိလက်၌ရှိသော ဝတ္ထုကို။ ဒဒန္တိဝါ၊ လှူမှုလည်း လှူကုန်၏။ ဝန္ဒန္တိဝါ၊ ရှိမှုလည်း ခိုးကုန်၏။ တဒါ၊ ထိုအခါ၌။ တေသံ၊ ထိုသူငယ်တို့၏။ တတိယံ၊ သုံးခုမြောက်သော။ စိတ္တံ၊ မဟာကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဇာလဒါရကာ သဟာသာ-ဟူသော ပါဌ်ဖြင့် ဉာဏဝိပ္ပယုတ်အဖြစ်ကို ပြသည်။ ဘိက္ခုံ ဒိသွာ သောမနဿဇာတာ ဟူသော ပါဌ်ဖြင့် သောမနဿ သဟဂုတ်အဖြစ်ကို ပြသည်။ ပဋိပတ္တိဒဿနေန ဇာတပရိစယာ-ဟူသော ပါဌ်ဖြင့် အသင်္ခါရိက အဖြစ်ကို ပြသည်။

အကြင်သူငယ်သည် အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း၊ သဒ္ဓါအားကြီးခြင်း၊ အယူ၏ စင်ကြယ်ခြင်း စသည်အကြောင်းကြောင့် ဝမ်းမြောက်ဝမ်းသာ သဘောနှင့် ငါပေးလှူအပ်သော အလှူ၏ အကျိုးသည် ရှိ၏။ သီလ, ဘာဝနာ၏ အကျိုးသည် ရှိ၏။ ဤသို့စသောနည်းဖြင့် ကံ, ကံ၏အကျိုးကို ဉာဏဝိပ္ပယုတ် ဖြစ်၍ မသိ၊ ဆွေမျိုးဉာတိတို့က လှူလော့-ရှိခိုးလော့ဟု တိုက်တွန်းကုန်သည် ဖြစ်၍, ပစ္စည်းဝတ္ထုတို့ကို နှမြောစုံမက်ခြင်းရှိသည်ဖြစ်၍ လွတ်လွတ်စွန့်ကြဲခြင်း မရှိ၊ သီလ, ဘာဝနာတို့၌ မညွတ်ခြင်းစသော အကြောင်းတို့ကြောင့် ဆုတ်နစ်တွန့်တိုသည်ဖြစ်၍ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော သသင်္ခါရိကစိတ်ဖြင့် ဒါန, သီလ, ဘာဝနာ စသော ကုသိုလ်ကို ပြု၏။ ထိုအခါ ထိုသူငယ်၏ စိတ်သည် သောမဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် မယှဉ်သော (ဝါ) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ် စတုတ္ထစိတ် ထိုစိတ်နှင့် ယှဉ်သော စတုတ္ထစေတနာသည် ဖြစ်၏။

ယဒါ ပန "ဒေထ ဝန္ဒထာ"တိ ဉာတီဟိ ဥဿာဟိတာ ဧဝံ ပဋိပဇ္ဇန္တိ၊ တဒါ တေသံ စတုတ္ထစိတ္တံ ဥပ္ပဇ္ဇတိ။

ယဒါ ပန၊ အကြင်အခါ၌ကား။ ဒေထ၊ ပေးလှူကုန်လော့။ ဝန္ဒထ၊ ရှိခိုးကုန်လော့။ ဣတိ၊ ဤသို့။ ဉာတီဟိ၊ အဆွေအမျိုးတို့သည်။ ဥဿာဟိတာ၊ တိုက်တွန်းအပ်ကုန်သည် ဖြစ်၍။ ဧဝံ၊ ဤသို့ မိမိလက်၌ ရှိသော ဝတ္ထုကို လှူခြင်း, ရှိခိုးခြင်းဟု ဆိုအပ်သော အခြင်းအရာဖြင့်။ ပဋိပဇ္ဇန္တိ၊ ကျင့်ကုန်၏။ တဒါ၊ ထိုအခါ၌။ တေသံ၊ ထိုသူငယ်တို့အား။ စတုတ္ထစိတ္တံ၊ လေးခုမြောက်သော မဟာကုသိုလ် စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

# ဒါနပါရမီကြောင့်နိဗ္ဗာန်ရောက်နိုင်ကြောင်း ဆက်လက်ထုတ်ဆောင်ပြချက်

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍ သုမေဓာရသေ့အား ဤသို့ကြားတော်မူ၏။

ရဟန်းတို့၊ ဤသုမေဓာ ရှင်ရသေ့သည် ဤကမ္ဘာမှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ဘဒ္ဒကမ္ဘာ၌ ဂေါတမ-ဟူသော အမည်ဖြင့် ဘုရားစင်စစ် ဖြစ်လတ္တံ့။ ထိုအခါ ကပိလဝတ်ပြည်ကို အစိုးရသော သုဒ္ဓေါဒန၊ မာယာဒေဝီ၊ ယသော်ဓရာ၊ ရာဟုလာတို့သည် ခမည်းတော်၊ မယ်တော်၊ ကြင်ရာတော်၊ သားတော် ဖြစ်လတ္တံ့။ ဥပတိဿ၊ ကောလိတ၊ ခေမာ၊ ဥပ္ပလဝဏ်၊ အာနန္ဒာ တို့သည် လက်ယာရံ၊ လက်ဝဲရံ၊ အလုပ်အကျွေး ဖြစ်ကုန်လတ္တံ့ဟု ဤမျှသော ဗျာဒိတ်စကားကို ကြားတော်မူ၍ လေးသိန်းသော သင်္ဃာတော်တို့နှင့်တကွ ကြွတော်မူလေ၏။

ထိုအခါ သုမေဓာရှင်ရသေ့သည် ဝမ်းမြောက်ဝမ်းသာ မှောက်ခုံဝပ်ရာ ညွှန်ပျောင်းမှထ၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပြီးလျှင် ဤသို့ကြံ၏။ "ငါသည် ဈာန်သမာပတ်၌ အလေ့အလာဖြစ်ပြီ။ အဘိညာဉ်ငါးပါးတို့၌ အပြီးသို့ရောက်ပြီ၊ ငါနှင့် တူသော ရသေ့သည် မရှိ။ တန်ခိုးကျေးဇူးတို့၌ အတူမရှိသည်ဖြစ်၍ ဤသို့သော ချမ်းသာကို ရပေသည်" ဟု ကြံ၏။

ထိုသို့ ထက်ဝယ်ဖွဲ့ခွေနေတော်မူသောအခါ စကြဝဠာ တစ်သောင်း၌ နေကုန်သော သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် သည်းစွာသော စံနည်းတံဘောင်သံကို ဤသို့ ဖြစ်စေကုန်၏။ ဤသုမေဓာရှင်ရသေ့သည် မချွတ်စင်စစ် ဘုရားဖြစ်လတ္တံ့။ ရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေနေတော်မူသောအခါ၌ ဤသို့သော နိမိတ်တို့သည် ထင်ကုန်၏၊

အချမ်းအပူ ကင်းငြိမ်းကုန်၏။ တစ်သောင်းသော လောကဓာတ်အလုံးသည် အသံမရှိ၊ ဆိတ်ငြိမ်ကုန်၏။ လေပြင်းမုန်တိုင်း မြစ်ရေတို့သည် မလာမစီးကုန်။ ကုန်းပန်း, ရေပန်းတို့သည် ပွင့်ကုန်၏။ နွယ်သစ်ပင်တို့သည် သီးကုန်၏။ အလုံးစုံသော ရတနာတို့သည် ထွန်းတောက်ပကုန်၏။ အလုံးစုံသော တူရိယာတို့ သည် အလိုလိုမြည်ကုန်၏။ ပန်းမိုးတို့သည် ရွာကုန်၏။ မဟာသမုဒ္ဒရာသည် အောက်သို့မစီးဘဲ ဝဲကဲ့သို့ လည်၏။ တစ်သောင်းသော စကြဝဠာတိုက်သည်

တုန်လှုပ်၏။ ငရဲမီးပူ ငြိမ်းကုန်၏။ နေသည် တိမ်ဟူသော အညစ်အကြေးမှ ကင်းစင်၏။ ကြယ်တို့သည် ထင်လင်းစွာ ထွန်းပကုန်၏။ မိုးမရွာဘဲ မြေမှ ရေပန်း, ရေတံခွန်တို့သည် ပေါ်ထွက်ကုန်၏။ လ,သည် ဝိသာခါ နက္ခတ်နှင့် ယှဉ်၏။ တွင်း, ချောက်၌နေသော သတ္တဝါတို့သည် ထွက်ကုန်၏။ သတ္တဝါတို့ အား မွေ့လျော်ခြင်းဖြင့် ရောင့်ရဲကုန်၏။ အနာရောဂါ–ဝတ်မွတ်ခြင်းမှ ငြိမ်းပျောက် ကုန်၏။ ရာဂ, ဒေါသ, မောဟတို့မှ ကင်းပျောက်ကုန်၏။ ဘေးတို့သည် ကင်းပျောက်ကုန်၏။ မြူတို့သည် ကောင်းကင်သို့ မတတ်ကုန်၏။ နတ်၌ဖြစ်သော အနံ့တို့သည် လှိုင်ကုန်၏။ အလုံးစုံသော နတ်တို့သည် ထင်ကုန်၏။ အလုံးစုံသော ငရဲတို့သည် ထင်ကုန်၏။ အလုံးစုံသော တိုက်နံရံ, တံခါး, တောင်တို့သည် ဟင်းလင်းပွင့်ကုန်၏။ စုတေခြင်း, ပဋိသန္ဓေနေခြင်းတို့သည် မရှိကုန်။ ဤအလုံးစုံ သော တိတ်နိမိတ်တို့သည် ယခု ထင်ကုန်၏။ သုမေဓာရှင်ရသေ့၊ သင်သည် မချွတ် ဘုရားဖြစ်လတ္တံ့။ လုံ့လ ဝီရိယကို လျှော့တော်မမူပါနှင့်၊ ရှေ့သို့သာ တက်တော်မူပါ၊ ရှေးဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ ဤကဲ့သို့ နေတော်မူ သောအခါ ထိုအလုံးစုံသော တိတ်နိမိတ်တို့သည် ဤကဲ့သို့ထင်သည်ကို အကျွန်ုပ် တို့သည် မြင်ဖူး သိဖူးပါကုန်၏ဟု ဤသို့ နတ်၊ ဗြဟ္မာတို့သည် ပြင်းစွာသော အသံဖြင့် ကြွေးကြော်ကြကုန်၏။

ထိုအခါ၌ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ဗျာဒိတ် စကားကိုလည်းကောင်း၊ နတ်၊ ဗြဟ္မာတို့၏ စံနည်းတံဘောင် ကြွေးကြော်သံကို လည်းကောင်း ကြားရ၍ ဝမ်းမြောက်ဝမ်းသာ နှစ်သက်ရွှင်လန်းသော စိတ်နှလုံး ရှိသည်ဖြစ်၍ ဤသို့ကြံ၏။

ဘုရားရှင်တို့သည် နှစ်ခွန်းသော စကားကို မဆိုကုန်၊ အချည်းနှီးသော စကားကို မဆိုကုန်၊ ဘုရားရှင်တို့၏ စကားတော်သည် ချွတ်ယွင်းသော မည်သည် မရှိ၊ ထို့ကြောင့် ငါသည် မချွတ်စင်စစ် ဘုရားဖြစ်မည်မှန်၏။ ထိုသို့ ဘုရားဖြစ်မည် မှန်သော်လည်း ရှေးလွန်လေကုန်ပြီးသော ဘုရားရှင်တို့သည် ဘုရားဖြစ်ခြင်း အကြောင်းတရား မရှိဘဲ ဘုရားအဖြစ်သို့ မရောက်ကုန်ရာ၊ ဘုရားအဖြစ်သို့ ရောက်စေတတ်ကုန်သော အကြောင်းတရားရှိသောကြောင့်သာ လျှင် ဘုရားအဖြစ်သို့ ရောက်ကုန်ရာ၏။ နောက်လာလတ္တံ့သော ကာလ၌ ပွင့်လတ္တံ့ကုန်သော ဘုရားရှင်တို့ကိုလည်း ဘုရားဖြစ်ခြင်း အကြောင်းတရား မရှိဘဲ အကြောင်းတရားနှင့် ကင်း၍ ဘုရားအဖြစ်သို့ မရောက်နိုင်ရာ။ ဘုရား

အဖြစ်ကို ရောက်စေတတ်ကုန်သော အကြောင်းတရားတို့ ရှိသောကြောင့်သာလျှင် ဘုရားအဖြစ်သို့ ရောက်ကုန်လတ္တံ့။

ထို့ကြောင့် ငါသည်လည်း ထိုအကြောင်းတရားတို့ကို စူးစမ်းရှာဖွေဦးအံ့ဟု ကြံပြီး၍ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတရားတို့ကို ဤမှ ထိုမှ အထက်အောက်ဖီလာ ရပ်ဆယ်မျက်နှာတို့သည် ရှိကုန်၏။ ထိုအရပ်ဆယ်မျက်နှာတို့၌ ထင်ရှားရှိသော ဓမ္မဓာတ်၌၊ (ဝါ) ဓမ္မဝတ်၌ စူးစမ်းရှာဖွေအံ့။ (ဝါ) စူးစမ်းရှာဖွေသည်ရှိသော် ဆယ်ပါးသော ပါရမီတော်တို့တွင် ရှေးဘုရားလောင်းတို့သည် အစဉ်မပြတ် လေ့ကျက်မှီဝဲအပ်သော ရှေးဘုရားလောင်းတို့၏ သွားလာရာ ခရီးလမ်းမ,သဖွယ် ဖြစ်သော ဒါနပါရမီကို ရှေးဦးစွာ မြင်တော်မူ၏။

ထိုသို့ မြင်တော်မူသောအခါ ဤသို့ မိမိကိုယ်ကို ဆုံးမ၏။ ဘုရားမျိုးကို စိုက်ပျိုးအစ ဗျာဒိတ်ရသည့် သုမေဓာပညာရှိ၊ သင်သည် အကယ်၍ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို မိမိအလိုလို ကိုယ်တိုင်သိတတ်သော ဘုရားအဖြစ်သို့ ရောက်ခြင်းငှာ အလိုရှိသည်ဖြစ်အံ့၊ ရှေးဦးစွာ မြင်သိသော ဤဒါနပါရမီကို အစဉ်မပြတ် နိစ္စပတ်ပြု၍ ကောင်းစွာဆောက်တည်၍ ဒါနပါရမီ ကို ဖြည့်ပါလေလော့ဟု ဆုံးမ၏။ ဥပမာနှင့်တကွ ထပ်မံ၍ ဆုံးမပြန်လိုရကား အကြင်သူ၏ အောက်သို့ ဦးစောက်မှောက်၍ ထားအပ်သော ရေပြည့်သော အိုးသည် အကြွင်းမဲ့ ရေကို အန်သကဲ့သို့။ (ဝါ) သွန်ထုတ်သကဲ့သို့၊ ထို့အတူ သင် သုမေဓာရှင်ရသေ့သည်လည်း အလှူခံပုဂ္ဂိုလ်ကို အယုတ်, အမြတ်, အလတ် မရွေး။ "ဖုန်းတောင်းယာစကာ" မှ စ၍ အကြွင်းမဲ့ အလှူကို လှူလော့ဟု ဆုံးမ၏။

ဝိစိနန္တော တဒါ ဒက္ခိံ၊ ပဌမံ ဒါနပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။
ဣမံ တွံ ပဌမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ။
ဒါနပါရမိတံ ဂစ္ဆ၊ ယဒိ ဗောဓိံ ပတ္တုမိစ္ဆသိ။

(ဗုဒ္ဓဝံသ–၃၁၅။)

သာရိပုတ္တ၊ သာရိပုတ္တရာ။ တဒါ၊ ထိုထက်ဝယ်ဖွဲ့ခွေနေသောအခါ၌။ ဗုဒ္ဓကရေ၊ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ အကြောင်းတရားတို့ကို။ ဝိစိနန္တော၊ ထိုမှ ဤမှ ရပ်ဆယ်မျက်နှာ စူးစမ်းရှာဖွေသော။ အဟံ၊ ငါ သုမေဓာရှင်ရသေ့သည်။ ပုဗ္ဗကေဟိ၊ ရှေး၌ ဖြစ်ကုန်ပြီးသော။ မဟေသီဟိ၊ မြတ်သော

သတင်းကျေးဇူးစသည်ကို ရှာမှီးလေ့ရှိကုန်သော ဘုရားလောင်းတို့သည်။ အနုစိဏ္ဏံ၊ အစဉ်မပြတ် လေ့ကျက်မှီဝဲအပ်သော။ မဟာပထံ၊ မြတ်သော ဘုရားလောင်းတို့၏ ခရီးလမ်းမ,သဖွယ်ဖြစ်သော၊ ဒသသုပါရမီသု၊ ဆယ်ပါးသော ပါရမီတော်တို့တွင်။ ပဌမံ၊ ရှေးဦးစွာသော။ ဒါနပါရမိံ၊ ဒါနပါရမီကို။ အဒက္ခိံ၊ မြင်ပြီ။ (ဝါ) မြင်၏။

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါ သုမေဓာရှင်ရသေ့သည်။ ဗုဒ္ဓကရေ၊ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မေ၊ အကြောင်းတရားတို့ကို။ ဝိစိနန္တော၊ ထိုမှ ဤမှ ရပ်ဆယ်မျက်နှာ စူးစမ်းရှာဖွေသည် ရှိသော်။ ပဌမံ၊ ရှေးဦးစွာသော။ ဒါနပါရမိံ၊ ဒါနပါရမီကို။ ဒိသွာ၊ မြင်၍။ (ဝါ) မြင်သည်ရှိသော်၊ သုမေဓပဏ္ဍိတ၊ ဘုရားမျိုးကို စိုက်ပျိုးအစ ဗျာဒိတ်ရသည့် သုမေဓာပညာရှိ။ တွံ၊ သင် သုမေဓာရှင်ရသေ့သည်။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ ပတ္တုံ၊ ရောက်ခြင်းငှာ၊ (ဝါ) သိခြင်းငှာ။ ယဒိဣစ္ဆသိ၊ အကယ်၍ အလိုရှိသည် ဖြစ်အံ့။ ဧဝံ–သတိ၊ ဤသို့ အလိုရှိလတ်သော်။ တွံ၊ သင် သုမေဓာရှင်ရသေ့သည်။ ပဌမံ၊ ရှေးဦးစွာမြင်သော။ ဣမံ၊ ဤဒါနပါရမီကို။ တာဝအနုက္ကမေန၊ အစဉ် သဖြင့်။ (ဝါ) အလွန်လျှင်။ ဒဠှံ၊ မြဲစွာ။ ကတွာ၊ ပြု၍။ သမာဒိယ၊ ကောင်းစွာ ဆောက်တည်၍။ ဒါနပါရမိတံ၊ ဒါနပါရမီကို။ ဂစ္ဆပူရေတိ၊ ဖြည့်လေလော့။ ဣတိဧဝံ။ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒိံ၊ ဆုံးမပြီ။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတရားတို့သည် ဤဒါနပါရမီ တစ်ခုချည်းသည် မဟုတ်တန် မဖြစ်တန်ရာ၊ ထိုဒါနပါရမီမှတစ်ပါး ဖြစ်ကုန်သော အကြောင်းတရားတို့သည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်၏။ ထိုဒါနပါရမီမှတစ်ပါး ရင့်စေတတ်သော အကြောင်းတရားတို့ကို စူးစမ်းရှာဖွေအံ့ဟု ကြံပြီး၍ စူးစမ်းရှာဖွေသည်ရှိသော် ရှေးဘုရားလောင်းတို့သည် အဖန်တလဲလဲ အမြဲမပြတ် မှီဝဲအပ်သော နှစ်ခုမြောက်ဖြစ်သော သီလပါရမီကို မြင်တော်မူ၏။

ထိုသို့မြင်သောအခါ ဤသို့ မိမိကိုယ်ကို ဆုံးမ၏။ သုမေဓာ ပညာရှိ၊ သင်သည် အကယ်၍ ဘုရားအဖြစ်သို့ ရောက်ခြင်းငှာ အလိုရှိသည် ဖြစ်အံ့၊ နှစ်ခုမြောက်ဖြစ်သော ဤသီလ ပါရမီကို အစဉ်မပြတ် မြဲစွာပြု၍ ကောင်းစွာ ဆောက်တည်ပါလော့၊ ကောင်းစွာ ဖြည့်ပါလော့ဟု မိမိကိုယ်ကို ဆုံးမ၏။

ဥပမာနှင့်တကွ ထပ်မံ၍ ဆုံးမပြန်လိုရကား စာမရှိမည်သော သားမသည်။ (ဝါ) အောင်းမသည် (ဤအလိုကား-အဋ္ဌသာလိနီနိသျ ဆရာ၏ အလို။) စာမရှိ မည်သော သားဖိုသည်။ ဝါ၊ အောင်းဖိုသည်။ (အဘိဓာန်အလို။)

(စာမရှိ နာမ မိဂီ-ဟု မဏိဒီပ၌ လာသောကြောင့်လည်းကောင်း၊ အယူ တော် မင်္ဂလာလျှောက်ထုံး၌ စာမရှိသားကောင်ဟု လာသောကြောင့်လည်းကောင်း၊ သားကောင်ကိုသာ ယူသင့်သည်။ စာမရှိငှက်ကို မယူသင့်။ တထာဂတ ဥဒါန ဒီပနီကျမ်း၌ စာမရှိငှက်ဟု လာသည်။)

၎င်းစာမရှိမည်သော သားသည် ချုံနွယ်, ဆူးစသည်တို့တွင် တစ်ခုခု၌ ငြိသော မိမိ၏ အမြီးကို မပျက်စေခြင်းငှာ ထိုငြိရာအရပ်၌ပင် စောင့်ရှောက်လျက် သေခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ဘုံလေးပါးတို့၌ သီလကို ဖြည့်ကျင့်ကုန် သော သူတို့သည် စာမရှိမည်သော သားကောင်သည် မိမိ၏အမြီးကို ပျက်အံ့ သည် စိုး၍ စောင့်ရှောက်သကဲ့သို့ အခါခပ်သိမ်း မိမိ၏ သီလကို ပျက်အံ့သည်မှ စောင့်ရှောက်လော့ဟု ဤသို့ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤမျှသာ မဟုတ်တန်, မဖြစ်တန်ရာ။ ထိုဒါန သီလမှ တစ်ပါးဖြစ်ကုန်သော အကြောင်းတရားတို့သည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်၏။ ထိုဒါန သီလမှ တစ်ပါး ရင့်စေတတ်သော အကြောင်းတရားတို့ကို စူးစမ်းရှာဖွေဦးအံ့ဟု ကြံပြီး၍ စူးစမ်းရှာဖွေသည်ရှိသော် ရှေးဘုရားလောင်းတို့သည် အဖန်တလဲလဲ အမြဲမပြတ် မှီဝဲအပ်သော သုံးခုမြောက်သော နိက္ခမ္မပါရမီကို မြင်တော်မူ၍ ဤသို့ဥပမာနှင့်တကွ ဆုံးမလိုရကား နှောင်အိမ်၌ ကြာမြင့်စွာ ခံနေရသော ဆင်းရဲဖြင့် နှိပ်စက်အပ်သော ယောကျ်ားသည် ထိုနှောင်အိမ်၌ တပ်နှစ်သက်ခြင်းကို မဖြစ်စေဘဲ လွတ်ကြောင်း ကိုသာလျှင် ရှာကြံသကဲ့သို့ ထို့အတူ သင် သုမေဓာ ရှင်ရသေ့သည်လည်း ဘဝ သုံးပါးတို့ကို နှောင်အိမ်ကဲ့သို့ ထင်မှတ်၍ရှုလော့။ ဘဝသုံးပါးမှ လွတ်ခြင်းငှာ တောထွက်ခြင်း၊ ရဟန်းပြုခြင်းကို ရှေးရှုလော့ဟု ဤသို့ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤမျှသာ မဟုတ်တန်, မဖြစ်တန်ရာ၊ ထိုသုံးပါးမှ တစ်ပါးဖြစ်ကုန်သော အကြောင်းတရားတို့သည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်၏။ ထိုသုံးပါးမှ တစ်ပါး ရင့်စေတတ်သော အကြောင်းတရားတို့ကို စူးစမ်း ရှာဖွေဦးအံ့ဟု ကြံပြီး၍ စူးစမ်း ရှာဖွေသည် ရှိသော် ရှေးဘုရားလောင်းတို့သည် အဖန်တလဲလဲ

အမြဲမပြတ် မှိုဝဲအပ်သော လေးကြိမ်မြောက်ဖြစ်သော ပညာပါရမီကို မြင်တော်မူ၍ ဤသို့ ဥပမာနှင့်တကွ ဆုံးမ၏။ ဆွမ်းခံသွားသော ရဟန်းသည် အယုတ်၊ အလတ်၊ အမြတ်မရွေးမူ၍ ဆွမ်းကို ခံသည်ရှိသော် မျှတလောက်သော ဆွမ်းကို ရသကဲ့သို့ ထို့အတူ သင် သုမေဓာ ရှင်ရသေ့သည် အခါခပ်သိမ်း အယုတ်၊ အလတ်၊ အမြတ် အမျိုးမျိုးတို့ကို မရွေး၊ ပညာရှိသော ပုဂ္ဂိုလ်ကို ဆွေးနွေး မေးမြန်းပြီးလျှင် ပညာပါရမီကို ဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့ဟု ဤသို့ ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤလေးပါးမျှသာ မဟုတ်တန်ရာ။ ထိုလေးပါးမှတစ်ပါး ဉာဏ်ကို ရင့်စေတတ်ကုန်သော တရားတို့ကို ဆင်ခြင်စူးစမ်းရှာဖွေဦးအံ့ဟု ကြံပြီး၍ စူးစမ်းရှာဖွေဆင်ခြင်သည်ရှိသော် ရှေးဘုရားလောင်းတို့သည် အဖန်တလဲလဲ အမြဲမပြတ်မှိုဝဲအပ်သော ငါးကြိမ်မြောက်ဖြစ်သော ဝီရိယပါရမီကို မြင်တော်မူ၍ ဤသို့ ဥပမာနှင့်တကွ ဆုံးမပြန်လိုရကား သားအပေါင်းတို့၏ အရှင်ဖြစ်သော ကေသရာဇာခြင်္သေ့မင်းသည် အခါခပ်သိမ်း ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားလာခြင်းတို့၌ မတွန့်တိုသော ဝီရိယ၊ ချီးပင့်အပ်သော နှလုံးရှိသကဲ့သို့ ထို့အတူ သင် သုမေဓာပညာရှိသည် အခါခပ်သိမ်းဖြစ်လေရာရာ သံသရာဘဝတို့၌ လုံ့လဝီရိယကို မြဲစွာချီးမြှောက်၍ ဝီရိယပါရမီကို ဖြည့်ပါလော့၊ ဘုရားအဖြစ်သို့ ရောက်လတ္တံ့ဟု ဤသို့ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤမျှသာမဟုတ်တန်ရာ၊ ဤမှတစ်ပါး ဆင်ခြင်စူးစမ်းရှာဖွေဦးအံ့ဟု ကြံပြီး၍ စူးစမ်းရှာဖွေ ဆင်ခြင်သည်ရှိသော် ခြောက်ကြိမ်မြောက်ဖြစ်သော ခန္တီပါရမီကို မြင်တော်မူ၍ ဤသို့ ဆုံးမ၏။ သုမေဓာရှင်ရသေ့၊ သင်သည် ဤခန္တီပါရမီကို မြဲစွာဆောက်တည်၍ ထိုသည်းခံခြင်း ခန္တီပါရမီအရာ၌ ရံခါ သည်းခံခြင်း၊ ရံခါ သည်းမခံခြင်း၊ အချို့သူအား သည်းခံခြင်း၊ အချို့သူအား သည်းမခံခြင်း၊ ဤသို့ နှစ်ပါးသော အဖို့ နှလုံးနှစ်ခွ နှစ်မျိုးမထားမူ၍ တစ်မျိုးတည်းထား၍ သည်းခံမှ ဘုရားအဖြစ်သို့ ရောက်လတ္တံ့။ ဥပမာကား–မြေကြီးသည် မိမိအပေါ်၌ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လူတို့စွန့်ပစ်အပ်သော အလုံးစုံသော ဝတ္ထုကို မုန်းခြင်း၊ ချစ်ခြင်းမရှိ၊ သည်းခံသကဲ့သို့ ထို့အတူ သင် သုမေဓာရှင်ရသေ့သည် ခပ်သိမ်းကုန်သော သတ္တဝါတို့၏ မထီမဲ့မြင်ပြုခြင်း၊ မြတ်နိုးခြင်းတို့ကို သည်းခံ၍ ဤခန္တီပါရမီကို ဖြည့်ပါလော့၊ ဘုရားအဖြစ်သို့ ရောက်လတ္တံ့ဟု ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤမျှသာမဟုတ်တန်ရာ၊ ဤမှတစ်ပါး ဆင်ခြင်စူးစမ်း ရှာဖွေဦးအံ့ဟု ကြံ၍ စူးစမ်းရှာဖွေ ဆင်ခြင်သည် ရှိသော် ခုနစ်ခုမြောက်ဖြစ်သော သစ္စာပါရမီကို မြင်တော်မူ၍ ဤသို့ ဆုံးမ၏။ သုမေဓာရှင်ရသေ့၊ သင်သည် ဤသစ္စာပါရမီကို မြဲစွာဆောက်တည်၍ ထိုမှန်သော စကားကို ဆိုခြင်း၊ တစ်ခွန်းသောစကားကို ဆိုခြင်းတည်းဟူသော သစ္စာပါရမီ အရာ၌ ရုံခါမှန်သည်၊ ရုံခါ မမှန်သော စကား ရှိသည်။ အချို့သူအား မှန်သည်၊ အချို့သူအား မမှန်သောစကားရှိသည်။ ဤသို့ နှစ်ခွန်းသော စကား၊ ချွတ်ယွင်းသော စကားကို အခါခပ်သိမ်း အလုံးစုံသောသူတို့အား မဆိုမူ၍ ဆောက်တည်ပါလော့၊ ဘုရားအဖြစ်သို့ ရောက်လတ္တံ့။ ဥပမာကား-သောက်ရှူးကြယ် မည်သည်ကား နတ်၊ လူနှင့်တကွသော လောက၌ ချိန်သဖွယ် ဖြစ်၏။ မိုး, ဆောင်း, နွေဟု ဆိုအပ်သော ဥတုသုံးပါး၌ သွားရာခရီးမှ မဖယ်မလွဲ သွားသကဲ့သို့ ထို့အတူ သင် သုမေဓာရှင်ရသေ့သည် သစ္စာစကားကို ဆိုမြဲစကားမှ မဖယ်မလွဲ သစ္စာပါရမီကို ဖြည့်၍ ဘုရား၏အဖြစ်သို့ ရောက်လတ္တံ့ဟု ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤခုနစ်ပါးမျှသာ မဟုတ်တန်ရာ၊ ဤမှတစ်ပါး ဆင်ခြင်စူးစမ်းရှာဖွေဦးအံ့ဟု ကြံ၍ စူးစမ်းရှာဖွေ ဆင်ခြင်သည်ရှိသော် ရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာန်ပါရမီကို မြင်တော်မူ၍ ဤသို့ဆုံးမ၏။ သုမေဓာရှင်ရသေ့၊ သင်သည် ဤအဓိဋ္ဌာန်ပါရမီကို မြဲစွာ ဆောက်တည်၍ ထိုအဓိဋ္ဌာန်ပါရမီ၌ တုန်လှုပ်ခြင်း မရှိသည်ဖြစ်၍ အဓိဋ္ဌာန်ပါရမီကို ဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့ဟု ဆုံးမ၏။ ဥပမာကား-မတုန်မလှုပ် ကောင်းစွာတည်သော ကျောက်အတိပြီးသော တောင်သည် ပြင်းစွာသော လေမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်းမရှိ၊ မိမိတည်မြဲတိုင်းသော အရပ်၌သာလျှင် တည်သကဲ့သို့ ထို့အတူ သင် သုမေဓာ ရှင်ရသေ့သည် အဓိဋ္ဌာန်၌ အခါခပ်သိမ်း တုန်လှုပ်ခြင်း မရှိသည်ဖြစ်၍ အဓိဋ္ဌာန်ပါရမီကို ဖြည့်၍ ဘုရား၏အဖြစ်သို့ ရောက်လတ္တံ့ဟု ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤရှစ်ခုမျှသာ မဟုတ်တန်ရာ၊ ဤမှတစ်ပါး ဆင်ခြင်စူးစမ်းရှာဖွေဦးအံ့ဟု ကြံပြီး၍ စူးစမ်းရှာဖွေ ဆင်ခြင်သည် ရှိသော် ကိုးခုမြောက်ဖြစ်သော မေတ္တာပါရမီကို မြင်တော်မူ၍ ဤသို့ဆုံးမ၏။ သုမေဓာရှင်ရသေ့၊ သင်သည် ဤမေတ္တာပါရမီကို အလွန်လျှင် မြဲစွာဆောက်တည်၍ ထိုမေတ္တာနှင့်တူသော သူ မရှိသည်ဖြစ်၍ မေတ္တာပါရမီကို

ဖြည့်၍ ဘုရားအဖြစ်သို့ ရောက်လတ္တံ့ဟု ဆုံးမ၏။ ဥပမာကား—အေးသောရေသည် ကောင်းသော လူတို့ကိုလည်းကောင်း၊ မကောင်းသောလူတို့ကိုလည်းကောင်း၊ အချမ်းအအေးဖြင့် အတူအမျှ နှံ့၏။ ထိုသူတို့၏ ကိုယ်၌ ဖြစ်သော မြူချေးစသော အညစ်အကြေးကို မျှောတတ်, သုတ်သင်တတ်သကဲ့သို့ သုမေဓာ ရှင်ရသေ့၊ သင့်အား အကျိုးစီးပွားကို ပြုတတ်သောသူ၊ အကျိုးမဲ့ကို ပြုတတ်သောသူတို့ကို အတူအမျှ ချစ်ခြင်းဖြင့် ပွားမျှပါလော့၊ မေတ္တာပါရမီကို ဖြည့်၍ ဘုရား၏အဖြစ်သို့ ရောက်လတ္တံ့ဟု ဆုံးမ၏။

ဘုရားအဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည် ဤကိုးပါးမျှသာ မဟုတ်တန်ရာ၊ ဤမှတစ်ပါး ဆင်ခြင်စူးစမ်းရှာဖွေဦးအံ့ဟု ကြံပြီး၍ စူးစမ်းရှာဖွေ ဆင်ခြင်သည်ရှိသော် ဆယ်ခုမြောက်ဖြစ်သော ဥပေက္ခာပါရမီကို မြင်တော်မူ၍ ဤသို့ဆုံးမ၏။ သုမေဓာရှင်ရသေ့၊ သင်သည် ဤဥပေက္ခာပါရမီကို အစဉ်အတိုင်း အလွန်မြဲစွာဆောက်တည်၍ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့၌ မကော့မညွတ် မတ်မတ်တည့်သော ချိန်သဖွယ် မြဲမြံသည်ဖြစ်၍ ဤဥပေက္ခာပါရမီကို ဖြည့်ပါလော့၊ ဘုရားအဖြစ်သို့ ရောက်လတ္တံ့ဟု ဆုံးမ၏။ ဥပမာကား—မြေကြီးသည် မိမိအပေါ်၌ စွန့်အပ်ပယ်ချသော ခွေးကောင်၊ မြွေကောင်ပုပ် စသော မစင်ကြယ်သော ဝတ္ထု၊ စန္ဒကူး, သရက္ခန်, မာလာကျိုကျူ စသော စင်ကြယ်သော ဝတ္ထုတို့ကြောင့် ဖောက်ပြန်ခြင်း၊ အမျက်ထွက်ခြင်း၊ တပ်မက်ခြင်းမှ ကင်းသည်ဖြစ်၍ လျစ်လျူရှု သကဲ့သို့ ထို့အတူ သင် သုမေဓာရှင်ရသေ့သည် ချမ်းသာဆင်းရဲ၌ အခါခပ်သိမ်း မကော့မညွတ် မတ်မတ်တည့်သော ချိန်သဖွယ်ဖြစ်၍ ဥပေက္ခာပါရမီကို ဖြည့်ပါလော့၊ ဘုရား၏အဖြစ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို မိမိ ဆုံးမ၏။

သုမေဓာပညာရှိ၊ ပါရမီတရား ဆယ်ပါးတည်းဟူသော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်သော အကြင်အကြင် အကြောင်းတရား တို့သည် ရှိကုန်၏။ ထိုအကြောင်းတရားတို့ကို လောကသုံးပါး၌ ရှေးဘုရားလောင်း တို့သည် ဖြည့်အပ်မိုဝဲအပ်ကုန်၏။ ထိုအကြောင်းတရားတို့သည် ဤဆယ်ပါး သာလျှင် ဖြစ်ကုန်၏။ ထိုဒါန, သီလ, နိက္ခမ္မ စသော ပါရမီဆယ်ပါးမှ တစ်ပါး ထိုဆယ်ပါးထက် အလွန် ဘုရားအဖြစ်ကို ပြုတတ်သော တစ်ပါးသောအကြောင်း တရားသည် မရှိ။ ထိုဆယ်ပါးသော ပါရမီတို့ထက် အလွန် ဘုရားအဖြစ်ကို ပြုတတ်သော တစ်ပါးသော အကြောင်းတရားသည် မရှိသည်၏ အဖြစ်ကြောင့်

ထိုဆယ်ပါးသော ပါရမီတရားတို့ကို ကြပ်ကြပ်မြဲမြဲ မချွတ်မယွင်း ဆောက်တည်ပါလော့၊ ပြုပါလော့ဟု ဤသို့ မိမိကိုယ်ကို မိမိ ဆုံးမ၏။

ဘုရားဖြစ်ကြောင်း တရားသည် ပါရမီဆယ်ပါးမှ တစ်ပါးမရှိကြောင်း ထိုဆယ်ပါးကိုပင် မြဲစွာ ဖြည့်ကျင့်ဆောက်တည်ပါလော့ဟု ဆုံးမ၏။

ဧတ္တကာယေဝ တေ လောကေ၊ ယေ ဓမ္မာ ဗောဓိပါစနာ။
တဒုဒ္ဓံ နတ္ထိ အညတြ၊ ဒဠှံ တတ္ထ ပတိဋ္ဌဟ။
(ဗုဒ္ဓဝံသ–၃၁၉။)

သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ ငါ သုမေဓာရှင်ရသေ့သည်။ ဗုဒ္ဓဓမ္မေ၊ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတရားတို့ကို။ ဝိစိနန္တော၊ စူးစမ်းရှာဖွေသည်ရှိသော်။ ဣမာ ဒသပါရမိယော၊ ဤဆယ်ပါးသော ပါရမီတို့ကို။ ဒိသွာ၊ မြင်၍။ သုမေဓပဏ္ဍိတ၊ သုမေဓာပညာရှိ။ ဗောဓိပါစနာ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်ကုန်သော။ ယေဓမ္မာ၊ အကြင်အကြောင်းတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ လောကေ၊ ဤလူ့ရွာ၌။ ဗောဓိသတ္တေဟိ၊ ဘုရားလောင်းတို့သည်။ ပရိပူရေတဗ္ဗာ၊ ထက်ဝန်းကျင် ဖြည့်အပ်ကုန်သော။ (ဝါ) ခံဝဲအပ်ကုန်သော။ တေဓမ္မာ၊ ထိုဘုရားအဖြစ်ကို ပြုတတ်ကုန်သော ပါရမီဆယ်ပါး အကြောင်းတရားတို့သည်။ ဧတ္တကာယေဝ၊ ဤဒါနပါရမီအစရှိသော ဆယ်ပါးသော အကြောင်းတရားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒုဒ္ဓံ၊ ထိုဆယ်ပါးသော ပါရမီတို့ထက် အလွန်။ အညတြ၊ ဤဆယ်ပါးသောပါရမီမှ တစ်ပါးသော။ ကာရဏံ၊ ဘုရားအဖြစ်ကို ပြုတတ်သော အကြောင်းတရားသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုဆယ်ပါးသော ပါရမီတို့ထက် အလွန် တစ်ပါးသော အကြောင်းတရားသည် မရှိသည်၏အဖြစ်ကြောင့်။ တတ္ထ၊ ထိုဆယ်ပါးသော ပါရမီတို့၌။ ဒဠှံ၊ ကိုင်စွဲကြပ်ကြပ် မပြတ်မြဲမြဲ။ ပတိဋ္ဌဟ–ပတိဋ္ဌာနံ ကရောဟိ၊ မချွတ်မယွင်း ပြုဘိလော့။ ဣတိဇေ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒိ၊ ဆုံးမခဲ့ပြီ။

ဘုရားဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပါရမီဆယ်ပါး ကျင့်ဝတ်တရားတို့ကို မဖောက်မပြန် ရှိသည်၏ အဖြစ်နှင့်တကွ ဖြစ်သော သဘာဝ၊ မိမိဟုဆိုအပ်သော ပါရမီဆယ်ပါး၏ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်စေခြင်းကိစ္စ၊ အပြစ်ကင်းသော ဝတ္ထုကို စွန့်ကြဲခြင်းစသည်ဟု ဆိုအပ်သော လက္ခဏာ

အားဖြင့် သုမေဓာရှင်ရသေ့သည် အကြွင်းအကျန်မရှိ သုံးသပ်ဆင်ခြင်စဉ်၊ (ဝါ) ဆင်ခြင်သောအခါ၌ သုမေဓာရှင်ရသေ့၏ ပါရမီဆယ်ပါး အကြောင်းတရားတို့ကို ဆင်ခြင်သောဉာဏ်၏။ (ဝါ) ပါရမီဆယ်ပါး တရားတန်ခိုးတော်၏ အာနုဘော်ကြောင့် နတ်နှင့်တကွသော တစ်သောင်းသော လောကဓာတ်၌ နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးသည် ဝဲယာရှေ့နောက် ထက်အောက်ခြောက်ထွေ တစ်ပြိုင်နက် တုန်လှုပ်လေ၏။ တုန်လှုပ်သည်၏ အဖြစ်ကြောင့် မြည်၏။ (ဝါ) ကျည်းညီး၍ ကြံညှစ်ယန္တရား၊ ဆီပွတ်ယန္တရားကဲ့သို့ ပတ်ပတ်လှည့်၍ တုန်လှုပ်သကဲ့သို့ ထို့အတူ နှစ်သိန်းလေးသောင်း အထုကောင်းသော ဤမဟာပထဝီမြေကြီးသည် ပြင်းစွာလည်၍ တုန်လှုပ်၏။

ဤသို့ အဋ္ဌသာလိနီ သုမေဓကထာ ဗျာဒိတ်ခဏ်း၌ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ကြောင်း တရားများကို ဆင်ခြင်စူးစမ်း ရှာဖွေသည်ရှိသော် ဒါနအစ ဥပေက္ခာအဆုံးရှိသော ပါရမီဆယ်ပါး ကျင့်ဝတ်တရားများကို မြင်တော်မူ၏။ ထိုသို့ မြင်တော်မူတိုင်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဤဒါန စသော ပါရမီဆယ်ပါး ကျင့်ဝတ်တရားများကို ဖြည့်ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ဘုရားအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် တစ်ထောင့်ငါးရာ ကိလေသာတို့မှ ခန္ဓာငါးပါး အကြွင်းရှိသော သဥပါဒိသေသ နိဗ္ဗာန်သို့ ရောက်၏။ ထို့ကြောင့် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားများသည် ဒါန စသော ဆယ်ပါးမှ တစ်ပါး တရားတဦး အထူးမရှိပြီဟု မုချဆတ်ဆတ် မှတ်ယူရမည်။ ၎င်းပါရမီ ဆယ်ပါး ကျင့်ဝတ်တရားသည်ပင် ဘုရားဖြစ်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်း တရားဟု မှတ်ယူသင့်သည်။

ဤသို့ ကျမ်းလာ ဒေသနာတော် ဟောဖော်မြွက်ဟ သုမေဓကထာမှာ အထင်အရှားရှိပါလျက်နှင့် မိစ္ဆာဝိုးဝါး အမြင်မှားသော အချို့သော ရဟန်းလူရှင်တို့က မိစ္ဆာဉာဏ်စွက် ပစ္စည်းကို မက်ပြီးလျှင် "ဒါနတရားသည် သံသရာ၌ တပြောင်းပြန်ပြန် ကျင်လည်စေတတ် ရှည်စေတတ်သော တရားဖြစ်သည်။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း တရားမဟုတ်" ဟု ဟောပြောပြသ ဆုံးမကြသည့် အရာများမှာ ဘုရား ရွှေမျက်နှာတော်ကိုလည်း မထောက်၊ ငရဲကိုလည်း မရှံ့ကြောက်၊ ရောက်တတ်ရာရာ ဒေသနာတော်မှာ လာသကဲ့သို့ ဟောပြောဆုံးမ

ဩဝါဒပေးကြသူတို့၏ မိဿာယူမှားဝါဒများကို အလေးတစ်ခု ဂရုပြု၍ မမှတ်မနာ ယူဘဲ ရှောင်လွှဲပယ်ခွာ ကျမ်းလာတိုင်းကိုသာ မှတ်သားနာယူပြီးလျှင် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဝိဝဋ္ဋနိဿိတ ဒါနဖြစ်အောင် လှူဒါန်းခြင်း ဒါနပါရမီ တရားများကို ကြိုးစား၍ အားထုတ်သင့်လှပါသည် ဒါယကာ–ဒါယိကာမအများတို့။

သည်မှတစ်ပါး ဒါနတရားသည် လောကီ, လောကုတ္တရာဟု ဆိုအပ်သော နိဗ္ဗာန်တိုင်အောင် အကျိုးပေးကြောင်းကို ပြဦးအံ့။

ရာဇဂြိုဟ်ပြည်တွင် သုမနမည်သော ပန်းသည်သည် ဗိမ္ဗိသာရမင်းကြီးအား ဆက်သအပ်သော ရှစ်ဆုပ်သော မြတ်လေးပန်းကို ယူ၍ မြို့တွင်းသို့ ဝင်ခဲ့ရာ များစွာသော ရဟန်းသဃာတို့ဖြင့် ခြံရံလျက် ကိုယ်တော်မှ လျှပ်စစ်နွယ်ကဲ့သို့ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၍ ကြီးမြတ်စွာသော ဘုရားတို့၏ တန်ခိုးအာနုဘော်တော် တင့်တယ်ခြင်းတို့ဖြင့် တင့်တယ်လျက် ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရားကို မြင်၍ ဤသို့ ကြံ၏။

ငါသည် အဘယ်ဝတ္ထုကို လှူရအံ့နည်းဟု ကြံ၍ တစ်ပါးဝတ္ထုကို မမြင်သော် ဤပန်းကိုပင် ပူဇော်အံ့။ ဤပန်းကို လှူဒါန်းခြင်းကြောင့် ငါ့ကို နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့စေ၊ သတ်မူလည်း သတ်စေ၊ တိုင်းနိုင်ငံမှ နှင်ထုတ်မူလည်း နှင်ထုတ်စေ တော့ဟု မင်းအား ဆက်သဖို့ရန် ပန်းကို မဆက်သဘဲ မိမိအသက်ကို စွန့်၍ ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားသို့ ရှေးရှုကောင်းကင်သို့ ကြဲမြောက်၍ ပူဇော်လေ၏။ ထိုအခါ ပန်းတို့သည် ကောင်းကင်ထက်၌ ဗိတာန်ကြက်သကဲ့သို့ လက်ယာ, လက်ဝဲ, ရှေ့, နောက်ဟု ဆိုအပ်သော လေးပါးသော အရပ်တို့၌ ငွေပြားဖြင့် ကာရံသကဲ့သို့ မြတ်စွာဘုရား၏ ဘုန်းတော်တန်ခိုးတော်ကြောင့် မကွဲမပြား အောက်သို့ မကျမူ၍ ဆွမ်းရပ်တော်မူလျှင် ရပ်၏။ ကြွတော်မူလျှင် အစဉ်လိုက်၍ သွား၏။ ဂန္ဓကုဋီသို့ ဝင်တော်မူမှ ပန်းတို့သည် တံခါးဝ၌ ကျကုန်၏။

ဤသို့သော အံ့ဖွယ်သရဲကို မြင်ကြ၍ မြို့တွင်းမြို့ပြင် အိမ်ခြေပေါင်း တစ်ဆယ့်ရှစ်ကုဋေ၌ရှိသော လူတို့သည် တုန်လှုပ်ချောက်ချားလျက် ဆွမ်းခွက်ကို လက်စွဲပြီးလျှင် မိမိတို့အိမ်မှ ဘုရားရှိရာသို့ မရောက်သော မည်သည် မရှိ၊ လူအပေါင်းတို့သည် ပဲ့တင်ထပ်သော အသံကို ပြုကုန်လျက် ဦးရစ်ပုဆိုးတို့ကို မြှောက်ကုန်လျက် ဘုရားရှေ့တော်မှ သွားကြကုန်၏။

ထိုအခါ သုမနပန်းသည်၏ ကိုယ်အလုံးသည်လည်း ငါးပါးသော ပီတိတို့ဖြင့် ပျံ့နှံ့၍ တည်၏။ ၎င်းသုမပန်းသည်သည် အိမ်သို့ပြန်လေ၍ ပန်းလှူခဲ့ကြောင်းကို မယားအား ပြော၏။ မယားသည် သားငယ်ကို ယူချီ၍သွားပြီးလျှင် မင်းကြီးအား ထိုအကြောင်းကို လျှောက်၏။

ဗိမ္ဗိသာရမင်းကြီးသည် ပန်းသည်ကို ခေါ်၍ ဤသို့မေး၏။ သင် သုမနပန်းသည်သည် ငါ့အား နေ့စဉ်မပြတ် ဆက်သအပ်သော ပန်းတို့ကို အဘယ်ကြောင့် ယနေ့မဆက်သနည်း။ သင်မယားပြောတိုင်း လှူဒါန်းပူဇော်သည် မှန်သလောဟု မေးတော်မူသောအခါ အရှင်မင်းကြီးသည် ကျွန်ုပ်အား ဤဆက်သမြဲဖြစ်သော ပန်းကိုလှူခြင်းကြောင့် နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့စေ၊ သတ်မူလည်း သတ်စေ၊ တိုင်းနိုင်ငံမှ နှင်ထုတ်မူလည်း နှင်ထုတ်စေတော့ဟု မိမိအသက်ကို စွန့်၍ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရား၏ တင့်တယ်ခြင်းအသရေကို မြင်ရ၍ လှူဒါန်းပူဇော်ခဲ့ပါသည်ဟု လျှောက်၏။

ထိုအခါ မင်းကြီးသည် သုမနပန်းသည်ကို မြတ်သောယောကျ်ား ဖြစ်ပေသည်ဟု ချီးမွမ်း၍ ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်ထီး ရှစ်ယောက်၊ ကျွန်မ ရှစ်ယောက်၊ မြတ်သောသူတို့ ဆင်ဝတ်ရာ ရှစ်ခုသော တန်ဆာ၊ ရှစ်ထောင်သော အသပြာ၊ တန်ဆာဆင်ဝတ်သော သတိုးသမီးကညာ ရှစ်ယောက်၊ ရွာရှစ်ရွာအားဖြင့် ရှစ်ခု ရှစ်လီသော ဆုကို ပေးတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် ထိုသို့သော အံ့ဖွယ်သရဲကို မြင်၍လည်းကောင်း။ ခဏချက်ချင်း ဆုပေးသည်ကို မြင်ရ၍လည်းကောင်း ၎င်းသုမနပန်းသည်အား အဘယ်ကောင်းမှု၏ အကျိုးပါနည်းဟု မြတ်စွာဘုရားအား လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ဤသို့မိန့်တော်မူ၏။ အာနန္ဒာ၊ ဤသုမနပန်းသည်အား အနည်းငယ်သော ကောင်းမှုကုသိုလ်ကို ပြုသည်ဟု မမှတ်သင့်၊ ငါဘုရားအား အသက်ကို စွန့်၍ ပူဇော်အပ်သော ပန်းတည်းဟူသော ကောင်းမှု၊ ငါဘုရားကို ကြည်ညိုခြင်းတည်းဟူသော ကောင်းမှုကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါးသို့ မလားမရောက်မူ၍ လူ့ပြည်၊ နတ်ပြည်တို့၌ ဤကောင်းမှု၏အကျိုးကို ခံစားစံစားပြီး၍ နောင်သောအခါ၌ သုမနအမည်ရှိသော ရှင်ပစ္စေကဗုဒ္ဓါ ဘုရားငယ်ဖြစ်လတ္တံ့ဟု အရှင်အာနန္ဒာအား မိန့်တော်မူပြီးမှ ဗျာဒိတ်စကား ကြားတော်မူလိုရကား—

ကပ္ပာနံ သတသဟဿံ၊ ဒုဂ္ဂတိံ နဂမိဿတိ။
ဋ္ဌတွာ ဒေဝမနုဿေသု၊ ဖလံ ဧတဿ ကမ္မုနော။
ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊ သုမနော နာမ ဘဝိဿတိ။
(ခမ္မ—၄။ ၁။ ၃၀၉။)

ဟု ကြားတော်မူ၏။

ဧတဿ၊ ထိုသုမနပန်းသည်အား။ ကမ္မုနော၊ ငါဘုရားအား အသက်ကို စွန့်၍ ပန်းလှူသော ကုသိုလ်ကံ၊ ငါဘုရား၌ ကြည်ညိုသော ကုသိုလ်ကံ၏။ ဖလံ၊ အကျိုးသည်။ ဒေဝမနုဿေသု၊ နတ်ပြည်, လူ့ပြည်တို့၌။ ဋ္ဌတွာ၊ တည်၍။ (ဝါ) ခံစား စံစား၍။ ကပ္ပါနံ သတသဟဿံ၊ ကမ္ဘာတစ်သိန်းတို့ပတ်လုံး ။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးသို့။ နဂမိဿတိ၊ မလားမရောက်ရလတ္တံ့။ ပစ္ဆာ၊ နောက် အခါ၌။ သုမနောနာမ၊ သုမနအမည်ရှိသော။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဤသို့ မြတ်စွာဘုရားသခင်သည် ဒါနတည်းဟူသော ပါရမီကြောင့် သုမန ပန်းသည်သည် လောကီ၌ဖြစ်သော အဋ္ဌဘာဂဆုကို ရခြင်း၊ လူ, နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရခြင်း၊ လောကုတ္တရာ၌ဖြစ်သော နောင်သောအခါ ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား ဟောကြားတော်မူအပ်သော ဒေသနာတော် အထင်အရှား ရှိပါလျက်နှင့် စက္ခုအလင်း ရှင်းရှင်းမရ၍ အလွန်ထင်ရှား ထွန်း တောက်ပသော နေနှင့် လကို မမြင်မသိသော သူကဲ့သို့လည်းကောင်း၊ ဆင်ကန်း တောတိုး ဟုတ်နိုးထင်မှတ် ကြက်ကန်းဆန်ပေါက် ရောက်တတ်ရာရာ ဒေသနာမှာ လာသကဲ့သို့ "အလှူဒါနသည် နိဗ္ဗာန်သို့ ရောက်ကြောင်း တရားမဟုတ်" ဟု နှုတ်ကောင်းလျှာပါး တက်ကြွားမာန စိတ်ထဲက ထားပြီးလျှင် မုသာဝါဒသော၊ သမ္ဖပ္ပလာပသော ပြောမိပြောရာ နက်နဲသည့်ဒေသနာကို သေချာစွာ မသိဘဲနှင့် မဏ္ဍူက ဖားသူငယ် ဆောင့်ကြောင့်ထိုင်တတ်ကာမျှဖြင့် ငါခြသေ့်ဟု ထင်မှတ် သကဲ့သို့ ရောက်တတ်ရာရာ ပြောတတ်ကာမျှဖြင့် ငါ တရားဟောဆရာဟု ပြုလုပ်ပြီးလျှင် သဘင်ပွဲဘောင် တတ်လေယောင်နှင့် ထောင်ထောင်လွှားလွှား ပြောဟောသည့်စကားများကို တရားနာသူ လူပညာရှိတို့က သတိထားပြီးလျှင် စဉ်းစားထောက်ချင့်၍ ယုံသင့်ယုံတန်မှ ယုံကြရမည်။

ဤသို့ ဒါနပါရမီသည် နိဗ္ဗာန်သို့ ရောက်ကြောင်းဟု ဘုရားဟော ပါဠိ ဒေသနာတော်အရှိကို ကိုယ်တိုင်တွေ့သိခဲ့ပါလျှင် ကိုယ်တိုင်ဟောသည်၊ ပြောသည်၊

ဖတ်သည်များကို ကြားနာခဲ့ပါလျှင် ဤဝိဝဋ္ဋနိဿိတတည်းဟူသော ဒါနပါရမီကြောင့် မဂ်ဖိုလ်နိဗ္ဗာန်သို့တိုင်အောင် ပကတူပနိဿယသတ္တိဖြင့် အကျိုးပေးနိုင်သည်ဟု မှတ်ရမည်။

"တီရံ နာဝါယ ပါပုဏိ" ဟူသော သမ္ပာပကဟိတ်ကဲ့သို့ မှတ်၊ ရောက်စေတတ်သော ဟိတ်ကို သမ္ပာပကဟိတ်ဟု ခေါ်သည်။ ဘယ်သို့ အနက်ပေးသည်ကို ဟိတ်ခေါ်ပါသနည်း။ (ကြောင့်) ဟု အနက်ပေးသည်ကို ဟိတ်ဟုခေါ်သည်။ အဘယ်ကြောင့် ဟိတ်မည်သနည်း။ အကျိုးကို ဖြစ်တတ်သောကြောင့် ဟိတ်မည်သည်။ "နာဝါယ၊ လှေကြောင့်။ တီရံ၊ ထိုမှာဘက်ကမ်းသို့။ ပါပုဏိ၊ ရောက်၏။" လှေတည်းဟူသော အကြောင်းတရားကြောင့် ထိုမှာဘက်ကမ်းသို့ ရောက်ခြင်းတည်းဟူသော အကျိုးတရားကို ဖြစ်စေသကဲ့သို့၊ ထို့အတူ လှေနှင့်တူသော ဒါနပါရမီတည်းဟူသော အကြောင်းတရားကြောင့်၊ ထိုမှာ ဘက်ကမ်းနှင့်တူသော နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ရောက်အောင် အကျိုးတရားကို ပေးနိုင်သည်ဟု တောင်ထိပ်ကြာရောက် အနောက်နေထွက် တံဆိပ်နှက်သကဲ့သို့ မြဲမြဲစွဲစွဲကြီး မှတ်သားပြီးလျှင် ကိုယ်တိုင်ကိုယ်ကြပ် တွေ့သိ ကြားနာရသည့်နေ့က စ၍ အလှူဒါန ကောင်းမှုပါရမီကြောင့် နိဗ္ဗာန်သို့ မရောက်နိုင်ဟူသော အယူဝါဒကို တွန်းလှန်ပယ်ရှား ဟောကြားသည့် တရားစကားများကို ဝေးဝေးကို စွန့်ပစ်ကြရမည် သပ္ပုရိသ–သူတော်ကောင်းအပေါင်းတို့။

## ကမ္ဘာငါးမျိုး၊ ကပ်လေးပါး

သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ၊ ဘဒ္ဒကမ္ဘာ–ဟု ကမ္ဘာငါးမျိုးရှိသည်။ ဘုရားတစ်ဆူပွင့်လျှင် သာရကမ္ဘာ၊ နှစ်ဆူပွင့်လျှင် မဏ္ဍကမ္ဘာ၊ သုံးဆူပွင့်လျှင် ဝရကမ္ဘာ၊ လေးဆူပွင့်လျှင် သာရမဏ္ဍကမ္ဘာ၊ ငါးဆူ ပွင့်လျှင် ဘဒ္ဒကမ္ဘာ–ဟူ၍ ဘုရားပွင့်တော်မူသည်ကို အကြောင်းပြု၍ ကမ္ဘာငါးမျိုးရှိသည်။

ကမ္ဘာပျက်မိုး ရွာသည်မှ စ၍ နေနှစ်စင်း ထွက်သောအခါ ကောင်းကင်အလုံး ကြေးမုံပြင်ကဲ့သို့ အညစ်အကြေး တိမ်အခိုးတို့သည် ကင်းစင်ကုန်၏။ မြစ်ငယ်ငါးရာတို့သည် ခန်းခြောက်ကုန်၏။ နေသုံးစင်း ထွက်သောအခါ မြစ်ကြီးငါးစင်းတို့သည် ခန်းခြောက်ကုန်၏။ နေလေးစင်း ထွက်သောအခါ အိုင်ကြီး ခုနစ်အိုင်တို့သည် ခန်းခြောက်ကုန်၏။ နေငါးစင်း ထွက်သောအခါ သမုဒ္ဒရာ လေးစင်းတို့သည် ခန်းခြောက်ကုန်၏။ နေခြောက်စင်း ထွက်သောအခါ ဖြစ်ဖော်၊ ပျက်ဖော် စကြဝဠာ ကုဋေတစ်သိန်းလုံးသည် တစ်ပြိုင်နက် အခိုးထွက်

ကုန်၏။ နေခုနစ်စင်းထွက်သောအခါ အာဘဿရာခေတ်ဟု ဆိုအပ်သော ကုဋေ တစ်သိန်းလုံး တစ်ပြိုင်နက် မီးလောင်ကုန်၏။

ဤနေခုနစ်စင်း ပေါ်ထွက်ပြီးလျှင် လောင်၍ မီးလျှံစဲသည့်တိုင်အောင် အန္တရကပ်ပေါင်း ၆၄–ကပ်နှင့်မျှသော ကာလပမာဏသည် တစ်ခုသော သံဝဋ္ဋ အသင်္ချေယျကပ်မည်၏။ မီးလျှံစဲသည်မှ စ၍ တစ်ဖန် ကမ္ဘာပြု မိုးရွာသည့်တိုင် အောင် ပျက်ပြီးလျှင် ဟင်းလင်းဖြစ်၍ အန္တရကပ်ပေါင်း ၆၄–ကပ်နှင့်မျှသော ကာလပမာဏသည် သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် မည်၏။ ကမ္ဘာပြုမိုးရွာသည်မှ စ၍ မြင်းမိုရ်တောင် နေ, လ နက္ခတ်တာရာ ပေါ်သည့်တိုင်အောင် အန္တရကပ် ပေါင်း ၆၄–ကပ်နှင့်မျှသော ကာလပမာဏသည် ဝိဝဋ္ဋ အသင်္ချေယျကပ် မည်၏။ မြင့်မိုရ်တောင် နေ, လ နက္ခတ်တာရာ ပေါ်သည်မှ စ၍ တစ်ဖန် ကမ္ဘာပျက်မိုး ရွာသည့်တိုင်အောင် အန္တရကပ်ပေါင်း ၆၄–ကပ်နှင့် မျှသော လူနေဖြစ်သော ကာလပမာဏသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် မည်၏။

## နိယတဗျာဒိတ်ရခြင်းအင်္ဂါရှစ်ပါး

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။

(ဗုဒ္ဓဝံသ–၁၁၁။)

မနုဿတ္တံ၊ လူစင်စစ်အဖြစ်လည်းကောင်း။ လိင်္ဂသမ္ပတ္တိ၊ ယောကျ်ားစင်စစ် ပုရိသ လိင်နှင့် ပြည့်စုံခြင်းလည်းကောင်း။ ဟေတု၊ တိဟိတ် ပဋိသန္ဓေ နေရခြင်း လည်းကောင်း။ (ဝါ) ထိုကိုယ်၌ပင် အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏ အကြောင်း ကောင်းမှုလည်းကောင်း။ သတ္ထာရဒဿနံ၊ ဘုရားကို ဖူးတွေ့ရခြင်းလည်းကောင်း။ ပဗ္ဗဇ္ဇာ၊ ရသေ့, ရဟန်းအဖြစ်ကို ရခြင်းလည်းကောင်း။ ဂုဏသမ္ပတ္တိ၊ ဈာန် အဘိညာဉ် သမာပတ် စသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံခြင်းလည်းကောင်း။ အဓိကာရောစ၊ ကိုယ်အသက်ကို စွန့်၍ လွန်ကဲသောကောင်းမှုကို ပြုခြင်းလည်း ကောင်း။ ဆန္ဒတာ၊ ဘုရားအဖြစ်၌ ပြင်းသော အလိုဆန္ဒရှိသော အဖြစ်လည်း ကောင်း။ (ဝါ) ဘုရားအဖြစ်ကို ပြုတတ်သော အကြောင်းဖြစ်သော ပါရမီတရား တို့ကို ဖြည့်ခြင်း၌ လွန်ကဲသော ဆန္ဒလည်းကောင်း။ အဋ္ဌဓမ္မသမောဓာနာ၊

ဤအကြောင်းတရားရှစ်ပါးတို့ပေါင်းအပ်သည်ဖြစ်၍။ အဘိနီဟာရော၊ ဘုရားဆုကို တောင်းအပ်သည်ရှိသော်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

## နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့ မဖြစ်ခြင်း ၁၈–ပါး

နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့သည် စက္ခုကန်းသောသူ မဖြစ်၊ နားပင်းသောသူ မဖြစ်၊ အ,အ အဆွံ့မဖြစ်၊ ဥဘတောဗျည်း နပုံးပဏ္ဍုက် မဖြစ်၊ အရူးမဖြစ်၊ အနုမဖြစ်၊ အရိုင်းအစိုင်း, မိစ္ဆာသွမ်းဆိုးသော လူမျိုးမဖြစ်၊ ကျွန်မဝမ်းမှာ မဖြစ်၊ မိန်းမ မဖြစ်၊ နိယတမိစ္ဆာဒိဋ္ဌိ အယူကို မယူ၊ ပဉ္စာနန္တရိယကံ ငါးပါးကို မပြုကုန်။

ခုပ္ပိပါသိကပြိတ္တာ နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာလကဉ္စိက ပြိတ္တာတို့၌ မဖြစ်။ အဝီစိငရဲ၊ လောကန္တရိက်ငရဲတို့၌ မဖြစ်၊ မာရ်နတ်မဖြစ်၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ, အရူပ လေးဘုံ၌မဖြစ်။ တစ်ပါးသော စကြဝဠာတို့၌ မဖြစ်, ငုံးအောက်ငယ်သော တိရစ္ဆာန်မဖြစ်။

ဧဝံ သမိဒ္ဓါဘိနီဟာရာ ဗောဓိသတ္တော ဣမာနိ အဋ္ဌာသရ အဘဗ္ဗဋ္ဌာနနိ န ဥပေတိ။ (ဓမ္မသင်္ဂဏီအဋ္ဌကထာ)

ဧဝံ၊ ဤသို့။ သမိဒ္ဓါဘိနီဟာရော၊ ပြည့်စုံပြီးသော ဆုတောင်းခြင်းရှိသော။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ဣမာနိအဋ္ဌာရသအဘဗ္ဗဋ္ဌာနာနိ၊ ဤတစ်ဆယ့်ရှစ်ပါးသော မဖြစ်ထိုက်သော အရပ်တို့သို့။ နဥပေတိ၊ ကပ်တော်မမူ၊ (ဝါ) ဖြစ်တော်မမူ။

## ပါရမီဆယ်ပါးဖြည့်သော ဘဝဇာတ်စဉ်အကျဉ်း

ဘုရားဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဒါနအစရှိသော ပါရမီဆယ်ပါးသည် အယုတ်, အလတ်, အမြတ်အားဖြင့်၊ ဒသပါရမီ, ဒသဥပပါရမီ, ဒသပရမတ္ထပါရမီ–ဟူ၍ သုံးပါး အပြားရှိသည်တွင် အပဖြစ်သော ပစ္စည်းကို စွန့်၍ ပါရမီဖြည့်ခြင်းသည် ဒသပါရမီမည်၏။ မျက်စိ, နား, နှာခေါင်း အစရှိသော ကိုယ်အင်္ဂါကို လှူ၍ ဖြည့်အပ်သော ပါရမီသည် ဒသဥပပါရမီမည်၏။ အသက်ကို စွန့်၍ ဖြည့်အပ်သော ပါရမီသည် ဒသပရမတ္ထပါရမီမည်၏။

သုမေဓာဖြစ်သည်မှ စ၍ တုသိတာနတ်ပြည်၌ ဖြစ်သည့်တိုင်အောင် ဖြည့်အပ်သော ပါရမီသည် ဒသပါရမီမည်၏။ သိဒ္ဓတ်မင်းအဖြစ်၌ ဖြည့်အပ်သော ပါရမီသည် ဒသဥပပါရမီမည်၏။ ဘုရားဖြစ်သည်မှ နိဗ္ဗာန်ယူသည့်တိုင်အောင် ဖြည့်အပ်သော ပါရမီသည် ဒသပရမတ္ထပါရမီမည်၏။

အကိတ္တိပုဏ္ဏား၊ သခ်ပုဏ္ဏား၊ ဓနဥ္စယမင်း၊ သုဒဿန စကြာမင်း၊ ဂေါဝိန္ဒ ပုဏ္ဏား၊ နေမိမင်း၊ စန္ဒကုမာရမင်း၊ ဝိသယှသူဌေး၊ သိဝိမင်း၊ ဝေဿန္တရာမင်း အစရှိသော ဘဝတို့၌ ဒါနပါရမီကို ဖြည့်တော်မူ၏။ ဤကဲ့သို့ ဖြည့်အပ်သော ဘဝတို့သည် အတိုင်းအရှည်မရှိ။

ယုန်မင်းဖြစ်သောအခါ ဆွမ်းအလို့ငှာ ရပ်လာသော ပုဏ္ဏားအား မီးပုံတွင်းသို့ ခုန်ဆင်း၍ အသက်ကိုစွန့်၍ လှူအပ်သော ဒါနပါရမီသည် ဒါနပရမတ္ထမည်၏။

သီလဝမင်း၊ စမ္ပေယျနဂါး၊ ဘူရိဒတ်နဂါး၊ ဆဒ္ဒန်ဆင်မင်း၊ ဇယဒိသမင်း၏ သားတော် အလီနသတ္တုမင်းသားဖြစ်သောဘဝ အစရှိသည်တို့၌ သီလပါရမီကို ဖြည့်တော်မူ၏။ ဤကဲ့သို့ ဖြည့်အပ်သောဘဝတို့သည် အတိုင်းအရှည် မရှိ။

သခ်ပါလ နဂါးမင်းဖြစ်သောအခါ တစ်ကျိပ်ခြောက်ယောက်သော မုဆိုးတို့၏ သားငယ်တို့သည် တံကျင်တို့ဖြင့် ရှစ်ပါးသော ဌာနတို့၌ ကြိမ်နွယ်လျှိုခြင်းငှာ ထိုးဖောက်သော်လည်းကောင်း၊ လှံမတို့ဖြင့် အားနည် ထိုးဆွသော်လည်းကောင်း၊ သီလပျက်မည်ကြောက်သောကြောင့် မုဆိုးသားတို့၌ အမျက်မထွက်၊ အသက်ကိုစွန့်၍ ဆောက်တည်အပ်သော သီလပါရမီသည် သီလပရမတ္ထပါရမီမည်၏။

သောမနဿမင်းသား၊ ဟတ္ထိပါလမင်းသား၊ အယောဃရ ပညာရှိဖြစ်သော ဘဝ အစရှိသည်တို့၌ နိက္ခမ္မပါရမီကို ဖြည့်တော်မူ၏။ ဤကဲ့သို့ ဖြည့်အပ်သော ဘဝတို့သည် အတိုင်းအရှည် မရှိ။

စူဠသုတသောမဖြစ်သောအခါ တိုင်းပြည်စည်းစိမ်ချမ်းသာကို တံတွေးပေါက် ကဲ့သို့ ငဲ့ကွက်ငြိတွယ်ခြင်းမရှိသည်ဖြစ်၍ စွန့်ပြီးလျှင် တောထွက်တော်မူသော နိက္ခမ္မပါရမီသည် နိက္ခမ္မပရမတ္ထပါရမီမည်၏။

ဝိဓုရပညာရှိ၊ ဂေါဝိန္ဒပညာရှိ၊ ကုဒ္ဒာလ ပညာရှိ၊ အာရက ပညာရှိ၊ ဗောဓိပရိဗိုဇ်၊ မဟောသဓာပညာရှိ အစရှိသောဘဝတို့၌ ပညာပါရမီကို ဖြည့်တော်မူ၏။ ဤကဲ့သို့ ဖြည့်အပ်သောဘဝတို့သည် အတိုင်းအရှည်မရှိ။

သတ္တုဘဿဇာတ်၌ သေနကပညာရှိဖြစ်သောအခါ ပညာဖြင့် စူးစမ်းဆင်ခြင်၍ ပုဏ္ဏားအိုအား သားရေအိတ်တွင်း၌ တည်သော မြွေဟောက်ကိုက်၍ သေအံ့သော ဘေးမှလွတ်စေခြင်း၊ ၎င်းမြွေဟောက်ကို အိတ်တွင်းမှထုတ်၍ မင်းနှင့်တကွသော ပရိသတ်အား ပြခြင်းပညာပါရမီသည် ပညာပရမတ္ထ ပါရမီမည်၏။

ဇနကမင်းဖြစ်သောအခါ သမုဒ္ဒရာ၏အလယ်၌ သင်္ဘောပျက်၍ ခုနစ်ရာသော သင်္ဘောသားတို့ သေကုန်သော်လည်း ခုနစ်ရက်ပတ်လုံး လက်ပစ်ကူးသော ဇနကမင်း၏ စိတ်သည် ဆုတ်နစ်တွန့်တိုခြင်းမရှိ၊ အားထုတ်ခြင်း၊ ဝီရိယပါရမီသည် ဝီရိယပရမတ္ထ ပါရမီမည်၏။

ခန္တီဝါဒရသေ့ ဖြစ်သောအခါ၌ စိတ်မရှိသောသစ်တုံးကို ခုတ်ဖြတ်သကဲ့သို့ ထက်စွာသော ပုဆိန်ဖြင့် သူသတ်ယောကျ်ားတို့ကို ခုတ်ဖြတ်စေသော ကလာဗုမင်း၌ အမျက်မထွက်မူ၍ သည်းခံခြင်း ခန္တီပါရမီသည် ခန္တီပရမတ္ထပါရမီမည်၏။

သုတသောမမင်းဖြစ်သောအခါ၌ သစ္စာစကားကို စောင့်ရှောက်သည်ဖြစ်၍ မိမိအသက်ကို စွန့်၍ တစ်ရာ့တစ်ယောက်သောမင်းတို့ကို သေဘေးမှလွတ်စေသော ဘုရားလောင်း၏ သစ္စာပါရမီသည် သစ္စာပရမတ္ထပါရမီမည်၏။ မူကပက္ခ (တေမိယ)ဇာတ်၌ အသက်ကို စွန့်၍ မအ,သော်လည်း အ,သကဲ့သို့၊ မဆွံ့သော်လည်း ဆွံ့သကဲ့သို့၊ နားမပင်းသော်လည်း နားပင်းသကဲ့သို့ ဆောက်တည်တော်မူသော အဓိဋ္ဌာန်ပါရမီသည် အဓိဋ္ဌာန်ပရမတ္ထပါရမီ မည်၏။

ဧကရာဇဇာတ်၌ ဧကရာဇ်မင်းဖြစ်သောအခါ တစ်စုံတစ်ယောက်သောသူသည် ဘုရားလောင်းကို မထိတ်လန့်စေ၊ တစ်စုံတစ်ယောက်သောသူအား ဘုရားလောင်း ကြောက်ရွံ့ခြင်းမရှိ။ မေတ္တာဘာဝနာ၏အစွမ်းဖြင့် အသက်ကို မငဲ့မူ၍ တော၌မွေ့လျော်သဖြင့် နေတော်မူသော ဘုရားလောင်း၏ မေတ္တာပါရမီတော်သည် မေတ္တာ ပရမတ္ထပါရမီ မည်၏။

လောမဟံသဇာတ်၌ သုသာန်၌ စွန့်ပစ်အပ်သော သူသေ၏အရိုးကို အနီး၌ထား၍ (ဝါ) ခေါင်းအုံး၍ အိပ်ခြင်းကို ပြု၏။ ထိုအခါ ရွာသူရွာသားတို့သည် လာကုန်၏။ များစွာသော ဖောက်ပြန်သော အမူအရာကိုလည်းကောင်း၊ တံတွေးထွေးခြင်း၊ ကျင်ငယ်စွန့်ခြင်းစသည်တို့လည်းကောင်း၊ ပန်းနံ့သာပူဇော်ခြင်းစသည်ကိုလည်းကောင်း၊ ချမ်းသာခြင်း ဆင်းရဲခြင်းကို ပြုကြကုန်သော်လည်းကောင်း၊ လျစ်လျူရှု၍နေသော ဘုရားလောင်း၏ ဥပေက္ခာပါရမီသည် ဥပေက္ခာပရမတ္ထ ပါရမီမည်၏။

# သစ္စာအနက် ၁၆-ချက်ကိုပြဆိုခြင်း

## ဒုက္ခသစ္စာ၏ အနက် ၄-ပါး

အားထုတ်ခြင်း၊ အားထုတ်တတ်သော (သ) သမုဒယသစ္စာကိုမြင်သဖြင့် ဒုက္ခသစ္စာ၏ ပြုပြင်တတ်သော (ပီဠနဋ္ဌ) နှိပ်စက်ညှဉ်းဆဲခြင်းသည် ဒုက္ခသစ္စာ၏ အနက်ရင်းဖြစ်သည်။ (သင်္ခတဋ္ဌ)ဟုဆိုအပ်သော ဒုတိယအနက်သည် ထင်ရှားဖြစ်၏။

ကိလေသာ၏ ပူပန်ခြင်းကို ငြိမ်းစေတတ်သော (မ) မဂ္ဂသစ္စာကို မြင်သဖြင့် ဒုက္ခသစ္စာ၏ ပူပန်စေတတ်သော (သန္တာပဋ္ဌ) ဟု ဆိုအပ်သော တတိယအနက်သည် ထင်ရှားဖြစ်၏။

ဖောက်ပြန်တတ်သော သဘောမရှိသော (နိ) နိရောဓသစ္စာကို မြင်သဖြင့် ဒုက္ခသစ္စာ၏ ဖောက်ပြန်တတ်သော (ဝိပရိဏာမဋ္ဌ) ဟု ဆိုအပ်သော စတုတ္ထအနက်သည် ထင်ရှားဖြစ်၏။

## သမုဒယသစ္စာ၏ အနက် ၄-ပါး

အကျိုးဖြစ်သော (ဒု) ဒုက္ခသစ္စာကိုမြင်သဖြင့် သမုဒယသစ္စာ၏ အကြောင်းဖြစ်သော (အာယူဟနဋ္ဌ) အားထုတ်ခြင်းသည် သမုဒယသစ္စာ၏ အနက်ရင်းဖြစ်သည်။ (နိဒါနဋ္ဌ) ဟုဆိုအပ်သော ဒုတိယအနက်သည် ထင်ရှားဖြစ်၏။

ဝဋ်နှင့် ရှည်ခြင်းမှကင်းသော (နိ) နိရောဓသစ္စာကိုမြင်သဖြင့် သမုဒယသစ္စာ၏ ဝဋ်နှင့်ရှည်စေတတ်သော (သံယောဂဋ္ဌ) ဟုဆိုအပ်သော တတိယအနက်သည် ထင်ရှားဖြစ်၏။

သံသရာဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော (မ) မဂ္ဂသစ္စာကို မြင်သဖြင့် သမုဒယသစ္စာ၏ ကိလေသာဖြင့် နိဗ္ဗာန်ကို နှောင့်ယှက်တတ်သော (ပလိဗောဓဋ္ဌ) ဟု ဆိုအပ်သော စတုတ္ထအနက်သည် ထင်ရှားဖြစ်၏။

## နိရောဓသစ္စာ၏ အနက် ၄-ပါး

ကိလေသာမှ မကင်းသော (သ) သမုဒယသစ္စာကို မြင်သဖြင့် နိရောဓသစ္စာ၏ ကိလေသာမှ ကင်းသော (နိဿရဏဋ္ဌ) သံသရာဝဋ်မှ ထွက်မြောက်ကြောင်းသည် နိရောဓသစ္စာ၏ အနက်ရင်း ဖြစ်သည်။ (ဝိဝေကဋ္ဌ) ဟုဆိုအပ်သော ဒုတိယအနက်သည် ထင်ရှားဖြစ်၏။

ပြုပြင်တတ်သော (မ) မဂ္ဂသစ္စာကိုမြင်သဖြင့် နိရောဓသစ္စာ၏ ပြုပြင်ခြင်းမရှိသော (အသင်္ခတဋ္ဌ) ဟုဆိုအပ်သော တတိယအနက်သည် ထင်ရှားဖြစ်၏။

သေခြင်းမကင်းသော (ဒု) ဒုက္ခသစ္စာကိုမြင်သဖြင့် နိရောဓသစ္စာ၏ သေခြင်းမရှိသော (အမတဋ္ဌ) ဟု ဆိုအပ်သော စတုတ္ထအနက်သည် ထင်စွာဖြစ်၏။

## မဂ္ဂသစ္စာ၏ အနက် ၄-ပါး

နိဗ္ဗာန်သို့ရောက်ကြောင်းမဟုတ်သော (သ) သမုဒယသစ္စာကိုမြင်သဖြင့် မဂ္ဂသစ္စာ၏ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော (နိယျာနဋ္ဌ) သံသရာဝဋ်မှ ထွက်မြောက်ကြောင်းသည် မဂ္ဂသစ္စာ၏ အနက်ရင်းဖြစ်သည်။ (ဟေတွဋ္ဌ) ဟု ဆိုအပ်သော ဒုတိယအနက်သည် ထင်စွာဖြစ်၏။

အာရုံပြုအပ် မြင်အပ်သော (နိ) နိရောဓသစ္စာကိုမြင်သဖြင့် မဂ္ဂသစ္စာ၏ နိဗ္ဗာန်ကို မြင်တတ်သော (ဒဿနဋ္ဌ) ဟုဆိုအပ်သော တတိယအနက်သည် ထင်စွာဖြစ်၏။

ဆင်းရဲသော (ဒု) ဒုက္ခသစ္စာကိုမြင်သဖြင့် မဂ္ဂသစ္စာ၏ ကြီးမားမြင့်မြတ် အစိုးရသော (အာဓိပတေယျဋ္ဌ) ဟု ဆိုအပ်သော စတုတ္ထအနက်သည် ထင်စွာ ဖြစ်၏။

ဤကား သစ္စာတစ်ပါးတို့၌ အနက်ခင်း တစ်ပါး တစ်ပါးကို မြင်သဖြင့် သုံးပါး သုံးပါးသော သစ္စာကိုမြင်၍ သုံးပါး သုံးပါးသော အနက်ထင်သည်ကို အကြောင်းပြု၍ သစ္စာအနက် တစ်ဆယ့်ခြောက်ချက်ကို ပြခြင်းဖြစ်၏။

## နေ့, လ ဂြိုဟ်သွားခရီး

တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှ တပေါင်းလပြည့်နေ့ထိ လေးလ သည် ဗာဟီရဝီထိ မည်၏။ ၎င်းဝီထိသည်ပင် အဇဝီထိ မည်၏။

တော်သလင်းလပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ၊ တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှ ကဆုန်လပြည့်နေ့ထိ လေးလသည် မဇ္ဈေဝီထိ မည်၏။ ၎င်းဝီထိသည်ပင် ဂေါဏဝီထိ မည်၏။

ကဆုန်လပြည့်ကျော် တစ်ရက်နေ့မှ တော်သလင်းလပြည့်နေ့ထိ လေးလ သည် အဗ္ဘန္တရဝီထိမည်၏။ ၎င်းဝီထိသည်ပင် နာဂဝီထိ မည်၏။

ကမ္ဘာဦးက တပေါင်းလပြည့် တနင်္ဂနွေနေ့၊ မဇ္ဈေဝီထိ ဥတ္တရာဘဒြပိုဒ် နှင့် ယှဉ်လျက် နေပေါ်ထွက်လာ၏။ တစ်နာရီ ငါးသောင်းသွား၏။ ၎င်းလမှာ နေ့နာရီ ၂၈-နာရီ ရှိသောကြောင့် တစ်နေ့အဖို့၌ တစ်သန်းလေးသိန်းခရီးကို သွား၍ မြင်းမိုရ်တောင် ကွယ်သဖြင့် နေဝင်၏။

နေ၏အရောင်သည် လေးမျက်နှာ ၉–သန်း ၉–သိန်းစီလင်း၏။ တစ်နည်းကား ၉–သိန်းစီလင်း၏။ ၎င်းလမှာ ညနာရီ ၃၂–နာရီရှိသောကြောင့် ညအဖို့၌ တစ်သန်း ခြောက်သိန်းခရီးကို သွား၍ တစ်ဖန် နေထွက်လာပြန်၏၊ နေ့နှင့် ညကို ပေါင်းသော တစ်ရက်၌ သုံးသန်းရှိသော ခရီးကို သွား၏။

၎င်းလပြည့်နေ့ နေဝင်၍ ညရောက်သောအခါ မဇ္ဈေဝီထိ ဥတ္တရာဘရဂုဏ်နှင့် ယှဉ်လျက် လပေါ်ထွက်လာပြန်၏။ တစ်နာရီကို လေးသောင်း ရှစ်ထောင် သုံးရာ သုံးဆယ် သုံးယူဇနာ တစ်ဂါဝုတ် နှစ်ဥသဘ တစ်ဆယ့်သုံးတာသွား၏။ ၎င်းလမှာ ညနာရီ ၃၂–နာရီရှိသောကြောင့် တစ်ညဥ့်အဖို့၌ တစ်သန်း ငါးသိန်း လေးသောင်း ခြောက်ထောင် ခြောက်ရာ ခြောက်ဆယ် ခြောက်ယူဇနာ နှစ်ဂါဝုတ် လေးဥသဘ နှစ်ဆယ့်ခြောက်တာ သွား၍ ဝင်၏။ တစ်ရက်၌ နှစ်သန်း၊ ကိုးသိန်း သွား၏။ နေနှင့်လ တစ်သန်း ငါးသိန်းခြား၏။ နေသည် လထက် လွန်၍ တစ်နေ့လျှင် တစ်သိန်း တစ်သိန်း သွား၏။ လကွယ်နေ့ရောက်လျှင် တစ်သန်း ငါးသိန်းလုံးကို အကုန်မှီ၍ လကွယ်လေ၏။ လဆန်းတစ်ရက်နေ့ရောက်လျှင် နေက လကို တစ်သန်းလွန်၍ သွား၏။

နေသည် တစ်ရာသီ၌ တစ်လနေ၏။ လသည် တစ်ရာသီ၌ နှစ်ရက်နှင့် တစ်ပိုင်းနေ၏။ ဗုဒ္ဓဟူးဂြိုဟ် တစ်ရာသီ၌ တစ်လနေ၏။ သောကြာ တစ်လ၊ အင်္ဂါ ၂–လ၊ ကြာသပတေး ဆယ်လ၊ ရာဟု ၁၈–လ၊ စနေလ သုံးဆယ်နေကြ၏။

## လေးကျွန်းနေဝင်နေထွက်နှင့် မြတ်စွာဘုရားဆွမ်းခံချိန်

တန်ခူးလ၊ သီတင်းကျွတ်လမှာ အရှေ့ကျွန်း နေတစ်ခြမ်းဝင်၊ အနောက်ကျွန်း နေတစ်ခြမ်းထွက်၊ တောင်ကျွန်း မွန်းတည့်၊ မြောက်ကျွန်း သန်းခေါင်အခါ ဖြစ်၏။ သုံးကျွန်းလင်း၏။

ကဆုန်လ၊ တော်သလင်းလမှာ အရှေ့ကျွန်း မွန်းမတည့်မီ တစ်နာရီက တောင်ကျွန်းနေထွက်၊ အရှေ့ကျွန်းမွန်းတည့်လျှင် မြောက်ကျွန်းနေဝင်၊ အနောက်ကျွန်း သန်းခေါင်မတိုင်မီ တစ်နာရီဖြစ်၏။ တစ်နာရီခန့် သုံးကျွန်းလင်း၏။

နယုန်လ၊ ဝါခေါင်လမှာ အရှေ့ကျွန်း မွန်းမတည့်မီ ၂–နာရီက တောင်ကျွန်းမှာ နေထွက်သည်၊ အရှေ့ကျွန်း မွန်းတည့်လျှင် မြောက်ကျွန်းမှာ နေဝင်သည်။ အနောက်ကျွန်းမှာ သန်းခေါင်မတိုင်မီ ၂–နာရီအချိန်ဖြစ်၏။ ၎င်းနှစ်လ၌ ၂–နာရီခန့် သုံးကျွန်းလုံး တစ်ပြိုင်နက် လင်းသည်။

မြတ်စွာဘုရားသခင်သည် ဝါခေါင်လ၌ မြောက်ကျွန်းသို့ကြွ၍ ဆွမ်းခံတော်မူသော အချိန်သည် တောင်ကျွန်းမှာ နေထွက်၊ မြောက်ကျွန်းမှာ နေမဝင်မီ တစ်နာရီကျော် ၂–နာရီခန့်အချိန်၌ ခံတော်မူသည်။

ဝါဆိုလမှာ အရှေ့ကျွန်း မွန်းမတည့်မီ ၄–နာရီက တောင်ကျွန်းမှာ နေထွက်သည်။ အရှေ့ကျွန်းမှာ မွန်းတည့်လျှင် မြောက်ကျွန်းမှာ နေဝင်သည်။ အနောက်ကျွန်းမှာ သန်းခေါင်မတိုင်မီ ၃–နာရီခန့် အချိန်ဖြစ်၏။ ၎င်းလ၌ ၃–နာရီခန့် သုံးကျွန်းလုံး တစ်ပြိုင်နက် လင်းသည်။

မြတ်စွာဘုရားသခင်သည် ၎င်းလ၌ မြောက်ကျွန်းသို့ကြွ၍ ဆွမ်းခံတော်မူသော အချိန်သည် တောင်ကျွန်းမှာ နေထွက်၊ မြောက်ကျွန်းမှာ ညနေ ၂–နာရီကျော် ၃–နာရီခန့်အချိန်၌ ခံတော်မူသည်။

တန်ဆောင်မုန်းလ၊ တပေါင်းလမှာ အရှေ့ကျွန်း မွန်းလွဲတစ်နာရီရှိမှ တောင်ကျွန်းမှာ နေထွက်သည်။ အရှေ့ကျွန်းမှာ မွန်းတည့်လျှင် မြောက်ကျွန်းမှာ နေဝင်သည်။ အနောက်ကျွန်းမှာ သန်းခေါင်ကျော် တစ်နာရီအချိန် ဖြစ်၏။ ၎င်းနှစ်လ၌ တစ်နာရီခန့်သာ နှစ်ကျွန်း တစ်ပြိုင်နက်လင်းသည်။

နတ်တော်လ၊ တပို့တွဲလမှာ အရှေ့ကျွန်း မွန်းလွဲ နှစ်နာရီရှိမှ တောင်ကျွန်းမှာ နေထွက်သည်။ အရှေ့ကျွန်းမှာ မွန်းတည့်လျှင် မြောက်ကျွန်းမှာ နေဝင်သည်။ အနောက်ကျွန်းမှာ သန်းခေါင်ကျော် ၂–နာရီအချိန် ဖြစ်၏။ ၎င်းနှစ်လ၌ ၂–နာရီခန့်သာ နှစ်ကျွန်းလုံး တစ်ပြိုင်နက်လင်းသည်။

ပြာသိုလမှာ အရှေ့ကျွန်းမွန်းလွဲ ၃–နာရီရှိမှ တောင်ကျွန်းမှာ နေထွက်သည်။ အရှေ့ကျွန်းမှာ မွန်းတည့်လျှင် မြောက်ကျွန်းမှာ နေဝင်သည်။ အနောက်ကျွန်းမှာ သန်းခေါင်ကျော် ၃–နာရီအချိန်ဖြစ်၏။ ၎င်းလ၌ ၃–နာရီခန့်သာ နှစ်ကျွန်းလုံး တစ်ပြိုင်နက် လင်းသည်။

မြတ်စွာဘုရားသခင်သည် သီတင်းကျွတ်လ၌ မြောက်ကျွန်းသို့ ကြွ၍ ဆွမ်းခံတော်မူသောအချိန်သည် တောင်ကျွန်းမှာ နေတစ်ခြမ်းထွက်၊ မြောက်ကျွန်းမှာ နေတစ်ခြမ်းဝင် အချိန်တွင် ခံတော်မူသည်။

မြတ်စွာဘုရားသခင်သည် တော်သလင်းလ၌ မြောက်ကျွန်းသို့ ကြွ၍ ဆွမ်းခံတော်မူသော အချိန်သည် တောင်ကျွန်းမှာ နေထွက် မြောက်ကျွန်းမှာ နေမဝင်မီ တစ်နာရီအချိန်တွင် ခံတော်မူသည်။

## စကား ခြောက်ခွန်း

အကြင်စကားသည် ဟုတ်လည်း မဟုတ်၊ မှန်လည်း မမှန်၊ အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားကို မဆိုမပြောပါနှင့်။

အကြင်စကားသည် ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားကို မဆိုမပြောပါနှင့်။

အကြင်စကားသည် ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးစီးပွားနှင့်လည်း စပ်၏။ သူတစ်ပါးတို့လည်း မနှစ်သက်။ ထိုစကားကို ဆိုတော့ပြောတော့။

အကြင်စကားသည် ဟုတ်လည်း မဟုတ်၊ မှန်လည်း မမှန်။ အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးတို့လည်း နှစ်သက်၏။ ထိုစကားကို မပြောပါနှင့်။

အကြင်စကားသည် ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးစီးပွားနှင့်လည်း မစပ်။ သူတစ်ပါးတို့လည်း နှစ်သက်၏။ ထိုစကားကို မဆိုမပြောပါနှင့်။

အကြင်စကားသည် ဟုတ်လည်း ဟုတ်၏။ မှန်လည်း မှန်၏။ အကျိုးစီးပွားနှင့်လည်း စပ်၏။ သူတစ်ပါးတို့လည်း နှစ်သက်၏။ ထိုစကားကို ဆိုတော့ပြောတော့။

## နိဂုံး

ဤသို့ ပဋိသန္ဓေနေတော်မူသည်မှ စ၍ ကဆုန်လပြည့် အင်္ဂါနေ့ည မိုးသောက်ယံအခါ၌ ပရိနိဗ္ဗာန် ပြုတော်မူသည်နောက်၊ ၎င်းလပြည့်ကျော် ၁၂–ရက်၊ တနင်္ဂနွေနေ့ ညချမ်းအခါ ထင်းပုံအပြင် တစ်ထပ် အတွင်းတစ်ထပ်ဖြင့် တကွ အလောင်းတော်ကို မီးလောင်သည့်တိုင်အောင်သော အတ္ထုပ္ပတ္တိ စကား အစဉ်သည် စေတီဖြစ်ခြင်း၏ အကြောင်းကို ပြသော စကားစုမျှသာ ဖြစ်သည်။

အလောင်းတော်ကို မီးလောင်ရာ ပထမဝါဂွမ်းထပ်ပေါ်၌ အစိတ်စိတ် ကွဲပြား၍ တည်သော သမ္ပိန္နဓာတ်၊ မကွဲမပြား မပျက်စီးဘဲ တည်သော အသမ္ပိန္နဓာတ် ၎င်းဓာတ်နှစ်ပါးတို့၏ အဆင်းပမာဏ ကွမ်းစား ရောက်ရာ တည်ရာဌာနအားဖြင့် ပညာသုတကို လိုလားသော အမျိုးသား, အမျိုးသမီးတို့အား သဒ္ဓါ စေတနာနှင့် တကွ လှူဒါန်းပူဇော်ခြင်းကို ယုံယုံကြည်ကြည် ပြုကြသဖြင့် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရောက်စိမ့်သောငှာ မြန်မာဘာသာဖြင့် မန်ကျည်းပင် ဘုန်းတော်ကြီးသည် ရေးသားပေါင်းစု စီရင်ပြုအပ်သော **"စေတိယ ပကာသနီ"** အမည်ရှိသော ဤကျမ်းစာသည် ဤတွင် အပြီးအဆုံး နိဂုံးကမ္ပတ် အပြီးသတ် ခြင်းသို့ ရောက်၏။

# စေတီယပကာသနီကျမ်း

## နောက်ဆက်တွဲ (က)

# စေတီဘုရားတည်ထားကိုးကွယ်နည်း

စေတီတော်တည်မည်ဆိုလျှင် ဦးစွာပထမ ပြုလုပ်ရန် ကိစ္စမှာ မြေသန့်မင်္ဂလာဖြစ်သည်။

မြေသန့်မင်္ဂလာဟူရာ၌–

၁။ မြေရှင်းခြင်း

၂။ မြေညှိခြင်းတို့ကို ဦးစွာပထမ ပြုလုပ်ဆောင်ရွက်ရမည်။

ထိုကိစ္စနှစ်မျိုးကို ဆောင်ရွက်ပြီးမှ မြေသန့်မင်္ဂလာ ပြုလုပ်ရပါသည်။

## (၁) မြေရှင်းခြင်း

မြေရှင်းခြင်းဆိုသည်မှာ စေတီတော်တည်မည့်နေရာတွင် သစ်ပင် ချုံနွယ်များ ရှုပ်ထွေးနေပါက ထိုသစ်ပင် ချုံနွယ်များကို ဦးစွာပထမ ခုတ်ထွင်ရှင်းလင်းပစ်ရမည်။

ထိုသို့ ခုတ်ထွင်ရှင်းလင်းရာ၌ အရပ်လေးမျက်နှာ ဘေးပတ်လည်တွင် သစ်ကြီး ဝါးကြီးများ ပေါက်ရောက်နေပါက မခုတ်ထွင် မရှင်းလင်းဘဲ ဘေး၌ ခြံစည်းရိုးသဖွယ် ထားနိုင်သည်။

သို့သော် ထိုသစ်ကြီး ဝါးကြီးများသည် အနှစ်ရှိသော သစ်ပင်မျိုးဖြစ်ရပေမည်။ သစ်ကြီး ဝါးကြီး အပင်ကြီးများ၏ အမည်ဝေါဟာရမှာလည်း မင်္ဂလာရှိသော သစ်ပင်များ၏အမည်များ ဖြစ်စေရမည်။

မှတ်ချက်။ ။အနှစ်ရှိသော သစ်ပင်ဆိုသည်မှာ အခေါင်းပွ သစ်ပင်မျိုးမဟုတ်ဘဲ အလယ်တွင် အနှစ်မာကြောသော အပင်ကို ဆိုလိုပါသည်။ မင်္ဂလာရှိသော သစ်ပင်၏ နာမည်ဆိုလိုသည်မှာ သပြေပင်၊ ခရေပင်၊ အင်ကြင်းပင်၊ စိန်ပန်းပင် စသည်တို့ကို ဆိုလိုပါသည်။ အနှစ်လည်း မရှိ၊ မင်္ဂလာလည်း မရှိသော သစ်ပင်ဆိုသည်မှာ လက်ပံ၊ လက်ခုပ် စသော အပင်မျိုးကို ဆိုလိုပါသည်။

ထို လေးမျက်နှာပတ်လည်တွင် အထက်က ဖော်ပြခဲ့သော မင်္ဂလာရှိသော အနှစ်သာရရှိသော အပင်များကို ချန်လှပ်၍ ကျန် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပစ်ရမည်။

ဤလုပ်ငန်းကို "မြေရှင်းခြင်းလုပ်ငန်း" ဟု ဆိုလိုပါသည်။ ဦးစွာပထမ လုပ်ရမည့်လုပ်ငန်း ဖြစ်သည်။

## (၂) မြေညှိခြင်း

ချုံနွယ် ပိတ်ပေါင်းများကို ခုတ်ထွင်၍ မြေရှင်းပြီးပါက မြေပြင်ကို စည် မျက်နှာပြင်ကဲ့သို့ ညီနေအောင် ညှိနှိုင်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

ထိုဘုရားတည်မည့် မြေနေရာသည် ပထမ မြေရှင်းပြီးပါက ကုန်းတော်မြေ နေရာသည် တစ်ဖက်နိမ့်၊ တစ်ဖက်မြင့်ဖြစ်နေပါက မြင့်မောက်နေသော နေရာမှ မြေများကို တူးယူလျက် နိမ့်နေသော ဘက်သို့ ဖို့၍ တစ်ပြေးညီဖြစ်အောင် ညှိပေးရပါသည်။

စေတီတည်ရမည့် ကုန်းမြေပြင်တစ်ခုလုံးသည် အနိမ့်၊ အမြင့် ညီညီညာညာ ဖြင့် အပြန့်တစ်ပြေးတည်း ပြန့်ပြူးသာယာစွာ ရှိနေရမည်။

ထိုသို့ မြေရှင်းခြင်းနှင့် မြေညှိခြင်း နှစ်မျိုးစလုံး ဆောင်ရွက်ပြီးစီးသော အခါမှသာ မြေသန့်မင်္ဂလာပြုလုပ်ရမြဲ ဖြစ်ပေသည်။

## (၃) မြေသန့်မင်္ဂလာ

မြေသန့်မင်္ဂလာဆိုသည်မှာ ချုံနွယ် ပိတ်ပေါင်းများကို ရှင်းလင်း၍ မြေကြီး ကို တစ်ပြေးညီ ညှိထားပြီးသော ကုန်းမြေ၌ နေ့ကောင်းရက်သာ ရွေးချယ်ပြီး သံဃာတော်အရှင်မြတ်များကို ပင့်ဖိတ်ကာ သိမ်နုတ်ကမ္မဝါရွတ်ဖတ်ခြင်း၊ ပရိတ် တော် ဒေသနာ ရွတ်ဖတ်ခြင်းတို့ဖြင့် မြေသန့်မင်္ဂလာပြုလုပ်ရပေသည်။

မြေသန့်မင်္ဂလာပြုလုပ်ရာ၌ သံဃာတော်အရှင်မြတ်များ ပရိတ်တော်ရွတ်ရာတွင် ထားရှိရမည့် ပစ္စည်းများမှာ—

၁။ ပရိတ်တော်ပန်းအိုး
၂။ ပရိတ်တော်ချည်မျှင်၊ ချည်ခင်
၃။ ပရိတ်တော်ရေစင်
၄။ ပရိတ်တော်သဲ
၅။ ပရိတ်တော်ကျောက်စရစ်ခဲ (၂၄) လုံးစီ ထည့်ထားသော အိုး (၉) လုံး။

တို့ကို ကြိုတင်ပြင်ဆင်ပြီး ဆရာတော်သံဃာတော်များ၏ ရှေ့တွင် ထားရှိရမည်။

ဆရာတော်သံဃာတော်များ ပရိတ်ဒေသနာရွတ်ဖတ် ချီးမြှင့်ပြီးစီးသော အခါတွင် ပရိတ်တော် ကျောက်စရစ်ခဲ (၂၄) လုံးစီ ထည့်ထားသော မြေအိုးငယ် (၈) လုံးကို အရပ်ရှစ်မျက်နှာတွင် တစ်လုံးကျစီ မြေတွင်း၌ မြှုပ်နှံရပါမည်။ အရပ်ရှစ်မျက်နှာ ရှစ်ထောင့်တွင် တစ်လုံးစီ မြှုပ်နှံပြီး အလယ်ဗဟိုတွင် အိုး (၁) လုံး မြှုပ်နှံရမည်။

ထိုပရိတ်တော်ကျောက်စရစ်ခဲ (၂၄) လုံးစီ ထည့်ထားသော အိုးငယ် (၉) လုံးကို မြှုပ်နှံပြီးသောအခါ ပရိတ်တော်သဲများကို ကုန်းတော်အနှံ့ လိုက်လံ၍ အရပ်ရှစ်မျက်နှာပတ်မိအောင် ပက်ဖြန်းရမည်။

**မှတ်ချက်။** ။ရှေးက ပရိတ်သဲ ဖြူးသော နည်းတစ်နည်းမှာ မြေအိုးသစ်တစ်လုံးထဲတွင် ပရိတော်သဲများကို ထည့်၍ တနင်္ဂနွေထောင့်သို့ ယူသွားပြီး ထိုမြေအိုး၏အောက်ပိုင်းကို အလယ်မှ လက်သန်းခန့်အပေါက် တစ်ပေါက်ဖောက်လိုက်ရာ သဲများကျလာသည်။ ထိုပရိတ်တော်သဲအိုးကို တနင်္ဂနွေထောင့်မှ လက်ယာရစ်ချီမ,၍ ကိုင်သွားခြင်းဖြင့် အရပ်ရှစ်မျက်နှာပတ်မိအောင် သဲများ အနှံ့အပြားကျ၍ ဖြူးပြီးသား ဖြစ်ပေတော့သည်။

ထိုသို့ ပရိတ်တော်သဲများ အရပ်ရှစ်မျက်နှာ ပတ်မိအောင် ဖြူးပြီးသော အခါ အလယ်ကုန်းမြေပေါ်တွင်လည်း အနှံ့အပြား သဲများကို ပက်ဖြူးရမည်။

ပရိတ်တော်သဲများ ဖြူးပြီးသောအခါတွင် ပရိတ်တော် ရေစင်များကို အထက်နည်းအတိုင်း အရပ်ရှစ်မျက်နှာပတ်မိအောင် ဖျန်းရပါမည်။ အရပ်ရှစ်မျက်နှာ

ပိတ်မိအောင် ရေစင်ဖျန်းပြီးသောအခါ ရေးနည်းအတိုင်း အလယ်ဗဟိုကုန်းတော်မှ စ၍ ကုန်းတော်တစ်ပြင်လုံးကို ပရိတ်တော်သဲများ ပက်ဖြူးသကဲ့သို့ ပရိတ်တော်ရေစင်များကိုလည်း ပက်ဖျန်းရမည်။

ပရိတ်တော်သဲဖြူး၍ ပရိတ်တော်ရေစင်များ ပက်ဖျန်းပြီးသောအခါ ပရိတ်တော် ချည်မျှင်ကို ဘေးပတ်ပတ်လည်ရှိ သစ်ပင်ကြီးများပေါ်သို့ တက်၍ လေးမျက်နှာပတ်မိအောင် ချည်ရမည်။

ဤသည်မှာ မြေသန့်မင်္ဂလာ၏ လုပ်ထုံး ရေးစနစ်ဖြစ်သော လောကုတ္တရာနည်း အစီအရင်တော်ဖြစ်သည်။

ဤသို့ လောကုတ္တရာနည်း အစီအရင်ဖြင့် မြေသန့်ပြီးနောက် လောကီအစီအရင်ဖြင့် ရေးမူအတိုင်း ဆက်လက်စီရင်ရဦးမည် ဖြစ်ပေသည်။

လောကီအစီအရင်ဆိုသည်မှာ ရှေးဆရာတော်၊ သမားတော်ကြီးများ လိုက်နာပြုလုပ်သုံးစွဲခဲ့သော နည်းဖြစ်သည့်—

ရှေးထုံးရှေးနည်း နည်းအရ ကန်တော့ပွဲ (၁၂) ပွဲပြင်၍ မြေစောင့်နတ်နှင့် ဂြိုဟ်နတ်တို့အား ဗလိနတ်စာကျွေးမွေးပြီး ဘုရားကိုးဆူကပ်ခြင်းမင်္ဂလာ ဖြစ်ပေသည်။

ထိုအခမ်းအနားအတွက် စီရင်ပုံမှာ ကုန်းတော်အလယ်တွင် မဏ္ဍပ်ထိုး၍ ဘုရားကိုးဆူ ကန်တော့ပွဲတစ်ပွဲနှင့် ဂြိုဟ်ကြီး (၉) လုံးအတွက် ကန်တော့ပွဲတစ်ပွဲ ပြင်ထားရမည်။

အရပ်ရှစ်မျက်နှာ ရှစ်ထောင့်တွင် မဏ္ဍပ်ရှစ်ဆောင်ထိုး၍ သက်ဆိုင်ရာ ကန်တော့ပွဲများကို ပြင်ဆင်ထားရမည်။

ပြင်ဆင်ထားရမည့် ကန်တော့ပွဲများမှာ—

(က) တနင်္ဂနွေထောင့်မဏ္ဍပ်တွင် ဂဠုန်မင်းအတွက် ကန်တော့ပွဲတစ်ပွဲ။

(ခ) တနင်္လာထောင့်မဏ္ဍပ်တွင် သိဒ္ဓိရှင်ဝိဇ္ဇာမိုရ် ရသေ့ရှစ်သောင်းအတွက် ကန်တော့ပွဲတစ်ပွဲ။

(ဂ) အင်္ဂါထောင့်မဏ္ဍပ်တွင် ဗြဟ္မာမင်းကြီးနှင့် သိကြားမင်းကြီးအတွက် ကန်တော့ပွဲတစ်ပွဲ။

(ဃ) ဗုဒ္ဓဟူးထောင့်မဏ္ဍပ်တွင် မိုးနတ်သားနှင့် လေနတ်သားအတွက် ကန်တော့ပွဲတစ်ပွဲ။

(င) စနေထောင့်မဏ္ဍပ်တွင် နဂါးမင်းကြီးများအတွက် ကန်တော့ပွဲတစ်ပွဲ။

(စ) ကြာသပတေးထောင့်မဏ္ဍပ်တွင် ဝသုန္ဒြေမြေစောင့်နတ်မင်းကြီး အတွက် ကန်တော့ပွဲတစ်ပွဲ။

(ဆ) ရာဟုထောင့်မဏ္ဍပ်တွင် သာသနာစောင့် ယက္ခသေနာပတိ နတ်ဘီလူးမင်းကြီးအတွက် ကန်တော့ပွဲတစ်ပွဲ။

(ဇ) သောကြာထောင့်မဏ္ဍပ်တွင် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်မင်းကြီးများအတွက် ကန်တော့ပွဲတစ်ပွဲနှင့်

ဒေသန္တရ နတ်မင်းများအတွက် ကန်တော့ပွဲတစ်ပွဲပါ ကန်တော့ပွဲ (၂)ပွဲ ထားရှိရမည်။

ထိုကဲ့သို့ မဏ္ဍပ် ကိုးဆောင်နှင့် ကန်တော့ပွဲ (၁၂)ပွဲ ပြင်ဆင်ပြီးသော အခါတွင် နေ့ကောင်းရက်သာ ရွေး၍ ဗလိပူဇာပွဲကို (၃)ရက် ပူဇော်ရမည်။

ပထမရက်တွင် ဘုရားကိုးဆူ ကပ်လှူပူဇော်၍ ဂြိုဟ်စာကျွေးမွေးရ၏။

ဒုတိယရက်တွင် မဏ္ဍပ်ရှစ်ဆောင် အတွင်းရှိ နတ်မင်းကြီးများအား ဗလိနတ်စာ ကျွေးမွေးပူဇော်ရ၏။

တတိယရက်တွင် စနေထောင့်မဏ္ဍပ်ရှေ့၌ နဂါးစာ ကျွေးရ၏။

**မှတ်ချက်။** ။ဘုရားကိုးဆူ ပူဇော်ခြင်းနှင့် ဗလိနတ်စာကျွေးမွေးရာတွင် ပြင်ဆင်ရန်မှာ အုန်းဆွမ်း၊ နို့ဆွမ်း၊ ထောပတ်ဆွမ်းတစ်မျိုးမျိုးချက်၍ သစ်သီး (၃)မျိုး၊ မုန့် (၃)မျိုး၊ ယို (၃)မျိုး၊ ပန်း (၃)မျိုးဖြင့် အမယ်ပေါင်း (၁၂)မျိုးပါသော ဆွမ်းပွဲကပ်၍ ဗလိနတ်စာ ကျွေးမွေးရမည်။

ဤဗလိနတ်စာကျွေးမွေးခြင်း အစဉ်အလာမှာ ရှေးရေးသော ဘုရားကိုးဆူကပ် ဆရာကြီးများ ကျွမ်းကျင်စွာ ပြုလုပ်စီမံပေးတတ်ကြပါသည်။

တတိယရက် နောက်ဆုံးနေ့တွင် နဂါးစာကျွေးသည်ဆိုခြင်းမှာ—

စနေထောင့်မဏ္ဍပ်ရှေ့တွင် မြေတွင်းတူး၍ ပထမတူးယူ၍ ရသောမြေစာကို တွင်း၏ညာဘက်တွင် ပုံ၍ထားပြီး ဒုတိယတူးယူ၍ရသော မြေစာများကို တွင်း၏ ဘယ်ဘက်တွင် ပုံ၍ထားပြီးလျှင် တွင်းထဲသို့ နံ့သာပုငှက်ပျောသီးကို အခွံနွှာပြီး ပေါက်ပေါက်နှင့် ပျားရည်ထည့်၍ ရောနယ်ပြီး တွင်းထဲသို့ထည့်ရမည်။ ထိုနဂါး

စာများ တွင်းထဲသို့ထည့်ပြီးပါက ဦးစွာပထမ တူးယူရရှိသော တွင်း၏ညာဘက်ရှိ မြေစာကို တွင်းထဲသို့ ပထမထည့်၍ ဖုံးရမည်။

ထို့နောက် ဒုတိယတူးယူရရှိသော တွင်း၏ဘယ်ဘက်ရှိ မြေစာကို တွင်းထဲရှိ ပထမမြေစာပေါ်သို့ ဒုတိယမြေစာကို အပေါ်မှ ဖုံးအုပ်ထည့်၍ ပြည့်မောက်စေရမည်။

ထိုသို့ နဂါးစာကျွေးပြီးပါက လောကုတ္တရာနည်းအရ မြေသန့်ခြင်းမင်္ဂလာနှင့် လောကီနည်းအရ မြေသန့်ခြင်းမင်္ဂလာတို့ ပြီးမြောက်အောင်မြင်ပြီး ဖြစ်ပါသည်။

**မှတ်ချက်။** ။ထိုလောကီနည်းအရ မြေသန့်မင်္ဂလာ ဗလိနတ်စာ ပူဇော်ပ,သခြင်းကို ဘုရားကိုးဆူဆရာအချို့နှင့် သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများထံတွင် အကူအညီရယူ ပန်ကြား၍ စီရင်ရပါမည်။

## မဏ္ဍာပ်ထိုးရန် ပုံစံ



## (၄) ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာ

မြေသန့်ခြင်းမင်္ဂလာပြီးပါက ဘုရားစေတီတည်ရန် တာဝန်ယူထားသော ဗိသုကာဆရာများက ဘုရားစေတီ၏ ပုံသဏ္ဍာန်တော်အလိုက် အောက်ခြေအုတ်မြစ်တော်စီရန် အကွက်များနှင့် ကိုက်ညီသော ပန္နက်တော်ကို နေရာသတ်မှတ်လျက် နေ့ကောင်းရက်သာ ရွေးချယ်ပြီး ပန္နက်တော်ကြီးများ၊ ပန္နက်တော်တိုင်များကို ကြိုတင်၍ စီမံထားပြီး ဘုရားဒါယကာ၏ နေ့နံနှင့် တွက်၍ ပန္နက်ကြီးကိုင် ပန္နက်တင်မည့်လူများကို ရွေးချယ်ကာ ပန္နက်တော်တင်၍ တွင်းတော်ဝန်းမင်္ဂလာ ကျင်းပရပါမည်။

## (၅) အုတ်မြစ်တော်စီမင်္ဂလာ

ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အောင်မြင်ပြီး အုတ်မြစ်တော်စီ မင်္ဂလာ ကျင်းပမည့် အခမ်းအနားမှာ အောက်ပါအတိုင်း စီစဉ်ရမည်။

၁။ သံဃာတော်အရှင်မြတ်များထံမှ သီလခံယူခြင်း၊

၂။ ရတနာကြုတ်တော်နှင့် ရတနာအုတ်များကို ဆရာတော်ဘုရားများထံ အပ်နှံခြင်း၊

၃။ ပရိတ်ချည်မျှင်၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲများကို ဖျန်းပက် ချည်နှောင်ခြင်း။

၄။ ဒေဝါဝင်း၊ ရာဇာဝင်းခြံရံလျက် ရတနာအုတ်အစုံအလင်ကို သယ် ဆောင်ခြင်း၊

၅။ အရပ်ရှစ်မျက်နှာတွင် နေ့နံအလိုက် ဥပါသကာများက အုတ်မြစ်တော် စီခြင်း၊

၆။ အလယ်ဗဟိုအုတ်မြစ်တော်တွင် ရတနာကြုတ်မြှုပ်နှံခြင်း၊

၇။ အုတ်မြစ်တော်စီမင်္ဂလာ ပြီးစီးအောင်မြင်ခြင်းအတွက် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခြင်းတို့ ဖြစ်ပါသည်။

ထိုအခမ်းအနားအတွက် ဆရာတော်သံဃာတော်အရှင်မြတ်များ သီတင်း သုံးရန်အတွက် ရတနာမဏ္ဍပ်တော်ကို စီမံထားပြီး ရွေးချယ်ထားသည့် နေ့ကောင်း ရက်သာတွင် ပင့်ဖိတ်ထားသော ဆရာတော်သံဃာတော်များ ကြွလာသည့်အခါ ပရိတ်ချည်မျှင်၊ ပရိတ်ပန်းအိုး၊ ပရိတ်ရေစင်၊ ပရိတ်သဲများကို ကပ်လှူလျက် သီလခံယူဆောက်တည်ကြရမည်။

သီလခံယူဆောက်တည်ပြီးသော် ရတနာအုတ်မြစ်တော်များကို ဆရာတော်ဘုရားများထံ ကပ်လှူရမည်။

ရတနာအုတ်မြစ်တော်ကို ရွှေချ၍သော်လည်းကောင်း၊ ရွှေစက္ကူ၊ ငွေစက္ကူ ရောင်စုံများ ကပ်၍သော်လည်းကောင်း ထားရမည်။ အရောင်အဆင်းလှပစေရန် အတွက် ရွှေစက္ကူ၊ ငွေစက္ကူရောင်စုံများဖြင့် ခြယ်လှယ်ထားရန်မှာ—

၁။ ရွှေရောင်အုတ်၊
၂။ ငွေရောင်အုတ်၊
၃။ ပတ္တမြားရောင်အုတ်၊
၄။ နီလာရောင်အုတ်၊
၅။ သန္တာရောင်အုတ်၊
၆။ ပုလဲရောင်အုတ်၊
၇။ ခရမ်းရောင်အုတ်၊
၈။ မြစိမ်းရောင်အုတ်၊
၉။ အရောင်စုံကို အကန့်လိုက်ခြယ်ထားသော ရောင်စုံအုတ်တို့ကို အဆင်သင့် စီမံထားရ၏။

ဆရာတော်များထံမှ သီလခံယူပြီးသောအခါ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းများကို ဥပါသကာအဖွဲ့က ကုန်းတော်အနှံ့ ပန်းနှင့် ရေစင်များ၊ သဲများကို ကြဲပက်ဖြန့်ခင်းပြီး ပရိတ်ချည်မျှင်များကို အရပ်(၈)မျက်နှာပတ်မိအောင် ချည်နှောင်ရမည်ဖြစ်ပါသည်။

**မှတ်ချက်။** ။ကုန်းတော် မြေသန့်မင်္ဂလာတွင် ပရိတ်သဲများ ဖြန့်ခြင်း၊ ပရိတ်ကျောက်စရစ်ခဲ (၉)အိုးကို မြှုပ်နှံခြင်း၊ ပရိတ်ရေဖျန်းခြင်းတို့ကို ပြုလုပ်ပြီးဖြစ်သော်လည်း အုတ်မြစ်စီမင်္ဂလာတွင် ထပ်မံလုပ်ရပါမည်။

ပရိတ်သဲ၊ ပရိတ်ရေစင်များ ဖျန်းပက်ပြီးသောအခါတွင် ရွှေအုတ်၊ ငွေအုတ်များကို ဆရာတော်များ၏ လက်ဝယ်သို့ အပ်နှံ၍ အုတ်မြစ်တော်စီခွင့်ကို တောင်းခံရပါသည်။ ဆရာတော်များက အုတ်မြစ်တော်ကို ပြန်လည်ပေးအပ်၍ အုတ်မြစ်စီရန် ခွင့်ပြုသောအခါ ထိုရတနာအုတ်များကို ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်း၍ အုတ်မြစ်တော်စီမည့် နေရာသို့ ပင့်ဆောင်လာရမည်။

အုတ်မြစ်စီသည့်အခါတွင်နှင့် ပင့်ဆောင်သည့်အခါ လိုက်ပါရမည့် ဒေဝါဝင်၊ ရာဇာဝင်းများမှာ—

| ဒေဝါဝင်း | ရာဇာဝင်း |
|---|---|
| ၁။ ကမ္ဘာဦးရသေ့ | ၁။ ရှေ့ပြေး လေးသည်တော် |
| ၂။ ဗြဟ္မာမင်း | ၂။ ရှေ့ပြေး ကြိမ်ဆော် |
| ၃။ တောင်ပိုင်ဘိုးဘိုးကြီး | ၃။ စစ်သည်ရဲမက်တော် |
| ၄။ သိကြားမင်း | ၄။ ပုဏ္ဏားတော်ပုရောဟိတ် |
| ၅။ စေတီပါလဘိုးဘိုးကြီး | ၅။ စစ်သူကြီး |
| ၆။ ဝိဇ္ဇာ | ၆။ ဝန်နီ |
| ၇။ အလောင်းတော်နတ်သား | ၇။ ရွှေမြို့တော်ဝန် |
| ၈။ မာတလိနတ်သား | ၈။ ရှင်ဘုရင် |
| ၉။ ဝိသုကြုံနတ်သား | ၉။ မိဖုရား (က) |
| ၁၀။ ဓတရဋ္ဌနတ်မင်း | ၁၀။ မိဖုရား (ခ) |
| ၁၁။ ဝိရူဠှကနတ်မင်း | ၁၁။ မိဖုရား (ဂ) |
| ၁၂။ ဝိရူပက္ခနတ်မင်း | ၁၂။ မိဖုရား (ဃ) |
| ၁၃။ ကုဝေရနတ်မင်း | ၁၃။ အပျိုတော် |
| ၁၄။ ဝသုန္ဓရေ မြေစောင့်နတ် | ၁၄။ အပျိုတော် |
| ၁၅။ နဂါးမင်း | ၁၅။ မဟာဒါန်ဝန်မင်း |
| ၁၆။ ဂဠုန်မင်း | ၁၆။ စစ်သည်ရဲမက်တော် |
| ၁၇။ ကုမ္ဘာန်မင်း | ၁၇။ လူပျိုတော်သား |
| ၁၈။ ယက္ခနတ်ဘီလူးမင်း | ၁၈။ အိမ်ရှေ့မင်း |
| ၁၉။ ဂန္ဓဗ္ဗပဉ္စသိခ်နတ်မင်း | ၁၉။ အိမ်ရှေ့မိဖုရား |
| ၂၀။ မဏိမေခလာဒေဝီ | ၂၀။ အပျိုတော် |
| ၂၁။ စန္ဒီဒေဝီ | ၂၁။ ဝန်စိမ်း |
| ၂၂။ သူရဿတီဒေဝီ | ၂၂။ သမားတော်ဇီဝက |
| ၂၃။ စန္ဒာဒေဝီ | ၂၃။ စစ်သည်တော်ရဲမက် |
| ၂၄။ သီရိဒေဝီ | ၂၄။ စစ်သူကြီး |
| ၂၅။ ဣရဒ္ဓသီဒေဝီ | ၂၅။ အနောက်ဝန်မင်း |

၂၆။ ဣရန္တိဒေဝီ ၂၆။ နောက်ပိတ်ကြိမ်ဆော်
၂၇။ ယက္ခမိဘီလူးမယ်တော် ၂၇။ နောက်ပိတ်လေးသည်တော်

ဟူ၍ ဒေဝါဝင်း (၂၇)ပါးနှင့် ရာဇာဝင်း (၂၇)ပါးတို့ဖြင့် ခင်းကျင်းပင့်ဆောင်ရမည်။

ရတနာအုတ်တော်များကို သယ်ယူရာတွင် ရှေ့မှ ဒေဝါဝင်း၊ နောက်မှ ရာဇာဝင်း ခင်းကျင်း၍ ရတနာအုတ်တော်များကို အလယ်မှ ထား၍ ပင့်ဆောင်ရမည်။

## အုတ်မြစ်တော် စီပုံစီနည်း

အုတ်မြစ်တော်စီရာတွင် စေတီတော်တည်မည့် ဗိသုကာဆရာက ပုံစံတော်အတိုင်း ချထားသော အောက်ခြေပန္နက်တွင်းများအလိုက် ချကြရမည်။

အုတ်မြစ်တော်စီနည်း အမျိုးမျိုးရှိကြသော်လည်း ရှေးရိုးအုတ်မြစ်စီနည်းမှာ အုတ်မြစ်တော်စီမည့် ဥပါသကာများသည် ဝတ်ဖြူစင်ကြယ်ဝတ်လျက် ပိတ်ဖြူလောကဘတ်ထိုးပြီး—

၁။ တနင်္ဂနွေသားသည် တနင်္ဂနွေထောင့်တွင်လည်းကောင်း၊
၂။ တနင်္လာသားသည် တနင်္လာထောင့်တွင်လည်းကောင်း၊
၃။ အင်္ဂါသားသည် အင်္ဂါထောင့်တွင်လည်းကောင်း၊
၄။ ဗုဒ္ဓဟူးသားသည် ဗုဒ္ဓဟူးထောင့်တွင်လည်းကောင်း၊
၅။ ကြာသပတေးသားသည် ကြာသပတေးထောင့်တွင်လည်းကောင်း၊
၆။ သောကြာသားသည် သောကြာထောင့်တွင်လည်းကောင်း၊
၇။ စနေသားသည် စနေထောင့်တွင်လည်းကောင်း၊
၈။ ရာဟုသားသည် ရာဟုထောင့်တွင်လည်းကောင်း အသီးသီးမတ်တပ်ရပ်လျက် ရှိနေကြရမည်။

**မှတ်ချက်။** ။ရာဟုနေ့သားဆိုသည်မှာ ဗုဒ္ဓဟူးနေ့ မွန်းတည့် (၁၂) နာရီကျော်မှ မွေးဖွားသောသူကို ရာဟုနေ့သားဟု ခေါ်ပါသည်။

ထိုအရပ်ရှစ်မျက်နှာမှ ဥပါသကာများ ကိုင်ထားရမည့် အုတ်များမှာ အရောင်ကိုးမျိုးခြယ်ထားသော ရတနာအုတ်တော်များ မဟုတ်ဘဲ ရိုးရိုးအုတ်များကိုသာ ကိုင်ဆောင်ထားရမည်ဖြစ်သည်။

အရောင် ကိုးမျိုးခြယ်ထားသော ရတနာအုတ်မြစ်တော်များကိုမူ အလယ်ဗဟို ပန္နက်တော်နေရာတွင် စေတီတော်တည်ဆောက်ရေးအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်များ၊ နာယက ဥက္ကဋ္ဌ ဂေါပကများက ရတနာအုတ်မြစ်တော်နှင့် အဆင်သင့်ရှိနေရမည်။

အုတ်မြစ်တော်စီရန် ချမှတ်သည့် နေရာ၌ အခမ်းအနားမှူးက "မင်္ဂလာအခါတော်"ဟု ကြေငြာလိုက်သည်နှင့်တစ်ပြိုင်နက် အရပ်ရှစ်မျက်နှာရှိ ဥပါသကာများက မိမိတို့ဆိုင်ရာထောင့် ပန္နက်တွင်းထဲသို့ မိမိတို့ လက်ရှိ အုတ်များကို ထည့်သွင်း၍ အုတ်မြစ်တော်များကို စီရသည်။

ထိုအချိန်အခါမှာပင် အလယ်ဗဟိုပန္နက်နေရာတွင် နေရာယူပြီး ရှိနေကြသော ဆရာတော်၊ သံဃာတော်များနှင့် နာယက ဥက္ကဋ္ဌလူကြီးမင်းများက အရောင်ရှစ်မျိုးခြယ်ထားသော ရတနာအုတ်မြစ်တော် ရှစ်ချပ်ကို ဆိုင်ရာပန္နက်တွင်းများထဲ၌ ထည့်၍ အုတ်မြစ်တော်စီရမည်။

ထိုကဲ့သို့ တစ်ပြိုင်နက် အုတ်မြစ်တော်စီပြီးလျှင်ပြီးချင်း အုတ်တစ်ချပ်တည်းတွင် အရောင်ကိုးမျိုးခြယ်ထားသော အုတ်မြစ်တော်ကို စီရမည်။ ထိုအုတ်မြစ်တော်အောက်တွင် နဝရတ်ကိုးပါး ရတနာများ ထည့်ထားသော ရတနာငွေကြုတ်၊ ရတနာရွှေကြုတ်များကို အောက်တွင် မြှုပ်နှံပြီးမှ အရောင်ကိုးမျိုးစီခြယ်ထားသော နဝရတ်အုတ်တော်ကို အပေါ်မှ စီရမည်။ ထိုကဲ့သို့ ထိုအလယ်ဗဟို ရတနာအုတ်မြစ်တော်များပေါ်တွင် အုတ်မြစ်စီ နေ့စွဲများကို ကြေးပြားတွင်လည်းကောင်း၊ ကျောက်ပြားတွင်လည်းကောင်း ရေးသားထွင်းထု၍ ဖုံးအုပ်ထားရမည်။

ဤတွင် အုတ်မြစ်တော်စီအခမ်းအနား ပြီးဆုံးပြီဖြစ်၍ ဆရာတော်၊ သံဃာတော်များကလည်းကောင်း၊ နာယက ဥက္ကဋ္ဌ လူကြီးမင်းများကလည်းကောင်း အုတ်မြစ်တော်စီ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်ဖြင့် ငွေဖလားကိုင်၍ ပန်းပေါက်ပေါက်နှင့် ငွေအသပြာများကို ကြဲဖြန့်ကာ ရွှေမိုး၊ ငွေမိုးများကို ရွာသွန်းဖြိုးရသည်။

## (၆) မူလဌာပနာသွင်းနှံခြင်းမင်္ဂလာ

အုတ်မြစ်တော်စီမင်္ဂလာ ပြီးသောအခါ စေတီတော်တည် ဗိသုကာများ၏ အစီအစဉ်ဖြင့် အောက်ခြေဌာပနာခေါ် မူလဌာပနာတော်တိုက်ကို တည်ဆောက်ရမည်။

ဌာပနာတိုက်၏ အကျယ်ဝန်းမှာ စေတီတော်၏ အလုံး၊ အရပ်၊ ဉာဏ်တော်ကို လိုက်၍ သင့်မြတ်သောအချိုးအစားဖြင့် တည်ဆောက်၍ ဌာပနာရမည့် ပစ္စည်းများမှာ မူလအရင်းခံ (၇) မျိုးရှိပါသည်။ ရှေးအခေါ်အားဖြင့် သတ္တဌာန ရုပ်ပွားတော်များဟု ခေါ်ဆိုပါသည်။

ထိုပုံတော်များကို ကြေးသွန်းဆရာများက အမြဲမပြတ်သွန်းလုပ်ရောင်းချသဖြင့် အဆင်သင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။ ဌာပနာတိုက်၏ အကျယ်အဝန်းကို လိုက်၍ သတ္တဌာနပုံတော် ရုပ်ပွားတော်များကို အကြီး, အငယ်, အလတ် သင့်မြတ်အောင် ရွေးချယ်ထားရမည်။

သတ္တဌာနပုံတော်များမှာ—

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်သော ဗုဒ္ဓရုပ်ပွားတော်၊

၂။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်ရှုစံမြန်းသည့် မတ်ရပ် ဗုဒ္ဓရုပ်ပွားတော်၊

၃။ မြေကြီးထဲမှ ပေါ်လာသော ကြာပွင့်ပေါ်တွင် စင်္ကြံကြွနေဟန် ဗုဒ္ဓရုပ်ပွားတော်၊

၄။ ရတနာဃရရွှေအိမ်တော်အတွင်း စံနေသော ဗုဒ္ဓရုပ်ပွားတော်၊

၅။ အဇပါလညောင်ပင်အောက်တွင် သီတင်းသုံးနေသော ဗုဒ္ဓရုပ်ပွားတော်၊

၆။ မုစလိန္ဒနဂါးမင်း၏ အခွေပေါ်တွင် စံနေသော ဗုဒ္ဓရုပ်ပွားတော်၊

၇။ လင်းလွန်းဗောဓိပင်အောက်တွင် သီတင်းသုံးနေသော ဗုဒ္ဓရုပ်ပွားတော်၊

အုတ်မြစ်တော်စီမင်္ဂလာ ပြီးစီးအောင်မြင်ခြင်းအတွက် ရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးခြင်းတို့ ဖြစ်ပါသည်။

သတ္တဌာနနေရာ ချထားပုံမှာ—

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဌာပနာတိုက်၏အလယ်တွင် နေရာချထားရမည်။ မျက်နှာတော်ကို အရှေ့ဘက်သို့ လှည့်ထားရမည်။

၂။ အရှေ့မြောက်ထောင့်တွင် မတ်ရပ်တော် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၃။ ဗောဓိပင်၏ အရှေ့ရှူးရှူးအရပ်တွင် အဇပါလညောင်ပင် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၄။ အရှေ့တောင်ထောင့်တွင် မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၅။ တောင်စူးစူးအရပ်တွင် ရာဇာယတန လင်းလွန်းပင်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၆။ အနောက်မြောက်အရပ်တွင် ရတနာဃရရွှေအိမ်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

၇။ မြောက်စူးစူးအရပ်တွင် ကြာပွင့်ပေါ်၌ စင်္ကြံလျှောက်နေသော ဗုဒ္ဓရုပ်ပွားတော်ကို ဗောဓိပင်မဘက်သို့ မျက်နှာမူ၍ နေရာချထားပေးရမည်။

ထိုသတ္တဋ္ဌာန ရုပ်ပွားတော်များမှာ အဓိကပြု၍ ဌာပနာရသော ပစ္စည်းများဖြစ်သည်။ ထိုမှတစ်ပါးသော ထည့်သွင်းနိုင်သည့် ပုံတော်များမှာ ဒီပင်္ကရာမြတ်စွာဘုရားထံတော်ပါး၌ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံသောပုံတော်ကိုလည်းကောင်း၊ သုမိတ္တာသူဌေးသမီး ကြာပန်းကပ်လှူသော ပုံတော်ကိုလည်းကောင်း၊ သဟမ္ပတိဗြဟ္မာမင်းကြီးက တရားဟောရန် တောင်းပန်နေသော ရုပ်တုကိုလည်းကောင်း၊ တပုဿ, ဘလ္လိက ညီနောင်တို့အား မြတ်စွာဘုရားက ဆံတော်ရှစ်ဆူကို ပေးသနားတော်မူပုံကိုလည်းကောင်း ထည့်သွင်းဌာပနာထည့်ထားနိုင်သည်။

ထိုမှတစ်ပါး အဖိုးတန် ရတနာပစ္စည်းများဖြစ်သော ရွှေဘီး၊ ငွေဘီး၊ ပတ္တမြားဘီး၊ စိန်ဘီး စသည်တို့ကိုလည်းကောင်း၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ သန္တာ၊ ကြောင်မျက်ရွဲ၊ ပုလဲ၊ မြ၊ ဥဿဖရား စသည့် နဝရတ်ကိုးပါးနှင့် ရွှေလက်စွပ်၊ ရွှေလက်ကောက်၊ စိန်လက်စွပ်၊ စိန်လက်ကောက် စသည့် ရတနာများကိုလည်းကောင်း ထည့်သွင်းထားနိုင်သည်။

## မထည့်မသွင်းရသော ပစ္စည်းများ

ဌာပနာတိုက်အတွင်း မထည့်မသွင်းကောင်းသော ပစ္စည်းများမှာ—

ဆံပင်များ၊ သစ်သားဘီးများ၊ သစ်သားရုပ်တုများ၊ ထန်းဖူးဇာတာများ၊ ပိုးပဝါ စသော အဝတ်အထည်များတို့ကို မထည့်မသွင်းရ။

အောက်ခြေဌာပနာခေါ် မူလဌာပနာထည့်သွင်းခြင်း ပြီး၏။

## (၇) အလယ်ဌာပနာသွင်းနံ့ခြင်းမင်္ဂလာ

အလယ်ဌာပနာသွင်းရာ၌ အောက်ခြေမှုလ ဌာပနာသွင်းသည့်အတိုင်းပင် သွင်းရသည်။

ရှေးဆရာတော်၊ သမားတော်ကြီးများ၏ နည်းတစ်ခုမှာ ဂေါတမဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဇာတာတော်ကို ရွှေပြား၊ ငွေပြား၊ ကြေးပြား စသည်တို့တွင် ထွင်း၍ ဌာပနာထည့်သွင်းလေ့ ရှိကြပေသည်။

ထို့ပြင် အလယ်ဌာပနာတိုက်၏ နံရံလေးဘက်တွင် သာသာနာတော်စောင့် လောကပါလ နတ်မင်းကြီးလေးပါး၏ရုပ်ပုံများနှင့် ဂါထာကို ရေးကာ စေတီတော်မြတ်၏ အစောင့်အဖြစ် တစ်မျက်နှာလျှင် တစ်ပါးစီကပ်ပြီး လေးမျက်နှာတွင် စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၏ ရုပ်ပုံတော်များနှင့် ဂါထာကို ဌာပနာသွင်းနံ့လေ့ရှိသည်။

ဂေါတမမြတ်စွာဘုရား၏ ဇာတာတော်ကို သုံးပုံတွဲ၍ ထည့်လေ့ထည့်ထ ရှိပေသည်။

### ဗုဒ္ဓ ဇာတာတော် ပုံစံနမူနာ




မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ထိုမြတ်စွာဘုရား ဇာတာတော်ပုံကို ရွှေ၊ငွေ၊ကြေးပြားများတွင် ချ၍ ဌာပနာရသည်။ ထိုဇာတာနှင့်အတူ မြတ်စွာဘုရား၏ ဓာတ်တော်များကို ရနိုင်သရွေ့ ထည့်သွင်းဌာပနာရသည်။ ထိုမှတစ်ပါး ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်၊ ရှင်အာနန္ဒာ၊ ရှင်ဗာကုလ၊ ရှင်သီဝလိ စသော အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာအရှင်မြတ်ကြီးများ၏ ဓာတ်တော်များကို ရနိုင်သရွေ့ ထည့်သွင်းရသည်။

အလယ်ဌာပနာတိုက်၏ အရှေ့ဘက်နံရံတွင် သွင်းနံ့ရန် ဓတရဋ္ဌနတ်မင်းကြီး၏ ရုပ်ပုံနှင့်ဂါထာတော်မှာ—

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေနုရက္ခန္တု၊
အရောဂေန သုခေန စ။

တောင်ဘက်နံရံတွင် သွင်းနံ့ရန် ဝိရူဠှကနတ်မင်းကြီး၏ ရုပ်ပုံနှင့် ဂါထာတော်မှာ—

ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊
သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေနုရက္ခန္တု၊
အရောဂေန သုခေန စ။

အနောက်ဘက်နံရံတွင် သွင်းနံ့ရန် ဝိရူပက္ခနတ်နဂါးမင်းကြီး၏ ရုပ်ပုံနှင့် ဂါထာတော်မှာ—

ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊
သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေနုရက္ခန္တု၊
အရောဂေန သုခေန စ။

မြောက်ဘက်နံရံတွင် သွင်းနံ့ရန် ကုဝေရနတ်ဘီလူးမင်းကြီး၏ ရုပ်ပုံနှင့် ဂါထာတော်မှာ—

ဥတ္တရသ္မိံ ဒိသာဘာဂေ၊
သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေနုရက္ခန္တု၊
အရောဂေန သုခေန စ။

တချို့က ပုံတော်ကို ဂါထာရံ၍ ရေးထည့်သည်။ အချို့က ဂါထာကို သီးခြားရေး၍ ပုံတော်ကို သီးခြားထည့်ပါသည်။

ထိုကဲ့သို့ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့ကို အစောင့်ထားသော ပုံနှင့်ဂါထာကို ရွှေပြား၊ ငွေပြား၊ ကြေးပြား စသည်တို့တွင် ရေးထွင်း၍ ဌာပနာ ထည့်လေ့ရှိကြောင်း မှတ်သားရသည်။

## (၈) အထက်ဌာပနာသွင်းနံ့ခြင်းမင်္ဂလာ

အထက်ဌာပနာမှာ အချို့ထည့်သည်၊ အချို့မထည့်ကြချေ။ စေတီတော် ကြီးလျှင်သာ ထည့်ကြသည်။ စေတီတော်ငယ်လျှင်မူ မထည့်ကြတော့ချေ။ အဘယ် ကြောင့်ဆိုသော် စေတီတော်ငယ်လျှင် ငှက်ပျောဖူးငယ်သောကြောင့် အထက် ဌာပနာထည့်ရမည့် ငှက်ပျောဖူးတွင် ဌာပနာတိုက်ခန်းထည့်ရန်၊ ထွင်းရန် ခက်ခဲ သောကြောင့်ဖြစ်၏။ ထို့ကြောင့် အထက်ဌာပနာကို စေတီတော်ကြီးမှ ငှက်ပျောဖူး ကြီးများမှာသာ ထည့်သွင်းကြသည်။

အထက်ဌာပနာသွင်းရာ၌ကား အောက်ခြေဌာပနာနှင့် အလယ်ဌာပနာ များကဲ့သို့ စုံလင်စွာ ထည့်နိုင်၏။ ထည့်သွင်းဖို့ နေရာ မကျယ်ဝန်းလှလျှင် မြတ်စွာဘုရား၏ ဓာတ်တော်များ၊ ရဟန္တာများ၏ ဓာတ်တော်များနှင့် အလွန် အဖိုးထိုက်တန်သော ရွှေ၊ ငွေ၊ စိန်၊ ပတ္တမြား စသော နဝရတ်ကိုးပါး ရတနာ များကိုသာ ထည့်သွင်းလေ့ ရှိပါသည်။

အောက်ခြေမူလဌာပနာသွင်းရာတွင် ထည့်ရသော သတ္တဌာန ရုပ်တုများ အတိုင်း ရုပ်တုအသေးစား အရွယ်ငယ်များထည့်ရန် နေရာကျယ်ပါက ထည့်သွင်း နိုင်ပါသည်။

အလယ်ဌာပနာတွင် ထည့်သွင်းသော မြတ်စွာဘုရား ဇာတာတော်နှင့် နတ်မင်းကြီးလေးပါး၏ ရုပ်ပုံများကိုလည်း ထည့်သွင်းနိုင်ပါသည်။

ဌာပနာသွင်းနေစဉ် အခါ၌ အရပ်ရှစ်မျက်နှာတွင် နေ့သား ရှစ်ယောက်က ဌာပနာသွင်းဂါထာကို ရွတ်ဆိုနေကြရပါမည်။ ဌာပနာသုံးဆင့်စလုံး ရွတ်ဆို နေကြရပါမည်။ 52 B

အကြောင်းမညီညွတ်၍ အောက်ခြေဌာပနာတွင် မရွတ်ဖြစ်ခဲ့သော် အလယ်ဌာပနာနှင့် အထက်ဌာပနာတို့တွင်မှ ရွတ်ဖတ်ရမြဲဖြစ်ပါမည်။ ရွတ်ဖတ်ရမည့် ရှစ်မျက်နှာဌာပနာသွင်း ဂါထာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## အရပ်ရှစ်မျက်နှာ ထောင့်အသီးသီးမှ ဌာပနာတော်သွင်းစဉ် ဂါထာများ ရွတ်ဆိုပူဇော်ရန်

**တနင်္ဂနွေသားက တနင်္ဂနွေထောင့်မှ ရွတ်ဆိုရန်**
**ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ဂုဏ်တော်များ**

### ဗုဒ္ဓဂုဏ်တော် (၉) ပါး

ဣတိပိ သော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊
ဗုဒ္ဓေါ ဘဂဝါတိ။

### ဓမ္မဂုဏ်တော် (၆) ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊
ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

### သံဃာ့ဂုဏ်တော် (၉) ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊
အာဟုနေယျော၊ ပါဟုနေယျော
ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

## တနင်္လာသားက တနင်္လာထောင့်မှ ရွတ်ဆိုရန်

### သရဏဂုံ (၃) ပါး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## အင်္ဂါသားက အင်္ဂါထောင့်မှ ရွတ်ဆိုရန်

### သုနက္ခတ္တံ ဂါထာတော်

သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။

## ဗုဒ္ဓဟူးသားက ဗုဒ္ဓဟူးထောင့်မှ ရွတ်ဆိုရန်

### ပဋ္ဌာန်း ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

## စနေသားက စနေထောင့်မှ ရွတ်ဆိုရန်

## ရှင်သီဝလိ (၁၀) ဂါထာ

၁။ သီဝလိ စ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမ။

၂။ သီဝလိ စ မဟာဝီရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု ပရမံ၊
ဇနပဒံ ပူဇယန္တု။

၃။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတွာန။
ဇမ္ဗုဒ္ဒီပမဏ္ဍလေန၊
ဇယော မန္တာ သုခါဝဟာ။

၄။ သီဝလိ စ မဟာနာမံ၊
ဣန္ဒာဒေဝါ သဗြဟ္မကာ။
မနုဿပုရိသော ဣတ္ထိ၊
မဟာလာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊
နာ နာ ဒေတိ ဝရံ သုခံ။
ဣဒမ္ပိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဒန္တံ နရာ တိတ္ထိ၊
အာဏာ မယှံ ဘဝေ ဘဝေ။
ဘဝရက္ခေ ရာဇာဓိတာ၊
သဗ္ဗေ ကောဓံ ဝိနဿန္တု။

၇။ သီဝလိ စ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံ မမ။

၈။ သီဝလိ စ မဟာထေရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု မံ ပိယံ၊
ဇနပဒံ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတွာန။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

၁၀။ သီဝလိ စ မဟာထေရော၊
ဒေဝမနုဿပူဇိတော။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

## ကြာသပတေးသားက ကြာသပတေးထောင့်မှ ရွတ်ဆိုရန်

### ရှင်သီဝလိ ရှေးဟောင်း (၇) ဂါထာ

၁။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ သောတ္ထိံ ကရောတု မေ။

၂။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ သုခံ ကရောတု မေ။

၃။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ လာဘံ ကရောတု မေ။

၄။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ ဓနံ ကရောတု မေ။

၅။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ ကိတ္တိံ ကရောတု မေ။

၆။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ ဇယံ ကရောတု မေ။

၇။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ သိဒ္ဓိံ ကရောတု မေ။

## ရာဟုသားက ရာဟုထောင့်မှ ရွတ်ဆိုရန်

### ရှင်ဥပဂုတ္တ ပရိတ်ဂါထာတော်

ဥပဂုတ္တော မဟိဒ္ဓိကော၊
သမ္ဗုဒ္ဓေန ဝိညာဂတော။
မာရဥ္စ မာရဗလဉ္စ၊
ဒမေသတိ အနာဂတေ။
မာရေနာသုဏိသံ ကတ္ဝာ၊
မမသိသေ ပတိဋ္ဌိတော။
အန္တရာယော ဝိနဿန္တု၊
ဣဒါနေဝ အဟံ နမေ။
ဥပဂုတ္တံ မဟိဒ္ဓိကံ၊
ရာဇတော ဝါ ဥပဒ္ဒဝါ၊
သောကရောဂါ ဝိရောဓာယ၊
ပရိတ္တံ ဇယမင်္ဂလံ။
တာဒိသော ထေရော၊
မာရေန ကတ္ဝာ စ အနုဗိနတံ။
အန္တရာယော ဝိနဿန္တု၊
ဣဒါနေဝ မဟိဒ္ဓိကော။
ယံ ယံ ဥပဒ္ဒဝံ ဓာတံ၊
ဝိဒ္ဓံသေတု အသေသတော။

## သောကြာသားက သောကြာထောင့်မှ ရွတ်ဆိုရန်

### ပဋိစ္စသမုပ္ပါဒ် အနုလုံ ပါဠိကို ရွတ်ဆိုရန်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ-ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန-ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဒေဝနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက. ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ဥပနာသွင်းနှံ့ပုံ အနေအထားများ

**အရှေ့မြောက်**
**(အနိမိသသတ္တာဟ)**
ပလ္လင်ဘက်သို့
မျက်နှာမူနေသော
မတ်ရပ်တော်
ဗုဒ္ဓရုပ်ပွားတော်

**အရှေ့**
**(အဇပါလသတ္တာဟ)**
ဆိတ်ကျောင်း
ညောင်ပင်အောက်၌
ဗုဒ္ဓရုပ်ပွားတော်

**အရှေ့တောင်**
**(မုစလိန္ဒသတ္တာဟ)**
မုစလိန္ဒ နဂါးမင်း
အခွေပေါ်၌
စမွယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

**မြောက်**
**(စင်္ကမသတ္တာဟ)**
စင်္ကြံ
ခြေလှမ်းနေသောဟန်
ဗုဒ္ဓရုပ်ပွားတော်

**ဗောဓိပင်နှင့်**
**ရွှေပလ္လင်ရုပ်ပွားတော်**
**(ပလ္လင်္ကသတ္တာဟ)**
အရှေ့ဘက်သို့ မျက်နှာမူ၍
ဗောဓိပင်နှင့် ပလ္လင်တော်ပါ
ဗုဒ္ဓရုပ်ပွားတော်ပုံ

**တောင်**
**(ရာဇာယတနသတ္တာဟ)**
လင်းလွန်းဗောဓိပင်
အောက်တွင်
စမွယ်နေသော
ဗုဒ္ဓရုပ်ပွားတော်

**အနောက်မြောက်**
**(ရတနာဃရ သတ္တာဟ)**
နတ်တို့ ဖန်ဆင်းသော
ရတနာဃရ ရွှေအိမ်အတွင်း
စမွယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

**အနောက်**

**အနောက်တောင်**
ဤထောင့်တွင် သုမေဓာ
ဗျာဒိတ်ခံခန်း စသည်
ထားနိုင်သည်၊ ဓာတ်တော်
များ ထည့်လိုက ထည့်၍
နဝရတ်ကိုးပါး၊ ရွှေ၊ ငွေ၊
ရတနာများ ထည့်လိုက
ထည့်နိုင်သည်။

အောက်ခြေမူလဥပနာတိုက်သွင်းပုံ

## ဌာပနာသွင်းနံရံတွင် ကပ်ရန် နတ်မင်းကြီး ( ၄ ) ပါးပုံ



တောင်အရပ် ဝိရူဠှက နတ်မင်းကြီး



အရှေ့အရပ် တောရွှ နတ်မင်းကြီး




အနောက်အရပ် ဝိရူပက္ခ နတ်မင်းကြီး



မြောက်အရပ် ကုဝေရ နတ်မင်းကြီး

## ဌာပနာသွင်းနှုံ့ပုံ အနေအထားများ

**အရှေ့မျက်နှာ နံရံတွင် ဓတရဋ္ဌနတ်မင်းပုံ ကပ်ပါ**

**(အနိမိသသတ္တာဟ)**
မတ်ရပ်တော်
ဗုဒ္ဓရုပ်ပွားတော်

**(အဇပါလသတ္တာဟ)**
ဆိတ်ကျောင်းညောင်ပင်အောက်၌
ဗုဒ္ဓရုပ်ပွားတော်

**(မုစလိန္ဒသတ္တာဟ)**
မုစလိန္ဒ နဂါးမင်း
အခွေပေါ်၌
စမ္ပယ်နေဟန်
ဗုဒ္ဓရုပ်ပွား

**(စင်္ကမသတ္တာဟ)**
စင်္ကြံကြွ
ခြေလှမ်းနေသောဟန်
ဗုဒ္ဓရုပ်ပွားတော်

**ဗောဓိပင်နှင့်**
**ရွှေပလ္လင်ရုပ်ပွားတော်**
**(ပလ္လင်္ကသတ္တာဟ)**
အရှေ့ဘက်သို့ မျက်နှာမူ၍
ဗောဓိပင်နှင့် ပလ္လင်တော်ပါ
ဗုဒ္ဓရုပ်ပွားတော်

**(ရာဇာယတန**
**သတ္တာဟ)**
လင်းလွန်းဗောဓိ
ပင် အောက်တွင်
စမ္ပယ်နေသော
ဗုဒ္ဓရုပ်ပွားတော်

**မြောက်မျက်နှာ နံရံတွင် ကုဝေရနတ်မင်းပုံ ကပ်ပါ**

**တောင်မျက်နှာ နံရံတွင် ဝိရုဠှကနတ်မင်းပုံ ကပ်ပါ**

**(ရတနာဃရ သတ္တာဟ)**
ရတနာဃရ ရွှေအိမ်အတွင်း
စမ္ပယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

ဤကွက်လပ်တွင်
ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ
ပုံတော်များ၊ ဃဋိကာရ
ဗြဟ္မာမင်း၊ သဟမ္ပတိ
ဗြဟ္မာမင်း၊ ပဥ္စဝဂ္ဂီငါးဦး
တရားဦးဟောပုံ၊ ဟုံဟုံက
ပုဏ္ဏားပုံများ ထားနိုင်သည်။
ဓာတ်တော် မွေတော်များ၊
ရတနာ ရွှေ ငွေ၊ နဝရတ်
ကိုးပါးများ ထည့်နိုင်သည်။

**အနောက်မျက်နှာ နံရံတွင် ဝိရူပက္ခနတ်မင်းကြီးပုံ ကပ်ပါ**

**အလယ်ဌာပနာတိုက်သွင်းပုံ**

## ဌာပနာသွင်းနံ့ပုံ အနေအထားများ

(အနိမိသသတ္တာဟ)
မတ်ရပ်တော်ပုံ
ဗုဒ္ဓရုပ်ပွားတော်

(အဇပါလသတ္တာဟ)
ဆိတ်ကျောင်းညောင်ပင်
အောက်၌ စံမြန်းနေပုံ

(မုစလိန္ဒ
သတ္တာဟ)
မုစလိန္ဒ နဂါးမင်းအခွေ
ပေါ်၌ စမွှယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

(စင်္ကမသတ္တာဟ)
စင်္ကြံကြွ
ခြေလှမ်းနေသောဟန်
ဗုဒ္ဓရုပ်ပွားတော်

ဗောဓိပင်နှင့်
ရွှေပလ္လင်ရုပ်ပွားတော်
(ပလ္လင်္ကသတ္တာဟ)
အရှေ့ဘက်သို့ မျက်နှာမူ၍
ဗောဓိပင်နှင့် ပလ္လင်တော်ပါ
ဗုဒ္ဓရုပ်ပွားတော်

(ရာဇာယတန
သတ္တာဟ)
လင်းလွန်းဗောဓိပင်
အောက်တွင်
စမွှယ်နေသော
ဗုဒ္ဓရုပ်ပွား

(ရတနာဃရသတ္တာဟ)
ရတနာဃရ ရွှေအိမ်အတွင်း
စမွှယ်နေဟန်
ဗုဒ္ဓရုပ်ပွားတော်

ဤအထက်ဌာပနာ့တွင် ဓာတ်တော် မွေတော်များ၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ပုံတော်များ၊ ပရိက္ခရာရှစ်ပါး ပုံတော်များ၊ ရွှေ၊ ငွေ၊ စိန်၊ မြ၊ နဝရတ်ကိုးပါးတို့ကို ဌာပနာနိုင်ပါသည်။ အထက် ဌာပနာမှာ နေရာကျဉ်းသဖြင့် ချိန်ဆ၍ တည့်သွင်းကြသည်။

အထက်ဌာပနာတိုက်သွင်းပုံ

## ( ၉ ) ရွှေထီးတော်တင်မင်္ဂလာ

ဌာပနာသုံးဆင့် ထည့်သွင်းပိတ်နှံပြီးလျှင် စေတီတော်ကြီးအား ရွှေထီးတော်တင်မင်္ဂလာ ကျင်းပရန်သာ လိုပါတော့သည်။

ရွှေထီးတော်တင်မင်္ဂလာသည် စေတီတော်ကြီး၏ အပြီးသတ်လုပ်ငန်းဖြစ်သောကြောင့် အခမ်းအနားကို ဒေဝါဝင်း၊ ရာဇာဝင်း ခင်းကျင်း၍ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကဲ့သို့ပင် စီစဉ်ကျင်းပရသည်။

အုတ်မြစ်တော်စီ အခမ်းအနားတွင် မပါဝင်သော ရွှေပန်းခိုင်နှင့် ငွေပန်းခိုင် စိုက်ထားသော ရွှေမြူတာအိုး (၉) လုံးနှင့် ငွေမြူတာအိုး (၉) လုံး ပါဝင်လာသောကြောင့် ထီးတော်ဘုံဆင့်များ အပူဇော်ခံထားသော ရတနာမဏ္ဍပ်တွင် ၎င်းရွှေပန်းခိုင်၊ ငွေပန်းခိုင်စိုက်ထားသည့် ရွှေမြူတာအိုး (၉) လုံးနှင့် ငွေမြူတာအိုး (၉) လုံးကို ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ရေအိုးများကြားတွင် အသင့် ထားရှိရမည်။

ထီးတော်တင်ရန် ရွေးချယ်ထားသော မင်္ဂလာအခါတော် ရသည့်နေ့ရက်တွင် သံဃာတော် (၉) ပါးအား ပင့်ဖိတ်၍ အောက်ပါအတိုင်းအခမ်းအနားဖြင့် တင်လှူပူဇော်ရပါမည်။

ရတနာမဏ္ဍပ်တော်သို့ သံဃာတော် (၉) ပါး ကြွရောက်တော်မူလာပြီးလျှင် ဘုရားဒါယကာ၊ ဒါယိကာမနှင့် ပရိသတ်များက သီလခံယူဆောက်တည်ပြီးပါက လှူဖွယ်ဝတ္ထုများ ဆက်ကပ်၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ရေ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်စိုက်ထားသော ရွှေမြူတာအိုး၊ ငွေမြူတာအိုးများကို ဆရာတော်များ၏လက်ဝယ်သို့ ကပ်လှူရမည်။

ထိုသို့ကပ်လှူပြီးသောအခါ ဆရာတော်၊ သံဃာတော်အရှင်မြတ်များထံမှ ပရိတ်တော်ဒေသနာများကို နာကြားပြီးလျှင်—

ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲများကို ဥပါသကာ၊ ဥပဋ္ဌာကအဖွဲ့ဝင်များက ယူဆောင်၍ စေတီတော်၏ရင်ပြင်တွင် အရပ်ရှစ်မျက်နှာကို ပက်ဖျန်းရပါမည်။

ထိုသို့ ပရိတ်တော်ရေ၊ ပရိတ်တော်သဲများအား ပက်ဖျန်းပြီးသောအခါ ရတနာမဏ္ဍပ်တော်မှ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို

ဘုရားဒါယကာ၊ ဒါယိကာမနှင့် ဥပဋ္ဌာကအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ဒေသဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်များက ပင့်ဆောင်ပြီး စေတီတော်ကြီးကို လက်ယာရစ် (၃)ပတ် ပတ်ပြီး အပူဇော်ခံရပါမည်။

**မှတ်ချက်။** ။အချို့မိမိတို့ အစီဥ္စာန်ရှိသည်ဟု ဘုရားဒါယကာ၊ ဒါယိကာမများက (၅)ပတ်၊ (၇)ပတ်၊ (၉)ပတ် စသည်ဖြင့် ပတ်၍ ပူဇော်တတ်ကြသော အလေ့အထရှိပါသည်။ အချိန်အခါကို လိုက်၍ မိမိတို့ ကြိုက်နှစ်သက်သလို ပတ်၍ ပူဇော်နိုင်ပါသည်။

ထိုသို့ လက်ယာရစ်ပတ်၍ ပူဇော်ပြီးနောက် မူလရတနာမဏ္ဍပ်တော်တွင်း၌ ပြန်လည်နေရာချထားပြီး ထီးတော်တင်ရန် အချိန်အခါတော်ကို စောင့်ဆိုင်းရပါသည်။

**မှတ်ချက်။** ။ဤတွင် လက်ယာရစ်လှည့်ပတ် ပူဇော်ပြီးသော ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရတနာမဏ္ဍပ်တော်တွင်းသို့ ပြန်လည်ပင့်ဆောင်ခြင်းရှိသလို သီးခြားဆောက်လုပ်ထားသော "ထီးနားဆောင်" ဟု ရှေးက ခေါ်သည့် မဏ္ဍပ်ငယ်တစ်ခုအတွင်းသို့ ပင့်ဆောင်ထားပြီး ထီးတင်သည့် ဓလေ့ဟောင်းတစ်ခုလည်း ရှေးက ရှိခဲ့ဖူးပါသည်။ ထို (ထီးနားဆောင်)ကို စေတီတော်၏ ဒက္ခိဏဒိသာ တောင်အရပ်မျက်နှာတွင်သာ ဆောက်လုပ်ရမြဲဖြစ်ကြောင်း ရှေးဆရာ့ဆရာကြီးများထံမှ မှတ်သားရဖူးပါသည်။

"ထီးနားဆောင်"တွင်လည်းကောင်း၊ ရတနာမဏ္ဍပ်တော်တွင်လည်းကောင်း ပြန်လည်၍ နေရာချထားပြီးသောအခါတွင် ကြိုတင်စီမံ၍ တွက်ချက်ထားသော မင်္ဂလာအချိန်အခါကို ငံ့လင့်စောင့်စားနေကြချိန်တွင် အသံညြိဇာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးက မူလစီစဉ်ထားသည့်အတိုင်း ရွေးချယ်သတ်မှတ် တွက်ချက်ထားသော အချိန်အခါ နာရီနှင့် ကိုက်၍ "မင်္ဂလာအခါတော်" ဟု ကြွေးကြော်လျက် အခါတော်ပေးရပါသည်။

ထိုအချိန်အခါတွင် ရွှေထီးတော်၏ အောက်ခြေ အောက်ဆုံးခွေကို ပထမဘုံဆင့်အဖြစ် စတင်၍ တင်လှူရပါသည်။

ထိုသို့တင်လှူရာတွင် ဉာဏ်တော်အလိုက် စေတီတော်ငယ်ပါက မြေပြင်မှ ငြမ်းထိပ်အထိ ဒေဝါဝင်း၊ ရာဇာဝင်းများက လက်ဆင့်ကမ်း၍ သယ်ယူကြပြီး တင်လှူကြရပါသည်။

ဉာဏ်တော်မြင့်မားပါက ပန်းရထားယာဉ်ပုံဖြင့် တင်လှူပူဇော်ရပါသည်။ ထိုကဲ့သို့ ပထမအောက်ခွေ၊ ပထမဘုံဆင့်ကို ပန်းရထားပေါ်သို့ တင်ပြီးလျှင် သက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံအကြီးအကဲပုဂ္ဂိုလ်များ၊ ဥပဋ္ဌာကပုဂ္ဂိုလ်ကြီးများက သပြေပန်းများဖြင့် အမွှေးနံ့သာများကို ပက်ဖျန်းပြီး တင်လှူပူဇော်ရပါသည်။

ထို့နောက် ပထမဘုံဆင့်တင်လှူခြင်းကို ပိန္နဲတိုင်တွင် စွပ်ချ၍ နေရာတကျ ချပြီးလျှင် ငြမ်းထိပ်ပေါ်မှ အသံသြဇာရှိသူတစ်ဦးက ပထမဘုံဆင့် တင်လှူပြီးသော အချိန်ကို ကြွေးကြော်၍ ပရိသတ်များက သာဓု သုံးကြိမ် ခေါ်ရပါသည်။

ဥပမာ—"ထီးတော်၏ ပထမဘုံဆင့်ကို နံနက်(၉)နာရီ (၉)မိနစ်၊ (၉)စက္ကန့် အချိန်တွင် အောင်မြင်စွာ တင်လှူပူဇော်ပြီးပါကြောင်း" ဟု ကြွေးကြော်ရသည်။ ထိုအခါ ပရိသတ်များက သာဓု (၃)ကြိမ်ခေါ်ရပါသည်။

ထိုကဲ့သို့ ပထမဘုံဆင့် တင်သည့်စနစ်အတိုင်း ဒုတိယဘုံဆင့်၊ တတိယဘုံဆင့် စသည်ဖြင့် ဆက်လက်တင်ရပြီး တစ်ဆင့်ပြီးတိုင်း စံတော်ချိန်ကို တစ်ခါ ကြွေးကြော်ရသည်။ သာဓု (၃)ကြိမ်စီ ခေါ်ရသည်။

ထိုသို့ ထီးတော်ဘုံဆင့်များကို အစဉ်အတိုင်း တင်သွားပြီးသော် ငှက်မြတ်နားတော်ကို တင်ရသည်။ ငှက်မြတ်နားတော် တင်ပြီးလျှင် စိန်ဖူးတော်ကို တင်ရသည်။

စိန်ဖူးတော်တင်ပြီးသောအခါ ဆိုင်ရာ ဒါယကာများနှင့် ဥပဋ္ဌာက အဖွဲ့ဝင်များ၊ ဒေသခံအကြီးအကဲများက သပြေပန်းခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပြီး ငြမ်းထိပ်ပေါ်မှနေ၍ အသံသြဇာနှင့် ပြည့်စုံသူတစ်ဦးက "ဓိတံ မေ" ဟု အော်လိုက်လျှင် အောက်မှ ပရိသတ်များက "အောင်ပြီ"ဟု သံပြိုင်ကြွေးကြော်ရသည်။ ကြွေးကြော်ပြီးလျှင် ရတနာရွှေမိုး၊ ငွေမိုးများ ရွာ၍ ငွေကြဲရပါသည်၊

ထိုသို့ကြွေးကြော်ခြင်းကို (၃)ကြိမ်ကြွေးကြော်ရ၏။ ထို "ဓိတံ မေ" (အောင်ပြီ) ဟူ၍ (၃)ကြိမ်ကြွေးကြော်ပြီးသည်နှင့် တစ်ပြိုင်နက် စေတီတော်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာ အောင်မြင်ခြင်းသို့ ရောက်ပြီဖြစ်ပါသတည်း ။

မှတ်ချက်။ ။ဤတွင် အချိန်အလွန်ကြီးမား၍ ဉာဏ်တော်မြင့်မားသော စေတီတော်ကြီးများတွင် ရွှေထီးတော်တင်မင်္ဂလာကို (၂) ရက် ကျင်းပကြောင်း မှတ်သားတွေ့ရှိရဖူးပါသည်။

ပထမရက်တွင် ထီးတော်ဘုံဆင့်များကို အပြီးတင်၍ ဒုတိယရက်တွင်မှ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို တင်ပါသည်။

ထိုသို့ (၂) ရက်ခွဲ၍ တင်သည့်နည်းမှာ စေတီတော်ကြီး၏ ဂေါစရဂါမ် (ပတ်ဝန်းကျင်)တို့၏ ဆန္ဒအရသော်လည်းကောင်း၊ ကြီးကျယ်ခမ်းနားစည်ကားစေချင်သော ဆန္ဒအရသော်လည်းကောင်း (၂) ရက်တိုင်တိုင် ကျွေးမွေးလှူဒါန်းနိုင်သော ဘုရားဒါယကာ၊ ဒါယိကာမများ၏ အလိုဆန္ဒအရလည်းကောင်း ပြုလုပ်ကြခြင်းဖြစ်ပါသည်။

ထိုသို့ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို တင်လှူပူဇော်ပြီးပါက ထိုနေ့မှာပင် အနေကဇာတင်ခြင်းဖြစ်သော "ဗုဒ္ဓါဘိသေက" မင်္ဂလာကို တစ်ဆက်တည်း ကျင်းပလေ့ရှိပါသည်။

အထက်ဖော်ပြခဲ့သော ထီးတော်ကို (၂) ရက်ခွဲ၍ တင်ခြင်းဖြင့် စီစဉ်ကြသလို ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းကိုလည်း ရွှေထီးတော်တင်ပြီး နောက်တစ်နေ့ကျမှ ဆက်လက်ကျင်းပကြသည့် ဓလေ့ထုံးစံလည်း ရှိပါကြောင်း စေတီဘုရားတည်ထားခြင်းအခန်းကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါကြောင်း။

အာဗ္ဗာနာဒ္ဒိယ ဆရာဦးအုန်းမောင် (နတ်တလင်း)

**သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့**
**အစိုးရ ပဋ္ဌမကျော်ဘွဲ့**
**ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့နှင့်**
**"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့ရ**
**(မဟာဗုဒ္ဓဝင်ကျမ်းပြုဆရာတော်)**

## အသျှင်ဝိစိတ္တသာရာဘိဝံသ

၁၃၄၂–ခု၊ ဝါခေါင်လဆန်း၊ (၃)ရက် (၁၄–၈–၈၀)
ညွှန်ကြားရေးမှူးချုပ် ဒကာကြီးထံ
သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာတိုက်
ရန်ကုန်မြို့။

စာရေးကြားသိစေပါသည် ဒကာကြီး... အကြောင်းမှာ...

ဤစာနှင့်အတူ (၁) ရွှေဥမင်ဆရာတော်၊ (၂) တောင်ဖီလာဆရာတော်တို့ စီရင်အပ်သော ဌာပနာပုံ (ရှေးပေဟောင်း)ကျမ်းကို ယခုတည်နေဆဲဖြစ်သော နီပေါဘုရင်မင်းမြတ်၏ လက်ဆောင်တော်စေတီတော်အတွက် ဌာပနာသွင်းသော အခါ တတ်နိုင်သလောက် အထောက်အထားရရှိစေရန် ပေးပို့အပ်ပါသည်။ ဌာပနာသွင်းသောအခါ ဤကျမ်းကိုလည်း အထောက်အထားပြု၍ ဌာပနာရန် ဖြစ်ပါသည်။

၎င်းပြင် ဤစာမူပေဟောင်းလည်း ဘုန်းကြီးထံမှာ ရှိနေပါသည်။ သာသနာရေးဌာနက လိုအပ်ပါက ပေးပါမည်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ

(ပုံ) **ဦးဝိစိတ္တသာရာဘိဝံသ**
ဓမ္မဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

## သတ္တုရူပကဝိလာသနီကျမ်း

ဆင်းတုတော်စနစ်ကျမ်း ဦးထွန်းမြင့် တည်းဖြတ်သည်။ သုတေသနအသင်း စာစဉ် (၄)၊ (မုံရွေးဇေတဝန် ဆရာတော် သမန္တစက္ခုကျမ်း (ပ) အုပ်၊ စာမျက်နှာ (၂၄၀)အရလည်း ညွှန်းသည်။) ၎င်းသတ္တုရူပကဝိလာသနီကျမ်းသည် ပန်းရန်ဆရာကြီး ဆရာဖြူ၊ ပုဂံခေတ် ရေးသည်ဟုလည်း ပါသည်။ (တစ်နည်း) သင်္ဘောဆေး ဖြင့် ပုဂံ ဘုရားတစ်ဆူမှာ ရေးထားသည်ကို တွေ့ရသည်မှာ ရွှေဥမင် ဆရာတော် ပေစာမှ သတ္တုရူပကကျမ်းဟုလည်း အညွှန်း (၂)မျိုး ရှိပါသည်။

ဤဋ္ဌာပနာကျမ်းနှင့် သတ္တုရူပကကျမ်းကို စာသား အနည်း အများ အစိပ္ပာယ်သဘောတို့မှာ သိပ်ပြီးကွာခြားမှု မရှိပါ။

# စေတီယပကာသနီကျမ်း

## နောက်ဆက်တွဲ (ခ)

## ရွှေဥမင်ဆရာတော်

## နှင့်

## တောင်ဖီလာဆရာတော်တို့

## စီရင်အပ်သော

# ဌာပနာပုံကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

အာနန္ဒာတည်ဟန်၊ ဌာပနာဟန်၊
မင်္ဂလာစေတီ၊
နဂါးရုံ၊
ပယ်ရတနာ၊
လောကနန္ဒာ၊
ကောင်းမှုတော်ကြီး…

ဤဘုရားတို့တည်ဟန်၊ ဌာပနာဟန်နှင့် ညီစွာ ရှေးပုဂံထုံးကို ယူ၍ ကူးခန်းကြီးမြို့မြောက် ရွှေဥမင်ဆရာ စီရင်သောထုံး။

ဘုရားတည်အံ့သောငှာ မည်သည့်အရပ်၌ တည်မည်ဟူ၍ အရပ် ထက် ဝန်းကျင်တို့ကို ကောင်းစွာ သုတ်သင်၍ ထက်ဝန်းကျင်ကို ရာဇာမှတ်ကာ၍ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ဆီမီးတန်ဆောင်တို့ဖြင့် ပူဇော်သက္ကာပြု၍ အရပ် မျက်နှာကို ဗလိနတ်စာ ဂြိုဟ်စာ ပေး၍ နေ့၊ ရက်၊ အချိန်၊ ကာလရောက်လျှင် ဖိနပ်တော် လေးထောင့်ကို ရွှေအုတ်လေးချပ်၊ ငွေအုတ်လေးချပ် ချစပြု၊ ပြီးလျှင် ဌာပနာတော်တိုက် တွင်းကြီးတူးထားပြီးလျှင် ရွှေအုတ်လေးချပ်၊ ငွေအုတ်လေးချပ် လေးထောင့်က ချ၍ ကောင်းမွန်စွာ တိုက်လုပ်ပြီးလျှင် အတွင်းကိုလည်း အင်္ဂတေ သေသေချာချာ လုပ်ပြီးလျှင် ဌာပနာအံ့သော အစီရင်ကား…

(၁) သုမေဓာရသေ့သည် ဒီပင်္ကရာဘုရားကို တွေ့၍ ဒီပင်္ကရာခြေတော်ရင်း၌ အသက်ကိုစွန့်၍ လျှော်တေအဝတ်ကို ဝတ်လျက် ကိုယ်တော်ကို တံတားခင်းဟန် တစ်ရုပ်၊ (၂) ဒီပင်္ကရာဘုရား ဗျာဒိတ်ပေးဟန် တစ်ရုပ်၊ (၃) သုမိတ္တာသူဌေးသမီး ကြာရှစ်ပွင့်ကို ကိုင်၍ လာဟန် တစ်ရုပ်၊ (၄) ကြာရှစ်ပွင့်အနက်တွင် ငါးပွင့်ကို သုမေဓာအား လှူဟန် တစ်ရုပ်၊ (၅) သုံးပွင့်ကိုမူကား ဒီပင်္ကရာဘုရားအား လှူဟန် တစ်ရုပ်၊ (၆) သုမေဓာ ဘုရားဖြစ်ခါ သုမိတ္တာ အလုပ်အကျွေး ဖြစ်ပါလို၏ဟု ဆုတောင်းဟန် တစ်ရုပ်၊ (၇) ဒက္ကရစရိယာကျင့်တော်မူသောကာလ ပဥ္စဝဂ္ဂီ ၅–ယောက် လုပ်ကျွေးဟန် ၅–ယောက် တစ်ရုပ်၊ (၈) သိကြား စောင်းဖြင့် တောင်းပန်ဟန် တစ်ရုပ်၊ (၉) ဆိတ်ကျောင်းညောင်ပင်အောက်နေတော်မူသောအခါ သုဇာတာ ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်း လှူဟန် တစ်ရုပ်၊ (၁၀) ၎င်းအလှူကို ခံတော်မူ၍ နေရဥ္ဇရာချောင်းနား၌ ဆွမ်းဘုဉ်းပေးဟန် တစ်ရုပ်၊ (၁၁) နေရဥ္ဇရာ ချောင်းနား၌ ရွှေခွက်ကို မျှော၍ သုံးဆူ မျှောတော်မူသော ရွှေခွက်သုံးခွက် အောက်ဝင်၍ ထပ်လျှင် ကာလနဂါးနိုးဟန် တစ်ရုပ်၊ (၁၂) သုဒ္ဓိယစေင် မြက် ရှစ်ဆုပ်လှူဟန် တစ်ရုပ်၊ (၁၃) ဘုရားရှင်လည်း ပလ္လင်နှင့်တကွ ပေါက်၍ ထိုင်နေဟန် တစ်ရုပ်၊ (၁၄) ဗောဓိပင်ကသည် အရှေ့မြောက်ထောင့် ဗောဓိပင်ကို ကြည့်ဟန် တစ်ရုပ်၊ (၁၅) မြောက်စူးစူး စင်္ကြံနှင့်တကွ ဗောဓိပင်ကို ကြည့်ဟန် တစ်ရုပ်၊ (၁၆) အနောက်မြောက်ထောင့်က ရတနာဃရ ရွှေအိမ်နှင့်တကွ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆင်ခြင်တော်မူ၍ ဗောဓိပင်ကို ကြည့်ဟန် တစ်ရုပ်၊ (၁၇) အရှေ့စူးစူး အဇပါလညောင်ပင်အောက် ဗောဓိပင်ကို အာရုံပြု၍ နေဟန် တစ်ရုပ်၊ (၁၈) အရှေ့ကောင် မုစလိန္ဒာအိုင်နား ကျည်းပင်ရင်း၌ နဂါး ပါးပျဉ်း မိုးဟန်၊ ကျည်းပင်ရုပ်နှင့်တကွ ဗောဓိပင်ကို အာရုံပြု၍ နေဟန် တစ်ရုပ်၊ (၁၉) တောင်စူးစူး ရာဇာယတန လင်းလွန်းပင်ရင်း၌ ဗောဓိပင်ကို အာရုံပြု၍ နေဟန်၊ လင်းလွန်းပင်နှင့်တကွ တစ်ရုပ်၊ ဤသို့ဆိုခဲ့ပြီးသော အရုပ်ပေါင်းတို့ကို စာနှင့်အညီ သွန်းသူတို့ကို ကြေးကို သွန်းပါဟူ၍ နားမလည်လျှင် စာရေး၍ ပေးပို့သည့်အတိုင်း သွန်းရမည်။

သို့ပြီးမှ အဋ္ဌဝီသသွန်းရမည်။ ဤသို့အရုပ်တို့ကို စုမိမှ–

(မဇ္ဈေ) ပဋ္ဌမံ ဗောဓိပလ္လင်္ကံ၊ သေဋ္ဌေ စ အနိမိသံ။
ဥတ္တရေ စင်္ကမံ (သေဋ္ဌံ)၊ ပါယပ္ပေ ရတနာဃရံ။

54
B

ပြုပွေ ဌာနေ အဇပါလံ၊ အဂ္ဂိနေယဋ္ဌ မုစ္ဆလိန္ဒံ။
ဒက္ခိဏေ ရာဇာယတနံ၊
ဇတေ သတ္တ မဟာဌာနေ၊ အဟံ ဝန္ဒာမိ (သဗ္ဗဒါ)။

ဤဂါထာအတိုင်း သတ္တဌာန ခုနစ်ဆူတို့ကို ထားရလိမ့်မည်။ ထားဟန်ကား—

မဟာဗောဓိပင် တစ်ဆူသာ အရှေ့ကို မျက်နှာပြုရမည်။

ခြောက်ဆူကို ဗောဓိသို့ မျက်နှာပြုရမည်။

ဤမှတစ်ပါးသော အရုပ်တို့ကို နောက်ကချည်း ရှေ့ကို မျက်နှာပြု၍ ထားရမည်။

မဆံ့လျှင် ဗောဓိရှေ့က ရှေ့ကိုချည်း မျက်နှာပြုလေ။

မုစလိန္ဒအိုင်မူကား နဂါးရုံဘုရားရုပ် အရှေ့တောင်ထား။ ကျည်းပင်အိုင် အနောက်မြောက်နေမှ သင့်မည်—ဟူ၍ အလုအယက်ရှိ၍ ငြင်းခုံသော(ကြောင့်) ထုံးရှာသော် ယခုနောက်ကဆိုသော ဘုရားကိုးဆူအတိုင်း ထုံးတွေ့သောကြောင့် ဤထုံးအတိုင်း ဆောင်တော်မူကုန်—ဟူ၍ ရွှေဥမင်ဆရာဘုရား နှစ်သက်တော်မူသည့်ထုံး။

ဤသို့ဌာပနာပြီးမှ ရာဇာယတန လင်းလွန်းပင်ရင်း၌ နေတော်မူသောကာလ သိကြားမင်း နာဂလတာဒန်ပူ မျက်သစ်ရေလှူသည်။ ကြစုသီးလှူသည်။ တပုဿ၊ ဘလ္လိက ညီနောင် ပျားမုန့်လှူသည်။ စတုလောကပါလနတ်သား လေးယောက် သပိတ်လေးလုံးလှူသည်။ ဤသူတို့ကို လင်းလွန်းပင်မှာ တောင်ကို မျက်နှာပြု၍ထား။

ရာဇာယတနမှပြန်၍ အဇပါလညောင်ပင်ရင်း၌ နေတော်မူသောကာလ သဟမ္ပတိဗြဟ္မာသည် မြင်းမိုရ်တောင်ခန့်လောက်သော ရတနာ ရွှေပန်းကုံး ပူဇော်၍ တရားဟောစိမ့်သောငှာ တောင်းပန်သော ဗြဟ္မာကို အရှေ့ကို မျက်နှာပြု၍ထား။

ဟုံဟုံကပုဏ္ဏားကိုမူကား ဗောဓိပင်မှာ အနောက်ကို မျက်နှာပြု၍ထား။

နဂါးလုလင် ကျည်းပင်ရင်းမှာ အရှေ့တောင်ကို မျက်နှာပြု၍ထား။

သတ္တဌာန ခုနစ်ဆူတို့ကို တစ်ဆူတစ်ဆူတွင် မွေတော်တစ်ဆူစီ ရင်သီးတိုင်အောင် ရွှေကြုတ်နှင့် ဌာပနာ။

(၅) ဓာတ်တော်မွေတော် ဗောဓိပင်မှာမူကား မွေတော်သင်္ယာတော်ဓာတ် ဗောဓိကို အစုံအစေ့သွင်း၊ သင်္ယာတော်တို့ ဓာတ်တော်ကိုမူကား ရွှေ၊ ငွေ၊ ကြေးနီ၊ ခပ်ပြာကြုတ်နှင့် ဝမ်းတော်တွင် ဌာပနာလေ။ သည်အထက်ကို မွေတော်ဌာပနာ။

(၆) ထို ၂–ပါးအောက်ကိုကား ဘုရားရှင်ဇာတာ၊ အဘိဓမ္မာကျမ်းဦး၊ သုတ္တံကျမ်းဦး၊ ဝိနည်းကျမ်းဦး၊ ဤကျမ်းဦး ၃–ပါးတို့ကို ရွှေ၊ ငွေ၊ ကြေးနီ၊ ခပ်ပြာတို့ကို ပေရွက်ခန့် အပြားခတ်၍ သည်တွင်ရေး၍ ဌာပနာလေ။ မသွင်းသာခဲ့သော် ပလ္လင်တော်တွင် ပြင်က ပတ်၍ နန်းချည်ဖြင့် စည်းလိုက်၍ ဌာပနာ။

(၇) ဘုရားကျောင်းတော်လုပ်၍ သပိတ်မှောက်သို့ ရောက်လျှင် သပိတ်မှောက်တွင် စီစဉ်၍ ဌာပနာ(ရန်) ဘုရားများကား– ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရှင် ၄–ဆူတို့ကို မျက်နှာချင်းဆိုင်၍ ဌာပနာ။ (အချို့လည်း အရှေ့ကိုချည်း တူရှုထားကြသည်၊ သည်အရာကို ရှေးဆရာပညာရှိတို့ မကြိုက်၊ ရင်ဆိုင်ကို ကြိုက်ကုန်၏။)

(၈) သပိတ်မှောက်ပြီး၍ ပိန္နဲတိုင် စိုက်သောအခါလည်း ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့နှင့် နံတူသည့် သစ်ပင်တို့ကို ပိန္နဲတိုင်စိုက်ရာသည်။ ရှာဘုံတည်လျှင် ရှာနံနှင့်တူသော သစ်ကို စိုက်ရာသည်။ ဤမှာသည့်အတိုင်း စိုက်သော် ဘုန်းကြီးရာသည်။ အသက်ရှည်ရာသည်။ ဥစ္စာပစ္စည်း တိုးတက်ပွားများရာသည်။ ရှေးသူတော်တို့ထုံး။

ယခုမူကား ကျွန်းသားကိုသာ စိုက်ကြသည်။ သင့်သောသူ သင့်၏။ မသင့်သောသူ ခိုက်၏။ ထိုပိန္နဲတိုင်ကိုလည်း ဤဂါထာအတိုင်း စားလေ။

(ရွတ်ဆိုရန် ဂါထာ)

ကေသေသံ မရဏံ၊ ဒွေသေသံ ရာဇပူဇိတံ။
တြိသေသံ အဂ္ဂိဘယံ၊ စတုသေသံ မဟာလာဘံ။
ပဉ္စသေသံ မဟာဒုက္ခံ၊ ဆသေသံ မဟာသုခံ။
သတ္တသေသံ ဇနဝိနာသနံ၊ ဝိပရိဒုက္ခံ ကလဟံ ဘဝေ။

(ဉာဏ်တော်တွက်ရန်) အတောင် ရသမျှတွင် မိုက်ဖွဲ့၊ မိုက်ကို ၇–ခုဖြင့်စား၊ အကြွင်းကို စာနှင့် ညီအောင် ကြွင်းစေ။ အန္တရာယ်မျိုးကင်း၍ စည်းစိမ် ဥစ္စာများ၏။

(၉) ဖောင်းလုံး ချယားသီးသပ်သောအခါ ချယားသီးတွင် ရှင်ဥပဂုတ်အရုပ် မဆွေးနိုင်သော ကြေးဖြစ်စေ၊ ကျောက်ဖြစ်စေ ထုလုပ်၍ အရှေ့ကို မျက်နှာပြု၍ ပိန္နဲတိုင်ကို မှီ၍ ဌာပနာ။ တန်ခိုးအာနုဘော် ကြီး၏။ လာဘ်ရွှင်၏။ ပန်းရံတို့ စီရင်ရိုး ချယားသီး သပ်သောအခါ ပန်းရံတို့ကို မသပ်စေနှင့်။ ကိုယ်နှင့်တူသော သူတို့ကို ကြပ်၍ သပ်စေ။ ပန်းရံတို့သည် သူတို့ကောင်းအောင်သာ သပ်တတ် သည်။ သပ်လျှင် အစားမမှန်ပြီ။ ထို့ကြောင့် ကိုယ့်လူ ကြပ်စေရာ၏။

ထီးတင်သောအခါ မတင်မီ အောက်က အပြီးခင်းကျင်းစေ။ အထက်သို့ ရောက်မှ ကြပ်သည်ဟူ၍ မပုတ်ကောင်း၊ မခတ်ကောင်း၊ နုတ်ချည် စွပ်ချည် မပြုကောင်း၊ မကြပ်ကောင်း၊ ထီးအစဉ်လည်း မမှားကောင်း၊ အစဉ်အတိုင်း တင်ရာသည်။ ထီးစဉ်ကို ယူသောအခါလည်း မှား၍မယူသင့်၊ မှန်လှစေ။

(၁၀) ပိန္နဲတိုင်စိုက်သောအခါလည်း ရှစ်မျက်နှာတို့တွင် အရှေ့တောင်ကို တိမ်းစေ၊ သည့်ပြင်မတိမ်းကောင်း။ အကျိုးမရှိချေ။ သံတိုင်လည်း ထိုနည်းစိုက်လေ။

တည် ၃–ပါး လွဲစေ၊ မလွဲတည်ခဲ့သော် ဘုရားဒါယကာ၊ ဘုရားဒါယိကာမ ရှာမခံနိုင်။

## တည် ၃–ပါး ဟူသော်ကား–

(ဌာပနာ) ဗောဓိ၊ ပိန္နဲတိုင်၊ မံဘုရား၊ ဤ ၃–ချက် မတည်ကောင်း။ ဗောဓိ၊ မံဘုရား၊ ပိန္နဲတိုင်၊ ၃–ချက်တည်ချေသော် ဘုရားဒါယကာ၊ ဘုရား ဒါယိကာမ သေကြေပျက်စီးခြင်းသို့ ရောက်တတ်သည်ဟူ၍ ရှေးရှေးပညာရှိ ထုံးရှိသည်။ မသင့်၊ မတည်စေအပ်။ တည် ၃–ပါး လွဲစေ။

ဌာပနာတိုက်ကား နက်သင့်သော အရပ်ကိုသာ နက်စေ။ တိမ်သင့်သော အရပ်ကိုသာ တိမ်စေ။ ထိုထိုအရပ်တို့ကို ထိုထိုပညာဖြင့် ဝိဇ္ဇာ + စရဏ ဆင်ခြင်၍ စီရင်ရလိမ့်မည်။

ဌာပနာဘုရားကား ဘုရားဒါယကာ အရင်ရှိသော ဘုရားပြင် နောက်မှ ပေါ်လာသော် လဲ၍ မပြုသင့်ချေ။ လဲမိသော် ပျက်စီးခြင်းသို့ ရောက်ချေသည်။ မသင့်၊ ရှောင်လေ။ သဒ္ဒါလှသည်ဟူ၍ ဆံထိုး၊ ဆံကျင်၊ ဆံစု၊ ဆင်စွယ်၊ ပယင်းနှ၊ အင်း၊ လက်ဖွဲ့၊ မိဘာသမား (မိ + ဖ + ဆရာသမား) ဆွေးမြည့်ကောင်းသော ဝတ္ထုတို့ဟူသမျှကို ပယ်ဘိ။ ခြစားသော်၊ ဆွေးမြည့်သော် ဘုရားဒါယကာ၊

ဘုရားဒါယိကာမ၊ ရွာပုံတည်သော် ဤ ၃–ချက်သည် ပျက်စီးခြင်းသို့ ရောက်ရေ
သည်။ နိုင်အောင် တားပယ်ဘိ၊ မသင့်ချေ။

**မှတ်ချက်။** ။တည်ခြင်း ၃–ပါး လွဲစေဆိုရာ၌ ထိခြင်း ၃–ပါး လွဲစေရမည်၊ တစ်ခုနှင့်တစ်ခု ထိမှုမရှိရ၊ မယိုင်မစောင်းရဟု သတ္တုရူပကကျမ်းမှာ ရှိပါသည်။

သဒ္ဓါလှသည်ဟူ၍ ငါးမျက်နှာ ဘုရားကိုလည်း မတည်စေသင့်။ ပယ်ဘိ။ မပယ်သော် ကြေမွပျက်စီးခြင်းသို့ ရောက်ချေ၏။ ရွာသုဉ်း၏။ နေရာသုဉ်း၏။ မသင့်၊ ပယ်ဘိ။

အကြင်လူအပေါင်းတို့သည် အသက်ရှည်စေလိုသော်၊ ဘုန်းတန်ခိုးအာနုဘော်ကြီးစေလိုသော်–

| | |
|---|---|
| တနင်္ဂနွေသားမှာ | မအူ၊ အင်–ကို ထုလေ။ |
| တနင်္လာသားမှာ | ကံ့ကော်၊ ကုက္ကို ထုလေ။ |
| အင်္ဂါသားမှာ | ရွစ်၊ ပဒွင်း ထုလေ။ |
| ဗုဒ္ဓဟူးသားမှာ | ရှား၊ သရက် ထုလေ။ |
| ကြာသပတေးသားမှာ | ပျဉ်း၊ ပေါက် ထုလေ။ |
| သောကြာသားမှာ | သီး၊ သန်း ထုလေ။ |
| စနေသားမှာ | သတိ၊ သထွက်၊ နှော ထုလေ။ |

တနင်္ဂနွေသား နံဘုရားအမည်ကား ဖောင်တော်ဦး၊ ရတနာစံဦးမှည့်။

တနင်္လာသား နံဘုရားအမည်ကား ရွှေကူ၊ စည်းခုံမှည့်။

အင်္ဂါသား နံဘုရားအမည်ကား သဗ္ဗညု၊ ရတနာမဍ္ဍုမှည့်။

ဗုဒ္ဓဟူးသား နံဘုရားအမည်ကား တဏှာကျ်ရာ၊ မေခကျ်ရာမှည့်။

ကြာသပတေးသား နံဘုရားအမည်ကား ဂေါတမ၊ ကဿပ၊ ဝေဿဘူမှည့်။

သောကြာသား နံဘုရားအမည်ကား အတ္ထဒဿီ၊ ဓမ္မဒဿီမှည့်။

စနေသား နံဘုရားအမည်ကား မင်္ဂလာစေတီ၊ စေတနာ၊ ရေဝတ၊ ဇူဋ္ဌာမုနိမှည့်။

ကျမ်းဦး ၃-ပါးကို ဆိုပေအံ့။

(၁) ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

(ပဋ္ဌာန်းကျမ်းဦး)

၂။ တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ အဿောသိ ခေါ ဝေရဉ္ဇော ဗြာဟ္မဏော သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သိဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။ သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။ သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ၊ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။ သာဓု ခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတီတိ။

(ဝိနည်းကျမ်းဦး)

၃။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန၊ တတြ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ သုပ္ပိယဿ ပန ပရိဗ္ဗာဇကဿ အန္တေဝါသီ ဗြဟ္မဒတ္တော မာဏဝေါ အနေကပရိယာယေန ဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ ဝဏ္ဏံ ဘာသတိ၊ သံဃဿ ဝဏ္ဏံ ဘာသတိ၊ ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီ အညမညဿ ဥဇုဝိပစ္စနီကဝါဒါ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဉ္စ။

(သုတ်ကျမ်းဦး)

## မံဘုရားအစီအရင်ကား–

အကြီးကိုလိုသော်လည်းကောင်း၊ အငယ်ကိုလိုသော်လည်းကောင်း ထက်ဝယ်ဖွဲ့ကို စိတ်ရှိတည်။ ဒူးတော်နှစ်ဘက်ကို အကုန်တိုင်း၊ သုံးချိုး ချိုး၊ တစ်ချိုးသည် တစ်ထွာဖြစ်၏။ ထွာကို သုံးစု စု။ တစ်စုသည် လေးသစ်ဖြစ်၏။ လေးသစ်နှစ်ခုသည် မိုက်ဖြစ်၏။ တစ်သစ်ကို လေးစု စု၊ တစ်စုသည် မုယောဖြစ်၏။ ဤသို့ ထက်ဝယ်တော်ကို တောင်၊ ထွာ၊ မိုက်၊ လက်သစ်၊ မုယောတို့ဖြင့် ချင်တွက်၍ ပြုပြီးမှ ဆင်းတုတော်ကို ထက်ဝယ်အတိုင်း နှုတ်ခမ်းတော်ထား (နှုတ်ခမ်းတော်ထိမူ) သူဆင်းရဲ ကိုးကွယ်ရာ၏။ ထက်ဝယ် နှာခေါင်းတော်ထိမူ အမှူးအမတ်တို့ ကိုးကွယ်ရာ၏။ မျက်ကြားရောက်သော် အိမ်ရှေ့မင်းတို့ ကိုးကွယ်ရာ၏။ နဖူးရောက်သော် ရေမြေ့ရှင်မင်း ကိုးကွယ်ရာ၏–ဟူ၍ ထက်ဝယ်ကို ဘုရားရုပ်နှင့် တိုင်းသော်၊ နှုတ်ခမ်းကျသော် သူဆင်းရဲ၊ နှာခေါင်း + မျက်ကြား + နဖူး လူကိုလိုက်၍ စီရင်ရမည်။ ထိုမှာသောအတိုင်း ပညာဖြင့် ဆင်ခြင်လေ၊ ကိုးကွယ်သင့်သည်ကို ဆိုသည်။

**ဖြိုး ၃-ပါး၊ ချုပ် ၃-ပါး၊** ဝန်း ၃-ပါး ညီစေ။

**ဖြိုး ၃-ပါးကား-** ရင်ဖြိုးစေ၊ နဖူးဖြိုးစေ၊ ပခုံးဖြိုးစေ။

ချုပ် **၃-ပါးကား-** နံနှစ်ဘက် ချုပ်စေ၊ ရင်ချုပ်စေ၊ ပါးတော် နှစ်ဘက် ချုပ်စေ။

ဝန်း ၃-ပါးကား- မေးတော်ဝန်းစေ၊ နားရွက်ဖျားဝန်းစေ၊ နဖူးတော် ဝန်းစေ။

ပလ္လင်တော် တစ်ထွာ၊ ကိုယ်တော် သုံးထွာ၊ လက်မောင်းတော် သုံးထွာ ညီစေ။ လည်တော် လေးသစ်၊ မေးနှင့် နှာခေါင်းတော်ထိ လေးသစ်၊ နှာခေါင်းတော် လေးသစ်၊ နဖူးတော် လေးသစ်၊ ဆံတော် လေးသစ်၊ ဆံကျစ်တော် လေးသစ်၊ နှစ်သစ်တွင် ခံတွင်းတော်ထား။

မျက်နှာတော်ကို သုံးစု စု၊ အလယ် နားရွက်တော်ထား၊ မျက်နှာတော်ကို သုံးစု စု၊ အောက် နှစ်ခု အောက်ကြား မျက်စိတော်ထား။ ဤသို့ မှာသောအတိုင် ပညာရှိ သူတော်ကောင်းတို့သည်လည်း ခါးမှာ ပညာနှင့် ဆင်ခြင်၍ စီရင်ရ လိမ့်မည်။ မှာရိုး ဆိုရိုးကိုသာ ပညာရှိတို့ မှာသည်။ ဝိဇ္ဇာစရဏထောက်၍ ဘုရားကို သပ္ပါယ်မည့်အကြောင်းကို စီရင်လေ။

**ကျောင်းတော်မှာကား-**ဖိနပ် အရပ်တော်ကြီးလျှင် ကြီးလျော့က်၊ ငယ်လျှင် ငယ်လျော့က် ဤဂါထာအတိုင်း စားလေ။

ကော ခဇော ဝါဏိဇ္ဇော၊
ဒွေ ရူမော ဘိက္ခု ဗြာဟ္မဏော။
တြိ သီဟော ရာဇဂေဟော၊
စတု သွာနော လုဒ္ဒကော။
ပဉ္စ ဂေါဏော ဒလိဒ္ဒေါ၊
ဆ ဂဒြဘော သေဋ္ဌိနော။
သတ္တ ဂဇော အမစ္စော စ၊
အဋ္ဌ သုညံ ကလဟံ ဘဝေ။

ဤဂါထာနှင့်အညီ အဝန်းကို ရှစ်ခုနှင့် စားလေ။ ခြောက်ခုကြွင်းသော် ထီးကျတတ်သည်။ ငါးခုကြွင်းသော် ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့

ဆင်းရဲတတ်သည်။ သုဥ်းလျှင် မိုးကြိုးပစ်တတ်သည်။ လူကို ထောက်၍ စီရင်လေ။ အိမ်ကဲ့သို့ မကြွင်းစေနှင့်။

အရပ်တော်မှာလည်း ဆိုခဲ့ပြီးသော ပိန္နဲတိုင်ကဲ့သို့ စားရလိမ့်မည်။ ခုနစ်ခုနှင့် စားလေ။ သုံးခုကြွင်းလျှင် မိုးကြိုးပစ်တတ်သည်။ လေတိုက်၍ ထီးကျတတ်သည်။ (ဘုရားဗိသုကာကျမ်း။)

## ဘုရားခြောက်ဆူထုံးကို အဘယ်ကြောင့် သိရမည်နည်းဆိုသော်–

ရွှေပြည်တော်၌ ကောင်းမှုတော်ကြီး ဒါယကာ ရေမြေ့ရှင်သည် ကောင်းမှုတော်ကြီး တည်သောကာလ မွန်ရဟန်းတို့ တစ်နေ့၊ မြန်မာရဟန်းတို့ တစ်နေ့ ပင့်ခေါ်၍ ပရိတ်ရွတ်သော ကာလ ရေဖောင်၌ ဓာတ်တော်၊ မွေတော် ဌာပနာ အံ့သော ဘုရားတို့ကိုထား၍ ရေဖောင်၌ ရွတ်ကြသော် မြန်မာရဟန်းတို့ ရွတ်သော် ဖောင်တော် ရပ်သည်။ မွန်ရဟန်းတို့ ရွတ်သော် ဖောင်တော်သည် အညာ ဆန်သည်။ ထိုအကြောင်းတို့ကို မင်းကြီးအား ကြားလေ၍ ထုံးကို မေးမြန်း စိစစ်သော်–

သီဟိုဠ် မဟာစေတီ၌ ရွတ်ရိုး ဌာပနာရိုးတို့ကို မွန်ရဟန်းတို့ အလေ့ အကျက် ရှိကုန်၍ ထိုနည်းကို ရှာဖွေသော် စစ်ကိုင်းမြို့အနောက် ခိုတောင် ကျောင်း၌ သီဟိုဠ် မဟာစေတီ ဌာပနာထား၊ ထို(ပြင်)ပုဂံပြည်ဝယ် အလောင်းမင်း တို့ တည်သောထုံး ဤကဲ့သို့ထားသည်ကို သီဟိုဠ်ရောက် ကိုးခေါက် ပရိတ်ကြီး၊ အဠဓေယျမင်္ဂလာ၊ မဟာသမယသုတ်၊ ဓမ္မစကြာ၊ အနေကဇာ သုံးကြိမ်၊ အဝိစ္ဆာတစ်ကြိမ်၊ ယဒါဟဝေ–တတိယဂါထာ၊ ယံကိဥ္စိ မဟာဓေယျမင်္ဂလာ၊ မဟာနမက္ကာရ၊ ဤသို့ရွတ်ရိုးစာ တွေ့၍ ဤနည်းအတိုင်း ကူးခန်းမြို့မြောက် ရွှေဥမင်ဆရာတော် တွေ့သည်။ ထိုရွှေဥမင်ဆရာတော်ဘုရားလည်း နှစ်သက် တော်မူသည်။

## ဗောဓိတည်

ဗောဓိပင် အရှေ့ ၄–တောင်ခြား ပလ္လင်တည်၊ ၄–တောင်ကို မုယောဖွဲ့၍ သူ့မုယောနှင့် သုံးလုံးတစ်ခြမ်း ထွာစေရမည်။

ပလ္လင်မှ အရှေ့မြောက် ၁၀–လံခြားဆိုသောကြောင့် မုယောဖွဲ့သော် တစ်လက်သစ်နှင့် ၃–မုယောခြား၍ ချ။ ပလ္လင်သို့ မျက်နှာပြု။ ပလ္လင်မြောက်

၅-လံခြားဆိုသောကြောင့် မုယောဖွဲ့သော် လက် ၂-သစ်နှင့် တစ်မုယောခြား၍ ရတနာစင်္ကြံကြွဟန် ချ။ ပလ္လင်သို့ မျက်နှာပြု။ ပလ္လင်၏ အနောက်မြောက်ထောင့် အလံ ၄၀-ခြားဆိုသောကြောင့် မုယောဖွဲ့သော် ၅-သစ်နှင့် ၅-မုယောခြား၍ ရတနာဃရရွှေအိမ်၌ အဘိဓမ္မာ သုံးသပ်ဟန် ချ။ ပလ္လင်သို့ မျက်နှာပြု။ ပလ္လင် အရှေ့ ၃၂-လံခြားဆိုသောကြောင့် မုယောဖွဲ့သော် ၄-သစ်နှင့် ၄-မုယောခြား၍ အဇပါလ ဆိတ်ကျောင်းညောင်ပင်၌ နေဟန် ချ။ ပလ္လင်သို့ မျက်နှာပြု။ ပလ္လင် အရှေ့တောင်ထောင့် ၃၅-လံခြားဆိုသောကြောင့် မုယောဖွဲ့သော် ၅-သစ်ခြား၍ မုစလိန္ဒာအိုင်နား ကျည်းပင်ရင်း၌ မိုးရွာ၍ နဂါး ပါးပျဉ်းဖြင့် ဖုံးဟန်ကို ချ။ ဗောဓိပင်သို့ မျက်နှာပြု။ ပလ္လင်တော် ၁၅-လံခြားဆိုသောကြောင့် မုယောဖွဲ့သော် ၂-သစ်နှင့် တစ်မုယောကွာ ရာဇာယတန လင်းလွန်းပင်ရင်း၌ နေဟန်ကို ချ။ ပလ္လင်သို့ မျက်နှာပြု။ သတ္တဌာနစေ့၍ ရာဇာယတနထက် သိကြားနတ်မင်းကြီး ကြစုလှူအပ်သည်။ ထို့နောက် တပုဿ၊ ဘလ္လိက ညီနောင် နတ်တို့စီရင်အပ်သော ပျားမုန့်ဆုပ်လှူကပ်သည်။ သုဇာတာ ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်း ကပ်လှူသောနေ့ စတုလောကပါလ နတ်သား ၄-ယောက် ပဲနောက်အဆင်းနှင့်တူသော သပိတ် ၄-လုံးကို ကပ်လှူ၍ တစ်လုံးတည်းဖြစ်အောင် လက်ဖြင့် နှိပ်၍ ထိုပျားမုန့်ကို ခံတော်မူဟန်။ ထို့နောက် အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌ သဟမ္ပတိဗြဟ္မာ သည် တရားဟောတော်မူစိမ့်သောငှာ တောင်းပန်ဟန်။ မြတ်စွာဘုရားသည် လောကီဆရာဖြစ်ခဲ့ဖူးသော ဥဒက၊ အာဠာရ ရသေ့တို့ကို အကျွတ်တရားရစေလို၍ ဉာဏ်ဖြင့် ကြည့်ရှုတော်မူသော် သန်းခေါင်ကျော်ကသည်ပင် စုတေ၍ နေဝသညာ နာသညာယတနဘုံသို့ ဖြစ်၍ "ဩော်...ရှုံးစွတကား"ဟု လက်ခုပ်တီးဟန်၊ ထို့နောက် ဗောဓိပင်နှင့် ၁၂-ယူဇနာခြား အရပ် မိဂဒါဝုန်တောသို့ ကြွ၍ ပဉ္စဝဂ္ဂီ ၅-ယောက်တို့ကို ဓမ္မစကြာတရားကို ဟောတော်မူသည်။

ဧကော ဇေယျော ဒွေ သိဒ္ဓိ၊
တြိ ဒုက္ခံ စတု လာဘံ၊
ပဉ္စ မရဏံ ဆ သုခံ သမ္ပတ္တိ၊
သတ္တ သုညံ ကာလဟံ ဘဝေ။

ဧကော၊ တစ်ခုကြွင်းမူကား။ ဇေယျော၊ အောင်ရာ၏။ ဒွေ၊ ၂-ခုကြွင်း မူကား။ သိဒ္ဓိ၊ အပြီးအစီးသို့ ရောက်ရာ၏။ တြိ၊ ၃-ခုကြွင်းမူကား။ ဒုက္ခံ၊

ဆင်းရဲ၏။ စတု၊ ၄-ခုကြွင်းမူကား။ လာဘာ၊ လာဘ်ရ၏။ ပဥ္စ၊ ၅-ခုကြွင်းမူကား။ မရဏာ၊ သေရာ၏။ ဆ၊ ၆-ခုကြွင်းမူကား။ သုခံ၊ ချမ်းသာ၏။ သမ္ဗတ္တိ၊ လောက်ငကုံလုံ ပြည့်စုံကြွယ်ဝ၏။ သတ္တ၊ ၇-ခုကြွင်းမူကား။ သုညံ၊ ကလဟံ၊ သုဉ်းခြင်း, ငြင်းခုံခြင်းသည်။ ဘဝေ၊ ဖြစ်ရာ၏။ အရပ်ကို ၇-ခုနှင့် စားလေ။

ဧကော ဓဇော ဝါဏိဇ္ဇော၊
ဒွေ ဓူမော သမဏဗြာဟ္မဏော၊
တြိ သီဟော ရာဇဂေဟော၊
စတု သွာနော စ လုဒ္ဒကော။
ပဥ္စ ဂေါဏော ဒလိဒ္ဒေါ၊
ဆ ဂဒြဘော သေဋ္ဌိနော၊
သတ္တ ဂဇော အမစ္စော စ၊
အဋ္ဌ ကာကော သောနာဂရိကော။

ဧကော၊ တစ်ခုကြွင်းမူကား။ ဓဇော၊ တံခွန်သင့်၏။ ဝါဏိဇ္ဇော၊ ကုန်သည်တို့ နေရာ၏။ ဒွေ၊ ၂-ခုကြွင်းမူကား။ ဓူမော၊ အခိုးသင့်၏။ သမဏ-ဗြာဟ္မဏော၊ ရဟန်း+ပုဏ္ဏားတို့ နေရာ၏။ တြိ၊ ၃-ခုကြွင်းမူကား။ သီဟော၊ ခြင်္သေ့သင့်၏။ ရာဇဂေဟော၊ မင်းတို့ နေရာ၏။ စတု၊ ၄-ခု ကြွင်းမူကား။ သွာနော၊ ခွေးသင့်၏။ လုဒ္ဒကော၊ မုဆိုးတို့ နေရာ၏။ ပဥ္စ၊ ၅-ခုကြွင်းမူကား။ ဂေါဏော၊ နွားသင့်၏။ ဒလိဒ္ဒေါ၊ သူဆင်းရဲတို့ နေရာ၏။ ဆ၊ ၆-ခုကြွင်းမူကား။ ဂဒြဘော၊ မြည်းသင့်၏။ သေဋ္ဌိနော၊ သူဌေးတို့ နေရာ၏။ သတ္တ၊ ၇-ခုကြွင်းမူကား။ သုညံ၊ သုဉ်း၏။ ကာကော၊ ကျီးသင့်၏။ သောနာဂရိကော၊ ပြည့်တန်ဆာမတို့ နေရာ၏။ ၈-ခုနှင့် စားမှာ အဝန်းကို ဆိုလိုကြပါသည်။

နမော တဿတိ-

ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပြုအံ့သော ညောင်စောင်း၌ လျောင်းတော်မူလျက် သီဟိုဠ်ကျွန်း၌ မဟာဗောဓိပင်ကို တည်စေခြင်းငှာ ဓမ္မာသောကမင်း မဟာဗောဓိကို ယူလတ္တံ့။ ထိုအခါ မဟာဗောဓိ၏ အခက်ဖြစ်သော ဒက္ခိဏသာခါ မဟာဗောဓိ သည် အလိုလိုပြတ်၍ ရွှေဖျဉ်း၌ တည်စေသတည်းဟု အဓိဋ္ဌာန်တော်မူသည်လည်း တစ်ပါး။

ရွှေဖျဉ်းခွဲပင် အသီး၊ အရွက်တို့မှ ရောင်ခြည်တော် ခြောက်ပါးတို့ကို လွှတ်စေသတည်းဟူ၍ အဓိဋ္ဌာန်တော်မူသည်နှင့်သော် ၂-ပါ ။ ရွှေဖျဉ်းနှင့်တကွလျှင် ကောင်းကင်သို့တက်၍ ဆီးနှင်းတိုက်၌ ၇-ရက် ပတ်လုံး တည်စေသတည်းဟူ၍ အဓိဋ္ဌာန်တော်မူသည်နှင့်သော် ၃-ပါး။ ထူပါရုံ၌ လက်ယာညှပ်ရိုးတော်ကို ဌာပနာသောနေ့၌ ယမိုက်ပြာဋိဟာ ပြစေသတည်းဟု အဓိဋ္ဌာန်တော်မူသည်နှင့် သော် ၄-ပါး။

သီဟိုဠ်ကျွန်း၌ပင် တစ်စရွတ်မျှလောက်သော သရီရဓာတ်တော်တို့သည် မဟာစေတီ၌ ဌာပနာသောအခါ ဘုရားသခင် အသွင်အပြင်ကို ယူ၍ ကောင်းကင် သို့ တက်၍ ပြာဋိဟာ ပြစေသတည်းဟူ၍ အဓိဋ္ဌာန်တော်မူသည်နှင့်သော် ၅-ပါးတည်း။

ဤသို့အားဖြင့် ဘုရားသခင်သည် သီဟိုဠ်ကျွန်းသို့ (အားဖြင့်) ၄-ကြိမ်၊ ၅-ကြိမ် ရောက်တော်မူသည် မည်၏။ မဟာဗောဓိနှင့်သော်ကား ၅-ကြိမ်မည်၏။

## ဌာပနာသွင်းရိုးကား—

ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ။ ။ ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ **ကာမာဝစရံ** ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။

**(ဓမ္မသင်္ဂဏီကျမ်းဦး)**

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော။

(ဝိဘင်းကျမ်းဦး)

သင်္ဂဟော အသင်္ဂဟော၊ သင်္ဂဟိတေန အသင်္ဂဟိတံ၊ အသင်္ဂ-ဟိတေန သင်္ဂဟိတံ၊ သင်္ဂဟိတေန သင်္ဂဟိတံ၊ အသင်္ဂဟိတေန အသင်္ဂဟိတံ။

(ဓာတုကထာကျမ်းဦး)

ဆ ပညတ္တိယော၊ ခန္ဓပညတ္တိ၊ အာယတနပညတ္တိ၊ ဓာတုပညတ္တိ၊ သစ္စပညတ္တိ၊ ဣန္ဒြိယပညတ္တိ၊ ပုဂ္ဂလပညတ္တီတိ။

(ပုဂ္ဂလပညတ်ကျမ်းဦး)

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ။ အာမန္တာ။

(ကထာဝတ္ထုကျမ်းဦး)

ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ။ ယေ ဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

(ယမိုက်ကျမ်းဦး)

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမည-ပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါက-ပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

(ပဋ္ဌာန်းကျမ်းဦး)

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရု-ပုစိမန္ဒမူလေ မဟတာ ဘိက္ခု သံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခု-သတေဟိ။

(ပါရာဇိကဏ်ကျမ်းဦး)

ဣမေ ခေါ ပနာယသ္မန္တော ဒွေ့နဝုတိ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

(ပါစိတ်ကျမ်းဦး)

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ။

(မဟာဝါကျမ်းဦး)

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။

(ဝိနည်းစူဠဝါကျမ်းဦး)

ယံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ-သမ္ဗုဒ္ဓေန ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ၊ ကိသ္မိံ ဝတ္ထုသ္မိံ။

(ဝိနည်းပရိဝါကျမ်းဦး)

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ။

(သုတ်သီလက္ခန်ကျမ်းဦး)

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ ကရေရိကုဋိကာယံ။

(သုတ်မဟာဝါကျမ်းဦး)

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ မလ္လေသု ဝိဟရတိ အနုပိယံ နာမ မလ္လာနံ နိဂမော။ အထ ခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ အနုပိယံ ပိဏ္ဍာယ ပါဝိသိ။

(သုတ်ပါထေယျကျမ်းဦး)

ပိဋကတ်သုံးပုံ ကျမ်းဦး ဌာပနာသွင်းရိုး ဖြစ်သည် ဟူ၍ ဆရာကြီးများ ဆိုရိုးကောပါသည်။

## ဘုရားရုပ်တု ဆင်းတုလုပ်နည်း စားနည်း ထုနည်းကား—

ဝတ္ထုတ္တယံ အဟံ ဝန္ဒာမိ။
ပဉ္စဒီဃာ ပဉ္စဟတ္ထာ၊ ဒွါဝီသဉ္စေဝ ဝိဒတ္ထိ၊
တြိယော ဒသ မုဋ္ဌဉ္စ၊ အင်္ဂုလံ အဋ္ဌဝီသာနိ၊
ပဉ္စ ဒသ မုယောဧဉ်၊ အဋ္ဌာရသ သဟဋ္ဌာနံ၊
ဗုဒ္ဓရူပံ စနတ္ထဉ္စ၊ ပဏ္ဍိတေဟိ ဝိဓာ မတံ။

ပဥ္စဒီဃာ၊ အရှည်ငါးပါးလည်းကောင်း။ ပဥ္စဟတ္ထာ၊ အတောင်ငါးပါး လည်းကောင်း။ ဒွါဝီသင္ဂေဝ ဝိဒတ္ထိ၊ ထွာတော် အပြား နှစ်ဆယ့်နှစ်ပါးလည်း ကောင်း။ တြိယော ဒသ မုဋ္ဌ၊ မိုက်ပေါင်းအပြား ၁၃-ပါးလည်းကောင်း။ အင်္ဂုလံ၊ လက်သစ်တော်သည်။ အဋ္ဌဝီသာနိစ၊ ၂၈-ပါးတို့သည်လည်းကောင်း။ ပဥ္စဒသ မုယော ခြည်၊ မုယောအစု ၁၅-ပါးတို့လည်းကောင်း။ (ဣတိ၊ ဤသို့။) ဗုဒ္ဓရူပံ၊ ဘုရားဆင်းတုတော်ကို။ ဝိဓာ၊ ထုလုပ်စီရင် ကျင်လည်စိမ့်သောငှာ။ အဋ္ဌာရသ သတ ဌာနံ၊ တစ်ရာ့တစ်ဆယ့်ရှစ်ဖြာ အရာရှိသော။ စနတ္ထဥ္စ၊ စနစ် တော်ကိုလည်း။ ပဏ္ဍိတေဟိ၊ ပညာအမြော်အမြင် ဆင်ခြင် ထောက်ထား ဘုရား ထုလုပ်ကုန်သောသူတို့သည်။ မတံ၊ သိအပ် မှတ်အပ်၏။

ထက်ဝယ်တော်ကို လိုတိုင်းတည်၍ ထက်ဝယ်တော်ကို သုံးစု စု။ တစ်စု သည် ထွာတော်ဖြစ်၏။ ထွာတော်ကို သုံးစု စု။ တစ်စုသည် လေးသစ် (လက်သစ်) ဖြစ်၏။ လေးသစ် (လက်သစ်) နှစ်ပြန်သည် တစ်မိုက်ဖြစ်၏။ လက်တစ်သစ်ကို လေးစု စု။ တစ်စုသည် မုယောဖြစ်၏။ ဤသို့ ထက်ဝယ်တော်ကို လိုတိုင်း တည်ပြီးလျှင် တောင်, ထာ, မိုက်, လက်သစ်, မုယောဖွဲ့ပြီးလျှင် ဆင်းတုတော်ကို တိုင်းထွာ၍ ထုလုပ်ရာသည်။ သို့မှ သနစ်တော်နှင့် သင့်၍ ရှုထင်ကြည်ဖွယ် သပ္ပါယ်တင့်တယ် လျောက်ပတ်ရှိမည်။

ထက်ဝယ်တော်ကို တစ်ပြန်ယူ၍ ထက်ဝယ်တော်နှင့် ထိုင်သည်ကား ပလ္လင်ကသည် နှာသီးဖျားတွင် ယူ။ ခေါင်းတော် လုံးပတ်လည်း တစ်ပြန်ယူ။ ခါးတော်လုံးပတ်လည်း တစ်ပြန်ယူ။ အောက် တင်ဆုံကသည် အထက် ဆံရင်း ထိလည်း တစ်ပြန်ယူ။ ဤသည်ကား ပဥ္စဒီဃာ အရှည်ငါးပါးတည်း။

## ဘုရားရုပ်တုတော် စနစ်အတိုင်းအထွာများ

ဝတ္ထုတ္တယံ နမာမဟံ၊ သော မေ ဣစ္ဆာ သဒါ ဒေတု။

## ဗလိနတ်စာပေးပုံကား–

သာသနာစောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးဟု ဆိုအပ်ကုန်သော နတ်တို့အားလည်းကောင်း၊ မြို့ရွာစောင့်နတ်တို့အားလည်းကောင်း၊ အုန်း, ငှက်ပျော အစရှိသည်တို့ဖြင့်လည်းကောင်း၊ ဖျင်, ပုဆိုး အစရှိသည်တို့ဖြင့်လည်းကောင်း၊

ထမင်း, မုန့်, ငါး အစရှိသည်တို့ဖြင့်လည်းကောင်း၊ ပူဇော်တိုင်တန်ခြေ၊ ပွဲနှီး နတ်ရက်အမှုကို **အစ ကနဦး** အထူးပြုပြီးမှ ဘုရားတည်လေ။

**အတောင် ငါးပါးဟူသော်ကား–** ရင်ဝတော် တစ်တောင်၊ ပုဆစ်ဝ ဒူးကသည် နောက် **တင်ဆုံတွင်၍** တစ်ဖက် တစ်တောင်ယူ။ ဒူးဖျားကသည် ဖနောင့်တွင်၍ **တစ်ဖက် တစ်**တောင်ယူ။ ဤသည်ကား ပဉ္စဟတ္ထာ အတောင် ၅–ပါးတည်း။

**ထွာတော်အပြား နှစ်ဆယ့်နှစ်ပါး ဟူသော်ကား–**ပလ္လင်ကသည် ချက်တွင်၍ တစ်ထွာ၊ ချက်ကသည် နို့တွင်၍ တစ်ထွာ၊ နို့ကသည် နှာသီးဖျားတွင်၍ တစ်ထွာ၊ နှာသီးဖျားကသည် ခေါင်းတော်အဆုံးတွင်၍ တစ်ထွာ၊ ခေါင်းတော် ဦးကင်မှတွင် အကန့်တစ်ထွာ၊ မျက်နှာတော် အလျားတစ်ထွာ၊ သားမြတ်တော် နှစ်ခုအကြား တစ်ထွာ၊ နို့သီးကသည် ပခုံးဖျားတွင်၍ တစ်ဖက် တစ်ထွာ၊ လက်ကတီးကသည် တစ်တောင်ကွေ့တွင်၍ တစ်ဖက် တစ်ထွာ၊ တစ်တောင်ကွေ့ ကသည် လက်ကောက်ဝတ်တွင်၍ တစ်ဖက် တစ်ထွာ၊ လက်ကောက်ဝတ်ကသည် လက်ဖျားတွင်၍ တစ်ဖက် တစ်ထွာ၊ သိဇိဆောင် (ပါးစိစောင်း) တစ်ဖက် တစ်ထွာ၊ ဝမ်းတော်အထု တစ်ထွာ၊ အကန့်တစ်ထွာ၊ ဖဝါးတော် နှစ်ဖက်လယ် တစ်ဖက် တစ်ထွာ၊ နောက် တင်ဆုံအလယ် အကန့် တစ်ဖက် တစ်ထွာ၊ ဤသည်ကား ဒွါဝီသဓ္ဓေဝ ဝိဒတ္ထိ ထွာတော်အပြား နှစ်ဆယ့်နှစ်ပါး ဖြစ်သတည်း။

**မိုက်အပေါင်းအစု တစ်ဆယ့်သုံးစုဟူသော်ကား–** နားတော် အလျား ဘစ်ဖက် တစ်မိုက်၊ နှာခေါင်းတော်ကသည် နားရင်းတွင်၍ တစ်ဖက် တစ်မိုက်၊ လည်တော် အချင်း **တစ်မိုက်**၊ ပခုံး တစ်ဖက် တစ်မိုက်၊ ရင်ကြားကသည် လည်ဆံဖျား တွင်၍ **တစ်ဖက်** တစ်မိုက်၊ လက်ဆစ်ကသည် နို့သီးတွင်၍ ဘစ်ဖက် တစ်မိုက်၊ ပေါင်တော် အထု တစ်ဖက် တစ်မိုက်။ ဤသည်ကား တြိယော ဒသ မုဋ္ဌိဥ မိုက်ပေါင်းအပြား တစ်ဆယ့်သုံးပါးဖြစ်သတည်း။

**လက်သစ်တော်အစု နှစ်ဆယ့်ရှစ်ပါးဟူသော်ကား–**မေးဖျားတော်ကသည် နှာသီးဖျားတွင် လေးသစ်၊ **နှာသီးဖျားကသည်** မျက်မှောင်ကြားတွင်၍ လေးသစ်၊ မျက်မှောင်ကြားကသည် **သင်းကျစ်တွင်၍** နှစ်သစ်ခွဲ၊ သင်းကျစ်တော် တစ်သစ်ခွဲ၊ ဆံကျင်တော်ကသည် **ဦးခေါင်းတော်** အဆုံးတွင်၍ နှစ်သစ်ခွဲ၊ မုဏိတော် တစ်ရစ်

နှစ်သစ်၊ မှန်ကင်းတော်အထွတ် လေးသစ်၊ မျက်နက်တော် အလျား တစ်ဖက် တစ်သစ်၊ နှာရောင်တော်ကသည် မျက်ခွက်တော် လေးသစ်၊ မျက်ခွက်တော်က သည် နှာရင်းတော် လေးသစ်၊ မျက်စိတော် အလျား လေးသစ်၊ အထက် မျက်ခမ်းတော်ကသည် မျက်မှောင်တော်တွင်၍ တစ်ဖက် သုံးသစ်၊ ခံတွင်းတော် အလျား လေးသစ်၊ နှာခေါင်းတော်အပွ နှစ်သစ်ခွဲ၊ နားခွက်တော်အလျား တစ်ဖက် ငါးသစ်၊ နားသားတော်အလျား တစ်ဖက် သုံးသစ်၊ နှာခွက်တော် ဗျက် တစ်ဖက် သုံးသစ်၊ နားသားတော် အပျက် တစ်ဖက် နှစ်သစ်၊ နားခွက်တော်နောက် အစောင် တစ်ဖက် နှစ်သစ်၊ လက်မောင်းတော် အလျား တစ်ဖက် တစ်ဆယ့် ခြောက်သစ်၊ လက်မောင်းတော် လုံးပတ်လည်း တစ်ဆယ့်ခြောက်သစ်၊ လက် ဖဝါးတော်ထု နှစ်ဖက် ခြောက်သစ်၊ အလျားလည်း တစ်ဖက်ခြောက်သစ်၊ ဖနောင့်တော် တစ်ဖက် ငါးသစ်၊ ဖမိုးတော် အလျား တစ်ဖက် ခြောက်သစ်၊ ခြေသန်းတော် အလျား တစ်ဖက် နှစ်သစ်ခွဲ။ ဤသည်ကား အင်္ဂုလိ အင်္ဂုဝိသဋ္ဌ လက်သစ်တော်အစု နှစ်ဆယ့်ရှစ်ပါးဖြစ်သတည်း။

**မှယောအပြား တစ်ဆယ့်ငါးပါးဟူသော်ကား—** မျက်မှောင်တော် အပျက် တစ်ဖက် နှစ်မှယော၊ လဆန်း ငါးရက် လကဲ့သို့ ရှိစေ။ မျက်စိတော်အတွင်း တစ်ဖက် သုံးမှယော၊ မျက်နက်တော် အလျား တစ်ဖက် နှစ်မှယော၊ မျက်နက် တော်က အချင်း တစ်ဖက် သုံးမှယော၊ နှာသီးတော်အပွ တစ်ဖက် နှစ်မှယော၊ နှုတ်ခမ်းတော် လေးသစ်အဆုံးတွင် ပြုံးတော်မူဟန် တစ်ဖက် တစ်မှယော၊ အောက်, အထက်, နှုတ်ခမ်းတော်အစောက် တစ်ဖက် တစ်မှယောစီ၊ လ,မြင်စ ကဲ့သို့ ရှိစေ။ ဤသည်ကား ပဉ္စဒသ မှယော ခေည်—မှယောအပြား တစ်ဆယ့်ငါးပါး ဖြစ်သတည်း။

ဤသို့ အရှည်ငါးပါးအစ—မှယောအပြား တစ်ဆယ့်ငါးပါးတိုင် စနစ်တော် ပေါင်း ရှစ်ဆယ့်ရှစ်ပါး ပြီး၏။

**အဖြိုး ခုနစ်ပါးဟူသော်ကား—** ဖမိုးတော် နှစ်ဖက်၊ ပခုံးတော် နှစ်ဖက်၊ လည်ကုပ်တော်, မျက်စိတော်နှစ်ဖက်၊ ဤသည်လျှင် ခုနစ်ပါ တည်။ အလျင် စနစ်တော် ရှစ်ဆယ့်ရှစ်တွင် အဖြိုးတော် ခုနစ်ပါးကို ပေါင်းသော် ကိုးဆယ့်ငါးပါး ဖြစ်သတည်း။ 56 B

**ဖြိုးတော်လက္ခဏာ နှစ်ဆယ့်သုံးပါးဟူသည်ကား**—မေးတော်လည်း ခြင်္သေ့ မင်းကဲ့သို့ တိတိဝန်းဝန်း **မချွန်းသော** မေးတော်လည်း ရှိစေရမည်။ ပါးစောင် တော် နှစ်ဖက်လည်း **မေးတော်ကသည်** အရင်းတိုင်အောင် ဒွါဒသဇုဏှာပက္ခ စန္ဒမဏ္ဍလ လဆန်း (၁၂) ရက် (လဝန်း) ကဲ့သို့ တည့်တည့် ဖြိုးဖြိုး ရှိစေရမည်။ ကရဝိကဟု ဆိုအပ်သော နဖူးတော် အပြင်ကသည် စမြို့တော်တိုင်အောင် ရှိုက်ပက် စုန့်စုန့် ရှိစေရမည်။ နှစ်ဖြိုးသော လက္ခဏာရှိစေ။ စမြို့တော်ကသည် ပါးတော်နှစ်ဖက်လည်း ပြည့်ပြည့်ဖြိုးသော လက္ခဏာတော်လည်း ရှိစေ။ မေးတော် ကသည် ပါးစောင် နှစ်ဖက်၊ စမြို့တော် နှစ်ဖက်၊ ကရဝိကဟု ဆိုအပ်သော ... တိုင်အောင် စန္ဒမဏ္ဍလ လပြည့်ဝန်းကဲ့သို့ ဝန်းဝန်းဖြိုးဖြိုးရှိစေရမည်။ လည်တော် လည်း မှုရိုးစည် ရွှေကြည်သဏ္ဍာန် လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ လည်တော် အကန့်တစ်စုကို သုံးစု စု၍ အလျားအရေး သုံးတန့် ပြည့်ဖြိုးသော လက္ခဏာ ရှိစေရမည်။ လည်တော်ကသည် ရင်ရစ်တိုင်အောင် သီဟဥရ ခြင်္သေ့မင်း၏ ရင်ဖုံ ကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ရင်ဖုံးကသည် ရင်ပြင်တော်လည်း ဥသဘမုခ နွားလားဥသဘမျက်နှာကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ကျောပြင်တော်လည်း ကျန်တန် ချပ်ချပ် ဖြိုးဖြိုးရှိစေရမည်။ နို့သီးတော်လည်း နွားလားဥသဘ မျက်လုံးကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ ဝမ်းတော်လည်း နွားလားဥသဘ နှာခေါင်းကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ ခါးဆစ်တော် နှစ်ဖက်လည်း နွားလား ဥသဘ နှာရောင်ကဲ့သို့ လျှောလျှော ရှိစေရမည်။ ပေါင်တော်နှစ်ဖက်လည်း ဖြောင့်စင်း မရှိစေနှင့်။ ဖြိုးဖြိုးရှိစေရမည်။ လက်မောင်းတော် နှစ်ဖက်လည်း လက်ကောက်ဝတ် တိုင်အောင် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ လက်ဖမိုးတော် နှစ်ဖက်လည်း ဖြိုးဖြိုးရှိစေရမည်။ လက်ဝါးတော် နှစ်ဖက်လည်း ပြည့်ပြည့်ကြွကြွ ဖြိုးဖြိုး ရှိစေရမည်။ လက်ချောင်းတော် ဆယ်ခုလည်း ညီညီလုံးလုံး ရှိစေရမည်။ ခြေချောင်းတော် ဆယ်ခုလည်း ညီညီလုံးလုံး ဖြိုးဖြိုး ရှိစေရမည်။ နှာခေါင်းတော်လည်း ရွှေချွန်းတောင်းကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ပခုံးတော် ...က် လည်း ရွှေလိပ်ခုံးကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ဤသည်လျှင် ဖြိုးသောလက္ခဏာ တော် နှစ်ဆယ့်သုံးပါးတည်း။

အလျှင် ကိုးဆယ့်ငါးပါးနှင့် နောက် ဖြိုးသော လက္ခဏာတော် နှစ်ဆယ့်သုံး ပါးကို ပေါင်းသော် စနစ်တော် (၁၁၈) ပါး ဖြစ်သဟည်။ ဤသို့သော စနစ်တော် ပါဌ်အနက် အဓိပ္ပါယ် အထွက်ရှိသည်နှင့်လျော်စွာ တိုင်းထွာ၍

ထုလုပ်ရမည်။ သို့မှလည်း ကိုယ်တော်၏ ရုပ်တုသဏ္ဌာန်တော် ညီညွတ်တင့်တယ် သပ္ပာယ်လျောက်ပတ် ကိုးကွယ်ကျိုးနပ်ကြမည်။ တောင်ဘီလာဆရာတော်သည် ကျမ်းဂန်မှ ထုတ်၍ စီရင်ထားသည်။

## (ကျွန်ုပ်ကူးသော ပေစာအပြီး သက္ကရာဇ်)

သက္ကရာဇ် ၁၂၆၁–ခု၊ နယုန်လဆန်း (၁) ရက်နေ့တွင် ရေးကူး၍ ပြီးသည်။

၁၃၄၂–ခု၊ ဒုတိယဝါဆိုလဆုတ် (၇) ရက်၊
၁၉၈၀–ပြည့်၊ ဩဂုတ်လ (၃) ရက်၊ ၁–နေ့ ဤစာမူ ကူးရိုက်ပြီးသည်။

ပုံ/ **ဦးဝိစိတ္တသာရာဘိဝံသ**
ဇမ္ဗုဒီပကျောင်းဆောင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

## မြတ်စွာဘုရားသည် ပလ္လင် အနိမိသ ခုနစ်ဌာနၶ သတ္တသတ္တာဟ စံနေတော်မူခြင်း

၁။ ယင်းသို့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် **ဗောဓိပင်နှင့်** လေးတောင်ကွာ အရှေ့မျက်နှာ၌ တည်သော ရွှေပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ပဋိစ္စသမုပ္ပါဒဓမ္မကို အနုလောမ ပဋိလောမအားဖြင့် ဆင်ခြင်ရှုကြဲလျက် ကုဋေတစ်သိန်းမကသော ဖလသမာပတ်ကို ဝင်စား၍ သိကြား, သုယာမ,သန္တုသိတ မဟာဗြဟ္မာ စသော နတ်တို့၏ ပူဇော်ခြင်းကို ခံလျက် ခုနစ်ရက်ပတ်လုံး စံမွေ့တော်မူသည်။ ထိုအရပ်သည် **ပဌမ ပလ္လင် သတ္တာဟ** မည်၏။

၂။ ထို့နောက် ထိုရွှေပလ္လင်မှ ထတော်မူ၍ **ဗောဓိပင်၏ အရှေ့မြောက်ယံ တစ်ဆယ့်လေးလံကွာသော** အရပ်၌ ရပ်တော်မူ၍ ငါသည် ဤဗောဓိရပ်ခွင် ရွှေပလ္လင်ပယ် သဗ္ဗညုတဉာဏ်ကို ရပေသည်တကားဟု မမှိတ်သော မျက်စိဖြင့် ရှုကြည့်တော်မူလျက် ခုနစ်ရက်ပတ်လုံး စံမွေ့တော်မူရာ အရပ်သည် **ဒုတိယ အနိမိသသတ္တာဟ မည်၏**။

၃။ ထိုသို့ ပလ္လင်တော်ကို စိမ့်စိမ့်မှည့်မှည့် **ကြည့်တော်မူ**သောအခါ နတ်တို့က သိဒ္ဓတ် မင်းသား ဘုရားအလောင်း**တော်သည် စံပျော်**ဖူးသည့် ရွှေပလ္လင်ကိုမှ ခင်မင်တောင့်တခြင်းမပြတ် ထပ်၍ပြု**အပ်သော မင်္ဂကိစ္စ**ရှိချေသေးသည်ဟု အကြံဖြစ်၏။ ထိုအကြံကို သိတော်မူ**လတ်၍** နတ်တို့၏ သံသယကို ပယ်ဖျောက်ခြင်းငှာ တစ်ယူဇနာမျှလောက်သော ကောင်းကင်သို့ ပျံတက်၍ ရေအစုံ၊ မီးအစုံ ထွက်စေခြင်းအစရှိသော ယမိုက်ပြာဋိဟာ ပြတော်မူပြီးလျှင် ကောင်းကင်မှ သက်တော်မူ၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်နှစ်ဆယ်ရှိသော အရပ်ကို အလယ်၌ထား၍ တစ်ဖက် ငါးလံကွာ ဌာနတွင် အရှေ့မှသည် အနောက်သို့ အတောင်-၆၀ ရှည်သော ရတနာ စင်္ကြံကြွတော်မူရာ အရပ်သည် **တတိယ ရတနာစင်္ကမသတ္တာဟ** မည်၏။

၄။ ထို့နောက် မဟာဗောဓိပင်မှ **အနောက်မြောက် အတောင် ၄၀-ကွာတွင်** ရတနာ ခုနစ်ပါးအတိပြီးသော နတ်တို့ စီမံဖန်ဆင်းအပ်သော ရတနာ ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် ဝိနည်း ပိဋကတ်၊ သုတ္တန်

ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ကို သုံးသပ်ဆင်ခြင်တော်မူရာ မဟာပကရဏဖြစ်သော ပဋ္ဌာန်းကျမ်းကြီးသို့ ရောက်လျှင် ထက်ဝန်းကျင်ကိုယ်တော်မှ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ အနက် ပြိုးပြိုးပြက်အားဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ထွက်၍ အထက်အဖို့အားဖြင့် ဘဝဂ်တိုင်အောင်၊ အောက်အဖို့အားဖြင့် သုံးပါးသော မြေထု၊ ရေထု၊ လေထုတို့ကို ဖောက်၍ အောက်ကောင်းကင်တိုင်အောင်၊ ဖီလာအားဖြင့် အနန္တစကြဝဠာတိုင်အောင် ပျံ့နှံ့စေလျက် ခုနစ်ရက်ပတ်လုံး စမွယ်တော်မူရာ အရပ်သည် **စတုတ္ထ ရတနာဃရ သတ္တာဟ** မည်၏။

၅။ ထို့နောက် **မဟာဗောဓိပင်မှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ အဇပါလ မည်သော ညောင်ပင်ရင်းသို့** ကပ်တော်မူ၏။ ထို့နောက် မာရ်နတ် မင်းသမီးသုံးယောက်နှင့် ဟုံဟုံကပုဏ္ဏားတို့အား တရားအမြိုက်တိုက်ကျွေးတော်မူလျက် ခုနစ်ရက်ပတ်လုံး စမွယ်တော်မူရာ အရပ်သည် **ပဉ္စမ အဇပါလ သတ္တာဟ** မည်၏။

၆။ ထို့နောက် **မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ၅၁–လံကွာ (ဝါ) ၂၉–လံကွာ**တွင် အရပ်၌ မုစလိန္ဒာမည်သော အိုင်၏အနီး ကျည်းပင်ကြီးရင်း၌ သီတင်းသုံးနေတော်မူရာ စကြဝဠာတိုက်အလုံး နှံ့အောင် ရွာသော အခါမဲ့မိုးကြီးရွာသည်တွင် မုစလိန္ဒာနဂါးမင်းသည် မိမိ၏ဗိမာန်မှ ထွက်၍ မြတ်စွာဘုရားကို တစ်စုံတစ်ခုသော ဖွတ်, ခြင်, ယင်ရဲ စသည်တို့ မထိပါးစေခြင်းငှာလည်းကောင်း၊ အပူအချမ်း လေကြမ်းမိုးဖွဲတို့ မညှဉ်းဆဲစေခြင်းငှာလည်းကောင်း၊ ရတနာအတိပြီးသော ဗိမာန်ကို ဖန်ဆင်းလျက်လှူခြင်းငှာ မတတ်နိုင်ဘဲလျက်လည်း မိမိကိုယ်ဖြင့် ကုသိုလ်ပြုခြင်းငှာ ကြီးစွာသော ကိုယ်ကို ဖန်ဆင်း၍ တစ်ပိုင်းတစ်ခွေကို ပလ္လင်ခင်းပြီးသော် ကိုယ်တော်ကို ခုနစ်ပတ်ရစ်ရံလျက်၊ ဦးခေါင်းတော်ထက်က ပါးပျဉ်းဖြင့် အုပ်မိုးလျက် မိုးမစွတ်ရအောင် တည်လာသည်။ မြတ်စွာဘုရားလည်း နဂါးမင်း၏ အခွေထက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကို ဝင်စား၍ နေတော်မူသည်။ ခုနစ်ရက်စေ့၍ မိုးစဲသောအခါမှ လုလင်အယောင် ဖန်ဆင်းလျက် ရှေ့တော်၌ ရှိခိုး၍ နေလေသော်–

သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော။
အဗျာပဇ္ဇံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော။

သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။
အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ ,သုခန္တိ။

ဟူသော ဥဒါန်းစကားဖြင့် လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီးသော ရဟန္တာသည် လွန်စွာချမ်းသာ၏။ ထို့အတူ သတ္တဝါအပေါင်းတို့၌ တိုက်ခိုက် ထိပါးတတ်သော ဒေါသ၏ကင်းခြင်းသည် အလွန်ချမ်းသာ၏။ ကာမဂုဏ် ငါးပါး၌ လိုက်စားကပ်ငြိတတ်သော ရာဂ၏ ကင်းခြင်းသည် လည်း အလွန် ချမ်းသာ၏။ ငါဟူသော မာန်ယစ်ခြင်းကို ခွာ၍ သတ္တဝါတို့အား မညှဉ်းဆဲဘဲ သည်းခံခြင်းသည်လည်း အလွန်ချမ်းသာ၏ဟု ဟောတော်မူရာ ဤအရပ်သည် **ဆဋ္ဌ မုစလိန္ဒသတ္တာဟ** မည်၏။

၇။ ထို့နောက် မဟာဗောဓိပင်မှ တောင်မျက်နှာ အလံ ၄၀–ကွာတွင် လင်းလွန်းပင်ရင်း၌ **ခုနစ်ရက်ပတ်လုံး** သမာပတ်ကို ဝင်စားတော်မူ၍ ခုနစ်ရက် **စေ့သော နံနက်၌** မျက်နှာသစ်တော်မူလိုသော အကြံတော်ဖြစ်လေသော် **သိကြားမင်းသည်** ကြစုသီး၊ ကွမ်းရိုး တံပူ၊ အနောတတ်ရေတို့ကို ကပ်လှူ **လာ၍ သုံးဆောင်တော်မူပြီးစ** အခါတွင် ရာမညတိုင်း၊ ဥက္ကလာပဇနပုဒ်၊ **ပေါက္ခရဝတီမြို့မှ** တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန် **သွယ်ခြင်းငှာ လှည်း**ငါးရာဖြင့် မဇ္ဈိမဒေသသို့ လာကြသည်တွင် ဘုရားရှင် ရှိရာအရပ်သို့ ရောက်လေသော် မိမိတို့ အဆွေဖြစ်ဖူးသော နတ်က လှည်းကို မသွားနိုင်အောင် ချုပ်နှောင်၍ မိမိ ဗလိနတ်စာပြုသော ကာလ နတ်က ကိုယ်ထင်ပြလျက် လောကသုံးပါးတွင် အတုမရှိသော ဘုရား ထင်ရှားဖြစ်တော်မူ၍ ယခု လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူ သည်။ **သင်တို့ အကျိုးစီးပွားများလိုမူကား** တစ်စုံတစ်ခုဖြင့် လှူဒါန်း **ပူဇော်ချေဟု ဆို၏။ ထိုစကားကို** ကြားလျှင် ညီနောင်နှစ်ပါးတို့သည် **အားရဝမ်းသာရှိ၍ မိမိတို့တွင်** ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်တို့ကို ယူ၍ ကပ်လာ၏။ ထိုအခါ ဃဋိကာရဗြဟ္မာ လှူသော သပိတ်တော်သည် သုဓာတာ နို့ဆွမ်းလှူစ,ကပင် ကွယ်ခဲ့၍ အဘယ်ဝတ္ထုဖြင့် ခံယူသော်

လျော်အံ့နည်း၊ နှောင်တော်ဘုရားတို့သည် အဘယ်ဝတ္ထုဖြင့် **ခံသနည်းဖြင့်** **ရှုတော်မူသော်** နှော်တော်ဘုရားတို့သည် သပိတ်တော်ဖြင့် **ခံယူတော်မူကြသည်ကို** မြင်၍ သပိတ်တော်ကို အောက်မေ့လျက် ထိုမုန့်ကို ခံလိုသော **အကြံတော်**ဖြစ်လေသော် စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ဣန္ဒနီလာ ကျောက်ညိုဖြင့် ပြီးသော သပိတ် လေးလုံးကို ကပ်လာ၏။ ဘုရားသခင်လည်း ထိုသပိတ်ကို ခံတော်မမူ။ ယင်းသို့ ခံတော်မမူသော် ပဲနောက်အဆင်းရှိသော ကျောက်သပိတ် လေးလုံးကို လှူတော်မူ၏။ ထိုကျောက်သပိတ်ကို ခံတော်မူလျက် လေးလုံးသော သပိတ်ကို အဓိဋ္ဌာန်၍ နှိပ်လျှင် အနားရေး လေးခုရှိသော သပိတ်တစ်လုံးတည်းဖြစ်သဖြင့် ထိုသပိတ်ဖြင့် ခံတော်မူ၏။ ထိုကုန်သည်ညီနောင်တို့အားလည်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဟူသော ဒွေဝါစိကသရဏဂုံကို ပေးတော်မူ၏။ ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓာတ်လက်တစ်ဆုပ်ကိုလည်း အပ်တော်မူလိုက်၏။ ဤအရပ်သည် **သတ္တမရာဇာယတနသတ္တာဟ** မည်၏။

**မှတ်ချက်။** ။ရွှေတောင်မြို့၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး စီရင်ခဲ့သော ဇိနတ္ထပကာသနီကျမ်းမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ သတ္တဋ္ဌာနတည်ရာတွင် မှီငြမ်းပြုရန် ဖြစ်ပါသည်။

**ဦးဝိစိတ္တသာရာဘိဝံသ**

# အရပ်ရှစ်မျက်နှာ ထောင့်အသီးသီးမှ ဌာပနာတော်သွင်းစဉ် ဂါထာများ ရွတ်ဆိုပူဇော်ရန်

## (က) တနင်္ဂနွေထောင့်မှ ရွတ်ဆိုရန် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ဂုဏ်တော်များ

### ဗုဒ္ဓဂုဏ်တော် (၉) ပါး

ဣတိပိ သော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊
ဗုဒ္ဓေါ ဘဂဝါတိ။

### ဓမ္မဂုဏ်တော် (၆) ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊
ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

### သံဃာ့ဂုဏ်တော် (၉) ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ. အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊
အာဟုနေယျော၊ ပါဟုနေယျော
ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

## (ခ) တနင်္လာထောင့်မှ ရွတ်ဆိုရန်

### သရဏဂုံ (၃) ပါး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## (ဂ) အင်္ဂါထောင့်မှ ရွတ်ဆိုရန်

### သုနက္ခတ္တံဂါထာတော်

သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။

## (ဃ) ဗုဒ္ဓဟူးထောင့်မှ ရွတ်ဆိုရန်

### ပဋ္ဌာန်း ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

# (င) စနေထောင့်မှ ရွတ်ဆိုရန်

## ရှင်သီဝလိ (၁၀) ဂါထာ

၁။ သီဝလိ စ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမ။

၂။ သီဝလိ စ မဟာဝီရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု ပရမံ၊
ဇနပဒံ ပူဇယန္တု။

၃။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဠပေတွာန။
ဇမ္ဗုဒီပ မင်္ဂလေန၊
ဇယောမန္တာ သုခါဝဟာ။

၄။ သီဝလိ စ မဟာနာမံ၊
ညန္ဒာ ဒေဝါ သဗြဟ္မကာ။
မနုဿ ပုရိသော ညတ္တိ၊
မဟာလာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊
နာ နာ ဒေဝတိ ဝရံ သုခံ။
ညဒမ္ဗိ ပူဇိတံ ဒေဝတိ၊
မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဒန္တံ နရာ တိတ္ထိ၊
အာဏာ မယှံ ဘဝေ ဘဝေ။
ဘဝရက္ခေ ရာဇာဓိတာ၊
သဗ္ဗေ ကောဓ ဝိနဿန္တု။

၇။ သီဝလိ စ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံ မမ။

၈။ သီဝလိ စ မဟာထေရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု မံ ပိယံ၊
ဇနပဒံ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဠပေတွာန။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

၁၀။ သီဝလိ စ မဟာထေရော၊
ဒေဝမနုဿပူဇိတော။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

## (ဆ) ရာဟုထောင့်မှ ရွတ်ဆိုရန်

### ရှင်ဥပဂုတ္တ ပရိတ်ဂါထာတော်

ဥပဂုတ္တော မဟိဒ္ဓိကော၊
သမ္ဗုဒ္ဓေန ဝိညာဂတော။
မာရဉ္စ မာရဗလဉ္စ၊
ဒမေသိတွာ အနာဂတော။
မာရေနာသုဏိသံ ကတွာ။
မမ သီသေ ပတိဋ္ဌိတော၊
အန္တရာယော ဝိနဿန္တု၊
တေဇေနေဝ အဟံ နမေ။
ဥပဂုတ္တံ မဟိဒ္ဓိကံ
ရာဇာတော ဝါ ဥပဒ္ဒဝါ။
သောကရောဂါ ဝိရောဓာယ၊
ပရိတ္တံ ဇယမင်္ဂလံ။
တာဒိသော ထေရော မာရေန၊
ကတွာ စ အနုဇိနတံ။
အန္တရာယော ဝိနဿန္တု။
တေဒါနေဝ မဟိဒ္ဓိကော၊
ယံ ယံ ဥပဒ္ဒဝံ ဇာတံ၊
ဝိဒ္ဓံသေတု အသေသတော။

## (ဇ) သောကြာထောင့်မှ ရွတ်ဆိုရန်

### ပဋိစ္စသမုပ္ပါဒ် အနုလုံ ပါဠိကို ရွတ်ဆိုရန်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊
သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊
ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ
ဥပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ
သမုဒယော ဟောတိ။

## (စ) ကြာသပတေးထောင့်မှ ရွတ်ဆိုရန်

## ရှင်သီဝလိ ရှေးဟောင်း (၇) ဂါထာ

၁။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော။
သော ရဟော ပစ္စယာဒီနံ၊
သဒါ သောတ္ထိံ ကရောတု မေ။

၂။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော။
သော ရဟော ပစ္စယာဒီနံ၊
သဒါ သုခံ ကရောတု မေ။

၃။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော။
သော ရဟော ပစ္စယာဒီနံ၊
သဒါ လာဘံ ကရောတု မေ။

၄။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော။
သော ရဟော ပစ္စယာဒီနံ၊
သဒါ ဓနံ ကရောတု မေ။

၅။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော၊
သော ရဟော ပစ္စယာဒီနံ၊
သဒါ ကိတ္တိံ ကရောတု မေ။

၆။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော။
သော ရဟော ပစ္စယာဒီနံ၊
သဒါ ဇယံ ကရောတု မေ။

၇။ လာဘီနမုတ္တမော ထေရော၊
သီဝလိက္ကတိ ဝိဿုတော။
သော ရဟော ပစ္စယာဒီနံ၊
သဒါ သိဒ္ဓိံ ကရောတု မေ။

# ဌာပနာသွင်း (ဌာပနာပူဇော်ခြင်း) ဂါထာတော်

## ရွှေ၊ ငွေ၊ ရတနာအုတ်စီ အပိတ်ဂါထာ

သုဝဏ္ဏဘူမိ မင်္ဂလာသမ္ဘူတော၊ ပိတရောဂေါ ပဋ္ဌမောသုကော္ခာ
သုဝဏ္ဏမင်္ဂလာဂမိ လဘန္တု၊ သုဝဏ္ဏဘူမိ မင်္ဂလံ။
နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု ဇယမင်္ဂလံ။

ဘုရားဒါယကာ အန္တရာယ်ကင်းပြီး
သာသနာ (၅၀၀၀)တည်နိုင်ပါစေသော်။

သက္ကတွာ ဗုဒ္ဓရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ။
ဟိတံ ဒေဝမနုဿာနံ၊ ဗုဒ္ဓတေဇေန သောတ္ထိနာ။
နဿန္တုပဒ္ဒဝါ သဗ္ဗေ၊ ရောဂါ ဂူပသမန္တု နော။

သက္ကတွာ ဓမ္မရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ။
ပရိဠာဟံ ဂူပသမံ၊ ဓမ္မတေဇေန သောတ္ထိနာ။
နဿန္တုပဒ္ဒဝါ သဗ္ဗေ၊ ရောဂါ ဂူပသမန္တု နော။

သက္ကတွာ သံဃရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ။
အာဟုနေယျံ ပါဟုနေယျံ၊ သံဃတေဇေန သောတ္ထိနာ။
နဿန္တုပဒ္ဒဝါ သဗ္ဗေ၊ ရောဂါ ဂူပသမန္တု နော။

## ရှင်ဥပဂုတ္တ ပရိတ်တော်ကို ဆက်လက်ရွတ်ဆိုရန်

ဥပဂုတ္တော မဟိဒ္ဓိကော၊ သမ္ဗုဒ္ဓေန ဝိညာဂတော။
မာရမဋ္ဌ မာရဗလဋ္ဌ၊ ဒမေဿတိ အနာဂတေ။
မာရေနာသုဏိသံ ကတွာ၊ မမ သီသေ ပတိဋ္ဌိတော။
အန္တရာယော ဝိနဿန္တု၊ ဣဒါနေဝ အဟံ နမေ။
ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ရာဇာတော ဝါ ဥပဒ္ဒဝါ။

သောကရောဂါ ဝိရောဓာယ၊ ပရိတ္တံ ဇယမင်္ဂလံ။
တာဒိသော ထေရော၊ မာရေန ကတ္ဝာ စ အနုဖိနတံ။
အန္တရာယော ဝိနဿန္တု၊ ဣဒါနေဝ မဟိဒ္ဓိကော။
ယံ ယံ ဥပဒ္ဒဝံ ဇာတံ၊ ဝိဒ္ဓံသေတု အသေသတော။

## အနက်မြန်မာ

မဟိဒ္ဓိကော၊ မနိုင်းယှဉ်အပ် ကြီးမြတ်သော တန်ခိုးရှိတော်မူထသော။ ဥပဂုတ္တော၊ ဥပဂုတ္တနာမတွင်မှတ် မထေရ်မြတ်သည်။ အနာဂတေ၊ လာမည့်မှန်စွာ နောင်ခါကာလ၌။ မာရဥ္ဆ၊ လက်ရုံးတစ်ထောင် ပိုင်ဆောင်တုံ့ငြား မာရ်နတ်သား ကိုလည်းကောင်း။ မာရဗလဥ္စ၊ မာရ်နတ်သား၏ စစ်သည်ဗိုလ်ပါတို့ကိုလည်း ကောင်း။ ဒမေဿတိ၊ ကောင်းစွာကံမြစ် ဆုံးမလတ္တံ့။ ဣတိ၊ ဤသို့။ သမ္ဗုဒ္ဓေန၊ လေးအင်သစ္စာကောင်းစွာသိမြင် ဘုရားရှင်သည်။ ဝိညာဂတော၊ သဗ္ဗညုတ် မြတ်ရွှေဉာဏ်ဖြင့် အမှန်ကိုးထွင်းသိမြင်ခြင်းသို့ ရောက်တော်မူလေပြီ။

တံထေရံ၊ တန်ခိုးကြီးလတ် ထိုဥပဂုတ္တမထေရ်မြတ်ကို။ အဟံ၊ ခန္ဓာငါးဝ သမူဟကို အတ္တစွဲခေါ် ဘုရားတပည့်တော်သည်။ ဣဓာနေဝ၊ ကောင်းမှုပြုကြ ဤအရပ်မှပင်လျှင်။ နမေ နမာမိ၊ ရိုသေမြတ်နိုးမာရ်ညွှတ်ကျိုးလျက် ရှိခိုးကန်တော့ ပါ၏။ မမ၊ အကျွန်ုပ်၏။ သီသေ၊ ကိုယ်အင်္ဂါတွင် အမြတ်တင်သည့် ဥတ္တမင် ဦးသီသ၌။ ပတိဋ္ဌိတော၊ မယိမ်းမယိုင် ကျောက်စာတိုင်သို့ ခိုင်ခိုင်မတ်မတ် ရပ်တန့်ရှင်ပြုံး သီတင်းသုံးတော်မူလျက်။ မာရေန၊ ဒေါသရန်ပွား မာရ်နတ်သား သည်။ အသုဏိသံ၊ အားအင်တင်းလျက် မညှဉ်းဆဲ မနှိပ်စက်ခြင်းကို။ ကတ္ဝာ၊ ကရုဏာထား မေတ္တာပွား၍။ အန္တရာယော၊ ဘေးအန္တရာယ်အသွယ်သွယ်တို့သည်။ ဝိနဿန္တု၊ ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ကင်းစင်ပျောက်ပျက်ကြစေကုန် သတည်း။

ရာဇတောဝါ၊ မင်းဘေးမှလည်းကောင်း။ ဥပဒ္ဒဝသောကရောဂါဝါ၊ တစ်ဆယ့် ခြောက်ပါးသော ဥပဒ္ဒဝေါ စိုးရိမ်ခြင်း, အနာရောဂါနှိပ်စက်ခြင်းတို့မှလည်း ကောင်း။ ဝိရောဓာယ၊ ဝေးစွာလွင့်ပျောက် ကင်းပျောက်စေခြင်းငှာ။ မဟိဒ္ဓိကံ၊ တန်ခိုးစွမ်းအားကြီးမားတော်မူသော။ ဥပဂုတ္တံ၊ ဥပဂုတ္တ နာမတွင်လတ် မထေရ် မြတ်ကို။ ပရိတ္တံ၊ ဘေးရန်ဆီးငြား အရံအတားကို။ ကရောမိ၊ ပြုပါ၏။ မေမမ၊ ရှင်ဥပဂုတ္တ နာမတွင်လတ် မထေရ်မြတ်၏ များလတ်ဂုဏ်ရည်အလီလီကို ယုံကြည်

ပွားများ ဘုရားတပည့်တော်အား။ ဇယမင်္ဂလံ၊ လောကုတ် လောကီ နှစ်လီပွား တိုး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ ဤယခု ဤအချိန်မှစ၍ မုချမသွေ ဖြစ်ပါစေသတည်း။

တာဒိသော၊ ထိုသို့သဘောရှိသော။ ထေရော၊ ဥပဂုတ္တ နာမည်တွင်လတ် မထေရ်မြတ်သည်။ မာရေန၊ ကောဓထေန်ပွား မာရ်နတ်သားသည်။ အနဇိနတံ၊ မအောင်နိုင်လစ် ရှုံးသည်၏ အဖြစ်ကို။ ကတွာစ၊ ပြုတော်မူ၍လည်း။ အန္တရာယော၊ အထူးထူးသော ဘေးအန္တရာယ်တို့သည်။ ဝိနဿန္တု၊ ကင်းစင်လွင့်ထွက် ပျောက် ပျက်ကြစေကုန်သတည်း။ ဣဒါနေဝ၊ ဤယခု ဤအချိန်အခါကပင်လျှင်။ မဟိဒ္ဓိကော၊ တန်ခိုးစွမ်းအင် လွန်လျှင်ကြီး မြတ် ဥပဂုတ္တ အရှင်မြတ်သည်။ ယံယံ ဥပဒ္ဒဝံ၊ အကြင်အကြင်သို့သော ဘေးရန်ဥပဒ္ဒဝေါသည်။ ဇာတံ၊ မသွေ မုန်စွာ ဖြစ်ပေါ်လာ၏။ တံတံ ဥပဒ္ဒဝံ၊ ထိုသို့သော ဘေးရန် ဥပဒ္ဒဝ ဟူသမျှကို။ အသေသတော၊ ကြွင်းကျန်တစိ မရှိသောအားဖြင့်။ ဝိဒ္ဓံသေတု၊ ဖျောက်လွှင့်မသွေ ဖျက်ဆီးတော်မူပါစေသတည်း။

## နှစ်ကျိပ်ရှစ်ဆူဘုရားများ၏ အမည်နှင့် နေ့သားများ

| | | | |
|---|---|---|---|
| ၁။ | တဏှင်္ကရာဘုရား | — | စနေနေ့သား |
| ၂။ | မေဓင်္ကရာဘုရား | — | တနင်္ဂနွေနေ့သား |
| ၃။ | သရဏင်္ကရာဘုရား | — | တနင်္လာနေ့သား |
| ၄။ | ဒီပင်္ကရာဘုရား | — | အင်္ဂါနေ့သား |
| ၅။ | ကောဏ္ဍညဘုရား | — | ဗုဒ္ဓဟူးနေ့သား |
| ၆။ | မင်္ဂလဘုရား | — | ကြာသပတေးနေ့သား |
| ၇။ | သုမနဘုရား | — | သောကြာနေ့သား |
| ၈။ | ရေဝတဘုရား | — | စနေနေ့သား |
| ၉။ | သောဘိတဘုရား | — | တနင်္ဂနွေနေ့သား |

| | | | |
|---|---|---|---|
| ၁။ | အနောမဒဿီဘုရား | — | တနင်္လာနေ့သား |
| ၂။ | ပဒုမဘုရား | — | အင်္ဂါနေ့သား |
| ၃။ | နာရဒဘုရား | — | ဗုဒ္ဓဟူးနေ့သား |
| ၄။ | ပဒုမုတ္တရဘုရား | — | ကြာသပတေးနေ့သား |

| | | | |
|---|---|---|---|
| ၅။ | သုမေဓဘုရား | — | သောကြာနေ့သား |
| ၆။ | သုဇာတဘုရား | — | စနေနေ့သား |
| ၇။ | ပိယဒဿီဘုရား | — | တနင်္ဂနွေနေ့သား |
| ၈။ | အတ္ထဒဿီဘုရား | — | တနင်္လာနေ့သား |
| ၉။ | ဓမ္မဒဿီဘုရား | — | အင်္ဂါနေ့သား |
| | | | |
| ၁။ | သိဒ္ဓတ္ထဘုရား | — | ဗုဒ္ဓဟူးနေ့သား |
| ၂။ | တိဿဘုရား | — | ကြာသပတေးနေ့သား |
| ၃။ | ဖုဿဘုရား | — | သောကြာနေ့သား |
| ၄။ | ဝိပဿီဘုရား | — | စနေနေ့သား |
| ၅။ | သိခီဘုရား | — | တနင်္ဂနွေနေ့သား |
| ၆။ | ဝေဿဘူဘုရား | — | တနင်္လာနေ့သား |
| ၇။ | ကကုသန္ဓဘုရား | — | အင်္ဂါနေ့သား |
| ၈။ | ကောဏာဂုဏ်ဘုရား | — | ဗုဒ္ဓဟူးနေ့သား |
| ၉။ | ကဿပဘုရား | — | ကြာသပတေးနေ့သား |
| ၁၀။ | ဂေါတမဘုရား | — | သောကြာနေ့သား |

**နောက်ဆက်တွဲ (ခ) ပြီး၏။**

# ဓေတိယပကာသနီကျမ်း

## နောက်ဆက်တွဲ (ဂ)

# သတ္တုရူပကဝိလာသနီကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဘုရားတည်အံ့သော အစီအရင်ကား—

အာနန္ဒာဘုရားတည်ဟန်၊ ဥာပနာဟန်၊[၁] နဂါးရုံဘုရား၊ ပဲရတနာဘုရား၊ လောကနန္ဒာဘုရား၊ ကောင်းမှုတော်ကြီး၊ ဤဘုရားတို့ တည်ဟန် ဥာပနာဟန်များနှင့် လျော်ညီစွာ ရေးပုဂံထုံးကို ယူ၍ ကူးခန်းကြီးမြို့ မြောက်မျက်နှာ ရွှေအုတ်မှင် (ရွှေဥမင်) ဆရာတော်ဘုရားကြီး စီရင်သောထုံး။[၂]

## ဥာပနာတိုက်

ဘုရားတည်အံ့သောငှာ မည်သည့်အရပ်ဒေသ၌ တည်မည်ဟူ၍ အရပ်ထက်ဝန်းကျင်တို့ကို ကောင်းစွာ သုတ်သင်၍ ထက်ဝန်းကျင်သော အရပ်တို့ကို ရာဇမှတ်ကာ၍ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ဆီမီးတန်ဆောင်တို့ဖြင့် ပူဇော်သက္ကာရပြု၍ အရပ်လေးမျက်နှာတို့၌[၃] ဗာလိနတ်စာ ဂြိုဟ်စာပေး၍ နေ့ရက်အချိန်ကာလကို ရွေးချယ်၊ ဖိနပ်တော် ၄–ထောင့်ကို ရွှေအုတ် ၄–ချပ်၊ ငွေအုတ် ၄–ချပ်ချစပြုပြီးလျှင် ဥာပနာတိုက်ဟု တွင်းကြီးတူးထားပြီးလျှင်[၄] ရွှေအုတ် ၄–ချပ်၊

---

၁။ မင်္ဂလာစေတီ၊ (ပေမူ)

၂။ ရေးပုဂံထုံးကို ရှု၍ ကူးခန်းမြို့မြောက် ရွှေဥတ်မှင်ဆရာ စီရင်သောထုံး။ (ပေမူ)

၃။ အရပ်ရှစ်မျက်နှာကို (ပေမူ)

၄။ ဥာပနာတိုက်ဟု တွင်စေပြီး၍ (ပေမူ)

ငွေအုတ် ၄–ချပ်၊ ၄–ထောင့်က ကောင်းမွန်စွာ တိုက်လုပ်ပြီးလျှင်[၁] အတွင်းကိုလည်း ကောင်းမွန် သေချာစွာ ပြုပြင်လုပ်ကိုင်ပြီးလျှင် ဌာပနာအံ့သော အစီအရင်ကား–

၁။ သုမေဓာရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားကို တွေ့၍ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ အသက်ကို စွန့်၍ လျှော်တေသင်္ကန်းအဝတ်ကို ဝတ်လျက် ကိုယ်ကို တံတားသဏ္ဍာန် ခင်းထားဟန် အရုပ် တစ်ရုပ်။[၂]

၂။ ဒီပင်္ကရာ မြတ်စွာဘုရားက ထိုသုမေဓာရသေ့အား နိယတဗျာဒိတ်စကား ပေးသနားဟန် တစ်ရုပ်။[၃]

၃။ သုမိတ္တာ သူဌေးသမီးကလည်း ကြာရှစ်ပွင့်ကို ကိုင်၍ လာဟန် တစ်ရုပ်။[၄]

၄။ ကြာရှစ်ပွင့်အနက်တွင် ကြာ ၅–ပွင့်ကို သုမေဓာရသေ့အား ကပ်လှူရန် တစ်ရုပ်။[၅]

၅။ ကျန် ကြာ ၃–ပွင့်ကို ဒီပင်္ကရာ မြတ်စွာဘုရားအား ဆက်ကပ်တင်လှူရန် တစ်ရုပ်။[၆]

၆။ သုမေဓာရသေ့ မြတ်စွာဘုရား ဖြစ်သောအခါ သုမိတ္တာ အလုပ်အကျွေး ဖြစ်ပါလို၏ဟု ဆုတောင်း (ပတ္ထနာဆုပြု) ဟန် တစ်ရုပ်။[၇]

၇။ မြတ်စွာဘုရားအလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူသောကာလ ပဉ္စဝဂ္ဂီ ၅–ယောက်တို့ သွားရောက် ဆည်းကပ် လုပ်ကျွေးဟန် ၅–ရုပ်။[၈]

၈။ သိကြားမင်း စောင်းဖြင့် တောင်းပန်လာဟန် တစ်ရုပ်။

---

၁။ လေးထောင့်ကို ချ၍ ကောင်းမွန်စွာ တိုက်လုပ်ပြီးလျှင် (ပေမူ)

၂၊၃။ အကြောင်းအရာ ဗုဒ္ဓဝင်ပါဠိတော် * ၅၂၊ * ၆၀ တို့၌ ပါသည်။

၃၊၅၊၆၊၇။ အကြောင်းအရာ ထေရီအပဒါန် ပါဠိတော်၊ ၃ ကုဏ္ဍလကေသီဝဂ်၊ ယသော်ဓရာ ထေရီအပဒါန် * ၄၅၊ * ၄၉ တို့၌ ပါသည်။

၈။ အကြောင်းအရာ ဇာတ်အဋ္ဌကထာနိဒါနကထာ ၇၈ (ဆဋ္ဌသင်္ဂါယနာမူ)။ အင်္ဂုတ္တရဋ္ဌကထာ၊ ဧကကနိပါတ၊ ၁၄ ဧတဒဂ္ဂဝဂ္ဂ အညာသိကောဏ္ဍညတ္ထေရဝတ္ထု (ဆဋ္ဌသင်္ဂါယနာမူ) ပ။ ၁၁၃ တို့၌ ပါသည်။

၉။ ဆိတ်ကျောင်း ညောင်ပင်အောက်၌ နေတော်မူသောအခါ သုဇာတာ သူဌေးသမီး ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်း ကပ်လှူရန် တစ်ရုပ်။[၁]

၁၀။ ထိုဃနာနို့ဆွမ်းအလှူကို ခံတော်မူ၍ နေရဥ္စရာချောင်းနား၌ ဆွမ်းဘုဉ်းပေးတော်မူဟန် တစ်ရုပ်။[၂]

၁၁။ နေရဥ္စရာချောင်းနား၌ ရှေးဘုရားတို့ထုံး နှလုံးသဘောနှင့် ရွှေခွက်ကို မျှောဟန် တစ်ရုပ်။

၁၂။ ရှေးဘုရား ၃–ဆူတို့ မျှောတော်မူသော ရွှေခွက် ၃–ခွက်အောက် ဝင်၍ ထပ်လျှင် ကာလနဂါး သိမ်းယူဟန် တစ်ရုပ်။

၁၃။ ဗောဓိပင်သို့အသွား ခရီးလမ်းအကြား၌ သုဒ္ဓိယ(ဇေင်) မြက်ရှစ်ဆုပ်ကို လှူဟန် တစ်ရုပ်။

၁၄။ ဘုရားရှင်သည် ဗောဓိပင်အောက် ပလ္လင်ပေါက်၍ ထက်ဝယ်ဖွဲ့ခွေ နေတော်မူဟန် တစ်ရုပ်။

၁၅။ ဗောဓိပင်ကသည် အရှေ့မြောက် ရွှေပလ္လင်မှမြောက် အရှေ့သို့ စဉ်းငယ်ယွန်းသောအရပ်၌ တစိန်းစိန်းကြည့်၍ နေတော်မူဟန် တစ်ရုပ်။

၁၆။ မြောက်စူးစူး အရှေ့အနောက် အလျား စင်္ကြံနှင့်တကွ ဗောဓိပင်ကို ကြည့်တော်မူဟန် တစ်ရုပ်။

၁၇။ အနောက်မြောက်ထောင့် ရတနာဃရ ရွှေအိမ်နှင့်တကွ အဘိဓမ္မာ ၇–ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူ၍ ဗောဓိပင်ကို ကြည့်တော်မူဟန် တစ်ရုပ်။

၁၈။ အရှေ့စူးစူး အဇပါလညောင်ရင်းအောက် ဗောဓိပင်ကို အာရုံပြု၍ နေတော်မူဟန် တစ်ရုပ်။

၁၉။ အရှေ့တောင်ထောင့် မုစလိန္ဒာအိုင်နား ကျည်းပင်ရင်း၌ နဂါး ပါးပျဉ်းမိုးနေဟန်၊ မြတ်စွာဘုရားပါ ကျည်းပင်ရုပ်နှင့်တကွ ဗောဓိပင်ကို အာရုံပြုတော်မူနေဟန် တစ်ရုပ်။

---

၁၊၂။ အကြောင်းအရာ ဗုဒ္ဓဝင်အဋ္ဌကထာ ၉။ ဇာတ်အဋ္ဌကထာ၊ နိဒါနကထာ ၈၁ တို့၌ ပါသည်။

၂၀။ တောင်ရှူးရှူး ရာဇာယတန လင်းလွန်းပင်ရင်း၌ ဗောဓိ(ပင်)ကို အာရုံ ပြု၍ နေတော်မူဟန်၊ မြတ်စွာဘုရားပါ လင်းလွန်းပင်ရုပ်နှင့်တကွ တစ်ရုပ်။

ဤသို့ ဆိုခဲ့ပြီးသော အနေအထားတို့ကို စာနှင့်အညီ သွန်းလုပ်သူတို့ကို ကြေးကို သွန်းလုပ်စေရမည်။ နားမလည်လျှင်လည်း စာရေး၍ ပေးသည့်အတိုင်း သွန်းလုပ်စေရမည်။ ထိုသို့ သွန်းလုပ်စေပြီးမှ အဋ္ဌဝိသ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့ကိုလည်း သွန်းလုပ်စေရမည်။ ဤသို့ အရုပ်နှင့်တကွ စုံလင်စွာပြု၍ သွန်းလုပ်ပြီးလျှင်—

မဇ္ဈေ ပဋ္ဌမံ ဗောဓိပလ္လင်္ကံ၊
ဧသနေ့ စ အနိမိသံ။
ဥတ္တရဋ္ဌာနေ စင်္ကမံ၊
ပါယဗ္ဗေ ရတနာဃရံ။
ပြုဗ္ဗေ ဌာနေ အဇပါလံ၊
အဂ္ဂိနေယျေ မုစလိန္ဒံ။
ဒက္ခိဏေ ရာဇာယတနံ၊
ဧတေ သတ္တ မဟာဌာနေ၊
စတုသစ္စဉ္စ သမ္ဗုဒ္ဓံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ဤဂါထာအတိုင်း သတ္တဌာန ၇–ဆူတို့ကို ထားရလိမ့်မည်။

ထားဟန်ကား— မဟာဗောဓိတစ်ဆူကိုသာ အရှေ့သို့ မျက်နှာပြု၍ ထားရမည်။ ၆–ဆူကိုကား ဗောဓိသို့ချည်း မျက်နှာပြု၍ ထားရမည်။ ဤမှတစ်ပါး ကြွင်းကျန်သော အရုပ်တို့ကိုလည်း နောက်ကချည်း အရှေ့ကို မျက်နှာပြု၍ ထားရမည်။ ဌာပနာတိုက် သေးငယ်၍ ကျဉ်းမြောင်း၍ မဆံ့လျှင်လည်း ဗောဓိက ရှေ့ကိုချည်း မျက်နှာပြုရမည်။

မုစလိန္ဒာအိုင်ကိုမူကား နဂါးရုံဘုရား အရှေ့တောင်က ထားလေ။ ကျည်းပင် အိုင် အနောက်မြောက် နေမှ သင့်လျော်မည်ဟူ၍ အလုအယက် ငြင်းခုံခြင်းရှိ၍ ထုံးကို ရှာသော် ယခုနောက်က ပြဆိုခဲ့ပြီးသော ဘုရား ၉–ဆူအတိုင်း ထုံးတမ်း

တွေ့ရှိသောကြောင့် ဤထုံးအတိုင်းကို ကျင့်ဆောင်တော်မူကုန်၍ ရွှေမင်းဆရာတော်ဘုရားကြီးလည်း နှစ်သက်တော်မူသည့် ထုံးပင် ဖြစ်သည်။

ဤသို့ ဌာပနာပြီးမှ မြတ်စွာဘုရား ရာဇာယတန လင်းလွန်းပင်ရင်းသီတင်းသုံးနေတော်မူသော ကာလ ဗြဟ္မာမင်း[၁] သည် နာဂလတာ ဒန်ပူနှင့်တကွ မျက်နှာသစ်ရေ လှူဒါန်းလာသည်။[၂] ယင်းသို့ လှူဒါန်းလာသည့်ပုံ။

တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင် ပျားမုန့်ဆုပ်ကို လှူဒါန်းရာ စတုလောကပါလ နတ်သား ၄-ယောက်တို့ သပိတ် ၄-လုံး လှူဒါန်းသဖြင့် ထိုသပိတ် ၄-လုံးကို တစ်လုံးတည်းဖြစ်အောင် အဓိဋ္ဌာန်၍ ပျားမုန့်ဆုပ်ကို ခံယူပုံ။[၃] ဤသူတို့ကို လင်းလွန်းပင်မှာ တောင်ကို မျက်နှာပြု၍ထား။

ရာဇာယတန လင်းလွန်းပင်ရင်းက ပြန်၍ အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း သီတင်းသုံး နေတော်မူသောကာလ သဟမ္ပတိဗြဟ္မာမင်းသည် မြင်းမိုရ်တောင်ခန့်လောက်ရှိသော ရတနာ ရွှေပန်းကုံးကို ပူဇော်လာ၍ တရားဟောစိမ့်သောငှာ တောင်းပန်လာသော ဗြဟ္မာကို[၄] အရှေ့သို့ မျက်နှာပြု၍ထား။

ဟုံဟုံကပုဏ္ဏားကိုမူကား ဗောဓိပင်မှ အနောက်သို့ မျက်နှာပြု၍ထား။ နဂါးလုလင်ကို ကျည်းပင်ရင်းမှာ အရှေ့တောင်သို့ မျက်နှာပြု၍ ထားလေ။

သတ္တဋ္ဌာန ၇-ဆူတို့ကိုလည်း တစ်ဆူတစ်ဆူတွင် မွေတော်တစ်ဆူစီ ရင်သီးတိုင်အောင် ရွှေကြုတ်နှင့် ဌာပနာလေ။ ဗောဓိမှာမူကား မွေကော်သဃ်ာတော်ဓာတ်[၅] ဗောဓိကို အစေ့အစုံသွင်း။ သဃ်ာတော်တို့ ဓာတ်တော်ကိုမူကား ရွှေ၊ ငွေ၊ ကြေးနီ၊ ခပ်ပြာကြုတ်နှင့် ဝမ်းတော်တွင် ဌာပနာလေ။ သည်အထက်ကို ဓာတ်တော်ဌာပနာ။ ထို ၂-ပါးအောက်ကိုကား အဘိဓမ္မာကျမ်းဦး၊ သုတ္တန်ကျမ်းဦး၊ ဝိနည်းကျမ်းဦး၊ ဤကျမ်းဦး ၃-ပါးတို့ကို ရွှေ၊ ငွေ၊ ကြေးနီ၊ ခပ်ပြာတို့ကို ပေကဲ့သို့ အပြားခတ်၍ ရေးသားပြီးလျှင် ဌာပနာလေ။ မသွင်းသာခဲ့သော် ပလ္လင်တော်တွင် ပြင်ကပတ်၍သော်လည်း ထည့်သွင်းဌာပနာလေ။

---

၁။ သိကြား (ပေမူ)

၂။ နာဂဋ္ဌတ တံပူ မျက်သစ်ရေ လှူသည်။ ကြစုသီး လှူသည်။ (ပေမူ)

၃။ တပုဿ၊ ဘလ္လိက ညီနောင် ပျားမုန့်လှူသည်။ စတုလောကပါလ နတ်သား လေးယောက် သပိတ်လေးလုံးလှူသည်။

၄။ "ဗြဟ္မာ သဟမ္ပတိ သိနေရုမတ္တေန ရတနဒါမေန တထာဂတံ ပူဇေတိ။" ပါရာဇိကဏ် အဋ္ဌကထာ၊ပ၊ ဝေရဉ္ဇဘာဏဝါရ၊ အရဟံဂုဏ်တော်ဖွင့် ၈၇ (ဆဋ္ဌသင်္ဂါယနာမူ)။

၅။ သဃ်ာဓာတ်တော် (ပေမူ)

ဘုရားကျောင်းတော် ဌာပနာတိုက်[၁] သပိတ်မှောက်သို့ ရောက်လျှင် သပိတ်မှောက်တွင် စီစဉ်၍ ဌာပနာအံ့သော ဘုရားများကား– ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ဘုရား ၄–ဆူတို့ကို မျက်နှာချင်းဆိုင်၍ ဌာပနာ။ အချို့သောသူတို့က အရှေ့ကိုချည်း တူရှုထားကြသည်။ ဤသို့ထားကြသည့်အရာကို ရှေးဆရာပညာရှိတို့ မကြိုက် မနှစ်သက်ကြကုန်။ ရင်ဆိုင်သာ ထားကြသည်။

## ပိန္နဲတိုင်

ဘုရားစေတီတော် သပိတ်မှောက်ပြီး၍ ပိန္နဲတိုင် စိုက်သောအခါလည်း ဘုရားဒါယကာ၊ ဘုရားဒါယိကာမ နံတူသည့် သစ်တို့ကိုသာ ပိန္နဲတိုင် စိုက်ရာသည်။[၂] ဤသို့ မှာသည့်အတိုင်း စိုက်ခဲ့သော် ဘုန်းကြီးရာသည်။ အသက်ရှည်ရာသည်။ အန္တရာယ်အမျိုး ကိုးဆယ့်ခြောက်ပါး ကင်းရာသည်။ ဥစ္စာပစ္စည်းတို့ တက်ပွားများရာသည်။

ယခုအခါမှာမူကား ကျွန်းသားကိုသာ စိုက်ကြကုန်သည်။ သင့်သောသူလည်း သင့်၏။ မသင့်သောသူလည်း ခိုက်၏။ ထိုပိန္နဲတိုင်ကိုလည်း ဤဆိုလတ္တံ့သော ဂါထာအတိုင်း စားလေ။

ဧကသေသံ မရဏံ ဘဝေ၊
ဒွေသေသံ ရာဇပူဇိတံ။
တြိသေသံ အဂ္ဂိဘယံ၊
စတုသေသံ မဟာလာဘံ။
ပဉ္စသေသံ မဟာဒုက္ခံ၊
ဆသေသံ စ မဟာသုခံ။
သတ္တသေသံ ဇနဝိနာသံ၊
ဝိပရိဒုက္ခံ ကလဟံ ဘဝေ။

---

၁။ ဘုရားကျောင်းတော်လုပ်၍ (ပေမူ)

၂။ ပိန္နဲတိုင် စိုက်ရာသည်။ ရွာပုံတည်လျှင် ရွာနံကို စိုက်ရာသည်။ (ပေမူ)

အတောင် ရရသမျှတွင် မိုက်ဖွဲ့၊ မိုက်ကို ၇–ခုနှင့်စာ၊ အကြွင်းကို စာနှင့် ညီအောင် စိုက်စေ။[၁] အန္တရာယ်အမျိုး ကိုးဆယ့်ခြောက်ပါး ကင်း၍ စည်းစိမ်ဥစ္စာ တိုးပွားများပြားရာ၏။

ပိန္နဲတိုင် ဖောင်းလုံး ချယားသီး သတ်သောအခါလည်း ချယားသီးတွင် ရှင်ဥပဂုတ် မတ်ရပ် တည်တော်မူဟန် ပုံသဏ္ဍာန်ကို မဆွေးနိုင်သော ကြေးကို ဖြစ်စေ၊ ကျောက်ကိုဖြစ်စေ ထုလုပ်၍ အရှေ့အရပ်ကို မျက်နှာပြု၍ ပိန္နဲတိုင်ကို မှီ၍ စိုက်စေ။[၂] တန်ခိုးအာနုဘော် ရေးကထက် ဆတက်ထမ်းဂိုဏ် တိုးတက်ကြီး ပွား၏။ ပစ္စည်းလာဘ်လာဘ ရှင်၏။

ပန်းရံတို့ကို စီရင်ရိုးက[၃] ချယားသီး သတ်သောအခါ ပန်းရံတို့ကို မသတ် စေနှင့်။ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်နှင့်တူသော သူတို့ကိုလည်းကောင်း၊ မိမိယုံကြည်ရသူတို့ကို ကြပ်မတ်စေ၍ သတ်စေ။ ပန်းရံတို့ သတ်မူကား သူတို့ ကိုယ်ကောင်းသာ သတ်တတ်သည်ဖြစ်၍ ယင်းသို့သတ်လျှင်လည်း အထက်ပါ ဂါထာအတိုင်း အစားမမှန်ပြီ။ အစားမမှန်ကလည်း ဆိုခဲ့ပြီးသော အကျိုးတို့မှ ဆုတ်ယုတ်ရာသောကြောင့် မိမိအကျိုး ပွားတိုးကွန့်မြူး အထူးအလိုရှိသောသူတို့ သည် မိမိယုံကြည်သူတို့ကိုသာ ကြပ်မတ်စေ၍ ချယားသီးသတ်ခြင်း အမှုကို ပြုစေရာ၏။

## ထီး

ထီးတင်သောအခါလည်း မတင်မီ ရေးအဖို့ အောက်ကသာလျှင် စီစဉ် ခင်းကျင်း၍ ထားစေ။ အထက်သို့ရောက်မှ ကျဉ်းကျပ်သည်ဟူ၍ မပုတ်မခတ် ကောင်း၊ နုတ်ချည် စွပ်ချည် မပြုကောင်း၊ သပ်မကျပ်ကောင်း၊ ထီးအစဉ်လည်း မမှားကောင်း၊ အစဉ်အတိုင်းသာလျှင် မှန်ကန်စွာ တင်ရာသည်။ ထီးစဉ်ယူခါလည်း မှား၍မယူသင့်၊ မှန်လှစေ။

---

၁။ စာနှင့်ညီအောင် ကြွင်းစေ။ (ပေမူ)
၂။ ပိန္နဲတိုင်ကို မှီ၍ ထာပနာ။ (ပေမူ)
၃။ ပရာန်တို့ စီရင်နည်းရိုး။ (ပေမူ) ဤစကားသည် ရှေ့စာပိုဒ်၏ အဆုံးသတ် စကားဖြစ်တန် ရာသည်။

## ပိန္နဲတိုင်

ပိန္နဲတိုင် စိုက်သောအခါလည်း အရှေ့တောင်ကိုသာ တိမ်းစေ။ အရှေ့တောင်မှ တစ်ပါး ရှစ်မျက်နှာအရပ်တွင်မှ မတိမ်းကောင်း။ တိမ်းစောင်းခဲ့သော် အကျိုးမရှိချေ။ သံတိုင်ကိုလည်း ထိုနည်းအတူ စိုက်လေ။

## ထိ ၃-ပါး

စိုက်သောအခါလည်း ထိ ၃-ပါး လွဲစေ။ မလွဲစေခဲ့သော် ဘုရားဒါယကာ၊ ဘုရားဒါယိကာမ၊ ရပ်ရွာမခံနိုင်။ ထိခိုက်တတ်သည်။ ထိ ၃-ပါးဟူသော်ကား ဌာပနာ ဗောဓိနှင့် ပိန္နဲတိုင်၊ မံဘုရား၊ ဤ ၃-ပါးတို့ မထိကောင်း။ ဗောဓိ၊ မံဘုရား၊ ပိန္နဲတိုင်တို့ ယိမ်းယိုင်ထိခိုက်ခြေသော် ဘုရားဒါယကာ၊ ဘုရားဒါယိကာမ သေကြေပျက်စီးခြင်းသို့ ရောက်တတ်သည်ဟူ၍ ရှေးပညာရှိတို့ ဆိုထုံးရှိသည်ဖြစ်၍ မသင့်။ မထိစေအပ်။ ၎င်းထိ ၃-ပါး လွဲစေ။ လွဲမှ အကျိုးဖြစ်နိုင်သည် မှတ်အပ်၏။

## ဌာပနာတိုက်

ဌာပနာတိုက် အစီအရင်ကား နက်သင့်သော အရပ်ကိုသာ နက်စေ။ တိမ်သင့်သောအရပ်ကိုသာ တိမ်စေ။ ထိုထိုအရပ်တို့ကို သတ်မှတ်ပြီးခါ ဝိစာရဏာ ပညာဖြင့် ကောင်းစွာ ဆင်ခြင်၍ စီရင်ရလိမ့်မည်။

ဌာပနာဘုရားများကား ဘုရားဒါယကာ၊ ဘုရားဒါယိကာမ အရင်းရှိသော[၁] ဘုရားများပြင်[၂] နောက်မှ ပေါ်လာသော် လဲ၍ မပြုသင့်ချေ။ လဲမိသော် ပျက်စီးခြင်းသို့ ရောက်တတ်ချေသည်။ မသင့်၊ ရှောင်လေ။

အမျာ ဌာပနာကြသည်ကို သဒ္ဓါကြည်ညိုလှသည်ဟူ၍ ဆံထုံး၊ ဆံကျင်၊ ဆံစု၊ ဆင်စွယ်၊ ပယင်းနှ၊ အင်း အိုင် ခလှဲ လက်ဖွဲ့၊ မိဘ ဆရာသမားနှင့်စပ်၍ ဆွေးမြည့်ကောင်းသည့် ဝတ္ထုဟူသမျှတို့ကို ပယ်ထား[၃] ဘိ။ မပယ်ထား[၄] ဘဲ ထည့်သွင်းဌာပနာခဲ့သော် ခြစားသော် ဆွေးမြည့်သော် ဘုရားဒါယကာ၊ ဘုရားဒါယိကာမ၊ ရွာပုံတည် ဘုရားဖြစ်အံ့ ရပ်သူရွာသား၊ ဤ ၃-ချက် ပျက်စီးခြင်းသို့ ရောက်တတ်သည်။ နိုင်အောင် တားပယ်ဘိ၊ မသင့်ချေ။

---

၁။ အရှင်ရှိသော (ပေမူ)

၂။ ဘုရားဖြင့် (ပေမူ)

၃။ ပယ်တားဘိ?

၄။ မပယ်တားဘဲ?

အများဌာပနာကြသည်ကို သဒ္ဓါကြည်ညိုလှသည်ဟူ၍လည်း ငါးမျက်နှာ မြတ်စွာဘုရားကို ထုလုပ်၍ မထည့်စေသင့်။ ပယ်ဘိ။ မပယ်ခဲ့သော် ကြေမွ ပြုန်းတီး ပျက်စီးတတ်သည်။ ရပ်ရွာသုဥ်းသည်။ နေရပ်သုဥ်းသည်။ မထည့်သင့် သောကြောင့် နိုင်အောင် တားပယ်ဘိ။

## နံသင့်ဘုရား

အကြင်လူအပေါင်းတို့သည် အသက်ရှည်၍ ဘုန်းတန်ခိုးအာနုဘော်ကြီး စေလိုသော်—

| | |
|---|---|
| တနင်္ဂနွေသားမှာ | မအူကို ထုလေ။ |
| တနင်္လာသားမှာ | ကံ့ကော်၊ ကုက္ကိုတို့ကို ထုလေ။ |
| အင်္ဂါသားမှာ | ရွှေ၊ ပဉ္စင်း[၁] တို့ကို ထုလေ။ |
| ဗုဒ္ဓဟူးသားမှာ | ဖေး၊[၂] သရက်တို့ကို ထုလေ။ |
| ကြာသပတေးသားမှာ | စပယ်ကို[၃] ထုလေ။ |
| သောကြာသားမှာ | သီး၊ သန်းတို့ကို ထုလေ။ |
| စနေသားမှာ | သတိ၊ သတွတ်၊ နှောတို့ကို ထုလေ။ |

(၁) တနင်္ဂနွေသား နံဘုရားအမည်ကား ဖောင်တော်ဦး၊ ရတနာစံဦးမှည့်။

(၂) တနင်္လာသား နံဘုရားအမည်ကား ရွှေကူ၊ စည်းခုံမှည့်။[၄]

(၃) အင်္ဂါသား နံဘုရားအမည်ကား သဗ္ဗညု၊ ရတနာမဥ္ဇူမှည့်။

(၄) ဗုဒ္ဓဟူးသား နံဘုရားအမည်ကား တကျောက်ရာ၊ မေကော်ရာမှည့်။

(၅) ကြာသပတေးသား နံဘုရားအမည်ကား ဂေါတမ၊ ကဿပ၊ ဝေဿဘူမှည့်။

(၆) သောကြာသား နံဘုရားအမည်ကား အတ္ထဒဿီ၊ ဓမ္မဒဿီမှည့်။

(၇) စနေသား နံဘုရားအမည်ကား မင်္ဂလာစေတီ၊ စေတနာ၊[၅] ရေဝတ၊ ရှင်ဥာဏ်မုနိမှည့်။

---

၁။ ရွှဆံပဥ္စင် (ပေမူ)

၂။ ရှား သရက် (ပေမူ)

၃။ ပျဥ်(း)ပေါက် (ပေမူ)

၄။ ရွှေစည်းဂုဏ်မှည့်။ (ပေမူ)

၅။ မင်္ဂလာစေတီ။ ရေတန (ပေမူ)

ဤသို့ နေ့လိုက်နံလိုက် စေတီတော်မြတ်စွာဘုရားရုပ်ပွားသဏ္ဌာန်တော် မတ်ရုပ်တော်တို့၏ ဘွဲ့အမည်ကို မှည့်ခေါ်ပြီးခါ သညာဘွဲ့ ပေးအပ်၏ဟူ၍ ရှေးဆရာတို့ သတ်မှတ်ပညတ် ထားတော်မူခဲ့သတည်း။[၁]

ဆိုခဲ့ပြီးသော ကျမ်းဦး ၃-ပါးတို့ကို ဆိုပေဦးအံ့-

## ပဋ္ဌာန်းကျမ်းဦးကား-

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ-ပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတ-ပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရ-ပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတ-ပစ္စယောတိ။

## ဝိနည်းကျမ်းဦးကား-

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒ-မူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ အဿောသိ ခေါ ဝေရဉ္ဇော ဗြာဟ္မဏော "သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိ-မန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သိဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော 'ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ'၊ သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ၊ သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ

---

၁။ ယင်းစာပိုဒ်သည် ပေမူ၌ မပါချေ။

ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ၊ သာဓု ခေါ ပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတီ”တိ။

## သုတ္တန်ကျမ်းဦးကား–

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ၊ သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန၊ တတြ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော အနေက–ပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ သုပ္ပိယဿ ပန ပရိဗ္ဗာဇကဿ အန္တေဝါသီ ဗြဟ္မဒတ္တော မာဏဝေါ အနေကပရိယာယေန ဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ ဝဏ္ဏံ ဘာသတိ၊ သံဃဿ ဝဏ္ဏံ ဘာသတိ၊ ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီ အညမညဿ ဥဇုဝိပစ္စနီကဝါဒါ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဉ္စ။

## မံဘုရားအစီအရင် စီရင်နည်းကား–

မံဘုရားကို တည်ထားစီရင်လိုမူ စီရင်သော ဆရာသည် အကြီးကိုလိုသော်လည်းကောင်း၊ အငယ်ကိုလိုသော်လည်းကောင်း မိမိတို့လိုရာ ဦးစွာပဌမ ထက်ဝယ်ဖွဲ့ကို တည်။ ဒူးတော်နှစ်ဘက်ကို တိုင်း၊ ၃–ချိုး ချိုး၊ တစ်ချိုးသည် တစ်ထွာဖြစ်၏။ ၎င်းတစ်ထွာကို ၃–စု စုပြန်။ တစ်စုသည် ၄–လက်သစ်ဖြစ်၏။ ၎င်း ၄–လက်သစ် ၂–စုသည် မိုက်ဖြစ်၏။ တစ်မိုက်ကို (တစ်သစ်ကို)* ၄–စု စုပြန်။ တစ်စုသည် မုယောဖြစ်၏။

ဤသို့ ထက်ဝယ်တော်ဖွဲ့ခွေ နေတော်မူသည်ကို တောင်, ထွာ, မိုက်, လက်သစ် မုယောတို့ဖြင့် ချင့်တွက်၍ ပြုပြီးမှ–

---

* စာမူ၌ ‘တစ်မိုက်ကို’ ဟု ရှိနေသည်။ ‘တစ်သစ်ကို’ ဟု ရှိမှ မှန်သည်။ ပေမူ၌ ‘တစ်သစ်ကို’ ဟုပင် ရှိသည်။

(၁) ဆင်းတုတော်၏ ထက်ဝယ်တော် ပမာဏအတိုင်း နှုတ်ခမ်းတော် (ထိ)ထားမှု ဆင်းရဲသားတို့သာ ကိုးကွယ်ရာ၏။

(၂) ဆင်းတုတော်၏ ထက်ဝယ်တော် ပမာဏအတိုင်း နှာခေါင်းတော်ထိ ထားမှု သေနာပတိ စစ်သူကြီး၊ မှူးကြီးမတ်ရာတို့သာ ကိုးကွယ်ရာ၏။

(၃) ဆင်းတုတော်၏ ထက်ဝယ်တော် ပမာဏအတိုင်း မျက်ကြားတော် ရောက်ထားမှု မင်းညီမင်းသား ဥပရာဇာ အိမ်ရှေ့မင်းတို့သာ ကိုးကွယ်ရာ၏။

(၄) ဆင်းတုတော်၏ ထက်ဝယ်တော် ပမာဏအတိုင်း နဖူးတော် ရောက်ထားမှု ဆဒ္ဒန်ဆင်မင်းသခင် ရေမြေရှင်တို့သာ ကိုးကွယ်ရာ၏ ဟူ၍ ထက်ဝယ်တော်ကို ဘုရားအရပ်တော် ပမာဏနှင့် တိုင်း၍ နှုတ်ခမ်းတော်သို့ ကျသော် သူဆင်းရဲသာ ကိုးကွယ်ရခြင်း၊ နှာခေါင်းတော်၊ မျက်ကြားတော်၊ နဖူးတော်အားဖြင့် ကျရာအရပ် ပမာဏနှင့် အတိုင်းအထွာ ညီညွတ်စွာ အမျိုးလေးပါးကို လိုက်၍ မံဘုရားအမှု ထုလုပ်ပြုပြင် စီရင်ကြရမည်။ ဤသို့ မှာသောအတိုင်း ပညာဖြင့် ဆင်ခြင်၍ ကိုးကွယ်လေ။

ဤကား ဘိုးကွယ်သင့်သည်ကိုဆိုသော စကားအစဉ်တည်း။

ဖြိုး ၃-ပါး၊ ချပ် ၃-ပါး၊ ဝန်း ၃-ပါး ညီစေ။

ဖြိုး ၃-ပါးကား- ရင်ဖြိုးစေ၊ နဖူးတော်ဖြိုးစေ၊ ပခုံးတော်ဖြိုးစေ။
ဤကား ဖြိုး ၃-ပါးတည်း။

ချပ် ၃-ပါးကား- နံတော်နှစ်ဘက် ချပ်စေ၊ ရင်တော် ချပ်စေ၊ ပါးတော် နှစ်ဘက် ချပ်စေ။
ဤကား ချပ် ၃-ပါးတည်း။

ဝန်း ၃-ပါးကား- မေးတော် ဝန်းစေ၊ နားရွက်ဖျားတော် ဝန်းစေ၊ နဖူးတော် ဝန်းစေ။
ဤကား ဝန်း ၃-ပါးတည်း။

ပလ္လင်တော် တစ်ထွာ၊ ကိုယ်တော် ၃-ထွာ၊ လက်မောင်းတော် ၃-ထွာ ညီညွတ်စေ။

လည်တော် ၄–သစ်၊ မေးတော်နှင့် နှာခေါင်းတော်ထိ ၄–သစ်၊[၁] နှာခေါင်းတော် ၄–သစ်၊ နဖူးတော် ၄–သစ်၊ နားတော် ၄–သစ်၊[၂] ဆံကျစ်တော် ၄–သစ်၊ ခံတွင်းတော် ၂–သစ်။[၃]

မျက်နှာတော်ကို ၃–စု စု၊ အလယ် နားရွက်တော်ထား၊ မျက်နှာတော်ကို ၃–စု စု၊ အောက် ၂–စု အောက်ကြား မျက်စိတော်ထား။

ဤသို့ မှာသောအတိုင်း ပညာရှိ သူတော်ကောင်းတို့သည်လည်း ဆိုအပ်ခဲ့ပြီးသော ဘုရားအစီအရင်မှာ ပညာဉာဏ်ဖြင့် ဆင်ခြင်၍ စီရင်ရမည်။ ရှေးကမှာရိုး ဆိုရိုးကိုသာ ပညာရှိတို့ မှာဆိုကြသည်ဖြစ်၍ မိမိတို့ ပညာ ဝိစာရဏပညာ ချင့်ထောက်စာ၍ ရတနာမန်ဘုရားကို ရှုစချင့်ဖွယ် သပ္ပါယ်အောင်သာ ကောင်းစွာ ထုလုပ်စီရင်ရမည်။

ကိန်းအောင်းရန် ကျောင်းတော်မှာကား မြတ်စွာဘုရား ဖိနပ်တော် အရပ်တော်ကြီးလျှင် ကြီးလျောက်၊ ငယ်လျှင် ငယ်လျောက် အောက်ပါ ဂါထာလာတိုင်း စားရမည်။[၄]

## ဂါထာကား–

ဓဇော ဓဇော ဝါဏိဇ္ဇော၊
ဒွေ ရူမော ဘိက္ခု ဗြာဟ္မဏော။
တြိ သီဟော ရာဇဂေဟော၊[၅]
စတု သွာနော စ လုဒ္ဒကော။
ပဥ္စ ဂေါဏော ဒလိဒ္ဒေါ၊
ဆ ဂဒြဘော သေဋ္ဌိနော။
သတ္တ ဂဇော အမစ္စော စ၊
အဋ္ဌ သုညံ ကလဟံ ဘဝေ။

---

၁။ မေးတော် နှာခေါင်းတော် လေးသစ် (ပေမူ)
၂။ နှစ်သစ်တွင် ခံတွင်းတော်ထား (ပေမူ)
၃။ ဆံတော် လေးသစ် (ပေမူ)
၄။ ဤဂါထာအတိုင်း စီရင်လေ။ (ပေမူ)
၅။ ရာဇဝံသော (ပေမူ)၊ ရာဇဝါသော (ပိသုကာလက်သမားကျမ်း)

ဤဂါထာနှင့်အညီ အဝန်းကို ၈–ခုနှင့်စား။ ၆–ခုကြွင်းသော် ထီးကျတတ်သည်။ ၅–ခုကြွင်းသော် ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့ ဆင်းရဲဒုက္ခသို့ ကျရောက်တတ်သည်။ သုဉ်းလျှင် မိုးကြိုးပစ်တတ်သည်။ လူကို ချင့်ထောက်၍ စီရင်ရသည်။ အိမ်ကဲ့သို့ မကြွင်းစေနှင့်။

အရပ်တော်မှာလည်း ဆိုခဲ့ပြီးသော ပိန္နဲတိုင်ကဲ့သို့ စားရလိမ့်မည်။ ၇–ခုနှင့် စားလေ။ ၃–ခု ကြွင်းလျှင် မိုးကြိုးပစ်တတ်သည်။ လေတိုက်၍ ထီးကျတတ်သည်။

## ဘုရားဗိသုကာကျမ်းအလိုကား[၁]

ဘုရား ၆–ဆူတို့၏ အစီအရင် ထုံးကို သိကြရမည်။ အဘယ်ကဲ့သို့ သိကြရမည်နည်းဟူမူကား[၂] ကောင်းမှုတော်ကြီး ဒါယကာ ဆဒ္ဒန်ဆင်မင်းသခင် ရေမြွေရှင်သည် ကောင်းမှုတော်ကြီးဘုရားကို တည်ထားတော်မူသော ကာလ[၃] မွန်ရဟန်းတို့ကို တစ်နေ့၊ မြန်မာရဟန်းတို့ကို တစ်နေ့ ပင့်ခေါ်၍ ပရိတ်တော်များကို ရွတ်သော ကာလ ရေဖောင်၌[၄] ဓာတ်တော်၊ မွေတော်၊ ဆံတော်[၅] အံတော်[၆] ဌာပနာအံ့သော မြတ်စွာဘုရား ရုပ်တုတော် ကြိယာ အစုံအလင်တို့ကို ရေဖောင်၌[၇] တင်ထား၍ ရွတ်ကြလေသော် မြန်မာရဟန်းတို့ ရွတ်သော ဖောင်တော်သည် တန့်ရပ်၍သာ နေသည်။ မွန်ရဟန်းတို့ တစ်နေ့ရွတ်သော ဖောင်တော်သည်ကား အထက်မြစ်ညာသို့ ဆန်တက်လေသတည်း။[၈]

ယင်းသို့သော အကြောင်းအရာတို့ကို ကောင်းမှုတော်ကြီး ဒါယကာ ဆဒ္ဒန်ဆင်မင်းသခင် ရေမြွေရှင်ကြားလေ၍ ရှေးရှေးက လုပ်ပုံလုပ်ရိုး ထုံးတမ်းနည်းလမ်းများကို မေးမြန်းစိစစ်သော် သီဟိုဠ်ကျွန်း မဟာစေတီတည်သောအခါ ရွတ်ရိုး

၁။ ပေမူ၌ 'ဘုရား ဗိဿုကာကျမ်း' ဟု တွေ့ရသည်။ ရှေ့စာပိုဒ်၏ အဆုံးသတ် အညွှန်းစကားဖြစ်တန်ရာသည်။

၂။ ဘုရားကိုးဆူထုံးကို အဘယ့်ကြောင့် သိရပါသနည်းဆိုသော်။ (ပေမူ)

၃။ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီကို အင်းဝဘုရင် သာလွန်မင်းတရားကြီး တည်ထားကိုးကွယ်တော်မူသည်။ သက္ကရာဇ် ၉၉၈ (ခရစ် ၁၆၃၆) ခု၊ တော်သလင်းလဆန်း (၁၀) ရက်၊ တနင်္လာနေ့၊ ပန္နက်ရိုက်သည်။ ၉၉၈–ခု၊ နတ်တော်လပြည့်ကျော် တစ်ရက်၊ သောကြာနေ့၊ ဌာပနာသည်။ ၁၀၁၁–ခု၊ ကဆုန်လဆန်း (၈) ရက်၊ တနင်္ဂနွေနေ့၊ ထီးတင်သည်။ (ကောင်းမှုတော်ကြီး ကျောက်စာတော်မှ ကောက်နုတ်ချက်)

၄။ ၇။ ရေပေါ်၌ (ပေမူ)၊ ၅။ ၆။ ပေမူ၌ပါ။

၈။ ထာပနာအံ့သော ဘုရားတို့ကိုထား၍ ရေပေါ်၌ ရွတ်ကြသော် မြမ္မာရဟန်းတို့ရွတ်သော် ဖောင်တော် အညာသို့ ဆန်တက်သည်။ (ပေမူ)

ပဋ္ဌာနာရိုးတို့ကို မွန်ရဟန်းတို့သာ အလေ့အကျက်ရှိကုန်၍ ဌာပနာရန် တင်ထားသော ဖောင်တော်သည် ရွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဖောင်တော် မြစ်ညာသို့ ဆန်တက်လေသည်။

ထိုကဲ့သို့ ထုံးနည်းကို စိစစ်ရှာဖွေပြန်သော် စစ်ကိုင်းမြို့အနောက် ခိုတောင်ကျောင်း၌ တွေ့ရှိသည်မှာ[၁] သီဟိုဠ်ကျွန်း မဟာစေတီတည်သောအခါ ဌာပနာရိုးထုံး၊ ပုဂံပြည်ကြီးဝယ် အလောင်းမင်းတို့ တည်သော ထုံးများကို သီဟိုဠ်ကျွန်းသို့ ကိုးခေါက်ရောက်ဖူးသော ဆရာတော်ထံမှာ တွေ့ရှိ၍–

(၁) ပရိတ်ကြီး၊
(၂) အဋ္ဌဇေယျမင်္ဂလာဂါထာ၊
(၃) မဟာသမယသုတ်ပါဠိတော်၊
(၄) ဓမ္မစကြာပါဠိတော်၊
(၅) အနေကဇာတင်ဂါထာ ၃–ကြိမ်၊
(၆) အဝိဇ္ဇာယတွေ့ဝတစ်ကြိမ်၊[၂]
(၇) ယဒါ ဟဝေ အစ ပဌမဂါထာ၊
(၈) ဒုတိယဂါထာ အနုလုံ ပဋိလုံ၊
(၉) ယဒါ ဟဝေ တတိယဂါထာ၊
(၁၀) ယံကိဉ္စိ မဟာဇေယျမင်္ဂလာ၊[၃]
(၁၁) နမက္ကာရ ဘုရားရှိခိုးဂါထာများကို ရွှတ်ရမည်ဟု ရွှတ်ရိုး ရွှတ်ယုံ စာကို တွေ့ရှိ၍ ဤနည်းအတိုင်း နောက်နောက် ဘုရာ တည်ထားအံ့သော ဌာပနာများကို ၎င်းနည်းအတိုင်းသာ ရွှတ်ဆို ဌာပနာကြရသတည်း။

---

၁။ သီဟိုဠ် မဟာစေတီကြီး၌ ရွှတ်ရိုး ဌာပနာရိုးတို့ကို ရဟန်းတို့ အလေ့အကျက်ရှိကြကုန်၍ ထိုနည်းကို ရှာဖွေစိစစ်သော် စစ်ကိုင်းမြို့အနောက် တောင်ကျောင်း၌ (ပေမူ)

၂။ အဝိဇ္ဇာတစ်ကြိမ်၊ ယဒါ ဟဝေ ပဌမဂါထာ၊ အဝိဇ္ဇာယတွေ့ဝ၊ ယဒါ ဟဝေ ဒုတိယဂါထာ၊ အနုလုံ ပဋိလုံ၊ ယဒါ ဟဝေ တတိယဂါထာ။ (ပေမူ)

[ပေမူက ပို၍ အစီအစဉ်ကျနသည်။ (တည်းဖြတ်သူ)]

၃။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။?။ ခုဒ္ဒကပါဌပါဠိတော်၊ ရတနသုတ် ၅ (ဆဋ္ဌသင်္ဂါယနာမူ)။

ကူးခန်းကြီးမြို့မြောက်မျက်နှာ ရွှေဥမင်ဆရာတော်ဘုရား ပြုလုပ်သည့် ထုံးမှာလည်း ဤနည်းအတိုင်းသာ နှစ်သက်တော်မူသဖြင့် ထည့်သွင်းရေးသား ဆုံးဖြတ်တော်မူသည်။[၁]

ဌာပနာတိုက်မှာ ဖောခိတည်။[၂]

ဖောခိပင် အရှေ့ ၄–တောင် တစ်မိုက် ၄–သစ်ခြား ပလ္လင်တည်။[၃]

(၁) ၄–တောင် တစ်မိုက် ၄–သစ်ခြားကို လက်သစ် မုယောဖွဲ့၍ လက် တစ်သစ်နှင့် ၂–မုယော ကွာစေရမည်။[၄]

(၂) ပလ္လင်အရှေ့မြောက် ဆယ်လံခြားဆိုသောကြောင့် ဆယ်လက်သစ် ကွာ ချ။[၅]

(၃) ပလ္လင်မြောက် ၅–လံခြားဆိုသောကြောင့် ၅–လက်သစ်ခြား၍ ရတနာ ဃရ စင်္ကြံကြွဟန် ချ။[၆]

(၄) ပလ္လင်၏ အနောက်မြောက်ထောင့် ၂၃–လံခြားဟူ၍လည်းကောင်း၊ အလံ ၃၀–ခြားဟူ၍လည်းကောင်း၊ အလံ ၄၀–ခြားဟူ၍လည်းကောင်း ဆိုသောကြောင့် ဖောခိပင်နှင့် သမီပသဖွံ့အောင် ဆယ်လက်သစ်ခြား၍ ရတနာဃရရွှေအိမ်၌ အဘိဓမ္မာ ၇–ကျမ်းကို သုံးသပ်ဆင်ခြင်တော် မူဟန် ချ။[၇]

(၅) ပလ္လင်အရှေ့ ၃၂–လံခြားဆိုသောကြောင့် ၃၂–သစ်ခြား၍ အဇပါလ ဆိတ်ကျောင်းညောင်ပင်၌ နေတော်မူဟန် ချလေ။[၈]

---

၁။ ကူးခမ်းမြို့မြောက်။ ရွှေဥမင်ဆရာတော် တွေ့သည့်ထုံး။ ရွှေဥမင်ဆရာတော်ဘုရားလည်း နှစ်သက်တော်မူသည်။ (ပေမူ)

၂။ ဖောခိသဉ် (ပေမူ)

၃။ ဖောခိပင်အရှေ့ လေးတောင်ခြား ပလ္လင်တည်လေ။ (ပေမူ)

၄။ တောင်ကို မယော ဖွဲ့၍ သုံးမယောနှင့် နမ်းသုံးလုံး တစ်ခြမ်း ကွာစေရမည်။ (ပေမူ)

၅။ ပလ္လင်အရှေ့မြောက် ဆယ်လံခြားဆိုသောကြောင့် မယောဖွဲ့သော် တစ်လက်သစ်နှင့် သုံးမယော ခြား၍ ပလ္လင်သို့ မျက်နှာပြု။ ၂။ (ပေမူ)

၆။ ပလ္လင်မြောက် ငါးလမ်ခြားဆိုသောကြောင့် မယောဖွဲ့သော် လက်ငါးသစ်နှင့် တမယောခြား၍ ရတနစင်္ကြံကြွတော်မူဟန် ပလ္လင်သို့ မျက်နှာပြု။ ၃။ (ပေမူ)

၇။ ပလ္လင်အနောက်တောင် အလမ်လေးဆယ်ခြားဆိုသောကြောင့် မယောဖွဲ့သော် ငါးသစ်နှင့် ငါးမယောခြား၍ ရတနာဃရရွှေအိမ်၌ အဘိဓမ္မာသုံးသပ်ဟန်ထု။ ပလ္လင်သို့မျက်နှာပြု။ ၄။ (ပေမူ)

၈။ ပလ္လင်အရှေ့ ၃၅ လန်ခြားဆိုသောကြောင့် မယောဖွဲ့သော် လေးသစ်နှင့် လေးမယောခြား၍ အဇပါလ ဆိတ်ကျောင်းညောင်ပင်၌ နေဟန်ချ၊ ပလ္လင်သို့ မျက်နှာပြု။ ၅။ (ပေမူ)

(၆) ပလ္လင်၏ အရှေ့တောင်ထောင့် ၃၅–လံခြားဆိုသောကြောင့် ၃၅–သစ်ခြား၍[၁] မုစလိန္ဒာအိုင်နား ကျည်းပင်ရင်း၌ မိုးရွာ၍ နဂါးမင်း ပါးပျဉ်းဖုံးအုပ်၍ သီတင်းသုံးနေတော်မူဟန် ချ။

(၇) ပလ္လင်တော်၏ တောင် ၁၅–လံခြားဆိုသောကြောင့် ၁၅–သစ်ခြား၍ ရာဇာယတန လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူဟန် ချ။[၂]

ဤကား လက်သစ်ဖွဲ့၍ ချခြင်းတည်း။[၃]

မုယောဖွဲ့၍ ချခြင်းကို သတ္တဋ္ဌာန နေရာဋ္ဌာနချပုံ အဆုံးအဖြတ်မှာ ပါရှိလေပြီဖြစ်၍ မဆိုပြီ။[၄]

*ဋ္ဌာဟနာတိုက်၌ ဗောဓိပင်တည်။

(၁) ၎င်းက တစ်မိုက်၄–သစ်ခြားဆိုသောကြောင့် ဗောဓိပင်အရှေ့ပလ္လင်တော်ကို တစ်မုယောနှင့် နှမ်းတစ်ခြမ်းကွာ ချ။

(၂) ဗောဓိပင်မှ အရှေ့မြောက်ထောင့် ၅၆–တောင် ဆိုသောကြောင့် ၁၄–မုယောခြား၍ အနိမိသဋ္ဌာန ချ။

(၃) ဗောဓိပင်မှ မြောက် ၂၈–တောင်ကွာ ဆိုသောကြောင့် ၇–မုယောခြား၍ စင်္ကြံဋ္ဌာန ချ။

(၄) ဗောဓိပင်မှ အနောက်မြောက်ထောင့် စင်္ကြံဋ္ဌာနနှင့် အရှေ့အနောက်တည့်တည့် အတောင် ၄၀–ကွာ ဆိုသောကြောင့် ၁၀–မုယောခြား၍ ရတနာဃရ ရွှေအိမ်ချ။

(၅) မဟာဗောဓိမှ အရှေ့စူးစူး အတောင် ၁၂၈–တောင်ကွာဆိုသောကြောင့် ၃၂–မုယောခြား၍ အဇပါလဆိတ်ကျောင်း ညောင်ပင်ဋ္ဌာန ချ။

(၆) ဗောဓိပင်မှ အရှေ့တောင်ထောင့် ၂၀၃–ခြားဆိုသောကြောင့် မုယော ၅၀–နှင့် တစ်ခြမ်း တစ်စိတ်ခြား၍ မုစလိန္ဒာအိုင်နား နဂါး ပါးပျဉ်းမိုးဟန် ချ။

---

၁။ သုံးဆဲ့ငါးလန်ခြား ဆိုသောကြောင့် မယောဖွဲ့သော် ငါးသစ်ခြား၍ ...... ဗောဓိပင်သို့ မျက်နှာပြု။ (ပေမူ)

၂။ ပလ္လင်တော်က နှစ်လန်ခြားဆိုသောကြောင့် မယောဖွဲ့သော် နှစ်နှမ်းမယော ရာဇာယတန ပလ္လင်၌ နေဟန်ချ။ ပလ္လင်သို့ မျက်နှာပြု။ (ပေမူ)

၃၊၄။ ပေမူ၌ မပါ။

* ဤသတ္တဋ္ဌာန ပြဆိုချက်များလည်း ပေမူ၌မပါ။ [သတ္တဋ္ဌာနအကြောင်း သမန္တစက္ခုဒီပနီ၊ ပ–၇၃။ ဇိနတ္ထပကာသနီ ၅၁–၆၀ တို့၌ အကျယ်ပါသည်။]

(၇) မဟောဗောဓိပင်မှ တောင်စူးစူး အတောင် ၁၆၀–ကွာဆိုသောကြောင့် မုယောပေါင်း ၄၀–ခြား၍ ရာဇာယတနဌာနနေဟန် ချ။

ဤကား မုယောဖွဲ့၍ ထားသတည်း။

ဌာပနာတိုက်ကျဉ်းလျှင် အထက်က ဆိုခဲ့ပြီးသည့် မုယောဖွဲ့ပုံအတိုင်း ချပါလေ။

.သတ္တဌာနစေ့၍ ရာဇာယတန လင်းလွန်းပင်ရင်းမှအထွက် သိကြားနတ်မင်းကြီးသည် မြသပိတ်ကို[၁] ကပ်လှူသည်။

ထို့နောက် တပုဿ၊ ဘလ္လိက ညီနောင် ၂–ယောက်တို့ကို နတ်တို့ဆောင်အပ်သော သမ်းခရီးဖြင့် သွားရာ ဘုရားနှင့်တွေ့၍ ပျားမုန့်ဆုပ်ကို ညီနောင် ၂–ယောက်တို့ ကပ်လှူသည်။[၂]

စတုလောကပါလ နတ်သား ၄–ယောက်တို့လည်း ပဲနောက်အဆင်းနှင့်တူသော သပိတ် ၄–လုံးကို ကပ်လှူပြန်သည်။ ယင်းသို့ ကပ်လှူအပ်သော သပိတ် ၄–လုံးကို တစ်လုံးတည်းဖြစ်အောင် မိဋ္ဌာန်တော်မူ၍ လက်တော်ဖြင့် ထပ်၍ နှိပ်လိုက်သော် တစ်လုံးတည်းဖြစ်မှ တပုဿ၊ ဘလ္လိက ညီနောင် ၂–ယောက်တို့ လှူအပ်သော ပျားမုန့်ဆုပ်ကို ခံယူတော်မူဟန်။[၃]

---

* ဤသတ္တဌာန ပြဆိုချက်များလည်း ပေမူ၌မပါ။ [သတ္တဌာနအကြောင်း သမန္တစက္ခုဒီပနီ၊ ပ–၇၃။ ဇိနတ္ထပကာသနီ ၅၁–၆၀ တို့၌ အကျယ်ပါသည်။]

၁။ သိကြားနတ်မင်းကြီးသည် ကြစု လှူကပ်သည်။ (ပေမူ)
["သက္ကော ဒေဝရာဇာ ဒြသဓဟာရီတက် ဥပနေသိ။" ဝိနည်းမဟာဝါအဋ္ဌကထာ၊ မဟာခန္ဓက၊ ရာဇာယတနကထာ ၂၄၁။ (ဆဋ္ဌသင်္ဂါယနာမူ)။ "သက္ကော ဒေဝရာဇာ၊ သိကြားနတ်မင်းသည်။ ဒြသဓဟာရီတက်။ ကြစုသီးကို။ ဥပနေသိ၊ ကပ်ပေ၏။" ဝိနည်းမဟာဝါအဋ္ဌကထာနိသျ ၂၇။ "သက္ကော ဒေဝါနမိန္ဒော အဂဒဟရီတက် အာဟရိတွာ အဒါသိ။" ဇာတ်အဋ္ဌကထာနိဒါနကထာ ၉၂။ (ဆဋ္ဌသင်္ဂါယနာမူ)]

၂။ ထို့နောက် တပုဿ၊ ဘလ္လိက ညီနောင်သည် နတ်တို့စီရင်အပ်သော ပျားဆုပ်မုန့်လှူကပ်သည်။ (ပေမူ)။ အကြောင်းအရာ ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ရာဇာယတနကထာ ၄ (ဆဋ္ဌသင်္ဂါယနာမူ) ၌ ပါသည်။

၃။ သုဇာတာ (သုဇာတာ) ရွှေခွက်နှင့်တကွ ဃဏာနို့ဆွမ်း ကပ်လှူသည့်နေ့ စတုလောကပါလ နတ်သား လေးယောက် ပဲနောက်အဆင်းနှင့်တူသော သပိတ်လေးလုံးကို ကပ်လှူ၍ တစ်လုံးတည်းဖြစ်အောင် လက်တော်ဖြင့် နှိပ်၍ ထိုပျားမုန့်ကို ခံတော်မူဟန်။ (ပေမူ)။ အကြောင်းအရာ ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ရာဇာယတနကထာ၌ ပါသည်။

ထိုနောက် အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌ သီတင်းသုံးနေတော်မူသောအခါ သဟမ္ပတိဗြဟ္မာမင်းသည် မြတ်စွာဘုရား တရားဟောတော်မူစိမ့်သောငှာ တောင်းပန်ဟန်။[၁]

မြတ်စွာဘုရားသခင်သည် လောကီဆရာဖြစ်ခဲ့ဖူးသော ဥဒကနှင့် အာဠာရရသေ့တို့ကို အကျွတ်တရားရစေလို၍ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှုတော်မူလတ်သော် သန်းခေါင်ကျော်ကပင် စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်ကြောင်းကို သိလျှင် "ဩော်...ရှုံးစွတကား" ဟု ရင်ကို လက်ခုပ်တီးဟန်။[၂]

ထိုနောက် ဗောဓိပင်နှင့် ၁၂-ယူဇနာ ခြားကွာသော အရပ်၌ မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ပဉ္စဝဂ္ဂီ ၅-ယောက်တို့ကို တရားဦးဟောတော်မူဟန်များကိုလည်း ထည့်သွင်း၍ပနာလေ။[၃]

ဧကော ဇေယျော ဒွေ သိဒ္ဓိ၊
တြိ ဒုက္ခံ စတု လာဘံ၊
ပဉ္စ မရဏံ ဆ သုခံ သမ္ပတ္တိ၊
သတ္တ သုညံ ကလဟံ ဘဝေ။

ဧကော၊ တစ်ခုကြွင်းမူကား။ ဇေယျော၊ အောင်ရာ၏။ ဒွေ၊ ၂-ခုကြွင်းမူကား။ သိဒ္ဓိ၊ အပြီးအစီးသို့ ရောက်ရာ၏။ တြိ၊ ၃-ခုကြွင်းမူကား။ ဒုက္ခံ၊ ဆင်းရဲရာ၏။ စတု၊ ၄-ခုကြွင်းမူကား။ လာဘံ၊ လာဘ်ရ၏။ ပဉ္စ၊ ၅-ခုကြွင်းမူကား။ မရဏံ၊ သေ၏။ ဆ၊ ၆-ခုကြွင်းမူကား။ သုခံ၊ ချမ်းသာ၏။ သမ္ပတ္တိ၊ လောက်ငကုံလုံ ပြည့်စုံကြွယ်ဝ၏။ သတ္တ၊ ၇-ခုကြွင်းမူကား။ သုညံ၊ သုဉ်း၏။ ကလဟံ၊ ငြင်းခုံခြင်းသည်။ ဘဝေ၊ ဖြစ်ရာ၏။

အရပ်ကို ၇-ခုနှင့် စားလေ။

ဧကော ဓဇော ဝါဏိဇ္ဇော (ဓဇော)၊
ဒွေ ရူမော သမဏဗြာဟ္မဏော၊
တြိ သီဟော ရာဇဂေဟော၊

---

၁။ အကြောင်းအရာ ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ဗြဟ္မယာစနကထာ ၆ (ဆဋ္ဌသင်္ဂါယနာမူ) ၌ ပါသည်။

၂။ ဩော်။ ရှုံးစွတကားဟု လက်ခုပ်တီးဟန်။ (ပေမူ)။ ၂၊ ၃ အကြောင်းအရာ ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ပဉ္စဝဂ္ဂိယကထာ၌ ပါသည်။

စတု သွာနော စ လုဒ္ဒကော။
ပဉ္စ ဂေါဏော ဒလိဒ္ဒေါ၊
ဆ ဂဒြဘော သေဋ္ဌိနော၊
သတ္တ ဂဇော အမစ္စော စ၊
အဋ္ဌ သုညံ ကာကော နာရိယော။

ဧကော၊ တစ်ခုကြွင်းမူကား။ ဓဇော၊ တမ်းခွန်သင့်၏။ ဝါဏိဇ္ဇော (ဇော)၊ ကုန်သည်တို့သာ နေရာ၏။ ဒွေ၊ ၂-ခုကြွင်းမူကား။ ဓူမော၊ အခိုးသင့်၏။ သမဏ-ဗြာဟ္မဏော၊ ရဟန်း ပုဏ္ဏားတို့သာ နေရာ၏။ တြိ၊ ၃-ခုကြွင်းမူကား။ သီဟော၊ ခြင်္သေ့သင့်၏။ ရာဇဂေဟော၊ ပြည့်ရှင်စိုးမင်းတို့သာ နေရာ၏။ စတု၊ ၄-ခုကြွင်းမူကား။ သွာနော၊ ခွေးသင့်၏။ လုဒ္ဒကော၊ တော၌ ကျက်စား တောသား မုဆိုးတို့သာ နေရာ၏။ ပဉ္စ၊ ၅-ခုကြွင်းမူကား။ ဂေါဏော၊ နွားသင့်၏။ သေဋ္ဌိနော၊ ဥစ္စာကြွယ်ဝသော သူဌေးတို့သာ နေရာ၏။ သတ္တ၊ ၇-ခုကြွင်းမူကား။ ဂဇော၊ ဆင်သင့်၏။ အမစ္စော၊ ပြည့်ရှင်မင်းမှူးမတ်တို့သာ နေရာ၏။ အဋ္ဌ၊ ၈-ခုကြွင်းမူကား။ သုညံ၊ သုဉ်း၏။ ကာကော၊ ကျီးသင့်၏။ နာရိယော၊ ပြည့်တန်ဆာမတို့သာ နေရာ၏။

အဝန်းကို ၈-ခုနှင့် စားလေ။

*ဘုရားမြတ်စွာ ပရိနိဗ္ဗာန်ပြုသော ညောင်စောင်းထက် လျောင်းတော်မူ လျက်ပင် သိန်းခိုက္ခုန်း၌ မဟာဗောဓိကို တည်စေခြင်းငှာ ဓမ္မာသောကမင်း မဟာဗောဓိကို ယူလတ္တံ့။ ထိုအခါ မဟာဗောဓိ၏ အခက်ဖြစ်သော ဒက္ခိဏာသာခါ မဟာဗောဓိသည် အလိုလိုပြတ်၍ ရွှေဖျဉ်း၌ တည်စေသတည်းဟု မိဋ္ဌာန်တော် မူသည်လည်း တစ်ပါး။

ရွှေဖျဉ်း၌ပင် အသီး အရွက်တို့မှ နီလ ပီတ စသော ရောင်ခြည်တော် ခြောက်ပါးတို့ကို လွှတ်၍ ပြစေသတည်းဟု မိဋ္ဌာန်တော်မူသည်နှင့်သော် ၂-ပါး။

ရွှေဖျဉ်းနှင့်တကွလျှင် ကောင်းကင်သို့တက်၍ ဆီးနှင်းတိုက်၌ ၇-ရက် ပတ်လုံး တည်စေသတည်းဟူ၍ မိဋ္ဌာန်တော်မူသည်နှင့်သော် ၃-ပါး။

* အကြောင်းအရာ ပါရာဇိကဏ် အဋ္ဌကထာ၊ ဗာဟိရနိဒါန်၊ (ပဋ္ဌမအုပ် ၆၈၊ ၆၉ ဆဋ္ဌ သင်္ဂါယနာမူ) ၌ ပါသည်။

ထူပါရုံ စေတီတော်၌ လက်ယာညှပ်ရိုးတော်ကို ဌာပနာသွင်းသောနေ့ ယမိုက်ပြာဋိဟာ ပြတော်မူစေသတည်းဟု မိဋ္ဌာန်တော်မူသည်နှင့်သော် ၄-ပါး။

သိန်းခိုကျွန်း၌ပင် တစ်စရွတ်မျှလောက်သော သရီရဓာတ်တော်တို့သည် မဟာစေတီ၌ ဌာပနာသွင်းသောအခါ ဘုရားသခင် အသွင်အပြင်ကို ယူ၍ ကောင်းကင်သို့ တက်ပြီးလျှင် တန်ခိုးပြာဋိဟာ ပြစေသတည်းဟု မိဋ္ဌာန်တော်မူသည်နှင့်သော် ၅-ပါးတည်း။

ဤသို့အားဖြင့် ဘုရားသခင်သည် သိန်းခိုကျွန်းသို့ ၄-ကြိမ်၊ ၅-ကြိမ် ရောက်တော်မူသည် မည်၏။ မဟာဗောဓိနှင့်သော်ကား ၅-ကြိမ်တည်း။*

## စေတီတည်ရာ ဌာပနာသွင်းရိုးကား-

### ဓမ္မသင်္ဂဏီကျမ်းဦးကား-

ကုသလာ ဓမ္မာ။ အကုသလာ ဓမ္မာ။ အဗျာကတာ ဓမ္မာ။ ။ ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ။

ဤကား ဓမ္မသင်္ဂဏီကျမ်းဦးတည်း။

### ဝိဘင်းကျမ်းဦးကား-

ပဉ္စက္ခန္ဓာ။ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော။

ဤကား ဝိဘင်းကျမ်းဦးတည်း။

### ဓာတုကထာကျမ်းဦးကား-

သင်္ဂဟော။ အသင်္ဂဟော။ သင်္ဂဟိတေန အသင်္ဂဟိတံ။ အသင်္ဂဟိတေန သင်္ဂဟိတံ။ သင်္ဂဟိတေန သင်္ဂဟိတံ။ အသင်္ဂဟိတေန အသင်္ဂဟိတံ။

ဤကား ဓာတုကထာကျမ်းဦးတည်း။

---

* အကြောင်းအရာ ပါရာဇိကဏ် အဋ္ဌကထာ၊ ဗာဟိရနိဒါန်၊ (ပဋ္ဌမအုပ် ၆၈၊ ၆၉ ဆဋ္ဌ သင်္ဂါယနာမူ) ၌ ပါသည်။

**ပုဂ္ဂလပညတ်ကျမ်းဦးကား–**

ဆ ပညတ္တိယော။ ခန္ဓပညတ္တိ၊ အာယတနပညတ္တိ၊ ဓာတုပညတ္တိ၊ သစ္စပညတ္တိ၊ ဣန္ဒြိယပညတ္တိ၊ ပုဂ္ဂလပညတ္တီတိ။

ဤကား ပုဂ္ဂလပညတ်ကျမ်းဦးတည်း။

**ကထာဝတ္ထုကျမ်းဦးကား–**

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ။ အာမန္တာ။

ဤကား ကထာဝတ္ထုကျမ်းဦးတည်း။

**ယမိုက်ကျမ်းဦးကား–**

ယေကေစိ ကုသလာ ဓမ္မာ။ သဗ္ဗေ တေ ကုသလမူလာ။
ယေ ဝါ ပန ကုသလမူလာ။ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ဤကား ယမိုက်ကျမ်းဦးတည်း။

**ပဋ္ဌာန်းကျမ်းဦးကား–**

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဤကား ပဋ္ဌာန်းကျမ်းဦးတည်း။

**ပါရာဇိကဏ်ကျမ်းဦးကား–**

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။

ဤကား ပါရာဇိကဏ်ကျမ်းဦးတည်း။

**ပါစိတ်ကျမ်းဦးကား—**

ဣမေ ခေါ ပနာယသ္မန္တော ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

ဤကား ပါစိတ်ကျမ်းဦးတည်း။

**မဟာဝါကျမ်းဦးကား—**

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ။

ဤကား မဟာဝါကျမ်းဦးတည်း။

**စူဠဝါကျမ်းဦးကား—**

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ (ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။)[၁]

ဤကား စူဠဝါကျမ်းဦးတည်း။

**ပရိဝါကျမ်းဦးကား—**

ယံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ။ ကံ အာရဗ္ဘ။ ကိသ္မိံ ဝတ္ထုသ္မိံ။

ဤကား ပရိဝါကျမ်းဦးတည်း။

**သုတ်သီလက္ခန်ကျမ်းဦးကား—**

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ။

ဤကား သုတ်သီလက္ခန်ကျမ်းဦးတည်း။

**သုတ်မဟာဝါကျမ်းဦးကား—**

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ ကရေရိကုဋိကာယံ။

ဤကား သုတ်မဟာဝါကျမ်းဦးတည်း။

---

၁။ ( ) ကွင်းအတွင်းရှိ စာများ စာမူတို့၌ မပါ။ ပါဠိတော်မှ ကူးယူဖြည့်စွက်ထားပါသည်။

61 A

**သုတ်ပါထေယျကျမ်းဦးကား—**

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ မလ္လေသု ဝိဟရတိ အနုပိယံ နာမ မလ္လာနံ နိဂမော။ အထ ခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ အနုပိယံ ပိဏ္ဍာယ ပါဝိသိ။

ဤကား သုတ်ပါထေယျကျမ်းဦးတည်း။

ဤသည်တို့ကား ပိဋကတ်သုံးပုံ ကျမ်းဦးကို စေတီတည်ရာ ဌာပနာသွင်းရိုးသွင်းထုံးဖြစ်သည်ဟူ၍ ရှေးဆရာကြီးတို့ ထားခဲ့ပေသည်။ "ယင်းသို့ ထားသည့်အရာကို သေချာစွာ ရွှေ ငွေ ကြေးပြားတို့၌ ပေကဲ့သို့ ထုလုပ်ရေးသား၍ ဌာပနာသွင်းထားကြရမည်။"[၁]

**ဘုရားရုပ်တု ဆင်းတု လုပ်နည်း စာနည်း ထုနည်းကား—**

ဝတ္ထုတ္တယံ အဟံ ဝန္ဒာမိ။
ပဉ္စ ဒီဃာ ပဉ္စ ဟတ္ထာ၊
ဒွါဝီသဉ္စေဝ ဝိဒတ္ထိ၊
တြိယော ဒသ မုဋ္ဌဉ္စ၊
အင်္ဂုလံ အဋ္ဌဝီသာနိ၊
ပဉ္စဒသ မာယောခညံ၊
အဋ္ဌာရသ သတံ ဌာနံ၊
ဗုဒ္ဓရူပံ ဝစနတ္ထဉ္စ၊
ပဏ္ဏိတေဟိ ဝိဒ္ဓါ မတံ။ *

---

၁။ " " မျက်တောင်ကွင်းအတွင်း စာပိုဒ် ပေမူ၌ မပါ။

* ပဉ္စ ဒီဃာ ပဉ္စ ဟတ္ထာ၊ ဒွါဝီသဉ္စ ဝိဒတ္ထိယော။
တရိယော ဒသမုဋ္ဌိ စ၊ အင်္ဂုလံ အဋ္ဌတာလီသံ။
ပဉ္စဒသ ယဝေါ စာတိ၊ အဋ္ဌုတ္တရသတံ ယထာ။
ဧဝံ ဗုဒ္ဓရူပေ စနတံ၊ ပဏ္ဍိတေဟိ တထာမိတံ။

သမန္တစက္ခုဒီပနီကျမ်း၊ ပ၊ ၄၂၀။

ပေမူ၌ပါသော ဂါထာနှင့် ညှိနှိုင်းဖတ်ရှုရန် သမန္တစက္ခုဒီပနီကျမ်းလာ ဂါထာကို ဖော်ပြပါသည်။ ပေမူ၌ အဋ္ဌာရသသတံ တရာတဆယ့်ရှစ်ဖြာ—ဟု ပါသည်။ သမန္တစက္ခုဒီနီ၌ အဋ္ဌုတ္တရသတံ—တရာ့ရှစ်ပါး—ဟု ဆိုသည်။

ပဥ္စဒီဃာ၊ အရှည်ငါးပါးလည်းကောင်း။ ပဥ္စဟတ္ထာ၊ အတောင်ငါးပါးလည်းကောင်း။ ဒွါဝီသင္ဂေဝ ဝိဒတ္ထိ၊ ထွာတော်အပြား နှစ်ဆယ့်နှစ်ပါလည်းကောင်း။ တြိယော ဒသ မုဋ္ဌဥ္စ၊ မိုက်ပေါင်းအပြား ၁၃-ပါးလည်းကောင်း။ အင်္ဂုလံ၊ လက်သစ်တော်သည်။ အဋ္ဌဝီသာနိစ၊ နှစ်ဆယ့်နှစ်ရှစ်ပါးတို့သည်လည်းကောင်း။ ပဥ္စဒသ မာယောချေ၊ မယောအစု တစ်ဆယ့်ငါးပါးလည်းကောင်း။ ဣတိ၊ ဤသို့။ ဗုဒ္ဓရူပံ၊ ဘုရားဆင်းတုတော်ကို။ ဝိဒ္ဒါ၊ ထုလုပ်စီရင်ခြင်း၌ နားလည်စိမ့်သောငှာ။ အဋ္ဌာရသ သတံ ဌာနံ၊ တစ်ရာ့တစ်ဆယ့်ရှစ်ဖြာ အရာရှိကုန်သော။ ဝစနတ္ထဥ္စ၊ စနစ်ကိုလည်း။ ပဏ္ဍိတေဟိ၊ ပညာအမြော်အမြင် ဆင်ခြင်ထောက်ထား၍ ဘုရားဆင်းတု ထုလုပ်ကုန်သောသူတို့သည်။ မတံ၊ သိအပ်မှတ်အပ်၏။

ထက်ဝယ်တော်ကို အလိုတိုင်၍ ထက်ဝယ်တော်ကို သုံးစု စု။ တစ်စုသည် ထွာတော်ဖြစ်၏။ ထွာတော်ကို သုံးစု စု။ တစ်စုသည် လေးသစ် ဖြစ်၏။ လေးသစ်နှစ်ပြန်သည် တစ်မိုက်ဖြစ်၏။ လက်တစ်သစ်ကို လေးစု စု။ တစ်စုသည် မယောဖြစ်၏။ ဤသို့ ထက်ဝယ်တော်ကို လိုတိုင်တည်ပြီးလျှင် တောင်, ထွာ, မိုက်, လက်သစ်, မယောဖွဲ့ပြီးလျှင် ဆင်းတုတော်ကို တိုင်းထွာ၍ ထုလုပ်ရာသည်။ ထိုမှ စနစ်တော်နှင့် အလိုက်သင့် ရှုတည်ချင်ဖွယ် သပ္ပါယ်တင့်တယ် လျောက်ပတ်ရှိမည်။

ထက်ဝယ်တော်ကို တစ်ပြန်ယူ၍ ထက်ဝယ်တော်နှင့် ထိုင်သည်ကား ပလ္လင်ကသည် နှာသီးဖျားတွင် ယူ။ ခေါင်းတော် လုံးပတ်လည်း တစ်ပြန်ယူ။ ခါးတော်လုံးပတ်လည်း တစ်ပြန်ယူ။ အောက် တင်ဆုံကသည် အထက် ဆံရင်ထိလည်း တစ်ပြန်ယူ။ ဤသည်ကား ပဥ္စဒီဃာ အရှည်ငါးပါးတည်း။

အတောင် ငါးပါးဟူသော်ကား– ရင်ဝတော် တစ်တောင်။ ပုဆစ်ဒူးကသည် နောက် တင်ဆုံတွင် တစ်ဘက် တစ်တောင်ယူ။ ဒူးဖျားကလည်း ခြေဖနောင့်တွင် တစ်ဘက် တစ်တောင်ယူ။ ဤကား ပဥ္စဟတ္ထာ အတောင်ငါးပါးတည်း။

ထွာတော်အပြား နှစ်ဆယ့်နှစ်ပါး ဟူသော်ကား– ပလ္လင်ကသည် ချက်တွင်၍ တစ်ထွာ၊ ချက်ကသည် နို့တွင်၍ တစ်ထွာ၊ နို့ကသည် နှာသီးဖျားတွင်၍ တစ်ထွာ၊ နှာသီးဖျားကသည် ခေါင်းတော်အဆုံးတွင်၍ တစ်ထွာ၊ ခေါင်းတော် ဦးကင်မှတွင် အကန့်တစ်ထွာ၊ မျက်နှာတွင် အလျားတစ်ထွာ၊ သားမြတ်တော် နှစ်ခုအကြား တစ်ထွာ၊ နို့သီးဖျားကသည် ပခုံးကော်ဖျားတွင်၍ တစ်ထွာ၊

တစ်ဖက်တစ်ထွာ၊ လက်ကတီးကသည် တစ်တောင်ခွေတွင်၍ တစ်ဘက် တစ်ထွာ၊ တစ်တောင်ကွေးကသည် လက်ကောက်ဝတ်တွင်၍ တစ်ဘက် တစ်ထွာ၊ သိရီရောင် တစ်ဘက် တစ်ထွာ၊ ဝမ်းတော်, ခါး, ဒူး တစ်ထွာ၊ နောက် တင်ဆုံကလည်း အကန့်တစ်ဘက် တစ်ထွာ။ ဤသည်ကား ဒွါဝီသဋ္ဌေဝ ဝိဒတ္ထိ ထွာတော်အပြား နှစ်ဆယ့်နှစ်ပါး ဖြစ်သတည်း။[၁]

မိုက်ပေါင်း တစ်ဆယ့်သုံးခုဟူသော်ကား— နားတော်အဖျား တစ်ဘက် တစ်မိုက်၊ နှာခေါင်းတော်ကသည် နားရင်းတော်၌ တစ်ဘက် တစ်မိုက်၊ လည်တော် အချင့် တစ်မိုက်၊ ပခုံးတော် တစ်ဘက် တစ်မိုက်၊ ရင်ကြားကသည် လည်ဆစ် ဖျားတွင်၍ တစ်ဘက် တစ်မိုက်၊ လည်ဆစ်ကသည် နို့သီးတွင်၍ တစ်ဘက် တစ်မိုက်၊ ပေါင်တော် အထု တစ်ဘက် တစ်မိုက်။ ဤသည်ကား တြိယော ဒသမုဋ္ဌိ မိုက်ပေါင်းအပြား တစ်ဆယ့်သုံးပါးဖြစ်သတည်း။[၂]

လက်သစ်တော်အစု နှစ်ဆယ့်ရှစ်ပါးဟူသော်ကား— မေးဖျားတော်ကသည် နှာသီးအဖျားတွင်၍ လေးသစ်၊ နှာသီးအဖျားကသည် မျက်မှောင်ကြားတွင်၍ လေးသစ်၊ မျက်မှောင်ကြားကသည် သင်းကျစ်တွင်၍ နှစ်သစ်ခွဲ၊ သင်းကျစ်တော် တစ်သစ်ခွဲ၊ ဆံရင်တော်ကသည် ဥဏ္ဏှောင်းတော် အဆုံးတွင်၍ နှစ်သစ်၊ မုဏိတော် တစ်ရစ် နှစ်သစ်၊ မှန်ကင်းတော်အထွတ် လေးသစ်၊ မျက်နက်တော်အလျား တစ်သစ်၊ တစ်ဘက်တစ်ချက် နှာရောင်တော်ကသည် မျက်ခွင်တော်၊ မျက်ခွင်တော် ကသည် နှာရင်းတော် လေးသစ်၊ မျက်စဉ်းတော်အလျား လေးသစ်၊ အထက် မျက်ခမ်းတော်ကသည် မျက်မှောင်တော်တွင်၍ လေးသစ်၊ တစ်ဘက်တစ်ချက် ခံတွင်းတော်အလျား လေးသစ်၊ နှာခေါင်းတော်အပွ နှစ်သစ်ခွဲ၊ နှာခွက် (နားခွက်) တော်အလျား ငါးသစ်၊ နှာသား (နားသား) တော် အလျား တစ်ဘက် သုံးသစ်၊ နှာခွက်တော်ဖျက် (ပြက်) တစ်ဘက် သုံးသစ်၊ နှာဘား (နားသား) တော် အပျက် (ပြက်?) တစ်ဘက် နှစ်သစ်၊ နှာရွက်တော်နောက်က အစောင် (စောက်?) တစ်ဘက် နှစ်သစ်၊ လက်မောင်းတော်အလျား (တစ်ဆယ့်)ခြောက်သစ်၊ လက် မောင်းတော် လုံးပတ်လည်း တစ်ဆယ့်ခြောက်သစ်၊ လက်ဝါးတော်ဖု တစ်ဘက် ခြောက်သစ်၊ ဖနောင့်တော် တစ်ဘက် ငါးသစ်၊ ဖမိုးတော် အလျား တစ်ဘက်

---

၁။ ၂၀ သာ ရေတွက်၍ ရသည်။ သမန္တစက္ခုဒီပနီကျမ်း၊ ပ ၄၂၃ ၌ အနည်းငယ် ကွဲလွဲလျက် ပါရှိသည်။

၂။ သမန္တစက္ခုဒီပနီကျမ်း၊ ပ ၄၂၄ ၌ အနည်းငယ် ကွဲလွဲလျက် ပါရှိသည်။

ခြောက်သစ်၊ ခြေသန်းတော် အလျား တစ်ဘက် နှစ်သစ်ခွဲ။ ဤသည်ကား အင်္ဂုလိ အဋ္ဌဝိသဋ္ဌ လက်သစ်တော်အစု နှစ်ဆယ့်ရှစ်ပါးဖြစ်သတည်း။[၁]

မယောအပြား တစ်ဆယ့်ငါးပါးဟူသော်ကား– မျက်မှောင်တော် တစ်ဘက် တစ်ချက် နှစ်မယော၊ လဆန်း ငါးရက်နေ့ လကဲ့သို့ ရှိစေ။ မျက်စဉ်းတော် အပွင့်တော် တစ်ဘက် ၃–မယော၊ မျက်နက်တော်အလျား တစ်ဘက် ၂–မယော၊ မျက်နက်တော်အချင်း တစ်ဘက် ၃–မယော၊ နှာသီးတော်အပွင့် တစ်ဘက် ၂–မယော၊ နှုတ်ခမ်းတော် လေးသစ်အဆုံးတွင် ပြုံးတော်မူဟန် တစ်ဘက် (တစ်?) မယော၊ အောက် အထက် နှုတ်ခမ်းတော်အစောက် မယော၊ ခိလမြင်စသဏ္ဌာန်'[၂] ကဲ့သို့ ရှိစေ။ ဤကာ ပဉ္စဒသ မယော ခေါ်–မယောအပြား တစ်ဆယ့်ငါးပါး ဖြစ်သတည်း။

ဤသို့ အရှည်ငါးပါးအစ မယောအပြား ဆယ့်ငါးပါးတို့တွင် စနစ်တော် (၈၈)ပါး ပြီး၏။

အဖြိုး ခုနစ်ပါးဟူသော်ကား– ဖမိုးတော် နှစ်ဘက်၊ ပခုံးတော် နှစ်ဘက်၊ လည်ကုပ်တော်၊ လက်တော်နှစ်ဖက်၊ ဤသည်လျှင် ခုနစ်ပါးတည်း။ အလျှင် စနစ်တော် (၈၈)တွင် အဖြိုး ခုနစ်ပါးကို ပေါင်းသော် (၉၅)ပါး ဖြစ်သတည်း။

ဖြိုးသောလက္ခဏာ ၂၃–ပါးဟူသည်ကား[၃]– မေးတော်လည်း ခြသေ့်မင်း မေးကဲ့သို့ တိတိဝန်းဝန်း မချွန်းသော မေးတော်လည်း ရှိစေရမည်။ ပါးစောင်တော် နှစ်ဘက်လည်း မေးတော်ကသည် နားရင်းသို့တိုင်အောင် ဒွါဒသ ဇဏ္ဍုစန္ဒိမာ မဏ္ဍလ[၄] လဆန်း ၁၅ (၁၂) ရက်(လ) ကဲ့သို့ တိတိ ဖြိုးဖြိုး ရှိစေရမည်။ ကာရက[၅] ဟု ဆိုအပ်သော နဖူးတော် အပြင်ကသည် စာမြို့တော်တိုင်အောင် ရှိုက်ပက်စုံးစုံး (စုန့်စုန့်?) မရှိစေရ။ နှစ်ဖြိုးသော လက္ခဏာရှိစေ။ စာမြို့တော်ကသည့် ပါးတော် နှစ်ဘက်လည်း ပြည့်ပြည့်ဖြိုးဖြိုးသော လက္ခဏာတော်လည်း ရှိစေရမည်။ မေးတော် ကသည့် ပါးစောင်တော် နှစ်ဘက်၊ စာမြို့တော်နှစ်ဘက်၊ ကရိက[၆] ဟု ဆိုအပ်သော

---

၁။ သမန္တစက္ခုဒီပနီကျမ်း၊ ပ ၄၂၄ ၌ အနည်းငယ် ကွဲလွဲလျက် ပါရှိသည်။

၂။ ?။ သမန္တစက္ခုဒီပနီကျမ်း၊ ပ ၄၂၅ ၌ "လဆန်းသဏ္ဌာန်ရှိစေ" ဟု တွေ့ရသည်။

၃။ ဖြိုးသော လက္ခဏာလေးဆယ်ဟူသော်ကား။ သမန္တစက္ခုဒီပနီ၊ ပ ၄၂၅။

၄။ "ပါးစောင်တော် မေးတော်က နားရင်းတိုင်အောင် လဆန်းတဆဲ့နှစ်ရက် လ၏သဏ္ဌာန်ရှိစေ။" သမန္တစက္ခုဒီပနီ၊ ပ ၄၂၅။

၅၊၆။ (?)

နဖူးတော်တိုင်အောင် စန္ဒီမာမဏ္ဍလ် လပြည့်ဝန်းကဲ့သို့ ဖြိုးဖြိုးသော လက္ခဏာရှိစေရမည်။ လည်တော်လည်း မုယောစည် ရွှေကြည်သဏ္ဌာန် လုံးလုံးဖြိုးဖြိုးရှိစေရမည်။ လည်တော် အကန့်တစ်ခုကို ၃-စု စု၍ အလျားအရေးသုံးတန့် ဖြိုးဖြိုးသော လက္ခဏာရှိစေရမည်။ လည်တော်ကသည် ရင်ရစ်ရင်တိုင်အောင် သီဟဥရ ခြင်္သေ့မင်း၏ ရင်ပုံကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ရင်ပုံကသည် ရင်ပြင်တော်လည်း ဥသဘမုခ နွားလားဥသဘမျက်နှာကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ကျောပြင်တော်လည်း ကြမ်းကြမ်းချပ်ချပ် ဖြိုးဖြိုးရှိစေရမည်။ နို့သီးတော်လည်း နွားလားဥသဘမျက်လုံးကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ ဝမ်းတော်လည်း နွားလားဥသဘနှာခေါင်းကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ ခါးဆစ်တော် နှစ်ဘက်လည်း နွားလားဥသဘ နှာရောင်ကဲ့သို့ လျောလျော ရှိစေရမည်။ ပေါင်တော်နှစ်ဘက်လည်း ပြောင်စဉ်း (ဖြောင့်စင်း) မရှိစေနှင့်။ ဖြိုးဖြိုးရှိစေရမည်။ လက်မောင်းတော် နှစ်ဖက်လည်း လက်ကောက်ဝတ်တိုင်အောင် ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ လက်ဖမိုးတော် နှစ်ဘက်လည်း ဖြိုးဖြိုးရှိစေရမည်။ လက်ဝါးတော် နှစ်ဘက်လည်း ပြည်းပြည်း (ပြည့်ပြည့်?) ကျန်းကျန်းဖြိုးဖြိုး ရှိစေရမည်။ လက်ချောင်းတော် ဆယ်ခုလည်း ညီညီလုံးလုံး ရှိစေရမည်။ ခြေချောင်း ဆယ်ခုလည်း ညီညီဖြိုးဖြိုးရှိစေရမည်။ နှာခေါင်းတော်လည်း ရွှေချွန်းတောင်းကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ မြင်းခေါင်းတော် နှစ်ဘက်လည်း ဇာဏီမည်သော သား၏ မြင်းခေါင်းကဲ့သို့ လုံးလုံးဖြိုးဖြိုး ရှိစေရမည်။ ရွှေသလုံးတော် နှစ်ဘက်လည်း စပါးဖုံးကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ပခုံးတော် နှစ်ဘက်လည်း ရွှေလိပ်ခုံးကဲ့သို့ ဖြိုးဖြိုးရှိစေရမည်။ ဤသည်လျှင် ဖြိုးသောလက္ခဏာ (၂၃)ပါးတည်း။

အလျှင် (၉၅)ပါးနှင့် နောက် ဖြိုးသော လက္ခဏာတော် (၂၃)ပါးကို ပေါင်းသော် စနစ်တော် (၁၁၈)ပါး ဖြစ်သတည်း။

ဤသို့သော စနစ်တော် ပါဠိအနက် အဓိပ္ပါယ်ရှိသည်နှင့်လျော်စွာ တိုင်းထွာ၍ လုပ်ရာသည်။ သို့မှလည်း ကိုယ်တော်၏ ရုပ်ထု(တု) သဏ္ဌာန် ညီညွတ်တင့်တယ် လျောက်ပတ် ကိုးကွယ်ကျိုးနပ်ကြမည်။ တောင်ဖီလာဆရာတော်သည် ကျမ်းဂန်မှ ထုတ်၍ စီရင်၍ထားသည့် ဘုရားထုလုပ်သော စနစ်တော် ပြီး၏။]*

---

* စာမျက်နှာနံပါတ် ၂၅ ထောင့်ကွင်း [မှစ၍ ဤစာမျက်နှာ ထောင့်ကွင်းပိတ်] အထိ ယင်းထောင့်ကွင်းအတွင်းရှိ စာများသည် လက်ရေးမူ၌ မပါ၊ ပေမူ၌သာ ပါသည်။ သမန္တစက္ခုဒီပနီကျမ်း၊ ပဌမအုပ် စာမျက်နှာ ၄၂၀-၄၂၅ တို့၌လည်း အနည်းငယ်ကွဲလွဲလျက် ပါရှိသည်။

## ရုပ်တုတော်များထုလုပ်နည်း

ဝဏ္ဏုတ္တယံ နမာမဟံ၊
သော မေ ဣစ္ဆာ သဒါ ဒေတု။

ဘုရားရုပ်တုတော်စနစ် အတိုင်းအထွာကား–

ပုဂါမနဂရေ၊ ပုဂံမြို့၌။ လာဗုစေတျသ၊ ဗူးဘုရားစေတီတော်မြတ်၏။ ပုဗ္ဗဘာဂေ၊ ရှေ့မျက်နှာအရပ်အဖို့၌။ ဝသန္တဿ၊ နေထသော။ စိတ္တကာရာနံ၊ ပန်းပုသမားတို့၏။ အာစရိယော၊ ဆရာအကြီးလည်းဖြစ်ထသော။ စိတ္တနဝေါတိ၊ စိတ္တနဝဟူ။ လဒ္ဓနာမော၊ ရအပ်သော ဘွဲ့ထူးအမည်ထူးလည်း ရှိထသော။ ရှမ္မသေတနာမော၊ “မောင်ရှမ်းဖြူ”ဟူသော ငယ်မည်လည်း ရှိထသော။ အဟံ၊ အကျွန်ုပ်သည်။ ဋ္ဌိတရူပကံ၊ မတ်ရပ်ဘုရား ဆင်းတုတော်များကို။ ကတ္တုကာမာနံ၊ လက်သမားအမှု ထုလုပ်ခြင်း၌ အလိုရှိကုန်သော။ ပစ္ဆိမ ရူပကာရာနံ၊ နောင်လာနောက်သား ပန်းပုသမားတို့၏။ အတ္ထာယ၊ မငြီးလွယ်ကူ မှတ်ယူ ကြည့်ရှုစေခြင်း အကျိုးငှာ။ ပုဗ္ဗနယံ၊ ရှေးဆရာကြီးတို့၏ လုပ်ပုံလုပ်ထုံး သိမ်းကျုံးပြီးကာ နည်းအလာကို။ အဝလမ္ဗ၊ အမှီပြု၍။ ဣဒံ၊ ဤဆိုလတ္တံ့သော အတိုင်းအထွာ တောင်တာ လက်သစ် တွက်စစ်သဘော မုယော နမ်း စသည်ကို။ လိခိဿံ၊ ရေး၍ထားပေအံ့။

## မတ်ရပ်တော်

ဋ္ဌိတရူပကံ၊ မတ်ရပ်ဘုရား ဆင်းတုတော်များကို။ ကတ္တုကာမော၊ လက်သမားအမှု ထုလုပ်ခြင်း၌ အလိုရှိသော ပန်းပုဆရာသည်။ ယုတ္တကာလေ၊ သင့်တင့်လျောက်ပတ်သော အခါ၌။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိသော ရတနာမြတ် ၃–ပါး တို့အား။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒိတွာ၊ လက်အုပ်ချီမိုး ရှိခိုးပြီး၍။ သာသနာပါလကာနံ၊ သာသနာတော်မြတ်ကို မပြတ်တစေ စောင့်ပေကုန်သော။ ဒေဝါနဥ္စ၊ သာသနာတော်စောင့် နတ်မြတ်တို့အားလည်းကောင်း။ ဘုမ္မ ရက္ခ အာကာသာဒီနံ၊ ဘုမ္မစိုး, ရက္ခစိုး, အာကာသစိုး အစရှိကုန်သော။ ဒေဝါနဥ္စ၊ နတ်တို့အားလည်း ကောင်း။ ဂါမဒေဝါနဥ္စ၊ မြို့ရွာစောင့်တတ် နတ်တို့အားလည်းကောင်း။ နာဠိ– ကေရာဒီဟိစ၊ အုန်း, ငှက်ပျော အစရှိသည်တို့ဖြင့်လည်းကောင်း။ ဝတ္ထာဒီဟိစ၊ ဖျင်,

---

* သတ္တုရူပက ကျမ်းအစ?။

ပုဆိုး အစရှိသည်တို့ဖြင့်လည်းကောင်း။ ဘတ္တာဒိဟိစ၊ ထမင်း, မုန့်, ငါး အစရှိသည်တို့ဖြင့်လည်းကောင်း။ ဗာလိကမ္မံ၊ ပူဇော်တိုင်တန်းမြဲ ပွဲနီး နတ်ရကာ အမှုကို။ ကတွာန၊ အစကနဦး အထူးပြုပြီး၍။ ရူပကဿ၊ ထုလုပ်လိုသော ဘုရားဆင်းတုတော်၏။ ပါဒတလာ၊ ခြေဖဝါးတော်အပြင်မှ။ ယာဝကေသာ၊ ဆံလျှော်တော်တိုင်အောင်။ မိနေတွာ၊ စနစ်တောင်တာ တိုင်းထွာ၍။ တံ၊ ထို စနစ် တောင်တာ တိုင်းထွာရာကို။ စတုဘာဂံကတွာ၊ ၄-စုပြု၍။ ဧကဘာဂေါ၊ တစ်စုတစ်ဖို့သည်။ တဿ၊ ထိုထုလုပ်လိုသော ရုပ်တုတော်၏။ ဧကရတနော၊ တစ်တောင်တည်း။ တံ၊ ထိုတစ်တောင်ကို။ ဒွိ ဘာဂံ ကတွာ၊ ၂-စုပြု၍။ ဧက-ဘာဂေါ၊ တစ်စုသည်။ ဝိဒတ္ထိ၊ တစ်ထွာတည်း။ တံဝိဒတ္ထိံ၊ ထိုတစ်ထွာကို။ တိဘာဂံကတွာ၊ ၃-စုပြု၍။ ဒွေဘာဂါ၊ ၂-စုတို့သည်။ ဧကမုဋ္ဌိ၊ တစ်မိုက်တည်း။ ဧကဘာဂေါ၊ တစ်စုသည်။ စတုရင်္ဂုလော၊ လက် ၄-သစ်တည်း။ ဧကင်္ဂုလံ၊ လက်တစ်သစ်ကို။ စတုဘာဂံကတွာ၊ ၄-စုပြု၍။ ဧကဘာဂေါ၊ တစ်စုသည်။ ဧကယဝေါ၊ မုယောတစ်ခုတည်း။ ဣတိ၊ ဤသို့။ ပဌမံ၊ ရှေးဦးစွာ။ မိနိတဗ္ဗဒဏ္ဍံ၊ တိုင်းမှတ်စရာ စနစ်တာကို။ သလ္လက္ခေတဗ္ဗံ၊ မှတ်အပ်၏။

ပါဒတလာ၊ ခြေဖဝါးတော်အပြင်မှ။ ဇာဏုမဏ္ဍလံ၊ ပုဆစ်ဒူးဝန်းတော်သည်။ ဧကရတနံ၊ တစ်တောင်။ ဇာဏုတော၊ ပုဆစ်ဒူးဝန်းတော်မှ။ ပိဋ္ဌိကဏ္ဍံ၊ မီးညောင်းတော်သည်။ ဧကရတနံ၊ တစ်တောင်။ ပိဋ္ဌိကဏ္ဍတော၊ မီးညောင်းတော်မှ။ ဥရဂ္ဂံ၊ ရင်ညွန့်တော်သည်။ ဧကရတနံ၊ တစ်တောင်။ ဥရဂ္ဂတော၊ ရင်ညွန့်တော်မှ။ ကေသမူလံ၊ ဆံလျှော်တော်သည်။ ဧကရတနံ၊ တစ်တောင်။ အံသကူဋန္တရံ၊ ပခုံးစွန်း ၂-ဘက်အကြားသည်။ ဧကရတနံ၊ တစ်တောင်။ အယံ၊ ဤဆိုခဲ့ပြီးသော စနစ်သည်ကား။ ပဉ္စရတနံ၊ အတောင် ၅-ပါးတည်း။

ပါဒဒီဃာ၊ ခြေတော်အလျားကား— ဝိဒတ္ထိ၊ တစ်ထွာတည်း။ ပိဋ္ဌိကဏ္ဍတော၊ မီးညောင်းတော်မှ။ နာဘိ၊ ချက်တော်သည်။ နာဘိတော၊ ချက်တော်မှ။ ဥရဂ္ဂံ၊ ရင်ညွန့်တော်သည်။ ဥရဂ္ဂတော၊ ရင်ညွန့်တော်မှ။ ဟနု၊ မေးတော်သည်။ ဟနုအဂ္ဂတော၊ မေးတော်ဖျားမှ။ ကေသမူလံ၊ ဆံလျှော်တော်သည်။ ဝိဒတ္ထိ၊ တစ်ထွာစီတည်း။

သီသဉ္စ၊ ဦးခေါင်းတော်အချင့်သည်လည်းကောင်း။ မုခတလဉ္စ၊ မျက်နှာတော် အပြင်သည်လည်းကောင်း။ ထဉ္ဉန္တရဉ္စ၊ နို့တော် ၂-ဘက်အကြားသည်

လည်းကောင်း။ ဥဒရ၌၊ ဝမ်းတော်အပြင်သည်လည်းကောင်း။ ဥဒရဗဟလ၌၊ ဝမ်းတော်အထုသည်လည်းကောင်း။ ဧကဝိဒတ္ထိ၊ တစ်ထွာစီနှင်နှင်တည်း။

ဗာဟန္တရတော၊ လက်မောင်းတော်အစပ်မှ။ ယာဝကပ္ပရံ၊ တစ်တောင်ဆစ်တိုင်အောင်။ ကပ္ပရတော၊ တစ်တောင်ဆစ်မှ။ မဏိဗန္ဓံ၊ လက်ကောက်ဝတ်တိုင်အောင်။ မဏိဗန္ဓတော၊ လက်ကောက်ဝတ်မှ။ အင်္ဂုလဂ္ဂံ၊ လက်ချောင်းဖျားတိုင်အောင်။ တထာ၊ ထို့အတူ။ ဝိဒတ္ထိ၊ တစ်ထွာစီနှင်နှင်တည်း။

သီသမဏ္ဍလံ၊ ဦးခေါင်းတော်အဝန်းကား။ တိဝိဒတ္ထိ၊ ၃-ထွာပင်တည်း။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော စနစ်သည်ကား။ သောဠသဝိဒတ္ထိ၊ ထွာပေါင်း ၁၆-ခုတည်း။

ဤကား ထွာပေါင်း ၁၆-ခုကို ပြသည်။

ဒွိကဏ္ဏ၌၊ နားတော် ၂-ဘက်သည်လည်းကောင်း။ နာသတော၊ နှာခေါင်းတော်မှ။ ကဏ္ဏမူလ၌၊ နားရင်းတိုင်အောင်သည်လည်းကောင်း။ ဂီဝ၌၊ လည်တော်အချင့်သည်လည်းကောင်း။ ဒွိအံသ၌၊ ပခုံးတော် ၂-ဘက်သည်လည်းကောင်း။ ဥရန္တရတော၊ ရင်တော်ကြားမှ။ ဗာဟာသန္ဓိ၊ လက်မောင်းတော် ၂-ဘက်အစပ်သည်လည်းကောင်း။ ဗာဟန္တရတော၊ လက်မောင်းတော်အစပ်မှ။ ယာဝထည်၊ နို့တော် ၂-ဘက်တိုင်အောင်သည်လည်းကောင်း။ ဥရုဗဟလ၌၊ ပေါင်တော် ၂-ဘက်အထုသည်လည်းကောင်း။ ဧကမုဋ္ဌိ၊ တစ်မိုက်စီနှင်နှင်တည်း။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော စနစ်သည်ကား။ တေရသမုဋ္ဌိ၊ မိုက်ပေါင်းအားဖြင့် တိုင်းထွာခြင်း ၁၃-ခုတည်း။

ဟနုအဂ္ဂတော၊ မေးတော်ဖျားမှ။ နာသဂ္ဂံ၊ နှာခေါင်းတော်အဖျားသည်။ စတုရင်္ဂုလံ၊ လက် ၄-သစ်။ နာသဂ္ဂတော၊ နှာခေါင်းတော် အဖျားမှ။ ဘမုကန္တရံ၊ မျက်မှောင်တော် အကြားသည်။ စတုရင်္ဂုလံ၊ လက် ၄-သစ်။ ဘမုကန္တရတော၊ မျက်မှောင်တော်အကြားမှ။ ဥဏ္ဏကံ၊ သင်းကျစ်တော်တိုင်အောင်။ ဒွင်္ဂုလမုံ၊ လက် ၂-သစ်ခွဲ။ ဥဏ္ဏကံ၊ သင်းကျစ်တော်သည်။ ဧကင်္ဂုလမုံ၊ လက်တစ်သစ်ခွဲ။ ကေသာ၊ ဆံလျှဉ်တော်မှ။ သီသန္တံ၊ ဦးခေါင်းတော် အဆုံးသည်။ စတုရင်္ဂုလံ၊ လက် ၄-သစ်။ သီသန္တရံ၊ ဦးခေါင်းတော် သရစ်သည်။ ဒွင်္ဂုလံ၊ လက် ၂-သစ်။ ရံသိ၊ ရောင်လျှံတော်သည်။ စတုရင်္ဂုလံ၊ လက် ၄-သစ်။ ဘမုကန္တောပနုံ၊ မျက်ခွက်တော် ၂-ဘက် အလျားသည်ကား။ တျင်္ဂုလံ၊ လက် ၃-သစ်စီ။

နာသတော၊ နှာယောင်တော်မှ။ ဘမုကန္တ ရ၊ မျက်ခွက်အဆုံးသည်။ စတုရင်္ဂုလံ၊ လက် ၄–သစ်စီ။ စက္ခုယာမာ၊ မျက်စိတော် အလျားသည်။ စတုရင်္ဂုလံ၊ လက် ၄–သစ်စီ။ ဥဒ္ဓန္တော၊ အထက်မျက်ခမ်းတွင်းမှ။ ဘမုကံ၊ မျက်မှောင်တော်တိုင်အောင်။ တျင်္ဂုလ၊ လက် ၃–သစ်စီ။ မုခယာမာ၊ ခံတွင်းတော်အလျားသည်။ စတုရင်္ဂုလံ၊ လက် ၄–သစ်။ နာသပုဋ၊ နှာခေါင်းတော် အဖုသည်။ ဒွိင်္ဂုလမုံ၊ လက် ၂–သစ်ခွဲ။ ကဏ္ဏယာမာ၊ နား ရွက်တော်အလျားသည်။ ပဉ္စင်္ဂုလံ၊ လက် ၅–သစ်စီ။ ကဏ္ဏ–မံသယာမာ၊ နားတော်အသား အလျားသည်။ တျင်္ဂုလံ၊ လက် ၃–သစ်စီ။ တိရိယံ၊ နားတော်အသားပြက်သည်။ ဒွင်္ဂုလံ၊ လက် ၂–သစ်။ ကဏ္ဏာ၊ နားခွက်တော်သည်။ တျင်္ဂုလံ၊ လက် ၃–သစ်စီ။ ကဏ္ဏဒ္ဒိ၊ နားရွက်နောက်က အစောက်သည်။ ဒွင်္ဂုလံ၊ လက် ၂–သစ်စီ။ ဟတ္ထင်္ဂုလိ၊ လက်ညှိုးတော် အလျားကား။ ဆင်္ဂုလံ၊ ၆–သစ်စီ။ ပါဏိစ၊ လက်ဝါးတော် အလျား, အနံသည်လည်း။ ဆင်္ဂုလံ၊ ၆–သစ်စီ။ ကဋိဗန္ဓ၊ တင်ဆုံတော် တစ်ဘက်တစ်ဘက်သည်။ ဒသင်္ဂုလံ၊ ဆယ်သစ်စီ။ ပါဒပဏှိ၊ ခြေဖနောင့်တော်သည်။ ပဉ္စင်္ဂုလံ၊ ၅–သစ်စီ။ ပါဒပိဋ္ဌာယာမာ၊ ခြေဖမိုးတော် အလျာ သည်။ ဆင်္ဂုလံ၊ ၆–သစ်စီ။ ပါဒင်္ဂုလိ၊ ခြေချောင်းတော်သည်။ ဒွင်္ဂုလံ၊ လက် ၂–သစ်စီ။ အယံ၊ ဤဆိုခဲ့ပြီးသော နည်းသည်။ သောဠသင်္ဂုလရာသိ၊ လက်သစ်အစု ၁၆–ပါ တည်း။

ဘမုကာ၊ မျက်မှောင်တော်ပြက်သည်။ ဒွိယဝါ၊ ၂–မုယော။ ဝိဝရာ၊ မျက်စိတော်အဖွင့်သည်။ တိယဝါ၊ ၃–မုယော။ ကဏှယာမာ၊ မျက်နက်တော် အလျားသည်။ ဒွိယဝါ၊ ၂–မုယော။ ပက္ခာ၊ မျက်တောင်တော်သည်။ ဒွိယဝါ၊ ၂–မုယော။ နာသပုဋာ၊ နှာခေါင်းတော်အပွင့်သည်။ ဒွိယဝါ၊ ၂–မုယော။ မုခုဒ္ဓ၊ နှုတ်ခမ်းတော်အဆုံး ၂–ဘက်အမြင့်သည်။ ဧကယဝါ၊ တစ်မုယော။ မုခဗ္ဗေခံ၊ နှုတ်ခမ်းတော်အောက်အထက်အစောက်သည်။ ဧကယဝါ၊ တစ်မုယော။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော စနစ်သည်။ သတ္တယဝရာသိ၊ မုယောအစု ၇–ပါးတည်း။

## အဖြိုး ၇–ပါး

သတ္တုဿဒေါ၊ ၇–ပါးသော အရပ်တို့၌ ဖြိုးဖြိုးမောက်မောက် ရှိရမည်ဟူသည်ကား– လည်တော်လည်း မုရိုးစည်ကဲ့သို့ ရှိစေ။ ပခုံးတော် ၂–ဘက်ပတ္တမြားတောင်ထွတ်ကဲ့သို့ ဖြိုးစေ။ လက်ဖမိုး, ခြေဖမိုး ၂–ဘက်သည် ရွှေလိပ်ကုံးကဲ့သို့ ရှိစေ။ ဤကား အဖြိုး ၇–ပါးတည်း။

## ပြည့်ခြင်း ၁၆–ပါးကား–

မေးတော်သည် ခြင်္သေ့မင်း မေးကဲ့သို့ ပြည့်ပြည့်ရှိစေ။ ပါးစောင်တော်လည်း ပြည့်ဝစေ။[၁] စားမြုံ့တော်လည်း ပြည့်ဝစေ။ နားရင်းတော် ၂–ဘက်လည်း ပြည့်ဝစေ။ နဖူးတော်လည်း ပြည့်ဝစေ။ မေးတော် မရှိးစည်ကဲ့သို့ ရှိစေ။[၂] လည်တော်ကို ၃–စု စု၍ တစ်စု အလျား အရေး ၃–တန့်ပြည့်စေ။ ရင်ပုံတော်လည်း ပြည့်ဝစေ။ ရင်(ပုံ)တော်သည် နွားလားဥသဘမျက်နှာကဲ့သို့ လုံးလုံးပြည့်ပြည့်ရှိစေ။ ဝမ်းတော်လည်း နွားလားဥသဘနှာခေါင်းကဲ့သို့ လုံးလုံးပြည့်ပြည့်ရှိစေ။ ခါးထစ်တော်လည်း နွားလားဥသဘ နှာယောင်ကဲ့သို့ လျော့င်းလျော့င်း ရှိစေ။ ပေါင်တော်နှစ်ဘက်လည်း ဖြောင့်စင်းမရှိစေနှင့်။ ဝန်းဝန်းဖြိုးဖြိုး ရှိစေ။ လက်မောင်းတော်လည်း ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းကဲ့သို့ လုံးလုံးပြည့်ပြည့် လက်ကောက်ဝတ်ဘိုင်အောင် ရှိစေ။ လက်ဖဝါးတော် ၂–ဘက်လည်း ပြည့်ပြည့်ဝဝ ရှိစေ။[၃] လက်ချောင်းတော်, ခြေချောင်းတော်လည်း လုံးလုံးပြည့်ပြည့် ရှိစေ။ ဤကား ပြည့်ဝခြင်း ၁၆–ပါးတည်း။

ပဥ္စရတနာ၊ အတောင် ၅–ခု။ သောဠသဝိဒတ္ထိ၊ ထွာတော် ၁၆–ခု။ တေရသမုဋ္ဌိ၊ မိုက်တော် ၁၃–ခု။ သောဠသင်္ဂုလာ၊ လက်သစ်တော် ၁၆–ခု။ သတ္တယဝါ၊ မုယော ၇–ခု။ အယံ၊ ဤသည်ကား။ သတ္တပညာသစရဏာ၊ စနစ် ၅၇–ပါးတည်း။

သတ္တုဿဒါ၊ အဖြို့ ၇–ပါး။ သောဠသပုဏ္ဏာ၊ အပြည့် ၁၆–ပါ ။ ဣတိ၊ ဤသို့။ ဋ္ဌိတရူပကေ၊ မတ်ရပ်ဘုရားရုပ်တုတော်၌။ အသီတိ ပမာဏာ၊ ရှစ်ဆယ်အတိုင်းအရှည်ရှိသော စနစ်တို့ကို။ သလ္လက္ခေတဗ္ဗာ၊ ကောင်းစွာ မှတ်အပ်ကုန်၏။

## ဋ္ဌိတရူပကံ နိဋ္ဌိတံ။

## တင်ပလ္လင်ခွေပုံတော်

ပလ္လင်္ကရူပကေပန၊ ထက်ဝယ်ရုပ်တုတော် လုပ်ရာ၌ကား။ ပဥ္စဒီဃာ၊ အရှည် ၅–ပါးလည်းကောင်း။ ပဥ္စဟတ္ထာ၊ အတောင် ၅–ပါးလည်းကောင်း။

---

၁။ ပေမူ၌ "ပါးစောင်တော်လည်း ပြည့်ဝစေ။" ဟူသော စာပိုဒ် မပါ။

၂။ လည်တော်လည်း မရှိးစည်ကဲ့သို့ ရှိစေ။ (ပေမူ)

၃။ "လက်ဝါးတော်နှစ်ဘက်လည်း ပြည့်ပြည့်ဝဝ ရှိစေ။ ခြေဖဝါးတော်နှစ်ဘက်လည်း ပြည့်ပြည့်ဝဝ ရှိစေ။" (ပေမူ)

ဒွါဝီသတိ ဝိဒတ္ထိစ၊ အထွာတော် အပြား ၂၂-ပါးလည်းကောင်း။ တေရသမုဋ္ဌိစ၊ မိုက်တော်အပြား ၁၃-ပါးလည်းကောင်း။ အဋ္ဌဝီသင်္ဂုလီစ၊ လက်သစ်တော်အပြား ၂၈-ပါးလည်းကောင်း။ ပဥ္စဒသယဝါစ၊ မုယောအပြား ၁၅-ပါးလည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌာရသသတံ၊ ၁၁၈-ပါးသော။ စနတ္တံ၊ မှတ်သားတွက်စစ် စနစ်တော်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ရူပကဿ၊ ထုလုပ်လိုသော ရုပ်တုတော်၏။ ပလ္လင်္ကံ၊ ထက်ဝယ်တော်ကို။ တိဘာဂံကတွာ၊ ၃-စုပြု၍။ ကောဘာဂေါ၊ တစ်စုသည်။ ကေဝိဒတ္ထိ၊ တစ်ထွာဖြစ်၏။ တံဝိဒတ္ထိံ၊ ထိုတစ်ထွာကို။ တိဘာဂံ၊ ၃-စုပြု၍။ ကောဘာဂေါ၊ တစ်စုသည်။ စတုရင်္ဂုလံ၊ လက် ၄-သစ်ဖြစ်၏။ အဋ္ဌင်္ဂုလိ၊ လက်ရှစ်သစ်သည်။ ကေမုဋ္ဌိ၊ တစ်မိုက်ဖြစ်၏။ ကေင်္ဂုလံ၊ လက်တစ်သစ်ကို။ စတုဘာဂံ၊ ၄-စုပြု၍။ ကောဘာဂေါ၊ တစ်စုသည်။ ကေယဝေါ၊ တစ်မုယောဖြစ်၏။ ဣတိ၊ ဤသို့။ ပမာဏံ၊ ထက်ဝယ်သော (တော်?) ပမာဏကို။ ဗန္ဓိတွာ၊ တောင်ထွာမိုက်သစ် တွက်စစ်သဘော မုယောဖွဲ့ယူ၍။ ရူပကံ၊ ရုပ်တုတော်ကို။ မိနေတွာ၊ တိုင်းထွာ၍။ ကရေယျ၊ ထုလုပ်ရာ ပြုလုပ်ရာ၏။

ပလ္လင်္ကတော၊ ပလ္လင်တော်မှ။ နာသဂ္ဂံ၊ နှာခေါင်းတော်ဖျားတိုင်အောင်။ ပလ္လင်္ကပြန္နော၊ ထက်ဝယ်တော်တစ်ပြန်။ သီသဥ္စ၊ ဦးခေါင်းတော် လုံးပတ်သည် လည်းကောင်း။ ကဋိစ၊ ခါးတော် လုံးပတ်သည်လည်းကောင်း။ ကေပြန္နော၊ ထက်ဝယ်တော်တစ်ပြန်။ ဇာဏုမဏ္ဍလတော၊ ပုဆစ်ဒူးဝန်းနှစ်ဘက်စွန်းမှ။ ပိဋ္ဌိကန္တံ၊ မီးညောင်းရိုးတိုင်အောင်။ ကေပြန္နော၊ ထက်ဝယ်တော်တစ်ပြန်စီတည်း။ အယံ၊ ဤသည်ကား။ ပဥ္စဒီဃာ၊ အရှည် ၅-ပါးတည်း။

ဥရံ၊ ရင်တော်သည်။ ကေရတနံ၊ တစ်တောင်။ ဇာဏုတော၊ ပုဆစ်ဒူးဝန်း တော်မှ။ ဦရုမူလံ၊ တင်ဆုံတော်တိုင်အောင်။ ကေရတနံ၊ တစ်တောင်စီ။ ဇာဏုတော၊ ပုဆစ်ဒူးဝန်းတော်မှ။ ပါဒတလာ၊ ခြေဖဝါးတော်တိုင်အောင်။ ကေရတနံ၊ တစ်တောင်စီ။ အယံ၊ ဤသည်ကား။ ပဥ္စဟတ္ထာ၊ အတောင် ၅-ပါးတည်း။

ပလ္လင်္ကတော၊ ပလ္လင်တော်မှ။ ယာဝနာဘိ၊ ချက်တော်တိုင်အောင်။ နာဘိတော၊ ချက်တော်မှ။ ယာဝထနံ၊ နို့တော်တိုင်အောင်။ ထနတော၊ နို့တော်မှ။ နာသဂ္ဂံ၊ နှာခေါင်းဖျားတိုင်အောင်။ နာသဂ္ဂတော၊ နှာခေါင်းဖျားမှ။ ယာဝသီသန္တံ၊ ဦးခေါင်းတော်ဆုံးအောင်။ ကေဝိဒတ္ထိ၊ တစ်ထွာစီလျှင်တည်း။ သီသတိရိယံ၊ ဦးခေါင်းတော် အကန့်သည်လည်းကောင်း။ မုခယာမာ၊ မျက်နှာ

တော် အလျားသည်လည်းကောင်း။ ထည္ကရဲ၊ နို့ ၂–ဘက်တော် အကြားသည် လည်းကောင်း။ ကေဝိဒတ္တိ၊ တစ်ထွာစီလျှင်တည်း။ ထညတော၊ နို့တော်မှ။ ယာဝအံသံ၊ ပခုံးစွန်းတိုင်အောင်။ ဗာဟန္တရတော၊ လက်မောင်းတော်အစွန်းမှ။ ယာဝကပ္ပံ၊ တံတောင်ကွေးတိုင်အောင်။ ကပ္ပရတော၊ တံတောင်ကွေးမှ။ ယာဝ– မဏိဗန္ဓံ၊ လက်ကောက်ဝတ်တော်တိုင်အောင်။ မဏိဗန္ဓတော၊ လက်ကောက် ဝတ်တော်မှ။ ယာဝင်္ဂုလိ၊ လက်ချောင်းတော်ဖျားတိုင်အောင်။ ကေဝိဒတ္တိ၊ တစ်ထွာ စီလျှင်တည်း။ အန္တရဝိဒတ္တိ၊ ဆီးတော် တစ်ဘက်တစ်ထွာ။ ဥဒရ ပုထုတိရိယံ၊ ဝမ်းတော်အထုတစ်ထွာ, အကန့်တစ်ထွာစီ။ အယံ၊ ဤသည်ကား။ ဒွါဒီသတိ– ဝိဒတ္တိ၊ အတောင် ၂၂–ပါးတည်း။

ကဏ္ဏမုဋ္ဌိ၊ နားတော် တစ်ဘက် တစ်မိုက်။ နာသဂ္ဂတော၊ နှာခေါင်းတော် ဖျားမှ။ ကဏ္ဏမူလမုဋ္ဌိ၊ နားရင်း တစ်ဘက် တစ်မိုက်စီ။ ဂီဝမုဋ္ဌိ၊ လည်တော်အချင့် တစ်မိုက်။ အံသကူဠမုဋ္ဌိ၊ ပခုံးတော် တစ်ဘက် တစ်မိုက်စီ။ ဥရန္တရာ၊ ရင်တော် အကြားမှသည်။ ဗာဟန္တမုဋ္ဌိ၊ လက်စပ်တော် တစ်ဘက် တစ်မိုက်စီ။ ဗာဟန္တရတော၊ လက်စပ်တော်မှ။ ထညမုဋ္ဌိ၊ နို့တော်အထိ တစ်ဘက် တစ်မိုက်စီ။ ဦရုပုထုမုဋ္ဌိ၊ ပေါင်တော်အထု တစ်ဘက် တစ်မိုက်စီ။ အယံ၊ ဤသည်ကား။ တေရသမုဋ္ဌိ၊ မိုက်တော် ၁၃–ပါးတည်း။

ဟနုအဂ္ဂတော၊ မေးတော်ဖျားမှ။ နာသဂ္ဂံ၊ နှာခေါင်းတော်ဖျားသည်။ စတုရင်္ဂုလံ၊ လက် ၄–သစ်တည်း။ နာသဂ္ဂတော၊ နှာခေါင်းတော်ဖျားမှ။ ဘမုကန္တရံ၊ မျက်မှောင်တော်အကြားသည်။ စတုရင်္ဂုလံ၊ လက် ၄–သစ်။ ( )[၁] သီသန္တရံ၊ ဦးခေါင်းတော် သရစ်သည်။ ဒွင်္ဂုလံ၊ လက် ၂–သစ်။ ရံသိ၊ ရောင်လျှံတော်သည်။ စတုရင်္ဂုလံ၊ လက် ၄–သစ်။ ဘမုကန္တော၊ မျက်မှောင်တော် ၂–ဘက် အလျားသည်။ တျင်္ဂုလံ၊ လက် ၃–သစ်စီ။ နာသတော၊ နှာယောင် တော်မှ။ ဘမုကန္တရံ၊ မျက်မှောင်တော်အဆုံးသည်။ စတုရင်္ဂုလံ၊ လက် ၄–သစ်စီ။ ဘမုကန္တရတော၊ မျက်မှောင်တော် အစွန်မှ။ ကဏ္ဏမူလံ၊ နားရင်းတိုင်ခွက်။[၂]

၁။ ဘမုကန္တရတော၊ မျက်မှောင်တော်အကြားမှ။ ဥဏှိသံ၊ သင်းကျပ်တော်ထိ။ ဒွင်္ဂုလမုံ၊ နှစ်သစ်ခွဲတည်း။ ဥဏှိသံ၊ သင်းကျပ်တော်သည်။ ဧကင်္ဂုလမုံ၊ တစ်သစ်ခွဲတည်း။ ကေသမူလာ၊ ဆံလျှဉ်တော်မှ။ သီသန္တံ၊ ဦးခေါင်းတော်အဆုံး။ စတုရင်္ဂုလံ၊ လက်လေးသစ်။ (ပေမူ)

၂။ နားရင်းတိုင်။ (ပေမူ)

စတုရင်္ဂုလံ၊ လက် ၄-သစ်စီ။ စက္ခုယာမာ၊ မျက်စိတော် အလျားသည်။ စတုရင်္ဂုလံ၊ လက် ၄-သစ်စီ။ ဥဒ္ဓန္တော၊ အတွင်းမျက်ခမ်းတွင်းမှ။ ဘမုကာ၊ မျက်မှောင်တိုင်အောင်။ တျင်္ဂုလံ၊ လက် ၃-သစ်။ မုခယာမာ၊ ခံတွင်းတော် အလျားသည်။ စတုရင်္ဂုလံ၊ လက် ၄-သစ်။ နာသပုဋံ၊ နှာခေါင်းတော် အပွသည်။ ဒွင်္ဂုလမ္ပံ၊ ၂-သစ်ခွဲ။ ကဏ္ဏယာမာ၊ နားရွက်တော်အလျားသည်။ ပဉ္စင်္ဂုလံ၊ လက် ၅-သစ်၊ ကဏ္ဏမံသံ၊ နားရွက်တော် အသား အလျားသည်။ တျင်္ဂုလံ၊ လက် ၃-သစ်စီ။ တိရိယံ၊ နားရွက်တော် အသားပြက်သည်။ ဒွင်္ဂုလံ၊ လက် ၂-သစ်။ ကဏ္ဏာ၊ နားခွက်တော်သည်။ တျင်္ဂုလံ၊ လက် ၃-သစ်စီ။ ကဏ္ဏဒ္ဓိ၊ နားရွက်တော်နောက်က အစောက်သည်။ ဒွင်္ဂုလံ၊ လက် ၂-သစ်စီ။ ဟတ္ထင်္ဂုလိ၊ လက်ညှိုးတော်အလျားသည်။ ဆင်္ဂုလံ၊ ၆-သစ်စီ။ ပါဏိ၊ လက်ဝါးတော် အလျား, အနံသည်။ ဆင်္ဂုလံ၊ ၆-သစ်စီ။ ကဋိဗန္ဓ၊ တင်ဆုံတော် တစ်ဘက် တစ်ဘက်သည်။ ဒသင်္ဂုလံ၊ ၁၀-သစ်စီ။ ပါဒပဏှိ၊ ခြေဖနောင့်တော် ပြက်သည်။ ပဉ္စင်္ဂုလံ၊ ၅-သစ်စီ။ ပါဒပိဋ္ဌာယံ၊ ခြေဖမိုးတော် အလျားကား။ ဆင်္ဂုလံ၊ ၆-သစ်စီ။ ပါဒင်္ဂုလိ၊ ခြေချောင်းတော်သည်။ ဒွင်္ဂုလံ၊ ၂-သစ်စီ။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော စနစ်သည်။ သောဠသင်္ဂုလရာသိ၊ လက်သစ်အစု ၁၆-ပါးတည်း။[၁]

ဘမုကာ၊ မျက်မှောင်တော် ပြက်သည်။ ဒွိယဝါ၊ ၂-မုယော။ ဝိဝရာ၊ မျက်စိတော်အဖွင့်သည်။ တိယဝါ၊ ၃-မုယော။ ကဏှာ၊ မျက်နက်တော် အလျားသည်။ ဒွိယဝါ၊ ၂-မုယော။ နာသပုဋံ၊ နှာခေါင်းတော်အပွသည်။ ဒွိယဝါ၊ ၂-မုယော။ မုခဒ္ဓိ၊ နှုတ်ခမ်းတော် ၂-ဘက် အဆုံးသည်။ ဧကယဝါ၊ တစ်မုယော။ မုခဗ္ဗေခံ၊ နှုတ်ခမ်းတော်အောက် အထက်အစောက်သည်။ ဧကယဝါ၊ တစ်မုယော။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော စနစ်သည်။ သတ္တယဝရာသိ၊ မုယောအစု ၇-ပါးတည်း။

သတ္တုဿဒါ၊ ၇-ပါးသော အရပ်၌ ဖြိုးမောက်ခြင်းတို့ကိုလည်းကောင်း။ သောဠသပုဏ္ဏာ၊ တစ်ဆယ့်ခြောက်ပါးသော အရပ်တို့၌ ပြည့်ဝခြင်းတို့ကိုလည်းကောင်း။ ဌိတရူပကော၊ မတ်ရပ်ရပ်တုတော်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော

၁။ ၁၆-ပါးဖြစ်အောင် မည်သို့ ရေတွက်သည်ဟု မတွေးတတ်။ ပေမူ၌လည်း ၁၆-ပါးဟုပင် ဆိုသည်။ သမန္တစက္ခုဒီပနီကျမ်း၊ ပ ၄၂၄ ၌ကား "ဤကား လက်သစ်နှင့်တိုင်းရာသည် နှစ်ဆဲလေးပါးတည်း။" ဟု ဆိုလေသည်။

နည်းဖြင့်သာလျှင်။ ဣစာပိ၊ ဤထက်ဝယ် ရုပ်တုတော်၌လည်း။ ကရေယျ၊ ထုလုပ်ရာ၏။

ပဥ္စဒီဃာ၊ အရှည် ၅–ပါး။ ပဥ္စဟတ္ထာ၊ အတောင် ၅–ပါး။ ဒွါဝီသတိဝိဒတ္ထိ၊ အထွာ ၂၂–ပါး၊ တေရသမုဋ္ဌိ၊ မိုက်တော် ၁၃–ပါး။ အဋ္ဌဝီသင်္ဂုလာ၊ လက်သစ်တော် ၂၈–ပါး။ ပဥ္စဒသယဝါ၊ မုယော ၁၅–ပါး။ သတ္တုညဒါ၊ ဖြူးမောက်ခြင်း ၇–ပါး။ သောဠပုဏ္ဏာ၊ ပြည့်ဝခြင်း ၁၆–ပါး။ ဣတိ၊ ဤသို့၊ ဧကာဒသာဓိကသတာ၊ ၁၁၁–ပါးသော။ စနတ္တံ၊ စနစ်တော်ကို။ ပလ္လင်္ကရူပကေ၊ ထက်ဝယ်ရုပ်တုတော်၌။ မိနေတွာ၊ တိုင်းထွာ၍။ ကရေယျ၊ ထုလုပ်ရာ၏။

## နိဂုံး

လာဗုစေတျေသ၊ ဗုးဘုရားစေတီတော်၏။ ပုဗ္ဗဘာဂေ၊ ရှေ့အဖို့၌။ ဝိဟာရ–မဟာဒွါရပထပစ္ဆိမေ၊ ကျောင်းကြီးတံခါးဝ လမ်းမ အနောက်ဘက်နား၌။ ဇမ္ဗူ–နရာဒီဟိ၊ ဇမ္ဗူနရီ အစရှိကုန်သော။[1] ရုက္ခေဟိ၊ သစ်ပင်တို့ဖြင့်။ အလင်္ကိတေ၊ တန်ဆာဆင်အပ်သော။ အမူလဂေဟေ၊ တိုင်ခြေမစိုက်သောအိမ်၌။ ဝသန္တော၊ နေသော။ ရှမ္မသုက္ကော၊ "ရှမ်းဖြူ" အမည်ရှိသော။ အဟံ၊ အကျွန်ုပ်သည်။ လိခိတော၊ ရေးသားအပ်သော။ အယံဂန္ထော၊ ဤသတ္တုရူပကဝိလာသနီ အမည်ရှိသော ကျမ်းသည်။[2] ဇဝါပက္ခ[3] သက္ကရာဇေ၊ ၁၁၄၈–ခု သက္ကရာဇ်၌။ စိတြပုဏ္ဏမျာ ချေကဝါရေ၊[4] တန်ခူးလပြည့်ကျော် ၁၃–ရက်နေ့၌။ ဧကဝါရေ၊[5] ပါစ်ချက်တီး ကျော်၌။ နိဋ္ဌိတံ၊ ပြီးပြီ။ ပစ္ဆိမရူပကာရာ၊ နောင်လာနောက်သား ပန်းပုသမား တို့သည်။ ဣမံနယံ၊ ဤသတ္တုရူပကဝိလာသနီ ကျမ်းဆိုဆိုတိုင်း တိုင်းထွာနည်းကို။ ဂဟေတွာ၊ ယူ၍။ ဗုဒ္ဓဗိမ္ဗံ၊ ဘုရားဆင်းတုတော်ကို။ ကရောန္တု၊ ထုလုပ်ကိုးကွယ် ကြစေကုန်သတည်း။

## ဤတွင် နိဂုံးနှင့်တကွ သတ္တုရူပကဝိလာသနီကျမ်း ပြီး၏။

---

၁။ စမ္ဗုနရာဒီဟိ၊ စမ္ဗုနရီ အစရှိကုန်သော။ (ပေမူ)

၂။ အဟံဂန္ထော၊ ဤသတ္တရူပက အမည်ရှိသော ကျမ်းသည်။ (ပေမူ)

၃။ ဝေါပက္ကသက္ကရာဇေ၊ (ပေမူ)
ဇဝါပက္ကသက္ကရာဇေသာ အမှန်ဖြစ်ရာသည်။ ဇဝါပက္ကရှိမှ ပိဋကတ်သင်္ချာအရ ၁၁၄၈ ဖြစ်သည်။

၄။ စိတ္တရပုဏ္ဏမျာချေကရေ၊ (ပေမူ) ဤ၌ '၁၃ ရက်နေ့' ဟု အနက်ပေးသည်ကို မဆင်ခြင်တတ်။ ပေမူ၌လည်း 'တန်ခူးလပြည့်ကျော် ၁၃ ရက်နေ့၌' ဟူ၍ပင် ရှိသည်။

၅။ ဧကပဟာရေ၊ (ပေမူ)

# ကျမ်းကိုးစာရင်း


၁။ ခုဒ္ဒကပါဠပါဠိတော်

၂။ ဓိနတ္ထပကာသနီကျမ်း

၃။ ဇာတ်အဋ္ဌကထာ၊ နိဒါနကထာ

၄။ ထေရီအပဒါန်ပါဠိတော်

၅။ ပါရာဇိကဏ်ပါဠိတော်

၆။ ပိသုကာလက်သမားကျမ်း

၇။ ဗုဒ္ဓဝင်ပါဠိတော်

၈။ ဝိနည်းမဟာဝါပါဠိတော်

၉။ ဝိနည်းမဟာဝါအဋ္ဌကထာ

၁၀။ ဝိနည်းမဟာဝါအဋ္ဌကထာနိသျ

၁၁။ သမန္တစက္ခုဒီပနီကျမ်း၊ပ၊

၁၂။ အင်္ဂုတ္တရအဋ္ဌကထာ၊ပ၊

## ဤစာအုပ်တွင် . . .

- မြတ်စွာဘုရားအလောင်းတော် သန္ဓေတည်သည်မှ ပရိနိဗ္ဗာန်စံတော်မူပြီး ဓာတ်တော်များ မြှုပ်နှံထားသည်အထိ ဗုဒ္ဓဝင် အကျဉ်းချုပ်။
- စေတီ၊ ရုပ်ပွား၊ ဆင်းတုတော်များ ထုလုပ်တည်ထားကိုးကွယ်ရာ၌ သိသင့်သိအပ်သော အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်များ။
- ရွှေဥမင်ဆရာတော်၏ ပုဂံခေတ် စေတီတည်ထားပုံနှင့် ရုပ်ပွား ဆင်းတုတော် ကိုးကွယ်နည်းများ။
- တောင်ဖီလာဆရာတော်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသတို့၏ ဌာပနာသွင်းပုံ နည်းစနစ် အမျိုးမျိုး။
- စေတီ၊ ရုပ်ပွားနှင့်သက်ဆိုင်သော အခမ်းအနားများ၌ ရှေးခေတ်၊ အလယ်ခေတ်နှင့် ယခုခေတ်သုံး နည်းအဖုံဖုံတို့ကို စုစည်းဖော်ပြထားသည်။

**ခင်ချိုထွန်းစာပေ**
အမှတ် ၈၆၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း—၅၄၂၀၅၆

**ဖြန့်ချိရေး**
သန်းမြင့်မြင့် – ပိဋကတ်စာအုပ်ဆိုင်
အမှတ်–၃၇၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊
ဒဂုံစာတိုက်၊ ရန်ကုန်။